www.burmeseclassic.com

လာဘ်မိုးရွေ စာပေ မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

မဂ္ဂပစ္စယော

# ရာဇပြိုင်

မဂ္ဂဇင်း

သောက်တော်ဘူးနဲ့
ပျော်ရွှင်မြူးတူး၊
ထူးပြီးမ,မယ့် . . . ကိုကြီးကျော်



ပခန်းဦးမင်းကျော်နတ်ပွဲ နှင့် ကိုကြီးကျော် လာပြီဟော့ ဆောင်းပါးများ . . .

Graphic: Soe Win Htut

www.burmeseclassic.com

www.burmeseclassic.com

**လာဘ်မိုးရွာဂါထာ**

ဂါမေ ဝနေ စ သဗ္ဗတ္ထ၊
ဒေဝေဟိ မနုဿေဟိ စ။
အာဘာတော နန္ဒလာဘောမေ၊
သဒါဟောတု ဘဝါဘဝေ။

# မဂ္ဂပစ္စယော ရောင်ပြန် မဂ္ဂဇင်း

၂၀၁၃-ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ်(၂၃၉)

မောင်မောင်မြင့်အေး စီစဉ်မွမ်းမံတည်းဖြတ်သည်။

ထုတ်လုပ်မှုအယ်ဒီတာ - ဦးသန့်(လာဘ်မိုးရွာ)
အုပ်ချုပ်မှုအယ်ဒီတာ - ဒေါက်တာစောယုနွယ်
အမှုဆောင်အယ်ဒီတာ - နန္ဒာမိုးကြယ်၊ သန္တြာဇင်
အယ်ဒီတာရုံးအဖွဲ့ - ကေလတ်၊ စိုးစိုး

ထုတ်ဝေသူ - ဦးမောင်မောင်မြင့်အေး(မြ-၀၃၄၆၀)၊ အမှတ်-၂၀၅(က)၊ ပိတောက်(၅)လမ်း၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်မှ ထုတ်ဝေ၍ ဝင်းထွန်း(မြ-၀၄၈၃၉)၊ အမှတ်-၃၇၊ ရေကျော်လမ်းမကြီး၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။
အုပ်ရေ - ၁၀၀၀၊ တန်ဖိုး - ၂၂၀၀ ကျပ်
အုပ်ချုပ် - ရှုကီး၊ အတွင်းဖလင် - မျိုးဝင်းကျော်၊ အတွင်းပန်းချီ - သန့်ဇော်သစ်၊ ပညတ်၊ လှသစ်အောင်၊ ဖိုးအောင်၊ စက္ကူ၊ အောင်နိုင်လတ် တို့က ပန်းချီဆွဲ၍ မျက်နှာဖုံးဂရပ်ဖစ်ကို စိုးဝင်းထွဏ်းမှ ဖန်တီးသည်။

## ရောင်ပြန်မဂ္ဂဇင်း၏ မူဝါဒ

လစဉ်ထုတ်ဝေလျက်ရှိသော ရောင်ပြန်မဂ္ဂဇင်းသည် ဘာသာရေးသက်သက်စာအုပ် မဟုတ်ပါ။ လောကီရေးရာ၊ မြန်မာ့ နေရာ သုတအဖြာဖြာကိုလည်းကောင်း။ ရသမြောက်ဝတ္ထုတို၊ ဝတ္ထုရှည်များကိုလည်းကောင်း။ ပြည်တွင်းပြည်ပ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများ၊ ဝေရဝါဒနှင့် မဆန့်ကျင်သော ဘာသာရေးဆိုင်ရာ ဆောင်းပါးများ၊ ထူးခြားသော စေတီပုထိုးများ၊ ရဟန်း သံဃာများအကြောင်း။ ဗေဒင်၊ ယတြာဆိုင်ရာ ပညာရပ်ဆောင်းပါးများ၊ ပုဂ္ဂိုလ်ထူးတို့၏ အကြောင်းအရာများကို ဖော်ပြလျက်ရှိသော မဂ္ဂဇင်း ဖြစ်ပါသည်။ ဤသို့ ပုဂ္ဂိုလ်ထူးများအကြောင်းကို ထည့်သွင်းဖော်ပြရာတွင် ထိုပုဂ္ဂိုလ်ထူးများအပေါ် ယုံကြည်ကိုးကွယ်မှုနှင့် နိုင်ဘဲ ထိုပုဂ္ဂိုလ်ထူးများ၏ ခြင်းရာအတ္တုပ္ပတ္တိကိုလည်းကောင်း၊ ၎င်းတို့၏ ကျင့်စဉ်များကိုလည်းကောင်း။ ၎င်းတို့၏ စွမ်းဆောင်ချက် များကိုလည်းကောင်း ဗဟုသုတ ဖြစ်စေရန်အလို့ငှာ ထည့်သွင်းဖော်ပြခြင်းသာ ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မဂ္ဂပစ္စယော

မဂ္ဂဇင်း

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ၊ အမှတ် (၂၃၉)

# မာတိကာ

## ရောင်ပြန် ကဗျာ

ကိုရဲကိုကို(ဆကာကြီး)၊ မောင်ခေတ်ထွန်း၊ မောင်နီချို
မိုးပန်းမွှန်(ရာမည)၊ ကိုမင်းခန့်ချို(မနေဖြူ)၊ ဆုမွန်ဦး(ဟသံာတ)၊
နန္ဒာမိုးကြယ်၊ လမင်းသစ္စာ

BURMESE CLASSIC .com

## ရောင်ပြန် အခန်းဆက်ရသ

ဘိုးတော်ကင်း(၁၁)
ကျော်မြသန်း ―――― ၁၄၈
ဝင့်ကြွေး(၁၁)
ယိုး ―――― ၁၆၄
ချစ်ကာဝေ(၁)
အောင်ချိန်ဘွား ―――― ၂၀၈
မှန်တိုင်းသရဲ(ဇာတ်သိမ်း)
နန်းကြော့သျှင် ―――― ၂၈၆
လူထဲကဘဝ ဘဝထဲကလူ(၆၅)
လင်းရောင်တင် ―――― ၃၀၀






ပဲခူး ဥသာမြို့သစ်မှ
ကျိုက်ပွန်စေတီလေးမျက်နှာဘုရားကြီး

စာ-၂၃

● ကိုနိုး(ရွှေမြို့

## ပခန်းဦးမင်းကျော် နတ်ပွဲ

● နိုင်မြိမ်း(အညာတက္ကသိုလ်)

စာ-၅၃



www.burmeseclassic.com

www.burmeseclassic.com



## ရောင်ပြန် လျှို့ဝှက်ဆန်းကြယ်

25 OCT 2013

ကံ
လုမိုး(ပညာရေး) ---------- ၁၇၅

ပူနာကူရတနာအရုပ်တော်ပုံ(၇)
အောင်သန်းချစ် ---------- ၂၅၅

## လူတွေသိ နတ်တွေကြားစေ

လူတွေသိ၍ နတ်တွေကြားစေ ---------- ၃၄၀

## ရောင်ပြန်ဗေဒင်

သိသာစေကြောင်း မင်္ဂလာနိမိတ်ကောင်း
ဒေါက်တာစောယုနွယ် ---------- ၃၂၉

## ရောင်ပြန် အထူးယတြာ

နိုင်ငံခြားရောက်မြန်မာများအတွက် အထူးဟောကိန်း
ဒေါက်တာစောယုနွယ် ---------- ၃၃၈

## ရောင်ပြန် ရသ

...နွယ်ရာသချိုင်းမှာ
...ကျော်ဝင်း ---------- ၁၄၂

...ရာမဲ့ဝိညာဉ်၏ ကြေကွဲသံစဉ်များ
...မင်းနိုင် ---------- ၁၈၀

...ပြောပြသော မမြစိန်အကြောင်း
...နှန်းကို ---------- ၂၂၈

...ပေါ်သည့် ဣန္ဒာသယကျောက်ပျဉ်ကြီး
... ---------- ၂၆၀

...ရွှေ၍ နားပါမည်
...ကြယ် ---------- ၂၆၈

...ခင်
...သီဟ(ဟသ်ာတ) ---------- ၂၇၂

...လေလား အိမ်ဖြူလား...
...ကြီး ---------- ၃၀၈

...ယ်ဒီတာအဖွဲ့ / ကြော်ငြာနှင့် ဖြန့်ချိရေး
လာဘ်မိုးရွေ စာပေ
...တ် - ၂၁၂၊ (ပထမထပ်)၊ ၃၆ လမ်း(အံထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
...- ၀၉ - ၄၃၀၇၅၃၁၁၊ ၀၉ - ၄၂၁၀၀၅၉၂၅





www.burmeseclassic.com

www.burmeseclassic.com


ရဟန္တာအောင်ကျောင်းတိုက်တွင်းရှိ
**ခပ်မကုန်စဉ်ဆန်အိုး**

စာ - ၉၉ **ကိုကိုလှ-ကမာဇမြေ**




## လောကီရေးရာ

ရောင်ပြန်မဂ္ဂဇင်းပြက္ခဒိန်
အင်ကြင်းဖြူဖြူ(တောင်ငူ) ------------------------ ၁၀၅
သည့်လအတွက်ကောင်းသောရက်
နွယ်သာကီအောင် ------------------------ ၁၀၆
စိုက်ပျိုးရေးရာ သည့်လမှာ
တောကကိုရင် ------------------------ ၁၀၇
သည့်လဖွားအတွက် ကံကြမ္မာ
ဆရာမိုးဟန်ကြွယ် ------------------------ ၁၀၉
သည့်တစ်လမှာ ဆောင်ရွက်ပါ
နေမျိုးထွင့်ခေါင် ------------------------ ၁၁၀
အလုပ်အကိုင် အောင်မြင်ရန်
မဟိန္ဒကျော်ခေါင် ------------------------ ၁၁၁
တရုတ်ဂမ္ဘီရ ဆရာကြီးကြူကုံး၏ အိပ်မက်အဖွင့်ကျမ်း
တက္ကသိုလ်မောင်တံခွန် ------------------------ ၁၁၂
ကြီးပွားအောင်မြင်ရေးအတွက် အကြံပြုချက်
ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်) ------------------------ ၁၁၅
တရုတ်နက္ခတ္တဗေဒင်ပညာ ၂၀၁၃ ဒီဇင်ဘာလ
ကေတီအောင်သိန်း ------------------------ ၁၁၇
ထိုင်းနိုင်ငံနက္ခတ္တဗေဒဆရာကြီး မိုဒူးပိုက်ဆံ၏...
ဦးတိုး(တက္ကသိုလ်) ------------------------ ၁၂၁
တစ်လအတွင်း ကောင်းခြင်းမင်္ဂလာဒိုင်ယာရီ
ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်) ------------------------ ၁၂၃
ရေဝတီနက္ခတ်ဖွားများအတွက် ဟောကိန်း
ကာလီဒါချို(မြန်မာပြည်) ------------------------ ၁၂၉
သန္နိဋ္ဌိက တရားတော်များ
သူတော်စင်မင်းအောင် ------------------------ ၁၄၆
US ခရီးသည်
မောင်ကောင်းမြင့် ------------------------ ၁၆၀
ရန်ပြုသူတွေ များနေသလား
ဆရာဇီဝအောင်ထွန့် ------------------------ ၁၉၆
ဆင်နွဲ့ရဦးမည့်တိုက်ပွဲ
တက္ကသိုလ်သဒ် ------------------------ ၁၉
ဂမုန်းအမျိုးမျိုးတို့၏ အစွမ်းများ
ရေကျော်စိုးအောင် ------------------------ ၁၉
လူ့ရုပ်တစ်ခွင်မှ ဟာသများ
ဦးကောင်းထူး ------------------------ ၂၀

**မှော်ဘီသာသနာ့နယ်မြေ (၅)**

**စမဲ့ချွန်းတချွန်း(အရှင်ဒီအာစိဏ္ဏ)**

စာ - ၄၀ ကိုမောင်သန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com


ပဌမံဆရာလှိုင် (၈)

ဝါဒိမ်းနို မြန်မာ့ကိန်းနှင့်အညီ

ကမ္ဘာငြိမ်းစေရမည် နိမိတ်စကားနှင့် သာသနာပြုလုပ်ငန်းများ

ကျော်ဇေဟိန်း(နံ့သာ)



စာ - ၃၁


## မြန်မာ့ရေးရာ


...ကောင်ငှနှင့် မောင်းထောင်
...ငြိမ်တိုး ---------------------------------- ၂၀၅

...များကို ပရမတ္တဖြင့် ရှုမှတ်ခြင်း
...ထွန်း ---------------------------------- ၂၁၅

...အား ငါပေးအပ်သည်
...တ်သုံ ---------------------------------- ၂၂၀

...ည်ထူးဆန်း မြန်မာ့ဆေးစွမ်းကောင်းများ(၂)
...မ်းထွန်းကို ---------------------------------- ၂၂၄

...သို့ မိုးမိတယ်
...သိန်းမောင် ---------------------------------- ၂၃၇

...ငြိမ်
...ကျော်အောင်စိုး ---------------------------------- ၂၃၉

...ဘုံဆဲ့ စာတ်သက်အမြင်နှင့် ဂမ္ဘီရကျင့်စဉ်ယတြာများ(၃၁)
...ညွှန့်တေဇာဟိန်း ---------------------------------- ၂၆၂

...၏ သရဏဂုံ ခုနစ်ပါး
...ကျော်ခင်မိုးအေး ---------------------------------- ၂၆၅

...နှင့်ဂုဏ်တော်အင်းဆောင်
...မျှိုးလိုရာဆန္ဒအောင်
...ဆရာလှမျိုး ---------------------------------- ၂၆၈

ရွှေမိုး ငွေမိုး ရှာသောဂါထာ
အေးအေးသန်း ---------------------------------- ၂၅၁

ပါဟုနေယျဂုဏ်တော် ပုတီးစိပ်နည်း
ဒေါက်တာသန်းမိုင်းလင်း ---------------------------------- ၂၅၄

အောင်မြင်နင်းတော့ ခေါင်ဖွေခင်းသည်
မော်တင်သိန်းဇော်ဇ ---------------------------------- ၂၇၅

ထူးခြားသော ဂါထာတစ်ပုဒ်
ဓာတ်ပုံမောင်မောင်အေး ---------------------------------- ၂၇၇

အတိုက်အခိုက်ကို တွန်းလှန်ချေဖျက်သောစမ
ပြေထက်ထွန်း(မြယမုံ) ---------------------------------- ၃၁၃

သုခမြိုင်မြိုင် လာဘ်ပန်းခိုင်ယတြာ
ဂမ္ဘီရဆရာကြီးဇာဂရု ---------------------------------- ၃၁၅

နေဝင်မီးလက် စီးပွားတက်ဖို့
ထင်ကျော်သောင်း ---------------------------------- ၃၁၈


အာယုပရိက္ခာရ လက်ကိုင်ပဝါ
အေးရွှေ(ဗီးကုန်း) ---------------------------------- ၃၁၉



ချစ်ကဝေ

အောင်ချိန်ဘွား

စာ - ၂၀၀




www.burmeseclassic.com

www.burmeseclassic.com

## မြန်မာ့ရေးရာ


ပဋ္ဌာန်းသီပွဲဆရာတော်ကြီး၏ အဆုံးအမပြဂံဝါဒ ——— ၇

မွေးရပ်မြေကို ကျေးဇူးဆပ်ခြင်း
ကိုကြူး(ကျိုင်းတုံ) ——— ၁၇

ပဲခူးဥသဘာမြို့သစ်မှ ကျိုက်ပွန်လေးမျက်နှာဘုရားကြီး
ကိုမိုး(ရွှေပြည်သာ) ——— ၂၃

လွိုင်းစေတီမှ သံသရာအေးစေတီသို့
တက္ကသိုလ်မြတ်သူ ——— ၂၅

ပဌမံဆရာလှိုင်၏ ဝိစိမ်းနီ မြန်မာကိန်းနှင့်အညီ…
ကျော်ဇောဟိန်း(နံ့သာ) ——— ၃၁

မော်တီသာသနာ့နယ်မြေမှ စမဘုန်းဘုန်း(အရှင်အာစိဏ္ဏ)
ကိုမောင်သန်းဝင်း ——— ၄၀

မယ်လမုစေတီမှ ပုပ္ပားမယ်တော်ကြီး
ကိုယ်တော်နှစ်ပါးတို့နှင့် တွေ့ဆုံခြင်း
ဆရာဝစကြာ ——— ၇၁

ကျွန်တော်သိသော ရွှေမြင်တင်ဘုရားစေတီများ(၄)
ဆွေမြင့်သူ(ကြေး/မြေ) ——— ၉၂

ရတနာအောင်ကျောင်းတိုက်တွင်းရှိ ခပ်မကုန်စဥ့်ဆန်အိုး
ကိုကိုလှ(ကမာမြေ) ——— ၉၉

စစ်ကိုင်းရွှေမင်းဝံတောင်ခြေမှ ပေါ်တော်မူဘုရား ဘက်စုံပြုပြင်ရေး
ဦးတိုး(တက္ကသိုလ်) ——— ၁၀၂


အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့်…(၆)
ဖိုးသန်းကျော်(ရေကြည်သား) ——— ၁၃၂

တန်ခိုးကြီးလှသော သီတဂူ၏ ဘဝလမ်းညွှန် အဆိုအမိန့်တစ်ခု
နန္ဒာမောင်(သံဖြူဇရပ်) ——— ၁၃၈

ကရင်ဝိဇ္ဇာကြီး ဘိုးပိုက်ဆံ(၃)
လေးသူစံ ——— ၁၇၁

ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှ သစ္စာမဏ္ဍိုင်အသင်း
ညွှန့်မောင်ဦး ——— ၂၈၀



မုမ္မွားမယ်တော်နတ်

## ရောင်ပြန် မျက်နှာဖုံးဆောင်းပါး


မြောင်းထူးကိုကြီးကျော်
သန်းဝင်း(ဘဏ်) ———

ဦးမင်းကျော်နတ်နှင့် လေလံပွဲ
တင်ဝင်းညီ ———

ဦးမင်းကျော်နတ်အကြောင်း တစ်စေ့တစ်စောင်း
မြမောင်သား ———

ပခန်းဦးမင်းကျော်နတ်ပွဲ
နီငြိမ်း(အညာတက္ကသိုလ်) ———

ကျွန်မနှင့် ဦးမင်းကျော်
မြကံ့ကော်(လှိုင်) ———

ပခန်းနယ်မှ ဝိညာဉ်များ
မင်းသကြိန် ———


ကျော်…ကျော်…ကျော်…ကိုကြီးကျော်
ကိုမောင်သန်းဝင်း ———

ထန်းရည်တစ်ကျိုက် ကြက်ဖျာပိုက်လို့ မင်းကျော်လာခဲ့ပြီ
ကျော်မင်းနိုင် ———

နတ်တွေကို ပူဇော်သင့်သလား
လင်းရောင်တင် ———


www.burmeseclassic.com

www.burmeseclassic.com



ပဌာန်းသီပွံ့ဆရာတော်ကြီး

www.burmeseclassic.com

www.burmeseclassic.com

# ပဌာန်းသိပ္ပံဆရာတော်ကြီး ၏
# အဆုံးအမ ဩဝါဒ

တချို့က ပိုက်ဆံကုန်မှ ကုသိုလ်ရတယ် ထင်နေကြတယ်။ ဟုတ်ချင်မှ ဟုတ်တာ။ တချို့က ဒါန၊ သီလကို နာမည်လိုချင်လို့ ပြုတာရှိတယ်။ 'လှူနိုင်ပါပေတယ်၊ တော်ပါပေတယ်' ဆိုတဲ့ဂုဏ်ကို လိုချင်တယ်။ အဲဒီမှာ ဒါနကုသိုလ် နည်းနည်းညံ့သွားပြီ။ သီလကုသိုလ် နိမ့်သွားပြီ။ သိပ်ပြီးတော့ သတိထားစရာ ကောင်းတယ်နော်။ ကျောင်းဆောက်တယ်၊ ဘုရားတည်တယ်။ ကျောင်းဒါယကာ၊ ကျောင်းအစ်မကြီး၊ ဘုရားဒါယကာကြီး၊ ဘုရားအစ်မကြီး အခေါ်ခံချင်တယ်၊ ဒါ သန့်ရှင်းပါဦးမလား။ ပုတီးစိပ်တယ်။ လူမြင်စေချင်တယ်လေ။ တချို့ ပုတီးလေးမြှောက်ပြလိုက်သေးတာ။ ကမ္မဋ္ဌာန်းတရား အားထုတ်တယ်။ 'ကျွန်တော်ကလေ ကျွန်မကလေ အခု တရားအားထုတ်နေတာ' ဘာညာနဲ့ ပါးစပ်က ကြွားသေးတာ၊ ဂုဏ်ဖော်ချင်သေးတာ။ ဘာသာနဲ့စပ်တဲ့ ကုသိုလ်ဆိုတာ ကြောင်လက်သည်းဝှက်သလို ဝှက်ရပါတယ်။ ကိုယ်ပြုလုပ်တဲ့ ကုသိုလ် သူတစ်ပါး မသိရင် ပိုကောင်းပါတယ်။ ချီးမွမ်းမှု၊ ကျော်စောမှုကို ငဲ့ပြီး ပြုလုပ်တာဟာ မကောင်းပါဘူး။

သိသင့်သိထိုက်တဲ့စာပေကို သင်ယူပါ။ ဆောင်သင့်တဲ့ တရားကို နှုတ်တက်ရအောင် ဆောင်ပါ။ တရားတော်ရဲ့ အဓိပ္ပာယ်ကိုသိအောင် အားထုတ်ပါ။ မသိတာကို သိအောင် တတ်ကျွမ်းနားလည်တဲ့ ဆရာကောင်းများထံ မေးပါ။ ဓမ္မာနုဓမ္မ တရားတော်နဲ့ လျော်ညီစွာ ကျင့်တတ်ဖို့ လိုပါတယ်။ ကျင့်တော့ ကျင့်တယ်၊ အခြေခံပရိယတ် မရှိရင် ထိုကျင့်စဉ်ဟာ မှန်ကန်တဲ့ကျင့်စဉ် မဟုတ်တတ်ပါဘူး။ ခေတ်က ဆန်းဆန်းကြယ်ကြယ်လေးတွေ ပေါ်နေပါတယ်။ တရားကျင့်တယ်။ တရားထိုင်တယ်။ နည်းအမျိုးမျိုးတွေ ပြနေကြတယ်။ ရိပ်သာအမျိုးမျိုး ရှိတယ်။ အဲဒီအခါမှာ မိမိကိုယ်တိုင်က ပရိယတ်အခြေခံပါရင် ကောင်းတယ်၊ မကောင်းဘူး၊ မှန်တယ်၊ မမှန်ဘူးဆိုတာ ဆုံးဖြတ်နိုင်တဲ့ အသိဉာဏ်ပါလာရမယ်။ ဆုံးဖြတ်နိုင်တဲ့ ပရိယတ်အခြေခံ မရှိရင် အကျင့်မှန်မဖြစ်ဘဲ ရှိတတ်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com

# လင်းသွဲ့ငှက်

## ကိုရဲကိုကို ( ဆကာကြီး )

- သစ်ကိုင်းမှာ
  တွဲလောင်းခိုပြီး
  ကမ္ဘာကြီးကို ပြောင်းပြန်ကြည့်။
- အဲဒီလိုကြည့်မှ
  သူ့မျက်စိထဲမှာ
  ကမ္ဘာကြီးအတည့်မြင်ရသလား မသိ။



www.burmeseclassic.com


www.burmeseclassic.com

# အမြင်

## မောင်ခေတ်ထွန်း

- ဝလုံးကို သုညထင်
  သုညကို စက်ဝိုင်းထင်
  အမြင်ချင်း ကွာခြား။

- ကိုယ်သာမှန် ဖက်ပြိုင်ငြင်းလျှင်ဖြင့်
  တင်းပြတ်ကာ ချင်းရန်ပျိုးလို့ရယ်
  ကျိုးနည်းမည်တကား။ ။




www.burmeseclassic.com

www.burmeseclassic.com

# အနာဂတံဉာဏ်

မောင်နိုင်ချို

- အဘိဓမ္မာ ဘဝသရုပ်နဲ့
  အဓိမာန ကန္တတ်ပြခြင်းမဟုတ်။

- အတိဇာတ ပန္နက်တွေမို့
  အဓိပညာလှ ဆက်ပြခြင်းအလုပ်။

- အများပြော အခင်းမမှန်သူတွေကိုလ
  တရားသဘော အငြင်းမသန် ရန်မဖြစ်ချင်ဘု
  ဒုသီလ ပဋ္ဌသီ မမြဲသူတွေက
  အများထပ်ကာ ဆင်ဝှေ့ ရန်ရှောင်တိမ်းလေသမျှ
  စကားကပ်ခွာ မမြင်တွေ့ ဟန်ဆောင်ယိမ်းလေပေါ့
  အစိမ်းသေက တစ်ခါညာပြန် အရှုပ်တွေမို့
  ကိန်းကျေရ ကဗျာမာန် ထောင်းထောင်းထပါလို့
  (ကွယ် ...)
  ခေါင်းကအချုပ်။




www.burmeseclassic.com

www.burmeseclassic.com

# မြန်မာပြည်သား မေ့ချစ်သူ

မိုးပန်းမွှန် ( ရာမည )

- အကျီဖြူ လည်ကတုံးနှင့်
  အခန်းဆုံး မေ့ချစ်သူ။

- နဂိုယဉ် အသွင်ချောလို့
  ချစ်သောသူ မြန်မာဆန်သည့်ပြင်
  ဇာတိမာန် ထက်သန်လွန်းသူမို့
  ချစ်ခွန်း ကြည်ဖြူ။

- တချို့မြန်မာတွေများ
  ဆန်းပြားလိုက်တာ
  သည်မြေမှာ ငွေရှာနေးတာမို့
  တစ်ပြည်ရွာ ကမ္ဘာအဝေးမှာဖြင့်
  ပန်းကန်ဆေးကာ ငွေရှာပြိုင်ကြ
  ပန်းရန်ကိုင် နိုင်ငံမှားသူတို့
  ဝံ့ကြွားထူ ငြူစူလောက်ပါရဲ့
  အနောက်တိုင်းပုံ ဟန်အမူ
  ကလူတာကို မလိုလား။

- ဆန်းပြားတာ မကြိုက်ပါဘူး
  ခမ်းနားစွာ စရိုက်မှန်ရွေးလျှင်ဖြင့်
  မြန်မာသွေး မြန်မာပီပီပေါ့
  ဟန်ချိုချို ကြဲစည်တွေးမျှော်တဲ့
  မြန်မာပြည်ပေါ် သစ္စာထောက်သူမှ
  အောက်ကျမခံ နိုင်ငံမမှားသူလို့
  စံထားယူ ကြည်ဖြူထိုက်တာမို့
  စရိုက်ပီ ဂုဏ်ရှိန်မြင့်အောင်ပ
  (မောင်ရယ် ...)
  ခွန်းဆင့် အမှာပါ။ ။



www.burmeseclassic.com

www.burmeseclassic.com

# တန်ဖိုးအနန္တ

ကိုမင်းခန့်ချို (ဧည့်ဖြူ)

- ခန္ဓာအသက်
  နှိပ်စက်ရန်ရှာ
  စာနာမှုသည့်
  ဒိဋ္ဌိ ...။

- မဟုတ်မဟာတ်တရား
  အပုပ်အစပ်စကား
  လုပ်ဇာတ်များစွာ
  မာယာ ...။

- ငါ ... တတ်
  ငါ ... သိ
  ငါ ... ကဝိ ... တဲ့
  ဝန်ပိခဲ့တာ အဝိဇ္ဇာ။

- စီးပွားဥစ္စာ
  ချမ်းသာကြွယ်ဝ
  ပကာသနဂုဏ်အင်
  တန်ဖိုးထင်တတ်
  ခုံမင်စွဲမက် မာနဖက်သော
  လူ့မနော ...။

- ဒီလောကမှာ
  သောကမဖြာ
  ဒေါသမပါ
  လောဘတဏှာကင်း
  ဖြောင့်မတ်ခြင်းစိတ်ထား
  မြင့်မြတ်သော ကိုယ်ကျင့်တရားသော
  တန်ဖိုးအနန္တပါ။ ။



www.burmeseclassic.com

www.burmeseclassic.com

# အနှိုင်းမဲ့မေတ္တာရှင်

## ဆုမွန်ဦး ( ဟင်္သာတ )

- ဘဝတစ်ခု
  ဖြစ်တည်လာမှု အစကတည်းက
  ပေးဆပ်မှုတွေနဲ့ပဲ အသက်ရှင်လာခဲ့သူ
  မိုးရွာရွာ နေပူပူ
  ဘဝအပူတွေမှန်သမျှ ကျောပေါ်ထမ်း
  မှတ်တမ်းမဲ့ ဇာတ်လမ်းတွေနဲ့
  တခမ်းတနား ပန်းဝင်လှနေခဲ့ရသူ ...။

- ကျောသာပူ
  ရင်အပူ မခစေဖို့
  သားတွေ သမီးတွေအတွက်
  ရှေ့ကဆီး
  မေတ္တာခရီးအသချေ နေ့တွေညတွေ
  အထွေထွေ ...။

- ဩော် ... 'အမေ' တဲ့
  အသင်္ချေကမ္ဘာတစ်ဆုံး
  ဘယ်လိုစာလုံးတွေနဲ့ သီကုံးလို့ ဆုံးနိုင်ပါ့မလဲ
  အမေ့မေတ္တာ ကမ္ဘာထက်လည်းကျယ်
  မြင်းမိုရ်တောင်ထက်လည်းကျယ်
  ယှဉ်နိုင်သူ ရှာမှရှားတဲ့
  စကြဝဠာတစ်ခွင် ...
  အနှိုင်းမဲ့သော မေတ္တာရှင် ...။

(အမေ အသက် ၇၆ နှစ်ပြည့်
မွေးနေ့အတွက် ဂုဏ်ပြုကဗျာ)



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးသားထဲက ၄၆၉

## နန္ဒာမိုးကြယ်

- အမျိုးပျောက်မှာ စိုးသနဲ့
  (၉၆၉)တဲ့ ပေါ်ခဲ့ပြီ။
- ဘုရားဂုဏ် တရားဂုဏ်နဲ့
  သံဃာ့ဂုဏ် ရည်မျှော်အပ်
  မှတ်တံဆိပ်ရည်။
- ယဉ်ကျေးမှု စဉ်အလာပေါ့
  ကိုယ့်ဘာသာ ကိုယ်မြတ်နိုးကာပ
  ရှိကျိုးတဲ့ စံဌာနီ
  မြန်မာပြည် တစ်လွှား။
- မနောအလှ ကြည်ရွှင်ချိုလို့
  ရန်မလို၊ ရန်မခလေငဲ့
  အေးမြတဲ့ ရေစင်အဖျန်းမှာတော့
  ငြိမ်းချမ်းစွာ ဆုခြွေတောင်းတယ်
  သောင်းတိုက်က ကြား။ ။



www.burmeseclassic.com

www.burmeseclassic.com

# လျှောက်လမ်း

လမင်းသစ္စာ

- ဘဝဆိုတာ
  ဒါပဲလို့
  ဒုက္ခကို လက်ညှိုးထိုးပြသူကပြ။
- ဘဝဆိုတာ
  ဒါပဲလို့
  သုခဘုံပေါ် လက်မထောင်သူကထောင်။
- ဘဝဆိုတာ
  ဒါပဲလို့
  ရောင့်ရဲတင်းတိမ်
  တည်ငြိမ်အေးချမ်း
  ပန်းရနံ့သင်း
  ဖြတ်သန်းခြင်းလို့ ဆိုသူကဆို။
- အမှားအမှန်ဆိုတာ
  စကားသံနဲ့
  ဝေဖန်မရ
  အဖြေမှန်ရဖို့ဆိုရင်
  ခြေသံလှဖို့ လိုမယ်ကွယ်။ ။




www.burmeseclassic.com

www.burmeseclassic.com

# မွေးရပ်မြေကို ကျေးဇူးဆပ်ခြင်း

ကိုကြူး(ကျိုင်းတုံ)



စူဠာမုနိ

ကူသိုလ်တော်စေတီ

(ဘုရားကြီး)

ဇာတိချက်ကြွေ မွေးရပ်မြေကို ...က်ဖြစ်ခဲ့သည်မှာ အလွန်ကြာမြင့်ခဲ့ ...း သို့သော်လည်း နေရာဟောင်းကို ...ကောင်းသဖြင့် ပြန်ပြောင်းပြီး သတိရ ...အဖြစ်များနှင့် အမှတ်မထင် ကြုံလာ ...သောအခါ မိမိ၏မွေးရပ်မြေကို ပြန် ...အောက်မေ့လျက် အလွန်မှ သတိရ ...ဆွတ်လာမိပေါ်တော့သည်။

ရပ်စောက်မြို့နယ် စာပေနှင့်စာနယ် ...ခဲ့သည့် ရန်ကုန်မြို့မှ စာရေးဆရာ ...ကို ဖိတ်ကြားပြီး စာဆိုတော်နေ့ ...ပြောပွဲကျင်းပရန် စီမံကြကြောင်း ...သိရသောအခါ ရပ်ဝေးတွင်ရောက် ...သူ ကျွန်တော်သည် ကိုယ့်မြို့ကိုယ့် ...မြေမှ ငယ်ကျွမ်းဆွေများ ကြိုးစား ...ရှားမှုတို့ကို အားပေးဂုဏ်ယူသော ...ခြင်း ကိုယ့်မွေးရပ်မြေအကြောင်းကို ...သားတင်ပြရန် သတိရလာပါတော့သည်။ သို့နှင့် ကျွန်တော်သည် ကျိုင်းတုံမြို့တွင် အခြေချနေထိုင်ပြီး၊ ရပ်စောက်မြို့အကြောင်းကို မှန်ကန်စွာတင်ပြနိုင်ရန် အပတ်တကုတ်ကြိုးစားအားထုတ်ရတော့သည်။ ကိုယ့်မွေးရပ်မြေဌာနီဆိုသော်လည်း အနေဝေးခဲ့ရ၍ ငယ်စဉ်ကျောင်းသားဘဝ၌ မိဘဘိုးဘွားများနှင့် ဆရာသမားများထံမှ ကြားသိခဲ့ရသမျှ မှတ်မိသမျှတို့ကို စဉ်းစားကြိုးစားတင်ပြပါမည်။

ရပ်စောက်မြို့အကြောင်းကို ရေးသားတော့မည်ဆိုလျှင် 'နဂါးရစ်ချောင်း (သို့မဟုတ်) နဂါးပတ်ချောင်း'အကြောင်းကို ချန်ထား၍မဖြစ်ပေ။ အဘယ်ကြောင့်ဆိုသော် ရပ်စောက်မြို့သို့ အလည်တစ်ခေါက်ရောက်ဖူးကြသူတိုင်း ချောင်းရေ၏ကြည်လင်အေးမြပုံ၊ ရေချိုး၍ပင် မဝနိုင်ပုံများကို တဖွဖွပြောလျက် ချီးကျူး၍ပင် မကုန်နိုင်လောက်အောင် သတိရကြ၊ လွမ်းဆွတ်ကြရသောကြောင့် ဖြစ်၏။ မှန်လှပါသည်။ နဂါးရစ်ချောင်းရေသည် အလွန်ကြည်လင်အေးမြ၍ ရေအောက်ရှိ သဲပွင့်များနှင့် ငါးကလေးများ၊ ခရုခွံကလေးများကို အထင်းသား အရှင်းသား တွေ့မြင်နေရ၏။ အင်းခေါင်းရေထွက်မှသည် မြို့ကိုပတ်ပြီး စီးဆင်းလာချာ ရေကမ်းစပ်များ၌ ကြာရိုးကြာပန်းများ အစီအရီ ပေါက်ရောက်နေသဖြင့် လှပတင့်တယ်နေသည်။ မြို့နှင့် မနီးမဝေးတွင်ရှိ ဗထူးမြို့၌ (နမ့်ဟိုဝိုး) န္တားခေါင်းရေထွက်ချောင်းသည်လည်း အလားတူစွာ အလွန်ကြည်လင်အေးမြတည်ငြိမ်စွာ စီးဆင်းလျက် ရေအောက်ရှိ မှော်ပင်များ တရိပ်ရိပ် ယိမ်းနွဲ့နေသည်ကို ထင်ထင်ရှားရှား တွေ့မြင်နေရ၏။ ဇော်ဂျီမြစ်ချောင်း၏ ရေအလျဉ်သည်ကား စီးဆင်းပုံတစ်မျိုးတစ်ခု ဖြစ်နေသည်။ အချို့နေရာ၌ ...

www.burmeseclassic.com

တည်တည်ငြိမ်ငြိမ် စီးဆင်းနေသော်လည်း အချို့နေရာများ၌ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ဒေါသတကြီး စီးဆင်းနေသောကြောင့် ကြောက်ခမန်းလိလိပင် ဖြစ်မိ၏။ ဇော်ဂျီ မြစ်ချောင်းကို အကြောင်းပြု၍ လုပ်ခဲ့သည့် သော ရေတံခွန်များလည်း ရှိသည်။ ယခု ၄င်းနေရာ၌ ဇော်ဂျီရေအားလျှပ်စစ်စက်ရုံ များ ဇော်ဂျီ (၁)နှင့် (၂) ဟူ၍ တည် ဆောက်ထားပြီးဖြစ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်းတွင်ရှိ ရပ်စောက်မြို့(Lawk Sawk) သည် ပင်လယ် ရေမျက်နှာပြင်အထက် ပေ ၃၀၅၀ တွင် တည်ရှိသည်။ အရှေ့ဘက်တွင် ဟိုပုံးမြို့နှင့် လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်။ တောင်ဘက်တွင် ပင်းတယ၊ ကလောနှင့် တောင်ကြီးမြို့နယ်။ အနောက်ဘက်တွင် ရွာငံမြို့နယ်၊ မြောက်ဘက်တွင် ရပ်စောက်မြို့နှင့် ကပ်ရပ် (ဗထူးမြို့) တည်ရှိပြီး အင်တောမြို့တို့နှင့် ဆက်စပ်လျက်ရှိသည်။ ရပ်စောက်မြို့နယ်သည် အကျယ် အဝန်းအားဖြင့် ဧရိယာစတုရန်းမိုင်ပေါင်း ၁၀၉၉. ၃၇ ရှိသည်။ ရပ်စောက်မြို့သို့ သွားမည်ဆိုရလျှင် ကလော၊ အောင်ပန်းမြို့မှ တောင်ကြီးလမ်းမကြီးတစ်လျှောက် အတွင်းရှိ ရွှေညောင်လမ်းခွဲမှသည် မြောက်ဘက်သို့ ၃၆ မိုင်အကွာတွင် တည်ရှိသည်။ တောင်ကြီးမြို့မှ သွားမည်ဆိုလျှင် ၄၈ မိုင် သွားရမည်ဖြစ်သည်။ ပင်းတယမြို့မှတစ်ဆင့် သွားလျှင်လည်း ရသည်။ ပင်းတယမြို့မှ ရပ်စောက်မြို့သို့ ၃၆ မိုင်ကွာဝေးသည်။ လမ်းခရီးအကြား၌ လိမ္မော်သီးအများဆုံးထွက်သော ခေါင်းပို့ ရွာကြီး ရှိသည်။

အခြားသော ထူးခြားချက်များကို ဖော်ပြရလျှင် ရပ်စောက်မြို့နယ်၌ သဘာဝသစ်တောများ ထူထပ်စွာ စိမ်းစိမ်းစိုစို ပေါက်ရောက်လျက်ရှိပြီး၊ မိုးထိမြင့်မားသော တောင်ကြီးခါးပန်း၌ လှည်းဘီးပမာဏရှိ ပျားအုံကြီးများကို အံ့ဩဖွယ် တွေ့မြင်နိုင်သည်။ တောတိရစ္ဆာန်ပေါများသဖြင့် ဂျီ(ချေ)သား၊ ဆတ်သားများ ဝအီအောင် စားရတတ်သည်။ 'ရပ်စောက် ပျားရည်' ဆိုလျှင် လူကြိုက်များ၍ နာမည်ကြီး၏။ နိုင်ငံတော်အတွက် အလွန်တန်ဖိုးရှိသော ကျွန်းသစ်နှင့် အခြားသောသစ်မာများလည်း ထွက်ရှိ၏။ နွေရာသီရောက်ပြီဆိုမှဖြင့် အင်ကြင်းပန်းများ တစ်တောလုံး မွှေးကြိုင်သင်းပျံ့စွာ ပင်လုံးကျွတ်ဖူးပွင့်ကြပြီး ဥသြငှက်ငယ်၏ တွန်ကျူးသံသည် လွမ်းမောဖွယ် ဖြစ်နေ၏။ မိုးမခ တောင်ပေါ်မှ လက်ဖက်ခူးရင်း သီဆိုရင့်ကျူးနေသော လုံမပျိုတို့၏ သီချင်းသံများ နားထဲတွင် ကြားယောင်နေမိသည်။ တောင်ခြေများတွင် တမျှော်တခေါ်ကြီး စိုက်ပျိုးထားသည့် ဘကြီးဖြိုး၏ လိမ္မော်ခြံကို မတွေ့မြင်ခဲ့သည်မှာ ကြာပေပြီ။ ကိုဖိုးထောင်၏ ဟန်ပါပါနှင့် ခနအိုးသည်တီးသံကို မကြားရကြာခဲ့ပေပြီ။ ဘုန်းကြီးကျောင်းများမှ ကြေးစည်ထုသံကိုလည်း မကြားရတော့ပြီ။

ရပ်စောက်မြို့တွင် ယခင်က ဘုန်းကြီးကျောင်းစုစုပေါင်း ၁၇ ကျောင်းရှိသည်။ နောက်မှ ထပ်မံတည်ဆောက်ကိုးကွယ်ထားသော ကျောင်းလည်း ရှိသည်ဟုဆိုသည်။ ယခင်ရှိကျောင်းများမှာ

(၁) တောင်ဖီလာကျောင်း၊ (၂) လေသာကျောင်း၊ (၃) စန္ဒကူးကျောင်း၊ (၄) မြတ်သီလာကျောင်း၊ (၅) ဈေးတန်းကျောင်း(နဂါးစေတီရှိ‌ရာ)၊ (၆) မန္တလေးကျောင်း၊ (၇) ရန်အောင်ကျောင်း၊ (၈) သတိပဋ္ဌာန် ကမ္မဋ္ဌာန်းကျောင်း(မင်းကွန်း)၊ (၉) အင်းခေါင်းကျောင်း (အင်းခေါင်းရေထွက်ရှိရာ)၊ (၁၀) လွယ်ဆင်ကျောင်း (လွိုင်ရှုန်) (ပဋ္ဌာန်းမြားကျောက်ကျသည့်နေရာ)၊ (၁၁) ဘုရားကြီးကျောင်း (ခေါ်) စူဠာမုနိကုသိုလ်တော်စေတီရှိရာ၊ (၁၂) ဇရပ်တော်ကျောင်း (ပျက်ပြီး)၊ (၁၃) မွေတော်ကျောင်း၊ (၁၄) ငုံးကျောင်း၊ (၁၅) ရွှေရင်တောင်ကျောင်း (ခေါ်) လွမ်းစေတီရှိရာ၊ (၁၆) ရွှေရန်မြေကျောင်း၊ (၁၇) ဘုရားဖြူကျောင်း (နတ်ရေကန်ရှိသည်)

ဓနုလူမျိုးတို့၏ ရိုးရာဟင်းဖြစ်သော ပဲလွမ်းဟင်းခါး၊ ပဲပျင်းစေ့ချဉ်ပေါင်ဟင်းနှင့် ပိန်းရိုးဟင်းများကို မစားရတော့၍ တမ်းတမိသည်။ မေ့တော့တော့ဖြစ်နေသည့် ဓနုစကားများကိုလည်း ပြောကြည့်မိပြန်သည်။

"ဟော့လူမဲ့ . . . နင် အားကြီးဆိုးတယ်နော်"

"နင်ပြောတာ ဟုတ်ကြောင်း၊ မဟုတ်ကြောင်းဘဲ"

"အလန့်တကြား မလုပ်ပါနဲ့ ငနဲရာ။ ငါ့ခေါင်းကြီးလွန်းလို့"

"ထမင်းစားချိုလို့ နင်းကန်စားလိုက်တာ ဗိုက်ကားသွားပြီ"

ဓနုလူမျိုးတို့၏ ရိုးရာဓလေ့ထုံးစံများ အလွန်ချစ်စရာကောင်းလှ၏။ နှစ်စဉ် ဘုရားပွဲတော်များ ကျင်းပပြုလုပ်လေ့ရှိရာ ဝေးလံသောရွာများမှပင် နွားလှည်းများကိုယ်စီဖြင့် တပျော်တပါး လာကြပြီး ပွဲပြီးသည်အထိ နေသွားတတ်ကြသည်။ သီတင်းဝါလကျွတ်လျှင် အိမ်တိုင်း၌ ရောင်စုံမီးပုံးများ ထွန်းညှိ၍ ရတနာသုံးပါးကို ပူဇော်ကြသည့်အပြင် သင်ပုတ်စင် ကျောင်းဆောင်ကလေးပြုလုပ်၍ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ ကြက်လျှာများနှင့် ငှက်ပျောပင်၊ ကြံပင်၊ ချင်းပင်၊ စပါးပင်များ လှပစွာ စိုက်ထူထားကြသည်။ မုန့်မျိုးစုံနှင့် သစ်သီးမျိုးစုံတို့ကိုလည်း သင်ပုတ်စင်၏အောက်တွင် ချိတ်ဆွဲထားလေ့ရှိကြသည်။

လဆန်း ၁၄ ရက်၊ အဖိတ်နေ့ညတွင် အိမ်သူအိမ်သားများက ပန်း၊ ဆီမီး၊ ရေချမ်းတို့နှင့် သင်ပုတ်စင်ကျောင်းဆောင်အတွင်းရှိ လှူဒါန်းဖွယ်ရာများကို မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းပူဇော်ကြသည်။ လပြည့်ကျော်တစ်ရက်နေ့ နံနက်



www.burmeseclassic.com

www.burmeseclassic.com

အရုဏ်တက်ချိန်တွင် ရေစက်ချ အမျှအတန်းဝေ၍ ဆက်ကပ်ထားသော လှူဖွယ်ဝတ္ထုများကို စွန့်ကြသည်။ လပြည့်နေ့တွင် ဘုရားကျောင်းများသို့ တက်ပြီး ရှိခိုးပူဇော်ကန်တော့ခြင်း၊ ဥပုသ်သီတင်းဆောက်တည်ခြင်းများ ပြုသည်။ နှစ်ဆန်းတစ်ရက်နေ့တွင် ဆွမ်းကြီးလောင်းပွဲ ပြုလုပ်လေ့ရှိကြပြီး၊ သီတင်းကျွတ်နှင့် တန်ဆောင်မုန်းလများတွင် လူကြီးမိဘ၊ ဆရာသမားများအား လိုက်ကန်တော့၍ ကုသိုလ်ယူကြသည်။ တန်ခူးလတွင် သင်္ကြန်ပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်းပွဲ၊ နယုန်လတွင် စာတော်ပြန်ပွဲ၊ ဝါဆိုလတွင် ပန်းသက်န်းကပ်လှူပွဲ၊ ဝါတွင်းကာလတွင် စာရေးတံပွဲများ စသည်ဖြင့် ကျင်းပကြသည်။ အတာတက်ပွဲတွင် လူပျို၊ အပျိုများ ဆုံတွေ့ကြသည်။ ချစ်သူရည်းစားတို့ ဆုံတွေ့ကြသောအခါ အချီအချ လက်ာနှင့် စကားပြောပုံများလည်း တစ်မျိုးတစ်ဖုံ စိတ်ဝင်စားစရာကောင်းနေသည်။

**အပျိုမေး** – ''ဘာဟင်းစားလို့ လမ်းမှားလာသလဲ''

**လူပျိုပြော** – ''ကြံသီး(ရွှေဖရုံသီး) စားလို့ ဖြူနွယ်ရောနှမအိမ်သို့ ရောက်လာတယ်''

**အပျိုပြော** – ''ကျွန်းတုံးကို ကြောင်လျှောက် လွမ်းတုန်းမောင်ရောက်လာတယ်''

**လူပျိုပြော** – ''ကွမ်းရွက်နဲ့ဆား၊ လွမ်းလျက်နဲ့ထားခဲ့ရတော့မယ် နှမရယ်''

**အပျိုပြော** – ''ကျွဲပေါက်ကိုးကောင် သွားရအောင်၊ ဆင်ပြောင်ကိုစီး၊ သောက်မငြီးတဲ့၊ ကျမျက်ရည်နဲ့ လွမ်းရတယ်''

**လူပျိုပြော** – ''ကြက်လျှာတိုင်က ဓနိုင်ဖြစ်သွားပြီ နှမရေ၊ ဆုတောင်းရ လွန်းလို့''

ဓနုတို့ ပျော်စံရာ ရပ်စောက်မြို့




နဂါးစေတီ

သည် ရှေးဟောင်းမြို့ဖြစ်သောကြောင့် အုတ်မြို့ရိုးကျိုးများ ယနေ့တိုင် အထင်အရှား တွေ့မြင်နေရသည်။ မြို့ကုန်းပေါ်၌ သမိုင်းဝင်ရှေးဟောင်းဘုရားစေတီများရှိ၏။ ရွှေရောင်ဝင်းနေသော စူဠာမုနိစေတီ(ခေါ်) စေတီဘုရားကြီး၊ ရွှေဥမင်စေတီ (ခေါ်) ကြောင်လိမ်စေတီတော်ဘုရားနှင့် ရွှေပိန္နဲ စေတီဘုရားများ အလွန်ခံ့ညားထည်ပါစွာ ဖူးတွေ့နိုင်သည်။ ဘုရားပွဲတော်များ ပြုလုပ်နေစဉ် တစ်နေကုန် မီးဒိုးတ်တ်ကည့်ခံ

ကျေးမွေးသောကြောင့် ဓနုလူမျိုးတို့၏ စေတနာ၊ သဒ္ဓါတရားတို့ကို ခန့်မှန်းနိုင်၏။ ဓနုလူမျိုးတိုင်း အလွန်ရိုးသားဖြောင့်မတ်ကြပြီး ဘာသာနှင့် သာသနာကို အလေးထား ကိုင်းရှိုင်းတတ်ကြသည်။ သဉ်ကျေးသိမ်မွေ့၏။ အရှက်ကြီး၏။ အချင်းချင်းလည်း ရိုင်းပင်းကူညီတတ်ကြသော လူမျိုးများ ဖြစ်ကြလေသည်။


ဓနုအမျိုးသားတို့ဖြစ်ပေါ်လာပုံမှာ ရှေးရိုးစဉ်လာစကားများအရ ဓနုတို့သည်

www.burmeseclassic.com

မိမိကိုယ်ကို ခနုဟုခေါ်ကြသည်။ ဗမာနှင့် ဘာသာစကားချင်း လုံးဝမခြားနားဟုဆိုနိုင်လောက်အောင် တူလှသော လူမျိုးမှာ ခနုများဖြစ်သည်။ ခနုတို့တွင် ရှမ်းခနုနှင့် ဗမာခနုဟု ပြောကြသောစကားအလိုက် ခွဲနိုင်သည်။ ရှမ်းခနုများမှာ ရှမ်းစကားများ ပါရောပြောပြီး မြန်မာစကားကို ရှမ်းသံပါပါ ပြောသည်။ ဗမာခနုများမှာ ရှေးစကား ပေါ်ရာထသံပါသော ဗမာစကားကိုပြောသည်။ ခနုလူမျိုးများနှင့် အနေကြာလျှင် ဗမာတို့ ခနုစကားကို နားလည်နိုင်ကြသည်။

ခနုအမျိုးသားများကမူ မိမိတို့မှာ မြန်မာအနွယ်များသာဖြစ်သည်ဟု ဆိုကြသည်။ ရှမ်းပြည်နယ်တွင် အနေကြာလာသောကြောင့်သာ အချို့သော ကိစ္စများတွင် ရှမ်းဓလေ့များဝင်နေကြောင်း အပြောနှင့်သော်လည်းကောင်း၊ အပြုအမူနှင့်သော်လည်းကောင်း ဖော်ပြကြသည်။ အချို့သော ခနုအမျိုးသားများကလည်း မိမိတို့သည် မြန်မာဘုရင်၏ လေးသည်တော်အဆက်အနွယ်များဟု ဆိုကြသည်။

ကျောက်ဆည်အနီး (မြို့ကြီးဒေါင်းမြီး)ဆိုသော ရွာရှိသည်။ ထိုရွာမှာ ရှေးယခင်က မြို့ကြီးဖြစ်ခဲ့သည်။ မြန်မာမင်းတို့ ခန့်အပ်သော မြို့စားမင်းက စိုးမိုးအုပ်ချုပ်ပြီး ပြည်နယ်ကာကွယ်ရေးနှင့် အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်ကြသည်။



လယ်သမား
စေတီ

ထိုမြို့ကြီးဒေါင်းမြီး၏ သမိုင်းတွင် ခနုလူမျိုးဗိဇနှင့် ရှမ်းပြည်သို့ရောက်လာပုံအကြောင်းတို့သည် ဆက်နွယ်နေသည်ဟု ခနုတို့က ပြောကြသည်။ ထို့ကြောင့် ခနုစာပေသည် မြန်မာစာပေနှင့် မူလတူနေသည်။ နောက်သောအခါ နေရာဒေသအလိုက် အသံနေအသံထား ပြောင်းသွားသည်။

ထိုခနုလူမျိုးတို့သည် (ပရက်)ဆိုသော အမျိုးအနွယ်မှ ဆင်းသက်လာကြပြီး မွန်တို့နှင့် နီးစပ်သည်ဟု ပြောကြသည်။ ခနုလူမျိုးတို့သည် ရှမ်းပြည်သို့ မြေပြန့်မှတက်လာကြပြီး ရာဇဝင်အရ အလောင်းဘုရား စစ်ချီလာ၍ ယိုးဒယားသို့ သွားရောက်တိုက်ခိုက်စဉ် ဒူးလေးတပ်ကို လုံခြုံရေးအတွက် ထိုနေရာတွင် ပင် တပ်ချနေထိုင်စေခဲ့၏။ ဒူးလေး၊ လင်းလေးကို ဆွဲကိုင်သူလူမျိုးကို (ခနုဂ္ဂဟ) ဟုခေါ်သည်။ ထိုမှ ခနုလူမျိုးဖြစ်လာခဲ့သည်ဟု ဆိုသည်။ ခနုတို့၏ ဇာစ်မြစ်နှင့် ပတ်သက်၍ သုတေသီတို့ အမျိုးမျိုးဝိဝါဒကွဲကြသည်။ (မစ္စတာ အက်ဖ်အိပ်ဂ်ျဂျိုင်း)ကမူ ခနုတို့မှာ ဟံသာဝတီတောင်ဘက်မှ လာရောက်နေထိုင်ကြသော မြန်မာအုပ်စုတစ်စုမှ ပေါက်ဖွားလာသူများဟု ယူဆကြသည်။ (ဆာဂျေအေစကော့)ကမူ ခနုအများဆုံးနေထိုင်ရာ အရပ်မှာ ရှေးအခါက ရှမ်းနှင့် မြန်မာတို့ ကုန်ရောင်းကုန်ဝယ်ပြုကြရာဒေသများ ဖြစ်သောကြောင့် ခနုတို့မှာ ရှမ်းနှင့် မြန်မာတို့မှ နွယ်၍ဆင်းသက်လာကြသူမျာ။ ဖြစ်သူဟု မှတ်ချက်ချထားသည်။ အချို့ကမူ မြန်မာဘုရင့်က ရှမ်းပြည်သို့ ခန့်အပ်စေလွှတ်ထားသော ရွှေခွန်မှူး၊ ငွေခွန်မှူးတို့နှင့် ရှမ်းအမျိုးသားတို့မှ သွေးစပ်ပြီး ဆင်းသက်လာကြသော အနွယ်များဟူ၍လည်း ပြောကြသည်။

မည်သို့ပင်ဖြစ်စေ ပြည်ထောင်စုတိုင်းရင်းသားများသာ ဖြစ်ခြင်းကြောင့် အခြားသောတိုင်းရင်းသားများနှင့် ခြား




www.burmeseclassic.com

www.burmeseclassic.com



ရွှေဥမင်စေတီ (ခေါ်) ကြောင်လိမ်စေတီ



ရွှေပိန္နဲစေတီ

အတူပူးအမျှ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင် နေကြသည်။ ရပ်စောက်မြို့နယ်တွင် ယခင်က အများအားဖြင့် ဓနုလူမျိုးများသာ နေထိုင်ကြ၏။ အခြားလူမျိုးများအား တစ်ယောက်စ နှစ်ယောက်စမျှသာ ရှိ၏။ ယခုတွင်မူ လူမျိုးပေါင်းစုံ (ရှမ်း၊ ဂျူး) ပအိုဝ်၊ ဗမာ၊ မွန်၊ အင်းသား၊ ချင်း၊ ပလောင်၊ တောင်ရိုး၊ တရုတ်၊ ကုလား(ဂေါ်ရခါး၊ ဟိန္ဒူ)စသည်တို့ နေထိုင်ကြ၍ စည်စည်ကားကားနှင့် ခေတ်မီမြို့ကြီးပင် ဖြစ်နေပြီကို မြင်တွေ့ရ၏။ ရပ်စောက်မြို့တွင် ငါးရက်တစ်ပတ်ဈေးသာ ဖြစ်၍ ဈေးနေ့ဆိုလျှင် နွားလှည်းများ၊ ကားများ ဈေးပတ်ဝန်းကျင်တို့၌ ရပ်ထားသည်မှာ ပြည့်ကျပ်နေ၏။ ဈေးအတွင်းတွင်လည်း တိုးမပေါက်အောင် စည်ကားလှ၏။ ကုန်ဈေးနှုန်းအလွန်ပေါသဖြင့် ရောက်ဖူးသူတိုင်း တအံ့တဩ ဖြစ်ကြရ၏။ လက်ဆောင်ပစ္စည်းဝယ်စရာများလည်း များပြားစွာရှိ၏။

ဤသို့လျှင် နေချင်စဖွယ်ဖြစ်သော ရပ်စောက်မြို့အကြောင်းကို သမိုင်းရာဇဝင်များဖြင့် သိခွင့်ရခဲ့၏။ ရပ်စောက်မြို့တည်ရှိရာ ဤနေရာဒေသ၌ ရဿဝတီမြို့ကြီးကို ရဿဝတီမင်းကြီးက တည်ဆောက်စိုးစံခဲ့သည်ဟုဆို၏။ ရဿဝတီမြို့ကြီးမတိုင်မီ ရွာတစ်ရွာ၌ နွားသူဌေးကြီးတစ်ဦးသည် သူ၏နွားများကို ဆင်းရဲသား မောင်အိုက်ပေါက်အား နွားကျောင်းစေလျက် နွားကျောင်းခအဖြစ် နှစ်စဉ်ပေါက်ဖွားလာမည့် နွားကလေးကို တစ်လှည့်စီယူရန် ကတိဝန်ခံချက်ထားကြသည်။ သို့နှင့် နွားကျောင်းသား အိုက်ပေါက်ယူရန် အလှည့်၌ နွားလားဥသဘမွေးဖွားလာရာ ထိုနွားသည် အလွန်ထူးခြားသော ကြန်အင်လက္ခာနှင့် ပြည့်စုံပြီး နွားသွားရာ ခြေရာမထင်ဟုဆိုသည်။ ငှက်ပျောဖက်ကို မြေ၌ချခင်း၍ ထိုနွားကို နင်းစေသောအခါတွင်လည်း ငှက်ပျောဖက်အရွက်မပျက် နွားဖြတ်သွားနိုင်သည်ကို တအံ့တဩတွေ့ခဲ့ရသော နွားသူဌေးကြီးသည် ကတိစကားအတိုင်း ထိုနွားကို အိုက်ပေါက်အား မပေးခဲ့ချေ။ မည်သို့မျှ မတတ်နိုင်ရှာသော အိုက်ပေါက်ခမျာ စိတ်မကောင်းစွာဖြင့် သူ့နွားကျောင်းနေကျ



www.burmeseclassic.com

www.burmeseclassic.com

နေရာ အင်းခေါင်းရေထွက်အနီး ရေကမ်းစပ်ရှိ မြက်ခင်းပြင်၌ ထိုင်မှိုင်နေမိစဉ် ယခင်ကတည်းက သူနှင့်ချစ်ကျွမ်းဝင်ပြီးဖြစ်နေသည့် ဘောဂဝတီနဂါးပြည်မှ နဂါးမရောက်ရှိလာပြီး အကူအညီပေးသောကြောင့် နွားလားဥသဘကို ရခဲ့သည်။ သို့နှင့် ၎င်းတို့နှစ်ဦး ချစ်ခင်စုံမက်စွာဖြင့် တောင်ကုန်းပေါ်၌ နဂါးကျစ်မြို့ကို တည်ထောင်ပြီး မင်းပြု၍ နေလာခဲ့ကြရာ တစ်နေ့သ၌ ဟိမဝန္တာတောင်မှ ဂဠုန်ငှက်ကြီးတစ်ကောင်ရောက်ရှိလာပြီး နဂါးမအား သုတ်ယူသော် မရဖြစ်နေသည်။ အကြောင်းမှာ နဂါးမခံတွင်း၌ ဖခင်နဂါးမင်းကြီး ပေးဆောင်ထားသော ပတ္တမြားရှင်လုံး ငုံထားသဖြင့် အန္တရာယ်မပြုနိုင်ခြင်း ဖြစ်လေသည်။

ဂဠုန်ငှက်လည်း ပရိယာယ်စကားဖြင့် ရသေ့တစ်ပါးပြောပြချက်အရ နဂါးမငုံထားသော ပတ္တမြားရှင်လုံးကျအောင်လုပ်နိုင်ခဲ့သည်။ ၎င်းပတ္တမြားလုံးကျသောနေရာကို ယနေ့တိုင် လွယ်ဆင်(လှိုင်ရှဲန်)မြန်မာလို ပတ္တမြားကျောက်တောင်ရွာတည်ရှိနေသေးသည်။ ဂဠုန်ငှက်၏ရန်ကို ဘုန်းကံကြီးမားသော 'သုမနမင်းသား' က မြားဖြင့်ပစ်ခွင်းပြီး နဂါးမအသက်ကို ကယ်နိုင်ခဲ့သည်။ သေလုမျောပါး ဖြစ်နေသော ဂဠုန်ငှက်သည် ရန်သူမင်းသားအား ကျိန်ဆဲလျက် သေဆုံးသွားပြီး ဥမင်လိုဏ်ခေါင်း၌ ရောမပင့်ကူကြီးဖြစ်သွားသည်။ ၎င်းပင့်ကူကြီးသည် ပုန်းတလုတ်ရေကန်တွင် ရေစကားပြီး လိုဏ်ဂူအတွင်းသို့ဝင်လာသော နတ်သမီးခုနစ်ဖော် နတ်ကိန္နရာများအား ပင့်ကူအမျှင်များဖြင့် ဂူပေါက်ဝကို ပိတ်ကာ ဖမ်းချုပ်ထားပြန်၏။ ထိုအခါ ဂဠုန်ငှက်ကို သတ်နိုင်သော မင်းသားကပင် ပင့်ကူကြီးကို မြားနှင့်ပစ်၍ ရယူနိုင်ခဲ့ပြန်သည်။ ထိုနေရာဒေသကို ယနေ့တိုင် ပင့်ကူရ(ပင်းဘယ)မြို့အမည်ဖြင့် ထင်ရှားလျက်ရှိသည်။

နဂါးကျစ်မြို့ကို နှောင်သောမင်းများလက်ထက်တွင် ရသဝတီမြို့အမည်ဖြင့် တည်ခဲ့ကြသေးသည်။ နှစ်များကြာသောအခါ ရသဝတီမြို့သို့ မြန်မာဘုရင် နရပတိစည်သူမင်း (၅၃၆–၅၇၃)ရောက်ရှိလာစဉ် နတ်ကြီးတစ်ပါးက ခုနစ်တောင်မျှရှိသော မဟာပိန္နဲသီးတစ်လုံးကို မင်းကြီးအား ဆက်သ၏။ မင်းကြီးလည်း ပိန္နဲသီးကို သုံးဆောင်ပြီး အရသာအလွန်ထူးကဲကြောင်း သိရှိရသဖြင့် ပိန္နဲစေ့ကို မတ်တတ်ရပ်၍ မိဋ္ဌာန်ပြီး စိုက်တော်မူရာ ချက်ချင်းအပင်ပေါက်လာသည်။ ထိုပိန္နဲပင်ကို ငုံလျက် စေတီတည်ထားခဲ့သောကြောင့် ရွှေပိန္နဲစေတီဟု ယနေ့တိုင် ထင်ရှားလျက်ရှိနေသည်။ မြို့၏နာမည်ကိုလည်း ရပ်ပြီးစိုက်စဉ် အောင်မြင်သဖြင့် ရပ်စိုက်မြို့ဟု အမည်ပေးခဲ့သည်။ စော်ဘွားများ လက်ထက်သို့ရောက်သောအခါ ရပ်စောက်မြို့ဟု ပြောင်းလဲခေါ်ဝေါ်လာခဲ့ကြသည်။ မြို့ကို ပတ်လျက် စီးဆင်းနေသော ချောင်းကိုမူ နဂါးများ ရစ်ပတ်၍ ပျော်မြူးခဲ့သောကြောင့် နဂါးရစ်(နဂါးပတ်)ချောင်းဟု ခေါ်စမှတ်ပြုလာကြသည်။

ဤမျှအထိ စိတ်ဝင်စားဖွယ်ကောင်းသော ရပ်စောက်မြို့သည် ယခုဆိုလျှင် အိုင်မက်လေလား ထင်ယောင်မှားအောင် အစစအရာရာ တိုးတက်ပြောင်းလဲလျက် ရှိနေပြီဖြစ်သည်။ အဆောက်အဦများ ခံ့ညားထည်ဝါစွာနှင့် အိမ်တိုင်းလိုလို ရုပ်မြင်သံကြားစက် ရှိကြသည်။ ရထားလမ်းလည်းဖောက်၊ ကားလမ်းများ၊ တံတားများနှင့် ဖြောင့်ဖြူးနေတော့သည်။ တိုးချဲ့မြို့သစ်နှင့်အဟူ အထက်တန်းကျောင်း၊ ပြည်သူ့ဆေးရုံကြီး၊ စည်းဝေးခန်းမဆောင်၊ တည်းခိုခန်း၊ အစိုးရရုံးများနှင့် ငွေစုဘဏ်များ၊ အားကစားကွင်းများ လှပသစ်လွင်နေ၏။ မိုးမခကောင်ပေါ်သို့ လှမ်းမြော်ကြည့်သောအခါ ဘုရားတန်ဆောင်းပြာသာဒ်အထက်၌ ကြည်ညို ဖွယ်ရာ ရွှေစေတီကို ဖူးတွေ့ရ၏။ လမ်းကြီးလမ်းငယ်အသွယ်သွယ်တို့၌ ကားကြီးကားငယ်အပြင် မော်တော်ဆိုင်ကယ်များလည်း တဝူးဝူးနှင့် ပြေးလွှားနေကြသည်။

ဤသို့ ပျော်စရာများဖြင့် စည်ကားနေပြီဖြစ်သော ရပ်စောက်မြို့၏ မြင်ကွင်းမျိုးစုံ အဖုံဖုံတို့ကို ကွယ်လွန်သွားပြီဖြစ်သည့် မိဘဘိုးဘွားဆွေမျိုးများအား မြင်စေချင်စမ်းပါဘိဟူ၍ မျှော်မှန်းတမ်းတလျက် ယခုလက်ရှိ အပေါင်းအသင်းများတို့အား ဆရာဇော်ဂျီ၏ ကဗျာဖြင့် လက်ဆောင်ပဏ္ဏာပါး၍ မွေးရပ်မြေကို ကျေးဇူးဆပ်လိုက်ပါ၏။

*သင်ဖွားရာမြေ၊ သင်တို့မြေသည်၊*
*အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။*
*သင်၏မျိုးသား၊ ဘာစကားလည်း၊*
*ကြီးပွားတက်မြင့်၊ ကျန်ကောင်းသင့်၏။*
*သင်ဦးချ၍၊ အမျှဝေရာ၊ စေတီသာနှင့်၊ သစ္စာအရောင်၊ ဉာဏ်တန်ဆောင်လည်း၊ ပြောင်လျက်ဝင်းလျက်၊ ကျန်စေသတည်း။*

## ကိုကြူး(ကျိုင်းတုံ)

<u>ဝန်ခံချက်</u>

၁။ နိုင်ငံတော်မှထုတ်ဝေသော တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ စာအုပ်နှင့်
၂။ ရပ်စောက်မြို့နယ်၊ ဈေးတန်းကျောင်း ကျောင်းထိုင်ဆရာတော် ဦးနာရဒ ရေးသားပြုစုထားသော မြို့၏နောက်ခံသမိုင်းရာဇဝင်။
၃။ ရပ်စောက်မြို့နယ်ကို ဦးဆောင်ဦးရွက် ကမကထပြုခဲ့သူ မြို့ခံကျောင်းအုပ်ဆရာကြီး ဦးစံထွန်း၏ သွန်သင်ပြောပြချက်များ စသည်တို့ကို မှီငြမ်းထားပါသည်။
၄။ လိုအပ်သော ရပ်စောက်မြို့နယ်၏ အထင်ကရဓာတ်ပုံများကို ညီကိုစိုးချစ်မှ ကူညီပေးပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ပဲခူး ဥဿာမြို့သစ်မှ
# ကျိုက်ပွန်လေးမျက်နှာဘုရားကြီး

● ကိုမိုး(ရွှေပြည်သာ)

ပဲခူးဘုရားဖူးခရီးစဉ်ကို ယခင်က အစုအဖွဲ့လိုက်သာ သွားခွင့်ရခဲ့သလို အိမ်ထောင်ကျခဲ့၍ မိသားစုနှင့် သွားရချိန်များတွင်လည်း ဆွေမျိုးများရှိနေရာ မဟာစေတီအနီးပတ်ဝန်းကျင်သို့သာ လည်ပတ်ဖူးမြော်ခွင့်ရခဲ့သည်ဟု ဆိုရပါမည်။

ရန်ကုန်–မန္တလေးလမ်းအတိုင်း အကြောင်းအမျိုးမျိုးကြောင့် ခရီးစဉ်ဖြတ်သွားခဲ့မိရင်း အကြိမ်ပေါင်းများစွာပင် လမ်းပေါ်မှသာ တွေ့ရှိဖူးမြော်ခွင့်ရခဲ့သော ကျိုက်ပွန်ဘုရားကြီးကို ၃၀–၁–၂၀၁၃ ဗုဒ္ဓဟူးနေ့တွင်မှ အနီးကပ်ဖူးမြော်ခွင့်ရခဲ့လေသည်။


ထိုသို့ဖူးမြော်ခွင့်ရရန် အကြောင်းရင်းအစပြုသည်က ဆရာအောင်သာကျော်ဖြစ်ပြီး သူ၏ခရီးစဉ်တွင် မိမိအား လိုက်ပါခွင့်ပြုခဲ့၍ ဖြစ်သည်။ စာရေးဆရာများကို စာပေချစ်မြတ်နိုးသော စိတ်ဆန္ဒသက်သက်ဖြင့် TAXI ကားတစ်စီး၏ အသွားအပြန်စရိတ် တာဝန်ယူခဲ့ပေးသူ ဦးဝင်းလှိုင်(ခိုင်သစ် သစ်ကုမ္ပဏီပိုင်ရှင်)သို့လည်း ကျေးဇူးတင်ရမည်ပင်။ မိမိတို့သွားခွင့်ရခဲ့သော ထို TAXIကားကိုမောင်းသူက စာရေးဆရာနိုင်ခင်ရွှေ ဖြစ်သည်။ မိမိ ဆရာအောင်သာကျော်၊ မောင်ထည်ဝါ(ပျော်ဘွယ်)နှင့် ဆရာမြင့်မှုအေးဆောင်တို့ ပါရှိရာ ကားတစ်စီးလုံး၌ စာရေးဆရာများချည်းသက်သက်ဟု ဆိုနိုင်ပါသည်။

တစ်နေ့တာလုံးအတွက် ကားငှားထားပြီးဖြစ်၍ ဥဿာမြို့သစ်ရှိ ရန်ကုန်–ပဲခူးလမ်းမကြီးပေါ်မှ ကျိုက်ပွန်ဘုရားကြီးကို ဝင်ရောက်ဖူးမြော်ချင်ပါသည်ဟု မိမိက ဆန္ဒပြုမိသည်။ အားလုံးညီညီစွာဆန္ဒရှိခဲ့ကြသည်မို့ ဘုရားကြီးတည်ရှိရာ ကုန်းမို့မို့လေးပေါ်သို့ ကားဖြင့်တက်ရောက်ဖြစ်ခဲ့ကြပါသည်။

ဆုတောင်းပြည့် လေးမျက်နှာ ကျိုက်ပွန်ဘုရားကြီးသည် သက္ကရာဇ်(၈၃၇)ခုနှစ်က ဓမ္မစေတီမင်းကြီး စတင်တည်ထားကိုးကွယ်ခဲ့သည်။ ရှေးမင်းအဆက်ဆက်နှင့် ဘုရားကြီးပတ်ဝန်းကျင်၊ ပဲခူးမြို့ပေါ်နေ အလုပ်အကျွေးပြုသူများ စုပေါင်းတာဝန်ယူစောင့်ရှောက်ခဲ့ကြ၍ အရှည်ဆက်လက်တည်ရှိနေခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၁၉၀၁ ခုနှစ်ကတည်းက သာသနာ့ဝေယျာဝစ္စအဖွဲ့အဖြစ် ဖွဲ့စည်းထားခဲ့ပြီး ဘက်စုံပြုပြင်ရေးကို အလျဉ်းသင့်သလို ဆောင်ရွက်ခဲ့ကြကာ ၁၉၀၂ ခုနှစ်မှစ၍ ဗုဒ္ဓပူဇနီယပွဲတော်ကိုလည်း နှစ်စဉ်ကျင်းပပြုလုပ်ခဲ့ကြသည်။

၅–၅–၁၉၃၀ တွင် ငလျင်ဒဏ်ခံခဲ့ရပါ၍ အရှေ့ဘက်မျက်နှာစာရှိ ကကုသန္ဓမြတ်စွာဘုရား ရုပ်ပွားတော်ကြီး ပြိုကျခဲ့ရသည်။ ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်ကာလတွင်လည်း စစ်ဘေးစစ်ဒဏ်ကြောင့် ကဿပမြတ်စွာဘုရားရုပ်ပွားတော်၏ အထက်ပိုင်းမှ ဒူးတော်အထိ ပြိုကျပျက်စီးခဲ့ကြသည်။



ကျိုက်ပွန်ဘုရားကြီး



www.burmeseclassic.com

www.burmeseclassic.com

ထိုသို့ ပျက်စီးမှုများ ရှိခဲ့သည်ကို ရန်ကုန်ကံဘဲ့ မင်္ဂလာသိဒ္ဓိကျောင်းဆရာတော်မှ မူလဒါယကာကြီးများဖြစ်သော ပဲခူးတိုင်း မြေစာရင်းဦးစီးဌာနနှင့် ညှိနှိုင်းတိုင်ပင်ဩဝါဒပေးခဲ့ကာ ၁၉၇၅ ခုနှစ်မှစ၍ ပြုပြင်တည်ဆောက်ခဲ့ကြပါသည်။

၁၉၇၅ မှ ၁၉၈၅ ခုနှစ်အထိ (၁၀)နှစ်တာ ကာလအတွင်း မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်မှ ဦးဆောင်၍ ပြန်လည်ပြင်ဆင်မွမ်းမံခဲ့ပြီး ၂၇-၂-၂၀၁၀ ရက်နေ့တွင် အကြမ်းထည် တည်ဆောက်ပြီးစီးခဲ့ကာ ဌာပနာသွင်းပူဇော်ခြင်း၊ ဗုဒ္ဓဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကိုပါ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ကြသည်။ ထိုကာလက ကျပ်သိန်း(၁၅၀)ကျော် အကုန်အကျခံ ပြုပြင်ခဲ့ရကြောင်း သိရှိရပါသည်။

ပဲခူးမြို့ ဥသာမြို့သစ်ရှိ ကျိုက်ပွန်လေးမျက်နှာဘုရားကြီးသည် အရှေ့ဘက်တွင် ကကုသန္ဓမြတ်စွာဘုရား၏ ရုပ်ပွားတော်၊ အနောက်ဘက်တွင် ကဿပမြတ်စွာဘုရား၏ ရုပ်ပွားတော်၊ တောင်ဘက်တွင် ကောဏာဂမဏ မြတ်စွာဘုရားရုပ်ပွားတော်နှင့် မြောက်အရပ်တွင် ဂေါတမမြတ်စွာဘုရား၏ ရုပ်ပွားတော်ကို မျက်နှာလေးဘက်မြင် တည်ဆောက်ထားခြင်းဖြစ်သည်။

မြတ်စွာဘုရားရုပ်ပွားတော်လေးဆူစလုံး ထိုင်လျက်ပုံသဏ္ဌာန် တည်ဆောက်ထားသည်။ ထိုဘုရားသို့ ရောက်ရှိဖူးမြော်ခွင့်ရခဲ့ပြီး ရင်ပြင်တော်ပေါ်တွင် ဓမ္မစေတီမင်း၏ ရုပ်ပုံတော်နှင့် ဓာတ်နန်းတန်ဆောင်းကိုပါ မြင်တွေ့ခွင့်ရပါသည်။

ဓမ္မစေတီမင်း၏ 'စဓဗဝ' ဂါထာတော်မှာ -




ဓမ္မစေတီမင်းကြီး ရုပ်ပုံတော်

စက္ခုမာစရ မာစိဏ္ဏော
ဓမ္မညု ဓမ္မသာမိကော
ဝရဒေါ ဒေတုမေဝရံ ဟူ၍ဖြစ်သည်။

ထူးထူးခြားခြား ရောက်ရှိဖူးတွေ့ခွင့်ရခဲ့သော ကျိုက်ပွန်ဘုရားကြီး၏ အချက်အလက်များကို သိရှိသမျှ တင်ပြခဲ့ပြီးဖြစ်၍ ထိုဘုရားရင်ပြင်တော်ပေါ်မှ ကဗ္ဗည်းစာအရပင် စာဖတ်သူများသို့ ဆုမွန်ခြွေချင်မိသည်။

စာရေးသူ၏ တင်ပြမှုမှတစ်ဆင့် ကျိုက်ပွန်ဘုရားကြီးသို့ သွားရောက်ကြည်ညို လှူဒါန်းမှုပြုကြသူများ ရောက်ရှိဖူးမြော်ကြသူများနှင့် (၃၁)ဘုံ ကျင်လည်ကြကုန်သော လူနတ်သတ္တဝါအားလုံး ကောင်းကျိုးချမ်းသာရကြပါစေသတည်း''

ဟူ၍ ...။



စာရေးဆရာများနှင့် အမှတ်တရ

ကိုမိုး(ရွှေပြည်သာ)



www.burmeseclassic.com

www.burmeseclassic.com

# လွမ်းစေတီ မှ သံသရာအေးစေတီသို့

■ တက္ကသိုလ်မြတ်သူ

မြင်းခြံမြို့တောင်ဘက်၊ စွန်းလွန်းချောင်းအရှေ့ဘက်တွင် စွန်းလွန်းဂူကျောင်း ရှိသည်။ စွန်းလွန်းဂူကျောင်း၏မူလ ပဓနာဆရာတော်ကြီးမှာ ဆရာတော် ဦးကဝိ ဖြစ်သည်။ ဝိပဿနာကမ္မဋ္ဌာန်းစီးဖြန်းသော သံဃာအနည်းငယ်(ခုနစ်ပါး၊ ရှစ်ပါးခန့်)သာ လက်ခံထားသည်။ ကျောင်းတိုက်မှာ စွန်းလွန်းချောင်းအရှေ့ဘက် လျှိုမြောင်ချောက်ကမ်းပါးများတွင် တည်ဆောက်ထားခြင်းဖြစ်သည်။ မြေနိမ့်နေရာများ၌ ကျောင်းသခ်မ်း၊ ဆွမ်းစားကျောင်း၊ ရေပေးစက်သည်များရှိပြီး၊ ကုန်းမြင့်ပေါ်၌ စေတီပုထိုး၊ သိမ်ကျောင်းနှင့် ဇရပ်များ ရှိသည်။ လျှိုများ၊ ချောက်ကမ်းပါးများတွင် ဂူများကို အုတ်အင်္ဂတေတို့ဖြင့် မွမ်းမံလျက် ကမ္မဋ္ဌာန်းဂူများ တန်းစီဆောက်လုပ်ပေးထားသည်။

သံဃာတော်များ၏ ကျောင်းသခ်မ်းများသည် ချောက်ကမ်းပါးကိုနောက်ခံပြုထားကာ ကျောင်း၏အတွင်းပိုင်းမှာ ကမ်းပါးယံကို တူးထားသည့်ဂူနှင့် တစ်ဆက်တည်းရှိသည်။ သံဃာတိုင်း သခ်မ်း၌ နားနေ၊ ကမ္မဋ္ဌာန်းဂူတွင်းဝင်၍ ဝိပဿနာကမ္မဋ္ဌာန်း နေ့ည စီးဖြန်းကြသည်။ စာအံသံမကြားရ၊ တေးဂီတသံ လုံးဝမကြားရသော ကျောင်းဖြစ်သည့်။ ဆရာတော် ဦးကဝိသည် စွန်းလွန်းကျောင်းအနောက်ဘက် စွန်းလွန်းရွာသားဖြစ်သည်။ ဦးသန့်၊ ဒေါ်တုတ်တို့မှ မြန်မာကောဇာသက္ကရာဇ် ၁၂၇၉ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ တနင်္လာနေ့တွင် မွေးဖွားသော သားဖြစ်သည်။ တနင်္လာသားဖြစ်၍ မောင်ကျော်ဒင်ဟု အမည်ပေးခဲ့သည်။ မောင်ကျော်ဒင်သည် မင်းကျောင်းဆရာတော်ထံ စာသင်ခဲ့သော်လည်း စာကောင်းစွာ မတတ်။ ၁၅ နှစ်သားအရွယ် မြင်းခြံအရေးပိုင်ရုံး၌ မင်းစေ(ရုံးလုလင်ခေါ် ပြာတာ)ဝင်လုပ်

www.burmeseclassic.com

၏။ မရွှေရည်နှင့် အိမ်ထောင်ကျကာ *သားတစ်ယောက် (ကိုရိန်ခေါ် ကိုကံညွန့်)*ကို မွေးဖွားပြီးနောက် ဦးကျော်ဒင် ယာလုပ်ငန်း ဝင်လုပ်သည်။

ဦးကျော်ဒင်သည် ပုထုဇဉ်တို့၏ ကာမဂုဏ်နယ်ပယ်ကို ငြီးငွေ့လာသည်။ ရေထမ်းရာ၊ လယ်ထွန်ရာ၊ ပြောင်းရိုး (နွားစာ)စဉ်းရာ၌ ခရီးရောက်မှန်းမသိ ရောက်စေရန် ခြေလှမ်းတိုင်း၊ ပြောင်းရိုးစဉ်းအား တစ်ချက်ခုတ်တိုင်း သိ-သိ-သိဟု အာရုံစိုက်သည်။ နောင် စတီးဘရားသားမှ စာရေးကြီး ဦးစံတင်က ထိုသို့ ထိမှု၊ သိမှုနောက်တွင် သတိလိုက်ရမည်ဟု ပြောသဖြင့် အရာရာထိသမျှ၊ သိသမျှ သတိယှဉ်လာတတ်သည်။ "ထိမှု၊ သိမှု ဤနှစ်ခု ကြပ်ကြပ်သတိပြု"ဟူသော ဆောင်ပုဒ်သည် ဦးကျော်ဒင် (နောင်မူလ စွန်းလွန်းဆရာတော်ကြီး ဦးကဝိ)၏ လက်စွဲဆောင်ပုဒ်ဖြစ်လာသည်။

ဦးကျော်ဒင်သည် ဇနီးထံခွင့်ပန်ကာ ရဟန်းပြုပြီး လောကုတ္တရာဘက် လုံးဝကူးဝင်လိုက်သည်။ ဦးကျော်ဒင် ယာထွန်ရာ၌ ထွန်တုံးမှ နွားနှစ်ကောင်က မရုန်းချင်၍ ပေကပ်ကပ်လုပ်နေစဉ် ဦးကျော်ဒင်က "မင်းတို့လည်း မရုန်းချင်ဘဲ ရုန်းနေရတာ၊ ငါလည်း မထွန်ချင်ဘဲ ထွန်နေရတာ၊ မင်းတို့လည်း သွားချင်ရာသွား။ ငါလည်း သွားတော့မယ်"ဟု ပြောကာ ထွန်တုံးကိုထောင်ကာ နွားနှစ်ကောင်ကို လွှတ်၍ သူကိုယ်တိုင် ချောက်ကမ်းပါးတောအုပ်အတွင်း ဝင်ကာ တရားထိုင်တော့သည်။ ဆရာတော်ကြီးအား ထွန်းတုံးကိုယ်တော်၊ ထွန်းထောင်ကိုယ်တော်ဟု ခေါ်ကြသည်။



မြင်းခြံ စွန်းလွန်းဆရာတော်ဘုရားကြီး ဦးကဝိ

ဇာတ်မင်းသားကြီး ဂရိတ်ဦးဖိုးစိန်က ဆရာတော်၏အကြောင်းကို ထွန်ထောင်ကိုယ်တော်ကြီး ဇာတ်ထုပ်ဖြင့် တင်ဆက်ကပြခဲ့ဖူးသည်။

ဆရာတော်သည် စာပေကျမ်းဂန်မတတ်။ တိုက်အုပ်ဆရာတော် ဦးသောဘဏ(နောင် ဒုတိယစွန်းလွန်းဆရာတော်)က ငါးပါးသီလပေးတတ်အောင်၊ တရားအသိဆိုင်ရာ ပါဠိဝေါဟာရများကို ပြောတတ်အောင် ဆရာတော်ကြီးကို သင်ပေးခဲ့ရသည်။ ဆရာတော်ကြီးက တရားဟောလျှင် အရပ်စကားဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စွန်းလွန်းဂူကျောင်း တိုက်အုပ်နှင့် ဒုတိယမြောက်
စွန်းလွန်းဂူကျောင်းဆရာတော် ဦးသောဘန


လွယ်ကူရှင်းလင်းစွာ ပြောသည်။

ကျွန်တော့်အဖေဘက်က အဘိုး ဦးဖိုးထင်သည် နေ့စဉ် စွန်းလွန်းဂူကျောင်းသို့ ကမ္မဋ္ဌာန်းသွားထိုင်သည်။ အဲဘွားဒေါ်ချစ်မြိုင်က ပရဆေးဆိုင်ရှင်ဖြစ်သည်။ အဘိုးအား နေ့စဉ် ဆိုက်ကား ခ၊ ဆေးလိပ်ဖိုး၊ ဆရာတော်ကြီးလေနာအတွက် သင့်တော်သော ဆော်ဒါရည်ပုလင်းဖိုးများ ပေးသည်။ အဘိုးက ဆေးလိပ်ဖြတ်၊ ဂူကျောင်း(နှစ်မိုင်ခန့်အကွာ)သို့ ခြေလျင်လျှောက်၊ ငွေစုပြီး ဆရာတော်အတွက် ကမ္မဋ္ဌာန်းဂူပါသော စံကျောင်းဆောက်လှူသည်။ ဆရာတော်အား ခွင့်(မရမက)တောင်းပြီး စံကျောင်းအပေါ် ကုန်းမြေမြင့်၌ စေတီတစ်ဆူ တည်သည်။ အဘိုး၏စေတီကို, လွှမ်းစေတီဟု ခေါ်ကြသည်။

ဆရာတော်ခန္ဓာဝန်ချလျှင် ဆရာတော်၏ ရုပ်ကလာပ်ကို စေတီတော်တွင် ဌာပနာရန် အရှေ့ဘက် တနလ်ာနံ နေရာ၌ အပေါက်ဖောက်ထားသည်။ ဌာပနာခြင်းမပြုမီ အုတ်အင်္ဂတေတို့ဖြင့် ယာယီပိတ်ထားသည်။ ဆရာတော်က "ကျုပ်သေရင် အနောက်ဘက်က စွန်းလွန်းချောင်းထဲ ပစ်ချလိုက်ရင် ပြီးရော" ဟု ဆိုကာ လွှမ်းစေတီတည်ခွင့်ကို ငြင်းဆန်သည်။ အဘိုးနှင့် ဒါယကာ၊ ဒါယိကာမများ ဝိုင်း၍ ကြိမ်ဖန်များစွာလျှောက်မှ ခွင့်ပြုခြင်းဖြစ်သည်။

ဥပုသ်နေ့တိုင်း အဘိုးအဘွား၊ အဖေအမေတို့နှင့်အတူ ကျွန်တော်တို့ ဂူကျောင်းသွားကြသည်။ လူကြီးများက ဥပုသ်စောင့်၊ ကျွန်တော်နှင့် အစ်ကိုက သစ်ပင်များပေါ်တက်ပြီး ပြေးလွှားဆော့ကစားကြသည်။ ဆရာတော်ကြီးက ကျွန်တော်တို့ ညီအစ်ကို ဆော့နေသည်ကိုတွေ့တိုင်း "ဟေ့ သုကျိတ်၊ ဟေ့ ဘာလီ"ဟု ခေါ်တတ်သည်။ ကျွန်တော်တို့အား၊ ပါဠိဘာသာဖြင့် နာမည်ပေးသည်ဟု ထင်ကာ သဘောကျနေခဲ့မိသည်။ နောင် ရာမဇာတ်ကို ကြည့်ဖူး၊ ဖတ်ဖူးမှ ရာမဇာတ်ဝင် သုကျိတ်နှင့် ဘာလီ မျောက်ညီနောင်နှစ်ကောင်နှင့် ကျွန်တော်တို့ကို ခိုင်းနှိုင်းထားကြောင်း သိလာပြီး ပြုံးမိသည်။

www.burmeseclassic.com



သံသရာအေး(မြောက်မုခ်) စေတီတွင်းမှ ဆရာတော်ကြီး ဦးကဝိ၏ ရုပ်ကလာပ်တော်

ဒုတိယကမ္ဘာစစ်အတွင်း ကျွန်တော်တို့မိသားစုအပါအဝင် စတီးဘရားသားကုမ္ပဏီမှ မြန်မာဝန်ထမ်းမိသားစုများ စွန်းလွန်းဂူကျောင်း၌ ခိုလှုံခဲ့ရသည်။ ရထားဘူတာ၊ သံလမ်း၊ ရထားကူးတံတား၊ ချည်စက်၊ ကြိုးစက်၊ ကားလမ်း၊ ကားကူးတံတား၊ စတီးဘရားသားစက်ဝင်းတို့က ဂူကျောင်းကို ပတ်လည်ဝိုင်းထားရာ နေ့စဉ် ဗုံးလာကြဲသော ဗြိတိသျှလေယာဉ်များအတွက် ပစ်မှတ်အားလုံး၏ ဗဟိုချက် ဖြစ်နေသည်။ ကမ္ဘာ့ဌာန်းဂူများသည် ကျွန်တော်တို့အတွက် ဗုံးခိုကျင်းများ ဖြစ်နေသည်။ ကျောင်းတိုက်အတွင်းသို့ ဗုံးတစ်လုံးမှ မကျရောက်ခဲ့ဖူးပေ။


၁၉၅၁-၅၂ တွင် ကျွန်တော် မန္တလေးတက္ကသိုလ်သို့ တက်သည်။ စိတ်ကြိုက်မြန်မာစာ၊ ပါဠိ၊ သမိုင်းဘာသာတွဲ ယူသည်။ မြန်မာစာကို ဆရာဦးတိုးအောင်(စာရေးဆရာကုသ)၊ ဆရာဦးချမ်းမြ(မြကေတု)၊ ဒေါ်သန်းမေ၊ ဦးလှတင်၊ ဦးမောင်မောင်တင်(ဦးမောင်မောင်တင်-မဟာဝိဇ္ဇာ)တို့နှင့် သင်ရသည်။ ပါဠိဆရာမကြီး ဒေါ်အုန်း(စာရေးဆရာမအုန်း-အမ်အေ)၊ ဆရာဦးကိုကိုတို့နှင့် သင်ရသည်။ မာန်လည်ဆရာတော်၏ လျှိုးလိုက်ရတု၊ လက်ဝဲသုန္ဒရ၏ ရတုများ၊ ဦးကြော့၏ စုံနံ့သာမြိုင် ရာပုံတော်ကြီးတို့ကို အသေးစိတ်သင်ရ၍ မူလက ကဗျာရူးဖြစ်သော ကျွန်တော့်အဖို့ ကဗျာမှော် ပိုဝင်လာခဲ့သည်။ ကဗျာ၊ ပြဇာတ်များ ရေးဖြစ်လာသည်။ ဆုများရရှိလာသည်။

နွေကျောင်းပိတ်၍ မြင်းခြံပြန်စဉ် ၁၉၅၂ ခုနှစ်၊ မေလ၊ မြန်မာသက္ကရာဇ် ၁၃၁၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက် စနေနေ့ ညနေ ၄ နာရီအချိန်တွင် စွန်းလွန်းဆရာတော်ဘုရားကြီး ဦးကဝိ ခန္ဓာဝန်ချတော်မူသည်။ ကျွန်တော့်ဖခင်မှာ ကျန်းမာရေးအရာရှိ ဦးကံညွှန့်ဖြစ်ပြီး ဆရာတော်၏တပည့်ရင်း ဖြစ်သည်။ ဆရာတော်၏ ရုပ်ကလာပ်ကို မပုပ်မသိုးအောင် ဆေးစိမ်ရန် ရန်ကုန်မှ ရောက်လာသော ဆေးအဖွဲ့၊ မြင်းခြံဆေးရုံအုပ်ကြီး ဒေါက်တာရောင်း၊ ကျွန်တော့်ဖခင်



www.burmeseclassic.com

www.burmeseclassic.com



မြင်းခြံ စွန်းလွန်းဆရာတော်ဘုရားကြီး ဦးကဝိ၏ ရုပ်ကလာပ်ကို ထည့်သွင်းပူဇော်ရန် လွမ်းစေတီကို ဖွင့်ထားစဉ်။
(ဘုရားလိုဏ်ပေါက်ဝ၌ ပူဇော်ကန်တော့နေကြသူများမှာ လွမ်းစေတီ ဘုရားဒါယကာကြီး ဦးဘိုးထင်–ဒေါ်ချစ်မြိုင်၏သားသမီး၊ မြေးများ ဖြစ်ကြသည်။ လိုဏ်ဝ၌ထိုင်ကန်တော့နေသူများ (ယာမှဝဲ) တက္ကသိုလ်မြတ်သူ၊ ဖခင် ဦးကံညွန့်၊ မိခင် ဒေါ်မြဖင်နှင့် နှမများ၊ ညီများ ဖြစ်ကြသည်။) (၁၉၅၂ ခုနှစ်၊ ဩဂုတ်လ)

နှင့် တိုက်အုပ်ဆရာတော် ဦးသောဘာတို့ စီစဉ်ကြသည်။ ပေါင်တစ်ဖက်အတွင်း ဆေးစသွင်းချိန်မှာပင် တိုက်အုပ်ဆရာတော်က စာတတ်ပေတတ်အရပ်ရပ်မှ ဆရာတော်ကြီးများ၏ စစ်ဆေးသမျှ တရားအနက်ကို ဖြေနိုင်သောကြောင့် ထိုဆရာတော်များက မိမိတို့ဆရာတော်အား ရဟန်းကိစ္စပြီးပြီဟု သတ်မှတ်ပေးခဲ့ကြောင်း၊ ထို့ကြောင့် ဆေးထိုးရန်မလိုဟု ဆုံးဖြတ်ပေးခဲ့သည်။

ဆရာတော်၏ ရုပ်ကလာပ်ကို ဒေါ်အုံ့မယ်လှုသော ကျောင်းကြီးအောက်ထပ်၌ ပြင်ဆင်ထားသည်။ ဆရာတော်၏ အာရုံခြောက်ပါး ဖြတ်ပစ်ရန် ထိသိသတိကျင့်စဉ်အား ခေါ်ဆောင်သည့် မှန်ခြောက်မှန်ပါသော သံသရာအေးစေတီ တည်မည်ဟု ဆုံးဖြတ်ကြသည်။ ဆရာတော်ရုပ်ကလာပ်ကို ဆရာတော်ကြီးအလိုကျ ကျွန်တော့်အဖိုး၏ လွမ်းစေတီအတွင်း ယာယီထည့်သွင်း ဌာပနာသည်။ လွမ်းစေတီအတွင်း ဌာပနာထားဖြင့် ဆရာတော်၏ရုပ်ကလာပ်ကို မဖူးမြော်နိုင်ကြ။ သံသရာအေးစေတီပြီးလျှင် ၁၃၁၄ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်၊ နေ့ ၁၂ နာရီအချိန် လွမ်းစေတီမှ ဆရာတော်ရုပ်ကလာပ်ကို သံသရာအေးစေတီသို့ ပင့်ဆောင်ပူဇော်ခံထားရှိသည်မှာ ယနေ့တိုင် ဖြစ်သည်။

ဆရာတော် ခန္ဓာဝန်ချသည့်နေ့က ကျွန်တော်လည်း စွန်းလွန်းဂူကျောင်း



www.burmeseclassic.com

www.burmeseclassic.com

သူ ရောက်နေခဲ့ရာ တိုက်အုပ်ဆရာတော်က ကျွန်တော့်အား "မင်း ရတုပိုဒ်စုံရေးတတ်လား" ဟုမေးသည်။ မန္တလေးတက္ကသိုလ်တွင် လက်ဝဲသုန္ဒရ၏ ရတုများ သင်ထားရကာ လယ်တီဦးကောဝိဒ၏ ကဝိဘာရတီကျမ်းကို လေ့လာထားသောကြောင့် "ရေးတတ်ပါသည်ဘုရား" ဟု လျှောက်ထားသည်။ ထို့နောက် ဆရာတော် ဦးသောဘဏပြောကြားသည့် ဆရာတော်ဦးကဝိ ထေရုပ္ပတ္တိအချက်အလက်များ ရေးမှတ်ကာ လွမ်းစေတီရင်ပြင်ပေါ်တက်ပြီး အောက်ပါရတုပိုဒ်စုံကို ရေးသားပူဇော်ခဲ့သည်။ ဆရာတော်၏ ထေရုပ္ပတ္တိစာအုပ်ရှေ့ဆုံးတွင် ကျွန်တော်၏ အမည်ရင်း(ကျောင်းနာမည်-ကျော်ဇင်ညွှန့်)အမည်ဖြင့် ထိုရတုပိုဒ်စုံကို ဖော်ပြပုံနှိပ်ထုတ်ဝေခဲ့သည်။

ဆရာတော်ကြီးအား ရည်မှန်း၍ မန္တလေးတက္ကသိုလ် "ဥပစာတန်း" ကျော်ဇင်ညွှန့် ရေးသားဆက်ကပ်သော စွန်းလွန်းဂူကျောင်း ဆရာတော်ဘုရားကြီးဘွဲ့ ရတုပိုဒ်စုံ(ပဒ ၅၀ စီ ပါဝင်သည်။) ၁။ ထွန်းနေလရောင်၊ ဝင်းပြောင်ပြောင်သာ၊ တန်းဆောင်ရွှန်းလက်၊ ထက်ဘဝဂ်နှင့်၊ နရက်အောက်ပြည်၊ ခြောက်ရောင်ခြည်ဖြင့်၊ အောင်စည်ဓမ္မ မြည်ဟိန်းခသည့်၊ ကဿပကျော် ဗုဒ္ဓမော်၏၊ ထံတော်ဝပ်တွား၊ ငှက်ကျေးသားသည်၊ နထွားသန့်ညက်၊ သစ်သီးခက်ကို ရောရက်သဒ္ဒါ၊ ကြည်ညိုစွာဖြင့်၊ သုံးဖြာ မုဒ္ဓါ၊ ရေးပုဗ္ဗနှင့် ပရစေတနာ၊ လှူဖူးပါ၍၊ များစွာဘဝ၊ ကျင်လည်ရလျက်၊ တစ်ဝရွှေဘုံ၊ ပြည်သထုံဝယ်၊ ဗာဟုံတေဇော၊ မန္ဒဟာ၏ သဏ္ဍာဘားမဲ့၊ ဖြစ်ခဲ့ဖူးကာ၊ သံသရာ၌ လည်ကာဖုံဖုံ ဖြစ်မျိုးစုံ၍၊ အဟုန်ရှေးက၊ ကုသလကြောင့်၊ ဒီပလက်ျာ၊ ကျွန်းမဟာ၏၊ ဗုဒ္ဓမြတ်စွာ၊ မွေ့ဓမ္မတို့၊ စံခဘုန်းဖြာ၊ ပြည်မြန်မာ၌၊ သာသနာကျိုး၊ ရွက်သယ်ပိုးရန်၊ ဘုန်းမိုးသွန်းစေ၊ မြတ်သန္တေဖြင့်၊ ကိန်းနေစံပျော်၊ ဆရာတော်ကား၊ အကျော်ဒေယျ၊ မြတ်မွန်လှစွာ၊ ဓမ္မအောင်မြေ၊ ထွန်းလင်းစေသည်၊ ထွန်းလင်းနေရောင် လင်းမြူး၏တည်း။

၂။ ကျွန်းမြေမြဘောင်၊ ဘုန်းစက်ရောင်ကား၊ နေရောင်ဥက္ကဋ္ဌ၊ ထိန်ဆူပတ်၍၊ ထွဋ်မြတ်ဗောဓိ၊ သားတပည့်ကား၊ ထူးဘိရိပ်မြောင်၊ ရွှေဂူချောင်၌၊ တဘောင်စနဲ၊ အုတ်အော်သဲလျက်၊ နဆဲစဉ်ခါ၊ ထောင့်နှစ်ရာရှစ်၊ စွန်းနှစ်နှစ်ဝယ်၊ ထွန်းသစ်စိတ်သွင်၊ ထွန်တုံးငင်၍ မြတ်စဉ်တရား၊ အာရုံပွားကာ၊ တစ်နေ့ခါ၌၊ လယ်ယာပြင်ထဲ၊ ပဲကြီးကြဲရင်း၊ နွားတစ်ရှည်း၏၊ ဆန်ပြင်းရောင်ပယ်၊ ပြုစဉ်ဝယ်၌၊ စိတ်ဝယ်တရား၊ ပြန့်ကြွယ်ပွားကာ၊ ခိုင်းနွားကိုလွှတ်၊ ထွန်ကိုချွတ်၍၊ တောထွက်ခန်းတည့်၊ မြိုင်နန်းရဝေ၊ သာမဏေကား၊ ရက်ထွေသတ္တာ၊ ခနစ်ဝဖြင့်၊ ဆုံးစကုန်လျော၊ အာသဝေါကင်း၊ သန့်မြတ်ရှင်း၍၊ သတင်းဘုန်းရောင်၊ ဝင်းပပြောင်သား၊ ထွန်ထောင်ကိုယ်တော်၊ ဘွဲ့မည်ကျော်ကြောင်း၊ ပြည်ပေါ်ပြန့်ထိန်၊ ဂုဏ်မြူးရှိန်ကာ၊ နေမိန္ဒရ၊ တောင်တော်မြဲ၌၊ ထူးစွအံ့မည်၊ သိမ်တော်တည်ပေ၊ အောင်ခဲ့လေသည်၊ ကျွန်းမြေဘောင်တွင်း ထူးဘိတည်း။

၃။ ရွှန်းဝေပပြောင်၊ သာသနာရောင်လည်း၊ အခေါင်တန့်စီး၊ ထိန်ထိန်ညီး၍၊ ဘုန်းမီးပြောင်ဘိ၊ ဦးကဝိဟု၊ လူသိနတ်ကျော်၊ ဆရာတော်ကား၊ ပူဇော်ဗြဟ္မာ၊ ချဉ်းကပ်ခါဖြင့်၊ သဏ္ဍာညွှတ်ကွေး၊ ဖူးမြော်သေး၏၊ သုံးရေးဓမ္မ၊ သင်္ခါရဟု၊ ဗုဒ္ဓမြတ်စွာ၊ ဟောမိန့်မှာသို့၊ ဒုက္ခာ အနိစ္စ၊ အနတ္တဖန်၊ ထိုသုံးတန်ကား၊ မှုမှန်သောကြောင့်၊ ရှန်းမမောင့်ဘဲ၊ တထောင့်သုံးရာ၊ ဆယ့်လေးဖြာစွ၊ နဝကဆုန်၊ လဆုတ်ကြုံတည့်၊ ရိပ်မြုံပျော်မွေ့၊ နဂါးနေ့ဝယ်၊ သက်ရှေနိဗ္ဗူ၊ ရှေ့တူရှု၍၊ နတ်လူခပင်း၊ တပည့်ရင်းတို့၊ နေမင်းသူရိန်၊ ကွယ်ပျောက်မိန်သို့၊ ဦးနှိပ်ဝပ်တွား၊ သိုက်မြိုက်သားစွ၊ တရားဓမ္မ၊ မြွက်ခဲ့ပေ၍၊ စိတ်ဖြေနှစ်သိမ့်၊ ပြောကြစိမ့်ငှာ၊ ဒေသနာကို၊ ဗြဟ္မာလူနတ်၊ စွဲမှတ်မကွာ၊ နိဗ္ဗူသာသို့၊ မကြာရောက်ကြောင်း၊ လမ်းစဉ်ကောင်းဖြင့်၊ မနှောင်းရောက်ရန်၊ မွေးစစ်ချန်ခဲ့၊ ပြည်မြန်တက်နေ၊ တောင်ကျွန်းမြေဝယ်၊ ရွှန်းဝေပြောင်ဝင်း၊ ကျူး၏တည်း။

စွန်းလွန်းဆရာတော်ဘုရားကြီးဦးကဝိ၏ အာရုံခြောက်ပါးဖြတ် တဏှာဖြတ်လမ်းစဉ်၊ ထိမှုသိမှု သတိပြုလမ်းစဉ်၊ နှာသီးဖျားမှ ဝင်လာသော လေ၊ နှာသီးဖျားမှ တိုးထွက်သွားသော လေ၏ အထိကို အသိနှင့် ရှုးစိုက်၊ သတိယှဉ်လိုက်သော ဝိပဿနာကျင့်စဉ်ကို ယခုအခါ နိုင်ငံအနှံ့အပြားမှ စွန်းလွန်းဝိပဿနာဝိုက်ခွဲများ၌ ကျင့်ကြံအားထုတ်နေကြသည်ကို သတိမူနိုင်ကြပါစေကုန်သတည်း။

---

**တက္ကသိုလ်မြတ်သူ**

---

www.burmeseclassic.com

# ပဌမံဆရာလှိုင်၏

# ဝါစိမ်းနီ မြန်မာ့ကိန်းနှင့်အညီ

## ကမ္ဘာငြိမ်းစေရမည် နိမိတ်စကားနှင့် သာသနာပြုလုပ်ငန်းများ

ကျော်ဇောဟိန်း(နံ့သာ)




တစ်နေ့တွင် စာရေးသူ၊ ဂမ္ဘီရကိုလှမျိုး၊ ဦးလှစံ(ပညာရေး)တို့နှင့်အတူ ပဲခူး ဘာဝနာကျောင်းကို သွားရောက်ခြင်းဖြင့် နောက်တစ်နေ့တွင် သနပ်ပင်သို့ ခရီးထွက်လာခဲ့ရာ ပဌမံဆရာလှိုင် ဓာတ်ပန္နက်တင်ခဲ့သော ဣန္ဒာသယရွှေ ကျောင်းတော်ကို ဟိုမေးဒီမေးဖြင့် ရောက်ရှိလာခဲ့ကြပါသည်။ ဣန္ဒာသယရွှေကျောင်းတော်တွင် အဓိဌာန်လာဝင်နေကြသော အမျိုးသားနှစ်ယောက်က စာရေးသူတို့အဖွဲ့ကို ကြိုဆိုခေါ်ဆောင်ကာ နေရာထိုင်ခင်းများ ပေးပါသည်။ ဘရသေ့ ဦးအောင်တိဿက ဘုရားရှိခိုး၊ တရားထိုင်နေသဖြင့် ခဏစောင့်နေရပါသည်။ ငါးမိနစ်ခန့်အကြာတွင် ဘရသေ့က တရားထိုင်ပြီး၍ စာရေးသူတို့အဖွဲ့အား တွေ့ဆုံစကားပြောပါသည်။ စာရေးသူကလည်း လာရင်းအကြောင်းကို ပြောပြပြီး ပဌမံဆရာလှိုင်၏ ထေရုပ္ပတ္တိနှင့် သာသနာပြုလုပ်ငန်းများကို မေးမြန်းလျှောက်ထားရာ ဘရသေ့က သူသိသမျှများကို ပြောပြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကွင်းကောက်ဆရာတော် ဦးဇောတိက

## ပဌမံဆရာလှိုင်၏ ထေရုပ္ပတ္တိ

ပဌမံဆရာလှိုင်ကို မြန်မာသက္ကရာဇ် ၁၂၆၉ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ ဗုဒ္ဓဟူးနေ့ သန်းခေါင်ယံချိန်တွင် ဟင်္သာတခရိုင်၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ကျေးရွာ မြောက်ပိုင်း၌ ဖခင် ဓံကျောင်းဆရာကြီး ဦးမြတ်ထွန်း၊ မိခင် ဒေါ်ငွေနတို့မှ တတိယမြောက်သားအဖြစ် မွေးဖွားခဲ့ပါသည်။ ငယ်နာမည်မှာ မောင်စိန်ဖေ ဖြစ်ပါသည်။ ပဌမံဆရာလှိုင် ပဋိသန္ဓေရှိစဉ်က လမင်းကြီးက အိမ်ခေါင်မိုးမှ ထိုးဖောက်ပြီး အိမ်ထဲကျလာသည်၊ နောက်ရက်များမကြာမီ ဆင်ဖြူတော်တစ်စီးက ကကြိုးအစုံနှင့် ခြေတစ်လှမ်း ကြာတစ်ပွင့်စီခံကာ မယ်တော်ဝမ်းထဲဝင်သွားသည်ဟု အိပ်မက်မက်ခဲ့သည်။

မောင်စိန်ဖေ ငါးနှစ်သားအရွယ်မှ စတင် ပညာသင်ယူစေ၍ ကိုးနှစ်သားအရွယ်သို့ ရောက်သောအခါတွင် ကွင်းကောက်ရွာအလယ်ရှိ အင်္ဂလိပ်ကပြား ကျောင်းဆရာကြီး ဦးမောင်မောင်ထံတွင် ပညာများကို သင်ကြားစေပါသည်။ ဆရာဦးမောင်မောင်ထံတွင် ပညာသင်ကြားနေစဉ် အသက် ၁၅ နှစ်အရွယ်ခန့် ရောက်သောအခါ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ ဥပဇ္ဈာယ်ယူကာ ပဗ္ဗဇ္ဇိတဘာဝဒုလ္လဘ ရှင်သာမဏေအဖြစ် သွတ်သွင်းချီးမြှင့်ခဲ့ပြီး ဘွဲ့တော်မှာ ရှင်ဇောတိက ဖြစ်ပါသည်။

ရွှေကျောင်းဆရာတော်ကြီးထံမှောက်မှာ သာမဏေအဖြစ် ပိဋကတ်အခြေခံကျမ်းစာများကို သင်ကြားဆည်းပူးရင်း ဟင်္သာတမြို့ ပါဠိပထမပြန်စာမေးပွဲ၌ ဝင်ရောက်ဖြေဆိုရာ ပထမငယ်၊ ပထမလတ်တန်းများကို လွယ်လင့်တကူ အောင်ပန်းဆွတ်ခူးနိုင်ခဲ့ပါသည်။ ရှင်ဇောတိက အသက် ၂၀ နှစ်သို့ ရောက်သောအခါ ဦးကြီးဖြစ်သော ဦးဖိုးသက်၊ ဒေါ်နှင်းပွင့်တို့ကပင် ရွှေကျောင်းတော်ကြီးမှာ ထပ်မံ၍ ပဗ္ဗဇ္ဇိတဘာဝဒုလ္လဘရဟန်းအဖြစ်သို့ သွတ်သွင်းခဲ့ပြန်ပါသည်။

အရှင်မြတ် ရဟန်းငါးဝါအရတွင် ပခုက္ကူ စသော အထက်မြို့ကြီးများကို ပိဋကတ်ကျမ်းစာများ သင်ယူရန် ကြွတော်မူခဲ့သည်။ ရဟန်းခုနစ်ဝါအရတွင်ကား ပခုက္ကူမြို့ အနောက်တိုက်ကြီး၌ တည်ထောင်ထားသော ပါဠိဘာဏီ အသင်းကြီး၌ ပါဝင်ဆောင်ရွက်ရန် အထက်ဆရာတော်ကြီးများက တာဝန်ချထား၍ ရှစ်နှစ်ကြာ ဆောင်ရွက်ခဲ့သည်။ ပခုက္ကူမှတစ်ဖန် အမရပူရ မန္တလေးအသောကာရုံကျောင်းတိုက်တွင် နေ့ဝါ၊ ညဝါ စသော အဘိဓမ္မာပိဋကတ်ကျမ်းကြီးများကို ကြိုးစားသင်ယူသည်။

ထိုမှတစ်ဖန် ကွင်းကောက်ရွာတောင်ဘက်ကမ်း ယွန်းကျောင်းကြီး၌ သီတင်းသုံးနေတော်မူသော ဆရာတော်ကြီး ဦးကုသလနှင့် ကျောင်းဒကာ ဦးသူငယ်တို့က ယွန်းကျောင်းကြီးကို အလှူခံရန် ပင့်လျှောက်တောင်းပန်ခြင်းကြောင့် ၎င်းကျောင်းကို အလှူခံလျက် ကျောင်းထိုင်ရန် ကြွတော်မူခဲ့ရသည်။ ထိုအချိန် ဆရာတော်အရှင်မြတ်မှာ ဝါတော် ၁၂ ဝါ၊ သက်တော် ၃၂ နှစ်ရှိလာခဲ့ပြီ ဖြစ်ပါသည်။ ကျောင်းထိုင်၍ ၁၀ နှစ်အကြာတွင် ကျောင်းရှိပစ္စည်းအားလုံးကို သက်ဆိုင်သူများထံ လွှဲအပ်လိုက်ပြီး တစ်ပါးတည်း ကောစာရီကျင့်တော်မူခဲ့သည်။ တပည့်များဖြစ်သည့် ရဟန်း၊ သာမဏေနှင့် ကျောင်းသားများနှင့်အတူ နေထိုင်ပြီး တရားကျင့်ရသည်ကို

www.burmeseclassic.com

အားမရနိုင်အောင်ရှိသဖြင့် ရှိသမျှပစ္စည်းအားလုံးကို စွန့်လွှတ်၍ အဝတ်သင်္ကန်းမှစ၍ အသုံးအဆောင်များကို အညီုရောင်သစ်ခေါက်ဆိုးစေပြီး ဝိပဿနာရှုရကို ကျင့်ကြံကြိုးကုတ်အားထုတ်ခဲ့သည်။

ဆွမ်းပို့လာသည်မှအပ မည်သူမှ ကျောင်းသို့မလာစေရဘဲ နေ့ရောညပါ မနားမနေ အားထုတ်ခဲ့ပါသည်။ ၁၃၁၄ ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ ရက် ၉ နာရီအချိန်တွင် ဆရာတော် တရားအားထုတ်ရာ တန်ဆောင်းအတွင်းသို့ အထက်ပုဂ္ဂိုလ်ထူး ဝိဇ္ဇာငါးပါး တွေ့ရ၍ ကွင်းကောက်ဆရာတော် ဦးဇောတိက လွန်စွာအံ့အားသင့်နေ၏။ ထိုအချိန်၌ အကြီးဆုံး ဝိဇ္ဇာကြီးမှ မိန့်တော်မူပါသည်။

## မောင်လှိုင် သာသနာပြုရတော့မယ်

"မောင်လှိုင်. . .မင်းအချိန်ကျပြီ။ ယနေ့မှစ၍ မင်း သာသနာပြုရတော့မယ်၊ စေတီပုထိုးတည်ရမယ်၊ သတ္တဝါတွေကို ကယ်တင်ရမယ်"

ဝိဇ္ဇာကြီး၏ ရုတ်တရက်မိန့်ကြားသည့် စကားကြောင့် ဆရာတော်ဦးဇောတိက တွေဝေသွားသည်။ ဝိဇ္ဇာကြီးမိန့်ကြားဆိုစကားကို မရှင်းလင်း၍ မေးမြန်းမိ၏။

"တပည့်တော် ဘွဲ့တော်မှာ ဦးဇောတိကဖြစ်၍ မောင်လှိုင်ကို မသိပါဘုရား"

ဟု ဆိုလိုက်သောအခါ ဝိဇ္ဇာကြီးက -

"မောင်လှိုင်ဆိုတာ ကိုယ်တော့်ကို ဆိုလိုတာဖြစ်တယ်။ ကိုယ်တော်ရဲ့ အတိတ်ဘဝနာမည်က မောင်လှိုင်ဖြစ်တယ်။ ကိုယ်တော် အတိတ်ဘဝက ယောမင်းကြီးဦးဘိုးလှိုင်ဖြစ်ခဲ့တယ်။ ယောမင်းကြီးဘဝနှင့် အဓိဋ္ဌာန်ပြုခဲ့တယ်။ အဲဒီအဓိဋ္ဌာန်က အနီးဆုံးဘဝမှာ သတ္တဝါအများ ကယ်တင်သနားသာသနာပြုခွင့်ရစေသား ကတိသစ္စာစကားကြောင့် ယခုအနီးဆုံးဘဝဖြစ်သော ယခုဘဝမှာ သာသနာပြုရန် အချိန်တန်ပြီမို့ လာရောက်သတိပေးရခြင်း ဖြစ်တယ်"ဟု ဝိဇ္ဇာကြီးက ရှင်းပြလိုက်၏။

"ယခု စာချနေခြင်းသည် သာသနာပြုတာပါပဲ"ဟု ဆရာတော်ဦးဇောတိကက ဆိုသောအခါ ဝိဇ္ဇာကြီးက -

မှန်တော့ မှန်ပါကြောင်း။ သို့သော် အတိတ်က ကတိအတိုင်း ထူးကဲစွာ သတ္တဝါတွေအကျိုးကို သယ်ပိုးရန် မောင်လှိုင်အမည်ဖြင့် သာသနာပြုရန် ယခုအချိန်သည် အကောင်းဆုံးအချိန်ဟု တိုက်တွန်းနှိုးဆော်ရင်း မနက်ဖြန် အဖြေပြန်ပေးပါဟု မိန့်ဆိုကြလျက် ပြန်လည်ကြွသွားတော်မူကြပါသည်။

နောက်တစ်နေ့ နံနက်စောစောတွင် ခင်မင်သော၊ တိုင်ပင်ဖော်တိုင်ပင်ဖက် ခန်းနေကိုယ်တော်အား ပြောပြရန်ကြံသောအခါ အသံမထွက်၊ ပြောပြမရဖြစ်နေ၏။ လည်မျိုကို ညှစ်ထားသလို ခံစားရပြီး စကားပြော၍မရ၊ စာရွက်ပေါ်ရေးပြီး ပြောပြသောအခါ ခန်းနေကိုယ်တော်က "အတိတ်က အကြောင်းကို မဝေဖန်လိုပါ။ သို့သော်လည်း ကတိကို မဖျက်ကောင်း၊ ကတိပေးထားလျှင် ပေးထားသည့်အတိုင်း ပြုလုပ်



ပထမဆရာလှိုင်၏ ဝါစိမ်းနီအာဏာတံဆိပ်(အလံတော်) ဝါ+စိမ်း+နီ မြန်မာ့ကိန်းနဲ့အညီ ကမ္ဘာငြိမ်းစေရမည်



www.burmeseclassic.com

www.burmeseclassic.com

ဝဲဘာ အကောင်းဆုံး။ ဆေးဝါးမန္တန်ဟူသည် ဝိဇ္ဇာတို့နှင့် ကင်း၍ မရသောအရာဖြစ်၍ ရဟန်းဝိနည်းနှင့် သင့်လျော်၊ မသင့်လျော် မိမိဘာသာဆုံးဖြတ်"ဟု ပြန်လည် မိန့်တော်မူလေ၏။ ခန်းနေ ကိုယ်တော်၏ အကြံဉာဏ်ကို လက်ခံတော်မူပြီးနောက် ရဟန်း ဘ၀မှ သိက္ခာချ၍ ရသေ့ဝတ်ဖြင့် သာသနာပြုရန် ဆုံးဖြတ် ချက် ချလိုက်လေတော့သည်။

ဆုံးဖြတ်ချက်ချလိုက်သော ထိုနေ့ညသန်းခေါင်ယံ အချိန်မှာ အရှင်ဇောတိက၏ အဖြေကို နာကြားရန် ဝိဇ္ဇာကြီး ငါးပါးသည် အရှင်ဇောတိက၏ အိပ်ခန်းအတွင်းသို့ ကြွတော် မူလာကြ၍ ခရီးရောက်မဆိုက်မှာပင် ရှင်ဇောတိကက ရဟန်း ဘ၀ သိက္ခာချ၍ ရသေ့ဘ၀ဖြင့် သာသနာပြုရန် ဆုံးဖြတ် လိုက်ပြီဖြစ်ကြောင်း ပြန်ကြားလိုက်လေ၏။ ထိုနေ့ညမှာပင် ဝိဇ္ဇာကြီးငါးပါးက ဝိဇ္ဇာတို့ ဓာတ်အပ်သော ပညာရပ်များကို လက်ထပ်သင်ပေးတော်မူကြလေသည်။

ဝိဇ္ဇာတို့ တတ်အပ်သော ပညာရပ်များ လေ့လာဆည်း ပူးပြီးမြောက်ချိန်၌ မ-တစ်လုံးကျေ ဆရာလှိုင်ဟူသော ဘွဲ့ အမည်တော်ခံယူ၍ ထိုအချိန်မှစကာ သတ္တဝါတို့အကျိုးကို သယ်ပိုးပါတော့၏။ လောကီ၊ လောကုတ္တရာ မေးမြန်းရန် လာသူများကို မေးရန်အကြောင်းအရာကိုပြော၍ ဖြေကြားခြင်း၊ ရက်ရှည်လများ ကျန်းမာရေးမကောင်းသူတို့ကို ကုပေးခြင်း ပြုလုပ်လေ၏။ တစ်လတိတိ အိပ်ရာထဲလဲ၍ သမားတော်များ လက်လွှတ်လိုက်သော လူနာတစ်ဦးသည် ထမ်းစင်ဖြင့် မ-တစ်လုံးကျေ ဆရာလှိုင်ထံ ရောက်သောအခါ မ-တစ်လုံးကျေ ဆရာလှိုင်က "မတ်တတ်ရပ်"ဟု မိန့်လိုက်သည်နှင့် ချက်ချင်း ထလမ်းလျှောက် အိမ်ပြန်သွားလေ၏။ ထိုအချိန်မှစ၍ ဆရာ လှိုင်၏ သတင်းသည် ဟင်္သာတကွင်းကောက်ဒေသများပင် မက ဧရာဝတီတိုင်း ဒေသကြီးတစ်လုံးလုံး မွှေးပျံ့သင်းထုံ ကောင်းသတင်းအဖုံဖုံဖြင့် ကျော်ကြားသွားလေတော့သည်။

## မောင်လှိုင် အသွင်အမျိုးမျိုးဆောင်

ကျော်ကြားလူသိများလာမှုနှင့်အတူ တပည့်ဒါယကာ၊ ဒါယိကာမများ များပြားလာလေ၏။ ဘုရားတည်၊ ကျောင်း ဆောက်၊ သာသနာဖွံ့ဖြိုးရေးများလည်း ဇောင်းပေးပြုလုပ်လာ လေသည်။ ဘုရားတည်၊ ကျောင်းဆောက်ရာတွင် ဘယ်သော အခါမှ အလှူခံခြင်းအလုပ်မျိုး မလုပ်ခဲ့။ အဓိဋ္ဌာန်ပြုလိုက် သည်နှင့် လှူမည့်တန်းမည့်သူများ အလိုလိုပေါ်လာလေ၏။ ဆရာလှိုင်သည် ပဋ္ဌမံအတတ်ပညာများနှင့် အသွင်အမျိုးမျိုး ဆောင်လေ၏။ တစ်ခါတစ်ရံမှာ ဆရာလှိုင်ကို နန်းတွင်း အဝတ်အစား(ယောမင်းကြီးပုံ)၊ တစ်ခါတစ်ရံမှာ သူဌေးကြီး ဦးကောက်ရအသွင် သူဌေးအဝတ်အစားဖြင့် တစ်ဖုံ၊ တစ်ခါ တစ်ရံမှာ ရသေ့ကြီး ဦးအောင်သန်းအသွင်သဏ္ဌာန်၊ ရသေ့ ရဟန်းပုံများဖြင့် အသွင်အမျိုးမျိုး ဆောင်တော်မူသည်။ ဆရာလှိုင်ကို လောကီလောကုတ္တရာရေးရာများ လျှောက်ထား လိုသောအခါ မင်းဆရာအဝတ်အစား ဝတ်ရုံဖြင့် ဖြေတော်မူ ပါသည်။

တစ်ဖန် စေတီပုထိုး၊ ကျောင်းကန် တည်ဆောက် သောအခါ သူဌေးကြီးပုံသဏ္ဌာန်ဖြင့် မြင်ရသည်။ ဘုရား တည်၊ ကျောင်းဆောက်ပြီးချိန်တွင် ဆရာလှိုင်ကို ရသေ့ရဟန်း ဝတ်ဖြင့် ဖူးမြင်ရကြောင်း တပည့်ဒကာများ ပြောကြားစကား အရ သိရပါသည်။ ထို့နောက်ပိုင်းကာလများတွင် မ-တစ်လုံး ကျေဆရာလှိုင်အား ပဋ္ဌမံဆရာလှိုင်ဟု ခေါ်ကြကြောင်း သိရ ပါသည်။

ပါရမီဖြည့်ဘက် တပည့်ဒကာအရင်းအချာများကို အန္တရာယ်ကင်း စမအင်းများပါသော ဂုံညင်းဒိုးလေးများ ချီးမြှင့် လေ့ရှိ၏။ များသောအားဖြင့် ရွှေချထားသော ဂုံညင်းဒိုးလေး များကို ချီးမြှင့်လေ့ရှိ၏။ တစ်ခါသော် အန္တရာယ်ကျရောက် တော့မည့် သေဘေးနီးနေသော တပည့်ဒကာတစ်ယောက် အား ဒိုးကလေးတွေင် စမအင်း ချက်ချင်းစီရင်ပြီး "မင်း ဒါဆောင်ပြီးသွား"ဟု မိန့်ကြားခဲ့လေသည်။ ထိုအချိန်ကာလ က ဧရာဝတီမြစ်ဝကျွန်းပေါ်တွင် ကွန်မြူနစ်များ၊ ရောင်စုံ သောင်းကျန်းသူများ ထကြွသောင်းကျန်းနေသော ကာလဖြစ် လေ၏။

ပဋ္ဌမံဆရာလှိုင် ချီးမြှင့်သော စမအင်းဒိုးကလေးကို ဆောင်ယူ၍ ထိုတပည့်ဒကာသည် ခရီးသွားစဉ် လမ်းခုလတ် ၌ ကွန်မြူနစ်များနှင့် ပက်ပင်းတိုးလေ၏။ ကွန်မြူနစ်များက မထင်ရင် မထင်သလို သတ်ဖြတ်ကြသည်ဖြစ်ရာ ထိုဒကာ သည် ပဋ္ဌမံဆရာလှိုင်ပေးသော ဒိုးကလေးကို လက်မှာ ခိုင်မာ စွာ ဆုပ်ကိုင်ထားလေရာ အသက်ဘေးမှ လွတ်မြောက်သွား လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ပဋ္ဌမံဆရာလှိုင်၏ ဂုဏ်သတင်းသည် တောမီးပမာ ချက်ချင်းပျံ့နှံ့သွားပြီးနောက် "ဒီးကလေးကို ဖြိုင်မယ့်သူမပေါ်သေး"ဟူသော တဘောင်သီချင်းပေါ်လာကာ လူတိုင်းပါးစပ်ဖျားမှာ ရေပန်းစားခဲ့ပါတော့၏။ ယောမင်းကြီးဦးဘိုးလှိုင်၏ ဒုတိယဘဝ ပဋ္ဌမံဆရာလှိုင်သည် သာသနာအကျိုး၊ သာသနာဖွံ့ဖြိုးအောင်၊ သာသနာအကျိုးဆောင်ရင်း သတ္တဝါတို့ကို ကယ်တင်တော်မူလေသည်။

ပဋ္ဌမံဆရာလှိုင်သည် သတ္တဝါအကျိုး၊ အများအကျိုးအတွက်လည်း ဝိဇ္ဇာလုပ်ရပ်အဝဝ၊ ဓာတ်နန်းအသီးသီး၊ မင်္ဂလာအပေါင်း မြောက်မြားစွာတို့ကို ဓာတ်ဆင်၊ ဓာတ်အုပ်၊ ဓာတ်အလုပ်ဖြင့် ယတြာချေခြင်းအမျိုးမျိုး၊ သိဒ္ဓိပေးပွဲအမျိုးမျိုးတို့ကို ဓာတ်ကောလီအတွင်း အောက်ပါအမည်နာမပညတ်အမျိုးမျိုးဖြင့် မနားမနေ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

## ပဋ္ဌမံဆရာလှိုင် အမည်အမျိုးမျိုး

၁။ ဆရာတော်ဦးဇောတိက၊ ၂။ ပဋ္ဌမံဆရာလှိုင်၊ ၃။ အနောက်တောင်က သျှောင်မထားတဲ့ ရသေ့ကြီး ဦးအောင်သန်း၊ ၄။ သေခဲလှ ဆရာတော်၊ ၅။ ဘုန်းကြီးဘွဲ့ ဦးဝိမလဗုဒ္ဓိ၊ ၆။ လူအမည် ဦးရွှေလေး၊ ၇။ အနောက်တောင်ညိုညိုကမှောင်ခိုတဲ့ တစ်ကောင်ဖိုလ်၊ ၈။ ရွှေကိုယ်တော် (ဘုန်းကြီးဘဝမှပင် ရဟန်းရှင်လူပေါင်း တင်စားခေါ်သောဘွဲ့)၊ ၉။ မင်းဆရာ၊ ၁၀။ ဝိဇ္ဇာအမည်ကျော်အောင်ဗလ၊ ၁၁။ သူဌေးကြီးဦးကောက်ရ၊ ၁၂။ ဝိဇ္ဇာစိန်၊ ၁၃။ သိုက်နန်းများ၏ အရှင်သခင် ပဋ္ဌမံဝိဇ္ဇာအရှင်သူမြတ်ကြီး၊

ဤသို့ အမည်အမျိုးမျိုးဖြင့် ထင်ရှားလေသည်။

ပဋ္ဌမံဆရာလှိုင် ထွက်ရပ်လမ်း မမြန်းမီကပင် တပည့်အကာရင်းဖြစ်ခဲ့သော ဦးတင်ဦး ဖြစ်လေသည်။ ထိုစဉ်ကငွေစာရင်းရုံးတွင် တာဝန်ထမ်းဆောင်ရင်း ခွင့်ရသောရက်၊ အလုပ်ပိတ်သောရက်များတွင် ဆရာလှိုင်ထံသွား၍ တပည့်ခံယူရင်း အဓိဋ္ဌာန်စခန်းများဝင်ခဲ့သူ ရသေ့ကြီးဦးအောင်တိဿ၊ လူအမည် ဦးတင်ဦး။ ပဋ္ဌမံဆရာလှိုင်က ထွက်ရပ်လမ်းမမြန်းမီ ဦးတင်ဦးအား အရောက်လာခဲ့ပါရန် မှာကြားသော်လည်း ဝန်ထမ်းဖြစ်၍ အလုပ်တာဝန်များဖြင့် ပဋ္ဌမံဆရာလှိုင်ထံ သွားခွင့်မရခဲ့။

အလုပ်မှ ခွင့်ရ၍ ပဋ္ဌမံဆရာလှိုင်ထံ အပြေးအလွှားရောက်လာခဲ့သော်လည်း ပဋ္ဌမံဆရာလှိုင်မှာ ထွက်ရပ်လမ်းမြန်းသွားခဲ့လေ၏။ သို့သော်လည်း ပဋ္ဌမံဆရာလှိုင်က "မောင်တင်ဦးရောက်လာလျှင် ဤရသေ့ဝတ်စုံတစ်စုံပေးလိုက်ပါ"ဟု မိန့်မှာမူကြောင့် ရသေ့ဝတ်စုံရပြီးချိန်၌ ဆုံးဖြတ်ချက်တစ်ခု ချခဲ့၏။

"ငါ သာသနာပြုဖို့ ဆရာလှိုင် အမိန့်ချလိုက်ပြီ။ ငါသာသနာပြုတော့မည်" ထိုဆုံးဖြတ်ချက်နှင့်အညီ အလုပ်၌ ပင်စင်တင်၏။ ပင်စင်ကိစ္စပြီးချိန်မှာ ဆရာလှိုင်ချီးမြှင့်သော ရသေ့ဝတ်စုံဝတ်ပြီး ရသေ့အဖြစ် ခံယူဆောက်တည်လိုက်လေသည်။ ထိုအချိန်တွင် ပဋ္ဌမံဆရာလှိုင် မိန့်ကြားခဲ့သော ဩဝါဒကို နာကြားခွင့်ရတော့၏။ ဆရာလှိုင်၏ တာဝန်ပေးချက်အရ ပန်းတနော် ခနွဲကဝိုးကျေးရွာ တောရကျောင်းတွင် ၁၃၃၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်နေ့မှာ စတင်သာသနာပြုခွင့်ရခဲ့၏။ ပန်းတနော်တောရကျောင်းတိုက်တွင် အောင်သိဒ္ဓိ၊ သိဒ္ဓိအောင်စေတီ၊ ကျိုးမနိုးစေတီ၊ လေးကျွန်းဒီပါစေတီ စသည်ဖြင့် ဘုရားကျောင်းကန်နှင့်တကွ တည်ဆောက်ပြီးချိန် ၁၃၄၆ ခုနှစ်၊ နတ်တော်လဆန်း ၉ ရက်နေ့တွင် သနပ်ပင်မြို့နယ်၊ ဈေးပိုင်းရပ်၊ ရွှေစေတီသာသနာ့နယ်မြေသို့ ဆရာလှိုင်၏ တာဝန်ပေးမှုအရ ရောက်ရှိပြီး သာသနာပြုတော်မူသည်။ သနပ်ပင်ရွှေစေတီသို့ မကြွမီ ဩဝါဒအရ ပဲခူးရွှေမော်ဓောဘုရားကြီးတွင် ၂၇ ရက် အဓိဋ္ဌာန်ဝင်ခဲ့လေ၏။

## ဝါစိမ်းနီ မြန်မာ့ကိန်းနှင့်အညီ

၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၉ နာရီတိတိအချိန်တွင် ပဋ္ဌမံဆရာလှိုင်မှ ဝါစိမ်းနီ၊ မြန်မာ့ကိန်းနဲ့အညီ၊ ကမ္ဘာငြိမ်းစေရမည်၊ အတိတ်နိမိတ်တော်အတိုင်း ဝါစိမ်းနီကို ဂန္ဓာသယ ရွှေကျောင်းတော် မျက်နှာကြက်တွင် တပ်ဆင်ထားဟု မိန့်ကြားတော်မူခဲ့ပါသည်။

၁။ အဝါရောင်နိမိတ်ဆောင်ခြင်းသည် ကမ္ဘာမှာ သာသနာရောင်ဝါ ထွန်းလင်းစေမည်။

၂။ အစိမ်းရောင် နိမိတ်ဆောင်ခြင်းသည် ဆန်ရေစပါး ကျောက်သံပတ္တမြား ပေါများစေမည်။

၃။ အနီရောင် နိမိတ်ဆောင်ခြင်းသည် ကမ္ဘာမှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲခူး သနပ္ပင်မြို့ ဣန္ဒာသယရွှေကျောင်းဝင်းရှိ ပဌမံဆရာလှိုင် စာတ်ပန္နက်တင်ခဲ့သော ဆုတောင်းပြည့်စေတီတော်

သာသနာ့အာဇာနည်များ ပေါ်ထွန်းစေမည်။

ပဌမံဆရာလှိုင်၏ တပည့်ဖြစ်သူ ရသေ့ကြီး ဦးအောင်တိဿသည် ဩဝါဒတော်အတိုင်း ဘုရားခန်းတွင် အဝါရောင် နဖူးစည်းတစ်တန်း၊ အစိမ်းရောင် နဖူးစည်းတစ်တန်း၊ အနီရောင် နဖူးစည်းတစ်တန်း သုံးတန်းခွဲ၍ တင်လှူလိုက်လေ၏။ ဩဝါဒတော်အတိုင်း တစ်မျိုးလျှင် အလျား ၉၆ လက်မ × အနံ ၃၀ လက်မ = ၂၈၈ လက်မ × သုံးတန်းဖြစ်ကြောင်း၊ ၈၆၄၀ လက်မကို အတိအကျ မှာကြားတဲ့အတိုင်း စီရင်ဆောင်ရွက်ခဲ့လေ၏။

အားလုံးပေါင်းသော် ကိုးနဝင်းမိ၏။ ပဌမံဆရာလှိုင်၏ ဩဝါဒနှင့်အညီ ဝါ၊ စိမ်း၊ နီ နဖူးစည်းများ ဘုရားမျက်နှာကြက်တွင် တင်လှူပူဇော်ပြီးချိန်မှစ၍ ရွှေစေတီသာသနာ့မြေ ဣန္ဒာသယ ရွှေကျောင်းတော်ဝန်းကျင်၌ မူလရွှေစေတီအပြင် ကမ္ဘာ၏ ဇကမ္ဘာစေတီတော်၊ လေးကျွန်းမင်္ဂလာဆိုင်စေတီတော်၊ ကမ္ဘာ့ကျပ်ကျော်စေတီတော်၊ ရှင်လေးပါးစေတီတော်၊ ရှမ်းစေတီတော်၊ ငွေစေတီတော်နှင့် ၉ ဆူမြောက်အဖြစ် ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်နေ့မှာ ဗုဒ္ဓါဘိသေကအနေကဇာတော် တင်တော်မူသော "စစ" ဆေးတိုက်ပိုင်ရှင် သမားတော်ကြီး ဦးကျော်မြင့်၊ ဆရာမဒေါ်ခင်ရီ မိသားစု လှူတော်မူသော အောင်မင်္ဂလာရုပ်ပွားမြတ်ဘုရား စသည်ဖြင့် စေတီရုပ်ပွားမြတ်ဘုရားများ တည်တော်မူနိုင်ခဲ့လေသည်။

ကိုးနဝင်းမိသော သနပ္ပင်မြို့နယ် ရွှေစေတီ သာသနာ့နယ်မြေတွင် စေတီရုပ်ပွားမြတ်ဘုရားများ တိုးပွားလာမှုနှင့်အတူ ဝါစိမ်းနီ ကမ္ဘာ့ကိန်းနှင့်အညီ၊ ကမ္ဘာငြိမ်းစေရမည်ဟူသော ပဌမံဆရာလှိုင်၏ ဩဝါဒမိန့်ကြား နိမိတ်စကားနှင့် ဆက်နွယ်ပတ်သက်နေသော အကြောင်းတရားတို့သည် ၆-၂-၂၀၁၂ ခုနှစ်၊ ညနေ ၆း၃၀ နာရီတွင် ထူးထူးဆန်းဆန်းဖြစ်ရပ်ဆန်းများ ပေါ်ထွန်းလာခဲ့လေသည်။

ရွှေစေတီသာသနာ့နယ်မြေတွင် ညစဉ် ၇ နာရီတိုင်း စုပေါင်း ဘုရားဝတ်တက်ကြရ၏။ ရသေ့ကြီးဦးအောင်တိဿ၏ တပည့်ဖြစ်သူ ယောဂီဦးသိန်းစိုးသည် ဘုရားဝတ်တက်ရန် အချိန်လိုသေးသဖြင့် နှစ်ကျိပ်ရှစ်ဆူမော်ရုံ၌ ခေတ္တစောင့်ဆိုင်း နေစဉ် ဝတ်တက်ရန် ကြေးမောင်းတီးသံများ အလိုလိုပေါ်လာလေ၏။ ကြေးမောင်းသံအပြီး ညနေ ၆း၃၀ နာရီအချိန်၌ ဂေါတမဘုရားမှစ၍ အဝါရောင်၊ အစိမ်းရောင်၊ အနီရောင် ရောင်ခြည်တော်များ ထွန်းပေါ်သည်ကို ဦးစွာ ဖူးတွေ့လိုက်ရ၏။ ယောဂီဦးသိန်းစိုးနှင့်အတူ ဒေါ်ညို၊ ဒေါ်ကျင်တို့အပြင် ဘုရားဝတ်တက်ရန်လာသူ ယောဂီတချို့လည်း ဖူးမြင်ကြရလေ၏။ ဝါ၊ စိမ်း၊ နီ ရောင်ခြည်တော် လျှပ်တစ်ပြက်အချိန်ကလေးတွင် နှစ်ကျိပ်ရှစ်ဆူပြည့်သည်အထိ ၁၅ မိနစ်ခန့်အကြာ ရောင်ခြည်တော်ကွန့်မြူးတော်မူခဲ့ပါသည်။

## ကွင်းကောက်ဆရာတော်ဦးဇောတိက အရှင်သူမြတ်၏ ဓမ္မခရီး


အရှင်သူမြတ်ကြီးသည် ဝိဇ္ဇာအဖြစ် ရောက်ရှိတော်မူ



www.burmeseclassic.com

www.burmeseclassic.com




ဖူးမြော်ကြကုန်သော ပုဂ္ဂိုလ်တို့အား တည်းခိုနေထိုင်စေပြီး ဆုံးမဩဝါဒများပေးခြင်း၊ တရားဓမ္မများ ဟောကြားခြင်း၊ လိုအပ်သည့်ဓာတ်များ ပြုပြင်ပေးခြင်း၊ ပဋ္ဌမံဝိဇ္ဇာလမ်းစဉ် ကျင့်စဉ်များကို ချမှတ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။ ယင်းကိစ္စရပ်အားလုံး ပြီးဆုံးချိန်သို့ရောက်သောအခါ ဓာတ်နန်းများကို ဖျက်သိမ်းစေပါသည်။

ပြီးသည်မှစ၍ အများပြည်သူအကျိုးကိုသာ တစိုက်မတ်မတ်ဆောင်ရွက်ပေးတော်မူခဲ့ကြောင်း တွေ့ရှိရပါသည်။ ဆရာတော်အရှင်သူမြတ်ကြီးသည် ဝိဇ္ဇာကြီးဖြစ်သည်။ ၁၃၁၄ ခုနှစ်မှ ၁၃၁၉ ခုနှစ်ထိ ယွန်းကျောင်းတွင် သီတင်းသုံး၍ သတ္တဝါများ၏ ကိုယ်စိတ်ချမ်းသာမှုရရှိရေးအတွက် ကယ်ဆယ်ဆောင်ရွက်ပေးတော်မူသည်။ ထို့နောက် ၁၃၁၉ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်နေ့ နေ့လယ်တွင် ကွင်းကောက်မြောက်ဘက် ရွှေကျောင်းသို့ ပြောင်းရွှေ့ သီတင်းသုံးတော်မူခဲ့ပါသည်။

ရွှေကျောင်းသို့ ရောက်လာကြသူများနှင့် တပည့်ယောဂီများအား တရားရေအေး တိုက်ကျွေးဆုံးမတော်မူလျက် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာမှုရရှိရေး ဟောကြားတော်မူပေးခဲ့ပါသည်။ ကွင်းကောက်ကျေးရွာ၊ သာပေါင်းရပ်မှ ဦးဘိုးသန်းနေအိမ်တွင်လည်းကောင်း၊ ဒေါ်ကြင်မြနေအိမ်တွင်လည်းကောင်း၊ ဦးဘိုးရင်နေအိမ်တွင်လည်းကောင်း၊ အောင်ချမ်းသာရပ်မှ ဦးအောင်မြတ်နေအိမ်တွင်လည်းကောင်း၊ ဒေါ်ပန်းစုနေအိမ်တွင်လည်းကောင်း ဓာတ်နန်းမဏ္ဍပ် ငါးလုံးကို မြန်မာနှစ် ၁၃၂၆-၁၃၂၇-၁၃၂၈ ခုနှစ် သုံးနှစ်လုံးလုံး စိုက်ထူစေလျက် မဏ္ဍပ်တစ်လုံးတွင် သုံးရက် အလှည့်ကျကြွရောက်တော်ပြီး သားတပည့်ယောဂီများ၊ ရပ်ဝေးရပ်နီးမှ လာရောက်

## ရွှေစေတီတည်တော်မူခြင်း

အရှင်သူမြတ်ကြီးသည် ဟင်္သာတမြို့မှ တပည့်ယောဂီဦးအုန်းဖေ၊ ဒေါ်ခင်မေတို့မှ လှူဒါန်းသော ဝတ္တကမြေပေါ်၌ နောင်လာနောက်သား၊ သားသမီးတပည့်ယောဂီများ အကျိုးများစေဖို့ စေတီတော်တစ်ဆူတည်ရန် စီစဉ်ပေးပါသည်။ စေတီတော်တည်ရခြင်းမှာ သတ္တဝါအကျိုး၊ ဗုဒ္ဓသာသနာအကျိုးကို ရှေးရှုတော်မူလျက် လိုအပ်သည်များ ပြည့်စုံစွာစီစဉ်လျက် ရွှေစေတီခေါ် လွှမ်းစေတီကို ၁၃၂၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့၌ ပဋ္ဌမံဝိဇ္ဇာအရှင်သူမြတ်ကြီးကိုယ်တော်တိုင် ပန္နက်တော်တင်ပြီး...

ထိုရွှေစေတီခေါ် လွှမ်းစေတီအနီးတွင် အာဇီဝဋ္ဌမကသီလတော်မြတ်ကို ခံယူတည်ဆောက်စေခြင်း၊ ပရိတ်တရားတော်များကို ရွတ်ဖတ်စေခြင်း၊ ဘုရားရှင်၏ ဂုဏ်တော်၊ ဗုဒ္ဓါနုဿတိ၊ သောဘဂဝါက္ကတိပိအရဟံများကို ပုတီးစိပ်စေခြင်း၊ မေတ္တာပို့ အမျှဝေခြင်း စသည်တို့ကို ကျင့်ကြံအားထုတ် လိုက်နာဆောင်ရွက် ပြုလုပ်ကြရန် ဩဝါဒပေးတော်မူခဲ့ပါသည်။

စေတီတော်ကို ၁၃၂၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့တွင် အရှင်သူမြတ်ကြီးကိုယ်



www.burmeseclassic.com

www.burmeseclassic.com

တော်တိုင် ဗ္ဗာပနာသွင်း၍ ပြာသိုလပြည့်ကျော် ၉ ရက်၊ သောကြာနေ့ နံနက် ၉ နာရီအချိန်၌ ကျောက်ထီးတော်၊ ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို တင်လှူတော်မူခဲ့ပါသည်။ ဤစေတီတော်၏ ထူးခြားချက်မှာ ဘွဲ့အမည်နှစ်မျိုးရှိ၍ ဝင်ပေါက်၊ ထွက်ပေါက်မှာ တစ်ခုတည်းသာရှိသဖြင့် ထူးခြားလျက်ရှိပါသည်။

ရွှေစေတီဆိုသည်မှာ ဝိဇ္ဇာအရှင် ဖော်ပြထားကြောင်း တွေ့ရှိရသည်။ ပဋ္ဌမံဝိဇ္ဇာအရှင်မြတ်ကြီး၏ သတ္တဝါအကျိုး၊ အများအကျိုးအတွက် ဆောင်ရွက်မှုများသည် ဗုဒ္ဓ၏ လမ်းညွှန်ချက်ဖြစ်သော ဝိဘဇ္ဇဝါဒနှင့်အညီ ဖြစ်ပါသည်။ ဗုဒ္ဓဝါဒသည် ဝိဘဇ္ဇဝါဒဖြစ်၍ ခွဲခြားစိစစ်ခြင်းပင် ဖြစ်ပါသည်။ အများပြည်သူ အကျိုးရှိရာကိုသာ ဆောင်ရွက်ပေးခဲ့သော ပဋ္ဌမံဝိဇ္ဇာအရှင် မြတ်ကြီး၏ ဆောင်ရွက်မှုအကျိုးဖြင့်သာ တိုင်းတာရမည် ဖြစ်ပါသည်။ ပဋ္ဌမံဝိဇ္ဇာအရှင်မြတ်ကြီး၏ ဟောကြားလမ်းညွှန်ချက်များ မှန်ကန်၍သာ အရှင်မြတ်ကြီးကို ကိုးကွယ်ယုံကြည်မှု ရှိနေခြင်းသာ ဖြစ်ပါသည်။

## ကွင်းကောက်ဆရာတော်အရှင်မြတ်ကြီး၏ ဆုံးမသြဝါဒစကားများ

ကွင်းကောက်ဆရာတော် အရှင်မြတ်ကြီးသည် ဝိဇ္ဇာ ဉာဏ်ရရှိတော်မူသည့်အချိန်မှစ၍ ဗုဒ္ဓမြတ်စွာဘုရား၏ လမ်းစဉ်အတိုင်း သတ္တဝါအများ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာ ရေးများကိုသာ ဆောင်ရွက်တော်မူခဲ့ပါသည်။ အရှင်မြတ်ကြီး ၏ ထူးခြားမှုမှာ အခြားနေရာဒေသသို့ ကြွရောက်၍ တရား ဒေသနာတော်များ ဟောကြားခြင်းမရှိဘဲ ကွင်းကောက် ကျေးရွာတွင်သာ နေထိုင်သီတင်းသုံးခြင်း ဖြစ်ပါသည်။

အရှင်မြတ်ကြီး လမ်းညွှန်ဆုံးမ သြဝါဒများမှာလည်း တဏှာ၊ မာန၊ ဒိဋ္ဌိ ပယ်သတ်ရန် တဏှာ၊ လောဘကုန်ရန်နှင့် အများပြည်သူများအပေါ် ကိုယ်ချင်းစာတရား အမြဲထားရန်တို့ ဖြစ်ပါသည်။ အရှင်မြတ်ကြီး၏ ဆုံးမသြဝါဒစကားများမှာ -

၁။ နင် မာနမကြီးနဲ့။
၂။ နင် မကြွားချင်နဲ့။
၃။ နင် ခမ်းခမ်းနားနား မနေချင်နဲ့။
၄။ နင် သူတစ်ပါးအပြစ်ကို မကြည့်နဲ့။
၅။ နင် သူတစ်ပါးအပြစ်ကို မရှုနဲ့။
၆။ နင် သူတစ်ပါးအပြစ်ကို မမြင်နဲ့။
၇။ နင် ကိုယ့်အပြစ်ကိုရှု။
၈။ နင် သူတစ်ပါးအပေါ် ဝန်တိုမိစ္ဆာ မရှိနဲ့။
၉။ နင် ကိုယ့်လမ်းကိုယ် ဖြောင့်ဖြောင့်ထွင်။
၁၀။ နင် ကိုယ့်လမ်းကိုယ် ဖြောင့်ဖြောင့်သွား။
၁၁။ နင် ကိုယ်ချင်းစာတရား အမြဲထား။ (မိမိကိုယ်ကို လက်ညှိုးထိုး၍ ဆိုရမည်။)
၁၂။ ကံသည် မူလတရားဖြစ်သည်။
၁၃။ ကံကောင်းအောင် ကြိုးစားပါ။
၁၄။ ကိုင်ချင်သော်လည်း မရ။
၁၅။ မလိုချင်သော်လည်း မနေရ။
၁၆။ သေချင်သော်လည်း မသေရ။
၁၇။ နေချင်သော်လည်း မနေရ။
၁၈။ ကံပေးမှ ရသည်။
၁၉။ ကံကျွေးမှ ဝသည်။
၂၀။ ဉစ္စာကံပေး မရသေး နှောင့်နှေးဗျာပါ မရှိရာ။
၂၁။ မလုပ်ဘဲနှင့် မရချင်နဲ့။
၂၂။ မကျင့်ဘဲနှင့် မမြတ်ချင်နဲ့။
၂၃။ မသင်ဘဲနှင့် မတတ်ချင်နဲ့။
၂၄ ကြူးလျှင်မကောင်း။ ပျက်စီးကြောင်း အပေါင်းသတ္တ မှတ်ကုန်ကြ။
၂၅။ ဉစ္စာပစ္စည်း၊ ရမ္မက်ကြီး၊ မီးကြီးလောင်တော့မည်။
၂၆။ သားနှင့်သမီး ချစ်မငြီး၊ မီးကြီးလောင်တော့သည်။
၂၇။ လင်နှင့်ဇနီး ချစ်မငြီး၊ မီးကြီးလောင်တော့သည်။
၂၈။ မိစ္ဆာဇီဝ မကင်းကြ၊ တွင်းကျနက်လုသည်။
၂၉။ ပူလောင်ချောက်ချား၊ ဒုက္ခပွား၊ အမှားများတော့သည်။
၃၀။ ကိလေမီးကြီး၊ လွန်ဖိစီး ညီးညီးပြောင်တော့သည်။
၃၁။ ရိက္ခာစပါး၊ ကျီဖြည့်ထား၊ အများဘဏ္ဍာဖြစ်တော့သာ။
၃၂။ တောင်ထွာတစ်မိုက်၊ သားငယ်ပိုက်၊ စိုက်စိုက်လိုက် တော့သာ။
၃၃။ လှည်းနှင့်နွားများ ထားကားထား၊ လူသားမနိုင်ရာ။
၃၄။ ပေါက်တူးပေါက်ပြား၊ လယ်ထွန်ခြား
၃၅။ လူနေမများ၊ လယ်ယာများ၊ တောကားအတိသာ။
၃၆။ ခွေးကားတစ်ဟောင်၊ မီးတစ်ပြောင်၊ အိမ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသော့ ဦးအောင်တီဿက စာရေးသူတို့အား သူ့သာသနာပြုခဲ့သည့်အကြောင်းများကို ရှင်းပြနေပုံ

တစ်ခုသာ။

၃၇။ မြို့ပျက်၊ ရွာပျက်၊ လူမသတ် အုပ်လျက်ချိုးအတိသာ။

၃၈။ သစ်ရဲကျူးရဲ ဆွဲတင်ဆွဲ၊ အုံ့အဲမကုန်ရာ။

၃၉။ ကယ်ပါယူပါ၊ တစာစာ ငိကား ဤလူ့ရွာ။

* ကိုယ်ချင်းစာတရား အမြဲထား။
* သတ္တဝါအားလုံးကို မေတ္တာပို့။
* အဇီဝဠမက သီလကို လုံအောင်ထိန်း။
* ဘုရားဝတ်တက်မှန်ပါစေ။
* ပရိတ်တော်များ ရွတ်ဖတ်ကြစေ။
* သောဘဂဝါ ဣတိပိ အရဟံ အရဟံဂုဏ်တော် ပုတီးစိပ်ကြ။

## အရှင်မြတ်၏ အောင်မြေစခန်း သုံးခု

(၁) ပဋ္ဌမံအရှင်မြတ် ပေါက်မြောက်အောင်တော်မူသော နန္ဒာလုတောင်ခြေမှ အောင်မြေစခန်း။

(၂) ပါရမီရှင်အပေါင်းတို့အား ပြုပြင်စီရင်၍ ဝိဇ္ဇာသက်သွင်းသဖြင့် ယောဂီတို့ ချက်မြုပ်ရာ ရွှေကျောင်းတော် အောင်ဓာတ်စခန်း။

(၃) ပါရမီမျိုးစုံ၊ ကြိုးမျိုးစုံတို့ကို ကိုင်၍ ဓာတ်ဆင်၊ ဓာတ်ရုပ်၊ ဓာတ်အလုပ်တို့ကို ဆောင်ရွက်ရာ အောင်ချမ်းသာရပ်ကွက် လွှမ်းစေတီ (ခေါ် ရွှေစေတီဓာတ်တွဲနှစ်ရပ်ဖြင့် ကိုယ်စားတည်သော ရွှေစေတီအောင်မြေစခန်း(ငါးမည်ရ ပြည်ရွှေဘိုဟူ၍ ကျော်ကြားသကဲ့သို့ ငါးမည်ရဇုန်၌ တည်ရှိသော ကွင်းကောက်ဖြစ်ပါသည်။)

၎င်းတို့မှာ...

(၁) နန်ကသူတောင်ခြေ၊ (၂) နန်ကသူချောင်၊ (၃) နန္ဒာလုဘုရားအောင်မြေ၊ (၄) နန္ဒာမုနိဘုရားတောင်ခြေ၊ (၅) နန္ဒာသီရိဘုရားတောင်ခြေတို့ဖြစ်ပါသည်။

## ထွက်ရပ်လမ်း စံမြန်းတော်မူ

ပထမကွင်းကောက်ဆရာတော် ဦးဇောတိက ဒုတိယပဋ္ဌမံဆရာလှိုင်သည် သာသနာအကျိုးဆောင်၍ သတ္တဝါတို့ကို ကယ်တင်သနားတော်မူပြီးနောက် ကောဇာနှစ် ၁၃၃၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်၊ ၁ နာရီ ၄၅ မိနစ်တွင် ဝိဇ္ဇာမိုရ်တို့၏ ရည်မှန်းထွက်ရပ်လမ်းသို့ စံမြန်းသွားတော်မူပါသည်။

သတ္တဝါမှန်သမျှ ဘေးမခ အေးမြရွှင်လန်းပါစေ။

**ကျော်ဇောဟိန်း(နုံ့သာ)**

**(ကိုးကား)**

(၁) ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလထုတ် ဂမ္ဘီရမဂ္ဂဇင်းမှ ကျော်မိုးလွင်(ဝါးခယ်မ)၏ ဂုဏ်ရှိန်ထွန်းတောက်၊ ကွင်းကောက်ဆရာတော် ဆောင်းပါး။

(၂) ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလထုတ် သူရဇ္ဈမဂ္ဂဇင်းမှ ဧဒေးဝေ၏ ကျေးဇူးရှင် ကွင်းကောက်ဆရာတော်ကြီး ဦးဇောတိက ပဋ္ဌမံအရှင်သူမြတ်ကြီး ဦးလှိုင်၏ ထေရုပ္ပတ္တိဖြစ်စဉ်နှင့် ကျင့်စဉ်တော်မြတ်ဆောင်းပါး။

(၃) ၂၀၀၂ ခုနှစ်၊ အောက်တိုဘာလထုတ် သူရဇ္ဈမဂ္ဂဇင်းမှ ကံဝင်း၏ ပဋ္ဌမံဆရာလှိုင်မိန့်ကြား၊ ဝါးစိမ်းနီ၊ မြန်မာကိန်းအညီ၊ ကမ္ဘာငြိမ်းစေရမည်ဟူသော နိမိတ်စကားနှင့် ပျားလပို့အတွင်းမှ ထူးဆန်းစွာထွန်းပေါ် ဝါးစိမ်းနီဓာတ်လုံးတော် ဆောင်းပါး။

(၄) မိမိလေ့လာမှတ်သားချက်များ။




www.burmeseclassic.com

www.burmeseclassic.com

# မော်ဘီသာသနာ့နယ်မြေ ၅

# စမတ်ချွန်းတချွန်း(အရှင်အာစိဏ္ဏ)

**ကိုမောင်သန်းဝင်း**



မော်ဘီမြို့အစွန်၊ ရန်ကုန်-ပြည်လမ်းဘေးအနီးတစ်ဝိုက်တွင် စမတစ်ထောင်ကျောင်းတော်ကြီး ရှိသည်။ စမတစ်ထောင်ကျောင်းတော်ကြီးအတွင်း ဆရာတော်အရှင်အာစိဏ္ဏ (၁) စမဘုန်းဘုန်း တည်ထားကိုးကွယ်ထားသည့် အောင်ခြင်းမင်္ဂလာ ဓမ္မပါလ ဆုတောင်းပြည့်စေတီတော်မှာ ခံ့ညားထည်ဝါ သပ္ပာယ်လှသည်။ အတုလ သာသနာဝိသုဒ္ဓိ မဟာသိမ်တော်ကြီးသည်လည်း ခေတ်မီအဆောက်အဦ ဖြစ်သည်။ နဂါးရုံဘုရားကိုလည်း တွေ့ရသည်။

ဝိပဿနာတန်ဆောင်းအတွင်းတွင် ဗုဒ္ဓရှင်တော်မြတ်နှင့် ပုဂ္ဂိုလ်ထူးတို့၏ ရုပ်တုများ ရှိနေသည်။ အောင်ခြင်းရှစ်ပါးစေတီတော်မြတ်ကြီးသည်လည်း ကြည်ညိုဖွယ်အတိ ဖြစ်သည်။ သိုက်နန်းလည်းရှိသည်။ ထူးခြားစွာ တည်ထားသည့်ကလေးသိုက်ဟူ၍လည်း ရှိသည်။ ဤသည်တို့မှာ ဗုဒ္ဓသာသနာပြု စမတစ်ထောင်ဆရာတော် အရှင်အာစိဏ္ဏ၏ သာသနာပြုနယ်မြေ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

စမတစ်ထောင် ကျောင်းတော်ကြီးသို့ နေ့စဉ်နှင့်အမျှ လူအများသည် တဖွဲဖွဲရောက်လာကြသည်။ ထိုစမတစ်ထောင်ကျောင်းတော်ကြီးတွင် သီတင်းသုံးလျက်ရှိနေသော ဆရာတော်အရှင်အာစိဏ္ဏ (ဝါ) စမဘုန်းဘုန်းထံသို့ ဖူးမြော်ရန် ရောက်ရှိလာကြခြင်း ဖြစ်ပေသည်။ ဆရာတော်က ညှော့ပရိသတ်အပေါင်းတို့အား အပတ်စဉ် တနင်္ဂနွေ၊ ကြာသပတေး၊ စနေနေ့များတွင် တရားရေအေး တိုက်ကျွေးပြီး ထူးမြတ်သည့် ဩဝါဒတရားများကို မိန့်ကြားလေ့ရှိသည်။

ဆရာတော်အရှင်အာစိဏ္ဏသည် စမဘုန်းဘုန်းဟု လူသိများခဲ့ပြီး "စမဆန်းထူး"အမည်ဖြင့်လည်း ကျော်ကြားခဲ့ပါသည်။ ဓမ္မကျင့်စဉ်ထူးများနှင့် သာသနာပြုလုပ်ငန်းများကြောင့် ကျော်ကြားအောင်မြင်ခဲ့သည်ဟူ၏။

## မွေးရပ်ဌာန ငယ်ဘဝ

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ်၊ သီးပင်အိုင်ကျေးရွာအုပ်စုအတွင်းရှိ အုတ်ကျင်းရွာတွင် ဖခင်ဦးအောင်ခနှင့် ဒေါ်အောင်ကြည်တို့မှ စမဘုန်းဘုန်းလောင်းလျာ မောင်ညွှန့်မြိုင်ကို ၁၃၁၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်၊ တနင်္ဂနွေနေ့ နံနက် ဂ နာရီ၊ ၁၅ မိနစ် တွင် မီးရှူးသန့်စင် ဖွားမြင်ခဲ့သည်။ ဒုတိယသားရတနာဖြစ်သည်။ အစ်ကိုဖြစ်သူမှာ မောင်ညွှန့်လှိုင်၊ ညီဖြစ်သူမှာ မောင်ညွှန့်သန်း ဖြစ်သည်။

မောင်ညွှန့်မြိုင် နှစ်ခါလည်(၂ နှစ်သား)အရွယ်တွင် မိခင်ကြီး ဒေါ်အောင်ကြည်မှာ ရင်ကျပ်ရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။ ဖခင် ဦးအောင်ခသည် တစ်ပင်လဲ တစ်ပင်ထူကာ နောက်အိမ်ထောင်ပြုသည်။ မောင်ညွှန့်မြိုင်မှာ အဘိုး၊ အဘွား၊ အဒေါ်ဖြစ်သူတို့၏ လက်အတွင်းကြီးပြင်းခဲ့ရသည်။ အသက် ၁၆ နှစ်တွင် ဖခင်ဖြစ်သူ ဦးအောင်ခနှင့်တစ်ကြိမ်၊ ဦးလေးဖြစ်သူ ဦးလာဘနှင့်တစ်ကြိမ် နှစ်ကြိမ်တိုင်တိုင် ရွာဦးဆရာတော်ဦးနယိန္ဒထံတွင် သာမဏေဖြစ်ခဲ့ရသည်။

မောင်ညွှန့်မြိုင်နှင့် သူငယ်ချင်းနှစ်ဦး ဆန္ဒကိုယ်စီဖြင့် ရန်ကုန်သို့ ဆင်းကြသည်။ ကြုံရာရရာ အလုပ်များ ဝင်လုပ်ကြသည်။ မောင်ညွှန့်မြိုင်သည် လက်ဖက်ရည်တစ်ဆိုင်တွင် အဖျော်ဆရာဘဝဖြင့် ဝင်လုပ်သည်။ အချိန်ပိုင်းဖြင့် လုပ်ရသည့်အတွက် အားလပ်ချိန်များတွင် ရှိရင်းစွဲသဒ္ဓါအလျောက် ဘုရားဖူးခြင်း၊ ပုတီးစိပ်ခြင်းအမှု ပြုသည်။

## သရဏဂုံပုတီး ခရီးအဓိဋ္ဌာန်

မောင်ညွှန့်မြိုင်သည် အဓိဋ္ဌာန်ဖြင့် ပုတီးစိပ်မှုများ ပြုခဲ့သည်။ မောင်ညွှန့်မြိုင်၏ အသက်မှာ ၁ဂ နှစ်တိုင် ရှိနေလေပြီ။ မောင်ညွှန့်မြိုင် အိပ်ပျော်နေစဉ် အိပ်မက်တစ်ခု မြင်မက်သည်။ အိပ်မက်အတွင်း အမည်မသိ ဝတ်ဖြူစင်ကြယ်ဝတ်ထားသည့် ပုဂ္ဂိုလ်မှ -

"သရဏဂုံဟာ အပါယ်လေးပါးမှ တားဆီးနိုင်စွမ်းရှိသလို၊ သရဏဂုံတည်ခဲ့ရင် ကိုယ်တောင်ပျောက်သပေါ့။ တို့များက သရဏဂုံပဲကွ"ဟူ၍ ထူးခြားစွာ ပြောသည်။ ထိုသည်နေ့မှစ၍ မောင်ညွှန့်မြိုင်သည် ရတနာသုံးပါးအား ကြည်ညိုရင်းစွဲကလည်း ရှိနေသဖြင့် သရဏဂုံသုံးပါး ပုတီးစိပ်ပွားများခြင်းအမှုကို တစိုက်မတ်မတ်ပြုလေတော့၏။

မောင်ညွှန့်မြိုင်သည် အလုပ်မှ ခွင့်ယူ၍ ဗောင်းတော်ချုပ်ဘုရားသို့ အဓိဋ္ဌာန်ခရီး စတင်သည်။

ဗောင်းတော်ချုပ်ဘုရားတွင် တစ်နေ့လျှင် လေးကြိမ် အဓိဋ္ဌာန်မပျက် လုပ်သည်။ ထို့နောက် မြေနီကုန်း၊ ဝင်ဒါမီယာဓာတ်ပေါင်းစုဘုရားတွင် အဓိဋ္ဌာန် ၂၇ ရက်၊ ပြည်ရွှေဆံတော်တွင် ၉ ရက်၊ ရွှေကြက်ယက်ဘုရားတွင် ရောင်တော်ဖွင့်ခဲ့သည်။ ဒေးစွန်ပါဘုရားတွင် အဓိဋ္ဌာန် ၉ ရက် ဝင်သည်။ အေဝမ်းဦးတင်မောင်ခြံ၊ အောင်ချမ်းသာဘုရားတွင်လည်း အဓိဋ္ဌာန် ၉ ရက် ဝင်ခဲ့သည်။

ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရား၊ ရွှေတိဂုံဘုရား၊ ကိုးထပ်ကြီးဘုရား၊ ဝင်ဒါမီယာ ဓာတ်ပေါင်းစု စသည့် ဘုရားငါးဆူဆီသို့ ယာဉ်မစီး။ ခြေလျင်ခရီးဖြင့် အစီအစဉ်မပြီးမချင်း အာဟာရမသုံးဆောင်ဘဲ အဓိဋ္ဌာန်ခရီး ပြုသည်။

အသက် ၂၄ နှစ်တွင် သာမည တောင်ဆရာတော်ဆီသို့ ရောက်သည်။ သာမညဆရာတော် မိန့်မှာချက်အရ အသက်ထက်ဆုံး သက်သတ်လွတ်စားဖို့ ဆုံးဖြတ်ခဲ့သည်။ လယ်ဝေး သာဝတ္ထိ စမတောင်တွင် အဓိဋ္ဌာန် ၉ ရက်ဝင်သည်။ ပုပ္ပားတောင်တော်မြတ်တွင် သရဏဂုံ ၃ဝ၊ အဓိဋ္ဌာန် ၉ ရက် ဝင်သည်။ အင်းဝရှိ နန်းမတော်မယ်နု ကိုး



www.burmeseclassic.com

www.burmeseclassic.com



နဂါးရုံဘုရား
(စဖတစ်ထောင်ကျောင်းတော်)

ကွယ်ခဲ့သော ဗားမဲ့ဆရာတော် သီတင်းသုံးရာ ကျောင်းတော်ဟောင်းတွင် ၅ ရက် အဓိဋ္ဌာန်ဝင်သည်။ သရဏဂုံ ၃၀ အဓိဋ္ဌာန်ဖြစ်သည်။

**တွေ့ပုံဆန်းပြား ပုဂ္ဂိုလ်ထူးများ**

ဝိသနာသဒ္ဓါအလျောက် အဓိဋ္ဌာန်ပုတီး စိပ်နေခဲ့သည့် မောင်ညွန့်မြိုင်သည် အသက် ၂၁ နှစ်အရွယ်တွင် မခင်မြင့်သန်း(မအိ)ဆိုသူနှင့် အကြောင်းပါခဲ့သည်။ ထိုစဉ်က အလုပ်မရှိ စီးပွားရေးမပြေမလည် ဖြစ်နေသည့်အချိန် ဖြစ်သည်။ ဘုရားဖက်တော့ ဆင်းရဲအပေါင်းမှ လွတ်မည်ဟူသော ယုံကြည်ချက်ကလည်း ၎င်း၏ရင်၌ အခိုင်အမာ အမြစ်တွယ်နေခဲ့သည်။

တစ်နေ့ ဝင်ဒါမီယာဓာတ်ပေါင်းစုဘုရားတွင် သရဏဂုံအဓိဋ္ဌာန် ဂူအတွင်း တရားအားထုတ်နေစဉ် အမည်မသိ လူကြီးတစ်ဦးမှ -

"ဒီမှာ ငါ့သား...ခုနစ်ရက်သားသမီးတို့ရဲ့ ကံကြမ္မာကို ဟောပြောရင်းနဲ့ မင်း ဘုရားတည်ရမယ်ကွဲ့"ဟူ၍ ပီပီပြင်ပြင် လာရောက်ပြောဆိုသော အိပ်မက်ထူးကို မြင်မက်ခဲ့သည်။

တစ်နေ့ အတူနေ ယောဂီမဦးလုရွှေက ရှမ်းဆရာတစ်ဦးကို ခေါ်လာခဲ့သည်။ ရှမ်းဆရာက အတပ်ဟောနိုင်သူ ဖြစ်သည်။ မောင်ညွန့်မြိုင်အား "မင်း ပုတီးစိပ်၊ တရားထိုင်"ဟု ညွှန်ပြပေးခဲ့ပြီး "တစ်နေ့ကျော်ကြားမည့် ဆရာတစ်ဆူ ဖြစ်လိမ့်မယ်"ဟု နိမိတ်ဖတ် ဟောခဲ့သည်။

အဓိဋ္ဌာန်ပုတီးစိပ်၊ တရားထိုင်စဉ် အိပ်မက်တစ်ခု မြင်မက်ပြန်သည်။ "မင်း အဓိဋ္ဌာန်အရ ပြည်မြို့ကို အရောက်သွားရမယ်"ဟူ၍ သုံးကြိမ်တိုင်တိုင် အိပ်မက်ပေးခဲ့သည်။ သို့ဖြင့် ပြည်မြို့ ရွှေဆံတော်ဘုရားသို့ ရောက်ရှိအဓိဋ္ဌာန်ဝင်ခဲ့သည်။ ပြည်မြို့ ရွှေဆံတော်ဘုရားတွင် အဓိဋ္ဌာန်ဝင်ရင်း အပြီးတွင် ရွှေကြက်ယက်ဘုရားဆီသို့ သွားရောက်ဖူးမြော်လိုစိတ် ဖြစ်တည်ခဲ့သည်။ ရွှေကြက်ယက်ဘုရားသို့သွားစဉ် ဘုရားအားအဝေးတစ်နေရာမှ လှမ်း၍ဖူးမြော်စဉ် ပုဂ္ဂိုလ်ကြီးတစ်ဦးမှ -

"မင်းကို ငါစောင့်နေတာ...ရော့ယူ"ဟူ၍ အထုပ်ကြီးတစ်ထုပ်ပေးသည်။ အထုပ်အတွင်းတွင် အင်းကျမ်း၊ ဆေးကျမ်း၊ စမနှင့် ပတ်သက်၍ စမအင်းများကို သောက်နည်း၊ ရေးဆွဲနည်း ညွှန်ကြားချက်များ ပါဝင်ခဲ့သည်။ ရွှေကြက်ယက်ဘုရားတွင် အဓိဋ္ဌာန်ပြု ပုတီးစိပ်စဉ် "ရောင်တော်ဖွင့်...ရောင်တော်ဖွင့်"

www.burmeseclassic.com

ဟု အသံကြားခဲ့ရသည်။ သို့ဖြင့် ရေညို တက်နေသော ရုပ်ပွားတော်သုံးဆူကို ရောင်တော်ဖွင့်ခဲ့ရသည်။

အဓိဋ္ဌာန်ပုတီးစိပ်ခြင်းသည် ကြာလာလေတော့ တွေ့မြင်ရသူအပေါင်း၏ ကံကြမ္မာကို ဟောပြောလိုစိတ် တစ်စတစ်စ ကြီးမားလာသည်။ ဟောပြောလေရာ အဟောခံရသူများ မှန်ကန်သဖြင့် လွန်စွာအံ့သြခဲ့ရသည်ဟူ၏။

တစ်နေ့ လယ်ဝေး သာဝတ္ထိရှိ စမတောင်တွင် အဓိဋ္ဌာန် ၉ ရက်ဝင်ခဲ့လေရာ ၇ ရက်မြောက်ညတွင် ထူးဆန်းသည့် အိပ်မက် မက်ပြန်၏။ အိပ်မက်ထဲတွင် အချို့နေရာများမှာ ကြယ်ရောင်ဖြင့် မပီပိုးတဝါး ရှိနေသော်လည်း ကျောက်ရုပ်ကြီးပတ်ဝန်းကျင်မှာ မှောင်နေသည်။ ကြောက်စိတ်ရှိသော်ငြား မဝံ့မရဲ သွားကြည့်လေရာ ဘိုးတော်သိကြားမင်း ရုပ်တုဖြစ်နေသည်။ သေချာစွာကြည့်ပြီး ပြန်အထွက် ကျောက်ရုပ်တုကြီးက ညာဘက်လက်မောင်းကို လှမ်းဆွဲပြီး…

"ဟိုမှာ လူနှစ်ယောက်ရှိတယ်။ အဲဒီကို သွားရမယ်"ဟု စေခိုင်းသည်။ ထိုလူကြီးနှစ်ယောက်မှာ ပုံသဏ္ဌာန်မြင်ရုံဖြင့် အဘဘိုးဘိုးအောင်နှင့် အဘအောင်မင်းခေါင်ဖြစ်မှန်း သိရသည်။ အဘအောင်မင်းခေါင်က…

"သိကြားသာသနာမှာ မင်းကို သက်ရုံးအဖြစ် ရွေးလိုက်ပြီ။ မင်းသာသနာပြုရမယ်။ တို့တွေက မင်းကို သာသနာပြုပုဂ္ဂိုလ်အဖြစ် မှတ်တမ်းတင်လိုက်ပြီ။ သာသနာတော်အတွက် စွမ်းနိုင်သမျှ စွမ်းအားရှိသမျှ ကြိုးစားပေတော့"

ဟု မိန့်ကြားခဲ့သည်။

တစ်နေ့ မောင်ညွန့်မြိုင်ထံသို့ တစ်ချိန်က ဘာသာရေးနှင့် ဆက်စပ်သမျှ လမ်းညွှန်ပေးခဲ့သည့် ဦးအောင်ကြီးဆိုသူမှ "မင်းရဲ့သတင်းတွေ ကြားခဲ့ပြီးပြီ။ အားရတယ်ကွာ။ မင်းအတွက် ပိုပြီးပြည့်စုံမယ့် အစီအစဉ်တစ်ခု ပေးမလို့လာခဲ့တာ"ဟု ဆိုကာ မောင်ညွန့်မြိုင်အား တောင်ငူမြို့ မြတ်စောညီနောင်ဘုရားအနီးရှိ ညောင်ပင်ရွှေဂူစခန်းသို့ ဝင်ခိုင်းသည်။ ၎င်း၏ဆရာဖြစ်သူ စန္ဒသူရိယနှင့် တွေ့ဆုံပေးခဲ့သည်။ ထိုဆရာက မောင်ညွန့်မြိုင်ကို -

"သမာဓိစခန်းမှာတော့ မင်းက အတော်ခရီးပေါက်နေပါပေါ့လား"ဟု ချီးမွမ်းပြောဆိုခဲ့သည်။

## မဟာဂန္ဓာရီခရီးနှင့် ထူးခြားဖြစ်စဉ်

မောင်ညွန့်မြိုင်နှင့်အတူ တပည့်သုံးယောက် လိုက်ပါ၍ ပုပ္ပားတောင်တော်သို့ မဟာဂန္ဓာရီခရီး ထွက်ခဲ့သည်။ ပုပ္ပားတောင်တော်တွင် သရဏဂုံ ၃၀ ပုတီးစိပ် အဓိဋ္ဌာန် ၉ ရက်ဝင်ခဲ့သည်။ ထို့နောက် ပုဂံသို့သွားရောက်ကာ သရဏဂုံ ၃၀ ပုတီးစိပ်ခြင်းကို ၅ ရက် အဓိဋ္ဌာန်ပြုလုပ်သည်။ ၃ ရက်ကို သစ်သီးစားခြင်းဖြင့် အားထုတ်သည်။

ထို့နောက် ပုဂံမှ စစ်ကိုင်း၊ အင်းဝသို့ ခရီးဆက်သည်။ အင်းဝတွင် နန်းမတော်မယ်နု ကိုးကွယ်ခဲ့သော ဗားမဲ့ဆရာတော် သီတင်းသုံးရာ ကျောင်းတော်ဟောင်းတွင် ၅ ရက် အဓိဋ္ဌာန်ဝင်သည်။ သရဏဂုံ ၃၀ ဖြစ်သည်။

ထူးခြားဖြစ်စဉ် ကြုံခဲ့ရသည်။ မောင်ညွန့်မြိုင်ကိုယ်ခန္ဓာကို အထက်ပိုင်းတွင် စမအကွရာများ အထင်အရှားပေါ်ထွက်ခဲ့သည်။ တပည့်များက စိုးရိမ်စိတ်များဖြစ်ပေါ်ခဲ့သည်။ မောင်ညွန့်မြိုင်က "စမအောင်ပြီ။ သိဒ္ဓိထူးကို ဝိဇ္ဇာဓိုရ် ဆရာကြီးများက ချီးမြှင့်လိုက်ပြီ"ဟုဆိုကာ အားရကျေနပ်ခဲ့သည်။ အဓိဋ္ဌာန်လည်း အောင်မြင်ပြီးမြောက်ခဲ့သည်။

မောင်ညွန့်မြိုင်သည် သာမညဆရာတော်ထံ ဖူးမြော်ရန် ရောက်စဉ် ပုဂ္ဂိုလ်တစ်ဦး ရောက်ရှိလာသည်။ ဆရာတော်က ထိုပုဂ္ဂိုလ်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး "ဘယ်ကလာသလဲ"ဟုမေးရာ ထိုပုဂ္ဂိုလ်က "တပည့်တော် ဝိဇ္ဇာပါဘုရား"ဟု လျှောက်ပြီး ဝိဇ္ဇာကျင့်စဉ်တို့ကိုလည်း လျှောက်တင်ပြီး ပြန်သွားသည်။ ဆရာတော်သည် မျက်လုံးအစုံမှိတ်ပြီး အာရုံပြုပြီး မောင်ညွန့်မြိုင်အား

"ဒကာရေ . . . ဝိဇ္ဇာအဖြစ်ကို ရောက်ဖို့ လက်တစ်ကမ်းပဲ လိုတော့တယ်။ ကြိုးစားပါ"ဟု ဆိုပြီး မောင်ညွန့်မြိုင်၏ ဦးခေါင်းကို လက်ဖြင့်ပုတ်၍ မေတ္တာသိဒ္ဓိကို ချီးမြှင့်ခဲ့သည်။ ဝိဇ္ဇာတို့၏ နေထိုင်ကျင့်ကြံမှုများကိုလည်း မိန့်ကြားခဲ့ရာ မောင်ညွန့်မြိုင် အသိပညာ တိုးခဲ့သည်။

မောင်ညွန့်မြိုင်သည် မတ္တရာရှိ ယက္ကန်းစင်တောင်ဆရာတော်ဘုရားကြီး သာသနာပြုရာ မန္တလေးဘက်ဆီသို့ ခရီးထွက်သည်။ ယက္ကန်းစင်တောင်တော်သို့ ခြေချမိသည်နှင့် ဆရာတော်အောင်ခဲ့သည့် အောင်မြေတို့နှင့် ထူးခြားနေရာဌာနတို့တွင် သရဏဂုံ ပုတီးစိပ်ပွားများ

www.burmeseclassic.com



စမတစ်တောင်ဆရာတော်
အရှင်အာစိဏ္ဏ၏
သက်တော် ၅၆
ဝါတော် ၃၄ ပြည့်
ဝိဇာတမွေးနေ့မင်္ဂလာပွဲ
(စမတစ်တောင်ကျောင်းတော်)

ခြင်းအမှု ပြုသည်။ မောင်ညွှန့်မြိုင် မေးခန့် အိပ်ပျော်သွားစဉ် အိပ်မက်တစ်ခု မက်သည်။ အိပ်မက်ထဲတွင် ယက္ကန်းစင်တောင်ဆရာတော်ဘုရားကြီးနှင့် တွေ့ရသည်။ ဆရာတော်ကြီးက -

"ခုနစ်ရက်သားသမီးတွေကို မင်းကယ်တင်ရမယ်။ အဲဒီလို ကယ်တင်နိုင်အောင် ပေးမယ်"ဟု မိန့်ဆိုသဖြင့် မောင်ညွှန့်မြိုင်မှ ယာဘက်လက် ကမ်းပေးသည်။ ဆရာတော်ကြီးက မောင်ညွှန့်မြိုင်လက်ဖဝါးကို သူ၏လက်ဖဝါးဖြင့် ဖိနှိပ်လိုက်ပြီး "အောင်စေ"ဟု ဆိုသည်။ မောင်ညွှန့်မြိုင် ဓာတ်လိုက်သကဲ့သို့ ခံစားရသည်။ နံနက်လင်းသော် မောင်ညွှန့်မြိုင်၏ယာဘက်လက်ဖဝါးတွင် "စမဗဝ" ဟူသော စမအက္ခရာလေးလုံးကို ဆေးအနီဖြင့် ရေးထိုးထားသည့်နှယ် အထင်းသားပေါ်နေသည်ကို တွေ့မြင်ရသည်။

## သာသနာပြုဘုရားတည်၊ ဝေစည်ခဲ့ပြီ သာသနာ့မြေမပဟီ

အသက် ၂၄ နှစ်တွင် ဆရာတော် ဦးဣန္ဒစရိယကို ဥပဇ္ဈာယ်ပြု၍ မင်္ဂလာဒုံတပ်ဦးကျောင်း သိမ်တော်တွင် ရဟန်းခံခဲ့သည်။ ဘွဲ့တော်မှာ အရှင်အာစိဏ္ဏ ဖြစ်သည်။

ရဟန်းဘဝဖြင့် တစ်လီ၊ လူဝတ်ကြောင်ဖြင့် တစ်ဖုံ အဓိဋ္ဌာန်ခရီးများ ထွက်၍ သာသနာပြုသည်။ စမတောင်တွင် အဓိဋ္ဌာန်စခန်းဝင်ပြီး ရဟန်းသိက္ခာချကာ လူဝတ်အသွင်ယူ၍ သာသနာပြုဘုရားတည်ရန် ရေကြည်အိုင်စိတ္တသုခကျောင်းဆရာတော်အား လျှောက်ထားသည်။ ဆရာတော်မှလည်း "အောင်အရပ်သိဒ္ဓိ" ဘွဲ့တော်ရှိ ကိုးတောင်ပြည့်ဘုရားကို ခြုံငုံ၍ ဘုရားတည်ရန် ခွင့်ပြုသည်။ ဘုရားတည်စဉ် ဘုန်းတော်ကြီးတစ်ပါး ကြွလာပြီး . . .

"ငါက မင်းအတွက်လာခဲ့တာ။ မင်းကိစ္စ အောင်မြင်ပြီးမြောက်စေရမယ်" ဟု မိန့်ကြားသည်။ ဘုန်းတော်ကြီး၏ ဘွဲ့အမည်မှာ ဦးကဝိ(ဝိဇ္ဇာ)ဖြစ်ကြောင်း သိရသည်။ ကုသိုလ်ရှင်များ လာရောက်လှူဒါန်းကြသည်။ ကုသိုလ်ပြုလှူဒါန်းသူများအထဲတွင် မြနန်းနွယ်လည်း ပါသည်ဟူ၏။

မောင်ညွှန့်မြိုင်သည် ဘုရားထီးတော် တင်လှူရာတွင် စင်ကြယ်လိုသည့်စိတ်ဖြင့် သာသနာ့ဘောင်သို့ ဒုတိယအကြိမ် ပြန်ဝင်သည်။ ဘွဲ့တော်မှာ ရှင်အာစိဏ္ဏပင် ဖြစ်သည်။ အောင်သိဒ္ဓိကမ္ဘာကျော် ရွှေရင်အေးစေတီတော်မြတ်ကြီး အောင်မြင်စွာတည်ထားပြီးသည်နှင့် တစ်ဖန် လူဝတ်လဲသည်။

ထို့နောက် နဂါးရုံဘုရားတည်သည်။ ဘုရားတည်ရင်း ရှေ့ဖြစ်ဟောပြောမှုများကိုလည်း လုပ်သည်။ နဂါးရုံ

www.burmeseclassic.com



စမတစ်တောင်ဆရာတော် အရှင်အာစိဏ္ဏ၏ သက်တော် ၅၆ ဝါတော် ၁၄ ပြည့် ဝိဇာတမွေးနေ့မင်္ဂလာပွဲ (စမတစ်တောင်ကျောင်းတော်)

ဘုရားတည်စဉ် အဘရာကျော်ဆရာတော် ကြွလာသည်ကို အိပ်မက်မြင်မက်သည်။ အဘရာကျော်က -

"ဘုရားတည် သာသနာပြုရာမှာ အန္တရာယ်ကင်းကြစေဖို့ မေတ္တာရေသုတ်သိမ်းမယ်"ဆိုကာ လေထဲတွင် လက်ဝဲနှံဖက်ကို လေတွင် ဝှေ့ယမ်းပြီး ရေခပ်သလိုပြုရာ လက်ခုပ်အတွင်း သွေးများပြည့်လျှံနေသည်။ တစ်ဖန် ထိုသွေးရည်များကို မောင်ညွှန့်မြိုင်တစ်ကိုယ်လုံးအား သိမ်းကျုံးပေးသည်။ "အားလုံး သွေးထွက်သံယိုမရှိ ဘေးကင်းပြီး ကျန်းမာပါစေ"ဟု ပြောပြီး ပျောက်ကွယ်သွားသည်။

နဂါးရုံဘုရားကို ဘေးကင်းစွာတည်ခဲ့ပြီး ဗေဒင်ဟောခြင်းအလုပ်ကို အားစိုက်လုပ်သည်။ ဟောပြောချက်တိကျမှန်ကန်သဖြင့် ဗေဒင်မေးလိုသူများပြည့်နှက်နေသည်။ ၎င်း၏ဗေဒင်ဟောခန်းအတွင်း ဓာတ်နန်းရှိ ကွမ်ယင်မယ်တော် ရုပ်တုမှ ဆေးတော်အဖြစ် ရေများကျလာသည့်သတင်းကြောင့်လည်း ဟောခန်းအတွင်း လူများ ကြိတ်ကြိတ်တိုး စည်ကားနေသည်။ ခုနစ်ရက်သားသမီးများ ရောဂါပျောက်ကင်းစေရန် ရေတော်များ ပွား၍ ဝေငှခဲ့သည်။ ရောဂါပျောက်ကင်းသည်ဟု ဆို၍ မောင်ညွှန့်မြိုင် ပီတိဖြစ်ရသည်။

တစ်ညတွင် မောင်ညွှန့်မြိုင် ထူးဆန်းအိပ်မက်တစ်ခု မြင်မက်ပြန်သည်။ အိပ်မက်ထဲတွင် အဘဘိုးမင်းခေါင် ကြွလာပြီး "သားတော် . . . မင်းနာမည် စမဆန်းထူး အမည်နဲ့ ဗေဒင်ဟောပြီး သာသနာပြုပေတော့"ဟု ပြောခဲ့သည်။ နဝင်းကျေသည့်အမည်ဖြစ်ရာ မောင်ညွှန့်မြိုင် "စမဆန်းထူး"အမည်ယူကာ ဗေဒင်ဟောသည်။ အထူးအောင်မြင်ကျော်ကြားလေတော့၏။

ဒေးစွန်ပါတောင်တော်ရှိ လေးကျွန်းတိုင် လေးကျွန်းကျောင်း ပရဝဏ်အတွင်း ဘုရားတည်ခွင့်ရသည်။ ဘုရားတည်စဉ်အတွင်း ငွေကြေးပြတ်လပ်၍ ခဏနားရသည်။ ထိုစဉ် အိပ်မက်တစ်ခုမက်ပြန်သည်။ အိပ်မက်ထဲတွင် -

"မင်းက ဘုရားတည်နေပြန်တာကိုးကွ"ဟု အသံကြားရာသို့ကြည့်ရာ အဘဘိုးတော်အောင်မင်းခေါင်ကို တွေ့ရသည်။

"မင်း စိတ်မပျက်ပါနဲ့ကွာ။ ဘုရားကို တစ်ဝက်ပြီးအောင် ဆက်တည်ပါ။ ကျန်တဲ့တစ်ဝက် အဘကူပါ့မယ်။ ကြိုးစားပါ ငါ့သားရယ်"ဟု ပြောဆိုပြီး

www.burmeseclassic.com

ပျောက်သွားသည်။ သည်နောက် ငွေကြေးများစွာ ကုသိုလ်ပြုထည့်ဝင်သူ ရောက်လာသဖြင့် ဘုရားတည်ခြင်းအမှု ပြီးသွားသည်။

မောင်ညွန့်မြိုင်သည် တတိယအကြိမ်မြောက် ရဟန်းဘောင်သို့ ဝင်သည်။ ဘွဲ့အမည်မှာ အရှင်အာစိဏ္ဏပင် ဖြစ်သည်။ အများတောင်းပန်မှုကြောင့် ရဟန်းဝတ်ဖြင့်ပင် ခုနစ်ရက်သားသမီးတို့၏ ကံကြမ္မာအကောင်းအဆိုးကို ဟောသည်။ ကွမ်းယင်မယ်တော်ရုပ်တုမှ ဆေးတော်အဖြစ် ရေများကျလာပြန်သည်။ ထိုအချိန်က တရုတ်နှစ်သစ်ကူးအချိန်ဖြစ်ရာ တရုတ်ဘုံကျောင်းအဖွဲ့မှ ဆေးကုသခံယူလိုသူများ ပြည့်နှက်နေသည်။ ဆေးတော်ရေကျမှုကို စစ်ဆေးမှု အမျိုးမျိုးလုပ်ကြသည်။ အမှန်တကယ် အလိုအလျောက် ရေကျသည်ကို တွေ့ရသဖြင့် စစ်ဆေးသူများ လက်ခံသွားကြသည်။

တစ်နေ့ အရှင်အာစိဏ္ဏသည် လူဝတ်လဲရန်အတွက် ပုဆိုး၊ အင်္ကျီတို့နှင့် အတူ သိက္ခာချရန် ပြင်ဆင်နေခိုက် အမျိုးသမီးသုံးဦး ရောက်လာသည်။ တစ်ဦးမှ -

"အရှင်ဘုရား လူဝတ်လဲရန် အစီအစဉ်ကို မတိုက်တွန်းချင်သလို၊ ကန့်ကွက်မှုလည်း မပြုလိုပါဘူးဘုရား။ ဒါပေမယ်လို့ အရှင်ဘုရားရဲ့ သာသနာပြုလုပ်ငန်းက ဆောင်ရွက်စရာတွေ အများကြီးကျန်နေသေးတာမို့ သေချာစဉ်းစားပါဦးဘုရား" ဟုလျှောက်ကြားပြီး ဦးခေါင်းကို ဆန်ကောဝိုင်းသလို ဝိုင်းပြသည်။

အရှင်အာစိဏ္ဏလည်း မှင်တက်မိသလို ကြည့်နေရာမှ သူမ၏ ဦးခေါင်းမှာ နဂါးဦးခေါင်းသဏ္ဌာန် ပေါ်လာသည်။ အမျိုးသမီးတို့သည် နဂါးမများ ဖြစ်နေသည်ကို သိရလေတော့သည်။ အမျိုးသမီးတို့ ပြန်လည်ထွက်သွားသည့်အခါ အရှင်အာစိဏ္ဏ ဆုံးဖြတ်ချက်တစ်ခုချသည်။ ဆုံးဖြတ်ချက်သည်ကား ရဟန်းအဖြစ်ဖြင့်သာ အားထုတ်သွားတော့မည် ဟူ၍ပါတည်း။

အရှင်အာစိဏ္ဏသည် ရဟန်းဘဝဖြင့် အခြေချဖို့ အခိုင်အမာ စခန်းတစ်ခု လိုအပ်ကြောင်း အသိဝင်လာပြီး မော်ဘီတွင် သာသနာပြုစခန်းချရန် ဆုံးဖြတ်သည်။ မြေနေရာ အလွယ်တကူရသည်။ အောင်ခြင်းမင်္ဂလာ ဓမ္မပါလဘွဲ့တော် စေတီကို တည်ရန် သတ်မှတ်ပြီး သာသနာ့အလံ စိုက်ထူသည်။ အိပ်မက်တစ်ခု မက်ပြန်သည်။ အိပ်မက်ထဲတွင် အဘ ဘိုးမင်းခေါင်က ကုန်းမြင့်တစ်နေရာသို့ လက်ညှိုးညွှန်ပြသည်။ သို့ဖြင့် စေတီတည်ရန် မူလနေရာမှ ပြောင်းရွှေ့လိုက်သည်။

စေတီတည်မည့်သတင်း ကြားရသဖြင့် လူပုဂ္ဂိုလ်အတော်များများ လာရောက်ကုသိုလ်ပြု ပါဝင်ကြသည်။

၂၀၀၃ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့တွင် ဘုရားပန္နက်တင်အခမ်းအနားပြုသည်။ ထိုင်းသံရုံးမှ ထိုင်းသံအမတ်ကြီးနှင့် ထိုင်းလူမျိုးများ လာရောက်ကုသိုလ်အမှု ပါဝင်ကြသည်။

၂၀၀၄ ခုနှစ်၊ ဧပြီလ ၄ ရက်နေ့တွင် အောင်ခြင်းမင်္ဂလာ ဓမ္မပါလဆုတောင်းပြည့်စေတီတော်ကြီးနှင့် နဂါးရုံဘုရားစေတီနှစ်ဆူကို တစ်နေ့တည်း ထီးတော်တင်လှူနိုင်ခဲ့သည်။ ၂၀၀၇ ခုနှစ်၊ မတ်လ ၃ ရက်၊ စနေနေ့တွင် ကျောင်းတော်တိုက်အတွင်း ဘုရားရှင်တော်မြတ်နှင့်တကွ သာသနာပြုအဘဆရာတို့ သီတင်းသုံးရန် မဟာဝိဇ္ဇာ တန်ဆောင်း ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနား ပြုလုပ်ခဲ့သည်။

၂၈ ◦ ၁၀ ◦ ၂၀၀၈ အင်္ဂါနေ့တွင် အောင်ခြင်းရှစ်ပါးစေတီတော် ပန္နက်တင်ပွဲ ကျင်းပခဲ့သည်။ ခုနစ်ရက်သားသမီးတို့၏ စုပေါင်းကုသိုလ်ကြောင့် စေတီတော် အောင်မြင်စွာပြီးဂိုးခဲ့သည်။ ထို့ပြင်တစ်ဝ ၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် ဆံတော်ရှင်ကျိုက်ထီးရိုးပုံစံတူ စေတီတော် အုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို စည်ကားစွာ ကျင်းပခဲ့သည်။

ယခုအခါ ဗုဒ္ဓသာသနာပြုစမတ်ထောင်ဆရာတော် ရှင်အာစိဏ္ဏသီတင်းသုံးရာ မော်ဘီသာသနာ့နယ်မြေအတွင်း စေတီပုထိုး၊ ဆင်းတုတော်၊ ရုပ်ပွားတော်များ၊ သာသနာ့အကျိုး လာရောက်သယ်ပိုး ကုသိုလ်အမှုပြုသူများ ဝေစည်လျက်ရှိနေပြီတည်း・・・။

**ကိုမောင်သန်းဝင်း**

<u>ကျမ်းကိုး</u>

အရပ်ဘဲမင်းခေါင်၏

"ဗုဒ္ဓသာသနာပြု အရှင်အာစိဏ္ဏ (စမဘုန်းဘုန်း) ဓမ္မကျင့်စဉ်နှင့် ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ။



www.burmeseclassic.com

www.burmeseclassic.com

# မြောင်းတူး ကိုကြီးကျော်

သန်းဝင်း(ဘဏ်)

၃၇ မင်းနှင့် တိုင်းရင်းသားရိုးရာနတ်များနှင့် ပတ်သက်၍ ရေးသားခဲ့သူ ဆရာစည်သူမြိုင်(သုတေသန)ဆိုသူမှာ နတ်အကြောင်း၊ နတ်သမိုင်းအတ္ထုပ္ပတ္တိတို့ကို ရေးသားမှတ်တမ်းပြုရာတွင် ရသမျှသော မှတ်တမ်းများ၊ ကျမ်းဂန်အထောက်အထားများ၊ မှတ်စုများ၊ ဂေဇက်တီယားများ၊ စာအုပ်စာတမ်းများကို လေ့လာဖတ်ရှုစိစစ်၍လည်းကောင်း၊ နတ်ကနားစီးများထံ အကြိမ်ကြိမ်မေးမြန်း၍လည်းကောင်း၊ နတ်ပွဲများသို့ ကိုယ်တိုင်ကွင်းဆင်းလေ့လာ၍လည်းကောင်း တတ်အားသရွေ့ ကြိုးစားခဲ့ကြောင်း ဆိုလေ၏။

နတ်သမိုင်းအတ္ထုပ္ပတ္တိရေးသူများအနက် ဆရာဦးဖိုးကျား၊ ဆရာစည်သူမြိုင်(သုတေသန)နှင့် ခင်မောင်သန်း(စိတ်ပညာ)တို့က ထင်ရှား၏။ ထိုဆရာတို့သည်လည်း ရှာဖွေကြံဆသုတေသနပြုရေးသီဖွဲ့ကြခြင်း ဖြစ်ပေလိမ့်မည်။

ပခန်းကိုကြီးကျော်နှင့်ပတ်သက်၍ သုတေသနပြုရေးဖွဲ့မှု နည်းစုံရှိမည်ဖြစ်လေရာ အချို့သောဆရာတို့က နတ်ချင်း၊ နတ်ပျော်ချင်းတို့အထဲမှ စာသားအချို့ကို အခြေခံ၍ သုတေသနကြသည်။ ဆရာခင်မောင်သန်း(စိတ်ပညာ)၏ အယူသီးမှု၊ နတ်ကိုးကွယ်မှုနှင့် စိတ်ပညာရှုထောင့် စာအုပ်ပါ "မြောင်းတူးကိုကြီးကျော်" ဆောင်းပါးတစ်ပုဒ် ဖတ်မှတ်မိလေရာ ပခုက္ကူမှ ပခန်းကြီး၊ ပခန်းငယ်ဆီသို့ သွားရောက်လေ့လာ သုတေသနပြုမှုကို သိရှိရသည်။ သုတေသနပြုမှုကို ဘဝင်ကျမိပါ၏။ တင်ပြပါမည်။

"မြောင်းတူးကိုလျှောက်ပါလို့၊
ပိတောက်တဲ့ ရွှေဂူနီ သင်းပျံ့ခဲ့ပြီ၊
ညနေဆီ ညနေဆီ နွယ်နီတဲ့ သောင်စွန်း၊
ကိုကြီးကျော်ပလီလွန်း၊ ဘိန်းစိုက်တဲ့ကျွန်း"
"မြောင်းတူးရွာ၊ မြောင်းတူးရွာ
မြောင်းတူရွာ သာငယ်မော
စိန်ပင်အရက်တော၊ အရက်ပေါတဲ့
မြောင်းတူးရွာ၊ ပျော်ချည့်လေး" (နတ်ချင်း)

မင်းကျော်စွာ(ကိုကြီးကျော်)အတွက် ဖွဲ့ဆိုထားသော နတ်ပျော်ချင်းမှ သီချင်းစာသားဖြစ်သည်။ သုတေသီတို့အဖွဲ့သည် ပခန်းဦးမင်းကျော်အကြောင်း ဓာသေးစိတ်လေ့လာနိုင်ရန် ပွဲတော်ရက်မဟုတ်သည့် တော်သလင်းလကုန်ရက်များက ပခန်းဘက်သို့ ခရီးထွက်ခဲ့ကြသည်။ ပခုက္ကူမှ ပခန်းကြီးသို့ ကားဖြင့်သွားခဲ့ကြပြီး ပခန်းငယ်သို့မူကား မြစ်ရေများဝင်နေသဖြင့် တောက်လျှောက်ကားဖြင့်မသွားနိုင်ကြ။ လှေကလေးများနှင့် ပခန်းငယ်သို့ ခရီးဆက် ရသည်။

လှေနှင့် ဆက်၍သွားမရသည့်နေရာတွင် ခြေလျင်လျှောက်ကြရပြန်သည်။ ပခန်းငယ်ရွာအတွင်းသို့ ဖြတ်သွားသောအခါ ရွာအလယ်တွင် ကိုကြီးကျော်နန်းကို တွေ့ရသည်။ ပခန်းငယ်မှ မြောက်ဘက်သို့ ဆက်လက်သွားသောအခါ ချစ်သူရွာသို့ ရောက်ကြသည်။

ရွာအမည်ကလေးသည် ကဗျာဆန်လွန်းလှသည်။ ချစ်သူတို့ရှိသောရွာ ဟူသော အဓိပ္ပာယ်ဆောင်လေသလားမသိ။ မူလအမည်မကောင်းသဖြင့် ပြောင်းထားသည့်အမည်ပေလောဟု မေးမြန်းကြည့်သောအခါ မဟုတ်ကြောင်း၊ ယခင်ကပင်ရှိခဲ့သည့် အမည်ဖြစ်ကြောင်း ပြောကြသည်။

၁၉၀၄ ခုနှစ်က ထုတ်သည့် ရေစကြိုမြို့နယ်မြေပုံတွင် ထိုရွာကလေး၏အမည်ကို ချစ်သူရွာဟူ၍ပင် ဖော်ပြထားသည်ကို တွေ့ရသည်။ ချစ်သူရွာလယ်တွင် ကိုးမြို့ရှင်၊ မြင်းဖြူရှင် နတ်စင်နှစ်စင်ကို တွေ့ရသည်။ ကိုကြီးကျော်နတ်စင်ကိုကားမတွေ့ရ။ ချစ်သူရွာမှ အမေ ဒေါ်လှကင်း အသက် ၇၃ နှစ်ကို တွေ့ရသည်။ ဒေါ်လှကင်းထံမှ ကိုကြီးကျော်အကြောင်း မေးမြန်းမှတ်သားရသည်။

ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်သည် ယခုအခါ အောင်ပန်းချောင်းရွာအောက်နားတွင် ပေါင်းဆုံကြသည်။ ယခင်ကမူ ဤသို့မဟုတ်။ မြစ်ဆုံရွာ၊ သို့မဟုတ် မြစ်ဆုတ်ရွာတွင် ပေါင်း



www.burmeseclassic.com

www.burmeseclassic.com

ဆုံကြသည်။ ချင်းတွင်းမြစ်သည် ရေစကြိုနှင့် မျက်စောင်းထိုးတစ်ဖက်ကမ်းရှိ နန္ဒင်းကိုင်ရွာမှ စီးဆင်းပြီး မြစ်ဆုံရွာသို့ ဆက်လက်စီးဆင်းသွားသည်။

ရေစကြိုမှ ပခန်းငယ်သို့ စီးဆင်းလာသည့်ရေသည် ဦးမင်းကျော်တူးခဲ့သည့် တူးမြောင်းတွင် စီးဆင်းနေခြင်းဖြစ်သည်ဟု အမေဒေါ်လှကင်းမှ ပြောဆိုသည်။ ပခန်းငယ်နှင့် ထန်းတောကြီးရွာအကြားရှိ မြစ်သည် မူလက ချင်းတွင်းမြစ်မဟုတ်။ ဦးမင်းကျော်တူးခဲ့သည့် တူးမြောင်းသာဖြစ်သည်။ ယခုမှ မြစ်အသွင်ဖြစ်သွားခြင်းဖြစ်သည်ဟု ဆိုသည်။ ဤစကားတွင် အမှန်တရား မည်မျှပါလေသနည်း။

ရောဝတီနှင့် ချင်းတွင်းမြစ်ဆုံရာအရပ်သည် မြေနိမ့်ပိုင်းဖြစ်ခြင်းကြောင့် မိုးရာသီအခါတွင် ရေများလျှံတက်ပြီး ရေပြင်ကျယ်ကြီး ဖြစ်နေလေ့ရှိသည်။ ရေကျသွားသည့်အခါ ပို၍နိမ့်သည့်အပိုင်းများတွင် ရေများကျန်ရစ်ခဲ့ပြီး ချောင်းမြောင်းများအဖြစ် မြစ်တစ်ခုမှတစ်ခုသို့ စီးဆင်းကြသည်။ ဤဒေသသည် မြစ်ဝကျွန်းပေါ်ဒေသကဲ့သို့ပင် ကျွန်းများနှင့် ချောင်းမြောင်းများ အလွန်ပေါသည်။ ချင်းတွင်းနှင့် ရောဝတီမြစ်ကို ပေါင်းစပ်ပေးသည်။ ချောင်းနှင့်မြောင်းများ အများအပြားပင် ရှိသည်။

ပထဝီပညာရှင်များနှင့် ဆွေးနွေးကြည့်သည့်အခါ ယခုမြစ်ဆုံသည်သာလျှင် အစိကမြစ်ဆုံ ဖြစ်သည်။ အထက်တွင်ရှိသည့် မြစ်ဆုံများမှ မြစ်ရေကြီးပြီး လျှံသည့်အခါတွင်သာ ပေါ်ပေါက်တတ်ကြောင်း ပြောပြကြသည်။

ဤသို့ဆိုပါက ပခန်းငယ်နှင့် ထန်းတောကြီးအကြားတွင်ရှိသည့် မြစ်သည် ချင်းတွင်းမြစ်သာလျှင် ဖြစ်သည်။ တူးမြောင်းမဟုတ်နိုင်ပေ။

နတ်တစ်ဦးဦးသည် သဘာဝလောကမှ တောတောင်ရေမြေတစ်ခုခုကို ကိုယ်စားပြုတတ်ရာ ဦးမင်းကျော်သည် မည်သည့်သဘာဝအခြေကို ကိုယ်စားပြုသနည်း။ ဦးမင်းကျော်နတ်သမိုင်းတွင် တူးမြောင်းတူးခြင်းကိုလည်းကောင်း၊ နတ်ချင်းတွင် မြောင်းတူးရွာကိုလည်းကောင်း ဖော်ပြထားသဖြင့် ရောဝတီမြစ်နှင့် ချင်းတွင်းမြစ်အကြားဒေသရှိ ချောင်းနှင့် မြောင်းများကို ကိုယ်စားပြုလေသလောဟု စဉ်းစားဖွယ်ရာရှိပါသည်။

ဦးမင်းကျော်နတ်သည် ဗမာနတ်ဖြစ်သည်ဟု ထင်ရှားသည်။ သူ့အား တင်မြှောက်သည့်အခါ ကြက်သားသာမက ဝက်သားပါ တင်မြှောက်ရကြောင်းကို မြဝတီမင်းကြီးရေးသည့် နတ်ယိုင်သံတွင် ဤသို့ဖော်ပြထားသည်။

"ကြက်ကလေးငယ်ဆူ ဆူပါလွန်း၊ ဝက်တဲ့ဝက်သားပွမ်း၊ ဝက်သားပွမ်းနှင့် အရက်သောက်ချိန် တန်ချည့်လေ"

ဦးမင်းကျော် နတ်သံတွင်လည်း အမဲခြောက်၊ ချိုးငှက်၊ ငါးကင်တို့နှင့် တင်မြှောက်ရသည်ကိုလည်း တွေ့ရသည်။

"ကဇော်ရယ်မှ အိုးဖောက်၊ မိုးကိုမမြင်ရည်ရည်၊ ထင်ပင်(ထန်းပင်)ရေနောက်နှင့် မဲခြောက်ကျပ်တင်၊ ဆူစနီး ချိုးငှက်ကင်နှင့် ငါးကင်ဆီလူး၊ ပျို့တို့မောင် လူသောက်ခေါင်၊ မပြောင်ဘဲ မပြည်းဘူးဟေ့"

ဦးမင်းကျော်၊ ပခန်းကိုကြီးကျော်၊ ကိုကြီးကျော်ကို ပရိမ္မမြို့ရှိ နန်းတွင် "မြောင်းတူးကိုကြီးကျော်"ဟု ခေါ်ကြသည်။ မြောင်းတူးရွာဟုလည်း ဦးမင်းကျော် နတ်ပျော်ချင်းတွင် တွေ့ရသည်။ ဒေသခံများအား မေးကြည့်သည့်အခါ မြောင်းတူးရွာဟူသော အမည်ကို မကြားဖူးကြောင်း ပြောကြသည်။ ယခင်ကရှိခဲ့ပြီး မြစ်ရေတိုက်စားမှုကြောင့် ပျောက်ကွယ်သွားသည့်ရွာတစ်ရွာ ဖြစ်လေသလော။

စဉ်းစားတွေတောဖွယ်ရာပင်။ မြေပုံပေါ် ရှာကြည့်သော်ငြားလည် မြောင်းတူးရွာကို မတွေ့မမြင်ရ။

"ပခန်း ပခန်း ဘယ်ကယ်မှာ၊ ကိုးပယ်ဆယ်ပယ် ကြူးပါလို့ မြောင်းတဲ့ မြောင်းတူးရွာ၊ မြောင်းတူးရွာ ငယ်သာမော၊ ထန်းရည်အရက်ပေါ၊ အရက်ပေါတဲ့ မြောင်းတူးရွာ၊ သာလွန်းလှလေး"

"ကောက်ကလိန်၊ ကောက်ကလိန်၊ ကောက်တဲ့ ကောက်ကလိန်၊ ကောက်ကလိန် ကလိန်လစ်၊ ချင်းတွင်း ချင်းတွင်းမြစ်ကယ်နှင့်လေး။ ချင်းတွင်းမြစ်ကယ်နှင့် မြောင်းတူးရွာ၊ သာလွန်းလှလေး" (နတ်ပျော်ချင်း)

နတ်ပျော်ချင်းတွင် ဤသို့ဖော်ပြထားသဖြင့် မြောင်းတူးရွာသည် ချင်းတွင်းမြစ်နဖူးတွင် ရှိခဲ့ဟန်တူပေသည်။ မြစ်ရေတိုက်စားမှုကြောင့် ပြိုကျပျောက်ကွယ်ခဲ့ပေမည်။ မြောင်းတူးကိုကြီးကျော်ဟူသော အမည်ကလည်း ရှိနေခြင်းကြောင့် မြောင်းတူးရွာမပျောက်မကွယ်မီကပင် ထိုရပ်ရွာတွင် ထင်ရှားသည့် နတ်တစ်ပါးဖြစ်လိမ့်မည်ဟုလည်း ယူဆနိုင်ဖွယ်ရာ ရှိပေသည်။

သန်းဝင်း(ဘဏ်)



www.burmeseclassic.com

www.burmeseclassic.com

# ဦးမင်းကျော်နှင့် လေလံပွဲ



■ တင်ဝင်းညီ

စာရေးသူသည် ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာရှိ မိတ်ဆွေတစ်ဦးထံသို့ မကြာမကြာရောက်ဖြစ်သည်။ ၎င်းထံတွင် ဖတ်မှတ်ချင်စဖွယ် စာအုပ်ကောင်းများ တစ်ပုံတစ်ပင်ရှိနေသဖြင့် လိုချင်သည့်စာအုပ်ကို ငှားယူရန် သွားရောက်ခြင်းဖြစ်သည်။ သူကလည်း စာအုပ်ဝယ်ယူစုဆောင်းရာတွင် ဝါသနာထုံသူဖြစ်သည်။

စာအုပ်စာပေတွေ ဝယ်ယူစုဆောင်းပြီး ဘယ်အချိန်ဖတ်ပါလိမ့်ဟု တွေးထင်မိသည်။ တွေးထင်ရခြင်းမှာ သူသည် အလုပ်များနေ၍ဖြစ်သည်။ သူမိသားစုအလုပ်ကား စုံစီနဖာရှိသည်။ ကားလေလံ၊ အိမ်ခြံမြေလုပ်ငန်း၊ လမ်းတံတားလုပ်ငန်း၊ သစ်၊ ကျောက်လုပ်ငန်းစသည်တို့တွင် ပါဝင်လုပ်ကိုင်သလို၊ အစုရှယ်ယာများလည်း ထည့်ဝင်ထားသူဖြစ်သည်။

တစ်နေ့ သူခေါ်၍ တစ်နေရာဆီသို့ လိုက်သွားခဲ့သည်။ မရမ်းကုန်းမြို့နယ်ထဲက ခြံဝန်းကျယ်အတွင်းရှိ တိုက်အိမ်ကြီးတစ်အိမ်ဆီသို့ ဖြစ်သည်။

လေလံပွဲတစ်ခုအတွက် အပြိုင်အဆိုင် အနိုင်ရရှိရေးအတွက် ပူဇော်ပသပွဲလုပ်ရန်ရှိသည်ဟု မိတ်ဆွေက ပြောသည်။ စာရေးသူလည်း စူးစမ်းလိုစိတ်ရှိသူဖြစ်ရကား ယင်းပူဇော်ပသပွဲသို့ ရောက်ခွင့်ရခြင်းကြောင့် ဘဝင်ကျမိသည်။

တိုက်ခန်းအတွင်း ခန်းမကျယ်ကြီးတွင် လူအယောက် ၂၀ ခန့် တွေ့ရသည်။ ရုပ်ပုံကားချပ်ကြီးရှေ့တွင် ပွဲများပြင်ထားကြသည်။ ရုပ်ပုံကားချပ်ကြီးသည် ဦးမင်းကျော်၏ ရုပ်ပုံကားချပ်ဖြစ်သည်။ မြင်းစီးလျက် ညာဘက်လက်ကဓားရှည်ကိုင်ထားသည်။ မြင်းရုပ်တုန်ဘေးတွင် ကြက်ရုပ်တစ်ရုပ်ရှိပြီး ကစ်ဖက်တွင် အရက်ပုလင်းပုံ ဖြစ်သည်။

ရုပ်ပုံကားချပ်ရှေ့တွင် ကြွက်ငြီး



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်း အုန်းသီးတစ်လုံး၊ ရခိုင်ငှက်ပျောသီး အစိမ်းနှစ်ဖီးဖြင့် ပွဲပြင်ထားသည်။ ငွေစက္ကူတန်ဖိုး အမျိုးမျိုးထည့်ထားသော ငွေဖလားတစ်လုံး၊ သပြေပန်းနှစ်ခက်၊ စံပယ်ပန်းနှစ်ကုံး၊ ကြက်ကျော်လေးကောင်၊ အရက်ပုလင်းလေးလုံး(ဂျော်နီလမ်းလျှောက်အရက်များ)၊ ဖန်ခွက်လေးခွက်၊ အချိုရည်လေးပုလင်း၊ ဖယောင်းတိုင်လေးတိုင်၊ လက်ဖက်တစ်ပန်းကန်၊ မုန့်ဖြူ၊ မုန့်နီများဖြင့် ပြင်ဆင်ဆက်ကပ်ထားသည်။ အမွှေးနံ့သာများလည်း တစ်ခန်းလုံး သင်းပျံ့နေသည်။

လူတစ်ယောက်မှ ဝက်ပေါက်ကင်တစ်ကောင်ကို လင်ပန်းတစ်ချပ်ဖြင့် သယ်မလာသည်။

"ကဲ…ပြည့်စုံပြီ၊ လုပ်ငန်းစကြမယ်"ဟု ထိပ်ဘက်တွင် ထိုင်နေသည့် ဥပမိရုပ်ကောင်းကောင်း ပုဂ္ဂိုလ်က ပြောသည်။ အသံဩဇာလည်း ကောင်းလှပေသည်။ ထိုပုဂ္ဂိုလ်ကပင် ဦးမင်းကျော်နတ်အား ပင့်ခြင်း၊ ပသခြင်းအမှုကို ပြုသည်။

"ချစ်ခင်လေးစား အားထားယုံကြည်ရပါသော ဖေကြီးကျော်(ကိုကြီးကျော်)ခင်ဗျား…

သားတော်(ညီတော်)၊ သမီးတော်(ညီမတော်)တို့က စေတနာသဒ္ဓါတရားကြီးမားစွာဖြင့် ဤစားပွဲတော်၊ သောက်ပွဲတော်(အမြည်း ကြက်ကြော်၊ ဝက်ကင်၊ အဖျော်ယမကာများ)ကို ဆက်သပါသည်။

လျှင်စွာခဏ မဆိုင်းမတွ ကြွရောက်၍ ပျော်ပျော်ကြီး စားတော်ခေါ်သောက်တော်မူပါခင်ဗျား။

အဘကျော် (ကိုကြီးကျော်) ချီးမြှောက်စောင့်ရှောက်မစမှုကြောင့် သားတော်၊ သမီးတော်များ ယခုကဲ့သို့ ချမ်းချမ်းသာသာ၊ ကျန်းကျန်းမာမာနှင့် မိသားစု ပျော်ရွှင်ချမ်းမြေ့စွာ နေနေရပါသည်။

လာမည့် လာမည့် လစဉ်လတိုင်း၊ နှစ်စဉ်နှစ်တိုင်းတွင်လည်း စီးပွားဉစ္စာ၊ ရတနာရွှေငွေ၊ ဆန်ရေစပါး ပေါများကြွယ်ဝချမ်းသာမှုရစေရန် ဆထက်ထမ်းပိုး တိုး၍တိုး၍ ချီးမြှောက်မစတော်မူပါ။

လောင်းကစားယှဉ်ပြိုင် လေလံအပြိုင်ဆွဲရာတို့တွင် အနိုင်ရအောင် မစပေးတော်မူပါ။ ပြိုင်ဘက်လူကို ခေါင်းမပြူသာအောင် နှိပ်ကွပ်ပေးတော်မူပါ။ ပြိုင်ဘက်နှင့်ပြိုင် အနိုင်ရသည့်အခါတိုင်း ကိုကြီးကျော်အလိုကျ ဆက်သပါမည်ဟု ကတိစကား ပြောကြားပါသည် ခင်ဗျား"

ပုဂ္ဂိုလ်ကြီးက ယင်းသို့ ပင့်ဖိတ်ပူဇော်ပသပြီး အရက်ပုလင်းကိုဖွင့်၊ အရက်တစ်ခွက် ငှဲ့သည်။ ပန်းကန်လွတ်တစ်ချပ်ထဲသို့ ကြက်ကြော်နှင့် ဝက်ကင်ကို ဖဲ့၍ထည့်ပြီး ဦးမင်းကျော်ဆက်သည်။

ပြီးနောက် သူလည်း သောက်စားပြီး သီချင်းတစ်ပုဒ်စ၊ နှစ်ပုဒ်စဆိုသည်။

"ကြက်ကလေးငယ် ဆူ ဆူပါလွန်း ××× ဝက်တဲ့ဝက်သားပွမ်း ××× ဝက်သားပွမ်းနှင့်အရက် ××× သောက်ချိန်တန်ချည့်လေး ×××"

"ကဇော်ရယ်မှ အိုးဖောက် ××× မိုးကိုမမြင်ရည်ရည် ××× ထင်ပင်(ထန်းပင်) ရေနောက်နှင့် မဲခြောက်ကျပ်ကင် ဆူစနီး ××× ချိုးငှက်ကင်နှင့် ငါးကင်ဆီလူး ××× ပျိုတို့မောင် လူသောက်ခေါင် မပြောင်ဘဲ ××× မပြည်ဘူးဟော့"

"အင်းနားနေ ရေကြည်သောက်တဲ့ ဖောင်းကလေး ××× နံ့နက်ရေနွေး၊ ညရေအေး ××× မောင်ကျော်စွာမွေးသည့် ဖောင်းကလေး ××× ပုဆိုးကွက်ဝါ ××× ကြက်ပြာတိုက်ပါလို့ ××× အလိုက်ကလေးကြောရအောင် ××× ရွှေခန်းသူများမောင် ××× ရွှေခန်းသူရင်လေနဲ့တယ် ××× ဘိန်းလေးလေး ဘိန်းလေး ×× မော်ပွဲကျဲ"

ပုဂ္ဂိုလ်ကြီး ကြက်တိုက်ချင်းဆို၍ ကြက်တိုက်ဟန်ပြုသည်။ လက်မှ ငွေဖလားကို ကိုင်ပြီး ကြက်လောင်းဟန်ပြုရာ အားလုံးမှ ငွေများထည့်ဝင်ကြသည်။ တစ်ခဏအတွင်း ခွက်ဖလားအတွင်း ငွေများ ပြည့်မောက်သွားသည်။

ထို့နောက် တိုက်ပိုင်ရှင်ဖြစ်ဟန်တူသူများ မိသားစုဝင်တို့မှ စားပွဲများခင်းပြီး ကြက်ကြော်၊ ဝက်ကင်၊ စားသောက်ဖွယ်ရာများ၊ အရက်ပုလင်းများဖြင့် တည်ခင်းဧည့်ခံသည်။

အမျိုးသားတို့က ယမကာပုလင်းဖွင့်၍ ကိုယ်စီငှဲ့ယူကာ ကြက်ကြော်၊ ဝက်ကင်တို့နှင့် မြည်းယူစားသောက်ကြသည်။ အမျိုးသမီးတို့က အချိုရည်ပုလင်း ကိုယ်စီနှင့် ဖြစ်သည်။

မိတ်ဆွေဖြစ်သူက သူတို့သည် လေလံပွဲရှိတိုင်း ဦးမင်းကျော်ကိုပင့်ခေါ်ပသကြသည်။ လေလံအောင်သည်ဟူ၏။ ဟုတ်၊ မဟုတ်တော့ မသိ။ မိတ်ဆွေဖြစ်သူအပါအဝင် သူတို့အားလုံး ချမ်းသာနေကြသည်ကတော့ အမှန်ပါတည်း။

**တင်ဝင်းညီ**



www.burmeseclassic.com

www.burmeseclassic.com

# ဦးမင်းကျော်နတ်အကြောင်း တစေ့တစောင်း

● မြမောင်သား

တောင်ပြုန်းနတ်ပွဲကို ဝါခေါင်လဆန်း ၁၀ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကျင်းပသည်။ နတ်ပွဲအပြီး ဝါခေါင်လပြည့်ကျော် ဂ ရက်နေ့တွင် ရဟန်းသံဃာတော်တို့အား နတ်နန်းတွင် ဆွမ်းကပ်လှူပြီး တရားနာပွဲပြုလုပ်လေ့ရှိသည်။

အလုံ ဘိုးတော်ကြီးနတ်ပွဲကို တပေါင်းလပြည့်ကျော် ၉ ရက်နေ့မှ လကွယ်နေ့အထိ ကျင်းပသည်။ တပေါင်းလပြည့်ကျော် ၁၃ ရက်နေ့တွင် သံဃာ ၃၇ ပါးအား ဆွမ်းလောင်းပွဲပြုလုပ်သည်။ သီတင်းကျွတ်လပြည့်နေ့ နံနက် ဂ နာရီတွင် ဘိုးတော်ကြီးအား အလုံမြို့တစ်ဖက်ကမ်းရှိ ရွှေတောင်ဦးတောင်သို့ အခမ်းအနားနှင့် ပို့ဆောင်ကြသည်။ ဘိုးတော်ကြီးသည် ထိုတောင်၌ တရားအားထုတ်သည်ဟု ဆိုကြသည်။

ပခန်းဦးမင်းကျော်၏ နတ်နန်းရှိသည့် ကူနီရွာတွင် ရွှေမုဋ္ဌောဘုရားရှိသည်။ ထိုဘုရားကို ဘိုးကျော်စွာခေါ် ဦးမင်းကျော်တည်ထားခဲ့သည်ဟု ပြောဆိုကြသည်။

ရွှေစာရံဘုရားအမသည် စောမွန်လှဖြစ်သည်။ ထိုဘုရားကို စောမွန်လှပင် တည်ထားခဲ့သည်ဟု ယုံကြည်ပြောဆိုကြသည်။ အမေရေရှင်မယ်တော်ကြီးသည် မောင်းတံရွာတွင် ဘုရားတည်သည်ဟု ဆို၏။

ရိုးရာနတ်တို့က ဘုရားအမ၊ ဘုရားဒါယိကာ အမည်ခံယူခြင်း၊ ဥပုသ်ဆောက်ဝင်ခြင်း၊ ဆွမ်းလောင်းခြင်း၊ ဆွမ်းကျွေးခြင်း၊ ဘုရားတည်ခြင်း စသည့်လုပ်ဆောင်မှုများသည် ဗုဒ္ဓဘာသာနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးအတွက် နတ်ယုံကြည်သူတို့က ပြုလုပ်သည့် အပြုအမူများဖြစ်ကြသည်ဟူ၏။

ယေဘုယျအားဖြင့် နတ်ယုံကြည်မှုရှိသူတို့သည် ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်မှုနှင့် ယှဉ်ပြိုင်မှု မပြုဝံ့ကြချေ။ သူတို့ယုံကြည်မှု အဖျက်ဆီးမခံရလေအောင် ဆောင်ရွက်ထားတတ်ကြသည်။ သို့သော်လည်း ဗုဒ္ဓဘာသာ သက်ဝင်ယုံကြည်မှုအား ဆန့်ကျင်သည့် အပြုအမူ အနည်းငယ်ကိုလည်း အချို့နေရာများတွင် တွေ့မြင်ကြရသည်။

ဗုဒ္ဓဘာသာတစ်ဦး လိုက်နာရမည့် အနိမ့်ဆုံးစည်းကမ်းသည် ငါးပါးသီလ ဖြစ်သည်။ သတ်ဖြတ်ခြင်း၊ ခိုးယူခြင်း၊ သူတစ်ပါးသားမယားအား ပြစ်မှားကျူးလွန်ခြင်း၊ လိမ်ညာပြောဆိုခြင်း၊ သေရည်သေရက်သောက်စားခြင်းတို့ကို ရှောင်ရှားရမည်ဟု သတ်မှတ်ချက်ရှိသည်။

ဘုရားတည်ဆောက်ခြင်း၊ ဥပုသ်ဆောင်ဝင်ခြင်း စသည့်အပြုအမူများ ပြုလုပ်သည့်နတ်များရှိသကဲ့သို့ ငါးပါးသီလအားလုံးကို ချိုးဖောက်သည့် နတ်တစ်ပါးလည်း ရှိသည်၊ ထိုသူသည် ပခန်းဦးမင်းကျော်ပင် ဖြစ်သည်။

ပခန်းဦးမင်းကျော်သည် အစ်ကိုဖြစ်သူ စည်သူအားသတ်သည်။ ခွန်ချို၊ ခွန်သာကိုလည်း သတ်သည်။ ပန်းတောင်းပြည့်ရှင် မင်းလှစည်သူနှင့် ကူနီဒေဝီကိုလည်း သတ်ဖြတ်ကာ ထီးနန်းလုယူသည်။



www.burmeseclassic.com

www.burmeseclassic.com

ရှမ်းပြည်နယ်တွင် ပုန်ကန်မှုမရှိဘဲ ဘုရင့်အား လိမ်ညာလျှောက်တင်ပြီး ခွန်ချို၊ ခွန်သာအား စေလွှတ်သည်။ ထီးနန်းလုယူခြင်းမှာ ခွန်ချို၊ ခွန်သာအတွက်ဖြစ်ကြောင်း လိမ်ညာပြောသည်။

ဦးမင်းကျော်၏မယ်တော်သည် ရွှေကိုင်းကတော်ဖြစ်ပြီး အလွန်လှပသူဖြစ်သည်။ နတ်ဘဝတွင် ဦးမင်းကျော်သည် ပုဏ္ဏားဖြူ၊ ပုဏ္ဏားညိုတို့ကိုမေးကာ မယ်တော်အား မိဖုရားအဖြစ် ကောက်ယူရန်ကြံစည်သည်။ မယ်တော်က မသင့်လျော်ပါဟုဆိုကာ လက်မခံ။ ထိုအခါ ဦးမင်းကျော်က စိတ်ဆိုးပြီး သန်လျက်နှင့် မယ်တော်၏မျက်လုံးများကို ဖောက်ပစ်သည်။ မယ်တော်က စိတ်နာပြီး ဦးမင်းကျော်နှင့် အတူမနေ၊ ခွဲနေ၏။ နတ်ပွဲကာလအတွင်းမှာသာ ဦးမင်းကျော်ရှိရာသို့ လာသည်။ သားကို စိတ်နာလွန်းသဖြင့် မျက်နှာချင်းမဆိုင်။ နတ်နန်းပေါ်သို့ တက်ရာတွင်လည်း နောက်ပြန်ကျောပေးပြီးတက်သည်။

မငွေတောင်အရွယ်မရောက်မီ ကလေးသာသာဘဝတွင် ဦးမင်းကျော်က ခိုးယူပေါင်းသင်းပြီး ပရိမ္မအရပ်တွင်ထားသည်။ ပရိမ္မရှိ ထီးဖြူစောင့်နတ်က အသက်အရွယ်ငယ်သေးသူ မငွေတောင်အား သနားသဖြင့် သူ၏ဒေသ အလုံသို့ ပြန်လွှတ်သည်။ မငွေတောင်လည်း ယောကျ်ားများကို စိတ်နာပြီး ယောကျ်ားမှန်သမျှ ဖျက်မည်ဟု ကြိမ်းဝါးကာ ထဘီမ၍ ပြန်သွားခဲ့သည်ဟူ၏။

ဦးမင်းကျော် အရက်ကြိုက်ပုံကား အထူးပြောရန်မလို။ အားလုံးအသိပင် ဖြစ်သည်။ သူ့အကြောင်းရေးသားထားသည့် နတ်သံတစ်ခုတွင် ဤသို့ဖော်ပြထားသည်။

*"ရွှေခန်းငယ်မှ အရေ့ဆီလေ*
*ကူနီကျော်သောင်း*
*သာမျိုးပေါင်းနှင့်၊ မြောင်းတူးနန်းပျော်*
*ဖျော်ယမကာ ပွဲစုံကျင်းပါတဲ့*
*မောင်မင်းကျော်*
*ကဇော်ငယ်မှ အိုးဖောက်*
*မိုးကိုမမြင် ရီရီထင်*
*ပင်ရေနောက်နှင့် မဲခြောက်ကျပ်တင်*
*ဆူစနီး ချိုးငှက်ကင်နှင့်*
*ငါးကင်ဆီလူး*
*ပျိုတို့မောင် လှသောက်ခေါင်*
*မပြောင်ဘဲ မပြည်းဘူးဟော့…။"*

ဦးမင်းကျော်သည် မူလက သုံးမြို့ရှင်နတ်ကဲ့သို့ပင် ကြက်သမားနတ်ဖြစ်သည်။ ကြက်တိုက်ကစားသူတို့ အားထားသည့် နတ်တစ်ပါးဖြစ်သည်။ ကြက်တိုက်ပွဲတွင် အနိုင်ရအောင် သူ့အား ပသကြသည်။ ကနားပွဲတွင် ဦးမင်းကျော် နတ်ဝင်ဟန်ပြသည့်အခါ နတ်ကတော်များ ကြက်လောင်းကြသည်။ ကြက်ရုပ်ကိုကိုင်ကာ ကပြီး ငွေအလှူခံခြင်းသည် ကြက်လောင်းခြင်းပင်ဖြစ်သည်။

ဦးမင်းကျော်နတ်ပွဲသည် တောင်ပြုန်းပွဲပြီးလျှင် အစည်ကားဆုံးဖြစ်သည်။ နတ်ယုံကြည်သူတို့လောကတွင် ဦးမင်းကျော်သည် အလွန်ထင်ရှားသောနတ်တစ်ပါးဖြစ်သည်။

ဤရွေ့ ဤမျှ အကျင့်စရိုက်ဆိုးရွားလှသော နတ်တစ်ပါးကို နတ်ယုံကြည်သူတို့သည် အဘယ်ကြောင့် ဖန်တီးထားကြပါသနည်း။ အဘယ်ကြောင့် ယုံကြည်အားပေးကိုးကွယ်နေကြပါသနည်း။ ကြက်သမားနတ်သည် မူလက ထန်းရည်သောက်တတ်ရုံမျှသာ ရှိပါလိမ့်မည်။ ယခုအခါတွင်မူ ဗုဒ္ဓဘာသာယုံကြည်သက်ဝင်သူတို့ လိုက်နာရမည့် အခြေခံစရိုက်ငါးပါးကို ကျူးလွန်သူဖြစ်လာသည်။ အဘယ်ကြောင့် ကျူးလွန်သူနတ်တစ်ဦးကို ဖန်တီးထားရပါသနည်း။ အစဉ်းစားရကျပ်လှပါဘိ။

နတ်သမိုင်းသည် နတ်သမိုင်းသာ ဖြစ်သည်။ လူ့သမိုင်းဖြစ်ရပ်မှန်တော့ မဟုတ်။ ရှေ့နောက်မညီညွတ်မှုများ၊ မယုံကြည်နိုင်စရာ အချက်များ ပါရှိနေနိုင်သည်။ နတ်သမိုင်းသည် နတ်ယုံကြည်သူတို့ စိတ်ကွန့်မြူးကာ ဖန်တီးထားမှုသာ ဖြစ်ပေလိမ့်မည်။

**မြမောင်သား**

**ကျမ်းကိုး**

ခင်မောင်သန်း(စိတ်ပညာ) "အယူသီးမှု၊ နတ်ကိုးကွယ်မှုနှင့် စိတ်ပညာရှုထောင့်"



www.burmeseclassic.com

www.burmeseclassic.com

# ပခန်းဦးမင်းကျော် နတ်ပွဲ

■ နီငြိမ်း(အညာတက္ကသိုလ်)



**နတ်သံ နတ်သီချင်းသံများ**

"မြောင်းတူး . . . မြောင်းတူးရွာ၊ မြောင်းတူးရွာသာမော . . . စိန်ပင်အရက်တော။ ထန်းရည်ပေါ်တဲ့ မြောင်းတူးရွာ ငယ်မှာ . . . ပျော်တယ်ကွဲ့ . . . လေး"၂

"တစ်ထုပ်-နှစ်ထုပ် ကျောက်ခေါင်း ပုစွန်တုပ်ကယ်နဲ့လေး . . . တစ်ထုပ်ကယ်ရပြန်လျှင်၊ ညှပ်ကလေးနဲ့ကင်၊ စိန်ပင် စိန်ပင် တစ်ကျိုက် နှစ်ကျိုက်၊ မောင်မင်းကျော် ပျော်လိုက်ချည့်လေး"

"သောက်တော်ဘူးရယ်နဲ့ . . . ; အိုမကွာ . . . အိုမကွာ၊ မြောင်းတူးရွာ အရက်တော . . . ထန်းရည်ကပေါ်"

*(ရှေးရေးနတ်ချင်း)*

"ပခန်း ပခန်း ဘယ်ကယ်မှာ၊ ဆယ်ပယ်ကိုးပယ် ပြောင်းပါလို့ မြောင်းတဲ့ မြောင်းတူးရွာ၊ မြောင်းတူးရွာသာမော၊ ဘိန်းနဲ့အရက်ပေါ်၊ အရက်ပေါ်တဲ့ မြောင်းတူးရွာ၊ သာလွန်းလှလေး"၂

"ကောက်ကလိန်၊ ကောက်ကလိန်၊ ကောက်တဲ့ ကောက်ကလိန်၊ ကလိန် ကလိန်၊ ချင်းတွင်းရေနဲ့မြစ်"



www.burmeseclassic.com

www.burmeseclassic.com

"မြောင်းတူးရွာအလည်ရောက်၊ ဝိတောက်နဲ့ ရွှေကူနီ . . . သင်းပျံ့ခဲ့ပြီ။ ညနေရီ နွယ်နီသောင်စွန်း . . . ကိုကြီးကျော် ပလီလွန်း။ ဘိန်းစိုက်တဲ့ကျွန်း"

***(ခေတ်ပေါ်နတ်ချင်း)***

မနှစ်က တပေါင်းလတွင် ပခန်းကြီး၊ ပခန်းငယ်သို့ ကျွန်တော်ရောက်သွားသည်။ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကိစ္စလည်း ပါသည်။ ပခန်းမှာ ပခုက္ကူနှင့် မလှမ်းမကမ်းတွင်ရှိသဖြင့် အကြိမ်ကြိမ်ရောက်ခဲ့ဖူးပါပြီ။ ယခုလည်း ကိုကြီးကျော်ပွဲ နွဲရန် ပခန်းသို့ ရောက်ရပြန်သည်။

တပေါင်းလဆန်းပိုင်း ဒိုးဦးဆွဲချိန်ဖြစ်၍ နတ်ကနားဆိုင်းဝိုင်းများ အပြိုင်ကြဲနေကြသည်။ ဒိုးဦးဝိုင်းဆိုသည်မှာ နတ်ပွဲတွင် ဆိုင်းဆရာများ ဆိုင်းစတီးခြင်းကို ဆိုလိုပါသည်။ ကျွန်တော် ပခန်းပွဲရောက်ချိန်တွင် အထက်ပါသီချင်းများကို သီဆိုကာ နတ်ဆရာများက နတ်ပွဲစခဲ့ကြလေပြီ။

## ဗိုလ်မှူး ဗိုလ်မင်းကျော်ရဲ့ဘဝ


ပန်းတောင်းပြည်တွင် ထိုအချိန်က ဘုရင်မင်းလှစည်သူနှင့် မိဖုရားကြီးကူနီဒေဝီတို့ စံမြန်းနေသည်။ သူတို့တွင် သားတော်အိမ်ရှေ့စား ကိုးမြို့ရှင်နှင့် သမီးတော် ပုလဲယဉ်တို့ ရှိသည်။ မင်းလှစည်သူဘုရင်က အထိန်းတော် ဗလကျော်ထင်နှင့် သူ၏သား ဗိုလ်မင်းကျော်တို့ကို မြှောက်စားထားသည်။

အထိန်းတော် ဗလကျော်ထင် ကွယ်လွန်သော် ဗိုလ်မင်းကျော်ကို သားအဖြစ် မွေးစားပြီး မင်းသားအရာ ပေးခဲ့သည်။ ဗိုလ်မင်းကျော်မှာ မြင်းစီးကောင်း၍ တိုက်ရေးခိုက်ရေး ကျွမ်းသည်။ ဗိုလ်မင်းကျော်သည် ဘုရင့်သားတော်ဖြစ်လာချိန်တွင် ဦးညိုခိုသူကို အိမ်တော်ဝန်ခန့်ကာ ကိုယ်တိုင်မှာမူ အသောက်အစား အပျော်အပါးများနှင့် အချိန်ကုန်ခဲ့ပါသည်။ ကြက်တိုက်သည်၊ အရက်သောက်သည်၊ ဖဲရိုက်လောင်းကစားပြီး မိန်းမလည်း ပွေသည်။

ထိုအချိန်က ရှမ်းပြည်တွင် မိုင်းပျင်းစား စော်ဘွားစောခွန်ကြည်နှင့် ကျိုင်းတောင်းစား စောသီဟတို့ အချင်းများ၍ တိုက်ခိုက်ကြရာ စည်သူရှင်ဘုရင်က ဗိုလ်မင်းကျော်အဖွဲ့ကို စစ်ကူလွှတ်လိုက်သည်။ အောင်မြင်သဖြင့် ဘုရင်ထီးဘုရားက ဗိုလ်မင်းကျော်ကို ပခန်းမြို့အား အပိုင်စားစေရာ (ပခန်းမင်းကျော်) ဖြစ်လာခဲ့သည်။ တစ်နေ့တွင် ဦးမင်းကျော်သည် မြို့ဝန်ဦးညိုကိုခေါ်ပြီး တောလိုက်ထွက်ကြသည်။ လမ်းတွင် စကားဝါပင်တစ်ပင်တွေ့ပြီး ပန်းများ အခိုင်လိုက်ပွင့်နေသည်။ ပန်းလိုချင်ဇောဖြင့် စကားဝါပင်ကိုခုတ်ရာ သစ်ပင်ပိပြီး နှစ်ယောက်လုံးသေ၍ နတ်ဖြစ်ကြသည်ဟု ဦးမင်းကျော်သမိုင်းစာအုပ်၌ ဖတ်ရသည်။

## ကိုယ်တိုင်နတ်ကွန်းဆောက်ခဲ့

ဦးမင်းကျော်မှာ အသောက်အစား အပျော်အပါး များသော်လည်း လုပ်ငန်းလုပ်ရာ၌ တက်ကြွနိုးကြားလှသည်။ နတ်ဖြစ်လျှင် အညာကြွသွားပြီး လူ




နန်းထဲက ဦးမင်းကျော် မြင်းစီးရုပ်တု



www.burmeseclassic.com

www.burmeseclassic.com



အလယ်မဟို နန်းတစ်နေရာ

ယောင်ဆောင်ကာ သစ်ခုတ်သမားများ ငှားသည်။ သစ်ကြီးဝါးကြီးများကို စိတ်ကြိုက်ရွေးခုတ်ပြီး သလ္လာကြောအတိုင်း မျှောယူ၍ နန်းဆောက်ခဲ့သည်။ ပခန်းကြီးနတ်နန်းကား ဦးမင်းကျော်ကိုယ်တိုင် ဆောက်ခဲ့သဖြင့် ကြီးကျယ်ခမ်းနားလှ၏။

ဦးမင်းကျော်ကန်တော့ပွဲ ပြင်နည်းကို အလျဉ်းသင့်၍ ဖော်ပြပါမည်။ နတ်နန်းဆောက်ပြီး ဦးမင်းကျော်ပန်းချီ (သို့) ပန်းပုရုပ်ကို လှလောက်ထုဆစ်ထားရသည်။ ပန်းအိုးတစ်လုံး၊ ငွေအကန်တော့ခံဖလားကြီးတစ်ခု၊ သောက်တော်ရေနဲ့ အရက်ပုလင်းရှိရမည်။ ပွဲပြင်ချိန်တွင် ကြွက်မြီးကောင်းကောင်း၊ အလုံးလှလှ အုန်းသီးတစ်လုံး၊ ရခိုင်ငှက်ပျောသီး အစိမ်းနှစ်ဖီး၊ ငွေစက္ကူမျိုးစုံ ထည့်ထားသော ငွေဖလားတစ်လုံး၊ သပြေပန်းနှစ်ခက်၊ စံပယ်ပန်းနှစ်ကုံး၊ ကြက်ကျော်လေးကောင်၊ အရက်လေးပုလင်း၊ ခွက်လေးလုံး၊ အချိုရည်လေးပုလင်း။ ဖယောင်းလေးတိုင်၊ လက်ဖက်တစ်ပန်းကန်၊ မုန့်ဖြူ၊မုန့်နီတစ်ပွဲဖြင့် ပွဲပြင်ထားပါ။ အုန်းငှက်ပျောပွဲဇလုံကို သန့်စင်အောင်ဆေးကြောပြီးမှ ထည့်ပါ။ မိမိနှစ်သက်ရာ အမွှေးတိုင်များလည်း ထွန်းညှိထားနိုင်သည်။ ကန်တော့ပွဲထိုးချိန်တွင် ပွဲထိုးသူက ဤသို့ ဆုတောင်းရမည်။

“ယုံကြည်လေးစား နတ်အများနှင့် ကိုကြီးကျော်ခင်ဗျား…။ ညီတော်၊ ညီမတော်တို့က သဒ္ဓါကြည်ညိုစွာဖြင့် ဤစားတော်ပွဲ၊ သောက်တော်ပွဲ ကြက်ကြော်၊ ငှက်ကြော်၊ ယမကာများကို ဆက်သပါသည်။ ကိုကြီးကျော်ကိုယ်တိုင် မဆိုင်းမတွ လာရောက်သုံးဆောင်ပါရန်။ အဖေကျော်မ၍ သားသမီးတို့ ကျန်းမာ၊ ချမ်းသာ လိုကြပါသည်။ မိသားစုက အမြဲမပြတ်ပူဇော်ပါမည်။ ဆန်ရေစပါး၊ ဥစ္စာရွှေငွေများ ချီးမြှင့်ပေးသနားပါရန်။ လောင်းကစားတိုင်း အနိုင်ရပါစေ။ ထီထိုး၍ အကျိုးပေးပါစေ။ ဖြိုင်ဆိုင်သူရှိက သားတို့ သမီးတို့ကိုသာ အနိုင်ပေးပါ အကိုကျော်ခင်ဗျား”

မိမိတို့ တတ်သမျှ မှတ်မိသမျှဖြင့် ရှိသေစွာ ကန်တော့ဖို့လိုသည်။

## ပခန်းပွဲ ကျင်းပပုံ(အဆင့်ဆင့်)

ပခန်းဦးမင်းကျော်ပွဲကို နှစ်စဉ် တပေါင်းလဆန်း ၁ ရက်နေ့မှ တပေါင်းလပြည့်နေ့အထိ ရက်သတ္တ နှစ်ပတ်ပြု လုပ်ကြရပါသည်။ မြန်မာနိုင်ငံအရပ်ရပ်မှ ယုံကြည်ကိုးကွယ်သူများ၊ နတ်ထိန်း၊ နတ်ယများ လာရောက်ကြရသည်။ ပခန်းဦးမင်းကျော်ဘက်မှာ မန္တလေး တောင်ပြုန်းပွဲလိုပင် စည်ကားလှသည်။ ရိုးရာမပျက် ပူဇော်လိုသူတိုင်း တပေါင်းလမဆန်းမီ တပို့တွဲလကွယ်ရက်ကတည်းက ရောက်ကြရသည်။

တပေါင်းလဆန်း ၁ ရက်၊ ၂ ရက် ညီလာခံပြီး ၃ ရက်နေ့တွင် ချိုးရေတော်သုံးသည်။ ညီလာခံ စသည်နှင့် နန်းကြီးနှင့် ပတ်ဝန်းကျင်ရှိ အမှိုက်သရိုက်များ သန့်ရှင်းအောင်လှည်းကျင်းပြီး၊ နတ်ထိန်းတို့က စံနန်းကိုဦးတိုက်ကာ ကန်တော့ရသည်။ ရွှေပွဲလာသူစာရင်းကိုလည်း နတ်ထိန်းများက မှတ်သားထားသည်။ တပေါင်းလဆန်း ၁ ရက်နေ့မမီလျှင် ၂ ရက်နေ့တွင် ညီလာခံကန်တော့ပွဲ လုပ်သည်။

## ချိုးရေတော်သုံး၍ ရွှေပုံဆင်းခြင်း

ပခန်းနယ်တစ်ဝိုက်နေ ဝေါထမ်း၊ ယာဉ်ထမ်း၊ ယမားကိုင်၊ သိုင်းကိုင်၊ ကျိုင်းကိုင်၊ သောက်ရေတော်ကိုင်၊ ကွမ်း



www.burmeseclassic.com

www.burmeseclassic.com

အစ်တော်ကိုင် အားလုံး လဆန်း ၃ ရက် နံနက် ၁၀ နာရီတွင် ချင်းတွင်းမြစ်ကမ်း ဆင်းသွားသည်။ ဝေါပေါ်တွင် ရှေ့ဆုံးက မင်းနှစ်ပါး၊ နောက်က မင်းနှစ်ပါး၊ ပေါင်းလေးပါး စီးနင်းလိုက်ပါသွားသည်။ ရှေ့က နှစ်ပါးမှာ ခမည်းတော် စည်သူ့ရှင်နတ်မင်းနှင့် ဦးမင်းကျော်ဖြစ်၏။ နောက်မင်းနှစ်ပါးမှာ ဝေဠုဝတီ မိဖုရားနှင့် အရက်သည်မ မဘို့မယ် ဖြစ်ပါသည်။

ဦးမင်းကျော်ရုပ်တုတွင် မြင်းစီးပြီး ဓက်ကို ညာလက်ဖြင့်ကိုင်ကာ၊ နင်တံကို ဘယ်လက်ဖြင့် ကိုင်ထားသည်။ ဝေါတော်ရှေ့မှ လူများက ရှေ့ဝင်းခင်းသွားကာ နောက်က ဝေါထမ်းမှာ အနောက်ဝင်းခင်းကာ လိုက်ရ၏။

နတ်ထိန်း၊ နတ်ယများပါ ဖောင်ပေါ်တက်ကာ ဖောင်စုန်၍ ဒိုးဆွဲတီးမှုတ်သည်။ နေ့လယ် ၂ နာရီတွင် ဖောင်ပေါ်၌ ဦးမင်းကျော်ကို ရေချိုးပေးပြီး၊ ၃ နာရီ ကုန်းပေါ် ပြန်တက်သည်။ ညေ့ခံနန်းပေါ်ရောက်လျှင် ရိုးရာရှိသူများ ထိုင်ကန်တော့ပြီး စားသောက်ဖွယ်ရာများဖြင့် စားတော်တိုက်သည်။ ထို့နောက် ပုံတော်နန်းတော်ကို ဟင်္သာပြဒါး သစ်စေးသုတ်သည်။ ဤသည်ကို ရွှေပုံဆင်းသည်ဟု ခေါ်၏။

## ဒိုးဦး၊ ဒိုးလယ် ဆွဲပွဲများ

တပေါင်းလဆန်း ၅ ရက် ဒိုးဦးဆွဲရာ အောက်ပါအစီအစဉ်အတိုင်း နတ်ကြီးပင့်ပွဲ လုပ်သည်။

အိမ်တွင်းခုနစ်ဖော်အကာ၊ မင်းညီနောင် ယုန်လိုက်,ယုန်ထိုးအကာ၊ မောင်ဖြူ,မောင်ညို လက်ခြောက်ဖက်အကာ၊ ပုဏ္ဏားမယ်တော် မယ်ဝဏ္ဏအကာ၊ ရေယာဉ်ကတော်နှင့် ကတော်လေးပါးအကာ၊ မြင်းဖြူရှင်အကနှင့် လေးကျွန်းမောင်အကတို့ ဖြစ်သည်။ ပြီးလျှင် ဦးမင်းကျော်ကို ပင့်ဖိတ်၍ ကြက်တိုက်ပွဲလုပ်သည်။ ပခုက္ကူ၊ မြောင်၊ ရေစကြို၊ မြင်းခြံဘက်မှ လောင်းကစားသမားများ ပါကြသည်။ ဒိုးလယ်ဆွဲပွဲကိုမူ လဆန်း ၈ ရက်နေ့တွင် လုပ်ပါသည်။

## တက်ပွဲလုပ်ခြင်း

တပေါင်းလဆန်း ၉ ရက်၊ ၁၀ ရက်တွင် တဖွဲဖွဲရောက်လာသူများ ကန်တော့ပွဲများဆက်ခြင်း၊ ပန်းနံ့သာ ဆက်၍ ကခုန်ခြင်း လုပ်သည်ကို တက်ပွဲဟုခေါ်သည်။ တပေါင်းလဆန်း ၁၁ ရက်နေ့တွင် မင်းနှစ်ပါး စစ်ကြိုပွဲလုပ်သည်။ ဘုရင်အနော်ရထာနှင့်အတူ တရုတ်ပြည်ပါသွားပြီး၊ တောင်ပြုန်းအရပ်၌ အသတ်ခံရသော တောင်ပြုန်းမင်းညီနောင်ကို ကြိုဆိုခြင်းဖြစ်သည်။ အထူးသဖြင့် မင်းညီနောင်နှင့်ဆိုင်သော နတ်ချင်းများ တီးမှုတ်ကခုန်ပါသည်။

## နေရင်းမင်းကြီးကန်တော့ပွဲ

ဦးမင်းကျော်၏ အစ်ကိုသည် နေရင်းရွာနတ်နန်း၌ ရှိနေသည်။ နေရင်းမင်းကြီးနတ်ဟု ခေါ်သည်။ တပေါင်းလဆန်း ၁၂ ရက်နေ့တွင် နေရင်းရွာမှ လှည်းတန်းဖြင့် နေရင်းမင်းကြီးကြွလာပြီး ပခန်းအလယ်နန်းရှေ့၌ အကန်တော့ခံပါသည်။ ပိုင်သူဆိုင်သူအားလုံးက နေရင်းအစ်ကိုကြီးကို ပင့်လာရာ ဦးမင်းကျော်က ဆင်း၍ကန်တော့သည်။

## မယ်တော်ကြီးလည်း ကြွချိလာ

ပခန်းပွဲမှာ ပျော်ပွဲရှင်ပွဲဖြစ်၍ စောစောပိုင်းတွင် မယ်တော်ကြီးမကြွလာပါ။ ပွဲသိမ်းရက် တပေါင်းလဆန်း ၁၃ ရက်နေ့တွင် နွယ်နီရွာ၌နေသော မယ်တော်ကြီး ကြွလာလေသည်။ ကျွဲလှည်းဖြင့်ပင့်ကာ အလယ်ဗဟိုနန်းလှေကားထိပ်၌ စံနေသည်။ မောင်မင်းကျော်၏ အမှုအကျင့်များ မကြိုက်ဟုဆိုကာ သားကို ကျောပေးထိုင်သည်။ ချွေးမ ဝေဠုဝတီပုံလည်း ပါသည်။

## ဆွမ်းဆန်လောင်း၍ ပွဲသိမ်းခြင်း

တပေါင်းလဆန်း ၁၅ ရက်၊ လပြည့်နေ့တွင် ဆွမ်းဆန်စိမ်းလောင်းကြသည်။ ဦးမင်းကျော်ကို အမှူးထား၍ မယ်တော်ကြီးနှင့် တကာ၊ တကာမများ ဆွမ်းဆန်လောင်းကြသည်။ ပခန်းပွဲတွင် အလှူခံရသမျှ အကုန်အစင် သဒ္ဓါတရားထက်သန်စွာဖြင့် လောင်းလှူခြင်းဖြင့် လှူသူများရော၊ မယ်တော်ကြီးနှင့် ဦးမင်းကျော်ပါ ကုသိုလ်ရကြသည်။ အားလုံး သာဓုသုံးကြိမ်ခေါ်၍ ပခန်းပွဲကြီးကို ရုပ်သိမ်းကြောင်း မကျဉ်းမကျယ် တင်ပြလိုက်ပါသည်။

**နိုင်ငြိမ်း(အညာတက္ကသိုလ်)**



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်မ နှင့် ဦးမင်းကျော်

မြကံ့ကော်(လှိုင်)

ကျွန်မနှင့် ဦးမင်းကျော် အမှတ်ထင်ထင် စသိသည့်အချိန်သည် ကျွန်မကိုးတန်း(နဝမတန်း)နောက်ဆုံးနှစ်မှာဖြစ်ပါသည်။ ကိုးတန်း(နဝမတန်း) နောက်ဆုံးနှစ်ဆိုသည်မှာ မြန်မာပြည်မှာ လေးနှစ်တိတိဖြေဆိုသူ ကျွန်မတစ်ဦးတည်းပင် ရှိမည်ထင်ပါသည်။

ဖြေရခြင်းအကြောင်းက တခြားမဟုတ်ပေ။ ရှစ်တန်းအောင်၍ ကိုးတန်းတက်ခါစအချိန်၌ ကျောင်းမှပြန်လာသော ကျွန်မသည် ကံချော်၍ ဘယ်ကပစ်လိုက်မှန်းမသိသော လောက်လေးခွလောက်စာလုံးက နဖူးသို့ထိမှန်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။ ပစ်သူကတော့ လက်ဆော့၍ အမှုမဲ့အမှတ်မဲ့ ပစ်သည်ဆိုပေမင့် ကျွန်မကတော့ ထိုဒဏ်ကြောင့် စာမေးပွဲ လေးနှစ်ဆက်တိုက်ဖွဲ့မလျှော့ဘဲ ဖြေဆိုခဲ့ရသည်။

တစ်နှစ်တစ်တန်း မှန်မှန်စာမေးပွဲအောင်လာခဲ့သော ကျွန်မအဖို့ထက် ကျွန်မအဘိုးနှင့် အဖေက ပို၍ စိတ်မကောင်းဖြစ်ကြရပါသည်။

ကျွန်မ နဝမတန်းလေးနှစ်မြောက်စာမေးပွဲမဖြေဆိုမီ အဖေသည် အိမ်ရှေ့မျက်နှာစာရှိ တိုင်တစ်တိုင် အရက်ပုလင်း အနီရောင်တစ်လုံးကို ချိတ်ဆွဲထားပါသည်။

အဖေသည် ငယ်ရွယ်စဉ်က ကြက်တိုက်ဝါသနာပါသူတစ်ဦး ဖြစ်၏။ ကြက်မော်အောင်ထားသလားဟုပင် ကြက်သမားချင်း အံ့သြယူရလောက်အောင် လေးစားခြင်းခံခဲ့ရသူ ဖြစ်သည်။ အဖေ၏ တိုက်ကြက်ကြီးများကို လက်သပ်မွေး၍ ခြင်ထောင်ထဲမှာ အတူအိပ်သည်အထိ သူ၏ ကြက်ဖကြီးကို ယုယစွာ လေ့ကျင့်၍ မွေး၏။ ကြက်ကလည်း တိုက်တိုင်းနိုင်၏။ အဖေသည် သူ၏ ကြက်များသေလျှင် မြေမြှုပ်ပစ်လေ့ရှိပါသည်။ လူတစ်ယောက် သင်္ဂြိုဟ်သကဲ့သို့ ပြောဆိုပြီးမှ မြှုပ်လေ့ရှိပါသည်။ အိမ်၌ ခွေးမွေးစရာ မလိုပါ။ လူစိမ်းဝင်လျှင် ညဉ့်သည်ကိုပင် အဖေ မထိန်းထားလျှင် လိုက်ခွပ်လေ့ရှိသောကြောင့် ဗိုလ်ကလက်ဆိုသော ကြက်ဖကြီးမှာ သေသည်အထိ ကြိုးချည်ထားရပါသည်။

အဖေသည် အရက်မသောက်ပါ။ အရက်သောက်သူကိုလည်း မကြိုက်ပါ။

သို့သော် အဖေကြက်တိုက်ပြီးတိုင်း စားပွဲသောက်ပွဲ ပြုလုပ်သည်။ ဦးမင်းကျော်အား အရက်နှင့် ကြက်ကြော်ပွဲပြင်၍ ပူဇော်ပသသည်။ ရပ်ကွက်ထဲမှ ခင်မင်ရင်းနှီးသူ၊ သောက်တတ်သူကိုခေါ်၍ စွန့်ပြီးကျွေးမွေးတတ်၏။

စာမေးပွဲ တဗုန်းဗုန်းကျနေသော ကျွန်မအတွက် အဖေသည် နည်းမျိုးစုံကြံဆပုံရ၏။ စာမေးပွဲအောင်စာရင်းကို ကိုယ်တိုင်သွားကြည့်ပေးရသော အဖေ၏အဖြေသည် "ဒီနှစ်မအောင် နောင်နှစ်ပေါ့ကွာ" ဟု မိတပီသစွာ အားပေး၏။

အဖေသည် ကျွန်မစာမေးပွဲမအောင်မချင်း ကျောင်းထားမည့်သူဖြစ်ပါသည်။ ထားလည်းထားခဲ့ပါသည်။ အဖေ၏စေတနာကြောင့် အဖေဖြစ်စေချင်သော သမီးအတွက် အကြီးမားဆုံးဆန္ဒသည် စာမေးပွဲအောင်မြင်ရေးသာဖြစ်ပါသည်။ ကျွန်မတို့အိမ်၌ ဦးမင်းကျော်နတ် ကိုးကွယ်ထားခြင်းမရှိပါ။ ယခုတစ်ကြိမ်တော့ ထူးထူးခြားခြား အရက်ပုလင်းနှင့် ကိုး၍ အဖေသည် အရက်ပုလင်းနီတစ်လုံး အိမ်၌ချိတ်ဆွဲထားသည်ကို ကျွန်မတို့က မပြောသာပေမင့် မကြိုက်ကြပါ။

ထိုခေတ်အခါက အရက်ကို ကျိတ်ပုန်းခိုးရောင်း၊ ခိုးသောက်ကြသောအချိန်လည်းဖြစ်ပါသည်။ ကျွန်မတို့က အပျိုအရွယ်လေးများဖြစ်၍ ရှက်ပါသည်။

အဖေ၏ ယုံကြည်မှုနှင့် စေတနာမေတ္တာကြောင့် ထိုနှစ်မှာပင် ကျွန်မကိုးတန်းကို လေးနှစ်မြောက် ဖြေဆိုအောင်မြင်ခဲ့ပါသည်။ ကျွန်မထက်ဝမ်းသာသူသည် အဖေဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

စာမေးပွဲအောင်၍ အဖေသည် ဦးမင်းကျော်(ပခန်းကျော်)အား ဆက်သထားသော ထိုအရက်နီပုလင်းနှင့် ကြက်ကြော်တို့ဖြင့် ဆက်သကာ ဂုဏ်ပြုခဲ့ပါသေးသည်။

ဒသမတန်းရောက်တော့ နေကျောင်းပြန်ထားပါသည်။ ကျောင်းကြိုကျောင်းပို့လုပ်ပေးခဲ့ပါသည်။ ဤမေတ္တာစေတနာကြောင့်ပင် ကျွန်မသည် မူကြိုဆရာမတစ်ဦး ဖြစ်လာကာ ၂၇ နှစ်တာမျှ တာဝန်ထမ်းဆောင်လျက် အဖေကြီးအား ပညာဖြင့်ရရှိသောငွေဖြင့် ကန်တော့နိုင်ခဲ့ပါသည်။ ယခုအခါ အဖေကြီးသည် ကျန်းမာပျော်ရွှင်စွာဖြင့် အသက် ၈၀ ကျော်ရှိပေပြီ။

လှိုင်သာယာ ၁၅ ရပ်ကွက်မှ ကျွန်မတို့နေသော ကမာရွတ်ဘူတာရုံလမ်းထိ စက်ဘီးနှင့် သွားလာနေဆဲ၊ သားသမီးမြေးမြစ်များကို မုန့်ဖိုးပေးနေဆဲ ဖြစ်ပါသည်။ သားသမီး၊ မြေးမြစ်များကလည်း အဖေကြီးကြိုက်တတ်သော အစားအစာများနှင့် လှူဖို့တန်းဖို့၊ ဥပုသ်စောင့်ဖို့ဟု ခေါင်းစဉ်မျိုးစုံတပ်၍ ကန်တော့ပါသည်။ ငွေများကို စုဆောင်း၍ တိုးရင်းပွားကာ လိုအပ်သမျှ ထောက်ပံ့ပေးနေပါသည်။

မိဘတာဝန်ကျေသော အဖေကြီးသည် တူသောအကျိုးကို လက်တွေ့ခံစားနေရပါသည်။ သားသမီး၊ မြေးများ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးတို့၌ ယခုအထိ အဖေကြီးသည် ဖြေရှင်းပေးနေဆဲဖြစ်ပါသည်။ ပါဝင်နေဆဲဖြစ်ပါသည်။

အဖေနှင့် ဦးမင်းကျော်တို့ကြောင့် (လှမစွမ်းနတ်မ)ဟုပင် ဆိုရချေမည်။



ကျေးဇူးရှင်ဖခင်ကြီးနှင့် စာရေးသူ

ကျွန်မနှင့် ဦးမင်းကျော်အကြောင်း အမှတ်ရနေပါသည်။

ဒုတိယအကြိမ် ဦးမင်းကျော်နှင့် ပြန်လည်အမှတ်ရစရာတစ်ခု ရှိပါသေးသည်။ ထိုအချိန်က ကျွန်မ မူကြို(စာသင်) ဆရာမဘဝက ဖြစ်ပါသည်။ သမီးကြီး မီးမီးမြတ် တစ်နှစ်အရွယ်က ဖြစ်သည်။ သမီးကြီးကို နို့တိုက်ရင်း စာဖတ်ရသည်။ သမီးကြီးအိပ်လျှင် ကျွန်မ စာရေးလေ့ရှိသည်။

ကျွန်မ သမီးကြီးကို နို့တိုက်ရင်း စာဖတ်နေစဉ် အိမ်ရှေ့လမ်းမပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ပညာရေးကို အားပေးသော ဖခင်ကြီးနှင့် မြေးဖြစ်သူ
စာနယ်ဇင်းဆရာမ မီးမီးမြတ်တို့ အမှတ်တရ

"ဒယ်အိုးပေါက်တွေ ဖာတယ်၊ ဒန်အိုးပေါက်တွေ ဖာတယ်"ဟု ဆာရီဝတ်ကုလားမကြီးတစ်ဦး အော်သံကြားရသည်။

နောက်မှ "စာကလေးဗေဒင်"ဟု ကုလားမလေးအသံ ကြားရသည်။ အိမ်နှီအလည်ရောက်နေသော လက်ပံတန်းမှ အစ်မဝမ်းကွဲများက ဗေဒင်မေးရန် ပြောဆိုကြပြီး လှမ်းခေါ်သံကြားရသည်။

အစ်မများက တစ်ယောက်ပြီး တစ်ယောက် စာကလေးဗေဒင်မေးကြသည်။ သဘောကျစွာဖြင့် ဟောချက်မှန်သည်ဟု ဆိုကြသည်။

ကျွန်မအား ဗေဒင်မေးရန် တိုက်တွန်းကြသည်။ ကျွန်မကတော့ ဖတ်လက်စစာထဲ စိတ်ဝင်စားနေသောကြောင့် မေးရမည်ကို စိတ်မပါပါ။ အစ်မများကလည်း ပိုင်းသွယ်၊ ၁၀ နှစ်အရွယ်ကလေးမကလေးကလည်း စာကလေးသုံးကောင်ထည့်ထားသော ခြင်းကလေးနှင့် ထိုင်စောင့်နေသည်။

ကျွန်မက အညောင်းဆန့်ရင်း ကောင်မလေးကို အပျင်းပြေ စချင်သည်။ ချစ်စရာကောင်း၍ ဖြစ်သည်။

"မေးချင်ပါတယ်၊ လာဘ်မတင်ရင်ရော ဟောသလား"

ကောင်မလေးက စာကလေးရှေ့ စပါးစေ့ကလေးချပေးသည်။ စာကလေးတစ်ကောင်က ကောက်ယူရင်း စာရွက်တစ်ရွက် ခွဲထုတ်ပေးသည်။ ကောင်မလေးက ကျွန်မလက်ထဲထည့်ပေးသည်။

"ဦးမင်းကျော်ဗေဒင်၊ လာဘ်မတင်လျှင် မဟောပါ"

ကျွန်မ သဘောကျသွားပါသည်။ မဆိုးပါ။ မေးချင်စိတ်ပေါ်လာသဖြင့် ကျွန်မက လာဘ်တင်ပေးလိုက်ပါသည်။ အကြောင်းအရာများကို ကျွန်မမမှတ်မိတော့ပါ။ မြွေကိုက်ခံရတတ်သည် ဆိုသည့် ဟောချက်ကြောင့် ကျွန်မက စောဒကတက်ခဲ့သည်။

"ဒါတော့ မဖြစ်နိုင်ဘူး။ တောမှ မဟုတ်တာဘဲ ဘယ်လိုမြွေကိုက်ခံရမှာလဲ"

ဟု ပြောခဲ့ပါသည်။ ထိုသို့ပြောပြီး မေ့မေ့ပျောက်ပျောက်နေခဲ့ရာမှ ဝါဆို၊ ဝါခေါင်လ ရောက်သဖြင့် ကျွန်မတို့ ရပ်ကွက်များသည် လှိုင်မြစ်ရေနီးသောကြောင့် ဒီရေ အတက်အကျရှိပါသည်။

ထိုအခါ ဒီရေနှင့်အတူ မြွေများလည်း ပါလာတတ်ကြပါသည်။ ထိုအခါ မြွေများတက်၍မခိုရန် အိမ်ကြမ်းပြင်များကို ထုရိုက်၍ ခြောက်လှန့်ရပါသည်။ ဒီရေကျသွားလျှင်တော့ ပြန်ပါသွားလေ့ရှိတတ်ပါသည်။

ထုံးစံအတိုင်း သမီးကြီးကို ရင်ခွင်ထဲထည့်ပြီး နို့တိုက်နေစဉ် စာကိုစိတ်ဝင်စားစွာ ဖတ်နေရာမှ ခြေတစ်ဖက်ဆင်းထားသော ဒူးခေါင်းဘေးနားရှိ ပျဉ်ချပ်ကြားထဲမှ လက်မလုံးခန့်ရှိသော အဖြူနှင့် အနက်ရစ်ပါသော မြွေတစ်ကောင်သည် တက်လာပါသည်။ ကျွန်မသည် ကြောက်လန့်ဟကြား "အမေ မြွေ…မြွေ"ဟု အော်မိ၍ မြွေကလည်း



www.burmeseclassic.com

www.burmeseclassic.com


လန့်၍ ထင်ပါသည်။ လှည့်ပေါက်သွားကာ ပျဉ်ချပ်ကြားထဲ ပြေးဝင်သွား၏။ ကျွန်မသည် ချက်ချင်း ဒူးအယက်အောက်ကို ရရာကြိုးဖြင့် စည်းနှောင်ကာ လှိုင်ဒေသန္တရဆေးရုံ (ယခု လှိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာန)သို့ ပြေးပါသည်။

အဖေသည် ထိုဆေးရုံမှ ပိုးမွှားကာကွယ်ရေး ဝန်ထမ်းတစ်ဦး ဖြစ်ပါသည်။ ဆေးရုံ၌ အဖေမရှိပါ။ ရပ်ကွက်ဆင်းနေသည်ဟု သိရပါသည်။

ဆေးရုံမှ ဆရာဝန်ကြီးကိုယ်တိုင် မြွေပေါက်ရာနေရာသို့ ခွဲစိတ်ပြီး ပုလင်းနှင့် အဆိပ်ထုတ်ပေးကာ ဆေးတစ်လုံးထိုးပြီး ရန်ကုန်ဆေးရုံကြီးကိုသွားရန် လွှဲစာရေးပေးပါသည်။ သူငယ်ချင်း မြင့်မြင့်ဆွေ လိုက်လာကာ ဆေးရုံတက်ရပါသည်။ အဖေကြီး သိသိချင်း ဆေးရုံသို့ လိုက်လာ၏။ လူနာ ညေ့နှင်ချိန် အဖေကြီး အိမ်ပြန်ကာ အိပ်ရာ၊ စောင်၊ ခေါင်းအုံးနှင့် လိုအပ်သောပစ္စည်းများ ပြန်ယူရသည်။

အဖေကြီး ဆေးရုံသို့ပြန်လာသော အခါ၌ လိုင်းကားများမရှိတော့သော ကြောင့် ကမာရွတ်ဘူတာရုံလမ်းမှ ရန်ကုန်ဆေးရုံကြီးအထိ အထုပ်အပိုးများနှင့် ခြေကျင်လျှောက်၍ လာပို့ပေးရ၏။ သမီးဇောကြောင့် အဖေ မမောနိုင်ပါ။ အဖေကြီးကျေးဇူးသည် ကြီးမားလှပေစွ။ အခါခါ မေတ္တာပို့မိပါသည်။

"ဘာမှမဖြစ်ဘူး။ အဆိပ်မရှိတဲ့ မြွေပါကွာ။ ကြောက်မနေနဲ့"ဟု အားပေးပါသည်။ အိမ်မြွေတက် နိမိတ်ကိုလည်း မှတ်သားဖူးရာ . . .



ကျန်းမာပျော်ရွှင်စွာဖြင့် ဖခင်ကြီးဦးသိန်းမြင့်နှင့် စာရေးဆရာ၊ ကဗျာဆရာ ကြည်အောင်(စလင်း)

နံနက်နေထွက်ချိန် အိမ်ပေါ်တက်သော မြွေကား သူကြွယ်မြွေတည်း။ ထိုမြွေကို မသတ်ကောင်း။ စီးပွားဥစ္စာ ဖြစ်ထွန်းတတ်သည်။

သန်းခေါင်ချိန်တွင် တက်သော မြွေကား ဆွေမျိုးမြွေတည်း။

သန်းလွဲချိန်တွင် တက်သောမြွေကား သူဌေးမြွေတည်း။ လာဘ်ကြီးရတတ်သည်။

မိုးသောက်ချိန်တက်သော် အဆွေအမျိုး ပျက်စီးတတ်သည်။ မီးလောင်တတ်သည်။

စပါးကြီးမြွေက တက်က ဆင်းရဲတတ်သည်။

လင်းမြွေ အိမ်တွင် ပုန်းအောင်းနေသော် စီးပွားဥစ္စာ ကျဘတ်သည်။

ငန်းတော်ကြားမြွေတက်က ဖျားနာတတ်သည်။

မြွေသည် အိမ်ပေါ်တက်၍ လှည့်လည်သွားလာနေသော် စီးပွားရေးကောင်းပြီး ကြီးပွားချမ်းသာတတ်သည်။

ကျွန်မသည် ဦးမင်းကျော်အား အရက်ပုလင်းဆက်သည့်နှစ်၌ အောင်မြင်ရန် ခက်ခဲနေသော စာမေးပွဲအောင်ခဲ့သည်။ ကျွန်မအား ဦးမင်းကျော်၏ စာကလေးဗေဒင်က ကြိုတင်၍ မြွေကိုက်ခံရတတ်သည်ဟု သတိပေးခဲ့၏။

ကျွန်မသည် သတိမမူမိ၍ ဆေးရုံ၌ တစ်ရက်နေခဲ့ရပါသည်။

"ငါသည် ဘေးရန်ကင်းရပါလို၏။ ချမ်းသာရပါလို၏။ ငါဘေးရန်ကင်းကွာ ချမ်းသာသကဲ့သို့ အသက်နှင့် ခန္ဓာကိုယ် အထင်ရှားရှိသမျှ သတ္တဝါတွေ ဘေးရန်ကင်းကြပါစေ"ဟု မေတ္တာပွားရင်း ရေးသားလိုက်ရပါသည်။

✦ မြကံ့ကျော်(လှိုင်) ✦



www.burmeseclassic.com

www.burmeseclassic.com

# ပဝိန်းရှယ်မှ ဝိညာဉ်များ

● မင်းသကြွန်

"မောင်ကျော် . . . တော် လောက်ပြီထင်တယ်"

ဟု ဦးညိုက ပြောလိုက် ရာ မောင်ကျော်ဆိုသူက –

"ဘာဗျ . . ."

ဟု အော်လိုက်ရာ ဦးညို လန့်သွားလေ၏။ ထို့နောက် မောင်ကျော်သည် . . .

"ဟေ့ . . အောင်ဘု၊ ငါ ကြက်ကြော်စားချင်တယ်"

ဟုပြောလိုက်ရာ အောင် ဘုဆိုသူမှာ ချက်ချင်းဆိုသလို မောင်ကျော်အတွက် ကြက်ကို သတ်၍ ကြက်ကောင်လုံး ကြော်ကို ကြော်ရလေတော့ ၏။

"ဟေ့ကောင် အောင် ဘု၊ ကြက်ကောင်လုံးကြော် ကို မင်းကြော်ထားတာလား"

ဟု မောင်ကျော်က မေး လိုက်ရာ အောင်ဘုမှာ . . .

"ဟုတ် . . ဟုတ် . . . ဟုတ်ပါတယ်ခင်ဗျာ"

ဟု ပြန်ဖြေလိုက်စဉ် မောင်ကျော်က အောင်ဘုကို အကျီစကို ဆွဲလိုက်ပြီး . . .

"ဟေ့ကောင် အောင် ဘု၊ မင်းကြော်ထားတဲ့ ကြက် ကြော်ကို သေချာပြန်ကြည့် စမ်း။ သွေးမရှိတဲ့ လူလိုပဲ ဖြူ ဖပ်ဖြူရော်နဲ့"

ဟု ဒေါသတွေနဲ့ ပြန် ပြောလိုက်လေ၏။

"ကဲ . . လာ . . အောင် ဘု၊ မင်းကြက်ကြော်ကို ပြန် ယူသွားပြီး ရဲနေအောင် ကြော် ခဲ့ကွာ။ မင်းကလည်း အတော် ကို ဒုံးဝေးတာပဲ။ မောင်ကျော် က ကြက်ကြော်ဆိုရင် ရဲနေ အောင် ကြော်မှ ကြိုက်တယ် ဆိုတာ မင်းမေ့နေပြီလား"

ဟု ဘေးမှရပ်နေသည့် ဦးညိုက ပြောလိုက်သဖြင့် မောင်ကျော်မှာ အောင်ဘု အား ဆွဲထားရာမှ တွန်းထုတ် လိုက်လေ၏။

အောင်ဘုမှာ ဖင်ထိုင်ကျ သွားပြီး ချက်ချင်းထကာ ကြက်ကြော်ပန်းကန်ကိုယူ၍ ကြက်ကောင်လုံးကြော်ကို ရဲ နေအောင် ပြန်ကြော်ရလေ တော့၏။

ခဏကြာသည့်အခါ လွန် စွာမှ စားချင်စဖွယ်ဖြစ်သော ကြက်ကောင်လုံးကြော် နီနီရဲရဲ ကို အောင်ဘု ယူလာလေ၏။

"ဟေ့ကောင် အောင် ဘု၊ ငါ အရက်သောက်ချင် သေးတယ်"

ဟု ပြောလိုက်ရာ ဦးညို က မောင်ကျော်အားလှမ်းကြည့် လိုက်သော်လည်း မသောက်ရန် တားလို့မရမှန်း သိလေတော့

"အောင်ဘု . . . မောင် ကျော်အတွက် အရက်တစ် လုံးတည်း မရဘူးနော်။ နှစ် လုံးယူခဲ့"

ဟု ပြောလိုက်လေ၏။

"ဟား . . ဟား . . ဟား ဦးညို . . . ဦးညို။ ခင်ဗျားကြီး ဟာ သိပ်ချစ်စရာကောင်းတာ ပဲ။ ကျုပ်ကို နားအလည်ဆုံး သူဟာ ခင်ဗျားပဲဗျ"

ဟု မောင်ကျော်က ပြော လိုက်ပြီး လက်ကျန်အရက် ခွက်ကို ကောက်မော့လိုက်ပြီး နောက် ငုင်းစိတ်ကြိုက် ကြက် ကြော်ရဲရဲလေးကို ဖဲ့၍ မြိန်ရှက် စွာ စားလိုက်လေတော့၏။

မောင်ကျော်သောက်စား နေသည်ကို ကြည့်၍ ဦးညို သက်ပြင်းမသိမသာ ချလိုက် လေ၏။

"ဦးညို . . ."

ဟု မောင်ကျော်က ခေါ် လိုက်ရာ . . .

"ပြောပါ မောင်ကျော်၊ ဦးညို မောင်ကျော့်အနားမှာ ရှိပါတယ်"

ဟု ဦးညိုက တလေး တစား ပြောလိုက်လေ၏။

"ကျုပ် . . ဒီအရက်နှစ် လုံးကုန်ရင် ကျုပ်ပျော်ပါးချင် တယ်"

ဟု မောင်ကျော်က ပြော လိုက်ရာ ဦးညိုသည် အောင် ဘုအား အသာလက်ကုတ် ခေါ်၍ . . .

"ဟေ့ကောင်၊ ငါပြော တာ သေချာနားထောင်။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ချယ်ထံသွားပြီး မိန်းကလေးတစ်ယောက် စီစဉ်ပေးထား။ ငါက လွှတ်လိုက်တာလို့လည်းပြောလိုက်နော်"

ဟု ပြောလိုက်ရာ အောင်ဘုလည်း ဒေါ်ချယ်ထံသို့ ခြေမြန်တော်ဖြင့် ပြေးရလေတော့၏။

"ဗျို့ .. ဦးညို၊ ဗျို့ ... ဦးညို"

ဟု မောင်ကျော်က ထပ်ခေါ်သဖြင့် ဦးညို မောင်ကျော့်အပါးသို့ ချက်ချင်းရောက်လာပြီးလျှင် ...

"အမိန့်ရှိပါ မောင်ကျော်"

ဟု တလေးတစား ပြောလိုက်လေ၏။

"ကျုပ် မနက်ဖြန် ကြက်တိုက်ချင်တယ်။ အဲဒါ စီစဉ်ပေးပါ။ ပြီးတော့ ထန်းရည်မသောက်ရတာကြာပြီ။ ထန်းရည်ကောင်းကောင်းလေး သောက်ချင်တယ်။ နောက်ပြီး မြင်းလည်းစီးချင်သေးတယ်"

ဟု မောင်ကျော်က ဦးညိုအား ပြောလိုက်ရာ ...

"ဟုတ် .. ဟုတ် ... မောင်ကျော် စိတ်တိုင်းကျဖြစ်စေရပါ့မယ်"

ဟု ဦးညိုက ကတိပေးလိုက်လေ၏။ မောင်ကျော်မှာ မြင်းစီးကောင်းသူလည်း ဖြစ်လေ၏။

မောင်ကျော်မှာလည်း ကြက်ကောင်လုံးကြော်နှင့် အရက်နှစ်လုံးအား ၎င်းမြိန်ရှက်စွာ သောက်စားသဖြင့် ကုန်သွားလေ၏။ မောင်ကျော်မှာလည်း လွန်စွာမှ မူးလို့နေလေ၏။

"မောင်ကျော် ... မဒီကညာအလှတစ်ပါး ရောက်ရှိနေပါပြီ"

ဟု ဦးညိုက ပြောလိုက်ရာ ...

မိန်းကလေးကိုကြည့်၍ မောင်ကျော်လည်း လွန်စွာမှ သဘောကျသွားတော့သည်။

*****

ဦးညိုသည် မောင်ကျော့်အကြောင်းကို အရက်သောက်ရင်း စဉ်းစားလေ၏။

မောင်ကျော် အခုလို ကြက်တိုက်၊ ဖဲရိုက်၊ ထန်းရည်သောက်တတ်ခြင်း၊ အရက်သောက်တတ်ခြင်းအပြင် အပျော်အပါးလိုက်စားခြင်းတို့သည် ၎င်း၏ ပယောဂမကင်းဖြစ်ရသည်ဟု ဦးညို တွေးလန့်လာတော့၏။

ဦးညိုသည် မောင်ကျော့်အား ကလေးဘဝကတည်းက ထိန်းသိမ်းစောင့်ရှောက်ခဲ့ရ၏။

ဦးညိုသည် အသောက်အစား၊ လောင်းကစားနှင့် မိန်းမတို့ဖြင့် အမြဲပျော်ပါးခြင်းကို ဝါသနာရှိသူ ဖြစ်လေ၏။

ဦးညိုသည် မောင်ကျော်အား ထိန်းကျောင်းရခြင်းမှာ လွန်စွာမှ ပျော်လေ၏။ မောင်ကျော်အား ထိန်းကျောင်းရသဖြင့် ဦးညိုမှာ တခြားအလုပ်လုပ်စရာ မလိုသည့်အပြင်၊ မောင်ကျော့်အားထိန်းကျောင်းခငွေများ ရရှိလေ၏။ မောင်ကျော့်အား ထိန်းကျောင်းရင်း သွားချင်သည့် နေရာများကိုလည်း အတားအဆီးမရှိ သွား၍ရသဖြင့် ဦးညိုသည် မောင်ကျော့်အား ထိန်းကျောင်းရင်း ထန်းတောထဲသို့ ရောက်၏။ အရက်ဝိုင်းသို့ ရောက်၏။ ဖဲဝိုင်း၊ ကြက်ဝိုင်းအပြင်၊ ပျော်ပါးစရာအိမ်လည်း ရောက်လိုရောက်တတ်၏။

မောင်ကျော် ငိုသည့်အခါများတွင် ဦးညိုသည် ထန်းရည်ဖြစ်စေ၊ အရက်ဖြစ်စေ တိုက်ရလေ၏။ ထိုအခါ ... မောင်ကျော်မှာ ထန်းရည်မူး၍သော်လည်းကောင်း၊ အရက်မူး၍သော်လည်းကောင်း အိပ်ပျော်သွားလေတော့၏။

ထို့ကြောင့် မောင်ကျော်သည် ကလေးဘဝကတည်းက ထန်းရည်နှင့် ပျော်ပါးခြင်းကို ကြိုက်နှစ်သက်၍ ကြက်ဝိုင်း၊ ဖဲဝိုင်းနှင့် ပျော်ပါးခြင်းကို ပျော်ရွှင်စွာ နေတတ်လာခဲ့လေတော့၏။

*****

မောင်ကျော်၏ ဖခင်သည် ဘုရင်၏ အထူးယုံကြည် ချစ်ခင်အားထားခြင်းခံရသော အထိန်းတော်ကြီး ဗလကျော်ထင် ဖြစ်လေ၏။ ဖခင်အထိန်းတော် ဗလကျော်ထင် ကွယ်လွန်ပြီးနောက်တွင် အထိန်းတော်ကြီး၏ကိုယ်စား မောင်ကျော်အား မြင်းစီးကောင်းသူဖြစ်၍ ဘုရင်က သားတော်အဖြစ် မြှောက်စား၍ ဗိုလ်မှူးမင်းကျော်စွာဟု သူကောင်းပြုလေတော့၏။

မောင်ကျော်သည် ဗိုလ်မှူးမင်းကျော်စွာအဖြစ် ဘုရင်သားတော်ဖြစ်လာသည့်အခါ ဦးညိုအား မောင်ကျော်က အိမ်တော်ဝန်ခန့်အပ်ထားပြီးလျှင် အသောက်အစား၊ လောင်းကစား၊ အပျော်အပါးတို့နှင့် အမြဲပျော်ပါးနေလေတော့၏။

*****

မောင်ကျော်၏ မွေးစားခမည်းတော်မှာ ပန်းတောင်းပြည်တွင် စိုးစံသည့် ဘုရင်မင်းလှစည်သူနှင့် မိဖုရားကြီး ကုန္တီဒေဝီတို့ ဖြစ်ကြကုန်၏။

၎င်းဘုရင်နှင့် မိဖုရားတို့တွင် သားတော်အိမ်ရှေ့မင်းသား ကိုးမြို့ရှင်နှင့် သမီးတော်ပုလဲယဉ်တို့လည်း ရှိကြ၏။

ကိုးမြို့ရှင်ဆိုသည်က ကိုးမြို့၊ ကိုးတံခါး၊ ကိုးဖလားနှင့် ကိုးမား အပိုင်ပေးစား သနားခံ၍ ကိုးမြို့ရှင်ဟု တွင်လေ၏။

(စာရေးသူ)

တစ်နေ့သ၌ ပန်းတောင်းပြည် ဘုရင်မင်းလှစည်သူက မွေးစားသား မောင်ကျော်ခေါ် ဗိုလ်မှူးမင်းကျော်စွာအား ...

"သားတော်မောင်ကျော်ကို ခေါ်ရတဲ့ကိစ္စက တာဝန်တစ်ခု ပေးအပ်ဖို့ပါပဲ"

"အမိန့်ရှိပါ ... ခမည်းတော်"

ဟု ယဉ်ကျေးစွာ ပြန်လျှောက်လိုက်လေ၏။

"အိမ်း ... သားတော်



www.burmeseclassic.com

www.burmeseclassic.com

ကို တာဝန်ပေးမယ့်ကိစ္စကတော့ ခမည်းတော်တို့နဲ့ ရာဇမဟာမိတ် ဖြစ်ကြပြီး သစ္စာတော်ခံလည်းဖြစ်တဲ့ မိုးပြင်စော်ဘွား စောခွန်ကြည်ရဲ့ ပြဿနာကိစ္စပဲကွဲ့"

ဟု ဘုရင်မင်းစည်သူက ပြောလိုက်ရာ မောင်ကျော်က

"မှန်လှပါ ... ခမည်းတော်ရဲ့မိတ်ဆွေ ပြဿနာဟာလည်း သားတော်တို့ရဲ့ ကိစ္စပါပဲ။ ဒီတော့ ခမည်းတော်အလိုဆန္ဒကို ပြောပါ။ သားတော် ဆောင်ရွက်ရန် အသင့်ပါပဲ"

ဟု လျှောက်တင်လိုက်လေ၏။ ထိုအခါ ဘုရင်မင်းလှစည်သူမှာ လွန်စွာမှ သဘောကျတော်မူပြီးနော် ...

"အိမ်း ... အခုလိုမျိုး ကြားရတာ ခမည်းတော် ဝမ်းသာတော်မူတယ်။ သားတော် အိမ်ရှေ့မင်းသားကရော"

ဟု ဘုရင်မင်းလှစည်သူက သားတော်အိမ်ရှေ့မင်းသား ကိုးမြို့ရှင်အားကိုလည်း မေးလိုက်သည့်အခါ ...

"မှန်လှပါ ခမည်းတော်။ ခမည်းတော်ရဲ့ စကားကို မြေဖဝါးမကျနားထောင်လျက်ပါ"

ဟု အိမ်ရှေ့မင်းသား ကိုးမြို့ရှင်က လျှောက်ထားလိုက်လေ၏။

"ဟုတ်ပြီကွ။ ကြိုက်ပြီ။ ဒီလိုကွဲ့. သားတော်တို့ရဲ့။ ခမည်းတော်တို့နဲ့ မဟာမိတ် သစ္စာတော်ခံ မိုင်းပြင်စော်ဘွား စောခွန်ကြည်ကို ကျိုင်းတောင်စော်ဘွား စောသီဟက တိုက်ခိုက်ဖို့ စစ်ကြေညာတယ်။ စောခွန်ကြည်ကလည်း စိန်ခေါ်ရင် တိမ်ပေါ်အထိ လိုက်မယ့်လူစား ဖြစ်နေတော့ စောသီဟတိုက်ခိုက်ဖို့ စစ်ကြေညာတာကို သဘောတူ လက်ခံလိုက်တယ်ကွဲ့။ သို့ပေမဲ့ စောခွန်ကြည်တို့ဖက်မှာ အင်အားက နည်းနေတော့ ခမည်းတော်ကို အကူအညီတောင်းတယ်။ ဒါကြောင့် ခမည်းတော်ကလည်း မိတ်ဆွေကောင်းပီသစွာနဲ့ စောခွန်ကြည်တောင်းဆိုတဲ့ အကူအညီကို အလွယ်တကူ လက်ခံလိုက်တယ်။ ဒီတော့ သားတော်နှစ်ပါး ခမည်းတော်ကိုယ်စား ကူညီပေးစေလိုတယ်"

ဟု ဘုရင်မင်းလှစည်သူက ပြောလိုက်ရာ ၎င်း၏သားတော်နှစ်ပါးက သဘောတူလိုက်လေတော့၏။

အိမ်ရှေ့မင်းသား ကိုးမြို့ရှင်နှင့် ဗိုလ်မှူးမင်းကျော်စွာ (မောင်ကျော်)တို့သည် ၎င်းတို့၏ စစ်တပ်ကို ကွပ်ကဲ၍ ရှမ်းပြည်နယ်သို့ ချီတက်လေတော့၏။

သို့ရာတွင် အိမ်ရှေ့မင်းသား ကိုးမြို့ရှင်နှင့် ဗိုလ်မှူးမင်းကျော်စွာ(မောင်ကျော်)တို့ ရှမ်းပြည်နယ်သို့ မရောက်မီ အချိန်မှာပင် မိုင်းပြင်စော်ဘွား စောခွန်ကြည်အား ကျိုင်းတောင်းစော်ဘွား စောသီဟက ဦးစွာသတ်လိုက်လေတော့၏။

ထို့နောက် အိမ်ရှေ့မင်းသားကိုးမြို့ရှင်နှင့် ဗိုလ်မှူးမင်းကျော်စွာ(မောင်ကျော်)တို့လည်း လွန်စွာမှ ဒေါသထွက်ကာ ကျိုင်းတောင်းစော်ဘွား စောသီဟတို့ကို တိုက်ခိုက်ရာ အောင်ပွဲရလေတော့၏။

အောင်ပွဲရပြီးနောက် မိုင်းပြင်နယ်ကိုလည်း သက်ဆိုင်ရာ ရှမ်းပြည်မှူးမတ်များအား ကိုးမြို့ရှင်နှင့် မောင်ကျော်တို့က ယာယီအုပ်ချုပ်ရန် လွှဲအပ်ထားခဲ့ပြီးနောက် ကျဆုံးသွားသည့် မိုင်းပြင်စော်ဘွားစောခွန်ကြည်၏ လူမမည်သားနှစ်ယောက် ဖြစ်သော ခွန်ချိုနှင့် ခွန်သာတို့ကို ပန်းတောင်နေပြည်တော်သို့ ခေါ်ဆောင်၍ ကိုးမြို့ရှင်နှင့် မောင်ကျော်တို့ တပ်ဖွဲ့ပြန်လာခဲ့လေတော့၏။

နေပြည်တော်သို့ ရောက်သည့်အခါ ဘုရင်မင်းလှစည်သူအား ကိုးမြို့ရှင်နှင့် မောင်ကျော်တို့က ဖြစ်ကြောင်းကုန်စင်ကို လျှောက်တင်ကြလေတော့၏။

ထို့နောက် ဖခင်ဘုရင်ကြီးက ခွန်ချိုနှင့် ခွန်သာတို့ကို ကိုးမြို့ရှင်နှင့် မောင်ကျော်တို့အား တစ်ယောက်စီ မွေးစားရန်ပေးမည်ဟု ကြံစည်စိတ်ကူးမိလေ၏။

"အင်း ... ငါ့သား အိမ်ရှေ့မင်းသား ကိုးမြို့ရှင်ကို ခွန်ချိုကို မွေးစားဖို့ပေးလိုက်မယ်။ မောင်ကျော်ကိုတော့ ခွန်သာ့ကို မွေးစားဖို့ပေးလိုက်မယ်။ ဟာ ... ဟာ ... မဖြစ်သေးပါဘူး။ ခွန်သာကို မွေးစားဖို့ မောင်ကျော့်ကို ပေးလိုက်ရင်တော့ ခွန်သာဟာ အရက်သမား၊ ဖဲသမား၊ ကြက်သမားအပြင် မိန်းမပွေတာနဲ့ ပျက်စီးသွားမှာ။ မဖြစ်ပါဘူး။ ခွန်သာ့ကို ငါ့သမီးတော် ပုလဲယဉ်ကိုသာ မွေးစားဖို့ ပေးမှတော်ကာကျမယ်"

ဟု ဘုရင်ကြီးမင်းလှစည်သူက တွေးတောအကောင်အထည်ဖော်လိုက်လေတော့၏။

"ကဲ .. သားတော် ဗိုလ်မှူးမင်းကျော်စွာ ကျိုင်းတောင်စော်ဘွားစောသီဟတို့ကို တိုက်ခိုက်တာ အောင်မြင်တဲ့အတွက် ငါ့သားတော်ကို ဆုလာဘ်တော်အဖြစ် ပခန်းမြို့ကို အပိုင်စားပေးသနားတော်မူမယ်"

ဟု ပြောလိုက်လေတော့၏။

ထိုမှစ၍ မောင်ကျော်သည် ...

**ပခန်းမင်းကျော်စွာ၊**
**ပခန်းမောင်ကျော်၊**
**ပခန်းဦးမင်းကျော်**
**ဟူ၍ ဖြစ်လေတော့၏။**

(စာရေးသူ)

မောင်ကျော်သည် ပခန်းမြို့ကို အပိုင်စားရ၍ လွန်စွာမှ ပျော်ရွှင်ကာ ၎င်းဝါသနာကြီးသော အရက်၊ ထန်းရည်၊ ဖဲ၊ ကြက်၊ မိန်းမတို့ကို အရင်ထက်ပို၍ ထင်တိုင်းကျဲလေတော့၏။ မောင်ကျော်သည် မိုးမမြင် လေမတွေ့ဘဲရှိရာ လွန်စွာမှ အပျော်ကြီးပျော်နေတော့၏။

* * * * *



www.burmeseclassic.com

www.burmeseclassic.com

"ဦးညို ... ဦးညို"

ဟု ခေါ်လိုက်သည့်အသံကြောင့် မောင်ကျော့်ဘဝဇာတ်ကြောင်း စဉ်းစားနေသော ဦးညိုမှာ အတွေးများ လွင့်စဉ်သွားကာ –

"မောင်ကျော် .. မောင်ကျော် ဘာလိုချင်လို့လဲ။ ဘာလုပ်ချင်လို့လဲ။ ဘာလုပ်ချင်လို့လဲ"

"ကဲ ... ခင်ဗျားသွားချင်ရင် လိုရာသွားတော့"

မောင်ကျော်က ပြောလိုက်ရာ ဦးညိုမှာ လွန်စွာမှ ဝမ်းသာသွားကာ အခန်းထဲသို့ ခုန်ပေါက်ပြေးဝင်သွားလေတော့၏။

*****

မောင်ကျော် အရက်သောက်နေစဉ် ဦးညိုသည် ထိုင်ရာမှထကာ လမ်းလျှောက်၏။ ထို့နောက် ပြန်ထိုင်ပြန်၏။ ပြန်ထ၍ လမ်းလျှောက်ပြန်၏။ မောင်ကျော့်အနားတွင် ပြန်ထိုင်ပြန်၏။

ဤသို့ ဂနာမငြိမ်ဖြစ်နေသည့်အရေးမှာ မောင်ကျော့်အား ၎င်းက ပြောစရာစကားရှိနေခြင်းဖြစ်၏။ ထိုစကားကိုလည်း ဦးညို မောင်ကျော်အား ပြောသင့်၊ မပြောသင့်သည်ကို ချီတုံချတုံ ဖြစ်နေလေ၏။

ဦးညို ဂနာမငြိမ် လမ်းလျှောက်လိုက်၊ ထိုင်လိုက်ဖြစ်နေသည်ကို မောင်ကျော် အရက်သောက်ရင်း မျက်စိနောက်လာသဖြင့် ...

"ဦးညို ... ခင်ဗျားဘာဖြစ်နေတာလဲ"

ဟု မောင်ကျော်က ဦးညိုအား မေးလိုက်သည့်အခါ ဦးညိုမှာ ပျာပျာသလဲ –

"ဘာ .. ဘာ .. ဘာမှ မဖြစ်ပါဘူး မောင်ကျော်"

ဟု ထစ်ထစ်ငေါ့ငေါ့ ပြန်ဖြေလိုက်လေ၏။

"ခင်ဗျားကသာ ဘာမှ မဖြစ်ဘူးပြောနေတာ။ လူက ပျာယာခတ်နေတာပဲ၊ ဆပ်ပြာသည် လင်ပျောက်နေသလိုပဲ။ ဘာဖြစ်နေတာလဲ၊ ကျုပ်ကို မှန်မှန်ပြောစမ်း။ မပြောရင် ခင်ဗျားခေါင်းကို အရက်ပုလင်းနဲ့ ရိုက်ခွဲလိုက်မယ်။ ကျုပ်ကို ဘာမှတ်နေလဲ။ ပခန်းဦးမင်းကျော်တဲ့"

ဟု ကြိမ်းမောင်းပြောလိုက်သည့်အခါ ဦးညိုက –

"သတ်ရင်လည်းသေမယ့်လူပါ၊ ထားရင်လည်း နေရမယ့်လူပါ"

ဟု ကြောက်ကြောက်နှင့် ပြောလိုက်လေ၏။

"ကဲ ... ဦးညို လိုရင်းကို တိုတိုတုတ်တုတ် ပြောစမ်းဗျာ"

ဟု မောင်ကျော်က ဒေါသထွက်ကာပြောလိုက်ရာ ဦးညိုက ...

"မောင်ကျော် ... လူကလေး။ မင်းအတွက် ဦးညို ရှက်လွန်လွန်းလို့ပါ။ ဟင့် ... ဟင့်"

"အောင်မလေးဗျာ။ ရုပ်ကြမ်းကြီးနဲ့ နွဲ့ပြပြီး ငိုနေလိုက်တာ။ ခင်ဗျား မငိုပါနဲ့။ လုတာလည်းမဟုတ်ဘူး။ ကျုပ်ကြောင့် ခင်ဗျားက ဘာကို ရှက်နေရတာလဲ။ ကျုပ်ပျော်မယ်ပါးမယ်၊ ဖဲရိုက်မယ်၊ ကြက်တိုက်မယ်။ ထန်းရည်သောက်မယ်၊ မိန်းမပွေမယ်။ ဒါတွေ ခင်ဗျားကြီးပဲ ကျုံးသွင်းထားတာ။ ပြီးတော့ ကျုပ်ကျန်တာတွေကို ခင်ဗျားကြီး စားသောက်မျိုဆို့နေတာ ဘာကို ရှက်ရတာလဲ"

ဟု မောင်ကျော်က မေးလိုက်ရာ ဦးညိုက –

"အဲဒီကိစ္စတွေ မဟုတ်ပါဘူး မောင်ကျော်ရယ်"

ဟု ပြောလိုက်လေ၏။

"ဒါဆို ဘာလဲ မြန်မြန်ပြောစမ်း"

ဟု မောင်ကျော်က စိတ်မရှည်စွာနှင့် အော်လိုက်သည့်အခါ –

"ဒီလိုပါကွယ်။ မင်းကြီးက သူ့ရဲ့သားတော်အရင်းဖြစ်တဲ့ အိမ်ရှေ့မင်းသား ကိုးမြို့ရှင်ကို ခွန်ချိုကို မွေးစားဖို့ အပိုင်ပေးပြီး၊ ခွန်သာကိုတော့ သမီးတော် ပုလဲယဉ်ကို မွေးစားဖို့ ပေးလိုက်တယ်"

ဟု ဦးညိုက ပြောလိုက်ပြီး စကားရပ်လိုက်သည့်အခါ မောင်ကျော်က –

"အေးလေ ... ကျိုင်းတောင်းစော်ဘွား စောသီဟကို အောင်မြင်အောင် တိုက်နိုင်လို့ ဆုလာဘ်တော်အဖြစ် ခွန်ချိုနဲ့ ခွန်သာကို မွေးစားဖို့ ကိုးမြို့ရှင်နဲ့ ပုလဲယဉ်တို့ကိုပေးပြီး ကျုပ်ကို ပခန်းမြို့ကိုအပိုင်စားပေးလိုက်တာပဲ။ အဲဒါ ဘာဖြစ်လဲ"

ဟု ပြောလိုက်လေ၏။

"အဲဒါကြောင့် ပြောတာပေါ့။ တကယ်လို့သာ မင်းကြီးက မောင်ကျော်ကို ခွန်သာဖြစ်ဖြစ်၊ ခွန်ချိုဖြစ်ဖြစ် တစ်ယောက်ယောက်ကို မွေးစားဖို့ပေးရမှာ"

ဟု ဦးညိုက ပြောလိုက်ရာ –

"ဟာဗျာ ... ခင်ဗျားကလည်း ကျုပ်က မိန်းမ မရှိဘဲ ကလေးမွေးရမှာလား။ မမွေးချင်ပါဘူး။ ဘာလို့မွေးရမှာလဲ။ ပခန်းမြို့ကို အပိုင်စားရထားပြီး ထင်တိုင်းကျဲလို့ရသားပဲ။ ကလေးသာမွေးစားလိုက်ရင် ပခန်းမြို့ကို အပိုင်စား ဘယ်ရတော့မှာလဲ"

ဟု မောင်ကျော်က ပြောလိုက်လေ၏။

"အဲဒါ သိပ်ခက်တာပဲ။ ပခန်းမြို့ဆိုတာက ဘယ်လောက်များ ကျယ်လို့လဲ၊ ခွန်ချို–ခွန်သာကိုသာ မွေးစားလိုက်ရင် သူတို့နှစ်ယောက်ပိုင်ဆိုင်တဲ့ မိုင်းပြင်တစ်နယ်လုံး ပိုင်ရော။ အခုတော့ ဘာမဟုတ်တဲ့ မြို့လေးကိုပဲ အပိုင်စားရတာ"

ဟု ဦးညိုကြီးက ပြောလိုက်သည့်အခါ မောင်ကျော်မှာ သောက်စားထားသော အရက်များလည်း လွင့်ပြယ်သွားကာ အမူးပါပြေသွားလေတော့၏။ ထို့နောက် ...

"ခွန်ချို–ခွန်သာကိုသာ မွေးစားလိုက်ရင် သူတို့နှစ်ယောက်ပိုင်တဲ့ မိုင်းပြင်တစ်



www.burmeseclassic.com

www.burmeseclassic.com

နယ်လုံးပိုင်မှာ ... မိုင်းပြင် တစ်နယ်လုံး ပိုင်မှာ ... မိုင်းပြင် တစ်နယ်လုံးပိုင်မှာ ... မိုင်းပြင် တစ်နယ်လုံး ပိုင်မှာ မိုင်းပြင် တစ်နယ်လုံး ပိုင်မှာ"

ဟု ဦးညို၏ စကားကို ထပ်ကာထပ်ကာ ထပ်တလဲလဲ ကြားယောင်နေလေတော့၏။

ထိုအခါကျတော့မှ ... မောင်ကျော်သည် ခွန်ချို-ခွန်သာကိစ္စအတွက် ရှက်လည်းရှက်၊ မင်းကြီးအပေါ် စိတ်နာပြီးလျှင် မကျေမနပ် ဖြစ်လေတော့၏။

"ငါဘာလုပ်ရမလဲ"

"ငါဘာလုပ်ရမလဲ"

"ငါဘာလုပ်ရမလဲ"

ဟု ၎င်းကိုယ် ၎င်းက မေးလေ၏။

"ဟာကွာ ..."

ဟု ဆိုကာ အရက်ပုလင်းကို ကောက်ကိုင်ပြီး နံရံကြီးကို ပစ်ပေါက်လိုက်လေတော့၏။ ထိုအခါ .. ဦးညိုက

"မောင်ကျော် ... တူမောင်ရယ်၊ စိတ်ထိန်းပါ။ စိတ်ထိန်းပါ"

ဟု သတိပေးလိုက်လေ၏။

"ကျုပ် စိတ်ထိန်းလို့မရဘူး ကျုပ်စိတ်တွေ အရမ်းဆူပွက်နေပြီဗျ"

ဟု မောင်ကျော် ပေါက်ကွဲထွက်လေတော့၏။

"မောင်ကျော်ရယ် ... ခေါင်းကို အေးရာအေးကြောင်း ထားပါကွယ်"

ဟု ဦးညိုက ချော့ရလေတော့၏။

"ဘာမှ ခေါင်းအေးပြီး စိတ်ငြိမ်လို့မရတော့ဘူး။ ခင်ဗျားအစဆွဲတာ။ ဒီပြဿနာကို ခင်ဗျားဖြေရှင်းပေတော့"

ဟု မောင်ကျော်က ဦးညိုအား ကြိမ်းဝါးလိုက်လေတော့၏။

ဦးညိုလည်း မြားဦးက ၎င်းဘက်သို့ ဦးတည်လိုက်သဖြင့် လွန်စွာစိတ်လက် ပူလောင်သွားလေ၏။

"ကဲ ... မောင်ညို၊ မင်းဘာလဲ၊ ဘယ်လဲ။ အခုကိစ္စကို မင်း ဘယ်လိုဖြေရှင်းမလဲ။ မောင်ကျော်ကတော့ ကရင်ထန်းလျက်အိုး မတွေ့ဘဲ ရှာဇဝတ်အိုး တုက်နဲ့ကိုးလို့ ပိဋကတ်အိုးကွဲကြီး ဖြစ်ရပြီးတော့ သူ့အိုးနဲ့ သူ့ဆန် တန်ရုံကောင်းပေမဲ့ မပြည့်တဲ့အိုး ဘောင်ဘင်ခတ်သလို အိုးရွဲ့ကို စလောင်းရွဲ့နဲ့ ဖုံးမိလို့ အိုးချင်းထား အိုးချင်းထိမိပြီးတော့ မီးဖိုနား ယမ်းအိုးထားသလို ပေါက်ကွဲတော့မယ်"

"မောင်ညို ... မောင်ကျော့်အတွက် မင်းဘယ်လို စိတ်ကူးမျိုးထုတ်ပေးမလဲ"

ဟု ဦးညိုခမျာ ထမင်းလုံးတစ္ဆေအခြောက်ခံရလေတော့၏။

"ဦးညို ... ခင်ဗျားအစဆွဲတာ။ ကျုပ်ဘာလုပ်ရမလဲ။ ခင်ဗျားအမြန်ဖြေဗျာ"

ဟု ဦးညိုအား မောင်ကျော်က တစ်ချက်လွှတ် အမိန့်တော် ပြဋ္ဌာန်းလိုက်လေတော့၏။

"ခဏလေးစောင့်ပါ ငါ စိတ်ကူးထုတ်ကြည့်လိုက်ပါဦးမယ်"

ဟု ဦးညိုက ပြောလိုက်ရာ -

"ဒါဆိုလည်း မြန်မြန်စိတ်ကူးထုတ်။ ခင်ဗျားခေါင်းထဲက မထွက်ရင် ကျုပ်က ဟောဒီအရက်ပုလင်းနဲ့ ခင်ဗျားခေါင်းကို သွေးထွက်အောင် ရိုက်ခွဲလိုက်မယ်။ ပြီးရင် ... ခင်ဗျားကြီးကို သတ်လိုက်မယ်"

ဟု မောင်ကျော်က အရက်ပုလင်းကို ကိုင်မြှောက်ပြီး ပြောလိုက်လေ၏။

"ဟာ ... စိတ်ကူးရပြီ။ စိတ်ကူးရပြီကွ မောင်ကျော်ရဲ့"

ဟု ဦးညိုက ဝမ်းသာအားရနှင့် ပြောလိုက်ရာ ...

"ကဲ ... မြန်မြန်လေး ပြောစမ်းပါ။ ခင်ဗျားရဲ့စိတ်ကူး"

ဟု မောင်ကျော်က မေးလိုက်လေ၏။ ထို့နောက် ဦးညို မောင်ကျော့်အနားသို့ တိုးကပ်သွားကာ ဘေးဝန်းကျင်ကို မျက်လုံးကစားလိုက်ပြီး စိတ်ချလက်ချဖြစ်သည့် အနေအထားကို တွေ့လိုက်ရပြီးနောက် မောင်ကျော့်နားထဲသို့ ဦးညို၏ စကားလုံးအဆန်းအပြားတွေ တစ်လုံးချင်း တစ်လုံးချင်း သွင်းလိုက်ရာ မောင်ကျော်မှာ အပြုံးရိပ်များသန်း၍ တစ်ချက်မဲ့ပြီးနောက် ပူပန်စိုးရိမ်စိတ်အနည်းငယ် ဝင်ရောက်လာကာ ...

"ဖြစ်ပါ့မလားဗျ"

ဟု ဦးညိုအား မောင်ကျော်က မေးလိုက်လေ၏။

"ဖြစ်ပါတယ်၊ ဘာလို့ မဖြစ်ရမှာလဲ။ ပြီးရင် ပုလဲယဉ်ကို ပေါ့ပေါ့ ..."

ဟု ဦးညိုက ပုံသဏ္ဌာန် အမျိုးမျိုးလုပ်ပြလိုက်သည့်အခါ မောင်ကျော်မှာ လွန်စွာမှ လှပသော ဘုရင့်သမီးတော် ချစ်စရာလေးပုလဲယဉ်ကို ၎င်း၏ စိတ်အာရုံထဲ၌ ပေါ်လာကာ

"ဒါသိပ်ကောင်းတဲ့ စိတ်ကူးပဲ။ ပြီးတော့ ကျုပ်တို့ အောင်မြင်ခြင်း အထိမ်းအမှတ်နဲ့ စားကြ၊ သောက်ကြတာပေါ့"

ဟု မောင်ကျော်က ပြောလိုက်ရာ ဦးညိုမှာ အောင်ဘုအား ခေါ်လိုက်ပြီးနောက် ကြက်ကောင်လုံးကြော် ရဲရဲလေးနှင့် အရက်နှစ်လုံး အမြန်လုပ်ရန် မှာလိုက်လေတော့၏။

*****

ဤသို့ဖြင့် ခွန်ချို၊ ခွန်သာတို့ ညီအစ်ကိုနှစ်ဦးမှာ တဖြည်းဖြည်းလည်း အရွယ်ရောက်လာခဲ့လေ၏။

မောင်ကျော်၏ ထီးနန်းလုပ်ကြံမှုကြီးမှာလည်း လွန်စွာမှ နှောင့်နှေးလေ၏။ ထို့ကြောင့် ဦးညိုအား မောင်ကျော်က -

"ဟေ့ .. လူကြီး၊ ကျုပ်တို့ အကြံအစည်စိတ်ကူးက ဘယ်တော့လုပ်ငန်းစမှာလဲ၊ ဟိုကောင်လေးနှစ်ကောင်က လည်း အရွယ်ရောက်... နေပြီ။ တော်ကြာနေ ကျုပ်... လုပ်ငန်းမှာ အနှောင့်အယှက်



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်နေရင် အောင်မြင်မှု နှောင့်နှေးနေမယ်။ ဒီတော့ ခင်ဗျား ခေါင်းထဲက အရက်ပုလင်းနဲ့ ခေါင်းရိုက်ခွဲလို့ သွေးမထွက်ခင် မြန်မြန်စိတ်ကူးထွက်အောင် လုပ်စမ်းဗျာ''

ဟု ပြောလိုက်လေ၏။ ထိုအခါ ဦးညိုက မောင်ကျော်အား တိုးတိုးလေး ကပ်ပြီး ပြောလိုက်ပြန်၏။

မောင်ကျော်သည် ဦးညို၏စိတ်ကူးကို ယူကာ ဘုရင်မင်းကြီးထံ အခစားဝင်လာလေ၏။

''အလို . . . ပခန်းဦးမင်းကျော် . . . ပျောက်ချက်သားကောင်းလှချေလား။ ပခန်းနယ်မှာ အတော်လေးမှ ပျော်ရဲ့လား''

ဘုရင်မင်းကြီးက မောင်ကျော်အား ရယ်စရာ မောစရာစကားများ ပြောလိုက်လေ၏။

''မှန်ပါ။ ဖခမည်းတော်ရဲ့ ဘုန်းတန်ခိုးကြောင့် ကျွန်ုပ် ပခန်းမောင်ကျော် ပျော်နေကြောင်းပါ''

''ဝမ်းသာပါတယ်၊ ဝမ်းသာပါတယ်ကွယ်။ အခုရော ဘယ်လိုကိစ္စတွေ အရေးပေါ်လာလို့လဲ''

ဟု ဘုရင်မင်းကြီးကမေးလိုက်ရာ –

''ဒီလိုပါ။ ရှမ်းပြည်နယ်တစ်လွှားမှာ သူပုန်များ ထကြွသောင်းကျန်းနေပါတယ်၊ အဲဒီအတွက် ခွန်ချို–ခွန်သာတို့ကို သူတို့ကိုယ်တိုင် သွားရောက်နှိမ်နင်းသင့်ပါတယ်။ နှိမ်နင်းပြီးရင်လည်း သူတို့ကို ရှမ်းပြည်နယ်မှာ သုံးနှစ် သုံးမိုး အုပ်ချုပ်သင့်ကြောင်းပါဘုရား''

ဟု မောင်ကျော်က မင်းကြီးယုံကြည်အောင် ဦးညို၏စိတ်ကူးကို မွေးဖွားလိုက်လေ၏။

''အိမ်း . . . ခွန်ချို–ခွန်သာတို့ ညီအစ်ကိုနှစ်ယောက် အရွယ်ရောက်ပြီပဲ။ သူတို့လည်း မွေးရပ်မြေကို လွမ်းမှာပေါ့။ ပခန်းဦးမင်းကျော်ပြောတာ ဟုတ်ပေသားပဲ။ ကဲ . . ကဲ . . . ခွန်ချိုနဲ့ ခွန်သာကို ရှမ်းပြည်နယ်က သူပုန်တွေ နှိမ်နင်းဖို့ အမြန်စေလွှတ်စေ။ ပြီးရင် သုံးနှစ်သုံးမိုးနေကြစေ''

ဟု ဘုရင်မင်းကြီး မင်းလှစည်သူက အမိန့်ထုတ်ပြန်လိုက်လေတော့၏။

**ခွန်ချို–ခွန်သာတို့ ရှမ်းပြည်ရောက်သည့်အခါ . . .**

**သူပုန်များကို မတွေ့ရဘဲ ပျော်စရာများသာ တွေ့ရပြီး ၎င်းတို့ပျော်ရွှင်စွာ ဘုရင့်အမိန့်အတိုင်း သုံးနှစ်သုံးမိုးနေကြလေ၏။**

**(စာရေးသူ)**

ခွန်ချို–ခွန်သာတို့ ညီအစ်ကို ရှမ်းပြည်နယ်သို့ထွက်သွားကြ၍ များမကြာမီ တစ်ညသ၌ ပခန်းဦးမင်းကျော် (မောင်ကျော်)နှင့် ဦးညိုတို့သည် ၎င်းတို့၏ ဘက်တော်သားများနှင့်အတူ နန်းတော်ကို ဝင်ရောက်စီးပြီး ပန်းတောင်းပြည်တွင် စိုးစံတော်မူသော ဘုရင်မင်းကြီးမင်းလှစည်သူနှင့် မိဖုရားကြီးကူနီဒေဝီတို့အား လုပ်ကြံ၍ နန်းတော်ကို သိမ်းပိုက်ကာ ထီးနန်းကို ပခန်းဦးမင်းကျော် (မောင်ကျော်)စိုးစံလိုက်လေတော့၏။

ထိုအခါ အိမ်ရှေ့မင်းသား ကိုးမြို့ရှင်ကိုယ်တော်ကြီးသည် နှမတော် ပုလဲယဉ် မင်းသမီးအား ထမ်း၍ နေပြည်တော်မှ ထွက်ပြေးခဲ့ကြလေ၏။ ၎င်းတို့သည် ခမည်းတော်၏ သိဟောင်းကျွမ်းဟောင်းဖြစ်သော ကျောက်ထပ်ရွာ သူဌေးကြီး ဦးသာမြတ်အိမ်သို့ တိတ်တဆိတ်ရောက်ကာ မထင်မရှား ဆင်းရဲမောင်နှမအဖြစ် နေထိုင်ကြလေတော့၏။

* * * * *

ဤသို့ ဖြစ်ပွားပြီး တစ်နှစ်၊ နှစ်နှစ်ခန့်ကြာသောအခါ တစ်နေ့သ၌ ကိုးမြို့ရှင်ကိုယ်တော်ကြီးအား နှမဖြစ်သူ ပုလဲယဉ်အား သူဌေးကြီးထံတွင် အပ်နှံကာ ၎င်းတို့၏ တိုင်းရေးပြည်ရာများကို စနည်းနာရန်နှင့် ၎င်း၏ မွေးစားသား ခွန်ချို–ခွန်သာတို့အား ရှာဖွေရန်အတွက် ရုပ်ဖျက်ကာ ရှမ်းလူမျိုးများကဲ့သို့ ဝတ်စားပြီးထွက်ခဲ့လေ၏။

ကိုးမြို့ရှင်ကိုယ်တော်ကြီး ထွက်သွားပြီး များမကြာမီမှာ ညီမဖြစ်သူ ပုလဲယဉ်မှာလည်း သူဌေးကြီး၏ သားတော်မောင် မောင်လတ်ဆိုသူနှင့် မေတ္တာသင့်မြတ်ပြီး နှောင်အကြင်လင်မယားအဖြစ် ပေါင်းသင်းကာ သမီးကလေးတစ်ဦး မွေးဖွားလေရာ မိဘနှစ်ပါးနှင့် အဘိုးဖြစ်သူတို့က အသည်းနှင့်အောင် ချစ်ခင်ကြသဖြင့် ကလေး၏ အမည်ကို 'သဲသဲလေး'ဟု ပေးထားကြလေတော့၏။

**ထိုသဲသဲကလေးမှာ**

**အသဲလေး၊ အသဲလေး မှုသည်**

**'မနဲ့လေး(နတ်)ဟူ၍ ဖြစ်လေတော့။**

**(စာရေးသူ)**

သုံးနှစ်သုံးမိုး ပြည့်သည့်အခါ ခွန်ချို–ခွန်သာတို့သည် ပန်းတောင်းနေပြည်တော်သို့ ပြန်ရောက်လာကြသည့်အခါ ပခန်းဦးမင်းကျော်(မောင်ကျော်)က –

''ကဲ . . မင်းတို့ရောက်လာကြတာနဲ့ အတော်ပဲ။ အခု ငါ ထီးနန်းကို အခုလို သိမ်းပိုက်ထားရတာကလည်း ခွန်ချို–ခွန်သာတို့အတွက် သိမ်းပိုက်ထားရတာ ဖြစ်တယ်။ ငါကတော့ အသက်ကြီးပါပြီကွယ်။ ငါဥပုသ်စောင့်တရားအားထုတ်တော့မယ်။

ဒီတော့ ငါ တရားအား မထုတ်ခင် ခွန်ချို–ခွန်သာတို့ကို တာဝန်တစ်ခု ပေးချင်တယ်''

ဟု ပြောလိုက်ရာ ၎င်းတို့က –

''အမိန့်ရှိပါ''

ဟု လျှောက်ထားလေ၏။

''တခြားတော့ မဟုတ်ပါ



www.burmeseclassic.com

www.burmeseclassic.com

ဘူးကွာ။ မင်းတို့ ညီအစ်ကို နှစ်ယောက်ကို ထီးနန်းမလွှဲသေးခင်မှာ ဦးမင်းကျော်ခိုင်းရာလုပ်ပါ့မယ်ဆိုတဲ့ ကတိကို သစ္စာရည်တိုက်ပြီး ဆိုရမယ်။ ဘယ့်နှယ်လဲ လုပ်ကြမလား။ သစ္စာရည်သောက်ပြီးတာနဲ့ ထီးနန်းလွှဲပေးမယ်''

ဟု ဝေ့လည်လည်နှင့် အယုံသွင်းလေတော့၏။ ၎င်းတို့ကလည်း ထီးနန်းကို မက်မောနေကြသူများဖြစ်ကြ၍ ငါးစာသာမြင်ပြီး ငါးမျှားချိတ်ကို မမြင်သော ငါးများပမာ ခွန်ချို–ခွန်သာတို့သည် ဦးမင်းကျော်၏ စကားကို ယုံလို့ ပုံအပ်လိုက်ပြီးနောက် ကတိသစ္စာရေကို သောက်လိုက်ကြလေ၏။

၎င်းတို့ သောက်ပြီးကြသဖြင့် ဦးမင်းကျော်က ထီးနန်းကို လွှဲအပ်ပေးလိုက်ပြီးနောက် ကိုးမြို့ရှင်ကိုယ်တော်ကြီးကို ရှာဖွေ၍ ခေါင်းကိုဖြတ်၍ ဆက်သရန် ဦးမင်းကျော်က အမိန့်ပေးလိုက်လေတော့၏။

တောတွင်းတစ်နေရာ၌ ကိုးမြို့ရှင်ကိုယ်တော်ကြီးနှင့် ခွန်ချို–ခွန်သာတို့ တွေ့ဆုံကြရာ ကိုးမြို့ရှင်ကိုယ်တော်ကြီးမှ ၎င်းတို့အား တွေ့မြင်လိုက်ရသည်နှင့် လွန်စွာမှ ဝမ်းသာသွားပြီးနောက် ...

''သားတော်တို့ နှစ်ယောက်ကို ဖခမည်းတော် ထိုက်ရှာတာ အတော်ကြာသွားပြီ။ ဒီကြားထဲ ပခန်းဦးမင်းကျော်ရဲ့ ရန်စွယ်ကို ရှောင်နေရင်း တောထဲမှာနေရတာ။ အခုလို သားတော်နှစ်ပါးကို ဖခမည်းတော် တွေ့လိုက်ရတော့ အလွန်ဝမ်းသာတာပဲကွယ်''

ဟု ကိုးမြို့ရှင်ကိုယ်တော်ကြီးက ဝမ်းသာအားရပြောလိုက်သော်လည်း ခွန်ချို–ခွန်သာတို့မှာ ဝမ်းသာသောအရိပ်အယောင် မတွေ့ရဘဲ ဝမ်းနည်းမှုအရိပ်သဏ္ဌာန်ကို တွေ့လိုက်ရသဖြင့် ကိုးမြို့ရှင်ကိုယ်တော်ကြီးက ခွန်ချို–ခွန်သာတို့အား ...

''သားတော်နှစ်ပါး ... အဘယ့်ကြောင့် ဝမ်းနည်းနေရတာလဲ''

ဟု မေးလိုက်လေ၏။

ထိုအခါ ခွန်ချို–ခွန်သာတို့က ...

''အို ... ခမည်းတော်၊ ကျွန်ုပ်တို့နှစ်ဦး ပခန်းဦးမင်းကျော်ရဲ့ စကားကို ယုံစားမိပြီး သူတိုက်တဲ့ ကတိသစ္စာရေကို သောက်မိပါတယ်။ အဲဒီ ကတိသစ္စာရေသောက်ပြီးတဲ့အခါကျတော့မှ ခမည်းတော်ရဲ့ ဦးခေါင်းကို ဖြတ်ခိုင်းပါတယ်။ ကျွန်ုပ်တို့ နှစ်ဦးကလည်း ဖခမည်းတော်ရဲ့ ဦးခေါင်းကို မဖြတ်ဝံ့ပါ''

ဟု ဝမ်းနည်းစွာဖြင့် ပြောလိုက်လေတော့၏။

ကိုးမြို့ရှင်ကိုယ်တော်ကြီးမှာလည်း ပခန်းဦးမင်းကျော်၏ ရက်စက်သောစကားနှင့် ခွန်ချို–ခွန်သာတို့၏ အခက်အကြပ်ကို ၎င်းက အေးရာအကြောင်းတွေးကာ စဉ်းစားရလေ၏။

ခွန်ချို–ခွန်သာတို့ကလည်း ပခန်းဦးမင်းကျော်၏ ကတိသစ္စာရေ သောက်ထားမိသဖြင့် ခမည်းဖခမည်းတော်၏ ဦးခေါင်းကို ၎င်းတို့ လက်နှင့် ဘယ်နည်းနှင့်မှ ဖြတ်ကြမည် မဟုတ်သည့်အတွက်

''ကဲ ... သားတော်တို့ စိတ်ဆင်းရဲနေတာကို ဖခမည်းတော် မကြည့်လိုပါ။ အဲဒီတော့ ဖခမည်းတော်ရဲ့ ဦးခေါင်းကို ဖခမည်းတော်ကိုယ်တိုင် ဖြတ်ပေးလိုက်ပါ့မယ်။ သားတော်တို့ဝမ်းသာကြပေတော့''

ဟု ကိုးမြို့ရှင်ကိုယ်တော်ကြီးက သစ္စာအဓိဋ္ဌာန်ပြုကာ ၎င်း၏ဦးခေါင်းကို ကိုယ်တိုင်ပင် ကြည်ကြည်ဖြူဖြူ ဖြတ်ပေးလိုက်လေတော့၏။

ခွန်ချို–ခွန်သာတို့လည်း လွန်စွာမှ ဝမ်းနည်းကာ ငိုကြွေးကြပြီးနောက် ခမည်းဖခမည်းတော်၏ ဦးခေါင်းကို ယူ၍ ပခန်းဦးမင်းကျော်ထံ ဆက်သရန် ထွက်ခဲ့ကြလေတော့၏။

* * * * *

ပခန်းဦးမင်းကျော်နှင့် ဦးညိုကြီးတို့မှာလည်း ခွန်ချို–ခွန်သာတို့ လာမည့်လမ်းခုလတ်ရှိ ငွေချိုတောင်စကားဝါပင်ရိပ်သာစခန်းတွင် စံတဲနန်းတွင် အရက်သေစာ သောက်စား ပျော်ပါးရင်း ခွန်ချို–ခွန်သာတို့အလာကိုစောင့်မျှော်နေကြလေ၏။

''မောင်ကျော် .. မောင်ကျော်''

ဟု ဦးညိုကြီး၏ ခေါ်သံကြားရသဖြင့် ကြက်ကောင်လုံးကြော် နီနီရဲရဲနှင့် အရက်နှစ်လုံးကို မြိန်ရှက်စွာသောက်နေသည့် ပခန်းဦးမင်းကျော်က –

''ဘာတုန်း ... ခင်ဗျားကြီး ဘာဖြစ်လာပြန်တာလဲ''

ဟု ဆီးကြို ဟောက်လိုက်လေ၏။

''ဟိုမယ် .. ခွန်ချို–ခွန်သာတို့ ပြန်လာကြပြီ''

ဟု ဦးညိုကြီးက ပြောလိုက်ရာ ပခန်းဦးမင်းကျော်က

''ဟုတ်လား ... သူတို့လက်ထဲမှာ ဘာပါလာသလဲ''

ဟု ပခန်းဦးမင်းကျော်က မေးလိုက်လေ၏။

''ခွန်ချို–ခွန်သာတို့လက်ထဲမှာ ကိုးမြို့ရှင်ကိုယ်တော်ကြီးရဲ့ ဦးခေါင်းတော်ကြီးပါလာပါတယ်''

ဟု ဦးညိုက ပြောလိုက်သည့်အခါ ပခန်းဦးမင်းကျော်မှ လွန်စွာမှ ဝမ်းသာ၍ လက်ကျန်အရက်ကို မော့သောက်လိုက်ပြီး ကြက်ကြော်ကို စားလိုက်လေ၏။ ထို့နောက် ပခန်းဦးမင်းကျော်က ခွန်ချို–ခွန်သာတို့ထံသွားကာ ...

''သားတော်နှစ်ပါး အခုလို အောင်မြင်မှုတွေရလာတာကြောင့် ကျုပ် ဝမ်းသာပါတယ်။ ဒီတော့ မောင်မင်းတို့ကို ဂုဏ်ပြုနျင်ပါတယ်။ ဟဲ ... ဟဲ ... ဟဲ။ ဗျို ...



www.burmeseclassic.com

www.burmeseclassic.com

ဦးညိုလာပါဦးဗျာ။ ကျုပ်သားတော်တွေကို ဂုဏ်ပြုရအောင်"

ဟု ခေါ်လိုက်သည်နှင့် ဦးညိုနှင့် ရဲဘက်များက ပခန်းဦးမင်းကျော်၏ ကြိုတင်ကြံစည် စီမံထားသည့်အတိုင်း ခွန်ချို–ခွန်သာတို့အား ကြိုးတုပ်ဖမ်းဆီးလိုက်လေတော့၏။

"ဟာ ... ခင်ဗျားတို့ ဘာလုပ်ကြတာလဲ။ လွှတ်ဆို လွှတ်ဗျာ ..."

ဟု ကြိုးတုပ်ဖမ်းဆီးခြင်းကို ခံလိုက်ရသည့် ခွန်ချို–ခွန်သာတို့က ပြောလိုက်ရာ ဦးညိုကြီးက –

"ဖမ်းတာလေ ... မင်းတို့ကို ဂုဏ်ပြုတာလေ။ လွှတ်လိုက်လို့ မင်းတို့ထွက်ပြေးသွားမှာပေါ့။ မလွှတ်ဘူးဟေ့"

ဟု ဆိုကာ ခွန်ချို–ခွန်သာတို့အား ဦးညိုက တစ်ယောက်ကို တစ်ချက်စီ ရိုက်လိုက်လေ၏။

"ကဲပါ ... ဦးညိုရာ။ ရိုက်မနေပါနဲ့။ ခင်ဗျားကြီးရဲ့ လက်နာသွားပါ့မယ်။ ဒီနှစ်ကောင်ရဲ့ မျက်နှာကို မကြည့်ချင်တော့ဘူး။ ကိစ္စမြန်မြန် ရှင်းလိုက်ပါတော့ဗျာ"

ဟု ပခန်းဦးမင်းကျော်က ပြောလိုက်ရာ ဦးညိုကြီးမှာ ၎င်းတို့ညီနောင်အား အဆုံးစီရင်လိုက်လေတော့၏။

ခွန်ချို–ခွန်သာတို့အား သတ်လိုက်ပြီးနောက် ပခန်းဦးမင်းကျော်နှင့် ဦးညိုကြီးတို့မှာ လွန်စွာမှ ပျော်ရွှင်ကြပြီး သောက်ပွဲစားပွဲကို ပျော်ပျော်ကြီး ဆင်နွှဲကြလေ၏။

ခွန်ချို–ခွန်သာညီနောင်တို့သည် အယုတ်တမ်း၍ နတ်စိမ်းဖြစ်သွားကြရာ အယုတ်တမ်းနတ်စိမ်းဘဝနှင့် ဦးမင်းကျော်နှင့် ဦးညိုကြီးတို့အား လွန်စွာမှ မကျေမနပ်ဖြစ်ကာ ပခန်းဦးမင်းကျော် စံတဲနန်းရှိ စကားဝါပင်ကြီးကို ၎င်းတို့ညီနောင် ခုတ်လှဲချလိုက်ရာ စံတဲနန်းပိ၍ စံတဲနန်းအတွင်း ပျော်ပျော်ပါးပါး အရက်သောက်နေကြသည့် ပခန်းဦးမင်းကျော်နှင့် ဦးညိုကြီးတို့မှာလည်း စကားဝါပင်ပိပြီး သေဆုံးကြ၍ နတ်ဖြစ်ရလေတော့၏။

ကိုးမြို့ရှင်ကိုယ်တော်ကြီးသည် ၎င်းကိုယ်တိုင် ခေါင်းကိုရအောင် ပေးလိုက်သည့် အခါတွင် နတ်ဖြစ်သွားလေ၏။ နတ်ဘဝနှင့်ပင် နှမဖြစ်သူ ပုလဲယဉ်ထံသွားကာ ကြည့်ရှုရာ ပုလဲယဉ်မှာ အိမ်ထောင်ရှင်ဘဝနှင့် သမီးကလေးတစ်ယောက်ရရှိနေပြီကို တွေ့မြင်ရသဖြင့် ကိုးမြို့ရှင်ကိုယ်တော်ကြီးမှာ လွန်စွာမှ ဒေါသထွက်ရပြန်လေ၏။

၎င်းတို့ မောင်နှမသည် အစ်ကိုတစ်သက်၊ နှမတစ်သက် အိမ်ထောင်ဘက်မရှာဘဲ လူပျို၊ အပျိုဘဝနှင့် နေကြမည်ဟု သစ္စာပြုထားကြ၏။

"တောက် ... နှမတော် ပုလဲယဉ်၊ ညည်းက သစ္စာဖောက်တယ်။ ငါ့အကြောင်း သိရစေမယ်"

ဟု ကိုးမြို့ရှင်ကိုယ်တော်ကြီးက ကြိမ်းဝါးပြောဆိုလိုက်ပြီးနောက် နှမပုလဲယဉ်အား လူ့ဘဝတွင် မထားတော့ဘဲ ၎င်းလိပ်ပြာနှုတ်၍ နတ်ဘဝသို့ အပြီးအပိုင်ခေါ်လိုက်လေတော့၏။

နှမတော် ပုလဲယဉ် နတ်ဘဝသို့ရောက်သည့်အခါ ...

"အို ... မောင်ကြီး၊ ရက်စက်လိုက်တာ မောင်ကြီးရယ်"

ဟု ကိုးမြို့ရှင်ကိုယ်တော်ကြီးအား ငိုမြည်တမ်းကာ ပြောလိုက်လေ၏။

"သြော် ... ငါ့ကို ရက်စက်တယ်ဟုတ်လား။ ငါကတော့ ငါ့နှမလေးကို အရမ်းချစ်လို့ ပခန်းဦးမင်းကျော်လက်ထဲရောက်မှာ ကြောက်လို့ ငါ့ရဲ့ပခုံးထက်မှာ ထမ်းပြီး ဝေးရာကို ပြေးခဲ့ရတာ။ ငါမရှိတဲ့နောက်မှာ လင်တွေဘာတွေနဲ့ ကလေးတောင်ရလို့။ ငါ့အသည်းတွေ ကြေခဲ့ရတယ်။ ငါ့နှမလေးကိုချစ်လို့ အခုလို နတ်ဘဝနဲ့ ခေါ်လိုက်ရတာပဲ"

ဟု ကိုးမြို့ရှင်ကိုယ်တော်ကြီးက ပြောလိုက်လေ၏။ ထိုအခါ နှမဖြစ်သူ ပုလဲယဉ်က

"မောင်ကြီး နှမကို ချစ်တာ နှမတော် ပုလဲယဉ်သိပါတယ်။ ဒါပေမဲ့ မောင်ကြီးရယ်၊ နှမလင်တော်မောင် မောင်လတ်ကို ပစ်ထားခဲ့လို့ရပေမဲ့ သမီးလေး အသဲလေးကိုတော့ မခွဲရက်ဘူး၊ မခွဲနိုင်ဘူး"

ဟု ဆိုကာ ငိုကြွေးလေတော့၏။

ပုလဲယဉ်သည် ၎င်းအိမ်သို့ ပြန်ရောက်လာ၏။ သမီးလေး သဲသဲလေးမှာ ပုခက်အတွင်းမှာ အပြစ်ကင်းစွာအိပ်နေသည်ကို တွေ့ရသဖြင့် အမေနှင့်သမီး ဘဝချင်းခြားနေရသဖြင့် ပုလဲယဉ်မှာ သမီးလေးနှင့် မခွဲနိုင်သဖြင့် ကြောင်တစ်ကောင်အဖြစ် ဖန်ဆင်းလိုက်ပြီး ...

"သမီးရေ .. သမီးကို အမေမခွဲနိုင်တော့ဘူး၊ ဒီတော့ သမီး အမေတို့ဘဝထဲကို ဖဲ့ဟ ပါတော့"

ဟုဆိုကာ ကြောင်ယောင်ဆောင်၍ ပုခက်အတွင်းသို့ ခုန်ချလိုက်ရာ သဲသဲကလေးမှာ လန့်ဖျပ်သေဆုံးသွားကာ နတ်ဖြစ်သွားလေတော့၏။

**၎င်းကလေးနတ်ကို အချို့က မသဲလေးဟု ခေါ်ကြလေ၏။ (စာရေးသူ)**

ဇနီးဖြစ်သူ ပုလဲယဉ်သေဆုံးပြီး မကြာခင်မှာပင် သမီးဖြစ်သူ သဲသဲလေး ထပ်မံသေဆုံးရာ မောင်လတ်မှာလည်း ဝမ်းနည်းပူဆွေး သောကရောက်ပြီး မစားနိုင် မသောက်နိုင်ဖြစ်ပြီးနောက် ရင်ကွဲနာကျ၍ သေဆုံးသွားကာ နတ်ဖြစ်သွားရပြန်လေတော့၏။

ကိုးမြို့ရှင်သည် လူ့ဘဝတွင် ဘုရင့်သားတော်ကြီး အိမ်ရှေ့မင်းသား ဖြစ်စဉ်ကတည်းက ကိုးမြို့၊ ကိုးတံခါး ကိုးဖလားနှင့် ကိုးဓားပိုင်သော အာဏာပိုင်မင်းသား ဖြစ်ခဲ့သဖြင့် နတ်ဘဝတွင်လည်း လူထုအများ ဘေးအန္တရာယ် မကပ်ရောက်ရလေအောင်



www.burmeseclassic.com

www.burmeseclassic.com

ကာကွယ်စောင့်ရှောက်ရန် မြို့ ရွာကို စောင့်ကြပ်သော နတ် တစ်ပါးအဖြစ်နှင့် နေရလေ၏။

ပုလဲယဉ်၊ မောင်လတ်၊ သဲသဲလေး၊ ခွန်ချို–ခွန်သာတို့ သည်လည်း ကိုးမြို့ရှင်ကိုယ် တော်ကြီး၏ အခြွေအရံများ အဖြစ် နေထိုင်ကြရ၏။

လူ့ဘဝကတည်းက လွန် စွာမှ ချစ်ခင်ခဲ့ကြသည့် မောင် နှမအရင်းဖြစ်သဖြင့် နတ်ဘဝ တွင်လည်း ကန်တော့ပွဲတစ်ပွဲ တည်းဖြင့် ပသ၍ရသော နတ် မောင်နှမ ဖြစ်လေ၏။

ပုံတော်–ရုပ်တုများကို လွယ်လင့်တကူဝယ်၍ ကိုး ကွယ်နိုင်ပါသည်။

(စာရေးသူ)

ပုံတော်တွင် ကိုးမြို့ရှင် ကိုယ်တော်ကြီးသည် ရှမ်း အင်္ကျီ၊ ရှမ်းဘောင်းဘီအနက် တွင် အဖြူနားကွပ်နှင့် ဖြစ်ပြီး ရှမ်းဖိနပ်အပျော့ အနက်ကို လည်း စီးနင်းထားလေ၏။

ဓားနှစ်လက်ကို ဘယ် ညာကိုင်ထားပြီး ညာဘက်ဓား မှာ ညာဘက်ပခုံးပေါ်တွင် တင်ထားလေ၏။

ဘယ်ဘက်ဓားကိုမူ ကိုင် ထားရုံသာ ကိုင်ထား၏။

ပုလဲယဉ်သည် ရှမ်းမင်း သမီးဝတ်စုံနှင့်ဖြစ်ပြီး လက်ဝဲ လက်ကိုချထား၍ လက်ယာ လက်က ဓားကိုကိုင်ကာ ပခုံး ပေါ်တွင် တင်ထား၏။ ရာဇ မာန်ကြီးသော မင်းသမီးဖြစ်ပြီး လျှင် ဓားရေးကျွမ်းလှသဖြင့် "နှမဓားကအရင်၊ မောင်ကြီး ဓားကနောက်" ဟုလည်းအဆို ရှိကြလေ၏။

အုန်းသီးတစ်လုံး၊ ငှက် ပျောသီးသုံးဖီး၊ သပြေပန်း၊ ကွမ်းယာ၊ လက်ဖက်သုပ်၊ ဖယောင်းတိုင်၊ အမွှေးတိုင် စုံလင်စွာပါရှိသော ကန်တော့ ပွဲကို ပြင်ရပြီး ရှမ်းအစားအစာ များဖြစ်သည့် ခေါက်ဆွဲ၊ ပဲပုပ်၊ ခေါပုတ်ကြော်၊ လိမ္မော်သီးတို့ ကို ဆက်သရ၏။ နှုတ်က ဤ သို့ . . .

"ကိုးမြို့၊ ကိုးတံခါး၊ ကိုး ဖလားနှင့် ကိုးဓားကိုပိုင်သော ကိုးမြို့ရှင်ကိုယ်တော်ကြီးနှင့် နှမပုလဲယဉ် . . .

အမေပုလဲဟုလည်း ခေါ်နိုင်၏။ (စာရေးသူ)

တို့အား ဤကန်တော့ပွဲ နှင့် စားပွဲကို သားတော်၊ သမီး တော်တို့က ဆက်သပါသည်။ ကျေနပ်ဝမ်းမြောက်စွာဖြင့် လက်ခံစားသုံးတော်မူကြပါ။ သားတော်၊ သမီးတော်တို့၏ နေထိုင်စားသောက်လုပ်ကိုင် ဆက်ဆံမှုများတွင် အတား အဆီး၊ အပိတ်အဆို့၊ အဟန့် အတား၊ အထစ်အငေါ့များရှိ နေပါက အဖ ကိုးမြို့ရှင်နှင့် အမေပုလဲယဉ်တို့က လက်သုံး တော်ဓားများဖြင့် ခုတ်ထွင်ရှင်း ၍ လမ်းဖွင့်ပေးတော်မူကြပါ။ ပိတ်နေသော တံခါးများကို လည်း ဝင်ခွင့်ပြုပါ။ အစစ အရာရာ ပွင့်လင်းနေစေရန် ကရုဏာထား၍ မစတော်မူ ပါ"

ဤသို့ဆို၍ ကန်တော့ပွဲ ကိုမြှောက်၍ ဆက်သ၊ စား တော်ပွဲများကိုလည်း မြှောက် ၍ ဆက်သရလေ၏။

လုပ်ရိုးလုပ်စဉ် ဝါဝင် ဝါထွက်မဟုတ်ဘဲ အရေး အကြောင်း ကိစ္စကြီးငယ် ပြဿနာတစ်စုံတစ်ရာ ရှိခဲ့ပါမူ တင်ဆက်ရခြင်းဖြစ်လျှင် ကတိတစ်ခု ပြုရ၏။

လူကတိ –နတ်ကတိ တည်ပါစေ။ (စာရေးသူ)

မိမိတို့၏ ကိစ္စပြဿနာ များကို ဖွင့်ဟလျှောက်ထားပြီး လျှင် ဤကိစ္စ၊ ဤပြဿနာ ပြီးစီးအောင်မြင်ပါက မည်သို့ ကန်တော့ပါမည်ဟု တစ်ခုခု ကတိပြုရ၏။

အကယ်၍ အောင်မြင်ပြီး စီးလျှင် ကတိကို တည်ပါစေ။ ကတိပျက်ကွက်ပါက အခြေ အနေပြောင်းပြန်ဖြစ်သွားတတ် သည်ကို သတိပြုရမည် ဖြစ် ၏။

ကိုးမြို့၊ ကိုးတံခါးနှင့် ကိုးဓားပိုင်ရှင်ဟူသော ဂုဏ် ပုဒ်ကို အမြဲထည့်၍ ဆိုရပါ မည်။

(စာရေးသူ)

ဦးညိုခေါ်သည့် အဘ ညိုသည် ပခန်းဦးမင်းကျော်၏ အထိန်းတော်ကြီး ဖြစ်ခဲ့ရပြီး၊ ပခန်းဦးမင်းကျော်နှင့်အတူ စကားဝါပင်ပိ၍ သေဆုံးရပြီး နောက် နတ်ဖြစ်ရရှာလေ၏။

နတ်ဖြစ်သည့်အခါ ဦးမင်း ကျော်နှင့်အတူနေသည်ဟုဆို ကာ အတူတူပူးတွဲ ကိုးကွယ် နေခြင်းကို ခံရလေတော့၏။

ပိုလ်မှူးဘဝမှ ပခန်းနယ် ကို အပိုင်စားရ၍ ပခန်းဦးမင်း ကျော် ဖြစ်လာခဲ့ပြီးနောက် ခွန်ချို–ခွန်သာတို့ စကားဝါပင် ခုတ်လှဲရာမှ စကားဝါပင်ပိ၍ သေဆုံးကာ နတ်ဖြစ်သွားရ လေ၏။

ထို့ကြောင့် ပခန်းဦးမင်း ကျော်အား လူကြီးပိုင်းက 'ကိုကြီးကျော်' ဟူ၍ ချစ်စနိုး ခေါ်ကြသည်။ လူငယ်အများ က 'ဖေကြီးကျော်' ဟူ၍ ခေါ် ကြကုန်၏။

ပခန်းဦးမင်းကျော်သည် လူ့ဘဝက အရက်၊ ထန်း ရည်၊ ဖဲ၊ ကြက်၊ မိန်းမနှင့် အပျော်အပါးတို့ကို ခုံမင်လေ သောကြောင့် နတ်ဖြစ်သွား သည့်အခါ လူတို့က ဦးမင်း ကျော်အား လောင်းကစားပြု သူ၊ ထီထိုးကြသူများအတွက် အားကိုးစရာ ပုဂ္ဂိုလ်ကြီးတစ် ပါးပင် ဖြစ်လေတော့၏။

ဤသို့ဖြင့် ဦးမင်းကျော် အား လူတွေက ပုံတော်ရုပ်တု တစ်ခုမှ ကြိုက်ရာကိုဝယ်ယူ၍ ကိုးကွယ်ကြလေ၏။

မတတ်နိုင်သူအချို့က ပန်းအိုးတစ်လုံး၊ သောက် တော်ရေတစ်ခွက်နှင့် ဒန် ဖလားငယ်တွင် ငွေအကြွေ များထည့်၍ ကိုးကွယ်ကြရ လေ၏။

အုန်းသီး၊ ငှက်ပျောသီး များပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ ပခန်းဦးမင်းကျော်ကို ပသနိုင်လေ၏။

အရေးကြီးသည်မှာ ယစ် ရွှေရည်၊ ကြက်သားကြော်နှင့် ဖလားထဲတွင် ငွေစအနည်း ငယ်ထည့်ပေးရန်သာ ဖြစ်ရ၏။

တတ်နိုင်ရင် တတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com

သလို ကြက်ကောင်လုံးကြော်၊ အရက်အကောင်းစား ဘယ်ညာဆွဲ (နှစ်ပုလင်းဟု ဆိုလိုသည်)၊ ငွေဖလားတွင် ငွေစက္ကူအကြီးဆုံးမှ အသေးဆုံး အထိ ထည့်ပေးရလေ၏။

မုန့်ခြူး မုန့်နီ၊ လက်ဖက်၊ ကွမ်းယာတို့မှာ ထုံးတမ်းစဉ်လာ ထည့်ရိုးထည့်စဉ်ဖြစ်၍သာ ထည့်ရခြင်းဖြစ်၏။ (အဓိက မဟုတ်ချေ။)

အထက်တွင် ဖော်ပြပြီးသော အရက်၊ ကြက်ကြော်နှင့် ပိုက်ဆံဖလားတို့သည်သာ ပခန်းဦးမင်းကျော် ဆက်သရန်တွင် လွန်စွာမှ အရေးကြီးသည့် အချက်များပင် ဖြစ်လေတော့၏။

ကြက်ကောင်လုံးကြော် (သို့မဟုတ်) ကြက်ပေါင်ကြော်ကို ရဲနေအောင် ကြော်ပြီးမှ ဆက်သရ၏။

အရက်ကိုလည်း ပုလင်းနှင့်ပင် ဆက်သရ၏။ ပုဂ္ဂိုလ်ဝင်လာသည့်အခါ အရက်ကို ပုလင်းထဲမှငှဲကာ သောက်ရန်အတွက် ဖန်ခွက်လည်း ထားပေးရလေ၏။

ထိုသို့ စားပွဲများ မြှောက်၍ အောက်ပါအတိုင်း ပြောပါလေ။

"ကိုကြီးကျော် (သို့မဟုတ်) ဖေကြီးကျော်ခင်ဗျာ။ ညီတော် (သို့မဟုတ်) သားတော်၊ ညီမတော် (သို့မဟုတ်) သမီးတော်တို့က စေတနာသဒ္ဓါတရား အပြည့်ထား၍ စားပွဲသောက်ပွဲများကို ဆက်သပါသည်။ ပျော်ပျော်ကြီးကြွရောက်၍ စားသောက်သုံးဆောင်တော်မူပါခင်ဗျာ။

ကိုကြီးကျော် မစ၍ ယခုလို နေထိုင်ရ စားရ သောက်ရခြင်း ဖြစ်ပါသည်။ ကိုကြီးကျော်၏ ကျေးဇူးတော်ကို မမေ့ပါ။ ရှေ့ကိုလည်း ဆက်၍ အဆထက်ထမ်းပိုး မစတော်မူပါ။ သွားလေရာတိုင်းလည်း လိုက်ပါစောင့်ရှောက်တော်မူပါ။

ငွေရေးကြေးရေး ယှဉ်ပြိုင်လာတိုင်း အနိုင်ရစေအောင် မစတော်မူပါ။ ပွဲတိုင်းအောင်မြင်သည့် ဘဝကို ပေးသနားတော်မူပါ။ ကျဆုံးခြင်း၊ ရှုံးနိမ့်သူဘဝကို မလိုလား၍ ဖယ်ရှားပေးတော်မူပါ။

ကိစ္စကြီးငယ် ရှိလျှင်လည်း လိုချင်သည့်အရာ၊ လိုအပ်သည့်အရာ၊ တစ်စုံတစ်ရာရှိနေလျှင်လည်း အိပ်မက်ပေးတော်မူပါ။ မိန့်တော်မူပါက ဖေကြီးကျော်အတွက် တတ်စွမ်းသမျှ ပြုလုပ်ပေးဖို့ အသင့်ပါ။

ယခုလာမည့် ပွဲတွင် အထုပ်လိုက်၊ အထည်လိုက် ရရှိအောင် ဆောင်မတော်မူပါ။ (ထီ၊ ချဲ၊ ကြက်၊ ဖဲ) တစ်ခုခုရရှိပါက ပခန်းကိုယ်တော်ကြီး အလိုရှိရာကို ဆက်သပါမည်ဟု ကတိပေးပါသည်"

ဟု ဆိုကာ ပြောဆိုဆုတောင်းရလေ၏။

ပွဲတော်ကျကို သက်ဆိုင်ရာ ကာယကံရှင်ပုဂ္ဂိုလ်များက ယူ၍ စားသုံးနိုင်၏။ စားသုံးသည့် အခါများတွင်လည်း အဖေကြီးဦးမင်းကျော်ကို တ၍ စားရ၏။ အောင်မြင်ခဲ့ပါလျှင် ကတိအတိုင်း ပြုလုပ်ပေးရလေတော့၏။

ပခန်းဝိညာဉ်များနှင့် ဆက်နွှယ်ကြသူများမှာ အောက်ပါဇယားအတိုင်း ဖြစ်၏။

၎င်းတို့သည် ၃၇ မင်းနတ်စာရင်းတွင် မပါကြသော်လည်း ယနေ့တိုင်အောင်ပင် နတ်ကတော်များက နတ်ကနားပွဲများ ဆက်သသောအခါ ၎င်းတို့အား ပွဲတော်ပသဆက်သလျက်ရှိကြောင်း သိရှိရလေတော့သတည်း။

*လုံးစုံများစွာ သတ္တဝါ ချမ်းသာကိုယ်စိတ် မြဲပါစေသော် ...။*

**မင်းသကြန်**

| ပခန်းဝိညာဉ်များ | | |
|---|---|---|
| ၁။ | မင်းလုစည်သူ | ပန်းတောင်းပြည်ဘုရင် လုပ်ကြံခံရပြီး နတ်ဖြစ်သူ |
| ၂။ | ကူနီဒေဝီ | မင်းလုစည်သူ၏ မိဖုရားကြီး လုပ်ကြံခံရပြီး နတ်ဖြစ်သူ |
| ၃။ | ကိုးမြို့ရှင် | ပန်းတောင်းပြည် အိမ်ရှေ့မင်းသား၊ မိမိကိုယ်ကို ခေါင်းဖြတ်၍ နတ်ဖြစ်သူ |
| ၄။ | ပုလဲယဉ် | ကိုးမြို့ရှင် လိပ်ပြာနတ်ယူ၍ နတ်ဖြစ်သူ |
| ၅။ | ခွန်ချို | ဦးမင်းကျော်သတ်၍ သေပြီး နတ်ဖြစ်သူ |
| ၆။ | ခွန်သာ | ဦးမင်းကျော်သတ်၍ သေပြီး နတ်ဖြစ်သူ |
| ၇။ | မောင်လတ် | ဖနီးနှင့်သမီးသေ၍ ရင်ကွဲနာကျပြီး နတ်ဖြစ်သူ |
| ၈။ | သဲသဲလေး | မိခင် ပုလဲယဉ်က လိပ်ပြာနတ်ယူ၍ နတ်ဖြစ်သူ |
| ၉။ | ဦးညို | ခွန်ချို-ခွန်သာတို့က စကားဝါပင်လှဲရာမှ စကားဝါပင်ပိသေပြီး နတ်ဖြစ်သူ |
| ၁၀။ | ဦးမင်းကျော် | ခွန်ချို-ခွန်သာတို့က စကားဝါပင်လှဲရာမှ စကားဝါပင်ပိသေပြီး နတ်ဖြစ်သူ |



www.burmeseclassic.com

www.burmeseclassic.com

# မယ်လမုစေတီမှ ပုပ္ပားမယ်တော်ကြီး ကိုယ်တော်နှစ်ပါးတို့နှင့်တွေ့ဆုံခြင်း

ဆရာ ဝစကြာ
(မယ်လမုစေတီတော် မင်္ဂလာဟောခန်း)



ပုပ္ပားမယ်တော်နတ်

**ပုပ္ပားခေတ်ဆက် ထိုအိပ်မက်**

မြန်မာသက္ကရာဇ် ၁၃၂၂ ခုနှစ်တွင် ယခင်က ပြိုကျယိုယွင်းနေခဲ့သော ရှေးဟောင်းစေတီ ငုတ်တိုဘဝမှ ဆုတောင်းပြည့် မယ်လမုစေတီတော်အဖြစ်သို့ ပြန်လည်ပြုပြင်တည်ထားခဲ့သည့် ဘုရားအမ ဒေါ်စောညွန့်ရီမှာ ပုပ္ပားမယ်တော်ကြီး(မယ်ဝဏ္ဏ)၏ အစောင့်အရှောက်နှင့် မကင်းခဲ့ချေ။

မယ်လမုစေတီတော်ကို ပြန်လည်ပြုပြင် တည်ထားရာ၌လည်း ပုပ္ပားမယ်တော်ကြီး၊ ကိုယ်တော်နှစ်ပါးတို့၏ အစောင့်အရှောက် အကူအညီမစမှုများဖြင့် ဆောင်ရွက်ခဲ့သည်ဟု သိရှိရလေသည်။

***

ဒေါ်စောညွန့်ရီနှင့် ခင်ပွန်း၊ မိသားစုတို့သည် ၁၃၂၁ ခုနှစ်၊ တန်ခူးလအတွင်း ရှမ်းပြည်နယ်မြောက်ပိုင်းဘက်သို့ နွေရာသီအပူဒဏ်ကို ရှောင်ရှားရင်း အလည်အပတ် ခရီးထွက်ခဲ့ကြသည်။

www.burmeseclassic.com

ထိုသို့ ရှမ်းပြည်နယ်သို့ ရောက်ရှိကြ၍ တစ်ညသောအခါဝယ် ဒေါ်စောညွန့်ရီသည် ထူးခြားသော အိပ်မက်တစ်ခုကို မြင်မက်ခဲ့လေ၏။ မြင်မက်ပုံမှာ ဤသို့ ဖြစ်ပေသည်။

ဒေါ်စောညွန့်ရီနှင့် မိဘဆွေမျိုးတစ်စုတို့သည် ဘွဲ့မည်ရည်မသိရှိရသည့် စေတီတစ်ဆူ၏ မနိမ့်မမြင့်လှသော စောင်းတန်းမှနေ၍ စေတီတော်ရင်ပြင်ပေါ်သို့ တက်ရောက်ခဲ့ကြ၏။ ထိုသို့ တက်ရောက်ခဲ့ကြရာဝယ် စေတီတော်ရင်ပြင်ပေါ်သို့ ရောက်ခါနီး မုခ်ဝတွင် ငွေသေတ္တာကြီးတစ်လုံးကို တွေ့ရှိရပြီး အခြားသော ဘုရားဖူး လူအများလည်း စေတီတော်ကို ဖူးမြော်နေကြသည်ကို တွေ့မြင်ရလေသည်။

ထိုသို့ လူအများ ဘုရားဖူးမြော်နေကြရာ အနီး၌ မယ်တော်ကြီးတစ်ပါးမှာ အသားရောင် ညိုစိမ့်စိမ့် မျက်နှာတော် ခပ်ထန်ထန်ဖြင့် ဝဲဘက်လက်တွင် ပန်းစည်းကိုင်ထားလျက်၊ လက်ယာလက်တွင်မူ လက်ဖဝါးပေါ်၌ ငွေစက္ကူများ အထပ်လိုက် တင်ထားကာ ဒေါ်စောညွန့်ရီအား ၎င်းမယ်တော်ကြီးက လက်ယပ်ခေါ်နေသည်ကို မျက်ဝါးထင်ထင် မြင်လိုက်ရလေသည်။

ထိုမယ်တော်ကြီးမှာ မျက်နှာတော် ခပ်ထန်ထန်ရှိသော်ငြားလည်း ဒေါ်စောညွန့်ရီအား အမုန်းထား၍ ကြည့်သည့် ပုံစံအနေအထားမဟုတ်ဘဲ သားသမီးတစ်ဦးအား ချစ်ခင်ကြင်နာစွာ ကြည့်ရှုသည့်ပုံစံပင် ဖြစ်လေတော့၏။

ထိုအိပ်မက်နှင့် စပ်လျဉ်း၍ ဒေါ်စောညွန့်ရီ မိသားတစ်စု ရန်ကုန်မြို့သို့ ပြန်ရောက်ရှိသည့်အခါ ၎င်း၏မိခင်ကြီးအား စုံစမ်းမေးမြန်းကြည့်ရာ မိမိအား ငယ်စဉ်ကတည်းက စောင့်ရှောက်နေခဲ့သော ပုပ္ပားမယ်တော်ကြီး (မယ်ဝဏ္ဏ)ဖြစ်ကြောင်း သိရှိခဲ့ရလေသည်။ မိခင်ကြီး၏ ပြောပြချက်များအရ ဒေါ်စောညွန့်ရီ၏ ငယ်စဉ်က ဖြစ်ရပ်အချို့ကို ထင်ဟပ်စေပါသည်။

## ရွှေ့ပြေးလက်ဆောင် တောင်ပြုံးမင်းညီနောင်

ဒေါ်စောညွန့်ရီကို ပဋိသန္ဓေစတင်ရရှိသည့်အချိန်မှစ၍ ၎င်း၏မိခင်ကြီးမှာ ပုပ္ပားမယ်တော်ကြီး(မယ်ဝဏ္ဏ)အား မကြာခဏ အိပ်မက်မြင်မက်ကြောင်း၊ သားငါးတို့ကိုလည်း စားလို



ရွှေဖျဉ်းနောင်တော်နတ်



www.burmeseclassic.com

www.burmeseclassic.com

စိတ်မရှိဘဲ သက်သက်လွတ်သာ စားလိုစိတ်ရှိခဲ့ကြောင်း၊ ၎င်းအား ဆေးရုံသို့ တက်ရောက်မွေးဖွားစဉ် ဖွားမြင်မည့်အချိန်မတိုင်မီ ပုပ္ပားမယ်တော်ကြီးအား အိပ်မက်မြင်မက်ပြီး ရှောရှောရှူရှူ မွေးဖွားနိုင်ခဲ့ကြောင်း ပြောပြခဲ့လေသည်။

ရှေးယခင်ကာလက မြန်မာအမျိုးသမီးများသည် ပဋိသန္ဓေမွေးဖွားခြင်းကိစ္စကို ရိုးရာနည်းများဖြင့်သာ ပြုလုပ်ခဲ့ကြပြီး ဆေးရုံဆေးခန်းများ၌ တက်ရောက်မွေးဖွားကြရန် လွန်စွာကြောက်ရွံ့ခဲ့ကြ၏။ ရှောင်ဖယ်ခဲ့ကြ၏။

ဒေါ်စောညွှန့်ရီအား ဖွားမြင်မည့်ဆဲဆဲ သာယာဝတီမြို့ သားဖွားဆေးရုံသစ်ကြီး ဖွင့်လှစ်သည်နှင့် ကြုံကြိုက်သဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ တက်ရောက်မဖွားမြင်ကြသေးမီ ၎င်း၏ မိခင်ကြီးသည် ဦးစွာပထမ တက်ရောက်မွေးဖွားခဲ့လေသည်။



ရွှေဖျဉ်းညီတော်နတ်

ထိုသို့ မွေးဖွားခဲ့ပြီး၍ တစ်လခွဲအရွယ်ရောက်ရှိသည့်အခါ သာယာဝတီမြို့၊ ကန်တော်ကြီးပိုင်းရှိ အိမ်သစ်ကြီးသို့ မိဘနှစ်ပါးနှင့်အတူ အိမ်သစ်တက်ခဲ့ကြသည်။ ဒေါ်စောညွှန့်ရီမှာ မွေးဖွားစဉ်မှ အရွယ်ရောက် ကြီးပြင်းလာသည့်တိုင်အောင် မည်သူမျှ မသုံးစွဲရဖူးသေးသည့် အသစ်အသစ်သော ပစ္စည်းဝတ္ထုများကိုသာလျှင် ထူးခြားစွာ ဦးဦးဖျားဖျား သုံးစွဲခဲ့ရလေသည်။

သုံးလသမီးအရွယ်တွင် ဖခင်ကြီး၏ တပည့်တစ်ဦးဖြစ်သူက ကျားသားရေတစ်ချပ် လက်ဆောင်ပေးအပ်ခဲ့သည်။ ဝမ်းလျားမှောက်တတ်သောအရွယ်တွင် ထိုကျားသားရေကြီးပေါ်၌ မှောက်ကာ ကစားစေသဖြင့် အောက်တွင် ခင်း၍ပေးသော ဖျာတစ်ချပ်အလား သုံးစွဲခဲ့ရပေသည်။


ထို့ပြင် အိမ်သစ်ကြီး ဆောက်လုပ်စဉ်က ပိုလျှံသည့် သစ်တို့ဖြင့် လက်သမားဆရာတို့ ပြုလုပ်ပေးခဲ့သော ကျားခြေထောက်ပုံသဏ္ဍာန် ကျားစားပွဲမှာလည်း ကျားသားရေကြီး မရရှိမီကပင် အိမ်၌ အဆင်သင့်ရှိခဲ့ပြီး ဖြစ်ပါသည်။

ထို့ကြောင့် ကျားစားပွဲပေါ်၌ ကျားသားရေအုပ်လွှားပြီး ၎င်းမိခင်ကြီးက နံနက်ပိုင်းတွင် သံဃာတော်တို့အား ဆွမ်းလောင်းသော ဆွမ်းစားပွဲ ဖြစ်စေလျက် ဒေါ်စောညွှန့်ရီ ကြီးပြင်း



www.burmeseclassic.com

www.burmeseclassic.com



၄.၁.၉၅ နေ့ ပုပ္ပားဆောင် မယ်တော့်နန်းသို့ အဖူးရောက်လာသည့် မြွေနှစ်ကောင်

လာသောအခါ ထိုကျားစားပွဲကိုပင် ညနေပိုင်းနှင့် ညဦးပိုင်းတွင် ကျောင်းစာသင်အံ့ ကျက်မှတ်လေ့လာခဲ့သော စာကြည့်စားပွဲဖြစ်စေခဲ့တော့သည်။

ထို့နောက် ဒေါ်စောညွန့်ရီနှင့် ခင်ပွန်းမိသားတစ်စုတို့ ၁၃၂၁ ခုနှစ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းသို့ ခရီးထွက်သည့်အခါတွင်လည်း စော်ဘွားကြီးတစ်ဦးက ကျားသားရေတစ်ချပ်လက်ဆောင်ပေးလာပြန်သဖြင့် ၎င်း၏ဘဝတွင် အလွန်မြတ်နိုးသော ပစ္စည်းတစ်ခုအဖြစ် ဝမ်းသာကြည်နူးစွာ လက်ခံရရှိခဲ့လေသည်။

ယင်းကဲ့သို့ ကျားသားရေနှစ်ချပ်လက်ခံရရှိခဲ့ခြင်းသည် ပုပ္ပားမယ်တော်ကြီး၏ သားတော်နှစ်ပါးဖြစ်သော ကိုယ်တော်ကြီးနှင့် ကိုယ်တော်လေး (တောင်ပြုံးမင်းကြီးနှင့် တောင်ပြုံးမင်းလေး)တို့၏ စီးတော်ကျားနှင့် ဆက်နွယ်နေသည့် ပုဗ္ဗနိမိတ်(ရှေ့ပြေးလက္ခဏာ)ဟု ယူဆနိုင်ပေသည်။

## ပုံတော်ပင့်ဆောင် အမိန့်ခံအောင်

၁၃၂၁ ခုနှစ် ရှမ်းပြည်နယ်ခရီးမှ ပြန်လည်ရောက်ရှိပြီး၍ လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးသို့ သွားရောက်ဖူးမြော်ရာ တောင်ဘက်မုခ်မှအတက် ပန်းပုဆရာကြီး ဦးပို၏ဆိုင်တွင် ပုပ္ပားမယ်တော်ကြီးရုပ်တုအား တွေ့ရှိရလေသည်။ အစပထမ၌ ထိုမယ်တော်ကြီး ပုံတော်အား ပင့်ဆောင်ရန် ရည်ရွယ်ခဲ့သော်လည်း ခင်ပွန်းသည်ဖြစ်သူ သဘောမတူ ငြိုငြင်မည်စိုးသောကြောင့် မပင့်ဆောင်ဖြစ်ခဲ့ပေ။

မကြာမီ ရက်အတွင်း၌မူ ခင်ပွန်းသည်နှင့် ပတ်သက်၍ အလုပ်အကိုင်ရာထူးတိုးတက်မည်၊ နိုင်ငံခြားခရီးသွားရောက်ရမည်ဟု မယ်တော်ကြီး၏နာမ်စီးဟောပြောချက် ရရှိသဖြင့် အကယ်၍ မယ်တော်ကြီးဟောပြောသကဲ့သို့ ရာထူးတက်ခြင်း၊ နိုင်ငံခြားခရီးသွားရခြင်းများ မှန်ကန်ခဲ့ပါမူ ပုပ္ပားမယ်တော်ကြီးပုံတော်အား အိမ်သို့ပင့်ဆောင်ပူဇော်မည်ဟု ဇနီးမောင်နှံနှစ်ဦး ကတိထား အဓိဋ္ဌာန်ပြုခဲ့ကြလေသည်။

တစ်လအတွင်း မယ်တော်ကြီးဟောချက်အတိုင်း ခင်ပွန်းဖြစ်သူ မြေကျေး၊ ရှင်း အမှုဆောင်အရာရှိ (စိုက်ပျိုးရေးဝန်) ဦးလှမြင့် B.Sc သည် ရာထူးတက်ခြင်း၊ နိုင်ငံခြားခရီးသွားရောက်ရခြင်းများ မှန်ကန်လာသဖြင့် ထိုနှစ် ကဆုန်လဆန်း ၉ ရက်နေ့၌ ပုပ္ပားမယ်တော်ကြီးပုံတော်အား အိမ်



www.burmeseclassic.com

www.burmeseclassic.com

သို့ ဝယ်ယူပင့်ဆောင်လာခဲ့ကြလေတော့သည်။

**မယ်တော်မာတ်လျှောင် စေတီပြင်**

ဒေါ်စောညွန့်ရီနှင့် အဖွဲ့သည် ၁၃၂၂ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ ၁၆. ၆. ၆ဝ ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၂း၃ဝ နာရီအချိန် မယ်လမုရှေးဟောင်းစေတီ (စေတီငုတ်တို)အား လာရောက်ဖူးမြော်ကြစဉ် မယ်တော် မယ်လမု ပုံတော်ပါရှိသော ကြုတ်တစ်ခုကို ရရှိခဲ့သည်။

ထိုနေ့ ညနေ၌ပင် ဒေါ်စောညွန့်ရီ၏ သမီးကြီးအား မယ်လမု ရှေးဟောင်းစေတီတော်တွင် စောင့်ရှောက်နေသည့် ဥစ္စာစောင့် မယ်သန္တာ နာမ်စီးပူးကပ်ပြီး စေတီတော်ဟောင်းကို ပြန်လည်ပြုပြင်ရန် တိုက်တွန်းနှိုးဆော်ခဲ့လေသည်။

အများပြည်သူတို့ ဖူးမြော်ကန်တော့နိုင်ရန် ပုပ္ပားမယ်တော်ကြီး၏ အာရုံပေးချက်အရ ၁၃၂၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်(ဗုဒ္ဓဟူးနေ့)တွင် ပြန်လည်ပြင်ဆင်တည်ထားလျက်ရှိသော မယ်လမုစေတီတော်၏ အရှေ့မုခ်အနီး ယာယီအာရုံခံတန်ဆောင်းရှိ မယ်တော်ဆောင်သို့ နံနက် အရုဏ်တက်ချိန်တွင် ပုပ္ပားမယ်တော်ကြီးရုပ်တုတော်ကို ပင့်ဆောင်လာခဲ့သည်။ ထိုနေ့၌ပင် ၉ ဦးသော ဘဏ္ဍာတော်ထိန်းအဖွဲ့ကို နံနက် ၉ နာရီအချိန်၌ သာသနာ့အလံတော်များ လွှင့်ထူ၍ ရွေးကောက်တင်မြှောက်ခဲ့သည်။

မယ်လမု ရှေးဟောင်း စေတီတော်အား ဦးစီး၍ သာသနာပြုနေကြသည့် ပုပ္ပားမယ်တော်ကြီးနှင့် တောင်



<u>မယ်လမု ဘုရားအမကြီး</u>
<u>ဒေါ်စောညွန့်ရီ</u>

ပြုံးမင်းညီနောင်တို့ကိုယ်စား ၁၃၂၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ တနင်္လာနေ့၊ နံနက် ၉ နာရီမှစတင်၍ စေတီရင်ပြင်၌ အုတ်လှူဒါန်းပွဲ ကျင်းပခဲ့သည်။ ထိုသို့ အုတ်လှူဒါန်းပွဲ ကျင်းပရသည်မှာလည်း ပုပ္ပားမယ်တော်ကြီး၏ သားတော်နှစ်ပါးသည် ပုဂံခေတ် အနော်ရထာမင်းလက်ထက် တောင်ပြုံးအရပ်၌ တည်ထားသော စေတီတော်အား လုပ်အားဒါနပြုကြရာတွင် တာဝန်မကျေပွန်ဘဲ အပျော်လွန်နေမိခဲ့ကြသဖြင့် အုတ်နှစ်ချပ်လပ်လျက် မင်းပြစ်မင်းဒဏ်သင့်ခဲ့ကြရသည်ကို ရည်စူး၍ လှူဒါန်းပေးခြင်းပင် ဖြစ်ပါသည်။

၁၃၂၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက် (၉. ၁. ၆၁) တနင်္လာနေ့ နံနက်တွင် ပထမံ မနောမယဆရာတော်ဘုရားကြီး အမှူးပြုသော သံဃာတော် ၉ ပါးတို့အား အရုဏ်ဆွမ်း ကပ်လှူပူဇော်ကြပြီးလျှင် စေတီတော်အား သံဃာတော် ၉ ပါးတို့က လက်ယာရစ် တစ်ပတ်စီ ဆန်ပန်းပေါက်ပေါက်များ ကြဲ၍ အမျှပေးဝေတော်မူကြပါသည်။ ထို့နောက် နံနက် ၉ နာရီ၌ ခုနစ်နေ့သားသမီးများကိုယ်စားပြု ဥပသကာ ခုနစ်ယောက်တို့ကလည်း စေတီတော်ကို လက်ယာရစ် ၉ ပတ်လှည့်၍ ဆန်ပန်းပေါက်ပေါက်တို့ဖြင့် ကြဲပက်ပူဇော်ကြပါသည်။

ယင်းကဲ့သို့ ပူဇော်ကြပြီးသောအခါ ပုပ္ပားမယ်တော်ကြီး၏ သားတော်အငယ် တောင်ပြုံးကိုယ်တော်လေး အသွင်ကောက်ယူထားခြင်းခံရသည့် ဂေါပကလူကြီးမင်း ဦးဆင့်သည် စေတီတော်ငုတ်တိုပေါ်တွင် ပေါက်ရောက်နေသည့် နပဲပင်ကြီးကို စတင်ခုတ်ပိုင်းလိုက်ပြီး ကျန်ရှိသော ဂေါပကအဖွဲ့ဝင် လူကြီးမင်းများက သစ်ပင်အမြစ်များကို ရှင်းလင်းတူးဖော်ကြရာ မယ်လမုစေတီတော်၏ မူလဌာပနာပစ္စည်းတို့ကို ဖူးတွေ့ကြရလေသည်။

ရှေးဟောင်းစေတီငုတ်တို၌ ပေါက်ရောက်နေသည့် နပဲပင်ကြီးမှာ စေတီတော်အား ထီးအလား ဖြန့်ကြက်အုပ်မိုးနေလေရာ ထိုအပင်ကြီးကို မည်သူတစ်ဦးတစ်ယောက်မျှ ခုတ်လှဲရှင်းလင်းခြင်းငှာ မဝံ့ရဲကြပေ။ အဘယ်ကြောင့်ဟူမူ ထိုနပဲပင်ကြီးအား ရှေးဟောင်းစေတီတော်၏ ဗောဓိပင် အတိုင်း



www.burmeseclassic.com

www.burmeseclassic.com

အမှတ်အဖြစ် လျစ်လျူပြုသတ်မှတ်ထားခဲ့ကြသည်ကတစ်ကြောင်း၊ ထိုနပဲပင်ကြီးကို တည်မှီ၍နေထိုင်သော ရက္ခဒေဝပုဂ္ဂိုလ်အား ထောက်ရှုသည်ကတစ်ကြောင်းတို့ကြောင့် ဖြစ်ပေသည်။

စေတီတော် ပြန်လည်ပြုပြင်တည်ထားရေး ကိစ္စကြုံလာသည့်အခါ၌မူကား သာမညအရေးထက် အဓိကရေးကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်သဖြင့် မလိုအပ်တော့သည့် နပဲပင်ကြီးကို မလွှဲမသွေ ခုတ်လှဲဖယ်ရှားပစ်ရမည်ဖြစ်လေတော့သည်။ သို့ရာတွင် အထက်၌ ဆိုခဲ့သည့်အတိုင်း တကာယ့်တကယ်တွင်မူ မည်သူမျှ မထိပါး၊ မခုတ်လှဲရဲကြချေ။

သို့ဖြင့် ထိုနပဲပင်ကြီး ဖယ်ရှားရေး ပြဿနာအား တောင်ပြုံးကိုယ်တော်လေးထံ တာဝန်လွှဲအပ်လိုက်ခြင်း ဖြစ်ခဲ့သည်။ တစ်နည်းဆိုရသော် မယ်လမုရှေးဟောင်းစေတီတော် ပြန်လည်ပြုပြင်တည်ထားရေးကိစ္စ၌ ဦးစီး၍ သာသနာပြုနေကြသည့် ပုပ္ပားမယ်တော်ကြီးနှင့်တကွ တောင်ပြုံးမင်းနှစ်ပါးတို့၏ အကူအညီ၊ အစောင့်အရှောက်ကို ရယူလိုက်ခြင်းဟု ဆိုလျှင် မှားအံ့မထင်။

## ထူးခြားတင့်ခေါင် ပုပ္ပားဆောင်

ဆုတောင်းပြည့် မယ်လမုစေတီတော်၏ အနောက်မြောက်ထောင့်၌ ပုပ္ပားဆောင် တည်ရှိပေသည်။ မူလပုပ္ပားဆောင်မှာ စေတီတော်၏ အရှေ့တောင်ထောင့်(ယခု ဘိုးဘိုးအောင်အဆောင်တည်နေရာ)၌ ဖြစ်လေသည်။

ကျယ်ဝန်းသော အုတ်တိုက်အဆောက်အအုံ(ပုပ္ပားဆောင်)၌ ထားရှိသော ပုပ္ပားမယ်တော်ကြီးနှင့် သားတော်နှစ်ပါးပုံတော်တို့သည် ကောင်းကင်ပျံ ဝိဇ္ဇာဇော်ဂျီ တပသီနှင့်တကွ ပုပ္ပားတောင်တော်မြတ် နောက်ခံရှုခင်းနှင့် လိုက်ဖက်စွာ အသက်ဝင်နေပေတော့သည်။ ပုပ္ပားတောင်သို့ ရောက်ရှိလာကြကုန်သော ဘုရားဖူးခုနစ်နေ့သားသမီးတို့သည် ပုပ္ပားတောင်သို့ ရောက်ရှိနေသည့်အလား ခံစားထင်မှတ်မှားကြရသည်။

မြန်မာနိုင်ငံတစ်ဝှမ်း ဒေသအနှံ့လှည့်လည်သွားလာကြဖူးသည့် အချို့သော လူတို့က ဤမယ်လမုစေတီတော်မှ ပုပ္ပားမယ်တော်ကြီးနှင့် ကိုယ်တော်နှစ်ပါး ရုပ်တုတော်တို့သည် အချိုးအဆစ်ပြေပြစ်ပြီး လက်ရာမြောက်လှသည်။ အခြားသော ရုပ်တုတော်တို့ထက် သာလွန်သည်ဟု ဆိုကြ၏။

ထိုသို့ ပုံတော်လက်ရာအနေဖြင့် သလွန်သည်သာမဟုတ်။ မယ်တော်ကြီးနှင့် ကိုယ်တော်နှစ်ပါးတို့ထံ ပုပ္ပားသိုက်ဆက်၊ ပုပ္ပားခေတ်၊ ဒေဝါစည်း၊ ဒေဝါဆက်တို့ဖြင့် ပုပ္ပားဆောင်သို့ လာရောက် အဓိဋ္ဌာန်ပြု ပန်း၊ အလင်းတိုင်၊ နံ့သာတိုင် အစရှိသည့်အား လျော်စွာ ပွဲကြီးပွဲငယ် အသွယ်သွယ်ဖြင့် ဒေဝဒါနအဖြစ် ဆက်သကြကုန်သော ခုနစ်နေ့သားသမီးတို့၏ စီးပွားရေး၊ ကြီးပွားရေး၊ ဘေးအန္တရာယ်ကင်းပရေး၊ ကျန်းမာရေး ကိစ္စအဝဝတို့အား ကယ်မကြည့်ရှု စောင့်ရှောက်ကြသည့် အရာမှာလည်း သာလွန်ထူးခြား တိုက်ဆိုင်အောင်မြင်ကြကြောင်း သိရှိရလေသည်။

သို့ဖြစ်၍ ပုပ္ပားတောင် မယ်တော့်နန်းသို့လည်းကောင်း၊ တောင်ပြုံးမင်းနှစ်ပါးနန်းသို့လည်းကောင်း အကြောင်းကြောင်းကြောင့် မသွားရောက်နိုင်ကြသူများသည် ဤမယ်လမုစေတီတော်မှ ပုပ္ပားဆောင်သို့သာ လာရောက်ကြကုန်၏။

နှစ်စဉ် ဝါခေါင်လ တောင်ပြုံးနန်း ချိုးရေတော်သုံးပွဲသို့ မသွားရောက်နိုင်ကြသူများလည်း ဤမယ်လမုစေတီတော်မှ ပုပ္ပားဆောင်သို့ လာရောက်၍ ချိုးရေတော်သုံးပွဲ ဆင်နွှဲကြကုန်၏။

ထိုမယ်လမု ပုပ္ပားဆောင်၏ ထူးခြားဖြစ်စဉ်တစ်ရပ်မှာ ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက် (လွှတ်လပ်ရေး)နေ့ ညနေ ၅ နာရီကျော်ကျော်အချိန်၌ ပုပ္ပားဆောင်မြောက်ဘက်ပေါက် အဝင်လမ်းမှနေ၍ မြွေနှစ်ကောင် ဦးတိုက်အဖူးမြော် ရောက်ရှိလာခြင်းပင် ဖြစ်ပါသည်။ မယ်တော်နှင့် ကိုယ်တော်နှစ်ပါးတို့အား ၎င်းတို့ ဦးတိုက်ပြီးသည်နှင့် တစ်ကောင်နှင့်တစ်ကောင် ပူးလိမ်ရစ်ပတ် ဆော့ကစားလျက် ပြန်လည်ထွက်ခွာသွားကြလေတော့သည်။ သဗ္ဗေသတ္တာ သုခိတာ ဟောန္တု

**ဆရာ ဝစကြာ**

**(မယ်လမုစေတီတော်**
**မဂ်လာဟောခန်း)**



www.burmeseclassic.com

www.burmeseclassic.com



# ကျော် ... ကျော် ... ကျော် ...

# ကိုကြီးကျော်

ကိုမောင်သန်းဝင်း

ပန်းတောင်းပြည်ကို အစိုးရသော မင်းလှစည်သူနှင့် မိဖုရားကြီး ကူနီဒေဝီ တို့တွင် သားတော်အိမ်ရှေ့မင်း ကိုးမြို့ရှင်နှင့် သမီးတော် ပုလဲယဉ်တို့ ရှိကြလေ၏။ (ပန်းတောင်းပြည်ဟူသည် မြန်မာရာဇဝင်သမိုင်းတွင် မတွေ့ရ။ ဟန်လင်းပြူခေတ်၊ သို့တည်းမဟုတ် ပုဂံခေတ်ဦးပိုင်းကာလ အထက်မြန်မာပြည် ဘုရင်ခံအဆင့်အုပ်ချုပ်သော မြို့ပြနိုင်ငံတစ်ခု ဖြစ်မည်ဟု သုတေသီတို့က ဆိုကြသည်။ စကားချပ်)

အိမ်ရှေ့မင်းသားကို ကိုးမြို့ ကိုးတံခါး၊ ကိုးဖလားနှင့် ကိုးဓား အပိုင်ပေးစား အသနားခံရ၍ ကိုးမြို့ရှင်ဟု အနွတ်သညာပြု ခေါ်တွင်ခြင်းဖြစ်လေ၏။

မင်းကြီး မင်းလှစည်သူက အထူးချစ်ခင် ယုံကြည်အားထားရသော အထိန်းတော်ကြီး ဗလကျော်ထင် ကွယ်လွန်ပြီး



www.burmeseclassic.com

www.burmeseclassic.com

နောက် အထိန်းတော်ကြီးကိုယ်စားယင်း၏သားတော် မြင်းစီးကောင်းဗိုလ်မှူး မင်းကျော်စွာကို သားတော်ကြီးလေးပါး တစ်ပါးအပါအဝင်အဖြစ်သူကောင်းပြုတော်မူလေ၏။

ဗိုလ်မှူးမင်းကျော်စွာသည် ဘုရင့်သားတော်အဖြစ် ရောက်ရှိသည့်နေ့မှစ၍ ဦးခုန်ဆိုသူကို အိမ်တော်ဝန်ခန့်ထားပြီး မိန်းမ၊ အသောက်အစား၊ ကြက်တိုက်၊ အလောင်းအစားတို့နှင့် အမြဲပျော်ပါးနေသည်ဟူ၏။

မင်းစည်သူနှင့် ရာဇာမဟာမိတ်ဖြစ်သော သစ္စာတော်ခံ မိုင်းပြင်စော်ဘွားစောခွန်ကြည်ကို ကျိုင်းတောင်းစော်ဘွား စောသီဟက တိုက်ခိုက်လာရာတွင် စောခွန်ကြည်ဘက်မှ ကူညီရန် မင်းစည်သူမှ ကိုးမြို့ရှင်နှင့် ဗိုလ်မှူးမင်းကျော်စွာကို ဦးဆောင်၍ တပ်တော်ကိုစေလွှတ်ပေးခဲ့လေ၏။

ကိုးမြို့ရှင်တို့မရောက်မီ စောသီဟလက်ချက်ဖြင့် စောခွန်ကြည် ကျဆုံးပြီးဖြစ်ခဲ့သဖြင့် မိုင်းပြင်မြို့နယ်ကို မှူးမတ်တို့အား အုပ်ချုပ်ရန် အပ်ထားခဲ့ပြီး စောခွန်ကြည်၏ လူမမည်သားနှစ်ယောက်ဖြစ်သော ခွန်ချို၊ ခွန်သာတို့ကို နေပြည်တော်သို့ ခေါ်ဆောင်လာခဲ့လေတော့၏။

မင်းတရားကြီးက ဗိုလ်မှူးမင်းကျော်စွာက အသောက်အစားရှိနေသဖြင့် ကလေးများကို ၎င်းထံအပ်ထားပါက ပျက်စီးမည်စိုးသဖြင့် ခွန်ချို၊ ခွန်သာတို့ကို ကိုးမြို့ရှင်နှင့် ညီမ ပုလဲယဉ်တို့ကိုသာ တစ်ဦးစီ မွေးစားရန် ပေးသနားလေ၏။

ဗိုလ်မှူးမင်းကျော်စွာကိုမူ ဆုတော်လာဘ်တော်နှင့် ပခန်းမြို့ကို အပိုင်စားချီးမြှင့်လေရာ ထိုအခါမှစ၍ ပခန်းမင်းကျော်စွာဟူ၍ အမည်တွင်လေတော့၏။

ခွန်ချို၊ ခွန်သာတို့ကို မွေးစားခွင့်မရသည့်အတွက် မင်းကျော်စွာသည် မင်းကြီးအပေါ် ရှက်စိတ်နာကာ မင်းကြီးအပေါ် ရန်ငြိုးထားပြီး ထီးနန်းလုယူရန်နှင့် ပုလဲယဉ်ကိုပါ မိဖုရားမြှောက်ရန် ကြံစည်လေတော့၏။

ခွန်ချို၊ ခွန်သာအရွယ်ရောက်လာသည့်အတွက် ဦးမင်းကျော်စွာသည် သူ၏အကြံအစည် နှောင့်နှေးမည်ကိုမြင်သဖြင့် ဘက်တော်သားများနှင့် တိုင်ပင်ကာ ရှမ်းပြည်၌ သူပုန်ထနေကြောင်း၊ ခွန်ချို၊ ခွန်သာနှိမ်နင်းသင့်ကြောင်း၊ နှိမ်နင်းပြီးနောက် ရှမ်းပြည်၌ သုံးနှစ်အုပ်ချုပ်နေထိုင်သင့်ကြောင်း ယုံကြည်အောင်လျှောက်ထားသည်နှင့် မင်းတရားကြီးလည်း ယုံကြည်ပြီး ခွန်ချို၊ ခွန်သာကို ရှမ်းပြည်သို့ စေလွှတ်လေတော့၏။

ခွန်ချို၊ ခွန်သာတို့သည် ရှမ်းပြည်သို့ရောက်သောအခါ သူပုန်များကို မတွေ့ရဘဲ ပျော်ပွဲရွှင်ပွဲများကိုသာ တွေ့ကြုံ၍ အေးချမ်းစွာရှိနေသော်လည်း အမိန့်တော်အတိုင်း သုံးနှစ်သုံးမိုးတိုင်တိုင် အုပ်ချုပ်ရန် နေထိုင်ကြလေ၏။

ခွန်ချို၊ ခွန်သာမရှိသည့်နောက် ညဉ့်တစ်ညဉ့်တွင် ဦးမင်းကျော်စွာ၏ ဘက်တော်သားများ နန်းတော်ကိုဝင်စီးပြီး မင်းတရားကြီးနှင့် မိဖုရားကြီးတို့ကို လုပ်ကြံ၍ နန်းတော်ကို သိမ်းပိုက်ထီးနန်းစိုးစံလေတော့၏။

ကိုးမြို့ရှင်ကိုယ်တော်ကြီးက နမတော် ပုလဲယဉ်ထိပ်ထားကို ထမ်း၍ ထွက်ပြေးခဲ့ကြရာ ခမည်းတော်၏ သိပေါင်းကျွမ်းပေါင်းဖြစ်သော ကျောက်ထပ်ရွာသူဌေးကြီး ဦးသာမြတ်အိမ်သို့ ရောက်ရှိ၍ မယထင်မရှား ဆင်းရဲသားအသွင်ဖြင့် နေထိုင်ကြလေ၏။

တစ်နေ့သော် ကိုးမြို့ရှင် ကိုယ်တော်ကြီးသည် ပုလဲယဉ်ကို သူဌေးကြီးထံ အပ်နှံခဲ့ပြီး တိုင်းပြည်အရေးကို စနည်းနာရင်း ခွန်ချို၊ ခွန်သာတို့ကိုလည်း ရှာရင်း ရုပ်ဖျက်ကာ ရှမ်းလူမျိုးကဲ့သို့ အသွင်ယူ၍ ထွက်ခဲ့လေ၏။

ခွန်ချို၊ ခွန်သာ သုံးနှစ်ပြည့်၍မြောက်၍ ရှမ်းပြည်မှ နေပြည်တော်သို့ ပြန်ရောက်သောအခါ ဦးမင်းကျော်စွာက မိမိတို့အနေဖြင့် ထီးနန်းလုယူထားခဲ့သည်မှာ ခွန်ချို၊ ခွန်သာတို့အတွက် ဖြစ်ကြောင်း၊ မိမိ၏အသက်အရွယ် ကြီးရင့်အိုမင်းပြီဖြစ်၍ ဥပုသ်ဆောင်ဝင် တရားအားထုတ်တော့မည်ဖြစ်ကြောင်း ယုံအောင်ပြောဆို၍ ထီးနန်းတင်ပြီးလျှင် ဦးမင်းကျော်စွာခိုင်းတာလုပ်ပါမည်ဟာ သစ္စာရေတိုက်လေ၏။

ခွန်ချို၊ ခွန်သာတို့ကို ထီးနန်းလွှဲအပ်ပြီးနောက် ကိုးမြို့ရှင်ကို ရှာဖွေ၍ ခေါင်းဖြတ်ဆက်သရန် အမိန့်ပေးသည့်အတွက် သစ္စာရေသောက်ထားသော ခွန်ချို၊ ခွန်သာတို့က ကိုးမြို့ရှင်ကို ရှာဖွေကြရာ တစ်ခုသောတောအုပ်အတွင်း တွေ့ရလေ၏။

ခွန်ချို၊ ခွန်သာတို့လည်း မွေးစားသော ခမည်းတော်၏ခေါင်းကို မဖြတ်ရက်သည့်အတွက် ကိုးမြို့ရှင်က သစ္စာအဓိဋ္ဌာန်ပြုကာ သူ၏ဦးခေါင်းကို သူ



www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင် ဖြတ်ပေးလိုက်လေတော့၏။ နောက်ဆုံး ခွန်ချို၊ ခွန်သာတို့နှစ်ဦးလည်း ဦးမင်းကျော်စွာကပင်သတ်၍ နတ်စိမ်းဖြစ်ခဲ့ရသည်ဟူ၏။

ငွေးချိုဟောင် စကားပင်ရိပ်သာ ခန်းတွင်ရှိနေသော ဦးမင်းကျော်စွာအား အစိမ်းနတ်ဖြစ်နေသော ခွန်ချို၊ ခွန်သာတို့မှ စကားပင်ကို လှဲချလေရာ ဦးမင်းကျော်စွာနှင့် အိမ်တော်ဝန်တို့ စကားဝါပင်ပိ၍ သေပြီး နတ်ဖြစ်ခဲ့ကြရလေတော့၏။ ဦးမင်းကျော်စွာမှာ လူဖြစ်စဉ်က ပခန်းမြို့ကို အပိုင်စားရသဖြင့် ပခန်းဦးမင်းကျော်ဟု အမည်တွင်လေ၏။

ကိုးမြို့ရှင်သည် နတ်တဝဖြင့် ညီမတော်ဖြစ်သူထံ သွားရောက်ကြည့်ရှုရာ အစ်ကို့တစ်သက်၊ နှမတစ်သက် အိမ်ထောင်မရှာဘဲ လူပျို၊ အပျိုဘဝနှင့် သစ္စာပြုထားသော ပုလဲယဉ်မှာ သူဌေးကြီးသား မောင်လတ်နှင့် မေတ္တာသက်ဝင် အိမ်ထောင်ကျ၍ သမီးလေး "သဲသဲ"တစ်ယောက်ပင် ရနေသည်ကို တွေ့မြင်ရ၍ လူ့ဘဝတွင်မထားဘဲ နတ်ဘဝသို့ လိပ်ပြာနတ်ခေါ်ယူခဲ့လေ၏။

ပုလဲယဉ်လည်း သမီးသဲသဲလေးကို မခွဲနိုင်သောကြောင့် ကြောင်ယောင်ဆောင်ပြီး ပုခက်တွင်း ခုန်ချသဖြင့် "သဲသဲကလေး" လန့်ဖျပ်သေဆုံး၍ နတ်ဖြစ်လေ၏။ မောင်လတ်မှာ ဇနီးနှင့်သမီးသေဆုံး၍ နလုံးကြေကွဲသေဆုံးကာ နတ်ဖြစ်ရလေ၏။

နတ်အသီးသီးဖြစ်ခဲ့ကြရသော ကိုးမြို့ရှင်နတ်နှင့် ပုလဲယဉ်နတ် စသည်တို့ကို ကိုးကွယ်မှုရှိကြသလို၊ ဦးမင်းကျော်(ပခန်းကိုကြီးကျော်)နတ်အားလည်း သန်ရာသန်ရာကိုးကွယ်မှုရှိနေကြသည်။ မိမိတို့ယုံကြည်ရာရာ ကိုးကွယ်ပသခြင်းဖြစ်ကြသည်။

ဦးမင်းကျော်၏ နတ်ရုပ်တုကို အမျိုးမျိုးတွေ့ရသည်။ မြင်းစီးလျက် လက်ျာလက်က ကြိမ်ကိုင်၊ လက်ဝဲလက်က မြင်းဇက်ကိုင်ဟန်၊ သျှောင်ထုံးနှင့် ဖြစ်သည်။ အချို့မှာ မြင်းစီးလျက် လက်ျာဘက်က ဓားကိုင်လျက် အနေအထားရှိသည်။ အချို့သောပုံများတွင် မတ်တတ်ရပ်လျက် လက်ျာဘက်က အရက်ခွက်နှင့် လက်ဝဲဘက်က ကြက်ပိုက်ထားသည်။

**ဝတ်ဆင်ပုံနှင့် အပြုအမူမှာ** ပန်းပုဆိုး၊ ပန်းလက်ကောက်၊ ပန်းခေါင်းပေါင်း ဝတ်ဆင်၍ ကကြသည်။ ၎င်းနောက် ကြက်တိုက်ဟန်ပြသည်။ ၎င်းနောက် မီးလှွတ်ဟန်၊ ၎င်းနောက် လက်ပန်းပေါက်ရိုက်ဟန် ပြသည်။

**နတ်ချင်းမှာ-** မြောင်းတူးရွာ၊ မြောင်းတူးရွာ၊ မြောင်းတူးရွာသာငယ်မော၊ စိန်ပင်အရက်တော၊ အရက်ပေါ်တဲ့ မြောင်းတူးရွာ၊ ပျော်ပါချည့်လေ။[၄]

တစ်စက် နှစ်စက်၊ ပေါင်းပင်ပေါင်းက ထွက်ပါလို့လေ၊ ရွှေအရက်ကယ်ထုံရေ၊ ကောင်းလှချည့်လေး။

(ကြက်ကလေးငယ် ဆူပါလွန်း။ ဝက်တဲ့ဝက်သပွန်း)[၂] (ဝက်သပွန်းနှင့် အရက်သောက်ချိန်၊ တန်ချည့်လေ)[၂] (သောက်ပါလို့လာ၊ ဖျာမှာအလူး၊ မင်းကျော်စွာရွှေကိုယ်ဦး။ ထန်းရေဘူးကိုတဲ့ နောက်ကလွယ်၊ ပျော်တယ်မြူးချည့်လေး)[၂]

**ကြက်တိုက်ချင်း-** အင်းနားနေရေကြည်သောက်တဲ့ ဖောင်းကလေး။ နံနက်ရေနွေး၊ ညရေအေး မောင်ကျော်စွာမွေးသည့် ဖောင်းကလေး။

ပုဆိုးကွက်ဝါ ကြက်ပြာပိုက်ပါလို့၊ အလိုက်ကလေးပြောရအောင် ရွှေခန်းသူများမောင်၊ ရွှေခန်းသူရင်လေနဲ့တယ်၊ ဘိန်းလေးလေး ဘိန်းလေးမျှော်ပွင့်ကျဲ။

**နတ်ပျော်ခြင်း-** ပခန်း ပခန်းဘယ်ကယ်မှာ၊ ကိုးပယ်ဆယ် ပယ်ကြူးပါလို့၊ မြောင်းတဲ့မြောင်းတူရွာ၊ မြောင်းတူးရွာ ငယ်သာမော၊ ထန်းရည်အရက်ပေါ၊ အရက်ပေါတဲ့ မြောင်းတူးရွာ၊ သာလွန်းလှလေး။[၄]

မြောင်းတူးကို လျှောက်ပါလို့၊ ပိတောက်တဲ့ရွှေဂူနီ၊ သင်းပြန်ခဲ့ပြီ ညနေဆီ နွယ်နီသောင်စွန်း။ ကိုကြီးကျော်ပလီလွန်း။ ဘိန်းစိုက်တဲ့ကျွန်း။

မနိုင်တဲ့ မနိုင်၊ ကိုကြီးကျော်ငယ်ကချစ်၊ ကွမ်းအစ်တော်ကိုင်၊ မနိုင်လို့ကျကွဲ၊ ကိုကြီးကျော် ငယ်ကချစ်၊ ဆိုဖြစ်နိုင်ဘဲ။

သောက်လိုက်လျှင်ဖြူ၊ သည်းအူကခွေး၊ ဦးစွန်းဖုတ်နှင့်၊ တလုပ်ရွှေကြူ၊ တို့၊ ပေါင်းယူတဲ့ခွေး။

မင်းကျော်စွာနတ်၊ ပခန်းကိုကြီးကျော်၊ မြောင်းတူးကိုကြီးကျော်၊ အမည်အမျိုးမျိုးတွင်သော်ငြားလည်း ဦးမင်းကျော်ဟု အခေါ်များသည်။

**ကိုမောင်သန်းဝင်း**

<u>ကိုးကား</u>

စည်သူမြိုင်(သုတေသန)

၃၇ မင်းနှင့် တိုင်းရင်းသားရိုးရာနတ်များ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com





# ထန်းရည်တစ်ကျိုက် ကြက်ဖျာပိုက်လို့ မင်းကျော်လာခဲ့ပြီ

## ကျော်မင်းနိုင်

ပုဆိုးကွက်ဝါ
ကြက်ဖျာကို ပိုက်ပါလို့
အလိုက်ကလေးရယ်တဲ့ ရွှေကူနီ
ဝေးကွာခဲ့ပြီ···။
သောက်တော်ဘူးရယ်နဲ့
အိုမကွာ···အိုမကွာ···
မင်းကျော်စွာလို့ မကျော်လား
ဝေးရာက ရှား···။
(ဦးမင်းကျော် နှတ်ချင်း)

-- တစ် --

"ဖျောင်း···"

"ခွမ်း···"

ဖြစ်ရပ်ကတော့ ခပ်ကြမ်းကြမ်းပင်။ ထန်းရည်တဲ့ ကွပ်ပျစ်ပေါ်၌ အကျအနထိုင်၍ ထန်းရည်သောက်နေသော "မင်းကျော်စွာ" ထန်းရည်မြူတာအိုးများကို အတွဲလိုက်ဆောင့်ကန်ပစ်လိုက်သည်။ ပြီးတော့ မြေပန်းကန်နှင့်ထည့်ထားသော ကြက်ကြော်မြေပန်းကန်ပါ တစ်ပါတည်း ကန်ချပစ်လိုက်သည်။

"ဖျောင်း···"

"ခွမ်း···"

မင်းကျော်စွာ ထန်းရည်သောက်လျှင် ကွပ်ပျစ်အနီး အရိုးကြွင်း၊ အရိုးကျန် စားရလေ့ရှိ၍ မယောင်မလည် လုပ်နေသော ထန်းရည်တဲစောင့်ခွေးကြီး ငပါးနီအဖို့ ပွဲတော်ကြီး ပစ်ချပေးလိုက်

www.burmeseclassic.com

သလို ဖြစ်သွားကာ···

"ဝုအူး···ဝုတ်ဝုတ်"

မြေပြင်ပေါ်ကျလာသော ကြက်ကောင်လုံးကြော်အား ဝမ်းသာအူမြူးပြီး လုမ်းဟပ် မာန်ဖီ၊ အမြီးတနှန့်နှန့် လုပ်နေစဉ်···

"တယ်···ဒီခွေးကလည်း တစ်မျောင့်"

မင်းကျော်စွာက စိတ်အလိုမကျသည့်ကြားထဲ မျက်စိရှုပ်သွားသဖြင့် သူ၏ လက်သုံးတော်ဓားကို ထည့်ထားသောဓားအိမ်ဖြင့်ဖြတ်ရိုက်ပစ်လိုက်သည်။

"ဒုတ်···"

"ခွမ်း···"

"ဝု···အီ···အီ···အူး"

ခွေးကြီးငပါးနီ ဦးခေါင်းကို ပြင်းထန်စွာထိပြီး ဦးခေါင်းအလယ်မှ ဟက်တက်ကွဲကာ ဦးနှောက်ဖြူဖြူများထွက်၍ နေရာတွင်ပင် လဲကျသွား၏။

ခွေးကြီး၏ ဦးနှောက်ဖြူဖြူတို့မှာ ခဏချင်း သွေးနီများ ဆမ်း၍ ရဲရဲနီကာ အကြောတဆန့်ဆန့်ငင်လျက် အသက်ပျောက်သွားခဲ့လေတော့သည်။

ထန်းရည်တဲဝန်းကျင် ထန်းတောခွင်မှာ မင်းကျော်စွာအပါး ခရမ်းနေသော နောက်လိုက်တပည့်စစ်သည်ရဲမက်များသည် အံ့အားသင့် ထိတ်လန့်လျက် ရဲရဲမျှ မလှုပ်ဝံ့အောင် ဖြစ်သွားကြ၏။

သူတို့လည်း မင်းကျော်စွာလိုသောက်စားထားကြသည်ပင်။

သို့သော် သူတို့အရှင်သခင် ပခန်းစား မင်းကျော်စွာအား သူတို့သည် အလွန်အမင်း လေးစားကြောက်ရွံ့နေကြရသူများ ဖြစ်ကြ၏။

ပခန်းကြီးထန်းတောကို အပိုင်စားလုပ်ခွင့် ပေးသနားထားသော ပခန်းစားမင်းကျော်စွာ၏ လက်ရင်းတပည့် "ဘိုးပြည့်"သည်ပင် စကားဟ၍ မမေးမြန်းရဲဘဲ ထန်းတဲအကွယ်၌ တထိတ်ထိတ်ဗုတ်တုတ်ပုန်းလျက် အကဲခတ်နေခဲ့သည်။

မင်းကျော်စွာ၏ အိမ်တော်ပါ တပည့်ကြီး "ဘိုးညိုကြီး"မှာလည်း မင်းကျော်စွာကွပ်ပျစ်ရှေ့မြေပြင်မှာ ပျပ်ဝပ်ခစားရင်း မင်းကျော်စွာထံမှ ထွက်ပေါ်လာမည့်စကားသံကို နားစွင့်လျက်ရှိလေ၏။

ထိုအခိုက် မင်းကျော်စွာထံမှ ပေါက်ကွဲနာကြည်းသံကြီးဟိန်း၍ ပေါ်ထွက်လာလေသည်။

"တယ်···ရာဇဝင်ရိုင်းလိုက်ပါဘိနမပုလဲယဉ်ရယ်။ မောင်ကြီးလို ပခန်းမြို့စားတပ်မှူးကို မင်းက ရှောင်တိမ်းပြီးမှ ဘာမဟုတ်တဲ့ ကျောက်ထပ်ရွာသူဌေး သာမြတ်ရဲ့သား ငမောင်လတ်ကို ရယူလိုက်ရတယ်လို့"

"မှန်ပါ၊ သူ့အစ်ကိုတော် ကိုးမြို့မကောင်းလို့ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိတဲ့သဘောပါဘုရား"

အိမ်တော်ပါ ညိုကလည်း သူ့သခင် မင်းကျော်စွာဘက်က မခံမရပ်နိုင်ပြီး မီးလောင်ရာလေပင့် လျှောက်ထားလေသည်။

"အိမ်း···ဒင်းတို့ ငါ့အကြောင်းကို သိရအောင် အစွမ်းပြရတာပေ့ါ။ ကျော်စွာဆိုတဲ့ကောင်ဟာ အချစ်ကြီးချစ်တတ်သလို အရက်စက်ကြီး ရက်စက်တတ်တယ်ဆိုတာ ဒင်းတို့သိသွားစေရမယ်ပေါ့···"

ပခန်းစားမင်းကျော်စွာ အခဲမကျေကြုံးဝါးပြီး ဓားလွယ်ကိုဆွဲကာ ထန်းရည်သောက်ရာ ကွပ်ပျစ်မှ ထရပ်သည်။

ထိုအခါကျမှ တုတ်တုတ်မျှမလှုပ်ဝံ့သော ပခန်းထန်းတောအပိုင်စားရ ဘိုးပြည့်မှာ တဲပြင်ထရပ်ပြီး တဲဘေး၌ အစာကျွေးထားသော အုန်းခွံရောင်မြင်းကြီး၏ဇက်ကြိုးကို လှမ်းဆွဲပြီး မင်းကျော်စွာဆီသို့ တင်ပါးပုတ်၍ ဦးတည်လွှတ်ပေးလိုက်သည်။

အုန်းခွံရောင်မြင်းကြီး ရွှေနီသည်လိမ္မာရဲရင့်၍ သခင့်အထာကိုသိသော မြင်းကြီးမို့ ပခန်းစားမင်းကျော်စွာရှိရာ ကွပ်ပျစ်သို့ ဦးတည်၍အပြေးလာခဲ့သည်။

ပခန်းစားသည် မြင်းကြီးရွှေနီပင် မရပ်သေးဘဲ သူ့ရှေ့ရောက် မြင်းကြီးပေါ် ခုန်တက်ပြီးစီးကာ ဇက်ကြိုးကို အပေါ်ရောက်မှ ကျွမ်းကျင်နိုင်နင်းစွာ ကိုင်တွယ်လိုက်သည်။

မြင်းကိုစီးရင်းက သူ့ရှေ့မှာ ပျပ်ဝပ်စွာ ခစားနေသော အိမ်တော်ပါ ညိုအား လှမ်းပြောသည်။

"ဒီနေ့ တိုက်ဖို့စီစဉ်ထားတဲ့ ရွှေကူက ကြက်ပွဲကို ဖျက်ပစ်လိုက်။ ပြီးတော့ မင်းနဲ့ ဘိုးပြည့် ပခန်းထန်းတောက ထန်းရည်လုံလုံလောက်လောက်ယူပြီး ငါ့နန်းတော်ကို လိုက်လာခဲ့ကြ ကြားလား···ညို"

"မှန်ပါ၊ ကြားပါကြောင်းဘုရား"

ညို စကားပင်မဆုံးလိုက်။ ပခန်းမြို့စား တပ်မှူးကြီး မင်းကျော်စွာသည် သူ၏ စီးတော်မြင်းရွှေနီကို ဇက်ကုန်ဖွင့်၍ အမြန်အသော့နှင်ထွက်သွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com

-- နှစ် --

မင်းကျော်စွာ ဘဝသည် အစကတည်းက ကောင်းလှသည်မဟုတ်။ သူကြီးပြင်းရာ ဝန်းကျင်သည် စိတ်ကြမ်းကိုယ်ကြမ်းဝန်းကျင်။

ပုဂံ၊အင်းဝ ပျက်ပြီးနောက် မြန်မာပြည်ကြီးသည် ဝါးအစည်းပြေသကဲ့သို့ အစိတ်စိတ်အမြွှာမြွှာ ကွဲပြား၊ အခြားခြားအနားနား၊ တစ်ဝန်တစ်မင်း ဖြစ်နေချိန်။

အင်အားများ၍ ရဲမက်စစ်သည် တောင့်တင်းသော မြို့စား၊ နယ်စားများက ကိုယ့်နယ်ကိုယ့်ဒေသ၊ ကိုယ်ပိုင်ဆိုင်ရာ ဘုရင်လုပ် ဘွဲ့ခံ၊ စစ်အင်အားတည်ဆောက် အုပ်ချုပ်စိုးစံနေသောကာလ။

ပန်းတောင်းပြည့်ရှင် မင်းလုစည်သူ့အတွက် အထူးအားထားလေးစားရသော အထိန်းတော်ကြီး ဗလကျော်ထင်ကို ပန်းတောင်းပြည့်ရှင် တပ်မှူးကြီးအရာ၌ တင်မြှောက်၍ တပ်ပွဲများဆင်နွှဲခဲ့ရာ တပ်မှူးကြီး ဗလကျော်ထင်ကြောင့် ပန်းတောင်းနယ်ပယ်သည် များစွာကျယ်ဝန့်ပြီး သြဇာအာဏာစက် ရှမ်းပြည်သို့တိုင် ပြန့်နှံ့ခဲ့သည်။

အထိန်းတော်တပ်မှူးကြီး ဗလကျော်ထင်သည် ရွှေကိုင်းမယ်နှင့် စုံဖက်၍ သားတော် မင်းကျော်စွာကို မွေးခဲ့သည်။ မင်းကျော်စွာကို တပ်မှူးကြီး ဗလကျော်ထင်က မွေးပြီးနောက် ပန်းတောင်းပြည့်ရှင် မင်းလုစည်သူနှင့် မိဖုရားကြီး ကုနီဒေဝီတို့မှာ သမီးတော် ပုလဲယဉ်ကို မွေးဖွားခဲ့လေသည်။

ဘုရင့်သားတော် ကိုးမြို့ရှင်နှင့် နမတော် ပုလဲယဉ်တို့မှာ ငယ်စဉ်ကတည်းက အထိန်းတော်တပ်မှူးကြီး ဗလကျော်ထင်၏ သားတော် မင်းကျော်စွာနှင့် စကားဘက်များ ဖြစ်ကြသည်။

ကိုးမြို့ရှင်နှင့် နမတော် ပုလဲယဉ်တို့မှာ ပန်းတောင်းပြည့်ရှင် သားတော်၊ သမီးတော်များ ဖြစ်ရကား နန်းတော်အတွင်း အနေများပြီး လိမ္မာရေးခြားရှိကြသူများ ဖြစ်၏။ ယဉ်ကျေးသိမ်မွေ့သော အသိုင်းအဝိုင်းမှာ ကြီးပြင်းလာကြရသူများ ဖြစ်၏။

တပ်မှူးကြီး ဗလကျော်ထင်၏ သား မင်းကျော်စွာကလေးမှာ တပ်မှူးကြီးအုပ်ချုပ်ရာ တပ်အတွင်းမှာ ကြီးပြင်းရသလို၊ အရွယ်ကလေးရလာတော့ ဖခင်ကြီးခြေရာနင်းရန် ဖခင်ကြီးစစ်မက်ရေးရာထွက်တိုင်း ခေါ်ခေါ်သွားသဖြင့် ငယ်စဉ်ကပင် စစ်ရည်ဝပြီး စိတ်ကြမ်းကိုယ်ကြမ်းရှိလေသည်။

တပ်မှူးကြီး၏သား မင်းကျော်စွာမှာ ပန်းတောင်းပြည့်ရှင်၏ သမီးအချောအလှ ပုလဲယဉ်ကို ငယ်စဉ်ကတည်းကပင် စွဲလမ်းချစ်ခင်နှစ်သက်ခဲ့သူ ဖြစ်၏။

ပန်းတောင်းပြည့်ရှင်မှာ စစ်အင်အားကြီးထွား နယ်ပယ်ကျယ်ဝန်းခဲ့သည်နှင့်အညီ သားတော် ကိုးမြို့ရှင်ကို အိမ်ရှေ့စံအရာထားပြီး၊ နမတော် ပုလဲယဉ်ကို တစ်ပင်တိုင်မြန်နန်းနှင့် ချီးမြှင့်မြှောက်စားခဲ့လေသည်။

သို့အခိုက် အထိန်းတော်တပ်မှူးကြီး ဗလကျော်ထင် စစ်မြေပြင်မှာ ကျဆုံးသွားခဲ့ရ၍ သူ၏ကိုယ်စား မြင်းစီးကောင်း၊ ဓားကိုက်ရည်ကောင်းလှသော သားတော် မင်းကျော်စွာအား တပ်မှူးအရာပေး၍ သားတော်အဖြစ် ပန်းတောင်းဘုရင်ကြီးက မြှောက်စားခဲ့လေသည်။

မင်းကျော်စွာ ပန်းတောင်းပြည့်ရှင်၏သားတော်အရာ ထားခံရသော်လည်း ယှဉ်ငယ်စဉ်ကတည်းက ချစ်ခင်စုံမက်ခဲ့သော ပုလဲယဉ်အား မမေ့မလျော့နိုင်ဘဲ ချစ်ရေးဆိုခဲ့ရာ ပုလဲယဉ်၏ မောက်မာငြင်းဆန်မှုကို ခံရလေသည်။

"ဒင်းက ဖခမည်းတော်ရဲ့ သားတော်အရာထား ခံရတာကို မရောင့်ရဲနိုင်သေးဘဲ ငါ့လို ရွှေလင်ပန်းနဲ့ အချင်းဆေးတဲ့ ဘုရင့်သမီးတော်ကိုမှ အပိုင်လှမ်းချင်သေးတယ်။ လက်အောက်ခံတပ်မှူးရဲ့သားက မတော်မတန်လှမ်းတံ့လေတယ်။ နောက်တစ်ခါ ဒင်းဆီက ဒီလိုအသံမျိုးကြားရရင်တော့ ဖခမည်းတော်ထံဝင်ပြီး လျှောက်တင်ရလိမ့်မယ်။ လည်ကုပ်ကောင်းလို့ ဓားတောင်းသလားလို့ ပြန်အကြောင်းကြားလိုက်ပေတော့။ ကြားကြာလားကွယ်ရို့..."

ပုလဲယဉ် မောက်မာငြင်းဆန်မှုက မင်းကျော်စွာ နှလုံးသည်းပွတ်ကို အဆိပ်ရည်ဆွတ်ဖျန်းလိုက်သကဲ့သို့ မင်းကျော်စွာ နာကြည်းခံပြင်း အရှက်ရခဲ့လေသည်။

"အင်းပေါ့လေ။ မင်းဖခမည်းတော် ပြည့်ရှင်မင်း တန်ခိုးသြဇာအာဏာတက်တဲ့အချိန်မှာ နေနှင့်ဦးပေါ့ ပုလဲယဉ်ရယ်။ ငါတန်ခိုးသြဇာအာဏာ တက်တဲ့အချိန်ကျရင်တော့ မင်းကို ငါမရရအောင် ယူပြမယ်"

စိတ်ထဲမှာ သို့ကလို စွဲမှတ်ထားလိုက်ပြီး ခံစားကြေကွဲရသော အချစ်စိတ်ကို ပြေပျောက်ရန် ကြိုးစားရတော့သည်။

နဂိုကတည်းက စိတ်ကြမ်း ကိုယ်ကြမ်း ဝန်းကျင်ကြမ်းမှာ ကျင်လည်ကြီးပြင်းရသူပီပီ ထန်းရည်တောမှာ အသည်း



www.burmeseclassic.com

www.burmeseclassic.com

ကွဲသမားကြီး မင်းကျော်စွာ ပျော်ပါးမိတော့သည်။

ထန်းရည်နှင့် အစပြုရာက လူငယ်သဘာဝ ကြက်တိုက်လောင်းကစားပါ ဖက်မိပြီး၊ မင်းကျော်စွာတစ်ယောက် ချစ်သူပုလဲယဉ်အစားထိုး ပျော်မောမိတော့သည်။ သူချစ် ပုလဲယဉ်အတွက် မောပျော်မိတော့သည်။

မင်းကျော်စွာ၏ အထိန်းတော် မောင်ညိုမှာလည်း နဂိုကတည်းက ကြက်သမား၊ ထန်းရည်သမားမို့ မိတ်တူဘက်တူ ဖြစ်ရလေပြီ။

မောင်ညိုကြောင့် မီးလောင်ရာ လေပင့်၊ လေဆင့်ရာ မီးကျွမ်းရသည်ကို မင်းကျော်စွာ ဆင်ခြင်တွေးတောနိုင်သော အရွယ်မဟုတ်။ အရွယ်နနု၊ အချစ်နုနုအရွယ်။

ထန်းရည်သောက်၊ လောင်းကစားဖက်နေသော တပ်မှူးမင်းကျော်စွာ၏ ဆိုးသတင်းတွေ ပန်းတောင်းပြည့်ရှင်မင်းထံရောက်ပေမည့် စစ်မက်ရေးရာပေါ်ပေါက်လာလျှင် မင်းကျော်စွာသည် သူဖခင်တပ်မှူးကြီး ဗလကျော်ထင်ကဲ့သို့ အနိုင်တိုက်ခိုက် နှိမ်နင်းနိုင်ခြင်းကြောင့် ဘုရင်မင်းကြီးမှာ ခွင့်လွှတ်ကျေနပ်နေရလေသည်။

သို့နှင့် တစ်နေ့သောအခါ စစ်မက်ရေးရာကိစ္စ အရေးတကြီးပေါ်ပေါက်လာသောအခါ တပ်မှူးမင်းကျော်စွာအား သွားရောက်တိုက်ခိုက်ရန် ဆင့်ခေါ်အမိန့်ပေးရလေတော့သည်။

"သားတော်မင်းကျော်စွာနဲ့ သားတော် ကိုးမြို့ရှင်တို့…ဖခမည်းတော်ရဲ့ မဟာမိတ်သစ္စာတော်ခံ မိုင်းပြင်းစော်ဘွား စပ်ခွန်ကြည်ကို ကျိုင်းတောင်းစော်ဘွား စပ်သီဟက ဝင်ရောက်တိုက်ခိုက်လို့ စပ်ခွန်ကြည်က ဖခမည်းတော်စစ်ကူပေးပါမည့်အကြောင်း အထောက်တော်ရောက်လာတယ်။ အဲဒီအတွက် သားတော်တို့ မိုင်းပြင်းစော်ဘွား စပ်ခွန်ကြည်ကို စစ်ကူပေးဖို့ စစ်ထွက်ရလိမ့်မယ်"

"မှန်ပါ၊ အမိန့်တော်မြွက်ပါအတိုင်း သားတော် မိုင်းပြင်းကို စစ်ကူထွက်ပါမည်ဘုရား"

တပ်မှူးမင်းကျော်စွာ၊ သားတော် ကိုးမြို့ရှင်တို့ ပြည့်ရှင်မင်း၏ အမိန့်တော်မြွက်အတိုင်း ရှမ်းပြည်၊ မိုင်းပြင်းသို့ စစ်ချီလေရာ မြန်မာတပ်များမရောက်မီ အချိန်လေးတွင် ကျိုင်းတောင်းစော်ဘွား စပ်သီဟက မိုင်းပြင်းစော်ဘွား စပ်ခွန်ကြည်၏တပ်ကို အနိုင်ရလိုက်ပြီး စပ်ခွန်ကြည်အား ကွပ်မျက်သုတ်သင်နှင့်ခဲ့ပြီး ဖြစ်နေတော့သည်။

ကျိုင်းတောင်းစော်ဘွား စပ်သီဟ၏တပ်များ မိုင်းပြင်းကို အပိုင်စီးထားစဉ် မင်းကျော်စွာနှင့် ကိုးမြို့ရှင်တို့တပ်များ ရောက်သွားပြီး ဝိုင်းဝန်းတိုက်ခိုက်ရာ ကျိုင်းတောင်းစော်ဘွား စပ်သီဟကျဆုံးပြီး သုံ့ပန်းများစွာနှင့် ကျိုင်းတောင်း၊ မိုင်းပြင်းနယ်တို့ကိုပါ လက်ဝယ်ရရှိခဲ့လေသည်။

"ဒီပွဲဟာ အမှန်တကယ်တော့ မောင်မင်းရဲ့ တိုက်ရည်ခိုက်ရည်ကြောင့်သာ အောင်ပွဲခံရလေသည်မို့ မောင်မင်း အစီအရင်ကိုသာ ကိုယ်တော်ကြီး ဦးစားပေးပါ့မယ်။ မောင်မင်းသင့်သလိုသာ စီမံပေတော့ မင်းကျော်စွာ"

"အိမ်ရှေ့စံကိုယ်တော်ကြီး ကိုးမြို့ရှင်၏ စကားကြောင့် တပ်မှူးမင်းကျော်စွာသည် သူ့အရပ်ဓလေ့၊ သူ့အမျိုးသားရိုးရာ ရေးရိုးမပျက်စေဘဲ ရှမ်းအနွယ်ဝင်မှူးမတ်၊ ဝန်ကြီး၊ တပ်မှူးများကိုသာ သူတို့ရိုးရင်းစွဲ ရာထူးအတိုင်း ဆက်လက်ဆက်ခံ အုပ်ချုပ်စေခဲ့ပြီး နယ်မြေငြိမ်ဝပ်အောင် စီမံခန့်ခွဲခဲ့သည်။

ထိုသို့ စီမံခန့်ခွဲရာတွင်လည်း အရေးပါသောကိစ္စတစ်ရပ်ကို မင်းကျော်စွာက ဖန်တီးခဲ့လေသည်။

မိုင်းပြင်းနှင့် ကျိုင်းတောင်း စော်ဘွားများအချင်းချင်း စစ်မက်ဖက်ပြိုင်တိုက်ခိုက်ကြသည်မှာ တိုင်းရေးပြည်ရာ စီမံခန့်ခွဲမှု ညံ့ဖျင်းသောကြောင့် စိတ်ဝမ်းကွဲတိုက်ခိုက်ကြခြင်းဖြစ်သည်။

အကယ်၍သာ နယ်မြေခံ ရှမ်းစော်ဘွား စပ်ခွန်ကြည်၏ ကျန်ရစ်ခဲ့သော လူမမည်သားတော်နှစ်ပါး ခွန်ချို၊ ခွန်သာတို့ကို ပန်းတောင်းပြည်သို့ ခေါ်ဆောင်သွားပြီး နန်းမှုဓလေ့ရေးရာ သင်ကြားပေးကာ ရှမ်းပြည်နယ်သို့ ပြန်ပို့ပေးမည်ဟု ကြံစည်ပြီး စပ်ခွန်ကြည်၏ သားတော်နှစ်ပါးဖြစ်သော ခွန်ချို၊ခွန်သာ ညီနောင်နှစ်ပါးအား ပန်းတောင်းပြည်သို့ ခေါ်ဆောင်လာခဲ့သည်။

ပန်းတောင်းပြည်သို့ ပြန်ရောက်သောအခါ ပန်းတောင်းပြည့်ရှင်မင်း မင်းလုစည်သူ၏ အဆုံးအဖြတ်ကား ပထမတော့ မှန်မလိုလိုနှင့် မင်းကျော်စွာအတွက် စိတ်ခုစရာဖြစ်သွားရလေသည်။

ပထမတော့ ရှမ်းမင်းသားနှစ်ပါးဖြစ်သော ခွန်ချိုနှင့် ခွန်သာကို အိမ်ရှေ့မင်း ကိုးမြို့ရှင်နှင့် မင်းကျော်စွာတို့နှစ်ဦး တစ်ပါးစီ ကြီးပြင်းအောင် မွေးမြူကြ



www.burmeseclassic.com

www.burmeseclassic.com

ရန် ဆုံးဖြတ်ပြီးမှ…

"အင်း…မင်းကျော်စွာဆီကို ညီနောင်နှစ်ပါးအနက် တစ်ပါးကို ပေးလိုက်ပြန်ရင်လည်း မင်းကျော်စွာဆီ ပါသွားတဲ့ တစ်ပါးဟာ မင်းကျော်စွာလို ခက်ထန်ကြမ်းကြုတ်ပြီး ထန်းရည်သောက်၊ လောင်းကစားသမား ဖြစ်သွားပေတော့မယ်။ ဒါ့ကြောင့် လိမ္မာရေးခြားရှိပြီး၊ နူးညံ့သိမ်မွေ့ပျော့ပျောင်းတဲ့ သားတော်ကြီး ကိုးမြို့ရှင်ကပဲ ခွန်ချို့ခွန်သာညီနောင်နှစ်ပါးကို တစ်ဦးတည်း မွေးစားဆောင်ရွက်စေဗျား…"

ထိုအမိန့်ကား မင်းကျော်စွာအတွက် အောင့်သက်သက်နိုင်စေသော်လည်း ယခင်ပွဲရအခါများက ကူနီမြို့ကို အပိုင်စားပေးခဲ့သဖြင့် ကျေနပ်အောင် ကိုယ့်ဘာသာကိုယ် ပြန်၍ မင်းကျော်စွာ ဖြေသိမ့်နေလိုက်ရသည်။ သည်တစ်ကြိမ်လည်း နှစ်သိမ့်သည့်အနေနှင့် ပခန်းနယ်ကို ပေးသနားပြန်၏။

သို့သော် မင်းကျော်စွာအဖို့ ပန်းတောင်းပြည့်ရှင် မင်းစည်သူသည် သူ့အတွက် ကျေးဇူးရှင်အရာမှာရှိမနေတော့။

ပြီးတော့ သူ့သမီး ပုလဲယဉ်ကိုလည်း ပန်းတောင်းပြည့်ရှင်မင်းလုစည်သူရှိနေလျှင် သူနှင့် စုံမက်ဖို့ အခွင့်အလမ်း နည်းပါးတော့မည့်အရေး တွေးကာ မင်းကြီးအပေါ် ရန်ငြိုးထားခဲ့လေတော့သည်။

"ပြည့်ရှင်မင်းကြီး မရှိမှ ဒီအရေးဟာ ပြီးပြတ်မှာပဲ။ ငါ့မှာလည်း အစွမ်းအစတွေရှိတယ်။ အခွင့်ကြုံရင် နန်းရပ်ထီးဖြူ လုယူပြီး ငါချစ်တဲ့ ပုလဲယဉ်ကို မိဖုရားအရာထား၊ နန်းသိမ်းပွဲခံတော်မူမယ်"

မင်းကျော်စွာမှာ သူ၏ဆုံးဖြတ်ချက်အတိုင်း ကြိုးစားခဲ့၏။ ပခန်းနယ်နှင့် ကူနီနယ်တစ်ဝိုက် လက်နက်လူသူ စုရုံးပြီး နယ်သူနယ်သားများနှင့် တစ်စည်းတစ်သွေးတည်းဖြစ်အောင် နေခဲ့သည်။

သူ့အဖို့ လူရင်းအိမ်တော်ပါ ဦးညိုကို လူယုံထားပြီး တိုက်ရဲခိုက်ရဲသူများကို စည်းရုံးခဲ့သည်။ လူရင်းအိမ်တော်ပါ ဦးညိုမှာ ယခင်ကတည်းက ထန်းရည်သမား၊ ကြက်သမားဖြစ်၍ သူစည်းရုံးထားသူများမှာ ထန်းရည်သမား၊ ကြက်သမား၊ လောင်းကစားသမားများ ဖြစ်ကြပြီး အရေးကြုံလျှင် သေမထူး၊ နေမထူး စွန့်ဝံ့သူများ ဖြစ်နေ၏။

မင်းကျော်စွာသည်လည်း သူ့လူများနှင့် ပို၍ စည်းလုံးမိစေရန် အမြဲလိုလိုတပူးတွဲတွဲရှိနေရာမှ ထန်းရည်သမား၊ လောင်းကစားသမား၊ ကြက်သမား အဖြစ် နာမည်ထွက်နေလေတော့သည်။

ထိုစဉ် တစ်ဖက်မှာလည်း အိမ်ရှေ့စံကိုးမြို့ရှင် မွေးစားထားသော ရှမ်းညီနောင် ခွန်ချို့ခွန်သာတို့မှာ အရွယ်ရောက်လာသဖြင့် မင်းကျော်စွာ၏ အကြံအစည် နှောင့်နှေးမလိုဖြစ်နေစဉ် မင်းကျော်စွာသည် သူ၏ ဘက်တော်သား ဦးညို၊ ဘိုးပြည့်တို့နှင့် တိုင်ပင်ကာ ရှမ်းပြည်တွင် သူပုန်သူကန်ရှိ၍ ထိုညီနောင်နှစ်ပါးအား သွားရောက်နှိမ်နင်းရန် ပရိယာယ်ဖြင့် မင်းကြီးအား ယုံကြည်အောင် လျှောက်ထားစေလွှတ်ခဲ့လေသည်။

ခွန်ချို့ခွန်သာတို့ မရှိသည့်နောက် မင်းကျော်စွာနှင့် သူ့ဘက်သား စစ်သည်သူပုန်သူကန်များ ပန်းတောင်းပြည်ထီးနန်းကို ဝင်စီးတိုက်ခိုက်ကာ ဘုရင်ကြီးနှင့် မိဖုရားကြီးအား အဆုံးစီရင်ခဲ့လေသည်။

ပန်းတောင်းပြည့်ရှင်မင်း ကျဆုံးပြီးနောက် အိမ်ရှေ့စံ ကိုးမြို့ရှင်မှာ မင်းကျော်စွာကို ဘယ်လိုမှ မယှဉ်နိုင်မှန်းသိပြီး နှမတော်ပုလဲယဉ်အားခေါ်ပြီး ထွက်ပြေးရလေသည်။

တစ်ပင်တိုင်မြန်နန်းနှင့် စံနေရသော ပုလဲယဉ်မှာ တောနယ်ခရီးကြမ်းကို မလှမ်းနိုင်၍ ခြေဖဝါးတော်နုနု သွေးခြည်ဥလေသောကြောင့် ခရီးနှောင့်နှေးမှာ စိုးပြီး မောင်တော်ကိုးမြို့ရှင်က နှမတော်ပုလဲယဉ်ကို ပခုံးထက်ထမ်း ပြေးရသည်လည်းရှိ၏။

ပုန်းလျှိုးကွယ်ဝှက် ရှပ်ဖျက်ပြေးကြရသောခရီးတွင် ကြာလျှင် မင်းကျော်

"ရက်စက်လွန်းပါပေ့ နှမပုလဲယဉ်ရယ်။
မောင်ကြီးလို ပခန်းမြို့စားတပ်မှူးကြီးကို မင်းက ရှောင်တိမ်းပြီးမှ
ဘာမဟုတ်တဲ့ ကျောက်ထပ်ရွာ သူဌေးသာမြတ်ရဲ့သား မောင်လတ်နဲ့
ယူလိုက်ရတယ်လို့။ ခုဆို မင်းတို့မှာ 'သဲသဲလေး' ဆိုတဲ့
ရင်သွေးရမှ ငါသိရတာ အသည်းနာလိုက်ပါဘိ။ မင်းတို့ကို ငါအရှင်မထားဘူး။
မင်းတို့ရက်စက်သလို ငါရက်စက်ပြမယ်ဟေ့…"

www.burmeseclassic.com

စွာ၏လက်တွင်း ကျရောက်နိုင်သည်မို့ ရှမ်းနယ်အစပ် ကျောက်ထပ်ရွာအရောက် ယခင်က ရင်းနှီးသိကျွမ်းခဲ့သော သူဌေးဦးသာမြတ်ထံ နမတော်ပုလဲယဉ်အား ပုန်းအောင်းဝှက်ထားရန် အပ်နှံပြီး သူကိုယ်တိုင်မူ ထိုနယ်တစ်ဝိုက်တွင် မထင်မရှားနေခဲ့ရလေသည်။

ထိုအချိန်တွင် ရှမ်းပြည်သို့ စစ်ထွက်၍ ရှမ်းနယ်တစ်ဝှမ်း တည်ငြိမ်အေးချမ်းရန် သုံးနှစ်သုံးမိုးမျှ ကြာခဲ့သော ခွန်ချို့ခွန်သာ ရှမ်းညီနောင်နှစ်ဦးတို့မှာလည်း နေပြည်တော်မှ သတင်းတို့ကြောင့် ပြန်လာစဉ် မင်းကျော်စွာမှာ ပရိယာယ်ဝေဝစ်သုံး၍ သူ့လူကိုယ့်ဘက်သား လုပ်လိုက်လေ၏။

"ပန်းတောင်းမင်းဟာ အမှန်တကယ်တော့ ထီးနန်းအာဏာကို ငမ်းငမ်းတက် မက်မောတဲ့သူဖြစ်တယ်။ သူနဲ့ သူ့အဆက်အနွယ်ကလွဲပြီး တခြားဘယ်သူ့ကိုမှ ထီးနန်းအာဏာ လွှဲမပေးချင်ဘူး။ သားတော်တို့နှစ်ပါးဟာ မိုင်းပြင်းစော်ဘွားရဲ့ ရင်သွေးတော်တွေဖြစ်လို့ ဖခမည်းတော် ပန်းတောင်းပြည်ကို ထီးမွေနန်းမွေ ဆက်ခံနိုင်ဖို့ ခေါ်ယူလာခဲ့တာပါ။ ဒါပေမယ့် ဖခမည်းတော်ရဲ့ လက်ထဲမှာ သားတော်တို့ကိုထားရင် သူ့ရဲ့ နန်းကို အမြန်လုယူမယ်ထင်ပြီး သူ့သားတော် ကိုးမြို့ရှင်လက်ထဲထည့်ပြီး ကိုးမြို့ရှင်အုပ်ချုပ်မှုနဲ့ သားတော်တို့ ကြီးပြင်းစေခဲ့တယ်"

"ဖခမည်းတော် မင်းကျော်စွာ၊ ရှမ်းပြည်က သားတော်တို့နှစ်ပါးကို ဆောင်ကြဉ်းလာတဲ့ ကျေးဇူးကို သားတော်တို့မမေ့ပါဘူး။ နေပြည်တော်ရောက်တော့ အိမ်ရှေ့စံ ကိုးမြို့ရှင်ကိုယ်တော်ကြီးကလည်း သားတော်တို့ကို လူရေးလူရာဝင်ပြီး မင်းသားတို့တတ်အပ်တဲ့ အဋ္ဌာရသ ပညာတွေကို သင်ကြားစေခဲ့လို့ သားတော်တို့ နိုင်ငံ့အရေးမှာ ရှုပ်ရှုပ်ချွံချွံ ပါဝင်နိုင်လောက်တဲ့ အရည်အသွေးတွေရှိခဲ့လို့ အဖကိုးမြို့ရှင် ကျေးဇူးကိုလည်း သားတော်တို့ ဥပေက္ခာပြုထားလို့မရပါဘူး ဖခမည်းတော်"

"ဟား...ဟား...ဟား... တော်တော်ရိုးသားပြီး အင်မတန်အတဲ့ သားတော်လေးတွေပါပဲလား"

"ဖခမည်းတော်...သားတော်တို့ကို ဘယ်လိုအကြောင်းကြောင့် ရိုးတယ်၊ အတယ်လို့ ပြောရပါသလဲဘုရား"

"ပန်းတောင်းပြည် ထီးနန်းရှင် မင်းစည်သူ ထီးနန်းမြဲမြံဖို့အတွက် ခမည်းတော်ရဲ့အဖ ဗလကျော်ထင်အမတ်ကြီးဟာ သက်စွန့်ဆံဖျား အမှုတော်ထမ်းရင်း စစ်ပွဲမှာ ကျဆုံးခဲ့တယ်။ ခ...ခမည်းတော်ကျတော့ ပန်းတောင်းပြည် ဘုရင့်ထီးနန်းမြဲစေဖို့ ထိပါးလာသမျှ ရန်စွယ်ရန်ငုတ်မှန်သမျှ တပ်မှူးကောင်းပီပီ အသက်စွန့်ဆံဖျား ရှင်းလင်းပေးနိုင်ခဲ့တယ်။ ဒါပေမယ့် ထီးမွေနန်းလျာကို လျာထားတော့ သူ့သွေးသား ကိုးမြို့ရှင်ကိုပဲ အိမ်ရှေ့အရာပေးခဲ့တယ်"

"ဘုရင့်သားမှန်ရင် အိမ်ရှေ့စံအရာ ပေးကြစမြဲပဲ ဖခမည်းတော်ရယ်"

"အဲဒါကြောင့် သားတော်တို့ကို ရိုးလွန်း၊ အလွန်းတယ်လို့ ဖခမည်းတော်ပြောရတာပေါ့။ ဖခမည်းတော် ရည်ရွယ်တာက ဟောဒီသားတော်လေးနှစ်ယောက်ထဲက တစ်ယောက်ယောက် ပန်းတောင်းပြည်ကြီးရဲ့ ထီးနန်းကို ရယူအုပ်စိုးစေချင်တယ်။ အစဉ်အလာအတိုင်း နေသွားရင်တော့ သားတော်တို့ ဘယ်သောအခါမှ ဘုရင်ဖြစ်တော့မှာမဟုတ်ဘူး။ ဒါ့ကြောင့် ဖခမည်းတော်က အာဏာကို လက်မလွှတ်ချင်တဲ့ ပန်းတောင်းပြည့်ရှင် မင်းစည်သူကို သားတော်တို့အတွက် လမ်းရှင်းပေးလိုက်တယ်"

"အို...ဖခမည်းတော်ဘုရား။ ဖခမည်းတော်ဟာ သားတော်တို့အတွက် အင်မတန်ကျေးဇူးကြီးမားလှပါပေတယ် သားတော်တို့ ဘုရင်ဖြစ်ရင် ဖခမည်းတော်ကို သက်တော်ရှည်အမတ်ချုပ်ကြီးအရာထားပြီး ဖခမည်းတော် ညွှန်ပြသွန်သင်သမျှ လုပ်ဆောင်သွားပါ့မယ်ဘုရား"

"သားတော်တို့ရဲ့ စကားဟာ ဖခမည်းတော်ရဲ့နားမှာ အမှန် နားဝင်ပီယံရှိလှပါပေတယ်။ ဒါပေမယ့် သားတော်တို့ဟာ မင်းပျိုမင်းလွင်တွေမို့ သူငယ်စကား အရှည်မတည်ဘြား ဖြစ်တတ်တယ်။ ဒါ့ကြောင့် သားတော်တို့စကားအတွက် သစ္စာရေသောက်ကြရမယ်ကွဲ့"

"အို...ဖခမည်းတော်က သားတော်တို့အတွက် ဒီလောက်အထိ စွန့်စားဆောင်ရွက်ပေးမှတော့ သားတော်တို့က ဖခမည်းတော်ရဲ့ သစ္စာကို ခံယူပြီး ဘာလို့ သစ္စာရေမသောက်နိုင်ရမှာလဲ ဖခမည်းတော်"

မင်းကျော်စွာ၏ စည်းရုံးသိမ်းသွင်းမှုကြောင့် ခွန်ချို့ခွန်သာတို့ ညီနောင်နှစ်ပါး မင်းကျော်စွာ၏ သစ္စာရေကို



www.burmeseclassic.com

www.burmeseclassic.com

သောက်၍ သစ္စာခံနှစ်ပါးဖြစ်သွားတော့၏။

ခွန်ချို့ခွန်သာတို့၏ မွေးစားအဖတစ်ဦးဖြစ်သော ကိုးမြို့ရှင်မှာ သူ့အသက်ဘေးအတွက် မင်းကျော်စွာ၏ ရန်ကိုကြောက်ပြီး တိမ်းရှောင်နေသည့်အချိန် မင်းကျော်စွာ သူ့ဝါသနာအတိုင်း ထန်းရည်သောက်၊ ကြက်တိုက်လုပ်ရင်း ပျော်ပျော်ပါးပါး အောင်ပွဲခံနေစဉ်မှာ မင်းကျော်စွာ၏ ကျွန်ယုံတပည့် ဦးညိုကြီးက မင်းကျော်စွာအချစ်မပြယ်နိုင်သေးသော ကိုးမြို့ရှင်နှမ ပုလဲယဉ်၏ သတင်းကို ပို့လျှောက်ထားသဖြင့် မင်းကျော်စွာ အူနုကို ကျွဲခတ်သည့်နှယ် ခံစားလိုက်ရလေခြင်း ဖြစ်သည်။

"ရက်စက်လွန်းပါပေ့ နှမပုလဲယဉ်ရယ်။ မောင်ကြီးလို ပခန်းမြို့စားတပ်မှူးကြီးကို မင်းက ရှောင်ထိမ်းပြီးမှ ဘာမဟုတ်တဲ့ ကျောက်ထပ်ရွာ သူဌေးသာမြတ်ရဲ့သား မောင်လတ်နဲ့ ယူလိုက်ရတယ်လို့၊ ခုဆို မင်းတို့မှာ 'သဲသဲလေး' ဆိုတဲ့ ရင်သွေးရမှ ငါသိရတာ အသည်းနာလိုက်ပါဘိ။ မင်းတို့ကို ငါအရှင်မထားဘူး။ မင်းတို့ ရက်စက်သလို ငါရက်စက်ပြမယ်ဟေ့···"

ပခန်းစား မင်းကျော်စွာ ထိုသို့ ဆုံးဖြတ်ပြီးနောက် သူ၏ ပခန်းနန်းကြီးသို့ပြန်အရောက် နောက်မှ သူ့အမိန့်အတိုင်း လိုက်လာကြသော ကျွန်ယုံတော်ဦးညိုကြီးနှင့် သူ၏ လက်သုံးတော် ဘိုးပြည့်တို့နှင့်အတူ သူ့ဆုံးဖြတ်ချက်ကို အမြန်ဆုံး အကောင်အထည်ဖော်ရန် စီစဉ်ရတော့သည်။

✦ ✦ ✦ ✦ ✦

— သုံး —

ပခန်းမင်းကျော်စွာ၏ အစီအစဉ်မှာ အင်မတန်မှလည်း ရက်စက်ရာကျလေသည်။

သူ၏လူယုံတော် လက်ပါးစေ ဦးညိုနှင့် ဘိုးပြည့်တို့ကို "မစားရသည့်အမဲ သဲနင့်ပက်" ဆိုသလို ချစ်သူပုလဲယဉ်နှင့် ခင်ပွန်းသည် မောင်လတ်၊ သမီးသဲသဲလေးတို့အား လုပ်ကြံသတ်ဖြတ်စေသည်။

သို့သော် မောင်လတ်နှင့် သမီးသဲသဲလေးကိုသာ သတ်နိုင်ပြီး ပုလဲယဉ်မှာ သူ့အစ်ကိုတော် ကိုးမြို့ရှင် ဝင်၍ ကယ်မမှုနှင့် အသက်ချမ်းသာရ လွတ်ပြေးသွားခဲ့သည်။

"အင်း···ဒီကိစ္စမှာ သူ့အဖေ မင်းစည်သူသေပေမယ့် သူ့သား ကိုးမြို့ရှင် ကျန်နေလို့ နောက်ဆက်တွဲကိစ္စတွေ ဖြစ်ပေါ်လာတာပဲ။ ငါ့ကိစ္စဝင်ရှုပ်တဲ့ ကိုးမြို့ရှင်ကို ငါအပြတ်ရှင်းမှဖြစ်တော့မယ်"

မင်းကျော်စွာသည် ကိုးမြို့ရှင်ကို ယခင်က လျှော့တွက်ပြီး လွှတ်ထားရာက ယခုတော့မူ အပိုင်ချည်ရန် ကြံစည်ရတော့၏။

သည်မှာပင်···

သူ၏သစ္စာခံ၊ သစ္စာရေသောက်ထားသော ခွန်ချို့ခွန်သာတို့အား ခေါ်၍ တာဝန်ပေးတော့သည်။

"သားတော်တို့ ညီနောင်နှစ်ဖော် ဖခမည်းတော်ရဲ့ အစီအစဉ်တွေကို ပျက်ပြားအောင်လုပ်တဲ့ မင်းစည်သူရဲ့သားတော် အိမ်ရှေ့စံ ကိုးမြို့ရှင်နဲ့ သူ့နှမ ပုလဲယဉ်ကို အသေသတ်၊ ခေါင်းဖြတ်ပြီး ဖခမည်းတော်ထံ ဆက်ကြရမယ်ကွဲ့"

"မှန်လှပါ···ဖခမည်းတော်။ ဖခမည်းတော်ရဲ့ အဲဒီအစီအစဉ်ကိုတော့ သားတော်တို့ မလိုက်နာပါရစေနဲ့။ အိမ်ရှေ့စံ ကိုးမြို့ရှင်ဟာ သားတော်တို့ကို ကြီးပြင်းအောင် ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ဖခင်တစ်ဦးဖြစ်ပါတယ်။ သားတော်တို့ အဲဒီအလုပ်မလုပ်ချင်ပါဘူးဘုရား။ သားတော်တို့ကို တခြားစစ်ရေးစစ်ရာ ခိုင်းချင်တာခိုင်းပါ။ သားတော်တို့ မကြောက်မရွံ့ နောက်မတွန့်ဘဲ စွန့်စွန့်စားစား လုပ်ဆောင်ပေးပါ့မယ်ဘုရား"

"သားတော်တို့ဟာ ဖခမည်းတော်ဟိုးတစ်ခါက ပြောသလို တကယ်ရိုးသားပြီး၊ တကယ်အကြံတာပဲ။ ရှင်ဘုရင်လုပ်မယ့်သူဟာ ရှေ့ရေးကို မျှော်ခေါ်တွေးတောတတ်ရမယ်။ မင်းစည်သူရဲ့ ထီးနန်းကို စိုးစံတဲ့ ဘုရင်ဟာ မင်းစည်သူရဲ့ အနွယ်မှန်သမျှ အရှင်မထားရဘူး။ 'ကျူပင်ခုတ် ကျူငုတ်တောင်မကျန်စေရ' ဆိုတဲ့ စကားဟာ အလကားမဟုတ်ဘူး။ ကျူပင်ဖြစ်တဲ့ မင်းစည်သူကို ဖခမည်းတော် လုပ်ကြံလို့ သေပြီ။ ခု သူ့သားဖြစ်တဲ့ ကိုးမြို့ရှင်နဲ့ ပုလဲယဉ်ဟာ မင်းစည်သူရဲ့ ကျူငုတ်တွေပဲ။ ဒီကျူငုတ်တွေကို မောင်တို့မှ အပြတ်မရှင်းရင် မောင်တို့ရဲ့ နန်းသက်ရှေ့ရေးဟာ ရင်လေးစရာ မကောင်းပေဘူးလား"

ခွန်ချို့ခွန်သာညီနောင်တို့မှာ ပခန်းမင်းကျော်စွာရဲ့ အကြောင်းပြချက်ကလည်းကောင်း၊ ခိုင်းစေသမျှ လုပ်ပါမည်ဟူသော သစ္စာရေကလည်း သောက်ထားဆိုတော့ မင်းကျော်စွာ၏ ဆန္ဒကို



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးမငြင်းသာတော့ဘဲ လိုက်လျောရလေတော့သည်။

✦ ✦ ✦ ✦ ✦

— လေး —

ခွန်ချို့ခွန်သာတို့မှာ သူတို့၏ မွေးစားဖခင်တစ်ပါးဖြစ်သော ကိုးမြို့ရှင် ပုန်းအောင်းနေရာ တောတောင်ကိုသိ၍ အလွယ်တကူပင် ကိုးမြို့ရှင်ကို ရှာဖွေတွေ့ရှိသွားသည်။

ကိုးမြို့ရှင်နှင့် နမပုလဲယဉ်တို့မှာ မွေးစားသားတော်လေးနှစ်ပါး ခါတိုင်းလို ကောင်းမွန်စွာ လာတွေ့သည်ထင်ပြီး ပုန်းအောင်းရာ တောတွင်းဂူမှ ထွက်၍ တွေ့ကြရာ・・・

သည်တစ်ခါ အထင်နှင့်အမြင် လွဲမှားသွားခဲ့ပြီကို သိလိုက်ကြရချေပြီ။

"အိုး・・・သားတော်လေးတို့ရယ်။ ပခန်းရဲ့ သစ္စာရေကို သောက်ထားမှတော့ ငါ့သားတော်လေးတွေ သစ္စာစကားအတိုင်း လိုက်နာကြရမှာပေါ့။ သို့သော် သားတော်တို့ကိုယ်တိုင် ဖခမည်းတော်ရဲ့ ခေါင်းကိုဖြတ်ရင် သားတော်တို့ ပဉ္စနန္တရိယကံကြီးထိုက်နေပါဦးမယ်။ ဒါကြောင့် ဝဋ်ကြွေးကြီးလှတဲ့ ပခန်းမင်းရဲ့ ဒဏ်ချက်လည်း ပြေစေ၊ သားတော်တို့တာဝန်လည်း ကျေစေရအောင် ဖခမည်းတော်ရဲ့ ဦးခေါင်းကို ဖခမည်းတော်လက်နဲ့ ကိုယ်တိုင်ဖြတ်ပေးပါ့မယ်။ မိုက်လုံးကြီးတဲ့ ပခန်းဆီကိုသာ ဖခမည်းတော်ရဲ့ ဦးခေါင်းကို ယူဆောင်ဆက်သကြပေတော့ သားတော်တို့ရယ်・・・"

"အို・・・ဖခမည်းတော်ဘုရား"

"မ・・・မလုပ်ပါနဲ့ဘုရား"

"အောင်မယ်လေး・・・မောင်တော်ဘုရားရယ်"

သားတော်နှစ်ပါး၏ တားဆီးသံ၊ နမပုလဲယဉ်၏ ယူကျုံးမရသံတွေကြားမှာ ကိုးမြို့ရှင်သည် သူ၏ဦးခေါင်းကို သူကိုယ်တိုင်ဖြတ်ပေးလိုက်လေသည်။

အစ်ကိုတော်၏အဖြစ်ကို မျက်ဝါးထင်ထင် မြင်လိုက်ရသော နမတော်ပုလဲယဉ်မှာ မမြင်ရက်၊ မရှုရက်နှင့် ရင်ကွဲနာကျပြီး နေရာတွင်ပင် အသက်ခန္ဓာ စွန့်သွားရရှာလေသည်။

✦ ✦ ✦ ✦ ✦

— ငါး —

"ပုဆိုးကွက်ဝါ
ကြက်ဖျာကို ပိုက်ပါလို့
အလိုက်ကလေးရယ်တဲ့ ရွှေကူနီ
ဝေးကွာခဲ့ပြီ・・・"
"သောက်တော်ဘူးရယ်နဲ့
အိုမကွာ・・・အိုမကွာ・・・
မင်းကျော်စွာလို့ မကျော်လား
ဝေးရာက ရှား・・・"

"ထန်းရည်ကမှုးမှုး။ အသံစူးစူးဝင့်ဝင့်" စကားဝါတောမှာ ပျော်မောရင်း ကြက်တိုက်ကစားနေသော ပခန်းစားမင်းကျော်စွာနှင့် ဝါသနာတူများ။

မင်းကျော်စွာသည် သူ၏နယ်ပယ်ကို ချဲ့ထွင်လာရာ သူ့စွမ်းအင်၊ သူ့ဂုဏ်သတင်းကြောင့် နယ်ပယ်မရွေးသော ပခန်းစားမင်းကျော်စွာ ဖြစ်ခဲ့လေပြီ။

ပန်းတောင်းထီးနန်းကို လုပ်ကြံရယူနိုင်သူ မှန်ပါလျက် သူကိုယ်တိုင် ထီးနန်းကို မဆက်ခံဘဲ မွေးစားသားတော် ခွန်ချို့ခွန်သာတို့ကို လွှဲပေးထားသဖြင့် ပခန်းမင်းကျော်စွာအဖို့ ဂုဏ်သမ္ဘာအထူးတက်လျက်ရှိချေပြီ။

ယင်းကြောင့်ပင်・・・ပခန်းစားမင်းကျော်စွာ၏ နယ်ပယ်မှာ ထန်းတော၊ ထနောင်းတောတွေရှိရာမှာသာမဟုတ်၊ စကားဝါပင်တောသို့ ပြန့်နှံ့လျက်ရှိချေပြီ။

ယခုလည်း စကားဝါပင်တော၌ ထန်းရည်သောက်၊ ကြက်တိုက်နေစဉ် ခွန်ချို့ခွန်သာတို့ ကိုးမြို့ရှင်ဦးခေါင်းကို လာရောက်ဆက်သသည်နှင့် ကြုံရလေပြီ။ သည့်အတွက် ပခန်းမင်းကျော်စွာမှာ ဝမ်းသာအားရဖြစ်သော်လည်း သူ့အိမ်တော်ပါ ဦးညိုကြီး၊ ဘိုးပြည့်တို့အပါအဝင် လက်ပါးစေ လူယုံတော်များဖြင့် ကြိုတင်စီစဉ်ထားသည့်အတိုင်း ခွန်ချို့ခွန်သာတို့ကိုပါ လုပ်ကြံသတ်ဖြတ်လိုက်လေသည်။

"ဖ・・・ဖခမည်းတော် ကတိမတည်ဘူး"

"ရက်စက်မှု ကြေကွဲ ရဲမှု မင်းဖြစ်သတဲ့・・・ဟား・・・ဟား・・・ဟား။ ပန်းတောင်းထီးနန်းကို ငါ့ဒါမှ လွတ်လွတ်ကျွတ်ကျွတ် အုပ်စိုးရမှာကွ"

ပခန်းမင်းကျော်စွာ ကြာကြာပင် ဝမ်းသာအားရ မကြုံးဝါးနိုင်လိုက်ရှာ။

စကားဝါပင်စောင့်နတ်က သူ့သတ်ခဲ့သော ခွန်ချို့ခွန်သာတို့နှင့်အတူ စကားဝါပင်ကြီးကို ပခန်းကိုကြီးကျော် သူ့တပည့် ဦးညိုကြီးနှင့် ဘိုးပြည့်တို့အပေါ် လှဲချလိုက်လေတော့သည်။

**ကျော်မင်းနိုင်**



www.burmeseclassic.com

www.burmeseclassic.com




# နတ်တွေကို ပူဇော်သင့်သလား

■ လင်းရောင်တင်

လူတွေဟာ ခုခေတ်မှာ သွားသုက်သုတ်၊ စားသုတ်သုတ်၊ လာသုတ်သုတ် ဖြစ်လာကြတယ်။ ကမ္ဘာနှင့်အပြိုင်တိုးတက်အောင်ဆောင်ရွက်ရတဲ့ကာလဆိုတော့ လူတိုင်း လူတိုင်း စားဝတ်နေရေးအတွက် အလုပ်တွေ အလုအယက်လုပ်လာကြ တယ်။ လူဦးရေတွေများလာလို့ အိမ်ထောင်စုဦးရေတွေလည်း တိုးတက်လာကြ တယ်။ အလျှုအိမ်တွေ၊ ဆွမ်းကျွေးတွေ များလာတဲ့အတွက် ရဟန်းတော်များလည်း ဒီဒကာအိမ်ကနေ၊ ဟိုဒကာအိမ်ကို တစ်ရက်တည်း နှစ်ပွဲသုံးပွဲ ပွဲကူးတွေ ကြွမ်းလာ ခဲ့ကြတယ်။

ထေရဝါဒဗုဒ္ဓစာပေတွေက ပြဋ္ဌာန်းထားတဲ့ လူတွေ၊ ရဟန်းတွေ ရွတ်ထိုက် တဲ့ ပရိတ်ကြီး ၁၁ သုတ်ကို များများမရွတ်နိုင်ကြတော့ဘူး။ တချို့ရဟန်းတော် များ နှစ်သုတ် သုံးသုတ် ရွတ်ဆိုပူဇော် ချီးမြှင့်ပေးကြသေးသော်လည်း အများ အားဖြင့်တော့ မေတ္တာသုတ်တစ်သုတ်လောက် ခပ်သုတ်သုတ်ရွတ်ပြီး ပုဗ္ဗဏှသုတ် အစပိုင်းလေးတစ်ပိုဒ်လောက်နဲ့ နိဂုံးချုပ်ကြတာ များလာကြတယ်။ အလျှုအိမ် နောက်တစ်အိမ် ကူးရတော့မှာကိုး။

ဒီတော့ ထေရဝါဒဗုဒ္ဓဘာသာရဲ့ အဆီအနှစ် ပရိတ်ကြီး ၁၁ သုတ်လုံးကို ကြားဖူးတဲ့သူတွေ နည်းလာတယ်။ ဘယ်သုတ်ဟာ ဘယ်အကြောင်းအရာကို ညွှန်း ဆိုတယ်ဆိုတာတွေ နှောင်းလူတွေမသိကြတော့ဘူး။ ဘာသာရေးစာပေတွေကို လည်း တကူးတကမလေ့လာဖြစ်ကြတော့ "လူပြောသူပြော ယောင်၍နှော . . . သဘောဉာဏ်မမီ"ဆိုတာမျိုးတွေဖြစ်လာကြတယ်။ နတ်ကို ပူဇော်တာ ဗလိနတ်စာ ကျွေးတာဟာ လူတွေလုပ်ရမယ့်အလုပ် မဟုတ်ဘူးလို့ ထင်လာကြတယ်။ နတ်ကို ပသရင် သရဏဂုံပျက်တယ်လို့ ပြောသူတွေက ပြောကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

နတ်ကို ပသတိုင်း သရဏဂုံပျက်စရာမလိုပါ။ သည်လိုဆိုတဲ့အတွက် လူတိုင်း နတ်ကို ပသရမယ်လို့ မဆိုလိုပါ။ နတ်ကိုပူဇော်တဲ့သူတွေကို အထင်မသေးဖို့ အဲဒီလူတွေဟာ သရဏဂုံပျက်သူတွေလို့ မစွပ်စွဲဖို့ကိုတော့ ထောက်ပြပါရစေ။ နှစ်ပေါင်းများစွာကတည်းက လက်ကိုင်ထား သုံးစွဲခဲ့ရတဲ့ အဖိုးတန်စာအုပ်ကြီး တစ်အုပ်ရှိပါတယ်။ ဆရာတော် အရှင် **ဝါသေဋ္ဌာဘိဝံသ** ပြုစုရေးသားခဲ့တဲ့ သပြေကန်ပရိတ်ကြီး နိဿယသစ်စာအုပ်ကြီးပါ။ ၁၉၇၉ ခုနှစ်က ထွက်ခဲ့တာဆိုတော့ နှစ်ပေါင်း ၃၀ ကျော်တော့ရှိပါပြီ။ ပရိတ်ကြီး ၁၁ သုတ်ထဲကိုပဲ တစ်ပိုဒ်တည်း တစ်လုံးချင်း စေ့စေ့စပ်စပ် ဘာသာပြန်ထားတာဆိုတော့ စာမျက်နှာ ၆၀၀. နီးပါးရှိပါတယ်။ ဆယ်ချိုးဆိုဒ်ကြီးနဲ့ပါ။ ကမ္ဘာ့အေး သာသနာ့ရေးဦးစီးဌာနက တရားဝင်ရိုက်နှိပ်တဲ့စာအုပ်ပါ။ နတ်တွေနဲ့ပတ်သက်လို့ မှတ်သားစရာတွေ တော်တော်များများ ဒီစာအုပ်ကြီးထဲမှာ တွေ့ရပါတယ်။ အထူးသဖြင့် ရတနသုတ်ကို လေ့လာကြည့်တဲ့အခါ အခုလို တွေ့ရပါတယ်။

## ရတနသုတ်နိဒါန်း

ဤရတနသုတ်သည် ဝေသာလီပြည်၌ ဘေးကြီးသုံးပါးကို ပျောက်စေခဲ့ဖူးသည်ဟူသော စကားဖြင့် ရတနသုတ်ဖြစ်ပေါ်လာခြင်းအကြောင်း နိဒါန်းကို ညွှန်ပြသည်။ ဝေသာလီပြည်၌ မိုးခေါင်၍ ကောက်ပဲသီးနှံများပျက်စီးမှုကြောင့် အစာရှားပါး ငတ်မွတ်ခြင်းဘေးကြုံရသောအခါ ဆင်းရဲသားများ သေကြေပျက်စီးရ၏။ လူသေကောင်တွေ မြို့ပြင်ပစ်ထားကြရာ ထိုလူသေနံ့များကြောင့် မြို့တွင်းသို့ ဘီလူးများဝင်ရောက်ခဲ့၍ လူများ ပိုမိုသေဆုံးကြရပြန်၏။ မကောင်းသော အနံ့ဆိုးများကြောင့် ပလိပ်ရောဂါစသည်ကဲ့သို့ ကူးစက်ပြန့်ပွားတတ်သော အဟိဝါတရောဂါတစ်မျိုး ဖြစ်လာပြန်၍ အများအပြား ပျက်စီးကြရ၏။ ထိုအခါ လူများသည် ငါတို့ပြည်မှာ မင်းခုနစ်ဆက်တိုင်အောင် ဤကဲ့သို့ ဘေးမျိုးမကြုံစဖူးခဲ့။ ဘုရင် တရားမစောင့်သောကြောင့်ဖြစ်လေသလောဟု ဘုရင့်ထံလျှောက်ထားကြသော်လည်း ဘုရင်လည်း ပရိသတ်စည်းဝေးစေ၍ မိမိအပေါ် အပြစ်ရှာစေ၏။ ဘုရင်၌ မည်သည့်အပြစ်မှမတွေ့ရသောကြောင့် ဘယ်နည်းဘယ်ပုံပြုရမည်ကို တိုင်ပင်ဆွေးနွေးကြသော် အချို့က တိတ္ထိဆရာကြီးခြောက်ယောက်တို့အားပင့်ရန် အကြံပေးကြ၍ အချို့က ဘုရားရှင်ကို ပင့်ရန် အကြံပေးကြ၏။ ဘုရားရှင်ကိုပင့်ရန် အားလုံးသဘောတူကြပြီးလျှင် လစ္ဆဝီမင်းနှစ်ယောက်အား နောက်ပါများနှင့်အတူ စေလွှတ်လျှောက်ထားစေခဲ့ရာ ဘုရားရှင်လည်း ဝေသာလီပြည်သို့ ကြွတော်မူခဲ့၏။ ဘုရားရှင်ဆိုက်ရောက်လာသောအခါ သိကြားမင်းနှင့်တကွ တန်ခိုးကြီးနတ်များလည်း ရောက်လာ၍ ဘီလူးများ အများအပြားထွက်ပြေးကြ၏။

မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ရတနသုတ်ကို သင်ပေး၍ ရွတ်ဆိုစေခဲ့ရာ ဝေသာလီပြည် တံတိုင်းသုံးထပ်တို့ အကြားဝယ် ညဉ့်သုံးယံပတ်လုံး အရှင်အာနန္ဒာ၏ ရွတ်ဆိုမှုကြောင့် ဘီလူးများ အကုန်ထွက်ပြေးကြ၏။ ဘီလူးများကုန်လျှင်ပင် လူတွေအားလုံး ရောဂါပျောက်ငြိမ်းခဲ့ရာ လူတွေအားလုံးထွက်လာပြီးလျှင် မြို့လယ်လွှတ်ရုံးကို မွမ်းမံပြင်ဆင်ကာ ဘုရားရှင်ကို ပင့်ဆောင်ကြ၏။ ဘုရားရှင်လည်း ထိုလွှတ်ရုံး၌ စုဝေးလာရောက်ကြသော လူနတ်ပရိသတ်တို့အား ရတနသုတ်ပရိတ်တော်ကိုပင် ဟောကြားတော်မူလေသည်။

(ပရိတ်ကြီးနိဿယသစ်စာမျက်နှာ ၂၀၈-၂၀၉)

အထက်မှာဖော်ပြခဲ့သလို ရတနသုတ်တော်ကြီး ပေါ်ပေါက်ခဲ့ရတယ်။ ရတနသုတ်တော်ထဲမှာ ဘုရားရှင်ဟောကြားခဲ့တဲ့ အချက်အလက်တွေဟာ မှတ်သားစရာကောင်းတယ်။

## နတ်များ ပူဇော်ထိုက်သလော

စတုက ပဥ္စက အင်္ဂုတ္တရ၌ မိမိကြိုးစား၍ ရရှိထားသော ပစ္စည်းများဖြင့် ဗလိငါးပါး ပြုခြင်းကို စည်းစိမ်ဥစ္စာရယူခြင်း အကြောင်းတစ်ရပ်အဖြစ် ဟောတော်မူခဲ့၏။ ပဥ္စက အင်္ဂုတ္တရ၌ အမျိုးသားတို့၏ ကြီးပွားကြောင်း၊ မဆုတ်ယုတ်ကြောင်း၊ တရားငါးပါးဟောရာ၌ နတ်များကို ပူဇော်ပသခြင်းလည်း တစ်ပါးပါဝင်သည်။ (ပဥ္စက-၆၈) နတ်များ ပူဇော်ခြင်းကို လောကကြီးပွားရေးတစ်ရပ်အဖြစ် ဘုရားရှင်အလိုရှိသည်မှာ သိလာပေသည်။ နတ်ရှိသည်ဟု ယုံကြည်သူများအဖို့ နတ်များကား သတ္တဝါတစ်မျိုးပင်ဖြစ်၏။ လူတို့၌ ရှိခိုးထိုက်သူ၊ မရှိခိုးထိုက်သူရှိသကဲ့သို့ပင် နတ်များ၌လည်း ရှိခိုးထိုက်/မထိုက် နှစ်မျိုး ရှိရာ၏။ ၎င်းတို့ကို သတိရစွာ အစာအာဟာရစသည် ပေးကမ်းခြင်း၊ ပသခြင်း၊ အမျှအတန်းဝေခြင်းစသည်ကို ပြုအပ်သည်သာ။ လူများ အချင်းချင်း ပေးကမ်းထောက်ပံ့လျှင်



www.burmeseclassic.com

www.burmeseclassic.com

အခါခပ်သိမ်း မကူညီစေနိုင်စေကာမူ ၎င်းတို့ တတ်နိုင်သောအခါ ကူညီရသကဲ့သို့ နတ်များကလည်း အခါခပ်သိမ်း ပေးနိုင်စွမ်းသည်မဟုတ်စေကာမူ သူတို့တတ်နိုင်သောအရာကိုကား ကူညီစောင့်ရှောက်တတ်၏။ အချို့အကူအညီခံရသူများကို ဇာတ်နိပါတ်များအရလည်းကောင်း၊ အတွေ့အကြုံများအရလည်းကောင်း သိနိုင်သည်။

(ပရိတ်ကြီးနိဿယသစ် စာမျက်နှာ ၂၁၇)

အထက်ပါ စာပိုဒ်ဟာ အရှင်ဝါသေဋ္ဌာဘိဝံသ (ပရိယတ္တိသာသနဟိတဓမ္မစရိယနှင့် သာသနဓဇသိရီပဝရဓမ္မစရိယ သိရောမဏိဘွဲ့ရ) ဆရာတော်ဘုရားကြီးရဲ့ အာဘော်ဖြစ်ပါတယ်။ ဒီလောက် ကျမ်းတတ်တဲ့ ဆရာတော်ဘုရားကြီးများရဲ့အရေးအသား အဆိုအမိန့်တွေဟာ အဟောသိကံဖြစ်စရာမရှိပါဘူး။ ဘုရားဟောတရားဓမ္မတွေထဲက ထုတ်နုတ်ဆင်ခြင်ထားတာ ဖြစ်တယ်။ ဒါကြောင့် နတ်တွေနဲ့ လူတွေ သဟဇာတဖြစ်ဖို့ ညီညွတ်ကူညီကြဖို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးအလိုတော် ရှိတယ်ဆိုတာ နားလည်ရမှာပါ။ ၃၁ ဘုံထဲ အတူတွဲနေထိုင်ကြတဲ့ နတ်တွေနဲ့ လူတွေကို ဒီဝါဒကွဲအောင်၊ မုန်းတီးစက်ဆုပ်အောင် ကျေးဇူးမဲ့စကားတွေ ပြောတဲ့ ပုဂ္ဂိုလ်တွေကို ကျမ်းတတ်ဆရာတော်ကြီးများက အဘောကျမယ်မထင်ပါ။ နတ်တွေကလည်း သူတို့ကို ပစ်ပစ်ခါခါ ပုတ်ပုတ်ခတ်ခတ်ပြောတဲ့ ပုဂ္ဂိုလ်ကို ကျေနပ် ကြမယ် မထင်ပါ။

ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးဟာအရေးကြီးဆုံးဖြစ်တာမှန်ပါတယ်။ ဒါပေမယ့် ကျန်တဲ့ ၃၁ ဘုံမှာရှိတဲ့ ပုဂ္ဂိုလ်တွေကို အမနာပပြောတာဆိုတာတွေဟာ ဗုဒ္ဓဝါဒနဲ့ဆန့်ကျင်နေမယ်ဆိုတာ နားလည်ဖို့လိုပါတယ်။ တိုင်းပြည်တစ်ပြည်မှာ ပြည့်ရှင်မင်းအရေးကြီးသလို မြို့စောင့်တံခါးမှူးဟာလည်း အရေးကြီးတာပါပဲ။ သူ့နေရာနဲ့သူ အဆင်ပြေပြေ နေကြထိုင်ကြမှ တစ်ဦးနှင့်တစ်ဦး ကူညီရိုင်းပင်းမှ လောကကြီးသုံးပါး ကြီးပွားစည်ပင်မှာပါ။

နတ်တွေအကူအညီပေးခဲ့လို့ အဆင်ပြေရတဲ့အကြောင်းတွေ မရေမတွက်နိုင်အောင် ပါဠိတော်တွေထဲမှာပါတာကို တွေ့ရမှာပါ။ ဇာတ်ကြီးဆယ်ဘွဲ့ထဲမှာလည်း နတ်ကိစ္စတွေ အများကြီးရှိပါတယ်။ သုဝဏ္ဏသာမဇာတ်တော်မှာ အလောင်းတော် မြားဆိပ်မှန်နေတဲ့အခါ အရင်ဘဝတုန်းက မိခင်တော်ဖူးတဲ့ "ဗဟုသုန္ဒြီ"နတ်သမီးရောက်လာပြီး သစ္စာဆိုခဲ့တာ မှတ်မိကြမှာပါ။ မဟာဇနက္ကဇာတ်တော်ကြီးမှာလည်း ပင်လယ်ထဲ လက်ပစ်ကူးနေတဲ့ မဟာဇနက္ကကို လာကယ်တဲ့ မဏိမေခလာနတ်သမီးအကြောင်းလည်း ဖတ်ဖူးကြမှာပါ။ ရွှေတိဂုံစေတီတော်ကြီးရဲ့ဒကာရင်းတွေဖြစ်လာကြမယ့် တဖုဿနဲ့ ဘလ္လိက ညီနောင်ကိုလည်း ဘဝတစ်ခုက မိတ်ဆွေတော်ခဲ့ဖူးတဲ့ တောစောင့်နတ်က လောကမှာ ဗုဒ္ဓဘုရားပွင့်နေပြီဖြစ်တဲ့အကြောင်း ဘုရားရှင်ကို ဖူးကြဖို့ တိုက်တွန်းတဲ့အကြောင်း ရွှေတိဂုံဘုရားသမိုင်းမှာ တွေ့ရပါတယ်။

ဒါကြောင့် နတ်တွေဟာ လူတွေရဲ့အကျိုးကို ကြည့်ရှုစောင့်ရှောက်လေ့ရှိတယ်ဆိုတာ ယုံကြည်လက်ခံရမှာပါ။ လိုအပ်လို့ နတ်ကို ပူဇော်သက္ကာယပြုသူများကိုလည်း အထင်အမြင်မသေးသင့်ပါ။ သူ့အလုပ်သူလုပ်တာဆိုတာ နားလည်ရမှာပါ။

"လူလိမ္မ နတ်လို၊ နတ်လိမ္မ ငြိုပ်မ"။

"လူထွင်းတဲ့ ခံတွင်းမဟုတ်ဘူး၊ နတ်တွင်းတဲ့ခံတွင်း"။

"လူမသိ နတ်သိ"

"နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်"

"လူမစွမ်း နတ်မ"

"နတ်နဲ့နဂါး မလှည့်စားနဲ့"

မြန်မာစကားတွေထဲမှာ နတ်နဲ့ ပတ်သက်တဲ့ စကားပုံတွေ စကားထာတွေ အများကြီး ရှိခဲ့တယ်။ ရှိနေဆဲဖြစ်တယ်။ အရေးပါအရာရောက်တဲ့ နတ်၊ လောကကို ကိုယ့်သဘောနဲ့ မှိန်ဖျောက်ပစ်လို့မရနိုင်ပါဘူး။ ဘုရားဟောတွေကို ယုံကြည်တယ်ဆိုရင်၊ ၃၁ ဘုံကို လက်ခံတယ်ဆိုရင် နတ်လောကကို လက်မခံလို့ မယုံကြည်လို့ မရနိုင်ပါဘူး။ "နတ်"လို့ ဆိုလိုက်တာနဲ့ အရက်ပုလင်းမော့နေတဲ့ ပုဂ္ဂိုလ်ကို မမြင်ကြဖို့ လိုပါတယ်။ သမ္မာဒေဝနတ်ကောင်း နတ်မြတ်တွေ လောကမှာ တစ်ပုံတစ်ပင်ကြီး ရှိနေတာကို ယုံပါ။

ဇေယျတုသဗ္ဗမင်္ဂလံ။

လင်းရောင်တင်



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်တော်သိသော ရွှေမြင်တင်ဘုရားစေတီများ

(အပိုင်း-၄)

ဆွေမြင့်သူ(ကြေး/မြေ)

**စကားချီး**

စာရေးသူသည် အထက်ပါခေါင်းစဉ်ဖြင့် နာမည်တူရွှေမြင်တင်ဘုရားများအကြောင်းကို ၂၀၁၂ ခုနှစ်၊ မေလနှင့်ဇွန်လထုတ် ရောင်ပြန်မဂ္ဂဇင်းတွင် ရေးသားတင်ပြခဲ့ပြီး ဖြစ်ပါသည်။ ထိုဆောင်းပါး၏ အစနှင့် နိဂုံးတွင် ဖော်ပြပါရှိသည့်အတိုင်း ကျွန်တော်မသိသေးသော ရွှေမြင်တင်ဘုရားများလည်း ရှိပေသေးရာ စာရေးသူ၏ အဆိုပါဆောင်းပါးကို ဖတ်ရှုရသော မိတ်ဆွေများက အနယ်နယ်အရပ်ရပ်မှ ပေးပို့ကူညီလာကြသဖြင့် ကျွန်တော်သိခွင့်ရသော ရွှေမြင်တင်ဘုရားများအကြောင်းကို ဆက်လက်၍ ဖော်ပြလိုက်ရပါသည်။

## (က) မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့မှ သမိုင်းဝင် 'မဟာရွှေမြင်တင်'ဘုရား

သီရိဓမ္မာသောကမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော စေတီပေါင်း ၈၄၀၀၀ တွင် ပြင်ဦးလွင်မြို့မှ မဟာရွှေမြင်တင်စေတီတော်ကြီးလည်း တစ်ဆူအပါအဝင် ဖြစ်သည်။ ယင်းစေတီတော်မြတ်ကြီး တည်ထားပေါ်ထွန်းခဲ့သည်မှာ ယခုဆိုလျှင် နှစ်ပေါင်း ၂၃၀၀ ကျော်ကြာမြင့်ခဲ့ပြီး ဖြစ်ပါသည်။

သာသနာတော်သက္ကရာဇ် ၂၃၅ ခုနှစ်၊ တတိယသင်္ဂါယနာတင်ပွဲအပြီးတွင် သီရိဓမ္မာသောကမင်းကြီး၏ သာသနာပြုမင်းစေတမန်အဖွဲ့သည် (ပျူလူမျိုးတို့၏ ရန်ပေါင်ပဒေသရာဇ်မင်း စိုးမိုးသောနယ်မြေ) ပြင်ဦးလွင်ဒေသသို့ရောက်ရှိလာပြီး(ယခုဘုရားအနီး အောင်ဆုပန်ကျောင်းတည်ရှိရာ) ကျယ်ပြန့်ညီညာသော ကမူတစ်ခု၌ ယာယီမင်းကွန်းတည်ဆောက်တည်းခိုလျက် စေတီပုထိုးနှင့် ရေတွင်းရေကန်တည်ထားရန် သင့်လျော်သောနေရာကို ရှာဖွေခဲ့ကြသည်။ ထိုစဉ် ယင်းကုန်းကမူကို ဝိုင်းပတ်၍ သာယာတင့်မောသော မြေပြန့်လွင်ပြင်နှင့် ညန်ပင်တော

တန်၏ အရှေ့ဘက်ခြမ်းရှိ မြေနိမ့်ချိုင့်ဝှမ်း

(လျှို)တစ်နေရာတွင် သဘာဝအလျောက်

စိမ့်ထွက်နေသော စမ်းရေတွင်းငယ်ကို

အခြေပြု၍ ရေကန်တစ်ခု ဖန်တီးရန်

အဓိဋ္ဌာန်ပြုကြသည်။ ထိုအခါ ၎င်းတို့

တည်ထားမည့် ဘုရားပုထိုးတန်ခိုးတော်

ကြောင့် လျှိုတစ်လျှောက်တွင် အုံ့ဖွယ်


ရာစမ်းပေါက်ကိုးပေါက် ဖြာစီးထွက်လာ

သဖြင့် ယင်းစိမ့်စမ်း ကိုးပေါက်ကိုအခြေ

ပြု၍ ရေကန်တော်ကို အောင်မြင်စွာ တူး

ဖော်တည်ဆောက်ပြီး 'ရန်အောင်မြင်

မင်္ဂလာကန်တော်'ဟု သမုတ်ခဲ့သည်။ ထို



ပြင်ဦးလွင်မြို့ "မဟာရွှေမြင်တင်"စေတီ



www.burmeseclassic.com

www.burmeseclassic.com



မဟာရွှေမြင်တင်စေတီမှ ဗုဒ္ဓရုပ်ပွားတော်(ပြင်ဦးလွင်)

နောက် ယင်းမင်္ဂလာကန်တော်၏ ထိပ်ကုန်းမြေနေရာ၌ ဘုရားရှင်၏ ဓာတ်တော်မွေတော်များ ဌာပနာသော စေတီတစ်ဆူကို တည်ထားကိုးကွယ်ခဲ့ကြသည်။

ထိုသို့ ဘုရားတည်နေကြစဉ် တစ်ခုသော ညချမ်းမှာ တောဖျားမှ ပြေးဝင်လာသော သမင်တစ်အုပ်သည် ကြောက်ရွံ့ခြင်းကင်းမဲ့စွာ ဘုရားတည်နေရာသို့ ရောက်ရှိလာကြပြီး ထိုထိုဤဤ လှည့်ပတ်ကြည့်နေပြီးမှ စေတီတော်ကြီးကို ငြိမ်သက်စွာ ဖူးမြင်ကြသည်။ ယင်းကို အကြောင်းပြု၍ **ရွှေသမင်ဖူးစေတီ**ဟု ခေါ်တွင်ခဲ့ကြသည်။ ရန်အောင်မြင်မင်္ဂလာကန်ထိပ်ရှိ ဘုရားဝတ္တကမြေသို့ ရွှေသမင်အုပ်ဝင်လာသည့် ဖြစ်ရပ်ကို မှတ်တမ်းပြုသော်ကွန်းအဖြစ် ရည်မှန်းပြီး **ရွှေသမင်မြင်ထင်စေတီ** ခေါ်တွင်ပညတ် သံပိုင်ခတ်၍ ဓာတ်မွေသရီမြတ်စေတီကို အသောကမင်းတြားကြီးက ဥဒါန်းထိုး၍ တည်ထားကိုးကွယ်ခဲ့ပါသည်။ ကာလကြာရှည်သော် **ရွှေသမင်မြင်ထင်**မှ **ရွှေမြင်တင်**၊ ယခုအခါ **မဟာရွှေမြင်တင်စေတီ**ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။

မြန်မာသက္ကရာဇ် ၁၂၅၃ ခုနှစ်၊ အင်္ဂလိပ်သက္ကရာဇ် ၁၈၉၁ ခုနှစ်တွင် ပြင်ဦးလွင်မြို့၊ ရေချမ်းအိုး(မြောက်)ရွာ၊ ဆရာတော်ဘုရားကို အမှူးထား၍ ငွေတိုက်အရာရှိ ထိပ်တင်ဖြူ၊ မြို့အုပ်ဦးသာလှိုင်–ရေချမ်းအိုးရွာသား၊ ဝက်ဝံရွာသား ဦးစံရွှေနှင့် သူကြီးဦးပိုတို့သည် မူလရွှေမြင်တင်စေတီတော်ကို ငုံပြီး သံတောင် ၄၀ မြင့်သော စေတီတော်ကို ထပ်မံတည်ထားကိုးကွယ်သည်။ စေတီတော်ပရိဝုဏ်ကို သုတ်သင်ရှင်းလင်းကာရံကြပြီး လေးဘက်လေးတန်တွင် စောင်းတန်းများတည်ဆောက်လှူဒါန်းကြသည်။ မဟာရွှေမြင်တင်ဘုရားကား ရှေးအခါကတည်းက ကြည်ညိုသဒ္ဒါပွားရလောက်အောင် သာသနိကအဆောက်အအုံများ၊ တန်စောင်းပြာသာဒ် ကျောင်းဇရပ်များဖြင့် လွန်စွာစည်ကားခဲ့ပါသည်။

မဟာရွှေမြင်တင် ဘုရားပွဲတော်ကို နှစ်စဉ် တပို့တွဲလတွင် ကျင်းပလေ့ရှိပြီး ရှေးအခါက ပျော်ပွဲရွှင်ပွဲများအဖြစ် မီးဒုံးမီးကျည်ပစ်လွှတ်ပွဲ၊ မြေဝိုင်းနှင့် အငြိမ့်က



ရမည်းသင်း

မြို့နယ်

ရွှေမြင်တင်

တောင်တော်

မြတ်မှ

"ရွှေစေတီ"



www.burmeseclassic.com

www.burmeseclassic.com



ရမည်းသင်းမြို့နယ်၊ ရွှေမြင်တင်တောင်တော်မြတ်ကြီးမုခ်ဦး

အနောက်ဘက်တောင်ထိပ်ပေါ်တွင် ရွှေမြင်တင်စေတီတော်(ဉာဏ်တော် ၁၉ တောင်)တည်ရှိပါသည်။

### သမိုင်းအစ

ရှေးယခင်က 'တမ္ဗဒီပ'တိုင်း၏ အလယ်ဗဟိုတည်ရှိသော 'ကေလာသ' တောင်တန်းကြီး၏အနီး၊ အရှေ့ဘက် 'ပန်းတစ်တောင်ကြီး'အနီးတွင် ဘုရားအလောင်းတော် ခြင်္သေ့မင်းဘဝက စံနေတော်မူသော ဥမင်လိုဏ်ဂူကြီးတစ်ခု ရှိ၏။ ထိုလိုဏ်ဂူကြီးအတွင်း၀ယ် ရွှေရောင်တ၀င်း၀င်းတလက်လက်ရှိသော ယင်ကောင်ကြီးတစ်ကောင် အမြဲနေထို

ပွဲ၊ ဒိုးအက၊ တိုးနယားအကများ ပါ၀င်လုပ်ဆောင်ကြသည်။ ယခုနောက်ပိုင်းတွင် ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ ရုပ်ရှင်၊ ဗီဒီယိုနှင့် ဘောလုံးပွဲများပါ ထည့်သွင်းကျင်းပခဲ့ကြရာ အလွန်ပင်စည်ကားလှကြောင်း သိရှိရပါသည်။

## (ခ) မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့မှ 'ရွှေမြင်တင်' တောင်တော်မြတ်ဘုရား

သာသနာ့သမိုင်း၀င် ရွှေမြင်တင်တောင်တော်မြတ်သည် မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့၏အရှေ့ဘက် ၇ မိုင်အကွာ (စံပြ) မြင်းနားကျေးရွာအုပ်စုအတွင်း တည်ရှိသည်။ ယင်းတောင်တော်မြတ်သည် ပေပေါင်း ၁၀၀၈ ပေမြင့်၍ ရွှေယင်မိတောင်နှင့် ရွှေယင်ကျော်(ခေါ်)တောင်ပုလုတောင်ဟူ၍ ပါ၀င်သည်။

ရွှေမြင်တင်တောင်ကား သာမညတောင်မဟုတ်ပါ။ ဘုရားအလောင်းတော်သာလိကာဘ၀က ခုနစ်ကြိမ်တိုင်တိုင် နေထိုင်ခဲ့ဖူးသောတောင်ဖြစ်ပါသည်။ တောင်ထိပ်တွင် ရွှေစေတီတန်ခိုးကြီးဘုရား (ဉာဏ်တော်အတောင် ၃၀) တည်ရှိ၍




ရမည်းသင်းမြို့နယ်၊ ရွှေမြင်တင်စေတီတော်မြတ်



www.burmeseclassic.com

www.burmeseclassic.com




ကြံ့ခင်းမြို့နယ်မှ အကောက်တောင် "ရွှေမြင်တင်"ဘုရား

ရွှေယင်ကြီးသည် မင်းသားနှစ်ပါး၏ အန္တရာယ်မှ အကြိမ်ကြိမ်ရှောင်ကွင်းလျက် ဟိုင်းတက်–လှိုင်းတက်–ရွှေထုတ်ကုန်းရွာမှတစ်ဆင့် မင်းဝံတောင်တန်းအရောက် ပျံသန်း၍ စောင့်မျှော်ကာနေခဲ့ရာမှ 'ရွှေယင်မျှော်တောင်'ဟု အမည်တွင်ခဲ့၏။ ယင်းတောင်မှ ပြန်လည်မျှော်ကြည့်လတ်သော် မင်းသားတို့လိုက်လာသည်ကို ရွှေယင်ကမြင်၍ တစ်ဖန်ရှေ့ဆက်ပျံသန်းကာ ပန်းသွင်း(ပဒွင်း)ကျေးရွာတွင် ရပ်ဆိုင်းပြန်၏။ ယင်းကျေးရွာမှာ နောင်သော် 'ရွှေယင်ဆိုင်း'ရွာဟုလည်းကောင်း၊ ယင်းအရပ်၌ အသောကမင်းကြီးတည်ထားသော ဘုရားကို 'ရွှေယင်ဆိုင်းဘုရား'ဟုလည်းကောင်း ခေါ်တွင်ခဲ့ပါသည်။

တစ်ဖန် မင်းဝံတောင်တန်း၏ အဆက် မိတ္ထီလာကန်ပေါင်ရိုးတွင် ရွှေယင်ကြီးရပ်နားပြန်ရာ ထိုနေရာ၌ အလောင်းစည်သူမင်းကြီးက ဘုရားတည်ခဲ့သဖြင့် ရွှေယင်တင်တောင် (ရွှေယင်တင်ဘုရား) ဟု တွင်ခဲ့ပြန်သည်။ ထိုမှ ရွှေညဒေါင်းမင်းမြိုင်တန်းသို့ ရွှေယင်ကြီးဆက်လက်ပျံသန်းပြီး ပုန်းခို၍နေပြန်ရာ ယင်းနေရာကို

...ချက်ရှိ၏။ ထိုယင်ကောင်ကြီးသည် ...ကြားမင်းဖန်ဆင်းထားသော 'နတ်ယင် ...' ဖြစ်၍ အဆင်းလှပကျက်သရေရှိလှ ...သည်၊ ယင်း၏အစွမ်းသတ္တိကား "နူတ် ...ဝရုဇိန်၊ တောင်ရှိန်လက်နက်၊ ပျံကာ ...ကျက်ရလျှင်၊ စကြဝဠာကြီးကိုပင် နေ့ချင်း ...ပြင့် လှည့်ပတ်သွားလာနိုင်စွမ်း ရှိ၏" ... သမိုင်းအဆို ရှိပါသည်။

သိကြားမင်းသည် ရမည်းသင်းနယ် ...တွင် သာသနာပြန့်ပွား ထွန်းကားမည် ...၍ မိတ္ထီလာပြည့်ရှင် ဘုရင်ကျော်စွာ ... "ထိုနတ်ယင်ကြီးကို ရသောမင်း ...သည် လေးကျွန်းလုံးကို အစိုးရသော ...တေးမန္တတ်မင်း မချွတ်ကေန်အမှန် ...တွဲ့"ဟု အိပ်မက်ပေးလေသည်။ ...ခါ မင်းကြီးသည် ထိုရွှေယင်ကြီးကို ...ပြင်းအတင်းအဓမ္မ တမ်းတလိုချင် ...ကြောင့် သားတော်ကြီး သားတော်ကြီး 'သူရစိ'နှင့် သားငယ် 'နေရု'တို့ကို စစ်သည်ဗိုလ်ခြေအပြည့်နှင့် ရွှေယင်ကြီးကို ဖမ်းရန် စေလွှတ်တော်မူသည်။




ကြံ့ခင်းမြို့နယ် အကောက်တောင်နံရံမှ ဗုဒ္ဓရုပ်ပွားတော်များ



www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင်မြို့ ကျီးသဲမြို့ "ရွှေမြင်တင်"ဘုရားစေတီတော်

'ရွှေယင်ပုန်း'ဟု ခေါ်တွင်သည်။ ရွှေယင်ကြီးသည် မင်းသားနှစ်ပါး၏အန္တရာယ်မှ အကြိမ်ကြိမ်ရှောင်ကွင်း၍ ပုံးသန်းခဲ့ရာ ကေလာသတောင်တန်းအပါအဝင်ဖြစ်သော ဒိုးနွယ်တောင်၊ တောင်ပချုပ်တောင်၊ ပန်းတင်တောင်၊ ထုံးကျောက်တောင်၊ ဆင်တောင်တို့၏အနောက် ကြေးနီကန်(ကြည့်နီကန်) အရှေ့မြောက်ဘက်ရှိ တောင်တစ်တောင်ကျမှ ရွှေယင်ကြီးကို မြင်၍ လိုက်ကြရပြန်၏။ ယင်းတောင်ပေါ်တွင် ရွှေယင်ကြီးမြင်သည်ကိုအကြောင်းပြု၍ 'ရွှေယင်မြင်တောင်'ဟု ခေါ်ဆိုကြောင်း သိရှိရပါသည်။

**မှတ်ချက် ...**

(၁) အလောင်းစည်သူမင်းကြီးသည် ရွှေစေတီတည်လတ္တံ့သောငှာ အဝေးမှကြည့်သည်ရှိသော် ရွှေယင်ကြီးတောင်ထိပ်တွင် ထင်သကဲ့သို့ မြင်သည်ကို အကြောင်းပြု၍ 'ရွှေယင်တင်တောင်'ဟု ခေါ်ဆိုခဲ့သည်ဟု အဆိုရှိသည်။

(၂) အချို့ကလည်း ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ဒါယကာ၊ ပုဂံပြည့်ရှင် ကျန်စစ်မင်းကြီး၏ ရွှေမြင်းကြီးတင်ထားသည်ကို အကြောင်းပြု၍ 'ရွှေမြင်းတင်တောင်'ဟု ခေါ်ဆိုခဲ့ကြောင်း။ ကာလရွေ့လျောလာသည့်အခါ 'ရွှေမြင်တင်တောင်'ဟု ခေါ်ဆိုကြောင်း ပြောစမှတ်ပြုကြပါသည်။

(၃) ဆောင်းပါးရှည်မည်စိုး၍ 'ရွှေယင်ကျော်'နှင့် 'ရွှေယင်မိ' စေတီတော်များအကြောင်းကို ဆက်လက်မဖော်ပြတော့ပါ။

## (ဂ) ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်မှ အကောက်တောင် 'ရွှေမြင်တင်'စေတီတော်

အကောက်တောင်သည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်က 'သီရိဘင်္ဂလွန်မြို့'ဟု ခေါ်ကားခဲ့ပြီး သီရိဘင်္ဂလွန်မင်းက အုပ်ချုပ်ခဲ့ကြောင်း၊ သီရိဘင်္ဂလွန်မင်းသည် အလွန်တရာ ဘုန်းတန်ခိုးကြီးမားသဖြင့် သိကြားမင်းကပင် မြတ်စွာဘုရား၏ သရီရဓာတ်တော်များအား ဘုရားတည်ရန် ဆက်သခဲ့ရကြောင်း၊ ထိုမင်းသည် သိကြားမင်းဆက်ကပ်တော်မူသော မြတ်စွာဘုရား၏ ဆံတော်သုံးဆူကို ၎င်း၏သားတော်သုံးပါးအား စေတီတော်တစ်ဆူစီ တည်ထားစေခဲ့ကြောင်း၊ သားတော်ကြီး မဟာပုဏ္ဏမင်းသားသည် ဘုရား၌ ဌာပနာမည့် ရွှေရတနာများအား သိန္ဓဝမြင်းဖြင့်တင်ဆောင်ကာ တည်ထားခဲ့ကြောင်း၊ ဘုရားဌာပနာများကို မြင်းနှင့်တင်ဆောင်တည်ထားခဲ့၍ 'ရွှေမြင်းတင်'ဟု ခေါ်ဝေါ်သမုတ်ခဲ့သော်လည်း ကာလရွေ့လျား၍ 'ရွှေမြင်တင်'စေတီဟု အမည်တည်ခဲ့ကြောင်း၊ အကောက်တောင်သ

www.burmeseclassic.com



ရွှေတောင်မြို့နယ် ကျီးသဲလေးထပ် သာသနာ့မေတ္တာ ဘေးမဲ့နယ်မြေမှ သမိုင်းဝင်စေတီများ

တွင် ဖူးမြင်ရသောစေတီမှာ ရွှေမြင်တင် စေတီဖြစ်ကြောင်းကို ရောဝတီဂျာနယ် အတွဲ(၁)၊ အမှတ်(၁၃)မှ မောင်တင်လှိုင် (ဟော်တယ်/ခရီး)ရေးသားခဲ့သော ဆောင်းပါးတွင် ရေးသားဖော်ပြပြီး ဖြစ်ပါသည်။

ရွှေမြင်တင်ဘုရားကို ဖူးမော်လိုပါက ရောဝတီမြစ်ကြောင်းအတိုင်း ရေလမ်းခရီးဖြင့် ဆန်တက်ကာ ကြံခင်းမြို့နယ်၏ မြောက်ဘက် ရှစ်မိုင်အကွာ ရောဝတီမြစ် အနောက်ဘက်ကမ်းရှိ အကောက်တောင်သို့ ရှေးဦးစွာ တက်ရောက်ရပါမည်။ တောင်ပေါ်မရောက်မီမှာပင် တောင်၏ ကျောက်နံရံများ၌ ဗုဒ္ဓမြတ်စွာ၏ ရုပ်ပွားတော်အများအပြားကို ထွင်းထုပူဖော်ထားသည်ကို ရောဝတီမြစ်လယ်မှပင် ဖူးတွေ့နိုင်ပါသည်။

သားတော်ကြီး မဟာပုဏ္ဏမင်းသား တည်ထားကိုးကွယ်တော်မူခဲ့သော ရွှေမြင်တင်ဘုရားမှ မြောက်ဘက်တစ်မိုင်ခန့် အကွာတွင်လည်းကောင်း၊ ညီတော်မင်းသားနှစ်ပါးက မြတ်စွာဘုရားအား သရီရဓာတ်တော်တစ်ဆူကို ဌာပနာ၍ စေတီတော်တည်ထားခဲ့ကြောင်းကို ရွှေမြင်တင် (အကောက်တောင်)ဘုရား ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးညိုမောင်နှင့် MRTV-4 တို့ တွေ့ဆုံမေးမြန်းခန်းအစီအစဉ်အရ ကြားနာမှတ်သားခဲ့ရပါသည်။

## အကောက်တောင်ဘုရားများ

ရတနာပုဏ္ဏတောင်တော်မြတ်ဟု ခေါ်သည်။ မင်းတုန်းမင်းတရားကြီးလက်ထက် မြို့ဝန်ဦးကောက်ရသည် တောင်စွန်းအခြေမှ အကောက်ရုံးဆောက်လုပ်ပြီး အခွန်ကောက်ခံသည်မှစ၍ အကောက်တောင်ဟု ခေါ်ကြောင်းသိရသည်။ ထို့အပြင် မြတ်စွာဘုရား ကျီးမင်းဖြစ်စဉ်က ယင်းတောင်ပေါ်ရှိ သစ်သီးသစ်ဥ သီးနှံများကို အစာကောက်ယူသောကြောင့် အစာကောက်တောင်၊ သို့မဟုတ် ... အကောက်တောင်ဟုခေါ်ကြောင်း သိရှိရသည်။ ရုပ်ပွားတော်များမှာ ကုန်းဘောင်ခေတ်နှင့် ကုန်းဘောင်ခေတ်မတိုင်မီက ဖြစ်နိုင်သည်။ ရုပ်ပွားတော်တစ်ထောင် အကောက်တောင်ဟု ဆိုစကားရှိခဲ့သော်လည်း ယခုအခါ ၃၇၀ ဆူသာ ဖူးမြင်နိုင်တော့သည်။

## (ဃ) ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ရွှေတောင်မြို့မှ 'ရွှေမြင်တင်ဘုရား'

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ကျီးသဲမြို့၊ ဘိုကုန်းကျေးရွာအနီး ကျီးသဲလေးထပ်သာသနာ့မေတ္တာ ဘေးမဲ့နယ်မြေတွင် ရှေးဟောင်းသမိုင်းဝင် 'ရွှေမြင်သာ'ဂူပုထိုး၊ 'ရွှေမြင်တင်'စေတီတော်၊ 'အောင်မြင်ချမ်းသာရ'စေတီတော်နှင့် လောကရတနာစေတီတော်တို့ တည်ရှိပါသည်။

ဤနေရာ၌ အလျဉ်းသင့်သလို 'ကျီးသဲ'ဟု အမည်တွင်ရသည့်အကြောင်း ဖော်ပြလိုပါသည်။ ယခု ကျီးသဲနေရာသည် မြေနုကျွန်းပေါ်ဖြစ်ခြင်းကြောင့် ရှမ်း



www.burmeseclassic.com

www.burmeseclassic.com

စကားနှင့် ကျိုးဆက်၊ ကျိုးဆက်မြေနုမှာ ဟု အဓိပ္ပာယ်ရပြီး ကာလရွေ့လျောကာ ကျိုးသဲဖြစ်လာကြောင်း သိရှိရပါသည်။ ကျိုးငှက်ပေါများခြင်းကြောင့်လည်း ကျိုးသဲ ဟုခေါ်ဆိုသည်။

## သမိုင်းအစ

သက္ကရာဇ် ၄၇၄ ခုနှစ်တွင် ထီးလှိုင်ရှင်ကျန်စစ်သားမင်းကြီး၏ အမိန့်အရ ပြည်မြို့စားမှတစ်ဆင့် ရွှေတောင်မြို့စားသို့ ညွှန်ကြားချက်နှင့်အညီ ကျိုးသဲရွာအတွင်းရှိ ပြည်သာဘုရား၊ ကျိုးသဲလေးထပ်ကုန်းရှိ မြင်သာမြတ်စွာဘုရား၊ ရွှေရောင်တော်(ရန်အောင်ဘုရား)၊ ယခု ‘ဝ’ ဘုရားနှင့်တကွ ထိုအနီးမြောက်ဘက်ရှိ ရွှေဂူကြီး (ယခု စွန်းလွန်းဂူကြီး)တို့ကို တည်ဆောက်ပြုပြင်ခဲ့သည်။ ထို့ပြင် ကောဇာသက္ကရာဇ် ၆၄၈ ခုနှစ်တွင် နန်းတက်ခဲ့သော ပြည်ဘုရင် သီဟသူရမင်း၏ ငယ်ကျွန် ရန်မျိုးအောင်(အမတ်)မှ ရှမ်းညီတောင်တို့ကို အကြီးအမှူးပြု၍ ရှမ်းတန်းကြီး၊ ရှမ်းတန်းလေး၊ ရှမ်းစု၊ ရှမ်းကုန်းကျေးရွာတို့နှင့်တကွ ကျိုးသဲရွာကို တည်သည်။ ထို့နောက် ထိုရွာကြီးအတွင်းရှိ သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုတော ‘ပြည်သာ’ဘုရားကို ဒုတိယအနေနှင့် ရန်ပေါင်မင်း၊ တတိယအနေနှင့် ရန်မျိုးအောင်အမတ်၊ ကျွန်ယုံရှမ်းတို့မှ ပြုပြင်ခဲ့သည်။

## ရွှေမြင်တင်စေတီတော်၏ သမိုင်းအကျဉ်း

မင်းတြားရွှေထီး၏ ပြည်နိုင်မော်ကွန်းအရ အင်းပျော့အင်း(ယခု အင်းမ) အနောက်မြောက်ဘက်တွင် ကျွန်းဆုံးမြို့ (တစ်နည်းအားဖြင့်) ကျွန်းသုံးမြို့ ရှိခဲ့သည်ဟု ဆိုသည်။ နောင်ရိုးတိုက်ပွဲအောင် မင်းတြားကြီးရွှေထီး၏ ရေကြောင်းချီတပ်နှင့် လှိုင်မြို့စား ကျော်ထင်နော်ရထာတို့သည် ကျွန်းသုံးမြို့အနီးတွင် ပေါင်းဆုံပြီး အင်းပျော့အင်း၏ အနောက်မြောက်တွင် ယာယီနန်းတည်ဆောက်၍ ဆင်၊ မြင်း ရေချ ခေတ္တခဏ အမောအပန်းဖြေပြီး နောက် အောက်ဖော်ပြပါ တပ်ပေါင်း ၁၁ တပ်ကို အမှူးပြုသည်။

(က) တလစီးမြို့စား မင်းရာဇာ၏တပ်၊ (ခ) ဇရွဲအုံမြို့စား သီရိကျော်ထင်၏တပ်၊ (ဂ) မုတ္တမမြို့စား စောလကွန်း၏တပ်၊ (ဃ) မော်ပီမြို့စား ဘယယော်ဓာ၏တပ်၊ (င) ခဲပေါင်မြို့စား သမိန်သံကျယ်၏တပ်၊ (စ) ပေါင်းတည်မြို့စား လက်ယာပျံချီ၏တပ်၊ (ဆ) မြန်အောင်မြို့စား သရေစည်သူ၏တပ်၊ (ဇ) သန်လျင်မြို့စား နန္ဒယော်ဓာ၏တပ်၊ (ဈ) တိုက်ကုလားမြို့စား သမိုင်းစောကရပ်၏တပ်၊ (ည) ချိုလှိုင်မြို့စား ကျော်ထင်နော်ရထာ၏တပ် (ကြည်းကြောင်း)၊ (ဋ) မင်းတြားရွှေထီး၏ ရေကြောင်းချီတပ်။

ထို့နောက် မင်းတြားရွှေထီးသည် ဇယဒီသာဆင်တော်ကိုစီးလျက် သစ္စာပြုအောင်မြေနင်း တပ်ချီ၍ ရုတ်တရက်ပြည်မြို့ကို ကြည်း၊ ရေ နှစ်ကြောင်းညှပ်တိုက်ရာ ပြည်ဘုရင် ရှင်သရက် (ခ) မင်းခေါင်မှာ မည်သို့မျှမခုခံနိုင်တော့ချေ။ သို့အတွက် မင်းဆရာတော် အရှင်ဓမ္မပါလဂုရုမှ နာဂရဆင်တော် လက်ဆောင်တင်ပြီး ပြည်ဘုရင်နှင့် သားမယားတို့ကို အသက်ချမ်းသာပေးရန် တောင်းဆိုသည်။ မင်းတြားရွှေထီးသည် အလိုတော်ပြည့်သည်နှင့် တစ်ပြိုင်တည်းမှာပင် သက္ကရာဇ် ၉၀၄ ခုနှစ်၊ နယုန်လဆန်း ၅ ရက် သောကြာနေ့တွင် ပြည်၊ ရွှေတောင်၊ ကျွန်းသုံး တလစီးမြစ်ရိုးတစ်ခွင်၌ ပျက်စီးနေသော အောက်ဖော်ပြပါစေတီပုထိုးကိုးဆူကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ရွှေအထွဋ်တင်လှူ ပူဇော်ခဲ့ပါသည်။

(၁) မြသီတင်မြတ်စွာ (ယခု ပြည်ရွှေဆံတော်ဘုရား)၊ (၂) သရမာမြတ်စွာဘုရား၊ (၃) မုဋ္ဌောမြတ်စွာဘုရား၊ (၄) မောမောမြတ်စွာဘုရား၊ (၅) တောင်တော်ဦးမြတ်စွာဘုရား၊ (၆) နတ်တောင်မြတ်စွာဘုရား၊ (၇) ညောညောမြတ်စွာဘုရား၊ (၈) မြင်သာမြတ်စွာ(ရွှေမြင်သာဘုရား)၊ (၉) မြင်တင်မြတ်စွာ(ရွှေမြင်တင်မြတ်စွာဘုရား)

(မှတ်ချက် ။ ကျိုးသဲလေးထပ်၊ သာသနာ့မေတ္တာကုန်းမြေရှိ ရွှေမြင်သာ၊ ရွှေမြင်တင်နှင့် အောင်မြင်ချမ်းသာရစေတီသုံးဆူအကြောင်းကို သီးခြားရေးသားပါမည်။)

## ဆွေမြင့်သူ(ကြေး/မြေ)

မှီငြမ်းကိုးကားစာရင်း,

၁။ ဘုရားဂေါပကအဖွဲ့၏ သမိုင်းဝင်မဟာရွှေမြင်တင်၊ မဟာမုနိရုပ်ပွားတော်၊ ဘုရားကြီးနှစ်ဆူ၏ သမိုင်းအကျဉ်းစာအုပ်။

၂။ ဘုရားဂေါပကအဖွဲ့၏ ‘ရွှေမြင်တင်တောင်တော်စေတီတော်မြတ်ကြီး၏ သမိုင်းရင်းဖြစ်တော်စဉ်’စာအုပ်။

၃။ ဦးတေဇနိယ-ဝေဇယန္တာ [B.A (Gro;) H.G.P.R.L] ရှာဖွေရေးသားပြုစုသော ‘ကျိုးသဲလေးထပ် သာသနာ့မေတ္တာ ဘေးမဲ့နယ်မြေရှိ ဘုရားသမိုင်းမှတ်တမ်း’။

၄။ MRTV-4 မှ ရိုက်ကူးတင်ဆက်သော ‘ကြံခင်းမြို့ အကောက်တောင်’ ဗီဒီယိုမှတ်တမ်း။

[ကျေးဇူးတင်လွှာ ။ ဤစာမူဖြစ်မြောက်ရေးအတွက် ဘုရားသမိုင်းအကျဉ်းစာအုပ်များ၊ ဗီဒီယိုခွေနှင့် ဓာတ်ပုံများ ပေးပို့ကူညီသော ပြင်ဦးလွင်၊ ရမည်းသင်း၊ ရွှေတောင်နှင့် ကြံခင်းမြို့နယ်မှ မြေစာရင်းဦးစီးအရာရှိများအား အထူးကျေးဇူးတင်ရှိပါသည်။ စာရေးသူ]




www.burmeseclassic.com

www.burmeseclassic.com

# ရတနာအောင်ကျောင်းတိုက်တွင်းရှိ ခပ်မကုန်စဉ့်ဆန်အိုး

ကိုကိုလှ-ကမာမြေ




သာသနာတော် အဓွန့်ရှည်စေရေးအတွက် သာသနာပြုကြသူများ၊ ရဟန်းအရှင်သူတော်မြတ်အများထဲတွင်မှ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဥသာမြို့ ရပ်ကွက်ကြီး(၁)သီးသန့်၊ (၁)ရပ်ကွက်ရှိ ရတနာအောင်ကျောင်းတိုက် ချီးအောင် သာသနာ့နယ်မြေ)သို့ စာရေးသူ၏ ဓမ္မမိတ်ဆွေ၊ သာသနာ့အကျိုးဆောင် ဦးမောင်မောင်လွင် (ရတနာ အောင်ဘုန်းတော်ကြီးပညာသင်ကြားရေးကျောင်း ဖြစ်မြောက်ရေးအဖွဲ့နာယက)၊ ဇနီး ဒေါ်မြမြသိန်း(ခ)ဒေါ်မော်မော် ဘုန်းတော်ကြီးပညာသင် ကြားရေးကျောင်း ဖြစ်မြောက်ရေးအဖွဲ့ အကျိုးတော်ဆောင်)နှင့် သားမောင်ကျော် ဇင်ဟိန်းတို့၏ ပေါ်ကြားမှုကြောင့် ရောက်ရှိ၍ သာသနာ့အရေး ကြိုးပမ်းလေ့လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က ရတနာအောင်ကျောင်းဆရာတော် ဦးပဒုမသည် ရတနာအောင်ဘုန်းတော်ကြီးပညာသင်ကြားရေးကျောင်း ဖွင့်လှစ်နိုင်ရေးနှင့် ရတနာအောင်ပြည်သာကျောင်းဆောင် ပြီးမြောက်နိုင်ရေးအတွက် အလုပ်ရှုပ်နေသည်မို့ ဆရာတော်အား အနီးကပ်ဖူးမြော်မှု ကင်းမဲ့စွာ ကျောင်းတိုက်တွင်းရှိ စေတီပုထိုး ထူးခြားမှုတို့အား မေးမြန်းလျှောက်ထားခွင့် မရရှိခဲ့ပေ။

ရတနာအောင်ကျောင်း ဆရာတော်သည်လည်း သက်တော် ၅၅ နှစ်၊ ဝါတော် ၁၅ ဝါရှိပြီး တောထွက်တစ်ပါးဟု သိရှိခဲ့ရပါသည်။ ဆရာတော်သည် သာသနာ့ဘောင်သို့ ၁၉၉၈ ခုနှစ်တွင် စတင်ဝင်ရောက် ရဟန်းပြုခဲ့သည့်ဆရာတော်၏ ဥပဇ္ဈာယ်ဆရာတော်မှာ ဥဿာမြို့သစ်မှ ဦးဝရဖြစ်ပြီး ယခုအခါ ဘဒ္ဒန္တဘရဝိန္ဒာဘိဝံသ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ရွှေလင်းယုန်(ဘောင်ဌ)ဆရာတော်၏ ဩဝါဒခံယူ၍ ၂.၀၅ ကေကျယ်ဝန်းသော ရတနာအောင်ဘုန်းတော်ကြီးကျောင်းဝင်းတွင် ကိုးတောင်ပြည့် "ရွှေဖလုံစေတီတော်" အပါအဝင် စေတီပေါင်း ၁၃ ဆူ၊ တံတား ၉ စင်း တည်ထားကိုးကွယ်ထားသည်။ ကျောင်းဝင်းရှိ စေတီတော်မှာ ရွှေဖရုံသီး ပုံတော်ပေါ်တွင် ၉ တောင်အမြင့်ရှိ စေတီကို ထူးထူးခြားခြားတည်ထားကိုးကွယ်ခြင်းမှာ အမြင်ဆန်းသည်ဟု သုံးသပ်မိပါသည်။

ပို၍ ထူးခြားဆန်းကျယ်သည်မှာ ဆရာတော်၏ ရတနာအောင်ဘုန်းတော်ကြီးကျောင်းတွင် စဥ့်အိုးတစ်အိုးရှိသည်။ ထိုစဥ့်အိုးကို ဆွမ်းဆန်များထည့်ရန် အသုံးပြုသည်။ ကျောင်းတွင် သင်္ကြန်ကာလ ဒုလ္လဘများ၊ ဘုရားကျောင်းအလှူ တရားနာပရိသတ်များအတွက် လှူဒါန်းကျွေးမွေးရန် ၎င်းစဥ့်အိုးထဲတွင် လျော့နည်းမှုမရှိကြောင်း သတိထားမိကြသည်။ ထိုဖြစ်ရပ်မျိုးသည် ဆန်းကြယ်လှပေ၏။

၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ရတနာအောင်ဘုန်းတော်ကြီးကျောင်းတိုက်ကို စတင်တည်ဆောက်ခဲ့သည်။ ရွှေဖရုံစေတီ၏ ထီးတော်ကိုလည်း ၁၉၉၉ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့တွင် တင်လှူပူဇော်နိုင်ခဲ့သည်။

တဲသာသာရှိသော ကောင်းမှုတော်ကျောင်းဆောင်ကိုလည်း ၂၅-၂-၂၀၁၂ ခုနှစ်တွင် ကျောင်းဆောင်အသစ် ဆောက်လုပ်နိုင်ခဲ့သည်။ စာရေးသူ၏ ဓမ္မမိတ်ဆွေများဖြစ်ကြသော ဦးမောင်မောင်လွင်၊ ဇနီးဒေါ်မြမြသိန်း၊ သားကျော်ဇင်ဟိန်းနှင့် ခုနစ်ရက်သားသမီးများက ကမကထပြု၍ နဂါးရုံစေတီ ရှင်ဥပဂုတ္တမထေရ်မြတ် ကျောင်းဆောင်၊ ရှင်သီဝလိပုံတော်နှင့် ပစ္စဝတ္ထု





www.burmeseclassic.com

www.burmeseclassic.com



ရတနာအောင်ကျောင်း (ရှုပြီးအောင်သာသနာ့နယ်မြေ) ၊ ပဲခူးမြို့။

ပြီး ဗုဒ္ဓရှင်တော်မြတ်ဘုရားထံမှ တရားဦးဆာကြားပုံများကို ထုလုပ်ပူဇော်မှုပြုနိုင်ခဲ့ကြသည်။


၂၀၀၅ ခုနှစ်တွင် ရတနာအောင်ဘုန်းတော်ကြီးကျောင်းအနေနှင့် အထူးရှိသင့်သည့် သိမ်ကျောင်းဆောက်ရန်အတွက် ဆရာတော်မှ ဆုံးဖြတ်ချက်ချသည်နှင့် အလှူဒါယကာ၊ ဒါယိကာမတို့နှင့် အားကြိုးမာန်တက် ရေသိမ်ဆောင်ကို ဆောက်လုပ်လှူဒါန်းနိုင်ခဲ့သည်။ ထို့အပြင် ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့တွင် ရတနာအောင်ဘုန်းတော်ကြီးပညာသင်ကျောင်းဆောင်အား ဦးမောင်မောင်လွင်မိသားစုမှ ခုနစ်ရက်သားသမီးအလှူရှင်များနှင့်အတူ ကမကထဆောင်ကြ၍ ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းသည် ပညာဒါနအလှူတစ်မျိုး လှူဒါန်းနိုင်မှုတစ်ခုပင်ဖြစ်ပေတော့ပါလော။ ထိုဘုန်းတော်ကြီးပညာသင်ကျောင်းတွင် ဦးသောဘိတ (BA ဒဿနိကဗေဒ)က ဦးဆောင်၍ ဆရာမ ၄ ဦး တက်ရောက်ပညာသင်ကြားပေးနေသည်ဖြစ်ကြောင်း၊ ကျောင်းသား ၅၀ ဦး တက်ရောက်ပညာသင်ကြားခွင့်ရနေခြင်းကြောင့် စာရေးသူအနေနှင့် သာဓုအနုမောဒနာ အကြိမ်ကြိမ် ခေါ်ဆိုမိခဲ့သည်။

ဂုဏ်ယူရဆန်သည့် ထူးခြားချက်တစ်ခုမှာ သိဒ္ဓိရှင်သူတော် စင်တစ်ပါးပါးမှ အမြဲတမ်းအိပ်မက်ပေး လမ်းညွှန်မှုပေးသကဲ့သို့ အနီးကပ် ကူညီစောင့်ရှောက်တတ်ခြင်း ဖြစ်သည်။ သိဒ္ဓိရှင်သူတော်စင်၏ ပုံတော်ကို ကျောင်းတိုက်ဝင်းကြီးတွင် ဖူးတွေ့ခဲ့ရသည်။

သာသနာပြုရေး ကိစ္စများအတွက် အိပ်မက်ပေးသည့် အခါတိုင်း ဆရာတော်မှ ရွှေလင်းယုန်(တောင်ငူ) ဆရာတော်ကြီးထံ လျှောက်တင်၍ ဩဝါဒစကားကို အမြဲခံယူပြီးမှ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။

ပဲခူး မဇင်း ၁၀ လမ်း၊ ဖားအောက်တောရကျောင်းအနီးရှိ ရွှေဖရုံစေတီတော်မြတ်ထံ သွားရောက်ဖူးမြော်အမိဋ္ဌာန်ပြုရင်း ရတနာအောင်ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးအတွက် ခုနစ်ရက်သားသမီး အလှူရှင်များက ဝိုင်းဝန်းလှူဒါန်းနိုင်ကြပါရန် စာရေးသူမှ နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းအပ်ပါသည်။

**ကိုကိုလှ(ကမာမြေ)**



ရေသိမ်



www.burmeseclassic.com

# စစ်ကိုင်းရွှေမင်းဝံတောင်ခြေမှ

# ပေါ်တော်မူဘုရား ဘက်စုံပြုပြင်ရေး

ဦးတိုး(တက္ကသိလ)



စာရေးသူသည် စစ်ကိုင်းမြို့၊ ရန်နိုင်ရပ် ဇာတိဖြစ်သည်။ ငယ်စဉ်ကတည်းက မိဘများသည် အစိုးရဝန်ထမ်းဖြစ်၍ စစ်ကိုင်းတွင် မွေးရုံသာ မွေး၍ ရန်ကုန်မြို့တွင် ကြီးပြင်းလာခဲ့သူ ဖြစ်သည်။ တစ်ခါတစ်ရံမှသာ ဆွေမျိုးများထံသို့ ရောက်ရှိမှ စစ်ကိုင်းမြို့ပတ်ဝန်းကျင်တွင် လျှောက်လည်ခဲ့ရသည်။ ၂၀၀၉ ခုနှစ်တွင် ကျွန်တော်၏ညီ ဦးအောင်မျိုးမြင့်၊ တိုင်းရင်းဆေးသမားတော်၏ သမီးတွေး ယဉ်မင်းအောင်နှင့် ခင်ပွန်း ကိုစံထွန်း(ဂျင်းဘောင်းဘီပြုပြင်ရေး)တို့မှ အလည်လာရန် ဖိတ်ခေါ်၍ နှစ်ပေါင်း ၃၀ ကျော်မှ တစ်ခေါက်ရောက်သွားခဲ့ရသည်။ ညီငယ်မှမွေးသူ သမီးကြီး မဥမ္မာမြင့်(တိုင်းရင်းဆေးသမားတော်)နှင့် ခင်ပွန်း ဦးညွန့် ရွှေ(ဘီယာလက်ကားဖြန့်ချိရေး)တို့မှ လိုက်


လံပို့သဖြင့် ဘုရားစုံဖူးခဲ့ရသည်။ ကိုစံထွန်းက စစ်ကိုင်း ဈေးအနီးတွင် နေ့စဉ်အလုပ်ရှုပ်နေသူ ဖြစ်သည်။ ညနေပိုင်းတွင် သူတို့ကတစ်လှည့် မော်တော်ဆိုင်ကယ်ဖြင့် ဘုရားဖူးပို့ ရှိသည်။ ကျွန်တော်တို့တွင် ညီအစ်ကိုခုနစ်ယောက် မွေးချင်း ကြရာ ညီအစ်ကိုအားလုံး၏ချက်များကို အောင်မြေလော ဘုရားပရိဝုဏ်အတွင်း မြှုပ်နှံထားကြောင်း ညီလေးပြောမှ သိ သည်။ ကျွန်တော်၏ဖခင် ဦးဘငြိမ်း(လက်ထောက်အတွင်း မိခင် ဒေါ်ညွှန့်တို့မှာ ရှေးရိုးဆန်ကြသူများ ဖြစ်ကြပါသည် ယခုအချိန်ကာလတွင် မိဘများနှင့် ကျွန်တော့်အထက်မှ အစ် များ မရှိကြတော့ပါ။ ကျွန်တော်နှင့် ညီလေးတို့သာ ရှိကြ တော့သည်။ သခါရ သဘောတရားမို့ အချိန်ရခိုက် ဇာတိနယ်မြေတွင် ဘုရားပဲဖူးနေပါတော့သည်။ စစ်ကိုင်း မြို့သည် ယခင်က နန်းစိုက်ခဲ့သည့်ဒေသ ဖြစ်သည် စစ်ကိုင်းတောင်ရိုးကြီးကို လှမ်းကြည့်လိုက်သည် နှင့် သာသနာမည်မျှ စည်ပင်ကြောင်း ခန့်မှန်းနိုင် ပေသည်။ စစ်ကိုင်းတောင်၏ အမြင့်ဆုံး တောင်ထိပ်တွင် ပဌာ မြားစေတီ ရှိသည် ထို့နောက် အစဉ် အတိုင်း ကြည့်ပါက ဆွမ်းဦးပုညရှင်၊ ဥမင် ကိုးဆယ်၊ ဥမင်သုံး ဆယ်နှင့် မြေပြန့်တွင် ကောင်းမှုတော်(ရာ စူဠာမဏိ စေတီ) ဆင်ဖြူများရှင် သစ္စာ စေတီ စသည်ဖြင့် ဘုရားပေါင်းစုံ ရှိနေ သောကြောင့် တစ် ရက်တစ်နေ့ လည် ပတ်ရုံဖြင့် မကုန် ပေ။

တူမ မိသားစုများနှင့်



www.burmeseclassic.com

www.burmeseclassic.com



စက်တော်ရာစေတီတော် စစ်ကိုင်းမြို့ မင်းဝံတောင်ခြေ ရွှေမင်းဝံရပ်ကွက် ရှေးဟောင်းသုခဝဟ ပေါ်တော်မူစေတီ

…ဝံတောင်ခြေရှိ ညီလေး၏ သားကြီး ကိုနိုင်တို့အိမ်သို့သွားရင်း …တို့၏အိမ်နှင့် မလှမ်းမကမ်း၌ရှိနေသော သုခဝဟ ပေါ်တော်မူ …တီကို ရောက်ရှိသွားခဲ့ကြပါသည်။ ထိုနေ့က စိုးရတနာ …ါ်တော်မူမင်းကျောင်းဆရာတော် ဦးကုဿကကိုလည်း ဖူးခဲ့ရပြီး၊ …ါ်တော်မူဘုရားအကြောင်း တစ်စေ့တစ်စောင်း မှတ်သားလိုက် …ပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် ရွှေမင်းဝံရပ်ကွက်ကို မြို့ပြအဖြစ် …ချဲ့ရန် ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းစဉ် ပေါ်တော်မူ …ရားကို တွေ့ရှိကြရသည်။ ဂေါပကအဖွဲ့မှ ပုဂ္ဂိုလ်တစ်ဦးက …ဖော်ရရှိသည့် ဗုဒ္ဓရုပ်ပွားတော်၊ လက်ရိုက်သံတံဆိပ်တော်ကို …အာဘိသဒ္ဓမ္မဘဒ္ဒန္တဓဇ မဟာဓမ္မရာဇာဂုရု’ဟုတွေ့ရှိရပြီး …အဓိပ္ပာယ်ကို ‘‘ဂုဏ်အားဖြင့် လွန်မြတ်လျက် သာသနာတော်၌ …ဆုံးမရှိသော တံခွန်နှင့်တူသော မင်းတရားကြီး၏ ဆရာ …တော်’’ ဖော်ထုတ်ထားကြောင်း တွေ့ရှိရသည်။ အဓိပ္ပာယ် ဖော်စာတမ်းကို ဂေါပကအဖွဲ့မှ ပြသစဉ် အမှတ်တရဓာတ်ပုံအဖြစ် ဖော်ပြအပ်ပါသည်။

ယခုအခါတွင် ပေါ်တော်မူဘုရား ပရဝုဏ်အတွင်း၌ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်ကြောင်း တွေ့ရှိရသည်။

ရှေးဟောင်းသုတေသန ဦးစီးဌာန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနတို့နှင့်အတူ စိုးရတနာပေါ်တော်မူ မင်းကျောင်းဆရာတော် ဦးကုဿကနှင့် ဂေါပကအဖွဲ့တို့က တာဝန်ယူစောင့်ရှောက်လျက်ရှိကြပြီဖြစ်သည်။

ပေါ်တော်မူဘုရားကို ညောင်ရမ်းခေတ်နှင့် ကုန်းဘောင်ခေတ်ဦးက တည်ထားကြောင်း ခန့်မှန်းရသော်လည်း ရှေးဟောင်းသုတေသန၏အတည်ပြုချက်ရရှိမှ မည်သည့်ခေတ်အခါက ဖြစ်ကြောင်း သိရှိနိုင်ပေမည်။ စစ်ကိုင်းမြို့ကို မြန်မာသက္ကရာဇ်



စစ်ကိုင်းမြို့ မင်းဝံတောင်ခြေ ရွှေမင်းဝံရပ်ကွက်
ရှေးဟောင်းသုခဝဟ ပေါ်တော်မူစေတီ



www.burmeseclassic.com

www.burmeseclassic.com





ရှေးဟောင်း
သုခဝဟ
ပေါ်တော်မူ
စေတီမှ
လက်ရိုက်သံ
တံဆိပ်တော်

၆၈၄ ခုနှစ်က အသင်္ခယာစောယွန်းမှ စတင်တ
ထောင်ခဲ့သည်။ ပေါ်တော်မူဘုရားဝင်းအတွ
အလိုတော်ပြည့်စေတီတော် (အသစ်တည်
ခြင်း)၊ စက်တော်ရာစေတီတော်၊ သပိတ်
စေတီ၊ ရှေးဟောင်းအရပ်သိမ်တော်တို့ကို ဖူး
ရသည်။ သပိတ်ပိုက်စေတီမှာ ထူးခြားမှုရှိသ
ရုပ်တော်မူဗုဒ္ဓရုပ်တုတော်သည် သပိတ်ပိုက်
ဟန် တွေ့ရှိရသဖြင့် မြန်မာပြည်တွင် တွေ့ရခဲ
ရုပ်ပွားတော်မျိုး ဖြစ်သည်။

သမိုင်းကြောင်းမညှိုး စစ်ကိုင်းတော
လာလည် ကြသူများသည် ရှေးဟောင်းသမိုင်
ပေါ်တော်မူစေတီရှိသည့် ရွှေမင်းဝံတောင်
ရောက်ဖြစ်အောင်သွားကြဖို့ တိုက်တွန်းလိုက်
သည်။

ရွှင်လန်းချမ်းမြေ့ပါစေ . . . ။

**ဦးတိုး(တက္ကသိ**



ရှေးဟော
အရပ်
သိမ်တော



www.burmeseclassic.com


www.burmeseclassic.com

# ရောင်ပြန်မဂ္ဂဇင်း ပြက္ခဒိန်

## ၁၃၇၅ ခုနှစ်၊ တန်ဆောင်မုန်းလ - နတ်တော်လ

## 2013 DECEMBER

| | | |
|---|---|---|
| တနင်္ဂနွေ Sunday | 1 ၁၄ ရက်ရာဇာ | |
| တနင်္လာ Monday | 2 ၁၅ တန်ဆောင်မုန်းလကွယ် | |
| အင်္ဂါ Tuesday | 3 ၁ | |
| ဗုဒ္ဓဟူး Wednesday | 4 ၂ ရက်ယုတ်မာ ရက်ရာဇာ၊ အမြိတ္တစုတ်ရက် | 18 ၁ ရက်ရာဇာ |
| ကြာသပတေး Thursday | 5 ၃ မဟာရက်ကြမ်း | 19 ၂ ရက်ယုတ်မာ |
| သောကြာ Friday | 6 ၄ ရက်ရာဇာ | 20 ၃ ရက်ရာဇာ၊ မဟာရက်ကြမ်း |
| စနေ Saturday | 7 ၅ အမြိတ္တစုတ်ရက် | 21 ၄ |
| တနင်္ဂနွေ Sunday | 8 ၆ | 22 ၅ |
| တနင်္လာ Monday | 9 ၇ | 23 ၆ |
| အင်္ဂါ Tuesday | 10 ၈ | 24 ၇ အမြိတ္တစုတ်ရက် |
| ဗုဒ္ဓဟူး Wednesday | 11 ၉ ရက်ရာဇာ | 25 ၈ ခရစ္စမတ်နေ့ ရက်ရာဇာ |
| ကြာသပတေး Thursday | 12 ၁၀ | 26 ၉ |
| သောကြာ Friday | 13 ၁၁ ရက်ရာဇာ | 27 ၁၀ ရက်ရာဇာ |
| စနေ Saturday | 14 ၁၂ | 28 ၁၁ |
| တနင်္ဂနွေ Sunday | 15 ၁၃ | 29 ၁၂ |
| တနင်္လာ Monday | 16 ၁၄ | 30 ၁၃ |
| အင်္ဂါ Tuesday | 17 ၁၅ နတ်တော်လပြည့် | 31 ၁၄ နတ်တော်လကွယ် |



၁. ၁၂. ၂၀၁၃ စန်းပြောင်းရက်စွဲ ၁၆. ၁၂. ၂၀၁၃

### ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ဂြိုဟ်ပြောင်းချိန်

တနင်္ဂနွေသည် - ၁၆. ၁၂. ၂၀၁၃ တနင်္လာနေ့ နံနက် ၃ နာရီ ၆ မိနစ် ၄၇ စက္ကန့်တွင် ဓနုရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၁. ၁၂. ၂၀၁၃ တနင်္ဂနွေနေ့ နံနက် ၁၀ နာရီ ၄၉ မိနစ် ၂၇ စက္ကန့်တွင် ဗြိစ္ဆာရာသီသို့ ပြောင်းသည်။

ဗုဒ္ဓဟူးသည် - ၂၀. ၁၂. ၂၀၁၃ သောကြာနေ့ ည ၉ နာရီ ၄၀ မိနစ် ၄၆ စက္ကန့်တွင် ဓနုရာသီသို့ ပြောင်းသည်။

သောကြာသည် - ၅. ၁၂. ၂၀၁၃ ကြာသပတေးနေ့ နေ့လယ် ၂ နာရီ ၄၇ မိနစ် ၄၆ စက္ကန့်တွင် မကာရရာသီသို့ ပြောင်းသည်။

(၄. ၁၂. ၂၀၁၃)ရက်၊ (၇. ၁၂. ၂၀၁၃)ရက်နှင့် (၂၄. ၁၂. ၂၀၁၃)ရက် တို့သည် အမြိတ္တစုတ်ကျ၍ အကောင်းဆုံးရက်များ ဖြစ်သည်။

### အမြိတ္တစုတ်ရက်မှာ လုပ်ဆောင်စရာ

တနင်္ဂနွေသားသမီးသည် မြောက်အရပ်တွင် ပုန်းညက်ပင် စိုက်ပါ။

တနင်္လာသားသမီးသည် အရှေ့မြောက်အရပ်တွင် ခရေပင် စိုက်ပါ။

အင်္ဂါသားသမီးသည် အရှေ့အရပ်တွင် သရဖီပင် စိုက်ပါ။

ဗုဒ္ဓဟူးသားသမီးသည် အရှေ့တောင်အရပ်တွင် ကွမ်းသီးပင် စိုက်ပါ။

ကြာသပတေးသားသမီးသည် အနောက်တောင်အရပ်တွင် ဒန်းပင် စိုက်ပါ။

သောကြာသားသမီးသည် အနောက်မြောက်အရပ်တွင် အုန်းပင် စိုက်ပါ။

စနေသားသမီးသည် တောင်အရပ်တွင် ကံ့ကော်ပင် စိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

# သည်လအတွက် ကောင်းသောရက်

## ၂၀၁၃–ခုနှစ်၊ ဒီဇင်ဘာလအတွက်

**နွယ်သာကီအောင်**

ဟောမန္တ၏ နှင်းငွေမှုန်တွေက သဇင်ညှာခက်များအား တို့ထိကျီစယ်ရင်းမှပင် ခွာညိုတို့ကိုလည်း နှင်းရည်စက်တို့နှင့် ဆွတ်မြကျီစယ်လိုက်ပြန်သည်။ မြောက်ပြန်လေတို့မှာလည်း သူ့စည်းနရီနှင့်သူ။ သဘာဝရာသီဥတုကတော့ သစ္စာတည်ကြည် ကတိမှန်စွာ အံချိန်အခါတန်လျှင် ကမ္ဘာမြေကို လွှမ်းခြုံ ထွေးပတ်စမြဲပင် ဖြစ်သည်။

သို့သော်ငြား ကမ္ဘာမြေပြင်ရှိ လူသားတွေကတော့ ပတ်ဝန်းကျင် ရေမြေတောတောင်တို့ကို ထိန်းသိမ်းဖို့ရာ လျှပါးလာကြသည်။ သည့်အတွက် ပူသည့်အခါ အလွန်ပူ၊ အေးသည့်အခါ အလွန်အေးနှင့် ကမောက်ကမတွေ ဖြစ်စေခဲ့သည်။ ဥတုရာသီဆိုသည်မှာ တောကိုမှီသည်ကို သိပါလျက်နှင့် တောကိုပြုန်းတီးအောင် ဖန်တီးလာမှု၊ လောင်စာဓာတ်ငွေ့တွေ လိုသည်ထက်သုံးစွဲကာ စွန့်ထုတ်မှုတွေက သဘာဝ ရာသီ၏ ဟန်ချက်တို့အား လွဲချော်စေခဲ့သည် ဆိုရမည်သာပင်။ သည့်အတွက်ကြောင့်ပင် သဘာဝ ဘေးဒဏ်တွေက သတိပေးလာရသည်။ သို့ဖြစ်၍ တောင်လည်းသာမော၊ တောလည်းသာထွေ ဖြစ်ရလေအောင် သဘာဝကို ထိန်းသိမ်းစောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း•••

၁။ **နေအိမ်တိုက်တာဝယ်ဖို့ရာ**

ဒီဇင်ဘာလ (၂)၊ (၁၂)၊ (၁၈)၊ (၂၁)၊ (၂၄)၊ (၂၉) စသောရက်များသည် နေအိမ်တိုက်တာများဝယ်ယူဖို့ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ **ကား/ယာဉ်စုံစွာ ဝယ်ဖို့ရာ**

ဒီဇင်ဘာလ (၁)၊ (၇)၊ (၈)၊ (၂၀)၊ (၂၈) စသော ရက်များသည် ကားများ၊ ယာဉ်များ ဝယ်ယူဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ **ငါးသတ္တဝါ ဖမ်းဖို့ရာ**

ဒီဇင်ဘာလ (၁၅)၊ (၂၀)၊ (၂၄) စသော ရက်များသည် ပင်လယ်ပြင်၊ အင်းအိုင်များ၌ ငါးဖမ်းရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ **ကျောက်မျက်ရတနာ တူးဖို့ရာ**

ဒီဇင်ဘာလ (၇)၊ (၁၁)၊ (၁၂)၊ (၁၆)၊ (၁၇)၊ (၂၁)၊ (၂၆) စသောရက်များသည် ကျောက်မျက်ရတနာများ တူးဖော်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၅။ ယှဉ်ပြိုင်ကိစ္စ ဆောင်ရွက်ရာ

ဒီဇင်ဘာလ (၂)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၂၀)၊ (၂၁)၊ (၂၆)၊ (၂၇)၊ (၂၉) စသောရက်များသည် ယှဉ်ပြိုင်ကိစ္စများ ဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၆။ ကျောင်း/အိမ်ဂေဟာ ဆောက်ဖို့ရာ

ဒီဇင်ဘာလ (၁)၊ (၆)၊ (၇)၊ (၁၁)၊ (၁၂)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၂၀)၊ (၂၁)၊ (၂၅)၊ (၂၆)၊ (၂၇) စသောရက်များသည် ကျောင်းများ၊ အိမ်ဂေဟာများ ဆောက်လုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၇။ ပွဲခင်းခံရာ၊ ရှင်ပြုနားသရာ

ဒီဇင်ဘာလ (၄)၊ (၇)၊ (၁၃)၊ (၁၇)၊ (၁၈)၊ (၂၃)၊ (၂၄)၊ (၂၆)၊ (၂၉) စသောရက်များသည် ပွဲခင်းခံခြင်း၊ ရှင်ပြုခြင်း စသော ကောင်းမှုကိစ္စများပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၈။ အိမ်ပြောင်းရွှေ့ရာ၊ အိမ်သစ်တက်ရာ

ဒီဇင်ဘာလ (၂)၊ (၆)၊ (၁၁)၊ (၁၂)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၂၅)၊ (၂၉) စသော ရက်များသည် အိမ်ပြောင်းရွှေ့ခြင်း၊ အိမ်သစ်တက်ခြင်းတို့ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၉။ အမည်ပေးရာ၊ ဆိုင်းဘုတ်တင်ရာ

ဒီဇင်ဘာလ (၇)၊ (၁၂)၊ (၁၃)၊ (၂၀)၊ (၂၁)၊ (၂၅)၊ (၂၉) စသောရက်များသည် အမည်ပေးခြင်း၊ ဆိုင်းဘုတ်တင်ခြင်းတို့ပြုလုပ်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၀။ လက်ထပ်မင်္ဂလာကျင်းပရာ

ဒီဇင်ဘာလ (၁)၊ (၆)၊ (၁၁)၊ (၁၂)၊ (၁၆)၊ (၁၇)၊ (၁၈)၊ (၂၅)၊ (၂၆) စသောရက်များသည် လောကီရေးရာဖြစ်သော လက်ထပ်မင်္ဂလာကျင်းပရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၁။ ခရီးသွားလာကောင်းဖို့ရာ

ဒီဇင်ဘာလ (၁)၊ (၇)၊ (၁၂)၊ (၁၃)၊ (၂၀)၊ (၂၁)၊ (၂၅)၊ (၂၉) စသောရက်များသည် ခရီးသွားလာခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၂။ လယ်ထွန်မင်္ဂလာ ပြုဖို့ရာ

ဒီဇင်ဘာလ (၁)၊ (၇)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၁)၊ (၂၅)၊ (၂၉) စသောရက်များသည် လယ်ထွန်မင်္ဂလာ ပြုလုပ်ဖို့ရာ အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၃။ ရောင်းပန်းဝယ်ပန်း ပွင့်ဖို့ရာ

ဒီဇင်ဘာလ (၁)၊ (၇)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၁)၊ (၂၅)၊ (၂၉) စသောရက်များသည် အရောင်းအဝယ်ကိစ္စများဆောင်ရွက်ရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၄။ သီးနှံမျိုးစေ့ကြဲဖို့ရာ

ဒီဇင်ဘာလ (၁)၊ (၇)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၁)၊ (၂၅)၊ (၂၉) စသောရက်များသည် လယ်ယာ၊ တောင်ယာ၊ ဥယျာဉ်ခြံမြေများ၌ သီးနှံမျိုးစေ့များ ကြဲချစိုက်ပျိုးရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၅။ ရေတွင်းရေကန် တူးဖို့ရာ

ဒီဇင်ဘာလ (၁)၊ (၇)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၄)၊ (၂၅)၊ (၂၉) စသောရက်များသည် ရေတွင်းရေကန်များ တူးဖော်ခြင်းကိစ္စအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၆။ ပညာစတင်သင်ကြားလျှင်

ဒီဇင်ဘာလ (၁)၊ (၇)၊ (၁၈)၊ (၂၀)၊ (၂၁)၊ (၂၆)၊ (၂၇) စသောရက်များသည် အတတ်ပညာများကို စတင်သင်ကြားရန် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၁၇။ အောင်ဘာလေထီ ထိုးဖို့ရာ

ဒီဇင်ဘာလ (၁)၊ (၈)၊ (၁၈)၊ (၂၇) စသော ရက်များသည် အောင်ဘာလေထီကံစမ်းခြင်းအတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

● နွယ်သာကီအောင်



www.burmeseclassic.com

www.burmeseclassic.com

# စိုက်ပျိုးရေးရာ သည်လမှာ

## ၂၀၁၃–ခုနှစ်၊ ဒီဇင်ဘာလအတွက်

■ တောကကိုရင်

မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကိုအဓိကထားသော စိုက်ပျိုးရေးနိုင်ငံတစ်နိုင်ငံဖြစ်ပေ၏။ စိုက်ပျိုးရေးမှ ရရှိလာသော နိုင်ငံခြားငွေတို့ဖြင့် တိုင်းပြည်ထူထောင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းရပ် ကိစ္စအဝဝကို လုပ်ဆောင်လျက်ရှိပေ၏။ ဤသို့ စိုက်ပျိုးရေးကို လုပ်ကိုင်ကြသည့် တောင်သူဦးကြီးများအဖို့ မိမိတို့လုပ်ငန်းခွင်အတွက် အထောက်အကူပြုသည့် လောကီလုပ်ငန်းရပ်များကို သိရှိထားဖို့ လိုပါသည်။ လ့လ ဝီရိယကို အခြေတည်၍ လောကီပညာရပ်များနှင့် ပေါင်းစပ်လိုက်သည့်ရှိသော် ပဒေသာ မြေကပေါက်လာသည့်အလား ဝေဆာသောအကျိုးတို့ကို ခံစားရလိမ့်မည်ဖြစ်ကြောင်း တင်ပြရင်း ...

၁။ သီးနှံမျိုးစေ့များကြဲရန်အတွက်

ဒီဇင်ဘာလ (၁)၊ (၇)၊ (၁၂)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၁)၊ (၂၅)၊ (၂၉) စသောရက်များသည် သီးနှံများ မျိုးစေ့ကြဲရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၂။ အပွင့်၊ အသီး၊ အနှံ၊ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက်

ဒီဇင်ဘာလ (၁)၊ (၈)၊ (၁၀)၊ (၁၇)၊ (၂၀)၊ (၂၉)၊ (၃၀) စသောရက်များသည် အပွင့်၊ အသီးအနှံ အရွက်များ စိုက်ပျိုးရန်နှင့် ကိုင်းကူးစိုက်ခြင်း၊ နေရာပြောင်းရွှေ့စိုက်ခြင်းတို့အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၃။ ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်၊ အကိုင်းအခက်များ ခုတ်ရန်အတွက်

ဒီဇင်ဘာလ (၂)၊ (၉)၊ (၁၁)၊ (၁၈)၊ (၂၁)၊ (၂၈)၊ (၃၀) စသောရက်များသည် ဥ၊ အမြစ်၊ အပင်များ စိုက်ပျိုးရန်နှင့် အကိုင်းအခက်များကို ခုတ်ရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

၄။ ထွန်ယက်ခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ် မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များတူးရန်အတွက်

ဒီဇင်ဘာလ (၃)၊ (၁၀)၊ (၁၉)၊ (၂၇)၊ (၂၈)၊ (၂၉)၊ (၃၀) စသောရက်များသည် ထွန်ယက်စိုက်ပျိုးခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်း၊ ပေါင်းပင်ချုံနွယ်တို့ကို မီးရှို့ခြင်း၊ သီးနှံရိတ်သိမ်းခြင်းနှင့် ဥအမြစ်များတူးရန်အတွက် အကောင်းဆုံးရက်များ ဖြစ်ကြပါသည်။

တောကကိုရင်



www.burmeseclassic.com

www.burmeseclassic.com

# သည်လဖွားအတွက် ကံကြမ္မာ

## ၂၀၁၃-ခုနှစ်၊ ဒီဇင်ဘာလအတွက်

■ ဆရာမိုးဟန်ကြွယ်

မင်္ဂလာသတင်းစကားများ ကြားရတတ်ပါသည်။ တစ်ပါးသူ၏ ကိစ္စအတွက် ငွေကြေးအကူအညီများ ပေးရတတ်သည်။ ကျန်းမာရေးကို ဂရုစိုက်ဖို့လိုပါသည်။ အထူးသဖြင့် အဆုတ်၊ လည်ချောင်းနှင့် ပတ်သက်သော ဝေဒနာများ ခံစားရတတ်ပါသည်။ လုပ်ငန်းလုပ်မည်ဆိုပါက စက်မှုလုပ်ငန်း၊ စာပေလုပ်ငန်း၊ အနုပညာလုပ်ငန်းများ လုပ်ကိုင်ပါက အကျိုးအမြတ်များ ခံစားရပါလိမ့်မည်။ အိမ်ထောင်ဘက်အနေဖြင့် မမျှော်လင့်ဘဲ ရပ်ဝေးခရီး သွားရတတ်သည်။ ဦးခေါင်းပိုင်း မတော်တဆ ထိခိုက်ဒဏ်ရာ ရတတ်သည်။ ဆွေမျိုးသားချင်းများ၏ သောကများ မမျှော်လင့်ဘဲ ရောက်လာတတ်ပါသည်။ အိမ်ထောင်ရေးအဆင်ပြေပါလိမ့်မည်။

နေအိမ်သို့ ဓာတ်တော်ပစ္စည်းများ၊ ရုပ်တုများ ရောက်လာတတ်သည်။ အထူးသဖြင့် ဘာသာရေးနှင့်ဆိုင်သော ကိစ္စများ ဖြစ်လိမ့်မည်။ နေအိမ်သို့ ဆွေမျိုးသားချင်းများ ရောက်ရှိလာတတ်သည်။ အကျိုးရှိသောကိစ္စများ ဖြစ်လာပါလိမ့်မည်။ အခက်အခဲများနှင့် ရင်ဆိုင်ရပါသော်လည်း အောင်မြင်မှု ရရှိပါလိမ့်မည်။ မိဘများထံမှ လက်ဆောင်ပစ္စည်းများကို ရရှိတတ်သည်။ ရပ်နီးရပ်ဝေးမှ သတင်းကောင်းများ ကြားရတတ်သည်။ စက်ပစ္စည်းများ ဝင်လာတတ်သည်။ ရပ်ဝေးဒေသမှ သားသမီးများ ရောက်ရှိလာတတ်သည်။

လုပ်ငန်းတစ်ခု လုပ်မည်ဆိုပါက ဦးစီးဦးဆောင်ပြုရတတ်သည်။ အလုပ်တွင် ဇဝေဇဝါဖြစ်နေလိမ့်မည်။ စီးပွားရေးကောင်းမလိုလိုနှင့် ညှဲမှုများ ကြုံတွေ့ရတတ်သည်။ ငွေကြေးများ အိပ်နေတတ်သည်။ နှလုံးသွေးကြောကျဉ်းရောဂါဝေဒနာ ခံစားရတတ်သည်။ အနာအကျိတ်အဖုများ ဖြစ်တတ်သည်။ အချစ်ရေး၌ တစ်ဦးနှင့်တစ်ဦး မီးဝေးချိတ်ပမာ ဖြစ်နေသဖြင့် ချစ်လိုလျက်နှင့် ဝေးရတတ်သည်။ နိုင်ငံရပ်ခြားသို့ သွားရတတ်သည်။ လူကြီးမိဘများကို အာဟာရဒါနပြုပါ။ အပျော်အပါးကို ရှောင်ကြဉ်ပါ။ ဘုရားဖူးခရီး သွားရတတ်သည်။

စီးပွားရေးလုပ်ငန်းများကို အစဉ်တစိုက်လုပ်ဆောင်ခြင်းဖြင့် အဆင်ပြေပါလိမ့်မည်။ လုပ်ငန်းများလည်း တိုးချဲ့ရတတ်ပါသည်။ ဆေးဆိုးပန်းရိုက်လုပ်ငန်းများ အကျိုးပေးပါလိမ့်မည်။ ဓာတ်သတ္တုလုပ်ငန်းများလည်း ထို့အတူ ဖြစ်ပါသည်။ မကြာခဏ နေမကောင်းဖြစ်တတ်သည်။ လိပ်ခေါင်းရောဂါ၊ ဂရင်ဂျီနာရောဂါများ ဖြစ်တတ်သည်။ လူငယ်များအနေဖြင့် အချစ်ရေး၌ မပွင့်မလင်းမှုများ ဖြစ်နေတတ်သည်။ စိတ်ကူးယဉ်မှုတွေ များနေလိမ့်မည်။ အိမ်ထောင်ပြုဖြစ်ပါက အိမ်ထောင်ရေးသာယာမည်။ မဟူရာရတနာကို ကိုင်ဆောင်ထားခြင်းဖြင့် အစစအရာရာ အောင်မြင်ပါလိမ့်မည်။

ယတြာပြုလိုပါက အရဟံပုဒ္ဓါကို တစ်နေ့ (၉) ခေါက် ရွတ်ပါ။ မေမြို့ပန်းကို မွေးနေ့ရက်၌ ကပ်လှူပေးပါ။

ဆရာမိုးဟန်ကြွယ်



www.burmeseclassic.com

www.burmeseclassic.com

# သည်တစ်လမှာ ဆောင်ရွက်ပါ

## ၂၀၁၃–ခုနှစ်၊ ဒီဇင်ဘာလအတွက်

နေမျိုးထွဋ်ခေါင်

၁။ ဒီဇင်ဘာလ (၄)၊ (၈)၊ (၁၃)၊ (၁၈)၊ (၂၄)၊ (၂၉) စသောရက်များသည် **'နန္ဒာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ ဘုရား၊ ဂူ၊ ကျောင်း၊ ဇရပ်များ ဆောက်လုပ်ခြင်း၊ တံတားများခင်းခြင်း၊ ပျိုးကြဲခြင်း၊ ကောက်စိုက်ခြင်း၊ မြေတူးဆွခြင်း စသော အမှုကိစ္စတို့ကို ပြုလုပ်ဆောင်ရွက်နိုင်ပါသည်။

၂။ ဒီဇင်ဘာလ (၉)၊ (၁၄)၊ (၁၉)၊ (၂၅)၊ (၃၀) စသောရက်များသည် **'ဘဒြာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ အမည်ပေးကင်ပွန်းတပ်ခြင်း၊ နားထွင်းမင်္ဂလာပြုလုပ်ခြင်း၊ ထိမ်းမြားမင်္ဂလာဆောင်နှင်းခြင်းတို့ကို ပြုလုပ်နိုင်ကြပါသည်။

၃။ ဒီဇင်ဘာလ (၁)၊ (၅)၊ (၁၀)၊ (၁၅)၊ (၂၀)၊ (၂၆)၊ စသောရက်များသည် **'ဇယာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ စစ်ချီခြင်း၊ စစ်တက်ခြင်း၊ ကင်းလှည့်ခြင်း၊ ကင်းချခြင်း၊ သစ္စာဆိုခြင်း၊ စုံစမ်းထောက်လှမ်းခြင်း အမှုကိစ္စတို့ကို ဆောင်ရွက်နိုင်ကြပါသည်။

၄။ ဒီဇင်ဘာလ (၂)၊ (၆)၊ (၁၁)၊ (၁၆)၊ (၂၂)၊ (၂၇)၊ (၃၁) စသောရက်များသည် **'ရိတ္တာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ ဆေးဖော်ခြင်း၊ ဆေးထိုးခြင်း၊ လက်ဖွဲ့ထိုးခြင်း၊ သိဒ္ဓိတင်ခြင်း၊ ပစ္စည်းသိမ်းခြင်း၊ သစ်ပင်ခုတ်ခြင်း၊ လှေကားထောင်ခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၅။ ဒီဇင်ဘာလ (၃)၊ (၇)၊ (၁၂)၊ (၁၇)၊ (၂၃)၊ (၂၈) စသောရက်များသည် **'ပုဏ္ဏာတိထိ'**တွင် ကျရောက်၏။ ထိုရက်များ၌ ရတနာပစ္စည်းများ ရောင်းဝယ်ခြင်း၊ ရှင်ပြုခြင်း၊ ပဋ္ဌင်းခံခြင်း စသော အမှုကိစ္စများကို ဆောင်ရွက်နိုင်ကြပါသည်။

၆။ ဒီဇင်ဘာလ (၄)၊ (၇)၊ (၂၄) စသည့် ရက်များသည် **'အမြိတ္တစုတ်'**တွင် ကျရောက်လေရာ ထိုရက်၌ မည်မျှပင်မကောင်းကြုံစေကာမူ မည်သည့်ကိစ္စမဆို ဆောင်ရွက်ရာ၌ အောင်မြင်ပြီးစီးနိုင်ပါသည်။

၇။ ဒီဇင်ဘာလ (၁)၊ (၄)၊ (၆)၊ (၁၁)၊ (၁၃)၊ (၁၈)၊ (၂၀)၊ (၂၅)၊ (၂၇) စသောရက်များသည် **'ရက်ရာဇာ'**တွင် ကျရောက်၏။ ထိုရက်များ၌ လူမှုရေး၊ ဘာသာရေး ကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်ပါက အောင်မြင်ပြီးစီးနိုင်ပါသည်။

ထို့ပြင်တစ်ဝ ကောင်းသောကမ္ဘာ့မြေခံနှင့် တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကိတ် အစရှိသော တိထီမြေခံများတွင် အဆောက်အဦဆောက်လုပ်ခြင်း၊ မြေတူးဆွခြင်း လုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

နေမျိုးထွဋ်ခေါင်



www.burmeseclassic.com

www.burmeseclassic.com

# အလုပ်အကိုင်အောင်မြင်ရန်

## ၂၀၁၃–ခုနှစ်၊ ဒီဇင်ဘာလအတွက်

မဟာဒွိကျော်ခေါင်

**တနင်္ဂနွေသားသမီးများအဖို့**

ဒီဇင်ဘာလ (၂)၊ (၅)၊ (၆)၊ (၈)၊ (၁၁)၊ (၁၃)၊ (၁၅)၊ (၂၀)၊ (၂၂)၊ (၂၅)၊ (၂၆)၊ (၂၈)၊ (၂၉) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**တနင်္လာသားသမီးများအဖို့**

ဒီဇင်ဘာလ (၁)၊ (၇)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၂)၊ (၁၄)၊ (၁၇)၊ (၂၁)၊ (၂၄)၊ (၂၅)၊ (၂၈)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**အင်္ဂါသားသမီးများအဖို့**

ဒီဇင်ဘာလ (၆)၊ (၉)၊ (၁၀)၊ (၁၁)၊ (၁၃)၊ (၁၆)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၆)၊ (၂၉)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများဖြစ်ကြ၏။

**ဗုဒ္ဓဟူးသားသမီးများအဖို့**

ဒီဇင်ဘာလ (၂)၊ (၈)၊ (၉)၊ (၁၀)၊ (၁၂)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၂၂)၊ (၂၄)၊ (၂၆)၊ (၂၉)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ကြာသပတေးသားသမီးများအဖို့**

ဒီဇင်ဘာလ (၁)၊ (၂)၊ (၇)၊ (၉)၊ (၁၁)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၂၁)၊ (၂၂)၊ (၂၃)၊ (၂၅)၊ (၂၉)၊ (၃၀) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**သောကြာသားသမီးများအဖို့**

ဒီဇင်ဘာလ (၁)၊ (၆)၊ (၇)၊ (၈)၊ (၁၀)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၂၁)၊ (၂၄)၊ (၂၇)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**စနေသားသမီးများအဖို့**

ဒီဇင်ဘာလ (၁)၊ (၆)၊ (၇)၊ (၈)၊ (၁၀)၊ (၁၄)၊ (၁၅)၊ (၁၆)၊ (၂၁)၊ (၂၄)၊ (၂၇)၊ (၂၈)၊ (၂၉)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

**ရာဟုသားသမီးများအဖို့**

ဒီဇင်ဘာလ (၂)၊ (၈)၊ (၁၂)၊ (၁၅)၊ (၁၆)၊ (၁၇)၊ (၂၂)၊ (၂၆)၊ (၃၁) စသောရက်များသည် အလုပ်အကိုင်အောင်မြင်စေမည့် ရက်ကောင်းများ ဖြစ်ကြ၏။

● မဟာဒွိကျော်ခေါင် ●



www.burmeseclassic.com

www.burmeseclassic.com



# တရုတ်ဂမ္ဘီရဆရာကြီး ကြူကုံး၏
## ဓါ
# အိပ်မက်အဟွင့်ကျမ်း

**တက္ကသိုလ်မောင်တံခွန်**

### (၁) ရေတွင်းကို မြင်မက်ခြင်း

(က) ရေတွင်းမှ ရေခပ်နေသည်ကို မြင်မက်ပါက သူတစ်ပါး၏ အသုံးချမှု ခံရပါလိမ့်မည်။

(ခ) အိမ်ရှင်မက ရေတွင်းမှ ရေခပ်နေသည်ကို မြင်မက်လျှင် အိမ်နီးချင်း၏ ချီးကျူးခြင်းခံရမည်။

(ဂ) ကုန်သည်က ရေခပ်နေသည်ကို မြင်မက်လျှင် အလှူရှင်အနေဖြင့် နာမည်ဟိုးလေးတကျော် ကြီးပါလိမ့်မည်။

(ဃ) မိမိကိုယ်တိုင်က ရေတွင်းထဲသို့ ခုန်ချသည်ကို မြင်မက်လျှင် အတိတ်နိမိတ်ကောင်း၏။ သူတော်ကောင်း မစမှုခံရပါမည်။

(င) သူတစ်ပါးက ရေတွင်းထဲသို့ ခုန်ချနေသည်ကို မြင်မက်လျှင် မိမိ မကြာမီ ကံဆိုးမိုးမှောင်ကျရောက်ရပါလိမ့်မည်။

(စ) ခရီးသွားသူသည် ရေတွင်းဘေးနားမှ ဖြတ်သွားသည်ကိုမြင်မက်လျှင် လမ်းခရီးထဲတွင် ဘေးဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ကြုံရပါလိမ့်မည်။

(ဆ) တရားခံအကျဉ်းသားက ရေခပ်နေသည်ကို မြင်မက်ပါလျှင် ထောင်ကျရက် ရက်ရှည်ရပါဦးမည်။

(ဇ) လူနာက ရေခပ်နေသည်ကို မြင်မက်လျှင် ရောဂါအခြေအနေ ဆိုးဝါးနေပါဦးမည်။

(ဈ) အပျို၊ လူပျိုက ရေခပ်နေသည်ကို မြင်မက်လျှင် မကြာမီ အိမ်ထောင်ကျပါလိမ့်မည်။ အိမ်ထောင်ကျကိန်းရှိ၏။

(ည) ကျောင်းသူ၊ ကျောင်းသားက ရေခပ်နေသည်ကို မြင်မက်လျှင် စာမေးပွဲ ကျရပါလိမ့်မည်။

(ဋ) လူအိုက ရေခပ်ရသည်ကို မြင်မက်လျှင် မိမိသက်တမ်းရှည်ရှည် နေရပါဦးမည်။

(ဌ) စစ်သားက ရေခပ်နေသည်ကို မြင်မက်လျှင် မကြာမီ ရှေ့တန်းထွက်ရပါလိမ့်မည်။

(ဍ) ချစ်သူက ရေခပ်နေသည်ကို မြင်မက်လျှင် မေတ္တာမျှရပါလိမ့်မည်။

## (၂) ဂျုံစေ့ကလေးကို မြင်မက်ခြင်း

(က) ဂျုံစေ့ထားသိုရာ ဂိုဒေါင်ကို မြင်မက်ပါလျှင် မိမိ၏ဘဝ အခက်အခဲ၊ အတားအဆီးကို ကြုံတွေ့ရပါလိမ့်မည်။

(ခ) အိမ်ထောင်ရှင်မက ဂျုံဂိုဒေါင်ကို မြင်မက်ပါလျှင် စီးပွားရေးအခက်အခဲကြုံကာ အိမ်ထောင်ရေး မသာမယာ ဖြစ်မည်။

(ဂ) ဂျုံပင်စိုက်ပျိုးနေသည်ကို မြင်မက်ပါလျှင် ဘဝရှေ့လမ်း အခက်အခဲ အတားအဆီးများစွာကို မြင်တွေ့ရပါလိမ့်မည်။

(ဃ) လယ်သမား၊ ယာသမားက ဂျုံပင်စိုက်ပျိုးနေသည်ကို မြင်မက်လျှင် ပြည့်စုံအောင်မြင်စွာ ရိတ်သိမ်းရပါလိမ့်မည်။

(င) ဂျုံခင်းမှ ဂျုံပင်များ ဖွံ့ဖြိုးတိုးတက် ဝေဆာစွာသီးကာ ပေါက်ပွားနေသည်ကို မြင်မက်လျှင် ငွေများလိုမ့်ပြီးဝင်လာပါလိမ့်မည်။ အောင်မြင်မည်ဖြစ်သဖြင့် စိတ်ချမ်းသာကြရပါလိမ့်မည်။

(စ) ဂျုံစေ့ဝယ်ခြမ်းနေသည်ကို မြင်မက်ရပါက သိပ်များ မကြာမီ မိမိ၏ သားသမီးအတွက် မင်္ဂလာကိစ္စကို ဆောင်ရွက်ရပါလိမ့်မည်။

## (၃) ကားဘီး၊ လှည်းဘီးကို မြင်မက်ခြင်း

(က) ကားဘီး၊ လှည်းဘီး လည်ပတ်နေသည်ကို မြင်မက်လျှင် ဈေးရောင်းကောင်းလိုက်၊ မကောင်းလိုက် မတည်မငြိမ် ဖြစ်တတ်ပါသည်။

(ခ) အိမ်ထောင်ရှင်မက ကားဘီး၊ လှည်းဘီး လည်ပတ်နေသည်ကို မြင်မက်လျှင် လင်ယောကျ်ားနှင့် ခဏခေတ္တခွဲခွာပြီး နေထိုင်ရပါလိမ့်မည်။ လင်ယောကျ်ားနှင့် ကွဲပြီးပြန်ပေါင်း၊ ပြန်လက်ထပ်ကြရပါလိမ့်မည်။ အိမ်ထောင်ရေး အခက်မပြေဖြစ်တတ်၏။

(ဂ) လမ်းပေါ်မှ ကားဘီး၊ လှည်းဘီး လိမ့်သံများကို မြင်မက်လျှင်၊ ကြားရလျှင် ဘဝသုခချမ်းသာနှင့် တွေ့ကြုံခံစားကြရပါလိမ့်မည်။

(ဃ) ခရီးထွက်သူက ကားဘီး၊ လှည်းဘီး လိမ့်သံကို မြင်မက်လျှင်၊ ကြားသိရပါလျှင် လမ်းခရီးဖြောင့်ဖြူးသာယာရှိပါလိမ့်မည်။

(င) အကျဉ်းသား၊ တရားခံက ကားဘီးလိမ့်သံကို ကြားရ၊ မြင်မက်လျှင် မကြာမီ ထောင်မှ လွတ်မြောက်ရပါလိမ့်မည်။

(စ) လူနာက ကားဘီးလိမ့်သံကို ကြားရ၊ မြင်မက်လျှင် ရောဂါပျောက်ကင်းချမ်းသာမည်။

## (၄) ဝဲဩဃကို မြင်မက်ခြင်း

(က) ရေထဲရှိ ဝဲဩဃကို မြင်မက်လျှင် ရှေးဘဝခရီးတစ်လျှောက်လုံးတွင် အခက်အခဲ၊ အဟန့်အတား၊ အတားအဆီးများ ကြုံတွေ့ရပါလိမ့်မည်။

(ခ) အိမ်ထောင်ရှင်မက ရေထဲရှိ ဝဲဩဃကို မြင်မက်လျှင် မိမိ၏ မိသားစု၊ အိမ်ထောင်ရေးတာဝန်ကြီးလေး(ဝန်ပို)စွာ ထမ်းဆောင်ကြရပါလိမ့်မည်။

(ဂ) အကျဉ်းသား၊ တရားခံက ဝဲဩဃထဲသို့ ပြုတ်ကျသွားသည်ကို မြင်မက်လျှင် ကံကောင်းသဖြင့် ကယ်တင်သူပေါ်ပြီး ထောင်မှလွတ်မြောက်ရပါလိမ့်မည်။

(ဃ) လူနာက ဝဲဩဃကို မြင်မက်လျှင် ရောဂါ ပျောက်ကင်းချမ်းသာဖွယ်ရှိ၏။ ပြန်လည်ကျန်းမာလာပါလိမ့်မည်။

(င) ကုန်သည်က ဝဲဩဃကို မြင်မက်လျှင် ဈေးရောင်းကောင်းရပါလိမ့်မည်။ ငွေဝင်မည်။



www.burmeseclassic.com

www.burmeseclassic.com

(စ) အပျို၊ လူပျိုက ရေထဲရှိ ဝဲဩဃကို မြင်မက်လျှင် ဖူးစာရှာလည်ပါလိမ့်မည်။

(ဆ) စစ်သားက ရေထဲရှိ ဝဲဩဃကို မြင်မက်လျှင် ရှေ့တန်းတွင် အတော်ကြာကြာ နေရပါဦးမည်။ တိုက်ပွဲဆက်ဝင်ရပါဦးမည်။

### (၅) ပါးမြိုင်းမွေးမှတ်ဆိတ်နှင့်လူကို မြင်မက်ခြင်း

(က) မိမိကိုယ်တိုင် ပါးမြိုင်းမွေးမှတ်ဆိတ် ပေါက်နေသည်ကို မြင်မက်လျှင် လူချစ်လူခင် ပေါများရပါလိမ့်မည်။

(ခ) လူနာက မိမိ ပါးမြိုင်းမွေးမှတ်ဆိတ် ပေါက်နေသည်ကို မြင်မက်လျှင် ကျန်းမာရေးအခြေအနေ ဆိုးဆိုးဝါးဝါး ဖြစ်လာပါလိမ့်မည်။ အသက်အန္တရာယ်ရှိပေ၏။

(ဂ) မှတ်ဆိတ်ခပ်တိုတို ပေါက်နေသည်ကို မြင်မက်ရပါက လူတောမတိုးရဲဘဲ လူကြောက်ကြီးတစ်ယောက် ဖြစ်နေပါလိမ့်မည်။

(ဃ) ကုန်သည်က မှတ်ဆိတ်ခပ်တိုတို ပေါက်နေသည်ကို မြင်မက်လျှင် မိမိဈေးသည်၊ ကုန်သည်အချင်းချင်းနှင့်သော်လည်းကောင်း၊ ပြိုင်ဘက်နှင့်သော်လည်းကောင်း အချင်းများရန်ဖြစ်ကာ ပြဿနာတစ်ခုခု တက်ရပါလိမ့်မည်။

(င) သူတစ်ပါးက မှတ်ဆိတ်ပေါက်နေသည်ကို မြင်မက်လျှင် မိမိမကြာမီ ဘေးဒုက္ခကြုံတွေ့ပြီး ပျက်စီးဆုံးရှုံးဖွယ် ရှိမည်ဖြစ်၍ သတိနှင့် ဆင်ဆင်ခြင်ခြင်နေထိုင်ပါလေ။

(စ) မှတ်ဆိတ်ခပ်တိုတို ရိတ်လိုက်သည်ကို မြင်မက်လျှင် မကြာမီ ကံဆိုးမိုးမှောင် ကျရောက်ရပါလိမ့်မည်။

### (၆) ထုံးရည်ကို မြင်မက်ခြင်း

(က) မိမိ၏နေအိမ် ထုံးရည်သုတ်နေသည်ကို မြင်မက်ပါက အကြွေးပတ်လည်ဝိုင်းနေမည်ဖြစ်၍ စိတ်သောကရောက်ရှိရပါလိမ့်မည်။

(ခ) အိမ်ထောင်ရှင်အမျိုးသမီးက မိမိ၏နေအိမ် ထုံးသုတ်နေသည်ကို မြင်မက်လျှင် လင်မယား မေတ္တာမမျှဘဲ အိမ်ထောင်ရေးမသာမယာဖြစ်ရပါလိမ့်မည်။

(ဂ) ကုန်သည်က မိမိ၏နေအိမ် ထုံးသုတ်နေသည်ကို မြင်မက်လျှင် ဈေးရောင်းထိုင်းပါလိမ့်မည်။

(ဃ) သူတစ်ပါး၏နေအိမ် ထုံးသုတ်နေသည်ကို မြင်မက်လျှင်၊ သို့မဟုတ် နေအိမ် ထုံးသုတ်ပြီးစ ဖြစ်နေသည်ကို မြင်မက်လျှင် အလိမ်ခံရပါလိမ့်မည်။ ကြပ်ကြပ်သတိထားနိုင်ပါလေ။


(င) သူတစ်ပါး၏နေအိမ်ကို ထုံးသုတ်ပေးနေသည်ကို မြင်မက်လျှင် မိတ်သစ်ဆွေသစ် တွေ့ရှိပေါင်းသင်းကြရပါလိမ့်မည်။

(စ) လူနာက မိမိ၏နေအိမ်ကို ကိုယ်တိုင်ထုံးသုတ်နေကြောင်း မြင်မက်လျှင် ရောဂါပျောက်ကင်းချမ်းသာရပါလိမ့်မည်။

(ဆ) တရားခံအကျဉ်းသားက ထုံးသုတ်နေသည်ကို မြင်မက်ရပါလျှင် မကြာမီ လျှော့ရက်ဖြင့် ထောင်မှလွတ်မြောက်လာရပါမည်။

တက္ကသိုလ်မောင်တံခွန်

**Ref:-** တရုတ်အိပ်မက်အဖွင့်ကျမ်း
ဟိုင်နန်မြို့၊ တရုတ်ပြည်။
(၁၉၉၃ ခုနှစ်)





www.burmeseclassic.com


www.burmeseclassic.com

# ကြိုးပမ်းအောင်မြင်ရေးအတွက် အကြံပြုချက်

**၁၆.၁၁.၂၀၁၃ မှ ၁၅.၁၂.၂၀၁၃ ထိ**

## ကျန်းမာရေး၊ စီးပွားရေး အကြံပြုချက်

ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)




ရာသီစက် ဘာဝစက် နဝင်းစက်

ဇေယျတုသဗ္ဗမင်္ဂလာ၊ ကောဇာသက္ကရာဇ် ၁၃၇၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၃ ခု၊ နိုဝင်ဘာလ ၁၆ ရက်၊ စနေနေ့ နေ့ ၁၂ နာရီ ၃၅ မိနစ်အချိန် တနင်္ဂနွေဂြိုဟ်နေမင်းသည် တူရာသီမှ ဗြိစ္ဆာရာသီကို ကုန်ရာသီလဂ်၊ မိဿရာသီစန်း၊ အင်္ဂါနဝင်းလဂ်စီးလျက် ပြောင်းခဲ့ပါသည်။

တနင်္ဂနွေဂြိုဟ် စူဠသင်္ကြန်ပြောင်းအရ လဂ်စန်းဂြိုဟ်အနေအထားများကို ကျန်းမာရေး စီးပွားရေး ဘေးအန္တရာယ်အနေအထားများ ဖြစ်ပေါ်နိုင်မှုကို အကြံပြုသွားပါမည်။

### ကျန်းမာရေးနှင့် ဘေးအန္တရာယ်

၈ တန့်သခင် ဗုဒ္ဓဟူးနှင့် လဂ်သခင်စနေတို့ ပူးယှဉ်နေခြင်း၊ အင်္ဂါဂြိုဟ်ရာသီစက်၌ လဂ်ကိုမြင်ပြီး ဘာဝစက်၌ ၈ တန့်တွင ရပ်တည်လျက် စန်းကိုမြင်ခြင်း စသည့်အချက်များအရ ထိခိုက်ရှနာမှုနှင့် ဘေးအန္တရာယ်များ မကင်းတတ်ကြောင်း ဖော်ပြနေပါသည်။ အလုပ်အကိုင်များ လုပ်ကိုင်ရာတွင်လည်းကောင်း၊ ခရီးသွားလာရာတွင်လည်းကောင်း ဂရုစိုက်လုပ်ကိုင်သွားလာသင့်သော ကာလတစ်ရပ် ဖြစ်ပါသည်။ ကျန်းမာရေးကိုလည်း ဂရုစိုက်သွားအပ်ပါသည်။ လဂ်ကို ရာဟုမြင်ခြင်း ၂ တန့်သခင် ကြာသပတေး ၆ တန့်ရပ်၍ စနေမြင်ထားခြင်းများသည် ကျန်းမာရေးအားနည်းစေ၏။ အစားအသောက် ဂရုစိုက်သွားအပ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## အလုပ်အကိုင်နှင့် စီးပွားရေးအကြံပြုချက်

၁၀ တန့်တွင် အင်္ဂါသည် ရာသီစက်၌ ၁၀ တန့်ကို မြင်၍ တနင်္ဂနွေနှင့် သမ္ဗန္ဓပြုထားခြင်း၊ ၂ တန့်၊ ၁၁ တန့် သခင် ကြာသပတေး မိမိဘာဝများအား ပြန်လည်မြင်ထားခြင်းများသည် စီးပွားရေးလုပ်ငန်း ကောင်းမွန်မှုရှိမည်ဖြစ်ကြောင်း ဖော်ပြနေပါသည်။ အဓိကအားဖြင့် နိုင်ငံခြား ဆက်သွယ်လုပ်ကိုင်သော လုပ်ငန်းများ ပိုကောင်းမည်ဖြစ်ကြောင်း ၉ တန့်ဘာဝ၌ ရပ်တည်နေသော လဂ်သခင် စနေက ဖော်ပြနေပါသည်။ ခြုံ၍အကြံပြုရပါက စီးပွားရေးအလုပ်အကိုင်များ ကောင်းမွန်မှုရှိနိုင်ကြောင်း တွေ့ရပါသည်။

### (၁) စက်မှုလက်မှုလုပ်ငန်း

စက်မှုကို အကျိုးပြုသော အင်္ဂါသည် ၁၀ တန့်သခင်ဖြစ်၍ စက်မှုလုပ်ငန်းများကို အကျိုးပြုနိုင်သော်လည်း ၈ တန့်ဘာဝ၌ ရပ်တည်နေသဖြင့် အဆင်မပြေမှုများ တွေ့ရနိုင်ပါသည်။ အလောတကြီးဆောင်ရွက်မှုမျိုး ရှောင်ပါ။ အမှားအယွင်း ရှိတတ်ပါသည်။

### ၂။ လယ်ယာလုပ်ငန်း

လယ်ယာလုပ်ငန်းကိုအကျိုးပြုသော တနင်္လာနှင့် သောကြာကို စနေမြင်ထားသဖြင့် အခက်အခဲများ ရှိပါမည်။ အထွက်နှုန်းများလည်း ကျဆင်းနိုင်ကြောင်း စနေအမြင်က ဖော်ပြနေ၏။

### ၃။ မွေးမြူရေးနှင့် ရေလုပ်ငန်း

မွေးမြူရေးကိုအကျိုးပြုသော တနင်္လာ၊ ကြာသပတေးနှင့် သောကြာတို့ အခြေခံ အားနည်းမှု ရှိထားပါသည်။ စနေ၊ ရာဟုတို့ လွှမ်းမိုးထားသဖြင့် မွေးမြူရေးလုပ်ငန်းများ ရောဂါဘယထူပြောတတ်ပါသည်။ ဂရုစိုက်အပ်၏။

### ၄။ ဆေးပစ္စည်းနှင့် ဆေးဝါးလုပ်ငန်း

ဆေးဝါးနှင့်ပတ်သက်၍ အကျိုးပြုသောဂြိုဟ် တနင်္ဂနွေနှင့် အင်္ဂါဂြိုဟ်တို့ ဆက်သွယ်မှုရှိပြီး တနင်္ဂနွေ ၁၀ တန့်တွင် ရပ်တည်နေသဖြင့် ဆေးပစ္စည်းနှင့် ဆေးဝါးလုပ်ငန်းများ အကျိုး ရှိမည်ဖြစ်ကြောင်း ဖော်ပြပါသည်။ ဤကာလအတွင်း ဆေးဝါး လုပ်ငန်းများ အကျိုးရှိပါမည်။

### ၅။ အချိုရည်နှင့် အအေးစုံလုပ်ငန်း

အချိုရည်ကို အကျိုးပြုသော ဂြိုဟ်များဖြစ်သည့် တနင်္လာနှင့် သောကြာဂြိုဟ်တို့အား စနေလွှမ်းမိုးထားခြင်းက အချိုရည်နှင့် အအေးစုံလုပ်ငန်းကို အကျိုးပြုသွားပေသည်။ စနေသည် အေးခဲခြင်းကို အကျိုးပြု၏။ ထို့ကြောင့် အချိုရည်နှင့် အအေးစုံလုပ်ငန်း ကောင်းပါသည်။

### ၆။ အထည်အလိပ်လုပ်ငန်း

အထည်အလိပ်လုပ်ငန်းကို အကျိုးပြုသော ဗုဒ္ဓဟူးနှင့် သောကြာဂြိုဟ်တို့ အနေအထား စနေနှင့် ဆက်သွယ်နေသဖြင့် အထည်သစ်များ အရောင်းထိုင်းနိုင်ပြီး အဝတ်ဟောင်းများ ရောင်းကောင်းပါမည်။ စနေသည် အဟောင်းအနွမ်းကို ဖော်ပြ၏။

### ၇။ အလှကုန်လုပ်ငန်း

အလှကုန်လုပ်ငန်းကိုအကျိုးပြုသော သောကြာနှင့် စနေတို့ သမ္ဗန္ဓပြုထားခြင်းကြောင့် ဆံပင်အလှပြုပြင်ရေး လုပ်ငန်းမျိုး ကောင်းမွန်မှုရှိပါမည်။ သိုးမွေးထည်၊ အလှကုန်မျိုးလည်း ကောင်းမွန်မှုရှိသည်။ စနေသည် သိုးမွေးထည်၊ ဆံပင်တို့ကို အကျိုးပြု၏။

### ၈။ စာပေနှင့် စာပုံနှိပ်စက်လုပ်ငန်း

စာပေနှင့်စာပုံနှိပ်စက်ကို အကျိုးပြုသော ဗုဒ္ဓဟူးနှင့် ကြာသပတေးဂြိုဟ်တို့သည် စာပေကို အကျိုးပြုသလို အင်္ဂါကတော့ စက်ပိုင်းဆိုင်ရာကို အကျိုးပေး၏။ ဗုဒ္ဓဟူးနှင့် ကြာသပတေးတို့ကို စနေ၊ ရာဟုတို့ လွှမ်းမိုးထား၍ အားနည်း၏။ လုပ်ငန်းများ အဆင်မပြေတတ်ပါ။ အင်္ဂါကတော့ ၈ တန့်တွင် ရပ်နေ၍ အပျက်အစီးများတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ၉။ ရုပ်ရှင်၊ ဂီတနှင့် အနုပညာလုပ်ငန်းများ

ရုပ်ရှင်၊ ဂီတ၊ အနုပညာကို အကျိုးပေးသော သောကြာနှင့် ဗုဒ္ဓဟူးတို့ အနေအထားကောင်းသော်လည်း စနေပါဝင်နေမှုကြောင့် အနုပညာနှင့်ဆိုင်သော လုပ်ငန်းများ အခက်အခဲရှိမည်။ စနေသည် ရှေးသီချင်းများ၊ အလွမ်းသီချင်းများကို အကျိုးပေးတတ်ပေသည်။

## ခုနစ်ရက်သားသမီးများအတွက် အကြံပြုချက်

**တနင်္ဂနွေသားသမီးများ** အနေဖြင့် အလုပ်အကိုင်အနေအထားများ ကောင်းမွန်မှုရှိပါမည်။ ကျန်းမာရေးကို အနေအထားလည်း ကောင်းပါမည်။ သတိထားရန်မှာ တနင်္ဂနွေနှင့် အင်္ဂါတို့ သမ္ဗန္ဓပြုထားရာတွင် ဂ တန့်ပါဝင်နေ၍ ထိခိုက်ရှနာမှုများ ဖြစ်စေတတ်ပါသည်။ သတိထားပါ။ **ပြုအပ်သောယတြာ** - သီဟိုဠ်ညွန့် ၃ ညွန့်၊ ကံ့ကော်ညွန့် ၃ ညွန့်၊ သပြေညွန့် ၃ ညွန့် ပေါင်း၍ ၉ ညွန့်ကို အုန်းရွက်ဖြင့် တစ်ပတ်စည်း၍ မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**တနင်္လာသားသမီးများ** ကျန်းမာရေးကို ဂရုစိုက်ပါ။ အအေးပတ်၊ အစားများ၍ ကျန်းမာရေးအားနည်းစေနိုင်ကြောင်း တနင်္လာအား စနေ၊ ရာဟုတို့ မြင်ထားခြင်းကြောင့်ဖြစ်၏။ အလုပ်အကိုင်များ နှောင့်နှေးမှုရှိနိုင်ပါသည်။ **ပြုအပ်သောယတြာ** - ထန်းညွန့် ၃ ညွန့်၊ ဆီးညွန့် ၃ ညွန့်၊ သီဟိုဠ်ညွန့် ၃ ညွန့် ပေါင်း ၉ ညွန့်ကို ကြိမ်ကြိုးဖြင့် နှစ်ပတ်စည်းပြီး မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**အင်္ဂါသားသမီးများ** အလုပ်အကိုင်အနေအထားမှာ သင့်တင့်မှုရှိသော်လည်း မျှော်မှန်းသလို မဖြစ်တတ်ပါ။ ဂရုစိုက်လုပ်ကိုင်အပ်၏။ အတော်တာဆ ထိခိုက်ရှနာမှုများ ဖြစ်တတ်ပါသည်။ အသွားအလာ၊ အလုပ်အကိုင်များ သတိထားအပ်၏။ **ပြုအပ်သောယတြာ** - အုန်းညွန့် ၃ ညွန့်၊ ရွက်လှညွန့် ၃ ညွန့်၊ ထန်းညွန့် ၃ ညွန့် ပေါင်း ၉ ညွန့်ကို ဆီးပင်မှလျှော်ဖြင့် သုံးပတ်စည်းပါ။ မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**ဗုဒ္ဓဟူးသားသမီးများ** အနေဖြင့် ကျန်းမာရေး မတော်တဆ ထိခိုက်ရှနာမှုများ သတိထားပါ။ ကျန်းမာရေးအနေဖြင့် အစားများ၊ အအေးပတ်၍ ကျန်းမာရေးအားနည်းနိုင်ပါသည်။ ဂရုစိုက်သွားအပ်၏။ **ပြုအပ်သောယတြာ** - ကံ့ကော်ညွန့် ၃ ညွန့်၊ ဆီးညွန့် ၃ ညွန့်၊ သီဟိုဠ်ညွန့် ၃ ညွန့် ပေါင်း ၉ ညွန့်ကို ဝါးမျှင်ဖြင့် ၄ ပတ်စည်းပါ။ မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**ကြာသပတေးသားသမီးများ** အလုပ်အကိုင် ဝင်ငွေတိုးတက်မှုရှိမည်။ အလုပ်အကိုင် အဆင်ပြေသော်လည်း အတိုက်အခံများတော့ ရှိနိုင်၏။ စိတ်ရှည်ရန် လိုအပ်ပါသည်။ ကျန်းမာရေး အနည်းငယ် ဂရုစိုက်ပါ။ **ပြုအပ်သောယတြာ**- သပြေညွန့် ၁၃ ညွန့်ကို မွေးနေ့တွင် ဆီမီး၊ ရေချမ်းတို့ဖြင့် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**သောကြာသားသမီးများ** အနေဖြင့် အလုပ်အကိုင်များ ကောင်းမွန်မှုရှိမည်။ ဝင်ငွေကောင်းမည်။ ကျန်းမာရေးအနေအထားလည်း ကောင်းမွန်မှုရှိ၏။ လုပ်ငန်းသစ်များ ဆောင်ရွက်ပါ။ အောင်မြင်ပါမည်။ အကျိုးရှိနိုင်၏။ **ပြုအပ်သောယတြာ** - သီဟိုဠ်ညွန့် ၂၁ ညွန့်ကို မွေးနေ့တွင် အိမ်ကဘုရား၌ ဆီမီး၊ ရေချမ်းတို့ဖြင့် ကပ်လှူပါ။ လိုရာဆုတောင်းပါ။

**စနေသားသမီးများ** ခရီးဝေးသွားလာမှုများ ရှိမည်။ အလုပ်အကိုင်အနေအထား အားနည်းမှုရှိ၏။ ကျောင်းသားများအတွက် ပညာရေးကောင်းပါသည်။ ကျန်းမာရေးအနေအထား ရာဟုပူးထားပြီး ဂ တန့်တွင် ပါဝင်နေ၍ ဂရုစိုက်သွားအပ်၏။ **ပြုအပ်သောယတြာ** - ထန်းညွန့် ၁၀ ညွန့်ကို ရေသက်စေ့ ဖလ်ခွက်တွင်စိုက်၍ မွေးနေ့တွင် အိမ်ကဘုရား၌ ကပ်လှူပါ။ လိုရာဆုတောင်းပါ။

သုခိအဗ္ဗာန် ပရိဟာရွှေ

**ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)**



www.burmeseclassic.com

www.burmeseclassic.com

# တရုတ်နက္ခတ္တဗေဒင်ပညာ

## ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ

## တရုတ်နှစ်မွေးသူများအတွက်

## ဆောင်ရန်ရှောင်ရန်နှင့်သတိပြုရန်အချက်များ

■ ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

### နွားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

မိတ်ဆုံနိုင်ပါသည်။ မိတ်ဆုံခြင်းအားဖြင့် အကျိုးထူးနိုင်၏။ ဆံသ၊ ခေါင်းဆေးကြောနိုင်၏။ သားကောင်ဖမ်း၊ အမဲလိုက်နိုင်၏။ သင်ကံကောင်းနေပါလိမ့်မည်။

### ရှောင်ကြဉ်ရန်အချက်များ

ခရီးမထွက်ကောင်း။ ဘေးအန္တရာယ်များ၏။ ဘေးအန္တရာယ် သင့်အား စောင့်ကြိုနေတတ်၏။ ထို့ပြင် ဈေးဆိုင်သစ်မတည်ရ၊ မဖွင့်ရ။ သင်အရှုံးပေါ်လိမ့်မည်။ သတိထားပါလေ။

### ကျားနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

အိမ်ရာရွှေ့ပြောင်းနိုင်၏။ ခရီးထွက်နိုင်၏။ ကုန်သန်းရောင်းဝယ် ဖောက်ကားနိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ဒီဇင်ဘာလ ၂ ရက်နေ့၊ ၁၄ ရက်နေ့နှင့် ၂၆ ရက်နေ့သည် နေ့ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်း အကျိုးပေးမည်။ လုပ်ပါ။

### ရှောင်ကြဉ်ရန်အချက်များ

ရိုးရာကန်တော့ပွဲ၊ ဆုတောင်းပွဲ မလုပ်သင့်သေး။ အကျိုးထူးမည်၊ ရှိမည်မဟုတ်ပါ။ မီးဖိုဆောင်မပြင်ရ၊ မဆောက်ကောင်း။ ခိုက်တတ်ပါသည်။ ခဏခေတ္တ စောင့်ဆိုင်းပါဦးလေ။

### ယုန်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ ခရီးထွက်နိုင်၏။ ငွေထုတ်ချေးလျှင် အကျိုးရှိမည်။ အိမ်ရာပြောင်းရွှေ့နိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ငါးပိုက်ကွန်ရက်လုပ်ငန်း၊ ပိုက်ကွန်ရောင်းဝယ်ရေးလုပ်ငန်းနှင့် ကိုက်မည်။ လုပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

[illegible] ၁၃ ရက်နေ့များသည် ရက်
[illegible]ကလာနေ့များ ဖြစ်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

စိုက်ပျိုးရေး၊ ခြံလုပ်ငန်း လုံးဝမလုပ်သင့်ပါ။ အကျိုး[illegible]းမည်မဟုတ်။ ရုံးမတက်ကောင်း၊ တရားမစွဲရ။ အမှု[illegible]င်မဆိုင်သင့်။ ရုံးရက်ချိန်းဝေးဝေးရွှေ့ပါလေ။ ပြဿနာ[illegible]က်တတ်၏။ အမှုအခရေး ရှုံးနိမ့်တတ်၏။ သတိနှင့် [illegible]နေထိုင်ပါလေ။ အမှု ရအောင်ဆိုင်းထားပါ။

## နဂါးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ခရီးထွက်နိုင်၏။ စေ့စပ်နိုင်၏။ လက်ထပ်နိုင်၏။ ကုန်းသန်းရောင်းဝယ် ဖောက်ကားနိုင်၏။ အိမ်ရာရွှေ့ပြောင်းနိုင်၏။ ဒီဇင်ဘာလ ၄ ရက်နေ့၊ ၁၆ ရက်နေ့နှင့် ၂၈ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။

## ရှောင်ကြဉ်ရန်အချက်များ

ဂိုဒေါင်မဖွင့်ရ၊ မဖွင့်သင့်သေး။ အမှုပြဿနာတက်တတ်၏။ သူခိုးရန်ရှိသည်။ သတိထားပါလေ။ မီးဖိုချောင်၊ မီးဖို မပြင်ရ။ မပြင်ကောင်းသေးပါ။ ခိုက်တတ်ပါသည်။ ထို့ပြင် စိုက်ပျိုးရေးလုပ်ငန်း မလုပ်အပ်။ အကျိုးပေးမည် မဟုတ်ပါ။

## မြွေနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင့်ကံကြမ္မာ ယခုလတွင် ကံနိမ့်နေရှာ၏။ အလှူ[illegible]အတန်းများ၊ ကုသိုလ်ကောင်းမှုများ များများလုပ်ပေးပါ။ [illegible]ကြာမီ ကံကောင်းလာပါလိမ့်မည်။ မိဘဆရာ၊ ဘုရား၊ [illegible]ရား၊ သံဃာ မမေ့အပ်ချေ။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်ခြင်း၊ လက်ထပ်ခြင်း ခဏခေတ္တဆိုင်းထား[illegible] မဆိုင်းနိုင်ပါက အကျိုးယုတ်ရပါလိမ့်မည်။ ခရီးမထွက်[illegible] ဘေးအန္တရာယ်များလှ၏။ အထူးသဖြင့် ရေကြောင်းခရီး၊ လေကြောင်းခရီးကို ရှောင်ပါလေ။ ဘေးတွေ့မည်။ ဆင်ခြင်ပါ။

## မြင်းနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲလုပ်လျှင် အကျိုးထူးမည်။ လုပ်ပေးပါ။ သစ်ခုတ်၊ သစ်ဖောင်မျှော၊ သစ်အရောင်းအဝယ်လုပ်ငန်း အကျိုးပေးမည်။ သင့်ကံကြမ္မာ ယခုလကောင်းနေရှာ၏။ တောအမဲလိုက်နိုင်၏။ သားကောင်ရရှိလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

မီးဖို၊ မီးဖိုဆောင် မပြင်ရ။ မဆောက်လုပ်ကောင်းသေး။ ခိုက်တတ်ပါသည်။ သတိနှင့် ဆင်ခြင်ပါလေ။ ရေကြောင်းခရီးရှောင်ပါ။ ဘေးအန္တရာယ်စောင့်ကြိုနေ၏။

## ဆိတ်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲ၊ ရိုးရာကန်တော့ပွဲ လုပ်နိုင်ပါသည်။ ကောင်းပေ၏။ သစ်ခုတ်ခြင်း၊ သစ်ဖောင်မျှောခြင်းနှင့် သစ်အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ခြင်းပြုလျှင် အကျိုးရှိပါလိမ့်မည်။ လုပ်ပါ။

## ရှောင်ကြဉ်ရန်အချက်များ

စေ့စပ်ခြင်း၊ လက်ထပ်ခြင်း၊ အိမ်ရာပြောင်းရွှေ့ခြင်း၊ ခရီးသွားခြင်း စသည်တို့ကို ခဏခေတ္တရှောင်ပေးရပါလိမ့်မည်။ အထူးသဖြင့် ရေကြောင်းခရီးကို ရှောင်ပါ။ လှေသင်္ဘော မစီးရ၊ မစီးသင့်။ ဘေးများလှ၏။ သတိနှင့်ဆင်ခြင်ပါ။ ထို့ပြင် ဆံသခြင်း၊ ခေါင်းလျှော်ခြင်း မပြုရပါ။

## မျောက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

လက်ထပ်ထိမ်းမြားနိုင်၏။ ခရီးသွားနိုင်၏။ အိမ်ရာပြောင်းရွှေ့နိုင်၏။ ကုန်သန်းရောင်းဝယ် ဖောက်ကားနိုင်၏။ ဈေးဆိုင်သစ် တည်နိုင်၊ ဖွင့်နိုင်၏။ ဒီဇင်ဘာလ ၈ ရက်နေ့နှင့် ၂၀ ရက်နေ့များသည် ရက်ကောင်းမင်္ဂလာနေ့များ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ရှောင်ကြဉ်ရန်အချက်များ

အခန်း၊ ခုတင် နေရာမချသင့်သေး။ ခဏခေတ္တ စောင့်ပါဦးလေ။ မစောင့်နိုင်လျှင် အကျိုးယုတ်ရပါလိမ့်မည်။ ထို့ပြင် ဂိုဒေါင်မပြင်သင့်သေး။ ခိုက်တတ်၏။ သတိထားပါ။ မြေမဆွသင့်သေး။ စိုက်ပျိုးရေး မလုပ်ကိုင်သင့်။ အကျိုးမပေးပါချေ။

## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆံသနိုင်၏။ ခေါင်းလျှော်နိုင်၏။ ဒီဇင်ဘာလ ၉ ရက်နေ့သည် ရက်ကောင်းမင်္ဂလာနေ့ ဖြစ်ပါသည်။ တောအမဲ၊ သားကောင် လိုက်နိုင်၊ ဖမ်းနိုင်၏။ သင်ကံကောင်းနေပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

စျေးဆိုင်သစ် မတည်နိုင်၊ မဖွင့်နိုင်သေးပါ။ အိမ်ရာလည်း မပြောင်းရွှေ့သင့်သေး။ ခဏခေတ္တ စောင့်ပါဦး။ ခိုက်တတ်၏။ ရေကြောင်းခရီးမသွားသင့်။ လှေသင်္ဘောမစီးရ။ ဘေးများလှပေ၏။

## ခွေးနှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲလုပ်နိုင်၏။ အကျိုးထူးခြားမှု ရှိပါလိမ့်မည်။ စိုက်ပျိုးရေး၊ ခြံစိုက်လုပ်ငန်းများနှင့် အကျိုးပေးမည်။ လုပ်ပါ။ စီးပွားရေးလုပ်ငန်းသစ်၊ ကုမ္ပဏီသစ် တည်နိုင်၏။ ရေမြောင်းဖောက်နိုင်၏။ သင်တန်းတစ်ခုခု တက်ပါ။ အကျိုးရှိပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးမထွက်သင့်သေး။ ခဏခေတ္တဆိုင်းလျှင်ကောင်းမည်။ အကျိုးရှိမည်မဟုတ်သေးပါ။ နိုင်ငံခြားကုန်သွယ်မှု မလုပ်သင့်သေး။ အရှုံးပေါ်တတ်ပါသည်။

## ဝက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

သင်သည် ယခုလတွင် ကံညီးနွမ်းနေရှာ၏။ စီးပွားရေးလုပ်ငန်းတိုးချဲ့မှု ခဏရပ်ဆိုင်းထားပြီး ဘာသာရေး၊ ကုသိုလ်ကောင်းမှု များများလုပ်ပေးပါ။ မကြာမီ ကံကောင်းလာပါလိမ့်မည်။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးမထွက်သင့်သေး။ သင့်အား ဘေးအန္တရာယ်များ စောင့်ကြိုနေတတ်၏။ စေ့စပ်ခြင်း၊ လက်ထပ်ခြင်း၊ အိမ်ရာပြောင်းရွှေ့ခြင်း အားလုံးကို ခဏခေတ္တရှောင်ပါလေ။ ခိုက်တတ်၏။ သတိထားပါ။

## ကြွက်နှစ်မွေးသူများအတွက် ဆောင်ရန်အချက်များ

ဆုတောင်းပွဲလုပ်နိုင်၏။ အကျိုးထူးခြားမှုရှိပါလိမ့်မည်။ အိမ်ပြင်နိုင်၏။ အိမ်ဆောက်နိုင်၏။ ထို့ပြင် သင်၏ မီးဖို၊ မီးဖိုဆောင်ပြင်နိုင်ပါသည်။ ခရီးထွက်နိုင်၏။ စေ့စပ်နိုင်၏။

## ရှောင်ကြဉ်ရန်အချက်များ

ခရီးထွက်နိုင်သော်လည်း လေကြောင်းခရီးကို အထူးရှောင်ကြဉ်ပါလေ။ ထို့ပြင် အရောင်းအဝယ်စာချုပ် မချုပ်ဆိုသင့်သေး။ ပြဿနာတက်တတ်၏။ စေ့စပ်နိုင်သော်လည်း ချက်ချင်း လက်မထပ်သင့်သေးပါ။ ခဏခေတ္တ စောင့်ဆိုင်းပါဦး။ အကျိုးယုတ်တတ်၏။ သတိနှင့်ဆင်ခြင်ပါ။

ကေတီ-အောင်သိန်း(ရန်ကုန်တက္ကသိုလ်)

**Ref:-**

တရုတ်နက္ခတ္တဗေဒင်ပညာ၊ ၂၀၁၃ ခုနှစ်၊
**Hong Kong (China)**





www.burmeseclassic.com

www.burmeseclassic.com

# ထိုင်းနိုင်ငံ နက္ခတ္တဗေဒဆရာကြီး မိုဒ္ဒူးပိုက်ဆံ ၏

# ၂၀၁၃ ခုနှစ်၊ မြွေနှစ်အဟော (နိုဝင်ဘာလ)

ဦးတိုး(တက္ကသိုလ်)

> ဆယ့်နှစ်လရာသီခွင် သတ်မှတ်ချက်သည် အနောက်တိုင်းနှင့်မတူသဖြင့် မိမိ၏မွေးသက္ကရာဇ်နှင့် တိုက်ဆိုင်၍ အဟောကို ဖတ်ရှုစေလိုပါသည်။

**မကာရရာသီဖွား(ဆိတ်ရုပ်)**

**(ဇန်နဝါရီလ ၁၄ ရက် မှ ဖေဖော်ဝါရီလ ၁၂ ရက်)**

ယခုလတွင် နေကြတ်ခြင်းကဲ့သို့ ဖြစ်နေသော်ငြား သင့်အား ထိခိုက်စေမည် မဟုတ်ပေ။ မိမိကိုယ်ကို ယုံကြည်စိတ်ချလျက် ကုန်သွယ်ရေးယှဉ်ပြိုင်မှု၊ သို့မဟုတ် နိုင်ငံရေးယှဉ်ပြိုင်မှုတွင် ပါဝင်ဆောင်ရွက်ပါ။ သင်၏စီးပွားရေးလုပ်ငန်းနှင့် ချစ်မေတ္တာရေးတို့တွင် အောင်မြင်မှုကို ရရှိပါလိမ့်မည်။

**ကုံရာသီဖွား(ရေထမ်းယောက်ျားရုပ်)**

**(ဖေဖော်ဝါရီလ ၁၃ ရက် မှ မတ်လ ၁၄ ရက်)**

သင်ပျောက်ဆုံးသွားသည့် ကိစ္စအတွက် အကူအညီရနိုင်ခြေရှိပါသည်။ စီးပွားရေးလုပ်ငန်းသစ်တစ်ခုတွင် တွဲဖက်ပါတနာ ရရှိလိမ့်မည်။ နောက်ပြီး ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းတစ်ခုမှ သင့်အား ငွေကြေးထောက်ကူပေးပါလိမ့်မည်။ ယခုနှစ် ကုန်ဆုံးသည့်အချိန်တွင် သင့်အတွက် အပျော်ရွှင်ရဆုံး ဖြစ်နေပေမည်။ သင်သည် ယခုထက်တိုင်အောင် တစ်ကိုယ်တည်း ဖြစ်နေပါက သင်လက်ထပ်ထိမ်းမြားရမည့်သူနှင့် တွေ့ဆုံရပါလိမ့်မည်။

**မိန်ရာသီဖွား(ငါးနှစ်ကောင်ရုပ်)**

**(မတ်လ ၁၅ ရက် မှ ဧပြီလ ၁၂ ရက်)**

ယခုလတွင် သင်ကံကောင်းနေပါလိမ့်မည်။ အရောင်းရည်မှန်းချက်များ အောင်မြင်မည်။ ခရီးသွားခြင်း၊ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာ စီးပွားရေးလုပ်ငန်း အောင်မြင်လိမ့်မည်။ သို့သော်လည်း သင်၏ချစ်မေတ္တာရေးမှာ အလားအလာကောင်းမည် မဟုတ်သေးပေ။ သင်သည် အထီးကျန်မှုကို ခံစားနေရမည်။

**မိဿရာသီဖွား(သိုးထီးရုပ်)**

**(ဧပြီလ ၁၃ ရက် မှ မေလ ၁၃ ရက်)**

စီးပွားရေးလုပ်ငန်းနှင့် အရောင်းဦးတည်ချက်များတွင် အောင်မြင်မှုရရှိမည်။ ယခုနှစ်ကုန်တွင် သင်ပျော်ရွှင်ရပါမည်။ သင့်အနေဖြင့် ခရီးတစ်ခု စတင်ထွက်ရမည်။ ပင်လယ်ရပ်ခြားတွင် ကုန်သွယ်ရေးပြပွဲမှ အောင်မြင်မှုပေးမည်။ ချစ်မေတ္တာရေးတွင်လည်း နှင်းဆီရောင်သန်းကာ ချိုမြိန်နေပါလိမ့်မည်။

**ပြိဿရာသီဖွား(နွားလားဥသဘရုပ်)**

**(မေလ ၁၄ ရက် မှ ဇွန်လ ၁၄ ရက်)**

သင်၏ဘဝတွင် စိတ်လှုပ်ရှားဖွယ်ရာများနှင့် ပျော်ရွှင်စရာများ ယခုကာလတွင် အပြည့်အဝ ရှိနေလိမ့်မည်။ သင်၏ ချစ်မေတ္တာရေး တောက်ပစိုပြည်လျက်ရှိသဖြင့် သင့်အတွက် အပျော်ရွှင်ဆုံး ဖြစ်နေမည်။ သင်၏ အလုပ်အကိုင်၊ သင်၏ စီးပွားရေးလုပ်ငန်းနှင့် ရွေးကောက်တင်မြှောက်ပွဲ ယှဉ်ပြိုင်၍ မဲအရေအတွက် အမြောက်အမြားရရှိကာ အောင်မြင်မည်။



www.burmeseclassic.com

www.burmeseclassic.com

### မေထုန်ရာသီဖွား-အမြွာရုပ်
### (မေလ ၁၅ ရက် မှ ဇူလိုင်လ ၁၆ ရက်)

ယခုလတွင် သင့်အပေါ် စိုးမိုးထားသည့် ကြယ် (နက္ခတ်)မှာ ဝင်းထိန်တောက်ပနေပါလိမ့်မည်။ သင်၏ စီးပွားရေးလုပ်ငန်း အောင်မြင်စွာလည်ပတ်နေသောကြောင့် တော်တော်များများ အမြတ်နေရမည်။ သင့်မိသားစုက လည်း ပျော်ရွှင်နေပါလိမ့်မည်။

### ကရကဋ်ရာသီဖွား(ပုစွန်လုံးရုပ်)
### (ဇူလိုင်လ ၁၇ ရက် မှ ဩဂုတ်လ ၁၆ ရက်)

ယခုလ၌ ငွေကြေးများများ စားစားဝင်လာမည်။ အတိတ်နိမိတ်ကောင်းများ ရှိနေသည်။ ကုန်သွယ်ရေး၊ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှုများ၊ ပစ္စည်းဥစ္စာ၊ အိမ်မြေ ယာအဆောက်အအုံ ရောင်းချရမှုများ၊ ခရီးသွားရမှုများနှင့် သင်၏ အချစ်မေတ္တာရေးဘဝ ရလဒ်ကောင်းနေသော ကြောင့် သင့်အားပျော်ရွှင်ချမ်းမြေ့စေပါလိမ့်မည်။

### သိဟ်ရာသီဖွား(ခြင်္သေ့ရုပ်)
### (ဩဂုတ်လ ၁၇ ရက် မှ စက်တင်ဘာလ ၁၆ ရက်)

ဤအေးမြသော ရာသီဥတု၌ ငွေအမြောက်အမြား ကောင်းစွာဝင်လာမှုဖြင့် သင့်အားကောင်းချီးပေးပါလိမ့်မည်။ စီးပွားရေးလုပ်ငန်းများ တော်တော်များများ လည်ပတ်နိုင်မှု များဖြင့် ရည်မှန်းချက်များ ပြည့်မီမည်။ စတော့ရှယ်ယာ ရင်းနှီးမြှုပ်နှံမှုများမှာလည်း အစုများအပေါ် အမြတ်များ မြင့်မားစွာပေးအပ်လာလိမ့်မည်။ သင်၏ချစ်မေတ္တာရေးမှာ လည်း ပကတိကောင်းမွန်နေမည်။

### ကန်ရာသီဖွား(အပျိုစင်ရုပ်)
### (စက်တင်ဘာလ ၁၇ ရက် မှ အောက်တိုဘာလ ၁၆ ရက်)

သင်၏ အလုပ်အတွက် ဆုတစ်ဆုရရှိမည်။ နောက်ပြီး သင့်ကလေးများ၏ ပညာရေးအတွက် ဂုဏ်ယူရမည်။ အကယ်၍ သင်တရားရင်ဆိုင်နေရလျှင် မုချကေန် အနိုင်ရရှိမည်။ ယခုကာလတွင် သင့်အားဂုဏ်ပြုလိမ့်မည်။ စတော့ရှယ်ယာရင်းနှီးမြှုပ်နှံမှုများမှနေ၍ အစုများအပေါ် အမြတ်အမြောက်အမြား ရရှိမည်။ ညှိနှိုင်းဆောင်ရွက်မှုများ မှာလည်း အပေးအယူတည့်သွားမည်။ သင့်အနေဖြင့် ယှဉ်ပြိုင်ရမှုတစ်ခု၊ သို့မဟုတ် နိုင်ငံရေးယှဉ်ပြိုင်မှုတစ်ရပ် ဝင်ပြိုင်လျှင် သင်အနိုင်ရရှိမည်။ ချစ်မေတ္တာရေးမှာလည်း အလွန် ကောင်းမွန်နေပါလိမ့်မည်။

### တူရာသီဖွား(ချိန်ခွင်ရုပ်)
### (အောက်တိုဘာလ ၁၇ ရက် မှ နိုဝင်ဘာလ ၁၆ ရက်)

ဤအေးမြသော ရာသီဥတုတွင် ကံကောင်းခြင်းများ ဖြင့် ကောင်းချီးပေးပါလိမ့်မည်။ သင်ရာထူးတက်မည်။ စီးပွားရေးလုပ်ငန်းများ စတင်ရှင်သန်လာမည်။ နှစ်သစ်တွင် လှုပ်ရှားဆောင်ရွက်မှုများ၊ ဆင်ယင်ကျင်းပသည့် ပွဲများအား နွေးထွေးစွာ ကြိုဆိုခြင်း ခံရမည်။ စတော့ရှယ်ယာ ရင်းနှီး မြှုပ်နှံမှု၊ မြေကွက်တစ်ကွက်ဝယ်ခြင်း၊ ငွေချုတ်ခြိုကျနေ သော စီးပွားရေးလုပ်ငန်းတစ်ခုကို လွှဲပြောင်းယူခြင်း၊ ဆိုင်သစ်တစ်ခုဖွင့်ခြင်းနှင့် ဘဏ်စာရင်း တိုးချဲ့ဖွင့်ခြင်းတို့တွင် ထူးခြားဖွယ်ရာ အောင်မြင်မှု ရရှိမည်။

### ဗြိစ္ဆာရာသီဖွား(ကင်းမြီးကောက်ရုပ်)
### (နိုဝင်ဘာလ ၁၇ ရက် မှ ဒီဇင်ဘာလ ၁၅ ရက်)

အစုပေါ် အမြတ်ခွဲဝေပေးမှု ယခုကာလတွင် သင်တိုးမြှင့်ရရှိမည်။ သင့်အား ဒုတိယနေရာသို့ ရာထူး တက်ပေးလိမ့်မည်။ မျှော်မှန်းထားသည်ထက် အရောင်းဦး တည်ချက်များတွင် အောင်မြင်မှုကို ရရှိမည်။ တစ်နှစ်တာ ကုန်ဆုံးသွား၍ Bonus(ဘောနပ်စ်)ဆုကြေး အထူး ချီးမြှင့် ငွေများ ရရှိမည်။ ချစ်ခြင်းမေတ္တာရေးများ ပွင့်လန်းနေပါ လိမ့်မည်။

### ဓနုရာသီဖွား(လေးစွဲယောကျ်ားရုပ်)
### (ဒီဇင်ဘာလ ၁၆ ရက် မှ ဇန်နဝါရီလ ၁၃ ရက်)

ဤအေးမြသောရာသီတွင် အလွန်ပျော်ရွှင်မှုရရှိမည်။ သင်၏စီးပွားရေးလုပ်ငန်းမှ အကျိုးအမြတ်များများ စားစားရရှိပြီး အရောင်းရည်မှန်းချက်များမှာလည်း အောင်မြင်မှုရှိနေမည်။ သို့သော်ငြားလည်း ချစ်ခြင်းမေတ္တာရေးမှ အားရဖွယ်ရာ မဖြစ်ပေ။

**ဦးတိုး(တက္ကသိုလ်)**




www.burmeseclassic.com

www.burmeseclassic.com

# တစ်လအတွင်း ကောင်းခြင်းမင်္ဂလာဒိုင်ယာရီ


## ၁.၁၁.၂၀၁၃ မှ ၃၀.၁၁.၂၀၁၃ ထိ

■ ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)





**၁.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်၊ သောကြာနေ့**

သမားညိုရက် ၁ ရက် မိတ်၏။ ကျန်မကောင်းရက်များလွတ်၍ သင့်၏။ မလုပ်မဖြစ် လုပ်ငန်းမျိုး လုပ်ပါ။ သင့်တင့်အောင်မြင်မှု ရရှိပါမည်။ စနေလက်နှင့် ပူးနေ၍ နှောင့်နှေးမှုများ ရှိမည်။ စိတ်ရှည်ပါ။ အနောက်တောင်အရပ် ခရီးမသွားအပ်ပါ။ **ဆောင်ပန်း-ဆီးညွန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၆-၄-၂-၆-၈)





**၂.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်၊ စနေနေ့**

မကောင်းသောရက် ၁၀ ပါးမှ လွတ်၍ မည်သည့်လုပ်ငန်းမဆို စတင်လုပ်ကိုင်နိုင်ပါသည်။ အောင်မြင်မှုရရှိပါမည်။ စနေလက်နှင့် ပူးနေ၍ နှောင့်နှေးမှုများ ရှိမည်။ အရှေ့မြောက်အရပ်သို့ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း-ရွက်လှညွန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၀-၄-၃-၆-၈)





**၃.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁ ရက်၊ တနင်္ဂနွေနေ့**

သမားညိုရက် ၁ ရက်နှင့် ဝါရမိတ္တုကြီး ၁ ရက်၊ ရက်ပုပ် ၁ ရက်၊ သမားဖြူရက် ၁ ရက် မကောင်းသောရက် ၄ ရက် မိထားသဖြင့် မည်သည့်လုပ်ငန်းမျိုးမှ စတင်မလုပ်သင့်ပါ။ အခါမပေးတော့ပါ။ အရှေ့အရပ် ခရီးမသွားအပ်ပါ။ **ဆောင်ပန်း-သပြေပန်း** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၁-၆-၈-၆-၈)




**၄.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလဆန်း ၂ ရက်၊ တနင်္လာနေ့**

နဂါးပေါ်ရက် ၁ ရက် မိတ်၏။ ကျန်မကောင်းသောရက်များလွတ်၍ သင့်ပါသည်။ မလုပ်မဖြစ် လုပ်ရမည့် လုပ်ငန်းမျိုးကိုတော့ လုပ်ပါ။ သင့်တင့်စွာ အောင်မြင်မှုရနိုင်ပါသည်။ စနေလက် ပူးနေသောကာလ ဖြစ်သဖြင့် နှောင့်နှေးမှုများ ရှိနိုင်ပြီး စိတ်ရှည်ရှည်ထား၍ အလုပ်လုပ်ဖို့ တော့ လိုအပ်ပါသည်။ မြောက်အရပ်သို့ ခရီးသွားခြင်းကို ရှောင်ကြဉ်ပါ။ **ဆောင်ပန်း-သီဟိုဠ်ညွန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂-၆-၅-၆-၈)





**၅.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ အင်္ဂါနေ့**

ပြဿဒါး ၁ ရက်၊ မဟာရက်ကြမ်း ၁ ရက် မကောင်းသောရက် နှစ်ရက် မိထားသဖြင့် မည်သည့်လုပ်ငန်းမျိုးမှ စတင်မလုပ်သင့်ပါ။ စနေလက်နှင့် ပူးနေသောကာလ ဖြစ်သဖြင့် လုပ်ငန်းကိုင်ငန်းများ နှောင့်နှေးကြန့်ကြာမှုနှင့် တွေ့ရတတ်ပါသည်။ အရှေ့တောင်အရပ်သို့ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း-ထန်းညွန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃-၃-၀-၆-၈)




www.burmeseclassic.com

www.burmeseclassic.com





**၆.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလဆန်း ၄ ရက်၊ ဗုဒ္ဓဟူးနေ့**

လူ့ပြည်ပြဿဒါး ၁ ရက် မိဒ်။ ကျန်မကောင်းသောရက်များလွတ်၍ သင့်ပါသည်။ မလုပ်မဖြစ်လုပ်ရမည့် လုပ်ငန်းမျိုးကိုတော့ လုပ်ပါ။ သင့်တင့်စွာ အောင်မြင်မှုရနိုင်ပါသည်။ စိတ်ရှည်ရှည်ထားပြီး အလုပ်လုပ်ပါ။ အနောက်တောင်အရပ်သို့ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–အုန်းညွန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄–၃–၄–၆–၅)





**၇.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလဆန်း ၅ ရက်၊ ကြာသပတေးနေ့**

ရှမ်းရက် ၁ ရက် မိဒ်။ ကျန်မကောင်းသောရက်များတော့ လွတ်ပါသည်။ မလုပ်မဖြစ်လုပ်ရမည့် လုပ်ငန်းမျိုးတော့ လုပ်ပါ။ သင့်တင့်စွာ အောင်မြင်နိုင်ပါသည်။ အရှေ့အရပ်သို့ မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ စိတ်ရှည်ရှည်ထားပြီး အလုပ်လုပ်ပါ။ တောင်အရပ်သို့ ခရီးမသွားအပ်ပါ။ **ဆောင်ပန်း–ကံ့ကော်ညွန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၅–၅–၉–၆–၅)





**၈.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလဆန်း ၆ ရက်၊ သောကြာနေ့**

မကောင်းသောရက် ၁၀ ပါးမှ လွတ်ကင်းသဖြင့် မည်သို့သော လုပ်ငန်းမျိုးကိုမဆို စတင်လုပ်ကိုင်နိုင်ပါသည်။ အောင်မြင်မှုရရှိပါလိမ့်မည်။ အရှေ့အရပ်သို့ မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ စိတ်ရှည်ရှည်ထားပြီး အလုပ်လုပ်ပါ။ အနောက်အရပ်သို့ ခရီးရှည် မသွားအပ်ပါ။ **ဆောင်ပန်း–ဆီးညွန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၆–၅–၆–၆–၅)




**၉.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလဆန်း ၇ ရက်၊ စနေနေ့**


သမားညိုရက် ၁ ရက်နှင့် ဝါရမိတ္တူကြီး ၁ ရက် မိဒ်။ မည်သည့်လုပ်ငန်းမျိုးမှ စတင်လုပ်ကိုင်ခြင်း မပြုသင့်တော့ပါ။ အခါမပေးတော့။ အနောက်မြောက်အရပ် ခရီးညအိပ်ညဉ့်နေ မသွားသင့်ပါ။ **ဆောင်ပန်း–ရွက်လှညွန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇–၀–၁–၆–၅)




**၁၀.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလဆန်း ၈ ရက်၊ တနင်္ဂနွေနေ့**


သမားညိုရက် ၁ ရက် မိဒ်။ ကျန်မကောင်းသောရက်များ လွတ်ကင်းသဖြင့် မလုပ်မဖြစ်လုပ်ကိုင်ရမည့် လုပ်ငန်းမျိုးကိုတော့ ဆောင်ရွက်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရရှိနိုင်ပါသည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစတင်ပါ။ စန်းပွင့်၏။ အရှေ့မြောက်အရပ်သို့ ခရီးရက်ရှည် မသွားသင့်ပါ။ **ဆောင်ပန်း–သပြေညွန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၁–၇–၂–၆–၅)

www.burmeseclassic.com





**၁၁.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလဆန်း ၉ ရက်၊ တနင်္လာနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်ကင်းသဖြင့် မည်သည့်လုပ်ငန်းမျိုးကိုမဆို စတင်ဆောင်ရွက်နိုင်ပါသည်။ အောင်မြင်မှုရရှိပါမည်။ အနောက်အရပ် မျက်နှာမူ၍ လုပ်ငန်းစတင်ပါ။ စန်းပွင့်ပါသည်။ မြောက်အရပ် ခရီးရက်ရှည် မသွားသင့်ပါ။ **ဆောင်ပန်း**–သီဟိုဠ်ညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂–၇–၃–၆–၅)





**၁၂.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၀ ရက်၊ အင်္ဂါနေ့**

ဝါရမိတ္တုဂျယ် ၁ ရက်၊ ပြဿဒါးရက် ၁ ရက်နှင့် ရက်ပုပ် ၁ ရက် မကောင်းသောရက် သုံးရက်မိနေသဖြင့် မည်သို့သော လုပ်ငန်းသစ်မျိုးမှ စတင်လုပ်ကိုင်ရန် မသင့်ပါ။ အခက်အခဲများ ရှိပါမည်။ အခါမပေးတော့ပါ။ မြောက်အရပ်သို့ ခရီးရက်ရှည် မသွားသင့်ပါ။ **ဆောင်ပန်း**–ထန်းညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃–၇–၈–၆–၅)





**၁၃.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့**

လူ့ပြည် ပြဿဒါးရက် ၁ ရက် မိ၏။ ကျန်မကောင်းသောရက်များ လွတ်ကင်းသဖြင့် မလုပ်မဖြစ်လုပ်ရမည့် လုပ်ငန်းမျိုးကိုတော့ ဆောင်ရွက်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရရှိနိုင်ပါသည်။ မြောက်အရပ်ကိုမျက်နှာမူ၍ လုပ်ငန်းစတင်ပါ။ စန်းပွင့်၏။ အရှေ့တောင်အရပ်သို့ ညအိပ်ည့်နေ ခရီးရက်ရှည်မသွားသင့်ပါ။ **ဆောင်ပန်း**–အုန်းညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄–၅–၅–၆–၅)




**၁၄.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ကြာသပတေးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်ကင်းသဖြင့် ရက်ကောင်းရက်မြတ် တစ်ရက်ဖြစ်၏။ မည်သို့သော လုပ်ငန်းသစ်မျိုးကိုမဆို စတင်ဆောင်ရွက်နိုင်ပါသည်။ မြောက်အရပ် မျက်နှာမူ၍ လုပ်ငန်းစတင်ပါ။ စန်းပွင့်၏။ အနောက်တောင်အရပ်သို့ ညအိပ်ည့်နေ ခရီးရက်ရှည် မသွားသင့်ပါ။ **ဆောင်ပန်း**–ကံ့ကော်ညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၅–၅–၇–၆–၅)





**၁၅.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ သောကြာနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်ကင်းသဖြင့် ရက်ကောင်းရက်မြတ် တစ်ရက်ဖြစ်၏။ မည်သို့သော လုပ်ငန်းသစ်မျိုးကိုမဆို စတင်ဆောင်ရွက်နိုင်ပါသည်။ မြောက်အရပ် မျက်နှာမူ၍ လုပ်ငန်းစတင်ပါ။ စန်းပွင့်၏။ တောင်အရပ်သို့ ညအိပ်ည့်နေ ခရီးရက်ရှည် မသွားသင့်ပါ။ **ဆောင်ပန်း**–ဆီးညွန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၆–၅–၄–၆–၅)




www.burmeseclassic.com

www.burmeseclassic.com





**၁၆.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ စနေနေ့**

သမားညိုရက် ၁ ရက် မိ၏။ ကျန်မကောင်းသောရက်များ လွတ်ကင်းသဖြင့် မလုပ်မဖြစ် လုပ်ကိုင်ရမည့် လုပ်ငန်းကိစ္စများကို စတင်ဆောင်ရွက်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရရှိပါမည်။ အရှေ့အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ အနောက်အရပ်သို့ ညအိပ်ညဉ့်နေ ခရီးရက်ရှည်မသွားသင့်ပါ။ **ဆောင်ပန်း–ခရေပွင့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇–၃–၉–၆–၅)





**၁၇.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလပြည့်နေ့၊ တနင်္ဂနွေနေ့**

သမားညိုရက် ၁ ရက် မိ၏။ ကျန်မကောင်းသောရက်များ လွတ်ကင်းသဖြင့် မလုပ်မဖြစ် လုပ်ကိုင်ရမည့် လုပ်ငန်းကိစ္စများကို ဆောင်ရွက်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရရှိပါမည်။ အနောက်မြောက်အရပ်သို့မျက်နှာမူ၍ လုပ်ငန်းစတင်ပါ။ စန်းပွင့်၏။ အနောက်မြောက်အရပ်သို့ ညအိပ်ညဉ့်နေ ခရီးရက်ရှည်မသွားသင့်ပါ။ **ဆောင်ပန်း–သပြေညွန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃–၃–၆–၆–၅)





**၁၈.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်ကင်းသဖြင့် ရက်ကောင်းရက်မြတ် တစ်ရက်ဖြစ်၏။ မည်သို့သော လုပ်ငန်းသစ်မျိုးကိုမဆို စတင်ဆောင်ရွက်နိုင်ပါသည်။ တောင်အရပ်သို့ မျက်နှာမူ၍ လုပ်ငန်းစတင်ဆောင်ရွက်ပါ။ စန်းပွင့်၏။ အရှေ့အရပ်သို့ ညအိပ်ညဉ့်နေ ခရီးရက်ရှည်မသွားသင့်ပါ။ **ဆောင်ပန်း–သီဟိုဠ်ညွန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂–၆–၁–၆–၅)




**၁၉.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ အင်္ဂါနေ့**

ပြဿဒါးရက် ၁ ရက် မိ၏။ ကျန်မကောင်းသောရက်များ လွတ်ကင်းသဖြင့် မလုပ်မဖြစ် လုပ်ရမည့် လုပ်ငန်းမျိုးကိုတော့ ဆောင်ရွက်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရရှိနိုင်ပါသည်။ တောင်အရပ်သို့မျက်နှာမူ၍ လုပ်ငန်းစတင်ဆောင်ရွက်ပါ။ စန်းပွင့်၏။ မြောက်အရပ်သို့ ညအိပ်ညဉ့်နေ ခရီးရက်ရှည်မသွားသင့်ပါ။ **ဆောင်ပန်း–ထန်းညွန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၃–၆–၂–၃–၅)





**၂၀.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်၊ ဗုဒ္ဓဟူးနေ့**

မဟာရက်ကြမ်း ၁ ရက်၊ နဂါးပေါ်ရက် ၁ ရက်၊ လူပြည်ပြဿဒါး ၁ ရက် မကောင်းသောရက် ၃ ရက် မိထားသဖြင့် မည်သို့သော လုပ်ငန်းသစ်မျိုးကိုမျှ စတင်ဆောင်ရွက်ခြင်း မပြုသင့်ပါ။ အခါမပေးတော့ပါ။ အရှေ့တောင်အရပ်သို့ ညအိပ်ညဉ့်နေ ခရီးရက်ရှည် မသွားသင့်ပါ။ **ဆောင်ပန်း–အုန်းညွန့်** ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၄–၄–၃–၃–၅)




www.burmeseclassic.com

www.burmeseclassic.com





**၂၁.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ ကြာသပတေးနေ့**

သမားဖြူရက် ၁ ရက် မိ၏။ ကျန်မကောင်းသောရက်များ လွတ်ကင်းသဖြင့် မလုပ်မဖြစ်လုပ်ရမည့် လုပ်ငန်းမျိုးကိုတော့ ဆောင်ရွက်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှု ရရှိနိုင်ပါသည်။ အနောက်အရပ်သို့ မျက်နှာမူ၍ လုပ်ငန်းစတင်ဆောင်ရွက်ပါ။ စန်းပွင့်၏။ အနောက်တောင်အရပ်သို့ ညအိပ်ညဥ့်နေ ခရီးရက်ရှည်မသွားသင့်ပါ။ **ဆောင်ပန်း–** ကံ့ကော်ညွှန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၅–၄–၈–၃–၅)





**၂၂.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက်၊ သောကြာနေ့**

ရှမ်းရက် ၁ ရက် မိ၏။ ကျန်မကောင်းသောရက်များ လွတ်ကင်းသဖြင့် မလုပ်မဖြစ်လုပ်ရမည့် လုပ်ငန်းမျိုးကိုတော့ ဆောင်ရွက်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရရှိနိုင်ပါသည်။ အနောက်အရပ်သို့ မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ တောင်အရပ်သို့ ညအိပ်ညဥ့်နေ ခရီးရက်ရှည်မသွားသင့်ပါ။ **ဆောင်ပန်း–** ဆီးညွှန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၆–၄–၅–၃–၅)





**၂၃.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၆ ရက်၊ စနေနေ့**

သမားညိုရက် ၁ ရက်၊ ဝါရမိတ္တုငယ် ၁ ရက် မကောင်းသောရက် ၂ ရက် မိထားသဖြင့် မည်သည့်လုပ်ငန်းသစ်မျိုးကိုမှ စတင်ဆောင်ရွက်ခြင်း မပြုလုပ်သင့်ပါ။ အခါမပေးတော့ပါ။ အနောက်အရပ်သို့ ညအိပ်ညဥ့်နေ ခရီးရက်ရှည်မသွားသင့်ပါ။ **ဆောင်ပန်း–** ရွက်လှညွှန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၇–၁–၇–၃–၇)




**၂၄.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ တနင်္ဂနွေနေ့**

သမားညိုရက် ၁ ရက် မိ၏။ ကျန်မကောင်းသောရက်များ လွတ်ကင်းသဖြင့် မလုပ်မဖြစ်လုပ်ရမည့် လုပ်ငန်းမျိုးကိုတော့ ဆောင်ရွက်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရနိုင်ပါသည်။ မြောက်အရပ်သို့ မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ အနောက်အရပ်သို့ ညအိပ်ညဥ့်နေ ခရီးရက်ရှည် မသွားသင့်ပါ။ **ဆောင်ပန်း–** သပြေညွှန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၁–၂–၄–၃–၇)





**၂၅.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ တနင်္လာနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်ကင်းသဖြင့် ရက်ကောင်းရက်မြတ် တစ်ရက်ဖြစ်၏။ မည်သို့သော လုပ်ငန်းသစ်မျိုးကိုမဆို စတင်ဆောင်ရွက်နိုင်ပါသည်။ မြောက်အရပ်သို့ မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ အရှေ့မြောက်အရပ်သို့ ညအိပ်ညဥ့်နေ ခရီးထွက်ခြင်းမျိုး ရှောင်ပါ။ **ဆောင်ပန်း–** သီဟိုဠ်ညွှန့် ဆောင်ပါ။ **ကံကောင်းသောဂဏန်း** (၂–၂–၄–၃–၇)




www.burmeseclassic.com

www.burmeseclassic.com





**၂၆.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်၊ အင်္ဂါနေ့**

ပြဿဒါး ၁ ရက် မိဏ္ဍ။ ကျန်မကောင်းသောရက်များ လွတ်ကင်းသဖြင့် မလုပ်မဖြစ်လုပ်ရ မည့် လုပ်ငန်းကိစ္စများကို စတင်ဆောင်ရွက်နိုင်ပါသည်။ သင့်တင့်စွာ အောင်မြင်မှုရှိ ပါမည်။ အရှေ့အရပ်သို့ မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ အရှေ့မြောက်အရပ်သို့ ညအိပ်ညဥ့်နေ ခရီးထွက်ခြင်းမျိုး ဆောင်ရွက်ပါ။ **ဆောင်ပန်း–ထန်းညွန့် ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၃–၁–၉–၃–၇)





**၂၇.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့**

လူ့ပြည်ပြဿဒါး ၁ ရက်၊ ရက်ပုပ် ၁ ရက် မကောင်းရက် ၂ ရက် မိထားသဖြင့် မည်သို့သော လုပ်ငန်းသစ်မျိုးကိုမျှ စတင်ဆောင်ရွက်ခြင်း မပြုလုပ်သင့်ပါ။ အခါမပေးတော့ အရှေ့အရပ်သို့ ညအိပ်ညဥ့်နေ ခရီးမထွက်သင့်ပါ။ **ဆောင်ပန်း–အုန်းညွန့်ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၄–၁–၆–၃–၇)





**၂၈.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်ကင်းသဖြင့် ရက်ကောင်းရက်မြတ်တစ်ရက် ဖြစ်၏ မည်သို့သော လုပ်ငန်းသစ်မျိုးကိုမဆို စတင်ဆောင်ရွက်နိုင်ပါသည်။ တောင်အရပ်သို့ မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ အမြောက်အရပ်သို့ ညအိပ်ညဥ့်နေ ခရီးရက်ရှည် မထွက်သင့်ပါ။ **ဆောင်ပန်း–ကံ့ကော်ညွန့် ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၅–၄–၁–၃–၇)




**၂၉.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ သောကြာနေ့**

မကောင်းသောရက် ၁၀ ပါးမှလွတ်ကင်းသဖြင့် ရက်ကောင်းရက်မြတ်တစ်ရက် ဖြစ်၏ မည်သို့သော လုပ်ငန်းသစ်မျိုးကိုမဆို စတင်ဆောင်ရွက်နိုင်ပါသည်။ တောင်အရပ်မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ အရှေ့တောင်အရပ်သို့ ညအိပ်ညဥ့်နေ ခရီးရက်ရှည်မထွက်သင့်ပါ။ **ဆောင်ပန်း–ဆီးညွန့် ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၆–၄–၂–၃–၇)




**၃၀.၁၁.၂၀၁၃ ခု၊ ၁၃၇၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်၊ စနေနေ့**

သမားညိုရက် ၁ ရက် မိဏ္ဍ။ ကျန်မကောင်းသောရက်များလွတ်ကင်းသဖြင့် မလုပ်မဖြစ် လုပ်ရမည့် လုပ်ငန်းကိစ္စများကို စတင်ဆောင်ရွက်နိုင်ပါသည်။ စိတ်ရှည်ရှည်ထား ဆောင် ရွက်ပါ။ သင့်တင့်စွာ အောင်မြင်နိုင်ပါသည်။ အနောက်အရပ်သို့ မျက်နှာမူ၍ လုပ်ငန်းစပါ။ စန်းပွင့်၏။ အနောက်တောင်အရပ်သို့ ညအိပ်ညဥ့်နေ ခရီးရက်ရှည်မထွက်သင့်ပါ။ **ဆောင်ပန်း–ရွက်လှညွန့် ဆောင်ပါ။** **ကံကောင်းသောဂဏန်း** (၇–၆–၃–၃–၇)

**ဆရာရွှေ(နက္ခတ္တဗေဒပညာရှင်)**



www.burmeseclassic.com

www.burmeseclassic.com

# ရေဝတီနက္ခတ်ဖွားများအတွက် ဟောကိန်း

## (နက္ခတ် ၂၇ လုံး၊ နတ်နက္ခတ်)

**ကာလီဒါ့ချ်(မြန်မာပြည်)**

### ရေဝတီနက္ခတ်

မြန်မာ့နက္ခတ် ၂၇ လုံးရှိသည့်အနက် နောက်ဆုံးနက္ခတ်ဖြစ်ပြီး၊ အာပေါဓာတ်ကို စိုးမိုးထားသော နက္ခတ်ဖြစ်သည်။ အဘိဓာန်ဋီကာကျမ်းကြီး၌ ဥစ္စာရှိသောနက္ခတ်ဟု ဖော်ညွှန်းထားပြီး၊ ရာဇမတ္တဏ်ကျမ်း၌မူ လုံးရေမည်မျှဟူ၍ မပြ၊ ငါးကြင်းသဏ္ဍာန်၊ မြှူးထောင်သဏ္ဍာန်နက္ခတ်၊ လဃုသင်္ဂဟကျမ်းတွင်မူကား ၃၂ လုံးကြယ်၊ ဆိုင်းဝိုင်းပမာဟု ဆိုသည်။ အာကာသသျှုတ္တရကျမ်းတွင်မူ လုံးရေပြ၏။ ၄ လုံးမြှူး ရက်ဖောက်သဏ္ဍာန်ဟု ပြဆိုထားလေ၏။ လင်္ကာအဆိုအရ "ကိုးလုံးအညီ၊ ရေဝတီတူညီ၊ မြှူးသဏ္ဍာန်လို" ဟူ၍ ဖြစ်သောကြောင့် အာကာသသျှုတ္တရကျမ်းလာကို အမှီသဟဲ ပြုရမည်ဖြစ်၏။ ရေဝတီနက္ခတ်သည် မိန်ရာသီ၏ အာကာသ ပန်းချီကားချပ်အတွင်းရှိ ငါးနှစ်ကောင်ရုပ်အနက်မှ လက်ယာဘက်ကြယ် ၉ လုံးပါဝင်သော မြှူးပုံသဏ္ဍာန် နက္ခတ်ဖြစ်သည်။ နက္ခတ်အမှတ်စဉ် ၂၇ ဖြစ်ပြီး၊ နတ်တို့နှင့် ဆိုင်သော နတ်နက္ခတ်ဖြစ်လေ၏။ မိန်ရာသီနှင့် မိဿရာသီ အစပ်အတွင်း မတ်လ ၈ ရက်မှ ၂၀ ရက်၏ ဧရိယာအတွင်း၌ ပါဝင်နေသော အာကာသနယ်နိမိတ် အပိုင်းအခြားကို ရေဝတီနက္ခတ်က ပိုင်စိုးထားသောကြောင့် ထိုနယ်နိမိတ်အပိုင်းအခြားပေါ် ဘော်ငွေရောင် လမင်းကြီးဖြစ်သော စန်းခေါ် တနင်္ဂနွေဂြိုဟ်မင်း ဖြတ်သန်းကြွမြန်းသွား



www.burmeseclassic.com

www.burmeseclassic.com

နေစဉ် ကြုံကြိုက်မွေးဖွားကြသူများကို ရေဝတီစန်းယှဉ် နက္ခတ်ဖွားများ (သို့) နက္ခတ် ၂၇ လုံး၌ ဖွားမြင်လာကြသူများဟု ခေါ်ဝေါ်ကြသည်။ ကံ့ကော်ရနံ့သင်းသော မိန်ရာသီ ရေဝတီနက္ခတ်နှင့်ယှဉ်၍ မွေးဖွားလာကြသည့် ရေဝတီနက္ခတ်ဖွားများသည် သူရသတ္တိနှင့် ပြည့်စုံပြီး၊ ထင်ပေါ်ကျော်စောလိမ့်မည်။ ယောက်ျားဖြစ်က အမျိုးသမီးဘက် လိုက်ရတတ်ပြီး၊ မိန်းမဖြစ်က အမျိုးသားဘက်သို့ လိုက်၍နေထိုင်ရတတ်သည်။ ကိုယ်ခန္ဓာအချိုးအစား ပြေပြစ်လှပ၍ လောဘ၊ မောဟတရားဘက် အနည်းငယ်ရှိတတ်မည်။ ခရီးသွားလာခြင်း၌ မွေ့လျော်ကြပြီး၊ သူတစ်ပါးအပေါ် မနာလိုဝန်တိုစိတ်နည်းလိမ့်မည်။ ရေဝတီနက္ခတ်သည် သမာသမတ်နက္ခတ်ဖြစ်ပြီး၊ ဤနက္ခတ်နှင့် ဘဝအစပြုလာကြသော သားကောင်း၊ သမီးရတနာတို့၏ ဘဝပန်းရထား ခရီးအကွေ့အကောက်သည် အောက်ပါအတိုင်း ဖြစ်လာရလိမ့်မည်။

## အတွင်းစိတ်နေစိတ်ထား

ရေဝတီနက္ခတ်ရှင်များသည် သမာသမတ်ရှိကြသော်လည်း အနည်းငယ် ဘဝင်မြင့်တတ်ပြီး တစ်ပါးသူ၏ အထင်အမြင်ကြီးအောင် ကြွကြွရွရွ ဝတ်စားနေထိုင်တတ်ကြမည်။ သူတစ်ပါးက မိုးမွှန်နတ်ရှုံးလောက်အောင် တော်နေတတ်နေပါစေ အထင်မကြီးတတ်သည့်ပြင် အားမလိုအားမရ ဖြစ်နေတတ်မည်။ မိမိတို့၏ အောင်မြင်မှုများအပေါ် ဦးကာချဲ့ အမွှမ်းတင်၍ ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်အောင် ဂုဏ်ရောင်တင်၍ ပြောဆိုတတ်မည်။ ရည်ရွယ်ချက်ကြီးမားကြသူများဖြစ်၍ အနည်းအကျဉ်းသော အောင်မြင်မှုမျိုးနှင့် မရောင့်ရဲ၊ မတင်းတိမ်နိုင်ဘဲ ထုထည်ကြီးမားသော အောင်မြင်မှုမျိုးကိုသာ မျှော်မှန်းလိုလားလိမ့်မည်။ ချက်ဆို နားခွက်က မီးတောက်တတ်သူများ ဖြစ်ကြပေမယ့် အနည်းငယ် စိတ်မြန်လက်မြန် ရှိကြသည်မို့ တစ်ခါတစ်ရံ ဆုံးဖြတ်ချက်လွဲမှားပြီး ပန်းတိုင်လွဲရတတ်သည်။ ဤနက္ခတ်ရှင်များသည် ကြိုတင်သိမြင်နိုင်စွမ်းရှိသော အကြားအမြင် ဂမ္ဘီရပါရမီဉာဏ် အထုံမျိုး၌ စိတ်ဝင်စားတတ်သူများ ဖြစ်သောကြောင့် ဖြစ်လာမည့်ကိစ္စရပ်များကို ကြိုတင်သိမြင်နေတတ်ကာ ရန်အပေါင်းကို ရှောင်လွှဲအောင်မြင်နိုင်သူများ ဖြစ်ကြသည်။ သူတစ်ပါးကမကောင်းကြံလျှင် လက်တစ်လုံးခြား ကံကောင်းလွတ်မြောက်သွားတတ်သော ကံဇာတာမျိုးဖြစ်သည်။ ဤနက္ခတ်ရှင်များသည် ကိုယ်ယုံကြည်ရာကို ရဲရဲတင်းတင်း လွတ်လွတ်လပ်လပ် လုပ်ကိုင်သွားခြင်းဖြင့် ဘဝ၏ အောင်မြင်မှုပန်းတိုင်ကို ဆွတ်ခူးနိုင်မည်ဟူသော ဒဿနရှင်များ ဖြစ်ကြသည်။

## အလုပ်နှင့် ကြီးပွားရေး

ဤနက္ခတ်ရှင်များသည် မည်သည့်အလုပ်အကိုင်မျိုး၌ဖြစ်စေ အနည်းနှင့်အများ အကျွမ်းဝင်တတ်ကြပြီး၊ အလုပ်ပေါ် ထူးထူးခြားခြား စိတ်ဝင်စားလုပ်ကိုင်တတ်သူများ ဖြစ်ကြသည်။ လောကီရေးရာ အဖြာဖြာတို့၌ နှံ့စပ်ကျွမ်းဝင်တတ်ကြပြီး ဆက်ဆံရေး၌ လိမ္မာပါးနပ်ကြသူများဖြစ်ကြသောကြောင့် စီးပွားရေးလောကတွင် ဝင်ဆံ့ပြီး လူသိများသူများ ဖြစ်ကြလိမ့်မည်။ ဘဝကံတစ်လျှောက်လုံး၌ ရေးကုသိုလ်ကံ အကျိုးပေးထက် လက်ရှိဘဝ၏ ကြိုးစားအားထုတ်မှုဖြင့် အောင်မြင်သူဦးရေများတတ်သည်။ ရိုးရိုးအေးအေး လောဘနည်းသော အလုပ်မျိုးထက် စွန့်စားလုပ်ကိုင်ရသော အလုပ်အကိုင်မျိုးကို ပိုမိုစိတ်ဝင်စား လုပ်ကိုင်လိုကြလိမ့်မည်။ အထူးသဖြင့် ခရီးသွားလုပ်ငန်း၊ ရေခြားမြေခြား တိုင်းတစ်ပါးနှင့် စွန့်စားရင်းနှီးမြှုပ်နှံရသောလုပ်ငန်း၊ ရွှေတွင်းငွေတွင်း၊ ကျောက်မျက်ရတနာတွင်းများကို တူးဖော်လုပ်ကိုင်ရသော လုပ်ငန်းများနှင့် ဦးဦးဖျားဖျား တီထွင်စွန့်စားလုပ်ကိုင်ရသော လုပ်ငန်းများကို စိတ်ဝင်စားလုပ်ကိုင်လိုကြလိမ့်မည်။ ယင်းလုပ်ငန်းမျိုးနှင့် အကျိုးပေးတတ်သည်။ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ တည်းခိုခန်းနှင့် အပေါင်ဆိုင်လုပ်ငန်းများနှင့် အကျိုးပေး အောင်မြင်ဖြစ်ထွန်းလိမ့်မည်။

## အချစ်နှင့် အိမ်ထောင်ရေး

ရေဝတီနက္ခတ်ရှင်များသည် လူမက နတ်တမျှ ကိုယ်ဟန်ကြော့ရှင်း ပြေပြစ်လှပသူများ ဖြစ်တတ်သည်မို့ ချစ်သူပိုင်းဝိုင်းလည်နေတတ်သော ဇာတာမျိုးဖြစ်သည်။ ဤ



www.burmeseclassic.com

www.burmeseclassic.com

နက္ခတ်ရှင်များ၏ အချစ်သည် ရာမမင်းသား၏ မြားချက်က လေကိုခွင်း၍ ဒသဂီရိမင်း၏ ရင်ညွန့်ထဲ စူးဝင်သွားသည့်ပမာ နှလုံးသားနုနုထဲကို အချစ်ဟူသော မြားချက်ထိမှန်စူးဝင်ခံရလျှင် မြားနတ်မောင်က ခွင့်ပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ အချစ်စိတ်ကြောင့် ထမင်းရည်ပူ လျက်ရ လျက်ရ၊ တဲအိုပျက်နဲ့ နေရနေရ ငွတ်ချစ်တတ်သော အချစ်မျိုးဖြစ်သည်။ အချစ်ဆိုတာ ချိုသကာလား၊ ခါးတမာလား ဝေခွဲမရတဲ့ နှလုံးသားထဲက ဝေဒနာတစ်မျိုးဖြစ်သည်ဟု အချစ်သုတေသီများက ဆိုသည်။ ဤနက္ခတ်ရှင်များကမူ အချစ်ကို ဝိဇ္ဇာအားဆေးအဖြစ် ခံယူကြပြီး ဘဝအခက်အခဲမှန်သမျှကို ကျော်လွှားနိုင်ကာ သာယာသော အိမ်ထောင်ရေးဘဝသစ်ကို တည်ဆောက်သွားနိုင်လိမ့်မည်။ အချစ်ကို ရှေ့တန်းတင်ပြီး အချစ်၏ကျေးကျွန်ပမာ ခံယူတတ်သူများဖြစ်ကြသည်မို့ ငယ်ငယ်ရွယ်ရွယ်နှင့် မိဘကို စွန့်ခွာ၍ အိမ်ထောင်ပြုသွားရတတ်မည်။ အသက် ၂၀ မှ ၂၅ နှစ်အတွင်း ဖြစ်ရတတ်သည်။ အိမ်ထောင်ပြုပြီးလျှင် ကောင်းသည်ဖြစ်စေ၊ အိမ်ထောင်ရေးအညံ့များကို ဖြတ်သန်းနေရသည်ဖြစ်စေ အိမ်ထောင်မြဲ၍ အဆုံး၌ မျှော်လင့်ချက်ပန်းတိုင်ကို ဆွတ်ခူးယူနိုင်ကြလိမ့်မည်။ အိုးပိုင်အိမ်ပိုင်ဘဝမျိုးနှင့် နေထိုင်ရပြီး သားသမီးအကျိုးခံစားနိုင်မည်။ ရေဝတီနက္ခတ်သည် နတ်နက္ခတ်ဖြစ်သောကြောင့် နတ်နက္ခတ်အချင်းချင်းဆိမ်းမြားလက်ထပ်ခြင်းသည် အကောင်းဆုံးဖြစ်သည်။ အကယ်၍ နက္ခတ်တူချင်း ဖူးစာမဆုံစည်းနိုင်ပါက မည်သည့်နက္ခတ်နှင့်ဖြစ်စေ အိမ်ထောင်ပြုနိုင်သည်။ နတ်တို့မည်သည် လူရော၊ ဘီလူးနှင့်ပါ တွဲဖက်နေနိုင်သောကြောင့် ဖြစ်ပါသည်။

## ပညာရေး

ဤနက္ခတ်သည် ပညာဂြိုဟ်နက္ခတ်ဖြစ်သည်။ ဤနက္ခတ်၌ ဖွားမြင်သူများသည်လည်း ပညာရေး၌ အထူးအောင်မြင်နိုင်လိမ့်မည်။ အဆုံးအဖြတ်ပေးမည့် အတန်းတင်စာမေးပွဲနှင့် အလုပ်အင်တာဗျူးများတွင် ထူးထူးချွန်ချွန်အောင်မြင်ကျော်လွှားနိုင်မည်။ အဆင့်မြင့်နည်းပညာများကို ဆတ်လက်သင်ယူနိုင်ပြီး၊ အများက အံ့ဩလောက်အောင် ထင်ထင်ရှားရှား အောင်မြင်ကျော်ကြားသူများ ဖြစ်ကြပါလိမ့်မည်။

## ကျန်းမာရေး

ရေဝတီနက္ခတ်ရှင်တို့သည် ရောဂါကြီးကြီးမားမား ကင်းလွတ်နိုင်သော်လည်း ရောဂါသေးသေးမွှားမွှား ထူပြောတတ်မည်။ မကြာခဏ အအေးမိနှာစေး၊ ချောင်းဆိုးရင်ကျပ်ဖြစ်တတ်ခြင်း၊ မျက်စိအားနည်း၍ မျက်စိမှုန်ခြင်း၊ နောက်ကြောတက်၊ ဇက်လေး၊ အဆစ်အမြစ်နာကျင်ကိုက်ခဲခြင်းနှင့် အရေပြားရောဂါ၊ အနာ အဖုအပိမ့်ပေါက်ခြင်းများ ဖြစ်ရတတ်သည်။ စိုးရိမ်ရန်အကြောင်းမရှိပါ။ အလိုအလျောက်ပျောက်ကင်းသက်သာသွားရလိမ့်မည်။

## ရှောင်ရန်,ဆောင်ရန်

အပေါင်းအသင်းကြောင့် ဖွဲဆိုးဖောက်တတ်သူများ ဖြစ်သောကြောင့် မိတ်ကောင်းဆွေကောင်း ရွေးချယ်ပေါင်းသင်းသင့်သည်။ ချစ်သူနှင့် ခိုးရာပါလိုက်သွားခြင်းမျိုးကို ရှောင်ကြဉ်ရမည်။ မိမိတို့နှင့် သင့်တော်အကျိုးပေးမည့် ကျောက်မျက်ရတနာသည် မြကျောက်ဖြစ်ပြီး ကံကောင်းလာဘ်စန်းတက်စေမည့် အရောင်များမှာ အစိမ်းနု၊ အဝါနုကံ့ကော်ပန်း (သို့) ကံ့ကော်ညွန့် ဘုရားတင် ကပ်လှူပူဇော်ဆုတောင်းလျှင် မကောင်းမှုဟူသမျှ ကင်းပစေ၍ ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံစေလိမ့်မည်။ ရေဝတီနက္ခတ်ရှင်များသည် သမာသမတ်အားထုတ် လုပ်ကိုင်ကြိုးစားသွားခြင်းဖြင့် ထက်ဝဋ္ဋာပေါ်၌ပွင့်သော နတ်ပန်းလို ဘဝလှပပြီး နတ်ရေကန်ထဲပွင့်သော ကြာမျိုးငါးပါးပမာ တင့်တယ်ကြပါလိမ့်မည်။ ဤတွင် နက္ခတ် ၂၇ လုံး ပြီး၏။ ဤတွင် နက္ခတ် ၂၇ လုံး အဟောပြီး၏။

နိဂုံးတဖြင့် • • •

*ကာလီဒါချ်(မြန်မာပြည်)*



www.burmeseclassic.com

www.burmeseclassic.com

## အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်နှင့်
# ထွက်ရပ်ပေါက်ပုဂ္ဂိုလ်များ၏
# ညွှန်ပြစောင်မမှုကိုရရှိပုံ
## ကျွန်ုပ်၏အတွေ့အကြုံများ (၆)

ဖိုးသန်းကျော်(ရေကြည်သား)

ကျွန်ုပ်သည် လက်ရှိနေထိုင်သော အိမ်သို့ ဆရာဦးအေးသောင်းနှင့် ဆရာကြီးဦးအေးတို့ကို သီးခြားစီပင့်ဖိတ်၍ ထမင်းကျွေးခဲ့ဖူးပါသည်။ ကျွန်ုပ်နှင့် ဆရာကြီးဦးအေး၏လက်ထောက် ဆရာဦးသိန်းအေးတို့သည် ဗိုလ်တထောင် အထက(၅) လူငယ်ရေးရာညကျောင်းတွင် အချိန်ပိုင်း ညကျောင်းဆရာအဖြစ် လုပ်ကိုင်ခဲ့ကြ၍ ခင်မင်ရင်းနှီးခဲ့ရာမှတစ်ဆင့် ဆရာကြီးဦးအေးနှင့် သိကြ၊ ခင်မင်ခဲ့ကြပါသည်။

ဆရာဦးအေးသောင်းသည် ၁၉၇၅ ခုနှစ်ခန့်တွင် ဟင်္သာတဘက်သို့ စခန်းထွက်သွားစဉ် ကွယ်လွန်၍ ထွက်ရပ်ပေါက်သွားသည်။ ဆရာကြီးဦးအေးမှာ ၂၀၀၃ ခုနှစ်တွင် သူ၏အိမ်မှာပင် ကွယ်လွန်၍ ထွက်ရပ်ပေါက်သွားသည်။ သူတို့ထွက်ရပ်ပေါက်သွားကြောင်းကို ကျွန်ုပ် ဘုရားပွဲထိုးလျှုစဉ်နှင့် ဝိပဿနာအားထုတ်၍ သမာဓိအားကောင်းစဉ်မှာ ဆရာဦးအေးသောင်းက အဘတို့မေးသည်ကို သူရေနစ်သေသည်ဟု ဖြေသံကြားရ၏။ ဆရာကြီးဦးအေးက ဝိပဿနာအားထုတ်စဉ်မှာ လိုအပ်ချက်ကို ဆုံးမပြောပြ၍ သိရ၏။ သူ့ကို လက်ဖက်ရည်ချိုဆက်ကပ်စဉ်မှာလည်း “မင်း ခုမှ လက်ဖက်ရည်လှူဖြစ်တော့သည်”ဟု ပြောသံကြား၍သိရ၏။ အားလုံးကို နေ့စဉ်ဒါနပြုတိုင်း အမျှပေးဝေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၁၉၇၃ မှ ၁၉၇၅-၇၆ ခုနှစ်ထိ နှစ်များတွင် ဆရာကြီးဦးအေး ဖိုထိုးစဉ်မှာ မီးသွေးများ၊ လုံခွံများ၊ လုံပက်များ၊ ဓာတ်ဆေးများ၊ လက်ချားများ ဝယ်လှူခဲ့ပါသည်။ ခဲသတ္တုအလိုရှိစဉ်ကလည်း လှူခဲ့ပါသည်။ ထိုစဉ်က မီးသွေးအိတ်ကြီး တစ်အိတ်ကို ၇-၈ သာ ပေးရ၏။ ငွေကြေးနှင့် အဝတ်ပုဆိုးများလည်း လှူခဲ့၏။ အလွန်ပင်ရင်းနှီးခင်မင်သော ဆရာတစ်ဦးကဲ့သို့ ဆက်ဆံခဲ့၍ ဆရာကြီးကလည်း တပည့်ရင်းတစ်ဦးအဖြစ် ဆက်ဆံပြောဆိုခဲ့လေသည်။ ထိုစဉ်ကာလ တစ်ညတွင် အိပ်မက်မြင်မက်၏။ ဝင်းခြံကျယ်ကျယ်မှာ အလွန်ခံ့ထည်သော အဆောက်အဦ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းသို့ ရောက်သွား၏။ ဆရာတော်များထဲမှ အကြီးဆုံးဆရာတော်ကြီးက ကျွန်ုပ်ကို ပြောပြ၏။ "၆ ရပ်ကွက် မှန်သည်"တဲ့။ အိပ်ရာမှနိုးသောအခါ ဆရာကြီးဦးအေး ဖိုထိုးနေသောအခါ ပြောပြလိုက်သဖြင့် ဆရာကြီးလည်း အားရှိ အားတက်လာကာ ဂရုတစိုက် ဖိုထိုးခဲ့လေသည်။ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်း၊ ပူဇော်ပွဲထိုးခြင်း၊ အဓိဋ္ဌာန်ဝင်ခြင်း၊ အဓိဋ္ဌာန်စခန်းထွက်ခြင်းလည်း ပြုလုပ်ခဲ့လေသည်။ အဘဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ယက္ကန်းစင်တောင်ဆရာတော်၊ ရာကျော်ဆရာတော်ကြီးများက စောင့်ရှောက်ညွှန်ပြကြောင်း ပြောပြ၍ သိရ၏။

ထိုသို့ နှစ်ရှည်လများ အားထုတ်လုပ်ကိုင်ခဲ့၍ ရွှေလုပ်ရပ်ကို အောင်မြင်ခဲ့လေသည်။ ကျွန်ုပ်ကို လက်ထပ်သင်ပေးမည်ပြောခဲ့၏။ ကျွန်ုပ်သည် သူကဲ့သို့ သီလ၊ သမာဓိ မကောင်းနိုင်သေး၍ မလုပ်လိုသေးကြောင်း ပြောပြလိုက်ရ၏။ ထွက်ရပ်လမ်းမှာ လမ်းရှည်မှန်းလည်း သိ၏။ ဝိပဿနာအကျင့်မြတ်ကို မိုးကုတ်ဆရာတော်ဘုရား အရှင်ဝိမလ၏ တရားကို နာဖူးသဖြင့် နိဗ္ဗာန်ကိုသာ ပို၍လိုလားသောကြောင့်လည်း ဖြစ်၏။ အဖေဘက်မှ အဘိုးလေးများ ဖိုထိုးခဲ့၍ ခက်ခဲကြောင်းလည်း သိထား၍ ဖြစ်ပါသည်။

ဆရာကြီးဦးအေးသည် ၁၉၈၄ ခုနှစ် မတိုင်မီမှာပင် ပထမအကြိမ် ရွှေလုပ်နိုင်သော အဆင့်မြင့် သိဒ္ဓိရှိသော ဓာတ်လုံးကို ရခဲ့လေသည်။ လုံခွံဖြင့်ပင် လုပ်နိုင်ခဲ့၏။ သူ၏ တပည့်ရင်းတစ်ဦးက သစ္စာဖောက်ပြီး ယူသွား၍ ဆက်မလုပ်ဖြစ်ခဲ့ပေ။ ဓာတ်လုံးအသစ်ကို အစမှ ပြန်၍လုပ်ကိုင်ခဲ့ရလေသည်။ ထိုလူက လှိုင်မြို့နယ်မှာ နေ၏။ တစ်ခါသော် ဆရာကြီးဦးအေးက ကျွန်ုပ်ကို မွေးနေ့၊ မွေးသက္ကရာဇ်တောင်းပြီး တွက်ကြည့်၏။ တနင်္ဂနွေသား၊ အဓိပတိဖွားမှန်းသိသွား၍ အင်းချခြင်း၊ အင်းကစားခြင်းပြုပါက စွမ်းမည်ဆို၏။ အင်းဖက်လိုက်စားရန် တိုက်တွန်း၏။ အင်းချနည်း၊ အင်းဆံသွင်းနည်း သင်ပြပေး၏။ အင်းဆံသွင်းရာ၌ ရွတ်ဆိုရသော စာသားများကို ပြောပြ၍ ရေးမှတ်ထားခဲ့လေသည်။ မှတ်သားထားသည်များကို ရှာဖွေတွေ့ရှိ၍ ဖတ်ကြည့်သောအခါမှ ပထမအကြိမ် ရွှေလုပ်သော လုပ်ရပ်ကို ဆရာကြီးဦးအေး ပြောပြသည့်အတိုင်း ရေးမှတ်ထားသည်ကို တွေ့ရသဖြင့် ထပ်မံဖော်ပြပါမည်။

ကျွန်ုပ်သည် သမ္ဗုဒ္ဓေဘုရားရှိခိုးကို ရှိခိုးရွတ်ဆိုရုံမျှမက ၁၉၅၇-၅၈ ခုနှစ် "ပင်းယ"ဆောင်၊ ရန်ကုန်တက္ကသိုလ်တွင် နေ၍ ကျောင်းတက်စဉ်ကပင် အရဟံဂုဏ်တော် ပုတီးစိပ်ခဲ့ပါသည်။ ၁၉၆၂ ခုနှစ်တွင် သမ္ဗုဒ္ဓေဘုရားရှိခိုးဂါထာတစ်ပုဒ်ကို ပုတီးတစ်လုံးဖြင့် ပုတီးပတ်ရေ သက်စေ့စိပ်ခဲ့ပါသည်။ အသက်သတ်လွတ်လည်း စားခဲ့ပါသည်။ နေထိုင်မကောင်းသောအခါ အိပ်မက်ထဲတွင် ဆေးတိုက်ခြင်း၊ ဆေးထိုးခြင်း ခံရဖူး၏။ နောက်ပိုင်းတွင် ဖိုထိုး၍ရသော ဓာတ်ဆေးများလည်း သောက်ဖူး၏။ ထို့ကြောင့်ပင် ယခုအသက် ၇၅ နှစ်ရောက်သည့်တိုင်အောင် သွေးတိုး၊ ဆီးချို၊ နှလုံး၊ အဆုတ် စသည့် ရောဂါဘယများ မရှိ။ လောကီအလိုပကတိ ကျန်းမာသူ ဆိုရပါမည်။ ဓမ္မသဘောအရတွင်မူ အစားထိုးခြင်း၊ ပျက်ခြင်း ဖြစ်ပျက်သဘော ခန္ဓာသာလျှင် ဖြစ်ချေ၏။

ထွက်ရပ်ပေါက်၊ သိဒ္ဓိရှင်၊ မဟာသိဒ္ဓိရှင်များ၊ ပြဒါးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာများ ရှိကြ၏။ ထိုလောကီဝိဇ္ဇာများသည် သီလ၊ သမာဓိ ပြည့်စုံသူကိုသာ ဆေးဝါး စသော ချီးမြှင့်စရာကို ချီးမြှင့်ပေးကမ်းလေ့ရှိ၏။

ကျွန်ုပ်သည် ငယ်စဉ်ကပင် အင်ဂျင်နီယာ ဖြစ်လို၏။ ဆရာဝန် ဆေးဆရာအဖြစ်ကို အလိုမရှိခဲ့ချေ။ ၁၉၅၇ ခုနှစ် တက္ကသိုလ်ဝင်တန်း အောင်စဉ်ကလည်း ဘိုင်အိုဘာသာတွဲယူ၍ ဆေးလိုင်းလိုက်နိုင်သော်လည်း မလိုက်ခဲ့ပါချေ။ ဆေးဝါးကုသခြင်းအလုပ်ကို မလုပ်ချင်သော်လည်း ထိုအလုပ်ကို လုပ်ပေးရသော ရန်ကုန်ဆေးရုံကြီး ဓာတ်ရောင်ခြည်ဆေးကုဌာနတွင် ၁၉၆၂ ခုနှစ်မှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ရွေးချယ်ခန့်ထားခံရ၍ ၁၉၉၇ ခုနှစ် ပင်စင်ယူသည်အထိ လုပ်ကိုင်ခဲ့ရသည်မှာ ကံဇာတ်ဆရာအလိုကျ ဖြစ်နိုင်သကဲ့သို့ ဝိပဿနာအကျင့်အတွက် ခန္ဓာဆိုတာ ဒုက္ခသစ္စာ အမှန်ဖြစ်ကြောင်း သိစေလို၍ လုပ်ကိုင်ရခြင်းလည်း ဖြစ်နိုင်ပါသည်။ ကင်ဆာရောဂါသည် ကိုယ်ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com

အစိတ်အပိုင်းအားလုံး (The whole body) တွင် မည်သည့်နေရာတွင်မဆို ဖြစ်နိုင်သည်။ သို့သော် Causes of Cancer ကင်ဆာဖြစ်စေတတ်သော အကြောင်းများ ပေါ်ပေါက်နိုင်သော နေရာများ၌သာ အဖြစ်များလေသည်။ Normal tissue မှ Abnormal Tissue အဖြစ် ပြောင်းပြီးနောက် Malignant cell များ ပေါ်ပေါက်ပါက ကုသ၍ လွယ်လွယ်နှင့် မပျောက်နိုင်သော Cancer ရောဂါ ဖြစ်လာရလေသည်။ ရောဂါအလွန်အကျွံ ဖြစ်သောအခါ နာကျင်ကိုက်ခဲမှုကို ပြင်းထန်စွာ ခံစားနေရသော လူနာများမှာ အလွန်သနားစရာ ကောင်းလှပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် တိကျသေချာစွာ Treatment Plan အတိုင်းသာ ဓာတ်ရောင်ခြည်ဖြင့် ကုသလုပ်ကိုင်ပေးခဲ့လေသည်။ သို့သော်လည်း စောစီးစွာ သိ၍ ကုသခံမှသာ ပျောက်ကင်း၍ နောက်ကျမှ ကုသခံသူတို့ မပျောက်ကင်းနိုင်ပါ။ သူတို့၏ရောဂါကို လုံးဝပျောက်ကင်းချမ်းသာစေလိုပါသည်။

ဆေးကောင်းလျှင် သန်းခေါင်းဟု ဆိုရိုးစကားရှိ၏။ အစွမ်းထက်သော သိဒ္ဓိဆေး၊ မဟိဒ္ဓိဆေးများ ဖြစ်နိုင်၏။ ထိုဆေးများရှိနိုင်သည်ကိုလည်း ယုံကြည်၏။ ဘဟန်း ရန်ကုန်ကြွရောက်တိုင်းသွားသော၊ သူနှင့်ရင်းနှီးသော အလုံသစ်တောလမ်း အောင်မင်္ဂလာဆရာတော်ထံမှ ကျွန်ုပ်သည် ထိုဆေးမျိုး မီးခြစ်ဆံခေါင်းပမာဏ သုံးလေးကြိမ် စားဖူး၏။ ဆရာကြီးဦးအေးမှာ အင်္ဂရတ်ထိုးစဉ်က ထိုဆေးမျိုး လုပ်ကိုင်ခဲ့ခြင်း မရှိ၍ မရခဲ့ပါ။ ၁၉၇၇ ခုနှစ်ခန့်တွင် တိုင်းရင်းဆေးဖြင့် ကင်ဆာရောဂါများကို ကုသပေးသော စမ်းချောင်းဘုန်းကြီး နာမည်ကြီးလာ၏။ လူနာလည်း များသည်။ ရုပ်ရှင်သရုပ်ဆောင် လူရွှင်တော် ဦးသန်းနွဲ့သည် အသံအိုးကင်ဆာ ဖြစ်သောအခါ ထိုဆရာတော်ထံတွင် ပထမ ကုသခံခဲ့၏။ သူ၏ဆရာဝန်မှာ E.N.T မှ ဒေါက်တာဦးသိန်းမောင် ဖြစ်၏။ သဘောကောင်းသဖြင့် လူနာအလိုလိုက်ပြီး ခွင့်ပြုခဲ့၏။ သက်သာခြင်းမရှိမှ ကျွန်ုပ်တို့ ဓာတ်ရောင်ခြည်ဌာန ဆရာဝန်ကြီး ဒေါက်တာဦးတင်အောင်ထံ ခေါ်လာပြီး ကုသခံ၏။ ကုသ၍ သီတင်းတစ်ပတ်ကြာသော် ကုသမှုဖြစ်စဉ်အတိုင်း လည်ချောင်း ပါးစပ်ဖြစ်၍ ရေထိသဖြင့် နာကျင်မှုဖြစ်လာ၏။ ဆေးဝါးဖြင့် သက်သာနိုင်သည်ကို သည်းမခံဘဲ စမ်းချောင်းဘုန်းကြီးထံ ပြန်သွား၍ ကုသခံ၏။ ဓာတ်ရောင်ခြည်နှားလိုက်၍ ပထမတွင် သက်သာသလိုရှိသော်လည်း နောက်ပိုင်း ရောဂါပိုဆိုးလာ၍ ဓာတ်ရောင်ခြည်ဌာနသို့ ပြန်လာပြီး ကုသခံပြန်၏။ ဟိုပြောင်း၊ ဒီလာ ကုသမှုစနစ်တကျမရနိုင်၍ ပျောက်ကင်းရန် ခဲယဉ်းသော်လည်း push up to maxtmandise ပေး၍ ကုသပေးခဲ့၏။ တစ်နှစ်ကျော်တွင် ရောဂါပြန်ထ၏။ အင်္ဂလန်နိုင်ငံသို့သွား၍ သူ၏အစ်ကို အင်ဂျင်နီယာလိုက်ပါလျက် ကုသခံ၏။ ဓာတ်ရောင်ခြည်ကုသခံပြီး၍ အသံအိုးကို ခွဲစိတ်ထုတ်ပယ်ပြီး ပြန်လာခဲ့ရလေသည်။ ဘာမျှမတတ်နိုင်၊ ကွယ်လွန်ခဲ့လေ၏။

ကင်ဆာရောဂါဖြစ်လျှင် ဖြစ်စမှာ သိဖို့လိုအပ်၏။ စောစောသိပြီး ကုသခံပါက လုံးဝပျောက်ကင်း၏။ ယခုတိုင် ရောဂါပျောက်ကင်းပြီး အသက်ရှင်နေသူများ ရှိ၏။ ရောဂါပျောက်ကင်းစေရန် proper treatment plan ဖြစ်လို့ လိုအပ်သည်။ ထို့ပြင် ဆိုင်ရာပညာရှင်များ အသိပညာ၊ အတတ်ပညာ ပြည့်စုံရန်လည်း လိုအပ်၏။

ထွက်ရပ်ပေါက်၊ သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်များ၊ ပြဒါးဝိဇ္ဇာ၊ အင်းဝိဇ္ဇာ၊ ဆေးဝိဇ္ဇာ၊ စမဝိဇ္ဇာ၊ မန္တန်ဝိဇ္ဇာများ ရှိကြ၏။ ထိုလောကီဝိဇ္ဇာများသည် သီလ၊ သမာဓိ ပြည့်စုံသူကိုသာ ဆေးဝါး စသော ချီးမြှင့်စရာကို ချီးမြှင့်ပေးတမ်းလေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com

ဓာတ်ရောင်ခြည် ဆေးကုစက်၊ LA စက်၊ ရောဂါပုံဖော်စက်၊ Treatment Plan အတွက် Computer Plane စက်များ လိုအပ်ပါသည်။

ကင်ဆာရောဂါကို ကုသမှုအပိုင်းတွင် အပိုင်းသုံးပိုင်းရှိ၏။ ကင်ဆာအထူးကုဆရာဝန် Radio Therapist၊ ဓာတ်ရောင်ခြည်စက်များ တိုင်းထွာရန်နှင့် Treatment Plan ပြုလုပ်ရန် ရူပဗေဒ အရာရှိနှင့် Traeatment Plan ပြုလုပ်ခြင်း၊ တွက်ချက်ခြင်းနှင့် ဓာတ်ရောင်ခြည်စက်များတွင် လိုအပ်သော အသုံးအဆောင်များကို စနစ်ကျနမှန်ကန်စွာ လုပ်ပေးရသော ဓာတ်ရောင်ခြည်ကျွမ်းကျင်သူ Raido Therapist Technicians များသည် မိမိတို့၏ ဆိုင်ရာပညာရပ်မှာ အထူးတတ်သိကျွမ်းကျင် နားလည်ပြီးသူများဖြစ်ဖို့ အရေးကြီးပါသည်။ သို့မှသာလျှင် Proper Treatment Plan ပြုလုပ် ကုသနိုင်မည်၊ ထိရောက်မှုရှိမည်၊ ပျောက်ကင်းနိုင်သော စောစီးစွာ ကုသခံသူတို့ ရောဂါပျောက်ကင်းမည် ဖြစ်၏။ အရည်အချင်းပြည့်စုံမှုနှင့် လိုအပ်သော ဆေးကုစက်အသုံးပြုသော စက်ကိရိယာ မပြည့်စုံပါက တိကျသေချာသော Plan မလုပ်နိုင်၍ ရောဂါပျောက်ကင်းဖို့ရန် အခွင့်အလမ်းလျော့နည်းမည်ဖြစ်၏။ ပျောက်ကင်းနိုင်သည့် အခွင့်အရေး လက်လွှတ်စေနိုင်ပါသည်။

အကယ်၍သာ Maligrant cell နှင့် Abnormal tissue ကို Normal tissue အဖြစ် ပြောင်းလဲပေးနိုင်သော ဓာတုဗေဒဆေး၊ ဓာတ်ဆေး၊ ဘယဆေးများမှ ထိုးသည့်ဆေးမျိုးမဆို ကင်ဆာရောဂါကို ပျောက်ကင်းစေမည်သာ ဖြစ်ပါသည်။ ထိုဆေးများကို ကျွန်ုပ်အလိုရှိ၏။ ပေါ်ပေါက်စေချင်၏။ သို့မှသာ ကင်ဆာရောဂါလူနာများ ရောဂါပျောက်ကင်းမှု ပို၍ တိုးတက်နိုင်မည် ဖြစ်ပါသည်။

၁၉၉၂ ခုနှစ်ခန့်တွင် စမ်းချောင်းလမ်းမှအပြန် ပဒုမ္မာကွင်း ဝန်းကျင်မှာ ဆိုင်ခန်းရထားသော ပရိဘောဂလုပ်ငန်းလုပ်ကိုင်သူ ကိုဝင်းမောင်နှင့် တွေ့သဖြင့် ကင်ဆာရောဂါများပင် ပျောက်ကင်းသည် ဆိုသော "နေ-လ"မန်းဆေးကို တစ်ထုပ်လျှင် ၅ နှင့် အထုပ် ၅၀ ခန့် ဝယ်ခဲ့သည်။ မန်းဆေးဖြစ်၍ အနာ၏ ငန်းမန်းကျစေနိုင်မည် ထင်၏။ သားအိမ်နှင့် ရင်သားလူနာများ ဓာတ်ရောင်ခြည်ကုသခံရသောအခါ မစားချင်၊ မသောက်ချင် မအီမသာ ခံစားနေကြရ၏။ ဓာတ်ရောင်ခြည်သည် Tissue ကို ဖြတ်သွားသော်လည်း Normal cell နှင့် Cancer cell ကို ပျက်စီးစေရာတွင် Cancer cell က ပို၍ ပျက်စီးလွယ်၏။ ပျက်စီးသည်များကို ပြန်ရည်ကြောများမှ အညစ်အကြေးမလများအဖြစ် ထွက်လျှင် သက်သာ၏။ ကျန်နေပါက မအီမသာ ဖြစ်ကြရ၏။ ထို့ကြောင့် တချို့လူနာကို တိုက်တွန်း၍ သဘောတူသဖြင့် "နေလ"မန်းဆေးကို မနက် နှစ်လုံး၊ ည နှစ်လုံး သောက်စေရာ မအီမလည်ဖြစ်မှု၊ မစားချင်မသောက်ချင် ဖြစ်မှုများ သက်သာကာ စားကောင်းအိပ်ပျော်ကြ၏။ အစာဝင်၍ သွေးအားကောင်းပြီး အောက်ဆီဂျင်ဓာတ် ပါဝင်နှုန်းများလာ၍ Radiation effect ပိုကောင်းနိုင်ပြီး၊ ရောဂါပျောက်ကင်းမှု အားသာချက်များ ရှိ၏။ ထိုစဉ်မှာပင် ကျွန်ုပ်တာဝန်ယူလုပ်ကိုင်နေသော LIneer Accelerator (L.A) ဆေးကုစက်တွင် ရင်ခေါင်းအထူးကုဆရာဝန် ဒေါက်တာဦးကျော်မြင့်ထံမှ အဆုတ်ကင်ဆာလူနာထဲမှ အင်းစိန်တွင် နေထိုင်သူတစ်ဦးက သူ့ကိုလည်း "နေလ"ဆေးပေးပါရန် ပြောလာ၏။ ကျွန်ုပ်က သူနှင့် သိပ်ဆိုင်မည် မထင်ခဲ့ပါ။ သို့သော် အဆုတ်ကင်ဆာကြောင့် ချွဲကျပ်နေပြီး ကောင်းကောင်းလှဲမအိပ်နိုင်၊ မစားနိုင် ဖြစ်နေ၍ ကောင်းလိုကောင်းငြား ပေးပါဟု တောင်းလာ၍ ဆေးတစ်ထုပ်ပေးလိုက်၏။ ရောဂါသက်သာမှ ဆေးဖိုးပေးပါ၊ မထူးခြားလျှင် မပေးနဲ့ဟု မှာလိုက်၏။ သောကြာနေ့ပေးလိုက်သည်။ တနင်္လာနေ့မနက် အစောဆုံးရောက်လာပြီး ချွဲများထွက်သွား၍ အိပ်လို့ရ၊ စားလို့ဝင်ပြီး သက်သာ၍ ဝမ်းသာအားရကျေးဇူးတင်ပါကြောင်း လာပြောလေ၏။

ကျွန်ုပ်သည် ဖြစ်စဉ်ကို မေးသောအခါ ဆေးကို မနက်နှစ်လုံး၊ ညနှစ်လုံး သောက်ပါကြောင်း၊ ပထမတွင် ချောင်းဆိုးသောအခါ ချွဲနည်းနည်းထွက်ကြောင်း၊ နောက်ပိုင်းရက်တွင် ချွဲများစွာ ချောင်းဆိုးလျှင် ထွက်သွားကြောင်း၊ ချွဲကုန်၍ ချောင်းလည်း မဆိုး၊ အသက်ရှူကောင်း၍ အိပ်လို့လည်း ကောင်းစွာရကြောင်း ပြောပြ၏။ ထိုအခါမှ အသုံးပြုလိုသော လူနာများကို ဆေးကိုရောင်းပေးသည်။ ဆင်းရဲနွမ်းပါးသူနှင့် သံဃာတော်များကို အလိုရှိက အခမဲ့ပေးလှူခဲ့ပါသည်။

ထို့ကြောင့် တိုင်းရင်းဆေးစွမ်းကောင်းများ ရှိနိုင်သည်ကို ယုံကြည်ခဲ့သည်။ ရှေးယခင်ကလည်း တိုင်းရင်းဆေးဆရာကြီးများ၊ ဆေးဝိဇ္ဇာကြီးများ ရှိကြသည်ကို သိခဲ့လေသည်။ ၁၉၉၃ ခုနှစ်တွင် တိုင်းရင်းဆေးစာမေးပွဲကို ဒီဇင်ဘာလတွင် အစိုးရက ကျင်းပပေးမည်ဖြစ်၍ တောင်ဥက္ကလာပ၊ ၁၀ ရပ်ကွက်မှ သမားတော်ကြီး ဆရာဦးသောင်းနိုင်(ဓမ္မစရိယ အဘိဝံသ တိုင်းရင်းဆေး သုံးဘာသာ



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်ထူး)ပို့ချနေသော သင်တန်းသို့ စနေနှင့် တနင်္ဂနွေနေ့တိုင်း တစ်နှစ်ပတ်လုံး သင်ယူခဲ့လေသည်။ စာမေးပွဲ လေးဘာသာ ဖြေဆိုခဲ့ရာ အောင်မြင်ခဲ့သဖြင့် တဆ-၁၂၉၀ ဖြင့် ဆေးကုသခွင့်ရလေသည်။ ထို့ပြင် ၁၉၉၈ မှ ၂၀၁၂ ခုနှစ်အတွင်း ကျွန်ုပ်၏ အဖေသည် ချောင်းဆိုးချွဲကျပ်ဖြင့် ပန်းနာရင်ကျပ်သဘောမျိုး ဖြစ်ခဲ့သည်။ ရေကြည်မြို့မှ နေအိမ်တွင်ဖြစ်ရာ အဖေ့ကို သုံးကြိမ် "နေလ"မန်းဆေးဖြင့် အသက်ကယ်နိုင်ခဲ့လေသည်။

ထိုစဉ်ကာလမှာ အမှတ်(၂) တပ်မတော်ဆေးရုံကြီး ခုတင်(၅၀၀) ဦးဝိစာရလမ်းတွင်ရှိသော ဆေးရုံ၏ ဓာတ်ရောင်ခြည်ဌာနတွင် တတ်ကျွမ်းသူပညာရှင် အကြံပေးပုဂ္ဂိုလ် (Advisor) အဖြစ် စစ်ရာထူးခန့်ချုပ်၏ ခန့်ထားမှုဖြင့် တာဝန်ထမ်းဆောင်နေချိန်လည်း ဖြစ်၏။ တပ်မှူးကြီးက အကျိုးအကြောင်းတင်ပြ ခွင့်တောင်း၍ ရေကြည်သို့ ပြန်ခဲ့၏။ လိုအပ်သော သိပ္ပံဆေး၊ စားဆေး၊ ထိုးဆေး၊ အကြောဆေးများလည်း ယူခဲ့၏။ နေလမန်းဆေး နှစ်ထုပ်လည်း ယူသွားခဲ့လေသည်။

ရေကြည်မြို့တွင် ညီ၊ ညီမများနှင့် ရင်းနှီးသော ဒေါက်တာသန်းဝင်းကို အိမ်သို့ပင့်၍ ဆေးတိုက်ဆေးထိုး ကုသပေးနေကြ၏။ သီတင်းတစ်ပတ်ကျော်နေပြီဖြစ်၍ ထူးထူးခြားခြားမရှိလှချေ။ သက်သာရုံမျှရှိ၏။ အဖေသည် အဆုတ်တွင် ချွဲများကျပ်နေ၍ အသက်ရှူ၍မကောင်း။ မောပန်းနေ၏။ အဖေ၏ အဆုတ်ထဲမှ ချွဲများထွက်သွားလျှင် သက်သာမည်ကို ကျွန်ုပ်သိ၏။ နေလမန်းဆေးတိုက်လို၏။ အဖေ့ရှေ့မှာပင် ညီ၊ ညီမများကို "နေလ"မန်းဆေးက ချွဲထွက်ပြီး ကောင်းသွားပုံကို ပြောပြ၏။ အဖေလည်း ချွဲထွက်သွားလျှင် အမောလည်း သက်သာမည်၊ ချောင်းဆိုးလည်း သက်သာမည်ဟု ပြောရာတွင် ကျွန်ုပ်အောက် ညီတော်မောင်က - "အစ်ကိုကလည်းကွာ၊ တစ်သက်လုံး ဆေးရုံမှာအလုပ်လုပ်နေပြီး တိုင်းရင်းဆေးနှင့် ကုရမှာလားဆို၏။ ထိုအခါ အဖေက "လူလေး…မင်း နေလဆေး ငါ့ကိုတိုက်ပါ"ဆို၏။ ချွဲကျပ်ချောင်းဆိုးလို့ ခံရတာ မသက်သာဘူး။ သူတို့ခံရတာ မဟုတ်ဘူးဆို၍ သဘောတူ၍ မနက် ၉ နာရီခန့်တွင် ဆေးနှစ်လုံးတိုက်၏။ စတိုက်သောနေ့ဖြစ်၍ 2 T.ds တစ်နေ့ နှစ်လုံး သုံးကြိမ် ရှစ်နာရီခြား၍ တိုက်မည်ဆုံးဖြတ်၍ စပြီး နှစ်လုံးတိုက်လိုက်၏။ နေ့လယ်တွင် ချောင်းဆိုးတိုင်း ခါတိုင်းထက် ချွဲပိုထွက်လာ၏။ ညနေ နှစ်လုံးတိုက်ပြီးနောက် တစ်နာရီခန့်ကြာသော် ချောင်းဆိုးတိုင်း ပို၍ ပို၍ ချွဲများထွက်လာသဖြင့် ချွဲကုန်သလောက် ရှိလာ၍ အသက်ရှူချောင်၏။ ထ၍ ထိုင်၍ ရ၏။ စကားလည်း ကောင်းစွာ ပြောနိုင်၍ ဝမ်းသာကြ၏။ အဖေ သက်သာသွား၍ နောက်တစ်ရက်နေပြီး ပြန်လာခဲ့၏။ လူကြုံဖြင့် နေလဆေး ပို့ပေးခဲ့၏။ အသက် ၈၆ နှစ်တွင်မှ လူကြီးရောဂါဖြင့် ကွယ်လွန်သော်လည်း ချွဲကျပ်မှုသက်သာ၍ တရားရှုမှတ်ရင်း ကွယ်လွန်ခဲ့လေသည်။

ကိုဝင်းမောင်၏ မိတ်ဆက်ပေးမှုကြောင့် နေလမန်းဆေးပိုင်ရှင် ဦးကျော်သန်းနှင့် ခင်မင်ရင်းနှီးခဲ့လေသည်။ သူ၏ နေလ ဆေးများကို အလိုရှိသော လူနာများကို ဝယ်ပေးခဲ့လေသည်။ ထို "နေလ" ဆေးနည်း ဘယ်ကရသလဲဟု မေးသောအခါ သူသည် ပေါက်ခေါင်းမြို့တွင် တာဝန်ထမ်းဆောင်စဉ်ကာလမှာ ဗိုလ်ထိုးနေသော အဘတစ်ဦးကို လိုအပ်သော ကိစ္စများ ကူညီဆောင်ရွက်ပေးခဲ့စဉ်က ဆေးနည်းတောင်းသဖြင့် ထိုအဘပေးသော ဆေးနည်းဖြစ်ကြောင်း သိရ၏။ ထိုအဘနှင့် ရင်းနှီး၍ ဗိုလ်ထိုးခြင်းနှင့် ပတ်သက်၍ ရွှေလုပ်ရပ်ကို သူ့ကိုပေးခဲ့သဖြင့် ကျွန်ုပ်ကို တစ်ဆင့်ပြောပြ၍ မှတ်သားထားခဲ့လေသည်။ ထို့ကြောင့် ဆရာကြီးဦးအေး ပထမဆုံးပေးသောနည်းနှင့် ပေါက်ခေါင်းမှ အဘ၏ ဦးကျော်သန်းကိုပေးသော ရွှေလုပ်နည်းနှစ်ခုကို အောက်တွင် ဖော်ပြလိုက်ပါသည်။

### ဆရာကြီးဦးအေး ပထမအကြိမ် ပေးထားသော ရွှေလုပ်ရပ်နည်း

၁။ (က) နာချော် ၅၊ (ခ) ဆေးဒါန်း ၂

ထိုဆေးနှစ်မျိုးကို ပေါင်း၍ ထောင်းပါ။ ထောင်းပြီး လုံထဲတွင်ထည့်၍ အပေါ်သံဖိ၍ လုံကို ဗိုတိုက်ထဲထည့်ပြီ ဗိုထိုးပါ။

အပေါ်က သံအောက်မှ ဆေးဒါန်းနှင့်နာ ရောထားသော ဓာတ်သားကို ရမည်။ ထိုဓာတ်သားကို ကဋ္ဌနိနာယ ခေါ်၏။ အောက်ဘက်က ဆေးဒါန်းနှင့် နာဓာတ်သားကိုယူ၍ လုံထဲမှာထည့်ပြီး ယမ်းဖြင့်ပေါက်ကာပေါက်ကာ ဗိုထိုးပါ။ အမဲသားလို ချေးတွေ ကွာကျလာမည်။ ထိုချေးများ ကုန်စင်အောင် ထိုးပါ။ နီရာမှ ဖြူလာမည်။ ချေးစင်သောအခါ ဆေးပါ ဖြူလာပြီး သန့်စင်သော ဆေးဒါန်းသတ္တုရမည်။ [အလွန်အရေးကြီးသော လျှို့ဝှက်ချက်ဖြစ်၍ မည်သူမျှ မပြောရန် မှာခဲ့လေသည်။]

၂။ ပြဒါးကိုဝယ်၍ သန့်စင်အောင် ပြုလုပ်နည်း



www.burmeseclassic.com

www.burmeseclassic.com

ပြဒါးကို လုံထဲထည့်၍ လက်ချားနှင့်ယမ်း ရောထားသော ဆေးကို မီးခြစ်ဆံခေါင်းပမာဏလောက်ကို ယူ၍ ပေါက်ကာ ပေါက်ကာ ထည့်ပြီး မီးကိုကြည့်၍ ထိုးပါ။ ပြဒါးထဲမှ ချေးတွေထွက်မှ ကုန်စင်အောင်၊ သန့်စင်သွားအောင် ထိုးပေးခြင်းဖြင့် ချေးစင်ပြီး သန့်သွားလေ၏။

၃။ သန့်စင်သော ဆေးဒါန်းသတ္တုတစ်မူး = ၂ (ပဲသား)၊ သုတပြဒါး တစ်မူး ၂ (ပဲသား)

(က) ထိုနှစ်မျိုးပေါင်း ၂+၂ = ၄ သားရမည်။

(ခ) အခေါက်ရွှေ ၄ သားနှင့် ရောထိုက်ပါက ၄ + ၄ = ၈ (ပဲသားရ၏)

(ဂ) ထို ၈ သည် အပင်စိုက်ထားသည်ဖြစ်၏။

(ဃ) ရွှေသီးသီးရန် ထို ၈ နှင့် သန့်စင်ပြီး ပြဒါး ၈ ကို ရောလိုက်လျှင် ၈ + ၈ = ၁ ကျပ်သားရ၏။

(င) ရသော ရွှေ နိဗ္ဗာနမာတ် ဒီ ကို သန့်စင်ပြီး ပြဒါးလေးတူ ထပ်ကာ ထပ်ကာ သွင်းပါက ရွှေနိဗ္ဗာနမာတ် ရ၏။ ထိုအထဲက ၈ သား နုတ်ထား၊ နောက်ထပ် သန့်စင်ပြဒါးလေးတူ ထပ်သွင်းပါက နိဗ္ဗာနမာတ် ဒီ ရ၏။ ထိုနည်းဖြင့် ရွှေသီးခူးစားနိုင်၏။

ယခင်ဆောင်းပါးတွင် ဆရာကြီးဦးအား ပေးထားချက်ကို ဖော်ပြထားပြီး၍ ဦးယှဉ်ကြည့်ပါ။ ဤလုပ်ရပ်သည် တောင်ဒွတ္တလာပ ၆ ရပ်ကွက်နေ ဆရာကြီးဦးအေး၏ နှစ်ရှည်လများ ကြိုးစားလုပ်ကိုင်၍ ရသော အောင်မြင်သောနည်း ဖြစ်၏။ သူ၏ကိုယ်ပိုင်လုပ်ရပ်လည်း ဖြစ်၏။ ဆရာကြီး နည်းမကျမို့ ထိုလုပ်ရပ်ကို လုပ်ကိုင်သူတို့သည် ငှက်ပျောပွဲသုံးဖီး ပွဲထိုး၍ ကွမ်း ဆေး၊ လက်ဖက် စုံလင်စွာဖြင့် ပွဲပြင်၍ ပင့်ဖိတ်ပြီးမှ လုပ်ရပ်ကို လုပ်ကြစေချင်၏။ သီလ၊ သမာဓိ၊ သိက္ခာ၊ သစ္စာ၊ ကတိ တည်ဖို့လည်း လိုပါသည်။ ဆရာကြီးသည် လက်ဖက်ရည်နှင့် စီးကရက်ကြိုက်သော ထွက်ရပ်ပေါက်ဝိဇ္ဇာ ဖြစ်လေသည်။

## နေလမန်းဆေးဦးကျော်သန်း၏ ပေါက်ခေါင်းမှ အဘတစ်ဦး၏ ဖိုထိုးခြင်း ရွှေလုပ်ရပ်

(က) ဆေးဒါန်းဖမ်းနည်း

၁။ နာ ၁၀ ကျပ်သား

၂။ ယမ်း ၁၀ ကျပ်သား ယူ၍ထား။

နာ ၁၀ ကျပ်သားကို ဒယ်နှင့် အရင်ဆုံး ကျိုထားပါ။ ယမ်းဖြူး၍ သံကောက်နှင့် မွှေပါ။ ယမ်းမကုန်မချင်း ဖြူးပေးပြီး မွှေပါ။ နာမရှိသောအခါ ယမ်းအကုန်ထည့်၍ မွှေပါ။ အင်တုံငယ်ဖြစ်စေ၊ အိုးခြမ်းပဲ့ထဲသို့ဖြစ်စေ သံယောက်မနှင့် မွှေ၍ ခြစ်ထည့်ပါ။ မကုန်မချင်း ခြစ်ယူပါ။ အပူပေး၍ ခြစ်ယူပါ။ အအေးခံပါက ချော်ဝါဖြစ်လာမည်။ အေးသောအခါ အမှုန့်ပြု၍ လေလုံသောပုလင်းမှာထည့်ပြီး ပိတ်ထားပါ။ နာယမ်းရ၏။ (ကဋ္ဌုန်နာယမ်း ထင်၏။)

(ခ) ဆေးဒါန်း ၅ သား အမှုန့်ထောင်း၍ လုံအတွင်း အောက်ဘက်မှာ ထည့်ပါ။ နာယမ်းချော်မှုန့် ၁ဝ ကို အပေါ်ကထည့်ပြီး ဖော်မံ၍ ခြောက်ပါစေ။

(i) မီးလျှံတစ်ခါထိုး တစ်နာရီကြာပါစေ။

(ii) ခါးတိုက်တစ်ခါထိုး တစ်နာရီကြာပါစေ။ (iii) ဖင်တိုက်တစ်ခါထိုး တစ်နာရီကြာပါစေ။ (iv) အဆိုပါဆေးမှုန့် ၅ ကျပ်သားကို လုံထဲမှာထည့်ပါ။ အပေါ်မှ သံကြွပ်နှင့်ဆက်သော သံများ၊ အရည်ပျော်လွယ်သော သံများကို ဓာတ်သားတစ်ကျပ်၊ သံတစ်ကျပ်နှင့်ထည့်၍ ခါးတိုက် တစ်နာရီကြာထိုးပါ။ ဖိုထိုးပြီးပါက လုံထဲတွင် သုံးထပ်ဖြစ်နေလိမ့်မည်။

(v) ထို့နောက် အပေါ်ဆုံးမှအထပ်ကို ဖယ်ထားပါ။

(vi) အောက်ဘက်မှ အပျော့နှင့် အဆတ်ကို ယူ၍ နာလေးတူနှင့် ချက်ပါ။ လုံထဲထည့်၍ ချက်ပါ။ နာတစ်လေးကုန်လျှင် နောက်တစ်လေးထည့်၍ ချက်ပါ။ ထိုသို့ သုံးကြိမ်သုံးခါတိုင်တိုင် ချက်ပါ။

(vii) ရသောဓာတ်သားကို (လက်ချား၊ ကျောက်ချဉ်၊ ဇဝက်သာ) လေးတူထည့်၍ နှစ်ရက်ကြာအောင် ဖိုထိုးပါ။ စင်ကြယ်သော ဓာတ်သားကိုရမည်။

(viii) ကိတ်/ဒင်္ဂါး(ကြီး) + ဓာတ်သား ဆတူတွဲ၍ လျှော်ပါ။ နှစ်ပုံကျန်ပါက မီးလွှတ်ပြီး အေးပါစေ၊ ပြီးလေ၏။ မကြပ်လျှင် နာတစ်လေး ထပ်ထည့်၍ ချက်ပါဟု ပါရှိ၏။ ဉာဏ်ဖြင့် ချင့်ချိန်၍ လုပ်လိုက လုပ်ကြပါကုန်။

သီလ၊ သမာဓိ၊ ဂတိ၊ သစ္စာမလျှော့ိုင်ပြုမှ ကတိတည်၊ သစ္စာရှိပါ၊ အောင်မြင်နိုင်မည်။

*မေတ္တာ,သစ္စာ,သည်းခံ*

ဖိုးသန်းကျော်
(ရေကြည်သား)



www.burmeseclassic.com

www.burmeseclassic.com

# တန်ဖိုးကြီးလှသော သီတဂူ၏

## ဘဝလမ်းညွှန်အဆိုအမိန့်တစ်ခု

**နန္ဒာမောင်(သံဖြူဇရပ်)**

'သီတဂူ'ဟု ဆိုသည်နှင့် 'သီတဂူဆရာတော် ဦးဉာဏိဿရ'ဟူ၍ အများက သိပြီးဖြစ်၏။ ထိုမျှမဟုတ်သေး။ သဲကုန်းဆရာတော်၊ သပိတ်အိုင်ဆရာတော်သည်လည်း 'သီတဂူ'ပင် ဖြစ်လေ၏။ ထပ်ကွန့်လျှင် ပြည်တွင်းပြည်ပ အမျိုးဘာသာ သာသနာ့ဝန်ဆောင် စံပြပုဂ္ဂိုလ်ထူးကြီးဟုလည်း ဆိုနိုင်သေး၏။

သီတဂူသည် ကျဉ်းမြောင်းသည့်ဘဝအတွက် လူဖြစ်လာရသည်မဟုတ်ဘဲ သတ္တဝါအကျိုး၊ အများအကျိုးဆောင်ဖို့ ဘဝထဲ ရောက်လာသူဖြစ်သည့်အလျောက် ဤသို့လျှင် 'အဓိဋ္ဌာန်'ပြုခဲ့လေ၏။

**သီတဂူအဓိဋ္ဌာန်**

ငါတို့ဖြစ်ရ
ဤလောကဝယ်၊ ဘဝသမိုင်း
မရှိုင်းစေရန်၊ စိတ်မာန်မချ
မာနမပါ၊ တို့စွမ်းရာဖြင့်
တို့သာသနာ၊ တို့ပြည်ရွာကို
သာယာစေမူ၊ လုံ့လပြုအံ့။

သီတဂူသည် သာမန်လူသားတို့ မပြုနိုင်သော သူ၏ သူတော်ကောင်းကြီးတို့၏ အဓိဋ္ဌာန်အတိုင်း ထဲထဲဝင်ဝင် လိုက်နာဆောင်ရွက်ခဲ့၏။ အသက်အရွယ်နှင့် မမျှအောင်လည်း မနားမနေ ဆောင်ရွက်နေ၏။ ဆောင်ရွက်ဆဲလည်း ဖြစ်၏။

သီတဂူ၏ ဆယ်စုနှစ် နှစ်စု၊ သုံးစုချီ၍ ကြိုးပမ်း ဆောင်ရွက်မှုက လွန်စွာ များပြားလှသည်ဖြစ်ရာ မြင်သာ ထင်သာရှိသော အလှူဒါနရုပ်ဝတ္ထုပိုင်းနှင့် နှလုံးရည်အဆုံး အမပိုင်းဟူ၍ နှစ်ပိုင်းခွဲကာ ဖော်ပြဖို့ လိုမည်ဖြစ်၏။ ယခု မိမိတင်ပြမည့် နှလုံးသားဆိုင်ရာ အဆုံးအမများသည် ပညာ ဦးစီးသည့်သဘော သက်ရောက်သဖြင့် ဦးခေါင်းပိုင် ဦးနှောက်နှင့်တူ၏။ ဦးနှောက်က ယိုစီးကျလာသည့် ကောင်း မွန်သော အဆုံးအမများဟူသည် ဓမ္မတာလျှင် ဖြစ်၏ သီတဂူသည် ထိုသဘာဝဓမ္မအဆုံးအမဖြင့် ကမ္ဘာ တက္ကသိုလ်ကြီးများရှိ မြန်မာစာသင်သားရဟန်းငယ်များအား ဆုံးမ၏၊ သွန်သင်၏၊ လမ်းညွှန်မှုပေး၏။ တတ်နိုင်သမျှ ဝတ္ထုငွေကြေးများကိုလည်း ထောက်ပံ့လှူဒါန်းလေ့ရှိ၏

သီတဂူ၏ ပညာဦးစီးသော ဩဝါဒအဆုံးအမများ ကို ကောင်းစွာရရှိပြီး ကောင်းစွာခံယူကျင့်သုံးသူတို့မှာ ဘဝ တွင် ကောင်းမြတ်သော အကျိုးစီးပွားနှင့် ငြိမ်းချမ်းမှု အထိုက်အလျောက် ရရှိမည်သာ ဖြစ်လေ၏။

သို့ဖြစ်ရာ ၂၀၁၀ ပြည့်နှစ်၊ အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာ ရှိ ပညာသင်မြန်မာရဟန်းတော်များ၊ ဗုဒ္ဓဘာသာ ပညာ ဗိမာန်၌ ကျင်းပသော အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာ ရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့က ဒသမနှစ် နှစ်ပတ်လည် အခမ်းအနားတွင် ပြည်ပဩဝါဒစရိယဆရာ တော်တစ်ပါးအနေဖြင့် မြွက်ကြားသည့် သီတဂူဆရာတော် ၏ ဩဝါဒကထာသည် ပြည်တွင်းပြည်ပရှိ စာသင်သား



www.burmeseclassic.com

www.burmeseclassic.com

ရဟန်းငယ်များသာမဟုတ်၊ ပြည်တွင်းရှိ ရဟန်းငယ်များ အပါအဝင် တက္ကသိုလ်ကျောင်းတော်သားများ၊ တိုးတက်ကြီးပွားလိုသည့် လူငယ်လူရွယ်များ၊ တိုင်းပြုပြည်ပြု ပုဂ္ဂိုလ်များ ကောင်းစွာနှလုံးသွင်းနည်းယူနိုင်စေရန် သင့်လျော်သော ခေါင်းစဉ်ငယ်များပေး၍ အောက်တွင်ဖော်ပြလိုက်ပါ၏။

(နှစ်)

**လူမှန်၊ နေရာမှန်**

"ယနေ့ အိန္ဒိယမှာ ပညာသင်ကြားနေကြတဲ့ ရဟန်းတော်များအနေနဲ့ ကိုယ်ရတဲ့ ဘွဲ့ဒီဂရီတွေနဲ့ ထိုက်တန်တဲ့ အရည်အသွေးရှိဖို့ ပြောချင်တာပါပဲ။ မြတ်စွာဘုရားဟာဒက်ဘွဲ့တွေပေးတာ ဘွဲ့ရတဲ့ ပုဂ္ဂိုလ်တွေရဲ့ စွမ်းရည်သတ္တိနဲ့ လျော်ကန်တဲ့ ဘွဲ့ကိုပေးတာ။ ရသင့်တဲ့ ပုဂ္ဂိုလ်ကိုပေးတာ။ **ဒီတော့ ပုဂ္ဂိုလ်နဲ့ ဌာနညီညွတ်တာတွေ့ရတယ်။ လူမှန်နေရာမှန်သုံးတဲ့အတွက် လုပ်ငန်းအောင်မြင်တယ်။ လုပ်ငန်းကြီးတွေလုပ်တဲ့နေရာမှ လူမှန်နေရာမှန်ဖို့ သိပ်အရေးကြီးတယ်"**

**အလုပ်လုပ်ခြင်းသည်သာ ပဓာန**

"ယနေ့ ဗုဒ္ဓဂယာလို့ခေါ်တဲ့ ဘုရားနယ်မြေ Holy Land ပေါ့။ ဘုရားလေးဆူပွင့်ပြီးပြီ။ ဗောဓိပင်လေးပင်ပေါက်ပြီးတဲ့အပြင် ကမ္ဘာမှာအမြတ်ဆုံး၊ ကမ္ဘာ့ဦးခေါင်းနယ်မြေမှာ နေကြတဲ့ အရှင်မြတ်တို့က ကမ္ဘာ့သောတဖန သံဃာတော်တွေဖြစ်ကြသလို ကမ္ဘာ့အဆင့်မီ အရည်အချင်းနဲ့ပြည့်စုံကြပါစေ။ ဘွဲ့တံဆိပ်တွေလည်း ရကြပါစေ။ ယနေ့မြန်မာနိုင်ငံမှာ သံဃာတော် အပါးလေးသိန်းကျော် ရှိမယ်ထင်တယ်။ အဲဒီမှာ အရည်အချင်းရှိတဲ့သူတွေ ဘယ်လောက်ရှိသလဲ။ **အရည်အချင်းရှိသော်လည်း မည်မည်ရရ အလုပ်လုပ်တဲ့သူတွေ ဘယ်လောက်ရှိသလဲ။ အားလုံးသိကြတယ်။ အရည်အချင်း ဘယ်လောက်ရှိရှိ၊ ဘွဲ့တံဆိပ်ဘယ်လောက်ရရ အလုပ်မလုပ်ရင် မှတ်တမ်းမှတ်ရာ မတင်နိုင်ဘူး။ ဒါကြောင့် အလုပ်လုပ်နိုင်အောင် ကြိုးစားကြပါ။ လုပ်ဖြစ်အောင်လည်း လုပ်ကြပါ"**

**မိမိကိုယ်ကို အချည်းနှီးမဖြစ်စေနဲ့**

" 'မောဃံ သရဋ္ဌပိဏ္ဍံဘုဉ္ဇတိ' မဖြစ်အောင်လုပ်ကြ။ ကိုယ့်ပြည်သူပြည်သားတွေ ကျွေးတဲ့ထမင်းကို စားတာဟာ အချည်းနှီးစားရာ မရောက်အောင် အလုပ်လုပ်ကြ။ တိုင်းပြည်နဲ့ သာသနာအတွက် ကျန်ရစ်အောင် ငါဘာလုပ်မလဲ။ ဒါစဉ်းစားရမယ်။ တိုင်းပြည်သာသနာအတွက် ကျန်ရစ်အောင်လုပ်ဖို့လိုသလို ကိုယ့်ဘဝသံသရာအတွက်လည်း အထုပ်အထည်အဖြစ်နဲ့ ယူသွားနိုင်ဖို့ လိုတယ်။ ဘာမှလည်း ယူမသွားနိုင်ဘူး။ ဘာမှလည်း မကျန်ရစ်ဘူးဆိုရင် ခုနပြောခဲ့တဲ့ မောဃံ သရဋ္ဌ ပိဏ္ဍံဘုဉ္ဇတိထဲ ပါသွားမယ်"

**အခက်အခဲမှန်သမျှ ရင်ဆိုင်ရဲကြရမည့် စာသင်သားဘဝ**

ခေတ်တစ်ခေတ်မှာ တစ်နေရာမှာတော့ ရင်ကော့ပြီး လျှောက်လှမ်းနိုင်အောင် ထူထောင်ကြ။ ဒီလိုလုပ်ရတာဟာ သိပ်လွယ်တာတော့ မဟုတ်ဘူး။ တို့ ၁၉၇၃ ခု၊ အသက် ၂၅ နှစ်မှာ မေမြာစရိယအောင်တော့ အင်္ဂလိပ်စာသင်ဖို့ ကြိုးစားတယ်။ မေမြာစရိယတန်းတက်တုန်းက ရဟန်းဒကာက တစ်လ ၃၀ ကျပ် ထောက်ပံ့တယ်။ မိုးရွာလို့ဆွမ်းခံမသွားနိုင်ရင် ၁၉ လမ်းက မုံရွာမနောထမင်းဆိုင်မှာ စားတယ်။ ထမင်းအဝစားမှ ၂ ကျပ်ခွဲကျတယ်။ ဒါ ... ဟိုခေတ်က စျေးပါ။ အင်္ဂလိပ်စာသင်မယ်လုပ်တော့ ဒီဦးဇင်းလူထွက်မှာပဲဆိုပြီး ထောက်ပံ့ကြေးဖြတ်လိုက်တယ်။ တို့ကလည်း ကိုယ်လုပ်ချင်တာကို မဖြစ်ဖြစ်အောင်လုပ်တယ်။ ဒီတော့ လိုရမည်ရ စုထားတဲ့ သင်္ကန်းလေးတွေကို တဖြည်းဖြည်းချင်းရောင်းပြီး ကျောင်းစရိတ်ပေးရတယ်။ ဒီလိုပဲ ကြိုးစားရတာ။ ဒီအခြေအနေကိုရောက်အောင် လျှောက်လှမ်းခဲ့ရတဲ့ ခရီးဟာ ပင်ပန်းခက်ခဲခဲ့တယ်"

"၁၉၆၃ ခုနှစ်၊ ကမ္ဘာအေးမှာ သာသနာသန့်ရှင်းရေးလုပ်တယ်။ အဲဒီအချိန်မှာ တို့က ရေကူးသံဃာ့တက္ကသိုလ်မှာ တက်နေဆဲ။ အဲဒီနောက် တက္ကသိုလ်အက်ဥပဒေတွေ ဖျက်သိမ်းတော့ သံဃာ့တက္ကသိုလ်လည်း ပျက်တာပေါ့။ အဲဒီမှာ နှစ်နှစ်လောက် ပညာသင်ခဲ့တယ်။ ဘာတွေသင်တာလဲဆိုတော့ သင်္ချာ၊ ဟိန္ဒီ၊ အင်္ဂလိပ်၊ သက္ကတထိသင်ရတယ်။ တစ်နှစ်မှာ ဖောတိကာရုံဆရာတော်



www.burmeseclassic.com

www.burmeseclassic.com

ကြီး ကမ္ဘာအေးကြွလာတော့ တရိုတသေ သွားနှုတ်ဆက်တယ်။ ဆရာတော်ကြီးက မင်းဒီမှာ ဘာလုပ်နေတာလဲမေးတော့ တပည့်တော် သံဃာ့တက္ကသိုလ်မှာ စာသင်နေပါတယ်ဘုရားလို့ လျှောက်တယ်။ ဘာတွေသင်ရတာလဲ မေးတော့ သင်္ချာ၊ ဟိန္ဒီ၊ အင်္ဂလိပ်၊ သက္ကတတို့ သင်ရတယ်ဘုရားလို့လျှောက်တယ်။ ဒီတော့ ဆရာတော်က ... 'ဟာ ... တိရစ္ဆာနကထာတွေ သင်နေတာဟ'လို့ မိန့်ပါတယ်။ ဒါတွေက တို့အသက်လေးဆယ်လောက် အချိန်မှာ ဆိုပါတော့"

## အင်္ဂလိပ်စာနှင့် ဆရာတော်သဘောထား

"အဲဒီတုန်းက သာသနာ့ထိပ်တန်းဆရာတော်ကြီးတွေက အင်္ဂလိပ်စာကို တိရစ္ဆာနကထာလို့ ပြောကြတယ်။ ယနေ့ နှစ်လေးဆယ်ခရီးမှာတော့ တိရစ္ဆာနကထာလို့ ဘယ်သူမှမပြောတော့ဘူး။ မသင်ရင်မဖြစ်၊ မတတ်ရင်မဖြစ်ဆိုတာကို ယနေ့မြန်မာပြည်က ဆရာတော်ကြီးတွေ နားလည်နေကြပြီ။ သံဃာတော်လေးငါးရာရှိတဲ့ စာသင်တိုက်ကြီးတွေမှာတောင် အင်္ဂလိပ်စာသင်နေကြပြီ။ အစိုးရပထမပြန်စာမေးပွဲတွေမှာလည်း အင်္ဂလိပ်စာထည့်သွင်းဖို့ ဆုံးဖြတ်ချက်ချပြီးကြပြီ။ ဒီနေ့ ကမ္ဘာမှာ အင်္ဂလိပ်စာဟာ မဖြစ်မနေသင်ရမယ့် ဘာသာစကားတစ်ရပ်ဆိုတာ အားလုံးသဘောပေါက်နေကြပြီ"

## အမျိုးဘာသာ
## သာသနာဝန်ဆောင်ကောင်းဖြစ်ဖို့ဆိုလျှင်

"မြန်မာနိုင်ငံ ရဟန်းတော်တွေ နိုင်ငံတကာစင်မြင့်ပေါ်တက်ဖို့ဆိုတာ အင်္ဂလိပ်စာတတ်ဖို့လိုတယ်။ ပိဋကတ်တော်ကို အင်္ဂလိပ်လိုပြောဖို့ဆိုလျှင် ပိဋကတ်တတ်ဖို့လိုတယ်။ စွယ်စုံတတ်ရမယ်။ ဒါမှလည်း နိုင်ငံတကာ စင်မြင့်ပေါ် ရင်ကော့ပြီး တက်နိုင်မယ်။ တို့က နိုင်ငံတကာ စင်မြင့်ပေါ်မှာ တက်လာတာများလှပြီ။ ဦးဇင်းတို့ကို တိုက်တွန်းလိုတာက ကွာလီဖိုင်းဖြစ်ရန် ကြိုးစားကြဖို့ တိုက်တွန်းချင်ပါတယ်။ နောက်များများလေ့ကျင့်ကြ။ နိုင်ငံတကာစင်မြင့်မှာ Leader မဟုတ်တောင် Speaker ဖြစ်အောင် သင်ယူကြ။ Leader ဖြစ်ရင် ပိုကောင်းတာပေါ့"

"ရဟန်းတော်တွေအနေနဲ့ ပိဋကတ်တော်က လေးနက်တဲ့ ကျမ်းကြီးကျမ်းခိုင်တွေ ပိုင်နိုင်အောင် လုပ်ထားကြ။ လေးနက်တဲ့အတွေးနဲ့ လေ့လာရင် ပညာရှိကြီးတွေကြားမှာ ကြာရှည်တည်တံ့တယ်။ အဲဒီလိုမဟုတ်ဘဲ ပေါ်ပြူလာလိုက်နေရင်တော့ စတာနဲ့ ဆုံးနိုင်တယ်။ ယနေ့မြန်မာနိုင်ငံက ဓမ္မကထိကတွေကြားမှာ ခုပေါ်လိုက်၊ ခုပျောက်လိုက်ဖြစ်နေကြတာ ဗုဒ္ဓရဲ့ လေးနက်တဲ့ ပိဋကတ်တော်တွေကို ပိုင်နိုင်အောင် မကိုင်ကြလို့ ဖြစ်တယ်။ ဓမ္မကထိကလုပ်ချင်ရင် ပဋိသမ္ဘိဒါမဂ်၊ ဝိသုဒ္ဓိမဂ်၊ မဟာသတိပဋ္ဌာန်သုတ်တွေကို ကြေညက်အောင်လေ့လာပြီး ကိုယ်နဲ့အတူ ဆောင်ထားရမယ်"

"ဒါကြောင့် ယနေ့ တို့တပည့်တွေ ပြောချင်တာကတော့ ဘွဲ့ရအောင်လည်းလုပ်။ အရည်အချင်းပြည့်မီအောင်လည်း ကြိုးစားကြ။ နောက်ပိုင်း တိုင်းပြည်နဲ့ သာသနာတော်က အရှင်ဘုရားတို့လက်ထဲမှာပဲ ရှိတယ်ဆိုတာ မြဲမြဲနှလုံးသွင်းထားကြဖို့ပါပဲ။ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာစွာနဲ့ မိမိတို့လိုအပ်တဲ့ ပညာရပ်များကို မြန်မြန်သင်ယူနိုင်ပြီး သာသနာပြုရဟန်းတော်များ ဖြစ်ကြပါစေလို့ တို့များ တိုက်တွန်းလိုပါတယ်"

(သုံး)

သီတဂူဆရာတော်ကြီး၏ ဖော်ပြပါ ဩဝါဒကထာ အဆိုအမိန့်များကို ဘဝလမ်းညွှန်အဖြစ်ခံယူပြီး လက်တွေ့ကျကျ အမှန်တကယ် လိုက်နာကျင့်သုံးသွားမည်ဆိုလျှင် မိမိတို့ဘဝ တစ်ဆင့်ပြီးတစ်ဆင့် မြင့်သထက်မြင့်သွားဖို့သာ ရှိမည်ဖြစ်ကြောင်း ဆန္ဒပြုနှိုးဆော်လိုက်ရပေသတည်း။

နန္ဒာမောင် (သံဖြူဇ...

**စာကိုးစာရင်း**

(၁) အရှင်ကုန္ဒာဝရိယ၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် (သုဓ... သနကျမ်းပြုဌာန)၊ စစ်ကိုင်း၏ **"သီတဂူ၏ ဘဝပုံရိပ်... တစ်စိတ်တစ်ဒေသ"**

(၂) အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ... သာယာဖွံ့ဖြိုးရေးအဖွဲ့၏ ဒသမနှစ် နှစ်ပတ်လည်... အထိမ်းအမှတ်စာစောင်။



www.burmeseclassic.com

www.burmeseclassic.com

# အိမ်တိုင်းဆောင် အောင်တဲ့ဆေး




ပင်ရင်း - အောင်နန်းရပ်၊ မိုးကုတ်မြို့။ ၀၉-၆၅၃၈၄၀၅

ခရီးလွန်နေ၍ သည်ကနေ့မှပဲ အိမ်သို့ ပြန်ဖြစ်တော့သည်။

အိမ်ရောက်ရောက်ချင်း ကြားရသည့်စကားက နားဝမှာ မသက်သာ။ ခြေရင်းအိမ်က ဖိုးကဲလေး တစ်ယောက် မနေ့က ပျားတုပ်ခံရသည်ဆိုပဲ။ ရင်ထဲမှာ အတော်ကလေး ထိတ်သွားရသည်။ ပျားတို့၊ ပိတုန်းတို့ ဆိုသည်မှာ အဆိပ်ရှိသော သတ္တဝါများ မဟုတ်ပါလား။ သည့်အတွက် စိုးရိမ်တကြီးဖြင့် ခြေရင်းအိမ်သို့ကူးခဲ့သည်။

"ဟင်• • •ဖိုးကဲလေး• • •"

ကြားရသည့်သတင်းနှင့် မြင်တွေ့ရသည့် မြင်ကွင်းက မကိုက်ညီ။

ဘာကြောင့်ဆို ပျားဆိပ်ကြောင့် အိပ်ရာထဲ လဲနေရမည့် ကလေးငယ်သည် ယခုမူ ပြုံးပြုံးရယ်ရယ် ခြင်း ဆော့ကစားမပျက်။ ပျားတုပ်ခံရတာကော ဟုတ်များမှ ဟုတ်ပါ့မလားဟု သံသယဝင်ချင်စရာ။ သည်တုန်းမှာပင် ဖိုးကဲလေး၏မိခင်က ပြောဆိုလေသည်။

"အံ့သြနေသလား အစ်ကို၊ ညီမလေးတို့လည်း ဖြစ်ဖြစ်ချင်း ပူထူသွားတာတော့ အမှန်ပဲ။ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဘဲ ဆေးခန်းသွားမလို့လုပ်တုန်း အိမ်ရှေ့အိမ်က ဘကြီးဖြိုး ရောက်လာပြီး ဆေးခဲလေးတစ်ခဲကို ကျောက်ပျဉ်ပေါ်ကိုသွေးပြီး လိမ်းပေးလိုက်တယ်။ ဖိုးကဲလေးကလည်း အငိုတိတ်သွားတော့တာပဲ။ နောက်တစ်ကြိမ်လည်းလိမ်းလိုက်ရော ဘာမှမဖြစ်တော့သလို ပျောက်သွားတော့တာပဲ အစ်ကိုရဲ့"

"ဟဲ့• • •တော်တော်လည်းစွမ်းပါလား၊ ဘာဆေးများလဲ ညီမရဲ့• • •"

"ဒေါ်စိန်ရင်ရဲ့ မရှော့တံဆိပ် မန်းဆေးခဲ ဟဲ့ အစ်ကိုရဲ့ ပျား၊ ပိတုန်း စတဲ့ အဆိပ်ရှိသတ္တဝါတွေ ကိုက်ခဲတာကို နိုင်တဲ့ အပြင် ခြင်ကိုက်ခံရတာ၊ ပိုးကောင်ကိုက်ခံရတာ၊ လူငယ်တွေ၊ ဝက်ခြံ၊ မိတ်ဖု၊ သွေးယား၊ ဆီပူ၊ ရေနွေးပူလောင်၊ ဆီးချိုကြောင့် အနာ ပေါက်တာ မန်းအနာပေါက်တာတွေလည်း နိုင်တယ်ဆိုပဲ"

"ဟာ• • •တယ်ဟုတ်တဲ့ ဆေးပါပဲလား"

"ဒါတင်မကသေးဘူး။ အဖြေကျော်ဆေး ဆိုတာလည်း ရှိသေးတယ်။ သွေးတိုး၊ ဆီးချို၊ အစားမှား၊ ဆေးမှား၊ မူးမော်၊ မြိန်း အစာအိမ် လေထိုးလေအောင့်၊ အဆိပ်အတောက်ရှိတဲ့ အစာတွေအပြင် သတ္တဝါတွေရဲ့ ကိုက်ခဲမှုကြောင့်ဖြစ်တဲ့အနာတွေကိုတောင် ကောင်းသာပျောက်ကင်းတယ်တဲ့။ ထိခိုက်ရှနာများကတော့ ပျင်းတောင် ပျင်းသေးတယ် အစ်ကိုရဲ့"

"တယ်လည်းကောင်းတဲ့ ဆေးပါပဲလား၊ ဘယ်မှာများ ဝယ်လို့ရနိုင်မလဲဟင်၊ လူတိုင်း ဆောင်ထားနိုင်လို့ပါ"

"ညီမလေး မှတ်ထားတာကတော့ ပင်ရင်းဌာနဟာ မိုးကုတ်မြို့ အောင်နန်းရပ်မှာ။ (ဖုန်း-၀၈၆-၂၁၁၁၀)ဖြစ်ပြီး တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် TMR 012013(0516 ) နဲ့ ထုတ်လုပ်ထားတာ အစ်ကိုရဲ့• • •"

"ဟုတ်ပြီဗျာ၊ အစ်ကိုတော့ အများအကျိုးဆောင် ကိုယ့်အကျိုးအောင်ဆိုသလို နီးစပ်ရာကို သတင်းကောင်းလေး ဖြန့်ပေးရဦးမယ်ဟေ့"

"ကောင်းတာပေါ့ အစ်ကိုရယ်"

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# ရှင်ခုနှစ်ဝယ်ရာ သင်္ချိုင်းမှာ

မနုဿကျော်ဝင်း(အမျိုးသားစာပေဆုရ)

"ဟင် ... ရတနာသိုက်သမားတွေ လက်ဦးသွားပြီထင်တယ်။ ငါတို့ လုပ်ဆောင်ရမယ့် တူးဖော်မှုသုတေသန လုပ်ငန်းအတွက် မျှော်လင့်ချက်မှ ရှိပါတော့မလား"

၁၉၇၆ ခုနှစ်တုန်းက ဖြစ်ပါသည်။ တရုတ်ရှေးဟောင်းသုတေသန ပညာရှင်များသည် ဂျင်မင်းသား၏ မြေအောက်သင်္ချိုင်းဂူဗိမာန်အပေါ်ယံ မြေလွှာကိုကြည့်ရင်း အထက်ပါအတိုင်း စိတ်မချမ်းမြေ့စွာဖြင့် တွေးတောနေမိကြခြင်း ဖြစ်၏။ ရတနာရှာဖွေသူ သိုက်သမားတွေ၏ အကြိမ်ကြိမ်ဖောက်ထွင်းခံရမှုကြောင့် ခြေရာလက်ရာ ပျက်လျက်ရှိလေပြီ။ သို့တစေ သုတေသနပညာရှင်တို့သည် စိတ်မချမ်းမြေ့မှုကို မေ့ထားလိုက်ကြပြီး တူးဖော်မှုသုတေသနလုပ်ငန်းကို စိတ်အားထက်သန်စွာ စတင်ဆောင်ရွက်ကြတော့၏။ ထိုလုပ်ငန်းသည် ၁၀ နှစ်တာမျှ ကြာညောင်းခဲ့သော်လည်း တရုတ်ပြည်၏ ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုသမိုင်းတွင် နှစ်ကာလ အရှည်ကြာဆုံး လုပ်ငန်းစုကြီးအဖြစ် စံတင်ထားခြင်းခံခဲ့ရသည်။ ၁၉၈၆ ခုနှစ်မှ ယင်းလုပ်ငန်းကို အောင်မြင်စွာ စခန်းသိမ်းခဲ့ကြသည်။

ဂျင်မင်းသား၏ မြေအောက်သင်္ချိုင်းဂူဗိမာန်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်စီပြည်နယ်၊ ဖန်စီယန်ဒေသ၊ စီယန်မြို့အနီးတွင် တည်ရှိ၏။ ထိုမြေအောက်သင်္ချိုင်းဂူဗိမာန်၏သက်တမ်းကား နှစ်ပေါင်း ၂၅၀၀ ရှိပြီဖြစ်သည်။ အလျားရှည်ပြီး စုစုပေါင်းဧရိယာအကျယ်အဝန်း ၅၃၃၄ စတုရန်းမီတာ ရှိ၏။ အရှေ့နှင့်အနောက် တန်းလျက် မြေအောက်ခန်းများကို ဖွဲ့စည်းထားသည်။ ထိုနေရာသည် ဂျင်မင်းသား၏ သင်္ချိုင်းဂူဗိမာန်ဖြစ်ကြောင်း အတိအကျသိရှိနိုင်ရခြင်းမှာ ၎င်း၏ အမည်ရေးထိုးထားသော ကျောက်ခေါင်းလောင်းပေါင်း မြောက်မြားစွာကို သင်္ချိုင်းဂူဗိမာန်ထဲမှ တူးဖော်တွေ့ရှိခဲ့ကြရသောကြောင့် ဖြစ်သည်။

မြေအောက်သင်္ချိုင်းဂူဗိမာန်၏ မြောက်ဘက်နှင့် တောင်ဘက် နှုတ်ခမ်းပေါ်တွင် နှစ်မီတာအမြင့်ရှိ စက်သီးတပ်ထားသော သစ်သားတိုင်ကြီးတစ်တိုင်စီကို တွေ့ရှိခဲ့ရ၏။ ခေါင်းတလားကို သင်္ချိုင်း၏ မြေတိုက်ခန်းအောက်ခြေသို့ ချရန်အတွက် စက်သီးတပ်ထားသော ဤတိုင်ကြီးများကို အသုံးပြုခဲ့ဟန် တူပေသည်။

တရုတ်ရှေးဟောင်း မှတ်တမ်းများအရ ကေရာဇ်နှင့် မင်းညီမင်းသားတို့၏ ရုပ်အလောင်းများကို ခမ်းနားစွာ အချိန်ယူ၍ သင်္ဂြိုဟ်လေ့ရှိခဲ့ကြကြောင်း သိရှိရ၏။ ရုပ်အလောင်းကို မြေချသည့်အခါ လူ ၅၀၀ တို့က စည်များကို သံပြိုင်တီးခတ်ကြရသည်။ ကေရာဇ်ဘုရင်၏ ရုပ်အလောင်းဆိုလျှင် ခေါင်းသွင်းသည့် အခမ်းအနားကို ခုနစ်ရက်ကြာမျှ ကျင်းပလေ့ရှိခဲ့သည်။ ထိုခေါင်းတလားကို မြေချမြှုပ်နှံသည့် အခမ်းအနားသည် ခုနစ်လကြာ၏။ မင်းညီမင်းသားတို့၏ ရုပ်အလောင်းဆိုပါက ခေါင်းသွင်းသည့် အခမ်းအနားသည် ငါးရက်ကြာမြင့်၏။ မြေချသည့် အခမ်းအနားသည် ၅ လ ကြာမြင့်၏။ ယခု တူးဖော်တွေ့ရှိခဲ့ရသော ဂျင်မင်းသား၏ ရုပ်အလောင်းကိုလည်း ထိုကဲ့သို့ အချိန်ယူ၍ သင်္ဂြိုဟ်ခဲ့ကြကြောင်း တူးဖော်တွေ့ရှိခဲ့ရသည့် ပစ္စည်းအထောက်အထားများက သက်သေခံလျက်ရှိကြပေသည်။ ဤမြေအောက်သင်္ချိုင်းဂူဗိမာန်ကို ဂျင်မင်းသားနတ်ရွာမလားမီကပင် ကြိုတင်ပြုလုပ်ထားခဲ့ကြခြင်းဖြစ်ကြောင်း သုတေသနပြု တွေ့ရှိကြရသည်။

ရတနာရှာဖွေသူ သိုက်သမားတို့



www.burmeseclassic.com

www.burmeseclassic.com

က ဂျင်မင်းသား၏ မြေအောက်သင်္ချိုင်းဂူဗိမာန်ကို အကြိမ်ပေါင်းများစွာ ဖောက်ထွင်းခဲ့ကြဖူး၏။ သို့တစေ ရှေးဟောင်းသုတေသနပညာရှင်တို့အတွက် မျှော်လင့်ချက်များ မကုန်ဆုံးခဲ့ရပါ။ တူးဖော်သုတေသနလုပ်ငန်းသည် အချည်းနှီး မဖြစ်ခဲ့ရပါ။ ၁၀ နှစ်တာကာလ ကြာမြင့်ပြီး စခန်းသိမ်းချိန်၌ ရှေးဟောင်းပစ္စည်းပေါင်း ၃၅၀၀ ကို တူးဖော်တွေ့ရှိခဲ့ကြရသည်။ ယင်းတို့အနက် အချို့မှာ အလွန်ပင် လက်ရာပြောင်မြောက်ကြ၏။ ရွှေစလွယ်၊ ရွှေချိတ်တံများ၊ ရေတံခွန်ရုပ်ပုံ ရေးသွင်းထားသော ကျောက်စိမ်းတုံးများ ပါဝင်ကြ၏။ ဂျင်မင်းသား မည်မျှအထိ အသုံးအစွဲကြီးခဲ့ပုံကို ဤပစ္စည်းတို့က ဖော်ပြလျက်ရှိကြ၏။ သံထည်ပစ္စည်းအချို့ကိုလည်း တူးဖော်တွေ့ရှိခဲ့ကြရသည်။ ယင်းပစ္စည်းအချို့၏ အသွားများသည် ယခုတိုင်အောင် ထက်မြက်နေကြဆဲဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရ၏။ ဤအချက်က ထိုခေတ်ပန်းပဲပညာရှင်များသည် သံထည်ပစ္စည်းများကို ခေတ်မီနည်းစနစ်တို့ဖြင့် စီမံပြုလုပ်နိုင်ခဲ့ကြကြောင်း သက်သေခံလျက်ရှိ၏။

ပုံစံအမျိုးမျိုးသော ကျောက်စိမ်းထည်ပစ္စည်းများကိုလည်း ဂျင်မင်းသား၏ မြေအောက်သင်္ချိုင်းဂူဗိမာန်အတွင်းမှ တူးဖော်တွေ့ရှိခဲ့ရသည်။ အပြင်ဘက်ခေါင်းဖုံး အလယ်တည့်တည့်ပေါ်၌ ကျောက်စိမ်းဖြင့် အောက်ခံပြုလုပ်ထားသော ဖိနပ်တစ်ရန်ကို တွေ့ရှိခဲ့ရသည်။ နယ်မြေကာကွယ်ရေးနှင့် အေးချမ်းသာယာရေးအတွက် တိုင်းခန်းလှည့်လည်ရန် ဧကရာဇ်မင်းက အခွင့်အာဏာအပ်နှင်းထားသောကြောင့် အထိမ်းအမှတ် အဆောင်အယောင်ပစ္စည်းပင် ဖြစ်ပါသည်။ အလားတူ ခြေနင်းဖိနပ်တစ်ရန်ကို အမေရိကန်ပြည်ထောင်စု၊ ရှီကာဂို ပြတိုက်ထဲ၌ ပြသထား၏။

ဂျင်မင်းသား၏ ရုပ်အလောင်းပါးစပ်ထဲတွင် ဂျုံစေ့သဏ္ဌာန်သွေးထားသော ကျောက်စိမ်းအတုံးအခဲကလေးများကို ထည့်သိုခဲ့ကြကြောင်း တွေ့ရှိရသည်။ မင်းသားသည် ငတ်မွတ်ခေါင်းပါးမှုကြောင့် သေဆုံးခဲ့ရခြင်း မဟုတ်ကြောင်း ပြဆိုသည့်အဓိပ္ပာယ်ပင်ဖြစ်၏။ မည်သို့သော ရည်ရွယ်ချက်ဖြင့် ပြုလုပ်ခဲ့သည်ပင်ဖြစ်စေ သူ၏ပါးစပ်အတွင်း၌ ကျောက်စိမ်းတုံးကလေးများကို ထည့်သိုထားခဲ့ခြင်းကြောင့် ရုပ်အလောင်းလျင်မြန်စွာ ပုပ်သိုးမှုမဖြစ်စေရန် အကျိုးသက်ရောက်မှု ရှိစေခဲ့ပေသည်။

ဂျင်မင်းသား၏ မြေအောက်သင်္ချိုင်းဂူဗိမာန်သည် လေးထောင့်ပုံသဏ္ဌာန်ရှိပြီး ယင်းနှင့်ယှဉ်လျက် မြေတိုက်အခန်းငယ်တစ်ခုကိုလည်း တွေ့ရ၏။ သာမန် မင်းညီမင်းသားတို့၏ မြေအောက်သင်္ချိုင်းဂူဗိမာန်ကို ထင်ရှူးသားဖြင့်သာ အခင်းအကာပြုလေ့ ရှိခဲ့ကြ၏။ ဂျင်မင်းသားမှာမူ အထူးအခွင့်အရေးရခဲ့ဟန်တူ၏။ သူ၏ သင်္ချိုင်းဗိမာန်တွင် ဧကရာဇ်မင်းတို့၏ သင်္ချိုင်းဗိမာန်များ၌ အသုံးပြုလေ့ရှိသော သစ်မျိုးဖြင့် အခင်းအကာပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပေသည်။ ဂျင်မင်းသား၏ ရုပ်အလောင်းနှင့်အတူ လူ ၁၈၆ ဦးတို့ကို သတ်ဖြတ်မြှုပ်နှံ၍ စတေးခဲ့ကြောင်း ဆန်းစစ်တွေ့ရှိရ၏။ ၇၂ ဦးတို့၏ ရုပ်အလောင်းများကို ကြိုးဖြင့်တုပ်နှောင်၍ သစ်သားခေါင်းတလားကြီးများတွင် ထည့်သိုမြှုပ်နှံခဲ့ကြခြင်း ဖြစ်သည်။ ထိုသူတို့မှာ ဂျင်မင်းသား၏ ကိုယ်လုပ်တော်များနှင့် မှူးမတ်များ ဖြစ်ခဲ့ကြမည်ဟု တွေးဆရ၏။ လက်ရာခပ်ညံ့ညံ့ဖြင့် ပြုလုပ်ထားသော အပေါ်စား သစ်သားခေါင်းများထဲ၌ လူ ၉၄ ဦးတို့၏ ရုပ်အလောင်းများကို တွေ့ရှိရပေရာ ဂျင်မင်းသား၏ ကျေးကျွန်တွေဖြစ်မည်ဟု ယူဆရ၏။ အခြားကျေးကျွန် ၂၀ ဦးတို့၏ ရုပ်အလောင်းများကို အရန်မြေတိုက် အခန်းငယ်ထဲ၌ တူးဖော်တွေ့ရှိခဲ့ရ၏။ ဂျင်မင်းသားအား နောင်တမလွန်ဘဝ၌ အလုပ်အကျွေးပြုစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်လုပ်တော်များ၊ မှူးမတ်များနှင့် ကျွန်များကို ဤသို့ မြှုပ်နှံစတေးခဲ့ကြခြင်းဖြစ်မည်ဟု ယူဆရ၏။

ဂျင်မင်းသား၏ မြေအောက်သင်္ချိုင်းဗိမာန်ကို တူးဖော်သုတေသနပြုခဲ့သည့် လုပ်ငန်းကြောင့် လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ခန့်ဆီမှ လက်မှုအနုပညာ၊ လူနေမှုစနစ်၊ ဓလေ့ထုံးစံ စသည့် အတိတ်ခေတ်ယဉ်ကျေးမှုများအကြောင်း သိရှိနိုင်ရပေသည်။

## ဗိသနိုး(ပန်ထွာ)မိဖုရားသင်္ချိုင်း

ကျွန်တော်သည် ၁၉၉၃ ခုနှစ်တွင် မြန်မာ့ရိုးရာ ကျေးလက်အနုပညာပြပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့၌ ခင်းကျင်းပြသရန် ရောက်ရှိခဲ့၏။ ပြပွဲဖွင့်လှစ်ပြီးနောက် သက်ဆိုင်ရာဝန်ကြီးဌာနက ကျွန်တော်တို့အဖွဲ့အား ရှေးဟောင်းမြို့တော် စီယန်သို့ ပို့ဆောင်ပေးခဲ့၏။ စီယန်မြို့နယ်အတွင်းရှိ ဂျင်မင်းသား၏ သင်္ချိုင်းဂူဗိမာန် တူးဖော်ရေးစခန်းနေရာသို့လည်း ရောက်ရှိခဲ့၏။ ထိုနေရာကို လေ့လာကြည့်ရှုနေစဉ် မြန်မာနိုင်ငံ၊ ပြည်မြို့နယ်၊ မှော်ဇာကျေးရွာရှိ သရေခေတ္တရာမြို့ဟောင်းမှ ဗိသနိုးမိဖုရား၏ သင်္ချိုင်းနေရာအကြောင်း ပြန်ပြောင်းအောက်မေ့သတိ

www.burmeseclassic.com

ရမိ၏။ ပါးစပ်ရာဇဝင်အရ လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော် ပျူခေတ်ကာလတုန်းက သရေခေတ္တရာပြည်ကြီးတွင် အလွန်တန်ခိုးကြီးသော ဒွတ္တဘောင်မင်းကြီး ထီးနန်းစိုးစံခဲ့ကြောင်း၊ ထိုမင်းတွင် ဣန္ဒာသယလှံပျံတစ်လက်ရှိကြောင်း၊ မိမိ၏ လက်အောက်ခံမြို့ပြများဆီသို့ ထိုလှံပျံကိုစေလွှတ်၍ အခွန်တော်များကောက်ခံစေလေ့ရှိခဲ့ကြောင်း။

ထိုအချိန်၌ ဗိဿနိုးမြို့တော်တွင် ပန်ထွာဘုရင်မက ထီးနန်းစိုးစံလျက်ရှိကြောင်း၊ ပန်ထွာဘုရင်မတွင်လည်း တန်ခိုးကြီးသော စည်ကြီးတစ်လုံးရှိခဲ့ကြောင်း၊ သူမ၏ မြို့တော်ကို ရန်သူများ တိုက်ခိုက်ရန် ချီတက်လာပါက ယင်းရန်သူများကို ရေအလျဉ်ဖြင့် မျောပါသွားစေကြောင်း၊ ထို့ကြောင့် ဒွတ္တဘောင်မင်းအပါအဝင် မည်သည့်ရန်သူကမျှ ဗိဿနိုးမြို့တော်ကို ကျူးကျော်တိုက်ခိုက်ခြင်းမပြုနိုင်ခဲ့ကြောင်း၊ သို့ရာတွင် ဉာဏ်များလှသော ဒွတ္တဘောင်မင်းက ဥပါယ်ရဟန်း(ဝါ)ရဟန်းတုတစ်ပါးကို သူလျှိုအဖြစ် ပန်ထွာဘုရင်မထံ စေလွှတ်ခဲ့ကြောင်း၊ ထိုရဟန်းက ဘုရင်မအား စည်တော်ကြီးကို သားရေအသစ်ဖြင့်ကျက်ပေးမည်ဟု အယုံသွင်းပြောဆိုခဲ့ကြောင်း၊ ဘုရင်မက ဥပါယ်ရဟန်း၏စကားကို ယုံကြည်ကာ စည်တော်ကြီးကို ပြုပြင်ပေးရန် အပ်နှံခဲ့ကြောင်း၊ ထိုအခါ ရဟန်းတုသည် စည်တော်ကြီးကို တိတ်တဆိတ်ဖောက်ပြီး တီးလျှင်အသံမမြည်အောင် ဖျက်ဆီးထားခဲ့ကြောင်း၊ သို့နှင့် ဒွတ္တဘောင်မင်း၏စစ်သည်တော်များ လာရောက်တိုက်ခိုက်သောအခါ စည်တော်ကြီးကို တီး၍ ရန်ပယ်ချောင်းမှ ရေလျှံစေရန်အတွက် မစွမ်းဆောင်နိုင်တော့ကြောင်း၊ သို့နှင့် ရန်သူစစ်သားများ အလွယ်တကူဝင်ရောက်လာနိုင်ကာ ဗိဿနိုးမြို့တော်ကို မီးရှို့ဖျက်ဆီးခဲ့ကြကြောင်း၊ ပန်ထွာဘုရင်မကိုလည်း စစ်သုံ့ပန်းအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားကာ ဒွတ္တဘောင်မင်းထံ ဆက်သခဲ့ကြကြောင်း၊ ဒွတ္တဘောင်မင်းသည် ပန်ထွာဘုရင်မကို မိဖုရားတင်မြှောက်ခဲ့ကြောင်း၊ ပန်ထွာဘုရင်မသည် သရေခေတ္တရာ၌ လုံးဝပျော်ပိုက်ခြင်းမရှိဘဲ စိတ်ဆင်းရဲမှုဒဏ်ကြောင့် မကြာခင်ကာလမှာပင် ကံကုန်သွားခဲ့ရရှာကြောင်း၊ သူမ၏ အရိုးအိုးမြှုပ်နှံထားရာနေရာကို ဒေသခံတို့က ဗိဿနိုးမိဖုရား၏သင်္ချိုင်းဟု အစဉ်အဆက် ခေါ်တွင်လာခဲ့ကြကြောင်း သိရှိရ၏။

၁၉၆၄–၆၅ ပတ်ဝန်းကျင်၌ ဗိဿနိုးမိဖုရား၏ သင်္ချိုင်းနေရာကို ရှေးဟောင်းသုတေသနဦးစီးဌာနမှ တူးဖော်သုတေသနပြုရန် စီစဉ်ဆောင်ရွက်သောအခါ ပြည်သူအတော်များများက အလွန်ပင်စိတ်ဝင်စားခဲ့ကြ၏။ ဗိဿနိုးမိဖုရား၏ သင်္ချိုင်းနေရာကို တူးဖော်လျှင် ပန်ထွာဘုရင်မ၏ အရိုးအိုး ပေါ်ထွက်လာမည်၊ ထိုအရိုးအိုးထဲမှ ဦးခေါင်းခွံရိုးကို ထုတ်ယူပြီး ဆိုဗီယက်(ယခုရုရှား)သို့ပေးပို့၍ မနုဿပညာရှင် ဂရေဆီမော့(ဗ်)အား အသားတုသွင်းစေမည်ဆိုလျှင် ပန်ထွာဘုရင်မ၏ မူလရုပ်ရည် အသွင်အပြင်အတိုင်း ပုံပေါ်လာနိုင်မည်။ ထိုအခါ ပန်ထွာဘုရင်မသည် မည်မျှချောမောလှပခဲ့သူဖြစ်ကြောင်း သိမြင်နိုင်ကြမည်ဟု မျှော်လင့်ခဲ့ကြ၏။ ထိုစဉ်က ဆိုဗီယက်မှ မနုဿဗေဒပညာရှင် ဂရေဆီမော့(ဗ်)သည် လူ့ရိုးခေါင်းခွံများကို အသားတုပြန်သွင်းရာ၌ အလွန်တော်သူတစ်ဦးဖြစ်ကြောင်း၊ အသက်ရှင်စဉ်တုန်းက မမြင်တွေ့ခဲ့ဖူးစေကာမူ မိမိလက်ခံရရှိသော ဦးခေါင်းခွံရိုးတွင် အသားတုပြန်သွင်းပြီးသည့်အခါ မူလရုပ်ရည်သွင်ပြင်အတိုင်း ပြန်လည်ပုံပေါ်လာသည်ဟု ကမ္ဘာကျော်နေသူ ဖြစ်၏။ ထို့ကြောင့်လည်း မြန်မာပြည်သားအချို့က ဂရေဆီမော့(ဗ်)ကို အားကိုးပြီး ပန်ထွာဘုရင်မ၏ ရုပ်ရည်ကို မူရင်းမူလအတိုင်း တွေ့မြင်နိုင်ရန် စိတ်ကူးယဉ်ခဲ့ကြ၏။

ရှေးဟောင်းသုတေသန ဦးစီးဌာနမှ တကယ်တမ်း တူးဖော်သုတေသနပြုသောအခါ ဗိဿနိုးမိဖုရား သင်္ချိုင်းနေရာမှ ကျောက်အရိုးအိုးကြီးအချို့ ပေါ်ထွက်လာ၏။ ပျူလူမျိုးတို့၏ အသုဘဓလေ့အရ သေဆုံးသူ၏ ရုပ်အလောင်းကို မီးသင်္ဂြိုဟ်ပြီး အရိုးပြာများကို အိုးများထဲတွင်ထည့်၍ မြှုပ်နှံလေ့ရှိခဲ့ကြ၏။ ဘုရင်နှင့် တော်ဝင်မိသားစုတို့၏ အရိုးပြာများကို ရောမ ကျောက်အရိုးအိုးကြီးများထဲတွင် ထည့်သိုမြှုပ်နှံပြီး၊ သာမန်လူတို့၏ ရုပ်ကြွင်းအရိုးပြာများကိုမူ အိုးထိန်းစက်ဖြင့် လုပ်စွာပြုလုပ်ထားသော အဖုံးပါမြေအိုးများထဲ၌ ထည့်သိုကာ မြှုပ်နှံလေ့ရှိခဲ့ကြပါသည်။ ဗိဿနိုးမိဖုရားသင်္ချိုင်းနေရာမှ တူးဖော်တွေ့ရှိခဲ့ရသော ကျောက်အရိုးအိုးကြီးများထဲ၌လည်း အရိုးပြားတွေကိုသာ ထည့်သွင်းမြှုပ်နှံထားကြောင်း တွေ့ရှိခဲ့ရ၏။ သို့နှင့် ပန်ထွာဘုရင်မ၏ ဦးခေါင်းခွံရိုးကို ဆိုဗီယက်မနုဿဗေဒပညာရှင် ဂရေဆီမော့(ဗ်)ထံ ပေးပို့၍ အသားတုဖြည့်သွင်းပြီး ရုပ်လုံးဖော်ရန် အကြံမှာလည်း ပြာနှင့်အတူ လွင့်ပါးပျောက်ကွယ်သွားခဲ့ရပါတော့သည်။

မနုဿကျော်ဝင်း
(အမျိုးသားစာပေဆုရ)

www.burmeseclassic.com

# သန္ဒိဋ္ဌိက တရားတော်များ

**▌သူတော်စင်မင်းအောင်**

ကိုမြတ်ခိုင်သို့ တိုက်ရိုက်ပေးစာထဲမှာ တရားအားထုတ်ဖို့ တိုက်တွန်းပြီး ဝင်လေထွက်လေ နှာသီးဖျားကို ထိပြီးဝင်တာထိပြီး ထွက်တာကို သတိထားမှတ်သားဖို့ စွန်းလွန်းဆရာတော်ကြီးဟောထားတဲ့ အတိုင်း "ထိ-သိ-သတိ"ကို ရေးခဲ့ပါသည်။

မြတ်စွာဘုရားသခင်ကိုယ်တော်တိုင် ဒုက္ကရစရိယအကျင့်ကို စွန့်ပယ်ပြီးနောက် မဟာဗောဓိပင်ရင်း ပလ္လင်ထက်ဝယ် ထက်ဝယ်ဖွဲ့ခွေထိုင်နေတော်မူပြီး ဘုရားမဖြစ်သရွေ့ ထိုပလ္လင်ပေါ်က မထတော့ဘူးဟု အဓိဋ္ဌာန်ပြုလိုက်ပါသည်။ ထို့နောက် ခမည်းတော်ဘုရင်ကြီး လယ်ထွန်မင်္ဂလာဆင်းစဉ်အချိန်က ဝင်လေ-ထွက်လေကို အာရုံပြု မှတ်သားဖူးခဲ့တာကို ပြန်လည်သတိရပြီး ဝင်လေ-ထွက်လေကို မှတ်သားသည့်နည်းအတိုင်း စတင်ကျင့်ခဲ့ဖြင့် သဗ္ဗညုတဉာဏ်တော်ကိုရပြီး ဘုရားဖြစ်ခဲ့ပါသည်။

ယခု ဝေဘူဆရာတော်ဘုရားကြီးဟောကြားတော်မူထားသော ဝင်လေ-ထွက်လေကို သတိထားမှတ်သားသော တရားတစ်ပုဒ်ကို ရေးသားတင်ပြပါမည်။ တရားကတော့ အထက်က ခေါင်းစဉ်အတိုင်း "သန္ဒိဋ္ဌိကတရားတော်"ပင် ဖြစ်ပါသည်။

သီလဆောက်တည် လို့ပြီးကြပြီ။ သီလဆောက်တည်ပြီးလျှင် ပြည့်စုံအောင်ဖြည့်ကြ။(ဖြည့်ကြဆိုတာ မိမိဆောက်တည်ထားသောသီလကို မကျိုးမပေါက်အောင် ကျင့်သုံးဖြည့်ဆီးကြဟု ဆိုလိုခြင်းဖြစ်ပါ သည်။)ဖြည့်လို့ ပြည့်စုံပြီဆိုမှဖြင့် မိမိစိတ် နှလုံးအလိုတောင့်တတဲ့အတိုင်း ပြီးမယ်။ ယခုလည်း ချမ်းသာမယ်။ နောင်လည်း ချမ်းသာမယ်"

မေး။ ။ အားလုံးသော ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ကြီးကြီးငယ်ငယ်အားလုံး အသက်မရှုကြဘူးလားဗျာ့။

ဖြေ။ ။ ရှုကြပါတယ်ဘုရား။

မေး။ ။ ဘယ်အချိန်ကစပြီး အသက်ရှုကြသတုန်း။

ဖြေ။ ။ မွေးကတည်းကပါပဲဘုရား။

မေး။ ။ အဲဒီတော့ ထိုင်နေရင်းကော ရှုသလား။

ဖြေ။ ။ ရှုပါတယ် ဘုရား။

မေး။ ။ မတ်တတ်ရပ်ရင်ကော။

ဖြေ။ ။ ရှုပါတယ်ဘုရား။

မေး။ ။ လမ်းသွားရင်းကော။

ဖြေ။ ။ ရှုပါတယ်ဘုရား။

မေး။ ။ ခန္ဓာဝန်အတွက် စားဖို့သောက်ဖို့ အလုပ်တွေကိုလုပ်နေရင်းကော။

ဖြေ။ ။ ရှုပါတယ်ဘုရား။

မေး။ ။ အေး . . ဒီတော့ အိပ်ပျော်သွား တော့ကောဗျာ့။

ဖြေ။ ။ အိပ်ပျော်သွားတော့လည်း အသက်ရှုပါတယ်ဘုရား။

မေး။ ။ အလုပ်ကိစ္စတွေများကြတော့ တစ်ခါတလေ "အသက်မရှုအားပါဘူး"ဆို ပြီးတော့ နေကြတာများ ရှိသေးသလား ဗျာ့။

ဖြေ။ ။ အသက်မရှုအားတဲ့ ပုဂ္ဂိုလ်ရယ် လို့ မရှိပါဘူးဘုရား။

မေး။ ။ အေး . . ဒါဖြင့် အားလုံးအသက် ရှုဖို့တော့ တတ်ကြတဲ့ပုဂ္ဂိုချည်းပဲပေါ့ဗျာ။ အသက်ရှုနေတတ်ရင် မေးရဦးမယ်ဗျာ။ အသက်ရှုတဲ့အခါမှာ စဉ်းစားကြည့်မယ် ဆိုရင် လေကလေးဟာ ဘယ်အနားကို ထိပြီး ဝင်သွားတုန်းလို့ မသိပေဘူးလား

ဖြေ။ ။ သိပါတယ်ဘုရား။

မေး။ ။ ဘယ်အနားလေးကို ထိပြီးဝ သွားသတုန်းဗျာ့။

ဖြေ။ ။ နှာသီးဖျားကလေးကို ထိပြီးဝ သွားပါတယ်ဘုရား။

မေး။ ။ ဒါဖြင့်ရင် အသက်ရှုတဲ့လေ ပြ ထွက်သွားတော့ကော။

ဖြေ။ ။ နှာသီးဖျားကလေးကို ထိ-တို ပြီး ထွက်ပါတယ်ဘုရား။

မေး။ ။ အဲသည်လို နှာသီးဖျားလေး



www.burmeseclassic.com

www.burmeseclassic.com

ဝင်တဲ့ လေကလည်း ထိပြီးမှ ဝင်သလို၊ ထွက်တဲ့လေကလည်း နှာသီးဖျားလေးကို ထိ-တိုက်ပြီးမှ ပြန်ထွက်သွားတာကို သိနေရင် နှုတ်က လိုက်ဆိုရသေးသလားဗျာ့။

ဖြေ။ ။ မဆိုရပါဘုရား။ မဆိုဘဲနှင့်သိနေပါတယ်ဘုရား။

အေး . . အဲဒီ ဝင်လေထိတာ ထွက်တဲ့လေ ထိတာ နှာသီးဖျားလေးမှာ ဝင်တဲ့လေဝင်တိုင်းသိ၊ ထွက်တဲ့လေထွက်တိုင်းသိ စိတ်က တခြားရောက်မသွားအောင် လွင့်မသွားအောင် ထိန်းထားပြီး သိနေတာဟာ ပစ္စုပ္ပန်တည့်တည့်ဟူ၍မှတ်။

ပစ္စုပ္ပန်ချမ်းသာ၊ သံသရာချမ်းသာ နှစ်ဖြာကို ပေးစွမ်းနိုင်တာဟာ ဘုရားရှင်အဆုံးအမကလွဲလို့ တခြားမရှိဘူး။ ဘုရားရှင်အဆုံးအမဆိုတာ ပိဋကသုံးပုံပဲ။

### ပိဋကသုံးပုံ၏ လိုရင်းအချုပ်

ပိဋကသုံးပုံကို အဆီထုတ်ဆိုပါလျှင် "ဗောဓိပက္ခိယ" တရားသုံးဆယ့်ခုနစ်ပါး ရတယ်။

ဗောဓိပက္ခိယတရားသုံးဆယ့်ခုနစ်ပါးကို အဆီထုတ်လျှင် "မဂ္ဂင်ရှစ်ပါး"ရတယ်။

မဂ္ဂင်ရှစ်ပါးကို အဆီထုတ်လျှင် "သိက္ခာသုံးပါး"ရတယ်။ သိက္ခာသုံးပါးဆိုတာ "အဓိသီလ-အဓိစိတ္တ-အဓိပညာ"ပါပဲ။ သိက္ခာသုံးပါးကို အဆီထုတ်လျှင် "ဧကော ဓမ္မာ-တရားတစ်ခု"ပဲရတယ်။

ဝင်လေတိုက်ထိဝင်သွားတဲ့ နှာသီးဖျားဆိုတာ ရုပ်။ သိနေတဲ့စိတ်က နာမ်။ ရုပ်နာမ်ဆိုတာ ခွဲခြားပြီး သိနေပြီဆိုတော့ ရှုမှတ်နေပြီဆိုတော့ ကာယကံသောင်းကျန်းမှု၊ ဝစီကံသောင်းကျန်းမှုမရှိတော့ဘူး။ အဲဒါ "အဓိသီလ"လို့ ခေါ်တယ်။

အဓိသီလအားကောင်းလာလျှင် စိတ်တွေသောင်းကျန်းမှုမရှိတော့ဘဲ ငြိမ်ဝပ်ပိပြားပြီး တည်နေတော့တယ်။ အဲဒါ "အဓိစိတ္တ"လို့ခေါ်တယ်။ အဓိစိတ္တ(သမာဓိ)အားကောင်းလို့ အချိန်ကြာလာလျှင် ဘယ်လူ၊ ဘယ်နတ်၊ ဘယ်ဗြဟ္မာမှ ဖန်ဆင်းလို့ဖြစ်တာမဟုတ်ဘူး။ လျှပ်တစ်ပြက်အတွင်း ကုဋေတစ်သိန်းဖြစ်ပြီးပျက်နေတယ်။ (ကုဋေတစ်သိန်းဖြစ်ပြီးပျက်နေတာကို သိတာက မြတ်စွာဘုရားဉာဏ်တော်က သိတာဖြစ်တယ်။) ရုပ်ကို နာမ်က သိနေလျှင် ဖြစ်ပျက်ကို သိတော့တာပဲ။ အဲဒီဖြစ်ပျက်ကိုသိတာ "အဓိပညာ"လို့ ခေါ်တယ်။

နှာဖျားနှာဝမှာ ကာယပသာဒအကြည်က အထိခံ၊ ထွက်လေဝင်လေဖြစ်တဲ့ လေနှစ်ရပ် ဝါယော ဖောဋ္ဌဗ္ဗက ထိတယ်၊ ထိုအထိခံ နှာဖျားနှာဝဆိုတာက ရုပ်၊ သိတာက နာမ်၊ ဆိုတော့ ဒကာကြီး၊ ဒကာမကြီးတို့ သူများမေးစရာမလိုဘူး။ ကိုယ့်နှာဝကို ဉာဏ်(သတိ)နဲ့ စောင့်ကြည့်။ ဝင်တော့လည်းထိဝင်မယ်။ ထွက်တော့လည်း ထိထွက်မယ်။ "ထိတာကိုသိနေလျှင်" လောဘ၊ဒေါသ၊မောဟ ဖြစ်ခွင့်မရလို့ လောဘမီး၊ ဒေါသမီး၊ မောဟမီး ငြိမ်းတယ်။ ငြိမ်းတော့ အေးချမ်းတယ်။ မထိခင်ကလည်း သိလို့မဖြစ်ဘူး။ ထိပြီးပြန်တော့လည်း သိလို့မဖြစ်ဘူး။ ထိတုန်းကိုသာ သိလို့ဖြစ်တယ်။ အဲဒါကို "ပစ္စုပ္ပန်တည့်တည့်"လို့ ဆိုတာမှတ်။

ထိတာကို သိနေလျှင် "ရုပ်နှင့်နာမ်သာ ရှိပါကလား"လို့ သိလိမ့်မယ်။ "ရုပ်-နာမ်မှတစ်ပါး ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မရှိဘူးဆိုတာ ဘုရားရှင်၏ တရားတော်အမှန်ပါကလား"လို့ သူများကို မေးနေစရာမလိုပါဘူး။ နှာဖျားနှာဝမှာ လေထိတာကို သိနေလျှင် ထိုအချိန်မှာ အတ္တဆိုတဲ့ ကိုယ်မရှိဘူး။

ထိတာကို သိနေတဲ့အချိန်မှာ ဉာဏ်အမြင်စင်ကြယ်တယ်။ သမာဓိဋ္ဌိဖြစ်တယ်။ ထိတာကိုသိနေတဲ့အချိန်မှာ "ရုပ်-နာမ်မှတစ်ပါးဘာမျှမရှိပါကလား"လို့သိတာမို့လို့ "နာမရူပ ပရိစ္ဆေဒဉာဏ်"လို့ ခေါ်တယ်။

တထိတည်းထိ-တသိတည်းသိနေလျှင် အတ္တစင်၍ ဉာဏ်အမြင်စင်ကြယ်တဲ့ အကျိုးရတယ်။ ဒါဟာ "တဒင်္ဂပဟာန်"ခဏလေးအချိန်မှာရတဲ့အကျိုး၊ နည်းတယ်လို့များ မမှတ်လိုက်ကြနဲ့။

"ကမ္မဋ္ဌာန်း(တရား)ထိုင်ရတာများ ဘာမှလည်း မတွေ့ပေါင်။ ဘာမှလည်း မရပေါင်"လို့ များ မမှတ်ကြနဲ့။ မြင့်မြတ်တဲ့ ဘဝ ဘုရားသာသနာနဲ့ ကြုံကြိုက်တဲ့အခါမှာ ဒီလိုအကျိုးထူးများရနိုင်တယ်နော်။ စားဖို့သောက်ဖို့ ကိစ္စတွေ အသာထားပြီး အထူးကြိုးစားကြ။

### အချိန်တွေကုန်ခဲ့ပြီ

မေး။ ။ ဒါနဲ့ ဘုရားရှင်သာသနာ ဘယ်လောက်ရှိသလဲ။

ဖြေ။ ။ ငါးထောင်ပါဘုရား။

မေး။ ။ အေး . . အခုလောက်ရှိပြီလဲ၊ ပြောကြစမ်းပါဦး။

ဖြေ။ ။ သာသနာတစ်ဝက်ကျော်လာပြီဘုရား။

မေး။ ။ အေး . . ဒါဖြင့် ဘယ်လောက်ကျန်တော့သလဲ။

ဖြေ။ ။ နှစ်ထောင့်လေးရာကျော်ကျန်ပါသေးတယ်ဘုရား။

မေး။ ။ အေး . . အခု လူ့သက်တမ်း ဘယ်လောက်ဆုံးဖြတ်ထားသလဲဗျာ။

ဖြေ။ ။ နှစ်တစ်ရာပါဘုရား။



www.burmeseclassic.com

www.burmeseclassic.com

မေး။ ။ဒါဖြင့် နင့်အသက် ဘယ်လောက် ရှိပြီလဲဗျာ။

ဖြေ။ ။ ၅၅ နှစ်ပါဘုရား။

မေး။ ။ ဒါဖြင့် နောက်ဘယ်နှစ်နှစ်နေနိုင် သေးသတုန်းဗျာ။

ဖြေ။ ။ ၄၅ နှစ်နေနိုင်ပါသေးတယ် ဘုရား။

မေး။ ။ အေး . . တကယ်ကောနေရမှာ တဲ့လားဗျာ။

ဖြေ။ ။ အဲဒါတော့ မသိပါဘုရား။

မေး။ ။ ကိုယ့်ဟာကိုယ် ဘယ်နှစ်နှစ်အထိ နေရမယ်ဆိုတာ မသိဘူးလားဗျာ။

ဖြေ။ ။ မသိရပါဘုရား။

မေး။ ။ အေး . . ဇာတိရလာမှတော့ ဇရာ-ဗျာဓိ-မရဏဆိုတာတွေက တစ်ခါ တည်း ပါလာကြတာပဲမဟုတ်လား။

ဖြေ။ ။ မှန်ပါ့ဘုရား။

မေး။ ။ အဲဒီအိုခြင်း၊ နာခြင်း၊ သေခြင်း တွေကို ခဏရပ်နားကြပါဦးဆိုလို့ကောရ ရဲ့လား။ (မရပါဘုရား)

မေး။ ။ အေး . . ဒါဖြင့် သေရမှာက တော့ သေချာနေတာပေါ့ဟုတ်လား။ (ဟုတ်ပါတယ်ဘုရား)

မေး။ ။ အေး . . အေး သေရမှာကတော့ လူတိုင်းသေချာပြီပဲ။ နေရဖို့ကကောဗျာ။ (မသေချာပါဘုရား)

မေး။ ။ အေးဟုတ်တယ်၊ ဒါကြောင့် အသက်သုံးဆယ်ဆိုရင် အနှစ်သုံးဆယ် ကုန်ဆုံးသွားတာပဲ။ အသက်လေးဆယ်၊ ငါးဆယ်ဆိုလည်း ကုန်သွားတာတွေကို ပြန်ယူလို့ကောရသေးသလားဗျာ။ (မရ တော့ပါဘုရား)

မေး။ ။ အေး . . ဟုတ်တယ်၊ ကိုယ့် အသက်ရောက်သလောက် အချိန်တွေ ကုန်သွားကြပြီ။ ဘာမရလိုက်သလဲ။

ဖြေ။ ။ မင်္ဂချမ်းသာ၊ ဖိုလ်ချမ်းသာပါ ဘုရား။

မေး။ ။ အေး . . အဲသလို မင်္ဂချမ်းသာ၊ ဖိုလ်ချမ်းသာ မရလိုက်တော့ အဲဒါ ရှုံးတာ ပေါ့။ နှစ်တွေကုန်သွားတာဟာ မြတ်သွား တာလား။ ရှုံးသွားတာလားဗျာ။

ဖြေ။ ။ ရှုံးသွားတာပါဘုရား။

အေး . . ဟုတ်တယ်၊ ရှုံးသွားကြတာမို့ ကျန်တဲ့အချိန်တွေကို မဖြုန်းဘဲ လုံ့လဝီရိ ယနှင့် ထူထောင်ကြ၊ ကျင့်ကြဖို့ပါပဲဗျာ။

မေး။ ။ အေး . . တို့ဒကာ ဒကာမတွေ သေရမှာတော့ သေချာတယ်နော်။

ဖြေ။ ။ မှန်ပါ့ဘုရား။

မေး။ ။ နေရဖို့ကကော။ (မသေချာပါ ဘုရား။)

## ကျန်းမာအသက်ရှည်လိုပါလျှင်

မေး။ ။ နေကြရအောင်လည်း နည်းရှိပါ့ ဗျာ။ ရှေးအရှင်သခင် အချို့များ နှစ်တစ် ရာမက အသက်တစ်ရာကျော်နေကြရပါ့ ဗျာ။ အရှင်မဟာကဿပနှင့် အရှင် ကစ္စည်းတို့လိုပဗျာ။ အချို့လည်း ရှစ်ဆယ် ကျော်၊ ကိုးဆယ်အထိ နေရပါတယ်။ အဲ သလိုနေရအောင် "ဂါရဝတရား၊ နိဝါတ တရားတို့နှင့် ပြည့်စုံရတယ်ဗျာ။ အေး . . နင်တို့အဖေနဲ့ အမေများကို ကန်တော့ကြ ရဲ့လား။

ဖြေ။ ။ ကန်တော့ပါတယ်ဘုရား။

မေး။ ။ ကိုယ့်ထက်အသက်ကြီးသူ၊ ဂုဏ် ကြီးသူတွေကိုကောဟယ်။

ဖြေ။ ။ ကိုယ့်အသက်ကြီးသူ၊ ဂုဏ်ကြီးသူ တွေကိုလည်း ညအိပ်ရာဝင်မှာ ဘုရား ကန်တော့တဲ့အခါမှာ ကန်တော့ပါတယ် ဘုရား။

အေး . . "သူက ငါ့ထက်ဘာသာ တာမှတ်လို့၊ သူက ဘယ်လောက်တတ်လို့ လဲ။ ဘာမို့လဲ" ဆိုတဲ့ စိတ်ထားတွေဟာ "မာန"လို့ ခေါ်တယ်။ အဲဒီ မာနတရား မထားဘဲ ကိုယ့်မိဘ၊ ဆရာသမား၊ ကိုယ့် ထက်အသက်၊ ဂုဏ်၊ ပညာကြီးတဲ့သူများ ကို ဂါရဝတရား နိဝါတတရားရှိလျှင် အသက်တစ်ရာမက နေကြရပါတယ်ဗျာ။ အဲဒီတန်ဖိုးကို သိကြလျှင် အရယူကြပါ ဗျား။

အေး . . ဘုရားရှင်ရဲ့ အဆုံးအမကို အရယူကြမှဖြင့် သမ္မာသမ္ဗောဓိ-ပစ္စေက ဗုဒ္ဓါ၊ အဂ္ဂသာဝက၊ မဟာသာဝက၊ ပကတိ သာဝကအစရှိတဲ့အစားစားသော ဗောဓိ ဆုများကို မိမိတို့လိုချင်လျှင် ရကြပါ့ဗျာ။ ဘုရားရှင်ရဲ့အဆုံးအမနှင့် အခုနေလိုက် ရင် အခုချက်ချင်း သန္ဒိဋ္ဌိကလက်တွေ့ချမ်း သာကြရပါသဗျား။

အေး . . ဘုရားရှင်လက်ထက် တော်က ရှေးအရှင်ကောင်းအရှင်မြတ်များ အလိုရှိရာ ဗောဓိနှင့် အသီးသီးနိဗ္ဗာန်စံ ဝင်သွားကြသကဲ့သို့ ဝီရိယနှင့် လေးဖြာ သော ဣဒ္ဓိပါဒ်(ဆန္ဒ၊ စိတ်၊ ဝီရိယ၊ ဝီမံသ)ကဲ့သို့ ... 

သတ္တဝါတွေ ချမ်းသာကြပါစေ။

**သူတော်စင်မင်းအောင်**




www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၀)

ဘိုးတော်ကင်းဖြစ်လာပုံ

ဒေါ်ခင်မေချောနှင့် အိမ်ထောင်ကျပြီးနောက် တောင်ကြီးသို့ အိုးလ်ဟန်းနီးမွန်းထွက်ခဲ့ကြသည်။ သူတို့၏ ဟန်းနီးမွန်းမှာ အပျိုလူပျို အိမ်ထောင်ကျပြီးထွက်သည့် ဟန်းနီးမွန်းမဟုတ်သဖြင့် အိုးလ်ဟန်းနီးမွန်းဟု ကင်ပွန်းတပ်လိုက်ရခြင်းပါ။

ရုပ်မချောစေကာမူ ငွေပေါ၍ အညှအခရာ အတာပိုသူ၏ အပြုအစုအောက်တွင် နစ်မွန်းခဲ့ရသည်မို့ သမာဓိအာရုံစခန်းတွင် မကျက်စားနိုင်တော့ဘဲ မမအနားတွင် တရစ်ဝဲဝဲ ဖြစ်နေခဲ့သည်။

သမထမှ ဝိပဿနာ၊ သမာဓိမှ ထွက်ရပ်ပေါက်လမ်းသို့ မရောက်ရှာတော့ဘဲ ထန်းလျက်စခန်းတွင် ဇာတ်သိမ်းခဲ့ရသည်။

အပျိုအချစ် တစ်ခဏ၊ အအိုအချစ် တစ်ဘဝဆိုသည့် အလား သူတို့နှစ်ဦး ငယ်မူပြန်ခဲ့ကြသည်မှာ အသည်းယားစရာ။

ဟန်းနီးမွန်း၊ တောင်ကြီးမှစပြီး ပေလီဖြင့် အဆုံးသတ်ရန် ပေလီသို့ ဆက်ခဲ့ကြပြန်၏။ လူနည်းသည့်အချိန်မို့ ပေလီလှိုင်းဂယက်ပေါ်ဝယ် အပျော်ကြီး ပျော်ခဲ့ကြသည်။

မူလ ဆရာတော်ကြီး၏ဩဝါဒမှာ ပေလီလှိုင်းနှင့်အတူ ပင်လယ်ပြင်ဆီသို့ ရောက်ရှိသွားခဲ့လေပြီ။

ခင်မောင်ဦး အတိတ်ဇာတ်လမ်းများကို ပေလီသောင်ယံဦးတွင် မြှုပ်နှံခဲ့ပြီးနောက် ဘဝသစ်ဇာတ်လမ်းကို မမ၏ရင်ခွင်ထဲတွင် ပြန်လည်ဖွားသန့်စင်လိုက်၏။

ရန်ကုန်ရှိ မမ၏တိုက်ကြီးပေါ်တွင်မှ အကြားအမြင်ဘိုးတော်၏နာမည်မှာ တစ်နေ့ထက်တစ်နေ့ ကျော်ကြားလာ၏။ အထက်တန်းလွှာနှင့် အလယ်တန်းလွှာတို့၏ ပါးစပ်ဖျားတွင် ရေပန်းစားနေ၏။

သူ၏ သမာဓိအာရုံမှာ အရှိန်လျော့ကျလာပြီ ဖြစ်၏။ မနောအကြည်ဓာတ်သည်လည်း ယခင်ကလောက် မလင်းတော့။ သို့သော် ဆင်ပိန်လျှင် ကျွဲဟူသောစကားအလားသို့ ထိပ်ဆုံးတွင်မရပ်နိုင်စေကာမူ အလယ်အဆင့်လောက်တော့ ရှိသေး၏။

တစ်နေ့တခြား နာမည်ကျော်ကြားသည်နှင့်အမျှ မမရင်ခွင်တွင် အချိန်ပြည့်နားခိုနေ၍ မရတော့ဘဲ အချိန်အပိုင်းခွဲထွက်၍ အကျင့်စခန်းသို့ ခြေဦးပြန်လှည့်ခဲ့၏။

မမ၏ တိုက်ကြီးပေါ်တွင် ခမ်းနားသည့် အမြင့်အောင်ကြောင့် သူ၏ အလယ်အလတ်အဆင့်သည်ပင် ထိပ်တန်းအဆင့်ပမာ ရုပ်တည်နိုင်ခဲ့သည်။

ရန်ကုန်မြို့တော်ရှိ ဂိုဏ်းပေါင်းစုံလုပ်ငန်းများကို လေ့လာလိုက်သောအခါ ဘိုးတော်တွေ မှိုလိုပေါက်နေ၏။ အကြားအမြင်ဆရာတွေ ခြင်လိုပေါနေ၏။ ဒီအခြေအနေတွင် သူက ရိုးရိုးဘိုးတော်လုပ်၍ မဖြစ်တော့၊ ဘိုးတော်ခင်မောင်ဦးဟု လုပ်လျှင် အခြားဘိုးတော်တွေနှင့် ရောထွေးသွားမည်ကိုလည်း စိုးရိမ်နေ၏။

အမှန်တော့ သူက အခြားဘိုးတော်များနှင့်မတူ၊ ကိုယ်ပိုင်ကားကြီးစီး၍ တိုက်ကြီးပေါ်တွင် ခံ့ခံ့ညားညားကြီး စတိုင်လ်အပြည့်ရှိသည့် ဘိုးတော်ဖြစ်ရာ အခြားသောဘိုးတော်တွေထက် ထူးမှဖြစ်မည်ကြောင့် ဘိုးတော်တို့ထံတွင် ဘုရင်ဟူသော အတိတ်နာမဖြင့် ဘိုးတော်ကင်းဟု တစ်မူထူးခြားစွာ ဆိုင်းဘုတ်ချိတ်လိုက်ခြင်းပင်။

အကျင့်စခန်း ထိပ်တန်းရောက်နေသည့် ဆရာတော်ကြီး၏ ဆေးဝါးအကူအညီများဖြင့် ရန်ကုန်သားတို့၊ လူလည်တို့ အလယ်တွင် ထည်ထည်ဝါဝါကြီး ဖြစ်နေ၏။ ဘီအေဘီအယ်(လ်)

# ဘိုးတော်ကင်း

ကျော်မြသန်း

ယခင်လမှ အဆက်-၁၁

www.burmeseclassic.com

ဘိုးတော်ကြီး၏ အဖြီးအဖြန်း အောက်တွင် ရန်ကုန်သားတို့မှာ ပြားပြားဝပ် ဖြစ်ခဲ့ကြ၏။

ဘိုးတော်အမည်ခံချင်းချင်း ကပင် သူ့ကိုမော်ကြည့်ခဲ့ရသည်။

ငွေပင်နားတော့ ငွေကျေး၊ ရွှေပင်နားတော့ ရွှေကျေးဆိုသည့်လား၊ သူဌေးမကြီးဒေါ်ခင်မေချော တိုက်ပေါ်တွင် နားရသည့်အခါ ဘိုးတော်ကင်း၏ဘဝမှာ အထွတ်အထိပ်သို့ ရောက်ခဲ့သည်။

သူ၏နောက်သို့ တကောက်ကောက် လိုက်နေကြသူများမှာ အသားမစားရဘဲ အရွက်စားပြီး သက်သတ်လွတ်အမိဋ္ဌာန်ဝင်နေချိန်တွင် သူကတော့ ဘရန်ဒီမြို့၍ ကြက်ဥစုပ်နေခဲ့သည်။

အရက်ကြိုက်သူများက အရက်ဖြတ်၍၊ အသားကြိုက်သူများကအသားရှောင်၍ ဘုရားရုပ်ပွားတော်ရှေ့မှောက်တွင် တည်တည်ငြိမ်ငြိမ် ရင့်ကျက်သောဣန္ဒြေဖြင့် ပုတီးစိပ်၊ သမထထိုင်ကြသည့်အတွက်တော့ သူမှာ ကုသိုလ်ဖြစ်နေမည်လား မဆိုနိုင်ပေ။ သူက သူ့ဆီရောက်သမျှလူတွေကို ပုတီးစိပ်ပြီး သက်သတ်လွတ်အမိဋ္ဌာန်ဝင်ခိုင်းသည် မဟုတ်ပါလား။

ဘိုးတော်ကင်း၏ အမိဋ္ဌာန်ရေစင်တို့မှာ တစ်ချိန်သောအခါက ရွှေတိဂုံစေတီတော်မှာ သံသေခါင်းလောင်းရေစင် နာမည်ကြီးသလို ကြီးသည်။ နောက်ပိုင်း ဗွီအိုင်ပီများ ဝိုင်းဝိုင်းလည်နေသဖြင့် သာမန်လူများ ဘိုးတော်ကင်းအနား မရောက်နိုင်တော့ပေ။

ဘိုးတော်ကင်းမှာ အောက်မြန်မာပြည်တစ်လွှားနှင့် အထက်မြန်မာပြည်တစ်လွှားတွင် နာမည်ကျော်ကြား ထင်ရှားနေသော်လည်း သူ၏အရှိန်အဝါမှမှ တဖြည်းဖြည်း အကျဘက်သို့ ဦးတည်နေပြီ ဖြစ်ပေသည်။

ယနေ့ အထက်ဂိုဏ်းများ လေ့လာလိုက်စားနေသည့် ဂန္ဓာရီဝိဇ္ဇာပညာရပ်ကို ဘာသာရေးယောင်ယောင်လုပ်နေခြင်းမှာ ဗုဒ္ဓဂိုဏ်းသင့်သည်ဟု ကျွန်တော့်အနေနှင့် ယူဆမိပါသည်။ အမှန်မှာ ဂန္ဓာရီဝိဇ္ဇာပညာရပ်ဟူသည်မှာ ဘာသာရေးနှင့် မသက်ဆိုင်သည့် အတတ်ပညာတစ်ခုသာလျှင် ဖြစ်ပေသည်။ လောကီပညာရပ်သက်သက်မျှသာ ဖြစ်၏။

ဤအတတ်ပညာကို ဘာသာရေးနှင့် အကျိုးဝင်သယောင် ပြောဆိုပြုမူနေသည်ကို လက်မခံနိုင်ပေ။ အချို့ကဆိုလျှင် ဝိပဿနာအလုပ်၏ ပထမတန်းသဘောအနေမျိုးရောက်အောင် ပြောဆိုနေကြ၏။

နာမည်ကျော် ကျွန်တော်၏ ဘိုးတော်ကင်းသည်ပင်လျှင် ဂန္ဓာရီဝိဇ္ဇာပညာကို ဘာသာရေးနှင့် အကျိုးဝင်သည်ဟု သူ့အား ကိုးကွယ်သူများကို ဩဝါဒထူးပေးခဲ့ဖူးပေသည်။

ယင်းပညာသည် ဗုဒ္ဓလက်ထက်တော်ကပင် ထွန်းကားခဲ့သည်မှန်သော်လည်း ဗုဒ္ဓ၏အဘိဓမ္မာနှင့် လုံးဝမသက်ဆိုင်ပေ။

မန္တလေးအသွားရထားတွင် သူနှင့် ကျွန်တော် အတော်ကလေး ငြင်းခဲ့ရသည်ကြောင့် ထည့်သွင်းဖော်ပြခြင်း ဖြစ်ပါသည်။

ခင်မောင်ဦး ဘိုးတော်ဖြစ်လာသည်မှာလည်း မရှုယ်ဘဲ စော်ကဲ ခင်းဖြစ်သည်ဆိုသည့် သဘောပင်။

သူ့တွင် စွဲကပ်လာသည့် ကိုယ်ရေပြားရောဂါကို ဂဒူးဂဏန်းဆရာတော်နှင့် ဆေးကုသရင်း ဆရာတော်မေတ္တာရပ်ခံချက်အရ မေတ္တာကမ္မဋ္ဌာန်းစီးဖျန်းရာ၌ ဂန္ဓာရီဝိဇ္ဇာအတတ်ပညာအချို့ကို ဆရာတော်၏ကြပ်မတ်မှုဖြင့် ကျင့်ကြံအားထုတ်ခဲ့သည်။ ထိုမှ ဆရာတော်က သူ့အား မန္တလေးသို့ လွှတ်ခဲ့၏။ မန္တလေးသို့ရောက်သည့်အခါ၊ ဆရာတော်၏တပည့် ဦးပဥ္စင်းထံတွင် ဆန်းကျမ်း၊ ဗေဒင်လက္ခဏာပညာများ သင်ယူခဲ့သည်။

ဦးပဥ္စင်းထံသို့လာကြသည့် ဗေဒင်ဝါသနာအိုးများကို ဦးပဥ္စင်း၏ခွင့်ပြုချက်အရ အပျော်သဘော ဟောပြောခဲ့ရာမှ နာမည်ကြီးလာခဲ့၏။ ဗေဒင်နှင့် လက္ခဏာပညာကို အခြေခံပြီး စိတ်ကိုထိန်းချုပ်ရာမှ ပေါ်လာသည့် သမာဓိအားမနောအမြင်ကို ဟောပြောခဲ့သဖြင့် လူတွေက အကြားအမြင် ဘိုးတော်ဟု နာမည်တပ်ပေးကြသည်။

သူကမူ ဘိုးတော်လုပ်ရန် မရည်ရွယ်၊ နားလည်း မလည်၊ လူတွေက လုပ်ခိုင်းသည်။

ဗေဒင်ဝါသနာအိုးအုပ်စုက လုပ်ခိုင်းခြင်း ဖြစ်ပေသည်။

မန္တလေးသူဌေးကတော် တုတ်တုတ်၊ ရန်ကုန် ဒေါ်ခင်မေချောတို့အုပ်စုနှင့်တွေ့ပြီး သူ့ကို ဘိုးတော်ဟု အတင်းသမုတ်သည့်အခါ သူကလည်း ရော ယိမ်းလိုက်ဘသား ယိမ်းလိုက် လုပ်လိုက်သည်။

ဒေါ်ခင်မေချော၏အရှိန်အဝ ဖြင့် ရန်ကုန်တွင် တွင်ကျယ် လာသည့်အဆင့်သို့ ရောက်သည် အခါ ဘိုးတော်တို့၏ ဘုရင်သ ကိုဆောင်းပြီး ကိုယ့်ကိုယ်ကို ဘိုး တော်ကင်းဟု အမည်တပ်ပြီး သည့်နောက် ဘိုးတော်ကင်းမှ အထက်တန်းလွှာတို့အလယ်တွင် ထည်ဝါနိုင်ခဲ့သည်။

ယခုအချိန်တွင်မူ ဆရာ တော်နည်းပေးလမ်းညွှန်ခဲ့သည် ဂန္ဓာရီဝိဇ္ဇာအတတ်ပညာ၏ ကျင့် ကြံအားထုတ်မှုများ မေးမှိန်ကွယ် ပျောက်ခဲ့ပြီဖြစ်ရုံမက ဘရန်ဒီ ကြက်ဥနှင့် မမရင်ခွင်တွင် မေ့ စက်နားခိုရင်း ဦးပဥ္စင်းထံမှ သင် ယူခဲ့သည့် ဆန်းကျမ်း၊ ဗေဒင် လက္ခဏာပညာကို အခြေခံပြီး ခပ်တည်တည်ပင် ဘိုးတော်ဆက် လုပ်နေခြင်း ဖြစ်၏။

ခင်မောင်ဦးနှင့် ကျွန်တော် ရထားပေါ်တွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနေကြသည့်အဖြေမှာ ခင်မောင်ဦးကိုယ်တိုင် ဘိုးတော် ဘဝကို စွန့်လွှတ်ရန် အကြိမ် ကြိမ် စဉ်းစားခဲ့ပြီ၊ ကြံစည်ခဲ့ပြီ သို့သော် မဖြစ်။ မဖြစ်ဆိုသည် မှာ သူက စွန့်သည့်တိုင် လူတွေ က သူ့နောက် လိုက်နေကြဦး မည်သာ။

ဝက်ဖြစ်မှတော့ မစင် ကြောက်၍ မဖြစ်တော့။

သမထအကျင့်အကြံအား ထုတ်မှုဆိုသည်မှာ ကျင့်ကြံအ

www.burmeseclassic.com

ထုတ်နေစဉ်သာ အရှိန်အဝါတက်နေပြီး ကျင့်ကြံအားထုတ်မှု မရှိသည်နှင့် အရှိန်အဝါ ကျဆင်းရပေမည်။ သို့သော် လုံးဝတော့ အရှိန်မသေပါ။ တဖြည်းဖြည်းခြင်းမှ အရှိန်သေပါသည်။

မော်တာအားနှင့်ဖွင့်သော ကြိုးရည်စက်မှ စတပ်တာနှိပ်လိုက်သည်နှင့် မော်တာကြောင့် ဘီးကြီးမှာ မွှတ်နေအောင် လည်ပေလိမ့်မည်။ မော်တာရပ်လိုက်သည့်အခါ ဘီးကြီး၏လည်ပတ်မှုမှာ ချက်ချင်းရပ်မသွားဘဲ အရှိန်ကလေးနှင့် လိမ့်ရင်း လိမ့်ရင်းမှ ဖြည်းဖြည်းချင်း ရပ်သွားသည့်သဘော။

မော်တာတည်းဟူသော ကျင့်ကြံ အားထုတ်မှုကြောင့် Will Power စိတ်တန်ခိုးသတ္တိ သမထအာရုံတို့ ရ၏။ ထိုအာရုံသည် ကျင့်ကြံမှုအား များသလောက် တရှိန်ရှိန်တက်နေမည်ဖြစ်၏။ ကျင့်ကြံအားထုတ်မှုမရှိလျှင် အရှိန်သည် တဖြည်းဖြည်းကျဆင်းသွားမည်မှာ မလွဲပါ။

ခင်မောင်ဦးကိုယ်တိုင်က သူ့အရှိန်ကျနေပါပြီဟု ဝန်ခံခဲ့သည်။

သို့သော်...

အများက နွားကို ကျွဲဟု ပြောနေကြလျှင် သူသည်လည်း ကျွဲဟု ပြောရုံသာ။

ဤသဘောအရ ခင်မောင်ဦးသည် ဘိုးတော်ဘဝတွင် ခပ်တည်တည် ဆက်လက်ရပ်တည်နေခြင်း ဖြစ်ပေသည်။

မရွယ်ဘဲနှင့် စော်ကဲမင်းဖြစ်ဆိုသလို ခင်မောင်ဦးသည်လည်း မရွယ်ဘဲနှင့် ဘိုးတော်ကင်း ဖြစ်လာရပေသတည်း။

\+ + +

## အခန်း(၁၁)

## ဆေးကြိုတ်ပွဲကြီးသို့

ဘိုးတော်ကင်း ကျွန်တော့်ကို မန္တလေးတက်လာရင်း သူ့ဘဝအဖြစ်ကို ပြောရန် ကျွန်တော့်ကို အဖော်ခေါ်လာခြင်းဖြစ်၏။ တစ်နည်းအားဖြင့် သူရပ်တည်ခဲ့သည့် အတိတ်ဘဝဇာတ်ကြောင်းနှင့် လက်ရှိဇာတ်လမ်းကို ရှိအား ကျွန်တော်မှတစ်ဆင့် အသိပေးလိုခြင်းကြောင့် ဖြစ်သည်။

ကျွန်တော်က ကြားလူအဖြစ်။

ဘိုးတော်ဖြစ်ချင်၍ ဘိုးတော်နောက် လိုက်ခဲ့၏။ ဘိုးတော်၏ ဘဝအခြေမှန်ကို သိသောအခါ ဘိုးတော်ဖြစ်လိုစိတ်မရှိ။ ဘိုးတော်တွေ၏အကြောင်းကို အတွင်းကျကျ လေ့လာလိုစိတ်သာ ရှိတော့သည်။

ဘိုးတော်ကင်း၏နောက်ပါးမှ ကပ်လျက် လေ့လာရသည်မှာ။

ဘိုးတော်ကင်းနှင့် ကျွန်တော်တို့လိုက်ပါလာသည့် ရထားကြီးမှာ ဥဩသံ တည်ညည်ပေးလျက် မန္တလေးဘူတာကြီးအတွင်းသို့ ဝင်လာခဲ့ပါပြီ။

ဘူတာကြီးအတွင်းမှ ကြိုဆိုရန် စောင့်ကြိုနေသည့်လူအုပ်ကြီးမှာ ဖွေးဖွေးလှုပ်နေ၏။ ကျွန်တော်တို့ကို ကြိုဆိုရန် မဟုတ်ပါ။ အဆန်းရထားကြီးနှင့် လိုက်ပါလာမည့် ခရီးသည်များကို ကြိုဆိုမည့်လူအုပ်ကြီး ဖြစ်ပါသည်။ ထိုအထဲတွင် ဘိုးတော်ကင်းကို ကြိုဆိုမည့်လူတွေလည်း ပါပါလိမ့်မည်။

ရထားရပ်သည့်အခါတွင် ဘိုးတော်ကင်း၏ပရိသတ်ကို တွေ့ရပါပြီ။ လူပေါင်းငါးဆယ်ထက် မနည်းပါ။ ပါးရေတွန့်နေသော အဘွားအိုမှသည် နားသန်သီးဝတ်မှ ကောင်မလေးအရွယ်အထိပါဝင်သည့် အမျိုးသမီးပရိသတ်က များပါသည်။ ဘိုးတော်ကို ကိုးကွယ်သူများတွင် မိန်းမပရိသတ်ကပဲ များလေသလား။ သို့မဟုတ် ခင်မောင်ဦးကပဲ မနှင့် အကျိုးပေးလေသလားမသိ။ ဘိုးတော်ကင်းကို နှုတ်ဆက်ကြသူများတွင် ဖိုသံကို မသံက လွှမ်းထားသည်ကို တွေ့ရသောကြောင့်ပါ။

ထိုအထဲတွင် ဘိုးတော်ကင်းကို စတွေ့စဉ်က ရထားပေါ်တွင်တွေ့ရသည့် စိန်နားကပ်အမျိုးသမီးကြီးက ရှေ့ဆုံးမှ။

ဘိုးတော်ကြီး ကျန်းမာပါရဲ့လား။ မမကြီး ကျန်းမာပါရဲ့လား။

နှုတ်ဆက်သံများက တလွှင်လွှင် တသာသာ။

ခင်မောင်ဦးကို နှုတ်ဆက်သည်နှင့်အတူ ခေါင်းမချောကိုလည်း နှုတ်ဆက်ကြသည်။

စိန်နားကပ်ရောင်ကြောင့် ပါးပြောင်သလို ပါးကြောင့် စိန်နားကပ်ရောင် တောက်သည်ဟု ဆိုရမလားမသိ။

ကျွန်တော့်ကိုမူ မည်သူကမှ နှုတ်မဆက်ကြပါ။ အရေးတယူလည်း မကြည့်ကြပါ။ ဘိုးတော်ကင်းကိုသာ အလုအယက် နှုတ်ဆက်နေကြ၏။ ဘိုးတော်ကင်းနှင့်ပါနေကျ ကပ္ပိယသစ်ဟု ထင်ကြမည် ရှိပါသည်။ တစ်ဦးတစ်ယောက်ကမှ မပြုံးတော့ ကျွန်တော်က ခပ်တည်တည်ပေါ့။ ခင်မောင်ဦး မနေသာတော့။ စိန်နားကပ်ကြီးနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးလိုက်သည်။

"ကိုယ်ပြောတဲ့ တုတ်တုတ်ဆိုတာပဲ"

""တုတ်တုတ်ရေ · ·ဒါ ဆရာညီအစ်ကိုတော် ကိုအေးမောင်ပါ"

ဒီတော့မှ အားလုံးက သွားဖြီးလာကြသည်။ စိန်နားကပ်ကြီးကလည်း အားရပါးရ ဖက်လဲတကင်းနှုတ်ဆက်သည်။

နှုတ်ဆက်ပြီးနောက် တုတ်တုတ်ပြောလိုက်သည့်စကားမှာ ကျွန်တော့်ပါးစပ်ကို သုံးဆယ့်နှစ်ချောင်းပေါ်အောင် ဟသွားစေပါသည်။

"တုတ်တုတ်ရဲ့ ဆေးကြိုတ်ပွဲကို ဘိုးတော်တစ်ယောက်တိုးပြီး ပါလာတာ တွေ့ရလို့ တုတ်တုတ်တို့တော့ သိပ်ကို ဝမ်းသာသွားတာပဲ၊ ဆရာက ရောက်ရောက်ချင်းမှ မပြောဘဲကိုး" ထိုသို့ ကျွန်တော်နှင့် ဘိုးတော်ကင်းကို ပြောသလို သူ့အမျိုးသမီးပရိသတ်သို့လည်း ကျွန်တော့်ကို ဘိုးတော်တစ်ယောက်အဖြစ် မိတ်ဆက်ပေးလိုက်ပါသည်။

မရွယ်ဘဲ ဘိုးတော်ဖြစ်သူ့ထဲတွင် ကျွန်တော်လည်း အလို



www.burmeseclassic.com

www.burmeseclassic.com

အလျှောက်ပါသွားပါပြီ၊ ဘိုးတော်ကင်းက ရှင်းချက်မထုတ်တော့။ ကျွန်တော်လည်း ချော့လဲရောထိုင်ပေါ့။

"အင်း• • •ဘိုးတော်ဖြစ်ဖို့များ တယ်လည်း လွယ်လိုက်ပါလား"ဟု မှတ်ချက်ချမိ၏။ ခင်မောင်ဦးက ဘိုးတော်ကင်းဆိုတော့ ကျွန်တော်က အချောင်ဖြစ်သည့်ဘိုးတော်မို့ ဘိုးတော်ချောင်ဟု နာမည်ပေးရ ကောင်းလေမလားဟု။

မန္တလေးမှ ကြုံဆိုသည်မှာလည်း ရန်ကုန်လိုပင် တခမ်းတနားရှည်လျားသည့် ကားတန်းနှင့် အမျိုးသမီးပရိသတ်အင်အားအပြည့်၊ သို့သော် ရန်ကုန်နှင့်ကွာသည်မှာ တစ်ခုသာ၊ ရန်ကုန်ကားလမ်းတွင် ဂျစ်ကားများမပါသော်လည်း မန္တလေးကားလမ်းတွင်မူ ဂျစ်ကားများပါသည်။

ရန်ကုန် အမျိုးသမီးများတွင် ခြေကျင်းမပါသော်လည်း မန္တလေးအမျိုးသမီးများတွင် ခြေကျင်းတွေ တဝင်းဝင်း။

ကားတန်းကြီးမှာ ကြီးလည်းကြီး၊ ခေတ်လည်းမီသည့် တိုက်ကြီးရှေ့တွင် ရပ်တန့်သွားသည်။ တုတ်တုတ်တို့ တိုက်ကြီးဖြစ်မည်ထင်ပါသည်။ တုတ်တုတ်ကိုယ်တိုင် ဘိုးတော်ကင်းနှင့် ဘိုးတော်ချောင်တို့စီးလာသည့် ကားတံခါးကို လာဖွင့်ပေးပြီး တိုက်ထဲသို့ တရိုတသေ ရှေ့ဆောင် ခေါ်ဆောင်သွားသောကြောင့် ပါ။ တိုက်ထဲအဝင်တွင် တိုက်ဝမှ ဖြူဖြူဝဝ တရုတ်ကပြားကြီးတစ်ယောက်က ဘိုးတော်ကင်းကို လက်အုပ်ကလေးချီပြီး နှုတ်ဆက်ပါသည်၊ တုတ်တုတ်က တရုတ်ကြီးနားသို့ကပ်ပြီး ပြောလိုက်ပြီးနောက် ကျွန်တော့်ကိုလည်း လက်အုပ်ချီ၍ နှုတ်ဆက်ပါသည်။

ကျွန်တော်မှာ ဘုမသိ ဘမသိ လက်အုပ်ချီလိုက်ရ၏။

တုတ်တုတ်မှာ အသက်မကြီးသေးပါ။ (၅၀)ပတ်ဝန်းကျင်မှာ ရှိပါမည်။ အသားညိုသော်လည်း မျက်နှာကျလှပါသည်။ ကိုယ်လုံးကိုယ်ထည် ဖြောင့်ဖြူးပါသည်။ ခေတ်မီ၍ ဖျတ်ဖျတ်လတ်လတ်ရှိသော အမျိုးသမီးတစ်ယောက်၊ ပြောဟန်ဆိုဟန် လှုပ်ရှားဟန်တို့မှ အပျိုစင်လေး တစ်ယောက်ပမာ။ တုတ်တုတ် လူဆိုသည်မှာ တရုတ်ကပြားကြီး၊ လူအေးကြီးဖြစ်ဟန် ရှိ၏။ စကားသိပ်မပြော၊ တုတ်တုတ်လှုပ်ရှားနေသမျှ နောက်လိုက်နေသူ ဖြစ်ဟန်ရှိ၏။ ခြုံ၍ဆိုရသော် တုတ်တုတ်တို့အိမ်ထောင်သည် ကြက်ဖတွန်၍ မိုးမလင်း၊ ကြက်မတွန်မှ မိုးလင်းသည့်အိမ်ထောင်ဟု။

တုတ်တုတ်တို့တိုက်ကြီးမှာ အလွန်ခေတ်မီသည်။ အနောက်တိုင်းပုံစံအတိုင်း အိမ်ခန်းနှင့် ရေချိုးခန်းတွဲလျက် အပေါ်ထပ်တွင်လည်း ထိုအတိုင်း။ မျက်နှာပွင့်ပေခြောက်ဆယ်နှင့် နောက် ပေရှစ်ဆယ်ခန့်ရှိမည့် တိုက်ကြီးဖြစ်ပါသည်။ ဘေးတွင် ကားဝင်ရာလမ်းနှင့် နောက်ဖေးတွင် နှစ်ခန်းတွဲ ကားဂိုဒေါင်တစ်လုံး ဆောက်ထားပါသည်။

တိုက်ကြီး၏အခြေအနေကိုကြည့်လျှင် တုတ်တုတ်တို့၏ စီးပွားရေးအဆင့်အတန်းကို ခန့်မှန်းနိုင်သည်။ ငါးသိန်းအထက် စာရင်းဝင် လူ့အလွှာတွင် ပါဝင်သူများအဖြစ် သေချာသည်။ သမီးနှစ်ယောက်ရှိသည်ဆိုသော်လည်း မတွေ့ရသေး။ ကျောင်းသွားနေသည်။

အံ့ဩစရာကောင်းသည်မှာ သူတို့စီးပွားရေး မဟုတ်ပါ။ ဤမျှ ချမ်းသာနေသူများက နောက်ထပ် ဒီထက်ပို၍ ချမ်းသာရန် မ,စမည့် ဘိုးတော်တွေနောက် လိုက်နေခြင်းပင်။

လောကလူသားတို့၏သဘာဝဟု ဆိုသင့်သလား၊ သဘာဝ လွန်ကဲမှုဟု ဆိုသင့်သလားဆိုသည်ကို မဝေခွဲတတ်ပါ။

သို့မဟုတ်• • •

ကျွန်တော်ကြားဖူးသလို ဆိုရသော်• • •။

ချမ်းသာသူများသည် အများအားဖြင့် မရှိသည့်ဝေဒနာကို အရှိလုပ်နေကြသည့် စိတ္တဇဝေဒနာရှင်များဖြစ်ကြသည်ဆိုသလို ဘိုးတော်နောက်သို့ အပျော်လိုက်ကြသည်လား မသိပေ။

ရေမိုးချိုးပြီးသည်နှင့် ကျွန်တော်တို့အား တည်ခင်းသည့် လက်ဖက်ရည်ပွဲကြီးမှာ ခန့်ညားသလောက် စားစရာတွေ စုံလင်လှ၏။ သာမန်လက်ဖက်ရည်ပွဲမျိုးမဟုတ်သဖြင့် လက်ဖက်ရည်ပွဲကြီးဟု ဆိုရခြင်းပါ။ နို့သပ်သပ်၊ သကြားသပ်သပ်၊ လက်ဖက်ခြောက်ရည်သပ်သပ် ထည့်ထားသည့် ငွေလင်ပန်းပေါ်ရှိ ငွေကရားငွေအိုးကလေးများမှာ လှပသည်။ မုန့်မျိုးစုံ၊ အသီးမျိုးစုံထည့်ထားသည်။ ပန်းကန်ကလေးများမှာ ဝင့်ထည်လှသည်။ ကျွန်တော့်အနေနှင့်တော့ မတွေ့ဖူးသေးကြောင်း အစစ်ခံလိုပါသည်။

သူတို့တည်ခင်းထားသည့် လက်ဖက်ရည်ပွဲမှာ သောက်ဖို့ စားဖို့ထက် အလှကြည့်နေဖို့ ကောင်းသည့် လက်ဖက်ရည်ပွဲ မျိုးပါ။

ကျွန်တော်တို့ လက်ဖက်ရည်သောက်နေစဉ် တုတ်တုတ် ခင်ပွန်းက ဘိုးတော်ကင်းကို လာ နှုတ်ဆက်ပြီး အပြင်ထွက်သွာ သည်။ လက်ဖက်ရည်ပွဲတွင် တုတ်တုတ်နှင့် ဘူတာလာကြိ သည့် အမျိုးသမီးအချို့က ဧည့်ခံ နေကြသည်မှာ အားနာစရာ ကောင်းလောက်အောင်ပင်။

မစားနိုင်တော့ပါဆိုသည် ကိုပင် ပါးစပ်ထဲခွံ့တော့မတတ်

ဘိုးတော်ကင်း နောက် ဘိုးတော်ချောင်ပါ ကောင်းစာ နေသည်ပေါ့။

လက်ဖက်ရည်သောက်ပြီး နောက် ကျွန်တော်တို့ နား ရန် အိမ်ပေါ်သို့ တက်ခဲ့ကြ အမျိုးသမီးအချို့မှာ နှုတ်ဆက် ပြန်သွားကြသည်။ အိမ်ပေါ်ထ တွင် ခြေတင်ထားသည့် ကြ ပက်လက်ကုလားထိုင်ကြီးနှစ် ကို တအိအိလည်နေသည့် ကာအောက်တွင် ကော်ဇော ခင်း၍ ကြိုးသိုင်းခေါင်းအုံး ချိတ်လျက် ပြင်ဆင်ထားသည်

အပေါ်ထပ်ရှိ ဘုရားခန်း မကြီးပါ။ သို့သော် ကြည်ည ဖွယ်ရှိပါသည်။ မန္တလေး၏

www.burmeseclassic.com

ရွှေချ အနုစိပ်လက်ရာကို ပလ္လင်ပေါ်တွင် ပေါ်လွင်ဖော်ကျူးထား၏။ သီဟိုဠ်မှလာသည့် နောက်ခံမီးပြောက်မှာ တလက်လက်၊ တဝင်းဝင်း။ ရောင်ခြည်တော်လွှတ်နေသည့်သဏ္ဍာန်။ ရုပ်လုံးများမှာ ကြွနေသည်။

ပွဲများပြင်ထားပုံမှာမူ ဘိုးတော်ကင်းအိမ်က အပြင်အဆင်အတိုင်းပင်။ မန္တလေးသည် ဘိုးတော်ကင်း မူလဓာတ်စခန်းစိုက်သည့်နေရာဖြစ်ရာ ဒုတိယဓာတ်ခန်းစိုက်သည့် ရန်ကုန်မြို့သို့ မန္တလေးပုံစံကို ယူသွားခြင်းဖြစ်ပေသည်။

သို့သော် ဘုရားစင်ထက် ပွဲစင်မှာ ပိုကြီးနေသည်မို့ မြင်ကွင်းမှာ ခပ်တောင့်တောင့်ဖြစ်နေသည်။

"ဘုရားက အမြဲတမ်းသည်းခံခွင့်လွှတ်တယ်၊ နတ်က ခွင့်မလွှတ်ဘူး"

ဤသည်ကြောင့် ဘုရားစင်ထက် ပွဲစင်က ကြီးနေသည်လား မသိပေ။ တုတ်တုတ် အောက်ဆင်းသွားပြီး ကျွန်တော်တို့နှစ်ယောက်တည်းကျန်သည့်အခါ ခင်မောင်ဦးကို ပြောရသည်။

"ကဲ...ကိုရင် မင်းတုတ်တုတ်က ငါ့ကို ဘိုးတော်ထင်နေပြီ အဲဒါ ဘယ်လိုလုပ်ရမလဲ"

"ဘာလုပ်စရာလိုလဲကွ၊ ခုတဲ့အတိုင်းပဲ ဆက်နေလိုက်ပေါ့"

"ဖြစ်ပါ့မလား၊ ငါက ဘာ[illegible]သည် ညာနားမလည်နဲ့"

သူပြောသည်မှာလည်း မဆိုး၊ ကျွန်တော်တွဲလာသည့်က ငါးစိမ်းသည်မဟုတ်။ ဘိုးတော်နှင့်၊ သို့ဆိုပါက ဘိုးတော်ဟန်ဆောင်နေခြင်းသည်သာ အကောင်းဆုံးဖြစ်မည် ထင်၏။

ထမင်းစားချိန်ကျတော့လည်း ပြင်ဆင်သည်မှာ အံ့မခန်း။ ဗိုက်ခွေးနမ်းသည့် ထမင်းပွဲဆိုသည်မှာ ဤထမင်းမျိုးကို ပြောခြင်းဖြစ်ပေမည်လားမသိ။ မန္တလေးမှာ လေးငါးရက်နေပြီး ဤထမင်းပွဲမျိုးသာ စားနေရလျှင် ဝဖီးလာမည်မှာ မလွဲပါ။ ကုတ်ပိုးများတက်လာလိမ့်မည်ထင့်။

သို့သော် ထမင်းစားပြီး ဘိုးတော်ကင်းပေးလိုက်သည့်အမိန့်ကြောင့် ကုတ်ပိုးတက်ဖို့ နေနေသာသာ မရှိမဲ့ ရှိမဲ့ အသားက လပင် လျှော့ပါးသွားတော့မလားဟု ထင်လိုက်ရ၏။

"တုတ်တုတ်...သန်ဘက်ခါကစပြီး ဆရာတို့ဖို့ သက်သတ်လွတ်စီစဉ်ပါ"

"ဘယ်နရက်လဲ ဆရာ"

"ခါတိုင်းလိုပဲလား ဆရာ"

"အင်း..."

သေပဟဲ့ နန္ဒိယလို့ ညည်းစရာပါ။ သို့သော် ဘိုးတော်ကားပြောသလို ဝက်ဖြစ်မှတော့ မစင်ကြောက်၍မဖြစ်။ ဘိုးတော်ချောင်ဖြစ်နေမှတော့ ဘိုးတော်ကင်းနောက် ရပေတော့မည်သာ။

"ဆရာတို့ဖို့..."ဆိုသည့် စကား ထည့်သုံးထားသည်ကြောင့် ကျွန်တော်အတွက် သီးခြားစီစဉ်ပေးလိမ့်မည် မဟုတ်ပေ။

ကျွန်တော်က အသားကြိုက်သူ၊ အသားမှ အမဲ ဘဲကို အလွန်ကြိုက်သူ အသားမပါလျှင် ထမင်းမြိန်မတတ်နိုင်ပါ။ တွေကြရောပေါ့ သက်သတ်လွတ်ဟု။

ရထားပေါ်တွင် အိပ်ရေးပျက်လာခဲ့သဖြင့် ဘိုးတော်ကင်းနှင့်အတူ ပြင်ဆင်ထားသည့် ခုတင်ကြီးပေါ်တွင် တစ်မှေးအိပ်စက်လိုက်ရ၏။ နေ့ဘက်တွင် အိပ်လေ့မရှိသော်လည်း ညက အိပ်ရေးပျက်ခဲ့သဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားသည်ဟု ထင်ပါသည်။ အိပ်မက်ဆန်းကြောင့် ဖျတ်ခနဲ လန့်နိုးသည့်အချိန်မှာ လေးနာရီထိုးရန် ငါးမိနစ်မျှသာ လိုတော့သည်။

အိပ်မက်မက်ပုံကလည်း အဆန်းပါ။

တုတ်တုတ်တို့တိုက်ပေါ်ရှိ ပွဲပြင်ဆင်ထားသည့် စားပွဲကြီးရှေ့တွင် ကျွန်တော်က ဗိတ်ဖြူစင်ကြယ်နှင့် ပုတီးကြီးလည်ပင်းဆွဲပြီး ထိုင်သည်။ ကျွန်တော့်ဘေးတွင် ဝိုင်းဝိုင်းလည်နေသူတို့၏ လက်ဖဝါးတော် မို့မို့ကလေးများကို ကိုင်တွယ်ပြီး ဓာတ်ကူးပေးနေသည့်ဟန်။ အပျိုတစ်ယောက်ပြီးတစ်ယောက် ဓာတ်ကူးပေးနေသည်မှာ ဘယ်နယောက်ဟု မမှတ်မိတော့၊ ကျွန်တော်ဓာတ်ကူးပေးနေသည့် အပျိုလေးတစ်ယောက်က သူ့လက်ဖဝါးတော်မို့မို့ကလေးကို ဆုပ်နယ်ဓာတ်ကူးပေးနေစဉ် "ယားတယ် ဆရာရဲ့"ဟု ပြောပြောရယ်ရယ် ရယ်လိုက်သံကြောင့် အိပ်ရာမှ ဖျတ်ခနဲ လန့်နိုးသွားခြင်း ဖြစ်ပါသည်။

အိပ်ရာက နိုးပြီးသည့်နောက်လည်း ရယ်သံများ ဆက်ကြားနေရသည်။ အမှန်တော့ အိပ်မက်နှင့် ရောထွေးသွားခြင်းပါ။ အောက်ထပ်မှ ကျောင်းကပြန်လာသည့် တုတ်တုတ်သမီးများ၏ ရယ်လိုက်သည့်အသံပါ။

ဘိုးတော်ကင်းဓာတ်များမှာ ဘိုးတော်ချောင်သို့ ကူးပြောင်းသွားလေပြီလားဟု တွေးထင်စရာပင်။

တုတ်တုတ်၏ သမီးနှစ်ယောက်မှာ ဘိုးတော်ကင်းနှင့် စကားပြောရင်း ရယ်နေကြခြင်းဖြစ်၏။ ကျွန်တော် အောက်ဆင်းသွားချိန်တွင် စတော်ဘယ်ရီနို့ဖျော်ရည်ဖြင့် ဧည့်ခံရန် အဆင်သင့်ဖြစ်နေ၏။ ဒီတစ်ခါဧည့်ခံသူက ရွှေမန်းပျိုဖြူချောနှစ်ယောက်စလုံးမှာ ချောသည်၊ လှသည်၊ မျက်စိအေးသည်။

အဖေ့အသားနှင့် အမေ့မျက်နှာကျ ပေါင်းစပ်ထားသည့် တုတ်တုတ်၏သမီးနှစ်ယောက်စလုံးမှာ ဖြူချောကလေးတွေ ဖြစ်သည်။ ရွှေမန်းသူတို့ထုံးစံအတိုင်း အေးညင်းသာယာဖွယ် "ကျွန်တော်"ဆိုသည့် အသုံးအနှုန်းကလေးမှာ "ကျွန်မ"ကျင့်သားရနေသည့် နားထဲတွင် တစ်မျိုးသာပ။

သူတို့က ခင်မောင်ဦးကို ခေါ်ပုံကတစ်မျိုး။

"အန်ကယ်ဘိုးတော်"တဲ့။

ဘိုးတော်ခမျာ အလိုလိုနေရင်း ဗိုလ်ကပြားဘိုးတော်ဖြစ်သွားသည်။ အန်ကယ်ဆိုသည့် အင်္ဂလိပ်ဝေါဟာရနှင့် ဘိုးတော်ဆိုသော မြန်မာဝေါဟာရတို့ ပေါင်းခေါ်လိုက်သည်မို့ ဘိုးတော်ကင်းမှာ အင်္ဂလိပ်ကပြားဘိုးတော် ဖြစ်

www.burmeseclassic.com

သွားရသည်။ အန်ကယ်ဘိုးတော်ဆိုသည့် ခေါ်သံကလေးမှာ တစ်မျိုးတော့ နားထောင်ကောင်းသည်သာ။

ကျွန်တော့်နှုတ်ဖျားတွင် ဟိုးတိုးကလေး ရွတ်နေမိသည်။

"အန်ကယ်ဘိုးတော် . . . အန်ကယ်ဘိုးတော် . . ."ဟု။

ကျွန်တော့်ကိုတော့ ရိုးရိုးကလေးခေါ်ပါသည်။ အအေးပန်းကန်ကို ကျွန်တော့်ရှေ့တွင် ချပေးရင်း "အန်ကယ် သုံးဆောင်ပါ"ဟု။

အကယ်၍များ ဘိုးတော်ကင်းကို သူတို့ခေါ်သလို ကိုယ့်ဟာကိုယ်ပေး နာမည်ကိုများ ခေါ်ရလျှင် ခက်ရချည့်ဟုတွေး၍ ပြုံးမိလေ၏။

အန်ကယ်ဘိုးတော်ချောင်ဆိုလျှင် မခက်ပါလား။

တိုက်ဝင်ကတည်းက အသံတစာစာ ဟစ်လာသည့် တုတ်တုတ်အသံကို ကြားလိုက်ရသည်။ ကျွန်တော်တို့ထိုင်နေသည့်နေရာ ရောက်လာသည့်အခါ နံ့သာယပ်တောင်ကို ခတ်ရင်းမှ ဘိုးတော်မှာထားသည့်ကိစ္စအားလုံး ညနေခြောက်နာရီခွဲလောက် ရောက်လာအောင် တုတ်တုတ်စီစဉ်ပြီးပါပြီ။ အဆင်ပြေပါတယ်ဟု ဘိုးတော်ကင်းကို အစီရင်ခံနေပါသည်။

"နေ့တွေ ဘာတွေ သေသေချာချာ စစ်ပြီးပြီနော်"

"ဘိုးတော်ရဲ့ တုတ်တုတ်လုပ်ရင် ဘာများ မသေချာဖြစ်ဘူးလို့လဲ"

"မဟုတ်ပါဘူး တုတ်တုတ်ရယ်၊ ဗိုပြီး စိတ်ချရအောင်ပါ"

"အသက် နှစ်ဆယ်မကျော်စေနဲ့နော်"

"စိတ်ချပါ"

"ဒီဆေးက တုတ်တုတ်အတွက် အဓိကထားပြီးလုပ်ရမယ့်ဆေးမို့ သေချာအောင်လို့ပါ"

"ဒါတွေကြောင့် ဘိုးတော်ကို တုတ်တုတ်အားကိုးတာပေါ့"

ခေါ်သည်က ဘိုးတော်၊ ပြောပုံဆိုပုံက သူငယ်ချင်းပုံစံ။

ကျွန်တော်ကတော့ သူတို့ဘာတွေပြောနေမှန်း မသိသဖြင့် နို့အေးကိုသာ ငုံ့သောက်နေမိသည်။

တုတ်တုတ်နှင့် ဘိုးတော်ကင်း စကားပြောပြီးနောက် ကျွန်တော်တို့ အပေါ်ထပ်သို့ တက်ခဲ့ကြသည်။ အပေါ်ထပ်ရောက်မှ ခင်မောင်ဦးကို မေးရသည်။

"ဆိုစမ်းပါအုံး သူငယ်ချင်း။ မင်းတို့ကိစ္စတွေ၊ ငါနဲ့မဆိုင်ရင် တခြားသွားလည်နေရအောင်"

"ဘယ်ဖြစ်မလဲကွ၊ ဆိုင်တာမဆိုင်တာထက် မင်း ငါနားမှာ ရှိဖို့လိုတယ်၊ မင်းကိုလည်း သူတို့က ဘိုးတော်တစ်ယောက်လို့ မြင်နေကြတာ"

"အေး . . . ခက်တာက ငါက ဘာမှ မလုပ်တတ်တော့၊ တော်ကြာ ကိုးရိုးကားယားတွေဖြစ်နေမှ"

"မဖြစ်ပါဘူးကွ၊ ခုဟာက သူရဿတီမယ်တော်ဆေးကြိတ်ပွဲလုပ်မှာကွ၊ တုတ်တုတ်တို့က တာဝန်ယူပြီး လုပ်မှာ"

"ဒီတော့ ငါက . . . "

"မင်းက ငါခိုင်းတာ လုပ်ပေါ့"

"ဒါနဲ့ သူငယ်ချင်း၊ မင်းတို့ ကြိတ်ပွဲအကြောင်းလေး ဘာလေး ငါ့ကို ကြိုပြောထားပါအုံး"

"သူရဿတီမယ်တော်ဆေးကြိတ်ပွဲဆိုတာက သူရဿသီမယ်တော်ကြီးကို ပွဲပေးပြီး ပင့်ရတယ်၊ မယ်တော်ကြီး ပွဲရှေ့မှာ ကျောက်ပြင်အသစ်နဲ့ ကြိတ်စရာကျောက်ပြားလေးကို အသင့်ပြင်ထားရတယ်၊ မယ်တော်ပွဲမှာ သူရဿသီဆေးရယ်၊ ဆူးမပါတဲ့ပန်းခုနစ်မျိုး ကပ်ထားရတယ်၊ ငါ့ဆီမှာရှိတဲ့ ဆေးခံက နည်းတော့ ဆေးပွားယူတယ်ပေါ့ကွာ၊ နောက်ပြီး ဆေးကို သိဒ္ဓိထပ်တင်တယ်ပေါ့"

"အဲဒီပန်းခုနစ်မျိုးနဲ့ ဆေးနည်းနည်းစီကို တနင်္ဂနွေအစ စနေအဆုံးပါတဲ့နေ့သား အပျိုစစ်စစ်ကလေးတွေက ကြိတ်ရတယ်၊ ပထမ တနင်္ဂနွေက စရတယ်၊ နောက် တနင်္လာသမီးကစ တစ်ပတ်ပြန်လာည်၊ အင်္ဂါကစ တစ်ပတ်ပြန်လည်၊ အဲဒီလို နေ့စေ့သွားအောင် ကြိတ်ရတယ်၊ သုံးရက်တိတိကြိတ်ပြီးမှ သိဒ္ဓိတင်၊ သိဒ္ဓိတင်ပြီးရင် ဆေးကြိတ်ပွဲမှာ ပါသူတွေနဲ့ ဆေးကြိတ်ပွဲကမကထလုပ်သူကို ဆေးအပ်ရတယ်"

"နက်ဖြန်မနက် ပွဲစပေးမယ်၊ ဆေးကြိတ်ပွဲမှာပါတဲ့ အပျိုစင်လေးတွေကို ဓာတ်ကျူးပေးရတယ်"

"သန်ဘက်ခါ ညကစပြီး ဆေးကြိုင်မယ်၊ အစီအစဉ်ကတော့ ဒါပဲ"

"ဓာတ်ကျူးပွဲမှာလည်း ငါလည်း ဝင်ကူပေးရအုံးမလား၊ ဒါမျိုးတော့ ငါ ဝါသနာပါတယ်ကွ"

"အေး . . . မင်းကတော့ ဒါပဲ သရော်ဖို့ စဉ်းစားနေ"

"မင်းပါရမယ့်အခန်းက အဲဒါ မဟုတ်ဘူးကွ၊ ကျောက်ပြင်ဆေးရမယ်ကွ၊ ကျောက်ပြင်ရွှေ့ရမယ်ကွာ၊ အဲဒါ မင်းအလုပ်ပဲ"

"ဒီဆေးကြိတ်ပွဲမှာ သူတို့ဆေးကြိတ်ပွဲမှာ သူတို့ဆေးကြိတ်တုန်း ငါက သူရဿတီဂါထာကို မပြတ်ရွတ်ပေးရမယ်၊ မင်းအလုပ်က ကောင့်မလေးတွေကို သူ့နေ့နဲ့ သူ့အလှည့် မမှားမိအောင် အစီအစဉ်လုပ်ပေးရမယ်"

"ထားပါတော့ သူငယ်ချင်း ငါက ဘိုးတော်ကင်းရဲ့ နောက်လိုက် ဘိုးတော်ချောင်ဆိုတော့ မင်းခိုင်းတာ လုပ်ရမှာပေါ့၊ ဒါပေမဲ့ ငါမရှင်းတာ မေးစမ်းပါရစေအုံး"

"မင်းကတော့ စံပဲကွ၊ မေးရင်လည်း မေးရမှ၊ မမေးရင်လည်း သရော်နေရမှာမှ၊ ဒီမှာ ငါပြောမယ် သူငယ်ချင်း၊ မင်း မယုံဘူးဆိုရင်လည်း ငါက အပြစ်မတင်ပါဘူး၊ ဒါပေမဲ့ မင်း ဘိုးတော်တွေကို သရော်ရင် ဘိုးတော်တွေက ဒဏ်ခတ်တတ်တယ်ကွ၊ ဒါ ငါအတည်ပြောတာနော်"

"ဒီမှာ ခင်မောင်ဦးရဲ့ ငါ ဘယ်တော့မှ ဒဏ်မခတ်ဘူး မှတ်ထား၊ ငါက သက်သေ ကောနဲ့ ပြောမယ်၊ မင်းနားထောင်

"ရွာတစ်ရွာက သူငယ် နှစ်ယောက်၊ သစ်ရှာဖို့ တော ကို သွားကြတယ်ကွ၊ အေး တစ်ယောက်က နတ်ကိုး



www.burmeseclassic.com

www.burmeseclassic.com

လူ၊ တစ်ယောက်တော့ နတ်မကိုးကွယ်ဘူးကွ၊ ဒါနဲ့ သူငယ်ချင်းနှစ်ယောက်ဟာ သူတို့လိုချင်တဲ့ သစ်ကို လိုက်ရှာကြရင်း တောထဲမှာ မျက်စိလည်သွားကြတယ်၊ မိုးသာချုပ်သွားရော တောထဲမှာ တဝဲလည်လည်နဲ့ လမ်းစရှာမတွေ့ကြဘူး၊ တစ်နေရာရောက်တော့ နတ်စင်တစ်ခု တွေ့ကြတယ်၊ အဲဒီနားမှာပဲ အိပ်ကြပြီး မနက်ကျမှပဲ လမ်းစရှာဖို့ တိုင်ပင်ကြတော့ သဘောတူကြရော ဆိုပါတော့ကွာ၊ နတ်စင်ကြီးကလည်း တော်တော်ကြီးတယ်ဆိုပဲကွ၊ လူသုံးယောက်လောက်တော့ အိပ်နိုင်တယ်တဲ့၊ နတ်မကိုးကွယ်တဲ့သူငယ်ချင်းက ဒီနတ်စင်ပေါ် တက်အိပ်ကြရအောင်လို့ ပြောတော့ နတ်ကိုးကွယ်တဲ့သူငယ်ချင်းက အိပ်ဖို့နေနေသာ ဒီလို ပြောရမလားလို့ သူ့သူငယ်ချင်းအပေါ် တော်တော်စိတ်ဆိုးပြီး ဒေါသတွေ ဘာတွေ ပွလို့တဲ့၊ ဒါနဲ့ နတ်မကိုးတဲ့လူက ကဲ-ဒါဖြင့် မင်းက အောက်မှာအိပ်၊ ငါကတော့ နတ်စင်ပေါ်တက်အိပ်မယ် ဆိုပြီး သူ့မှာပါတဲ့ လုံချည်ပိုလေး ထိုင်ခင်းပြီး နတ်စင်ပေါ်မှာ အကျ ဘက်အိပ်တော့တာကိုး၊ နတ်ကိုးကွယ်တဲ့လူကတော့ နတ်စင်ရှေ့က မြေကွက်လပ်ကလေးမှာ လုံချည်ကလေးခင်းပြီး အိပ်ကြရော ဆိုပါတော့။

"နတ်မကိုးကွယ်တဲ့ လူက တစ်နေ့လုံး မျက်စိလည်နေတော့ ဆာမောနဲ့ နတ်စင်ပေါ်ရောက်တယ်ဆိုရင်ပဲ အိပ်ပျော်သွားတယ်၊ နတ်ကိုးကွယ်တဲ့လူကတော့ နတ်စင်ကို ကန်တော့၊ နတ်တွေကို သေသေချာချာ တောင်းပန်ပြီး အိပ်တယ်။

"ည သန်းခေါင်လောက်လည်းကျရော ကျားကြီးတစ်ကောင်ဟာ သူတို့အိပ်နေတဲ့ နတ်စင်ရှိရာကို ရောက်လာရောတဲ့၊ ကျားကြီးက နတ်ကျားဆိုတော့ စကားလည်းပြောတတ်တယ်ပေါ့၊ ဒီတော့ နတ်စင်အောက်မှာအိပ်နေတဲ့ကောင်ကို နှိုးပြီး ပြောတယ်တဲ့"

"မင်းတို့က ပိုင်စိုးပိုင်နင်း ငါ့ဗိမာန်နားမှာ လာအိပ်ကြတာ၊ ငါ့ကို မရှိသေ မလေးစားလို့ မဟုတ်လားလို့ မေးတယ်တဲ့"

"အဲဒီတော့ နတ်ကိုးကွယ်တဲ့လူက ပြောတယ်"

"ကျွန်တော်မျိုးဟာ အရှင်ကြီးတို့ကို ကိုးကွယ်သူပါ၊ အမြဲတမ်းပဲ ပသတင်မြှောက်ပါတယ်၊ ခုလည်း ကျွန်တော်မျိုးကြီးဟာ အရှင်ကြီးရဲ့ အရိပ်အာဝါသကို မလွဲမရှောင်သာ ခိုလှုံရပေမယ့် တောင်းပန်ပြီးမှ အိပ်ပါတယ်၊ အရှင်ကြီးရဲ့ဗိမာန်ပေါ်မှာလည်း မအိပ်ပါဘူး၊ အရှင်ကြီးရဲ့ ဗိမာန်ရှေ့မှာပဲ အိပ်ပါတယ်၊ ဟိုကောင်ကတော့ ပြောလို့မရပါဘူး၊ အရှင်ကြီးရဲ့ဗိမာန်ပေါ် တက်အိပ်ပါတယ်၊ အမိုက်အမဲများဖြစ်တဲ့ ကျွန်တော်မျိုးကို ခွင့်လွှတ်ပါလို့ တောင်းပန်ရှာတယ်ပေါ့"

"နတ်ကျားကြီးက ပြောတယ်၊ ငါ့ကို စော်ကားမော်ကား၊ မရှိမသေ၊ မလေးမစားလုပ်တဲ့ လူဆိုရင် ငါက အရှင်မထားဘူး၊ ငါ့ကို ဘာမှတ်သလဲ၊ ဘာလဲညာလဲနဲ့ ကြိမ်းရောတဲ့"

"နတ်ကိုးကွယ်တဲ့လူက အရှင်ကြီးကို မရှိမသေ၊ မလေးမစား မလုပ်ပါဘူး၊ အရှင်ကြီးဗိမာန်ရှေ့မှာ မသိလို့အိပ်မိတာ ခွင့်လွှတ်ပါ၊ ဟို‥ဗိမာန်ပေါ်က အကောင်ကိုသာ အပြစ်ပေးပါ"

"ဒီတော့ နတ်ကျားကြီးက ပြန်ပြောပြန်တယ်"

ဟေ့ကောင်- စကားရှည်မနေနဲ့၊ မင်းကို အပြစ်ပေးရလိမ့်မယ်၊ ကဲ- သေဖို့သာ ပြင်ပေတော့လို့ အမိန့်ပေးလိုက်တယ်ဆိုပဲ"

"ဒီတော့ နတ်ကိုးကွယ်တဲ့လူက တောဒကတက်တာပေါ့"

"အရှင်ကြီးကို ကျွန်တော်မျိုး လျှောက်ပါရစေ၊ ကျွန်တော်မျိုးဟာ အရှင်ကြီးတို့ကို ကိုးကွယ်ခဲ့သူပါ၊ အခုလည်း အရှင်ကြီးဗိမာန်ကို တရိုတသေထားပြီး အပေါ်တက်မအိပ်ဘဲ အောက်မှာပဲ အိပ်ပါတယ်ပေါ့၊ တကယ်စော်ကားတာက အရှင်ကြီးဗိမာန်ပေါ် တက်ပြီး အိပ်တဲ့လူပါ၊ ကျွန်တော်မျိုးကို အပြစ်မပေးသင့်ပါဘူး၊ သူ့ကိုသာ အပြစ်ပေးသင့်ပါတယ်ပေါ့"

"ဒီတော့ နတ်ကျားကြီးက တဟီးဟီး တဟားဟားရယ်ပြီး ပြောလိုက်တယ်ဆိုပဲ၊ ဟေ့ကောင်- ဟိုဗိမာန်ပေါ်ကကောင်က ငါတို့လူမဟုတ်ဘူး၊ ငါတို့ကို ကိုးကွယ်တာလည်း မဟုတ်ဘူး၊ ဒီတော့ သူ့ကို ငါတို့က မပိုင်ဘူး၊ သူ ငါ့ဗိမာန်ပေါ်မှာ တက်အိပ်ရုံမကလို့ ချေးပဲပါပါ ငါတို့နဲ့ မဆိုင်ဘူး၊ မင်းကသာ ငါတို့လူ၊ ငါတို့ကို ကိုးကွယ်ပြီး မရှိမသေ၊ မလေးမစားလုပ်တဲ့အတွက် မင်းမှာသာ အပြစ်ရှိတယ်၊ မင်းပဲ ခံရမယ်ဆိုပြီး အမိန့်ချလိုက်ရောတဲ့"

"မိုးလင်းလို့ နတ်စင်ပေါ် တက်အိပ်တဲ့ အကောင်ထပြီး ကြည့်လိုက်တော့ သူ့သူငယ်ချင်းက သေနေလေပြီ၊ ဒီတော့ သူလည်း လမ်းရှာ၊ ရွာအရောက်ပြန်ပြီးပြောတော့မှ ဟိုကောင်အလောင်းကို ရှာပြန်ယူကြရတယ်၊ အလောင်းကြီးရှာရောက်တော့မှ သေသွားသူရဲ့အမေကို ပူးပြီး နတ်သံနောတော့မှ အကြောင်းစုံသိရတာကိုးကွ"

"အေး‥‥ခုလည်း ငါက နတ်စင်ပေါ် တက်အိပ်ရဲတဲ့ ကောင်နော်၊ မင်းသာ သတိထား"ဟု ဇာတ်လမ်းပမာ နားဆင်စရာကို ဖွင့်ထုတ်ပြလိုက်ရပါသည်။

"မင်းကတော့ ဘယ်လိုပြောပြော ရမယ့်ကောင် မဟုတ်ဘူး၊ ဒီမှာနေတုန်းတော့ မင်း ငါ ပြောတဲ့အတိုင်း လုပ်ရမယ် ဒါပဲ"

"အမိန့်တော်အတိုင်းပါ ဘိုးတော်၊ ထွက်ရပ်ပေါက်စခန်း မကြွလှမ်းခင် မေးစရာရှိတာလေး မေးထားပါရစေ၊ အမိန့်တော်ရှိပါ ဘိုးတော်ကြီးခင်ဗျား"

"ဟေ့ကောင်- နောက်မနေနဲ့ကွာ"

"အကောင်းပါ၊ ငါ မေးစရာရှိလို့ပါ"

"ဒီလိုကွ၊ ငါကြားတာက သူရဿတီမယ်တော်ဆိုတာ ပိဋကတ်သုံးပုံစောင့်တဲ့ နတ်သမီး၊



www.burmeseclassic.com

www.burmeseclassic.com

နတ်လောကမှာတော့ အမြင့်နတ်ပေါ်ကွာ၊ နောက်ပြီး မြန်မာနတ်သမီးလည်း မဟုတ်ဘူးတဲ့ကွ၊ ဗြဟ္မာဏအနွယ်တွေကိုးကွယ်တဲ့ နတ်သမီးလို့လည်း ဆိုပြန်တယ်၊ ကုလားလိုတော့ "ဆရဆွတီ" လို့ အသံထွက်တယ်၊ အဲဒါ မင်းတို့ဂိုဏ်း အလုပ်မှာ ဘယ်လိုပါဝင်ပြီး ပတ်သက်နေတယ်ဆိုတာ မရှင်းလို့ပါ၊ ရိုးရိုးအနေနဲ့တော့ သူရဿတီမယ်တော်ကို ကိုးကွယ်ကြတာပဲ၊ ငါ့အိမ်မှာတောင် ရုပ်ထုရှိသေးတယ်"

"အေး…ငါ့ဆရာတော်ဆီမှာ ပညာတက်တုန်းကတော့ ငါမပါဘူးကွ၊ ဂိုဏ်းတွေ ဘာတွေ လုပ်တော့မှ သူရဿတီမယ်တော်ကိုစွပ်လာတာပဲ၊ အဓိပ္ပာယ်ကတော့ကွာ၊ အဖေရှိရင် အမေရှိမယ်ဆိုသလို ဘိုးတော်ရှိရင် မယ်တော်လည်း ရှိရမယ်ဆိုတဲ့သဘောပေါ့၊ သူရဿတီမယ်တော်က နတ်ကို စောင့်တယ်၊ အထူးသဖြင့် ဘိုးတော်တွေဟာ ယောက်ျားပရိသတ်နဲ့ သက်ဆိုင်တယ်၊ မယ်တော်က အမျိုးသမီးတွေနဲ့ ဆိုင်တယ်ဆိုတဲ့သဘောပါပဲ"

"ခုနမင်းတို့လုပ်သလိုသာ ဘိုးတော်တွေ၊ မယ်တော်တွေ ခဏခဏပင့်နေရရင် ဘိုးတော်၊ မယ်တော်တွေ ဘယ်မှာလာပြီး အလုပ်ပါးတော့မလဲ၊ ဦးမင်းကျော်တို့ မင်းကလေး မင်းကြီးတို့ မနဲလေးတို့လို ဖြစ်နေတော့မှာပေါ့"

"ပင့်တယ်ဆိုတာကတော့ သူ့အာရုံလောက်ပါပဲ၊ သူတို့ရည်စူးပြီး လွှဲပေးထားတဲ့ အာဏာနဲ့ပဲ လုံလောက်ပါတယ်၊ ဒါပေမဲ့ လူတွေက ပင့်မှကြိုက်လို့ ပင့်ရတာပဲ၊ တို့ဒီလိုလုပ်ငန်းတွေမှာ ကျင့်စဉ်သဘောကိုချည်း လုပ်လို့ မဖြစ်ဘူးကွ၊ လူတွေရဲ့စိတ်ဓာတ်သဘောကိုလည်း အကြိုက်ဖြစ်အောင် လိုက်လျောရသေးတယ်၊ မင်းတို့ သဘောမပေါက်ဘူးဆိုတာ ဒါပဲဖြစ်မှာပဲ ထင်တယ်"

ကျွန်တော် စကားကောင်းနေစဉ် တုတ်တုတ်သမီးလေးက ရေချိုးဖို့ လာခေါ်သဖြင့် အောက်ထပ်သို့ ဆင်းခဲ့ရ၏။ ရေချိုးနောက် ထမင်းမစားမီ မဟာမြတ်မုနိကိုယ်တော်ကြီးကို သွားဖူးရန် ကားအဆင်သင့်စီစဉ်ထားကြောင်း တုတ်တုတ်က ဆီးပြောသဖြင့် ရေချိုးပြီးသည်နှင့် အဝတ်အစားလဲပြီး အောက်ထပ်သို့ ပြန်ဆင်းခဲ့ကြသည်။ တုတ်တုတ်နှင့် သမီးပျိုနှစ်ယောက်ကလည်း အဆင်သင့် စောင့်ကြိုနေကြသည်။

တုတ်တုတ်၏သမီးကလေးနှစ်ယောက်မှာ ကျောင်းသွားစဉ်ကလိုမဟုတ်ဘဲ ပြင်ပြင်ဆင်ဆင်ဝတ်ထားသဖြင့် တွန်းကန်နေသည့် အဖုအထစ်၊ အလုံးအဝန်းတို့မှာ ယနေ့ခေတ်၏ ခေတ်အမျိုးသမီးအခြေအနေမျာကို ဖော်ကျူးထားသည်မို့ မျက်စိပသာဒပြည့်ဝလှပေ၏။

အဖုအထစ်၊ အလုံးအဝန်းတို့ တွန်းကန်အားကောင်းလှသည့်ခေတ်တွင် မူလသာည မရှိတော့၊ သဘာဝသည် အလှမဟုတ်တော့၊ ဆန်းသစ်(ဒ)တွင်မှုသည် အလှဖြစ်နေသည်။ ဤသည်မှာလည်း ခေတ်သဘောပင်ဖြစ်သည်မို့ အပြစ်ဟု မမြင်သာပေ။

တုတ်တုတ်တို့သားအမိနှင့် ကျွန်တော်တို့နှစ်ဦးမှာ ကားနှစ်စီးဖြင့် မဟာမြတ်မုနိဘုရားဖူးရန် ထွက်ခဲ့ကြသည်။ ကျွန်တော်တို့က ဖယ်မလီယာကားနှင့် သူတို့က လင့်ရိုဗာကားနှင့်၊ ဖယ်မလီယာမှာ သူတို့စီးသောကားဖြစ်သော်လည်း ဘိုးတော်ကိုဦးစားပေးပြီး သူတို့ လင့်ရိုဗာကားစီးလာကြခြင်း ဖြစ်သည်။ ဖယ်မလီယာကားကို ဒရိုင်ဘာကမောင်းပြီး လင့်ရိုဗာကားကို သမီးကြီးကမောင်းလာသည်။

ကျွန်တော့်မှာ မန္တလေးမြို့သို့ မကြာခဏရောက်သော်လည်း မဟာမြတ်မုနိသို့မူ ရောက်တိုင်းမသွားဖြစ်ပါ။ အချိန်မရခြင်းနှင့် ခရီးအဆင်မပြေခြင်းကြောင့် မသွားဖြစ်ခဲ့သော်လည်း ယခုတစ်ခေါက်တွင် အေးအေးဆေးဆေး ဖူးခွင့်ရသဖြင့် စိတ်ပြေလက်ပြေအားရအောင် ဖူးခဲ့ရ၏။ မြန်မာလူမျိုးတို့၏ ထက်သန်လှသောစေတနာ သဒ္ဓါတရားလွန်ကဲမှုကြောင့် မဟာမြတ်မုနိကိုယ်တော်ကြီးမှာ မျက်နှာတော်ကြည်ညိုဖွယ်ရှိသည်မှလွဲ၍ ကိုယ်တော်တစ်ခုလုံးမှာ မညီညာသောအဖုအထစ်ကြီးများ ပြည့်နှက်နေပါပြီ၊ သို့သော် အံ့ဩဖွယ်ရာကောင်းသည်မှာ ကိုယ်တော်နှင့် ခြေတော်၊ လက်တော်များတွင် မတရားရွှေချထားသောကြောင့် အဖုအထစ်ကြီးများ ဖြစ်နေသည့်တိုင် မျက်နှာတော်နှင့် ကိုယ်တော်မှာ ကြည့်၍ လိုက်ဖက်နေခြင်းပင်ဖြစ်ပေသည်။

ကိုယ်တော်ကြီး ကြီးမားလာသလောက် မျက်နှာတော်က သေးငယ်သွားရမည်ဖြစ်သော်လည်း သေသေချာချာ ဖူးမြော်ကြည့်သည့်အခါ ဤသို့မဖြစ်ပါ။ အံ့ဝင်ခွင်ကျပင် ဖြစ်နေသည်ကို တွေ့ရပါသည်။

ဘုရားကို ကြည်ညိုခြင်းသည်လည်းကောင်း၊ တရားဘာဝနာ ပွားများခြင်းသည်လည်းကောင်း၊ သံဃာကို ကိုးကွယ်ဆည်းကပ်ခြင်းသည်လည်းကောင်း၊ ဆရာသမားတို့အား မမေ့လျော့သောသတိဖြင့် ပူဇော်ခြင်းသည်လည်းကောင်း၊ အမိအဘတို့ကို ရိုသေဦးခိုက်လျက် လုပ်ကျွေးပြုစုခြင်းသည်လည်းကောင်း အလွန်ထူးကဲမွန်မြတ်လှပါ၏။ လောကကြောင်း၊ ဓမ္မကြောင်းနှစ်ဖြာစလုံးတွင် ထူးကဲမွန်မြတ်လှပါ၏။

ဤငါးဖြာမှလွဲ၍ ကိုးကွယ်ရာသည် နတ္ထိ။ ဆည်းကပ်ရာသည် နတ္ထိ။ ပူဇော်ရာသည် နတ္ထိဟု စွဲမြဲယုံကြည်ကြမည်ဆိုလျှင် ဘိုးတော်တို့ဘေးမှ ကင်းဝေးလိမ့်မည်သာ။

ဘုရားမှပြန်လာပြီးနောက် ထမင်းစားသောက်ပြီး ခေတ္တအနားယူနေစဉ် အပျိုလေးတစ်သိုက် ရောက်လာကြသည်။ ကြက်တူရွေးအုပ်ကျလာသည်မှာ ဆူညံဆူညံနှင့်၊ မန္တလေး၏ ကျွန်တော်သံများ ရှုပ်ရှက်ခတ်သွားသည်။ ဆေးကြိတ်ပွဲတွင် ပါဝင်မည့် ခုနစ်နေ့သမီးအပျိုစင်များ ရောက်လာသောကြောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com

အအိုမပါသည့် အပျိုစင်များ ဆေးကြိတ်ပွဲကြီးကို စောင့်ကြည့်ရပါမည်။ ထူးခြားသည်၊ မထူးခြားသည်ထား၍ မန္တလေးအပျိုစင်တချို့ပါဝင်မည့်ပွဲဖြစ်သဖြင့် ကြည့်ကောင်းမည်မှာ သေချာသည်။

ဘိုးတော်ကင်းပြောပြ၍ သိရသည်မှာလည်း ဆေးကြိတ်ပွဲတွင်ပါဝင်မည့် အပျိုစင်များ ရွေးချယ်ရာတွင် နေ့သာအဓိကမဟုတ်၊ ရုပ်အဆင်းကလည်း အဓိက၊ လှပေ့ဆိုသော အမျိုးသမီးကလေးများရွေးထားကြောင်း သိရသည်။

မယ်တော်ဆေးဆိုသည်မှာ လှပေ့၊ ချောပေ့ အပျိုစင်ကလေးတွေကြိတ်မှ ဆေးဘက်ဝင်သည်လား မသိပေ။

ဘိုးတော်ကင်းကတော့ အလုပ်စနေပါပြီ။

ပိတ်ဖြူစင်ကြယ်ဝတ်လျက် ပွဲရှေ့တွင်ထိုင်ပြီး တတွတ်တွတ်ရွတ်နေသည်။ တဥုံဥုံ၊ တဖွဖွ မာန်ပါပါ အော်ဟစ်နေပါသည်။

ရောက်ဆရာရောက်၊ ကြွဆရာကြွ စကားလုံးများက ထပ်တလဲလဲ။

တုတ်တုတ်နှင့် သမီးပျိုများအပါအဝင် အပျိုကလေးတစ်သိုက်မှာ ဘိုးတော်ကင်း၏နောက်တွင် တန်းစီထိုင်နေကြသည်။

ကျွန်တော့်မိတ်ဆွေတစ်ယောက် ပြောဖူးသည့်စကားကို သတိရလိုက်မိ၏။

"ခုခေတ် အမျိုးသမီးတွေဟာ ဘယ်လိုဝတ်ဝတ် ကြည့်ကောင်းတယ်ကွ၊ အပြင်အဆင်လည်း သိပ်ပြီးတတ်လာကြပြီ၊ ငါတို့တော့ အိမ်ပြန်ရောက်မှပဲ ကိုယ့်အမျိုးသမီးကို လှတယ်လို့ထင်တယ်၊ လမ်းပေါ်ရောက်ရင်တော့ တွေ့သမျှအမျိုးသမီးဟာ ကိုယ့်အမျိုးသမီးထက် လှနေတာချည်းပဲ၊ ဟိုတုန်းကနဲ့တော့ ကွာလှပေါ့ကွာ၊ ဒါလည်းတို့ယောကျ်ားတွေအတွက် အသက်ရှည်ဆေးတစ်ပါးပေါ့ကွာ" ဟု ဤသို့ ပြောဖူး၏။

ကျွန်တော့်ရှေ့တွင်ရောက်နေသည့် အမျိုးသမီးများကို ကြည့်ရင်း ဤသဘောကို မျက်ဝါးထင်ထင် တွေ့လာသည်။

တစ်ခေတ်က အမျိုးသမီးသည် ပြားပြားချပ်ချပ်ဝတ်မှ ဣန္ဒြေရှိသည်၊ လှသည်ဟု ပြောခဲ့ကြသော်လည်း ယနေ့ခေတ်တွင်မူ တွန်းကန်အားကောင်းမှ လှသည်ဟု သတ်မှတ်ကြသည်။ သို့ဆိုသောကြောင့် ဘယ်နေရာကြည့်လိုက် ကြည့်လိုက် ထစ်၊ ချွန်၊ မောက်နေကြသည်။ မဖုသူက အတုနှင့်၊ မချွန် မမောက်သူက အတုနှင့် ချွန်မောက်ကြသည်။

အခုလည်း ဆေးကြိတ်ပွဲတွင်ပါဝင်ရန် ရောက်နေကြသည့် အမျိုးသမီးအားလုံးမှာ သူတို့ပြောသည့်အတိုင်း လှသော၊ ချောသော၊ ရှုမဝ ယမင်းရုပ်ကလေးများပမာ၊ နနယ်ပျိုမျစ် ဆယ့်ခြောက်နှစ်အရွယ်ကလေးများသည် ပိုမို၍ ရှုမောစဖွယ်ရှိ၏။

ဘိုးတော်ကင်းက သူ့ကိစ္စများပြီးသည့်နောက် ပြင်ထားသည့်စင်ကို ကျောခိုင်းလိုက်ပြီး ဆေးကြိတ်ပွဲဝင် အပျိုစင်များဘက်သို့ လှည့်လိုက်သည်။

"ကဲ- တနင်္ဂနွေသမီးက ညာဘက်ကစပြီးထိုင်၊ ကျန်နေ့သမီးတွေက အစဉ်လိုက် ဘယ်ဘက်ကို တန်းစီပြီး ထိုင်ကြ"

အမိန့်အတိုင်း အမျိုးသမီးများ တန်းစီထိုင်လိုက်ကြသည်။

"အရင်ဆေးကြိတ်ပွဲတုန်းက ပါဖူးတဲ့ကလေးမတွေပါလား"

"မပါပါဘူး ဘိုးတော်" ဟု တုတ်တုတ်က အဖြေဝင်ပေးသည်။

"ဒါဖြင့် အားလုံးလက်အုပ်ချီ ဆရာတိုင်ပေးတဲ့အတိုင်း ငါးပါးသီလ လိုက်ဆိုကြ"

သာယာနာပျော်ဖွယ်ရှိသော ဝေဝေဆာဆာအသံကလေးများသည် အပျိုစင်ကလေးများထံမှ မပွင့်တပွင့်ထွက်လာသည်။ သို့သော် မညီမညာ၊ ရှက်ကြောက်စိုးရွံ့နေသည်ကြောင့် မညီခြင်းဖြစ်ပေမည်။ ထို့ကြောင့် နောက်တစ်ခေါက်၊ နောက်တစ်ခေါက်၊ သုံးခေါက်ရောက်မှ ညီသွားတော့သည်။

ငါးပါးသီလ ရွတ်ဆိုပြီးသည်နှင့် တနင်္ဂနွေသမီးကစပြီး ဘိုးတော်ကင်းရှေ့မှောက်သို့ တစ်ယောက်စီသွားရသည်။ ဘိုးတော်ကင်းက အပျိုစင်ကလေးများ၏ လက်ဝါးပေါ်သို့ သူ၏လက်ဝါးကို အုပ်ထားပြီး ဓာတ်ကူးပေးနေသည်။

တစ်ယောက်ပြီး တစ်ယောက် ဓာတ်ကူးပေးရင်း . . .

"ရောက်ဆရာ ရောက်စေ"

"ကြွဆရာ ကြွစေ"

"ကပ်ဆရာ ကပ်စေ" ဟု နှုတ်မှ အမိန့်ပေးနေ၏။

ဓာတ်ကူးခံနေရသည့် အပျိုစင်ကလေးများ၏မျက်နှာမှာ မပြုံးတုံ့တုံ့၊ ပြုံးတုံ့တုံ့။

ဓာတ်ကူးပွဲပြီးသွားပြီးနောက် နောက်နေ့ညမှာသာ ဆေးကြိတ်ပွဲစတင်မည်ဖြစ်၍ တုတ်တုတ်တို့က ကောင်မလေးများကို အိမ်လိုက်ပို့ကြစဉ် ကျွန်တော်တို့နှစ်ယောက်မှာလည်း နာရီစင်ဘက်သို့ လမ်းလျှောက်ထွက်ခဲ့ကြသည်။

ကျွန်တော်နှင့် ခင်မောင်ဦးမှာ ငယ်သူငယ်ချင်းလည်းဖြစ်၊ တစ်ယောက်တစ်ယောက်မပြောမနာ ဆိုမနာလည်းဖြစ်၍သာ ပြောချင်ရာပြောပြီး နောက်ချင်သလို နောက်နေစေကာမူ သူ့လုပ်ငန်းလုပ်နေသောအခါ ကျွန်တော်က ဘယ်တော့မှ ပြက်ရယ်ပြုလေ့မရှိ။ ချင်ရောက်စွက်ဖက်လေ့မရှိ။ အများရှေ့တွင် သူ့အပေါ်မှာ လေးလေးစားစားနေပြုသည်။ နှစ်ဦးသား လွတ်လွတ်လပ်လပ်တွေ့ဆုံသည့်အခါမှာသာ ပြောချင်ရာပြောခြင်း ဖြစ်ပေသည်။

သူကလည်း ကျွန်တော့်အကြောင်း သိ၏။ အမြဲတမ်း ခွင့်လွှတ်၏။

ရှေ့လဆက်ပါဦးမည်။

ကျော်မြသန်း

www.burmeseclassic.com

# US ခရီးသည်

## မောင်ကောင်းမြင့်

၉၄-၀၅၊ လမ်း ၄၀၊ အမ်းဟာတ်စ်
နယူးရောက် ၁၁၃၇၃
ဒီဇင်ဘာ၊ ၁၂

**သမီးများနှင့် မြေးကလေး မောင်ကောင်းထိုက်အောင်**

ဘိုးဘိုးကြီး US ကိုရောက်တာ သုံးလရှိပြီ။ အမှတ်တရကတော့ Sandy မုန်တိုင်း အတွေ့အကြုံပါပဲ။ သည်မှာ ဒီဇင်ဘာလမတိုင်မီကပဲ ဆောင်းအကြို Fall လို့ခေါ်တဲ့ သစ်ရွက်တွေ ကြွေကျခဲ့ပြီ။ နှင်းမုန်တိုင်း (Nor'easter) နိုဝင်ဘာ ၈ ရက်က တစ်ကြိမ်ကျခဲ့ပြီ။ အခုဆို ညပိုင်းမှာ ရေခဲအမှတ် မရောက်ရုံဘဲ ရှိတယ်။ ပျမ်းမျှ နေ့ ၄၅°F နှင့် ည ၃၅°F အကြားလောက်မှာ ရှိနေတယ်။ အတော်အေးပြီ။ ခရစ္စမတ်လောက်ဆို နှင်းတွေဖွေးလာလိမ့်မယ်လို့ ဆိုကြရတယ်။

နိုဝင်ဘာ ၂၃ ရက်က Black Friday အရောင်းလျှော့ဈေးပွဲတော်နေ့မို့ တစ်နိုင်ငံလုံးက ကုန်တိုက်တွေမှာ ကြိတ်ကြိတ်တိုးနေကြတယ်။ သည်လောက် အေးတဲ့ကြားထဲမှာ အကြိုညတည်းက အချို့တွေ တန်းစီနေကြတယ်။ ဘာကြောင့်လဲဆိုတော့ တစ်ဝက်ဈေးနီးပါးမက လျှော့ရောင်းတာမို့ပဲ။ အချို့ပစ္စည်းတွေဆိုရင် တစ်ဝက်ဈေးအောက်မှာ အများကြီးကျသေးဆိုပဲ။ ပျော်စရာပွဲတော်တစ်မျိုးပါပဲ။ ခရစ္စမတ်အကြိုဈေးပွဲတော်ပါ။

သည်လများအတွင်းမှာ တွေ့ကြုံရသမျှထဲက အတုယူစရာတွေရှိသလို ဆင်ခြင်စရာတွေလည်း ရှိနေတာတွေကို ပြန်ပြီးရေးချင်ပါတယ်။ ရည်ရွယ်ချက်ကတော့ အမေရိကား ဆိုပြီး အကြားနှင့် လွမ်းနေကြ၊ အထင်ကြီးတစ်ခွဲသားနှင့် ရှိနေကြသူတွေအဖို့ "အရရာမှာ အကောင်း,အဆိုး၊ အဖြူ အမည်းနှင့် ယှဉ်တွဲရှိနေကြတာဟာ သဘာဝကို သဘာဝ **ထက် ကျော်လွန်တာ ဘာမှမရှိနိုင်ဘူးဆိုတာ ဆင်ခြင်ဖို့**ပါပဲ။ သို့သော် အကောင်းက အားသာရင် အကောင်းလို့ သတ်မှတ်ရမှာ ထုံးစံပါပဲ။

အကောင်းတွေထဲက ရောက်ကတည်းက ဘိုးဘိုးကြီး နေ့စဉ် ကိုယ်တိုင်ကြုံတွေ့နေရတာကို စပြောချင်ပါတယ်။

မြေအောက်ရထား၊ ဘတ်စကားနှင့် ခရီးသွားနေရတာပါ။ "မြေအောက်ရထား" စနစ်သည် နယူးရောက်မြို့ဟာ အမေရိကန်တစ်နိုင်ငံလုံးမှာ အကောင်းဆုံးသော၊ အလွယ်ကူဆုံးသော၊ အသက်သာဆုံးသော ဝန်ဆောင်မှုဖြစ်တယ်။ အခြားပြည်နယ်တွေမှာ မရှိဘူး။ [ဝါရှင်တန် ဒီစီ မြို့တော်ကြီးပင် နယူးရောက်လောက် လိုင်းစုံ၊ နေရာစုံကို အမြန်ဆုံး၊ အသက်သာဆုံး သွားဖို့မရှိဘူး။] ကားကလည်း နယူးရောက်မှာ အများဆုံး လိုင်းကားရှိတယ်။ အခြားပြည်နယ်တွေမှာ ရှိပေမယ့် နေရာစုံမရောက်နိုင်ဘူး။ ဒါကြောင့် အခြားပြည်နယ်တွေမှာ နေသူတွေဟာ ကိုယ်ပိုင်ကားရှိအောင် ကြိုးစားကြရတယ်။ [ကားဝယ်ယူရေးစနစ်နှင့် ပတ်သက်လို့ သီးခြားရေးပါဦးမယ်။]

မြေအောက်ရထားဟာ သတ်မှတ်ချိန်ကိုမီအောင် ကြိုးစားပြီး ဆောင်ရွက်ပေးနေတယ်။ ရထားချိန် လိုင်း



www.burmeseclassic.com

www.burmeseclassic.com

အပြောင်းအလဲကို သတင်းဌာနတွေက မနက်ကတည်းက ကြေညာပေးတယ်။ ဘူတာမှာ ကြေညာစာ ကပ်ထားပေးတယ်။ ရထားစီးနေရင်းလည်း သိအောင် အသံလွှင့်ပြောပြနေတယ်။

ရထားတွေ ဝင်မလာမီက တစ်ဘူတာ၊ နှစ်ဘူတာကြိုပြီး ခန့်မှန်းခြေ မိနစ်နှင့် (ဘူတာကြီးတွေမှာ ကြေညာနေတယ်။) ရထားရပ်လာရင်လည်း ဝင်ပေါက်(တစ်တွဲလျှင် နှစ်ပေါက်)ရှိတာမို့ စနစ်တကျ တန်းစီဝင်ရုံပဲ။ (လုမ်းတက်စရာမလိုပါ။ ရထားကြမ်းပြင်နှင့် ဘူတာ လူတန်းစီတဲ့နေရာဟာ တစ်ပြေးညီတည်းပါ။ ဒါကြောင့် မသန်စွမ်းသူတွေ၊ ကလေးလှည်းနှင့်လာတဲ့ မိခင်တွေဟာ ဘီးလိမ့်ဝင်ရုံပါပဲ။ အထူးသဖြင့် ကားမှာ မသန်မစွမ်းသူတွေ ဘီးနှင့်ဝင်နိုင်ဖို့ စီစဉ်ထားတာဟာ "ချီးကျူးလောက်"ပါတယ်။ ပြောလက်စနှင့် ပြောရဦးမယ်။ မီးရထားဘူတာမှာ လှည်းဘီးတပ်ထိုင်ခုံနှင့် သွားရသူတွေ သက်ကြီးတွေ ဝင်ထွက်ဖို့ ဓာတ်လှေကားတွေ ရှိတယ်။ အထူးသဖြင့် ကားစီးဖို့အတွက် ကားတိုင်းမှာ လမ်းနှင့်ကားအတက် သိပ်လွယ်တယ်။ (ကုန်းဘောင်ပျဉ်ပြားကြီးလို သစ်သားပြားကို စက်ခလုတ်နှင့် ချပေးလိုက်တယ်။ လက်တွန်းလှည်းကို တွန်းတင်ပြီး ရှေ့ဆုံးမှာ နေရာချထားပေးတယ်။ ပြီးမှ ယဉ်မောင်းသူက သေချာစွာ ကြိုးနှင့်ထိန်းပေးတယ်။ သူတွေဟာ တန်းစီပြီး ဒီလိုလုပ်တာကို စောင့်ပေးတယ်။ ပြီးမှ တက်ကြတယ်။ ကားထိုင်ခုံရှိရင်ထိုင်၊ မရှိရင် မတ်တတ်ရပ်။ အားလုံးပြီးမှ ကားတံခါး သေချာစွာပိတ်။ ပြီးမှ မောင်းထွက်ပါတယ်။ မှတ်တိုင်တွေ ကြေညာပေးတယ်။ ဆင်းသူကုန်မှ တက်သူတွေက တန်းစီတက်တယ်။ မှတ်တိုင်နှင့် တည့်တည့်မှာပဲ ရပ်ပေးတာမို့ ရှေ့ဆုံးက တစ်ယောက်ပြီးမှတစ်ယောက် တန်းစီထားတဲ့အတိုင်း တက်ကြပေတော့။ "မြန်မြန်တက်"ဆိုတဲ့အသံ၊ တစ်ဝက်တစ်ပျက်နှင့် မောင်းထွက်ပြေးတဲ့မြန်မာပြည်က လုပ်ရပ်တွေကို လွမ်းလိုက်ပါဘိတော့။

မသန်မစွမ်းသူတွေဟာ ကျောင်းတက်ရင်လည်း ကျောင်းအဝင်ပေါက်တွေမှာ disable person အတွက် Plat-form အနိမ့်တွေ အသင့်လုပ်ထားပေးတယ်။ အလားတူပဲ လူသွားလမ်းတွေမှာလည်း ဘီးတပ်ထားတဲ့ လှည်းတွေဆင်းဖို့ အနိမ့်ကလေးတွေ ရှိတယ်။

ပြောလက်စနှင့် လမ်းအကြောင်း ပြောပြရဦးမယ်။ လူသွားလမ်းဟာ အကျယ် ၈ ပေ က ၁၅ ပေ လောက်အထိ ပင်မလမ်း(ကားသွားလမ်း)အနေအထားလိုက်ပြီး ရှိကြတယ်။ အားလုံးဟာ တစ်ပြေးညီတာမို့ ကလေးတွေကို၊ ဒါမှမဟုတ် ကုန်ပစ္စည်းဝယ်ပြီးတာတွေကို အမျိုးသမီးတွေဟာ လှည်းကလေးထဲ ထည့်တွန်းပြီး သာသာလေး သယ်သွားရုံပါပဲ။ အနိမ့်အမြင့်၊ ချိုင့်တွေ၊ တွင်းတွေ၊ အပေါက်ပေါင်းလောင်းတွေ လုံးဝမရှိတာမို့ စိတ်ချမ်းသာစရာပါပဲ။ လမ်းအကျယ်ဆိုတဲ့စကားကို ပြောရရင် သည်မှာက လမ်းကို Boule Vrad ဆိုတဲ့ အကျယ်ဆုံးလမ်းတွေရှိသလို၊ Road, Street နှင့် drive ဆိုတဲ့ အခေါ်နှင့် လမ်းတွေလည်း ရှိတယ်။ အတိုရေးတဲ့နေရာမှာလည်း စံတင်လောက်တယ်။ Bould, Rd., St., dr. စသဖြင့် စာလုံးအတိုဖြင့် အားလုံးရေးကြတယ်။

ရထား၊ ကားနှင့် လမ်းတွေကတော့ အသားကျပြီး စနစ်တကျရှိတာကို အစိုးရကော၊ ပြည်သူတွေပါ အားလုံး အတုယူသင့်ပါတယ်။ အပြောအဆို၊ အဆက်အဆံ အပေါက်ဆိုးလှတဲ့ ပို့ဆောင်ရေးသူတွေအားလုံး ဖြစ်နိုင်ရင် သည်ကို လေ့လာရေးတောင် လွှတ်သင့်ပါတယ်။

နောက် ရဲတွေ။ ရဲတွေဟာ လမ်းတွေမှာ၊ ဘူတာရုံတွေမှာ အသင့်ရှိနေတယ်။ အထူးသဖြင့် Time Square ခေါ်တဲ့ မြို့လယ်က လူအစည်ကားဆုံးနေရာတွေမှာ အပြည့်ပဲ။ စန္ဒီနှင့် မီဒီယာ ဆောင်းပါးမှာ ရေးခဲ့ဖူးသလို "မြင်းစီးရဲမေကြီး"ဟာ လှပခံ့ချောနေတာကို ယခုဆောင်းပါးမှ ဓာတ်ပုံနှင့် ဖော်ပြလိုက်ပါတယ်။ သတင်းဌာနတစ်ခုရှေ့မှာ ရဲတွေနှင့်အတူ ရိုက်ထားတဲ့ပုံကိုလည်း ဖော်ပြပေးလိုက်ပါတယ်။ ရဲကို အရေးပေါ်ခေါ်တဲ့ ဖုန်းက 911 ဖြစ်တယ်။ အခက်အခဲရှိရင်၊ အကြောင်းကြီးကြုံရရင်၊ အမျိုးသမီးတွေ အနှောင့်အယှက်ခံရရင် ဖုန်းဆက်လိုက်ရုံပါပဲ။

လမ်းတံတားအကြောင်း စာတစ်ကြောင်း ထပ်ရေးပါဦးမယ်။ အခု ဘိုးဘိုးကြီးနေတဲ့ နယူးရောက် Roosevelt လမ်းမကြီးအပေါ်က မိုးပျံရထားလမ်းကြီးဟာ နှစ် ၁၀၀ ကျော်ခဲ့ပြီ။ ရထားအသွားအလာဟာ အစုန်အဆန် မိနစ်ပိုင်းသာ ခြားပြီး သွားနေတာဟာ တစ်နေ့ကို အကြိမ်မည်မျှရှိမလဲ။ ယနေ့အထိ ကြံ့ခိုင်နေတာပါပဲ။ ပြင်ဆင်မှုတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com

စနေ၊ တနင်္ဂနွေနေ့ နေ့တိုင်းရှိပါတယ်။ [ရထားအသွားအလာကို အချိန်နှင့် တစ်ပြေးညီ အပြောင်းအလဲ ကြေညာပေးနေရပါတယ်။] အလားတူ တံတားကြီးတွေ၊ သုံးလေးဆင့်ထပ်ကားလမ်းတွေ၊ ဥမင်လိုဏ်ခေါင်းတွေဟာလည်း အမြဲတမ်းစစ်ဆေးပြင်ဆင်နေတာမို့ "မပျက်ခင်ပြင်"ဆိုတဲ့ စနစ်ကို တွေ့နေရတယ်။

နယူးရောက်ပြည်နယ်တစ်ခုလုံးဟာ တကယ်တော့ ချောင်းတွေ၊ မြစ်တွေ အပြည့်ရှိနေတာမို့ မြစ်ကူးတံတားတွေ၊ မြေအောက်ဥမင်လိုဏ်ခေါင်းတွေနှင့် ကူးတို့သင်္ဘောတွေနှင့်ပါ ဆက်ထားတာ အနံ့ပါပဲ။ လမ်းပန်းဆက်သွယ်ရေးကို စနစ်တကျ ဆောင်ရွက်နိုင်တာမို့ ပြည်သူ ၁၁ သန်းခန့်အတွက် အသွားအလာ အဆင်ပြေနေတာပါ။

မြေအောက်ရထား၊ သို့မဟုတ် ဘတ်စကားခမှာ ၂ ဒေါ်လာ ၂၅ ဆင့် ဖြစ်သည်။ [senior သက်ကြီး ၆၀ နှစ်အထက် ဖြစ်ပါက ၁ ဒေါ်လာ ၁၀ ဆင့် ဖြစ်သည်။] ရထားမြေအောက်ဘူတာအများအတွင်း အပြောင်း/ချိတ်ဆက်များအတွက် ထပ်မပေးရတော့ချေ။ Exit ခေါ် ထွက်ပေါက်မှ ထွက်မသွားလျှင် မည်သည့်ရထားကို အကြိမ်မည်မျှပြောင်းစေကာမူ ငွေထပ်မပေးရ။ တစ်ကြိမ်အတွက် တစ်ခါသုံးလက်မှတ်ဝယ်ပါက transfer ခေါ် ရထားဘူတာမှ ထွက်ပြီး နှစ်နာရီအတွင်း ဘတ်စကားစီးနိုင်သော လက်မှတ်ကို ရနိုင်သေးသည်။

ပို့ဆောင်ရေး သွားလာရေးဆိုတာ လူတိုင်း နေ့တိုင်းနှင့် ပတ်သက်နေတာမို့ အရေးကြီးသော ကဏ္ဍဖြစ်ပါတယ်။ ဒီတော့ ခရီးတို Local ဖြစ်ဖြစ်၊ ခရီးဝေးပဲဖြစ်ဖြစ် သွားလာရေးလွယ်ကူအောင် စီစဉ်ပေးနိုင်ရင် ပြည်သူများ စိတ်ချမ်းသာစွာနှင့် သက်သာချောင်ချိစွာ သွားလာနိုင်တာမို့ တာဝန်ရှိသူတွေ ကောင်းဖို့လိုတယ်။ ရထား၊ ကားအပြင် ပြည်တွင်းလေယာဉ်များဖြင့်လည်း အခြားပြည်နယ်များကို သွားလာနိုင်တာမို့ အဆင်ပြေလှပါတယ်။

အပေါ်မှာ ရေးခဲ့သလို Senior လျှော့နှုန်းဆိုတဲ့ စကားနှင့် တစ်ဆက်တည်း သည်မှာ သက်ကြီးများအတွက် စီစဉ်ထားတဲ့ အဆင်ပြေမှုတွေကို တစ်ဆက်တည်း ရေးချင်တယ်။

အသက် ၆၀ ပင်စင်ယူတာနှင့် လုပ်သက်နှင့် စုဆောင်းငွေတွေရပြီး လစဉ် ပင်စင်လည်းရှိတာမို့ ဝန်ထမ်းဟောင်းတွေက ပြောစရာမလိုအောင် အဆင်ပြေတယ်။ ပျမ်းမျှ သာမန်ဝန်ထမ်းတွေဟာ လစဉ် ဒေါ်လာ ၁၀၀၀ က ၁၅၀၀ လောက်အထိ ပင်စင်ရကြတယ်။ သက်ကြီးများအတွက် ရထား၊ ရုပ်ရှင်ခနှင့် အခြား သက်သာခွင့်တွေအပြင် ဆေးကုသခွင့်ရကြတယ်။ အသက် ၆၀ ကျော်လျှင် (ဝန်ထမ်းဟောင်းမဟုတ်စေကာမူ) အခမဲ့ ဆေးကုသခွင့် ရကြတယ်။ သက်ကြီးရိပ်သာ (Senior Contre) တွေမှာ နံနက်စာနှင့် နေ့လယ်စာကို ဈေးသက်သာစွာ စားသုံးနိုင်ကြတယ်။ ရိပ်သာမှာ နားနေနိုင်တယ်။ ဘီလိယက်ခုံ၊ ဇာပန်းထိုး၊ ပန်းချီရေးဖို့ အခန်းတွေရှိတယ်။ တစ်ပတ်တစ်ခါ မွန်းလွဲပိုင်းမှာ တီးဝိုင်းအဖွဲ့က လာဖြေဖျော်ပြီး ကခုန်ကြတယ်။ အသက်ကြီးသူတွေ ၆၀-၇၀ အထက်တွေဟာ ကိုယ်တိုင်ဈေးဝယ်ကြတယ်။ ကုန်တိုက်တွေမှာ စက်တပ်လှည်းထိုင်ခုံကလေးတွေနှင့် အရောင်းပစ္စည်းပြခန်းက လိုင်းအလိုက် သွားလာရွေးချယ်ဝယ်နိုင်တယ်။ ပြုစုမယ့်သူမရှိရင် Nursing home တွေမှာ နေထိုင်ခွင့်ရှိတယ်။ [သည်နိုင်ငံမှာ ကလေးငယ်နှင့် လူကြီးအိုမတွေကို အိမ်မှာတစ်ယောက်တည်း ထားခွင့်မရှိဘူး။]

အများနှင့် သက်ဆိုင်တဲ့ အတွေ့အကြုံထဲက ကောင်းကွက်ကလေးတွေပါ။ သည်လို ကောင်းကွက်တွေကြောင့်ပဲ နယူးရောက်မြို့ဟာ အခြားပြည်နယ်တွေက မြို့တွေထက် နေချင်သူတွေ ပိုများလာတယ်။ မအိပ်တဲ့မြို့ (the city never sleep) လို့ ခေါ်စမှတ်ပြုကြတယ်။

သမီးများနှင့် မြေးကလေး မောင်ကောင်းထိုက်အောင် သည်တစ်ပတ်အတွက်တော့ သည်လောက်နှင့် နားဦးမယ်။ အကောင်းတွေကိုဖတ်ပြီး အတုယူနိုင်တာတွေကို အတုယူကြရင် တိုးတက်မယ်။ အဆိုးတွေကိုဖတ်ပြီး ရှောင်နိုင်အောင် ကြိုးစားရင် တိုးတက်မယ်။ ဒါ့ကြောင့် ရေးစရာတွေကို ဆက်ရေးပါဦးမယ်။

ကျန်းမာကြပါစေ···။

ဘိုးဘိုးကြီး
**မောင်ကောင်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com

၀၄၀၈ (Y) ၀၇၄၆၄




# စပွါယ်ဖူး ဆေးတိုက်မှ

## အစွမ်းထက်လိမ်းဆေးများ




၀၄၀၈ (Y) ၀၇၄၆၅

"သီတာရေ. . . ဒီနေ့ ကွန်ပျူတာကလပ်(စ်) မတက်နိုင်လို့ ခွင့်တင်ပေးစမ်းပါကွာ"

"ဘာဖြစ်လို့လဲ နီလာရဲ့"

"အိမ်မှာ မောင်လေးကလည်း ချောင်းဆိုးရင်ကြပ် သလိပ်ကပ်ဖြစ်နေလို့. . နောက် မေမေကလည်း အရိုးကျိုးပေါင်းတက်ပြီး လည်ပင်းမလှည့်နိုင်ဘူးဆိုတော့ အိမ်ကိစ္စတွေ လုပ်ရမှာမို့ ကလပ်(စ်)မတက်နိုင်ဘူး"

"ဆေးခန်း သွားမပြဘူးလား"

"အိမ်နားက ဆေးခန်းသွားပြတာပဲ. . . ဒါပေမဲ့ မသက်သာဘူး ဖြစ်နေတယ်"

"ဪ. . . ဒါလေးများ ကိုယ်တို့ အမြဲတမ်းပြနေတဲ့ စပွါယ်ဖူးဆေးတိုက်မှာ ပြကြည့်ပါလား"

"စပွါယ်ဖူးဆေးတိုက်က ဘာကောင်းလို့လဲ"

"စပွါယ်ဖူးဆေးတိုက်ကထုတ်တဲ့ ချွဲသလိပ်ကြေ ရင်လူးဆေးရှိတယ်၊ အဲဒီဆေးက ကလေးလူကြီး အသက်အရွယ်မရွေး သုံးစွဲနိုင်တယ်၊ ချွဲသလိပ်ရင်ကျပ်၊ ကြက်ညှာ၊ ချောင်းဆိုး၊ အစာမကြေ၊ ပျို့အန်၊ ရင်ပြည့်ရင်ကယ်၊ အဆုတ်ပွ၊ အဆုတ်အအေးမိ၊ ဝမ်းဖောဝမ်းရောင်၊ ထိုးလေအောင့် အကုန်ပျောက်တဲ့ အထူးလိမ်းဆေးပဲ။ အဲဒီဆေးကို လည်ပင်းမှစ ဆီးစပ်အထိ တစ်နေ့ နှစ်ကြိမ် လိမ်းပေးရင် သက်သာပျောက်ကင်းသွားရမယ်"

"ဒါထက် အရိုးကျိုးပေါင်းရောဂါအတွက်ရော ဆေးထုတ်သေးလား"

"အရိုးကျိုးပေါင်းရောဂါအတွက် အထူးစီမံဖော်စပ်ထားတဲ့ အရိုးကျိုးပေါင်းလိမ်းဆေးလည်း ထုတ်တယ်၊ လည်ပင်းကျိုးပေါင်း၊ ဆစ်ကျိုးပေါင်း၊ အဆစ်အမြစ် နာကျင်ကိုက်ခဲခြင်း၊ ဇက်ကြောတက်၊ ခေါင်းကိုက်ခြင်းအပြင် လေဖြတ်ဝေဒနာရှင်များကိုပါ လိမ်းပေးရင် ရောက်ပြီး ဝေဒနာသက်သာ ပျောက်ကင်းပါတယ်။ အထူးသဖြင့် တရားမထိုင်မီနဲ့ အားကစားမလုပ်မီ ကြိုတင်လိမ်းပေးရင် အကြောများ ပြီး အလုပ်လုပ်လို့ အင်မတန်ကောင်းမွန်ပါတယ်"

"ဒီလောက်ကောင်းတဲ့ဆေးကို ဘယ်မှာ ဝယ်ယူရရှိနိုင်ပါလဲ"

"**ပင်ရင်းဌာနတတော့ အမှတ်(၆၄)၊ သရဖီလမ်း၊ (၃/က)ရပ်ကွက်၊ မင်္ဂလာဒုံက စပွါယ်ဖူးဆေးတိုက်မှာပါ။ ဖုန်းနံပါတ်က တော့ ၀၁-၇၂၄၈၃၅၊ ၀၉-၅၀၃၇၇၅၈ နဲ့ ၀၉-၅၀၉၇၈၇၇** တို့ပဲ ဖြစ်ပါတယ်။ ဒါ့အပြင် ရွှေဘုံသာလမ်းက တိုင်းရင်းဆေးဆိုင် တွေမှာလည်း ရရှိနိုင်ပါတယ်။ အကြောင်းစုံ သိချင်ရင်တော့ အထက်ပါဖုန်းနံပါတ်နဲ့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါတယ်။ ကဲ. . . သာရေ. . . ရောဂါတွေ အမြစ်ပြတ်ချင်ရင်တော့ **'တကယ်ထူးတဲ့ စပွါယ်ဖူးဆေးတိုက်'** ကို အမြန်ဆုံး ဖုန်းဆက်လိုက်နော်"

**ဆေးခန်းဖွင့်ချိန်က "နံနက်(၉-၁၁)နာရီ ညနေ(၄-၈)နာရီအထိ ရှိပြီး အခမဲ့ ဆွေးနွေးနိုင်ပါတယ်"**

"ကောင်းပါပြီ သူငယ်ချင်း"

သင်. . . အမှန်တကယ် ရောဂါပျောက်ချင်ရင် **တကယ်ထူးတဲ့ စပွါယ်ဖူးဆေးခန်း** နှင့် အမြန်ဆုံး ဆက်သွယ်လိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဝဋ်ကြွေး (၁၁)

( ယ ခ င် လ မှ အ ဆ က် )

ကျွန်ုပ်သည် မှောင်ရီသန်းစ အချိန်၌ ဗိုလ်တထောင်စေတီတော်မှ ပြန်ခဲ့လေ၏။ ကျွန်ုပ်သည် အနာဂတ်သစ်အတွက် စိတ်လှုပ်ရှားတက်ကြွနေမိ၏။ စိုးရိမ်ပူပန်စိတ်များလည်း ဖြစ်ပေါ်နေမိ၏။ မကြာမီ ကျွန်ုပ်၏ဘဝသည် အပြောင်းအလဲတစ်ခုပေါ်သို့ ရောက်ရှိတော့မည်ဖြစ်၏။ ကျွန်ုပ်၏ ခြေလှမ်းများသည် အနာဂတ်သစ်အတွက် သွက်လက်၍နေသလို၊ စိုးရိမ်ပူပန်စိတ်များကြောင့် လေးကွေး၍လည်းနေ၏။ ကျွန်ုပ်ချစ်လှစွာသော ဇနီးသည်နှင့် သမီးလေးအား ခွဲခွာရတော့မည်ကို သိနေသဖြင့် စိတ်ထဲတွင် ဝမ်းနည်း၍ နေမိလေ၏။ မရောက်ဖူးသော နယ်မြေသစ်၊ ရေခြားမြေခြားသို့ သွားရောက်ရတော့မည်ဖြစ်၍လည်း ပျော်ရွှင်၍နေပြန်၏။ ကျွန်ုပ်သည် တစ်ခါတစ်ရံ ငိုချင်သလိုဖြစ်နေမိပြီး၊ တစ်ခါတစ်ရံ ရယ်ချင်နေမိပြန်၏။ ကျွန်ုပ်၏ စိတ်သည် ကိုယ်နှင့်မကပ်ဘဲ အဝေးတစ်နေရာသို့ ရောက်နေသလို ခံစားနေရ၏။ ကျွန်ုပ်၏ခြေလှမ်းများသည်လည်း ကိုယ်တိုင်လျှောက်လှမ်းနေသည်ဟု မထင်မိဘဲ သံပတ်ပေးထားသော စက်ရုပ်တစ်ရုပ်ပမာ သူ့အလိုလို လှုပ်ရှားနေသကဲ့သို့ ဖြစ်၍နေ၏။ ကျွန်ုပ်၏မျက်လုံးများသည် ရှေ့တူရူသို့ ကြည့်ရှုနေသည့်တိုင် ဘာကိုမျှ မြင်သည်ဟူ၍ မထင်ဘဲရှိ၏။ ကျွန်ုပ်သည် နောက်ပြန်လှည့်၍မရတော့သောလမ်းကို လျှောက်နေခြင်းဖြစ်၏။ အလုပ်မှလည်း ထွက်လိုက်ပြီးဖြစ်၏။ လိုအပ်သော သင်တန်းများလည်းတက်ရန် ပြင်ဆင်ထားပြီးဖြစ်၏။

ပြောင်းလဲသွားသော ခေတ်စနစ်အရ ယခုအချိန်အခါသည် ဆီးဆားဗစ် (Sea Service) လိုက်ရန်မလိုတော့ကြောင်း သိရ၏။ လိုအပ်သော သင်တန်းများကို တက်ရောက်ပြီး အောင်လက်မှတ်များ တင်ပြနိုင်ရုံဖြင့် သင်္ဘောလိုက်ခွင့်ရမည်ဖြစ်သဖြင့် ဆီးဆားဗစ်

www.burmeseclassic.com

www.burmeseclassic.com

လိုက်ရသည့်အတွက် ကုန်မည့်အချိန် တစ်နှစ်ခန့် သက်သာသွားမည်ဖြစ်၏။ ကျွန်ုပ်သည် စာရင်းပေးသွင်းထားသော ဖိုးတစ်ကက်ဟု အတိုကောက်ခေါ်သော သင်တန်းကို တက်ခွင့်ရပြီဖြစ်၏။ ရွှေမြစိန်အား ပြောပြရာ ရွှေမြစိန်မှာ ဝမ်းအသာကြီးသာလျက်ရှိသည်။ ကျွန်ုပ်မှာမူ ဝမ်းသာသည်လည်းမဟုတ်၊ ဝမ်းနည်းသည်လည်းမဟုတ်ဘဲ ဝေခွဲ၍မရသော ခံစားချက်တစ်ခုကို ခံစားနေရ၏။ သင်တန်းကာလမှာ နှစ်လကြာမြင့်၏။ ကျွန်ုပ်သည် သင်တန်းတက်ရဖြင့် မသိဖူး၊ မတတ်ဖူးသေးသော ပညာရပ်များကို သင်ကြားတတ်မြောက်ရ၏။ မလုပ်ဖူးသေးသော အလုပ်များကိုလည်း သင်တန်းတွင် လုပ်ရ၏။ အပေါင်းအသင်းသစ်များလည်း ရ၏။ အချို့မှာ နယ်မှလာရောက်ကြသူများဖြစ်သလို၊ အချို့မှာ ရန်ကုန်မှဖြစ်၏။ အချို့မှာ ပိုက်ဆံရှိသော သားသမီးများဖြစ်ကြပြီး အချို့မှာ သာမန်လူတန်းစားများ ဖြစ်ကြ၏။ ကျွန်ုပ်သည် ညနေအိမ်သို့ပြန်ရောက်လျှင် သင်တန်းအတွေ့အကြုံများအား ရွှေမြစိန်အား ပြောပြ၏။ ရွှေမြစိန်ကလည်း စိတ်ပါဝင်စားစွာ နားထောင်၏။ ၁၅ ပေအမြင့်မှ ရေထဲသို့ ခုန်ချရပုံများကို ပြောပြရာ ရွှေမြစိန်က ရင်တဖိုဖိုဖြင့် နားထောင်၏။ သင်္ဘောပေါ်တွင် မီးလောင်ပါက မီးသတ်ပုံများကိုလည်းကောင်း ပြန်လည်ပြောပြရာ ရွှေမြစိန်က စိတ်ဝင်တစား နားထောင်ရှာ၏။ ကိုယ်တို့သင်တန်းမှာ မိန်းကလေးတွေရော ပါသလားဟုလည်း မေး၏။

“မဟုတ်တာ ရွှေမြစိန်ရယ်။ သင်္ဘောသားအလုပ်ကို မိန်းကလေး ဘယ်လုပ်နိုင်ပါ့မလဲကွယ်။ လုပ်တာလည်းမရှိပါဘူး”

ဟု ရှင်းပြရ၏။

“ကိုယ်တို့ တော်တော်ပင်ပန်းမှာပဲနော်”

ဟု ရွှေမြစိန်က ပြောလေရာ

“ဩော် ... ရွှေမြစိန်ရယ်။ စကားပုံတောင် ရှိသေးတာပဲကွယ်။ ယောကျ်ားဖောင်စီး၊ မိန်းမမီးနေ ဆိုတာလေ။ ရှေးခေတ်အခါတုန်းကတော့ ခုခေတ်လို သင်္ဘောကြီးတွေ ဘာတွေ မရှိသေးလေတော့ ဖောင်စီးတဲ့အလုပ်လောက်ကိုပဲ သက်စွန့်ဆံဖျား လုပ်ကြရတာကိုးကွယ့်။ ဆိုလိုတာကတော့ အင်မတန်အန္တရာယ်ကြီးတယ်လို့ ဆိုတာပေါ့ကွယ်။ ဒီလိုပဲ ရွှေမြစိန်တို့လို မိန်းမများကျပြန်တော့ ကလေးမွေးတဲ့အလုပ်ဟာ အသက်နဲ့ရင်းပြီး လုပ်ကြရတယ်လို့ ရှေးလူကြီးသူမများက ဆိုရိုးစကား ထားခဲ့တာပေါ့ကွယ်”

ကျွန်ုပ်သည် ဖိုးတစ်ကက်ခေါ် သင်တန်းအား နှစ်လခန့်တက်ရောက် အောင်မြင်ပြီးနောက် အောင်လက်မှတ်တစ်ခုကို ရရှိလေ၏။ ကျွန်ုပ် သင်္ဘောတက်မည်ဆိုသော သတင်းမှာလည်း ရပ်ကွက်ထဲတွင် ပျံ့လွင့်၍နေပေတော့၏။ ထိုသတင်းနှင့်အတူ မောင်ကြာညိုနှင့် ရွှေမြစိန်တို့နှစ်ယောက်မှာ ဘာလိုလိုဆိုသော သတင်းဆိုးတစ်ခုလည်း တစ်ပါတည်း ပျံ့လွင့်လျက်ရှိ၏ ...။ မောင်ကြာညိုမှာ ရွှေမြစိန်၏ ငယ်ရည်းစားတစ်ယောက်ဖြစ်ကြောင်း၊ ယခုလို ရန်ကုန်တွင် ရွှေမြစိန်အခြေအနေကောင်းလာသောအခါ ရွှေမြစိန်နှင့် ပေါင်းသင်းရန်အတွက် ရန်ကုန်သို့ လိုက်လာခြင်းဖြစ်ကြောင်း၊ သို့သော်

ရွှေမြစိန်မှာ လင်ယောကျ်ားရှိနေသဖြ…
ရွှေမြစိန်က ကျွန်ုပ်အား အပြင်…
ပထုတ်ခြင်းဖြစ်ကြောင်းတို့ ဖြစ်…
ယခုဆိုလျှင် မောင်ကြာညိုမှာ အ…
ပါအရာရောက်သူတစ်ဦး ဖြစ်နေပြီ…
ပြီး ရွှေမြစိန်၏ အထူးအရေးပေး…
သူဖြစ်ကြောင်း၊ ဆိုင်အတွက် ဈေးဝ…
ထွက်တာကအစ နှစ်ယောက်သ…
တပူးတွဲတွဲတွေ့နေရကြောင်းတို့ကို…
ပြောဆို၍ နေကြလေ၏။ ကျွန်ုပ်သ…
ထိုသတင်းကိုကြားလျှင်ကြားချင်း …
စွာမှ ဒေါသဖြစ်မိလေ၏။ ရွှေမြစိန်…
ရော၊ မောင်ကြာညိုကိုရော သတ်…
ချင်စိတ်ပင် ပေါက်မိလေ၏။ သို့သေ…
သေသေချာချာ ပြန်၍တွေးသောအ…
ရွှေမြစိန်သည် ကျွန်ုပ်ကို အလွန်…
သည်ကို ကျွန်ုပ်အသိဆုံး ဖြစ်…
မောင်ကြာညိုမှာလည်း ကျွန်ုပ်တို့…
ကျေးဇူးကြောင့် နေထိုင်စရာရရှိခြ…
အလုပ်အကိုင်ရရှိခြင်းတို့အပြင် ကျေ…
တက်ခွင့်ပါရရှိကာ မကြာမီပင် …
ခေတ်ပညာတတ်တစ်ယောက် …
တော့မည်ဖြစ်ပေရာ သည်လော…
မိုက်မဲသည့်အလုပ်မျိုး မလုပ်တန်…
လည်း ပြန်၍တွေးမိပြန်၏။ လူ…
သဘာဝအရ ထင်ရာမြင်ရာကို …
လမ်းဖွဲ့၍ ယုတ္တိယုတ္တာရှိရှိ လေ…
ပြောကြတာ ဖြစ်မှာပါဟုလည်း …
ပြန်၏။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်…
ထိုသတင်းကိုကြားပြီးသည်မှစ၍ …
ရွှင်ခြင်းမရှိတော့ပေ။ ထို့အပြင် …
စိန်ကိုလည်းကောင်း၊ မောင်ကြာညို…
လည်းကောင်း ဖွင့်၍ပြောရန် ကြိ…
သော်လည်း ပြောမထွက်ဘဲ ဖြစ်…
၏။ မဟုတ်ခဲ့လျှင် သူတို့၏ …
ကို စော်ကားရာရောက်တော့မည်…

www.burmeseclassic.com

www.burmeseclassic.com

လည်းကောင်း၊ တစ်ဖက်သားက မခံ ရပ်နိုင်ဖြစ်ကာ အော်ကြဟစ်ကြ၊ ရန်ဖြစ်ကြလျှင် ကိုယ့်အထုပ်ကိုယ်ဖြေသလို ဖြစ်မှာကိုလည်းကောင်း တွေးမိသဖြင့် မပြောဖြစ်ခဲ့ပေ။ ထိုအတော အတွင်း ရွှေမြစိန်နှင့် မောင်ကြာညိုတို့ အခြေအနေကို မသိမသာလေ့လာကြည့်ရာ ထူးခြားသည့် အပြုအမူ၊ အနေအထိုင်မရှိဘဲ ပုံမှန်အတိုင်းသာ ဖြစ်ကြောင်း တွေ့ရှိရလေ၏။ မောင်ကြာညိုသည် ကျွန်ုပ်၏ သမီးလေးအား ချစ်သလောက်၊ ရွှေမြစိန်ကိုမူ နှမသားချင်းလိုသာ ဆက်ဆံသည်ကိုသာ တွေ့ရှိလေ၏။ ရွှေမြစိန်ကလည်း အလုပ်တွင် အားကိုးရသဖြင့် အချို့သောကိစ္စများတွင် မောင်ကြာညိုနှင့် တိုင်ပင်ပြီး လုပ်ကိုင်တာရှိသော်လည်း ထူးထူးခြားခြား အရောတဝင်ဆက်ဆံခြင်း၊ အရေးပေးဆက်ဆံခြင်းတို့ကို မတွေ့ရှိရသဖြင့် ကျွန်ုပ်၏ သံသယစိတ်တို့မှာ အတော်အတန်ငြိမ်းအေး၍သွားလေ၏။

ကျွန်ုပ်သည် အဘိုးသူတော်ကြောင်နှင့် တွေ့ပြီးသည့်နောက်ပိုင်း ဥပုသ်နေ့နှင့် မွေးနေ့တို့တွင် သက်သတ်လွတ်စားခြင်း၊ ဥပုသ်စောင့်ခြင်း၊ ဘုရားထိုင်ခြင်းတို့အပြင်၊ အဘိုးသူတော်ကြောင်၏ဆန္ဒအတိုင်း ယောဂီဝတ်စုံကိုပါ ထိုရက်များတွင် ဝတ်ဆင်သဖြင့် ပတ်ဝန်းကျင်မှလူများသည် ကျွန်ုပ်အား ရူးသွားပြီဟူ၍လည်းကောင်း၊ ကြောင်သွားပြီနဲ့တူတယ် ဟူ၍လည်းကောင်း၊ ဘိုးတော်ဖြစ်သွားပြီထင်တယ်ဟူ၍လည်းကောင်း၊ သည်ပုံနဲ့သာဆိုလို့ကတော့ သူ့မိန်းမကောင်နဲ့ ပါသွားမှာ သေချာပါတယ်ဟူ၍လည်းကောင်း အမျိုးမျိုးဝေဖန်ပြောဆိုမှုများ ပြုလုပ်ကြလေ၏။

ကျွန်ုပ်သည် သင်တန်းမရှိသောရက်များတွင် ဥပုသ်နေ့၊ သို့မဟုတ် မွေးနေ့နှင့် ကြုံကြိုက်ပါက သက်သတ်လွတ်ဟင်းလျာများအား ကိုယ်တိုင်စိတ်ကြိုက် ချက်ပြုတ်လေ၏။ အဘယ်ကြောင့်ဆိုမူ သူများအသက်အား တစ်သက်လုံးစားလာသော ကျွန်ုပ်တို့မှာ သက်သတ်လွတ်ကို ရုတ်တရက်စားသောအခါ လွန်စွာမှ ခံတွင်းမတွေ့ဘဲ ဖြစ်နေခြင်းကြောင့် ဖြစ်လေ၏။ ပေါ့သလိုလို၊ ငန်သလိုလို၊ တစ်ခုခုလိုနေသလိုလို ခံစားရပြီး စားရသည်မှာလည်း အာသာမပြေဘဲရှိလေ၏။ ထို့ကြောင့် ကျွန်ုပ်သည် သက်သတ်လွတ်စားသောနေ့များ၌ ဟင်းလေးငါးမယ်ကို စားချင်စဖွယ်ဖြစ်အောင် ကိုယ်တိုင်စီမံချက်ပြုတ်လေ၏။ ခရမ်းသီး၊ ရုံးပတီသီး၊ မျှစ် စသည်တို့ဖြင့် သီးစုံဟင်းတစ်ခွက်ကိုလည်းကောင်း၊ ပဲပင်ပေါက်နှင့် ပဲပြားကြော်ကိုလည်းကောင်း၊ ကန်စွန်းရွက်ကို မှိုနှင့်ကြော်၍လည်းကောင်း၊ ခရမ်းချဉ်သီးကို ပဲငါးပိနှင့် ငါးပိချက်ချက်၍လည်းကောင်း၊ မျှစ်ကို စားတော်ပဲပြုတ်နှင့်ကြော်၍လည်းကောင်း ချက်ပြုတ်၍စားသောက်ရလေ၏။ ကျွန်အိမ်သားများပါ စားနိုင်ရန်အတွက်လည်း ပိုပိုသာသာ ချက်ပြုတ်၏။ ကျွန်ုပ်၏ သက်သတ်လွတ်ဟင်းလျာများအား အိမ်သားများကလည်း အလွန်ကြိုက်နှစ်သက်ကြရာ နောက်ပိုင်းတွင် ကျွန်ုပ်သည် သက်သတ်လွတ်ဟင်းချက်နည်းစာအုပ်တစ်အုပ်ကိုဝယ်ကာ ၎င်းနည်းများအတိုင်း ချက်ပြုတ်ကြော်လှော်၍စားလေ၏။ ကြာသော် ကျွန်ုပ်သည် သက်သတ်လွတ်ကိုစွဲ၍လာပြီး အသားငါးများအား မစားချင်တော့လောက်အောင် ဖြစ်၍လာလေ၏။

ကျွန်ုပ်သည် ဥပုသ်စောင့်သောနေ့ရက်များ၌ အိမ်တွင်မနေဘဲ ဗိုလ်တထောင်စေတီတော်သို့သွား၍ တစ်နေကုန် ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းတို့ဖြင့် အချိန်ကုန်တတ်လေ၏။ သင်တန်းရှိသော ရက်များ၌မူ သင်တန်းတက်ရလေ၏။ သို့သော် ဥပုသ်ကို အတတ်နိုင်ဆုံး မကျိုးပျက်အောင် စောင့်ထိန်းလေ၏။ တစ်ခုသော ဥပုသ်နေ့၌ ကျွန်ုပ်သည် ဥပုသ်စောင့်ရန်အတွက် ဗိုလ်တထောင်စေတီတော်သို့ ထွက်ခဲ့လေ၏။ သက်သတ်လွတ်ဟင်းလျာများအားလည်း ချိုင့်ခပ်ကြီးကြီးနှင့် ထည့်လာခဲ့လေ၏။ ဗိုလ်တထောင်ဘုရားကြီးတိုက်ရှိ ပုညသုခကျောင်းတိုက်ဆရာတော်ထံ သွားရောက်ကာ ဥပုသ်သီလကိုခံယူ၏။ ပြီးနောက် ကျွန်ုပ်၌ပါလာသော သက်သတ်လွတ်ဟင်းလျာအချို့အား ဆရာတော်ထံ လှူဒါန်းကာ ဘုရားပေါ်ရှိ ၁၅ ခန်းတန်ဆောင်းသို့ ထွက်ခဲ့ရာ အဘိုးသူတော်ကြောင်အား အခန့်သင့်ပင် တွေ့ရလေ၏။

"ကျုပ် ‥ လူလေးကို လာစောင့်နေတာဗျ"

"အဘိုးက ကျွန်တော် ဒီကိုလာမယ်ဆိုတာ ဘယ်လိုလုပ်သိလို့လဲ"

ဟု ကျွန်ုပ်ကမေးလိုက်ရာ –

"လူလေးမေးတဲ့ မေးခွန်းက တစ်နေ့ကျရင် လူလေးဟာလူလေးသိလာမယ့် မေးခွန်းဖြစ်နေလို့ မဖြေတော့ပါဘူး"

ဟု ပြန်၍ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com

"ဒါတင် ဘယ်ကလိမ့်မလဲ လူလေးရာ။ ဘုန်းကြီးကျောင်းမှာ သီလယူခဲ့တာရော၊ ဆရာတော်ကို ဆွမ်းဟင်းတချို့ ခွဲပြီးလှူခဲ့တာရော၊ နောက်ပြီး ကျုပ်ရောက်လာခဲ့ရင် နှစ်ယောက်စားလို့ရအောင်ဆိုပြီး ထမင်းတွေ၊ ဟင်းတွေ ပိုပြီးထည့်ယူလာခဲ့တာရော အကုန်ကိုသိနေတာပါဗျ"

ဟု ထပ်၍ ပြောလေ၏။

"ဟုတ်ပါပြီ အဘိုးရယ်။ ကျွန်တော် လက်ခံပါတယ်။ ကျွန်တော်က ဥပုသ်ယူပြီး ဘုရားပေါ်မှာ ပုတီးစိပ်ရင်စိတ်၊ ဒါမှမဟုတ် တရားထိုင်ရင်ထိုင်ရအောင်ဆိုပြီး လာခဲ့တာအဘိုးရဲ့"

"သိတာပေါ့ မောင်ရာ။ သိလို့လည်း ဒီနေရာကို ရောက်အောင်လာခဲ့တာပေါ့။ လူလေးက တရားထိုင်မယ်ဆိုတော့ ဘာတွေထိုင်မှာတုံး၊ ပြောပြစမ်းပါဦးဗျ"

"အဘိုးကလည်းဗျာ ... ကျွန်တော့်ကို လျှော့တွက်နေပြန်ပါပြီ။ ကျွန်တော် အရင်တုန်းက တရားစခန်းမှာ တရားထိုင်ဖူးပါတယ်ဗျ"

ဟု ပြန်ပြောလိုက်ရာ –

"အောင်မယ်လေး .. တရားစခန်းမှာ တရားထိုင်ဖူးသလေး၊ ဘာလေးနဲ့ ကြွားနေပြန်ပါပြီ လူလေးရာ။ မသိတာမှတ်လို့၊ ဘုရားလာဖူးရင်း တရားစခန်းတွေ့လို့ တစ်ချိန်ဝင်ထိုင်ဖူးတာများကွာ။ မောင်ရင့်ဟာမောင်ရင် သောတာပန်ပုဂ္ဂိုလ်ကြီးများ အောက်မေ့ရလောက်အောင့် ပြောမလို့လားကွ။ မလုပ်စမ်းပါနဲ့ လူလေးရာ ...။ တကယ်က လူလေးဟာ ဘာမှမသိသေးတဲ့ အရိုင်းလေးပါကွ။ ကျုပ်ပြောပြမယ်၊ လူလေး သေသေချာချာမှတ်ထား။ ပြီးရင် အဲဒီအကြံအတိုင်း ကျင့်ကြံအားထုတ်၊ ဟုတ်ပြီလား ..."

ဟုဆိုကာ ကျွန်ုပ်အား အောက်ပါအတိုင်း ရှင်းလင်းပြသလေတော့၏။

"ဒီလိုရှိတယ်ကွ လူလေးရ။ တရားထိုင်မယ့် ပုဂ္ဂိုလ်တစ်ယောက်ဟာ အရင်ဆုံး တရားမထိုင်ခင် ပရိကံပြုရတယ်ကွ။ ပရိကံပြုတယ်ဆိုတာ လူလေးနားလည်အောင် ပြောရရင်တော့ ကြိုတင်ပြင်ဆင်တာပေါ့ကွာ။ နံပါတ်(၁) သရဏဂုံသုံးပါး ဆောက်တည်ခြင်း ပြုရမယ်။ ဒါကတော့ လူလေးသိပါတယ်။ နံပါတ်(၂)အနေနဲ့က အနန္တော အနန္တငါးပါးကို ရှိခိုးရမယ်ကွ။ သရဏဂုံသုံးပါးဖြစ်တဲ့ ဘုရား၊ တရား၊ သံဃာတို့နဲ့ တစ်ဂိုဏ်းတည်းဖြစ်တဲ့ မိခင်၊ ဖခင်များ၊ အတတ်ပညာများကို သင်ကြားပြသပေးသော ဆရာသခင် ကျေးဇူးရှင်များကို ကန်တော့ရမယ်။ နံပါတ်(၃) မေတ္တာပို့ရမယ်။ ၃၁ ဘုံ၌ ကျင်လည်ကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရပ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ စိုးရိမ်ခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ၊ ရောဂါခပ်သိမ်း ကင်းငြိမ်းကြပါစေပေါ့ကွာ။ နံပါတ်(၄)က အမျှပေးဝေရမယ်။ ကျွန်ုပ်ပြုခဲ့ဖူးသော ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်၊ မေတ္တာဘာဝနာ၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ အစုစုတို့အား ၃၁ ဘုံ၌ ကျင်လည်ကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါကုန်၏။ အမျှဝေ သာဓုခေါ်ပေါ့ကွာ။ နံပါတ်(၅)က သီလဆောက်တည်ရမယ်။ ဘာဝနာရဲ့ မူလအစဟာ သီလ

ဖြစ်တဲ့အတွက် သီလကို အရင်ခံယူ

ဆောက်တည်ရမယ်။ ဒါကတော့

လွယ်ပါတယ်။ ဩကာသကန်တော့ချ

နဲ့ ဘုရားကန်တော့ပြီး ငါးပါးသီလ

ဒါမှမဟုတ် ကိုးပါး၊ ဆယ်ပါးပေါ့

ကိုယ်ဆောက်တည်နိုင်သလောက် ယူ

ပေါ့။ နံပါတ်(၆)က ရုပ်နာမ်နှစ်ပါးကို

အပ်နှင်းရမယ်လို့ ဆိုတယ်။ ဘယ်သူ

ကို အပ်နှင်းရမလဲဆိုတော့ ဂေါ်တမ

သဲစုမက ပွင့်တော်မူခဲ့သော ဘုရားရှင်

များကို အပ်နှင်းရမယ်။ ဘုရားတပည့်

တော်၏ ရုပ်နာမ်နှစ်ပါးကို ဘုရားရှင်

များအား အပ်နှင်းလှူဒါန်းပါ၏ဘုရား

ပေါ့ကွယ်။ အဲဒါပြီးတော့ နံပါတ်(၇)

အနေနဲ့က ကမ္မဋ္ဌာန်းတောင်းခံရမယ်

လူလေး အားထုတ်မယ့် တရားဟာ

ဘုရားရှင်ရဲ့ တရားဖြစ်တဲ့အတွက်

ဘုရားရှင်ထံမှာ ကမ္မဋ္ဌာန်းတောင်းခံ

အနေနဲ့ အရှင်ဘုရား .. တပည့်တော်

တို့အလိုရှိအပ်၊ တောင့်တအပ်သော

မဂ်ချမ်းသာ၊ ဖိုလ်ချမ်းသာရကြောင်း

တရားထူး တရားမြတ်များကို ဘုရား

တပည့်တော်တို့အား ပေးသနားတော်

မူပါဘုရားလို့ဆိုပြီး အာရုံပြုပြီး တောင်း

ခံရမယ်။ နောက်တစ်ချက်က နံပါတ်

(၈)ပေါ့။ လူလေးကျင့်ကြံအားထုတ်

မယ့် ကမ္မဋ္ဌာန်းတရားကို သင်ကြား

ပြသပေးသော ဆရာသမားကို ရှိခိုး

ကန်တော့ရမယ်ကွ။ နောက် နံပါတ်

(၉)အချက်က အပြန်ပြန် အလှန်လှန်

တောင်းပန်ရမယ်၊ ဘာတွေကိုတောင်း

ပန်ရမလဲဆိုတော့ ၃၁ ဘုံမှာ ကျင်

လည်ကြကုန်သော လူ၊ နတ်၊ ဗြဟ္မာ

သတ္တဝါအပေါင်းတို့အပေါ်၌ ကျွန်ုပ်

ဖြစ်မှားခဲ့သော ကာယကံမှု၊ ဝစီကံ

www.burmeseclassic.com

မနောက်မှုများ ရှိခဲ့ရင် အသင်ဟို့က ကျွန်ုပ်အား သည်းခံခွင့်လွှတ်ပါ . . . သည်းခံခွင့်လွှတ်ပါ . . သည်းခံခွင့်လွှတ်ပါ။ အသင်တို့က ကျွန်ုပ်အပေါ် ပြစ်မှားခဲ့သော ကာယကံမှု၊ ဝစီကံမှု၊ မနောကံမှုများ ရှိခဲ့ရင်လည်း ကျွန်ုပ်က သည်းခံခွင့်လွှတ်ပါတယ် . . သည်းခံခွင့်လွှတ်ပါတယ် . . သည်းခံခွင့်လွှတ်ပါတယ်ဆိုပြီး အပြန်ပြန်အလှန်လှန် တောင်းပန်ရမယ်။ ဒါမှ ကိုယ်တရားအားထုတ်တဲ့အခါမှာ မြင်အပ်၊ မမြင်အပ်သော ပုဂ္ဂိုလ်တွေရဲ့ နှောင့်ယှက်ခြင်း ကင်းမယ်ပေါ့။ တရားကို အေးအေးချမ်းချမ်း အားထုတ်လို့ရမယ်ပေါ့။ အဲဒီ ပရိကံမှုတွေ ပြုပြီးမှ ဝိပဿနာတရားကို စပြီးအားထုတ်ရမယ်။ အဲဒါပြီးရင် တရားအားထုတ်လို့ ရပြီ။ ကျုပ်ဆိုလိုတာက တစ်ယောက်တည်း အားထုတ်တဲ့အခါမှာ ဆောင်ရွက်ရမယ့် အချက်တွေနော်။ တရားပြဆရာရှိနေတဲ့အခါတော့ သူညွှန်ကြားတဲ့အတိုင်းပဲ လုပ်ပေါ့။ တရားအားထုတ်တဲ့အခါမှာ ပထမဆုံးလုပ်ရမှာက သမထထူထောင်ခြင်းပဲကွ။ အဲဒါကိုတော့ ကျုပ်မပြောတော့ဘူး။ ဟောဟိုက လုပ်သားပေါင်းစုံ ဓမ္မာရုံထဲမှာ တရားစခန်းရှိတယ်။ လူဦးရေလည်း ကန့်သတ်မထားဘူး။ အချိန်လည်း ကန့်သတ်မထားဘူး။ အဆင်ပြေတဲ့အချိန်မှာ ဝင်ထိုင်လို့ရတယ်။ အဲဒီမှာ လူလေးသွားပြီးထိုင်ပေတော့။ ခုတော့ ဗိုက်ဆာပြီ၊ ထမင်းပြင်ပေတော့''

ဟု ခိုင်းလေ၏။ ကျွန်ုပ်လည်း အဘိုးသူတော်ကြောင်နှင့် ကျွန်ုပ်တို့နှစ်ဦးစလုံးစားရန်အတွက် အနီးရှိ နိဗ္ဗာန်ဆော်ကြီးထံမှ ပန်းကန်ပြားတစ်ချပ်ကိုငှားကာ ထမင်းများကို ပြင်ဆင်ကာ သက်သတ်လွတ်ဟင်းလျာများနှင့် အားရပါးရ စားသောက်ကြလေ၏။ စားသောက်ပြီးသောအခါ နိဗ္ဗာန်ဆော်ကြီးက ရေနွေးကြမ်းဖြင့် လာရောက်ဧည့်ခံလေရာ –

''အခန့်သင့်လိုက်လေဗျာ။ နတ်တို့ဖန် ရေကန်အသင့် ကြာအသင့်ဆိုဘာ ဒါမျိုးပါပဲ''

ဟု အဘိုးသူတော်ကြောင်က ပြောရင်း သူ၏ယောဂီတစ်ခြမ်း၊ အဖြူတစ်ခြမ်း လွယ်အိတ်ကြီးထဲမှ ထန်းလျက်ထုပ်ကလေးအား ထုတ်၍ပေးပြီး နိဗ္ဗာန်ဆော်ကြီးအားလည်းကောင်း၊ ကျွန်ုပ်အားလည်းကောင်း ကျွေးလေ၏။ ကျွန်ုပ်တို့သည် ရေနွေးကြမ်းသောက်ရင်း၊ ထန်းလျက်စားရင်း၊ စကားစမြည်ပြောရင်းဖြင့် အချိန်များကုန်လွန်လာရာ အဘိုးသူတော်ကြောင်က –

''ဒီမှာလူလေး၊ သူတော်ကောင်းဆိုတာ အချိန်ကို ဘယ်တော့မှ အလဟဿ ဖြုန်းတီးမပစ်ရဘူးကွ။ အခု ၁၂ နာရီခွဲတော့မယ်။ ၁၂ နာရီခွဲတာနဲ့ တရားစခန်း ပြန်စတော့မယ်။ လူလေး သွားပေတော့။ ကြိုးကြိုးစားစား ကျင့်ကြံအားထုတ်ပေတော့။ ဒီတစ်ခါ တရားကျင့်တဲ့အလုပ်ကို ဝဋ်ကြွေးရှိလို့ လုပ်တယ်လို့ သဘောထားပြီးလုပ်ကွ။ ဝဋ်ကြွေးတောင် ရိုးရိုးဝဋ်ကြွေးမဟုတ်ဘူး။ ဂမ္ဘီရဝဋ်ကြွေးရှိလို့ ဆပ်တယ်လို့ သဘောထားပြီးလုပ်ကွ''

ဟု ဆိုလေ၏။ ထိုအခါ ကျွန်ုပ်က –

''အဘိုးကလည်း လုပ်သမျှ ဝဋ်ကြွေးနဲ့ချည်း ကိုင်ပေါက်နေတော့တာပဲ''

ဟု ဘုကျကျ ပြန်ပြောလိုက်ရာ

''အောင်မာ . . မောင်ရင်က မလောက်လေး မလောက်စားနဲ့များ ပြန်ပြောနေရသေးတယ်။ ဒီမှာကိုယ်လူ၊ မင်းလောက်မပြောပါနဲ့၊ တို့မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ကိုယ်တိုင်တော်မှ လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ ရှစ်သင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီတော်တွေ ဖြည့်ကျင့်ခဲ့တာတောင် နောက်ဆုံး ဘုရားစင်စစ် ကေန်ဖြစ်မယ့်ဘဝမှာ နှုတ်ဝစီမျက်တဲ့စကားလေးတစ်ခွန်းကြောင့် ၆ နှစ်တိုင်တိုင် ကျင့်ကြံပြီးမှ ဘုရားအဖြစ်ကို ရတော်မူသေးတာဗျာ။ ညည်းမနေစမ်းပါနဲ့ ကိုယ့်လူရာ . . . လုပ်စမ်းပါ။ ဝဋ်ကြွေးနော် . . . ဝဋ်ကြွေး . . . ဟေး . . ဟေး . . ဟေး''

ဟုဆိုကာ သူ၏ တောင်ဝှေးဘုကြီးနှင့် ကျွန်ုပ်၏ခေါင်းအား ဂေါက်ခနဲနေအောင် ခေါက်ပြီး သူ၏ အဖြူတစ်ခြမ်း၊ ယောဂီတစ်ခြမ်း လွယ်အိတ်ကြီးကို ကောက်၍လွယ်ကာ တောင်ဝှေးကြီးအား တဒေါက်ဒေါက်ထောက်၍ ကျွန်ုပ်၏အနီးမှ ထွက်ခွာသွားလေတော့၏။ ကျွန်ုပ်လည်း ပန်းကန်ခွက်ယောက်များကို သိမ်းဆည်းပြီး နိဗ္ဗာန်ဆော်ကြီးထံ အပ်နှံကာ တရားစခန်းရှိရာသို့ ထွက်ခဲ့လေတော့၏။

(ဆက်လက်ဖော်ပြပါမည်)

ယိုး



www.burmeseclassic.com

www.burmeseclassic.com

# "ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေ" အတွက် အလှူရှင်များဖိတ်ခေါ်ခြင်း

ဆရာတော်ဦးအာစာရလင်္ကာသီရိသည် ၁၃၅၆-ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၁၆.၂.၁၉၉၅) ကြာသပတေးနေ့တွင် ရခိုင်ပြည်နယ် သံတွဲမြို့ ရှေးနှစ်ပေါင်းများစွာ သာသနာပြုပုဂ္ဂိုလ် ပဋ္ဌာန်းဆက်ပါရမီရှင်များအား စောင့်မျှော်လျက်ရှိသော ဆုတောင်းပြည့် သဒ္ဒါကျောက်တောရ မဟာအောင်မြေသို့ စတင်ရောက်ရှိပြီး တောရစုတင် အကျင့်မြတ်ပဋိပတ်ဖြင့် စတင်ကြွရောက် သာသနာပြုတော်မူပါသည်။

၁၃၅၇ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်(၂၅.၈.၁၉၉၅) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၅၈ ခုနှစ်၊ တပေါင်းလပြည့်နေ့ (၂၃.၃.၁၉၉၅)နေ့တွင် ဆုတောင်းပြည့် အနောက်ရွှေတိဂုံစေတီတော်နှင့် အရံစေတီရစ်ဆူတို့ကို တိကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၇၅ သိန်းကျပ်။ ၁၃၆၁ ခုနှစ်၊ သီတင်းကျွတ်လပြည့် (၂၄.၁၀.၁၉၉၉) တနင်္ဂနွေနေ့တွင် မူလသစ်ကောက်ရွာ အများကောင်းမှု ကိုးနဝင်းစေတီတော်အား ကျောက်ထီးတော်ဖယောင်းချ၍ ရွှေထီးတော်အသစ်တင်လှူခြင်း ကုန်ကျငွေ ၁၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တော်သလင်းဆန်း ၁ ရက်(၁.၉.၁၉၉၉) သောကြာနေ့တွင် ပန္နက်တင်၍ ၁၃၆၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၁ ရက်(၂၇.၃.၂၀၀၃) တနင်္ဂနွေနေ့တွင် အမြင့် ၂၁ တောင်ရှိ ရွှေထီးတော် ဘုံနှစ်ဆင့်မြင့် ဓာတ်ပေါင်းစု အနောက်ကျိုက်ထီးရိုးစေတီတော်အား တိကြားကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့နှင့် ရွှေထီးတော်တင်လှူခြင်း။ ကုန်ကျငွေ ၃၀၀ သိန်းကျပ်ကျော်။ ၁၃၆၂ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက် (၂၈.၃.၂၀၀၁) ဗုဒ္ဓဟူးနေ့တွင် နှစ်ပေါင်း ၈၀ ကျော် ရွှေထီးတော်ကင်းမဲ့နေသော ဂွမြို့ ရေကျော်ကျေးရွာရှိ ရွာလယ်မင်းဘကြီးကောင်းမှုစေတီတော် ရွှေထီးတော် အသစ်တင်လှူခြင်း။ ကုန်ကျငွေ ၁၅ သိန်းကျပ်ကျော်။ ၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက် (၄.၁.၂၀၀၇) ကြာသပတေးနေ့တွင် နှစ်ပေါင်း ၉၀ ကျော် ပြိုကျပျက်စီးနေသော ဝိန်းတောလေးကျေးရွာ ကျောင်းတော်မှုရုပ်ပွားတော်မြတ်ကြီးအား စတင်ပြုပြင်ဆောင်ရွက်၍ ၁၃၇၀ ပြည့်နှစ်၊ တပို့တွဲလပြည့်နေ့(၉.၂.၂၀၀၉) တနင်္လာနေ့တွင် ဓမ္မာရုံကြီးအပါအဝင် ရေစက်သွန်းချပြီးစီးခြင်း။ ကုန်ကျငွေ ၁၀၀ သိန်းကျပ်ကျော်။ ၁၃၇၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်(၁၆.၁၀.၂၀၀၈) တနင်္ဂနွေနေ့တွင် ဉာဏ်တော်အလျား ၅၄ ပေရှိ အေးငြိမ်းချမ်းသာကျောင်းတော်မှ ရုပ်ပွားတော်မြတ်ကြီးအား စတင်တည်ထားဆောင်ရွက်ပြီး၊ ၁၃၇၁ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက် (၃၀.၁.၂၀၁၀)နေ့တွင် ငွေကျပ်သိန်းပေါင်း ၁၀၀၀ ကျော် ကုန်ကျခဲ့ပြီး အားလုံးကောင်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ပြီး၊ ဆက်လက်၍ တောင်ခြေရင်ပြင်တော်တွင် သက်ကြီးရွယ်အိုများ၊ တောင်ပေါ်တက်ရောက်ပူဇော်ခြင်း မပြုနိုင်သူများအတွက် ဉာဏ်တော် ၁၅ ပေ အမြင့်ရှိ မုစလိန္ဒာနဂါးရုံ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တောင်တော်၏ ကျက်သရေဆောင် အဝင်မုခ်ဦးတစ်ဆောင်နှင့် သောက်ရေ၊ သုံးရေအတွက် အဝီစိစက်ရေတွင်းအား အနက်ပေ ၄၀၀ တူးဖော်သော်လည်း ရေချိုမရရှိပါသောကြောင့် သောက်ရေအတွက် ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန်တစ်လုံး ဆောင်ရွက်လုပ်ကိုင်လိုပါသောကြောင့် စသည့် လှူဖွယ်ပစ္စည်းများကို တစ်ဦးတစ်ယောက်သော်လည်းကောင်း၊ အသင်းအဖွဲ့နှင့်သော်လည်းကောင်း ပါဝင်လှူဒါန်းနိုင်ကြပါရန် တိုက်တွန်းနှိုးဆော် ဖိတ်ခေါ်ပါသည်။

## လှူဒါန်းနိုင်သော ပစ္စည်းအမျိုးအမည်နှင့် တန်ဖိုး

| | |
|---|---|
| ဉာဏ်တော် ၁၅ ပေ အမြင့် ရုပ်ပွားတော်အပါအဝင် ရောင်တော်ဖွင့်အပြီး | ၅၀ သိန်းကျပ် |
| အကျယ် ၁၅ ပေ အမြင့် ၁၂ ပေ မုခ်ဦးအလှူရှင်အမည်ပါပြီး | ၄၅ သိန်းကျပ် |
| ဂါလံ ၅၀၀၀ ဆံ့ ကွန်ကရစ်သောက်ရေကန် ၁ လုံး | ၄၀ သိန်းကျပ် |

## ဆက်သွယ်လှူဒါန်းလိုသူများ

| | |
|---|---|
| လာဘ်မိုးစွေစာပေ | ဖုန်း - ၀၉-၄၃၀၇၅၃၁၁၊ ၀၉-၄၂၁၀၀၅၉၂၅ |
| နာယကဆရာတော် | ဖုန်း - ၀၉-၇၃၁၃၉၃၃၆၊ ၀၉-၄၂၀၂၃၅၄၅၈ |
| ဦးကျော်သူထိုက် | ဖုန်း - ၀၉-၅၁၁၉၄၀၇ |

www.burmeseclassic.com

www.burmeseclassic.com

# ကရင်ဝိဇ္ဇာကြီး ဘိုးပိုက်ဆံ

လေးသူစံ



၁၈၆၆ ခုနှစ်တွင် သား ဦးကရင်
မေတ္တာဖြဟ္မစိုရ် တိုင်းရင်းဘာသာ
ပြည်တွင်းသာသနာတော်ကြီးကိုတည်ထောင်ခဲ့သူ
သာသနာ့ဗိသုကာကြီး
'ဘိုးပိုက်ဆံ(ခ) ဖူးဆာရယ်ဘူးဘွယ်မူး'

## "ဩဝါဒတရား"

ဘိုးပိုက်ဆံ၏ သာသနာပြုသက်တမ်းတစ်လျှောက်၌ မာကျောခက်ထန်သောစကားများ၊ ဆူပူကြိမ်းဝါးသော အသံများ၊ ဒေါသအမျက်ထွက်သော အသုံးအနှုန်းများကို မည်သူ တစ်ဦးတစ်ယောက်မျှ မကြားခဲ့ဖူးကြကြောင်း ဆိုပါသည်။ သူ့အပေါ် မနာလိုဝန်တိုသူများ၏ မဟုတ်မမှန်သော စကားတို့ကို ဘယ်သောအခါမျှ တုံ့ပြန်ခြင်းမပြုဘဲနှင့် ထိုသူများအတွက် မေတ္တာပို့လေ့ရှိသည်ဟု သိရပါသည်။

ဘိုးပိုက်ဆံ ဟောကြားလေ့ရှိသော တရားများသည် လူတိုင်း နားလည်လိုက်နာ ကျင့်ကြံလုပ်ဆောင်နိုင်သော ရိုးရိုးတရားများပင် ဖြစ်ပါသည်။ မကောင်းမှုကိုရှောင်၊ ကောင်းမှုကို ဆောင်ကြရန်နှင့် သာသနာသည် လူတိုင်း၏ စာရိတ္တကို ထူထောင်ပေးနိုင်သလို၊ သာသနာတော်ကြီး အဓွန့်ရှည်ခိုင်မြဲစေရန်အတွက်လည်း သာသနာပြုပုဂ္ဂိုလ်အားလုံးတို့သည် နူးညံ့သိမ်မွေ့သော ဘုရားစိတ်၊ တရားစိတ်များကို မွေးမြူကြပြီး သီလသမာဓိများဖြင့်သာ တစ်ဦးပေါ်တစ်ဦး ပေါင်းသင်းဆက်ဆံသွားကြရန်ကို နှိုးဆော်ဩဝါဒပေးလေ့ရှိပါသည်။ နှလုံးစိတ်ဝမ်း အေးချမ်းလိုကြလျှင် တရားရိပ်အောက်မှာ အမြဲထာဝရနေကြရန် တိုက်တွန်းလေ့ရှိသည်ဆို၏။ [မေတ္တာဖြဟ္မစိုရ်သာသနာ့သမိုင်းကျမ်း(ပထမတွဲ) စာမျက်နှာ ၆၆-၆၇]



www.burmeseclassic.com

www.burmeseclassic.com

## "ပေါင်းစုရွာ'

အများအကျိုးအတွက် ဘုရားကျောင်းကန်ဇရပ်နှင့် ရေတွင်းရေကန်များ ဆောက်လုပ်တူးဖော် လှူဒါန်းခဲ့သည်မှာ ထိုအချိန်က ကာလတန်ဖိုးကျပ်သိန်းပေါင်းများစွာ ကုန်ကျခဲ့သော်လည်း မိမိနှင့် ဇနီးသားသမီးများအတွက် တန်ဖိုးရှိသော ပစ္စည်းတစ်ခုတလေမျှ မထားခဲ့ပေ။

ဘိုးပိုက်ဆံမဖြစ်သေးသော စောဆာဖောဝါး (သို့) စောဆာဖိုးဝါး၏ ဆုံးပါးသွားခဲ့သော ဇနီးသည် စကောကရင် နော်ဝါးသည် ပိုးကရင်မလေးနန့်သအဖြစ် လူဝင်စားဘဝနှင့် ဘိုးပိုက်ဆံနှင့် ပြန်လည်ဆုံတွေ့ခဲ့ပါသည်။ အံ့သက်ခြောက်ဆယ်ကျော် ဘိုးပိုက်



သာသနာ့ဒါယကာကြီး 'ဘိုးပိုက်ဆံ(ခ) ဖူးဆာရယ်ဘူးဘွယ်မူး'

ဆံနှင့် အသက်ဆယ့်ခုနစ်နှစ် နန့်သတို့၏ ပြန်လည်ဆုံစည်းမှုသည် စကောကရင်နှင့် ပိုးကရင်တို့ကို သာသနာတော်အတွင်း ပေါင်းစုပေးမှုသဘောသက်ရောက်နေသဖြင့် ထိုကျေးရွာကို ပေါင်းစုဟု ခေါ်ခဲ့ကြရာ ယနေ့အချိန်အထိ အမည်တွင်နေပါသည်။

## "ကောင်းမှုကုသိုလ်များ'

ဘိုးပိုက်ဆံ သာသနာပြုသည့် သက်တမ်းတစ်လျှောက်တွင် ရောက်ရှိလေရာ ဒေသများ၌ လူမျိုးမရွေး၊ ဘာသာမရွေးဘဲ အများပြည်သူအကျိုးအတွက် ပြုပေးခဲ့ပါသော ကောင်းမှုကုသိုလ်တို့ကို ဖော်ပြပေးလိုက်ပါသည်။

(၁) ဖဒိုကျေးရွာ (သက္ကရာဇ် ၁၈၈၈ ခုနှစ်တွင် တည်ပေးခဲ့သည်။)

(၂) လယ်မြေဧက ၁၅၀၀၀ နှင့် စပါးကျီ ၄ လုံး။

(၃) ရန်ကုန်မြို့၊ အလုံမြို့နယ်အတွင်း၌ ပဲခူးကရင်ဟိုက်စကူးကျောင်းဝင်း ဘော်ဒါအိမ်တစ်ဆောင်၊ ရေတွင်းနှင့် သာသနာပြုဆရာနေရန် တိုက်တစ်လုံး။

(၄) သံထည်ဓမ္မာရုံကြီးကို ကွမ်းခြံကုန်းဘူတာနှင့် မျက်နှာချင်းဆိုင်နေရာတွင် သက္ကရာဇ် ၁၈၈၉ ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သည်။

(၅) ဘုရားဝတ်ပြုရာ ကျောင်းတော်ကြီးကို ဖဒိုမြို့တွင် ၁၈၉၅ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။

(၆) အလုံမြို့နယ်အတွင်းရှိ ဆရာဗင့်တွမ် အောက်မေ့ဖွယ်ကျောင်းကြီးကို ၁၈၉၅ ခုနှစ်တွင် ဆောက်လုပ်ခဲ့သည်။ [ယခု အလုံ အထက(၁)]

(၇) ဥက္ကံဘူတာ၏ အရှေ့ဘက်ရှိ ဇီးပင်ဆိပ်ကျေးရွာတွင် ဘုရားဝတ်ပြုကျောင်းတစ်ကျောင်းနှင့် ဇရပ်တစ်ဆောင်တို့ကို သက္ကရာဇ် ၁၈၉၇ ခုနှစ်တွင် မြေသုံးဧကကို ငွေကျပ်သုံးရာနှင့် ဝယ်ပြီး ထိုမြေပေါ်တွင် ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

(၈) မှော်ဘီမြို့နယ်၊ ဖြူးကျင်ကျေးရွာတွင်လည်း ဘုရားကျောင်းဆောင်တစ်ခုကို ၁၉၀၀ ပြည့်နှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သည်။

(၉) မှော်ဘီမြို့တွင် ဆရာတီး...နေထိုင်ရန် အိမ်တစ်လုံးကိုပါ ဆော...လုပ်ပေးခဲ့၏။

(၁၀) ဥက္ကံမြို့ဘူတာ၏ အနော...ဘက်တွင် ဘုရားဝတ်ပြုရှိခိုးရာ ကျော...တော်၊ စပါးကျီတစ်လုံးနှင့် အဝီစိတွင်းတစ်တွင်းတို့ကို ၁၉၀၁ ခုနှစ်တွင် လှူဒါန်းသည်။

(၁၁) လက်ပံတန်းမြို့တွင် ဘုရားဝတ်ပြုကျောင်းကို ၁၉၀၁ ခုနှစ်တွင် လှူဒါန်းခဲ့သည်။

(၁၂) ဓနုဖြူမြို့တွင် ဇရပ်တစ်ဆောင်ကို ၁၉၀၂ ခုနှစ်တွင် ဆော...လုပ်ခဲ့သည်။

(၁၃) ဟင်္သာတဘူတာအနီး...လည်း ၁၉၀၂ ခုနှစ်မှာပင် ဇရပ်တ...ဆောင် လှူဒါန်းခဲ့ပြန်၏။

(၁၄) ပန်းတနော်မြို့နယ်၊ ပြလ...ကျေးရွာတွင် ၁၉၀၂ ခုနှစ်မှာ...ဘုရားဝတ်ပြုကျောင်း တစ်ကျော...ဆောက်လုပ်ပေးခဲ့သည်။

(၁၅) ကျုံပျော်မြို့နယ်၊ ပေါ်...ရွာတွင် ဇရပ်တစ်ဆောင်ကို ၁၉...ခုနှစ်မှာ တည်ဆောက်လှူဒါန်း...



www.burmeseclassic.com

www.burmeseclassic.com

(၁၆) ၁၉၀၃ ခုနှစ်မှာပင် ဂမုံးစု ကျေးရွာ၌ ဓမ္မာရုံတစ်ခု ဆောက်လုပ်ခဲ့ ဖြစ်သည်။

(၁၇) မော်ဘီမြို့ ဘူတာအနီး တွင် ကိုးဆောင်တွဲ ဘုရားဝတ်ပြု ကျောင်းကြီးကို ၁၉၀၄ ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့သည်။

(၁၈) အမျိုးသားစည်းလုံးရေး အသိစိတ်ဖြင့် ပြည်ထောင်စုတိုင်းရင်း သားများ ဖြစ်ကြပါသော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ သည့် လူမျိုးပုံတို့ကို ပန်းချီကားချပ် များ ရေးဆွဲချိတ်ပြထားသည့် ခြောက် ဘာသာကျောင်းကြီးတစ်ဆောင်ကို ညောင်လေးပင်ဘူတာအနီးတွင် ၁၉၀၆ ခုနှစ်က တည်ဆောက်ပေးခဲ့သည်။



သာသနာ့ဗိသုကာကြီး
'ဘိုးပိုက်ဆံ(ခ)
ဖူးဆာရယ်ဘူးဘွယ်မှူး'

(၁၉) ညောင်လေးပင်မြို့မှာပင် ဆန်စက်၊ ရေစုပ်စက်၊ ရေစင်၊ အဝီစိ တွင်းတို့ကို ၁၉၀၇ ခုနှစ်မှာ အများ ပြည်သူများအတွက် လှူဒါန်းခဲ့သည်။

(၂၀) ၁၉၀၇ ခုနှစ်ထဲမှာပင် ပုဇွန်မြောင်းတွင် ဇရပ်တစ်ဆောင်၊ အင်းဗလာကျေးရွာတွင် ထမင်းရုံတစ် ရုံ၊ ရန်ကုန်မြို့တွင် ဘုရားဝတ်ပြု ကျောင်းတစ်ခု ဆောက်လုပ်သည်။

(၂၁) ၁၉၀၈ ခုနှစ်တွင် ရွှေကျင် မြို့နယ်၌ စူမူထာဝတ်ပြုကျောင်းနှင့် ထုံးကြီးရွာ၌ ဘုရားဝတ်ပြုကျောင်းတို့ ကို ဆောက်လုပ်သည်။

(၂၂) ၁၉၁၁ ခုနှစ်တွင် ဖဒိုမြို့၌ 'ဒါမူးလော်'ကျောင်းကြီးကို ဆောက် လုပ်သည်။

## "ခြေရာခြောက်တောင် ဖိုးမဲခေါင်"

လောကကြီးတွင် ကောင်းမှု ကုသိုလ်တို့ကို မည်မျှပင်ပြုလုပ်ပါစေ အနှောင့်အယှက် အတားအဆီးများကို ကြုံရလေမြဲ ဓမ္မတာအတိုင်း ဘိုးပိုက် ဆံသည်လည်း ကြုံတွေ့ခံစားမှုအမျိုး မျိုး ရရှိခဲ့သည်။ ၁၈၉၅ ခုနှစ်တွင် ဖဒို မြို့၌ ဘုရားကျောင်းကြီးကို ဆောက် လုပ်ပြီး မကြာမီမှာပင် မြင့်မားလှသော ခေါင်းလောင်းစင်ထိပ်အထိ ရှည်လျား သော အရပ်ကြီးရှိသည့် လူ့ဘီလူးကြီး က ခြောက်လှန့်နေတော့သည်။

ဘိုးပိုက်ဆံက လူ့ဘီလူးကြီးကို မကြောက်မရွံ့ဘဲ "မင်း ငါ့လောက် အရပ်မရှည်သေးပါဘူး"ဟု ပြော၏။ လူ့ဘီလူးကြီးသည် "ငါ့ကို မော့ကြည့် ရတဲ့ ဂျပုကများ"ဟု ခြိမ်းခြောက်ကာ ရယ်မောလေသည်။ ထိုအခါ ဘိုးပိုက် ဆံကလည်း ရဲဝံ့စွာဖြင့် "မင်းအရပ်ပဲ ရှည်သလား၊ ငါ့အရပ်ပဲရှည်သလား သိချင်ရင် ဒီနေရာ၊ ဒီအချိန်မှာ နက် ဖြန်လာခဲ့။ အခု ငါမအားဘူး။ ခရီး ထွက်စရာရှိသေးတယ်"ဟု ပြန်ပြော လိုက်ရာ လူ့ဘီလူးကြီး ပျောက်ကွယ် သွား၏။ ကြောက်ရွံ့နေကြသော တပည့် သားမြေးများကိုလည်း မကြောက်ရွံ့ ရန် အားပေး၍ ဤလူ့ဘီလူးကြီးသည် ခြေရာခြောက်ထောင် ဖိုးမဲခေါင်ဟု ခေါ်ကြကြောင်း၊ ဖဒိုမြို့မတည်ခင်က ဤနေရာကို အပိုင်စားရသော ဘီလူး ကြီးဖြစ်ကြောင်းတို့ကို ရှင်းပြပါသည်။

## "စည်းသုံးတန်ကျော်ရုံဖြင့်"

နောက်တစ်နေ့တွင် ဘီလူးကြီး နှင့် ချိန်းထားသောနေရာ၌ စည်းသုံး တန်တား၍ ကိုယ်တိုင်က တတိယ စည်းဝိုင်းအတွင်းမှာ ရပ်စောင့်နေခဲ့၏။ ဘီလူးကြီးရောက်လာပြီး ပထမစည်း အတွင်း ခြေချသည်နှင့် ရှည်လျားလှ သော အရပ်ကြီးက အတန်ငယ်ပုဝင် သွားခဲ့၏။ ဘီလူးကြီးသည် ပထမ အံ့အားသင့်သွားခဲ့ပြီးနောက် ဒေါသ ဖြစ်ဖြစ်နှင့် ဘိုးပိုက်ဆံရှိရာသို့သွားရန် ဒုတိယစည်းအတွင်း ဝင်လိုက်သည် နှင့်ပင် ပို၍ပုဝင်သွားပြန်၏။ အဆုံးစွန် သော ဒေါသတို့ဖြင့် ဘိုးပိုက်ဆံရှိရာသို့ ပြေးဝင်သွားလိုက်ရာ တတိယစည်းထဲ သို့ ရောက်ရှိသွားတော့သည်။ ထိုအခါ တွင် ခြောက်တောင်မျှကြီးသော ခြေ ရာပိုင်ရှင် ဘီလူးကြီးဖိုးမဲခေါင်၏ အရပ်



www.burmeseclassic.com

www.burmeseclassic.com

သည့် ဘိုးပိုက်ဆံ၏ အရပ်ထက် များစွာပုဝင်သွားလေမှ မာန်လျှော့လေတော့သည်။ ဘိုးပိုက်ဆံကို အရှုံးပေးကြောင်း၊ ဒီနေရာမှ ထွက်ခွာသွားတော့မည်ဖြစ်ကြောင်းတို့ကို ပြောခဲ့၏။

ဘိုးပိုက်ဆံကလည်း ဘီလူးကြီးကို ဤနေရာမှ ထွက်ခွာမသွားရန်၊ ဖဒိုမြို့ကြီးကို စောင့်ရှောက်ရန်၊ တပည့်သားမြေးများအပေါ် ဘေးဥပဒ်မကျရောက်စေရန် ကြည့်ရှုကာကွယ်ပေးရန်၊ အန္တရာယ်အပေါင်းကို ဒိုင်းသဖွယ် တားဆီးပေးရန်တို့ကို မေတ္တာထား၍ ပြောကြားခဲ့ရာ ဘီလူးကြီးကလည်း အာမခံခ္ဒေခံယူ၍ စောင့်ရှောက်ခဲ့သည်မှာ ယနေ့တိုင်အောင်ပါပဲဟု ဖဒိုမြို့သူလေး ဟဲမူထီးက စိတ်ဝင်စားဖွယ်ရာ ပြောပြခဲ့ပါသည်။ ခြေရာခြောက်တောင် ဖိုးမဲခေါင် ဘီလူးကြီးနှင့် ဘိုးပိုက်ဆံတို့၏အကြောင်းအရာတို့ကိုလည်း ဆရာမ နော်မူလွယ်ထူး ဒီဘိုးမင်း ရေးသားပြုစုထားသည့် စာအုပ်မှာ ပါရှိပါသည်။

## "အဘိုး၏ ဒဂါးသွန်းစက်"

မြို့ရွာတွေတည်ပေးပြီး ဘုရားကျောင်းကန်၊ ဇရပ်တွေကိုလည်း မြောက်မြားစွာ ဆောက်လုပ်လှူဒါန်းနေပါသော ဘိုးပိုက်ဆံတွင် ဒင်္ဂါးသွန်းစက်ရှိရမည်ဟု အင်္ဂလိပ်အစိုးရက ထောက်လှမ်းခြင်းပြုသည်မှာ မကြာခဏ။ ထူးထော်ဝေခေါ် ထုံးကြီးကျေးရွာ၌ ဘိုးပိုက်ဆံရောက်ရှိနေစဉ် မျက်နှာဖြူအစိုးရ၏ စုံစမ်းရေးများ ရောက်ရှိလာခဲ့၏။ ဘာသာရေးသင်းလုံးကျွတ်အစည်းအဝေးနှင့်လည်း ကြုံကြိုက်နေပါသည်။ လာရင်းကိစ္စကို သိသွားသော ဘိုးပိုက်ဆံက ရာဝင်စဥ့်အိုးကြီးတစ်လုံးထဲတွင် ရေတစ်ဝက်မျှထည့်စေပြီး ကုလားထိုင်သုံးလုံးကို ထိုစဥ့်အိုးကြီးရှေ့မှာ ချထားခဲ့၏။ အလယ်ထိုင်ခုံတွင် ဘိုးပိုက်ဆံထိုင်၍ ဘေးထိုင်ခုံများမှာ အထောက်တော်နှစ်ဦးကို ထိုင်စေခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့တက်ရောက်လာကြကုန်သော ရပ်ဝေးရပ်နီးမှ သားတပည့်အပေါင်းတို့အား လှူဒါန်းရန် မိန့်ကြားရာ အားလုံးမှာ လှူဒါန်းကြပါသည်။ ဤပရိသတ်ထဲတွင် ထုံးကြီးရွာမှ ဆင်းရဲသားဖနီးမောင်နှံပါရှိသည်။ သူတို့ချမ်းသာသမျှမှာ ဒင်္ဂါးတစ်ကျပ်တည်းသာ။ အများတကာတွေ လှူဒါန်းနေကြသကဲ့သို့ ဆင်းရဲသူယောက်ျားက လှူဒါန်းချင်သော သဒ္ဓါတရားနှင့် ဇနီးသည် အလိုမတူဘဲ ဒင်္ဂါးကျပ်စေ့ကို လှူလိုက်ပါသည်။ ထိုအခါတွင် ဒင်္ဂါးစေ့က မြုပ်ကျမသွားဘဲ ရေပေါ်မှာ ပေါလောပေါ်နေခဲ့ရာ ဘိုးပိုက်ဆံက ထိုဒင်္ဂါးစေ့ကို ပြန်ပေးလိုက်၏။

ဆင်းရဲသားလေးခမျာ စိတ်မကောင်းစွာနှင့် ဇနီးသည်ကို ပြန်ပြောခဲ့ရာ ဇနီးသည်လည်း နောင်တရသွားရှာသည်။ သူစိတ်ကွက်မိသဖြင့် ဖြစ်ရမည်ဟု သိလိုက်ပြီး စိတ်တူကိုယ်တူ လှူဒါန်းပါသည်ဟု ဒုတိယအကြိမ်လှူဒါန်းလေမှ ဒင်္ဂါးစေ့လည်း ရေအောက်သို့ ကျဆင်းလေတော့သည်။ ဘိုးပိုက်ဆံသည် သဒ္ဓါကြည်ဖြူမှုစစ်စစ်ဖြင့် လှူဒါန်းမှသာ လက်ခံကြောင်း သက်သေပင်တည်း။

တပည့်များက လမ်းစရိတ်မျှပင် မချန်ဘဲနှင့် လှူဒါန်းကြရာ မကြာခင်ပင် စဥ့်အိုးကြီးနှင့် အလှူငွေများ ပြည့်သွားလေတော့သည်။ "ကျုပ်ရဲ့ ဒင်္ဂါးသွန်းစက်ကတော့ ဒါပါပဲ"ဟု ဘိုးပိုက်ဆံ၏ လက်တွေ့ရှင်းပြမှုကို မြင်တွေ့အံ့ဩသွားကြကုန်သော ထောက်လှမ်းရေးနှစ်ဦးလည်း သူတို့ပါ သဒ္ဓါပေါက်သွားကြပြီး လှူဒါန်းခဲ့ရပါတော့သည်။

အရပ်ဒေသအသီးသီးသို့ ပြန်ကြရန် လမ်းစရိတ်မရှိတော့သော တပည့်များအတွက် စာရွက်ပေါ်မှာ 'ဝ'သုံးလုံးရေး၍ ရုံပိုင်ကြီးကိုပေးရန် မှာကြားလိုက်သည်။ ရုံပိုင်ကြီး၏ လက်ထဲသို့ ထိုစာရွက်ရောက်သွားသောအခါ 'ဝ' သုံးလုံးက အင်္ဂလိပ်စာလုံးများအသွင် ပြောင်းလဲ၍နေခဲ့ပြီး ရုံပိုင်ကြီးက ထိုစာကို ဖတ်ပြီး ရထားလက်မှတ်များ ထုတ်ပေးခဲ့သည်ဟု ဆို၏။

မေတ္တာရှင်ကြီး ဘိုးပိုက်ဆံ၏ သာသနာပြုနည်းလမ်းအသွယ်သွယ်တို့သည် အံ့ဩဖွယ်ရာများစွာ အတိပြီးပါသည်။ ဖော်ပြရလျှင် ကုန်နိုင်အံ့မထင်ပါရှင်။

---

**လေးသူ**

---

**[ဤဆောင်းပါးများ ရေးသားရန် ကူညီခဲ့သော ဆရာမ ဟဲမူထီးကို များစွာ ကျေးဇူးတင်ရှိပါသည်။**




www.burmeseclassic.com

www.burmeseclassic.com

# ကံ

## လှုမိုး(ပညာရေး)




၂၀၁၃ ခုနှစ်၊ ဧပြီလ တတိယ ရက်သတ္တပတ်အတွင်း ထုတ်ပြန်သော အင်တာနက်သတင်းတစ်ပုဒ်တွင် လူအများထုတ်ပြန်သော အင်တာနက် သတင်းတစ်ပုဒ်တွင် လူအများ စိတ်ဝင်စားဖွယ် အောက်ပါခေါင်းစဥ်ဖြင့် ဖော်ပြထားသော သတင်းတစ်ပုဒ်ပါဝင်ခဲ့သည်။

### ကမ္ဘာကျော်ဗိုးကံကောင်း

*ဝါရှင်တန်-ဧပြီလ ၂၂ ရက်*

အမေရိကန်ပြည်ထောင်စုသား မစ္စတာဂျိုဘာတီမှာ ဟိုးဟိုးကျော်ခဲ့ရသော ဖိုးကံကောင်းဟု သတင်းမီဒီယာများက ကင်ပွန်းထပ်ခဲ့သည်ဟု သိရ၏။ သူသည် ဧပြီ ၁၅ ရက်နေ့က ဘော်စတွန်မြို့တွင်ကျင်းပသော မာရသွန်အပြေးပြိုင်ပွဲ၌ ဖြစ်ပွားခဲ့သော လူတစ်ရာကျော် ဒဏ်ရာရခဲ့ပြီး သေဆုံးသူ သုံးဦးရှိခဲ့သော ဗုံးပေါက်ကွဲမှုနှင့် အမေရိကန်ပြည်ထောင်စု၊ တက္ကဆက်ပြည်နယ်တွင် ဓာတ်မြေဩဇာစက်ရုံ ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ မည်သည့် ထိခိုက်ဒဏ်ရာရမှုမှမရှိဘဲ ကံသီသီကလေး လွတ်မြောက်လာခဲ့သော ဖိုးကံကောင်းဖြစ်သည်ဟု သိရ၏။

ဂျိုးဘာတီသည် ဘော်စတွန်မြို့ မာရသွန်ပြိုင်ပွဲ၏ ပန်းတိုင်အနီးတွင် ကြီးမားသောပေါက်ကွဲမှုကြီး မဖြစ်မီ နှစ်မိနစ်အလိုတွင် ပန်းဝင်နိုင်ခဲ့သောကြောင့် တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာ ရမှုမရှိဘဲ ကံသီသီကလေး လွတ်မြောက်လာခဲ့သူတစ်ဦး ဖြစ်သည်ဟု ကြေးမုံ(Mirror) သတင်းဌာနက ထုတ်ပြန်ကြေညာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဘိုစတွန်ဗုံးပေါက်ကွဲမှုမှ ထူးထူးခြားခြား တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာ ရရှိခြင်းမရှိသော ဖိုးကံကောင်း မစ္စတာ ဂျိုဘာတီသည် နောက်နေ့၌ သူနေအိမ်ရှိရာ တက္ကဆက်ပြည်နယ်သို့ ပြန်လာစဉ် ဓာတ်မြေဩဇာစက်ရုံမှာ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားသဖြင့် မီးခိုးများ ရုတ်တရက် ထွက်လာသည်ကို မြင်ရသော ဂျိုးဘာတီသည် စုံစမ်းလေ့လာရန် သူ့မော်တော်ကားအား ဓာတ်မြေဩဇာစက်ရုံအနီးသို့ မောင်းနှင်လာစဉ် စက်ရုံမှ ဒုတိယအကြိမ် ပြင်းထန်သော ပေါက်ကွဲမှုကြီး ဖြစ်ပွားရာမှ အပျက်အစီး၊ အကျိုးအပဲ့များသည် သူ့မော်တော်ကားပေါ်သို့ စုပုံကျလာခဲ့သည်ဟု ဆိုသည်။ သို့သော် ဂျိုးဘာတီမှာ ဒဏ်ရာအနာတရ လုံးဝမရဘဲ အသက်ဘေးမှ ဒုတိယအကြိမ် လွတ်မြောက်ခဲ့ရသည်ဟု ဆိုသည်။

အထက်ဖော်ပြပါ အင်တာနက်သတင်းကိုပင် စီအင်အင်ရုပ်သံလွှင့်အစီအစဉ်မှလည်းကောင်း၊ ဘီဘီစီ ရုပ်သံလွှင့်အစီအစဉ်မှလည်းကောင်း ထုတ်လွှင့်သွားခဲ့သည်။ ထိုသတင်းကိုပင် ဘိုစတုန်မြို့မှ စောင်ရေအများဆုံး ထုတ်ဝေရပြီး၊ ဩဇာအစဉ်အလာကြီးမားသော "ဘိုစတုန်ဂလုပ်"(ကမ္ဘာလုံး) သတင်းစာကြီးကလည်း "သေမင်းကလက်မခံသူ ဂျိုးဘာတီ"ဟူသော လူအများစိတ်ဝင်စားဖွယ် ခေါင်းစဉ်ဖြင့် မျက်နှာဖုံးသတင်းအဖြစ် စာလုံးမည်းကြီးများဖြင့် ဖော်ပြခဲ့ရာ ဂျိုးဘာတီမှာ ဖိုးကံကောင်းဟု ဟိုးဟိုးကျော်ခဲ့ရတော့၏။

ဤသတင်းများကို ဖတ်ရှုမိသော ကျွန်တော်သည် ဒုတိယကမ္ဘာစစ်မီးကြီး ကျွန်တော်တို့မြန်မာနိုင်ငံသို့ ကူးစက်မလာမီ ဗြိတိသျှအစိုးရ သိန်းထီဆုပေးသော ဌာနမှ ကြော်ငြာတစ်စောင်အား သွားသတိရမိ၏။ ယင်းကြော်ငြာတွင် အားကောင်းမောင်းသန်သော မြန်မာအမျိုးသားကြီးတစ်ဦးသည် လုံကြီးတစ်ချောင်းကို ထမ်းလာပုံကို ဖော်ပြထားပါသည်။ ကျွန်တော်မှတ်မိသလောက် ထိုကြော်ငြာထဲမှ အမျိုးသားကြီးမှာ အင်္ကျီဝတ်ဆင်ထားခြင်းမရှိ၊ သန်မာထွားကျိုင်း၍ ကြွက်သားကြီးများ ဖုထစ်လျက် ရှိရကား ထိုစဉ်ကာလက မြန်မာနိုင်ငံ၌ ဟိုးဟိုးကျော်နေသော ကာယဗလမောင် ဝေါ(လ်)တာချစ်ထွန်း၏ ကိုယ်ကာယအလုကဲ့သို့ ပေါ်လွင်နေသည်။ အထက်ဖော်ပြပါ ဗြိတိသျှအစိုးရ သိန်းဆုဌာန၏ ကြော်ငြာကို ရေးဆွဲသူ ပန်းချီဆရာကြီး ဦးငွေကိုင်ဟု ထင်ပါသည်။ ကောင်းစွာမမှတ်မိတော့။ ထိုလုံထမ်းလာသော အမျိုးသားကြီး၏ အောက်တွင် "လုံထမ်းလာသည်ကို မြင်ရသော်လည်း ကံထမ်းလာသည်ကို မမြင်နိုင်"ဟု စာတန်းရေးသားထား၏။

ထိုစဉ်က ကျွန်တော်မှာ မူလတန်း ကျောင်းသားငယ်တစ်ဦးသာ ဖြစ်သဖြင့် အထက်ပါ စာသား၏ အဓိပ္ပာယ်ကို ကောင်းစွာ နားလည်သဘောမပေါက်မိခဲ့။ ကျောင်းသားကြီးတစ်ယောက်ဖြစ်လာမှ ထိုစာသား၏အဓိပ္ပာယ်ကို စဉ်းစားမိလာသည်။ သို့သော် ထိုကြော်ငြာ စိတ်ဝင်စား၍ ယနေ့ထိ မှတ်မိနေခြင်းမှာ အကြောင်းရှိပါသည်။ ထိုခေတ်က နာမည်ကြီး ယောဂီသွေးဆေး

ပိုလိုစီးကရက် စသော ကုန်ပစ္စည်းကြော်ငြာများကို ကြော်ငြာရာတွင် လူထုအချစ်တော် ရုပ်ရှင်မင်းသမီးကြီးများဖြစ်သော ခင်မေလေး၊ အလှဘုရင် ခင်ရင်တို့နှင့် ကြော်ငြာလေ့ရှိရာ အထက်ဖော်ပြပါ သိန်းဆုဌာနကြော်ငြာမှာ တစ်မူထူးခြားနေဖြင့် မှတ်မိခြင်းလည်း ဖြစ်နိုင်ပါသည်။

ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် များသောအား ကံ၏အကျိုးကို ယုံကြည်ကြသူများ သည်။ ကံသာလျှင် အမိ၊ ကံသာလျှ အဖ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာ လည်း မြဲမြဲစွဲစွဲ ယုံကြည်ထားကြ သည်။ လူ၊ နတ်၊ ဗြဟ္မာတို့သည် ကံ စားရာ၊ ကံပြုရာ၊ နကြရသူများ သည်ဟုလည်း ဆိုကြ၏။ "ကံ"ဆိုသ မှ ပါဠိစကား "ကမ္မ"မှလာပြီး ကို နတ်၊ စိတ် တစ်ခုခုဖြင့် ပြုလုပ် အမှု၊ အလုပ်၊ ကောင်းကျိုး၊ ဆိုး ကို ဖြစ်စေသော အကြောင်းဟုလ သိရ၏။ မှန်ပါသည်။ "ကံ"ဆိုသည် အလုပ်ပင် ဖြစ်ပါသည်။ ကောင်း လုပ်လျှင် ကောင်းတာဖြစ်၍ မကော သောအမှုကို ပြုလုပ်လျှင် မကော သောအရာ ဖြစ်မည်ဟုလည်း သာ အားဖြင့် မှတ်ယူထားကြသည်။ တ နှင့်တစ်ဦး ကောင်းမှုကုသိုလ်ကံ ညီညွတ်၍ ပူးတွဲလျက် အကျိုးပေ ကို "ကံစပ်"သည်ဟု ပြောဆိုလေ့ သည်။ သာမာန်အားဖြင့် မဲနိုက် ထီထိုးခြင်း စသည်တို့ကို ကံစပ်သ ပြောကြသည်။ မျှော်လင့်ထားခြင်း အကျိုးအမြတ်ရရှိလာလျှင် "ကံ



www.burmeseclassic.com

www.burmeseclassic.com

သည်"ဟု ဆိုကြပြန်သည်။ တစ်ဦးနှင့်တစ်ဦး ပြိုင်တူကံအကျိုးပေးချင်း တူညီသည့်အခါ "ကံတူအကျိုးပေး"ဟု ဆိုသော့ရှိ၏။ အနောက်တိုင်းနိုင်ငံသားအချို့ကမူ "ကံ"ဆိုသည်မှာ တိုက်ဆိုင်မှုပင် ဖြစ်သည်ဟု ယူဆကြသည်။ တိုက်ဆိုင်မှုဆိုသည်မှာ တစ်ခါတစ်ရံ တိုက်ဆိုင်မှုကို ဆိုလိုနိုင်သော်လည်း မကြာခဏ တိုက်ဆိုင်လာလျှင် တိုက်ဆိုင်မှုဟုဆိုရန် သင့်မည်မဟုတ်ပေ။ ကျွန်တော်တို့အဖို့ စဉ်းစားစရာ ဖြစ်ပေသည်။ အနောက်တိုင်းသားအချို့ကမူ "ကံ"ကို ယုံကြည်ကြပါသည်။ အနောက်တိုင်းစကားပုံတစ်ခုတွင် "မိမိတို့တွင် ကျရောက်လာသော ကံကြမ္မာဆိုးအား ကာကွယ်ရန် သံချပ်အင်္ကျီမရှိ"ဟု ဆိုရာ လူသားများအဖို့ ကံကြမ္မာက ပုံစံချထားပြီးဖြစ်၍ ကံကြမ္မာအတိုင်း ခံကြရမည်ဟု ဆိုသည်။ ကံ,ဉာဏ်,ဝီရိယ ဟူသော အဆိုအမိန့်မှာ လူတို့၏ဝီရိယ စိုက်ထုတ်မှုနှင့် ဉာဏ်တက်မှုမှာ ကံကြမ္မာကို အတော်အသင့်သာ ပြုပြင်နိုင်ပေလိမ့်မည်ဟုလည်း အချို့က ယူဆကြသည်။

ဟတ်(တ်)ဖို့ရှိုင်းရာ တက္ကသိုလ်မှ စိတ္တဗေဒပညာရှင် ပါမောက္ခ ဒေါက်တာရစ်ချတ်ဝိုက်(ခ်)မင်းသည် အထက်ဖော်ပြပါ တက္ကသိုလ်ကျောင်းတိုက်မှ ကျောင်းသူကျောင်းသားများအား "ကံ" နှင့် ပတ်သက်၍ ၎င်းတို့ကိုယ်တိုင် တွေ့ကြုံခံစားရသော ကံမကောင်းမှုများ၊ ကံကောင်းမှုများကိုလည်းကောင်း၊ သူတို့မိသားစုများ အခါအားလျော်စွာ ကြုံရဆုံရသော ကံဆိုး၊ ကံကောင်းမှုများနှင့် ပတ်သက်၍ စနစ်တကျ သိပ္ပံနည်းကျ သုတေသန ပြုခဲ့သည်။ ပါမောက္ခ ဒေါက်တာရစ်ခတ်ဝိုက်(ခ်)မင်းသည် ဤသုတေသနပြုမှုကို ဆယ်နှစ်တိတိပြုလုပ်ခဲ့ပြီး "The Luck Factor" ဟူသော စာအုပ်ကို အထောက်အထားသာဓက ခိုင်ခိုင်မာမာနှင့် လူတို့ဘဝ၏ အကောင်းအဆိုးကို "ကံ"က မည်သို့မည်ပုံ စေစားခဲ့ခြင်းကို တင်ပြခဲ့ပြီး၊ ကံကြမ္မာဆိုသည်မှာ အများထင်သလို တိုက်ဆိုင်မှုမဟုတ်ဟု တင်ပြသွားခဲ့သည်။

ဤနေရာတွင် အလျဉ်းသင့်သဖြင့် "ကံ"အကြောင်းတရားနှင့် ပတ်သက်သည့် ထူးဆန်းသည့် ဖြစ်စဉ်တစ်ရပ်ကို တင်ပြလိုပါသည်။ ထိုဖြစ်စဉ်မှာ စိတ်ကူးယဉ်ပုံပြင်၊ သို့မဟုတ် ယုံတမ်းပါးစပ်ပြော ဇာတ်လမ်းမဟုတ်ပါ။ တကယ့်ဖြစ်ရပ်မှန်၊ ထူးခြားဖြစ်စဉ်ဖြစ်ပြီး ကျွန်တော်တို့မြန်မာနိုင်ငံမှ ၂၀၀၆ ခုနှစ်၊ မေလ ၇ ရက်နေ့ ထုတ်ဝေသော ကြေးမုံသတင်းစာတွင် "ကံ"နှင့်ပတ်သက်၍ ဖော်ပြထားသော သတင်းဆန်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**"မီးလောင်စဉ် ငါးထပ်တိုက်ပေါ်မှ ပစ်ချခံရသော ရှစ်လသားအရွယ်ကလေးငယ် ကံကောင်းထောက်မ၍ အသက်မသေ"**

*ဂျိုဟန်နက်စဘတ်မြို့*
*မေလ ၆ ရက်*

တောင်အမေရိကနိုင်ငံ၊ ဂျိုဟန်နက်စဘတ်မြို့လယ် လူစည်ကားရာ ရပ်ကွက်ရှိ ငါးထပ်တိုက် အဆောက်အဦတစ်ခု မီးလောင်ရာ မိခင်တစ်ဦးသည် ပိတ်မိနေပြီး ရှစ်လသားအရွယ်ရှိ ၎င်း၏ကလေးငယ်ကို မီးမလောင်စေရန် တိုက်အပေါ်ဆုံးထပ်မှ အောက်သို့ပစ်ချခဲ့ရကြောင်း၊ သို့ရာတွင် ၎င်းကလေးငယ်မှာ အံ့သြဖွယ်ကောင်းလောက်အောင် ကုသိုလ်ကံကောင်းမှုကြောင့် အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း ဒေသခံ သတင်းမီဒီယာ သတင်းဌာနတစ်ခုက သောကြာနေ့က ဖော်ပြခဲ့သည်။

အဆိုပါ ငါးထပ်လူနေအဆောက်အဦသည် လင်မယား ကတောက်ကဆဖြစ်ပွားရာမှ မီးစတင်လောင်ခြင်း ဖြစ်သည်။ ကြောက်ရွံ့တုန်လှုပ်နေသော ဝိုင်းအုံကြည့်ရှုနေသူများက အဆောက်အဦငါးထပ်ရှိ မီးလောင်နေသော အခန်းတွင်းမှ အမျိုးသမီးကို စောင့်ကြည့်နေကြသည်။ ၎င်းအမျိုးသမီးက သူ၏ရှစ်လသားကလေးကို တင်းကျပ်စွာပွေ့ချီလာပြီး ၎င်း၏ကလေးငယ်ကို အောက်သို့ပစ်ချခဲ့သည်။

ကလေးငယ်သည် မြေပြင်ဆီသို့ ဇောက်ထိုးမိုးမျှော်ကျလာခဲ့ရာ မိုက်ကယ်အင်လိုဖူဆိုသူက ရုတ်တရက် ဖမ်းပွေ့နိုင်ခြင်းကြောင့် ကံကောင်းထောက်မစွာဖြင့် ကလေးငယ်မှာ အသက်ရှင်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါ မီးလောင်မှုကြောင့် တစ်ဦးသေဆုံး၍ သုံးဦးဒဏ်ရာရရှိသည်ဟု သိရသည်။

*အမ်အင်အေ၊ ဆင်ဟွာ*

အထက်ဖော်ပြပါ သတင်းအရဆိုလျှင် ရှစ်လသားကလေးမှာ ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သော ဘိုစတုန်မြို့ ဗုံးပေါက်ကွဲမှုနှင့် တက္ကဆက်ပြည်နယ် ဓာတ်မြေသြဇာစက်ရုံ ပေါက်ကွဲမှုများ

www.burmeseclassic.com

မှ ကံသီသီကလေး လွတ်လာသော အားကစားသမား မစ္စတာဂျိုးဘာတီကဲ့သို့ ထူးထူးခြားခြား ကံကောင်းသူ ဖိုးကံကောင်းဟု ဆိုရမည်ဖြစ်သည်။ အကယ်၍ မိခင်ဖြစ်သူက အထိတ်တလန့်ဖြစ်ကာ အောက်သို့ ကလေးငယ်အား ပစ်မချခဲ့ပါက မိခင်နှင့်အတူ ထိခိုက်ဒဏ်ရာရရှိကောင်း ရရှိမည်သာမက မီးလောင်၍ သေဆုံးပေလိမ့်မည်ဖြစ်၏။ မိခင်ဖြစ်သူက ပစ်ချရာတွင် မြေပြင်ရှိ မိုက်ကယ်အင်လိုဖူဆိုသူလည်း ဆီး၍ ဖမ်းခြင်းမပြုလျှင် ကလေးငယ်၏ ကံကြမ္မာမှာ စဉ်းစားရန်မလွယ်။ ထိုဖြစ်ရပ်ကို တိုက်ဆိုင်မှုတစ်ခုဟု ဆိုနိုင်ပါမည်လော။ ကလေး၏ ကံမှာ အထူးကောင်းသည်ဟူ၍သာ ဆိုရမည်ဖြစ်ပါသည်။ အလားတူ ဖိုးကံကောင်းများ ဒုနှင့်ဒေးရှိသည်ဟု မှတ်တမ်းများအရ သိရ၏။

ယခုရေးသားမည့် ဖိုးကံကောင်းမှာ အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့မှ ဥပဒေအကျိုးဆောင်အဖွဲ့အစည်းတစ်ခုကို တည်ထောင်ထားသူ မစ္စတာဂွျန်ဝု(ဒ်)ဆိုသူ ဖြစ်သည်။ သူသည် အမေရိကန်ပြည်ထောင်စု ဥပဒေပညာရှင်များလောကတွင် အတော်အသင့် အောင်မြင်ပေါက်ရောက်သော ဥပဒေပညာရှင်တစ်ဦး ဖြစ်သည်သာမက နိုင်ငံတကာမှ ဥပဒေပညာရှင်များကပါ လေးစားရသူ ဖြစ်သည်။ သူ့ရုံးခန်းကို အမေရိကန်ပြည်ထောင်စု၊ ကုန်သွယ်ရေးညီနောင် အဆောက်အဦတစ်ခု၏ ၄၉ ထပ်တွင် ဖွင့်ထား၏။

ကျွန်တော်တို့ စာဖတ်ပရိသတ်အား ဤနာမည်ကျော် ကုန်သွယ်ရေး အဆောက်အအုံကို မိတ်ဖွဲ့ပေးရန် မလိုပေ။ အဘယ်ကြောင့်ဆိုသော် ထိုကုန်သွယ်ရေးညီနောင် မိုးမျှော်အဆောက်အဦနှစ်ခုအား အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်သည့် ဖြစ်ရပ်များကို သတင်းစာများ၊ ဂျာနယ်များ၊ ဆောင်းပါးများတွင်လည်းကောင်း၊ ရုပ်သံလွှင့်အစီအစဉ်များ၊ သတင်းရုပ်ရှင်များက ဖန်တစ်ရာတေအောင် ဖော်ပြခဲ့ရာ ကြည့်ရှုပြီးဖြစ်မည်မှာ သေချာသည်ဟု ဆိုရပေလိမ့်မည်။ ဤဖြစ်ရပ်ဖြစ်ပွားရန် မိနစ်ပိုင်းအလိုတွင် ဥပဒေပညာရှင် ဂွျန်ဝု(ဒ်)သည် မိတ်ဆွေတစ်ဦးနှင့် ချိန်းဆိုထားသဖြင့် သူ့ရုံးခန်းမှ ထွက်ခွာလာခဲ့ရာ ယင်းအဆောက်အဦကြီးနှစ်ခုနှင့် ကိုက်အနည်းငယ်ကွာဝေးသော နေရာအရောက်တွင် ပြန်ပေးဆွဲခံရသော လေယာဉ်ကိုအပိုင်စီးထားသော အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်သူများကြောင့် အဆောက်အဦကြီးမှာ ပြိုကျပျက်စီး၍ လူအများအပြား သေကျေထိခိုက်ဒဏ်ရာ ရခဲ့၏။

မှန်ပါသည်···။ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် အသေခံ အကြမ်းဖက် ဗုံးခွဲတိုက်ခိုက်မှုကြီးကြောင့် အထက်ဖော်ပြပါ ကုန်သွယ်ရေးညီနောင် အဆောက်အဦကြီးနှစ်ခုမှာ ပြိုကျပျက်စီးခဲ့ရာ ဤတိုက်ခိုက်မှုကြောင့် လူပေါင်း ၂၈၁၁ ဦး သေဆုံးခဲ့ရသည်ဟု ဆိုသည်။ သို့သော် ဖိုးကံကောင်း ဂွျန်ဝု(ဒ်)မှာ လက်မတင်ကလေး ကံကောင်းထောက်မ၍ ဤအန္တရာယ်ဆိုးမှ လွတ်ခဲ့ရသည်။ အမှန်အားဖြင့် ဂွျန်ဝု(ဒ်)သည် ဤတစ်ကြိမ်သာ ကံသီသီကလေး သေဘေးမှ လွတ်ခဲ့သည် မဟုတ်ပါ။ ၁၉၉၃ ခုနှစ်ကလည်း သူသည် ဤကုန်သွယ်ရေးညီနောင် အဆောက်အဦအနက် မြောက်ဘက်အဆောက်အဦ ၃၉ ထပ်တွင် ရုံးခန်းဖွင့်ထားခဲ့၏။ ထိုစဉ်ကလည်း အလားတူ ပေါက်ကွဲမှုတစ်မှု ဖြစ်ခဲ့သော်လည်း ဖိုးကံကောင်း ဂွျန်ဝု(ဒ်)မှာ အသက်မသေ ကျန်ရစ်ခဲ့ဖူးသည်၊ ၁၉၈၈ ခုနှစ်ကလည်း ဂွျန်ဝု(ဒ်)သည် အလုပ်ကိစ္စတစ်ခုနှင့် ပတ်သက်၍ စကော့တလန်နိုင်ငံသို့ သွားရောက်ရန် ပင်အမေရိကန်လေကြောင်းကုမ္ပဏီမှ လေယာဉ်လက်မှတ် ဝယ်ယူထားခဲ့ပြီး အခြားအရေးကြီးသောကိစ္စတစ်ခု ပေါ်လာသဖြင့် ခရီးစဉ်ကို ရုတ်တရက် ပယ်ဖျက်ခဲ့ရ၏။ သူ့အတွက် ကံကောင်းသည်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် သူလိုက်ပါမည့် ခရီးစဉ်တွင် ပျံသန်းသော လေယာဉ်ကြီးမှာ စကော့တလန်နိုင်ငံ၊ လော့ဘာဘီတွင် ပေါက်ကွဲပျက်ကျခဲ့ရာ လေယာဉ်နှင့် လိုက်ပါသူအားလုံး သေဆုံးခဲ့ရသည်။

အမေရိကန်ပြည်ထောင်စုမှ အထူးခြားဆုံး ကံကောင်းသူမှာ အမေရိကန်ပြည်ထောင်စုမှ အသက် ၃၆ နှစ်အရွယ် သစ်တောအမှုထမ်း ရွှင်းကာလိ(ဗ်)လင်း ဆိုသူဖြစ်၏။ သူ့အား မိုးကြိုး ခုနစ်ကြိမ်တိတိ အပစ်ခံရသော်လည်း အနည်းငယ်သာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု ဆိုကြပါကြောင်း···။

လှမိုး(ပညာရေး)

<u>ကျမ်းကိုး</u>

(၁) အင်တာနက်

(၂) Gunnes Book of Records



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင် ၇/၂၀၀၈၊ တာဆထလ (တိုး)-၁၃၁၂

အဆီကျအညောင်းပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ်တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ။ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေ့ါပါးဖျတ်လတ်ဆို မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်၊မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ မာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဗိတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပ့ါဗျား . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။


**ပင်ရင်း - မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း**

အမှတ်-၅၂/၃၅၆၊ မေတာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၃၆၁၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်း၁၃ (၃၄၇)၊ ၆၉၀၄၅၆ လိုင်း၁၃ (၃၄၇)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# တွယ်ရာမဲ့ဝိညာဉ် ၏ ကြေကွဲသံစဉ်များ

■ ကျော်မင်းနိုင်

(တစ်)

ကိုယ့်အလောင်းကို ကိုယ်ပြန်ပြီး မြင်တွေ့နေရသော အဖြစ်မျိုးလောက် စိတ်ပျက်စရာ အကောင်းဆုံးမှာ ဤလောကတွင် ရှိအံ့မထင်။

ခုတင်ပေါ်၌ ပက်လက်လှန်လျက် စန့်စန့်ကြီး ဖြစ်နေသော သူ့အလောင်းကို သူပြန်၍ ဦးခင်ဖေကြီး ထိတ်လန့်ချောက်ချားစွာ ကြည့်နေမိသည်။

အလောင်းအနီးတွင် သူ့အချစ်ဆုံးသမီး ခင်လေးကြီး ပူဆွေးသောကရောက်လျက် ငိုကြွေးနေသည်ကို မြင်၍သာ သူသေဆုံးသွားခဲ့ပြီဖြစ်ကြောင်းကို ဦးခင်ဖေကြီး မမျှော်လင့်ဘဲ သိသွားရခြင်းပင်။

ထူးခြားသည်မှာ အလောင်းကြီး၏ ခန္ဓာကိုယ်အပြင်ဘက် လေထဲတွင် သူအထိအတွေ့မဲ့ လွင့်မျောနေခဲ့ခြင်းဖြစ်၏။ ပြီးတော့ အနှောင်အဖွဲ့မရှိ အချုပ်အထိန်းမဲ့ လွတ်လပ်ပေါ့ပါးနေပြန်၏။

အခန်းနံရံကို ဖောက်ထွင်းသွားလာ၍ ရသည်။ အမိုးမျက်နှာကြက်ကို မလှုပ်ဘဲ အပေါ်သို့ ဖောက်ထွက်နိုင်သလို၊ သမံတလင်း ကြမ်းပြင်ကိုလည်း တိုးဝင်သက်ဆင်း၍ ရသည်။ ယုတ်စွအဆုံး ခုတင်ပေါ်၌ စန့်စန့်ကြီး ဖြစ်နေသော သူ့အလောင်းကြီးအတွင်းသို့ပင် ဝင်၍ရသည်။

သို့သော် အသက်ရှင်စဉ်ကလို လှုပ်ရှားစေခြင်းငှာ မတတ်နိုင်ခဲ့၊ အမြင်အာရုံရှိနေပေမယ့် အထိအတွေ့အာရုံက ကင်းမဲ့လျက်။ တုံ့ပြန်သက်ရောက်မှု ဘာမှမရှိတော့။ သူ ဘာကိုမျှ ကိုင်တွယ်လှုပ်ရှား၍မရသလို အရာအားလုံးမှ အထိအတွေ့အာရုံကိုလည်း သူ မခံစားရတော့။

သို့တိုင် တခြားသူများကိုလည်း ထိတွေ့ဆွဲကိုင် လှုပ်ခတ်ကြည့်ပြန်သည်။ အရာမရောက်။ အသံပေးကြည့်ပြန်သည်။ မကြားနိုင်ကြပြန်။

သူသည် တိမ်မျှင်မီးခိုးငွေ့နှယ် အထိအတွေ့ ပျက်ပြယ် အင်မဲ့အားမဲ့။

ခုတင်ပေါ်မှ အလောင်းကြီးသည် ရုပ်ခန္ဓာကြီးဖြစ်ကာ လက်ရှိ သူ့အခြေအနေမှာ နာမ်ဝိညာဉ်ကြီးဖြစ်နေလေပြီ။ သူ့အလောင်းကြီးက ထုထည်ဒြပ်နှင့် အခိုင်အမာ ကျန်ရစ်ခဲ့ပါလျက် ရုပ်ခန္ဓာကိုယ် ဘော်ဒီပြင်ပမှ သူကတော့ ထုထည်မရှိ ဒြပ်မဲ့။

ခန္ဓာကိုယ် ဘော်ဒီကြီးကို ထားခဲ့ပြီး ဝိညာဉ်ကောင်အဖြစ် သူတစ်ချိန်က သက်ဝင်နေခဲ့သော ရုပ်ကလာပ်ကြီးမှ ခွဲထွက်ခဲ့ရပြီ ဖြစ်ကြောင်း သူသိသွားလေပြီ။ ခေတ်ပညာတတ်တစ်ယောက်ဖြစ်သောသူ၊ နာမ်ဝိညာဉ်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com

ရာ လောကီဂမ္ဘီရ ပညာရပ်များကို ဝါသနာပါ လေ့လာခဲ့သောသူ၊ အခြေ အနေအရပ်ရပ်ကို သုံးသပ်ရတော့သည်။

သူ့ကိုယ်သူသာ ပြန်မြင်နေရပြီး အခြားသူများက သူ့ကိုမြင်တွေ့ခွင့် မရတော့။ အခြားသူများ ပြောဆိုနေကြသော စကားများကို ကြားနေရပြီး သူပြောနေသော စကားကို အခြားသူများက မကြားနိုင်တော့ပါ။ ဒါဆိုလျှင် ...။

သူ့သမီး ခင်လေးကြီးသည် မိသားစုဆရာဝန်နှင့်အတူ အလှုပ်အရှားမဲ့ဖြစ်နေသော သူ့ရုပ်အလောင်းကြီးကို အမျိုးမျိုး စမ်းသပ်လျက်ရှိ၏။ ဘယ်လိုမှမရတော့မှ လက်လျှော့သွားပုံရသည်။

သူတို့ချစ်သော သူ့အဖေကို၊ သူတို့အဖေ ဦးခင်ဖေကြီးကို ... တကယ်ပင် သေဆုံးသွားလေပြီဟု စိတ်ဒုံးဒုံးချ ယုံကြည်သွားကြလေပြီ။ သည်တော့မှ ဝမ်းနည်းယူကျုံးမရ ကြေကွဲတသ ချုံးပွဲချ ငိုကြွေးကြသည်မှာ အိမ်ကြီးတစ်အိမ်လုံး ကျွက်ကျွက်ညံ၊ ပွက်ပွက်ဆူ။

××× ××× ×××

(နှစ်)

အိမ်ကြီးထဲမှ သမီးခင်လေးကြီးနှင့် အတူနေ တူမကလေး သက်မာ၊ သမီးခင်လေးကြီး၏ ယောကျ်ားကိုမောင်မောင်ရဲထွဋ်တို့ ဦးခင်ဖေကြီး အလောင်းအတွက် ဗျာများနေစဉ် အိမ်ခြံရှေ့သို့ ကားတစ်စီး ထိုးဆိုက်လာသည်။ ကျောင်းကားပင် ဖြစ်သည်။

ကျောင်းကားပေါ်မှ မြေးကလေး ခင်သဇင်သင်း ပြေးဆင်းလာသည်။ ခါတိုင်း ကျောင်းကားပေါ်မှ မြေးကလေး ခင်သဇင်သင်း ကျောပိုးအိတ်နှင့် ဆင်းလာလျှင် သူထွက်ကြိုနေကျ ဖြစ်သည်။ သို့ဖြစ်၍ ဦးခင်ဖေကြီး ခါတိုင်းလို ထွက်ကြိုလိုက်မိသည်။

မြေးကလေးက သူ့ကိုမတွေ့။ ခြံအတွင်း ဟိုသည်ကြည့်ပြီး ပြေးဝင်လာသည်။ သူ့ကိုပင် တွန်းတိုက်သလို ဖြစ်သွား၏။ အမှန်တော့ အငွေ့လိုဖြစ်နေသော သူ့ကို ဖောက်ထွက်သွားခြင်းသာ ဖြစ်၏။

မြေးကလေး သူ့ကို မတွေ့၍ အိမ်ထဲမဝင်ခင် လှမ်းအော်သည်။

"မေမေ .. သမီးဘိုးဘိုး ဖေကြီးကော ... ဖေကြီး"

မြေးကလေး ခင်သဇင်သင်းက သူလာကြိုနေကျအတိုင်း မတွေ့သဖြင့် ကျောပိုးအိတ်ကလေးလွယ်လျက်က အိမ်ဝမှတင် အော်၍မေးတော့သည်။

"ဘိုးဘိုးဖေကြီး ဒီမှာပါ မြေးလေးရယ်။ ဘိုးဘိုးဖေကြီး မြေးလေးကို ထွက်ကြိုနေကျအတိုင်း ထွက်ကြိုနေပါတယ်"

သူက ကြိုးစားပမ်းစား ပြောလိုက်သော်လည်း သူ့အသံကို မြေးကလေးမကြား။ သူ့လှုပ်ရှားမှုကို မြေးကလေးမမြင်။

အိမ်ထဲမှာရှိနေသော သူ့သမီး ခင်လေးကြီး၏အသံသာလျှင် လွှမ်းထွက်လာသည်။

"ဒုက္ခပါပဲ။ ဖေဖေ့အလောင်းကြီးကို သမီးလေးမြင်ရင် လန့်သွားတော့မှာပဲ။ သက်မာရေ ... သမီးလေး ဒီကိုဝင်မလာခင် ထွက်ခေါ်ပြီး အိမ်အပေါ်ထပ်မှာ သွားနေချေပါ"

ပြီးတော့ သမက်ဖြစ်သူ မောင် မောင်ရဲထွဋ်အသံ ...

"ဟုတ်တယ်။ သမီးလေးကို မှ တွေဘာတွေကျွေးပြီး ချော့မော့ထား ဒီမှာ တို့လုပ်စရာရှိတာတွေ လုပ်ကြ ဦးမယ်။ ကလေးက ကြောက်တ တယ်"

သမီးနှင့် သမက်အသံကို ကြာ ရပြီးနောက် တူမဖြစ်သူ သက်မာ ထွက်လာသည်။ အိမ်ဝရောက်နေ ဖြစ်သော မြေးကလေး ခင်သဇင်သ ကို ပွေ့ဖက်ပြီး ချော့မော့ခေါ်သွာ သည်။

"လာ .. လာ .. သဇင်။ ဘိုးဘိုး ဖေကြီးနဲ့ သမီးမေမေတို့ အလုပ်တွေ ရှုပ်နေကြတယ်။ အပေါ်ထပ်မှာ မု တွေအများကြီးရှိတယ်။ သွားစားကြ အောင်နော်"

မြေးကလေး ခင်သဇင်သင်းမှာ အသက်အားဖြင့် ခုနစ်နှစ်ခန့်မျှသာ ရှိ သေး၍ ကလေးပီပီ အစားမက်နေ သေးသောအရွယ်မို့ အပေါ်ထပ်သို့ သက်မာခေါ်ဆောင်ရာ အလွယ်တကူ ပါသွားသည်။

လှေကားပေါ်တက်သွားသော မြေးကလေးကိုကြည့်ပြီး သူ ဝမ်းနည်း ကြေကွဲစွာ မချင့်မရဲ ရေရွတ်မိသည်။

"ဖေဖေ့အလောင်းကြီးကို သမီး လေးမြင်ရင် လန့်သွားတော့မှာတဲ့လား ကွယ်။ ကလေးက ကြောက်တတ် တယ်တဲ့လားကွယ် ..."

××× ××× ×××

(သုံး)

အဲသည်လို ဝမ်းနည်းကြေကွဲ တွေကတစ်ဆင့် ...



www.burmeseclassic.com

www.burmeseclassic.com

သူမသေခင် မနက်က အဖြစ်အပျက်တွေကို ပြေး၍ မြင်လိုက်မိပြန်သည်။

ဦးခင်ဖေကြီးသည် မနက်တိုင်း လမ်းလျှောက်ထွက်နေကျအတိုင်း လမ်းလျှောက်ဝတ်စုံ၊ တုတ်ကောက် အကျအန ဟန်ပန်ဖြင့် အိမ်မှထွက်ရန် ပြင်သည်။

အချိန်မှာ မနက် ငါးနာရီခွဲ။ မနက် ခုနစ်နာရီတွင် မြေးကလေး အတွက် ကျောင်းကြိုကားလာမည်ဖြစ်၍ မြေးကလေးနှင့် သူ့အမေ သမီး ခင်လေးကြီးတို့ နိုးနေကြပြီး ပြင်ဆင်နေကြ၏။

မြေးကလေးအတွက် ပြင်ဆင်နေရာမှ သမီးခင်လေးကြီး လှမ်းမြင်ပြီး သူ့သမီး ခင်သဇင်သင်းလေးအား လှမ်းပြောသည်။

''ဟော ... ဘိုးဘိုးဖေကြီး လမ်းလျှောက်ထွက်တော့မယ်။ သမီးလေး နှုတ်ဆက်ပြောနေကျအတိုင်း လှမ်းပြောလိုက်လေ''

''အို ... ဘိုးဘိုးဖေကြီးက ဘာမှမပြောသေးဘဲ သမီးက ဘယ်လိုပြောရမလဲ''

မြေးမလေး ခင်သဇင်သင်းက သူ့အမေကို ပြန်ပြောမှ သူတို့မြေးအဘိုး နှုတ်ဆက်ပြောနေကျ စကားကို ဦးခင်ဖေကြီး လှမ်းပြောလိုက်သည်။

''ဘိုးဘိုးဖေကြီး လမ်းလျှောက်ထွက်တော့မယ်။ ဖေကြီးအသည်းနှလုံး ဘယ်မှာလဲဟင် ...''

သည်တော့မှ မြေးကလေးက သူ့ရင်ဘတ်ကို သူပုတ်ပြကာ ...

''ဘိုးဘိုးဖေကြီးအသည်းနှလုံး ဒီမှာ ... ဒီမှာ''

မြေးကလေး၏ အားရပါးရပြောလိုက်သော ဟန်ပန်နှင့် စကားလုံးများသည် သူ၏ ဟာဒယနှလုံးအိမ်သို့ စိမ့်ဝင်သွားကာ မျက်နှာတွင် အပြုံးရိပ်များ ဝင်းလက်လျက် သူ့ကို အားအင်တွေ ပြည့်ဖြိုးသွားစေသည်ပင်။

သူ မြေးကလေးနှင့် သမီးခင်လေးကြီးတို့သားအမိကို လက်ပြပြီး ပြုံးရွှင်စွာ အိမ်မှ လမ်းလျှောက်ထွက်လာခဲ့သည်။

လမ်းထိပ်မှာ ဆုံနေကျအဖော်များနှင့် မဆုံခင် လမ်းလျှောက်လာရင်း ငယ်စဉ်က အဖြစ်ကလေးတွေကို သူ သတိရမိပြန်သည်။

မြေးမကလေး ခင်သဇင်သင်းကဲ့သို့ပင် သမီးခင်လေးကြီး၊ သားခင်မောင်လတ်တို့ ငယ်စဉ်ကလေးဘဝတွေတုန်းကလည်း ဦးခင်ဖေကြီး လမ်းလျှောက်ထွက်လျှင်ဖြစ်စေ၊ ရုံးသွားလျှင်ဖြစ်စေ ဤကဲ့သို့ပင် သားအဖတစ်တွေ အားပါးတရ နှုတ်ဆက်နေကျဖြစ်၏။

ထိုစဉ်ကတော့ ဘိုးဘိုးဟူသော ဝေါဟာရ မပါဝင်သေး။

''သားတို့ သမီးတို့ ... ဖေကြီး လမ်းလျှောက်ထွက်တော့မယ်။ ဖေကြီး အသည်းနှလုံး ဘယ်မှာလဲဟင်''

သူက ထိုသို့အမေး သမီးနှင့် သားက ယခုမြေးကလေး ခင်သဇင်သင်းကဲ့သို့ပင် သူတို့ရင်ဘတ်အသည်းနှလုံးနေရာများကို အားပါးတရ ပုတ်၍ ပုတ်၍ ...

''ဖေကြီးအသည်းနှလုံး ဒီမှာ .. ဒီမှာ''

မောင်နှမနှစ်ယောက် အလုအယက် ပြောဆိုနေကျ။

ခုတော့ သားခင်မောင်လတ်က အိမ်ထောင်ကျ၊ ရာထူးရာခံနှင့် အဝေးမှ နယ်မြို့တစ်မြို့ ရောက်နေလေပြီ။ သမီးခင်လေးကြီးသာလျှင် အိမ်ထောင်ကျသော်လည်း မုဆိုးဖိုအဖြစ် အထီးကျန်ဖြစ်နေသော ဖအေကြီးကို မခွဲနိုင်မခွာရက်ဖြစ်ကာ အတူနေနေခြင်း ဖြစ်၏။

သူတို့နေသော ရန်ကုန်မြို့တော်၏ တစ်ဖက်ကမ်း မြို့ကလေးမှာ ခရိုင်မြို့ဟု သာဆိုသော်လည်း ဖွံ့ဖြိုးမှုအားဖြင့် နေးကွေးလွန်းလှသည်။ ရန်ကုန်မြို့တော်ကြီး၏ လောင်းရိပ်အမိခံထားရသည့်ပမာ မြို့သက်ရင့်သော်လည်း ကျုံ့လိုနေဆဲရှိသေး၏။

ဒါကလည်း ရှေးရိုးစဉ်လာကြည့်တော့ ခပ်ကောင်းကောင်းပင်။ မိဘနှင့် သားသမီးကြား၊ ဆွေမျိုးညီအစ်ကို မောင်နှမကြား ရှေးအစဉ်အလာ မိသားစုစိတ်ဓာတ်တွေ မလဲမပြို အခိုင်အမာရှိနေဆဲ ဖြစ်၏။ မြန်မာ့ရိုးရာဓလေ့ ဆက်ထိန်းထားနိုင်သမျှ ထိန်းထားနိုင်ကြဆဲ ...။

ယင်းကြောင့်ပင် အိမ်ထောင်ရက်သားကျကြသော်လည်း မိသားစုချင်း ခွဲခွာနေသည်က နည်းသည်။ သားခင်မောင်လတ်သည်ပင် အစိုးရဝန်ထမ်းမို့ မလွှဲသာ၍ နယ်မှာ ခွဲနေရသော်လည်း ဦးခင်ဖေကြီးတို့ မိဘဘိုးဘွားလက်ထက်ကတည်းက ပိုင်ဆိုင်ခဲ့သော ခြံကျယ်ကြီးထဲတွင် တိုက်အိမ်တစ်လုံး သီးခြားဆောက်ပေးထားလျက်ရှိ၏။

ယခုလည်း သားသမီးတွေလက်ထက်ကတည်းက နှုတ်ဆက်နေကျ အစဉ်အလာ စကားလုံးတို့ကို သူ၏



www.burmeseclassic.com

www.burmeseclassic.com

မြေးမကလေး ခင်သဇင်သင်းတိုင် သယ်ဆောင်လာနိုင်ခဲ့သည်ကို ဦးခင်ဖေကြီး တွေးပြီး အကျေနပ်ကြီး ကျေနပ်နေမိသည်။

ထိုကျေနပ်မှုကြောင့် မျက်နှာတွင် ပြုံးတုံ့တုံ့နှင့် ဖြစ်နေသော ဦးခင်ဖေကြီးကို သူ၏ သူငယ်ချင်းမိတ်ဆွေ လမ်းလျှောက်အဖော်များက စောင့်နေရင်းမှ လှမ်းပြောသည်။

"ခင်ဖေကြီး ... မင်းကို တို့က အမြဲစောင့်နေရတယ်။ ဘာလဲ ... လမ်းလျှောက်ဖို့အတွက် အသင့်ပြင်ဆင်ပေးမယ့်သူ မရှိသေးလို့ နောက်ကျနေတာလား"

"ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးဖိုဖြစ်သွားလို့ တစ်ပင်လဲမှ တစ်ပင်ထူပါဆိုတုန်းကတော့ မထူဘူး။ ခု ကြီးတော့ ထူရခက်နေပြီ မဟုတ်လား"

"ဘာမှ ထူစရာမလိုပါဘူးကွာ။ ငါ့မှာ ငါ့အချစ်ဆုံး သမီးနဲ့သား ရှိတယ်။ ပြီးတော့ ငါ့အသည်းနှလုံး မြေးမလေး ရှိတယ်။ အဲဒါတွေဟာ ငါ့အတွက် သံယောဇဉ်အပင်တွေပဲကွ။ ဘာအပင်မှ မလိုတော့ဘူး"

"အင်း ... ခင်ဖေကြီးကိုတော့ သွားမပြောနဲ့။ သူက သူ့သားသမီး သံယောဇဉ်ကလွဲပြီး ဘာမှရှိတဲ့ကောင်မဟုတ်ဘူး။ ဒါ့ကြောင့် သူ့မိန်းမသေပြီး အနှစ်နှစ်ဆယ်လုံးလုံး မုဆိုးဖိုဘဝနဲ့ ဦးအောင်ဖေယျ လုပ်နေတာပေါ့"

"အောင်မယ် .. ဦးအောင်ဖေယျမှာ မိဖုရားတွေ အများကြီးကွ"

"ဟိုက လူစွမ်းကောင်းဘုရင်ကိုးကွ .. ဟဲ .. ဟဲ .. ဟဲ"

"ငါလည်း လူစွမ်းကောင်းပါပဲကွ"

"မင်းက ဘာလူစွမ်းကောင်းလဲ"

"အသည်းနှလုံး လူစွမ်းကောင်းလေကွာ။ ငါ့မိန်းမသေသွားပေမယ့် မိန်းမအပေါ်မှာ တစ်သက်လုံး သစ္စာစောင့်သိသွားတဲ့ လူစွမ်းကောင်း။ ပြီးတော့ ငါ့သား၊ ငါ့သမီးတွေအတွက် စံပြအဖေအဖြစ် တစ်သက်လုံး အသည်းနှလုံးဖြူစင်အောင် နေသွားတဲ့ သူရဲကောင်း"

"အေး .. မင်းပြောတာလည်း ဟုတ်တုတ်တုတ်ပဲ ခင်ဖေကြီး။ လူတွေဟာ ကာမဂုဏ်အာရုံနဲ့ ပတ်သက်ရင် တော်ရုံတန်ရုံလူ မထိန်းသိမ်းနိုင်ကြတာ များတယ်။ အကောက်ထဲမှာ ဖြောင့်ဖြောင့်ရှာ၊ ကွေးကွေးလေးဟာ အဖြောင့်ပါပဲလို့ ဆိုရမလိုပေါ့ ... ဟဲ ... ဟဲ ..."

"ဟေ့ ... အဘိုးကြီးပေါက်စတွေ စကားတွေဖောပြီး လမ်းလျှောက်နေမနေနဲ့။ ခါတိုင်းစံချိန်အတိုင်း ကျိုက်ခေါက်ဘုရား ခြေရင်းအထိ လျှောက်ကြမယ်။ အပြန်ကျတော့ သတင်းထောက်တင်ဦးကြီး အသုဘ ရက်လည် ဝင်ကြရဦးမယ် မဟုတ်လား"

လမ်းလျှောက်ဘက် တစ်ယောက်က လှမ်းသတိပေးလိုက်မှ ဦးခင်ဖေကြီးမှာ သူတို့နှင့် ကျောင်းနေဘက် သူငယ်ချင်း သတင်းထောက်တင်ဦး၏ အသုဘဘရက်လည် ဝင်ရဦးမည်ကို သတိရလိုက်သည်။ သတင်းထောက် တင်ဦးသည် ဦးခင်ဖေကြီးလို တစ်ကိုယ်တည်းသမားဖြစ်၍ သူတို့နှစ်ယောက် ပိုအတွဲများကြသည်။

ခပ်ပေပေနေတတ်သော တင်ဦး အစ်ကို တီဘီရောဂါသည် ဦးတင်... ကြီးမသေဘဲ တင်ဦးသေသွား၍ သူ... နှမြောနေကြသည်။

သူတို့အဘိုးကြီးပေါက်စ လ... လျှောက်အစုအဖွဲ့ကလေး ကျိုက်... ခေါက်ဘုရားခြေတော်ရင်းအထိ ရော... အောင် ခပ်သွက်သွက်လျှောက်လှ... ခဲ့ကြသည်။

ဘုရားကြီးခြေတော်ရင်း အ... ဘက်မှခ် ကားလမ်းအတိုင်း လ... ရစ် တောင်ဘက်၊ အနောက်ဘက်... ခြေတော်ရင်းမှ ပတ်၍ မြို့ထဲဘ... ဦးတည်သော မြောက်ဘက်မှခ်ကာ... လမ်းကနေပြီး မြို့ထဲသို့ ပြန်လျှော... လာခဲ့ကြသည်။

ရန်ကုန်ဝန်းကျင်တွင် တော... ကုန်းတောင်တန်း သစ်ကြီးဝါးကြီး... ဖြင့် အုပ်ဆိုင်းနေသော သူတို့မြို... ကလေးမှာ သူတို့လို ပင်စင်စား၊ သ... ကြီးရွယ်အို အဘိုးကြီးပေါက်စတွေ... အတွက် ကျန်းမာရေးအရ လ... လျှောက်၍ အင်မတန်ကောင်းသည်...

မြို့ထဲရောက်၍ သူငယ်ချ... ဦးတင်ဦး၏ ရက်လည်အသုဘအိမ်... အစီအစဉ်အတိုင်း အိမ်ကိုမပြန်... တော့ဘဲ တန်းဝင်ကြသည်။ အသု... ထုံးစံ ကူငွေများကို ကူကြပြီး ဆွ... ကျွေးသည့်ခံ မုန့်ဟင်းခါးစားသော... ကြသည်။

လမ်းလျှောက်ရာမှအပြန် ဖြစ်... လားမသိ။ ဆာဆာနှင့် ခံတွင်းအင်... တန် တွေ့ကြသည်။

"ဟေ့ ... ဟေ့ ... ဒီအဘိုး... ကြီးပေါက်စဝိုင်းက ထည့်မလောက်... လားကွ"

အသံက သူတို့ရင်းနှီးနေသော...



www.burmeseclassic.com

www.burmeseclassic.com

ဦးတင်ဖေကြီးအသံ။ ဦးတင်ဖေကြီးသည် ယခုကွယ်လွန်သွားသော ဦးတင်ဦး၏ အစ်ကိုကြီးမို့ သူတို့နှင့် ရင်းနှီးခဲ့သား။ ဦးတင်ဦး၏အစ်ကိုကြီးဆိုတော့ သူတို့နှင့် အသက်အရွယ်အားဖြင့် နှစ်နှစ်၊ သုံးနှစ်ခန့်ကြီး၍ စီနီယာဖြစ် သူတို့ကို သူ့ညီလို ဆက်ဆံတတ်သည်။ သူ့ညီကိုချစ်သလို သူတို့ကိုလည်း ချစ်၍ အင်မတန် စတတ်၊ နောက်တတ်သည်။

ဦးတင်ဖေကြီးသည် ယမကာသေး ကြိုက်တတ် သူ့ဝါသနာအတိုင်း မှီဝဲပြီး အာရှင်နေပုံရသည်။

"ငါက အဲဒီလို တရင်းတနှီးစားနေ သဘောကျတာကွ။ မင်းတို့ကိုတွေ့တော့ မင်းတို့သူငယ်ချင်း ... ငါ့ညီမောင်တင်ဦးကို သတိပြန်ရတယ်ကွာ။ စားကြပါကွာ၊ အားရပါးရ စားကြစမ်း ... နေကောင်းသလို စားကြစမ်းပါ''

"စိတ်ချ ဦးတင်ဖေကြီး၊ စားမှာပေါ့ ခင်ဗျားအလှည့်ကျရင် ဒီထက်ကောင် ပိုစားကြဦးမှာ။ ခု တင်ဦးကို သတိရပြီး ဝမ်းနည်းလို့ ဒါတောင်မှ ... မစားနိုင်ကြဘူး''

သူတို့အထဲမှ ဦးမျိုးမြင့်က ကာတွန်းဆရာပီပီ အကြွေးမထားဘဲ ပြန်ပြောအနောက် ဦးတင်ဖေကြီးမှာ ဘာမှ မပြောတော့ဘဲ အိမ်ခန်းထဲ လှည့်ဝင်သွားလေသည်။

ဒါကိုမြင်ပြီး အားနာတတ်သော ဦးခင်ဖေကြီးက ကာတွန်းဆရာ ဦးမျိုးမြင့်ကို သတိလှမ်းပေးရသည်။

"ဟေ့ကောင် မျိုးမြင့်၊ မင်းကလည်း ဒီအချိန်မျိုးမှာ သူပြောတာကို နားထောင်ခံပြီး ငြိမ်နေတာ မဟုတ်ဘူး။ မင်းပြောလိုက်လို့ သူ့ညီတင်ဦးကို သတိရဝမ်းနည်းလို့ အိမ်ခန်းထဲဝင်ပြီး သွားငိုမလို့ လှည့်ထွက်သွားတာလား မသိဘူး''

"အောင်မာ ... ဒီလူကြီးအကြောင်း မင်းတို့ ဘာသိလို့လဲ။ လူတွေရှေ့မှာ သောက်ရခက်နေလို့ သူ့ညီကိုသတိရတယ်ဆိုပြီး အိမ်ခန်းထဲမှာ ဝှက်ထားတဲ့အရက်ကို သွားသောက်တာကွ။ ဒီလူကြီးအထာ ငါကသိပြီးသား''

"ဒါတော့ ဟုတ်တယ်ကွ ခင်ဖေကြီး။ မျိုးမြင့်က ဦးတင်ဖေကြီးနဲ့ ပုလင်းတူဘူးစို့တွေ။ ဒါကြောင့် တစ်ယောက်အထာ တစ်ယောက်သိနေကြတာ''

ထိုနေ့က ဦးတင်ဖေကြီး ပြန်ထွက်လာမည်ကို မစောင့်တော့ဘဲ တခြားအိမ်သားများကို နှုတ်ဆက်ပြီး သူတို့ ပြန်လာခဲ့သည်။

လမ်းထိပ်ဆုံမှတ်နေရာမှ သူ၏ လမ်းလျှောက်အဖွဲ့နှင့် လူစုခွဲလာခဲ့သည်။ အိမ်ပြန်ရောက်တော့ သမီးခင်လေးကြီးနှင့် မြေးမလေး ခင်သဇင်သင်းတို့ အိမ်မှာရှိမနေကြတော့။ သမက်ဖြစ်သူ ကိုမောင်မောင်ရဲထွဋ်ကိုပင် သူဆွဲနေကျ အီတာချီကေ့စ်ကိုဆွဲလျက် ရုံးတက်ရန် အိမ်မှအထွက်နှင့် ဆုံလိုက်ရသည်။

"အဖေ့သမီးတော့ အဖေ့မြေးကို ထုံးစံအတိုင်း ကျောင်းအထိပို့ဖို့ ကျောင်းကြိုကားနဲ့ ပါသွားလေရဲ့''

"အေး ... အေး''

အလိုက်သင့်ပြန်ပြောပြီး ဦးခင်ဖေကြီး အိမ်ဘက်ဆက်လျှောက်လာခဲ့သည်။

တူမလေးဖြစ်သူ သက်မာမှာ ဘုရားပန်းကပ်ရန် ခြံထဲမှာ စိုက်ပျိုးထားသော ပန်းများကို ခူးနေလေသည်။

ဦးခင်ဖေကြီး အိမ်ဝမှ လှမ်းအဝင် ရင်ဘတ်ထဲက ရုတ်တရက်ထိုးပြီး အောင့်တက်သွားသည်။ တံစို့တစ်ခုနှင့် ထိုးစိုက်လိုက်သလို စူးနစ်သွား၏။ ခါတိုင်း ထိုသို့ တစ်ခါမျှ မဖြစ်ဖူးခဲ့။ ဤမျှ နာကျင်အောင်လည်း မခံစားရ။

လမ်းလျှောက်တုတ်ကောက်သာ ပါမလာပါက မထိန်းနိုင်ဘဲ ပစ်လဲကျသွားနိုင်သည်။ သို့တိုင် အတန်တန်ထိန်းပါလျက် မဟန်နိုင်ဘဲ ညွတ်ခွေလဲကျသွားလေသည်။

"အမယ်လေး ... လုပ်ကြပါဦး။ ဘဘကြီး ဘာဖြစ်သွားသလဲ မသိဘူး။ လဲ ... လဲကျသွားလို့''

တူမလေးသက်မာ၏ အသံစူးစူးကိုသာ နောက်ဆုံးကြားသိလိုက်ရပြီးနောက် ဦးခင်ဖေကြီး သတိလစ်သွားသည်။

ဘာဆိုဘာမျှ မသိတော့ ...။

××× ××× ×××

## (လေး)

ထို .. ထိုအဖြစ်သည် ဦးခင်ဖေကြီးအတွက် အသက်ရှင်လျက် နောက်ဆုံး ကြုံတွေ့ခဲ့ရသည့် အဖြစ်သာ ဖြစ်ပါသည်။

လူ့ဘဝတွင် နောက်ဆုံးကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ဟုဆိုလျှင် မမှားတန်ရာပါ။

လူ့ဘဝတွင် နောက်ဆုံးကြုံတွေ့ခဲ့ရသည်ဟု ဆိုရသော်လည်း ယခု ဦးခင်ဖေကြီး "ဘယ်ဘဝကို ရောက်

www.burmeseclassic.com

နေရပါသလဲ''ဟု သူ့ကိုယ်သူ ပြန်မေးတော့လည်း မသိနိုင်ခဲ့ပြန်။

''ဘာမှ စဉ်းစားမနေပါနဲ့ . . . သူငယ်ချင်း။ မင်းနဲ့ငါနဲ့ ဘဝတူတွေ ဖြစ်သွားပြီ''

သူ့နောက်မှ အသံတစ်သံ ကြား ရ၍ ဦးခင်ဖေကြီး နောက်ကို လှည့်ကြည့်မိသည်။

''ဟာ . . . တင်ဦး၊ မင်းသေသွားပြီလေ။ မင်းရဲ့ ရက်လည်ဆွမ်း သွတ်ကနေ ငါတို့ ဒီနေ့ပဲ ပြန်လာကြတာ။ မင်းက ဒီကို ဘယ်လိုလုပ်ရောက်လာရတာလဲ''

ဦးခင်ဖေကြီးက သူ့မျက်လုံးထဲတွင် အကောင်အထည်ပီပီပြင်ပြင် မြင်နေရသော သူငယ်ချင်းဖြစ်သူ ဦးတင်ဦးကို မယုံကြည်နိုင်စွာဖြင့် ပြန်မေးမိသည်။

''ငါသေသွားပြီဆိုတာ ဟုတ်တယ်။ ဘဝတစ်ခုကို ကူးပြောင်းဖို့ ခန္ဓာကိုယ်အဟောင်း ဘော်ဒီအိုကြီးကို စွန့်ခွာလာတာဆိုရင် ပိုမှန်မယ်။ မင်းလည်း ငါ့လိုသေခဲ့ပြီပဲ။ မင်းနဲ့ငါနဲ့က ဘဝတူတွေလေ။ ဒါ့ကြောင့် တို့နှစ်ယောက် အတူပြန်ဆုံကြတာပေါ့။ မင်းဘာမှအားမငယ်နဲ့ သူငယ်ချင်း။ ငါက မင်းထက် အရင်သေခဲ့တော့ စီနီယာမင်းဖြစ်နေပြီ။ မင်းကိုငါ အကူအညီပေးလို့ရတာပေါ့''

''ဟင် . . . မင်းတို့မှာ စီနီယာတွေ၊ ဂျူနီယာတွေ ရှိသေးလား''

''ဘယ်နေရာမှာမဆို ရှိနေတာပဲ။ လူ့လောကကြီးမှာရှိသလို တမလွန်လောကကြီးမှာလည်း ရှိတာပဲ။ နတ်ပြည်မှာတောင် နတ်ဘုံအဆင့်ဆင့်၊ နတ်သားအဆင့်ဆင့်ရှိတယ်။ ငရဲပြည်မှာလည်း ငရဲဘုံအဆင့်ဆင့်၊ ငရဲသားအမျိုးမျိုး ရှိတယ်။ မင်းပုံသေမှတ်ထားဖို့က အရေအတွက်ဂဏန်းတစ်တွေ၊ နှစ်တွေ ရှိနေရတာဟာ စီနီယာ၊ ဂျူနီယာတွေကြောင့် ပေါ်ပေါက်လာရတာပဲ''

''ဒါဆို ငါက ဘယ်ဘဝကို ရောက်နေရတာလဲ''

''အခုအချိန်တော့ တွယ်ရာမဲ့ ဝိညာဉ်ဘဝပေါ့ကွာ''

''မင်းကကော . . .''

''ငါက တွယ်ရာမဲ့ဝိညာဉ်ဘဝက ကျွတ်ပြီး ငါရှင်သန်ဖက်တွယ်ရမယ့် နေရာတစ်ခုကို သွားဖို့အတွက် ယာယီနေရာလေးတစ်ခုမှာ နေရတယ်''

''ဘယ်မှာလဲ''

''ငါတို့ ဗိုလ်ချုပ်ကျေးရွာက ဗိုလ်ချုပ်သင်္ချိုင်းမှာ''

''ဟင် . . .''

''မဟင်နဲ့ ကိုယ့်လူ။ အဲဒီမှာ တခြားဘုံတစ်ခုခုကို မသွားနိုင်သေးတဲ့ တို့ရဲ့ အဆွေအမျိုးတွေ၊ ပေါင်းဟောင်းသင်းဟောင်း မိတ်ဆွေတွေကိုလည်း တွေ့နိုင်သေးတယ်။ ဒါ့ကြောင့် ငါ မင်းကို လာခေါ်တာပါ။ လောလောဆယ်တော့ မင်းက သေခါစဆိုတော့ အားငယ်နေရမှာပေါ့။ သင်္ချိုင်းကို ရောက်ရင် ပေါင်းဟောင်းသင်းဟောင်းတွေနဲ့ တွေ့ပြီး ပျော်သွားမှာပေါ့''

''ပေါင်းဟောင်းသင်းဟောင်းတွေနဲ့တွေ့ပြီး ပျော်တာက နောက်ထား၊ ငါမလိုက်ချင်သေးဘူးကွာ''

''မင်းက ဘာဖြစ်လို့ မလိုက်ချင်ရသေးတာလဲ''

''ငါချစ်တဲ့ ငါ့သားသမီးတွေနဲ့ မခွဲနိုင်ဘူးကွာ။ ပြီးတော့ ငါ့အသည်းနှလုံး ငါ့မြေးမလေးကို လွမ်းတယ်''

''ဒီဘဝရောက်မှ မင်းကမခွဲ
တာတွေ၊ လွမ်းတာတွေ လုပ်နေတ
လား။ တော်ကြာ မင်းငါ့လို ကျန်ရစ်
သားသမီးတွေ၊ အဆွေအမျိုးတွေ
ဥပေက္ခာပြု ရက်ရက်စက်စက် လ
တာတွေ မျက်ဝါးထင်ထင်မြင်နေရ
ပိုပြီးလွမ်း၊ ပိုပြီး ယူကျုံးမရ ဖြ
လိမ့်မယ်ကွာ''

''ကျန်ရစ်တဲ့ သားသမီးတွေ
ဆွေမျိုးတွေက ဘယ်လိုဥပေက္ခာ
ရက်စက်ကြလို့လဲ''

''သေတဲ့သူနဲ့ ဘဝခြားသွားပြ
ပြီး အခေါင်းထဲထည့်၊ အိမ်ပြင်ထု
လိုက်တာတို့၊ သေတဲ့သူရဲ့ အော
အသက်ငယ်သူတွေရဲ့ ကိုယ်တို
ကိုယ်ထွာကို အပ်ချည်ကြိုးနဲ့အတိုင်
ယူပြီး ခေါင်းထဲထည့်ပေးလိုက်တာ
အားလုံး မင်းနဲ့အတူ ထည့်ပေးလို
ပြီး ဆွေခန်းမျိုးခန်း ဖြတ်လိုက်ပြီ
သံယောဇဉ်ဖြတ်ပြီ၊ လာမခေါ်နဲ့တော့
ပေါ့ကွာ''

''သံယောဇဉ်ဆိုတာက သူ
ဖြတ်တိုင်း ငါက ပြတ်ရမှာလား
''ဒါက မင်းဘက်က အမြင်
ပြီးတော့ ရှိသေးတယ်။ မသာချ
မှာ အိမ်ရှေ့မှာထိုးထားတဲ့ မဏ္ဍပ်
ဖြစ်စေ၊ ကနားဖျင်းကဖြစ်စေ
တစ်စ၊ ကြိုးစတစ်ခု ချိုးဖြတ်ပြီး
ပေးလိုက်တာတို့၊ ဝါးခြမ်းပြား
တွေ လေှကားစတိလုပ်ပြီး ထည့်
လိုက်တာတို့၊ ရေအိုးကို ရိုက်ခွဲလို
တာတို့ လုပ်ကြသေးတယ်''

''သူတို့ဟာ သူတို့အလုပ်ပို
တာ ငါတို့သေတဲ့လူတွေနဲ့ ဘာ
လို့လဲ''

www.burmeseclassic.com

"ဘာမှမဆိုင်ပေမယ့် အဲဒီအဓိပ္ပာယ်တွေ သိရင် သေတဲ့လူ ဝမ်းနည်းရမှာအမှန်ပဲ။ အိမ်တံစက်မြိတ်အစ ဖြတ်ပေးလိုက်တာ ဒီအိမ်ကို မင်းလောနဲ့တော့၊ မင်းနဲ့ ဒီအိမ်နဲ့ မဆိုင်တော့ဘူး၊ တစ်ခါတည်း အမွေခွဲပေးလိုက်ပြီပေါ့။ လှေကားကတော့ ရှင်းပါတယ်။ မင်းအိမ်ပေါ်က အလွယ်တကူနဲ့ မြန်မြန်ဆင်းသွားပါဆိုတဲ့ သဘော။ ရေအိုးရိုက်ခွဲလိုက်တာကတော့ သေတဲ့လူနဲ့ ရှင်တဲ့လူတွေ နောက်မဆက်ဆံရအောင် 'အိုးစားခွဲ'လိုက်ပြီပေါ့ကွာ။ ရှင်တဲ့သူတွေဟာ သေတဲ့လူတွေအပေါ် အဲဒီလို ရက်စက်တတ်ကြတယ်။ ဒါတွေ ငါက ကြုံခဲ့ရလို့ မင်းကို ပြောရတာ။ မင်းက ခုမှသေတဲ့မသာ ပူပူနွေးနွေးဆိုတော့ ဒါတွေကို ကြုံရဦးမှာ မဟုတ်သေးဘူး"

သူ့ထက် စီနီယာမသာဖြစ်သော တင်ဦးပြောပြမှ မသာတွင် လုပ်လေ့လုပ်ထရှိသော အကျင့်များကို ဦးခင်ဖေကြီး သတိပြန်ပြုမိသည်။

သို့သော် တင်ဦးသည် သူ၏ငယ်သူငယ်ချင်းမို့ တင်ဦးစရိုက်ကို သူကောင်းကောင်းသိနေသည်။ တင်ဦးသည် သူ့အစ်ကို ဦးတင်ဖေကြီးလို ပျော်ပျော်ရွှင်ရွှင် နေတတ်သည်။ တစ်ခါတစ်ရံ ထက်သတ်တွေးသော အတွေးများလည်း ရှိတတ်သည်။

ယင်းကြောင့် ကျန်ရစ်သူများဘက်က ကောင်းတာလေးတွေကို တွေးဆကာ သူပြောမိသည်။

"တို့တစ်တွေ ဘဝကူးကောင်းအောင် ဆွမ်းတွေဘာတွေ ကျွေးပါသေးတယ်ကွာ။ တို့ကိုးကွယ်တဲ့ သံဃာတော်တွေကို လှူဖွယ်တန်းဖွယ်ပစ္စည်းတွေ လှူဒါန်းပြီး အမျှအတန်းဝေပါသေးတယ်ကွာ"

"ဒါကတော့ ဗုဒ္ဓဘာသာဝင်တို့ရဲ့ ထုံးတမ်းစဉ်လာအရ လုပ်ရတာကိုကွ။ တို့ဗမာလူမျိုးတွေဟာ ဗုဒ္ဓဘာသာသာဆိုတယ်။ ဘုရားဟောတရားတွေထဲမှာ မပါတဲ့ အလုပ်တွေပါ စွဲယူမွေးစားရင်း ဗုဒ္ဓဘာသာတရားတော်နဲ့ မဆိုင်တဲ့ အလုပ်တွေ သိပ်လုပ်တယ်။ ခု မသာအကြောင်းပဲ ပြောရအောင်။ သေတဲ့အခါမှာ အဓိပ္ပါယ်မဲ့ပြန်တာတွေဘာတွေ လုပ်သေးတယ်။ "သင်သည် ဘယ်နေ့ဘယ်ရက်မှာ သေသွားပြီဖြစ်၍ ကျွန်ုပ်တို့နှင့် မသက်ဆိုင်သူတော့ဘဲ သင်သွားလိုရာ သွားလိုကြောင်း ခွင့်ပြုလိုက်သည်ပေါ့ကွာ။ အမှန်တော့ အဲဒီလို ခွင့်မပြုလည်း သေတဲ့သူရဲ့ ဝိညာဉ်က သူ့ကံအရ သူ့လားရာဂတိကို ရွှေ့လျောပြောင်းသွားရမယ့်ဟာ ဘယ်လိုတန်ခိုးရှင်ကမှ ဟန့်တားဆွဲထားလို့ မရပါဘူးကွ"

"အေး ... မင်းပြောမှ ငါနည်းနည်း တွေးမိသလိုတော့ ရှိလာတယ်။ သေပြီဆိုရင် ရှင်တဲ့လူတွေက အတူဆက်မနေရအောင် အမျိုးမျိုးနည်းနဲ့ နှင်ထုတ်နေတဲ့ ပုံစံပဲကွ ..."

"ကိုယ့်ဆွေမျိုးသားချင်းထဲက ကြောက်လန့်ပြီး နှင်ထုတ်တယ်ထားကွာ။ ဟိုလေ ... ကိုယ်ဘာမှ ဆွေမတော် မျိုးမစပ် အိမ်ပေါ်ကောက်တင်ကျွေးမွေးပသထားတဲ့ ဟိုအမ်တွင်းဆိုတဲ့ အဘိုးကြီးကလည်း တစ်မျောင့်။ မင်းသေလို့ ခုနစ်ရက် မင်းအိမ်မှာ မင်းဝိညာဉ် တဝဲလည်လည် ဖြစ်နေတာကို အသာကြည့်နေသေးသတဲ့။ ခုနစ်ရက်လည်ပြီဆိုတာနဲ့ မင်းအိမ်ပေါ်မတက်ရအောင် သူကိုင်ထားတဲ့ ကျိုင်းတုတ်ကြီးနဲ့ ဆော်တော့တာပဲတဲ့။ အမှန်တော့ မင်းကို အိမ်သားမဟုတ်တော့ဘူးဆိုပြီး နှင်ထုတ်တာ"

"မင်းက မသာဘဝမှာ အတွေ့အကြုံတွေ တော်တော်ရတော့ ငါ့ထက် အများကြီး တော်ပါတယ်။ ငါ မင်းနဲ့ လိုက်ခဲ့မယ်။ သင်္ချိုင်းမှာ မင်းပြောသလို ငါတို့ဆွေမျိုးဟောင်းတွေ၊ အပေါင်းအသင်းအဟောင်းတွေ ... တကယ်ရှိနေတယ်တော်နော်"

"ဒါကလည်း တစ်ထစ်ချ ပြောလို့မရဘူးကွ။ သေတဲ့လူတွေဟာ သူတို့အသက်ရှင်စဉ်က လုပ်ခဲ့တဲ့ ကောင်းမှု၊ မကောင်းမှုကံအရ ရွှေ့လျားပြောင်းရွှေ့နေကြရတတ်တာမျိုးပဲ။ တချို့က သင်္ချိုင်းကုန်းမှာတင်နေပြီး ငရဲသနင်း ယမမင်းကြီးဆီက စီရင်ချက်တွေ စောင့်နေရတယ်။ ဘုတာကြီးတို့၊ လေဆိပ်၊ ကားဆိပ်၊ သင်္ဘောဆိပ်တွေမှာ ကိုယ်သွားရမယ့် လားရာဂတိကို စောင့်နေရသလိုမျိုးပေါ့"

"ဟင် ... မင်းဟာက မတင်မကျကြီးပါလား။ သေတဲ့လူတိုင်းကို တွေ့နိုင်တာမဟုတ်ဘူးပေါ့"

"မဟုတ်ဘူး။ သေသေချင်း သေတဲ့သူကို ယမမင်းကြီးရဲ့ စေတမန် ယမနော၊ ယမန ဆိုတဲ့ ပုဂ္ဂိုလ်က ယမမင်းကြီးဆီ ခေါ်သွားရမယ်။ ယမမင်းကြီးက ဒီလူ လူ့ဘဝတုန်းက ကုသိုလ်ကောင်းမှု လုပ်ခဲ့တာများသလား၊ အကုသိုလ်မကောင်းမှုတွေ လုပ်ခဲ့တာ များသလားဆိုပြီး စစ်ဆေးတယ်။ ပြီးတော့ ဟုဿတ္တ ဒုလ္လဘဆိုတာလို လူ့ဘဝဆိုတာ ရခဲတဲ့ အတွက်ကြောင့် ဘယ်လိုသေခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com

လဲ၊ သေနေ့စေ့လို့ သေတာလား၊ ကံသက်ကုန်လို့ သေတာလား ဆိုတာ ကြည့်သေးတယ်။ သေနေ့မစေ့သေးဘူးဆိုရင် မသေစေရဘူး။ သူ့စေတမန်နဲ့ ဘ၀ဟောင်းကို ပြန်ပို့ခိုင်းတတ်သေးတယ်။ တို့လို ကုသိုလ်လုပ်တဲ့အခါလုပ်၊ အကုသိုလ်လုပ်တဲ့အခါလုပ်မိတဲ့သူတွေကျတော့ ချက်ချင်းလားရာဂတိကို ရောက်မသွားနိုင်သေးဘဲ 'စစ်ဆေးဆိုင်းငံ့'အနေနဲ့ ကိုယ့်အလောင်းမြှုပ်နှံတဲ့ သင်္ချိုင်းမှာ ပြန်နေရသေးတယ်။ ယမမင်းဆီက အမိန့်စောင့်နေရတာပေါ့ကွာ"

"ဒါဆို ငါလည်း မင်းနဲ့အတူ နေရဖို့ များတယ်"

"အေး ... ငါသိတာပေါ့။ ဒါကြောင့် မင်းကို ငါလာခေါ်တာ။ မင်းတို့ ငါတို့က လူ့ဘ၀မှာ ကုသိုလ်တွေလုပ်လိုက်၊ အကုသိုလ်တွေလုပ်လိုက်နဲ့ ယမမင်းကြီးစစ်ဆေးရတာ မျက်စိလည်အောင် လုပ်ခဲ့တဲ့ ကောင်တွေပဲ။ ဒါ့ကြောင့် စစ်ဆေးဆိုင်းငံ့အနေနဲ့ သင်္ချိုင်းကုန်းမှာ လောလောဆယ်နေရမယ့်ကောင်တွေပဲ"

"ဒါပေမယ့် ငါ၀မ်းနည်းတာ တစ်ခုတော့ ရှိတယ်။ ကျန်ရစ်ခဲ့တဲ့ ငါ့သား၊ ငါ့သမီးနဲ့ ငါ့မြေးမလေး ဘယ်လိုနေကြမလဲဆိုတာကို ပူပန်မိတာပဲ"

"သေလို့ မသာဖြစ်နေမှ ရှင်နေတဲ့သူတွေကို ပူမနေပါနဲ့ကွာ။ အဲဒီလို ပူနေရင်လည်း မင်းတို့၊ ငါတို့ စာရှူးပေရှူးဘ၀က အမည်မသိ ကဗျာဆရာတစ်ယောက်ရဲ့ ကဗျာလေးကို ရွတ်ပြီး သေပြီးနောက် စိတ်ပူစရာတွေကို ပျောက်အောင် ဖျောက်ပစ်ကွာ။ ဆရာလူထုဦးစိန်၀င်း ဘာသာပြန်တဲ့ Why Worry လေကွာ"

"အေး ... ငါသတိရပြီ။ 'ဘာပူစရာရှိသလဲ'လို့ အဓိပ္ပာယ်ရတဲ့ ကဗျာပဲ။ မင်းအစ်ကို ဦးတင်ဖေကြီး အရက်ဝိုင်းမှာ သဘောကျပြီး ထထရွတ်တဲ့ကဗျာလေ ..."

"ငါ့အစ်ကိုကြီး သတိရတဲ့အနေနဲ့ တို့သူငယ်ချင်းနှစ်ယောက် အတူတူ ရွတ်ရင်း သင်္ချိုင်းကုန်းကို သွားကြတာပေါ့"

ဘာပူစရာရှိသလဲ ...

လောကမှာ ပူစရာနှစ်ခုပဲ ရှိတယ်။

ကျန်းမာတာနဲ့ မကျန်းမာတာ ဖြစ်တယ်။

ကျန်းမာနေရင် ဘာမှ ပူစရာ မလိုတော့ဘူး။

ဒါပေမယ့် မကျန်းမာရင် ပူစရာ နှစ်ခုရှိတယ်။

နေပြန်ကောင်းရင်ကောင်း၊

မကောင်းရင် သေသွားနိုင်တယ်၊

နေကောင်းသွားရင် ဘာမှပူစရာ မရှိတော့ဘူး။

သေသွားရင်လည်း ပူစရာနှစ်ခု ပဲရှိတယ်။

ကောင်းကင်ဘုံ ရောက်ရင် ရောက်၊

မရောက်ရင် ငရဲရောက်ပေါ့။

ကောင်းကင်ဘုံရောက်သွားရင် တော့ ...

ဘာမှပူစရာမရှိတော့ဘူး၊

ဒါပေမယ့် ငရဲရောက်သွားရင် လည်း

မိတ်ဟောင်းဆွေဟောင်းတွေ ကို နှုတ်ဆက်ပြီး

အလုပ်ရှုပ်နေရတာနဲ့ ပူနေဖို့ အချိန်ရှိတော့မှာ မဟုတ်တော့ပါဘူး။

××× ××× ×××

## (ခြောက်)

သင်္ချိုင်းကုန်းက ချစ်စရာ သာသာယာယာကလေး။ ကိုယ့်ရွာကိုယ့်သင်္ချိုင်းကုန်းကို အတ္တနောမတိဖြင့် ဦးခင်ဖေကြီးစိတ်ထဲမှာ အထင်ရောက်နေခြင်းကြောင့် ရူးသွပ်စွာ ဆိုရလေခြင်း မဟုတ်ပါ။

တစ်ဖက်က တောင်ကုန်းမို့မို့ ထိုတောင်ကုန်းမို့မို့ ဆင်ခြေလျှောလေးသည် သေဆုံးခါစ အပျိုမချောချောကလေး ဆံကေသာ ပြေလျော့နေသည့်နှယ် စမ်းချောင်းကလေးဆီသို့ ရေသောက်ဆင်းနေ၏။

စမ်းချောင်းကလေးပေါ် ဖြတ်၍ ထိုးထားသော သစ်သားတံတားကလေးသည် တမလွန်နှင့် လူ့ဘုံခန်းခြားအဖြစ် တရားသံဝေဂယူတတ်သူတို့ ယူစေရန် သင်္ချိုင်းအတွင်း ဂူများ မြေပုံကလေးများနှင့် အကူးအပြောင်းရှိကြောင်း ပြသနေ၏။

သင်္ချိုင်းကုန်းအလယ်ကောင် ဇရပ်ကြီးအနီးတွင် ယောက်ျားကြီးသုံးလေးဖက်စာမဆံ့ ပင်စည်တုတ်ခိုင်၍ အကိုင်းခက်လက်ဝေဆာသော ကုက္ကိုပင်ကြီးများက သင်္ချိုင်းသက်တမ်းရင့်၍ ရာဇဝင်ရှိနေကြောင်း ဖော်ကျူးနေသယောင်။

ပြီးတော့ ထိုကုက္ကိုပင်စိမ်းညို့ညို့အောက်မှ ရှေးဆန်ဆန် ဇရပ်အိုကြီး သရဏဂုံတင်ရာ သံဃာတော်များ တရားပေးစင်မြင့်နှင့် အသုဘရှု အခေါင်းတင် အုတ်အင်္ဂတေစင်မြင့်၊



www.burmeseclassic.com

တန်တော့ပွဲ၊ စားမြိန်စာထုပ်တင်ရန် နေရာမှစ၍ ရေးမြန်မာကြီးတို့၏ သင်္ချိုင်း အင်္ဂါရပ်အပြည့်အစုံ ရှိသည်။

ဒါကြောင့်လည်း ဗီဒီယိုသမား လေးတွေ မကြာခဏရောက်လာတတ် ပြီး သူတို့ဇာတ်ဝင်ခန်းများ ရိုက်လေ့ရှိ တတ်သည်။ သုသာန်စုတင်ထိုင်တတ် သော ရဟန်းတော်တွေလည်း ရှိနေ တတ်သည်။

သင်္ချိုင်းအနီးပတ်လည်ရှိ ဘုန်း တော်ကြီးကျောင်းဝင်းအတွင်း သစ်ပင် အုပ်တွေကြားက ချိုးငှက်ကလေးတွေ ကူသံကြားနေရတတ်၏။

အနောက်ဘက်ဆီသို့ ယွန်းလု လုနေခြည်မှာ သင်္ချိုင်းကုန်းအတွက် ကဗျာဆန်နေ၏။ ဦးခင်ဖေကြီးနှင့် ဦးတင်ဦးတို့ အခါကာလအားဖြင့် ညနေ နွားရိုင်းသွင်းချိန်ဆိုတာကိုပင် အမှတ်မရနိုင်ကြ။ မသာနှစ်လောင်း စာရှူးပေရှူး ငယ်ဘဝကို သူငယ်ပြန်နေ ကြသည်။

သို့သော် သင်္ချိုင်း၏ အမြင်သာ ယာမှု၊ ပကတိအစဉ်အလာဖြစ်စဉ်က ဖြစ်စဉ် ...။ သူတို့နှစ်ယောက် သင်္ချိုင်းအတွင်းသို့ ဝင်လာကြစဉ် အရောင်အဝါ ခပ်မှိုင်းမှိုင်းနှင့် ညစ်ပုပ် ဖူက်ယွင်းနေသော ပုံသဏ္ဌာန်အမျိုး မျိုးနှင့် အကောင်အထည်များ၊ ပုရိသ, ဣတ္ထိယများကို မသတီစရာ လှမ်းမြင် ကြရသည်။

ဦးတင်ဦးကတော့ ထိုအကောင် ဘလောင်များကို ရိုးနေဟန်တူသည်။ ဦးခင်ဖေကြီးအဖို့မူ အထူးအဆန်းတွေ ဖြစ်နေလေသည်။

သူတို့သည် အုတ်ဂူကြီးတွေပေါ် မှာ ထိုင်သူထိုင်၊ သစ်ပင်သစ်ကိုင်းကြီး တွေပေါ်မှာ ဖောက်ထိုးဆွဲလိုဆွဲနှင့် လှမ်းကြည့်နေကြသည်။

တချို့က မြေပုံမို့မို့အပေါ်မှာ လဲ လျောင်းလျက် ဖောင်းအစ်ပြူးထွက်နေ သော မျက်လုံးနီကြီးတွေနှင့် အကဲ ခတ်နေကြပုံရသည်။ တစ်စုံတစ် ယောက်၏ အမိန့်ကို စောင့်ဆိုင်းနေ ဟန်လည်း ရှိ၏။

တချို့က လက်နက်တွေ ကိုင် ထားသည်။ သူတို့လက်နက်တွေက စုံလင်လှသည်။ ပေါက်တူး၊ ပေါက်ပြား တွေ၊ ဓားတွေ၊ လှံတွေ၊ ခက်ရင်းခွ တွေ၊ တင်းပုတ်တွေ။ လက်နက်မကိုင် ဆောင်သူတွေက လက်သည်းရှည်ကြီး များ၊ ဝါညစ်နေသော သွားစွယ်ကြီး များကို တိုက်ခိုက်ရန် အဆင်သင့် ပြူး ပြူးပြဲပြဲ ကိုးရိုးကားရား ရှိနေကြသည်။

ထိုအခိုက် ကြောက်မက်ဖွယ် အသံကြီးကို ကြားလိုက်ရသည်။

"တင်ဦးအသားနဲ့ ခင်ဖေကြီး အသားကို စားဖို့ပြင်"

အော်သံကြီးနှင့်အတူ ကုက္ကိုပင် ခွဆုံမှ အမွေးအမှင်တွေနှင့် အကောင် ကြီးတစ်ကောင် ခုန်ဆင်းလာသည်။ ထိုအကောင်ကြီး၏ လက်ထဲတွင် ကြီး မားသော တင်းပုတ်ကြီးတစ်ခုလည်း ကိုင်ဆွဲလျက်ပါလာသည်။

"ငါတို့က တင်ဦးအသားကို စား နေကျ၊ ဆက်စားမယ်"

"တချို့အကောင်တွေက ဦးခင် ဖေကြီးကို ပတ်ဝိုင်းလိုက်ကြသည်။ ဦးခင်ဖေကြီး ကြောက်လန့်လျက် စီနီ ယာဖြစ်သော တင်ဦးကို ဆရာတင် ကာ လှမ်းအကူအညီတောင်းမိသည်။

"လုပ်ပါဦး တင်ဦး၊ ငါ့ကိုကယ် ပါဦး"

"ငါလည်းမတတ်နိုင်ဘူး။ သူတို့ က ဒီသင်္ချိုင်းကို ငါ့ထက်အရင် ရောက် နေတဲ့သူတွေ။ ငါ့ထက်စီနီယာကျလို့ သူတို့လုပ်သမျှ ငါလည်းခံရတာပဲ။ အား ..."

ဦးတင်ဦးကို သင်္ချိုင်းမှအကောင် များ ဆွဲလွဲနေစဉ် ဦးခင်ဖေကြီးမှာ ကြောက်ရွံ့ချောက်ချားလျက်ရှိသည်။ တင်းပုတ်ကြီးနှင့် အကောင်ကြီးက တင်းပုတ်ကြီးကိုမြှောက်၍ ဦးခင်ဖေ ကြီး၏ခေါင်းကို အားနှင့်ထုချရန် ရွယ် လိုက်သည်။

"ဟော့ ... ခင်ဖေကြီးကို မင်းတို့ လုံးဝမထိကြနဲ့"

ထိုအကောင်ကြီးနှင့် ဦးခင်ဖေ ကြီးကြားသို့ အလင်းတန်းတစ်ခုသည် တားဆီးသံနှင့်အတူ ကြားဝင်လိုက် သဖြင့် ဦးခင်ဖေကြီး သက်သာခွင့်ရ သွားသည်။

ထိုအလင်းတန်းကို သေချာ ကြည့်လိုက်တော့ သင်္ချိုင်းကုန်းမှ အကောင်ဘလောင်တွေထက် ကိုယ် ရောင် အနည်းငယ်တောက်ပသော နတ်မကိုဋ်ဆောင်း၊ ဝတ်ရုံမည်းနှင့် လူ ထွားကြီးကို တွေ့လိုက်ရသည်။

"ခင်ဖေကြီးက ယမမင်းကြီးဆီ ကို မရောက်သေးဘူး။ ယမမင်းကြီးရဲ့ အစစ်ဆေးမခံရသေးဘူး။ ယမမင်းကြီး စစ်ဆေးပြီး တင်ဦးကို မင်းတို့စိတ် ကြိုက် ထုံးစံအတိုင်း လုပ်နိုင်တယ်။ ခင်ဖေကြီးကိုတော့ ငါ ယမမင်းကြီးဆီ ခေါ်သွားရဦးမယ်"

ထိုလူထွားကြီးဩဇာကို သူတို့ လွန်ဆန်နိုင်ပုံမရဘဲ နောက်သို့ အား လုံး ယို့ဆုတ်သွားကြသည်။ လူထွား ကြီးက ဦးခင်ဖေကြီးကို တစ်ချက်လှမ်း

www.burmeseclassic.com

ပုတ်သည်။

"ခင်ဖေကြီး ... မင်း ယမမင်း ကြီးနဲ့ တွေ့ဖို့ ငါနဲ့လိုက်ခဲ့ ..."

ပြောရင်း ရှေ့မှထွက်သွားသည်။

ခြေလှမ်းတွေ လှမ်းခြင်းမျိုးတော့ မဟုတ်။ လေထဲတွင် လွင့်ထွက်မျော ပါသွားခြင်းမျိုးဖြစ်၏။ သူပါ ထိုပုဂ္ဂိုလ် နှင့်အတူ လွင့်ထွက်မျောပါလာခဲ့ရလေ သည်။

"အမယ်လေး ... ကယ်တော် မူကြပါဦးဗျို့"

ဦးခင်ဖေကြီးနောက်မှာ သူငယ် ချင်းဦးတင်ဦး၏ ကြောက်မက်ဖွယ် အော်သံကြီးအား ကြားလိုက်ရသဖြင့် ဦးခင်ဖေကြီး နောက်ကိုလှည့်ကြည့်မိ သည်။ ရှေ့မှ ပုဂ္ဂိုလ်ကြီးက နောက်ကို လုံးဝလှည့်မကြည့်ဘဲ သိနေသည်။

"ဘာမှ လှည့်ကြည့်မနေနဲ့။ တမလွန်မှာ လူ့ဘဝက ကိုယ်လုပ်ခဲ့တဲ့ ကုသိုလ်၊ အကုသိုလ်ကံအရ အားလုံး ဟာ ဘဝခြားပြီး ခံစား၊ စံစားခွင့်တွေ ပိုင်ဆိုင်ရတာမျိုးပဲ။ မင်းသူ့အတွက် ဝင်ခံလို့လည်း မရဘူး။ သူကလည်း မင်းအတွက် ဝင်ခံလို့မရဘူး။ တင်ဦး ဟာ လူ့ဘဝတုန်းက မင်းထက် အကု သိုလ်ပိုများခဲ့တာတော့ သေချာတယ်။ မင်းလည်း သူ့အပေါင်းအသင်းဆို တော့ ဘယ်လိုဖြစ်လာဦးမလဲ မသိ သေးဘူး။ အရေးကြုံရင် သက်လုံ ကောင်းဖို့တော့ သတိထားပေါ့။ ကိုယ် ပြုခဲ့ဖူးတဲ့ ကောင်းမှုကုသိုလ်တွေကို တွေး"

××× ××× ×××

(ခုနစ်)

ဦးခင်ဖေကြီး၏သမီး ခင်လေး ကြီးသည် တယ်လီဖုန်းနားတွင်ထိုင် လျက် စိတ်မရှည်နိုင်အောင် ဖြစ်နေရ သည်။

တယ်လီဖုန်း စကားပြောခွက်ကို ကိုင်လျက် ဂဏန်းများကို နှိပ်ပြီး နား ထောင်လိုက်၊ ပြန်ချထားလိုက်၊ တစ် ဖန် တစ်ဖက်သို့ ပြန်ခေါ်လိုက်။ အနား မှာရှိနေသော ခင်ပွန်းဖြစ်သူ ကိုမောင် မောင်ရဲထွဋ်ကလည်း စိတ်စောလျက် ရှိသည်။

"ဖုန်းတွေက နယ်ကိုခေါ်ရင် တော်တော်နဲ့ မရချင်ဘူး"

သူ့အပြောကို မခံချင်၍လား မသိ။ ဖုန်းခေါ်၍ရသွားသည်။ ခင်လေး ကြီးထံမှ ဖုန်းပြောသံထွက်လာသည်။

"ဟလို ... မောင်လေးကိုလတ် လား။ မမ ခင်လေးကြီးပါ။ ဖေဖေ ဆုံးသွားလို့ ..."

"ဗျာ .. ဘယ့်နှယ် ဖေဖေဆုံး သွားလို့ ဟုတ်လား"

"အေးကွယ် ... မမတို့ လုံးဝ မမျှော်လင့်ဘူး"

"ဟာဗျာ ... ကျွန်တော်ယုံ တောင်မယုံနိုင်ဘူး။ ဖေဖေ မကျန်းမာ ဘူးဆိုတာလည်း မကြားရ၊ သတင်း မကြား ဘာမကြား ဖြုန်းစားကြီး ဘယ်လိုဖြစ်ရတာလဲ"

"ဒီနေ့မနက်တင် လမ်းလျှောက် က ပြန်လာရင်းက ဖြုန်းစားကြီးဖြစ် သွားတာပဲ။ အဲဒါ မောင်လေး အမြန် လာစေချင်တယ်"

"လာရမှာပေါ့ မမရယ်။ ဖေဖေ့ အလောင်းကို ကျွန်တော် နောက်ဆုံး အနေနဲ့ မြင်လိုက်ချင်တယ်။ ကျွန်တော် လာမှ အသုဘချပါ မမ"

"ကိုလတ်က ဘယ်နေ့လောက် ရောက်လာနိုင်မလဲ"

"ဒီနေ့ တနင်္လာနေ့ဆိုတော့ သောကြာနေ့လောက်မှ ရောက်နိုင် မယ်ထင်တယ်။ ဒါတောင် ရုံးကကား လေယာဉ်ကွင်းရှိတဲ့ ခရိုင်မြို့ကို ဆင်း မှာ။ လမ်းမှာ မိုးရွာပြီး မြေမပြိုဘူးဆို ရင်တော့ ကျွန်တော်ပြောသလို သော ကြာနေ့ ရောက်လာနိုင်မှာပါ"

"ဒီထက်စောမရောက်နိုင်ဘူး လား"

"မရောက်နိုင်ဘူး မမ။ ဒါအမြန် ဆုံးရောက်နိုင်တဲ့ ရက်ကိုပြောရတာ"

"ကိုလတ်ရောက်လာမယ့် ရက် ကို စောင့်ရမယ်ဆိုရင် ဖေဖေ့အလောင်း ကို သုံးရက်နဲ့ သင်္ဂြိုဟ်လို့ မဖြစ်နိုင် ဘူး"

"သုံးရက်နဲ့ သင်္ဂြိုဟ်လို့မရရင် ငါးရက်ထားပြီး သင်္ဂြိုဟ်ရင်ကော"

"အဲဒါတော့ ဖြစ်နိုင်ကောင်းပါ တယ်။ ဒါပေမယ့် ..."

"ဒါပေမယ့် ဘာဖြစ်လို့လဲ မမ"

"ခုဟာက နွေခေါင်ခေါင်ကြီး နေကပြင်းတော့ အနံ့အသက်တွေ ထွက်၊ မြင်မကောင်း ရှုမကောင်း ဖြစ် နေမလားလို့"

"ကျွန်တော်တို့မြို့ကလည်း ... နာရေးကူညီမှုအသင်းတော့ ရှိပါရဲ့ သချိုင်းမှာ ရေခဲတိုက်မရှိတာ ဆိုး တယ်ဗျာ။ ဘာပဲဖြစ်ဖြစ် ဖေဖေ့ အလောင်းကိုတော့ ကျွန်တော်မီချင် တယ်။ နောက်ဆုံးအနေနဲ့ ကန်တော့ ချင်တယ်ဗျာ"

"အင်း ... ကိုလတ်ကို မမ ကိုယ်ချင်းစာပါတယ်။ ကိုလတ်ဆန္ဒ ပြည့်အောင် မမ ကိုရဲထွဋ်နဲ့တိုင်ပင်ပြီး ကြိုးစားကြည့်မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com

"ကြိုးစားကြည့်မယ် မလုပ်နဲ့၊ မောင်လေးဆန္ဒကို မမဖြစ်အောင်လုပ်။ ကျွန်တော် ခုပဲ အဲဒီကိုလာဖို့ ပြင်ဆင်နိုင်းတော့မယ်။ ငါးရက်နဲ့ မမီနိုင်ရင် ခုနစ်ရက်ထိအောင် ထားဗျာ"

တစ်ဖက်မှ ဖုန်းချသွား၍ ခင်လေးကြီးမှာ ဖုန်းကိုင်ရင်း ငိုင်တွေသွားသည်။

××× ××× ×××

## (ရှစ်)

သေခဲ့ပြီဖြစ်သော ဦးခင်ဖေကြီးသည် အိမ်မှာကျန်ရစ်ခဲ့သော သမီးခင်လေးကြီးတို့ သူသေပြီးနောက် ဘာတွေဖြစ်နေသည်၊ ဘာတွေလုပ်နေသည်ကို မသိနိုင်ဘဲ ယမမင်းကြီး၏ တမန်တော်ခေါ်ဆောင်ရာနောက်သို့ တိမ်ဂွမ်းစတစ်စနှယ် လွင့်မျောပါလာခဲ့သည်။

သူသည် ဥမင်လိုဏ်ခေါင်းရှည်ကြီးထဲမှာ ခရီးသွားနေရသည်နှယ် ရှိ၏။ ထိုလိုဏ်ခေါင်းကြီးအတွင်းတွင် အလင်းရောင်က မစို့မပို့ရှိနေ၏။ တစ်ခါတစ်ရံ ထိုလိုဏ်ခေါင်းကြီးမှ ခွဲထွက်သွားသော လိုဏ်ခေါင်းတွေကိုလည်း တွေ့ရသည်။ အချို့လိုဏ်ခေါင်းများသည် မည်းမှောင်လျက်၊ အချို့လိုဏ်ခေါင်းများသည် အလင်းရောင် ဖြာထွက်လျက်ရှိ၏။

မည်းမှောင်နေသော လိုဏ်ခေါင်းအတွင်းမှ သံဆိုးသံနက်ကြီးများဖြင့် ကယ်ပါ,ယူပါ အသံကြီးများ၊ မချိမဆံ့ အော်ဟစ်သံကြီးတွေ ကြားနေရသည်။ အလင်းရောင်လျှံထွက်နေသော လိုဏ်ခေါင်းထဲမှမူ သာယာနာပျော်ဖွယ် အသံများကို ကြားနေရပြန်သည်။

"ဒါကုသိုလ်လမ်းခွဲနဲ့ အကုသိုလ်လမ်းခွဲတွေပဲ။ မင်းကတော့ ယမမင်းကြီးနဲ့တွေ့ပြီးရင် ဘယ်လမ်းကို သွားရမလဲဆိုတာ သိလာမှာပါ"

ရှေ့မှ အလင်းရောင်ရှင်က နောက်ကိုလှည့်မကြည့်ဘဲ သူ့ကို ပြောပြနေခြင်း ဖြစ်၏။

"တို့ကတော့ သတ္တဝါအားလုံးကို အကုသိုလ်လမ်းကို မရောက်စေချင်ဘူးကွာ။ ကုသိုလ်လမ်းကိုပဲရောက်စေချင်တယ်။ သေသွားတဲ့လူတွေကို ငရဲပြည်ကို သွားရအောင် ဆွဲချမလုပ်ချင်ဘူး။ ကောင်းရာသုဂတိ နတ်ပြည်ရောက်အောင်ပဲ ပို့ပေးချင်တယ်။ ဒါ့ကြောင့် ယမမင်းကြီးနဲ့တွေ့ရင် မင်းလူ့ဘဝတုန်းက ကောင်းမှုကုသိုလ်တွေ ဘာတွေလုပ်ခဲ့တယ်ဆိုတာ ပြောပြနိုင်ဖို့ စဉ်းစားထား ခင်ဖေကြီး"

အလင်းရှင်၏ စကားကြောင့် ဦးခင်ဖေကြီး အားတက်သွားသည်။

သူ့ဘဝမှာ ကောင်းတာတွေလုပ်ခဲ့တာများသည်။ အရာရှိ အရာခံကြီးတစ်ဦးပီပီ ညည့်ခံပွဲများနှင့်ကြုံလျှင် မိတ်ဖြစ်ဆွေဖြစ် သောက်စားတတ်ပေမည့် အရက်သေစာ မူးယစ်ရမ်းကားခဲ့ဖူးသူ မဟုတ်။ သူများမယား ပြစ်မှားစော်ကားဖို့လည်း ဝါသနာမပါ။ သူတစ်ပါးအသက် သတ်ဖို့ကတော့ ဝေလာဝေး။ သူကိုယ်တိုင်က ကြောက်တတ်သည်။ သားငါးစားတာတောင်မှ ဈေးက ပုံသကူသတ်ပြီးသား ဝယ်ချက်စားတတ်သည်။ လိမ်ညာမှု မုသာဝါဒ။ ဒါကတော့ မိသားစုအတွက် အိမ်ထောင်ဦးစီးငွေရှာရသူပီပီ ဝင်ငွေတစ်ဖက်တစ်လမ်းကရအောင် သူနှင့်ဘဝတူ လုပ်ဖော်ကိုင်ဘက်များနှင့် မိုးခါးရေသောက်၊ ဒါ ... ဒါလောက်ပါပဲ။

ထိုစဉ်ထူးထူးခြားခြား တောက်ပသော အလင်းရောင်ကို မြင်လိုက်ရသည်။ သူ့ကိုခေါ်ဆောင်လာသော အလင်းရှင်သည်ပင် ထိုတောက်ပသော အလင်းရောင်အောက်မှာ မှေးမှိန်သိမ်နုပ်သွားသည်။ တောက်ပသော အလင်းရှင်၏ဘေးတွင် ပရပိုက်ကြီးအသင့်ကိုင်လျက် တမန်တော်နှင့်မခြားသော ကိုယ်ရောင်ကိုယ်ဝါ ခပ်သိမ်သိမ်နှင့် ပီအေလိုလို ပုဂ္ဂိုလ်တစ်ဦး ရှိနေသည်။

တောက်ပလွန်းသော အလင်းရှင်ကြီး၏ ရှေ့မှောက်တွင် သူ့ကိုခေါ်ဆောင်လာသူ အလင်းရှင်က ဒူးတုပ်ခစားလျက် သူပါ ဒူးတုပ်ခစားလိုက်ရသည်။ တမန်တော်အလင်းရှင်က ...

"ယမမင်းကြီးဘုရား ... ယမမင်းကြီးက သေနေ့စေ၍ အခေါ်တော်လွှတ်လိုက်သော ခင်ဖေကြီးကို ကျွန်တော်မျိုး ခေါ်ဆောင်လာခဲ့ပါပြီဘုရား"

"ဘာကွဲ့ ... ယမနော၊ မောင်မင်း သေနေ့စေ၍ ခေါ်ဆောင်လာသူက ဘယ်သူ ..."

"သန်လျင် ဗိုလ်ချုပ်ကျေးရွာက ခင်ဖေကြီးပါဘုရား"

သည့်တွင် ယမမင်းကြီးသည် သူ၏နောက်ပါးတွင် ပရပိုက်ကိုင်လျက် အဆင်သင့်ရပ်နေသောသူကို ပို၍သေချာအောင် လှည့်မေးသည်။

"ဟဲ့ ... ယမန၊ ပုရပိုက်ထဲမှာ ကြည့်စမ်း။ သေနေ့စေ့တာ ခင်ဖေကြီး ဟုတ်မဟုတ်"

"မှန်ပါ၊ သေနေ့စေ့လို့ အခေါ်လွှတ်လိုက်တာက ခင်ဖေကြီးမဟုတ်ပါဘူး။ တင်ဖေကြီးပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်ကွဲ့။ ငါ ယမနော နဲ့ အခေါ်လွှတ်လိုက်တာ တင်ဖေကြီး ဆိုတာ သတိရနေတယ်။ တင်ဖေကြီး ဆိုတဲ့ကောင်က အရက်လည်းသောက် တယ်၊ မကောင်းတာမှန်သမျှ လူမသိ ရင် အကုန်လုပ်တဲ့ကောင်ပဲ။ ဒီခင်ဖေ ကြီးက ဘာသာတရား ကိုင်းရှိုင်းတဲ့သူ။ အကုသိုလ်နဲ့ ဝေးဝေးနေတဲ့သူ။ သူက သေနေ့မစေ့သေးဘူး။ မနုဿတ္တ ဒုလ္လဘဆိုသလို လူ့ဘဝဆိုတာ ရခဲပါ ဘိခြင်း။ လူ့ဘဝဟာ တန်ဖိုးအင်မတန် ရှိတဲ့ လမ်းဆုံလမ်းခွပဲ။ နတ်ပြည်သွား မလား၊ နိဗ္ဗာန်ကို မျက်မှောက်ပြု မလား၊ ဒါမှမဟုတ် ငရဲပြည်သွား မလား၊ တိရစ္ဆာန်ဘုံသွားမလား။ ကိုယ် ပြုတဲ့ကံ ကိုယ်ဖန်တီးစီရင်ရမယ့်နေ ရာ။ သေနေ့မစေ့ဘဲ လူတစ်ယောက် အကျိုးမဲ့ မဖြစ်စေနဲ့။ ခင်ဖေကြီးကို လူ့ဘဝပြန်ပို့ပေးပြီး၊ ငရဲကျမယ့် တင်ဖေကြီးကို သွားခေါ်လာခဲ့ပေ တော့"

ယမမင်းကြီး၏စကားကြောင့် ဦးခင်ဖေကြီး ဝမ်းအသာကြီး သာသွား သည်။ တစ်သက်နှင့်တစ်ကိုယ် ထိုမျှ လောက် ဝမ်းသာလွန်းသည်မှာ တစ် ကြိမ်တစ်ခါမျှ မရှိပါလေတော့။

ယမမင်းကြီးကို အရှိသေကြီး ရှိသေ၊ အကြည်ညိုကြီး ကြည်ညိုကာ အကြိမ်ကြိမ်အခါခါ ဦးချကန်တော့နေ မိသည်။

ယမမင်းကြီးထံမှလည်း စေတ နာရှေ့ထားကာ ဦးခင်ဖေကြီးကို ဆု မွန်များ ပေးသနားကာ ဆုံးမစကား များ မှာကြားပေးလျက်ရှိသည်။

"ဒီအတွေ့အကြုံမျိုးကို လူ အသိန်းအသန်းမှာ တစ်ယောက်ရဖို့ အင်မတန် ခဲယဉ်းတယ် မောင်ခင်ဖေ ကြီး။ လူ့ဘဝပြန်ရောက်ရင် ကောင်းမှု ကုသိုလ်တွေ လားရာဘဝကောင်း အောင် မပြတ်လုပ်ဖို့ မမေ့ပါစေနဲ့။ ကဲ ... ယမနော၊ ခင်ဖေကြီးကို လူ့ဘဝ ကို ပြန်ပို့ပေးပြီး၊ တင်ဖေကြီးကို ခေါ် လာခဲ့ပေတော့။ မှားခေါ်မိလို့ ခင်ဖေ ကြီးလည်း သူ့သားသမီးတွေနဲ့ မြေးမ လေးကို လွမ်း၊ ကျန်ရစ်တဲ့ သူ့သား သမီးတွေလည်း စိတ်ဒုက္ခရောက်၊ အလုပ်ရှုပ် ဖြစ်ကုန်ပြီ"

"မှန်ပါ။ ကျွန်တော်မျိုး အမြန် ဆောင်ရွက်ပါ့မည် ဘုရား။ ကဲ ... ခင်ဖေကြီး၊ ငါနဲ့ပြန်လိုက်ခဲ့"

xxx xxx xxx

## (ကိုး)

ရှေ့မှ လေအလျင်နှုန်းနှင့် ရွေ့ လျားနေသော ယမမင်းကြီး၏ စေတ မန် ယမနောကြီးကို ဦးခင်ဖေကြီး နှေး လွန်းသည်ဟု အထင်ရောက်နေလေ သည်။

အမှန်က ယမနောကြီး မနှေးပါ။ ဦးခင်ဖေကြီး စိတ်က စောလွန်းနေ၍ ဖြစ်သည်။ စေတမန် ယမနောကြီး သည် နတ်စေတမန်ဖြစ်သည်။ နတ် တို့ ဘုံဗိမာန်ကို အုပ်စိုးရသော တာဝတိံသာသိကြားမင်းကြီး၏ စေတ မန် မာတလိတို့၊ ဝိသကြုံတို့ကဲ့သို့ သော အထက်နတ်တော့ မဟုတ်။

အောက်ဘုံငရဲပြည်ကို အုပ်စိုးရ သော ယမမင်းကြီး၏ စေတမန် အောက်နတ်ဖြစ်ပုံရသည်။ ငရဲပြည်၌ ငရဲမခံရဘဲ ထိုအဆင့်ကို ရထားသည် မှာ တော်ရုံတန်ရုံ ကုသိုလ်မျိုးနှင့်တော့ မဖြစ်နိုင်ချေ။ ယမနောကြီးသည် လူ့ ဘဝက ကောင်းသောအမှုကုသိုလ် တစ်ခုခု၊ သို့မဟုတ် ကောင်းသော ကုသိုလ်အများအပြား လုပ်ခဲ့၍သာ ထို ဘဝသို့ရောက်ရှိနေခြင်း ဖြစ်ပေမည်။

မမှန်မကန်၊ မရိုးမသားပြုမှုကျူး ကြခဲ့လျှင် ထိုနေရာကို ရရှိလိမ့်မည် မဟုတ်။ ခုတော့ ...

ဦးခင်ဖေကြီးနှင့်ကျခါမှ မမှန် မကန်၊ မရိုးမသား ပြုမှုသလို ဖြစ်ခဲ့ လေ၏။ ဒါကလည်း ဦးခင်ဖေကြီး သည် ကောင်းမှုကုသိုလ်လုပ်သည့် အခါလုပ်၊ မကောင်းမှု အကုသိုလ်တွေ လုပ်မိသည့်အခါ လုပ်မိခဲ့သူဖြစ်၍ ယမ မင်းစေတမန် ယမနောကြီး မျက်စိ လည်သွားပုံရသည်။

နတ်မျက်စိလည်တယ်ဆိုတာ ဒါမျိုးဖြစ်နိုင်သည်။ ဒါမှမဟုတ်လျှင် လည်း နတ်သားတစ်ပါး၏ ရူးသွပ်မှု ဟု ပြောမည်ဆိုက မလွန်နိုင်တ ကောင်းရာပါ။ ပုထုဇနော ဥမ္မတကော ပုထုဇဉ်လူသားတို့၏ ရူးသွပ်မှုကို ဒေဝတာဇနော ဥမ္မတကော နတ်သား တို့လည်း ရူးသွပ်တတ်၏လို့ ပြောင်း မည်ကဲ့သို့ ဖြစ်နေလေပြီ။

ဦးခင်ဖေကြီးက စာတွေပေတွေ မတောက်တခေါက် ရေးဖတ်သူဖြစ် ၍ ယမမင်းစေတမန် ယမနောကြီး၏ မှားယွင်းရူးသွပ်သော ထိုလုပ်ရပ်ကို သူ လူ့ပြည် လူ့ဘဝသို့ အကောင်းပကတ ပြန်ရောက်လျှင် 'ဒေဝတာ ဇနော ဥ တကော' ဟူသော ခေါင်းစဉ်ကိုတပ် ကိုယ်တွေ့ဝတ္ထုကြီးရေးလိုက်မည် တေးမှတ်အားခဲထားလိုက်သည်။

သူတကယ်မသေဘူးဆိုတော့ ဝမ်းသာလွန်း၍ စိတ်တွေ ကယော ကယက်ဖြစ်ကာ အတွေးလွန်သွ



www.burmeseclassic.com

www.burmeseclassic.com

သည်ကို သူ့ရှေ့မှ နတ်စေတမန် ယမနောကြီးက လှည့်မကြည့်ဘဲ သိနေပုံရသည်။

"ဟော့ . . . ခင်ဖေကြီး"

"ဗျာ . . . ခင်ဗျာ"

"မင်း လူပီပီ ငါ့အပေါ် မကောင်းကြံစည်ပြီး ဘာတွေတွေးနေတာလဲ"

"မ . . . မဟုတ်ရပါဘူးခင်ဗျာ"

"စိတ်ကောင်းကောင်းထားပါကွာ။ လူဖြစ်ဖြစ်၊ နတ်ဖြစ်ဖြစ် ကိလေသာတွေမှ လွန်မြောက်၊ အရဟတ္တဖိုလ်ဆိုက်ပြီး ရဟန္တာမဖြစ်သေးသရွေ့ အမှားနဲ့ မကင်းနိုင်ကြဘူးကွ"

"ဟုတ် . . . ဟုတ်ပါတယ်"

"ဒါဆို ငါ့ကိုခွင့်လွှတ်ပါကွ။ လူ့ပြည်ပြန်ရောက်လို့ တောင်ရေး၊ မြောက်ရေးတွေ လုပ်ဖို့ စိတ်မကူးလေနဲ့"

"ဟုတ် . . . ဟုတ်ကဲ့။ ကျွန် . . . ကျွန်တော် အရှင်ယမနောကြီးရဲ့အမှားအယွင်းကို ရေးဖို့စိတ်မကူးရဲတော့ပါဘူး ခင်ဗျာ"

"ရေးရဲရင်လည်း ရေးကြည့်ပေါ့ကွာ။ မင်းတို့လူသားတွေဟာ ငါတို့သေမင်းစက်ကွင်းက မလွတ်နိုင်ပါဘူးကွ နားလည်ရဲ့လား"

"နားလည်ပါတယ် ခင်ဗျာ့"

ကာယကံမြောက် မပြုမူရသေး၊ ဝစီကံမြောက် ထုတ်ဖော်မပြောရသေးဘဲ မနောကံဖြင့် တွေးမိသော အတွေးကိုပင် သိနိုင်စွမ်းသော ယမနောကြီးကို ဦးခင်ဖေကြီး လန့်လာသည်။ ကြံကောင်းမစည်ရာတွေ မတွေးဝံ့တော့။ ပြန်လည်ဆုံတွေ့ရတော့မည့် သူ့မိသားစုအကြောင်းပဲ သူတွေးတော့သည်။ ထိုအခါကျမှ ပထမဦးဆုံး သူသတိရလိုက်သည်မှာ သူ့အချစ်ဆုံး မြေးမလေး ခင်သဇင်သင်း . . .။

သူလမ်းလျှောက်ထွက်ခါနီး၊ သို့မဟုတ် အပြင်ကို ကိစ္စတစ်ခုခုနှင့် သွားခါနီး . . .

"မြေးကလေးရေ . . . ဘိုးဘိုးဖေကြီး သွားတော့မယ်။ ဘိုးဘိုးဖေကြီး အသည်းနှလုံး ဘယ်မှာလဲ"

သူကလှမ်းအမေး မြေးမကလေးက သူ့ရင်ဘတ် အသည်းနှလုံးနေရာသို့ ပုတ်ကာ ပုတ်ကာ . . .

"ဘိုးဘိုးဖေကြီး အသည်းနှလုံး ဒီမှာ . . . ဒီမှာ"

ထိုအကြောင်းအရာတွေ ပြန်မြင်၊ ထိုစကားသံတွေ ပြန်ကြားရတော့ ဦးခင်ဖေကြီးနှင့် သားငယ် ခင်မောင်လတ်တို့၏ ငယ်စဉ်ကလေးဘဝမှ ယခုတိုင် မပျက်မယွင်းဘဲ မြေးမလေးလက်ထက်တိုင် စွဲမြဲခဲ့သော အစဉ်အလာကို ဆက်၍ ဆက်၍ မြင်မိပြန်သည်။

ထိုစဉ်ကတော့ သမီးခင်လေးကြီးနှင့် သားခင်မောင်လတ်တို့က ကလေးအရွယ် ဘိုးဘိုးဆိုသော ဝေါဟာရကိုပင် မသုံးစွဲနိုင်သေး။

"သမီးနဲ့ သားတို့ရေ . . ဖေကြီး အပြင်သွားတော့မယ်၊ ဖေကြီးအသည်းနှလုံး ဘယ်မှာလဲဟင်"

"ဖေကြီးအသည်းနှလုံး . . . ဒီမှာ . . . ဒီမှာ"

"ပေကြီး အသည်းနရုံး တီမှာ တီမှာ"

သမီးကြီးက အရွယ်ရောက်နေပြီဖြစ်၍ စကားလုံးပီပီသသ ပြောနိုင်သည်။ သားလေးက ငယ်လွန်းသေး၍ စကားလုံး ပီပီသသ မပြောနိုင်ရှာ။ မပီကလာ ပီကလာ . . .။

"ဟွန်း . . . တော်တော်ချစ်စရာကောင်းတဲ့ ကလေးတွေ"

ဟာဒယနှလုံးအိမ်မှာ ပီတိတွေ တသိမ့်သိမ့်ရိုက်ခတ်ကာ သူ့မျက်နှာမှာ အပြုံးရိပ်တွေ တစိမ့်စိမ့် တက်လာသည်။

ထိုသို့ တစိမ့်စိမ့်တက်လာရင်းမှ သူယခု အိမ်သို့ပြန်ရောက်လျှင် သူ့ဝိညာဉ် ခန္ဓာကိုယ်ဘော်ဒီကြီးကို ခေတ္တခွဲခွာပြီး မှားယွင်းစွာ ခေါ်တော်မူခြင်းမခံရမီ . . .

အဝေး . . . အဝေးခရီးက ပြန်ရောက်လာသူအဖြစ် သူ့သမီး၊ သူ့မြေး၊ သူ့သားတွေကို ပထမဆုံး ဝမ်းသာပီတိဖြင့် နှုတ်ခွန်းဆက်သ မေးရမည့်အမေးမှာ . . .

"မြေးလေးတို့ . . . သမီးနဲ့ သားတို့၊ ဘိုးဘိုးဖေကြီး ပြန်လာပြီလေ။ ဘိုးဘိုးဖေကြီး အသည်းနှလုံး ဘယ်မှာလဲ"

ဟူသော နှုတ်ဆက်အမေးစကားလုံးများပင် ဖြစ်၏။ ထိုအခါ သူချစ်လွန်းသော၊ မခွဲနိုင် မခွာရက်သံယောဇဉ် နှောင်ဖွဲ့တွယ်တာရလွန်းသော မြေးမကလေးနှင့် သမီးနှင့် သားတို့က ဟို . . . ယခင် ယခင်ကာလတုန်းက စွဲတည်လာခဲ့သော အစဉ်အလာအတိုင်း . . .

"ဘိုးဘိုးဖေကြီး . . အသည်းနှလုံး ဒီမှာ . . . ဒီမှာ"

ဟု တတွတ်တွတ် ရေရွတ်ကာ သူတို့၏ ရင်ဘတ်အသည်းနှလုံးနေရာ ကလေးများကို ပုတ်၍ ပုတ်၍ ပြကြဦးမည်မှာ မြင်ယောင်မိလာသေးတော့၊ တွေးမိပါသေးတော့၊ ကြည်နူးပီတိတွေ ဖြစ်ရပါသေးတော့ . . .။



www.burmeseclassic.com

www.burmeseclassic.com

(တစ်ဆယ်)

"ဒီမှာ အစိမ်းသေနတ်၊ ငါက မင်းထက် ရာထူးကြီးတယ်။ ငရဲသနင်း ယမမင်းကြီးရဲ့ စေတမန် ယမနောပဲ။ အိမ်ထဲကို ငါတို့ဝင်ဖို့ ဘာလို့ ရှေ့ကနေ တားပြီး ကာဆီးကာဆီး လုပ်နေရတာ လဲ"

သူ့ရှေ့မှ ဦးဆောင်သွားနေသော ယမနောကြီး၏အသံကို ကြားလိုက်ရမှ ဦးခင်ဖေကြီး၏ အတွေးစတွေ ပျက်ပြယ်သွားကာ သတိတွေ ပြန်ဝင်လာခဲ့သည်။

သူနှင့် ယမနောကြီးသည် ယမမင်းထံမှ အပြန်ခရီး၊ လူ့ဘုံဘဝသို့ ပြန်ရောက်နေကြသည့်အဖြစ်။

ဦးခင်ဖေကြီးနှင့် ယမနောကြီးတို့ နှစ်ဦးစလုံး ဦးခင်ဖေကြီး၏ ခြံကြီးထဲသို့ ဝင်မိနေကြလေပြီ။

သို့သော် မီးလောင်ဒဏ်ရာများနှင့် အဘိုးကြီးတစ်ယောက်က ကျိုင်းတုတ်ကြီးကိုင်ကာ အိမ်ဝမှနေ၍ အိမ်ထဲသို့ မဝင်ရန် ဟန့်တားနေသည်ကို တွေ့လိုက်ရသဖြင့် အံ့အားသင့်သွားလေသည်။ သူတော်စင်အဝတ်အဆင်နှင့် ဖြစ်သော်လည်း ရိုးသားပုံမရချေ။

ထိုအဘိုးကြီး၏ မျက်နှာမှာ ဒေါသရိပ်ထင်နေသော်လည်း သူ့ထက်ရာထူးကြီးသည်ဆိုသော ယမမင်းစေတမန် ယမနောကြီးကို လွန်ဆန်ပုံဟန်မတူဘဲ အောက်ကျို့သော လေသံဖြင့် ...

"ကျုပ်ထက် ရာထူးတန်ခိုးအရာသာတဲ့ စေတမန်ယမနောကြီးဆိုတာ ကျုပ်သိပါတယ်။ အသင်တို့ဟာ ကျုပ်တို့ထက် မြတ်တယ်ဆိုတာလည်း နားလည်ပါတယ်။ ခုဟာက ဒီက ခင်ဖေကြီးနဲ့ အိမ်ထဲကိုဝင်မယ်ဆိုတာ မဖြစ်နိုင်တော့လို့ပါ"

"ဘာဖြစ်လို့ ခင်ဖေကြီးနဲ့ အိမ်ထဲကို မဝင်နိုင်ရမှာလဲ။ ခင်ဖေကြီးက ဒီအိမ်နဲ့ ဒီခြံကိုပိုင်တဲ့ ပိုင်ရှင်အစစ်ပဲ။ သင်ကမှ သူတို့ခေါ်ယူတင်ထားလို့ ဒီအိမ်ကြီးပေါ်မှာ နေနေရတဲ့သူ၊ ညှို့သည်ပဲ။ အိမ်ရှင်ကို ညှို့သည်က ဘာဖြစ်လို့ နှင်ထုတ်ချင်ရတာလဲ။ အိမ်ရှင်ကို ညှို့သည်က မနှင်ကောင်းပါဘူး"

"အိမ်ရှင်ကို ညှို့သည်က မနှင်ကောင်းတာ ကျုပ်အသိသားပါ။ ဒါပေမယ့် ကျုပ်က အိမ်တွင်းနတ်ကြီးပီပီ ဒီအိမ်မှာ ဖြစ်ပျက်နေတဲ့ အတွင်းရေးတွေအားလုံးကို သိထားလို့ ခင်ဖေကြီး ဝင်လာရင် ဒီအိမ်ကြီးမှာ ကမ္ဘာကြီးတစ်ခုလုံး အံ့သြသွားစရာ မဖြစ်သင့်တာတွေ၊ မထင်မှတ်တာတွေ ဖြစ်သွားမယ့်အရေးအခင်း အဖြစ်သနစ်ကြီး ပေါ်ပေါက်လာမှာကို မြင်ပြီး တားဆီးနေတာပါ"

အိမ်တွင်းနတ်အဘိုးကြီးက ပြောနေစဉ် စေတမန် ယမနောကြီးနောက်မှ ဦးခင်ဖေကြီးက အိမ်ပေါက်ဝမှနေ၍ အိမ်သို့ ဝင်လိုဇောနှင့် လှမ်းကြည့်လိုက်မိသည်။

ဦးခင်ဖေကြီး၏ အလောင်းကို ညှို့ခန်းထဲ၌ ခုတင်ကြီးတစ်လုံးပေါ်တင်၍ လှပစွာ ပြင်ဆင်ထားလေပြီ။ ရဟန်းဒကာ၊ ကျောင်းဒကာအဖြစ် လူသိစေရန် ရွှေထီးလေးလက်၊ ခုတင်တိုင်စွန်းတွေမှာ ထူ၍ ချည်နှောင်ထား၏။

အချစ်ဆုံးဖြစ်သော သမီးကြီးက အသုဘမေးလာကြသော ညှို့သည်များကို ညှို့ခံစကားပြောနေသည်။

သမက်ဖြစ်သူ ကိုမောင်မောင်ရဲထွန်း သူ့သူငယ်ချင်း ကျူရှင်ဆရာများနှ တစ်စားပွဲထိုင်ကာ ဖိုကာဒေါင်း သည်။

"သေလိုက်တဲ့ဖဲ၊ ယောက္ခမကြီ က ဂျိုကာလေးဘာလေး တက်အောင် လုပ်မပေးဘူး"

"မင်းကို သေသွားတဲ့ ယောက္ခ ကြီးက ဂျိုကာတက်အောင် မလု ပေးပေမဲ့ ခြံနဲ့တိုက်နဲ့ ပိုင်အောင် လု ပေးသွားတာပဲ မဟုတ်လား။ ဟား ဟား ... ဟား"

သူ့အလောင်း မြေမှကျသော သမက်နှင့် အပေါင်းအပါများက လေးစား ပြုနေကြပြီ။

မြေးမကလေး ခင်သဇင်သ သည် သူ့အလောင်းနှင့် ခပ်လှမ်းလှ ဆက်တီတစ်လုံးပေါ်၌ အခေါ်ခြင် သက်မာ၏ ပေါင်ပေါ်တွင် ထိုင်လျ ပြင်ဆင်ထားသော သူ့အလောင်းကြီ ကို တစ်လှည့်၊ လူကြီးတွေကိုတစ် လှည့် အထူးအဆန်းလို ကြည့်နေ သည်။

အိမ်ထဲမှလူတွေကော၊ အဝ အထွက်ပြုနေသူတွေကော ဦးခင် ကြီးတို့ကို မမြင်နိုင်ကြ။ ယမနော နှင့် အိမ်တွင်းအဘိုးကြီးတို့ အချီအ စကားများနေကြသည်ကိုလည်း ကြ နိုင်စွမ်းမရှိကြ။

"ကျုပ်လာတာ ယမမင်းကြီး အမိန့်နဲ့လာတာ။ ခင်ဖေကြီးကို နေ့မစေ့သေးဘဲ လူမှားခေါ်လာမ ယမမင်းကြီးက လူပြည်ပြန်ပို့နိုင် တာပဲ"

"အဲဒါကြောင့် မဖြစ်နိုင်တာ မြင်ပြီး ကျုပ်တားနေတာပေါ့။ ယ



www.burmeseclassic.com

www.burmeseclassic.com

ကြီးအမိန့်ကို ကျုပ်အာခံနေတာမဟုတ်ပါဘူး''

''ဘာ့ကြောင့် မဖြစ်နိုင်ရမှာလဲ။ ကျုပ်တို့ မရဏသေမင်းလောက အစဉ်အလာမှာ သေနေ့မစေ့ဘဲ သေသွားရရိုး အစဉ်အလာ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူး။ ခင်ဖေကြီးရဲ့ နာမ်ဝိညာဉ်ကို သူ့ရုပ်ခန္ဓာကိုယ်ကြီးထဲ ပြန်သွင်းပေးဖို့ ကျုပ်တာဝန်ပဲ''

''တော်တော်တော့ အပြောရကျပ်နေပါပေ့လား ယမနောကြီးရယ်။ တဲ . . . ဗျာ၊ ဘာ့ကြောင့် ဒီကိစ္စမဖြစ်နိုင်ရတာလဲဆိုတာ ကျုပ်နဲ့အတူ ခင်ဗျားတို့နှစ်ဦးစလုံး လိုက်ခဲ့ပြီး ကြည့်ကြစေချင်ပါတယ်။ လာ . . . ကျုပ်နဲ့လိုက်ခဲ့''

အိမ်တွင်းအဘိုးကြီးက လက်တွေပြလိုဟန်ရှိသည်။ သူကခေါ်နေမှတော့ ယမနောကြီးနှင့် ဦးခင်ဖေကြီးတို့သည် နောက်မှလိုက်လာခဲ့ကြရသည်။

အိမ်ခြံအပြင်ဘက်သို့ ရောက်လာခဲ့ကြသည်။ ခြံတွေက ခြံကျယ်ကြီးတွေဖြစ်ပြီး၊ သုံးခြံလောက်အကျော်မှာ တောင်ကုန်းမို့မို့နှင့် တောအုပ်ချုံပုတ်အစပ်သို့ ရောက်လာကြသည်။

ထိုစဉ် ညှီစို့စို့အနံ့အသက်တစ်ခုကို ဦးခင်ဖေကြီးတို့ ရလိုက်ကြသည်။ ချုံပုတ်အစပ်မှာ ခွေးသုံးလေးကောင်ကို တွေ့လိုက်ရပြီး၊ ခွေးတွေက မြေကြီးများကို အနံ့ခံကာ ယက်ထုတ်နေကြသည်။

တစ်ကောင်သော ခွေးက သူတို့ကို မြင်ပုံရ၍ လှမ်းဟောင်ကာ အူသံပေးလိုက်သည်။ ဒီနေရာ ခွေးက လူထက် အမြင်သာသည်မှာ တစ်ပန်းသာသွား၏။

''ဝုတ် . . . ဝုတ် . . ဝုအူး . . ဝုအူး''

ကျန်အကောင်တွေက ဂရုမစိုက်၊ မြေကြီးထဲမှ သူတို့အစာဖြစ်ဟန်ရှိသောအရာကို သဲကြီးမဲကြီး ယက်ထုတ်နေကြသည်။ သိပ်မယက်လိုက်ရ။ ခွေးတစ်ကောင်က မြေကျင်းထဲမှ အစတစ်စကို ကိုက်ချီဆွဲထုတ်လိုက်သည်။

''အို . . အူအထွေးကြီးပါလား''

ဦးခင်ဖေကြီးနှုတ်မှ အံ့သြဘနန်းစကားလုံးတွေ ခုန်ထွက်သွား၏။

အူအထွေးကြီးနှင့်အတူ အသည်းတွေ၊ နှလုံးတွေ၊ ဆက်၍ အတွဲလိုက်ပါလာသည်။ ကြည့်နေသော ဦးခင်ဖေကြီး ရင်ထဲမှာ လှိုက်တက်လာသည်။

အိမ်တွင်းအဘိုးကြီး၏အသံကို ဆက်၍ကြားရပြန်သည်။

''ကဲ . . . စေတမန်ယမနောကြီး၊ အဲဒါ ဘယ်သူ့အသည်းတွေ၊ နှလုံးတွေ၊ အူတွေ ထင်သလဲ။ ဟောဒီ ခင်ဗျားနောက်က ခင်ဖေကြီးရဲ့ အသည်းတွေ၊ နှလုံးတွေပါတဲ့ ခင်ဖေကြီးရဲ့ ဝမ်းတွင်းကလီစာတွေပဲဗျ့''

''ဘယ်လိုဖြစ်သွားတာလဲ''

''ဘယ်လိုဖြစ်ရမှာလဲဗျာ။ ခင်ဖေကြီးရဲ့အလောင်းမှာ ဝမ်းထဲက အူ အသည်း ကလီစာတွေရှိနေရင် မြန်မြန် ဗိုက်ကြီးဖောင်းပြီး အပုပ်မြန်လို့ နယ်က သူ့သားမလာခင် ကြာကြာခံအောင် ရှေးရိုးစဉ်လာအတိုင်း အူ အသည်းတွေကို ဆေးရုံရင်ခွဲရုံက အလုပ်သမားတစ်ယောက်ခေါ်၊ ပိုက်ဆံပေး ဗိုက်ခွဲပြီး ထုတ်ပစ်လိုက်တာပဲ''

''ဟင် . . . ဖြစ်မှုဖြစ်ရပလေ''

''ယမနောကြီး မယုံရင် ဗိုက်ခွဲတဲ့ ဆေးရုံက တာတီးနဲ့ တွေ့ချင်သေးသလား။ ကျုပ်တွေ့ပေးမယ်။ တာတီးဟာ ခင်ဖေကြီးရဲ့ဗိုက်ထဲက ကလီစာတွေ ထုတ်ယူပြီး တော်ရီလျော်ရီ ဒီတောစပ်မှာ လာမြှုပ်ခဲ့ပြီး ခုအချိန်မှာ ဗိုက်ခွဲလို့ရတဲ့ပိုက်ဆံနဲ့ ရွာဝက အရက်ပုန်းဆိုင်မှာ ရှိနေလေရဲ့။ ကာယကံရှင်တွေ မျက်နှာလွှဲတော့ သူလည်း ခဲပစ်လုပ်တော့တာပေါ့လေ''

''ဒုက္ခပါပဲဗျာ''

ထိုစိတ်ပျက်ညည်းညူသံ ဦးခင်ဖေကြီးထံမှ မဟုတ်ဘဲ ယမမင်းကြီး၏ စေတမန် ယမနောကြီးဆီမှ ဖြစ်သည်။

ကာယကံရှင်ဖြစ်သော ဦးခင်ဖေကြီးမှာ စေတမန် ယမနောကြီးနှင့် အိမ်တွင်းအဘိုးကြီးတို့ ဘာတွေဆက်ပြောနေသလဲဆိုသည်ကို ဂရုမစိုက်နိုင်တော့။ ဦးနှောက်ထဲလည်း ထည့်သွင်းမစဉ်းစားနိုင်တော့။

သူ၏ အသည်းနှလုံးနှင့် အူတွေ မြိန်ရှက်စွာ လုယက်စားသောက်ပြီး တစ်ကောင်နှင့်တစ်ကောင် စားမာန်ခုတ် ဟိန်းဟောင်လျက် ကိုက်ခဲနေကြသည့် ခွေးတွေကိုသာ တွေတွေကြီး ငူငိုင်ကြည့်နေမိတော့သည်။

သူ့နားထဲတွင် ခွေးဟောင်သံများအစား သူ့ဗွဲလမ်း၍ သံယောဇဉ်တွယ်တာခဲ့သူများ၏ အသံများကိုသာ ကြားနေရပြီး မျက်ရည်များဝဲဆင်းလာခဲ့လေပြီ။

''ဖေကြီး အသည်းနှလုံး ဘယ်မှာလဲကွယ်''

---


ကျော်မင်းနိုင်

---



www.burmeseclassic.com

www.burmeseclassic.com



# ရန်ပြုသူတွေ များနေသလား

ဆရာဇီဝအောင်ထွင့်

လောက၌ "ချစ်ခင်သူတစ်ရာရှိပါက နည်းသေး၏။ ရန်လိုသူတစ်ဦးရှိပါက များလှ၏"ဆိုသော စကားရပ်ကလေး ရှိပါသည်။ ဆိုလိုသည်မှာ ရန်များခြင်း၏ မကောင်းသော အလေ့ပင် ဖြစ်ပါလိမ့်မည်။ မိမိတို့ပတ်ဝန်းကျင်ဝယ် ကိုယ့်အပေါ်လိုလားချစ်ခင်သူတွေ ရှိကြသလို၊ မလိုလားဘဲ ရန်သတ္တုပြုလိုသူတွေလည်းရှိနေကြသည်မှာ လောကနိယာမပင် ဖြစ်ပါသည်။

မိမိ၏ပတ်ဝန်းကျင်၌၊ မိမိ၏လုပ်ငန်းခွင်၌၊ မိမိ၏ စီးပွားရေးဈေးကွက်၌ ရန်သတ္တုပြုသူ၊ ရန်လိုသူ၊ မိမိအတွက် အကျိုးပေးသူ၊ မကောင်းကြံသူတွေ များနေလျှင် မိမိအတွက် အကျိုးမဲ့ရာမဲ့ ကြောင်းတွေသာ ဖြစ်ထွန်းနေပါလိမ့်မည်။ သည့်အတွက် ရန်ဘေးအသွယ်သွယ်မှ ကင်းပခြင်းသည်သာ လောကီအတွက် ကောင်းကျိုးမင်္ဂလာပြည့်ဝလိမ့်မည်ဟု ယူဆပါသည်။ ဤ၌ ရေဒီယိုမှ နံနက်ခင်းကာလ ရုံဖန်ရံခါ ထုတ်လွှင့်လေ့ရှိသော သီချင်းကလေးတစ်ပုဒ်မှ တေးစာသားကလေးတစ်ပိုဒ်ကို အမှတ်မထင် သတိရမိပါသည်။ "လောကမှာ ကွယ် × × × စာဆိုရှိုးတယ် × × × သူ့ကိုမုန်းရင် ကိုယ့်ကိုမုန်းမယ်"ဟူ၍ ဖြစ်သည်။

သည့်အတွက် ကြေးမုံမှန်ရှေ့ ရောက်နေဘိသည့်အလား သူတစ်ပါးမှ အမုန်းမပွားရလေအောင်၊ ရန်ပြုခြင်းများ မခံရလေအောင် မိမိကိုယ်၌ကလည်း တစ်ပါးသူအပေါ် အမုန်းမပွားသင့်သလို ရသတ္တုပြုခြင်းကိုလည်း ရှောင်ရှားသင့်ပါသည်။ မေတ္တာတွေ လွှမ်းခြုံဖို့ လိုအပ်ပါသည်။ စောင်ဖြူစောင်ကျား ခြုံသော်ငြားလည်း လုံလိမ့်မည်မဟုတ်ပါ၊ မေတ္တာစောင်ခြုံပါမှ လုံပါလိမ့်မည်။ ဤ၌ ရန်ပြုသူတွေ များနေပါက ရန်အပေါင်းကင်းဝေးစေခြင်းအလို့ငှာ လောကီယတြာလေးတစ်ခုကို လေ့လာတင်ပြချင်ပါသည်။

ထိုယတြာမှာ လေးညှင်းပွင့် ၆ ပွင့်အား ငိတ်ဖြူစသန့်သန့်နှင့်ထုပ်ကာ ဘုရားရှေ့၌ ငါးပါးသီလကို ခံယူဆောက်တည်ရပါမည်။ ဘုရား၏ ဂုဏ်တော်ကိုးပါးမှ "အနုတ္တရော ပုရိသ ဓမ္မသာရထိ" ဟူသည့် ဂုဏ်တော်ကို မိမိသက်စေ့ ရွတ်ပွားရပါမည်။ ပြီးလျှင် ထိုပိတ်စထုပ်ကလေးအား ကိုယ်နှင့်မကွာ သွားလေ၊ လာရော၊ လုပ်ငန်းလုပ်ဆောင်ရာတို့တွင် ယူဆောင်သွားပါ။ အထူးသတိချပ်ရန် အနေဖြင့် အမဲသားစားခြင်းကို ရှောင်ရှားရပါမည်။

အဆိုပါယတြာအရ အဆောင်ကို ကိုယ်နှင့်မကွာ ထားရှိခြင်း၊ မေတ္တာထုံလွှမ်းပြီး ဂုဏ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ပွားများခြင်းတို့ဖြင့် အံ့ဩဖွယ်ကောင်းလောက်အောင် မိမိ၌ ဘေးရန်အန္တရာယ်များ သူ့အလိုလို ကင်းရှင်းကာ လူချစ်လူခင်များလာပါလိမ့်မည်။ မျက်နှာပွင့်လန်းလာပါလိမ့်မည်၊ လုပ်ငန်းဆောင်တာများ အဆင်ပြေချောမွေ့သွားပါလိမ့်မည်ဖြစ်ကြောင်း အကျိုးမျှော် နှိုးဆော်တင်ပြလိုက်ရပါသည်။

ဆရာဇီဝအောင်ထွင့်



www.burmeseclassic.com

www.burmeseclassic.com

# ဆင်နွဲရဦးမည့် တိုက်ပွဲ

တက္ကသိုလ်သဉ်

ကျွန်တော့်ဇနီးသည်က သူ့ကိုယ်သူ "သေရွာပြန်"ဟု ဆိုသည်။ အဘယ့်ကြောင့်ဆိုသော် သူ့အား ဆရာဝန်များက ကြိုးစားပြီး အသက်လုခဲ့ရသောကြောင့် ဖြစ်သည်။

ဇနီးသည်မှာ ဆီးချိုရောဂါရှိမှန်း မသိ။ ခပ်ပေါ့ပေါ့ပင် နေခဲ့၏။ ဆရာဝန်ကြီးနှင့်တွေ့ပြီး စမ်းသပ်ကြည့်သည့်အခါမှသာ သူ့တွင် "ဆီးချို"ရှိမှန်း သိရ၏။ ဆီးချိုအဆင့် နံပါတ်ကလည်း ၆၀၀ ကျော်နေသည်။ အတွေ့အကြုံရှိသူများ ပြောပြချက်အရ ဤမျှလောက် ဆီးချိုတက်နေလျှင် အသက်ပါသွားနိုင်သည်ဟု ဆိုသည်။ ဆီးချိုတက်နေသဖြင့် သူ့အနာအကျိတ်က တော်ရုံနှင့် မကျနိုင်။ အနာ၏ ဒဏ်ကြောင့် အချိန်ပြည့် နာကျင်ကိုက်ခဲမှုကို ခံစားနေရ၏။

သူ့အနာကျိတ်ကို ခွဲစိတ်ဖို့အတွက် ဆေးရုံရောက်ပြန်တော့လည်း ဆီးချိုဝေဒနာရှင်တစ်ဦးကို အရမ်းကာရော ခွဲစိတ်၍မရဟု ဆိုသည်။ ဦးစွာ ဆီးချိုကျအောင် လုပ်ရသည်။ ဆေးထိုး ဆေးသွင်း၊ ဆေးသောက် မျိုးစုံအောင်လုပ်ရ၏။ မနက်တစ်ကြိမ်၊ ညတစ်ကြိမ် ဆီးချိုအဆင့်မည်မျှရှိသည်တိုင်းရ၏၊ စောင့်ကြည့်ရ၏။

ဆီးချိုအကျလွန်သွားပြီး အဆင့် ၃၀ လောက်ရှိသဖြင့် သကြား၊ သို့မဟုတ် အချိုတစ်ခုခု ချက်ချင်းစားရ၏။ ဆီးချိုသမားဘဝက အတော်ခွကျ၏။ ဆီးချိုတက်လွန်းလျှင်လည်းမရ၊ ကျလွန်းပြန်လျှင်လည်း မဖြစ်။ အတော်သတိထားရ၏။ ဆေးရုံရောက်ပြီး လေးရက်ကြာမှ ဆီးချိုအဆင့်လည်း ပုံမှန်ဖြစ်မှ အနာအကျိတ်ကို ခွဲစိတ်ဖို့လုပ်ရ၏။ ဇနီးသည်မှာ အသက် ၆၀ ကျော်ပြီဖြစ်၍ ခွဲစိတ်ကုသရာတွင် စဉ်းစားချင့်ချိန်ရ၏။ ဥပမာ မေ့ဆေးများများပေး၍လည်း မဖြစ်၊ မေ့ဆေးများသွားပါက ပြန်မနိုးမည်ကိုလည်း စိုးရိမ်ရ၏။

သို့ဖြစ်၍ မေ့ဆေးကို ချင့်ချိန်ပြီးပေးရသည့်အတွက် ဇနီးသည်မှာ ခွဲစိတ်နေသည်ကို သိနေသည်။ နာလိုက်သည်မှာ ခွေမျိုးမေ့သည်။ ဘာကိုဘာမျှ မသိတော့။ နာလွန်းသဖြင့် အော်သံက ဆေးရုံတစ်ခုလုံး ညံစီသွားသည်။

မည်သို့ရှိစေ ဆရာဝန်များ၏ ကြိုးပမ်းမှုနှင့် ဇနီးသည်၏ ကံတရားကြောင့် ခွဲစိတ်မှု အောင်မြင်ပြီးမြောက်ခဲ့ပါ၏။ အနာအကျိတ်၏ဝေဒနာမှာလည်း လွန်စွာသက်သာသွားသည်။

ယနေ့ဆိုလျှင် ဇနီးသည် ခွဲစိတ်မှုပြီးစီးပြီး အိမ်ပြန်ရောက်သည်မှာ ငါးလခန့်ရှိပေပြီ။ ဇနီးသည်သည် သူ၏ကျန်းမာရေးကို ယခင်ကထက် အလေးဂရုပြုကာ အစားအသောက်၊ အနေအထိုင် ပြုပြင်လိုက်သည်ကို ကျွန်တော်သတိထားမိသည်။

ယခင်ကဆိုလျှင် ဇနီးသည်သည် ကော်ဖီ၊ လက်ဖက်ရည်သောက်လျှင် "ချို"မှ ကြိုက်သည်။ နွေကာလဆိုလျှင် အချိုရည်ပုလင်းကို တစ်နေ့ တစ်ပုလင်းသောက်သည်။ မော်လမြိုင်သူဖြစ်၍ ဒူးရင်းသီးကို အလွန်ကြိုက်၏။ ဖရဲသီးကို ချိုမှစားသည်။ တစ်ခါတစ်ရံ ထောပတ်သီးဖျော်ရည်ကို နို့ သကြားနိုင်နိုင်ထည့်၍ သောက်တတ်သည်။

ယခုမူ အချိုကြိုက်သူ ဇနီးသည်သည် "အချို"ကို ဝေးဝေးကရှောင်သည်။ သကြားကို လျှာဖြင့်ပင် မတို့မထိတော့။ သူကြိုက်ပါသည်ဆိုသော ဒူးရင်းသီးကို မုန်းပစ်လိုက်သည်။ အချိုရည်ပုလင်းကိုလက်ဆောင်ရလျှင် လှည့်မကြည့်ဘဲနေလိုက်သည်။

ဆီးချိုအတွက် ဆရာဝန်ပေးသော ဆေးကို မှန်မှန်သောက်သည်။ သကြားအစား ဆီးချိုသမားများအသုံးပြုသည့် Equal သကြားကို သုံးသည်။ နို့မှုန့်ဆိုလျှင် MIKKO MATE ကို လက်မလွှတ်။ ကော်ဖီကြိုက်သူမို့ မသောက်လျှင် မနေနိုင်



www.burmeseclassic.com

www.burmeseclassic.com

သဖြင့် သောက်သည်။ သည့်အတွက် Super Diet Coffee Mix ကို သီးခြားဝယ်သုံးသည်။

ထို့အပြင် ဆီးချိုအတက်အကျကိုသိရန် တစ်ပတ်တစ်ခါ ဆယ်ရက်တစ်ကြိမ်လောက် ဆီးချိုတိုင်းသည်။ သွေးတိုးရှိမရှိလည်း တိုင်းသည်။ ဆီးချိုရောဂါဒဏ်ကို ကောင်းကောင်းခံထားရသူမို့ ဇနီးသည်သည် ကျန်းမာရေးကို အထူးဂရုစိုက်သည်။

ဇနီးသည် ဆီးချိုရောဂါခံစားခဲ့သည်မှာ မကြာသေး။ တစ်နှစ်ပင်မရှိသေး။ သို့သော် ဆီးချိုရောဂါက အနု၊ အရင့် မရွေး ခံစားရပြီဆိုလျှင် ရောဂါပျောက်ဖို့က ခက်သည်ဟု ဆိုသည်။ အချို့က နာတာရှည်ရောဂါဟု ကင်ပွန်းတပ်ကြသည်။ ဆီးချိုအမျိုးအစား (၁)နှင့် (၂) ရှိသည်။ (၁)အမျိုးအစားသည် အသက် ၄၀ အောက်၊ အသက်မကြီးသေးသူတို့တွင် ဖြစ်တတ်ပြီး၊ (၂)အမျိုးအစားသည် အသက်ကြီးသူများတွင် ဖြစ်တတ်သည်ဟု ဆိုသည်။

ဇနီးသည်၏ ဆီးချိုအမျိုးအစားက (၂)ဖြစ်သည်။ အသက်ကြီးမှဖြစ်တတ်သည့် ဆီးချိုမျိုးဖြစ်၏။ ဆေးပညာရှင်များ၏ ပြောပြချက်အရ ဆီးချိုအမျိုးအစား(၂)သည် ကိုယ်ခန္ဓာတွင် အဆီများပြီး အဝလွန်ကဲခြင်း၊ အစားအသောက်များခြင်း၊ လှုပ်ရှားမှုနည်းခြင်းတို့နှင့် ဆက်နွှယ်နေသည်ဟု ဆိုသည်။ ဆေးပညာသဘောအရဆိုပါက ဆီးချိုအမျိုးအစား (၂) ခံစားနေရသူများသည် ယင်းတို့၏ ခန္ဓာကိုယ်က အင်ဆူလင်ကို အလုံအလောက်ထုတ်မပေးနိုင်တော့ပေ။ နောက်တစ်ချက်မှာ ဆီးချို(၂) ရောဂါရှိသူတို့၏ အင်ဆူလင်သည် သာမန်လူကောင်းများ၏ အင်ဆူလင်လောက် အာနိသင်မရှိတော့သည့် လက္ခဏာကို တွေ့ခဲ့ကြရ၏။ ဆီးချို(၂)သမားများသည် အင်ဆူလင်ကို တုံ့ပြန်မှုနည်းသွားကြသည်ဟု ဆိုသည်။

ထို့အပြင် အခြားနည်းဖြင့် ရှားရှားပါးပါးဖြစ်တတ်သည့် ဆီးချိုအမျိုးအစားများလည်း ရှိသေးသည်။ ဥပမာအားဖြင့် "အာဟာရချို့တဲ့မှု"ကြောင့်လည်း ဆီးချိုရောဂါဖြစ်နိုင်သည်ဟု ဆိုပါ၏။

ကျွန်တော်တို့၏ရောင်းရင်း စာရေးဆရာကြီးတစ်ဦးဆိုလျှင် ဆီးချိုအမျိုးအစား(၁) ခံစားနေရသည်မှာ ကြာပြီဖြစ်သည်။ မကြာမကြာ အင်ဆူလင်ထိုးနေရသည်။ ဆရာဝန်က သူ့ကို အားနာလှသဖြင့် သူကိုယ်တိုင် ဆေးထိုးအပ်ကိုင်တတ်အောင်သင်ပေးပြီး ကူညီခဲ့သည်။ ဆရာသည် သွားလေရာတွင် ဆေးနှင့် ဆေးထိုးအပ်ကို ဆောင်ထားရ၏။ ယခုဆိုလျှင် ဆရာ အသက် ၇၀ ကျော်၍ ၈၀ သို့ပင် နီးပြီဖြစ်သည်။

သတင်းစာဆရာကြီးတစ်ဦးဆိုလျှင် ဆီးချိုရောဂါခံ[...] ခဲ့သည်မှာ နှစ်လေးဆယ်ကျော်ကြာပြီ ဖြစ်သည်။ ပုံမှန်[...] သောက်ပြီး အစားအစာကို ပြုပြင်စားသောက်၍ နေထိုင်[...] သည်မှာ ယခု အသက် ၈၀ ကျော်ပြီဖြစ်သည်။ အလုပ်[...] နေဆဲ ဖြစ်သည်။

ကျွန်တော်နှင့် ခင်မင်ရင်းနှီးသော မိတ်ဆွေအ[...] များများတွင် ဆီးချိုရောဂါရှိကြောင်း သိရ၏။ သူတို့သည်လ[...] အနေအထိုင်မပျက်၊ အသွားအလာမပျက်၊ အလုပ်အ[...] မပျက်ဘဲ ရှိကြသည်။

အချို့ကဆိုသည်၊ ဆီးချိုရောဂါရှိလျှင် "အနာ"မဖြ[...] အောင် ဂရုစိုက်ဖို့လိုကြောင်း၊ အနာဖြစ်လျှင် ပျောက်ရန်ခ[...] ကြောင်း၊ အမျိုးသမီးတစ်ဦးဆိုလျှင် "ခြေမ"တွင် သံစ စူး[...] ခပ်ပေါ့ပေါ့နေခဲ့ရာ အနာရင်း၍ ခြေတစ်ချောင်း ဖြတ်လိုက်[...] ကြောင်း ဆိုသည်။ ထိုအခြေအနေကို ဇနီးသည်ကိုယ်တိုင် သိရှိထားသဖြင့် ခြေထောက်ကို တစ်စုံတစ်ရာမခိုက်မိအောင် ဂရုစိုက်၏။

မည်သို့ရှိစေ ဇနီးသည်၏ စိတ်ထဲတွင် သူသည် ဆီး[...] ရောဂါကြောင့် အသက်ရှည်ရှည်နေရမည်မဟုတ်ဟု ယူ[...] ထားသည်။ သက်ရှည်ကျန်းမာစွာ နေနိုင်ရေးတွင် စိတ်ဓာ[...] ကြံ့ခိုင်မှုသည်လည်း အရေးကြီးသည်။ သို့အတွက် ကျွန်တော်[...] က ဇနီးသည်အား နှစ်သိမ့်မှုပေးရ၏။ ဆီးချိုနှင့် ပတ်သက်[...] ဆေးပညာရှင်များ ရေးထားသည့် ကောင်းနိုးရာရာ စာအုပ်မျာ[...] ကို ဖတ်ရှုပြီး သူ့အား အကျိုးအကြောင်းရှင်းပြရ၏။ သူ့အာ[...] လည်း ဖတ်သင့်ဖတ်ရာတို့ကို ဖတ်စေသည်။ ကျဆင်းနေသော[...] စိတ်ဓာတ်ကို မြှင့်တင်ပေးရ၏။

ထို့အပြင် "**ကြောက်စရာမလို ဆီးချို**" စာအုပ်[...] ရှာဖွေ၍ သူ့အား ဖတ်ပြရ၏။ ရှင်းပြရ၏။ ယခုဆိုလျှင် ဇနီးသ[...] သည် ဆီးချိုနှင့် ပတ်သက်၍ ဗဟုသုတ အတော်လေးရရှိ[...] ပြီဖြစ်သောကြောင့် ဆီးချိုချေမှုန်းရေးတိုက်ပွဲကို ကျွန်တော်[...] ဇနီးသည်ပါ လက်တွဲ၍ ဆက်လက်ဆင်နွှဲသွားရပေဦးမည် ဖြစ်ပါ၏။

တက္ကသိုလ်သင်



www.burmeseclassic.com

www.burmeseclassic.com

# ဂမုန်းအမျိုးမျိုးတို့၏ အစွမ်းများ

ရေကျော်စိုးအောင်

ထွက်ရပ်ပေါက်ကျင့်စဉ် ကျင့်ရာတွင် ဂမုန်းတို့၏ အစွမ်းသည်လည်း ပါဝင်ဆက်နွယ်လျက် ရှိကြ၏။ အဘဘိုးဘိုးအောင် စမဝိဇ္ဇာမိုရ် ပထမံ၏ ဇနုပ္ပတ္တိအကြောင်းအရာများကို အမိန့်ရှိပြီးသည်နှင့် ဂမုန်းတို့၏ အစွမ်းသတ္တိအမျိုးမျိုးကိုလည်း ရှင်းလင်းပြသတော်မူခဲ့သည်။

ဂမုန်းသည် သစ်ပင်ကြီးများ၏ ကိုင်းခွပေါ်တို့၌ တွယ်ကပ်ပေါက်ရောက်တတ်၏။ ဥပါမှ ဂမုန်းစစ်သည်ဟုလည်း ခေါ်ဆိုကြ၏။ ဂမုန်းသည် မြေပေါ်မှာလည်း ပေါက်တတ်၏။

ဂမုန်းအမျိုးပေါင်း ၁၂၈ ပါးရှိသည်ဟုလည်း ဆိုကြ၏။ အချို့ဆရာတို့က ဂမုန်းပေါင်း ၁၀၀၀ ရှိသည်ဟုလည်း ဆိုကြ၏။ အချို့ ဂမုန်းတို့၌ ဂမုန်းတစ်ပင်လျှင် ခုနစ်ပင်၊ ခုနစ်မျိုးခြံရံလျက်ရှိသည်။ အဖို၊ အမရှိသည်။ တချို့လည်း တစ်ပင်တည်းဟုလည်း ဆိုကြသည်။

## ဂမုန်းတို့၏ အဆင်းသဏ္ဌာန်အာနုဘော်

ဂမုန်းနီ၊ ဂမုန်းနက်၊ ဂမုန်းဖြူဟူ၍လည်း ရေးသားကြ၏။ ဤသုံးပါးကား နနွင်းခေါင်း၊ နနွင်းဥကဲ့သို့ရှိပြီး အဥ့အမြစ် တစ်ချက်တည်းတူသည်။ အပင်အရွက်အဆင်းမှာ ဆိတ်ဖူးပင်၊ ဆိတ်ဖူးရွက်နှင့် တူသည်ဟုလည်း ရေးသားထားပြန်သည်။

**ဂမုန်းနီ** ။ အရိုးအရွက် သုံးပါးစလုံး ဟင်္သာပြဒါးကဲ့သို့ နီသည်။ အပွင့်နီသည်။ လေညာက ပွင့်လျှင် လေအောက်တစ်ဥသဘခရီးကပင် မွှေးသည်။ ဂမုန်းနီတစ်ရွေးသားဖြင့် ဆန်ဖြူထမင်းနှပ်လျှင် အားလုံးနီ၏။ အစိမ်းဆုတ်၊ တစ္ဆေ ဘီလူးတို့ကို နိုင်၏ဟုလည်း ဖော်ညွှန်းထားကြောင်း တွေ့ရသည်။

**ဂမုန်းနက်** ။ ပဥ္စငါးပါး ကျောက်မီးသွေးကဲ့သို့ နက်သည်။ ဂမုန်းနက်ရှိလျှင် လေအောက်ပင် မွှေးပြီး၊ ကိုယ်တွင်လိမ်းသော် ရှိန်းဆာယာပြီးသည်။ ကျား၊ မိကျောင်း၊ ခြင်္သေ့တို့မချဉ်းကပ်ဝံ့၊ ချစ်ခင်ကြသည်ဟုလည်း ရေးသားထားပြန်သည်။

**ဂမုန်းဖြူ** ။ ဥ့အမြစ် ဖြူ၏။ တစ်နှစ်တစ်ခါ အခြားနေရာ ရွှေ့ပြောင်းပေါက်တတ်၏။ ဂမုန်းလည်ဟုလည်း ခေါ်ကြ၏။ နေရာမမြဲ ရွှေ့မြဲမမှတာဖြစ်သည်ဟုလည်း ဆိုကြပြန်၏။

**ဂမုန်းခတ္တာနီ** ။ အရွက် လက်ဝါးခန့် မြေ၌ပြတ်ပြတ်ပေါက်တတ်ပြီး၊ အရွက်အနား ရေးရေးနီသည်။ အပွင့်မှာ ခေါင်ရန်းပွင့်ကဲ့သို့ နီသည်။ မြေမြင့်ပြာသာဒ် ရောက်တတ်၏။ ခေါင်းကြက်ဥပမာဏရှိသည်လည်း သိရ၏။

**ဂမုန်းခတ္တာကြောင်** ဟူသည့် ဂမုန်းလည်းရှိပြီး၊ အဆင်းမှာ ခတ္တာနီကဲ့သို့ရှိပြီး၊ အရွက်မှာ ပြောက်ပြောက်ရှိ၏။ ပင်ရင်း၌ နီသည်။ ကာယသိဒ္ဓိအစွမ်းရရှိနိုင်သည်ဟု ညွှန်းဖွဲ့ထားပြန်သည်။

**ဂမုန်းလိပ်မထွား** ။ ဆိတ်ဖူးသဏ္ဌာန် တူသည်။ ကွကွလည်ရှိ၏။ အရွက်ရော်ကျလျှင် အညွန့်အပင်ပါ ရော်ကျသည်။ အမြစ်ပေါ်သည်။ ကူတ္တိသျှိကောင်းသည်ဟု ဖော်ပြပါရှိသည်။

**ဂမုန်းရန်လွတ်** ။ သည်အပင်မကို အပင်ငယ်များ ရံ၍ပေါက်သည်။ အရွက်မှာ ခတ္တာရွက်ကဲ့သို့ ငယ်၏။ သစ်သားဝန်းရံ ခြံပတ်၍စိုက်ထားသော်လည်း နှစ်လယ်တွင် အပြင်သို့ ထွက်၍ အခြားသို့ သွား၍ပေါက်တတ်သည်ဟု ဖော်ပြထား၏။

**ဂမုန်းကတိုး** ။ ညောင်ပိန္နဲရွက်ကဲ့သို့ အညွန့်လုံးလုံး လက်ညှိုးကဲ့သို့ ထောင်လျက်ရှိသည်။ မြေနှင့် တစ်မိုက်တစ်ထွာခန့်ပေါက်ပြီး အဖြူ၊ အနီ နှစ်မျိုးရှိသည်။ ကူတ္တိသျှိတွင်တောင်အောင်မြင်တတ်၏ဟု ရေးသားထား၏။

**ဂမုန်းခါးတင်** ။ အရွက်သည် ဝါးရွက်ခန့်ရှိ၏။ အနားလက်တစ်လုံးခန့်၊ ဟင်္သာပြဒါးကဲ့သို့ တွတ်တွတ်နီသည်။ အဥ၊ အမြစ်တို့ နီသည်။

**ဂမုန်းရန်လွတ်** ။ နနွင်းရွက်ကဲ့သို့ အရွက်ရင်း နှစ်ခွအထဲမှ အရွက်ကြော ဖြူ၏။ အရွက်မှာ တစ်ညှိုးခန့်ရှိသည်။ အပစ်အစောက် ဘစ်တောင်ခန့်မြင့်ပြီး၊ အပင်ငယ်များ ဝန်းရံလျက် ရှိသည်။

**ဂမုန်းပြာသာဒ်** ။ ဆိတ်ဖူးရွက်ကဲ့သို့ အကြောညှိုတွင် အဖြူပြောက်ပြောက်ရှိ၏။

**ဂမုန်းရစ်** ။ နနွင်းပင်သဏ္ဌာန် အရွက်ပြာပြာ၊ စိမ်းစိမ်း၊ ညွင်းသေးပြောက်ရှိ၏။

**ဂမုန်းလသာ** ။ အရွက်ပြာပြာ၊ အပင်ရင်းတွင် ကြန်ကြန်နီပြီး၊ ခေါင်းကား ကြက်သွန်ဖြူကဲ့သို့ ရှိ၏။

**ဂမုန်းလဝန်း** ။ အရွက်ခတ္တာရွက်ပမာ၊ အပင်ရင်းနီကြန်ကြန်၊ ခေါင်းမှာ ကြက်သွန်ကဲ့သို့ရှိ၏။ အိမ်လှေကားရင်းတွင် စိုက်ရပြီး လာဘ်သပ်ပကာတိုး၏။

www.burmeseclassic.com

**ဂမုန်းမ** ။ ဇလတ္တာသဏ္ဍာန် အရွက်တစ်ချပ်တည်းရှိပြီး ကျောက်နှင့် သစ်ပင်များပေါ်တွင် ပေါက်တတ်၏ဟုလည်း ရေးသားဖော်ပြထား၏။

ဂမုန်းကုက္ကိုသျှိုနှင့် စပ်လျဉ်းဖော်ပြပြီးနောက် ကျန်ဂမုန်းများကိုလည်း အောက်ပါအတိုင်း ဖော်ပြထားပေသည်။ ယင်းတို့ကား ...

**ဂမုန်းကြက်တောင်** ။ ကြက်တောင်ကဲ့သို့ အရင်းစီစီ၊ အဖျားဖွားဖွား ရှိပြီး၊ အရွက်အဖျား ချွန်ချွန်ရှိ၏။

**ဂမုန်းကြက်ညွှတ်** ။ အညွန့်၊ အနွယ်သည် ဝက်ကျွတ်ရွက်ကဲ့သို့ရှိပြီး၊ အရွက်ကား သစ်လက်ရွှေခဲသို့ ရှိ၏။ သုတခဲ၏။

**ဂမုန်းကြက်တောင်စည်း** ။ အရွက်သည် ခပ်သွယ်သွယ်၊ ကြက်တောင်ကိုစည်းထားသကဲ့သို့ အဖျားကားကားရှိ၏။

**ဂမုန်းလက်ဆက်** ။ ဝက်ကျွတ်ရွက်ကဲ့သို့ သဏ္ဍာန်တူသည်။ အမြစ်အဖျား၊ အစုအစုံ ခုနစ်စုံရှိတတ်၏။ (ဂမုန်းလက်ရက်လည်း ခေါ်သည်။)

**ဂမုန်းပြောက်ကြီး** ။ နနွင်းကဲ့သို့ အရွက်ညိုရာတွင် အဖြူညှင်းပြောက်ရှိ၏။

**ဂမုန်းညှင်းပြောက်** ။ ဆိတ်ဖူးရွက်ကဲ့သို့ မြေတွင် ပြပ်ပြပ်ပေါက်သည်။ အရွက်၌ ညှင်းပြောက်များရှိသည်။

**ဂမုန်းရန်မီး** ။ ခတ္တာရွက်ကဲ့သို့သေးပြီး အပင်ငယ်များလည်း ဝိုင်းရံပေါက်သည်။

**ဂမုန်းလက်ညှိုး** ။ လက်ညှိုးသဏ္ဍာန်ကဲ့သို့ ကျောက်များပေါ်တွင် ပေါက်သည်။

ယင်းဖော်ပြခဲ့သော ဂမုန်းများကား တန်ပြန်ပြီးသည်ဟုလည်း ဆိုကြ၏။ ယင်းဂမုန်းများအပြင် သဗ္ဗရာဇက္ကုတ္တိသျှိုပြီးသည့် အောက်ပါဂမုန်းများလည်းရှိကြောင်း မှတ်သားရမိပါသည်။

ယင်းဂမုန်းများကား ...

**ဂမုန်းသံဃာစင်ကြီး** ။ အရွက်ကား နီ၏။ အပင်တစ်**မိုက်**,တစ်ထွာခန့် သေးသေးပေါက်သည်။ (ဂမုန်းခြေထောက်ဟုလည်း ခေါ်သည်။)

**ဂမုန်းကိုယ်ရံကြီး** ။ ခတ္တာပင်နှင့်တူသည်။ အရွက်ကား ဆတ်သွားကဲ့သို့ ကြီး၏။ သုတခဲ၏။ တန်ပြန်လည်းပြီးသည်ဟု ဆိုထား၏။

**ဂမုန်းလိပ်မေ့** ။ စရစ်မဟော်ရွက်ကဲ့သို့ အပင်သေးသေး၊ မြေနှင့် အရွက် ထိကာ အရွကတစ်ချပ်တည်းရှိ၏။ အရိုးကို ဆိတ်ကြည့်သော် နို့ရည်ကဲ့သို့ ထွက်သည်။ (ပြဒါးခဲရာတွင် သုံးနိုင်၏။)

**ဂမုန်းရှင်သူငယ်** ။ ငှက်ပျောရွက်ကဲ့သို့ အဖျားဝန်းဝန်းရှိ၏။ အရွက်နီသည်။ ငှက်ပျောခေါင်းကဲ့သို့ ရှိ၏။ ဒန်ကိုဖြူး၍ ထိုးသော် ဒန်သေ၏။ အိမ်ခေါင်းရင်းတွင် သန့်ပြန့်စွာ စိုက်ရ၏။

လာဘ်သပ်ပကာတိုး၏။

**ဂမုန်းရွှေသွယ်** ။ အပ်လုံးခန့်သဏ္ဍာန်ရှိ၏။ အရွက်မာရှိ အထွေးထွေးနေ၏။ ကြောင်ပန်းပင်၊ ရှားစောင်းပင်များတွင်သာ ပေါက်တတ်၏။

**ဂမုန်းလူကာလခန္တီး** ။ နနွင်းရွက်ကဲ့သို့ ခေါင်းတွင် လှန်ထိုးချက်အရာရှိ၏။ အဖြူ၊ အနီ၊ အနက် သုံးပါးရှိသည်။

**ဂမုန်းကာလခန္တီ** ။ နနွင်းရွက်ကဲ့သို့ အရိုး၊ အရွက် အကြော နီမြန်း၏။ ခေါင်းအထက်၌ သရက်ကင်းထွက်၏။

**ဂမုန်းဆင်ကာလခန္တီ** ။ ဆေးတစ်လုံးပင်ကဲ့သို့ အရိုးနီ၏။ အရွက်ကြော စိမ်း၏။

မင်းမျိုးရှစ်ပါး အမည်ရ ဂမုန်းများလည်း ရှိ၏။

၁။ **နေမင်းဂမုန်း** ။ ခေါင်း၏အထဲ မည်းမည်းရှိ၏။ ကျေးနှုတ်သီးသဏ္ဍာန်ရှိ၏။ (ဖုတ်၊ တစ္ဆေဖမ်းသော် သွေး၍ သောက်၊ ပျောက်၏။)

၂။ **လမင်းဂမုန်း** ။ ခေါင်းရိုးနီ၏။ ထုံးနနွင်းကဲ့သို့ ရှိ၏။ သူငယ်နာကြွမဟုန်းဖမ်းသော် မီးတွင်ချက်၍ လိမ်းရ၏။

၃။ **မိုးမင်းဂမုန်း** ။ ဆေးဒါန်းကဲ့သို့ရှိ၏။ အဆောင်ထားပါက ရန်ကင်းသည်ဟု ဆိုပါသည်။

၄။ **တိမ်မင်းဂမုန်း** ။ မြကဲ့သို့ ရှိ၏။ ခေါင်းကားဖြူ၏။ ဖုတ်၊ တစ္ဆေ၊ ကြွတ် ဖမ်းသော် ပျောက်၏။

၅။ **နနွင်းတင်း** ။ အရွက်အကြောနီ၏။ ခေါင်းဖြူ၏။ ဖုတ်၊ တစ္ဆေ၊ ကြွတ် ဖမ်းသော် ပျောက်၏။

၆။ **သက်ငယ်မင်း** ။ ခေါင်းဖြူ၏။ အသယမုက္ခဖမ်းသော် သွေးလိမ်းပါက ပျောက်၏။

၇။ **ပိဿနိုးမင်း** ။ ခေါင်းဖြူ၏။ ဆောင်သော် အာနုဘော်ကြီး၏။

၈။ **ပရမေသီရိမင်း** ။ ယင်းဂမုန်းကား နတ်ဖမ်းစားသည့်အခါ သုံးစွဲရ၏။ နတ်ဖမ်းသော် လွတ်၏ဟု ဆိုထား၏။

ယင်းဖော်ပြပါ ဂမုန်းများကား အချို့အလွန်စွမ်း၏။ အချို့ အသင့်အသင့် စွမ်းသည်။ အချို့ကား မိမိကိုယ်တိုင် မစွမ်း၊ အများနှင့် ပေါင်းဖက်မှ စွမ်းသည်။ တန်ရာတန်ရာ ရာဇသဗ္ဗ ကုတ္တိသျှိုနှင့် ကာယသိဒ္ဓိ၊ ဓနသိဒ္ဓိ၊ အာယုဝဍ္ဍနနှင့် အခြားသောနည်းများဖြင့်လည်း အစွမ်းသတ္တိရှိကြကုန်၏ဟု ဖော်ပြထားပေသည်။

ထွက်ရပ်လမ်း၊ ထွက်ရပ်ပေါက်ကျင့်စဉ် ကျင့်ကြံလိုသည့် သူတော်ကောင်းများအဖို့ ဖော်ပြပါ ဂမုန်းတို့ကို လိုရာသုံးခြင်းဖြင့် ပေါက်မြောက်နိုင်ကြပါစေဟုသာ ရေးသားအပ်ပါတော့သည်။

**ရေကျော်စိုးအောင်**

<u>ကျမ်းကိုး</u>

၁၉၅၄ ခုနှစ်ထုတ် ထွက်ရပ်ပေါက်ကျင့်စဉ်။



www.burmeseclassic.com

www.burmeseclassic.com

# လူ့ရုပ်တစ်ခွင်မှ ဟာသများ

ဦးကောင်းထူး

## နောက်ဘဝမပြောနဲ့

လှတောရွာ ဇာတိဖွား လူတစ်ဦးသည် လွန်စွာမှ ငွေကြေးဥစ္စာ တောင့်တင်းချမ်းသာ၏။ သို့ဖြစ်လင့်ကစား လွန်စွာမှ ကပ်စေးနှဲလွန်းသူမို့ မည်သည့်အလှူအတန်းမှ မှုလုပ်လေ့မရှိပေ။

တစ်နေ့သ၌ ထိုသူနှင့် အိမ်ချင်းကပ်လျက်နေသူက အလှူဒါနပွဲကြီး ပြုလုပ်လိုသဖြင့် ထိုကပ်စေးနှဲပုဂ္ဂိုလ်၏ ခြံဝင်းအား ခေတ္တငှားရမ်းလေ၏။ ခွင့်ပြုချက်ရသဖြင့် ကပ်စေးနှဲပုဂ္ဂိုလ်၏ ခြံဝင်း၌ အလှူမဏ္ဍပ်ကို ဆောက်လုပ်နေ၏။ ထိုမြင်ကွင်းကို တွေ့မြင်ရသည့် လှတောသားအချို့က ကပ်စေးနှဲပုဂ္ဂိုလ်အိမ်မှာ သူရင်းငှားအား မေးလေ၏။

"ဟကောင်ရ . . . မင်းတို့ဆရာ အလှူအတန်းလုပ်တော့မယ်ပေါ့ ဟုတ်လား"

"အလိုလေး . . . ကျားသားမိုးကြိုးဗျာ။ ကျုပ်တို့ဆရာလား သည်လိုမျိုး အလှူအတန်းလုပ်မှာ။ သူလှူဒါန်းကျွေးမွေးတာကို ခင်ဗျားတို့ စားချင်ကြရင် နောက်ဘဝထိကို စောင့်ကြဗျို့ . . . စောင့်ကြ"

ထိုစကားကို ကပ်စေးနှဲပုဂ္ဂိုလ် ကြားရလျှင် ကြားရချင်း ဒေါသထွက်ကာ အိမ်ဂေဟာထဲမှ ထွက်လာပြီး ၎င်း၏ သူရင်းငှားအား အောက်ပါအတိုင်း ဆူပူကြိမ်းမောင်း ပြောဆိုလေသတည်း။

"ဟေ့ကောင် . . . မင်း ဘာစားပြောလိုက်တာလဲ။ ငါ့နားနဲ့ ဆတ်ဆတ်ကြားလိုက်တယ်ကွ။ နောက်ဘဝကျမှ ငါကကျွေးမယ်လို့ ငါက ပြောခဲ့လို့လား။ ဟွန်း . . . မသေမချင်းမှတ်ထား။ နောက်ဘဝမပြောနဲ့၊ အရိမေတ္တေယျဘုရားပွင့်ချိန်ထိတောင် ကျွေးဖို့စိတ်ကူးမရှိသေးဘူး . . . မှတ်ထား"

☺

## ဇောတိကနှင့် အာလကာဗ

ပုဂ္ဂလိက ကုမ္ပဏီတစ်ခု၌ တာဝန်ထမ်းဆောင်သော လှတောသားအလုပ်သမားတစ်စု နေ့တွက်ရှင်းပြီးသည့်နောက် လမ်းဘေးယမကာဆိုင်ကလေးတစ်ဆိုင်သို့ ဝင်ခဲ့ကြ၏။ ထို့နောက် အညောင်းပြေ အညာပြေ သောက်စားကြရင်း ရင်တွင်းခံစားချက်များကို ဖွင့်ဟပြောဆိုနေကြလေ၏။

"တောက် . . . တော်တော်ဆိုးတဲ့ ကုမ္ပဏီပိုင်ရှင်ပဲကွာ။ ခိုင်းတော့ တစ်ကျပ်ဖိုးမကဘူး၊ လုပ်ခရှင်းတော့ တစ်မတ်လောက်ပေးရမှာတောင် အင်တင်တင်လုပ်နေတယ်"

"ဟုတ်ပကွာ။ ကပ်စေးနှဲကော်တရာကြီး"

"အေး . . အဲသည်လို ကပ်စေးနှဲကော်တရာမို့လို့လည်း ကျိုကျိုတက် ချမ်းသာလာတာပေါ့ကွ"

ဤသို့ တစ်ယောက်တစ်ပေါက် ပေါက်ပေါက်



www.burmeseclassic.com

www.burmeseclassic.com

ဖောက်နေကြစဉ် အသက်အကြီးဆုံးဖြစ်ဟန်တူသည့် လှတောသားကြီးက –

"ဟလိုလေး ... သည်ကုမ္ပဏီပိုင်ရှင်သူဌေး အကြောင်းတော့ ပြောမနေပါနဲ့ကွာ။ ဆိုင်ရာပိုင်ရာတွေဆီက ကုန်ကြမ်းပစ္စည်းရဖို့အတွက် လာဘ်ထိုးတဲ့နေရာမှာတော့ ဇောတိကမှ ဇောတိကပါပဲ မောင်တို့ရယ်။ အဲ ... တို့များအတွက် အလုပ်သမားခ ရှင်းတဲ့အခါကျတော့မှ အာလကပ္ပချစ်တီး ဖြစ်သွားတော့တာပဲဟေ့ ..."

ဟူ၍ ပြောဆိုလိုက်လေသတည်း။

☺

## မနှိုင်းမထောင်း၊ နှိုင်းမထောင်း

လှတောရွာသို့ တန်ဖိုးနည်း ၁၅၀၀ တန် ဖုန်းကတ်တွေ မဲနှိုက်ရမည့်အကြောင်း သတင်းရောက်လာပြီး မကြာခင်မှာပင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်တကွ ရပ်မိရပ်ဖများ ဦးဆောင်ကြပ်မတ်လျက် ပေါက်မဲများကို နှိုက်ပေးကြသည်။

ဖုန်းမဲပေါက်ပါက သိန်းထီပေါက်သည်နှင့်မခြားမို့ လျှောက်ထားသူအားလုံးပင် ရလိမ့်နိုး၊ ပေါက်လိမ့်နိုးဖြင့် ရင်တမမ ဖြစ်နေကြလေ၏။ ဤတွင် လှတောသူအချို့ မဲနှိုက်ရာနှင့် မနီးမဝေးရှိ မန်ကျည်းပင်အရိပ်၌ ဝိုင်းဖွဲ့ထိုင်ကြရင်း တစ်ယောက်တစ်ပေါက် ပြောဆိုနေကြလေ၏။

"၁၅၀၀ ဖုန်းပေါက်ဖို့အရေး မဲနှိုက်ရတာ 'ဘဲအုပ်က တစ်ရာနှစ်ရာ မဗေဒငါက တစ်ပင်တည်း'ဆိုသလိုမျိုး ဖြစ်နေပြီ"

"ဟုတ်ပအေ ... သည်ဖုန်းကလေး ပေါက်နိုး၊ ပေါက်နိုးနဲ့ မျှော်ရတာ သိကြားမင်း မယားတောင် ဖြစ်ရတော့မယ့်အတိုင်းပဲ"

"အလိုတော် ... ၁၅၀၀ ဖုန်းမပေါက်သေးတာနဲ့ သိကြားမင်းမယား ဖြစ်ရမှာနဲ့ ဘာဆိုင်လို့တုံး"

"ဆိုင်ပါသော်ကောအေ။ သိကြားမင်းမှာ မိဖုရားလေးပါးအပြင် တစ်ဖက်တစ်ဖက်မှာ ရံရွေတော် မောင်းမတွေ ငါးရာစီတောင် ရှိတယ်ဆိုပဲ။ သည်တော့ ရံရွေတော်တင် တစ်ထောင်ဖြစ်နေပြီ။ သိကြားမင်းနဲ့ဆုံဖို့ရာ ဘယ်လောက်တောင် စောင့်ရမလဲဆိုတာကြည့်။ အဲဒါကြောင့် ငါတို့ မဲပေါက်ဖို့ဆိုတာ ရံရွေတော်နတ်သမီးတွေနဲ့ မထူးဘူးလို့ ပြောတာပေါ့အေရဲ့"

"ဟုတ်ပတော် ..."

☺

## လူမှားလား၊ ကိုယ်မှားလား

ဆေးခန်းသို့ လူနာတစ်ယောက် ရောက်လာ၏

"နေရထိုင်ရတာ သိပ်လန်းလန်းဆန်းဆန်း မရှိဘူး ဒေါက်တာ။ အဲဒါ ဘာများဖြစ်သလဲဆိုတာ စမ်းကြည့်ပေးပါဦး"

"ကောင်းပြီ၊ ခုတင်ပေါ် ခဏလေး လှဲနေလိုက်ပါ"

လူနာလည်း ခုတင်ထက်သို့တက်ကာ ပက်လက် လှဲလေ၏။ ဆရာဝန်လည်း လျှာထုတ်ခိုင်းပြီး ကြည့်၏၊ မျက်လုံးကို ဖြဲကြည့်ကြည့်၏။ သွေးပေါင်ချိန်တိုင်း၏ နားကျပ်ဖြင့် ရင်ဘတ်နှင့် ကျောပြင်တို့ကိုထောက်ကာ စမ်းသပ်စစ်ဆေး၏။ ပြီးလေသော် ...

"ခင်ဗျားမှာ ရောဂါထူးထူးထွေထွေ မရှိပါဘူး နေရထိုင်ရ လန်းလန်းဆန်းဆန်း မရှိတာ ကျွန်တော့်စိတ် အထင်တော့ အရက်မူးနေလို့ ဖြစ်ပါလိမ့်မယ်"

ဟု နာခေါင်းတစ်ချက်ရှုံ့ကာ ကောက်ချက်ပြုလေ၏။

ဤတွင် လူနာလည်း ...

"ဟုတ်ကဲ့ ... ကျေးဇူးတင်ပါတယ် ဒေါက်တာ။ ဒေါက်တာ အရက်မူးပြေလောက်မှပဲ ကျွန်တော်တစ်ခေါက် ထပ်လာပါဦးမယ်"

"အာ ..."

"ဒေါက်တာဖြစ်သူမှာတော့ ပါးစပ်အဟောင်းသား

☺

## ဆရာကောင်းတပည့်

ရှေ့နေချိန်ဘာဆင်းပြီး သူ့တပည့်များအား ဆ ဖြစ်သူက ဩဝါဒစကားများ ပြောကြားနေ၏။

"မင်းတို့အားလုံးလည်း ခုလောက်ဆိုရင် အမှုတ ရဲ့ သဘောသဘာဝဆိုတာ ဘယ်လိုရှိတယ်၊ ဘယ် မေးခွန်းတွေထုတ်ရတယ်၊ ဘယ်လိုစာအုပ်မျိုးတွေ ကိုး ရတယ်ဆိုတာ ကျေညက်လောက်ရောပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ကိုင်း ... မင်းတို့ကို နောက်ဆုံးမေးခွန်းတစ်ခုပဲ မေးတော့မယ်''

''ဘာများမေးမှာလဲ ဆရာ''

''အေး ... အဲဒါကတော့ အမှုတစ်ခုကို လက်ခံတော့မယ်ဆိုရင် ဘာကို အရင်ဆုံးလေ့လာမလဲ ဆိုတာပဲ''

ဤတွင် တပည့်တစ်ယောက်က သွက်လက်စွာဖြင့် အဖြေပေးလေ၏။

''ဟုတ်ကဲ့ဆရာ။ ပထမဆုံးလုပ်ရမှာက အမှုသည်ဆီမှာ ငွေကြေးအခိုင်အမာ ရှိမရှိကို လေ့လာရပါမယ်''

ဤတွင် ဆရာဖြစ်သူလည်း ''ဒါမှ ငါ့တပည့်ကွ'' ဟု၍ ကျေနပ်သပ်လိုက်လေသတည်း။

☺

## ချစ်လှပါသည်၊ သို့သော် ...

စိတ်ပညာရပ်ဆိုင်ရာ ပါမောက္ခကြီးထံသို့ အသက် ၅၀ ခန့်ရှိမည့် လူလတ်တစ်ဦး ရောက်လာကာ မိတ်ဖွဲ့ပြီး အကူအညီတောင်းခံလေ၏။

''ကျွန်တော်တော့ ရူးချင်ပြီ ဆရာကြီးရယ်''

''ဘာဖြစ်လို့တုံး ကိုယ့်လူရဲ့။ အကြောင်းကိစ္စကို ခြေခြေမြစ်မြစ်ပြောမှပေါ့''

''ဘာဖြစ်လို့တုံးဆိုတော့ တက္ကသိုလ်မှာ ကျောင်းတက်တုန်းက ကျွန်တော်အရူးအမူးချစ်ခဲ့ရတဲ့ မိန်းကလေးက အခုမှ အဖြေပေးလို့ပါဆရာ''

''ဟာ ... ဒါ ဝမ်းသာစရာကိစ္စပဲ မဟုတ်လား''

''နောက်ပြီးတော့ လက်ထပ်ခွင့်ပါ ပေးလိုက်သေးတယ်''

''အို ... ဗဲရီးဂွဒ်။ ဒါ့ထက်ကောင်းတာ ဘာရှိတော့မှာတဲ့လဲ။ ဒီလောက်ဝမ်းသာစရာကောင်းတဲ့ကိစ္စများ ကိုယ့်လူက ဘာ့ကြောင့်များ ရူးချင်ရတာတဲ့တုံး''

''မရူးချင်ဘဲ နေပါ့မလားဆရာရယ်။ ခု သူနဲ့ပြန်တွေ့တော့ ကလေးသုံးယောက်အမေ မုဆိုးမခင်ဗျ။ ရုပ်ကလည်း အဘွားအိုကြီး''

''အယ် ... သေသာသေလိုက်တော့ကွယ်''

☺

## တိတိကျကျ အထီးနှင့်အမ

မတည့်အတူနေ လင်မယားနှစ်ယောက် ရုံးပိတ်ရက်၌ အိမ်မှာ အတူရှိနေကြ၏။ မယားဖြစ်သူက ဟင်းချက်ရန် အသားငါးတွေကိုင်နေစဉ် လင်ဖြစ်သူကမူ ထမင်းစားပွဲနံဘေး၌ အကျအနထိုင်ကာ လက်ဖက်သုပ်ကလေးမြည်းလိုက်၊ အဝါရည်ကလေး မော့လိုက်နှင့် စည်းစိမ်ယစ်နေလေ၏။

ထိုအခိုက် စားပွဲဝန်းကျင်သို့ ယင်ကောင်အချို့ ရောက်လာကြရာ လင်ဖြစ်သူလည်း အနီးရှိ သားမြီးယပ်ဖြင့် ရိုက်ထည့်လိုက်၏။ ထိုမြင်ကွင်းကို မယားဖြစ်သူ တွေ့မြင်သွားပြီး ကရားရေလွှတ် မေးခွန်းတွေ မေးတော့သည်။

''ကိုအဝှာ ... ဘယ့်နှယ်လဲ၊ ယင်ကောင်တွေ ဇာတ်သိမ်းသွားပြီလား''

''အားလုံးသွားပြီကွ။ အထီးက လေးကောင်၊ အမက ငါးကောင်တောင်မှပဲ''

''အလိုတော် ... သေ .. သေချာလှချည်လား။ သည်လောက် ယင်ကောင်သေးသေးတွေကို တော်က ဘယ့်နှယ်လုပ် အထီး၊ အမ ခွဲတတ်နေတာပါလိမ့်။ ပြောစမ်းပါဦး''

''ဟ ... လွယ်ပါတယ်ကွာ။ အရက်ဖန်ခွက်ပေါ် လာနားတဲ့ ယင်ကောင်လေးကောင်ဆိုတာ အထီးတွေ၊ ကျန်တဲ့လေးကောင်ကတော့ တဝီဝီနဲ့ နားငြီးအောင် အသံပေးနေတဲ့ ယင်မတွေပဲ''

''အယ် ...''

ထိုအခါ ဇနီးဖြစ်သူ ပါးစပ်ပိတ်သွားလေတော့၏။

☺

## ဒါကျမှ နာတာကြောတ်တယ်

ခေတ်ရှေ့ပြေးနေသော လူငယ်တစ်ယောက် ဆေးခန်းတစ်ခုသို့ ရောက်လာပြီး သူ့အလှည့်ကျရန် စောင့်နေလေ၏။

ထိုခေတ်ရှေ့ပြေးလူငယ်၏ အသွင်အပြင်ကို ကြည့်ပါ။

နားနှစ်ဖက်စလုံး၌ နားပေါက်တွေဖောက်ထားပြီး နားကွင်းတွေ တပ်ထား၏။ ထို့ပြင်မက နှာခေါင်းဝတစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း အပေါက်ဖောက်ကာ နားကပ်ပြား ခပ်သေးသေး ကို တပ်ဆင်ထားပြန်၏။

ထိုမျှသာ မကသေး။

လက်မောင်းနှင့် လက်ဖျံတို့မှာလည်း 'နာနီ နာနက်' ဟု ခေါ်ကြသည့် ဆေးမင်ကြောင်တွေက အပြည့်။ သည်လို မျိုး အလှအပတွက် အနာခံထားရသည်က မနည်းမနော။

ထိုအခိုက် ကောင်တာမှ သူ့နာမည်ခေါ်သံကြား၍ ဆရာဝန်ရှိရာ အခန်းတွင်းသို့ ဝင်သွား၏။ အကြောင်းရင်းက ကိုယ်လက်မအီမသာ ဖြစ်နေ၍ ဆေးခန်းလာပြခြင်းပင်။ ဆရာဝန်လည်း စစ်ဆေးမှုအမျိုးမျိုးပြုလုပ်ပြီးနောက် သောက်ဆေးများကို ညွှန်ကြားကာ -

"မောင်ရင့်လက္ခဏာက တုပ်ကွေးဖြစ်တော့မှာ။ သည်တော့ သောက်ဆေးလည်းသောက်တာပေါ့။ အမြန်ဆုံး ပျောက်သွားရအောင် ဆေးတစ်လုံး ထိုးပေးလိုက်မယ်"

ဆရာဝန်၏စကားကြောင့် ခေတ်လူငယ်လည်း မျက်စိမျက်နှာ ပျက်သွားကာ -

"ဆေးထိုးရင် နာမှာလားဟင်"

ဟု ဆိုလေရာ ဆရာဝန်လည်း လူငယ်၏ နားကွင်း၊ နှာကွင်း၊ ဆေးမင်ကြောင်တို့ကို ကြည့်လျက် ဖနောင့်နှင့် ထပေါက်ချင်စိတ်များ တဖွားဖွား ဝင်လာခဲ့လေသတည်း။

☺

## တိုထာဆိုး

ရွှေပွဲလာ ညှော်ပရိသတ်အပေါင်း၏ ရှေ့မှောက်၌ ဆန်နှစ်ပြည်ချက်အား တစ်စေ့မကျန် စားသောက်ပြမည့် လူထူးလူဆန်းကြီးဆိုသည့် သတင်းကြောင့် ဂျာနယ်လစ် တစ်စု အဆိုပါ ဇာတ်ရုံသို့ စောစီးစွာရောက်ရှိသွားကြပြီး ဇာတ်မန်နေဂျာနှင့် တွေ့ဆုံလေ၏။

"ဆန်နှစ်ပြည်ချက်ကို တစ်ထိုင်တည်း တစ်စေ့ မကျန် စားပြမယ်ဆိုတာ အမှန်တကယ်ပဲလားခင်ဗျ"

"အမှန်တကယ်မို့လို့လည်း ရုံသွင်းပြတာပေါ့လေ။ ဇာတ်ကလေးရာ နေရာတိုင်း အဲသည်ပြကွက်နဲ့ပဲ ရုံကွဲ အောင် အောင်ပွဲခံလာခဲ့တာ"

"ဒါဆိုရင် ဒီလူဟာ တကယ့် စူဇကာပုဏ္ဏား ဝင်စား တာပဲ"

"စူဇကာနဲ့တော့ မနှိုင်းပါနဲ့ဗျာ"

"ဘာဖြစ်လို့လဲ"

"ဟို ... စူဇကာပုဏ္ဏားက လှူတာအကုန်စားလို့ သေရတယ်မဟုတ်လား။ ကျုပ်တို့လူက ဘယ်လောက်စား စား ဘာမှဖြစ်တာ မဟုတ်ဘူး"

"ဒါဆို တော်တော်ထူးတာပဲ။ သူနဲ့တွေ့ချင်တယ် ဗျာ။ အင်တာဗျူးပြီး ဂျာနယ်ထဲထည့်ချင်လို့။ ခုဘယ်မှာလဲ"

"သူလား ... ခုနလေးတင် ရွာထဲက ထမင်းစား ဖိတ်လို့ သွားစားနေလေရဲ့"

"အယ် ..."

☺

## လွဲနေတာများ

သွားရောဂါကုဆေးခန်းသို့ သွားဝေဒနာရှင် လူနာ တစ်ဦး ရောက်လာ၏။

"ညာဘက်အပေါ်အံသွား မခံမရပ်အောင် ကိုက်နေ လို့ဆရာ။ ညတုန်းကတည်းကပဲ။ အဲဒါ ကြည့်ပေးပါဦး ဆရာရယ်"

လူနာရှင်နေသည့်အတွက် သွားဆရာဝန်လည်း ကိရိယာတန်ဆာပလာတို့ကိုယူကာ လူနာအား ပါးစပ်ဟခိုင်း ပြီး အာခံတွင်းသို့ ဓာတ်မီးအသေးကလေး ထိုးကြည့်သည်။

"အား ... အောင်မယ်လေး သေပါပြီဗျာ"

လူနာ၏ ရုတ်တရက် ဆောင့်အော်လိုက်သံကြောင့် ဆရာဝန်လည်း တွန့်ခနဲဖြစ်သွား၏။

"ဟာ ... ဟေ့လူ၊ ဘယ်လိုဖြစ်ရတာတုံး။ ခင်ဗျား ရဲ့သွားကို နှုတ်ဖို့မပြောနဲ့၊ ထိတောင်မှ ထိရသေးတာ မဟုတ်ဘူး။ ဘာ့ကြောင့် ငယ်သံပါအောင် အော်နေရတာ လဲ"

"ဟုတ် ... ဟုတ်ပါတယ် ဆရာရယ်။ ခုဟာက ဆရာ့ရဲ့ခြေထောက်က ကျွန်တော့်ရဲ့ခြေသန်းကို ဖိနင်းလိုက် လို့ခင်ဗျ"

"အယ် ..."

မြို့မေတ္တာခံယူမယ့်

■ **ကိုရွှေတောသား**



www.burmeseclassic.com

www.burmeseclassic.com

# တောင်ငူနှင့် မောင်းထောင်

တင်နိုင်တိုး

မြန်မာစာပေလောကတွင် "တောင်ငူကလည်း တောင်ငူ၊ မောင်းထောင်ကလည်း မောင်းထောင်"ဟူသော ဆိုရိုးစကား တစ်ခု ရှိပါသည်။ ယင်းစကားမှ ကုန်းဘောင်ခေတ်တွင် ထင်ရှားခဲ့သည့် တောင်ငူမင်းသားနှင့် မောင်းထောင်ဆရာတော်တို့အား ရည်ညွှန်းပြောဆိုကြခြင်း ဖြစ်သည်။ တောင်ငူမင်းသားနှင့် မောင်းထောင်ဆရာတော်တို့၏ ထူးခြားသော အရည်အသွေးများကို ရည်ညွှန်းပြောဆိုခြင်းလည်း ဖြစ်ဟန်ရှိပါသည်။

တောင်ငူမင်းသား မောင်ရွှေပုံကို ဘိုးတော်ဘုရားနှင့် ကိုယ်လုပ်တော် ရှင်မင်းစီတို့က ၁၉၆၇ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် ဖွားမြင်ခဲ့သည်။ မယ်တော်ရှင်မင်းစီမှာ ရွှေဘို မြောက်ဘက် ရွှံ့စက်ရွာမှ ဦးပုသမီး ဖြစ်သည်။ ဘိုးတော်ဘုရား နန်းမတက်မီကပင် ရှင်မင်းစီ ကံကုန်ခဲ့သည်။ တောင်ငူမင်းသား၏ ဘွဲ့မည်က မင်းရဲကျော်ခေါင် ဖြစ်သည်။ ၁၇ဂ၃ ခု၊ ဒီဇင်ဘာလတွင် သခင်မင်းမိနှင့် လက်ဆက်ခဲ့သည်။ သခင်မင်းမိက ငွေကူးမင်း၏ မိဖုရားဟောင်းဖြစ်သည်။

တောင်ငူမင်းသား မောင်ရွှေပုံက သဘင်ဂီတဘက်၌ ဝါသနာထုံသည်။ ၁၇ဂ၉ ခု၊ ဒီဇင်ဘာလထဲတွင် ဇာတ်ချင်းများ ရေးသားပြုစုရန် ဘုရင့်အမိန့်တော်ဖြင့် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းစဉ် တောင်ငူမင်းသား(ထိုစဉ်က ကမ္မမြို့စား)နှင့် သခင်မင်းမိတို့ နှစ်ဦးစလုံး ပါဝင်ခဲ့ကြသည်။ ၁၇၉၁ ခု၊ ဇန်နဝါရီလ ၁၉ ရက်တွင် ကမ္မမြို့စား မင်းသားမောင်ရွှေပုံကို တောင်ငူဘုရင်ခံရာထူး နှင့်အပ်လိုက်ရာ ထိုစဉ်ကာလမှစ၍ တောင်ငူမင်းသားဟု အမည်တွင်လာခဲ့ပါသည်။

၁၇၉၅ ခုနှစ်က မိုက်ကယ်ဆိုင်း(Michael Symes)၏ အင်္ဂလိပ်သံအဖွဲ့ အမရပူရသို့ ရောက်ရှိခဲ့ရာ ထိုစဉ်က တောင်ငူမင်းသားအိမ်တော်သို့ သွားရောက်တွေ့ဆုံခဲ့သေးသည်။ တောင်ငူမင်းသားက ကိုယ်လုံးကိုယ်ထည် ပိန်ပိန်ပါးပါးဖြစ်သည်ဆို၏။ ၁၇၉၉ ခုနှစ်တွင် ဘိုးတော်ဘုရား တောင်ငူသို့ ကြွချီလာစဉ် သားတော်တောင်ငူမင်းသားသည် မြို့ကို အခိုင်အမာပြုလျက် စစ်တပ်ကို ပိုမိုတိုးချဲ့ထားကာ ခမည်းတော်အား ပုန်ကန်ရန် ဟန်ပြင်နေသည်ကို တွေ့ခဲ့ရသည်ဆိုသည်။

တောင်ငူမင်းသားသည် ဘုရင်ခံရာထူးမှ ထုတ်ပယ်ခံခဲ့ရပြီး အမရပူရ၌ ထိန်းသိမ်းခံခဲ့ရ၏။ တောင်ငူမင်းသား၏ အသိုင်းအဝိုင်းတစ်ခုလုံးသည် စီရင်အပြစ်ပေးခြင်းခံခဲ့ရသည်။ ၁ဂ၀၄ ခုနှစ်တွင် တောင်ငူမင်းသားက မြတောင်မင်းသမီးနှင့် ထပ်မံစုံဖက်ခဲ့သည်။ သို့သော် မသင့်မတင့် ကြံစည်ခဲ့ပြန်ရာ ၁ဂ၁၉ ခု၊ ဇွန်လ ၁၀ ရက်တွင် စီရင်ခြင်းခံခဲ့ရသည်။ ဤမျှ အဆင့်မြင့်ဆုံးသော ရာထူးရာခံ ပေးအပ်ခြင်းခံခဲ့ရသူဖြစ်သည့်တိုင် တောင်ငူမင်းသားကား ကြံစည်ရက်လေခြင်းဟု နန်းတွင်း အသိုင်းအဝိုင်းတွင် ပြောမဆုံးပေါင် ရှိခဲ့ကြသည်။

မောင်းထောင်ဆရာတော်က မုံရွာခရိုင်၊ ဘုတလင်နယ် မောင်းထောင်ရွာဇာတိ ဖြစ်သည်။ စစ်ဗိုလ်ကြီး နတ်ရှင်ယကွဘွဲ့ခံ ဦးစံဦး၊ ဒေါ်ခွေးတို့ သားဖြစ်သည်။ အသက် ၁၀ နှစ်အရွယ်ကပင် ရှင်သာမဏေဝတ်ခဲ့သည်။ ထို့နောက် မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ခဲ့သည်။ ဘိုးတော်ဘုရားလက်ထက်တော်တွင် သာသနာပိုင်ဆရာတော်ဖြစ်လာရာ မောင်း




www.burmeseclassic.com

www.burmeseclassic.com

ထောင်သာသနာပိုင်ဆရာတော်က ကျမ်းပေါင်းများစွာ ရေးသား ပြုစုခဲ့သူ ပညာရှိကြီး ဖြစ်ပါသည်။

၁၇၁၃ ခုနှစ်တွင် မောင်းထောင်ဆရာတော် လူထွက် သွားသည်။ ဆရာတော် လူထွက်ခဲ့ပုံနှင့် ပတ်သက်၍ အမျိုးမျိုး ယူဆပြောဆိုခဲ့ကြသည်။ ပါးစပ်ရာဇဝင်အရဆိုလျှင် ဘိုးတော် ဘုရားက အိမ်ထောင်ပြုလိုလျှင် မိဖုရားခေါင်မှလွဲ၍ မည်သည့် အမျိုးသမီးနှင့်မဆို အဆင်ပြေစေရမည်ဟုပင် မိန့်ဆိုခဲ့သည် ဆို၏။ သို့သော် ပုဂံဝန်ထောက်မင်း ဦးတင်၏ "စိတ်ကိုကောင်းကောင်း အစိုးမရ"ဟူသော မှတ်ချက်ကဲ့သို့ပင် ဘိုးတော်ဘုရားသည် စာပေကျမ်းဂန်များ အလွန်အကျွံလိုက်စားလေ့လာခဲ့ရာမှ လွတ် ထွက်သွားသဖြင့် ဆရာတော်အများ လူထွက်ခဲ့ကြရခြင်း ဖြစ် သည်။

ဤတွင် တောင်ငူကလည်း တောင်ငူ၊ မောင်းထောင် ကလည်း မောင်းထောင်ဟူ၍တော့ မဆိုသာပေ။ မောင်းထောင် ဆရာတော် သာသနာရေးတွင် ဝင်ရောက်စွက်ဖက်ကာ အမိန့် တော်အမျိုးမျိုးထုတ်ပြန်လာသောကြောင့် သာသနာ့ဘောင်တခါင် ပျောက်ပိုက်ဟန်မတူခဲ့ပေ။ သို့ဖြင့် ‗ လူထွက်ကာ အမတ်ကြီး



မောင်းထောင်သာသနာပိုင်ဆရာတော်



မောင်းထောင်ဆရာတော်လူထွက် အမတ်ကြီးဦးမြတ်နေ

ဦးမြတ်နေအဖြစ် ခစားခဲ့သည်။ မဟာဓမ္မသင်္ကြံဘွဲ့ခံ မင်းတိုင်[...] အမတ်ကြီးအဖြစ် နန်းတွင်း၌ ဆက်လက်ရပ်တည်ခဲ့သည်[...]

အမတ်ကြီးဦးမြတ်နေအဖြစ် လောကီ၊ လောကု[...] ကျမ်းများကို ဆက်လက်ပြုစုရေးသားခဲ့သည့်နည်းတူ မှ[...] ရာဇဝင်တော်ကြီး ရေးသားပြုစုရေးအဖွဲ့တွင်လည်း ပါဝင်ခဲ့[...] မောင်းထောင်ကလည်း "မောင်းထောင်၊ တောင်ငူက[...] တောင်ငူ"အဆိုနှင့်ပတ်သက်၍ မောင်းထောင်သာသနာပိုင် [...] တော်နှင့် တောင်ငူမင်းသားတို့အကြား အချင်းများခဲ့သည် [...] ရပ်ရှိခဲ့ကြောင်းလည်း အဆိုရှိခဲ့ပါသည်။

မည်သို့ဆိုစေ မောင်းထောင်ဆရာတော်၏ ကျေး[...] ကြီးမားလှသကဲ့သို့ တောင်ငူမင်းသားအပါအဝင် ဇာတ်ချင်[...] ရေးအဖွဲ့၏ ကျေးဇူးတရားကလည်း ကြီးမားလှပါပေသည်[...]

**တင်နိုင်[...]**

<u>ကျမ်းကိုး</u>

၁။ ကုန်းဘောင်ဆက် ဆွေတော်မျိုးတော်များ ပုရပိုက် (လက်နှိပ်စက်မှု)

၂။ မောင်းထောင်၊ ညောင်ကန်၊ ပေယင်း(သန့်ဇင်) သူရဋ္ဌမဂ္ဂဇင်း၊ ၂၀၁၂ ခု၊ ဇန်နဝါရီ။



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ချစ်ကဝေ

အောင်ချိန်ဘွား

အိချိုဖြူကို ကောလိယ ဝင်းထဲသို့ ခေါ်လာတော့ အရပ်ထဲက အိမ်နီးချင်းတွေ ကွက်ကြည့် ကွက်ကြည့်။

အိချိုဖြူ ပြန်သွားတော့ ဗုဒ္ဓဘာသာကို အလွန်လေးစားကိုးကွယ်ယုံကြည်သည့် ဒေါက်တာမျိုးမြင့်ဇော်၏ ဖွားဖွားကြီးက ပြောသည်။

"နေပါဦး၊ ငါ့မြေးရဲ့ မင်းကောင်မလေးက ခရစ်ယာန်လေးမဟုတ်လား"

"ဟာ . . ဖွားဖွားကလဲ၊ အိချိုဖြူဟာ ခရစ်ယာန် မဟုတ်ပါဘူး"

"သေချာလို့လား ငါ့သား"

သူ့အဖေ ဦးမျိုးအောင်က သံသယလေသံနှင့် ထောက်မေးသည်။

"သေချာပါတယ်အဖေရာ၊ စိဗီလိုင်းမှာ နေပြီး ခေတ်ဆန်ဆန်အသိုင်းအဝိုင်းဖြစ်ပေမယ့် အိချိုဖြူရဲ့ မိဘဘိုးဘွားအားလုံး ဗုဒ္ဓဘာသာတွေပါ"

"ဒါဆို . . ဒီကလေးမလေး ဘာကြောင့် ဘိုကြက်ချေးပုံပေါက်နေတာလဲကွဲ့"

ကြီးကြီးမေက သူမြင်သည့်အတိုင်း ပြောသည်။ မျိုးမြင့်ဇော်၏ မိခင်ဒေါ်ခင်မေမြင့် ကတော့ စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန် ပြောရှာသည်။

"အင်း . . ဒီခေတ် လူငယ်တွေက ဆံပင်ကို နီကြောင်ကြောင် ဆေးရောင်ဆိုးတတ်တယ်။ ဒီကလေးမလဲ ခေတ်ဆန်ဆန်ဆိုတော့ နီဝါရောင် ဆိုးထားတာဖြစ်မှာပါ"

"အို မဟုတ်ဘူးအမေ၊ သူ့ဆံပင်က နဂိုကတည်းက ရွှေဝါရောင်သန်းတာ"

"ဟုတ်ပါပြီ၊ နှာတံကလဲ ပေါ်ပေါ်၊ မျက်တွင်းကလဲ ဟောက်ဟောက်၊ မျက်ဝန်းကလဲ ပြူးပြူး။ ပြီးတော့ . . ပိန်ရှည်ရှည် ကလန်ကလားလေးဆိုတော့ ဘိုကြက်ချေး ဗုဒ္ဓဘာသာတွေ ဖြစ်မှာပေါ့"

"ဒါဆို အနောက်တိုင်းသား လူမျိုးခြားသွေးပါတယ်။ ဖွားဖွားသဘော မတွေ့ဘူး"

ဖြစ်ရမည်။ ဖွားဖွားတို့ ကောလိယမျိုးနွယ်စုသည် အလွန်မြန်မာဆန်ပြီး မျိုးချစ်စိတ်ရှိသည်။ အိချိုဖြူ၏ ပုံမှာ မြန်မာမဆန်။ ဒေါက်တာမျိုးမြင့်ဇော်လည်း အိချိုဖြူကို စပိုးကတည်းက ဤအချက်ကို အလေးအနက်ထားခဲ့သည်။

www.burmeseclassic.com

စစ္စတာသူနာပြုဆရာမ အပျိုကြီး အိချိုဖြူသည် ဆက်ဆံရေးပြေပြစ်သော်လည်း အိန္ဒြေသိက္ခာကြီးသည်။ သူ့လက်အောက် သူနာပြုကလေးများကို ပိနေအောင် စီမံခန့်ခွဲထားသူ ဖြစ်သည်။ ဒါကိုပင် လူပျိုကြီး ဒေါက်တာမျိုးမြင့်ဇော် သဘောကျခဲ့သည်။ သဘောကျမှတော့ ဖြစ်နိုင်မဖြစ်နိုင်လေ့လာရလေသည်။

စီဗီလိုင်းဆိုသည် ဒေါက်တာ မျိုးမြင့်ဇော်တို့ ကောလိယဝင်းနှင့်မဝေးလှ။ ရှေးဟောင်းပျဉ်ထောင်တိုက်ခံ အိမ်ကြီးနှင့်အထင်ကရ နေထိုင်သော အိချိုဖြူတို့ မိဘ ဘိုးဘွား အကြောင်း စုံစမ်းရလွယ်၏။ မြန်မာဗုဒ္ဓဘာသာ အစစ်များ ဖြစ်ကြသည်။

ရင်းနှီးလာတော့ အိမ်ကြီးထဲတွင် ဝင်ထွက်ရင်းအကဲခတ်သည်။ အိမ်ဦးခန်းခေါင်းရင်းနံရံတွင် ကျွန်းသားဘောင်ထူထူဖောင်းရစ်မည်းမည်းကြီးနှင့် ကွပ်ထားသည့် တစ်ပေ ×တစ်ပေခွဲခန့် ပန်းချီပုံကြီးရှိသည်။ နှုတ်ခမ်းမွေးကားကားနှင့် ခံ့ထည်သော ရှေးခတ် မြန်မာစစ်ကဲတစ်ဦး၏ ဝတ်ပုံစားပုံနှင့် ပုဂ္ဂိုလ်ကြီးတစ်ဦး၏ ပန်းချီကားပုံ ဖြစ်သည်။


"စစ်ကဲလေး တိမ်ခိုးထင်ကျော်၊ "၁၈၆၀-၁၉၁၀"ဟု ပုံအောက်ပိုင်းတွင် စာတမ်းထိုးထားသည်။

"အဲဒါ . . ချိုဖြူ့ ဖွားဖွားရဲ့ အဖိုးပုံပေါ့"

အိချိုဖြူက သူ့မိဘဘိုးဘွားတို့၏ Family Tree ခေါ် မိသားစု ဆင်းသက်လာသည့် ဖွဲ့စည်းပုံကို ရှင်းပြဖူးသည်။ ဒေါက်တာ မျိုးမြင့်ဇော်ကလည်း တမင်ကို စပ်စုမေးမြန်းခဲ့ခြင်း ဖြစ်သည်။

စစ်ကဲလေးတိမ်ခိုးထင်ကျော်ဆိုသည်မှာ ယောနယ်မှ ယောအတွင်းဝန် ဦးဖိုးလှိုင်လက်ထက်က ယောစစ်ကဲလေး ရာထူးစတင်ရရှိသည်ဆို၏။ စစ်ကဲလေးနှင့် ယောနယ်က ဆေးဆရာကြီး ဦးဘိုးယွန်း၊ ဒေါ်စန္ဒီတို့၏ သမီး ဒေါ်ဝေဠုဝတီနှင့် စုံမက်ပေါင်းဖက်ပြီး ဒေါ်နှင်းဖြူဟူသော တစ်ဦးတည်းသော သမီးကိုမွေးဖွားခဲ့သည်။ ဤတွင် မျိုးရိုးစဉ်ဆက် ဆင်းသက်လာပုံကို ဇယားဆွဲထားသည်လည်း ရှိသည်။

Family Tree ခေါ် မိသားစုသစ်ပင် (ဆင်းသက်လာပုံဇယား)ပင် ရေးဆွဲထားသည့် မအိချိုဖြူတို့ မိသားစုသည် မည်မျှခေတ်မီကြောင်း သိသာလေ၏။ မြန်မာဆန်သော မိသားစုတို့သည် ဘိုးဘွားဘီဘင်မျိုးရိုးစဉ်ဆက်အကြောင်း ဤမျှလက်လှမ်းမီအောင် လုပ်ထားလေ့မရှိ။ မအိချိုဖြူတို့၏ မိဘများသည် ခေတ်မီပညာတတ်များ ဖြစ်ကြသည်။ ဖခင် ဦးလွန်းချိုသည် မီးရထားဌာနမှ လမ်းဗိုလ်လေးဖြစ်သည်။ အသားညိုညိုနှင့် အညာသားစစ်စစ်




ပုံပေါက်သည်။ ဒေါ်ကြည်
ကတော့ အသားလတ်လ
နှင့် နှာတံပေါ်၍ ထိုခေတ်
အသုံးအနှုန်းအရ ကုလားဆ
မိန်းမချောတစ်ဦး ဖြစ်သည

မအိချိုဖြူ၏ မိခင်
ကြည့်၍ ဘိုးသွေးပါသလား
သံသယဝင်ကာ မိခင်ဖက်
ဘိုးဘွားများကို သေချာ
လာသောအခါ ဒေါ်ကြည်
၏ မိခင်မှာ ဒေါ်အောင်
ဖြစ်သည်။ ဒေါ်အောင်ဖြူ
မိခင်မှာ ဒေါ်နှင်းဖြူ ဖြ
သည်။ မျိုးဆက်တစ်ဆင့်တ
တိုင်း အမျိုးသမီးချည်းဖြစ်
ဖြူဟူသော အမည်ပါကြသော
ကြောင့် အသားအရေဖြူ
မည် ဖြစ်သည်။ ရုပ်ရည်အ
ဖြင့်လည်း ကုလားဆင်ချေ
မောကြမည် ဖြစ်သည်။ သူ
တို့မိဘဘိုးဘွားများကို သေချာ
လေ့လာသော် အိန္ဒိယနွယ်
ဖွားတစ်ယောက်မှ ရှာမတွေ့
ရသလို အနောက်တိုင်းသား
ဟူ၍လည်း မတွေ့ရဘဲ ယော
နယ်သားစစ်စစ်ဖြစ်သော
စစ်ကဲလေးတိမ်ခိုးထင်ကျော်
နှင့်ဒေါ်ဝေဠုဝတီဖြစ်ကြောင်း
သိရှိသည်။ ဒေါ်ဝေဠုဝတီ
အနောက်တိုင်းသွေးများ
မလားဟု သံသယဖြစ်စရာ
သူ့မိဘအထိ လိုက်ကြည့်သော
အခါ နာမည်
ကျော် ဆေးဆရာကြီး ဦး
ယွန်းနှင့် လူသိအလွန်



www.burmeseclassic.com

www.burmeseclassic.com

သော ဆယ့်နှစ်ကြိုးနင်းတဲ့ ဆရာမကြီး ဒေါ်စန္ဒီတို့၏ သမီး ဖြစ်နေကြောင်း စုံစမ်း၍ ရရှိသည်။

"အဲဒါ . . သားကျကျနန လေ့လာစုံစမ်းလို့ သိခဲ့တဲ့ အိချိုဖြူရဲ့ မျိုးရိုးစဉ်ဆက်ပဲ ဖွားဖွား"

ဒေါက်တာ မျိုးမြင့်ဇော်က ဖွားဖွားကို တိုင်တည်၍ အားလုံးကို ရှင်းပြသည်။

"ဟုတ်ပါတယ်လေ. . လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က အဖေ မုံရွာမှာ တာဝန်ကျတုန်း ညောင်ပင်ကြီးရွာမှာ ဘိုမလေးမွေးတယ်ဆိုလို့ ကြုံတုန်း ဝင်ကြည့်ခဲ့ဖူးတယ်။ ကလေးမလေးဟာ ဆံပင်သာ ရွှေဝါရောင်နဲ့မကဘူး။ မျက်လုံးလေးတွေပါ အပြာရောင်။ အဲဒီ ဘိုမလေးရဲ့ အမေဟာ ထန်းလျက်ဖိုက အညာသူ ထန်းလျက်သမစစ်စစ်။ သူ့ယောကျာ်းက မုံရွာမြို့တက်တက်ပြီး ထန်းလျက်ပို့ရတဲ့ ထန်းလျက်ဖိုပိုင်ရှင်ရဲ့ သား။ ညိုညိုတုတ်တုတ်အညာသား ပဲ။ ပတ်ဝန်းကျင်မှာ ဘိုတို့ ကုလားဖြူတို့ မဆိုထားနဲ့။ ရှီးရှီးကုလားတောင်နေတာ မဟုတ်ဘူး။ ဒါလဲ ဘိုမလေး မွေးလာရတာမျိုး ရှိခဲ့ပါတယ်"

"အဲဒါ . . ရုပ်ပုံတွေ ဘာတွေကို ကြည့်ပြီး မိခင်က အဲဒီကလေးကိုယ်ဝန်လွယ်ထားစဉ် စွဲလန်းမိရာက အဲဒီပုံမျိုးမွေးတတ်တယ်။ ဒူးမတ်နို့မှုန့်တို့၊ ဂလက်ဆိုနို့မှုန့်တို့ ကြော်ငြာထဲမှာပါတဲ့ ကလေးတွေရဲ့ ပုံဟာ ဆံပင်ရွှေရောင်၊ မျက်လုံးပြာပြာရှိတယ်မဟုတ်လား အဖေရ"

"အေး -သားတို့ဆရာဝန်တွေကဂျင်နက်တစ်အကြောင်း၊ ဂျင်းနဲ့ ခရိုမိုဇုန်းတို့ရဲ့ ဆိုင်ကိုက လာပြီး သက်ရောက်ပုံအကြောင်း ပိုသိမှာပေါ့ကွာ"

ဟုတ်၏။ ဒေါက်တာ မျိုးမြင့်ဇော်တို့၏ ဆေးပညာမှာ စိတ်နှင့်ကျန်းမာရေးဆက်စပ်မှုအရေးကြီးသောကြောင့် ဆိုင်ကိုသယ်ရာပီတို့၊ ဆိုကိုဒရာမာတို့၊ ဆိုင်ကိုဆိုမက်တစ်တို့ ဆိုင်ကိုအယ်နာလိုက်ဆစ်တို့စသော စိတ်ပိုင်းဆိုင်ရာ ဆေးပညာဘာသာရပ်များကို သင်ကြားခဲ့ကြရသည်။

ယခုတော့ ဘာသာရေးကိုင်းရှိုင်းပြီး လူမျိုးရေးပြင်းထန်သည့် ကောလိယမိသားစုများလည်း ဒေါက်တာ မျိုးမြင့်ဇော်ကို သူနာပြုဆရာမကြီး အိချိုဖြူနှင့်သဘောတူကြည်ဖြူကြသဖြင့် သူတို့ခမ်းခမ်းနားနားထိမ်းမြားလက်ထပ်ခဲ့ကြသည်။

လက်ထပ်မင်္ဂလာပွဲပြီးပြီးချင်းပင် မမျှော်လင့်ဘဲ ပြဿနာတစ်ခု တက်လေသည်။ မင်္ဂလာဘိသိတ်ဆရာရွှေကျီးညိုသည် နတ်မျက်စိဆရာလည်းဖြစ်သည်။

"ဟောဒီ သတို့သမီးက လူဝင်စားပေပဲ။ ငယ်ငယ်က သူ့ယခင်ဘဝက အကြောင်း ကလေးဘာလေး မပြောဘူးလား။ သူက သာမန်မိန်းကလေးမဟုတ်ခဲ့ဘူး။ သူ့စိတ်ကို မငြိုငြင်စေနဲ့။ ကောင်းကောင်း ဆက်ဆံကြနော်"

ဘိသိတ်ဆရာသည် သတို့သားနှင့်သူ့မိဘများကို သတိပေးစကားပြောကြားသွားခဲ့သည်။ မင်္ဂလာဩဘာစာဖတ်စဉ်က လူပရိသတ်အများရှေ့တွင် ဩဝါဒလည်း ပြောခဲ့ရာ အများမသိစေလို၍ ယခု မင်္ဂလာဆောင်သဘောဩဝါဒပေးခြင်းဖြစ်ကြောင်း ပြောသွားလေ၏။

"ဒီအတိုင်းဆို ဒီကလေးမ ငယ်ငယ်က အတိတ်ဘဝအကြောင်း ဘာတွေပြောခဲ့လဲ၊ ဘယ်လိုထူးခြားတဲ့ဘဝက လာလို့ သာမန်မဟုတ်ဘူးလို့ ပြောခံရတာလဲ။ သိထားရအောင် အမှန်အတိုင်း မပြောပြနိုင်ဘူးလား"

သတို့သား၏ ဖခင်အစ်မဖြစ်သော ကြီးကြီး ဒေါ်စန်းမြင့်က ဖွင့်မေးသည်။

"ဒီကောင်မလေး စကားပြောတတ်ခါစအရွယ်လောက်က သူ့ကိုယ်သူ နင်တို့ ဘွားဘွားကြီးဖြစ်တယ်။ ဘာညာလို့တော့ ပြောဖူးတာပဲ။ ဒါပေမယ့် ပြောတာတွေ အမြီး အမောက်မတည့်လို့ ဟန့်တားခဲ့ရတယ်"

"ဘာတွေအမြီးအမောက်မတည့်တာတဲ့လဲ"

"အော် . . အလေး အနက်မထားပါနဲ့။ သူက အဖွားရဲ့ အဖွားဝင်စားတာတဲ့။ သူလဲ စုန်းမဖြစ်လို့ လာပြိုင်ရဲတာပေါ့တဲ့"

"ဘယ်လို . .

စုန်းမတွေပဲ ဖြစ်မှာပေါ့လေ"

"အဲဒါပြောတာပေါ့။ သူက စုန်းမလဲပြောသေး၊ သူ့ကိုယ်သူ ဘိလပ်ကလာတဲ့ ဘိုမလို့လဲပြောသေး၊ ပေါက်တတ်ကရမို့ ဆက်မပြောဖို့ ဟန့်ခဲ့တာပါပဲ"

"အော် . . အင်း၊ ဘိုမနဲ့တူတော့လဲ သူ့ကို ဘိုမလို့ ခေါ်ကြလို့ ထင်ပ၊ လေသံလိုက်ရောပြောတတ်တဲ့ကလေးမပဲ"

ဤကိစ္စ ဤမျှနှင့် ပြီးခဲ့ပါသည်။ သို့သော် . . လက်ထပ်ပြီး တစ်နှစ်လောက်ကြာမှ ပြဿနာကြီးကြီး တက်လာသည်။

ကန္နီနဲ့ လယ်တီနည်း သမထဝိပဿနာတရား စခန်းကို ဒေါက်တာမျိုးမြင့်ဇော်၏ ကြီးကြီးဒေါ်စန်းမြင့်ဝင်ခဲ့သည့်အခါ သူနှင့် သူ့ဇနီးဘိုမလိုလိုခေတ်ဆန်ဆန်တို့ တရားစခန်းဝင်ခိုင်းသည်။ ထူးထူးခြားခြား ရက် ၆၀ ကြာအောင် အားထုတ်



www.burmeseclassic.com

www.burmeseclassic.com

ရသော တရားစခန်းဖြစ်သည်။

ထိုတရားစခန်းပြီးဆုံးသောအခါ တရားထိုင်ခဲ့သည့် ရဟန်းရှင်လူအများတို့သည် ၁၅ ရက်အတွင်း စတင်အာရုံမြင်သည့် ပရိကမ္မနိမိတ်ကိုရကြ၏။ ရက် ၃၀ ကြာသော် မျက်စိမှိတ်တရားမှတ်ရင်း မျက်ကွင်းရှေ့မှအလင်းအာရုံရသည်။ ထိုအလင်းသည် ဝိုင်းဝန်းသောသဏ္ဌာန်ဖြင့် မျက်စိရှေ့တွင် အထင်းသားပေါ်နေသောအခါ ဥဂ္ဂဟနိမိတ်ရကြခြင်း ဖြစ်၏။ နောက် ၃/၄ ရက်အတွင်း ဝိုင်းသောအလင်းအာရုံသည် အတန်းလိုက်အဝေးသို့ ဖြာထွက်သွားပြီး လောကဓာတ်ကြီးတစ်ခွင်ရှိ အလင်းရောင်ထံ သွားပေါင်းဆုံပြီး ပဋိဘာဂနိမိတ်အာရုံကို ရကြလေ၏။

ထိုအလွန်စင်ကြယ်စွာပေါ်လာသည့် ပဋိဘာဂနိမိတ်နှင့်အတူ အာရုံလိုက်ရှုသောအခါ နတ်ပြည်ကိုလည်း သွားရှုနိုင်၏။ စူဠာမဏိစေတီတော်ကိုလည်း သွားဖူးနိုင်၏။ အချို့ယောဂီများဆိုလျှင် ပုဗ္ဗေနိဝါသရာဏ တည်းဟူသော ရှေးဖြစ်ဟောင်းဘဝခန္ဓာ အစဉ်ကို သိသော ဉာဏ်ကိုပါရ၍ ပဋိဘာဂနိမိတ်နှင့် အာရုံပြုကြည့်နိုင်ကြ၏။

မအိချိုဖြူသည် သူ့ကိုယ်သူ လူဝင်စားဟု သိလာပြီး ဘယ်ဘဝကဘယ်သူလာ၍ ဝင်စားသနည်းဟု အာရုံပြုရှုစားသောအခါ သူက စရေသော် အထက်ငါးယောက်မြောက် မျိုးဆက်ကသူ့ဖွားဖွားဝင်စားကြောင်းမြင်သည်ဆို၏။

တစ်နည်းအားဖြင့် သူ့အဖွား၏ အဖွားဖြစ်ကြောင်းမြင်သည်။ သို့သော် အံ့ဩရသည်မှာ သူ့မိဘဘိုးဘွားမှတ်သားခဲ့သော ထိုစစ်ကဲလေးတိမ်ခိုးထင်ကျော်နှင့် ညား၍ သူ့မျိုးဆက်ကို မွေးခဲ့သည့် သူသည် ဒေါ်စန္ဒီ၏သမီး ဒေါ်ဝေဠုဝတီမဟုတ်ဘဲ ဘိလပ်သူစင်သီရာဟေးဝဒ်ဖြစ်နေသည်ဟု မြင်သည်။

ဤအကြောင်းကို သူ့ခင်ပွန်း ဒေါက်တာ မျိုးမြင့်ဇော်ကို ပြောပြသောအခါ မယုံသကဲ့သို့ ဖြစ်ရသည်။ သို့သော် ထိုသမထဝိပဿနာ တရားစခန်းမှ ကျင့်ကြံအားထုတ်၍ ရရှိသော ပဋိဘာဂနိမိတ်အာရုံကို ဒေါက်တာ မျိုးမြင့်ဇော်မယုံ၍မဖြစ်။ ထို့ကြောင့် သူ့ဇနီးပြောသည့် ဘဝဟောင်းက ဘိုးမအကြောင်း လူကြီးမိဘများကိုပြောပြသည်။

ဤတရားစခန်းတွင် ရက် ၆၀ တရားမှတ်ခဲ့သည့် ကြီးကြီးဒေါ်စန်းမြင့်လည်း မယုံဟုမဆိုရဲ သူကိုယ်တိုင် ဤပဋိဘာဂနိမိတ်ကို ရခဲ့သူဖြစ်၍ ယုံရမည်ဖြစ်သည်။

တိုက်ဆိုင်ချင်တော့ ထိုအချိန်မှာပင် မအိချိုဖြူတို့မိဘများသည် သူတို့နေထိုင်သည့် စီဗီလိုင်းက တိုက်ခံအိမ်အိုကြီးကိုဖြိုဖျက်ရန်ကန်ထရိုက် ၆ ထပ်တိုက်ကြီး ဆောက်ရန် လုပ်ကြသည်။ ဦးလွန်းချို၏ ညီဖြစ်သူ မြို့ပြအင်ဂျင်နီယာ ဦးလွန်းပိုက တာဝန်ယူဆောက်လုပ်ခြင်း ဖြစ်သည်။ တိုက်ခံအိမ်အဟောင်းကြီးကို စနစ်တကျ ဖြိုသောအခါ အပေါ်ထပ်က အဓိကအိပ်ခန်းရှိ နံရံကပ်ဘီဒိုကြီးနောက်တွင် နံရံ၌ မြှုပ်ထားသည့် အံဝှက်ကြီးတစ်ခု ထွက်ပေါ်လာသည်။ အံဝှက်ထဲတွင် ကြေးသေတ္တာတစ်လုံးကို တွေ့၍ ဖွင့်ကြည့်သောအခါ သားရေဖုံးနှင့် နေ့စဉ် မှတ်တမ်းစာအုပ်တစ်အုပ် ထွက်လာသည်။ အခြား ထူးဆန်းသည့် ရှေးခေတ်သုံးအမျိုးသမီး အသုံးအဆောင် ပစ္စည်းများလည်း တွေ့ရသည်။

စင်သီယာဟေးဝဒ်၏ ဒိုင်ယာရီ။ ၁၈၉၂ - ၁၉၉၄ ဟု သားရေဖုံးတွင် ရွှေစာလုံးဖြင့် ထိုးထားသည့် နေ့စဉ်မှတ်တမ်းကို ဦးလွန်းချိုနှင့် ဒေါ်ကြည်ဖြူတို့ ဦးစွာဖတ်ဖြစ်ကြသည်။ ထို့နောက် မအိချိုဖြူကို ပေးဖတ်သည်။ ထိုမှ လက်ဆင့်ကမ်း၍ သူ့ခင်ပွန်း ဒေါက်တာမျိုးမြင့်ဇော်၊ ဦးမျိုးအောင်၊ ဒေါ်စန်းဖြင့် စသဖြင့် အသီးသီး ဖတ်ရှုပြီးနောက် ဒေါ်စန်းမြင့်က ပြောသည်။

"ဟိုကောင်မလေး အိချိုဖြူ ပြောတဲ့ သူ့ဘွားဘွားကြီး စင်သီယာဆိုတာ ဒီဒိုင်ယာရီပိုင်ရှင်ဖြစ်ရမယ်။ သူ ပဋိဘာဂနိမိတ်ရပြီး ဘဝဟောင်းက အကြောင်းတွေပြောတာရယ်၊ ဒီစာအုပ်ထဲက အချက်တွေရယ်၊ အတော်တိုက်ဆိုင်နေတယ်။ နေဦး . . ငါ မုံရွာမြို့၊ လယ်တီက ဆရာကြီး ဦးဘချိုကို သွားပင့်ခိုင်းမယ်။ ဆရာကြီးက ဂတိနိမိတ်၊ သဗ္ဗတ္ထနိမိတ်၊ ပုဗ္ဗေနိဝါသဉာဏ် အားလုံး ပြတ်သားစွာကြည့်ပေးနိုင်တယ်"

"ကောင်းတယ်၊ ကျွန်တော်ကိုယ်တိုင် ဆရာကြီးကို သွားပင့်မယ်"

"သားလဲ လိုက်မယ် အဖေ"

သို့ဖြင့် ဦးမျိုးအောင်နှင့် သူ့သား ဒေါက်တာမျိုးမြင့်ဇော်တို့ မုံရွာသွားပြီး ဆရာကြီး ဦးဘချိုကို ပင့်ဆောင်လာခဲ့ကြသည်။

အောက်တွင် ဖော်ပြမည့် ဖြစ်ရပ်ဇာတ်လမ်းသည် သူနာပြုဆရာမကြီးစစ္စတာ အိချိုဖြူမြင့်သည့် ပဋိဘာဂနိမိတ်၊ အိချိုဖြူတို့ မိသားစုနေထိုင်ခဲ့သည့် စီဗီလိုင်းက တိုက်ခံအိမ်ကြီး၏ အိပ်ခန်းထဲ နံရံကပ်



www.burmeseclassic.com

www.burmeseclassic.com

ဘီဒိုအံ့ဝှက်မှုရသော စင်သီယာဟေးဝဒ်၏ ဒိုင်ယာရီပါစာများနှင့် ဆရာကြီး ဦးဘချိုပုဗ္ဗေနိဝါသဉာဏ်ဖြင့် အာရုံပြုပြောသော အချက်များကို စုပေါင်း၍ ဖော်ပြခြင်းဖြစ်တော့သည်။

သီပေါမင်း ပါတော်မူပြီး တစ်လအတွင်း မင်းတုန်းမင်း၏ မြစ်တော် ထန်းတစ်ပင်မင်းသား ဦးဆောင်၍ နယ်ချဲ့အင်္ဂလိပ်ကို လက်နက်ကိုင်ပုန်ကန်လေသည်။

မန္တလေးရတနာပုံနေပြည်တော်၏ နန်းမြို့ရိုးအတွင်းအပြင်၌ ဗြိတိသျှတပ်များတပ်စွဲထားရာ၊ မြို့၏တောင်ပြင်ရပ်ကွက် ဇီးကုန်းသို့ ညသန်းခေါင်အချိန်တွင် ထန်းတစ်ပင်မင်းသား၏ သူပုန်တပ်ဖွဲ့များ ဝင်ရောက် စီးနင်းကြသည်။ တပ်စခန်းချထားသည့် ယာယီတဲများကို မီးကွင်း ပစ်၍ မီးရှို့ပြီး ထိုးဖောက် တိုက်ခိုက်ကြရာတွင် မီးပေါက် အနည်းအကျဉ်းသာရှိ၍ မားတိုမားရှည်၊ လှံတိုလှံရှည်၊ တုတ်တိုတုတ်ရှည်များ ကိုင်ဆွဲ၍ အနီးကပ်ပူးသတ် ထိုးခုတ်ကြသည်။

နယ်ချဲ့စစ်သားများသည် ရှုပ်ရှုပ်ချွံချွံ ဝင်ရောက်တိုက်ခိုက်သည့် မြန်မာသူပုန်တော်လှန်ရေးသမားများ၏ လက်ချက်ဖြင့် အတုံးအရုံးကျဆုံးကြသည်။ သို့သော် လက်နက်အင်အားမမျှ၍ တော်လှန်ရေးတပ်သားအတော်များများ ကျဆုံးဒဏ်ရာရကြလေသည်။

လက်ဖတင်နင် ဗိုလ်တစ်ယောက်ကို မိမိရရဝင်ပိုင်းရန် အားထုတ်ခဲ့သော စစ်ကဲလေး တိမ်ခိုးထင်ကျော်လည်း သေနတ်နှင့် ဝိုင်းဝန်းပစ်ခတ်ခံရ၍ လဲကျသတိလစ်ခဲ့သည်။ ထိုအချိန်က အသက် ၂၅ နှစ်ကျော်အရွယ်၊ နုပျိုသန်စွမ်းပြီး ခွန်အားဗလကြီးမားသည့် လူရွယ် တိမ်ခိုးထင်ကျော်ကား သေကံမရောက် သက်မပျောက်ခဲ့။ သူသတိပြန်ရသောအခါ ဆေးခန်းလို ပြင်ဆင်ထားသည့် နေရာရှိ သန့်သန့်ပြန့်ပြန့်ကုတင်ပေါ်၌ ပတ်တီးအထပ်ထပ်နှင့် လဲလျောင်းနေရကြောင်း သိရသည်။

ဝမ်းဗိုက်ကို စည်းထားသည့် ပတ်တီးများအောက်တွင် ဝဲဘက်နံစောင်းမှာ တစစ်စစ်နာကျင်နေသည်။ လက်ယာဘက်ပေါင်နှင့် လက်ဝဲဘက်ခြေသလုံးတို့ကိုလည်း ပတ်တီးစီးထားသည်။ သူခြေထောက်များကိုလှုပ်ကြည့်ရာ လှုပ်ရသော်လည်း လှုပ်တိုင်းနာနေသည်။

"အင်း . . ငါမသေသေးဘူး၊ သင်းတို့ဖမ်းထားတာများလား"

စစ်ကဲလေး ဤသို့တွေးမိသည်။ သူအဖမ်းခံထားရသည်။ ဒဏ်ရာများကို ပျောက်အောင် ကုပေး၍ အံ့သြရသည်က မဆုံးသေး။ သူ့ကို ချော့မေး ခြောက်မေးလုပ်ကြသည်။ ထိုအခါကျမှ သူ့ကို စစ်သုံ့ပန်းအဖြစ် ဖမ်းခြင်းမှာ တော်လှန်ရေးခေါင်းဆောင် မည်သူနည်း၊ တော်လှန်ရေးအင်အား မည်မျှရှိသနည်း။ မည်သည့်နေရာ၌ခိုအောင်း စခန်းချသနည်းဟူ၍ သိချင်သောကြောင့် ဖြစ်ကြောင်းသိခဲ့သည်။

"ခေါင်းဆောင်က မင်းသားကြီးကျော်ထင်၊ ငါတို့ ကြွက်နဖားတောင်ခြေမှာ လူစုပြီး လာတိုက်တာပဲ။ လူတစ်ထောင်စုထားတယ်ကွ"

စစ်ကဲလေးက ပရိယာယ်သုံးကာ စိတ်ကူးတည့်ရာ စွတ်ပြောခဲ့သည်။ သူ့အမည် ထင်ကျော်ကို ကက်ကင်းထပ်၍ ကျော်ထင်ဟုဆိုကာ ခေါင်းဆောင် မင်းသားအမည်အဖြစ် ပြောခဲ့သည်။ ထန်းတစ်ပင် မင်းသားက ယောနယ်အထိ လာရောက်လူစုပြီး တောင်ထူထပ်သည့် ဂန့်ဂေါ၊ ဆောဘက်တွင် အခြေစိုက်စည်းရုံးခဲ့သည်။ ယခု စစ်ကဲလေးက ရှမ်းပြည်ဘက်ကို ဖီလာကြီး လမ်းလွဲ ထွက်ဆိုခဲ့သည်။ ထိုအချိန်က အင်္ဂလိပ်တို့ကို ရတနာပုံနေပြည်တော်၏ အရပ်လေးမျက်နှာရှိ မြန်မာ၊ ရှမ်း၊ ကချင်၊ ချင်းတို့က ပုန်ကန်ရန် တာစူလျက်ရှိရာ ဗြိတိသျှစစ်ထောက်လှမ်းရေးမှ ရရှိသော သတင်းတွင် ကြွက်နဖားတောင်ခြေမှာ လူစုကြောင်းရရှိသည်နှင့် စစ်ကဲလေးထွက်ဆိုသည်က ကိုက်ညီသောကြောင့် သူ့ကို ယုံကြည်ခဲ့ကြသည်။ သို့ဖြင့် စစ်ကဲလေးကို ရတနာပုံနန်းတွင်းထောင်ထဲ၌ပင် အကျဉ်းချထားလိုက်လေသည်။

စစ်ကဲလေးစိတ်ထဲတွင် မရိုးမရွဖြစ်လွန်းရသည်။ နယ်ချဲ့ မျက်နှာဖြူတော်လှန်ရေးတွင် စွမ်းစွမ်းတမံဆင်နွှဲရမည့်အစား အကျဉ်းထောင်ထဲတွင်နေရသောအခါ "သေသော်မှသည် အော် ကောင်း၏"ဟု ခဏခဏ တွေးနေသည်။ ဤသို့ဖြင့် နှစ်တွေကြာလာသည်။ အင်္ဂလိပ်နယ်ချဲ့က မပြုတ်သေး။ စစ်ကဲလေးကတော့ ဤနယ်ချဲ့ကို တိုက်ထုတ်နိုင်မည်ဟူသော ယုံကြည်ချက်အပြည့်ဖြင့် ချစ်သူပစ်၍ စစ်ထဲဝင်ခဲ့သူ ဖြစ်သည်။

ဝေဠုဝတီ . . .

သူ့ချစ်သူ ဝေဠုဝတီမှာ သူ စစ်ထဲဝင်ချိန်၌ ဆယ်ကျော်ငါးနှစ်ပတ်လည်အရွယ်လေး။ [illegible]လျာခေါ် မိန်းမတို့ အရွယ်[illegible]တ်မှတ်ခေါ်ဝေါ်



www.burmeseclassic.com

www.burmeseclassic.com

သည့် ၁၂ နှစ်အရွယ်ကစပြီး လှသွေးကြွယ်လာသည့် ဝေဠုဝတီကို သူကချစ်နှမလေးလို အစွဲကြီးစွဲခဲ့သည်။ ကုမ္မာရီဟုခေါ်သည့် ၁၄ နှစ်အရွယ်ရောက်တော့ စစ်ကဲလေးဖြစ်စမိုးတိမ်ထင်ကျော်က ဝေဠုဝတီကို ချစ်ခွင့်ပန်ခဲ့သည်။ ဝေဠုဝတီကလည်း သူ့အချစ်ကို တုံ့ပြန်လက်ခံခဲ့သည်။ သို့ဖြင့် ချစ်သူရည်းစားဘဝရောက်ခဲ့ကြသော်လည်း အရွယ်တော်တစ်ဆိတ်နုနယ်လွန်းသေးသည့် ချစ်သူကိုလက်ထပ်ယူရန် စောသေး၍ စောင့်ဆဲအချိန်။

ထိုအချိန်မျိုးမှာမှ နိုင်ငံတော် ကျွန်သဘောက်ဘဝရောက်ရ၍ မျိုးချစ်ထန်းတစ်ပင်မင်းသားက လာရောက်လူစုသောအခါ၊ စစ်သွေးကြွသောလူငယ်ပီပီတော်လှန်ရေးတပ်ထဲဝင်၍ ပုန်ကန်ခဲ့ခြင်း ဖြစ်သည်။

ယခု စစ်ကဲလေး တိမ်ခိုးထင်ကျော် ထောင်သက် ၅ နှစ်ကျော်ပြီ။ ထိုခေတ်က ထောင်သက် ၅ နှစ်ကျော်လျှင် နှစ်ကြီးသမားဟု သတ်မှတ်သည်။ ယောနယ်သား စစ်ကဲလေးသည် အုန်းခွံရောင်အသားအရေနှင့် အရပ်ထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်း ဖြစ်သည်။ ဗလတောင့်ရသည့်အထဲ သိုင်းကလည်းတတ်သည်။ သူ့ကို မျက်စိကျသော ထောင်ပိုင်ကြီး မန္တာဂျင်မီပေးဝဒ်က ထောင်ပိုင့်အိမ်တွင် တောက်တိုမယ်ရခိုင်းရန် ခေါ်ထားသည့် အကျဉ်းသမားသုံးယောက်၏ ခေါင်းဆောင် ခန့်သည်။ ဆယ်ဝင်ပုန်းနှစ်ပုန်းကို ထမ်းပိုးမပါဘဲ ဘယ်ညာ လက်ဆန့်တန်း၍ ဆွဲသယ်ယူနိုင်သူ ထင်းလုံးကို ပုဆိန်နှင့် တစ်ချက်တည်းခုတ်ခွဲပြီး အချောင်းတစ်ရာလောက်ကို သူများ နှစ်နာရီခွဲရသည် ဖြစ်သော်လည်း သူက နာရီဝက်နှင့် ပြီးအောင်ခွဲနိုင်သူ ဗြိတိသျှလူမျိုး ဒေါင်ကောင်းကောင်း ယောက်ျားကြီးတစ်ယောက်လောက် အရပ်မြင့်သူသူ့ကို ကက်ပတိန်မားဗဲဟုခေါ်ကြသည်။ (ထိုခေတ်က စူပါမင်းကို ခေါ်သည့် အခေါ်အဝေါ်) ထောင်ဝတ်စုံ အထက်အောက်အဖြူရောင် အဝတ်အစားအောက်က အုန်းခွံရောင်က နေလောင်ထားသည့် ပြောင်ရဲရဲသူ့အသားရောင်သည် ဘိုမများကို ဆွဲဆောင်ဖမ်းစားမှု အပြည့်ရှိသည်။

ရှေ့လဆက်ဖတ်ပါရန်။

**အောင်ချိန်ဘွား**


ဂမ္ဘီရဆရာလှမျိုး (B.Sc) ၏ ဆဋ္ဌမမြောက်

ဂြိုဟ်ရှစ်ခွင်သက္ကတ်ဗေဒင် နှင့် ယတြာများ

ထွက်ပြီ

တစ်အုပ်ဝယ်ထား၊ တစ်မိသားစုလုံး ဘယ်နှစ်မှာ ဘယ်ဂြိုဟ်ခွင် သက္ကတ်(သက်ရောက်)နေပြီလဲ...

ဖတ်လို့ရ၊ ကိုယ်တိုင် ယတြာချေလို့ရမည့် ဗေဒင်ပညာပေးစာအုပ်။

တစ်နှစ်စာမဟုတ်...

ဘဝတစ်သက်စာ....

ဖြန့်ချိရေး - ကြံတိုင်းအောင်စာပေ
- အမှတ်(၁၇)၊ အောင်သပြေအနောက်(၁)လမ်း၊
- ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉ ၄၂၀၀ ၄၇၈၆၉

ရန်ကုန်၊ မန္တလေး ပဲခူး၊ မော်လမြိုင် စာအုပ်ဆိုင်များသို့ ဖြန့်ချိလိုက်ပြီ။

နယ်မှ (၅)အုပ်ထက်မနည်း ငွေပို့မှာလျှင် အရောက်ပို့ပေးမည်။

တန်ဖိုး - ၁၂၀၀ ကျပ်




www.burmeseclassic.com

www.burmeseclassic.com

# ရုပ်ခန္ဓာကို ပရမတ္ထဖြင့် ရှုမှတ်ခြင်း

မဟာထွန်း

ခန္ဓာငါးပါး တရားရှုမှတ်ခြင်းနှင့် ပတ်သက်၍ ရေးသားလာခဲ့သည်မှာ ယခုဆိုလျှင် ခန္ဓာလေးပါးသို့ ရောက်လာခဲ့ပြီ။ စာဖတ်ပရိသတ်များထဲမှ လက်လှမ်းမီသော ပရိသတ်အချို့တို့အား မေးမြန်းစုံစမ်းကြည့်ရာ တချို့က နားလည်သဘောပေါက်သည့်အကြောင်းကို ပြောပြကြ၏။ တချို့ကလည်း နားမလည်နိုင်ပါဟု အမှန်ကို ဆိုကြ၏။

နားမလည်ကြသူများကိုလည်း အပြစ်ဟူ၍ မဆိုသာပေ။ မြတ်စွာဘုရားရှင် တရားတော်သည်ကား ကျယ်လည်းကျယ်၊ နက်လည်းနက်၊ ခက်လည်းခက်၏။ ထို့ကြောင့် ဉာဏ်ကွန့်မြူးသေးနုကြသော ဓမ္မယောဂီအပေါင်းတို့အား ဇွဲမလျှော့ဘဲ သာသနာတော်နှင့် တွေ့ရကြုံရကျိုးနပ်အောင် အံကိုခဲ၍ ကြိုးစားကြပါဟုသာ တိုက်တွန်းလိုက်ရ၏။ အထူးသဖြင့်လည်း အားပေးပါ၏။

သဘောပေါက်၍ နားလည်ကြသည်၊ ဉာဏ်မှာ သင်း၍ ရှင်းကြသည်ဟု မင်္ဂလာသတင်းကောင်းဖြင့် လာရောက်လျှောက်ထားကြသော ဓမ္မယောဂီအပေါင်းတို့ကိုမူ အထူးဝမ်းမြောက်ဝမ်းသာ ဖြစ်ရ၏။ တရားတော်အားလုံးတို့၏ အဓိက လိုရင်းအချုပ်ဟူသည်မှာလည်း ခန္ဓာငါးပါးသာ ဖြစ်၏။ ခန္ဓာငါးပါးကို ဝိပဿနာဉာဏ်ဖြင့် ရှင်းလင်းပြတ်သားစွာ နားလည်ထားသော ဓမ္မယောဂီများအဖို့ တရားရှုမှတ်ပွားများရန်အတွက်လည်း ဘာမျှမခဲယဉ်းတော့ပေ။

ခန္ဓာကို နားလည်လျှင်ပင် တရားရသည်ဟု ဆိုရ၏။ ခန္ဓာထဲမှာသာ တရားရှိ၏။ ခန္ဓာ၏အပြင်မှာ တရားမရှိပေ။ ထို့ကြောင့် ဓမ္မလမ်းကြောင်းကို အစမှပင် အစဉ်အတိုင်း လျှောက်လှမ်းကြသော ယောဂီပုဂ္ဂိုလ်တို့သည် ခန္ဓာကိုသာ စ၍ သင်ယူကြရ၏။ ခန္ဓာကို ဝိပဿနာဉာဏ်ဖြင့် တတ်ကျွမ်းလိမ္မာထားသော ယောဂီပုဂ္ဂိုလ်တို့သည် မည်သည့်တရားနည်းလမ်းစဉ်ကို နာကြားသင်ယူသည်ဖြစ်စေ နားလည်ပြီး ပေါက်မြောက်လွယ်ကူသည်သာ ဖြစ်၏။

ထို့ကြောင့် ခန္ဓာငါးပါးကို တတ်သိရှုမြင်ခြင်းမှာ တရားကို မြင်ခြင်းဖြစ်၏။ တရားကိုမြင်မှ ဘုရားကိုလည်း မြင်၏ဟု ဟောတော်မူ၏။ သံဃာကိုလည်း မြင်လေ၏။ မည်မျှအထိ သာသနာတော်၌ မြင့်မြတ်သော ပုဂ္ဂိုလ်များဖြစ်သွားကြသည်ကို နားလည်နိုင်၏။ ခန္ဓာကို သိရှိနားလည်ခြင်းသည် ထိုမျှအထိ တန်းမြင့်လေ၏။

ဤသည်နှင့် ဆင်တူသော အကြောင်းတစ်ခုကို အမှတ်ရ၏။

တစ်ခါက မထေရ်ငယ်တစ်ပါးသည် မထေရ်ကြီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ပါး၏ နောက်တော်မှလိုက်၍ အလုပ်အကျွေးပြု၏။ မထေရ်ငယ်သည်ကား တရားဘာဝနာကို လိုက်စားအားထုတ်ခြင်းမရှိဘဲ အမှုမဲ့ အမှတ်မဲ့သာ နေ၏။ ပရိယတ်၊ ပဋိပတ် တစ်စုံတစ်ရာမျှ မကျင့်မပွားသော ပုဂ္ဂိုလ်တို့သည် စိတ်အာရုံများ ပြန့်လျက် လေခတ်သော တံခွန်ကဲ့သို့ ရှိတတ်ကြောင်း သူတော်ကောင်းတို့က ဆိုကုန်၏။ မှန်၏။ ထိုမထေရ်ငယ်သည် လမ်းခုလတ်၌ မထေရ်ကြီးအား တစ်စုံတစ်ရာကို အမှတ်မထင်မေးလျှောက်လေ၏။

"အရှင်ဘုရား အရိယာပုဂ္ဂိုလ်ဟူသည် အဘယ်မည်သော ပုဂ္ဂိုလ်တို့အား ခေါ်ပါသနည်း"

ထိုအခါ မထေရ်ကြီးက ဆင်ပြောင်ကြီးကဲ့သို့ နောက်ဘက်ကို လှည့်ကြည့်ပြီးလျှင် "ငါ့ရှင် . . . အရိယာနောက်တော်မှ အစဉ်လိုက်လျက် ပြုစုလုပ်ကျွေးနေသော်လည်း အရိယာဟူ၍ မသိနိုင်"ဟု မိန့်ဆိုတော်မူ၏။

စင်စစ်တွင် မထေရ်ငယ်၏ ရှေ့မှ ကြွတော်မူနေသော မထေရ်ငယ် အလုပ်အကျွေးပြုနေသော ယခု မထေရ်ငယ်က မေးမြန်း၍ ဖြေတော်မူနေသော မထေရ်ကြီးမှာ အရိယာအရှင်သူမြတ်ကြီးသာ ဖြစ်လေ၏။ သို့သော်လည်း "ငါသည်ပင် အရိယာ"ဟု ဖြေတော်မမူဘဲလျက် ပရိယာယ်ဖြင့် "အရိယာ၏ နောက်တော်မှ အစဉ်လိုက်လျက် ပြုစုလုပ်ကျွေးနေသော်လည်း အရိယာဟူ၍ မသိနိုင်"ဟူသာ ဖြေတော်မူလေသည်။

ထို့ကြောင့် ဉာဏ်ပါရမီ ထုံထိုင်းသော မထေရ်ငယ်သည် မထေရ်ကြီး၏ ပရိယာယ်ဖြင့် ဖြေကြားသော စကားတော်ကို နားလည်နိုင်ခြင်းမရှိဘဲ စိတ်ပျက် လက်ပျက်ဖြစ်ကာ မထေရ်ကြီး သပိတ်နှင့် သင်္ကန်းကို အပ်ပြီး၊ လမ်းခွဲထွက်သွားလေသည်။ ဝမ်းနည်းဖွယ် ကောင်းလေစွ။ အရိယာသူတော်ကောင်းကြီးတို့၏ ဣန္ဒြေတော်သည်လည်း အံ့ဖွယ်ရှိစွသည်။ မိမိတို့ ရရှိထားသော တရားတော်ကိုလည်း လျှို့ဝှက်တော်မူကြ၏။

ခန္ဓာငါးပါးကို တတ်ကျွမ်းလိမ္မာထားခြင်းအကြောင်းကို ဆက်ဦးမည်။

**ပဉ္စမမှာတိ ဂမ္ဘီရ ဉာဏ စရိယဘူတာနံ ခန္ဓာဒီနံ၊ ဥဂ္ဂဟာန သဝန ဓာရဏ ပရိစ္စယ ယောနိသော မနသိကာရေ သန္ဓာယ ဘာသိတံ။**

ပဉ္စမမှာတိ=ပဉ္စမမှုဟူသည်ကား (ဝါ) တရားငါးပါးဟူသည်ကား ဂမ္ဘီရဉာဏ စရိယဘူတာနံ = နက်နဲသောဉာဏ်ဖြင့် ကျက်စားရာဖြစ်၍ ဖြစ်ကုန်သော၊ ခန္ဓာဒီနံ-ခန္ဓာငါးပါး အစရှိသည်တို့၏၊ ဥဂ္ဂဏ=သင်ယူခြင်း၊ သဝန=နာကြားခြင်း၊ ဓာရဏ=ဆောင်ထားခြင်း၊ ပရိစ္စယ=အဖန်ဖန်အထပ်ထပ် လေ့လာခြင်း(လေ့ကျက်ခြင်း)၊ ယောနိသော မနသိကာရေ=တရားနှင့်လျော်ညီစွာ နှလုံးသွင်းခြင်းတို့ကို၊ သန္ဓာယ=ရည်ရွယ်၍ ဘာသိတံ=မိန့်ဆိုတော်မူအပ်၏။

ဤစာပိုဒ်သည် ပဏ္ဏာသအဋ္ဌကထာမှလာ၍ ရှေးဆောင်းပါးတစ်ပုဒ်တွင်လည်း ဖော်ပြခဲ့ဖူး၏။ ထို့ကြောင့် စာဖတ်သူ ဓမ္မယောဂီများလည်း မှတ်မိနေကြလိမ့်မည်ဟု ယူဆ၏။ ဤနေရာ၌ ခန္ဓာနှင့် ပတ်သက်ပြီး လိုအပ်လာနေ၍ ထပ်ဆင့်ဖော်ပြလိုက်၏။ ဝိပဿနာတရားတော်ကို ကျင့်ကြံအားထုတ်ကြမည့် ဓမ္မယောဂီများ အနေဖြင့် ခန္ဓာကို နားလည်ထားရန် မည်မျှအထိ အရေးကြီးသည်ကိုလည်း သိသာနိုင်၏။

ထိုစာပိုဒ်၏ လိုရင်းအကျဉ်းကိုပင်ကြည့်ပါ။ ခန္ဓာငါးပါးကို တရားငါးပါးဟုဖွင့်ပြပြီး ဝိပဿနာဉာဏ်ကို ဂမ္ဘီရသဒ္ဒါဖြင့် နက်နဲသောဟု ဖော်ပြထားသည်။ ထိုခန္ဓာငါးပါးကို တတ်မြောက်လိမ္မာအောင် သင်ယူခြင်း၊ နာကြားခြင်း၊ ဆောင်ထားခြင်း၊ အဖန်ဖန်အထပ်ထပ် အလေ့အကျက်ပြုလုပ်ခြင်း၊ တရားတော်နှင့်အညီ နှလုံးသွင်းဆင်ခြင် ပွားများခြင်း စသည်ဖြင့် တိုက်တွန်းထားသည်။

ထို့ကြောင့် ယခု ခန္ဓာငါးပါးကို နားလည်သည်ထိ လာရောက်လျှောက်ထားကြသော ဓမ္မယောဂီများကိုလည်း အထင်ကြီးလေးစားပြီး ချီးမွမ်းကြည်ညိုကြရမည်သာ ဖြစ်၏။ ဂမ္ဘီရဟု ချီးမွမ်းအပ်သော ဝိပဿနာဉာဏ်ပညာကြီးကို ရရှိပိုင်နိုင်ထား၍သာ ခန္ဓာငါးပါးကိုလည်း သိမြင်နိုင်လာခြင်း ဖြစ်၏။

ဝိပဿနာဉာဏ်ကို ဒိဋ္ဌိကင်းစင်ပြီးဖြစ်သောကြောင့် အမြင်မှန်ဉာဏ်ဟု ဆိုရ၏။ ထို့နောက် သ... ဒိဋ္ဌိဉာဏ်၊ ပရမတ်ဉာဏ်၊ ယထာဘူတဉာဏ်၊ က...



www.burmeseclassic.com

www.burmeseclassic.com

ဓမ္မာညာဏ်၊ အနုတ္တညာဏ် စသည်ဖြင့် ဝိပဿနာတရားတော်၏ အခြေခံဖြစ်သော ဉာဏ်အတော်များကို လင်းရှင်းပိုင်ဆိုင်ပြီး ရရှိထားသောကြောင့်လည်း ဗုဒ္ဓဘာသာ၏ တန်းမြင့်သော ပုဂ္ဂိုလ်အဖြစ် ကြည်ညိုရ၏။

ဝိပဿနာဉာဏ်ဖြင့် ခန္ဓာကို ရှုမြင်ရရှိထားသော ယောဂီပုဂ္ဂိုလ်မျိုးဖြစ်မှုလည်း တရားရှုမှတ် ပွားများအားထုတ်၍ ရနိုင်၏။ ဒိဋ္ဌိအလုံးစုံကင်းပြီး အမြင်မှန်ကို လင်းရှင်းစွာဖြင့် ရရှိထားသောကြောင့် ဖြစ်၏။ သောတာပတ္တိမဂ်ကို မရသေးသည့်တိုင်အောင် အရိယစာရင်း သွင်းထားခြင်းခံရ၏။ ထို့ကြောင့် ဝိပဿနာတရားတော်ကို ရှုမှတ်ပွားများနေသော ယောဂီပုဂ္ဂိုလ်အား အရိယာဟု ခေါ်ဆိုရကြောင်း မိန့်တော်မူ၏။

သောတာပန်သုတ်တော်မှာလည်း -

**သောတာပတ္တိမဂ္ဂေန၊**
**အနုဝသေသာ၊**
**ဒိဋ္ဌာသဝေါ၊**
**ခီယတိ။**

သောတာပတ္တိမဂ္ဂေန = သောတာပတ္တိမဂ်ဖြင့်၊ အနုဝသေသာ=အကြွင်းမရှိကုန်သော၊ ဒိဋ္ဌာသဝေါ=ဒိဋ္ဌိအာသဝသည်၊ ခီယတိ=ကုန်၏။

သောတာပန်ဖြစ်လျှင် အကြွင်းမဲ့ ဒိဋ္ဌိကုန်သည်ဟု ဟောတော်မူသောကြောင့် ခန္ဓာငါးပါးကို ဝိပဿနာဉာဏ်ဖြင့် မြင်သော ယောဂီပုဂ္ဂိုလ်သည် မဂ်မဝင်သေးသည့်တိုင်အောင် သောတာပန်စာရင်းဝင်သည်ဟုဆိုခြင်းမှာ ပြတ်သားသွားလေ၏။

ဝိပဿနာဉာဏ်ဖြင့် သိမြင်ထားသော ခန္ဓာငါးပါးကို အာယတန၊ ဓာတ်၊ သစ္စာ စသည်ဖြင့်လည်း ခွဲခြားနိုင်ပေပြီ၊ အလုံးစုံဓာတ်၊ ပရမတ်ကိုက် ဆိုက်လျက်သာ ဖြစ်၏။ အလွန်မှ ဝမ်းမြောက်အားတက်ဖွယ် ကောင်းလေသည်။ ထို့ကြောင့် ခန္ဓာတည်းဟူသော ဓာတ်၊ ပရမတ်တရားတို့သည် အရိယာနွယ်ဝင်၊ အရိယာတို့၏ ဥစ္စာဖြစ်သောကြောင့် ဉာဏ်ဖြင့် ဟုတ်တိုင်းမှန်စွာ ကေန်သိမြင်ထားသော ယောဂီပုဂ္ဂိုလ်တို့သည် အပါယ်တံခါးအပြီးတိုင်ပိတ်လျက် အရိယာနွယ်မှ နိဗ္ဗာန်တစ်လမ်းတည်းရှိတော့သည်။

ပထဝီဓာတုယာဝါ၊ အာပေါဓာတုယာဝါ၊ တေဇောဓာတုယာဝါ၊ ဝါယောဓာတုယာဝါ၊ တေနေဝဓမ္မေ အဝစ္စပသန္နေန၊ သမန္နာဂတော၊ အရိယာသာဝကော၊ နိရိယံဝါ၊ တိရစ္ဆာနယောနိယံဝါ၊ ပိတ္တိဝိသယံဝါ၊ ဥပပစ္စိဿတိ။

**(တိကအင်္ဂုတ္တိုရ်)**

ပထဝီဓာတုယာဝါ=ပထဝီဓာတ်ကိုလည်းကောင်း၊
အာပေါဓာတုယာဝါ = အာပေါဓာတ်ကိုလည်းကောင်း၊
တေဇောဓာတုယာဝါ = တေဇောဓာတ်ကိုလည်းကောင်း၊
ဝါယောဓာတုယာဝါ = ဝါယောဓာတ်ကိုလည်းကောင်း၊
တေဓမ္မေ = ထိုဓာတ်ကြီးလေးပါးတို့ကို၊ အဝစ္စပသန္နေန=မတုန်မလှုပ်သော၊ သက်ဝင်ယုံကြည်သည့် သဒ္ဓါတရားဖြင့်၊ သမန္နာဂတော=ပြည့်စုံသော၊ အရိယာသာဝကော=အရိယာသာဝကသည်၊ နိရိယံဝါ=ငရဲသို့လည်းကောင်း၊ တိရစ္ဆာနယောနိယံဝါ=တိရစ္ဆာန်ဘုံသို့လည်းကောင်း၊ ပိတ္တိဝိသယံဝါ=ပြိတ္တာ/အသူရကာယ်ဘုံတို့သို့လည်းကောင်း၊ နေဝဥပပစ္စိဿတိ=မည်သည့်အခါမျှ မရောက်နိုင်လတ္တံ့တည်း။

ဤစာပိုဒ်သည်ကား ဓာတ်ကြီးလေးပါးကို အဓိကဆို၏။ မှန်၏။ ဓာတ်ကြီးလေးပါးသည် ခန္ဓာကိုယ်၏ ဖြစ်တည်ရာ အရင်းအမြစ်ကြီးဖြစ်လေသောကြောင့် ခန္ဓာသည်ပင် ဓာတ်ကြီးလေးပါး အစုအဝေးဖြစ်၏။ ထို့ကြောင့် ခန္ဓာကိုဆိုလျှင် ဓာတ်ကြီးလေးပါးသည် ပါမြဲဖြစ်၍ ဤစာပိုဒ်ကို ထည့်သွင်းပြလိုက်၏။

ထို့ကြောင့် ခန္ဓာငါးပါးကို ဝိပဿနာဉာဏ်ဖြင့်သိသော ဓမ္မယောဂီတို့သည် ဦးစွာ အပါယ်တံခါးပိတ်မည်။ ထို့နောက် လူ့ဘဝ၊ နတ်ဘဝ စသော သုဂတိဘုံတစ်ခုခု၌ စံစားလျက် မဂ်အဆင့်ဆင့်၊ ဖိုလ်အဆင့်ဆင့်ရရှိကာ ချမ်းသာလွယ်ကူစွာဖြင့် နိဗ္ဗာန်ကိုရောက်ကြမည် ဖြစ်၏။ ထိုကဲ့သို့ အားရှိလေသောကြောင့်ပင် ခန္ဓာကို သိစေလိုခြင်းဖြစ်၏။ ခန္ဓာကို ဝိပဿနာဉာဏ်ဖြင့် စတင်၍ သိမြင်ခြင်းသည် လောကုတ္တရာအင်အားကို စတင်ရရှိခြင်းလည်း ဖြစ်၏။

ဝိပဿနာဉာဏ်ဖြင့် ပညတ်/ပရမတ်ကို ကွဲပြားနားလည်သောကြောင့် မာရကိုပင် မောင်းထုတ်နိုင်သော ပုဂ္ဂိုလ်တစ်ယောက်၏ အကြောင်းကိုလည်း မှတ်သားဖွယ်



www.burmeseclassic.com

www.burmeseclassic.com

၏။ ၎င်းမှာ သူရမ္ဗတ္ထဖြစ်၏။ သူရမ္ဗတ္ထသည် မြတ်စွာဘုရားရှင်၏အထံမှ ဝိပဿနာတရားတော်ကို နာယူ၍ ပညတ်/ပရမတ် ကွဲပြားကာ ဝိပဿနာသမ္မာဒိဋ္ဌိဉာဏ်ကို ရရှိပြီး နေအိမ်သို့ပြန်လေရာ မရှေးမနှောင်းမှာပင် မာရသည်လည်း ဘုရားရှင်ကဲ့သို့ ဖန်ဆင်း၍ ရောက်လာလေ၏။

ထိုအခါ သူရမ္ဗတ္ထက အဟုတ်တကယ်ပင် ဘုရားရှင်ဟု ထင်မှတ်ကာ နေရာထိုင်ခင်းပေးပြီးနောက် လျှောက်ထားလေ၏။

"မြတ်စွာဘုရား၊ အဘယ်သို့သော အကြောင်းကိစ္စများရှိပါ၍ ဘုရားတပည့်တော်၏ နေအိမ်သို့ ကြွတော်မူလာသည်ကို အမိန့်ရှိတော်မူပါ"

ထိုအခါ မာရက -

"သူရမ္ဗတ္ထ . . . ငါဟောတော်မူလိုက်သော တရား၌ သူငါ၊ ပုဂ္ဂိုလ်၊ သတ္တဝါမရှိ ဟူသည်ကို ပြန်ပြင်လို၏။ ထိုအယူသည် မှား၏။ သူငါပုဂ္ဂိုလ် သတ္တဝါ မရှိမဟုတ်၊ ရှိ၏။ ထို့ကြောင့် သူငါပုဂ္ဂိုလ် သတ္တဝါ ရှိ၏ ဟူ၍ယူပါ။ သို့မှ မှန်ကန်သော ဓမ္မလမ်းစဉ်ကိုရောက်ရှိပေလိမ့်မည်"

ဤတွင် သူရမ္ဗတ္ထစဉ်းစား၏။ သူရမ္ဗတ္ထသည်ကား ဝိပဿနာ သမ္မာဒိဋ္ဌိဉာဏ်ကြီးကို ရရှိပိုင်ဆိုင်ထားသော ပုဂ္ဂိုလ်ဖြစ်၏။ ထို့ကြောင့် ဤစကားသည် မမှန်ဟုလည်း သိလေ၏။ ဘုရားရှင်ကဲ့သို့လည်း ရုပ်ရည်ရူပကာယ အဆင်းအသံတော်များ ရှိပါလျက် ဤမည်သော မမှန်သည့် စကားကိုလည်းဆိုခြင်းမှာ မာရသာဖြစ်ရမည်ဟု နားလည်လိုက်၏။

မာရသည် တန်ခိုးလည်းကြီး၏၊ ပရိယာယ်လည်းများ၏၊ ဉာဏ်လည်းကျယ်၏။ သို့သော်လည်း ကောင်းသည့်ဘက်တွင် ထိုတန်ခိုးဖြင့် ဉာဏ်ပရိယာယ်များကို မသုံးဘဲ မကောင်းသည့်ဘက်မှာသာ သုံး၏။ မြတ်စွာဘုရားရှင်ကိုလည်း အပြစ်ဖို့၏၊ နှောင့်ယှက်၏။ ထို့ကြောင့် ဤပုဂ္ဂိုလ်သည် ဘုရားရှင်မဖြစ်နိုင်ဘဲ မာရသာလျှင် ဖြစ်တန်ရာ၏ဟု သိသောကြောင့် မေးလိုက်၏။

"သင်သည် မာရသာလျှင် မဟုတ်တုံလော"

ထိုအခါ မာရသည်လည်း မငြင်းသာတော့ဘဲ "ဟုတ်ပေ၏"ဟု ဝန်ခံရလေသည်။ ထို့ကြောင့် သူရမ္ဗတ္ထသည် အိမ်ပေါ်မှ မာရအား နှင်ထုတ်လိုက်လေ၏။ တန်ခိုးကြီးသော နတ်မင်းကြီးဖြစ်သည့် မာရသည်လည်း ဘာမျှ မတတ်နိုင်ဘဲ ဆင်းသွားရလေ၏။

ထိုကဲ့သို့ တန်ခိုးကြီးသော မာရကိုပင် အိမ်ပေါ်မှ နှင်ထုတ်နိုင်သော သတ္တိမျိုးကို သူရမ္ဗတ္ထသည် အဘယ်က ရရှိလေသနည်းဟု မေးလျှင် ပညတ်/ပရမတ်က ရသည်ဟု ဆိုရမည်ပင် ဖြစ်၏။ ခန္ဓာကို ဝိပဿနာဉာဏ်နှင့်သိသော ခန္ဓာသိဉာဏ်က ရသည်ဟုဆိုလျှင်လည်း မှန်၏။ ထို့ကြောင့် ခန္ဓာကို ဝိပဿနာဉာဏ်နှင့် သိမြင်ထားသော ယောဂီပုဂ္ဂိုလ်တို့အား မချီးမွမ်း၊ မကြည်ညို၍ မရတော့ပေ။ သာသနာတော်၌ အတွင်းကျသော ပုဂ္ဂိုလ်တစ်ဦးအဖြစ်ပင် အထူးလေးစားပြီး ကြည်ညိုရလေ၏။

ခန္ဓာကို ဝိပဿနာဉာဏ်ဖြင့် ပြတ်သားရှင်းလင်းစွာဖြင့် သိမြင်ထားသော ဓမ္မယောဂီပုဂ္ဂိုလ်တို့အား မည်သည့်ပုဂ္ဂိုလ်ကမျှ ပညတ်နှင့်ရောသောစကား၊ သို့တည်းမဟုတ် ပညတ်မစင်သော စကားကို ပြော၍ လက်မခံတော့ပေ။ ယခုတင်ပြခဲ့သည့် သူရမ္ဗတ္ထကိုပင် ကြည့်ပါ၊ မာရသည် ဘုရားရှင်ကဲ့သို့ ဖန်ဆင်းပြီး လာပြောသည့်တိုင်ပင် ဘုရားရှင်မဟုတ်ဘဲ မာရဟု တန်းသိနိုင်၏။ ဝံ့ဝံ့ကြီးလည်း အိမ်ပေါ်မှ မောင်းထုတ်ရဲ၏။ ဤသည်မှာ ခန္ဓာကို ဝိပဿနာဉာဏ်ဖြင့် သိထားသော ဓမ္မယောဂီတစ်ယောက်၏ ထက်မြက်သည့် အစွမ်းသတ္တိပင်ဖြစ်လေသည်။

× × × × ×

လွန်ခဲ့သောလက မိတ်ဆက်ထားခဲ့သည့်အတိုင်း ကိုယ်နှင့်ပတ်သက်သော ကာယဓာတ်/ဖောဋ္ဌဗ္ဗဓာတ်နှင့် ပတ်သက်သော ခန္ဓာငါးပါးအကြောင်းကို ဆက်ကြည့်

ကိုယ်သည် ထိခြင်းသဘောရှိ၏။

ဤနေရာ၌ စာရေးသူ၏ ဓမ္မလမ်းစဉ်သည် ဓာတ်ကိုသာ အဓိကထားပြီး ရေးသားဟောပြောလေ့ရှိသောကြောင့် ယခုလည်း ဓာတ်ကပင် စရပေလိမ့်မည်။ အတိုက်ဓာတ်၊ အခံဓာတ်၊ အပေါ်ဓာတ်ဟု ဓာတ်သုံးမျိုးကို ပုံသေမှတ်ထားရန်လိုသည်။ အတိုက်ဓာတ်ဟူသည်မှာ ကိုယ်ထဲ လာတိုက်သောအရာကို ယူရမည်။(ဥပမာ လက်ဟု ဆိုပါ

www.burmeseclassic.com

အခံစာတ်ကား ကိုယ်ဖြစ်သည်ကို အထူးဆိုဖွယ်ရာမရှိပေ။ အပေါ်စာတ်ဟူသည်မှာ ကိုယ်ကိုထိခိုက်ဆဲခဏ၌ ဖြစ်ပေါ်လာသော (ဥပမာ ယားသည်၊ နာသည်) တစ်ခုခုကို ယူရမည်။ ထိုအပေါ်စာတ်ကိုပင် ခန္ဓာဖွဲ့ရမည်ဖြစ်၏။ ထို့ကြောင့် ဦးစွာ အတိုက်စာတ်၊ အခံစာတ်၊ အပေါ်စာတ် ဤသုံးမျိုးကို ဉာဏ်ဖြင့်မှတ်သား ခွဲပြားထားရမည်ဖြစ်၏။

ဤ၌လည်း အပေါ်စာတ်သည် လိုရင်းဖြစ်၏။ အပေါ်စာတ်ကိုသိလျှင် ကိုယ်နှင့်ပတ်သက်သော ပရမတ်ကို သိပြီးဖြစ်သောကြောင့် တရားရှုမှတ်၍လည်း ရပြီဖြစ်၏။ ခန္ဓာ၊ အာယာတန၊ စာတ်၊ သစ္စာ ဖွဲ့၍လည်း ရပြီဖြစ်၏။ ကံ/ဉာဏ်အားကောင်းသော ယောဂီပုဂ္ဂိုလ်သာဖြစ်ခဲ့လျှင် မဂ်ရ၊ ဖိုလ်ရ ပုဂ္ဂိုလ်ထူးကြီးလည်း ဖြစ်သွားနိုင်၏။ ထို့ကြောင့် အပေါ်စာတ်အကြောင်းကို ဦးစွာရှင်းပြသည်။ ဉာဏ်ကိုစိုက်ပြီး မှတ်ပါ။

လက်နှင့်ဖြစ်စေ၊ တစ်စုံတစ်ခုနှင့်ဖြစ်စေ၊ လေ/မိုးဖြစ်စေ ကိုယ်ကိုလာတိုက်၏။ ကိုယ်ကသွားပြီး တိုက်ခြင်းမဟုတ်ပေ။ ၎င်းအရာဝတ္ထုများက လာတိုက်ခြင်းသာဖြစ်၏။ အကယ်၍ ကိုယ်ကသွားတိုက်မိသည် ဆိုပါစို့။ ကိုယ်သည် အခံစာတ်သာဖြစ်၏။ အတိုက်စာတ်ဖြစ်၍သွားပေ။ အကယ်၍ ကိုယ်က သွားတိုက်မိသည်ဆိုပါစို့၊ ကိုယ်သည် အခံစာတ်သာ ဖြစ်၏။ အတိုက်စာတ်ဖြစ်၍သွားပေ။ ဤသည်ကိုလည်း မှတ်သားထားရ၏။

ထို့ကြောင့် အတိုက်စာတ်က လာတိုက်သောအခါ အပေါ်စာတ်သည် ပေါ်မြဲပေါ်လာရ၏။ အေး၍ဖြစ်စေ၊ ပူလောင်၍၊ နာကျင်ကိုက်ခဲ၍ဖြစ်စေ အပေါ်စာတ်သည် ပေါ်၍လာ၏။ သည်အပေါ်စာတ်ကို ဉာဏ်စိုက်ပြီးကြည့်ပါ။ အပေါ်စာတ်ဟူသည်မှာ အဘယ်နည်း။ ကြည့်၍ မြင်ကောင်းသလား၊ ကိုင်၍ ယူ၍ကော ရကောင်းသလား။ အတုံးအလုံး၊ အကောင်၊ လေးထောင့်၊ အဝိုင်း၊ ဖြူ၊ နီ၊ ဖြာ စသည်ဖြင့်ကော ပြနိုင်သလား။

ထို့ကြောင့် တစ်စုံတစ်ခုမျှ ပြနိုင်၊ သနိုင်ခြင်းမရှိ။ ပြောနိုင်၊ ဆိုနိုင်ခြင်းလည်း မရှိဘဲ သဘောဆိုက်နေလေသည်မဟုတ်လား။ ဤအသိသည် ပရမတ်ဆိုက်နေသော အသိ၊ စာတ်ကိုက်သောအသိ၊ သစ္စာထိုက်သောအသိပင်ဖြစ်၏။ ဤအသိ၊ ဤဉာဏ်သည် ခန္ဓာ၊ အာယတန၊ စာတ်၊ သစ္စာ ထိုက်/မြောက်သောကြောင့် မဂ်ဖိုလ်၊ နိဗ္ဗာန်ကို သွား၍ရသော အသိလည်းဖြစ်၏။ သာသနာတော်၌ အဖိုးကြီးစွာထိုက်၏။ ဤမျှရှင်းလျှင် လုံလောက်ပြီဟု ယူဆ၍ ခန္ဓာဖွဲ့ကြစို့ . . .။

အတိုက်စာတ်နှင့် အခံစာတ်တို့ ထိခိုက်၊ တို့ပွတ်မိ၍ ဖြစ်ပေါ်လာသော နာကျင်ယားယံ ပူလောင်ခြင်းစသည်များ ဖြစ်ပေါ်လာခြင်းမှာ ကာယပသာဒ အကြည်ရုပ်ဖြစ်၏။ ထိုအကြည်ရုပ်ကို ခန္ဓာဖွဲ့လျှင် ရူပက္ခန္ဓာရ၏။

ထို ထိခိုက်မိ၍ ဖြစ်ပေါ်လာသည်ကို ကောင်းမကောင်း ခံစားခြင်းမှာ ဝေဒနာဖြစ်၏။ ဝေဒနာကို ခန္ဓာဖွဲ့လျှင် ဝေဒနက္ခန္ဓာ ရ၏။

ထိုထိခိုက်မိ၍ ဖြစ်ပေါ်လာသည်ကို မှတ်သားခြင်းမှာ သညာဖြစ်၏။ သညာကိုခန္ဓာဖွဲ့လျှင် သညက္ခန္ဓာရ၏။

ထိခိုက်မိအောင် ပြုလုပ်ခြင်းမှာ သင်္ခါရ ဖြစ်၏။ သင်္ခါရကို ခန္ဓာဖွဲ့လျှင် သင်္ခါရက္ခန္ဓာ ရ၏။

ထိခိုက်၍ ဖြစ်ပေါ်လာသည်ကိုသိခြင်းမှာ ဝိညာဉ် (စိတ်)ဖြစ်၏။ ထိုဝိညာဉ်ကို ခန္ဓာဖွဲ့လျှင် ဝိညာနက္ခန္ဓာရ၏။

ဤမျှလောက်ဆိုလျှင် စာဖတ်သူ ဓမ္မယောဂီများသည် ကိုယ်ကာယနှင့် ပတ်သက်သော ပရမတ်ခန္ဓာငါးပါးကို နားလည်ပြီး ရှုမှတ်ပွားများတတ်လောက်ပြီဟု ယူဆသည်။ ခန္ဓာငါးပါးဟူသည်မှာ အတုံးအလုံး၊ အကောင်သဏ္ဌာန်မဟုတ်ဘဲ သဘောမျှသာရှိသည်ဟူ၍လည်း သဘောပေါက်လောက်ပြီဟု ယူဆသည်။ သဘောမပေါက်ရှိလျှင်လည်း အထပ်ထပ်အခါခါ ဖတ်ရှုပြီး ခန္ဓာငါးပါး၏ ပရမတ်ကို ရှာယူကြလေ သူတော်ကောင်းတွေတို့ . . .။


(နောက်လတွင် စိတ်ဝိညာဉ်နှင့် ပတ်သက်သော ခန္ဓာငါးပါးအကြောင်းကို ဆက်ရန်)

✦ မဟာထွန်း ✦



www.burmeseclassic.com

www.burmeseclassic.com



# သင့်အား ငါပေးအပ်သည်

သက်လုံ

**လူသား၏ဘဝတာနှင့် အသုံးဝင်ပုံများ**

မိုးစွေငှက်အတွက် နံနက်ခင်း၊ ဇီးကွက်အတွက် ညဥ့်၏အရိပ်၊ ပျား အတွက် ပျားရည်၊ လင်းတငှက်အတွက် အသေကောင်၊ ဤသို့ပင်လျှင် နလုံး သားအတွက် ဘဝသည် တန်ဖိုးရှိ၏။ ထွန်းလင်းတောက်ပ၏။ မျက်စိများကို ကား မကျိန်းစေတတ်။ မှုန်ပျ၏။ စိတ် မချမ်းသာမှုကိုကားမပေး။ ချိုမြိန်၏။ သို့သော် မအီစေတတ်။ ပျက်ပြား၏။ သို့ရာတွင် မတားမြစ်။ သို့တိုင်အောင် မည်သူမည်ဝါသည် သူ၏တန်ဖိုးအစစ် အမှန်ကို သိပါသနည်း။ ဘဝကို ထိုက် ထိုက်တန်တန် တန်ဖိုးထားတတ်ဖို့ သင်ယူပါလော့။ ထိုသို့ သင်ယူပြီးဆို လျှင် သင်သည် ပညာ၏အထွတ် ထုပိကာနှင့် နီးစပ်လာချေပြီ။

ဘဝထက် ပို၍တန်ဖိုးရှိသော အခြားအရာသည် မရှိဟူ၍ လူမိုက်ကဲ့ သို့ မထင်မှတ်ပါလင့်။ အယောင် ဆောင်ပညာရှိကဲ့သို့လည်း ဘဝကို အသုံးမကျ အရာမဝင်ဟု မယုံကြည် ပါလင့်။ ဘဝကို ဘဝအတွက် မချစ် ခင်ပါလင့်၊ အခြားသူများအပေါ် ကောင်း ကျိုးပြုနိုင်ခြင်းအတွက်သာလျှင် ချစ် ခင်ပါလော့။ ထိုဟာကို သင့်အား ရွှေ ကလည်း ဝယ်မပေးနိုင်၊ စိန်တွင်းများ ကလည်း သင့်ဘဝ၏ ကုန်ဆုံးသွားချိန် များကို ပြန်ဝယ်မပေးနိုင်။ နောက်လာ တော့မည့် အချိန်အပိုင်းအခြားကို ကောင်းမှုအတွက် အသုံးချပါလော့။

မွေးဖွားလာခဲ့ရခြင်းကား ... အကောင်းဆုံးဖြစ်သည်ဟု မဆိုပါ... မွေးဖွားလာခဲ့ရပြီးမှ စောစောသေ... လျှင် အကောင်းဆုံးဖြစ်သည်ဟု... မဆိုပါလင့်၊ ကျွန်ုပ်သာ မွေးဖွားမ... လျှင် မကောင်းမှုသည် ဘယ်မှာ... အံ့နည်းဟုလည်း သင်၏ဖန်ဆင်... ကို ဝံ့ဝံ့စားစား မမေးမြန်းပါ... ကောင်းမှုသည် သင်၏စွမ်းအာ... ရှိချေသည်။ ကောင်းမှုမရှိခြင်း... ဆိုးဝါးမှုတစ်ရပ်ပင် ဖြစ်၏။ သို့... အောင် သင်၏မေးခွန်းသည် တ... တ မှန်ကန်မှုရှိသည်ဆိုလျှင် ... ရှုလော့။ သင်သည် သင့်ကိုယ်... ပြစ်တင်စီရင်နေခြင်းပင်တည်း။ ငါ... ထဲတွင် ချိတ်သည် မြှုပ်နှံထားသ... သိလျှင် ငါးသည် ငါးစာကို မျို...



www.burmeseclassic.com

www.burmeseclassic.com

ည်လော။ ကျော့ကွင်းသည် သူ့အတွက် စီမံထားသည်ဟု သိလျှင် ခြသေ့်သည် ဝင်ပါလေမည်လော။ ဤသို့ပင်လျှင် လူသည် အသက်ရှင်နေသည်ဆိုလျှင် ဝိညာဉ်သည် ဤရုံ့စေးခန္ဓာကိုယ်တွင်းသို့ ဝင်မည်မဟုတ်ချေ။ ကရုဏာရှင် ဘုရားသခင်ကလည်း သူ့အား ဖန်ဆင်းထားလိမ့်မည်မဟုတ်။ ထိုသို့ဖြစ်၍ သင်သည် အဖန်ဖန်တလဲလဲ အသက်ရှင်နေရသည်ကို သိပါလော့။

သူကြိုတင်မမြင်မိသော လှောင်အိမ်ထဲတွင် အပိတ်လှောင်ခံရသော ငှက်ငယ်သည် လှောင်အိမ်နံရံများဖြင့် သူ၏ကိုယ်ကို စုတ်ပြတ်အောင် မပြုလုပ်ဘိသကဲ့သို့ သင်ရောက်ရှိနေသော အခြေအနေမှ အကျိုးမဲ့စွာ ထွက်ပြေးရန် မကြိုးစားပါလင့်။ သို့သော် ဤဘာသည် သင့်အား ဝေပုံခွဲ၍ ပေးထားသည်ကို သိပြီး ကျေနပ်နေပါလော့။ ဘဝ၏ခရီးလမ်းသည် မညီညာပါသော်လည်း အားလုံးသည် သင့်အား ဒုက္ခပေးသည် မဟုတ်ချေ။ ကျရောက်သော အခြေအနေအားလုံးနှင့် လိုက်လျောညီထွေ ရှိပါစေလော့။ ကောင်းသည့်အသွင်သဏ္ဌာန် အနည်းဆုံးပေါ်ပေါက်နေသည့် အခြေအနေတွင် အကြီးမားဆုံးသော အန္တရာယ်ကို သတိပြုလော့။ သင်၏အိပ်ရာသည် ကောက်ရိုးဖြင့် ခင်းကျင်းထားသည်ဆိုလျှင် သင်သည် အန္တရာယ်ကင်းစွာ အိပ်စက်ရ၏။ သို့သော် သင်သည် နှင်းဆီပန်းများပေါ်တွင် လှဲလျောင်းရသည်ဆိုသော် ဆူးများကို သတိပြုလော့။

မြင့်မြတ်သော သေဆုံးမှုသည် ဆိုးဝါးစွာ အသက်ရှင်နေရခြင်းထက် ပို၍ ကောင်းမွန်သည်။ ဘဝကို နေနိုင်သလောက် နေရန်မဟုတ်ဘဲ နေသင့်သလောက်နေနိုင်ရန် ကြိုးစားပါလော့။ သင်၏ အသက်ရှင်နေခြင်းသည် သေဆုံးမှုထက် အခြားသူများအတွက် ပို၍ တန်ဖိုးရှိသည်ဆိုလျှင် သင့်ဘဝကို ထိန်းသိမ်းစောင့်ရှောက်ထားရမည်မှာ သင့်တာဝန် ဖြစ်သည်။ သူမိုက်ကဲ့သို့ သင့်ဘဝ တိုတောင်းသည်ကို မညည်းညူပါလင့်။ သင့်ဘဝနှင့်အတူ သင့်သောကများလည်း တိုတောင်းသည်ကို အမှတ်ရပါလော့။ သင့်ဘဝတာထဲမှ အသုံးမကျသော အစိတ်အပိုင်းများကို ဖယ်ထုတ်လိုက်လျှင် ဘာကျန်ပါသေးသနည်း။ ကလေးသူငယ် ဘဝတာနှင့် သူငယ်ပြန်သော ဘဝတာများကို ဖယ်ရှားပစ်လော့။ အိပ်စက်သည့်အချိန်၊ တွေးတောမှုကင်းသည့်ကာလ၊ အနာရောဂါ ကပ်ငြိချိန်များကို ဖယ်ရှားပစ်လော့။ ထိုအခါတွင် ဤမျှများပြားသော နှစ်များ၌ သင်သည် တကယ်နေထိုင်သော ကာလမှာ အဘယ်မျှနည်းပါးပါသနည်း။

သင့်အား ဆုလာဘ်မင်္ဂလာသဖွယ် အသက်ကို ပေးနှင်းသောသူသည် ဆုလာဘ်မင်္ဂလာတစ်ပါးပင် ဖြစ်စေခြင်းငှာ အသက်ကို တိုတောင်းစေ၏။ အသက်ပို၍ ရှည်ခြင်းက သင့်အား ဘာအကျိုးကျေးဇူးကို ဆောင်ကြဉ်းပေးပါအံ့နည်း။ ဒုစရိုက်မှုများအတွက် နောက်ထပ် အခွင့်အလမ်းတို့ကို သင်လိုလားပါသလော။ သုစရိုက်ပြုသူများအတွက်လည်း သူတို့၏ ဘဝတာကို တိုင်းတာပြဋ္ဌာန်း ပေးလေသော ဘုရားသခင်သည် ဘဝ၏ အကျိုးကျေးဇူးအပေါ် ကျေနပ်နေပြီမဟုတ်ပါလော။ အို ... ဝမ်းနည်းမှု၏သားငယ်၊ အဘယ်အကျိုးကြောင့် အသက်ပို၍ ရှည်ချင်ပါသနည်း။ အသက်ရှူရန်၊ စားသောက်ရန်၊ ကမ္ဘာလောကကြီးကို ကြည့်ရှုရန်အတွက်များကြောင့်လော။ ဤအရာအားလုံးကို သင်ပြုလုပ်ခဲ့ပြီးလေပြီ။ အထပ်ထပ် ပြုလွန်းသဖြင့်လည်း ငြီးငွေ့စရာမဟုတ်ပါလော။ လွန်လွန်းနေပြီကော မဟုတ်ပါလော။

သင်၏ပညာနှင့် အရည်အချင်းကို တိုးတက်လိုပါသေးသလော။ အလိုသင်ဘာကိုသိရန် လိုပါသေးသနည်း။ မည်သူက သင့်အား သင်ကြားပေးပါလေအံ့နည်း။ သင့်တွင်ရှိသော အနည်းအကျဉ်းကလေးကိုပင် သင်သည် မကောင်းသဖြင့် အသုံးပြုခဲ့၏။ ထို့ကြောင့် နောက်ထပ်ပို၍ မပေးသည်ကို ညည်းညူရန် မဝံ့စားပါလေလင့်။ မိမိတွင် ပညာမရှိခြင်းထက် မကျေနပ်မှုဖြစ်မနေပါလင့်။ သေခြင်းတရားနှင့်အတူ အခွင့်အလမ်းသည် ပျက်စီး၍ မသွားချေ။ ယခုကာလတွင် ရိုးသားဖြောင့်မတ်ပါစေ။ နောင်ကာလတွင် သင်သည် ပညာဉာဏ် ရင့်သန်လာမည်တည်း။ သင့်သခင်ထက် အဘယ်ကြောင့် ခုနစ်ဆပို၍ ဘဝတာ ရှိရပါသနည်းဟု ကျီးကန်းကို မမေးပါလင့်။ ငါ၏မျိုးဆက် အနှစ်တစ်ရာတိုင်အောင် ကြည့်မြင်နိုင်သော မျက်စိသည် အဘယ်ကြောင့် သင့်တွင် ရှိရပါသနည်းဟုလည်း ဒရယ်ကို မမေးပါလင့်။ ဘဝကို အလွဲသုံးစားပြုရာတွင် သင်နှင့် သူတို့သည် နှိုင်းစာနိုင်ပါသလော။ သူတို့သည် စည်းကမ်းမဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com

ပါသလော။ သူတို့သည် ရက်စက်ကြပါသလော။ သူတို့သည် ကျေးဇူးမသိတတ်ကြပါသလော။ ဘဝ၏ အပြစ်ကင်းစင်မှုနှင့် ကျင့်ကြံပြုမူမှုတို့၏ ရိုးသားမှုသည် ကောင်းမွန်သော အရွယ်အိုဘဝသို့ သွားရာလမ်းများဖြစ်သည်ကို သူတို့ထံမှပင် သင်ယူပါဦးလော့။

ဘဝကို သူတို့ထက်ပို၍ ကောင်းစွာအသုံးချရန် သင်သိထားပါသလော။ သို့ဖြစ်လျှင် နည်းပါးသောဘဝတာသည်ပင် သင့်အတွက် လုံလောက်နေပေပြီ။ သူ၏ကြမ်းကြုတ်စွာ ဖိနှိပ်မှုသည် တစ်ခဏမျှသာခံမည်ကို သိလျက်နှင့် ကမ္ဘာကို ကျေးကျွန်ပြုလုပ်ခဲ့သော လူသားသည် အကယ်၍သာ ထာဝရအသက်ရှင်မည်ဆိုလျှင် ဘာကို ဦးတည်ပြုလုပ်လေအံ့နည်း။ သင့်တွင် ဘဝတာသည် အလုံအလောက်ရှိ၏။ သို့သော် သင် ဂရုမစိုက်ချေ။ အို ... လူသား။ သင့်တွင် မရှိသည်မဟုတ်။ သို့သော် သင်သည် အသုံးအဖြုန်းကြီးသူပါတကား။ သင့်တွင် လိုသည်ထက် ပို၍ ရှိနေဘိသကဲ့သို့ ပေါ့ပေါ့ပင် လွှင့်ပစ်နေချေသည်။ ပေါများခြင်းသည် ချမ်းသာစေခြင်းမဟုတ်ဘဲ မြိုးမြဲခြင်းကသာလျှင် ချမ်းသာစေခြင်း ဖြစ်သည်ကို သိပါသလော။

ပညာရှိသည် ဘဝတာ၏ ပထမဆုံး ကာလမှစ၍ ဆက်လက်အသက်ရှင်ခဲ့သည်။ သူမိုက်သည်ကား နေထိုင်ခြင်းကို အမြဲတစေပင် အစပြုလျက်ရှိတော့သည်။ ချမ်းသာခြင်းကို အလျှင်ရယူပြီးမှ ဥစ္စာဓနကို အသုံးချရန် စဉ်းစားသည့် အမှုကို နောက်မှမပြုပါလင့်။ လက်ငင်းကာလ ပစ္စုပ္ပန်ကို ဂရုမထား သူသည် မိမိတွင်ရှိသမျှကို လွှင့်ပစ်သူပင် ဖြစ်ချေ၏။ လာနေသည်ကိုပင် မသိလိုက်နိုင်မီ မြားတံသည် စစ်သည်၏နှလုံးသားကို ဖောက်ထွင်းသွားဘိသကဲ့သို့ သူ့တွင် ဘဝရှိမှန်းကို မသိမီပင် ဘဝသည် ကုန်ဆုံးသွားချေအံ့။ သို့ဖြစ်လေရာ လူကတောင့်တရပါသော ဘဝဆိုသည်မှာ အဘယ်နည်း။ လူကတပ်မက်ရပါသော အသက်သည် အဘယ်နည်း။ မာယာ၏ပြကွင်းတစ်ခု မဟုတ်ပါသလော။ အမှတ်မဲ့ဖြစ်ပွားမှုက လေးများသိတန်းနေသည့် အရာမဟုတ်ပါလော။ ပတ်လည်အနားများ ဆက်စပ်နေသည့် မကောင်းမှုတို့ကို လိုက်လံဆည်းပူးနေခြင်း မဟုတ်ပါလော။ အစတွင် မသိနားမလည်မှုရှိ၍ အလယ်တွင် နာကျင်မှုရှိကာ အဆုံး၌ ဝမ်းနည်းပူဆွေးခြင်း ရှိလေသည်။ ရေလှိုင်းတစ်ခုသည် အခြားတစ်ခုကို တွန်း၍ မကြာမီ နှစ်ခုစလုံးသည် နောက်ကလာသော တစ်ခုထဲတွင် ရောထွေးယှက်ဝင်ရဘိသကဲ့သို့ ... လူ၏ဘဝတွင်လည်း မကောင်းမှုတို့သည် ဆင့်ကဲဆင့်ကဲကြတော့သည်။ ကြီးမားသည့် အရာရှိသော ပစ္စုပ္ပန်ကာလသည် ငယ်ရွယ်သည့် အရာရှိသော အတိတ်ကာလကို ဝါးမျိုပစ်လိုက်၏။ ငါတို့၏ ကြောက်လန့်ဖွယ်ရာများသည် မကောင်းခြင်းများ စင်စစ်ဖြစ်၏။ ငါတို့၏ မျှော်လင့်ချက်များကား မဖြစ်နိုင်လောက်စရာများကို မျှော်ကြည့်နေကြရခြင်း ဖြစ်လေသည်။

လူမိုက်သည် သေမျိုးဖြစ်သည့် သတ္တဝါကဲ့သို့ ကြောက်ရွံ့တတ်ပြီး ထာဝရမသေဘဲနေသည့် သတ္တဝါကဲ့သို့ အလိုရမ္မက်ရှိသည်။ ငါတို့နှင့် အတူတူ ကျန်ရစ်စေလိုသော ဘဝ၏ အစိတ်အပိုင်းသည် မည်သည့်အစိတ်အပိုင်း ဖြစ်ပါသနည်း။ လူငယ်လူရွယ် အစိတ်အပိုင်းလော။ ဒေါသပေါက်ကွဲခြင်း၊ ကာမဂုဏ်ကြူးခြင်း၊ ဆင်ကန်းတောတိုးခြင်းတို့နှင့် ချစ်ကျွမ်းဝင်နိုင်ပါသေးသလော။ အသက်အရွယ်ကြီးရင့်သည့် အစိတ်အပိုင်းလော။ သို့ဆိုလျှင် ငါတို့သည် ချွတ်ယွင်းမှု အပြစ်အနာအဆာများကို နှစ်သက်ချေသည်တကား။ ဖြူဖွေးသော ဆံပင်များကို ရှိသေသည်၊ အသက်တာရှည်ခြင်းကို ကိုင်းရှိုင်းသည်ဟု ဆိုကြ၏။ အရည်အချင်းကောင်းဟူသည် ထိုဟာမပါဘဲနှင့် လူရွယ်ဘဝတွင် ရှိသေထိုက်မှုကို ဆင့်ပေါင်းပေးနိုင်၏။ အသက်အရွယ်သည် နဖူးထက် ဝိညာဉ်မှာ အရေးအခင်းများကို ပို၍ ထင်ဟပ်စေ၏။

ကာမဂုဏ်ကို မုန်းတီးသည့် အရွယ်ဆို၍ အသက်အရွယ်ကြီးခြင်းကို ရှိသေခြင်း ဖြစ်ပါသလော။ ဤစကားတွင် မည်သို့သော မှန်ကန်မှု ရှိပါသနည်း။ အသက်အရွယ်ကြီးခြင်းက ပျော်ရွှင်မှုကို စက်ဆုပ်မုန်းတီးခြင်း မဟုတ်ဘဲ ပျော်ရွှင်မှုကသာ အသက်အရွယ်ကြီးခြင်းကို မထေမဲ့မြင် စက်ဆုပ်ခြင်းဖြစ်သောကြောင့်တည်း။ သင်၏ငယ်စဉ်ဘဝတွင် ကောင်းရာကောင်းမှုကို ပြုလော့။ ဤသို့ဖြင့် သင်၏ အသက်အရွယ်ကြီးရင့်သည့်ဘဝတွင် ရှိသေခြင်းကို မုချခံရချေမည် ...။

သက်လုံ



www.burmeseclassic.com

www.burmeseclassic.com



# အခုံဖွယ်ထူးဆန်း မြန်မာ့ဆေးစွမ်းကောင်းများ (၂)

• မျိုးသန်းထွန်းကို (ရေစကြို) •

သမားတော်ကြီး ဦးစံမတူတစ်ယောက် သံပြာချောင်းရွာတွင်ပင် လက်မလည်အောင် ဆေးကုနေရ၏။ ဇနီးသည် ဒေါ်စိန်ကလည်း လူနာများကို နေရာပေးရ၊ တပည့်ကျော် အောင်သအဖွဲ့ကလည်း သံဆုံများတွင် တဂွမ်းဂွမ်းဖြင့် ဆေးထောင်းရ၊ ဆေးဖော်ရ၊ ဆေးပင်များရှာရ၊ ပျားရည်ရှာရဖြင့် လက်မလည်အောင် အလုပ်တွေ ရှုပ်နေပေ၏။ တစ်နေ့သောအခါ တိုက်နယ်သူကြီး ဦးထွန်းလုတစ်ယောက် ဦးစံမတူထံသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့ပါတော့၏။

"သမားတော်ကြီး…အလုပ်တွေ များနေပြီလား"

"ကုသိုလ်လည်းရ၊ ဝမ်းလည်းဝ၊ သံသရာအတွက်လည်း အလှူရ၊ စိတ်ချမ်းသာရတယ်ဗျာ"

ဒေါ်စိန်မှ -

"ကျွန်မတို့တော့ မနားရပါဘူး သွေးသောက်ကြီးရယ်။ ဆေးထောင်းရ၊ ဆေးကျိုရ၊ ဆေးဝါးရှာရနဲ့ သူကြီးကတော် လုပ်သလောက် ဟန်မကျပါဘူး"

ဦးစံမတူမှ

"ဒါဆိုလည်း သူကြီးတစ်ယောက်လောက် သွားယူလိုက်လေ။ အင်္ဂလိပ် အလိုကျ သံသရာကြွေးပါအောင်လို့လေ"

"တော်ပါတော့ စံမတူရာ။ လွှတ်လပ်ရေးရပြီးရင် ငါလည်း နားတော့မယ်။ ဒါထက် ဆေးဝါးဖော်နည်းလေး ဘာ



www.burmeseclassic.com

www.burmeseclassic.com

လေးနဲ့ ဆရာခဲဆေးလေး လုပ်ပါဦး‥ ဟဲ‥‥ဟဲ‥‥"

"မယားက ငယ်ငယ်၊ အားက သွယ်သွယ် မနိုင်တော့ ဆေးကူပြီလား"

"မင်းတုန်းမင်းကြီး အားကျလို့ပါကွာ။ မင်းပြောလည်း ခံရမှာပေါ့"

"ယူသွားပါ။ တစ်ရက်တစ်လုံး မှန်မှန်သုံး၊ အိမ်ထောင်ရေးသုခ အမှန်ရတဲ့"

"ဒါထက် စံမတူရ‥‥ဆေးဖော်နည်းလေး ပြောပါဦး"

"အပင်တစ်မျိုးက ပင်စည်ကို သံဆုံထဲမှာ ထောင်းပြီး၊ ပျားရည်နဲ့ တေထားတာပဲ။ ဒီအပင်မျိုးက နာမည်ပြောလည်း မလွယ်ပါဘူး။ ရှာတတ်မှရတာ"

စာရေးသူလည်း အောင်လံဘက်သို့ရောက်စဉ် ဆရာတော် ဦးသံဝရထံမှ လည်းကောင်း၊ ဗေဒင်ဆရာ ဦးဖိုးထောင်ထံမှလည်းကောင်း ဆေးနည်းရော၊ မျိုးပင်ပါရခဲ့ပါ၏။ အသေးစိတ်သိလိုပါက စာရေးသူထံ ဆက်သွယ်ပါ။ အောင်လံက အသက် ၇၀ ကျော် တစ်ဦး မယားငယ်ငယ်ယူထားတာ လက်တွေ့ တွေ့ခဲ့ရပါ၏။

"စံမတူ‥‥အခုကုနေတဲ့ ရောဂါရှင်တွေနဲ့ ရောဂါအခြေအနေ၊ ဆေးဝါးများကို ဗဟုသုတ ပြောပြပါဦး"

"ဒီရောဂါသည်က အအေးပတ်ဖျားနာတာပါ။ အေးရင် ပူအောင်ကုရတာပေါ့။ ငခေါက်၊ ငရုတ်၊ စမုန်စပါး၊ ရှိန်းခိုတို့နဲ့ ပေါင်းစပ်ထားတဲ့ ဆေးတိုက်ပြီး ချွေးအောင်းနိုင်းတာပဲ။ ခန္ဓာကိုယ်ပူသွားရင် ပျောက်ကင်းတာပါပဲ"

"နောက်တစ်ဦးက သွေးထဲမှာ ရောဂါပိုးတစ်မျိုး ဝင်တာပဲ။ သွေးထဲက ရောဂါပိုးကိုကျတော့ ဂ္ဂသယမူလီအရွက်ကို ရေနွေးခွက်ထဲထည့်၊ အနိုးသေမှ သောက်ခိုင်းရတယ်။ အစိမ်းစားရင် ကျောက်ကပ်ကို ထိတယ်။ တစ်လ (ရက် ၃၀)သောက် စွဲသောက်ရင် ပျောက်ကင်းပါတယ်"

(အဆိုပါ အရွက်ကို အောင်လံဆရာဦးဖိုးထောင် ၀၉-၄၀၁၆၃၉၀ ထံတွင် အပင်ပျိုး၍ ရောင်းချနေပါသည်။ AIDS ရောဂါရှင်များ၊ ဘီပိုး,စီပိုး ရောဂါရှင်များ ပျောက်ကင်းကြောင်း လက်တွေ့သိခဲ့ရပါ၏။ မန္တလေးမှ ရောဂါရှင်တစ်ဦးလည်း စီပိုးပျောက်ကင်းကြောင်း အင်တာနက်တွင် ထုတ်လွှင့်ခဲ့သည်ကို ကြည့်ရှုရပါ၏။ ဆက်သွယ်ဝယ်ယူနိုင်ပါ၏။)

စာရေးသူလည်း အဘိုးဦးစံမတူ ဆေးကျမ်းစာအုပ် ဖတ်ရှုပြီး ဆေးပင်များကို လှည့်လည်ရှာဖွေခဲ့ရာ အောင်လံမြို့တွင် အများဆုံးတွေ့ခဲ့ရပါ၏။ ဂ္ဂသယမူလီ ဆေးပင်အား လက်တွေ့စမ်းသပ်ကြည့်ရာ သာမန်ရောဂါမရှိသူလည်း စားဝင်အိပ်ပျော်ခြင်း၊ ကိုယ်လက်ပေါ့ပါးခြင်း၊ သွေးလေမှန်ခြင်း အကျိုးကျေးဇူးများကို တွေ့ရှိရပါ၏။ သွေးကို သန့်စင်ပေးခြင်းသဘောကို တွေ့ရပါ၏။ သွေးသားမှန်တော့ အသားအရေပါ ပြောင်းလဲလာပါ၏။ အစိမ်းစားလျှင်တော့ ကျောက်ကပ်ကို ထိတတ်ပါ၏။ သွေးသစ်လောင်းပေးသည့်သဘော ရှိပါသဖြင့် သာမန်ကျန်းမာနေသောသူများလည်း အနည်းငယ်စားသုံးသင့်ပါ၏။

ဦးစံမတူမှ -

"ဒီဝေဒနာရှင်က အအိပ်အစား မမှန်တာဘဲ။ အဲဒီတော့ သွေးလေမှန်တာဘဲ။ အိပ်ချိန်မှန်ရမယ်၊ စောစောအိပ်ရမယ်။ တစ်နေ့ကို အိပ်ချိန် ၈ နာရီရှိရမယ်။ အိပ်ရာဝင်ချိန်မှာ တွေးတောခြင်း၊ စဉ်းစားခြင်း၊ ပူပင်သောက မရှိစေဘဲ အတည်ငြိမ်ဆုံးထားပြီး အိပ်ရမယ်။ ရှေးလူကြီးများက အိပ်ခါနီး ဘုရားရှိခိုးခိုင်းတယ်ဆိုတာက စိတ်ကို ပျံ့လွင့်မှုမရှိအောင်ရယ်၊ ကုသိုလ်ရအောင်ရယ်၊ စွဲလမ်းမှုတွေကြောင့် အိပ်မက်ဆိုးတွေ မမက်အောင်ရယ်ပေါ့။

ပူပင်သောကတွေ များနေရင်လည်း အိပ်မပျော်၊ စားမဝင် ဖြစ်တတ်တယ်။ စိတ်ရဲ့ ဥပါဒါန်ကြောင့် ဥပဒ်ဖြစ်တယ်။ တချို့က ရောဂါမရှိဘဲနဲ့ ရောဂါရှိပြီး ရောဂါကူးစက်တော့မယ်ဆိုတဲ့ စိုးရိမ်စိတ်၊ တတ်သိနားလည်မှုမရှိတဲ့ သမားတော်များရဲ့ မှားယွင်းတဲ့ စစ်ဆေးတွေ့ရှိချက်တွေကြောင့် လူနာတွေမှာ စိတ်သောကရောက်ပြီး၊ အိပ်မပျော်၊ စားမဝင်နဲ့ ကျန်းမာရေးထိခိုက်ကြတယ်။ စိတ်အားငယ်၊ စိတ်သောကရောက်၊ ကြောက်လန့်တတ်လွန်းရင်လည်း နှလုံးကို ထိခိုက်တတ်တယ်။ ကြာတော့ နှလုံးရောဂါဖြစ်တတ်တယ်။ ဘယ်အရာမဆို တတ်သိနားလည်သူနဲ့ အဖြေမှန်ထုတ်၊ ပြဿနာကိုအဖြေရှာ၊ တရားသဘောနဲ့ စိတ်ကိုထိန်းရင်တော့ နှလုံးကို ထိခိုက်မှုက ကင်းဝေးမှာပဲ"

"အိပ်မပျော်ဖြစ်နေရင် ဘယ်လိုကုမလဲ"

"သနပ်ခါးကို ဆားနဲ့သွေးသောက်ရင် အိပ်ပျော်ပါတယ်။ စိတ်ဖိစီးမှုတွေ



www.burmeseclassic.com

www.burmeseclassic.com

ချိအောင်၊ လျှော့နည်းအောင်သာနေပါ။ ...ပ်ပျော်ပါတယ်"

"အခုလာတဲ့ ရောဂါသည်ကို ...ပေးပါဦး"

"သမားတော်ကြီး၊ ကျွန်မ ဗိုက်နာ ...ပါတယ်။ လေအောင့်တဲ့သဘောမျိုးပါ"

"ဒါကျတော့ ဓာတ်ကြီးလေးပါးထဲ ...က လေဓာတ်ပေါ့။ လေလည်ပတ်မှု ...နည်းတာပေါ့။ အဲဒီအခါကျတော့ ...င်ပွန်းရှက်က လေကို နိုင်တယ်။ ...င်ပွန်းရှက်လျက်ဆားကို ပုံမှန်သောက် ...င်းလိုက်တာပါပဲ။ ပုံမှန်အတိုင်းပြောရ ...ရင် ရေးလူကြီးတွေ ပဲကြီးလှော်နဲ့ ...ရနွေးသောက်တယ်ဆိုတာ လေမှန် ...အောင် စားကြတာပဲ။ အစာလည်းဆေး ...ဆေးလည်းအစာပေါ့ဗျာ"

"ထမင်းစားရာမှာ အချိန်မှန်ဖို့လို ...တယ်။ ခန္ဓာကိုယ်တွင်းက ကလီစာတွေ ...တာလည်း စက်ယန္တရားလိုပါပဲ။ ပုံမှန် ...လည်ပတ်နေတယ်။ စားရမယ့်အချိန်မှာ ...အစာဟာ စက်သုံးဆီပဲ။ ပုံမှန်မစားရင် ...အစာအိမ်ဟာ အစာမရှိဘဲ ပွတ်တိုက် ...တော့ အစာအိမ်ပါးတယ်။ ကြာတော့ ...အစာအိမ်ရောဂါ ဖြစ်တတ်တယ်။ အစာ ...ကို အဆာမခံရဘူး။ အဆာလွန်တော့ ...လေခံတာဖြစ်ပြီး အစာမဆာကြတော့ ...ဘူး အစာအိမ်ထဲမှာ အစားအစာ လေ ...င်သွားတော့ ရင်ပြည့်တာပေါ့။ ထမင်း ...စားခါနီးရင် ကွမ်းမစားရဘူး၊ လက်ဖက် ...ရည်အချို မသောက်ရ၊ ထန်းရည်ချို ...သောက်ရဘူး။ လေခံတတ်တယ်။ ...ထိုအပ်တာထက် ပိုမစားမရဘူး။ ထမင်း ...စားပြီးပြီးချင်း ပြေးလွှားဆော့ကစားခြင်း၊ ရေချိုးခြင်း မပြုရဘူး။ အစာအိမ်ထိ

တတ်တယ်"

ဦးထွန်းလှမှ -

"ကျန်တဲ့ရောဂါတွေထက် ငါ့ကို ပေးတဲ့ ဆရာခဲဆေးအကြောင်းလည်း ပြောပါဦး"

"ယောက်ျားတွေဟာ အသက် ၄၀ ကျော်လာရင် ရိုးတွင်းခြင်ဆီ နည်းလာတယ်။ အဲဒီအချိန်မှာ လူငယ်တွေလို မဟုတ်တော့ဘဲ ကာမအားနည်းလာတယ်။ ဒီဆေးက ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်ပေါ့။ တော်ကြာ··· ဒေါ်မင်းဆောင်က ဆရာခဲ··ဆရာခဲလို့ ယောင်နေဦးမယ်"

(ယခုခေတ်တွင် နိုင်ငံခြားတိုင်းပြည်များမှ ခိုးဝင်လာသော ယောက်ျားအားဆေးများမှာ ဓာတုဆေးဝါးများ ပါရှိသဖြင့် လူကို ဘေးဥပဒ်ဖြစ်တတ်ပါ၏။ ရှေးမြန်မာ နန်းတွင်းသုံး အားဆေးများမှာ အန္တရာယ်ကင်းရှင်းပြီး လက်တွေ့အကျိုးထူးပြီး ကျန်းမာရေးညီညွတ်ကာ အသက်ရှည်၊ အိမ်ထောင်ရေးသုခပြည့်ဝသော ဆေးနည်းဖြစ်ပါ၏။ အခက်အခဲရှိပါက ဆက်သွယ်ပါ၊ ကူညီပါမည်။)

"ဒီဆေးကို ပထမတွေ့ရှိတာက ညီတော် ကနောင်မင်းသားကြီးဖြစ်တယ်။ နန်းတွင်းသမားတော်ကြီး ဆရာခဲကို ဖော်စပ်စေပြီး မင်းတုန်းမင်းတရားကြီးအား ဆက်သစေပါတယ်။ မိဖုရားပေါင်းများစွာရှိသော မင်းတုန်းမင်းကြီး၏ လက်သုံးဆေး ဖြစ်ပါ၏။ နောက်ပိုင်းမှာ ဒီဆေးနည်းကို ရနောင်မောင်မောင်တုတ် ရသွားပြီး မယား ၁၀၀ ကျော် ထားရှိသွားခဲ့တယ်။ မောင်မောင်တုတ်ကလည်း အခိုပါဆေးကို သီပေါမင်းထံ ဆက်သပြီး ခိုင်းခင်ခင်ကြီးနဲ့ တွေ့ပေးခဲ့ရာ အတော်သဘောကျသွားဟန် တူပါ၏။ နောက်ပိုင်းတော့ ဒီဆေးနည်းက ပျောက်ကွယ်သွားတာပဲ"

ဦးထွန်းလှမှ -

"သုံးတတ်လျှင်ဆေး၊ မသုံးတတ်ရင် ဘေးပေါ့ကွာ။ မသမာသူတွေလက်ထဲ ရောက်သွားရင် တစ်လင်တစ်မယားစနစ် ပျောက်ကွယ်သွားပြီး၊ သူတစ်ပါးသားပျို၊ သမီးပျို ဖျက်ဆီးရာရောက်သွားမယ်။ နောက်ပြီး ဒဏ်ရာအနာတရရရင် ဘယ်လိုကုမလဲ"

"တောင်ဆိတ်ခွာကြားက ရတဲ့ တောင်ဆိတ်ဆီနဲ့ လိမ်းပေးရင် အမြန်ပျောက်တယ်။ သွေးတိတ်အောင် ပထမ ဆောင်ရှက်ရတယ်။ ပြီးမှ တောင်ဆိတ်ဆီထည့်ပေးရတယ်။ တောင်ဆိတ်ဆီက တော်တော်ရှားတယ်။ ကျုပ်ထံမှာ တော်တော်များများ ရှာဖွေထားပါတယ်။ တောင်ဆိတ်ရဲ့ ရိုးတွင်းခြင်ဆီသဘောမျိုးလို့ ယူဆရပါတယ်"

ထိုသို့ ဆွေးနွေးနေခိုက် ရောဂါရှင်တစ်ဦး ရောက်လာပါ၏။

"သမားတော်ကြီး···ကျွန်တော့်မှာ ဆီးအောင့်ရောဂါ၊ ဆီးသွားနည်းတဲ့ရောဂါ ဖြစ်နေတယ်"

"ဒီရောဂါမျိုးက ဆီးကျောက်တည်ချင်တာပေါ့။ ဒါကျတော့ ··· သံမနိုင်ကျောက်မနိုင်ရယ်၊ ထိကရုံးရယ်၊ နာနတ်သီးရဲ့ထိပ်ကခေါင်းရယ် ပေါင်းစပ်၊ မြင်းခွာရက်ရယ်၊ ဖော်ထားတဲ့ဆေးကို ရေအေးနဲ့သောက်ပါ။ သုံးရက်ဆိုရင် ပျောက်ပြီ၊ တစ်နေ့ကို သုံးကြိမ်သောက်



www.burmeseclassic.com

www.burmeseclassic.com

ရမယ်။ ရေများများသောက်ရမယ်"

"ဆီးရောဂါကို ကြို့တင်ကာကွယ်မှု အကောင်းဆုံးက ထန်းရည်ပုံမှန်သောက်၊ ဆီးကောင်းတာပဲ။ ကွမ်းယာအစားများရင်လည်း ထုံးကျောက်တည်တတ်တယ်။ တညင်းသီးက ဆီးလမ်းကြောင်းကို ပိတ်တတ်တယ်"

"နောက်တစ်ခုက အသက်ရှည်ဖို့အတွက် ပုံမှန်သောက်ရမယ့်ဆေးရှိလည်း လုပ်ပါဦး"

"မယားငယ်ငယ်ယူထားတော့လည်း အသက်ကရှည်ချင်သေးတာပေါ့။ ကိုယ့်မယားဘေးကခေါင်းအုံး သူတကာအုံးမှာလည်း ကြောက်တာပေါ့။ ပြောပြမယ်၊ ပြီးတော့ဖော်ပေးမယ်။ ဆင်တုံးမနွယ်ရယ်၊ ကြက်သွန်ဖြူဥရယ်၊ ပျားရည်ရယ်၊ ဆရာခဲဆေးဖော်တဲ့ ဆေးမြစ်ရယ် ပေါင်းစပ်၊ တန်ဆောင်မုန်းလပြည့်နေ့ညမှာ ဆေးပေါင်းခတဲ့အချိန်မှာ ဖော်စပ်ရမယ်။ ပြီးတော့ မြေတွင်းထဲမှာ ၆ လ မြှုပ်ပြီးမှ တစ်နေ့ လက်ဖက်ရည်ဇွန်းတစ်ဇွန်း ပုံမှန်သောက်၊ အသက်ရာကျော်ရှည်ရမယ်"

"မြေကြီးထဲ ဘာလို့မြှုပ်တာလဲ"

"ပထဝီဓာတ်၊ မြေဓာတ်ယူတာပဲ"

(စာရေးသူ၏ အဘွားမှာ အသက် ၉၀ ကျော် နေထိုင်ရပါ၏။ လက်တွေ့အသက်ရှည်ပါ၏။ အဘိုးက ဂဝ ကျော် နေသွားပါ၏။ သူကြီးဦးစံမတူက ၁၀၁ နှစ် နေထိုင်သွားကြပါ၏။)

"အသက်ရှည်ချင်ရင် ကျန်နေတဲ့နည်းလမ်းတစ်ခုက အသက်မှန်မှန်ရှူတဲ့ ကျင့်စဉ်တစ်ခုပဲ။ တင်ပျဉ်ခွေထိုင်၊ ဒူးနှစ်ဖက်ပေါ် လက်နှစ်ဖက်တင်၊ ခန္ဓာကိုယ်ကို ဖြေလျှော့ထား။ နှာခေါင်းမှ အသက်ရှူခြင်း ပုံမှန်လုပ်။ ကျွန်တော်တို့ ဘာသာတရားနည်းကတော့ တရားထိုင်နည်းပဲ။ နိုင်ငံခြားကတော့ ယောဂကျင့်စဉ်လို့ခေါ်တယ်။ တစ်နေ့ကို နာရီဝက်လုပ်ရမယ်။ ခန္ဓာကိုယ်တွင်းက ရောဂါတွေကို သဘာဝလေအေးနဲ့ ကုသပေးတဲ့သဘောပဲ"

"လူတွေရဲ့ ခန္ဓာကိုယ်တွင်းက မကောင်းတဲ့ ပိုးမွှားတွေ၊ ရောဂါဖြစ်စေတတ်တဲ့ ပိုးမွှားတွေကို ဓာတ်ကြီးလေးပါးနဲ့ နေ့စဉ် ကုတတ်ရင် အနာရောဂါကင်းမယ်။ အနာရောဂါကင်းရင် အသက်ရှည်တာပဲ။ မြေ၊ ရေ၊ လေ၊ မီးဆိုတဲ့ ဓာတ်ကြီးလေးပါးဟာ သဘာဝကပေးတာပဲ။ ဒါကို အကျိုးရှိစွာ၊ မျှတစွာ အသုံးမချတတ်ဘဲ တစ်ခုခုကို လွန်ကဲစွာသုံးမိပါက ရောဂါဖြစ်တာပဲ။

"နောက်တစ်ခုက ခန္ဓာကိုယ်အတွင်းက အပူအပုပ်တွေကို ရှင်းထုတ်တတ်ရမယ်။ ဒါကြောင့် လမ်းလျှောက်ရမယ်။ ဒါမှ သွေးလေလည်ပတ်မယ်။ ခန္ဓာကိုယ်တွင်းက ကလီစာတွေကလည်ပတ်မယ်။ ဒါမှ အညစ်အကြေးတွေ စွန့်ထုတ်ပေးမယ်။ ဝမ်းတစ်လုံးကြောင့် ခေါင်းမခဲသင့်တဲ့။ ဝမ်းမှန်ရမယ်။ မမှန်ရင် ဒါတွေက ကလီစာတွေကို အဆိပ်အတောက်ဖြစ်ပြီး အူမကြီးမှာ ပုပ်ပွတာတွေဖြစ်မယ်"

(ယခုခေတ်စကားအရ ကင်ဆာရောဂါ ဖြစ်ပါ၏။)

"ဝမ်းထဲက ကလီစာတွေ ပျက်စီးလို့ ရောဂါဖြစ်ရင်ရော"

"ဒါက နောက်ပိုင်းမှာ ကုသမယ့်ရွှေပြာသွင်းတာတို့၊ ဓာတ်လုံးကို ရေစိ[...] တိုက်တာတို့၊ ပရိတ်ရေတိုက်တာတို့[...] ကုသမယ်။ အုံ့မခန်းတဲ့ မြန်မာ့ဆေးစွမ်[...] ဗျ။ ဘယ်နိုင်ငံမှာမှ မရှိဘူး"

(အဆိုပါ ကုသနည်းကို အောင်[...] လံမြို့တောင်ဘက် ၅ မိုင်အကွာ [...] တော်ရာဘုရားအနီး တောရကျောင်း[...] ဆရာတော်ဦးသံဝရမှ ကုသလျက်[...] ပါ၏။ ဆရာတော်ဖုန်းနံပါတ်မှာ ၀၉-[...] ၄၀၁၆၃၉၉၅၄ ထံ ဆက်သွယ်၍ ကု[...] နိုင်ပါ၏။ AIDS၊ ကင်ဆာနှင့် ဆရာ[...] များ ကုသမရသော အခြားရောဂါမျ[...] ကုသပေးပါ၏။)

"အချို့က ဘုရားကုလို့ ရိုင်းပ[...] ပြောကြတယ်။ အမှန်က ဘာသာရေး[...] ရဲ့ အစွမ်းနဲ့ ကုသတာပဲဖြစ်တယ်[...] သမားတော်တွေက ကံငါးပါးကို ထိန်း[...] တယ်။ ဘာသာတရားကို ကိုင်းရှိုင်း[...] တယ်။ ဒါမှ ဆေးစွမ်းထက်မြက်တာပဲ[...] ကတိသစ္စာတည်သောအခါဝယ် နွယ်[...] မြက်သစ်ပင်တောင်မှ ဆေးဖက်ဝင်[...] တယ်။ တကယ်တော့ ကျွန်တော်တို့[...] မြန်မာပြည်မှာရှိတဲ့ သစ်ပင်တွေဟာ[...] ဆေးဖက်အများကြီးဝင်တယ်ဗျ။ ဒါ[...] နောင်လာနောက်သားတွေ သိရှိအောင်[...] ရေးသားပြုစုထားခဲ့ရမယ်။ ကျွန်တော်[...] လည်း 'စံမတူဆေးကျမ်း'ဆိုပြီး ရေး[...] တယ်"

"စံမတူရေ···နောက်ရက်မှ ပြ[...] ဆုံတာပေါ့ကွာ"

မျိုးသန်းထွန်းကို(ရေစကြို)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# အဘွား ပြော ပြ သော မမြစိန့်အကြောင်း



ဂျိုးထွန်းကို

"အဘွား ... ညောင်းနေလား၊ သမီးနှိပ်ပေးမယ်လေ"
ကျွန်မက ထိုသို့ စကားဆိုလိုက်လျှင်
အဘွားက ပြုံးပြုံး ပြုံးပြုံးဖြင့်
ဖျာပေါ်သို့ ခေါင်းအုံးတစ်လုံးဆွဲယူချကာ လှဲလိုက်ရင်း
ခြေနှစ်ဖက်ကို ဆန့်ထုတ်ပေးလိုက်သည်။
ကျွန်မအဘွားက အသက် ၈၀ ကျော်ပြီဖြစ်သော်လည်း
သန်တုန်း မြန်တုန်း။ တောရွာဒေသတွင် ကြီးပြင်းလာသူမို့
ကျန်းမာရေး ချူချာခြင်းလည်းမရှိ၊
မိုးလင်းကနေ မိုးချုပ် လုပ်စရာအလုပ်တွေကို
ရှာကြံလုပ်နေတတ်သူမျိုးဖြစ်သည်။
အိမ်၌ လုပ်စရာရှာမရလျှင် အိမ်ရှေ့ရှိ
ဘုန်းကြီးကျောင်းသို့သွားကာ ကျောင်းစေတီတော်ပရဝုဏ်ကို
တံမြက်စည်းလှည်းသည်။ ဘုရားဆင်းတုများကို
ရေချမ်းကပ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"အဘွား မြေးက ဒီလိုကျတော့လည်းလိမ္မာသား။အဘွားက မညောင်းပါဘူးကွယ်။ ဒါပေမယ့် အကြောတက်လာမှာကြောက်လို့ အနှိပ်ခံတာ။ အဘွားကြောက်ရတဲ့ ရောဂါဆိုလို့ ကြီးပေါင်းပဲ ရှိတယ်"

အဘွားကကျွန်မမျက်နှာကို ကြည့်ကာ ပြုံးပြုံးဖြင့် ပြောသည်။ သနပ်ခါးကျားကျားနှင့် အဘွား၏ အပြုံးမျက်နှာသည် မြင်ရသူ ကျွန်မအဖို့ စိတ်နှလုံးအေးချမ်းကြည်နူးစေသည်။ အဘွား၏ ခြေချောင်းလေးများသည် ငယ်စဉ်ကလိုမျိုး ဆူဖြိုးကျစ်လျစ်ခြင်းမရှိတော့ဘဲ အရေပြားတွဲတွဲနှင့်အသားနည်းနည်းသာ ကျန်တော့သော အရိုးချောင်းလေးမျှသာ ဖြစ်သည်။ သွေးကြောစိမ်းညို့ညို့တွေကလည်း အရေပြားတွင် ကပ်လျက် ထိုးထိုးထောင်ထောင်။ ကြွက်သားမရှိတော့သည့် ခြေသလုံးကို ကျွန်မ ဖျစ်ညှစ်နှိပ်ပေးရင်း တစ်ချိန်က အဘွား၏ ပုံရိပ်ကို ရေးတေးဝေး မြင်ယောင်ကြည့်နေမိသည်။ အဘွားက ကျွန်မအဖေကို အသက် ၂၇ နှစ်တွင် မွေးဖွားခဲ့ကြောင်း အဘွားပြောပြ၍ သိခဲ့ရသည်။

အဘွားအတွက် အဖေက သားဦး ဩရသ။ အဖေတို့မိသားစုတွင်တော့ ကျွန်မက နောက်ဆုံးသမီးအထွေးဆုံးလေး။ အဘွားနှင့် ကျွန်မက နှစ်ပေါင်း ၆၀ ကျော်ကွာခြားနေသည်။ ကျွန်မ မွေးတော့ အဘွား၏ အသက် ၆၀ တင်းတင်းပြည့်လို့နှစ်နှစ်လောက်တောင် ပိုလျှံနေပြီ။ သို့ကြောင့်လည်း အဘွား၏ နုပျိုငယ်ရွယ်စဉ်က ပုံရိပ်များကို ကျွန်မ ဘယ်လိုမှဖမ်းဆုပ်၍ မရခဲ့။ နို့ပေမယ့် အဘိုးနှင့်အဘွား မင်္ဂလာဆောင်တုန်းက ရိုက်ထားခဲ့သော ဓာတ်ပုံကိုကြည့်ကာ အဘွားငယ်ငယ်က အတော်ချောမောလှပခဲ့ကြောင်းကို ကျွန်မ လက်ခံယုံကြည်နေမိသည်။ ဓာတ်ပုံထဲ၌ အဘွားပုံသဏ္ဌာန်က အသားအရေဖြူဖြူဝင်းဝင်း၊ မျက်ခုံးမျက်တောင်ကော့ကော့စိမ်းစိမ်း၊ နှာခေါင်းအနည်းငယ်ပွချင်သော်လည်း မျက်နှာကျပုံက ပြည့်ပြည့်ဖောင်းဖောင်းမို့ ကြည့်၍ကောင်းသည်။ နှုတ်ခမ်းဖူးဖူး အရပ်မနိမ့်မမြင့်နှင့် အဘွားက ထိုခေတ် ထိုအခါတွင် ရွာ၏ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် စာရင်းဝင်ခဲ့သည်ဟု အဖေ ပြောပြဖူးသည်။

"ဒီဖြူ . . ငြိမ်လှချည်လား၊ ခါတိုင်းဆို ကျောင်းက အကြောင်းတွေ ဟိုလိုဒီလို အကြောင်းတွေ ရေပက်မဝင် ပြောနေကျပါ။ ဘာဖြစ်လို့လဲ မြေးလေးရဲ့"

ကျွန်မအတွေးထဲတွင် နစ်မျောပျံ့လွင့်နေခိုက် အဘွား၏ အမေးကြောင့် ကြောင်အမ်းအမ်းဖြစ်သွားသည်။ လက်ချောင်းလေးများက အဘွား၏ ခြေသလုံးနဲ့ ပေါင်တံပေါ် လျှောက်ပြေးရင်းကျွန်မ အဘွားကို မော်ကြည့်လိုက်ကာ . .

"ဒီလိုပါပဲအဘွားရယ်၊ သမီးတွေးကြည့်နေတာပါ"

ကျွန်မအဖြေကြောင့် အဘွား၏ မျက်နှာမှာ အရိပ်တစ်ခု ဖျတ်ကနဲ ရွေ့လျားသွားသည်။ တွေဝေစွာ နားလည်ရန်ခက်ခဲနေသောအရိပ်အယောင်မျိုး။

"ဘာတွေများ ဒီလောက်တွေးနေရတာလဲ ငါ့ တော်တော်ကြာ အဘွားလိုဆံပင်တွေပါ ဖြူကုန်ဦးမယ်"

အဘွားက နောက်ဘက်တွင် လျှော့တွဲတွဲကျနေသော ဘီးဆံပတ်ဆံထုံးကို တစ်ချက်စမ်းကာ ရယ်ရင်းပြောလိုက်သည်။ ဟုတ်ပါသည်။ အဘွား၏ ဆံပင်ရှည်ရှည်တွေက တစ်ခေါင်းလုံး ဖြူဖွေးလို့နေ ပြီ။ သို့ပေမယ့် ကျွန်မ မျက်လုံးအိမ်ထဲတွင်တော့ လ ခုံးဘီးနက်ပြောင်ပြောင်ပြ ထွေးပတ်ထားသည့် အဘွ ဆံပင်ဖြူဖွေးဖွေးတွေက ဇ ဆိုသော တရားထက် သမ္မာ သော တရားကို ပို၍ထင် မြင်သာစေပါသည်။ ကျွ အတွက် အဘွား၏ ဆံနွ ဖွေးဖွေးတွေက အသိပညာ ကျက်ပြည့်စုံခြင်းကို ပိုမိုပြသ သည်ကြောင့် အဘွားအ ပိုလို့ပင် ချစ်ခင်တွယ်တာမိ သည်။

"အဘွားငယ်ငယ်တုန်း ဘယ်လောက်ချောမောလှ သလဲဆိုတာကို သမီးတွေ ကြည့်နေတာပါ။ ဖေဖေပြော တာကတော့ အဘွားငယ် က ရွာရဲ့ ကွမ်းတောင်ကိုင်

ကျွန်မစကားဆုံးတော အဘွား နောက်ဆုံးလက် သွားနှစ်ချောင်းပေါ်အောင် တဟင်းဟင်းရယ်သည်။ တေ ရွာဒေသ၏ သွားတိုက်ဆေ မသုံးသော ဓလေ့ကြောင့် လား၊ နဂိုသွားမခိုင်သောအ ၍လား မပြောတတ်။ အဘွ သွားနှစ်ချောင်းသာ ကျ တော့သည်။ သို့ပေမယ့် ဒီ တွက်ကြောင့် အဘွာ



www.burmeseclassic.com

www.burmeseclassic.com

…ောင့်အယှက်မခံ၊ အစား …ာက်အပျက်မခံ။ သွား …ာ ခန့်ထံ သွားရန်လည်း …ူမရှိ။

"ဒါကတော့ ညည်းအဖေ …ပါကွယ်။ အဘွားက ရွာ …မ်းတောင်ကိုင်မဟုတ်ပါ … ဒါပေမယ့် အဘွားက ရွာ …ဖြူချောစာရင်းဝင်ပေါ့။ … မြေးလေးလိုပဲ။ အသားဖြူ …တောင့်တောင့်"

အဘွားပြောလိုက်မှ …ကိုယ့်ကိုကိုယ် ဘဝင် …ချင်သလိုလို ဖြစ်သွားသေး …၊ အဘွားဘာများ ဆက် …ဦးမလဲဟူ၍ ကျွန်မ နား …နေလိုက်၏။ အဘွားက …ကို ဆက်ပြောသည်။

"ဒါပေမယ့် တစ်ခုရှိတာ … အဘွားက တခြားရွာသူ …နဲ့မတူဘူး။ မာနရှိတယ်။ …တ်မခံစိတ်ရှိတယ်။ နောက် … သတ္တိလည်းရှိတယ်။ တစ်ခါ …များဆိုရင် အဘွားအဖေ၊ …ရဲ့အဘိုးကတောင်အဘွား …တဲ့. . မိစိန် နင်တော်တော် …ဆတ်ပါလား။ တကယ့် …တ်မခံဘဲလို့ ပြောခဲ့ဖူးသေး …၊ အင်း . . ဘာကိစ္စနဲ့ …သက်ပြီးတော့ပါလိမ့်"

အဘွားက အကြောင်း …ကို ပြန်ပြောင်းတွေး ကြည့်ဟန်ဖြင့် နဖူးကြောများ တွန့်ခေါက်သွားသည်အထိစဉ်းစားသည်။ ကျွန်မက အဘွား မျက်နှာကို ငေးကာ နှိုပ်မြဲနှိုပ်သည်။ အဘွားက သတိရသွားဟန်ဖြင့် . .

"ဩော် . . ဦးဟပုန်းကြီး ကိစ္စ။ ငါ့မြေးကို ပြောပြရဦးမယ်။ အဲဒီတုန်းက အဘွား အသက်က ဆယ့်လေးငါးနှစ်လောက်ပဲရှိသေးတယ်။ အပျို ပေါက်အရွယ်ပေါ့။ ဦးဟပုန်းကြီးကတော့ လေးဆယ်ကျော်၊ ရွာထဲအရက်သမား ကဇော်သမားကြီး။ သူမူးလာပြီဆိုရင် အကုန်ရှောင်ပြေးတော့တာပဲ။ သူက ပါးစပ်ကြမ်း၊ လက်ကြမ်း၊ တစ်နေ့ အဘွားရယ်၊ ထားခင်ဆိုတဲ့ အဘွားအစ်မဝမ်းကွဲရယ်၊ ဒေါ်အိမ်ကြည်ရယ် သုံးဦးသား ဆွမ်းချိုင့်ပို့ပြီး ပြန်အလာ လမ်းမှာ ဦးဟပုန်းကြီးနဲ့ဆုံတာပဲ။ ဦးဟပုန်းကြီးက အရက်တွေသောက်ထားလိုက်တာမှ နံစော်နေရော"

အဘွားက စကားကို ခဏနားပြီး တံတွေးတစ်ချက် မျိုချလိုက်သည်။ အအေးကြိုက်သော အဘွားက နံဘေးမှ ယပ်တောင်ကို ယူကာ တဖျပ်ဖျပ် ခပ်ရင်း . .

"လမ်းကလည်း ကျဉ်းသကိုး။ ဦးဟပုန်းကြီးက ယိုင်တိ ယိုင်တိုင်နဲ့ လျှောက်လာတာမြင်တော့ အဘွားရဲ့အစ်မ ထားခင်ခမျာ နေစရာမရှိတော့ဘူး။ အဘွားကတော့ နံဘေးကို နည်းနည်းတိမ်းပေးလိုက်တယ်။ ဒေါ်အိမ်ကြည်ကတော့ မြစိန်နဲ့ ထားခင် . . နင်တို့မကြောက်ကြနဲ့နော်လို့တော့ သတိပေးရှာတယ်။ အဘွားက မကြောက်ပါဘူးအရီးရယ်လို့တောင် ပြန်ပြောလိုက်သေးတယ်။ ဦးဟပုန်းကြီးအနား ရောက်လာတော့ အဘွားတို့ကို လမ်းမဖယ်ရကောင်းလားဆိုပြီး သူ့ဝသီအတိုင်း ဆဲလိုက်တာမှ မိုးကိုမွှန်နေတာပဲ။ အဘွားလေ ဒေါသထွက်လိုက်တာမှအသားတောင်တဆတ်ဆတ်တုန်တယ်။ ဦးဟပုန်းကြီးဆဲလို့ဝတော့ သူ့ဘာသာ ယိုင်ယိုင် ယိုင်ယိုင်နဲ့ ဆက်ထွက်သွားရော။ အဘွားလည်း အိမ်ရောက်တာနဲ့ ငိုတော့တာပဲ"

အဘွားက မောရှိလား အာခြောက်၍လားမသိ။ ခဏနားလိုက်သည်။ နောက် တော်ပြီ။ သက်သာပြီငါ့မြေးဆိုပြီး ကျွန်မ၏ လက်တွေကို ခြေသလုံးမှ ဖယ်ခိုင်းကာ ရေနွေးတစ်ခွက်ထည့်လာခိုင်းသည်။ ကျွန်မ ထမင်းစားခန်းသို့ ပြေးကာ ရေနွေးကြမ်းတစ်ခွက်ခပ်ထည့်လာခဲ့သည်။ စောစောက ဇာတ်လမ်းကို တစ်စွန်းတစ်စ ကြားလိုက်ရသောကျွန်မအစ်မပါ အခန်းထဲသို့ ကျွန်မနောက်မှ လိုက်ပါလာသည်။

"ဟ . . ပွင့်စိုးပါ ပါလာတာကိုး"

"ဟုတ်တယ် အဘွား၊ အဘွားဇာတ်လမ်းကို တစ်ပိုင်းတစ်စ ကြားလို့ လာနားထောင်တာ"

အဘွားက ထုံးစံအတိုင်း ပြုံးပြုံး ပြုံးပြုံး။ ကျွန်မခပ်လာပေးတဲ့ ရေနွေးကြမ်းကို တစ်ချက်နှစ်ချက် မှုတ်ကာ နည်းနည်းမော့သောက်လိုက်သည်။

"ကဲ . . ဆက်ပြောပြမယ်။ ပွင့်စိုးရောက်လာတော့ အစက ပြန်ပြောပြရမလား"

"ရတယ် အဘွား၊ သမီး စောစောက ကြားလိုက်ရတယ်။ အဘွားအိမ်ရောက်တော့ ဘာလို့ ငိုရတာလဲ"

"ဒေါသထွက်တာကိုး။ ကိုယ်လည်း ဘာမှမလုပ်ဘဲ၊ ကိုယ့်ကို အဆဲအဆိုခံရတာ။ အဘွားငိုလို့ဝတော့ အဘွား ဘာလုပ်တယ်ထင်တုန်း"

"အဘွား ဦးဟပုန်းကြီးကို ခွေးနဲ့ရှူးတိုက်ကောလား"

ကျွန်မ၏ထင်မြင်ချက်ကို



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မအစ်မက နှာခေါင်း ရှုံ့သည်။

"မိအိ . . အဲ့ဒါနင်ပဲလုပ်၊ သမီးအထင် အဘွားဦးဟပုန်းကြီးကို ရပ်ကွက်လူကြီးနဲ့ သွားတိုင်တယ် မဟုတ်လား"

ကျွန်မအစ်မ ပွင့်စိုး၏ခန့်မှန်းချက်ကို အဘွားက ခေါင်းတညိတ်ညိတ်ထောက်ခံရင်း . .

"ဟုတ်တယ်၊ ဒါပေမယ့် ဒီကိစ္စက မလွယ်ဘူး ငါ့မြေးရဲ့၊ အဘွားတို့ရွာလူကြီးက နှစ်ရွာကို အုပ်ချုပ်တာ။ သူက ဟိုဘက်ရွာမှာပဲ အနေများတယ်။ ရွာကိုလာရင်လည်း သာရေးနာရေးဆွေးနွေးဖို့လာတာဆိုတော့ အဘွားတို့ကိုကလေးတွေက ဘယ်စကားပြောခွင့်ရှိပါ့မလဲ။ ဒါပေမယ့် အဘွားက ဇွဲကောင်းတယ်။ စိတ်ကြီးတယ်။ ရွာလူကြီးတွေ အစည်းအဝေးလုပ်တဲ့ ခမ္မာရုံ ဒီမှာအခေါ် ရုံးပေါ့။ အဲဒီရှေ့က ချုံထဲမှာပုန်းပြီးချောင်းတာ။ ရွာလူကြီးလည်း ထွက်လာရော အဘွားပြေးထွက်သွားပြီး ဦးလေး ခဏလို့ လှမ်းအော်လိုက်တယ်။ အဘွားကိုမြင်တော့ အဘွားအဖေ မျက်လုံးပြူးသွားရော။ အဖေက မြစိန်နင်ဘာလာလုပ်တာလဲလို့ ခပ်တိုးတိုးမေးတယ်။ အဘွားက အဖေမှ ဦးဟပုန်းကြီးကို အရေးမယူတာ၊ သမီးက ရွာလူကြီးတိုင်မလို့လို့ ပြောလိုက်တယ်။ နောက်ပြီး ရွာလူကြီးကို "ဦးလေး အရက်မူးလာရင် သူများ သားသမီးကို ဆဲရေးတိုင်းထွာတာသင့်သလား ဦးလေး" လို့မေးတော့ လူကြီးက ခပ်ပြုံးပြုံးနဲ့ မသင့်ဘူးပေါ့ကလေးမရဲ့လို့ ပြောတယ်။ ဒါဆို ဟိုတစ်နေ့က ရွာထဲက ဦးဟပုန်းဆိုတဲ့လူကြီးက အရက်မူးလာပြီး ကျွန်မတို့ကို ဆဲဆိုပါတယ်။ အဲဒါ အရေးယူပေးပါလို့ ပြောလိုက်တယ်။ အဖေ့ခမျာ မျက်လုံးကို ပြူးရော။ ရွာလူကြီးက အဲဒီ ဦးဟပုန်းဆိုတဲ့လူကို ခေါ်ပေးပါတဲ့။ နောက်ပြီး အဘွားကိုလည်း သက်သေအနေနဲ့ အဘွားအစ်မနဲ့ အရီးကို ခေါ်ခိုင်းတယ်။ လူလည်းစုံရော၊ ဦးဟပုန်းကို ခင်ဗျား ဒီကလေးမတွေကို သားသမီးချင်း မစာမနာ ဆဲရေးတယ်ဆို လို့ ဆူတယ်။ ဦးဟပုန်းကြီးခမျာ ခေါင်းလေးကိုငုံ့ပြီး ဟုတ်ပါတယ်။ ကျွန်တော် မူးလာလို့ပါလို့ ပြောတယ်။ ရွာလူကြီးက ဦးဟပုန်းကို နားရင်းနှစ်ချက်အုပ်ပြီး အဘွားတို့ကိုတောင်းပန်ခိုင်းတယ်။ အဲဒီအခါကျမှ အဘွားက ဒီလောက်ဆိုရင် ကျွန်မတို့ ကျေနပ်ပါပြီဆိုပြီး ရွာလူကြီးကို ကျေးဇူးတင်ကြောင်း ပြောပြီးလှည့်ထွက်လာခဲ့တယ်။ ရွာလူကြီးက အဖေ့ကို ပြောသွားသေးတယ်။ ခင်ဗျားသမီးက တကယ့်သတ္တိခဲပဲ။ ငယ်ငယ်ရွယ်ရွယ်နဲ့ မှန်တယ်ထင်ရင် ပြောရဲဆိုရဲတယ်လို့ အဘွားကို ချီးကျူးသွားသတဲ့"

အဘွားက ကျန်သေးတဲ့ ရေနွေးကို တစ်ကျိုက်ထပ်သောက်လိုက်သည်။ အဘွား၏ပုံကအတိတ်အကအကြောင်းကိုတွေးရင်းကျေနပ်တဲ့ပုံပေါက်သည်။ ကျွန်မက သိပ်မရှင်းသေး၍ အဘွားဘာထပ်ပြောဦးမလဲ နားစွင့်နေမိသည်။ အစ်မကတော့ အလိုက်တသိပင် ရေနွေးထပ်သွားဖြည့်ကာ ထန်းလျက်ခဲဆယ့်လေငါးခဲကို ပန်းကန်နှင့် ထည့်လာပေးသည်။

"အဘွား . . အဘွား အဖေက အရေးယူလို့ ရသားနဲ့ ဘာလို့ မယူတာလဲ"

"တစ်ရွာတည်းသားချင်းတွေကိုးကွဲ့။ နောက်ပြီး ကိုယ့်သမီးကို ပြောလို့ အရေးယူတယ်ပြောမှာစိုးလို့ ထင်ပါရဲ့။ ဦးဟပုန်းကြီးလည်း အတော်ထိတ်သွားပုံပဲ။ နောက်ပိုင်း အရက်သောက်လာရင်တော မရမ်းရဲတော့ဘူး။ အဘွားကို မြစိန် နင်တော်စိတ်ဆတ်ပါလား။မ မခံဘဲလို့ ပြောရော"

အဘွားက ထိုစကား အတော်သဘောတွေ့ပုံရသ ဇာတ်လမ်းအဆုံးတွင် နေ တစ်ကျော့ပြန်ပြောပြန်သ ဒါမှမဟုတ် ကျွန်မအစ်မ သေးသဖြင့် ထပ်ပြောပြ လည်း ဖြစ်ချင်ဖြစ်မည်။အဘွ က ရေနွေးမော့ပြီး ထန်းလျ ခဲတစ်ခဲယူလိုက်သည်။ အဘွ ယူပြီးသည်နှင့် စားချင်နေသေ ကျွန်မ တစ်ခဲနှိုက်ယူ စားလို သည်။

"ဒါနဲ့ အဘွား . . တစ်လောက အဘွားပြောပြ ဇာတ်လမ်းကို အိဖြူမသိသေ ဘူး။ဒီကောင်မလေးက စာ ဆရာရူး ရူးနေတာဆိုတော အဘွားထပ်ပြောပြလိုက်ပါဦး"

အစ်မပွင့်စိုးက ကျွန်မ မေးငေါ့ပြကာပြောလိုက်သည

"အေး . . ဟုတ်သ တဲ့ကို ခေါ်ပြလာတိုက်တ အကြောင်းလေ။ တော်တေ လည်းထူးဆန်းတယ်။အင်း . အဘွားအသက် ဆယ့် ဆယ့်ကိုးလောက်တုန်းက အဘွားရဲ့အဘွားက အ



www.burmeseclassic.com

www.burmeseclassic.com

ဘုရားတရားကြည်ညိုတာ။ အမြဲတမ်း ဥပုသ်စောင့်တယ်။ အဲဒီနေ့က အဘွားတို့လယ်ထဲမှာ အလှူလုပ်ဖို့ ပြင်တဲ့နေ့။ အဘွားရယ်၊ ဒေါ်ကွမ်မဲ့ရယ်၊ အဘွားရဲ့အဘွားဒေါ်အိမ်စည်ရယ်၊ နောက် ဝိုင်းကူလုပ်ဖို့က အဘွားသူငယ်ချင်းနဲ့ အမျိုးတွေ။ မိန်းမအယောက်နှစ်ဆယ်လောက်ရှိတယ်။ တဲထဲမှာ ဆယ့်ငါးယောက်လောက် ဝိုင်းထိုင်ပြီး ဆန်ရွေးတဲ့သူရွေး၊ ကြက်သွန်နွာတဲ့သူနွာပေါ့။ တဲဆိုပေမယ့် ခြေတံရှည်သစ်သားအိမ်ကြီးကို ပြောတာကွဲ့။ အပေါ်က မိန်းမနှစ်ဆယ်ထဲမှာ အဘွားလည်းပါတယ်။ အဘွားရဲ့ အဘွားလည်းပါတယ်။ အောက်ထပ်မှာ ယောကျ်ား အယောက်သုံးဆယ်လောက်ရှိတယ်။ အဘွားရဲ့အစ်ကိုဝမ်းကွဲတွေနဲ့ အမျိုးတွေ၊ သူငယ်ချင်းတွေပေါ့။ ထမနဲထိုးဖို့ ပြင်ဆင်နေကြတယ် ထင်ရဲ့။ အဘွားရဲ့ အမေနဲ့ အဖေကတော့ မနက်ဘုန်းကြီးပင့်ရင်းနဲ့ ဆင်းလာကြမှာပေါ့။ အဲ . . ညဘက် ချက်ပြုတ်နေတုန်း သေနတ်တစ်ချက်ဖောက်သံကြားလိုက်ရော အားလုံးတုန်သွားကြတာပဲ။ အဘွားတို့ အားလုံး သိလိုက်ပြီ။ ဓားပြလာတိုက်ပြီပေါ့။ အားလုံးက နောက်နေ့အလှူအတွက်ဝတ်ထားလိုက်ကြတာ ရွှေတွေကိုညွှတ်လို့။ အဘွားဝတ်ထားတဲ့ ရွှေလက်စွပ်ကို ဟိုးလယ်ကွင်းဘက်ကို လွှင့်ပစ်လိုက်တယ်"

"ဟင် . . အဘွားကလည်း ဓားပြကဖြင့် မသေချာသေးဘူး။ လက်စွပ်အရင်ဆုံးနေမှာပေါ့"

"လယ်ကွင်းထဲ ပစ်တာက နောက်နေ့ပြန်ရှာရင် ပြန်ရတယ်။ ဓားပြတိုက်တာက သေချာပါပြီကော။ ခဏပဲ။ ချက်ချင်းအသံတွေ တိတ်သွားတယ်။ အဘွားပြတင်းပေါက်ကနေ လှမ်းချောင်းကြည့်လိုက်တော့ အစ်ကိုလေးတို့ ကိုကြီးတို့ အားလုံး မြေပြင်မှာ ဝမ်းလျားမှောက်လို့။ လက်တွေကို ခေါင်းပေါ်တင်ထားရတယ်။ မျက်နှာကို ပုဆိုးစည်းထားတဲ့ သေနတ်ကိုင်ဓားပြက လှေကားကနေ တက်လာတယ်။ နောက်မှာလည်း သူ့တပည့်နှစ်ယောက်ပါလာတယ်"

အဘွားက ရေနွေးမော့လိုက်သည်။ ထန်းလျက်စားသည်။ ယပ်ခတ်သည်။ ပြောရတာများ၍ ပင်ပန်းသွားပုံရသည်။

"ဓားပြဗိုလ်က တက်လာပြီး အားလုံးကို တစ်ချက် ဝေ့ကြည့်လိုက်တယ်။ ဒေါ်ကြည်ဆိုတဲ့ အဘွားကြီးဆိုကြောက်လွန်းလို့ သေးတွေတောင် ထွက်ကျကုန်တယ်။ ကြည့်ပြီးတာနဲ့ ဓားပြက အဘွားဆီကို တည့်တည့်ဝင်လာတယ်"

"အမလေး . . ကြောက်စရာကြီး"

"အဘွားလည်း နည်းနည်းတော့ လန့်တာပေါ့။ ဒါပေမယ့် မကြောက်ပါဘူး။ ခပ်တည်တည် ရပ်နေလိုက်တယ်။ ဓားပြဗိုလ်က အဘွားကို ဆွဲခေါ်လာပြီး သူ့တပည့်တစ်ယောက်ကို ချုပ်ခိုင်းထားတယ်"

"ဘာလို့ ဒီလိုလုပ်တာလဲ အဘွား"

ကျွန်မက အဘွားကိုမော့ကြည့်ရင်း မေးလိုက်သည်။ အဘွားက သူပြောပြသည်ကို ကျွန်မတို့ စိတ်ဝင်တစား နားထောင်သဖြင့် သဘောကျနေသည်။

"မြေကတုတ်လုပ်တာပေါ့ကွယ်"

"ဘာတုန်း အဘွားရဲ့ မြေကတုတ်ဆိုတာ"

ကျွန်မအမေးကို အစ်မပွင့်စိုးက စိတ်မရှည်ဟန်ဖြင့် ဝင်ပြောသည်။

"ဓားစာခံလုပ်တာကို ပြောတာဟာ။ နင်ကလည်း . ."

"အေး . . ဟုတ်တယ်၊ ဓားစာခံလုပ်တာ။ ဓားပြနဲ့ သူ့တပည့်တစ်ယောက်က အခန်းထဲ ဝင်သွားတယ်။ အခန်းထဲမှာ ငွေနဲ့ အဖိုးတန်ပစ္စည်းတွေရှိတယ်လေ။ မြန်မှုမြန်ပဲ။ ခဏလေးနဲ့ အဘွားတို့ မနက်ကျရင် ဘုန်းကြီးထိုင်ရင်ခင်းဖို့ သယ်လာတဲ့ စောင်အကောင်းစားတွေ၊ မွန်ပုဆိုးတွေ၊ အကျီတွေ အကုန်လုံးကို လူပျိုစောင်ကြီးနဲ့ ထည့်လာတယ်"

ပါပြန်ပြီ . . ထူးထူးဆန်းဆန်း။ လူပျိုစောင်တဲ့။ ကျွန်မ စပ်စပ်စုစု မေးပြန်သည်။

"လူပျိုစောင်ဆိုတာ ဘာလဲအဘွား"

ဒီတစ်ခါတော့ အစ်မပွင့်စိုး ဝင်မရှုပ်တော့။ သူကိုယ်တိုင်လည်း သိချင်နေပုံရသည်။

"သားမွေးထားတဲ့ အမေ သားလူပျိုဖြစ်လာရင် ရက်ပေးထားတဲ့ စောင်အကြီးကြီးကို လူပျိုစောင်လို့ခေါ်တယ်။ အဘွားတို့ မွန်လေ့ပေါ့။ ဒီစောင်ကြီးနဲ့ ထုပ်လာတာ။ နောက်တော့ အပေါ်ထပ်က လူတွေရဲ့ နားကပ်၊ ဆွဲကြိုး အို . . အကုန်ပါပဲ။ ရွှေမှန်သမျှ အကုန်ချွတ်ခိုင်းတယ်။ အဘွား



www.burmeseclassic.com

www.burmeseclassic.com

လည်း ဝတ်ထားတဲ့ နားကပ်နဲ့ ဆွဲကြိုးကို ချွတ်ပေးရတယ်။ ချွတ်နေတုန်း အနောက်က ဓားပြကောင်က အဘွားရဲ့ အင်္ကျီကို ဓားနဲ့လာခြစ်တယ်။ အဘွားက ဒေါသထွက်လာပြီး ဟဲ့ ငါ့အင်္ကျီပြဲတော့မယ်လို့ အော်ပစ်လိုက်တယ်”

အဘွားက ဇာတ်ရှိန်မြင့်ကာမှ ဈေးကိုင်ကာ ရေနွေးကြမ်းကို ဖြည်းဖြည်းသောက်နေသဖြင့် . .

“အဘွားကလည်း ပြောပါတော့ မြန်မြန်။ ဘာဖြစ်သွားလဲ”

“အောက်ထပ်ကအဘွားအစ်ကိုလှမ်းအော်တယ်။ မြစိန်နင်ပြန်မပြောနဲ့တဲ့၊ သူတို့က အဘွားကို ဓားပြဖမ်းသွားမှာ စိုးရိမ်တာပေါ့။ အဘွားရဲ့ အဘွားကတော့ မျက်လုံးကို မှိတ်ပြီး ခပ်တိုးတိုးမေတ္တာပို့နေတယ်။ တစ်အောင့်ပဲကြာမယ်။ အောက်ထပ်မှာ စောင့်နေတဲ့ ဓားပြတစ်ယောက်က အပေါ်ထပ်ကို အူလျားဖားလျားပြေးတက်လာပြီး ဆရာရေ ဘယ်က ရောက်လာမှန်းမသိတဲ့ ရဲတွေ ဝိုင်းထားကြပြီ။ ဒုက္ခပါပဲလို့ လာပြောတယ်။ အဘွားဖြင့် ဝမ်းသာလိုက်တာဖြစ်ခြင်း။ ဓားပြဗိုလ်လည်း တုန်တုန်လှုပ်လှုပ်နဲ့ ဘယ်နှစ်ယောက်လဲလို့ မေးတယ်။ ဟိုတစ်ယောက်က အုပ်စုလိုက် အများကြီးပဲလို့လည်း ပြောလိုက်ရော ဓားပြဗိုလ် တစ်ခါတည်း ဆင်းပြေးတော့တာပဲ။ ဒါပေမယ့် မလွတ်ဘူး။ တဲက ထွက်ပြီး လယ်ကွက်ထဲမှာပဲလေးယောက်သား ဖင်ဘူးတောင်းထောင်ပြီး မပစ်ပါနဲ့၊ အဖမ်းခံပါ့မယ်လို့ အော်နေရရော”

“ဟင် . . ဘယ်သူက အကြောင်းကြားလိုက်လို့လဲ”

ကျွန်မမေးတော့ အဘွား ပြုံးသည်။

“အဘွားတို့လည်း ဘာသေနတ်သံမှမကြားဘဲ မပစ်ပါနဲ့၊ အော်နေတာကြောင့် အံ့သြမိတယ်။ တော်တော်ကြာတဲ့အထိ သူတို့ဒီလိုပဲ အော်နေတော့ အဘွားရဲ့အဘွားက ယောက်ျားဆယ့်ငါးယောက်လောက်ကိုခေါ်ပြီး နင်တို့တွေ ခြေလွန်လက်လွန်မဖြစ်စေနဲ့။ ရွာလူကြီးကိုပဲ အပ်ရမယ်နော်လို့ ပြောပြီး သွားကြည့်ကြတော့ ဓားပြတွေ အထုပ်အပိုးတွေ၊ သေနတ်တွေကို လွှင့်ပစ်ပြီး ကွင်းထဲမှာ ဝမ်းလျားမှောက်ပြီး အော်နေတာ တွေ့ရရော”

“ဟင် . . ဒါဆို ဘာရဲမှ မရှိဘူးပေါ့။ ထူးဆန်းလိုက်တာ”

“ဟုတ်တယ် အိဖြူရဲ့၊ အဲဒါ ဘွားဘွားကြီးမေတ္တာပို့တဲ့ အစွမ်းကြောင့် အိမ်စောင့်နတ်၊ လယ်စောင့်နတ်တွေ မနေနိုင်တော့ဘဲ အကူအညီပေးတာနေမယ်။ ဟုတ်တယ်နော် အဘွား”

အစ်မပွင့်စိုးရဲ့ အပြောကို အဘွားက ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံသည်။

“ဟုတ်တယ်၊ နောက်တစ်ခုက အဘွားကိုစောင့်တဲ့ အစောင့်အရှောက်တွေက . . အဘွားကို ကူညီတာလည်းပါမယ်။ နို့မဟုတ်ရင် အဘွားကို သူတို့ မြေကတုတ်လုပ်ပြီး ခေါ်သွားကြမှာလေ။ ဓားပြတွေက ဒီလိုပဲ မိန်းကလေးချောချော မောမောတွေဆို ခေါ်သွားတတ်တယ်။အဘွားရဲ့အစောင့်ဆိုလို့ ပြောပြဦးမယ်။ အဘွား ငယ်ငယ်က ဘုန်းကြီးတစ်ပါးက အဘွားအမေကို “ဟဲ့ . . မြစိန်ကို ငါ့ရောင်း၊ သူ့မှာ ငယ်ငယ်ရွယ်ရွယ်နဲ့ အသက်အန္တရာယ်ရှိနေတယ်”ပြောလို့ အမေကငါးပြားနဲ့ ရောင်းလိုက်တယ်”

“ဟာ . . အဘွားကလည်း ဘုန်းကြီးက မိန်းကလေးကို ဝယ်လို့ ဘယ်ဖြစ်မလဲ။ ဘယ်နားသွားထားမတုန်း”

“သဘောအဖြစ်ဝယ်တာပါ။ ငယ်ငယ်ရွယ်ရွယ်နဲ့ အ[illegible] ဖျားနေရင် ဒီလိုပဲ ဘုန်းကြီးကို ရောင်းရတယ်။ဘုန်းကြီးရောင်းလိုက်ရင်ကံမြင့်သွားတဲ့သဘောပေါ့။ အယူအဆတွေပေါ့ကွယ်။ အဲဒီမွေးစားဘုန်းဘုန်းက အဘွားကို စုတ်ဆေးထိုးပေးတယ်။ အဘွားတော့ မမှတ်မိပါဘူး။ အမေပြောလို့ သိတာ။ လျှာမှာ စုတ်တံနဲ့ တစ်ချက်တို့ပြီး မန်းမှုတ်တယ်ဆိုလားပဲ။ ဒါကြောင့်ထင်တယ်။ အဘွား ကို သရဲတစ္ဆေတွေလည်း ခြောက်လှန့်မရဘူး”

သရဲတစ္ဆေဆိုသည့် အသံကြားတော့ ကျွန်မ မျက်လုံးပြူးသွားသည်။ ကျွန်မတို့ သရဲဇာတ်လမ်းဆိုလျှင် ထူးထူးခြားခြားကို နှစ်ခြိုက်သဘောကျသည်။

“အဘွားဘယ်လိုမျိုး ခြောက်လှန့်မရတာလဲ၊ ပြောပါဦး”

အဘွားက ခေါင်းတညိတ်ညိတ်ဖြင့် နောက်ဇာတ်လမ်းတစ်ပုဒ်ကို စတင်ပြန်သည်။

“အင်း . . အဘွားဆယ့်လေးငါးနှစ်လောက်ကပဲ ထင်တယ်။ ဟိုဘက်ရွာကို ပွဲသွားကြည့်ကြတာ။ အဘွားရယ်



www.burmeseclassic.com

အဘွားအစ်မ ဒေါ်ထားခင်ရယ်၊ သူ့သူငယ်ချင်းနှစ်ယောက်ရယ်၊ ကိုသောင်းရွှေရယ်၊ စုစုပေါင်း ငါးယောက်။ ပွဲကလည်း အတော်ကောင်း။ ရွှေမန်းတင်မောင်ပွဲ။ ကြည့်ကောင်းကောင်းနဲ့ ကြည့်လိုက်တာ ညဉ့် ၂ နာရီထိုးတော့ အဘွားပြန်ချင်လာတယ်။ အိပ်ကလည်း အိပ်ချင်ပြီလေ။ ဒါနဲ့ အဘွားက ပြန်မယ်ပြောရော၊ အစ်မထားခင်နဲ့ သူ့သူငယ်ချင်းတွေက အသည်းအသန်ငြင်းကြတယ်။ ပြီး မိုးလင်းမှ ပြန်မယ်ပေါ့။ အဘွားက မရဘူး . . အစ်မ မပြန်ရင် နင့်ဟိုကိစ္စ ဒေါ်လေး တိုင်မယ်လို့ ပြောတော့ အစ်မလည်း လက်ခံလိုက်ရရော”

အဘွားက ခဏနားပြီး ရေနွေးကြမ်းသောက်သည်။ ကျွန်မက ထိုအခွင့်အရေးကို အသုံးချကာ မေးခွန်းမေးပြန်သည်။

“အဘွားအစ်မက ဘာ ...ပ်ထားလို့လဲ။ ဘာကိစ္စမို့လို့ ...တင်”

“အဘွားအစ်မက အဲ ...ည်တုန်းက ဆယ့်ရှစ်နှစ်လေ၊ ...ို့အရွယ်ဆိုတော့ ရည်းစား ...ကိစ္စပေါ့ကွယ်။ အဲဒီ ...ကို အဘွားက အဘွား ...ဒေါ် သူ့အမေနဲ့တိုင်ပြောမယ်ပြောတော့ သူလည်း မနေနိုင်ဘဲ အဘွားအလိုကို လိုက်ပြီး ညဉ့်နှစ်နာရီကြီး ရွာကို ပြန်လာကြရော။ အဘွားတို့ရွာနဲ့ ဟိုဘက်က ဖလက်ကျေးရွာနဲ့က သိပ်အဝေးကြီးတော့ မဟုတ်ပါဘူး။ လယ်ကွင်း နည်းနည်းဖြတ်သွားရင် ရောက်တာပါပဲ။ ဒါပေမယ့် သူတို့တွေ ကြောက်တာက အဘွားတို့ရွာနဲ့ ဒီဘက်ရွာကြားက ညောင်ပင်ကြီး။ ဒီညောင်ပင်က သရဲအခြောက်ကြမ်းတယ်လို့ . . နာမည်ကြီးတာကိုး။ အဘွားအစ်ကို ကိုသောင်းရွှေကတော့ မြစိန်တောင် မကြောက်တာ၊ ငါလည်း မကြောက်ပါဘူးဆိုပြီး ရှေ့က ဦးဆောင်သွားတယ်။ အဘွားက သူ့နောက်က၊ အဘွားနောက်က အစ်မထားခင်နဲ့သူ့သူငယ်ချင်းနှစ်ယောက်၊ တစ်ဦးနား တစ်ဦးကပ်ပြီး ကြောက်ကြောက်လန့်လန့်နဲ့ ပါလာကြတယ်။ သူတို့ကြောက်ရင်လည်း ကြောက်ချင်စရာကောင်းလောက်အောင်သတင်းကြီးတာ။ ဘာတဲ့ . . ရွာထဲက အမူးသမား ကတွတ်ပြောတာတော့ သူ ဟိုဘက်ရွာက ပြန်လာတုန်းက ညောင်ပင်ပေါ်က လျှာအရှည်ကြီးဆင်းလာပြီး သူ့အရက်ပုလင်းကို လုတယ်ဆိုပဲ။ အဘွားတော့ သရဲခြောက်တယ်မထင်ပါဘူးကွယ်။ သူ့ဘာသာမူးပြီး မြင်မိမြင်ရာတွေ မြင်တာနေမှာပါ။ အဲ . . တစ်ခု ရှိတာက လွန်ခဲ့တဲ့ လေးငါးနှစ်လောက်က အဲဒီညောင်ပင်ကိုင်းမှာ ဆွဲကြိုးချပြီး သတ်သေသွားတဲ့ လူတစ်ယောက်တော့ ရှိခဲ့ဖူးတယ်။ ဒါကလည်း ကြာလှပါပြီ။ အဘွားကတော့ တုတ်တစ်ချောင်းလက်မှာကိုင်ပြီး အစ်ကိုသောင်းရွှေနောက်က ခပ်သွက်သွက်လျှောက်လာလိုက်တာ ရွာအလယ် ညောင်ပင်ကြီးနားကို ရောက်လာပါလေရော”

အဘွားက ထုံးစံအတိုင်း ဇာတ်ရှိန်မြှင့်လာကာမှ ယပ်ကလေးတခတ်ခတ်ဖြင့် ရေနွေးသောက်နေပြန်သည်မို့ ကျွန်မက -

“အဘွားကလည်း မြန်မြန်ပြောပြလေ၊ ဘာဆက်ဖြစ်လဲ”

“အေး . . စဖောက်တာက ရှေ့ကသွားနေတဲ့ . . ကိုသောင်းရွှေပဲ။ အမလေး . . သရဲဆိုပြီး နောက်ကြောင်းပြန်လှည့်ပြေးတော့တာပဲ။ ကိုသောင်းရွှေက အသံနက်ကြီးနဲ့ အော်ပြီးထွက်ပြေးတော့အဘွားလည်း လန့်သွားတာပေါ့။ ဒါပေမယ့် ခက်တာက ဘာသရဲမှ မတွေ့သေးဘူး။ ရှေ့ကို ပြူးပြဲပြီး ကြည့်လည်း မှောင်မှောင်နဲ့ မည်းမည်း ဘာမှကို မတွေ့တာ။ ကိုသောင်းရွှေက ဒီလို အော်ပြေးတော့ နောက်က မရွှေချောသုံးယောက်ကလည်း အဘွားကို ကျော်ပြီး ရှေ့ကို လှမ်းကြည့်ရင်း အမလေးတော့လို့ အော်ကြပြီးနောက်ကြောင်း ပြန်လှည့်ပြေးဖို့ ပြင်ကြရော။ ခက်ပြီ . . အဘွားခုထက်ထိ ဘာဆိုဘာမှ မမြင်သေးဘူး။ ဒါပေမယ့် ညဉ့်နက်သန်းခေါင်ကြီး အားလုံးကလည်း သရဲဆိုပြီးအော်နေ၊ ပါလာတဲ့ တစ်ဦးတည်းသော အစ်ကိုကလည်း ပြန်လှည့်ပြေးသွားပြီဆိုတော့ အဘွားလည်းကြောက်တာပေါ့။ နောက်က မရွှေချောသုံးယောက်ပြန်လှည့်အပြေး အဘွားလည်းကြောက်ကြောက်လန့်လန့်နဲ့ အစ်မထားခင်ရဲ့ ခါးကိုအတင်းဖက်ထားလိုက်မိတယ်”

အဘွားရဲ့ဇာတ်လမ်းကို ရင်တမမနှင့် နားဆင်နေသည့် ကျွန်မက စိတ်ဝင်စားစွာ နားထောင်နေမိသည်။

“ဟယ် . . အဘွားက ထွက်မပြေးဘူးလား”

မပွင့်စိုး၏အမေးကြောင့်

www.burmeseclassic.com

အဘွားက ရှက်ပြုံးလေး ပြုံးလိုက်သည်။

ငယ်စဉ်ကအထိတ်တလန့်ဖြစ်ခဲ့ရသည့်အဖြစ်ကို ပြန်လည် အောက်မေ့ကာ ရှက်ရွံ့နေဟန်တူသည်။

"အေးကွယ်၊ အဘွားက တကယ်ဆိုသူတို့နဲ့အတူထွက်ပြေးရမှာ။ ဒါပေမယ့် ဘာမှလည်း မမြင်တော့ ပြေးရခက်၊ တစ်ယောက်တည်းလည်း မနေရဲဖြစ်ပြီး အစ်မထားခင်ကို ဖက်ထားလိုက်မိတာ။ အစ်မထားခင် ခမျာသနားရာပါပဲ။ လွှတ် . . လွှတ် . . မြစိန် . . ငါ့ကို လွှတ် . . ဆိုပြီး အတင်းရုန်းရှာတယ်။ အဘွားလည်းမလွှတ်ဘဲ အတင်းဖက်ထားသေးတယ်။ ခဏနေမှ ကတုန်ကယင်နဲ့ အတင်းရုန်းကန်နေတဲ့ ထားခင်ကြောင့် အဘွားသတိဝင်လာပြီး ထားခင်ရဲ့ လက်ဆွဲပြီး ပြေးတော့တာပဲ"

ထိုအခါမှ အဘွားအစ်မဒေါ်ထားခင်အတွက် ကျွန်မ ဟင်းချနိုင်တော့သည်။

"ဒါနဲ့ အဘွားရဲ့၊ အဘွားမမြင်တွေ့ဘဲ သူတို့အော်ဟစ်နေတဲ့ သရဲဆိုတာ ဘယ်လိုပုံစံမျိုးတဲ့လဲ"

အဘွားဆက်ပြောမည်ကို သိသိဖြင့် ကျွန်မ မအောင့်အည်းနိုင်ဘဲ မေးလိုက်မိသည်။

"အဘွားတို့ ဘုရားပွဲကို ပြန်ရောက်သွားကြရော . . . လူတွေလည်း ကွဲကုန်ပြီပေါ့။ အဘွားနဲ့ ထားခင် ပွဲခင်းထဲက လူအုပ်ကြားထဲ တိုးဝင်ထိုင်ပြီး အကြောက်ပြေတဲ့အထိ ငြိမ်နေလိုက်ကြတယ်။ ခဏပါပဲ။ အဘွား အကြောက်ပြေသွားရော။ ထားခင်ကတော့ တော်တော်နဲ့ အကြောက်မပြေသေးဘူး။သူအကြောက်ပြေလောက်တဲ့အချိန်ကျ အဘွားမေးတော့တာပဲ။ သူပြောပုံအရ ပြောရရင် သူတို့မြင်လိုက်ရတဲ့ သရဲပုံစံက မည်းမည်းရှည်ရှည်ကြီးတဲ့။ ညောင်ပင်ကိုင်းကနေ ဇောက်ထိုးကြီးဆင်းလာတာဆိုပဲ။ သူ့ခမျာ အဘွားကလည်း အတင်းဖက်ထား၊ သရဲကလည်း အရပ်ကို အရှည်ကြီးလုပ်ပြလိုက်၊ လျှာအရှည်ကြီးကိုထုတ်ပြလိုက်နဲ့ ခြောက်တယ်ထင်ပါရဲ့။ နောက်နေ့ကျ ဖျားလိုက်တာ မနည်းဆေးကုယူရတယ်"

အဘွားက ထန်းလျက်ခဲကို ဖြည်းဖြည်းချင်း မြုံ့စားရင်း ဇာတ်လမ်းကို အဆုံးသတ်လိုက်သည်။ ကျွန်မစိတ်ထဲတွင်တော့ သိချင်သည့် မေးခွန်းတွေ တစ်ခုပြီးတစ်ခုပေါ်လာသည်။

"ဟင် . . ဒါဆို အဘွားက သရဲကို တကယ်မမြင်ရဘူးပေါ့။ ဟို ဒေါ်ထားခင်၊ အဲ . . ဘွားထားခင်အမြင်မှားတာကော မဖြစ်နိုင်ဘူးလား"

"အေးကွယ် . . ဒါကတော့ ယုံချင်လည်း ယုံ၊ မယုံချင်လည်းနေလို့ ပြောရမလိုဖြစ်နေပြီ။နောက်နေ့ကိုသောင်းရွှေကို ဘာလို့ အော်ပြေးလဲ မေးကြည့်တော့ သူလည်း သရဲတွေ့လို့တဲ့။ သရဲက မည်းမည်းရှည်ရှည်ကြီး။ ထန်းပင်လောက်ရှိတယ်တဲ့။ သူလည်း လန့်ပြီးအော်ပြေးမိတာတဲ့လေ။ ခက်တာက အဘွားတစ်ယောက်ပဲ ဘာမှမမြင်ရတာလို့ပြောရမယ်။ ဒီအကြောင်း စဉ်းစားမိတိုင်း အခုထက်ထိ အဘွား နားမလည်နိုင်အောင်ပဲ။ အားလုံးက သရဲဆိုပြီး အော်ပြေးကြပေမယ့် အဘွားတစ်ယောက်ပဲဘာမှ မမြင်တာ တော်တော်အံ့ဩဖို့ကောင်းတယ်။ အဘွားဒီအကြောင်းကို အိမ်ကိုပြောပြတော့ အဘွားအမေက မွေးစားဘုန်းဘုန်းရဲ့ စုတ်ဆေးထိုးချက်ကြောင့်လို့ ပြောတယ်။ အဘွားရဲ့အဘွားပြောတာကတော့ ဘုရား၊ တရားကိုင်းရှိုင်းလို့ အဘွားက ကံမြင့်နေတာကြောင့်သရဲတွေ မခြောက်လှန့်နိုင်တာလို့ပြောတယ်။ အင်း . . နှစ်ခုစလုံးဖြစ်နိုင်တာပဲ"

အဘွားက သူ့ဇာတ်လ[...] ကို ထင်မြင်ချက်တစ်ခုနှ[...] အနားသတ်လိုက်သည်။ [...] အခိုက် . . .

"ဟေး . . မီးပြန်လာ[...] ကွန်ပျူတာသုံးရတော့မယ်"

"ငါ့တိုးရီးယားကားဆေ[...] တော့ ပြီးသွားပြီထင်ပါတယ်"

"ကဲ . . အဘွားဇာ[...] လမ်းလည်းဆုံးပြီ။ မီးလည်း[...] ပြန်လာပြီ။ ငါ့မြေးတွေ [...] စရာရှိတာ သွားလုပ်ကြတော့"

"ဟုတ်ကဲ့ . . အဘွား"

ကျွန်မနှင့် ကျွန်မအစ်[...] ပွင့်စိုးတို့ ပြိုင်တူဖြေလိုက်[...] ကမန်းကတန်း ထလိုက်[...] သည်။ ထိုင်တာ ကြာလှ၍ [...] ထောက်ပင် ကျင်တင်တင်[...] နေပြီ။ ထို့နောက် သက်ဆိုင်[...] အခန်းအသီးသီးသို့ အလျို[...] ဝင်ရောက်သွားကြတော့သည်[...] သေချာတာကတော့ အဘွား[...] ၏ ဇာတ်လမ်းများနှင့်အတူ [...] ပျက်သည့် ထိုနေ့ညလေး[...] ကျွန်မယနေ့ထိတိုင် မေ့မရ[...] သေးပါပေ။

ဂါဦးနွှန်းကို



www.burmeseclassic.com

www.burmeseclassic.com

# စိုမှာစိုးလို့ ပိုးပိတယ်

ရှယ်လီသိန်းမောင်(စိန်မိုက်ကယ်)

လောက၌ လူသားအားလုံးတို့သည် မိမိတို့၏ အဆောက်အအုံ၊ ပစ္စည်းများအား လေဒဏ်၊ မိုးဒဏ်၊ နေဒဏ်တို့ကို ကာကွယ်နိုင်ရန်အတွက် အမိုးအကာများ မိုးလျက် သဘာဝဘေးအန္တရာယ်ကို ကာကွယ်တားဆီးကြပါသည်။

အထူးသဖြင့် မိမိရှာဖွေစုဆောင်းထားသော ပစ္စည်းဥစ္စာများကိုလည်း ရန်သူမျိုးငါးပါးရန်က လွတ်ကင်းအောင် ကာကွယ်စောင့်ရှောက် ထိန်းသိမ်းကြသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။

ဘဝပေါင်းများစွာ ကျင်လည်ခဲ့ရသော လူသားအားလုံးတွင် ဘုရားရှင်လက်ထက်တော်က ရိုးသားကြိုးစားသည့် ဇနိယဟူသော သူဌေးတစ်ဦးလည်း ပါဝင်ခဲ့ပါသည်။ ဇနိယသူဌေးသည် နို့စားနွားများကို အကြီးအကျယ်မွေးမြူပြီး နို့မှ ရရှိသော နွားနို့၊ ဒိန်ခဲ၊ နို့ဆီ၊ ထောပတ် အစရှိသည့် ထွက်ကုန်များအား ကျယ်ပြန့်စွာ ဖြန့်ဖြူးထုတ်လုပ်နိုင်သော သူဌေးတစ်ဦး ဖြစ်ပါသည်။

သူသည် မိဘများရှိစဉ်ကာလကတည်းက ဤအလုပ်ကို ဇောက်ချလုပ်ကိုင်ခဲ့ရာ ဇနီး၊ သားသမီး ရရှိသည့်တိုင်အောင် လုပ်ငန်း၊ ကိုင်ငန်းများ ပိုမိုတွင်ကျယ်လျက် စီးပွားဥစ္စာရှာတော်သူတစ်ဦးပင် ဖြစ်ခဲ့ပါသည်။ ထို့ပြင် ဇနိယသည် မိမိ၏ဇနီး၊ သားသမီး၊ ဆွေမျိုးသားချင်း သာမက မိမိ၏လုပ်ငန်းတွင် ပါဝင်လုပ်ဆောင်ပေးခဲ့ကြသော အလုပ်သမားများကိုလည်း ကျောသားရင်သား မခွဲခြားဘဲ ကြည့်ရှုစောင့်ရှောက်ထားသည့် အကြင်နာတရားရှိသူတစ်ဦး ဖြစ်ပါသည်။ သို့သော် သူသည် သီလဆောက်တည်ရန်၊ ဘာဝနာပွားများရန် စသည့် ဘာသာတရား အားနည်းနေသူတစ်ဦး ဖြစ်ပါသည်။ တစ်နည်းအားဖြင့် လူ့ဘောင်ဝယ် လူတို့၏ ကိစ္စအဝဝကိုသာ ဦးစားပေးနေသူ တစ်ဦးသာ ဖြစ်ပါသည်။

မိုးဦးကျကာလတစ်ခုတွင် ဇနိယသည် မိမိတို့၏နေအိမ်သည် မြစ်ကမ်းနံဘေးနှင့် နီးကပ်သည့်အတွက် မိမိနေထိုင်ရာ အဆောက်အအုံ၊ ပစ္စည်းသိုလှောင်ရန် အဆောက်အအုံ၊ တပည့်များနေထိုင်ရာ အဆောက်အအုံ စသည်တို့ကို စိတ်တိုင်းကျ ပြုလုပ်ဆောင်ရွက်ပြီး နေကာ ဤသို့ ကြုံးဝါးလေသည်။

"ကဲ ... အသင်မိုးမင်းကြီး ရွာလိုက်စမ်းပါကွဲ့။ ငါ့မှာရှိတဲ့ပစ္စည်းဥစ္စာ



www.burmeseclassic.com

www.burmeseclassic.com

တွေကို အခိုင်အခံ့ဖြစ်အောင် ကာကွယ်ဆောက်လုပ်ပြီးပြီ။ အဲဒီတော့ ရွာချင်သလောက်ရွာ၊ တိုက်ချင်သလောက်တိုက်စမ်းဟဲ့၊ ငါကတော့ ငါ့သားသမီး၊ ဇနီးနဲ့ တပည့်တွေအတွက် လုံခြုံအောင် ကာကွယ်ပြီးပြီ''

ဟု အိပ်ရာထက်မှနေ၍ ကြုံးဝါးလိုက်ပါတော့သည်။

ဖနိယ၏ ကြုံးဝါးသံအား ဖနိယတို့အိမ်မှ မိုင်ပေါင်း ၄၂၀၀ ကွာလောက်တွင်ရှိသော မြတ်စွာဘုရားရှင်မှ ကြားသွားပြီး ဖနိယတစ်ယောက်တော့ ရှေးဘဝကပြုခဲ့ဖူးသော သီလအစွမ်းကြောင့် ကျန်းမာသက်ရှည်တယ်။ ဒါနစွမ်းအားကြောင့် ပစ္စည်းဥစ္စာတွေ ပေါကြွယ်ဝပြီး မိသားစုသာမက ဆွေမျိုးဉာတိ၊ တပည့်သားမြေးတွေကိုလည်း ကျွေးမွေးစောင့်ရှောက်နိုင်တယ်။ သမာဓိစွမ်းအားကြောင့် စိတ်ဓာတ်တွေ ကြည်လင်ပြီး ဘာလုပ်လုပ် အမြဲအောင်မြင်နေတယ်။ ဘာဝနာအစွမ်းကြောင့် ဉာဏ်ပညာတွေ ပွင့်လင်းတိုးတက် အောင်မြင်နေတယ်။ ဒါပေမယ့် ရှေးဘဝကပြုခဲ့ဖူးတဲ့ ကုသိုလ်တရားတွေကို မေ့နေလိုက်တာ ... ''စားဦးစားဖျားကို မိဘဦးမချတဲ့ သားမိုက်''လို ဖြစ်နေပါပေါ့လား။ ဖနိယအား ငါအကျွတ်တရားရအောင် ချွတ်ဖို့ရန် အချိန်တန်ပြီဟု စဉ်းစားတွေးလျက် ဖနိယ၏ အိမ်ခေါင်မိုးပေါ်သို့ ရပ်တော်မူလိုက်လေသည်။

ထို့နောက် ဘုရားရှင်မှ ဖနိယအား အသင်သည် ဘဝပေါင်းများစွာမှ ယခုဘဝတိုင်ထိ ဇနီး၊ သားသမီး၊ မြေးတို့အတွက် လောကီရေးတွေကို ဆောင်ရွက်နေပြီး လောကုတ္တရာအရေးတွေကို မေ့နေလိုက်တာ။ သူတစ်ပါး မိုးစိုမှာစိုးလို့ အမိုးအကာအရံတွေကို မိုးပေးထားပြီး သင်ကိုယ်တိုင် ကိလေသာမိုးတွေ စိုနေပါလား ..။ ကိလေသာမိုးတွေသာ ဆက်လက်ပြီး စိုနေမည်နေပါက နောက်ထပ် သံသရာတွေ လည်နေဦးမှာပဲဟု ဒါနအကျိုး၊ သီလတန်ခိုး၊ ဘာဝနာ၏ အကျိုးတရားများ ဖြစ်စေနိုင်သော ဂါထာခြောက်ပုဒ်ဖြင့် ဖနိယတို့၏ အိမ်ခေါင်မိုးပေါ်မှနေ၍ ဖနိယကြားရအောင် ဟောတော်မူလေသည်။

ဘုရားရှင်၏ ဟောကြားတော်မူသော ဂါထာခြောက်ပုဒ်အပြီးတွင် ဘုရားရှင်၏ ရောင်ခြည်တော်များ ဖနိယတို့အိမ်တွင်းသို့ ကွန့်မြူးတော်မူလေသည်။ ထိုရောင်ခြည်တော် ကွန့်မြူးချိန်ဝယ် ဖနိယ၏မြေးဖြစ်သူမှာ ရှေးဘဝက ပါရမီရင့်သန်သူတစ်ဦး ဖြစ်ခဲ့၍ ထိုနေရာ၌ပင် သောတာပန်ဖြစ်သွားသကဲ့သို့ ဖနိယလည်း သတိသံဝေဂရသွားကာ ...

''ဩော် ... ငါသည် ဘဝပေါင်းများစွာကတည်းကပင် မိခင်ဖြစ်လိုက်၊ ဖခင်ဖြစ်လိုက်၊ ဇနီးခင်ပွန်းဖြစ်လိုက်၊ သားသမီးဖြစ်လိုက်နှင့် ဘဝဝဋ်ကြွေးမြီများကို ဆပ်ခဲ့၊ ပြုစုစောင့်ရှောက်ရခဲ့ပါသည်။ သူတစ်ပါးအတွက်သာ ပေးဆပ်နေရပြီး မိမိဘဝလုံခြုံရေးအတွက် ဘာတစ်ခုမှ ပြုလုပ်ဆောင်ရွက်ခြင်း မရှိဘဲ ဘဝပေါင်းများစွာမှာ ကိလေသာမိုးတွေ စိုနေပါလားဟု တွေးတောဆင်ခြင်မိကာ မိမိပိုင်ဆိုင်သော ပစ္စည်းဥစ္စာများနှင့် သားသမီးများအား ထားခဲ့၍ ရဟန်းဘောင်သို့ ကူးပြောင်းသွားလိုက်ပါတော့သည်။

ထို့အတူပင် ကျွန်မတို့အားလုံးလည်း ဘဝပေါင်းများစွာ သူတစ်ပါးလုံခြုံမှုအတွက် အမိုး မိုးပေးခဲ့ပါသော်လည်း မိမိကိုယ်တိုင် ကိလေသာမိုး မမိုးနိုင်သည့်အတွက် ဘုရားရှင်နှင့်တွေ့ကာ ယခုအချိန်ထိ ဘဝကြွေးများ ဆပ်နေရခြင်း ဖြစ်ပါသည်။

သို့ပါ၍ သာသနာတော်နှင့် ကြုံကြိုက်ပြီး ရခဲလှသော လူ့ဘဝဝယ် ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ခွင့်ရတုန်း ရခိုက်လေးမှာ ဒါန၊ သီလ၊ ဘာဝနာ တရားများကို သတိတရားလက်ကိုင်ထားပြီး မမေ့မလျော့သောအနေဖြင့် ကိုယ့်ထီးကိုယ် မိုးလျက် ကိလေသာမိုး မစိုရန် ကာကွယ်ရမည် ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြလိုက်ပါသည်။

ကောင်းစွာမိုးမထားသော အိမ်တွင်းသို့ မိုးရေပေါက်သည် ဝင်ရောက်ထိုးဖောက်နိုင်သကဲ့သို့ ဝိပဿနာရှုပွားစိတ်မရှိသော ကိုယ်တွင်းသို့ ကိလေသာမိုးများ ဝင်ရောက်၍ သံသရာတစ်လျှောက်လုံး စိုရွှဲစေနိုင်ပါသည်။

**မှတ်ချက်** ။ ။ နာကြားခဲ့ရဖူးသော တရားတစ်ပုဒ်အား တင်ပြခြင်း ဖြစ်ပါသည်။

(ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အား တရားနည်းလမ်း ပို့ချပေးသော ဆရာတော်၊ သံဃာတော်များအား ဤဆောင်းပါးဖြင့် ပူဇော်ပါ၏ အရှင်ဘုရား ...။)

ရှယ်လီသိန်းမောင်(စိန်ပိုက်ကယ်)



www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မရိပ်ငြိမ်

သမီးပဂျိအောင်စိုး(ဒေါ်ဓမ္မတရီ)

နေရာဆိုသည်မှာ မွေးကင်းစကလေးဘဝမှ အသက်အရွယ်ကြီးမြင့်သည့် ဘိုးဘွားများအထိ လိုအပ်ပါသည်။ မွေးကင်းစကလေးများအတွက် နေရာမှာ မိခင်ရင်ခွင်တွင်း ဖြစ်ပါသည်။ သက်ကြီးရွယ်အို၊ ဘိုးဘွားများအတွက် နေရာမှာ သားသမီးများ၊ ပြုစုရမည့်သူများ ရှိရာ နေရာများ ဖြစ်ပါသည်။ ပြုစုမည့်သူမရှိသော ဘိုးဘွားများအတွက် ဘိုးဘွားရိပ်သာ၊ တရားရိပ်သာများ ဖြစ်ပါသည်။

စာရေးသူတို့ အသက် ၆၀ ကျော်အရွယ်များသည် (အိုယယ်)အဆင့် ဖြစ်လာပါသည်။ ဘာမှမလုပ်နိုင်၊ မကိုင်နိုင်သော လူကြီး၊ သူကြီးများ ရှိသလို အသက်ကြီးသည်အထိ မိမိကိုယ်ကို အားကိုးနိုင်ပြီး လုပ်နိုင်ကိုင်နိုင်သော ဘိုးဘွားများလည်း ရှိပါသည်။ ယခုအခါ နိုင်ငံတော်အစိုးရမှနေ၍ အသက်အရွယ် ကြီးမြင့်ပြီး လုပ်နိုင်ကိုင်နိုင်သော ဘိုးဘွားများကို အထီးကျန်မဆန်ရစေရန် အစစအရာရာ ကြည့်ရှုစောင့်ရှောက်မှုများ ပြုလုပ်နေပါ၍ ဝမ်းမြောက်ဖွယ်ရာ ဖြစ်ပါသည်။ အသက်ကြီးသော မိဘများအား သားသမီးများက ပြန်လည်တစ်ဖန် ကလေးသဖွယ် ပြုစုစောင့်ရှောက်တတ်ပါသည်။ သို့သော် အချို့မိဘများသည် မိမိကိုယ်ကိုမိမိ အိုမင်းသည်အထိ တစ်ဦးတည်း လုပ်ကိုင်နိုင်၍ လွတ်လပ်စွာ နေလိုသောသူများလည်း ရှိပါသည်။ မိမိတို့သည် သားသမီးများအား လုပ်ကိုင်ကျွေးမွေးလာနိုင်ခဲ့သည့်အတွက် ယခုအသက်ကြီးသော်လည်း ပူပင်စရာမရှိဘဲ နေထိုင်နိုင်သောကြောင့် ဖြစ်သည်။ သားသမီးများသည် မိဘများအား စိုးရိမ်၍ တားမြစ်ခြင်း လမ်းညွှန်ခြင်းများ ပြုလုပ်တတ်ရာ ကရုဏာဒေါသောဖြင့် စကားလုံးအများများ ပါသွားလျှင် မိဘများအား စိတ်မကောင်းဖြစ်စေနိုင်ပါသည်။

ဤသည်ကား ယေဘုယျအားဖြင့် ဖြစ်တတ်သော သဘောများ ဖြစ်ပါသည်။ ဤသို့မဖြစ်လိုသော မိဘများသည် အနီးကပ်အပြုစုမခံဘဲ အဝေးမှ အထောက်အပံ့ယူခြင်းသည် ကောင်းပါသည်။ စာရေးသူသည် လူပုဂ္ဂိုလ်မဟုတ်ဘဲ တရားအားထုတ်ပြီး သာသနာ့အလုပ်ကို လုပ်ကိုင်လိုသောကြောင့် သီလရှင်ဝတ်ထားသော ဘုရားသမီးတော်ဖြစ်ပါသည်။ ထို့ကြောင့် အိုးအိမ်၊ ပစ္စည်း၊ မိသားစုအားလုံးကို စွန့်၍ တောမှာနေကာ တရားဓမ္မနှင့် ပျော်မွေ့နေပါသည်။ နေရာဆိုသော စကားလုံး၏ အဓိပ္ပာယ်မှာ နေထိုင်စရာ နေရာအပါအဝင် အလုပ်နေရာ၊ စားစရာနေရာ စသည်ဖြင့် ပါရှိပါသည်။ ထိုစကားလုံးနှင့်အတူ အဓိပ္ပာယ်ရှိသော အခြားစကားလုံးများ ရှိပါသေးသည်။ ဌာန၊ ဒေသ၊ အရပ် စသည်တို့သည်လည်း နေရာများသာ ဖြစ်ပါသည်။ ဘုံဆိုသည်မှာလည်း နေရာသာ ဖြစ်ပါသည်။ ဌာနဆိုလျှင် (ပညာရေးဌာန)ဆိုလျှင် ပညာရေးကိစ္စများသာ ဆောင်ရွက်သောနေရာ ဖြစ်သည်။ အရပ်ဒေသဆိုလျှင် ဘယ်နေရာ၊ ဘယ်အရပ်ဒေသမှာ မွေးဖွားပါသနည်းဟုမေးလျှင် ရန်ကုန်၊ မန္တလေး စသည်ဖြင့် အရပ်ဒေသကို ဖော်ပြရပါသည်။ လူ့ဘုံလောက၊ တိရစ္ဆာန်လောကဟူသော ဝေါဟာရများမှာလည်း လူ့ဘဝ၊ တိရစ္ဆာန်ဘဝရောက်ရှိနေသော နေရာများဖြစ်သည်။ မြင့်မြတ်သောကုသိုလ်ကောင်းမှုများ ပြုလုပ်ခဲ့လျှင် မြင့်မြတ်သောနေရာသို့ ရောက်မည်၊ အကုသိုလ်များ ပြုလုပ်ခဲ့သူသည် နိမ့်ကျ



www.burmeseclassic.com

www.burmeseclassic.com

သော ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဘုံ(နေရာ)သို့ ရောက်ရမည်သာ ဖြစ်သည်။

စာရေးသူသည် ကုသိုလ်၊ အကုသိုလ်ကိုသိပြီး မကောင်းတာကို လုပ်ရမှာ ကြောက်ကာ၊ ကောင်းတာကိုသာ လုပ်လို၍ အေးချမ်းသောဘဝကို တောင့်တပြီး (ဓမ္မရိပ်ငြိမ်) ဟူသော မိမိတစ်ဦးတည်းနေထိုင်၍ တရားအားထုတ်နိုင်သော သီလရှင်ကျောင်းလေးကို ဆောက်လုပ်ခဲ့ပါသည်။ စာရေးသူ၏ ကျောင်းလေး တည်နေရာမှာ ရန်ကုန်မှ သန်လျင်မြို့ တံတားအဆင်း လက်မှတ်ဂိတ်မှတ်တိုင်ရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့အရောင်းဆိုင်နှင့် မျက်နှာချင်းဆိုင် ဘတ်စ်ကားလမ်းဘေးရှိ "မြဝတီကျောင်းတိုက်"အတွင်း တစ်ပါးကျောင်းလေး ဖြစ်ပါသည်။ မြဝတီကျောင်းတိုက်အတွင်းတွင် ယခင်က သံဃာတော်များသာ ရှိသော်လည်း ယခုအခါ "သီလရှင်တစ်ပါးကျောင်း" ၂၉ ကျောင်းရှိပါသည်။ အသက် ၆၀ ကျော် သီလရှင်များအား ဆရာတော်က ထရံကာ၊ ပျဉ်ခင်း၊ သွပ်မိုး (၉ ပေ × ၁၅ ပေ) အကျယ်အဝန်းရှိ တစ်ပါးကျောင်းလေးများကို ဆောက်လုပ်ပေးပါသည်။ မနည်းမများသော တန်ဖိုးဖြင့် မိမိတတ်နိုင်လျှင် တတ်နိုင်သော အဖိုးအခဖြင့် ဆောက်ပေးပါသည်။ ဆရာလေးမှာ မိမိအား စောင့်ရှောက်လုပ်ကိုင်ပေးမည့် သီလရှင်အငယ်တစ်ပါးနှင့် နေထိုင်ရန် နေရာတိုးချဲ့ဆောက်လုပ်ခဲ့ပါသည်။ အပူအအေးဒဏ်ကို ခံနိုင်ရန်အတွက် ပျဉ်ကာထားပါသည်။ ယခုအခါ ကျောင်းအကျယ်မှာ (၁၅ ပေ × ၁၅ ပေ) ၁၅ ပေပတ်လည် ရှိပါသည်။

ယခုနေထိုင်လျက်ရှိသော စာရေးသူ၏ ကျောင်းလေးသည် တိတ်ဆိတ်ငြိမ်သက်လျက်ရှိပြီး စာရေးနိုင်၊ တရားထိုင်နိုင်၊ ဘုရားရှိခိုးနိုင်သောကြောင့် အလွန်စိတ်ချမ်းသာစရာ ကောင်းပါသည်။ ပတ်ဝန်းကျင်ရှိ သီလရှင်ဆရာကြီးများသည် အသက် ၆၀ ကျော်အရွယ်ပိုင်းဖြစ်၍ ဘုရားကိစ္စ၊ တရားကိစ္စများဖြင့်သာ အချိန်ကုန်ကြပါသည်။ ဆရာကြီးများသည် ဆွမ်းဆန်ရပ် တစ်ပတ်လျှင် သုံးရက်ထွက်ပါသည်။ အကြိုဖိတ်၊ မြို့ဖိတ်၊ တောဖိတ်နေ့များတွင် ထွက်ကြပါသည်။ ထိုအချိန်များတွင် စာရေးသူတစ်ပါးတည်း အလွန်တိတ်ဆိတ်လျက်ရှိပြီး ဖော်ပြပါ လုပ်စရာရှိရာများကို လုပ်ကိုင်လျက် ကျန်ရှိ

ခဲ့ပါသည်။

အသက်ကြီးပိုင်း ဆရာကြီးများဖြစ်သော်လည်
အားလုံး ကျန်းမာရေးကောင်းကြသောကြောင့် လျှော်နိုင်
နိုင်၊ ချက်နိုင်ပြုတ်နိုင်၊ သွားနိုင်လာနိုင်ကြသော်လည်း စာရေး
တစ်ဦးတည်းသာ မလုပ်နိုင်ခြင်းဖြစ်သည်။ သူများကို အား
နေရပါသည်။ တစ်ဦးစီချက်ကြသော ဟင်းလျာများကို လာ
ကြပါသည်။ ကိုယ်ကသာ အမျိုးမျိုးမချက်နိုင်သောကြော
အဆင်သင့်စားလို့ရသော မုန့်ပဲသရေစာများသာ ပေးကမ်း
ပါသည်။ အားလုံးက သဘောပေါက်၍ ဝိုင်းဝန်းစောင့်ရှော
ပါသည်။ စာရေးသူမှာ ဝဋ်နာကံနာဟု ဆိုရမှာဖြစ်သည
ဘယ်ဘက်လက် ကောင်းကောင်းမပြောက်နိုင်၊ အလေးအပ
များ မလိုက်မိလျှင် လက်ကိုက်ပါသည်။ ရန်ကုန်တွင်နေ
လွန်ခဲ့သောနှစ်ကစ၍ ဖြစ်ပါသည်။ ရန်ကုန်ရှိ "ကုမုဒြာ" ဆေး
ခန်း အရိုးအကြော အထူးကုဆရာဝန်ကြီးနှင့် ကုသခဲ့သော်
လည်း သက်သာရုံသာ ရှိခဲ့ပါသည်။ ထို့ကြောင့် သန်လျင်
ရန်ကုန်ကို ဘတ်စ်ကားမစီးနိုင်၊ တက္ကစီခ သုံးထော
သုံးထောင့်ငါးရာဖြင့် သွားလာနေရပါသည်။ ကိစ္စမရှိပါ။ စာ
သူပျော်ပါသည်။ ဘတ်စ်ကားအလွန်ချောင်သောအခါ လက်
ညှာပြီး စီး၍ရပါသည်။

လူတိုင်းပြောကြသည်မှာ "ပျော်ရာမှာမနေရ တော်
မှာနေရသည်"ဟု ဆိုသော်လည်း စာရေးသူသည် ပျော်ရာ
နေရပါသည်။ တောမှာမနေဖူး၍ ဆင်းရဲဒုက္ခ အနည်းငယ်
တော့ ရောက်ပါသည်။ သို့သော် အဆောက်အအုံကောင်း
စွာဖြင့် နေထိုင်ရပြီး သူတော်ကောင်းများနှင့် အတူတ
နေထိုင်ရသောကြောင့် စိတ်ချမ်းသာရပါသည်။ ဤသို့နေ
နိုင်ခြင်းမှာလည်း ကျောင်းဒကာ၊ ကျောင်းအမများ ကောင်
စိတ်စေတနာထက်သန်မှုတို့ကြောင့် ဖြစ်၍ ဆွမ်းဒကာ
ကျောင်းဒကာအားလုံးအား ကိုယ်စိတ်နှစ်ဖြာ ကျန်း
ချမ်းသာကြစေရန် ဆုတောင်းမေတ္တာ အမြဲပို့သလျက်
သည်။ သီလရှင်များမှာ ဝိနည်းနှင့်အညီ ဆွမ်းဆန်ရပ်ရ
ဖြစ်၍ ရံဖန်ရံခါ ဝိနည်းအရာ ဆွမ်းဆန်ရပ်ခြင်းအမှုကို ပြု
ပါသည်။ သန်လျင်မှ ရန်ကုန်သို့ တစ်လတစ်ကြိမ် ဆွမ်းစ
သွားအလှူခံရာတွင် ဆွမ်းဆန်ရပ်ပါသည်။ တစ်လတစ်ကြ
သာ ရပ်ပါသည်။ မိမိအားဖိတ်ထားသော အလှူရှင်မျာ



www.burmeseclassic.com

www.burmeseclassic.com

တွင်သာ ရပ်ပါသည်။

ဘုရားဖူး အမြဲထွက်တတ်သော စာရေးသူသည် သန်လျင်မှာ ပျော်ရခြင်းမှာ ဘုရားများဖူးနိုင်၍ ဖြစ်သည်။ ရိပ်သာအမြဲဝင်ပြီး တရားအားထုတ်လျက်ရှိ၍ တရားအား ထုတ်ရန် ရိပ်သာများလည်း ရှိပါသည်။ ထို့ကြောင့် စာရေးသူ နေထိုင်သော "မြဝတီကျောင်းတိုက်"မှာ အစစအရာရာ အဆင်ပြေပါသည်။ ကျောင်းတိုက်သည် ရှင်မွေးလွန်းကုန်း ဘေးတွင်ရှိပြီး ကုန်းပေါ်တွင် စေတီပုထိုးများ တည်ရှိထား သည်မှာ စိတ်ချမ်းမြေ့စရာ အဆောက်အအုံများဖြစ်ပါသည်။ စေတီ၏ဘွဲ့အမည်မှာ "မွေးလွန်းရှင်"ဟု ခေါ်ဆိုပါသည်။ ဤစေတီ၏ ခြေရင်းမှာ မြို့ဟောင်းရပ်ကွက်ရှိပြီး မြဝတီ ကျောင်းတိုက်သည် မြို့ဟောင်းရပ်ကွက်တွင် တည်ရှိပါသည်။ ဘုရားကိုပတ်၍သွားလျှင် မနီးသော်လည်း သိပ်မဝေးလှသော မြို့ဟောင်းဈေးခေါ် ကမ်းနားဈေးရှိပါသည်။ ဝယ်၍ခြမ်း၍ ကောင်းသည်။ ရန်ကုန်ဈေးအတိုင်းသာ ပေးရပါသည်။ မြို့မ ဈေးကြီးကို ပထမပိုင်းက ကားစီး၍သွားရာ ကားကျပ်သော ကြောင့် ဝယ်ခြမ်းရခက်ခဲပါသည်။ ယခုမူ ဤကျောင်းမှာ အဆင်ပြေပါသည်။ အဖိုးတန်သော အိမ်သုံးပစ္စည်းများဝယ်မှ သာ ကားချောင်ချိန် နေ့လည်ပိုင်းမှာ သွားဝယ်ရပါသည်။

ရန်ကုန်မှလာသော ကားမှတ်တိုင်ဘက်အခြမ်းတွင် ဘုရားတစ်ဆူ ရှိပါသည်။ ဤဘုရား၏ဘွဲ့အမည်မှာလည်း "ရှင်မွေးလွန်းစေတီ"ဟု ခေါ်ဆိုပါသည်။ ဆုတောင်းပြည့်စေတီ ဟု အများက ပြောကြပါသည်။ သန်လျင်ဘုရားဖူးလာကြ လျှင် ဤစေတီနှစ်ဆူကို သွားရောက်၍ ဖူးဖြစ်အောင် ဖူးကြ ပါ။ ကားလမ်းဘေးတွင် အထဲသို့ အနည်းငယ်ဝင်ရုံဖြင့် တစ်ဆူကို ဖူးရပြီး၊ ကျန်တစ်ဆူမှာ ကားလမ်းတစ်ဖက်ခြမ်း ရှိရိပ်သာမှဖြတ်၍ ကားဝင်လာလျှင် ရောက်ပါသည်။ ဤ အတိုင်းကြည့်လျှင် မမြင်ရပါ။ လမ်းထဲသို့ အတော်လှမ်းလှမ်း ဝင်မှ ဘုရားကိုရောက်ပါသည်။ ဘုရားများ၏ သမိုင်းကြောင်း ကိုတော့ မသိရသေးပါ။ လက်မှတ်ဂိတ်မှတ်တိုင်ဘက်အခြမ်း (ဒီဒကာရပ်ကွက်) ရေနံရပ်ကွက်တွင် "ရှင်မွေးလွန်းစေတီ" တစ်ဆူ တည်ရှိပါသည်။ ယခင်က တိုက်ကြီးကုန်းဟုလည်း ခေါ်ပါသည်။ ဘုရားတည်ရာ ကုန်းတော်ပေါ်မှ သန်လျင်မြစ် ကို မြင်ရပါသည်။ ထိုမြစ်အတွင်းမှ မင်းနန္ဒာသည် ငမိုးရိပ် မိကျောင်းကိုစီး၍ ရှင်မွေးလွန်းအား လာတွေ့သည်ဟု ပြော ကြပါသည်။ ရေထဲမှတက်လာရန် ကုန်းတော်ပေါ်အရောက် လှေကားများရှိပါသည်။

စာရေးသူ မိမိကျောင်းအား မိမိပေးထားသောအမည် မှ အဓိပ္ပာယ်ပြည့်စုံစွာ ရှိပါသည်။

ဓမ္မ = တရားဓမ္မ
ရိပ် = အရိပ်အာဝါသ
ငြိမ် = ငြိမ်သက်အေးချမ်းသည် ဟူသော

အဓိပ္ပာယ်များနှင့် ပြည့်စုံသော ကျောင်းကလေးဖြစ်ပါသည်။

တရားဓမ္မ၏ အရိပ်အာဝါသကို ငြိမ်သက်အေးချမ်း စွာဖြင့် ခိုလှုံနိုင်သောနေရာဟု အဓိပ္ပာယ်ရပါသည်။ စာရေးသူ ၏ကျောင်းနှင့် မျက်နှာချင်းဆိုင်မှာ "မဂ္ဂင်ရိပ်သာ"ကျောင်း။ ဤကျောင်းဘေးတွင် နောက်ဆုံးကျောင်း "အေးရိပ်ငြိမ်" ကျောင်းရှိပါသည်။ ထို့ကြောင့် မိမိနှင့်ထိုက်တန်သော နေရာ ဌာနတွင် မိမိနေရခြင်းဖြစ်သောကြောင့် ယခုလက်ရှိ ပစ္စုပ္ပန် ကာလကို နှစ်သက်ခြင်း၊ ရောင့်ရဲခြင်း ရှိပါသည်။

ပရိတ်တရားတော်တွင် မင်္ဂလသုတ်၌ပါရှိသော တရား တော်နှင့်အညီ "ပတိရူပ၊ ဒေသဝါသောစ၊ ပုဗ္ဗေစကတ- ပုညတာ၊ အတ္တသမ္မာပဏိဓိစ၊ ဧတံမင်္ဂလ မုတ္တမံ" ဟူသော တရားတော်အတိုင်း နေထိုင်ရမည် ဖြစ်ပါသည်။

ယခင်ကနေခဲ့သော နေရာဒေသကို ပြန်တွေးပြီး စိတ်မချမ်းမသာဖြင့် အောက်မေ့တမ်းတမနေဘဲ ဘဝသစ်တွင် စိတ်သစ်လူသစ်ဖြင့် နေထိုင်ရမည်ဖြစ်သည်။ ထို့ကြောင့် စာရေးသူကဲ့သို့ လက်ရှိဘဝတွင် ပျော်အောင်နေနိုင်ရန် ကြိုးစားပါ၊ တရားဘာဝနာများကို ကျင့်ကြံအားထုတ်ပါ။ ပြီးခဲ့တာကိုလည်း မတွေးနှင့်၊ နောင်ဖြစ်လာမှာကိုလည်း မစဉ်း စားနှင့်။ ယခုလက်ရှိဘဝတွင် ဆင်းရဲဒုက္ခရောက်လျှင်လည်း နေနိုင်အောင် ကြိုးစားပါ။ တရားကျင့်ကြံအားထုတ်သူကို တရားက ပြန်၍စောင့်ရှောက်မည် ဖြစ်သည်။ မိမိကိုယ်တွေ့ ဆင်ခြင်နေသော တရားကို မိမိကဲ့သို့ အများဆင်ခြင်နိုင်ရန် စေတနာကောင်းဖြင့် ရေးသားလိုက်ရပါသည်။

**သမီးဗဂျီအောင်စိုး(ဒေါ်ဓမ္မာစာရီ)**



www.burmeseclassic.com

www.burmeseclassic.com

# ဗုဒ္ဓဖြစ်စဉ် ဓာတ်သက်အမြင်နှင့် ဂမ္ဘီရကျင့်စဉ် ယတြာများ (၃၁)

ဘုန်းပြည့်တေဇာဟိန်း

**အောင်ခြင်းရှစ်ပါး အထူးကျင့်စဉ်ယတြာ**

အောင်ခြင်းရှစ်ပါး ဗုဒ္ဓဖြစ်စဉ် ဓာတ်သက်အမြင်များကို ရေးသားခဲ့ရာတွင် နောက်ဆုံးအပိုင်းသို့ ရောက်ရှိခဲ့ပေပြီ။ ဤနေရာ၌ သိစရာမကျန်သွားအောင် ရေးသားတင်ပြလိုပါသည်။ လူ့လောကသားများအဖို့ နေ့စဉ် လူအများနှင့် ဆက်ဆံနေကြရရာ အခက်အခဲပြဿနာများ မကြာခဏဆိုသကဲ့သို့ ဖြစ်ပေါ်ရင်ဆိုင်ရတတ်ပါသည်။ ထိုအခါ ပြင်းထန်သော လောကဓံ၏ ရိုက်ချက်ကြောင့် လောကမှ စွန့်ခွာထွက်ပြေးအရှုံးပေးလိုသော စိတ်များပင် ဝင်ရောက်လာတတ်ပါသည်။ ထိုအခါ မိမိစိတ်ကို တရားဓမ္မဖြင့် သက်သာအောင် ဖြေလျှော့လျက် အောင်ခြင်းရှစ်ပါးဂါထာကိုသာ အားကိုးယုံကြည်စွာဖြင့် ရွတ်ပွားကျင့်ဆောင်ကြမည်ဆိုပါက အခက်အခဲမှန်သမျှ အောင်မြင်မှုရရှိကြမည် ဖြစ်ပါသည်။

လောက၌ လောကဓံရှစ်ပါးနှင့် အမှန်ပင် ကြုံတွေ့ကြရမည် ဖြစ်ပါသည်။ ဂြိုဟ်စားသက်ရောက်အရ လောကဓံ အဆိုးအကောင်းတို့မှ ကျော်လွှားလွတ်မြောက်စေရန် အသက်ပိုင်းအလိုက် ခုနစ်ရက်သားသမီးများအတွက် ကျင့်စဉ်ယတြာ တစ်ခုအနေဖြင့် မည်သည့် အောင်ခြင်းမင်္ဂလာဂါထာကို အထူး ကျင့်ပွားရွက်ဆောင်သင့်ကြောင်း ဖော်ပြလိုက်ရပါသည်။

**အောင်ခြင်းရှစ်ပါး**

၁။ ပထမအောင်ခြင်း
မာရ်နတ်မင်းကို အောင်ခြင်း။

၂။ ဒုတိယအောင်ခြင်း
အာဠာဝကဘီလူးကို အောင်ခြင်း။

၃။ တတိယအောင်ခြင်း
နာဠာဂီရိဆင်ကို အောင်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com

၄။ စတုတ္ထအောင်ခြင်း
အင်္ဂုလိမာလကို အောင်တော်မူခြင်း၊

၅။ ပဉ္စမအောင်ခြင်း
စိဉ္စမာဏဝိကာကို အောင်တော်မူခြင်း။

၆။ ဆဋ္ဌမအောင်ခြင်း
သစ္စကပရဗိုဇ်ကို အောင်တော်မူခြင်း။

၇။ သတ္တမအောင်ခြင်း
နန္ဒောပနန္ဒ နဂါးမင်းကို အောင်တော်မူခြင်း။

၈။ အဋ္ဌမ အောင်ခြင်း
ဗကဗြဟ္မာကြီးကို အောင်တော်မူခြင်း

## ကျင့်စဉ်ယတြာပြုပုံ

၁။ မိမိ၏ အသက်အတိုင်း ရေချမ်းသော်လည်းကောင်း၊ ပန်းသော်လည်းကောင်း၊ (စံပယ်ပန်း၊ ခရေပန်း၊ ငွေပန်း အစရှိသည်တို့မှာ အသက်အရေအတွက်အတိုင်း စီစဉ်ရလွယ်ကူပါသည်။) ဆီမီးကိုလည်းကောင်း၊ အမွှေးတိုင်ကိုလည်းကောင်း၊ အမွှေးတိုင်နှင့် အလင်းတိုင်မှာလည်း အသက်အရေအတွက်အတိုင်း ဖြစ်ရမည်။ သင့်လျော်ရာ မိမိတတ်နိုင်ရာကို မိမိသက်ရောက်သော ဂြိုဟ်မှာ လှူဒါန်းပူဇော်ဖို့ စီစဉ်ပါ။

၂။ တစ်ဖန် မိမိမွေးနံ အညွန့်အခက် ပန်းကိုလည်း ရှင်လန်းစေရန်အတွက် ထည့်၍ ပူဇော်နိုင်ရန် စီစဉ်ပါ။

| | | |
|---|---|---|
| တနင်္ဂနွေ | - | အုန်းညွန့် |
| တနင်္လာ | - | ကံ့ကော်ညွန့်၊ ကံ့ကော်ပန်း၊ ငွေပန်း |
| အင်္ဂါ | - | ညောင်ညွန့်၊ ဆီးညွန့်၊ ဆန်၊ ဆီ၊ ဆား |
| ဗုဒ္ဓဟူး | - | ရွက်လှ |
| ကြာသပတေး | - | ပျဉ်းမ၊ မေမြို့ |
| သောကြာ | - | သီဟိုဠ်ညွန့်၊ သစ်သီး |
| စနေ | - | ထနောင်း၊ ခနီညွန့်၊ ဒန်းညွန့်၊ ထီး(စက္ကူဖြင့်) |
| ရာဟု | - | ရွက်လှညွန့်၊ ရဲယိုညွန့်၊ ရွှေဆိုင်း |

ဤသည်မှာ နမူနာ ကြံဆပြထားခြင်းသာ ဖြစ်ပါသည်။ နံပါတ်(၁) ပူဇော်ဝတ္ထုတို့ဖြင့်ပင် လုံလောက်ပြီး ဖြစ်ပါသည်။ နံပါတ်(၂) နံသင့်ဝတ္ထုများကိုမူ တတ်နိုင်လျှင် ထည့်သွင်း ပူဇော်ပေးပါ။

၃။ ယတြာပြုရမည့် အချိန်အခါမှာ မိမိမွေးနေ့ နံနက် ၉း၀၀ နာရီမှ ၁၀း၃၀ နာရီအတွင်း ဖြစ်သည်။ ထိုအချိန်သည် အင်္ဂဝိဇ္ဇာပညာအရ မိမိ၏ မွေးနံသည် နဝင်းနေရာသို့ ရောက်ရှိနေသောကြောင့် ဖြစ်သည်။

၄။ သင့်လျော်ရာ ဘုရားတစ်ဆူဆူသို့သွား၍ မိမိ သက်ရောက်ရာ ဂြိုဟ်နံထောင့်အရပ်မှနေပြီး ဖော်ပြပါ လှူဖွယ်ဝတ္ထုတို့ကို ဘုရား၊ တရား၊ သံဃာ အစရှိသော ရတနာ မြတ်သုံးပါးနှင့် ဂြိုဟ်မင်းတို့အား ပူဇော်ပါ။

သရဏဂုံဆောက်တည်၊ ငါးပါးသီလဆောက်တည်၍ ဂြိုဟ်မင်း၊ နတ်မင်းတို့မှအစ ၃၁ ဘုံရှိ ဝေနေယျအပေါင်းတို့ကို မိမိတို့ တတ်စွမ်းသလို မေတ္တာပို့ပါ။ အမျှဝေပါ။

၅။ သက်ဆိုင်ရာ သက်ရောက်ဂြိုဟ်အရ ရွတ်ပွားရမည့် အောင်ခြင်းရှစ်ပါးဂါထာကို ကိုးခေါက် ရွတ်ပွားပါ။

၆။ လိုရာဆန္ဒ ထုတ်ဖော်ဆုတောင်းပါ။

## သက်ရောက်ဂြိုဟ်စား တွက်ပုံ

၁။ အသက်ကိုတည်ပါ။

၂။ ရှစ်ဖြင့် စားပါ။

၃။ အကြွင်းအရ အဋ္ဌလင်္ခွင် ဂြိုဟ်ခွင်၌ မွေးနံ ဂြိုဟ်မှစကာ လက်ယာရစ် ရေတွက်လျှင် ရောက်ရာအိမ်သည် ထိုသူ၏ သက်ရောက်အိမ် ဖြစ်ပါသည်။

## ဂြိုဟ်ရှစ်ခွင် တည်နေပုံ

| | | |
|---|---|---|
| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ |
| သောကြာ | | ဗုဒ္ဓဟူး |
| ရာဟု | ကြာသပတေး | စနေ |



www.burmeseclassic.com

www.burmeseclassic.com

## ဂြိုဟ်ရှစ်ခွင်နှင့် အောင်ခြင်းရှစ်ပါး

| | | |
|---|---|---|
| (ပ)အောင်ခြင်း တနင်္ဂနွေ | (ဒု)အောင်ခြင်း တနင်္လာ | (တ)အောင်ခြင်း အင်္ဂါ |
| အဋ္ဌအောင်ခြင်း သောကြာ | | (စ)အောင်ခြင်း ဗုဒ္ဓဟူး |
| သတ္တအောင်ခြင်း ရာဟု | ဆဋ္ဌအောင်ခြင်း ကြာသပတေး | (ပဉ္စ)အောင်ခြင်း စနေ |

## ဂြိုဟ်စားသက်ရောက်အရ ရွတ်ပွားရန် အောင်ခြင်းဂါထာ

၁။ တနင်္ဂနွေရောက်မှာ ပထမအောင်ခြင်းဖြစ်သော မာရ်နတ်မင်းကို အောင်ခြင်းဂါထာအား ရွတ်ပွား၍ ကျင့်စဉ်ယတြာပြုရမည်။

၂။ တနင်္လာသက်ရောက်မှာ ဒုတိယအောင်ခြင်းဖြစ်သော အာဠဝကဘီလူးကို အောင်ခြင်းဂါထာအား ရွတ်ပွား၍ ကျင့်စဉ်ယတြာပြုရမည်။

၃။ အင်္ဂါသက်ရောက်မှာ တတိယအောင်ခြင်းဖြစ်သော နာဠာဂီရိဆင်ကို အောင်တော်မူခြင်းဂါထာအား ရွတ်ပွား၍ ကျင့်စဉ်ယတြာပြုရမည်။

၄။ ဗုဒ္ဓဟူးသက်ရောက်မှာ စတုတ္ထအောင်ခြင်းဖြစ်သော အင်္ဂုလိမာလကို အောင်တော်မူခြင်းဂါထာအား ရွတ်ပွား၍ ကျင့်စဉ်ယတြာပြုရမည်။

၅။ စနေသက်ရောက်မှာ ပဉ္စမအောင်ခြင်းဖြစ်သော စိဉ္စမာဏဝိကာကို အောင်တော်မူခြင်းဂါထာအား ရွတ်ပွား၍ ကျင့်စဉ်ယတြာပြုရမည်။

၆။ ကြာသပတေးသက်ရောက်မှာ ဆဋ္ဌမအောင်ခြင်းဖြစ်သော သစ္စကပရိဗိုဇ်ကို အောင်တော်မူခြင်းဂါထာအား ရွတ်ပွား၍ ကျင့်စဉ်ယတြာပြုရမည်။

၇။ ရာဟုဂြိုဟ်သက်ရောက်သောအခါ သတ္တမအောင်ခြင်းဖြစ်သော နန္ဒောပနန္ဒ နဂါးမင်းကို အောင်တော်မူခြင်းဂါထာအား ရွတ်ပွား၍ ကျင့်စဉ်ယတြာပြုရမည်။

၈။ သောကြာဂြိုဟ်သက်ရောက်သောအခါ အဋ္ဌမအောင်ခြင်းဖြစ်သော ဗကဗြဟ္မာကြီးကို အောင်တော်မူခြင်းဂါထာအား ရွတ်ပွား၍ ကျင့်စဉ်ယတြာပြုရမည်။

## ဥပမာတွက်ပုံ

အသက် ၂၁ နှစ်ရှိ အင်္ဂါနေ့သားသမီး၏ သက်ရောက်ဂြိုဟ်စားကို ရှာကြည့်ပါမည်။

အသက် ၂၁ တည်၍ ၈ ဖြင့်စားလျှင် ငါးကြွင်းသည်ကို တွေ့ရှိရမည်။

```
      ၂
၈ | ၂၁
  | ၁၆
  ------
    ၅ ကြွင်း
```

| တနင်္ဂနွေ | တနင်္လာ | (အင်္ဂါ) | မွေးနံဂြိုဟ် ၁ |
|---|---|---|---|
| သောကြာ | | ဗုဒ္ဓဟူး | ၂ |
| (ရာဟု) ၅ | ကြာသပတေး ၄ | စနေ | ၃ |

(၅)ကြွင်းအရ မွေးနံဂြိုဟ်အိမ်မှ လက်ယာရစ်လည့်လျှင် ရာဟုအိမ်သို့ ရောက်၍ ရာဟုဂြိုဟ်စားသက်ရောက်သည်။

ရာဟုဂြိုဟ်စားသက်ရောက်ဖြစ်၍ ထိုနှစ်အဖို့ ဝီရိယကြီးစွာဖြင့် သတ္တမအောင်ခြင်းဖြစ်သော နန္ဒောပနန္ဒနဂါးမင်းကို အောင်တော်မူသောဂါထာတော်မြတ်အား ရွတ်ပွားဆောင်ထား ပူဇော်ရမည် ဖြစ်ပါသည်။

ထိုသို့ ရွတ်ပွားရာတွင် နန္ဒောပနန္ဒနဂါးမင်းကို မြတ်စွာဘုရား အောင်တော်မူသော ဗုဒ္ဓဖြစ်စဉ်ကို စိတ်မှာ အာရုံရောက်အောင်ယူ၍ ထိုအောင်ခြင်းမင်္ဂလာ မိမိမှာ အလုံးစုံသော အောင်ခြင်းမင်္ဂလာအပေါင်းတို့ ပြည့်စုံစေရန် ဆန္ဒပြုပါ။

ရွှင်လန်းချမ်းမြေ့ကြပါစေ...။

**ဘုန်းပြည့်တေဇာဟိန်း**



www.burmeseclassic.com

www.burmeseclassic.com

# မဟာသိဒ္ဓိသရဏဂုံ ခုနစ်ပါး

ကျိုက်ထော်-ခင်မိုးအေး(ဘီအေ)

မြန်မာပြည်သူပြည်သားများ၊ ကမ္ဘာသူ၊ ကမ္ဘာ[illegible]းများသည် ရောဂါအနာတစ်ခုခု ဖြစ်လာသည့်အခါ [illegible]မဦးဆုံး ဆေးမြီးတိုများနှင့် ကုသကြပါသည်။ မပျောက်[illegible]ည့်အခါ နီးစပ်ရာ ဆေးခန်း၊ ဆရာဝန်များထံပြ၍ ကုသ[illegible]ပါသည်။ ကုသ၍ မပျောက်လျှင် မြို့ကြီးပြကြီးမှ နာမည်[illegible]ဆရာဝန်ကြီးများ၊ ပါရဂူများ၊ သမားတော်ကြီးများနှင့် [illegible]ကြကုန်၏။ အချို့သောပုဂ္ဂိုလ်များ။ ငွေကြေးတတ်နိုင်သူ[illegible]သည် နိုင်ငံခြားသို့ သွား၍ ဆေးကုသခံယူကြပါသည်။

ထိုမှ မပျောက်သည့်အခါ တိုင်းရင်းဆေးဆရာကြီး[illegible] သမားတော်ကြီးများနှင့် ကုသမှုခံယူကြပါသည်။ တခြား[illegible]က်ရာပျောက်ကြောင်း နည်းလမ်းကောင်းများကို ရှာဖွေ[illegible] "မဟာသိဒ္ဓိသဏရဂုံ ခုနစ်ပါး"ကို ရွတ်ဖတ်သရဇ္ဈာယ်[illegible] နည်းလမ်းသည်လည်း ကံကောင်း၍ တစ်ဦးနှင့်တစ်ဦး [illegible]ပ်စပ်၍ ရောဂါအနာများနှင့် အသက်မသေဘဲ ပျောက်[illegible]သွားကြသူများလည်း ရှိပါသည်။ ဘယ်လိုနည်းနှင့်ပဲ ပျောက်ပျောက် ရောဂါအနာပျောက်ကင်းဖို့သာ အဓိကဖြစ်၍ ဆေးတွေစုံပြီလား၊ သမားတော်ပါရဂူတွေရော စုံပြီလား၊ ငွေကုန်ခံ၍ ပြည်ပနိုင်ငံခြားသို့ထွက်ပြီး ကုသမှုကို ခံယူခဲ့ပြီး ရောဂါအနာ မပျောက်သေးဘူးလား။ မသက်သာသေးဘူးလား။ လုပ်စရာနည်းလမ်းများ မကျန်တော့ဘဲ ဆေးရုံတကာ ဆေးရုံ နှံ့ပြီလား၊ မထူးခြားဘူးလား၊ လုပ်စရာနည်းလမ်းများ ဘာမှမကျန်တော့ဘဲ ကွယ်လွန်မည့်နေ့ရက်ကိုသာ မျှော်မှန်းနေသော လူနာများသည် ဤမဟာသိဒ္ဓိသရဏဂုံ ခုနစ်ပါး အကျင့်ကို ကျင့်ဆောင်ရွတ်ပွားဖို့ပဲ ကျန်နေပါတော့သည် ဖြစ်၍ ယုံကြည်အားကိုးစွာ၊ ရိုသေလေးစားစွာ ရွတ်ဖတ်စေသင့်ပါသည်။

ဤဂါထာခုနစ်ပုဒ်ကို မဟာသိဒ္ဓိသရဏဂုံ ခုနစ်ပါး ဟု အမည်တွင်ပါသည်။ ၎င်းခုနစ်ပုဒ်ကို မဟာသစ္စာသရဏဂုံ ခုနစ်ပါးဟုလည်း ခေါ်တွင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## ပဟာသိဒ္ဓိသရဏဂုံ ခုနစ်ပါး

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃံ သရဏံ ဂစ္ဆာမိ
ဧတေနသစ္စဝဇ္ဇေန သဗ္ဗရောဂါ
ဝိနဿန္တု အသေသတော။

၂။ ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
ဧတေနသစ္စဝဇ္ဇေန သဗ္ဗရောဂါ
ဝိနဿန္တု အသေသတော။

၃။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ
ဧတေနသစ္စဝဇ္ဇေန သဗ္ဗရောဂါ
ဝိနဿန္တု အသေသတော။

၄။ အဇ္ဇတဂ္ဂေ ပါဏုပေတံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ
အဇ္ဇတဂ္ဂေ ပါဏုပေတံ ဓမ္မံ သရဏံ ဂစ္ဆာမိ
အဇ္ဇတဂ္ဂေ ပါဏုပေတံ သံဃံ သရဏံ ဂစ္ဆာမိ
ဧတေနသစ္စဝဇ္ဇေန သဗ္ဗရောဂါ
ဝိနဿန္တု အသေသတော။

၅။ ဗုဒ္ဓေါမေ သရဏံ အညံနတ္ထိ
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မောမေ သရဏံ အညံနတ္ထိ
ဓမ္မံ သရဏံ ဂစ္ဆာမိ
သံဃောမေ သရဏံ အညံနတ္ထိ
သံဃံ သရဏံ ဂစ္ဆာမိ
ဧတေနသစ္စဝဇ္ဇေန သဗ္ဗရောဂါ
ဝိနဿန္တု အသေသတော။

၆။ အတ္တာနံ ပရိစ္စဇာမိ ဇီဝိတံ ပရိစ္စဇာမိ
ဇီဝိတ ပရိယန္တိကံ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အတ္တာနံ ပရိစ္စဇာမိ ဇီဝိတံ ပရိစ္စဇာမိ
ဇီဝိတ ပရိယန္တိကံ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အတ္တာနံ ပရိစ္စဇာမိ ဇီဝိတံ ပရိစ္စဇာမိ
ဇီဝိတ ပရိယန္တိကံ သံဃံ သရဏံ ဂစ္ဆာမိ
ဧတေနသစ္စဝဇ္ဇေန သဗ္ဗရောဂါ
ဝိနဿန္တု အသေသတော။

၇။ အဟံ ဘန္တေ သံသာရ ဝဋ္ဋဒုက္ခတော
မောစနတ္ထာယ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
အဟံ ဘန္တေ သံသာရ ဝဋ္ဋဒုက္ခတော
မောစနတ္ထာယ ဓမ္မံ သရဏံ ဂစ္ဆာမိ၊
အဟံ ဘန္တေ သံသာရ ဝဋ္ဋဒုက္ခတော
မောစနတ္ထာယ သံဃံ သရဏံ ဂစ္ဆာမိ၊
ဧတေနသစ္စဝဇ္ဇေန သဗ္ဗရောဂါ
ဝိနဿန္တု အသေသတော။

ဤဂါထာ ခုနစ်ပုဒ်သည် မဟာသစ္စာသရဏ[...] ခုနစ်ပါး (သို့) မဟာသိဒ္ဓိသရဏဂုံ ခုနစ်ပါးဟု အမည်[...] ခေါ်တွင်ပါသည်။ ၎င်းဂါထာကို မရွတ်မီ ရှေးဦးစွာ မိမိ[...] ၏ ဘုရားရှေ့တော်တွင် လက်ဖက် ၅ ပွဲ၊ သောက်တော်[...] ၅ ခွက်၊ ဖယောင်း ၅ တိုင်ထွန်း။ အောင်သပြေပန်း [...] ခက်တိတိကို (ဘုရား၊ တရား၊ သံဃာ၊ ဆရာ၊ မိဘ) အနန္တ[...] အနန္တငါးပါးအား ကပ်လှူပူဇော်၍ လိုရာဆုကို တောင်း[...] ဘုရားထံတော်တွင် ငါးပါးသော သီလတော်မြတ်ကို ခံယူ[...] ဆောက်တည်ပါ။

မိမိဆင်ခြင်ရမည်မှာ ဤကမ္ဘာပေါ်တွင် ဗုဒ္ဓမြတ်[...] ဘုရားမှတစ်ပါး အခြားအားကိုးစရာ၊ ကိုးကွယ်စရာ၊ ဆည်း[...] ကပ်စရာ မမြင်ပါဘုရား။ ဗုဒ္ဓမြတ်စွာဘုရားရှင်သည်သာ[...] တပည့်တော်၏ ရောဂါဝေဒနာများကို ပျောက်ကင်းအောင် စောင့်ရှောက်ပေးနိုင်ဖွယ် ဖြစ်ပါလိမ့်မည်ဘုရား။ ဤကမ္ဘာ[...] ဤလောကမှာ ဗုဒ္ဓမြတ်စွာဘုရားရှင် ဟောကြားတော်မူ[...] သော တရားတော်မြတ်များမှတစ်ပါး တခြား အားကိုး[...] အားထားစရာ၊ ပြာခားကိုးကွယ်ဆည်းကပ်ရာ မမြင်ပါ။ ဘုရား[...] တရားတော်မြတ်သည်သာလျှင် တပည့်တော်၏ ခံစားနေ[...] သော ရောဂါဝေဒနာများကို ပျောက်ကင်းအောင် စောင့်[...] ရှောက်ပေးနိုင်ဖွယ်ရာ ဖြစ်ပေလိမ့်မည်ဘုရား။

ထို့ကြောင့် တပည့်တော်သည် ယနေ့ယခု အချိန်အ[...]



www.burmeseclassic.com

www.burmeseclassic.com

မှ အစပြု၍ ရတနာမြတ်သုံးပါးနတ် ဖြစ်တော်မူပေထသော သရဏဂုံသုံးပါးအား အမြဲမပြတ် ကိုးကွယ်ဆည်းကပ်ပါတော့ မည်ဘုရား။ ဤသစ္စာမှန်ကန်ပါက၊ ဤမှန်ကန်သော သစ္စာ စကားကြောင့် ဤမှန်ကန်သော သစ္စာ၏ တန်ခိုးတေဇော် အာနုဘော်တော်ကြောင့် တပည့်တော်၌ ခံစားနေရသော ရောဂါဝေဒနာ အနာတို့သည် ပိန်းကြာဖက်များ ရေမတင် လျှောကျသကဲ့သို့ အကြွင်းမကျန်မရှိသောအားဖြင့် လျင်မြန် စွာ ပပျောက်လွင့်ထွက် ပျောက်ပျက်ကြပါစေကုန်သတည်း။ တပည့်တော်၏ ကျန်းမာရေးကောင်းမွန်နေမှုသည် အာယု ကပ်ပတ်လုံး ကောင်းမွန်စွာ တည်တံ့နေပါစေသတည်း။

ဤသို့ မိမိ၏ စိတ်မှလည်းကောင်း နှုတ်ခမ်းမှလည်း ကောင်း၊ အထက်ပါအတိုင်း ဆင်ခြင်အာရုံပြု၍ (မဟာသိဒ္ဓိ သရဏဂုံ ခုနစ်ပါး)အား အနည်းဆုံး ၉ ခေါက်၊ အများဆုံး ၅ ခေါက် စေ့အောင် ရွတ်ဖတ်သရဇ္ဈာယ်ပေးရပါမည်။

ပျောက်နိုင်ခဲသော ရောဂါအနာတို့သည် အထူး သဖြင့် သက်သာလာကုန်၏။

သက်သာပြီးသော ရောဂါအနာတို့သည်လည်း နိဂုံး ချုပ်အကင်းသေ၍ ပျောက်ကင်းလာကုန်တော့၏။ ဆရာဝန် စုံပြီဖြစ်သော ရောဂါများ၊ ပါရဂူ၊ သမားတော်စုံခဲ့ပြီး မပျောက် ကင်းနိုင်သော ရောဂါအနာများ၊ ဆေးမတိုးသော ရောဂါအနာ များ သိသိသာသာ ချမ်းသာမှုရရှိလာနိုင်ပါသည်။

ပျောက်ကင်းနိုင်ခဲလှသော နာတာရှည်ရောဂါများ၊ ကင်ဆာအပါအဝင် မြစ်ပွားနာများ၊ နှလုံးရောဂါများသည် သိသာထင်ရှားစွာ သက်သာပျောက်ကင်းနိုင်ပါသည်။ မည်သည့်ရောဂါ၊ မည်သည့်အနာမျိုးမဆို ဤဗုဒ္ဓနည်း (ဘုရားက ကုနည်း)ကို လုပ်ကိုင်ဆောင်ရွက်သင့်ပါသည်။ မြတ်စွာဘုရားရှင်၏ ဂုဏ်တော်များ၊ သရဏဂုံတော်များသည် သေချာယုံကြည်အားကိုးစွာ ရွတ်ဖတ်သရဇ္ဈာယ်ပေးပါက အံ့ဆန်းအံ့ဩဖွယ်ရာ အဖြစ်အပျက်များနှင့် သိသာထင်ရှား စွာ ရောဂါအနာများကို သက်သာပျောက်ကင်းနိုင်ပါသည်။

အကယ်၍ လူနာကိုယ်တိုင် မရွတ်နိုင်တော့သည့် အခြေအနေမျိုးတွင် ရွတ်နိုင်ဖတ်နိုင်သော မိသားစုများသည် လူနာအား အလယ်ဗဟိုမှာထား၍ လူနာ၏ ဘေးပတ်လည် တွင် ဝိုင်းထိုင်၍ ရွတ်ဖတ်သရဇ္ဈာယ်ပေးရမည် ဖြစ်ပါသည်။ ဤကဲ့သို့ ဝိုင်း၍ ရွတ်ဖတ်ကြရာတွင် ရေသန့်ရေကောင်းတို့ ကို သန့်ရှင်းသော ဖလားကြီးတစ်လုံးတွင် အပြည့်ထည့်ထား ပြီး ရွတ်ဖတ်သရဇ္ဈာယ်ကြမည့် ပုဂ္ဂိုလ်များနှင့် အနီးဆုံးမှာ နှုတ်ခမ်းနားမှာ၊ ရင်ဘတ်ထဲမှာ ရေဖလားကိုထား၍ ရွတ်ဖတ် သရဇ္ဈာယ်ရမည် ဖြစ်ပါသည်။ ရွတ်ဖတ်၍ပြီးသွားသည့်အခါ ထိုရေသန့်အား လူနာကိုတိုက်ပေး၊ သောက်ပေးစေခြင်း၊ မျက်နှာသစ်ပေးခြင်းတို့ကို ပြုလုပ်ပေးလျှင် ပိုပြီးလျင်မြန်စွာ ရောဂါအနာများကို ပျောက်ကင်းသက်သာလာပါလိမ့်မည်။

ရောဂါအနာများ မဖြစ်သေးသည့်သူများလည်း ကြိုတင်ကာကွယ်သည့်အနေဖြင့် ဤမဟာသိဒ္ဓိသရဏဂုံ ခုနစ်ပါး ဂါထာကို နေ့စဉ် အရုဏ်တက်ချိန်တိုင်း ရွတ်ဖတ် သရဇ္ဈာယ်ပေးပါက ရောဂါအနာများ မဖြစ်ပေါ်အောင် ကြို တင်ကာကွယ်ခြင်းနှင့် အသွင်တူပေသည်။

ဤဂါထာများကို ရွတ်ဖတ်သရဇ္ဈာယ်ရာတွင် ပီပီ သသ ရွတ်ဖတ်ခြင်း၊ အသံထွက်၍ ရွတ်ဖတ်ခြင်း၊ အဖြတ် အတောက်မှန်ကန်စွာ ရွတ်ဖတ်ခြင်းတို့ကို သတိထားရမည် ဖြစ်ပါသည်။ လူနာအား မေတ္တာထား၍ ရွတ်ဖတ်ပေးရမည် ဖြစ်ပါသည်။ ၎င်းမဟာသိဒ္ဓိသရဏဂုံ ခုနစ်ပါးကိုပင် ရှေးပညာ ရှိကြီးများ၊ ရှေးနန်းတွင်း၌ အမှုတော်ထမ်းရွက်သော သမား တော်ကြီးများသည် (သစ္စာမန္တန်)ဟု ခေါ်ဆိုတင်စားခဲ့ကြ ပါသည်။ ယုံယုံကြည်ကြည် လေးလေးစားစားနှင့် ရွတ်ဖတ် ပေးပါက ပျောက်ကင်းသွားသော ဝေဒနာရှင်များ များစွာရှိခဲ့ သည်ဟု ရှေးသမားတော်ကြီးများ၏ မှတ်တမ်းများတွင် ရေးသားထားသည်ကို တွေ့ရှိရပါသည်။

(မှတ်ချက် ။ ။ ဘဒ္ဒန္တဝေပုလ္လဆရာတော်ကြီး ရေးသားသည့် "ပဋိပတ္တိအကျင့်လမ်းနှင့် ကျန်းမာရေး ဒဿန အမြင်"စာအုပ်ကို မှီငြမ်းပြုစုပါသည်။)

**ကျိုက်ထော်-ခင်မိုးအေး(ဘီအေ)**

www.burmeseclassic.com

# သရဏဂုံနှင့် ဂုဏ်တော်အင်းဆောင် ကောင်းကျိုးလိုရာဆန္ဒဆောင်

● ဂမ္ဘီရဆရာလှမျိုး(B.Sc)

တစ်နေ့တွင် ကျွန်ုပ်သည် ပုဇွန်တောင် ရွှေဘုန်းပွင့် စေတီတော်သို့ ဘုရားဖူးအဓိဋ္ဌာန်ပုတီးစိပ်ရန် ရောက်ရှိသွားပါသည်။ ရွှေဘုန်းပွင့်စေတီတွင် နံနက်၊ နေ့လည်၊ ညနေ အချိန်အခါမရွေး ပုတီးစိပ်သူ၊ အဓိဋ္ဌာန်ဝင်သူ၊ တရားထိုင်သူ တို့ကို တွေ့မြင်ရပါသည်။ ဘုန်းကံပွင့်လိုကြသူများ ပညတ်စာတ်ကိုယူကာ ဤစေတီသို့ လာရောက်လေ့ရှိကြ၏။ အဘမင်းသိခ်ရှိစဉ်က ဤစေတီတွင် တန်ဆောင်မုန်းလပြည့် နက္ခတ်သဘင်ပွဲ၊ ဆေးပေါင်းခသောညႈ ဗေဒင်ပညာဒါနပွဲ၊ ဗုဒ္ဓပူဇနီယပွဲများကို စည်ကားအောင် ဆောင်ရွက်ပေးခဲ့ဖူးပါသည်။

ကျွန်ုပ်လည်း မိမိ၏ မွေးနံ့ထောင့်တွင် အမွေးတိုင်၊ ဖယောင်းတိုင် ပူဇော်ပြီး စေတီတော်မြတ်ကြီးကို ဘုရားဂုဏ်တော် အာရုံပြုရှိခိုးလိုက်၏။ ထို့နောက် သရဏဂုံသုံးပါးနှင့် ဂုဏ်တော်ကိုးပါး ပုတီးကိုးပတ်စီ စိပ်လိုက်ပါသည်။ ပုတီးစိပ်ပြီးသောအခါ မေတ္တာပို့ အမျှဝေကာ လိုရာဆန္ဒဆုတောင်းလိုက်ပါသည်။ စာရေးသူသည် မိမိမွေးနေ့ ဗုဒ္ဓဟူးနေ့တစ်ရက် အလုပ်နားကာ ဘုရားသွားခြင်း၊ သက်သတ်လွတ်စားခြင်း၊ မဂ္ဂင်း,ဂျာနယ်တိုက်သို့သွားခြင်း ကိစ္စများကို ဆောင်ရွက်လေ့ရှိပါသည်။ မိမိဆောင်ရွက်ရမည့် ကိစ္စပြီးသောခါ စေတီကို လက်ယာလှည့်ပူဇော်ပြီး ပြန်ရန်စီစဉ်လိုက်ပါသည်။ ထိုသို့ ပြန်ရန်စီစဉ်စိတ်ကူးလိုက်သောအခါ လက်ယာဘက်နားတွင် အပေါ်အောက် ယောဂီဝတ်ပုဂ္ဂိုလ်တစ်ဦးကို တွေ့လိုက်ရ၏။ ထိုပုဂ္ဂိုလ်မှာ အသက် ၆၀ ကျော်ခန့်ရှိမည်ဟု ခန့်မှန်းကြည့်ရ၏။ အသားလတ်လတ်၊ ခန္ဓာကိုယ်မှာ မပိန်မဝ အချိုးအစားကျကျ၊ နဖူးကျယ်ကျယ် ဆံပင်ကို နောက်သို့လှန်၍ ဖြီးထားပါသည်။ ထိုပုဂ္ဂိုလ်မှ စာရေးသူအား "ပုတီးစိပ်ပြီးသွားပြီလား" ဟု စ၍မေးပါသည်။

"ဟုတ်ကဲ့၊ စိပ်ပြီးသွားပါပြီ"

"ဘာဂုဏ်တော် ဂါထာတွေစိပ်နေလဲ"

"သရဏဂုံသုံးပါးနဲ့ ဘုရားဂုဏ်တော်ကိုးပါး ပုတီးစိပ်နေပါတယ် အဘ"

"အေး···ကောင်းတယ်၊ ကောင်းတယ်။ ဘုရားမှာ ရွှေတိဂုံ၊ တရားမှာ သရဏဂုံ၊ မြို့တော်မှာ ရန်ကုန်လို့ ရှေးဆရာကြီးတွေ ဆိုထားခဲ့တယ်။ သရဏဂုံသုံးပါး ဦးထိပ်ထား၊ ကောင်းကျိုးသုခတိုးပွားလို့ မှတ်ထား။ သရဏဂုံနှင့် ဂုဏ်တော်ဆိုတာ ဘယ်+ညာ၊ နေနှင့်လလို ယှဉ်တွဲနေပါတယ်"

ကျွန်ုပ်လည်း သက်ကြီးစကား သက်ငယ်ကြား သူတော်စင်စကား နားထောင်ထား ဟူသော အဆိုနှင့် ယောဂီဝတ်ပုဂ္ဂိုလ် ပြောပြသည်ကို အာရုံစိုက် နားထောင်နေမိပါသည်။

"အဘလည်း အဓိဋ္ဌာန်လာဝင်တာလား"



www.burmeseclassic.com

www.burmeseclassic.com

"အဘက ရန်ကုန်မြို့က ထင်ရှားတဲ့ ဘုရား၊ စေတီတွေကို ကိုးရက်စီလှည့် ပုတီးစိပ်၊ မေတ္တာပို့နေတာပါ"

ကျွန်ုပ်စိတ်ထဲမှ "ဂန္ဓာရီပုဂ္ဂိုလ်နဲ့ လာတွေ့နေရတာပဲ" ဟု မှတ်ယူလိုက်ပါသည်။

"ဒါနဲ့ အဘ ပုတီးစိပ်တယ်ဆိုတော့ ဘာဂုဏ်တော်တွေ ရွတ်ဆိုလဲဆိုတာ သိပါရစေ"

"အဘလည်း မောင်ရင့်လိုပါပဲ။ သရဏဂုံနှင့် ဂုဏ်တော်ကိုးပါးကိုပဲ အလေးထား၊ အာရုံပြု ပွားများအားထုတ်ပါတယ်"

"သရဏဂုံသုံးပါး အမျိုးမျိုးရှိတာ ဘယ်နည်းနဲ့စိပ်လဲ အဘ"

"အဘကတော့ . . . ရိုးရိုးပဲ။ ဗုဒ္ဓံသရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိ ဆိုပြီး ပုတီးတစ်လုံးချ စိပ်တာပါပဲ။ သရဏဂုံတစ်ပါး ပုတီးတစ်လုံးချ စိပ်လည်း ရပါတယ်။ ပုတီးစိပ်ရင် အနည်းဆုံး ကိုးပတ်စိပ်ပါ"

"ဂုဏ်တော်တစ်ပါးစီ ပုတီးစိပ်တာလား အဘ"

"ဂုဏ်တော်တစ်ပါး ပုတီးတစ်လုံးချ ကိုးပတ်စစိပ်ပါတယ်။ ကိုးရက်ပြည့်တော့ နှစ်ဆတိုး ၁၈ ပတ်၊ ၁၈ ရက် စိပ်တယ်။ နောက်ဆုံး ၁၀၈ ပတ် ၁၀၈ ရက် ရတဲ့အထိ စိပ်နိုင်ရင် သိဒ္ဓိအလုံးစုံ ပြည့်စုံနိုင်ပါတယ်"

"အဲဒီလောက်ထိတော့ မစိပ်နိုင်သေးပါဘူး အဘ။ ခုနစ်နေ့သားသမီးများ လွယ်ကူထိရောက် သိဒ္ဓိပေါက်တဲ့နည်းလမ်းရှိရင် ချီးမြှင့်ပေးပါ"

"ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝအောင်မြင်စေဖို့ ရှေးဆရာကြီးတွေ စီရင်ပေးထားတဲ့ သရဏဂုံနှင့် ဂုဏ်တော်အင်း ပူဇော်ပြီး စိပ်နိုင်ပါတယ်"

"ဘယ်လိုပူဇော်ရမှာလဲ အဘ"

"မောင်ရင် စာအုပ်နဲ့ ဘောလ်ပင်ထုတ်ယူလိုက်ပါ။ အဘရေးဆွဲပြမယ်"

ပထမ ငါးကွက်အင်း တစ်ခုဆွဲပြီး သရဏဂုံသုံးပါးကို မြင်းသွားရေးသွင်းပြပါသည်။

"ဒီသရဏဂုံအင်းတော်ကို စနစ်တကျ ရေးဆွဲပြီး ဖယောင်းတိုင်မှာ ပတ်ပြီး ဆီမီးပူဇော်ရမယ်။ ဆီမီးပူဇော်ရင် သရဏဂုံ ပုတီးကိုးပတ်စိပ်ပါ"

**သရဏဂုံအင်းတော်**

| | | | | |
|---|---|---|---|---|
| ဗု | ဂ | ဓ | ရ | သ |
| မိ | သ | ဒ္ဓံ | စ္ဆာ | မ္မံ |
| ဏံ | မိ | (နံ) | ရ | ဏံ |
| ဃံ | စ္ဆာ | ဂ | သ | မိ |
| စ္ဆာ | ရ | သံ | ဂ | ဏံ |

(နံ)နေရာတွင် မိမိမွေးနံ ကိန်းဂဏန်း ထည့်သွင်းပါ။ မှိုင်းခံစက္ကူ၊ စက္ကူအပါးတွင်ရေးပြီး ဖယောင်းတိုင်တွင် ပတ်ပူဇော်ပါ။ ထောင့်လေးထောင့်တွင် အောင်ပ၊ ကုလား၊ ဆွေသား၊ တော်ရင်း (၁၅၊ ၂၄၊ ၃၆၊ ၇၈) မိဘ်ဂဏန်းတွဲ ရေးနိုင်သည်။ မိတ္တူကူးပွားပြီး ဖယောင်းတိုင် ပတ်၍လည်း ရသည်။ သို့သော် ယောဂီဝတ်အဘက ကိုယ့်တိုင်ရေးဆွဲပတ်နိုင်ရင် အကောင်းဆုံးဟု ဆိုပါသည်။ အဓိဋ္ဌာန် ကိုးရက်ဆိုပါက တစ်နေ့တစ်တိုင် ကိုးတိုင်ပြုလုပ်ပူဇော်ရမည်။ သရဏဂုံအင်းတော်သည် အကောင်းဆုံးအင်းတွင် ပါဝင်သည်။ အင်းပတ်လည် လက်ယာရစ်လှည့်၍ လိုရာဆန္ဒရေးနိုင်သည်။ ဥပမာ-လက်ဝဲဘက်(၁ နေ့)ထောင့်မှ အစပြု၍ "ဒနေ့သား အောင်အောင် အလုပ်ကိစ္စအဆင်ပြေစေ၊ လုပ်ငန်းအောင်မြင်စေ" ဟူ၍ ရေးနိုင်သည်။

ယောဂီဝတ်အဘသည် ဖော်ပြပါ သရဏဂုံအင်းကို မြင်းသွားပုံစံဆွဲပြပြီးသောအခါ -

"ယုံယုံကြည်ကြည် ဆောင်ရွက်ကြည့်ပါ။ အကျိုးထူးပေးမှာ သေချာတယ်။ အခုလုပ်၊ အခုချက်ချင်းတော့ ဖြစ်ရမယ်လို့ အာမမခံနိုင်ပေမယ့် ကိုးရက်ပြည့်လျှင် လိုရာဆန္ဒပြည့်ဝဖို့ အာမခံနိုင်ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်တော် လက်တွေ့ဆောင်ရွက်ကြည့်ပါ့မယ်"

"ကိုယ်တိုင် အင်းဆွဲရင် သန့်ရှင်းတဲ့နေရာမှာ စနစ်တကျ ပြုလုပ်ပါ။ အင်းရေးဆွဲနေချိန်မှာ အဓိကအချက်တွေက စကားမပြောနဲ့၊ နောက်လှည့်မကြည့်နဲ့၊ မျဉ်းဘောင်



www.burmeseclassic.com

www.burmeseclassic.com

မကျော်စေနဲ့။ မျဉ်းဆွဲတဲ့အခါ ဂါထာတွေ မရရင်လည်း သရဏဂုံသုံးပါးဆိုပြီး ဆွဲပါ။ အင်းစာရေးသွင်းတဲ့အခါ အသက်အောင့်သွင်းရမယ်"

"ဘောလ်ပင်နဲ့ဆွဲလို့ရလား အဘ"

"ရပါတယ်။ စဆွဲတဲ့အခါ ခဲတံနဲ့ဆွဲတာ အကောင်းဆုံးပါပဲ"

"ဂုဏ်တော်ကိုးပါး အင်းရေးဆွဲပြပါဦး အဘ"

ယောဂီဝတ်ပုဂ္ဂိုလ်မှ ဘောလ်ပင်ဖြင့် ကိုးကွက်အင်းကို မျဉ်းမသားဘဲ ညီညာစွာ ဆွဲလိုက်၏။ ထို့နောက် ဒနွံထောင့်မှနေ၍ "ဣ"ကို စရေးပါသည်။ မြင်းသွားပုံစံသာ ဖြစ်သည်။

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ဣ | ဒ္ဓု | ဋ္ဌာ | တ္ထာ | ပိ | နုံ | ရ | ဝ | ဘ |
| တိ | သ | တိ | အ | စ | ဒေ | သော | တ္တ | ဏ |
| ဝိ | ဝိ | ပု | ဂ | ခ | ရ | သ | ဂ | မု |
| ထိ | ဝါ | မိ | သ | ဒ္ဒံ | ဿာ | မ္မံ | သ | ရော |
| ဒ္ဓေါ | က | ဏံ | မိ | နုံ | ရ | ဏံ | နု | ဝါ |
| ဂ | ရ | ဃံ | ဿာ | ဂ | သ | မိ | ပု | မ္ဗ |
| လော | မ္ဗု | ဿာ | ရ | သံ | ဂ | ဏံ | အ | ဿာ |
| သာ | ဘ | မ္မာ | ဂ | ဒ | ပု | ဟံ | န္တော | ရိ |
| သ | တော | မ္မ | ဒ္ဓေါ | သ | သု | သ | နံ | ရ |

(ဂုဏ်တော်အင်းကြီး)

"အဘ ဒီဂုဏ်တော်အင်းကြီးက သရဏဂုံသုံးပါးနဲ့ တွဲထားတာလား"

"ဟုတ်ပါတယ်။ ရှေးဟောင်းအင်းကျမ်းလာ ပုံစံအတိုင်း ရေးဆွဲပြတာပါ။ ဒီအင်းတစ်ခုတည်း ရေးဆွဲပူဇော်လို့လည်း ရပါတယ်။ ရတနာသုံးပါးနဲ့ ဂုဏ်တော်တွဲထားတော့ ပိုစွမ်း၊ ပိုထိရောက်တာပေါ့"

"ဒီအင်းဆွဲပြီး ဂုဏ်တော်ပုတီးစိပ်ရမှာလား အဘ"

"ထုံးစံအတိုင်းရေးဆွဲပြီး မိမိမွေးနံ့ထည့်သွင်း။ ဖယောင်းတိုင်မှာပတ်၊ ဆီမီးပူဇော်၊ ဂုဏ်တော်ပုတီးကိုးပတ် စိပ်ရမယ်"

"သရဏဂုံအင်းနဲ့ သရဏဂုံပုတီးစိပ်၊ ဂုဏ်တော်အင်းနဲ့ ဂုဏ်တော်ပုတီးစိပ်ပါ။ ဂုဏ်တောင်အင်းဆွဲပြီး သရဏဂုံ တွဲစိပ်မယ်ဆိုရင်လည်း မမှားပါဘူး"

ကျွန်ုပ်စာရေးသူလည်း ယောဂီဝတ်ပုဂ္ဂိုလ်ကို ကျေး တင်ကြောင်းပြောပြီး လက်အုပ်ချီကန်တော့ကာ ပြန်လာခဲ့ သည်။ အိမ်ရောက်သောအခါ ဂုဏ်တော်အင်းကို စနစ်တကျ ရေးဆွဲပြီး ဖယောင်းတိုင်တွင်ပတ်ကာ ပုတီးစိပ်ရန် စတင်ဆော ရွက်လိုက်ပါသည်။ နေ့စဉ် နံနက်တိုင်း မပျက်မကွက် ကိုးရ အဓိဋ္ဌာန်ပြီးသောအခါ လိုရာဆန္ဒပြည့်ဝလာပါတော့သည် ကျွန်ုပ်ထပ်မံလိုချင်သော ကင်မရာအကောင်းစား တစ်လုံး ဒူဘိုင်းမှပြန်လာသော တပည့်မမှ လက်ဆောင်လာပေးပါသည် နှစ်သိန်းတန်ဖုန်းဝယ်ရန်ကိစ္စလည်း အဆင်ပြေလာပါတော့သည်

အဆိုပါ ဂုဏ်တော်အင်းကို ကွန်ပျူတာစနစ်တကျ စာလုံးပေါင်းမမှားအောင် စစ်ဆေး၊ ဂရုစိုက်ပြီးလျှင် မိတ္တူ ကူးပြီး ဖယောင်းတိုင်တွင်ပတ်၊ ဘုရားဆီမီးပူဇော်၊ ဖယောင် တိုင်သည် အင်းစာရွက်အတိုင်းအတာထက် ပိုနေ ရည်နေ မည်။ ဖယောင်းတိုင်တွင် ပတ်ပြီးပါက အမွှေးနံ့သာဆွတ် ပါ။ အောက်တွင် ပန်းကန်တစ်ချပ်ခံ၍ ထွန်းပါ။ နံနက် (ဉ မဟုတ်) ည တစ်ချိန်ချိန် ပုံမှန်မပျက်မကွက် ဆောင်ရွက် မည်သည့်နေ့မဆို စတင်နိုင်ပါသည်။

နောက်တစ်ခေါက် ရွှေဘုန်းပွင့်စေတီ ရောက်သေ အခါ ထိုယောဂီဝတ်ပုဂ္ဂိုလ်ကို လိုက်ရှာကြည့်သော်လည် မတွေ့ရပေ။ ဂမ္ဘီရဇာတ်လမ်းထဲကလို ပျောက်သွားသည်တော့ မဟုတ်ပါ။ ဗုဒ္ဓဟူးနေ့ တစ်နေ့ ရွှေတိဂုံစေတီတော်ရော သောအခါ ရာဟုထောင့်အောင်မြေတွင် ပုတီးစိပ်နေသည် တွေ့မြင်ရပါသည်။ ဂုဏ်တော်အင်းကြီး ထောင့်လေးထော တွင် မိတ်ဂဏန်းများ ရေးနိုင်သည်။ ဒနွံထောင့်မှစ၍ လိုရာဆန္ဒကို လက်ယာရစ် လှည့်ပတ်ရေးနိုင်သည်။ သရဏ ပုတီးကိုးပတ်၊ ဂုဏ်တော်ကိုးပတ်၊ ကိုးရက်အဓိဋ္ဌာန်ဝင်၊ လို ဆန္ဒဆုတောင်း။ မပြည့်သေးပါက ဇွဲမလျှော့ဘဲ ဆက်လ ဆောင်ရွက်ပါ။ ၉ × ၃ = ၂၇ ရက်မကျော်၊ တစ်လအတွင် ဆန္ဒပြည့်၊ လိုရာဆန္ဒပြည့်ဝအောင်မြင်မည်မှာ သေချာပါသည် သရဏဂုံနှင့် ဂုဏ်တော်အကျိုးကျေးဇူးကား ဗုဒ္ဓဘာသာဝင် အား အထူးဆိုဖွယ်ရာမရှိ၊ ကောင်းကျိုးအနန္တပင် ရရှိစေမည် ဖြစ်ပါတော့သည်။

ဂမ္ဘီရဆရာလှမျိုး(B.Sc



www.burmeseclassic.com

www.burmeseclassic.com

# ရွှေမိုး ငွေမိုး ရွာသောဂါထာ

အေးအေးသန်း

နတ္ထိမေ သရဏံ အညံ၊ ဗုဒ္ဓေါမေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟော တုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယု ဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
နတ္ထိ မေ သရဏံ အညံ၊ ဓမ္မော မေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
နတ္ထိမေ သရဏံ အညံ၊ သံဃောမေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
ဇိဝိတဿ အန္တရာယောပိ ကာတုံ၊ ဗုဒ္ဓဿ ကေနစိ
နသက္ကာ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
ဉာဏဿ အန္တရာယောပိ ကာတုံ၊ ဗုဒ္ဓဿ ကေနစိ
နသက္ကာ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
ရသ္မိယာ အန္တရာယောပိ ကာတုံ၊ ဗုဒ္ဓဿ ကေနစိ
နသက္ကာ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
သိက္ခာယ အန္တရာယောပိ ကာတုံ၊ ဗုဒ္ဓဿ ကေနစိ
နသက္ကာ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။

၈။ ဗုဒ္ဓေါ အဘိဇ္ဇ ကာယောစ၊ နတ္ထိလောဟိတ သူဒနံ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၉။ သဒ္ဓါမေ ဗုဒ္ဓသေဋ္ဌမှိ၊ သံသယော နတ္ထိမေ သဒ္ဓါ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၁၀။ သဒ္ဓါမေ ဗုဒ္ဓံ သေဋ္ဌမှိ၊ သံသယော နတ္ထိမေ သဒ္ဓါ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျ မင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၁၁။ သဒ္ဓါမေ သံဃသေဋ္ဌမှိ၊ သံသယော နတ္ထိမေ သဒ္ဓါ၊
ဧတေန သစ္စဝဇ္ဇေန၊ ဟောတုမေ ဇေယျမင်္ဂလံ၊
ဟောတုမေ အာယုဝဍ္ဎနံ၊ ဟောတုမေ သုခဝဍ္ဎနံ။
၁၂။ ဣတိပိသော ဘဂဝါ၊ အရဟံ၊ သမ္မာ သမ္ဗုဒ္ဓေါ၊
ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊
အနုတ္တရော ပူရိသ ဓမ္မသာရထိ၊ သတ္ထာဒေဝ
မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ။
၁၃။ သွာက္ခာတော ဘဂဝတော ဓမ္မော၊ သန္ဒိဋ္ဌိကော၊
အကာလိကော၊ ဧဟိပဿိကော၊ ဩပနေယျိ
ကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ။
၁၄။ သုပ္ပဋိပန္နော ဘဂဝတော၊ သာဝက သံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ ပုဂ္ဂလာ၊
ဧသ ဘဂဝတော သာဝက သံဃော အာဟုနေ

www.burmeseclassic.com

ယျော၊ ပါဟုနေယျော၊ ဒက္ခိနေယျော၊ အဉ္စလိ
ကရဏီယော၊ အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

၁၅။ အဋ္ဌာဒိကတွာ၊ အဟံ အတ္တာနံ၊ ဗုဒ္ဓဿ နိယျာ
ဒေမိတိမံ ဓာရေထ။
အဋ္ဌာဒိကတွာ၊ အဟံအတ္တာနံ၊ ဓမ္မဿ နိယျာ
ဒေမိတိမံ ဓာရေထ။
အဋ္ဌာဒိကတွာ၊ အဟံ အတ္တာနံ၊ သံဃဿ နိယျာ
ဒေမိတိမံ ဓာရေထ။

၁၆။ အဋ္ဌာဒိကတွာ၊ အဟံ ဗုဒ္ဓဿ ပရာယနော တိမံ
ဓာရေထ၊
အဋ္ဌာဒိကတွာ၊ အဟံ ဓမ္မဿ ပရာယနော တိမံ
ဓာရေထ။
အဋ္ဌာဒိကတွာ၊ အဟံ သံဃဿ ပရာယနော တိမံ
ဓာရေထ။

၁၇။ အဋ္ဌာဒိကတွာ၊ အဟံ ဗုဒ္ဓဿ အ န္တေ့ဝါသိကော
တိမံ ဓာရေထ။
အဋ္ဌာဒိကတွာ၊ အဟံ ဓမ္မဿ အန္တေ့ဝါသိကော
တိမံ ဓာရေထ။
အဋ္ဌာဒိကတွာ၊ အဟံ သံဃဿ အန္တေ့ဝါသိကော
တိမံ ဓာရေထ။

အထက်ပါ ဂါထာသည် အစစ လိုချင်သမျှ ပြည့်စုံစေနိုင်သော၊ သစ္စာပြုနိုင်သော ဘုရားရှိခိုး ဖြစ်ပါသည်။ ဤဘုရားရှိခိုးကို လူတစ်သောင်းလျှင် တစ်ယောက် ရမည် မဟုတ်ပါ။ ရှားပါးသော ဂါထာဖြစ်ပါသည်။

ဂါထာပိုင်ရှင်မှာ ယခင်က မြန်မာနိုင်ငံတွင် အထူးထင်ရှားကျော်ကြားခဲ့သော မန္တလေးတောင်မှ ရသေ့ကြီး ဦးခန္တီ ဖြစ်ပါသည်။ ထိုစဉ်က မြန်မာနိုင်ငံတွင် ရသေ့ကြီး ဦးခန္တီသည် ရွှေဖြစ်သည်ဟု ကျော်ကြားခဲ့ပါသည်။ အင်္ဂလိပ်မင်းများလက်ထက်တွင် မြန်မာပြည်အရပ်ရပ်ရှိ ဘုရားအမျိုးမျိုးတွင် သံတိုင်၊ သွပ်မိုး၊ ကျောက်သံမံတလင်းများကို မရေမတွက်နိုင်အောင် ကျပ်ကုဋေပေါင်းများစွာ တန်သော အဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။ ဗုဒ္ဓဘာသာဝင်တိုင်း အားလုံးသိကြပါသည်။ ဤကဲ့သို့ ကြီးကျယ်သော အဆောက်အအုံကြီးများ သာသနာငါးထောင် တည်သည့်တိုင်အောင် ခိုင်ခံ့စေခြင်းငှာ သံကိုသာ သွန်းလုပ်ထားပြီး သွပ်ကိုသာ မိုးခဲ့ပါသည်။ ရသေ့ကြီး ဦးခန္တီ လှူခဲ့သော ဘုရားများ၊ တန်ဆောင်းများမှာ မရေမတွက်နိုင်အောင် မြန်မာပြည်တစ်ဝှမ်းတွင် ရှိခဲ့ပါသည်။

ရသေ့ကြီးဦးခန္တီ ရွှေဖြစ်သည်ဟု ကျော်ကြားလာ၍ ရန်ကုန်မြို့ရှိ ရဲမင်းကြီး စကော့ဆိုသူက တစ်နေ့သောအခါ မန္တလေးသို့လာ၍ ရသေ့ကြီးထံ စုံစမ်းခဲ့ပါသည်။ သူသည် ရဲမင်းကြီးဖြစ်ကြောင်း ရသေ့ကြီးဦးခန္တီသည် ရွှေဖြစ်သည်ဟု ကြား၍ ဟုတ်မဟုတ် သိပါရစေဟု လျှောက်ထားခဲ့ပါသည်။ ထို့နောက် ရသေ့ကြီးက ရွှေဖြစ်ပါသည်ဟု ပြောသည်ဖြစ်ခဲ့လျှင် တပည့်တော်အား လက်ငင်းပြပါဟု ရဲမင်းကြီးက တောင်းပန်ပါသည်။

ထိုအခါ ရသေ့ကြီးဦးခန္တီသည် တပည့်များအား လင်ပန်းသုံးချပ်ကို ပြောင်နေအောင်ဆေးပြီးလျှင် အဝတ်နှင့် သုတ်၍ ဘုရားကျောင်းဆောင်ရှေ့နားရှိ ပလ္လင်အောက်တွင် ထားသည်။ ရသေ့ကြီးသည် ဘုရားရှေ့တော်သို့ သွား၍ အထက်ပါ ဘုရားရှိခိုးဂါထာတော်များနှင့် ရှိခိုးပူဇော်ပါသည်။ နာရီဝက်လောက်ကြာ ရှိခိုးပူဇော်ပြီး ကြေးစည်ကို သုံးချက် တိတိရိုက်၍ အမျှပေးဝေသည်။ သာဓုခေါ်သည်။ ထို့နောက် ရဲမင်းကြီးနားလာ၍ ယခင်က နေရာသို့ ပြန်၍ထိုင်နေတော်မူသည်။ နာရီဝက်လောက်ကြာသောအခါ အရပ်ရပ်အနယ်နယ်မှ များလှစွာသော ဘုရားဖူးများသည် မန္တလေးတောင်သို့ ရောက်လာကြပြီး ရသေ့ကြီးရှိသော ဘုရားရှေ့သို့ ရောက်သောအခါ ဘုရားရှေ့တွင်ထားသော လင်ပန်းသုံးချပ်ကို ဘုရားဖူးများက တချို့ လက်စွပ်ချွတ်၍ လှူသည်။ တချို့ လက်ကောက်ကို ချွတ်လှူသည်။ တချို့ ဆွဲကြိုးကြိုးကို ချွတ်၍လှူသည်။ ထိုအခါ ရဲမင်းကြီးထိုင်နေသော တစ်နာရီလောက်အတွင်းတွင်ပင် လင်ပန်းသုံးချပ်ထဲ၌ ရွှေတွေ မောက်နေအောင်ရသည်။

ထိုအခါ ရသေ့ကြီးက သူရွှေဖြစ်သည်ဆိုသည်မှာ ဒီနည်းပင် ဖြစ်ပါသည်ဟု ပြောပြပါသည်။ ရဲမင်းကြီးသည် ဦးခန္တီအား အလွန်ကြည်ညိုစွာ ရှိခိုးပြီးနောက် မည်သည့်ကိစ္စမဆို ရဲအဖွဲ့က အကူအညီပေးပါမည်ဟု ကတိပြုပြီးလျှင် ရန်ကုန်သို့ ပြန်သွားပါတော့သည်။

**အေးအေးသန်း**

**ကျမ်းကိုးစာရင်း**

ဆရာစန္ဒြ၏ "ဘဝခရီးနှင့် အတွေ့အကြုံများ"



www.burmeseclassic.com

www.burmeseclassic.com

# မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး

# ၏

# ပါဟုနေယျဂုဏ်တော်ပုတီးစိပ်နည်း

## ဒေါက်တာသန်းမြိုင်းလင်း

သံဃာတော်၏ အကျိုးဂုဏ်ငါးပါးအနက် ပထမအကျိုးဂုဏ်ဖြစ်သော အာဟုနေယျဂုဏ်တော်ကို အာရုံပြု၍ ပုတီးတစ်လုံး စိပ်ပြီးသောအခါ ဆရာတော်ဘုရားကြီးသည် သံဃာတော်၏ ဒုတိယအကျိုးဂုဏ်တော်ကို အာရုံပြု၍ "သောဘဂဝတော သာဝကသံဃော ပါဟုနေယျော"ဟု ရွတ်ဆိုတော်မူပါသည်။

"သောဘဂဝတော သာဝကသံဃော ပါဟုနေယျော" ဟူသည် ဘဂဝတော = မြတ်စွာဘုရား၏၊ သာဝကသံဃော= ဤတပည့်အားသံဃာတော်သည်၊ ပါဟုနေယျော = ဧည့်သည်တို့အတွက် စီမံထားသော ဝတ္ထုပစ္စည်းကို ခံယူတော်မူထိုက်၏ဟု အနက်အဓိပ္ပာယ် ရရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

လောကဓမ္မတာအရ ဧည့်သည်ဆိုပါက ဦးစားပေးရိုးရိုးရှိပါသည်။ အရပ်မျက်နှာအသီးသီးမှ ရောက်ရှိလာသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ ဧည့်သည်အဖြစ် ရောက်ရှိလာသောအခါ ဧည့်ခံဖို့ရာ ဖွယ်ဖွယ်ရာရာ စီမံကြစမြဲ ဖြစ်ပါသည်။ ဤသို့လျှင် အမွန်အမြတ် စီမံထားရှိသော စားကောင်းသောက်ဖွယ်တို့ကို ဧည့်သည်အတွက် ဆိုင်းငံ့ထားပြီး သံဃာတော်အား လှူဒါန်းဖို့ သင့်ပါသည်။ ဤသို့လျှင် သံဃာတော်သည် ဧည့်သည်အတွက် စီမံထားသော အလှူဝတ္ထုကို ခံယူခြင်းငှာထိုက်သော 'ပါဟုနေယျ'ဂုဏ်နှင့် ပြည့်စုံတော်မူပါသည်။

ဧည့်သည်ဟူသည် လောကဓမ္မတာအရ တွေ့ကြုံရစမြဲဖြစ်ပါသည်။ အနီးအဝေး၊ အစိမ်းအကျက်သာ ထူးပါသည်။ ထို့ထက်မပိုပါ။ သို့သော် သံဃာတော်သည် ယနေ့မျက်မှောက် ထင်ထင်ရှားရှား ဖူးမြင်နေရ၍ မဆန်းဟု ထင်ရပါသည်။ အမှန်က သံဃာတော်ဟူသည် ဘုရားတစ်ဆူ ပွင့်တော်မူမှသာလျှင် ဖူးမြော်ခွင့်ကြုံရပါသည်။ ဘုရားရှင် ပွင့်တော်မမူပါက သံဃာတော်သည်လည်း လောက၌ မရှိနိုင်ပါပေ။

မဇ္ဈိမနိကာယ် ဥပရိပဏ္ဏာသပါဠိတော်လာ "ဒက္ခိဏာဝိဘင်္ဂသုတ်အလိုအားဖြင့် နောင်အခါ သင်္ကန်းစကို လည်ပင်းမှာပတ်ထားသူကိုပင် သံဃာဟုထင်ကာ သံဃာအားရည်စူး၍ လှူဒါန်းရမည့် အခြေအနေရှိပါသည်။ ယခုခေတ် သံဃာတော်မျိုးကို ကိုးကွယ်ဆည်းကပ်ခွင့် ရနိုင်တော့မည် မဟုတ်တော့ပေ။ သံဃာတော်သည် ဘုရားရှင် ပွင့်တော်မူမှသာ ပေါ်ထွန်းလာသည့် ရတနာဖြစ်ရကား ဘုရားပွင့်ရာ အခါကောင်းကို ကြုံရခဲသကဲ့သို့ သံဃာတော်သည်လည်း အမှန်ပင် ကြုံရခဲသော ဧည့်သည်တော် ဖြစ်ပါသည်။

သံဃာတော်သည် လောကီဧည့်သည်နှင့် နှိုင်းယှဉ်ပါက လောကီဧည့်သည်ထက် နှစ်သက်ကြည်ညိုဖွယ်ရာ သီလ၊ သမာဓိ၊ ပညာ၊ ဂုဏ်အားဖြင့် များစွာမှပင် သာလွန်တော်မူပါသည်။

ထို့ကြောင့်ပင် "သံဃသဒိသောဟိပါဟုနေယျောနတ္ထိ" သံဃာနှင့်တူသော ဧည့်သည်မည်သည် မရှိဟု ဝိသုဒ္ဓိမဂ်၌ ဆိုပါသည်။

လောက၌ မည်သူကို မည်မျှ ကောင်းမွန်စွာပြုပါစေ၊ ခံစားရသည့်အကျိုးသည် ဤဘဝအတွက် အကျိုးတရားသာမန်မျှသာ ဖြစ်ပါသည်။ နောင်တမလွန်၌ အကျိုးတရားကို ရရှိနိုင်မည် မဟုတ်ပေ။ သို့သော် သံဃာတော်အား လှူရခြင်းသည် လွန်စွာ အကျိုးရှိပါသည်။ သံဃာတော်ကို လှူရသည့် အကျိုးကြီးမှုကြောင့် 'သံဃိက'ဒါနကို မြတ်စွာဘုရားရှင် ညွှန်ကြားတော်မူခဲ့ခြင်း ဖြစ်ပါသည်။

'ဒက္ခိဏာဝိဘင်္ဂသုတ်'၌ ပုဂ္ဂိုလ်ကို ရည်စူး၍ လှူသော ပုဂ္ဂလိကဒါနသည် သံဃာအားရည်စူး၍လှူသော 'သံဃိက'ဒါန လောက် အကျိုးမများကြောင်း ညွှန်ကြားတော်မူထားပါသည်။ "သံဃာအား လှူဒါန်းခြင်းသည် အလွန်မှပင် အကျိုးကြီးပါသည်။ ထို့ကြောင့် ရောက်ရှိလာသော ဧည့်သည်ကို ခေတ္တဆိုင်းထားပြီး သံဃာတော်အား လှူဒါန်းသင့်၏"ဟု ဝိသုဒ္ဓိမဂ်၌ ဆိုပါသည်။

နိကာယ်တစ်ပါးတို့၏ အယူဝါဒ၌ အကြင်အကြင်သံဃာသည် ပူဇော်လုပ်ကျွေးခြင်းငှာ ထိုက်၏။ ထို့ကြောင့် အလုံးစုံသော ဧည့်သည်တို့ထက် စောလျင်စွာ သံဃာတော်အားသာ လှူဒါန်းပူဇော်အပ်၏။

တစ်နည်းအားဖြင့် အထူးထူးအပြားပြား ဆောင်ယူပြီး ပူဇော်အပ်သော ဝတ္ထုကို သံဃာတော်သည် ခံယူတော်မူထိုက်သောအဖြစ်ကြောင့် 'ပါဟဝနီယ'မည်၏ဟု ဆိုပါသည်။

ဤ'ပါဟဝနီယ'ဟူသည် ပါဟုနေယျဂုဏ်တော်၏ ပရိယာယ်တစ်ပုဒ်ပင် ဖြစ်ပါသည်။ ထို့ကြောင့် သံဃာတော်သည် 'ပါဟုနေယျ'ဂုဏ်တော်နှင့် ပြည့်စုံတော်မူပါသည်။

ဤသို့လျှင် ဧည့်သည်အတွက် စီမံထားသော ဝတ္ထုပစ္စည်းကို ဧည့်သည်အတွက် ထည့်မတွက်ဘဲ သံဃာတော်အား လှူလာလျှင် ခံယူထိုက်သော သံဃာတော်၏ 'ပါဟုနေယျ'ဂုဏ်တော်ကို အာရုံပြု၍ ဆရာတော်ဘုရားကြီးသည် "ဒေသာဘဝဂတော သာဝကသံဃော၊ ပါဟုနေယျော"ဟု စိတ်ကရွတ်ဆိုကာ ပုတီးတစ်လုံး စိပ်တော်မူပါသည်။

သတ္တဝါဟူသရွေ့ တရားတွေ့၊ ချမ်းမြေ့သာယာရှိကြပါစေ . . . ။

**ဒေါက်တာသန်းမှိုင်းလင်း**

**စာကိုး၊**

ကျော်လှိုင်(ဝိဇ္ဇာဂုဏ်ထူး) မဟာဝိဇ္ဇာ(သက္ကတ)၏ 'မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏ ပုတီးစိပ်နည်း'



www.burmeseclassic.com

www.burmeseclassic.com


# ပုနာကူရာတနာအရှုပ်တော်ပုံ

အောင်သန်းချစ်

အခန်း(၈)

## ရှင်ဘုရင်ရဲ့

ယခင်လမှအဆက်



'Kif had made the stupidest mistake in all his life.'

ကိမ်နဲ့ ခွန်ဘာတို့က သူတောင်းစားတွေအသွင်နဲ့ နန်းတော်ထဲဝင်ခဲ့ကြရတဲ့ သူတို့ဇာတ်လမ်းကို အစအဆုံးပြောပြကြပါတယ်။ ဒူးဒူးကလည်း စိတ်ရှည်လက်ရှည်နားထောင်ခဲ့ပါတယ်။ နပျိုစဉ်က ရှင်ဘုရင်ကို သူမဆွဲခေါင်နိုင်ခဲ့မယ်ဆိုတာကတော့ သံသယ ဝင်စရာမရှိပါ။ ကိမ်က ပုနာကူများအကြောင်း ပြောပြခဲ့ပါတယ်။

မစ္စတာဘာရောင်းရဲ့ အခန်းလွတ်ထဲမှာ ကိမ်ဘယ်လို ရိုက်နှက်ခံခဲ့ရတယ်ဆိုတာရယ် ဗီဒိုသော့တွေဘယ်လို အခိုးခံခဲ့ရပြီး ဗီဒိုထဲကပစ္စည်းတွေ ပျောက်ဆုံးခဲ့ရပုံကိုကြားရတော့ သူမလည်ချောင်းထဲတံတွေးမြိုချသံကိုတောင် ကြားခဲ့ရပါတယ်။ ဒေါ်ဒေါ်ပဟာဝါခမျာ သူတို့ကို ဖါတီမာရဲ့ သားသမီးတွေအဖြစ်နဲ့ ပုံမှားရိုက်ခံရတာကိုတော့ အားရပါးရ ရယ်ပါတော့တယ်။ ကိမ်ကော ခွန်ဘာ တို့ပါ ရောပြီးရယ်ခဲ့မိပါတယ်။ သူမနဲ့ ပိုပြီးလည်း ရင်းနှီးသွားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

အေးအေးဆေးဆေး ဖြစ်သွားချိန်မှာ ဒူဒူးက- "မင်းတို့ ဒီနန်းတော်ထဲကို မှားပြီး ဝင်ခဲ့ကြတာပါ။ အကယ်၍ ဒီနန်းတော်ထဲက ဘယ်နေရာမှာပဲ ရတနာတွေကို ဖုက်ကြပါစေ ငါသိရမယ်။ နေရာတိုင်းမှာ ငါ့သတင်းပေးတွေနဲ့ ထောက်လှမ်းရေးသမားတွေရှိပါတယ်။ ငါထင်တာတော့ နန်းတော် ရုပ်ရှင်ရုံဆီ မင်းတို့လူတွေ သွားကြတာဖြစ်နိုင်တယ်"

ခွန်ဘာကဝင်ပြီး -

"ကျွန်မပြောခဲ့သားပဲ ကိမ်ရယ်"

ကိမ်က ငြင်းလိုက်ပါတယ်။

"ရုပ်ရှင်ရုံကို အိုဒီယမ်လို့ နာမည်ပြောင်းထားတာပဲ"

"မင်းတို့မောင်နှမ နှစ်ယောက်လုံး မှန်ကြပါတယ်။ နာမည်သစ်ကို လူတွေကမသုံးကြဘူး။ ရာကီဒါမြို့သူ မြို့သားအများစုက အခုထိ နန်းတော်ရုပ်ရှင်ရုံလို့ပဲပြောနေကြဆဲပါ။ အဲဒီ ရုပ်ရှင်ရုံကို ရှာလို့လွယ်ပါတယ်။ မြေကွက်လပ် ပန်းခြံတစ်ဖက်မှာရှိတဲ့ ဗလီကိုကျော်ပြီး ဝဲဖက်က မီးရထားလမ်းမကြီးပေါ်တက် လိုက်ရုံပါ။ ငါးမိနစ်လောက် လမ်းမကြီးပေါ်မှာ လျှောက်မိရင် ရုပ်ရှင်ရုံကိုတွေ့ရပါလိမ့်မယ်"

ကိမ်ကဝင်ပြီး -

"ကျွန်တော်တို့က ရာကီဒါကို မကြာခဏလာလေ့မရှိကြတာကြောင့် ရုပ်ရှင်ရုံရှိရာကိုလည်း မသိကြတာအမှန်ပါ"

ခွန်ဘာကတော့ လျှပ်တပြက် အတွေးပေါက်သွားပြီး -

"နန်းတော် ရုပ်ရှင်ရုံ ကိုဒေါင်ဆီ ကျွန်မတို့ သွားကြရလိမ့်မယ်။ ကျွန်မတို့ကို မိဖုရားကြီးက ကူညီပေးပါ"

"အကယ်၍ ငါကိုယ်တိုင် မင်းတို့ကို လိုက်ပါပို့ရင် မင်းတို့ကို လူတွေက သတိပြုမိသွားကြလိမ့်မယ်။ တန်ဖိုးရှိတဲ့ အချိန်တွေကို ဖြုန်းပစ်လို့မဖြစ်ဘူး။ ဘုရင်ကိုလည်း ထည့်တွက်နေစရာ မလိုပါဘူး။ ငါ့ဥပါယ်တမျဉ်အောက်မှာ ပြားပြားမှောက်ရမှာပါ။ ဒါဟာ ပထမအကြိမ် မဟုတ်ပါဘူး။ ဒုတိယအကြိမ်မြောက်ပါ"

"သူတောင်းစားတွေလိုလား"

"မဟုတ်ဘူး။ မင်းတို့ကိုသိသွားမှာပေါ့။ ခါနီကနေပြီး ဒီမင်္ဂလာဆောင်ကို လာကြတဲ့ ငါ့ဆွေမျိုးတွေအဖြစ် ဝတ်ကောင်းစားလှတွေဆင်ပြီး ထွက်ကြရမှာပါ။"

သူမက သူတို့နှစ်ဦးကို စောင်ထုပ်ကြီးတစ်ထုပ်စီမပြီး သူမအဆောင်ဆီ လျှောက်သွားစေခဲ့ပါတယ်။ စောင်ပုံကြီးတွေကွယ်နေတာကြောင့် သူတို့ဘယ်သူတွေလည်းဆိုတာ မသိကြတော့ပါ။ အဆောင်ထဲရောက်တော့ ပေါင်မုန့်၊ ဘီစကစ်၊ ကိတ်မုန့်နဲ့ သစ်သီးတွေ သူတို့ကိုကျွေးပါတယ်။

"မင်းတို့နဲ့ သင့်တော်မယ့် အဝတ်တွေ ငါရှာလိုက်ဦးမယ်။ စားထားကြဟေ့။ မကုန်ရင်လည်း ယူသွားကြ။ မင်းတို့ မြင်းလေးအီမိုနီအတွက် ရေနဲ့ အစာတွေပေးလိုက်မယ်"

အဖြူရောင် ဘောင်းဘီရှည်ရယ် ရုပ်အင်္ကျီလက်ရှည်နဲ့ ကိမ်အတွက် ဦးထုပ်နီတစ်လုံးကိုပါ ပေးခဲ့ပါတယ်။ ခွန်ဘာကိုတော့ သူမအိပ်ခန်းထဲဝင်ပြီး အဝတ်သစ်တွေ လဲလှယ်စေခဲ့ပါတယ်။ သံပရာရောင် ဘလောက်ပေါ်မှာ လိမ္မော်ရောင်အစတစ်စ ဖုံးထားပြီး သံပရာ ရောင် ခေါင်းစီးလေးရယ် လိမ္မော်ရောင် စကတ် စတာတွေ ခွန်ဘာကို ဝတ်စေ ပါတယ်။

"ဒါတွေကိုဝတ်ပြီး မျက်နှာတွေချ သလိုက်ရင်မင်းတို့ကိုဘယ်သူကမှမှတ် ကြတော့မှာမဟုတ်ပါဘူး။ ကိမ်ရေ မင်း က ဒီပိုက်ဆံတွေကို အိတ်ထဲထည့်သွား ရုပ်ရှင်ရုံဝင်ခအတွက် ငွေလိုလိမ့်မယ်"

နန်းတော်ရှေ့က ကွင်းပြင်ကြီး သူတို့ တတိယအကြိမ်မြောက် ပြ ရောက်ခဲ့ကြပါတယ်။သူမရောက်သွား နဲ့တပြိုင်နက် အစောင့်တွေက တ တစား အရိုအသေပေးကြပါတယ်။

"ငါ့ဆွေတော် မျိုးတော်တွေ သူတို့ လမ်းခရီးအဆင်ပြေချောမွေ့ အတွက် အလ္လာကို ဂါရဝပြုချင်ကြ ကြောင့် ဗလီကို သွားကြလိမ့်မယ် ကျေးဇူးပြုပြီး ဂိတ်တံခါးဖွင့်ပေးကြ

"ဟုတ်ကဲ့ပါ သခင်မ"

သော့တွေဖွင့်ပြီး ဧည့်သည်တော် နှစ်ဦးအတွက် ဂိတ်တံခါးကို ညင်ညင် သာသာ တွန်းပေးခဲ့ကြပါတယ်။ မိဖု ခေါင်ကြီးရဲ့ ဆွေတော်မျိုးတော် မဟုတ်ပါလား။ ခလေးနှစ်ယောက်လည်း အီမိုနီကို ချည်ထားခဲ့တဲ့ သစ်ပင် ခပ်မြန်မြန်ပြန်လျှောက်ခဲ့ကြီး ရုပ်ရှင် တက်သုတ်ရိုက်ခဲ့ကြပါတော့တယ်။

မီးရထားလမ်းပေါ် သူတို့ရောက် တာနဲ့ ရုပ်ရှင်ရုံထဲမှ ကြေညာသံတွေ နားကွဲလုနီးပါးကြားကြရပါတယ်။

"ဒီဆေးကို သောက်ပါ။ ဒီမာ ကို စားပါ။ ဒီကားမျိုး ဝယ်သုံးပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒီ မော်တော်ဆိုင်ကယ်စီးပါ"

စတဲ့အသံတွေက တစ်ဦးထက် တစ်ဦး ကျယ်ကျယ်လောင်လောင် အပြိုင်အဆိုင် ဟစ်နေကြပါတယ်။

ရုပ်ရှင်ရုံပတ်လည်က မြင်းခွာပုံ တံတိုင်းမှာ ဆည်းလည်းလေးတွေ ဒါဇင် ပေါင်း အမြောက်အမြား ဆိုင်ခင်းထား ကြပါတယ်။ တော်ဖီ၊ ကိတ်မုန့်၊ ပြောင်းဖူးပေါက်ပေါက်၊ ကိုလာဆံနဲ့ သစ်သီးစုံ ရရှိနိုင်ပါတယ်။ အချို့ခလေးတွေကတော့ ရွှေပွဲလာပရိသတ်စီလားတဲ့ မော်တော်ကားတွေကို သန့်ရှင်းရေးလုပ်ပေးကြ၊ စောင့်ပေးကြနဲ့ ဝိုင်းဝိုင်းလည် နေကြပါတယ်။ အချို့ကတော့ ပိုက်ဆံလိုက်တောင်းနေကြပြီး တချို့က ရန်ဖြစ်နေကြပါတယ်။ တချို့ကတော့ ပြေးလွှားအော်ဟစ်ရင်း မကောင်းမှုလုပ်ဖို့ စောင့်စားနေကြပါတယ်။ အမိုးအောက်က ထိုင်ခုံနဲ့ ကြည့်ဖို့အတွက် လက်မှတ်ဖြတ်နိုင်တာကြောင့် ဒူးဒူးကို သူတို့ကျေးဇူးတင်နေမိကြပါတယ်။ အခုတော့"မင်းသမီးနဲ့ ဝိန်" ဆိုတဲ့ ရုပ်ရှင်ကို သူတို့ အေးအေးဆေးဆေး ထိုင်ကြည့်ကြပါတော့တယ်။

ခလေးတွေလည်း ရုပ်ရှင်ထဲမှာ အခိုက်အတန့် နစ်မျောသွားကြပါတယ်။ မင်းသမီးက သူ့ရည်းစားကို ကယ်တဲ့ ဇာတ်ဝင်ခန်းက ခလေးတွေကို ဖမ်းစားခဲ့ပါတယ်။ မင်းသားကို သစ်ပင်တစ်ပင်မှာ တုပ်ထားပြီး သူ့ခေါင်းပေါ်မှာ ဓားကြီးတစ်လက်တွဲလွဲဆွဲထားပါတယ်။ ဓားကြီးက သူ့လည်ပင်းဆီ တဖြည်းဖြည်းနီးသထက်နီးလာပါတယ်။ မုတ်ဆိတ်နဲ့ လူကြမ်းတစ်ယောက်က ဇာတ်လိုက်ကို စောင့်ကြည့်ရင်း ဝမ်းသာအားရဖြစ်နေပါတယ်။ အောက်ဖက်က စာတမ်းကလည်း စိန့်ဘယ်မှာထားတယ်ဆိုတာ ဖွင့်က မပြောရင် မင်းတို့ကို သတ်ပစ်မယ်လို့ ရုပ်ရှင်ပိတ်ကားမှာ ဖော်ပြနေပါတယ်။ ခွန်ဘာကတော့ ကြောက်ကြောက် လန့်လန့်နဲ့မျက်စိတွေ ပိတ်ထားပါတယ်။ ကိမ်က သူမကို တတောင်နဲ့တွက် လိုက်တာနဲ့ သူမကြောက်လန့်စပြုပါ တော့တယ်။

"ရှီး ငါတို့ သိပ်ကံကောင်းတာပဲ၊ ငါတို့နောက်က စကြံလမ်းမှာ ရုပ်ရှင်ဂိုဒေါင်လို့ နံမည်တပ်ထားတဲ့ အခန်းတစ်ခန်းရှိနေတယ်။ ကြည့်လိုက်စမ်း ရုပ်ရှင်ပြစက်ခန်းရဲ့ နောက်ဖက်မှာကွ"

"ဘာအခန်းလဲ ကျွန်မတော့ နားမလည်ပါဘူး"

"နင်ကလည်း နားဝေးလိုက်တာ ရုပ်ရှင်ပြစက်ခန်းနောက်မှာဟ"

ညော့်ကြီးက တံခါးပေါက်လမ်းမှာ ရပ်နေပြီး အထဲက စက်သမားကို စကားပြောနေတယ်လေ"

ခွန်ဘာက ခေါင်းညိမ့်ပြီးယင်း. . .

"အစ်ကို ပြောတာ မှန်ပါတယ်၊ ဂိုဒေါင်တံခါးအောက်က အလင်းရောင် တောင်ထွက်နေတယ်"

"မြန်မြန်ထစမ်း။ ငါ့နောက်က လိုက်ခဲ့"

ညော့်ကြီးအနီးဆီ ကိမ် နောက်က ခွန်ဘာကပ်လိုက်သွားခဲ့ပါတယ်။ ကိမ်က ညော့်ကြီးရဲ့ လက်ထဲ အကြွေနှစ်စေ့ထည့်လိုက်ပြီး. . .

"ကျွန်တော့်နှမလေး မူးနောက်နောက် ဖြစ်လာလို့ အပြင်ဆိုင်က သောက်စရာတစ်ခုတစ်လေ ဝယ်ပေးနိုင်မလား" ဗိုတာကို ပြန်မအမ်းပါနဲ့"

ညော့်ကြီးလည်း ပြုံးဖြီးဖြီးနဲ့ ကသုတ်ကရက် ထွက်သွားပါတယ်။

တစ်စုံတစ်ဦးမျှ မရှိတော့တာ သေချာအောင် စက်ခန်းထဲဆီ သူတို့ လှမ်းကြည့်လိုက်ကြပါသေးတယ်။ အဲဒီအခန်းနဲ့ ဂိုဒေါင်ကန့်ရုံတစ်ခုတည်းဖြစ်နေတာကို သူတို့သတိပြုမိခဲ့ကြပါတယ်။ အဲဒီတစ်ခုတည်းသော နံရံရဲ့အလယ်မှာ ပြူတင်းပေါက် တစ်ပေါက် ရှိနေပြီး ကလကာတစ်ခုနဲ့ ကာထားပါတယ်။

ပြစက်သမားကတော့ ရုပ်ရှင်ပြချိန်မို့ မနားတမ်း ဒလစပ်အလုပ်များနေပါတယ်။ စပြနေတဲ့အလိပ် ကုန်တော့မှာမို့ နောက်အလိပ်ကို ပြစက်ထဲမှာ အဆင်သင့်ထည့်နေပါတယ်။ စာအုပ်ပုံကြီးတွေ ဖိုင်တွဲတွေ၊ ဖလင်ခွေပုံတွေ၊ ဝက်အူလှည့်တွေ၊ ဝိုင်ယာတွေ၊ ဓာတ်ပုံပစ္စည်းပုံကြီးတွေနဲ့ ပြစက်သမားကကွယ်နေပါတယ်။ တစ်ခါပြစက်သမားက ဒုတိယခွေ ပြသဖို့ ဒုတိယစက်မှာ တပ်ဆင်နေပါတယ်။

ညော့်ကြီးပြန်ရောက်လာပြီး သူတို့ကို အအေးတွေ သောက်ဖို့ပေးပြီးတာနဲ့ တပြိုင်နက် ဂိုဒေါင်ဆီသွားတဲ့ တံခါးရှေ့မှာရပ်နေပါတော့တယ်။

ကိမ်က တီးတိုးလေးကပ်ပြီး -

"ထိုင်မနေပါနဲ့။"

ကိမ်ကော ခွန်ဘာပါ မတ်တပ်ရပ်ပြီး အအေးသောက်ရင်း ရုပ်ရှင်ကြည့်နေကြပါတယ်။ ညော့်ကြီးအပြင်ထွက်မယ့် အချိန်ကို နှစ်ဦးသား စောင့်ဆိုင်းနေကြပါတယ်။ ရုပ်ရှင်ပိတ်ကားပေါ်မှာတော့ လူကြမ်းက စိတ်ပြောင်းသွားပါပြီ။ ဇာတ်လိုက်က ဖွင့်ပြောရမယ့်အစား အသေ



www.burmeseclassic.com

www.burmeseclassic.com

ခံဖို့ အဆင်သင့်ဖြစ်နေတာကို လူကြမ်း သိသွားတာကြောင့် ဓါးကြီးကို ဆက်မ လွှတ်ပဲရပ်ပစ်ခဲ့ပါတယ်။ ပိတ်ကားမှာ လည်း မင်းသမီးကို ခြသေ့်တွေဆီ လွှတ် ပစ်လိုက်ဆိုတဲ့ စာတမ်းပေါ်လာပါတယ်။ ပြီးတော့ ကြမ်းတမ်းခက်ထန် မာန်ဖီ နေတဲ့ ခြသေ့်တစ်ကောင်ထည့်ထားတဲ့ လှောင်အိမ်ပေါ်လာပါတယ်။

"မကြောက်ပါနဲ့ အချစ်ရေ။ ရှီဗာ နတ်သမီးက တို့ဆုတောင်းကို ဖြည့် ဆည်းပေးပါလိမ့်မယ်။"

သူမက ရူးရူးဝါးဝါးအော်ဟစ်လိုက်ပါ ဘယ်။ သပ်နောက်ကျသွားခဲ့ပါပြီ။ ခြသေ့် က နားကွဲလုမတတ် ဟိန်းသံကြီးနဲ့ အတူ ခုန်အုပ်ခဲ့ပါတယ်။

ရုပ်ရှင်ပိတ်ကားပေါ်မှာ အမဲရောင် အခင်းတွေပေါ်လာပြီး အဖြူနဲ့အညိုရောင် အကွက်တွေက ထပ်ဆင့်လိုက်ပါတယ်။ အသံလည်း တိတ်သွားပြီး တစ်ရုံလုံး မှောင်အတိ ကျသွားပါတော့တယ်။ ပြစက်သမားလည်း ကမူးရှူးထိုး ယောက်ယက်ခတ်သွားပြီး ဖလင်တွေကို ပြင်ဖို့ကြိုးစားပါတယ်။ ရုပ်ရှင်တစ်ရုံလုံးရဲ့ လျှပ်စစ်ဆာကစ်ကဖြူးစ်ကိုလဲဖို့ ကြိုးစား ခဲ့ပါတယ်။ပြစက်သမားကညွှ်ကြိုကို -

"မန်နေဂျာအခန်းမှာ လျှပ်စစ်ပင်မ ထိန်းခုံခလုတ်ရှိတယ်။ လေကားယူပြီး ကျွန်တော်နဲ့ လိုက်ခဲ့ပါ"

အဲဒီလူနှစ်ယောက် သူတို့ကို ဖြတ် သွားတာနဲ့တပြိုင်နက် ကိမ်က ခွန်ဘာကို ဆွဲခေါ်သွားခဲ့ပါတယ်။ ပရိသတ်ကတော့ နားနားနေနေ ခရာမှုတ်ကြ အော်ဟစ် ကြဖြစ်နေပါတယ်။

"ခွန်ဘာရေ ဒါဟာ ငါတို့အတွက် အခွင့်အရေးပဲဟ။ ပြခန်းထဲက ပြူတင်း ပေါက်ဖွင့်ပြီး ဂိုဒေါင်ထဲမှာ လူရှိမရှိ ကြည့်လို့ရပြီ။ အကယ်၍ အာဒါမူး သို့မဟုတ် ဆာနီ သို့မဟုတ် ကြောက် စရာကောင်းတဲ့ ဂျူးဂျူးကောင်ကြီး တစ် ဦးဦးရှိနေရင် ရာကီဒါပုလိပ်ဌာနဆီ ချက်ချင်းသတင်းသွားပို့ကြမယ်"

"ကျွန်မတော့ ကြောက်တယ် ကိမ် ရယ်။ အချိန်မရွေး ပြစက်သမားနဲ့ ညွှ် ကြိုကရောက်လာနိုင်တယ်။ သူတို့က ဒီ ဂိုဏ်းအတွက် အလုပ်လုပ်ပေးနေကြတဲ့ လူတွေဖြစ်နိုင်တယ်။ သိပ်မှောင်မဲနေပါ တယ်"

"သူတို့ဖြူးစ်လဲဖို့ ကြိုးစားနေကြမှာ ပါ။ ဂရုမစိုက်ပါနဲ့။ တစ်စက္ကန့်အတွင်းမှာ တို့ကိစ္စပြီးသွားမှာပါ"

ကိမ်က ယခင်တုန်းကထက်တောင် သတ္တိကောင်းနေပါတယ်။ ရုပ်ရှင်ရုံတစ် ရုံလုံးလည်း ပန်ကာတွေ ရပ်ကုန်လို့ ပူလောင် အိုက်စပ်နေပါပြီ။ သူတို့ရှေ့ တစ်လက်မကိုတောင် မမြင်ကြရပါ။ ရုပ်ရှင်ရုံပြခန်းထဲ စမ်းပြီး သူဝင်ခဲ့ပါတယ်။ ခွန်ဘာလည်း သူ့နောက်က ကပ်ပါလာ ပါတယ်။ အဲဒီအချိန်မှာ တစ်ရုံလုံး မီးတွေပြန် လင်းလာပါတယ်။ သူ့ဘဝ တစ်လျှောက်ရဲ့ အမိုက်မဲဆုံး အမှားတစ်ခု ကို ကိမ် ကျူးလွန်လိုက်ပါတယ်။ မှောင်အတိကျနေစဉ် က ကိမ်တံခါးမှား ဖွင့်ခဲ့မိပါတယ်။ ဒါကြောင့် သူတို့မောင်နှမ နှစ်ယောက် ပြစက်ခန်းထဲ ရောက်မသွား ခဲ့ကြပါ။ ရုပ်ရှင်ရုံဂိုဒေါင်ထဲမှာ သူတို့ ရောက်နေခဲ့ ကြပါတယ်။ အခန်းကြီးက ကျယ်ဝန်းပြီး ကြောက်စရာ လန့်စရာပါ။

အဲဒီအခန်းထဲမှာ ထိုင်နေကြတဲ့ လူတွေ ကတော့ သူတို့ လိုက်ရှာနေခဲ့ကြတဲ့ လူသားတွေပါ။ အာဒါမူး၊ စူရီမာဒူးနဲ့ ဆရာဆာနီတို့ပါ။အံ့ဩဖို့ကောင်း အသံချဲ့စက်ရုံမှာ ဝင်ကြေးကော မျက်စိစွေနေတဲ့ ဟက်စန်ကိုပါ အတူ နေတာကိုမြင်ကြရတာပါ။ ခြင်း တစ်ခုနဲ့ ဦးချို မှုတ်သမား ဂျုံရီရာ အခြားတူရိယာ သမားနှစ်ဦးတို့ ထိုင်နေကြပါတယ်။ စားပွဲပေါ် ကြမ်းပြင်ဆီကိုပါ တရိုတသေပစ် အရာတွေကတော့ ပူနာကူရတန အထဲက ပစ္စည်းတစ်ခုချင်းစီပါ။ မျက် ဓါး၊ ခရား၊ အကြမ်းသုံးအိတ်ကြီး သတင်းစာစက္ကူတွေ စတာတွေ ကြိုးထုံးတစ်ခွေကိုတော့ အခန်းအ ဖက်တစ်နေရာမှာ ချထားပါတယ်။

လက်ထဲမှာ မှင်တံကိုင်ထား မှတ်စုစာအုပ်တစ်အုပ် ဖွင့်ထားတဲ့ ပြောင်စပြုနေတဲ့ လူလတ်ပိုင်းအရွ တစ်ဦးကတော့ မတ်တပ်ရပ်နေပါတ သူတစ်ကိုယ်လုံး အပြာရောင်လွှမ်းခြုံ ပါတယ်။ ခြေစွပ်၊ ကုတ်အင်္ကျီနဲ့ ရှပ်အ တို့က အပြာရောင်ဖြစ်နေသလိုတပ်ထာ တဲ့ မျက်မှန်ကိုင်းတောင် အပြာနုရောင် ပါ။ အိတ်ကြီးတွေထဲက ထွက်လာ သမျှကို သူကစစ်ဆေးနေတာ ထင်ရ ပါတယ်။ ပြီးတော့ စာရင်းပြုစုပြီး အိတ်တွေထဲပြန်ထည့်နေတာပါ။ ကိမ် ကော ခွန်ဘာတို့နှစ်ဦးလုံး ကြောက် ကြောက်လန့်လန့်နဲ့ ကြက်သေသေ ကြပါတယ်။ နောက်ဆုံးတော့ပျောက် သွားတဲ့ ရတနာတွေကို ပြန်တွေ့ကြပါ သူတို့မျက်စိရှေ့မှောက်မှာကို မြင်နေကြ တာပါ။ ဒါပေမယ့် သူတို့က ကလေး ပါ။ သူတို့မှာ ပြန်ယူနိုင်တဲ့စွမ်းပ မဲ့နေကြပါတယ်။

ဆက်လက်ဖော်ပြပါမည်...

ဒေါင်သန်း



www.burmeseclassic.com

www.burmeseclassic.com

# ဆရာမကြီး ဒေါ်ခင်မာဝေ

## (ဆန်းပညာနှင့် ဂေဟပီရှေ့ဆောင်နက္ခတ်ပညာရှင်)

## လောကီဆိုင်ရာ အကြံပေးပုဂ္ဂိုလ်

လောကီကိစ္စအဖြာဖြာနဲ့ ပတ်သက်ပြီး ကြုံတွေ့ရတဲ့ အခက်အခဲတွေကို ဖြေရှင်းဖို့ လာရောက်နိုင်ပါတယ်။ ဗေဒင်မေးတယ်ဆိုတာထက် အခက်အခဲတွေကို တိုင်ပင်ဆွေးနွေးနိုင်တဲ့ လောကီဆိုင်ရာ အကြံပေးပုဂ္ဂိုလ်လို့ဆိုရင် ပိုမှန်ပါတယ်။ ဘာသာရေးနဲ့မဆိုင်တဲ့ လောကီကိစ္စတွေမှာ လူမျိုးမရွေး၊ ဘာသာမရွေး လူမှန်သမျှ ကြုံရတာပါပဲ။ ဘယ်လိုဖြေရှင်းရင် အဆင်ပြေနိုင်မလဲဆိုတာ ဆရာမနဲ့ တိုင်ပင်ကြည့်ရင် ပိုကောင်းပါတယ်။ ယတြာချေတယ်ဆိုတာထက် ဖြေရှင်းနိုင်မယ့် နည်းလမ်းတွေကို အကြံပေးခြင်းလို့ပြောရင် ပိုမှန်ပါတယ်။

လူ့လောကမှာ လူတိုင်းမကင်းနိုင်တဲ့ ပြဿနာတွေရှိပါတယ်။ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေဟာ လူ့လောကရဲ့ နေ့စဉ်ကြုံရတဲ့ အဖြစ်အပျက်တွေပါပဲ။ ခလုတ်ထိမှ အမိတနေမယ့်အစား ဘာမှမဖြစ်ခင်မှာ ကံတွေကို ကြိုတင်စစ်ပြီး၊ ကြုံတွေ့နိုင်တဲ့ အခက်အခဲတွေအတွက် ကြိုတင်ပြင်ဆင်ထားတာ အကောင်းဆုံးပါပဲ။

ဆရာဟာ အမြဲတမ်း ကိုယ့်အနားမှာ မရှိနိုင်ပါဘူး။ ကိုယ့်အနားမှာ ကိုယ်သာအမြဲရှိတာပါ။ ဒါကြောင့် ဆရာကိုအားကိုးမယ့်အစား ကိုယ်တိုင်ပညာတတ်ထားရင် ပိုကောင်းတာပေါ့။ လူတိုင်းသိထားရင် ရှောင်စရာကို ရှောင်နိုင်မယ်။ ဆောင်စရာကို ဆောင်နိုင်မယ်။ ဒါဆို လောကမှာနေရတာ အဆင်ပြေလာမှာ အသေအချာပါပဲ။ ပညာသင်ဖို့ စိတ်ဝင်စားရင် လာခဲ့ပါ။ လုံးဝတတ်မြောက်သည့်တိုင် သင်ကြားပေးနိုင်ပါတယ်။

**အခန်း(၄)၊ အမှတ်(၄၉/၅၀)၊ ဗိုလ်မှူးဗထူးလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြောက်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၇၃၁၂၇၈၂၆**

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

နေမွန်းတည့်ရန် ဆယ်မိနစ်ခန့်သာ လိုတော့သည်။ နွေရာသီ၏ မွန်းတည့်လုလု အပူချိန်ကား ပြင်းလှပေသည်။ သို့သော် တိုးမြစ်ကမ်းသို့ မကြာမီ ဆိုက်ကပ်လာမည့် မော်တော်ကို ကြိုလင့်စောင့်စားနေသူများကား ကမ်းလုံးကျွတ်မျှ ရှိနေသည်။ ဤသို့ လူအုပ်ကြီးနှင့် စောင့်စားနေသူများထဲတွင် အမျိုးသား၊ အမျိုးသမီးများသာမက ရဟန်းသာမဏေများလည်း ပါဝင်ပါသည်။ ကမ်းလုံးကျွတ်မျှသော လူအုပ်ကြီးမှာ နွေ၏အပူရှိန်ကြောင့် ချွေးဒီးဒီး စီးကျနေသည်။ တချို့ကလည်း "မြန်မြန်လာပါစေတော့" ဟူ၍ တိုးတိုးလေး ဆုတောင်းနေကြသည်။ တချို့ကလည်း အဝေးမှဆိုက်ရောက်လာမည့် မော်တော်၏ ခေါင်းတိုင်ကလေးကို မြင်ရနိုးနှင့် ရေစပ်သို့ဆင်းကာ ကြည့်နေကြသည်။

ဤသို့ မော်တော်အလာကို စောင့်နေသူများထဲတွင် ကိုရင်ဝဏ္ဏလည်း ပါဝင်နေသည်။ ကိုရင်ဝဏ္ဏသည် တိုးမြစ်ကမ်းသို့ ရောက်ခဲ့သည်မှာ ဆယ်နာရီကျော်ကျော်ခန့်က ဖြစ်သည်။ ဆွမ်းစောစောစားပြီးသည်နှင့် ဦးပဥ္စင်းရှင်သုနေယျ၏ ဦးဆောင်မှုဖြင့် ထိုဆိပ်ကမ်းသို့ လာရောက်ခဲ့ခြင်း ဖြစ်သည်။ ဆယ်နာရီခန့်က ဆွမ်းစားခဲ့သော ကိုရင်ဝဏ္ဏမှာ ဝမ်းထဲ၌ ဆာလောင်မွတ်သိပ်နေသည်။ နေပူပူမှာ မတ်တတ်ရပ်နေရသဖြင့် ဝမ်းထဲက တကျွတ်ကျွတ်ဆာသလို၊ ရေသောက်ချင်သည့်စိတ်ကလည်း တဖွားဖွား ဖြစ်ပေါ်နေသည်။

မြစ်ပြင်ကို လှမ်းကြည့်လိုက်ပြန်တော့ မော်တော်ကို မမြင်ရဘဲ နေ



www.burmeseclassic.com

ရောင်ခြည်ထိုးနေသည့် ရေပြင်ကိုသာ တွေ့ရသည်။ နေရောင်ခြည်၏အလင်းကြောင့် လှိုင်းကလေးများ တဖျပ်ဖျပ် အလင်းပြန်နေသည်။ ကိုရင်ဝဏ္ဏမှာ ခေါင်းမူးလာပြီး ပစ်လဲချင်လောက်အောင် ခံစားနေရသည်။ ချွေးသီးချွေးပေါက်ကြီးများ ထွက်လာကာ သင်္ကန်းတစ်ခုလုံး စိုရွှဲနေသည်။ ထိုစဉ် ကိုရင်ဝဏ္ဏ၏အနီးသို့ ရှမ်းလွယ်အိတ်လွယ်ထားသည့် အဘိုးကြီးတစ်ဦး ရောက်ရှိလာသည်။ အဘိုးကြီးသည် သျှောင်တစောင်းထုံးထားပြီး ဖျင်နီတိုက်ပုံကို ဝတ်ဆင်ထားသည်။ ခါးတွင် ယောပုဆိုးအနက်ကွက်ကို ဝတ်ကာ ခါးပတ်ပတ်ထားသည်။ အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်းနှင့် ဥပမိရုပ်ကောင်းလှသည်။

ထိုအဘိုးကြီးသည် ကမ်းစပ်၌ လူအများအပြားရှိသည့်အနက် ကိုရင်ဝဏ္ဏအနီးသို့ သွားပြီး ...

"ကိုရင် ... ဘွဲ့အမည် ဘယ်လိုခေါ်သလဲ ဘုရား"

"ကိုရင့်ဘွဲ့က ဝဏ္ဏသီရိပါ"

"ဩော် ... ရှင်ဝဏ္ဏသီရိကိုး။ ဒါ့ထက် ... ကိုရင်က ဘာကိုစောင့်နေတာလဲ"

"ကိုရင်တို့ကျောင်းက ဆရာတော်ကြီးကို အစိုးရက ဖျာပုံမြို့မှာ ဘွဲ့တံဆိပ်အပ်နှင်းလို့ သွားယူတာ အခု မော်တော်နဲ့ ပြန်လာမှာမို့ ဒကာ၊ ဒကာမတွေရော ကိုရင်တို့ပါ ဆရာတော်ကြီးကို ကြိုဖို့ စောင့်နေကြတာ"

"ဩော် ... ဒါကြောင့်မို့လို့ လူတွေအများကြီး စောင့်နေကြတာကို"

"ဟုတ်ပါတယ်"

"ဒါနဲ့ ကိုရင့်ကိုကြည့်ရတာ ဗိုက်ဆာနေပုံရတယ်"

"ဟုတ်ပါတယ်။ ဗိုက်ဆာနေပါတယ်။ ဒါပေမယ့် မွန်းလွဲနေပြီနဲ့ တူတယ်"

ကိုရင်ဝဏ္ဏက ဤသို့ပြောလိုက်ရာ ထိုအဘိုးကြီးက ၎င်းလက်တွင် ပတ်ထားသည့် လက်ပတ်နာရီကို ကြည့်ပြီး ...

"ကိုရင် ဆယ်မိနစ်တော့ လိုသေးတယ်။ တပည့်တော်မှာ ငှက်ပျောသီးတစ်လုံး ပါတယ်။ အဲဒါကို ဘုဉ်းပေးတော်မူပါ။ အချိန်မီပါသေးတယ်"

ပြောပြောဆိုဆို ဖီးကြမ်းငှက်ပျောသီးတစ်လုံးကို ကပ်လိုက်ရာ ကိုရင်လည်း ခပ်မြန်မြန်စားလိုက်သည်။ ထို့နောက် အဘိုးကြီးသည် သူ့တွင်ပါလာသည့် ဘူးသီးခြောက်ရေဘူးကို ကမ်းပေးကာ ...

"သောက်ရေ သုံးဆောင်တော်မူပါ ဘုရား"

ဟုပြောကာ ရေကပ်သဖြင့် ကိုရင်လည်း ရေဘူးကို လှမ်းယူပြီး ရေသောက်လိုက်သည်။ ထိုသို့ ငှက်ပျောသီးနှင့် ရေသောက်ပြီးနောက် ဝမ်းထဲအေးသွားကာ ဗိုက်ဆာခြင်း၊ ရေဆာခြင်း အလျှင်းမရှိတော့ဘဲ အေးငြိမ်းသွားသည်။

"ကိုရင်ဝဏ္ဏ ... တပည့်တော်ရဲ့နာမည်ကို မှတ်ထားပါ ဘုရား။ တပည့်ရဲ့နာမည်ဟာ 'တော်ကိုးလုံးဆရာရွှေ' ဖြစ်ပါတယ်။ ကိုရင်ဝဏ္ဏနဲ့ တပည့်တော်ဟာ တစ်နေ့နေ့မှာ ပြန်တွေ့ကြပါလိမ့်မယ်ဘုရား။ အဲဒီအခါမှာ ကိုရင် တပည့်တော်ကို မမေ့ပါနှင့်ဘုရား"

အဘိုးကြီးက ဤသို့ပြောလိုက်ရာ ကိုရင်ဝဏ္ဏက ...

"ကိုရင့်ကို မမေ့နဲ့လို့ ပြောသည့် ဒကာကြီးနာမည် ပြန်ပြောပါဦး"

"တပည့်တော်ရဲ့ နာမည်ဟာ 'တော်ကိုးလုံးဆရာရွှေ'ပါ ဘုရား"

"တော်ကိုးလုံး ဆရာရွှေဆိုတဲ့ နာမည်ကို ဘာကြောင့် မှည့်ထားတာလဲ"

"အခု ကိုရင်နေတဲ့ ဒေးဒရဲမြို့မှာ တော်ကိုးလုံး ခြံရံထားတယ်ဆိုတာ သိသလား"

"သိပါတယ် ဒကာကြီး။ တော်ကျိုက်၊ တော်လှ၊ တော်ကမယ် စတဲ့ တော်ပါတဲ့ ရွာကြီးကိုးရွာ ရှိတာကို ဆိုလိုတာ မဟုတ်လား"

"ဟုတ်ပါတယ်။ တပည့်တော်ဟာ အဲဒီရွာကြီးကိုးရွာမှာ အဓိဋ္ဌာန်စခန်းအောင်ခဲ့တဲ့အတွက် ဆရာကြီးများက တပည့်တော်ကို 'တော်ကိုးလုံးဆရာရွှေ'လို့ ချီးမြှင့်ခဲ့တာပါ"

"ဩော် ... ဩော်"

"ဒါပေမယ့် တပည့်တော်ရဲ့ အလုပ်စခန်းက မပြီးသေးဘူး။ ဆက်ပြီးလုပ်ရဦးမယ်။ အဲဒီကိစ္စတွေ အောင်ပြီးရင် တပည့်တော်ဟာ ကိုရင့်ဆီကို ဆက်ဆက်လာခဲ့ပါ့မယ် ဘုရား"

"ကောင်းပါပြီ ...။ ဒကာကြီး နောက်တစ်ခါလာရင် ငှက်ပျောသီးနဲ့ ရေဘူး ယူလာခဲ့ဦးနော်။ ဒကာကြီးရဲ့ ငှက်ပျောသီးက ဗိုက်ထဲကို အေးသွားတာပဲ"

"ကောင်းပါပြီ ဘုရား။ ဒါဆို ကိုရင်က ငှက်ပျောသီးနဲ့ရေဘူးမြင်ရင် မှတ်မိမှာလား"

"မှတ်မိမှာပေါ့ ဒကာကြီး"

ကိုရင်ဝဏ္ဏနှင့် အဘိုးကြီးတို့



www.burmeseclassic.com

www.burmeseclassic.com

ဦးသား စကားပြောနေစဉ် ...

"ဘုန်းတော်ကြီး အရှင်စန္ဒာသူရိယ လိုက်ပါလာတဲ့ မော်တော် ဆိုက်ရောက်လာပြီ" ဟူသည့် စကားသံသည် လော်စပီကာမှတစ်ဆင့် ဟိန်းထွက်လာပါသည်။ ထိုအခါ ကိုရင်လေးလည်း ...

"ဆရာတော်ရဲ့ မော်တော် ဆိုက်ရောက်ပြီတဲ့"

ဟုပြောပြီး မော်တော်ဆိပ်ကို လှမ်းကြည့်လိုက်ရာ လူအများမှာ လှုပ်လှုပ်ရွရွဖြစ်နေသည်ကို တွေ့လိုက်ရသည်။ ကိုရင်ဝဏ္ဏမှ ခရီးသွားအဘိုးအိုအား ...

"ဒကာကြီး ... ကိုရင်တို့ဆရာတော်ကြီး ကြွလာပြီ"ဟု လှမ်း၍ ပြောပြောကြည့်ကြည့် ကြည့်လိုက်ရာ အဘိုးအိုမှာ ပျောက်ခြင်းမလှ ပျောက်သွားပါတော့သည်။

ကိုရင်ဝဏ္ဏသည် တိုက်ပုံအင်္ကျီဝတ်ထားသည့် အဘိုးအိုကို လူအုပ်ကြားထဲတွင် ရှာကြည့်ပါသော်လည်း ထိုအဘိုးအိုကို မတွေ့ရတော့ပေ။ သူသည် အခြားဦးပဥ္စင်းများနှင့်အတူ ဆရာတော်ကြီးကို ကြိုဆိုခဲ့သည်။ ဆရာတော်ကြီးကို ရပ်မိရပ်ဖများက လှည်းယဉ်ပေါ်တွင်တင်၍ ပင့်ဆောင်သွားခဲ့သည်။ ကျန်လူအများက ဆရာတော်ကြီး၏ လှည်းယဉ်အနောက်မှ ခြေလျင်ခရီးဖြင့် ကျောင်းသို့ လိုက်လာခဲ့ကြသည်။

ကျောင်းသို့ရောက်သောအခါ ကိုရင်ဝဏ္ဏသည် သူ၏အိပ်ရာခန်းသို့ ဝင်လိုက်ရာ သူ၏ကုတင်ပေါ်တွင် ...

"ဟင် ... ဖီးကြမ်းငှက်ပျောသီးတစ်လုံးပါလား။ ဘယ်သူလာထားပါလိမ့်"

ဖီးကြမ်းငှက်ပျောသီးတစ်လုံးကို တွေ့ရှိ၍ ကောက်ယူပြီး ...

"ဒါ ... ဘယ်သူ့ငှက်ပျောသီးလဲ"ဟုမေးရာ မည်သူမျှ ပြန်မဖြေသဖြင့် ကျက်သရေခန်းသော့ကိုင် အရှင်ရေဝတထံသို့ အပ်နှံလိုက်သည်။ ထိုနေ့မှစ၍ ထူးခြားမှုတစ်ခုနှင့် ဆက်တိုက် တွေ့ကြုံခဲ့သည်။ ဆွမ်းခံကြွရာတွင် ဆွမ်းခံအိမ်မှ ဖီးကြမ်းငှက်ပျောသီးတစ်လုံး အလှူခံရရှိတတ်သည်။ ဆွမ်းခံအိမ်မှ ငှက်ပျောသီး မလှူသည့်အခါတွင် ကိုရင်ဝဏ္ဏအိပ်သည့် ခုတင်ခေါင်းရင်း၌ ဖီးကြမ်းငှက်ပျောသီးတစ်လုံး ရောက်နေတတ်သည်။ ထူးဆန်းသည်မှာ နေ့စဉ်နေ့တိုင်း ဖီးကြမ်းငှက်ပျောသီးတစ်လုံး မရသည့်နေ့ မရှိအောင် ဖြစ်နေသည်။ ဤသို့ နေ့စဉ်နေ့တိုင်း ငှက်ပျောသီးတစ်လုံး ရောက်ရှိသည့်ကိစ္စမှာ ကိုရင်များမှတစ်ဆင့် ဦးပဥ္စင်းများသို့လည်းကောင်း၊ ဦးပဥ္စင်းများမှ ဆရာတော်ကြီးထံသို့ ရောက်ရှိသွားခဲ့သည်။

နောက်တစ်နေ့တွင် ကိုရင်ဝဏ္ဏထံ၌ ရောက်ရှိနေသော ငှက်ပျောသီးကို ဆရာတော်ကြီးက ယူကြည့်ပြီးနောက် တစ်စုံတစ်ခုကို သတိရသည့်အလား ဦးခေါင်းတဆတ်ဆတ်ညိတ်ကာ ...

"မင်းပဲဖြစ်မယ်"ဟု မိန့်ကြားပြီးနောက် ကိုရင်ဝဏ္ဏကို သူ၏ရှေ့သို့ အခေါ်လွှတ်လိုက်သည်။ ကိုရင်ဝဏ္ဏ ရောက်လာသောအခါ ...

"ကိုရင် ... ဆရာတော် ခရီးသွားနေခိုက်မှာ ကိုရင့်ဆီကို ဘယ်သူလာသေးတုံး"

ကိုရင်ဝဏ္ဏမှာ ဆရာတော်၏ အမေးကို တောင်တောင်အီအီ စဉ်းစားပြီး ...

"ဆရာတော် ခရီးသွားတုန်းမှာ ဒီကျောင်းကိုတော့ ဘယ်သူမှ မလာပါဘုရား။ ဒါပေမယ့် အရှင်ဘုရားကိုကြိုဖို့ မြစ်ကမ်းနံဘေးမှာ စောင့်နေတုန်းက အဘိုးကြီးတစ်ယောက် ရောက်လာပြီး တပည့်တော်ကို ငှက်ပျောသီးတစ်လုံးကျွေးပြီး ရေတိုက်တယ်။ နောက်ပြီး သူ့နာမည်က 'တော်ကိုးလုံး ဆရာရွှေ'လို့ ပြောတယ်ဘုရား"

"ဟုတ်ပြီ ... မောင်ရွှေ ... မောင်ရွှေ ... မင်းရောက်လာခဲ့တာကိုး"

"အရှင်ဘုရား တပည့်တော်ကို သူက ပြောသွားပါသေးတယ် ဘုရား"

"အိမ်း ... ဘာပြောသွားတုံး"

"သူ့ကိစ္စတွေ အောင်မြင်ပြီးရင် တပည့်တော်ဆီကို လာခဲ့မယ်လို့ ပြောတယ်ဘုရား"

"အိမ်း ... အဲဒါ မင်းရဲ့ဘကြီး မောင်ရွှေပေါ့ကွယ်။ သူနဲ့ဆရာတော်က ငယ်သူငယ်ချင်းတွေပဲကွဲ့။ ရဟန်းဝတ်တုန်းကလည်း အတူတူပဲ။ နောက်တော့ ဆရာတော်က ပရိယတ္တိစာတွေကို ဆက်သင်ခဲ့တယ်။ မောင်ရွှေကတော့ လူထွက်ပြီး ဝိဇ္ဇာလိုင်းဘက်ကို လိုက်စားသွားတယ်ကွဲ့။ အိမ်း ... ကိုရင်က ငယ်သေးတော့ ဝိဇ္ဇာလိုင်းပညာရပ်ဆိုတာကို သိမှ သိရဲ့လား မသိဘူး။ ဇာတ်ထဲမှာ ဇော်ဂျီကို တွေ့ဖူးတယ် မဟုတ်လား"

"တင်ပါ့ဘုရား"

"အဲဒီလိုပဲ ... ဝိဇ္ဇာဇော်ဂျီလိုင်းကို လိုက်စားသွားတာပေါ့ကွယ်"



www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ကိုရင်ဝဏ္ဏမှာ အသက် ၁၂ နှစ်သာ ရှိသေးသည့်အတွက် ဆရာတော်ပြောသည့်စကား အပြည့် အစုံကို ကောင်းစွာ သဘောမပေါက်ပေ။ သို့သော် ဆရာတော်ကြီးက ဆက်၍ ပြောခဲ့သည်။

"ကိုရင် ... ငယ်သေးပေမယ့် သေသေချာချာ မှတ်သားထားပါ။ ဒီမြို့ဟာ မြို့တည်စဉ်တုန်းကတည်းက ရှေးပညာရှိကြီးတွေဟာ တော်ကိုးလုံးနဲ့ ကုန်းကိုးလုံး ခြံရံပြီး တည်ခဲ့တယ်ကွဲ့။ အဲဒီတုန်းကတော့ မွန်တိ၊ မွန်ည၊ မွန်စ ဆိုတဲ့ မွန်လူမျိုးတွေ နေခဲ့တာပေါ့။ 'ဒေး'ဆိုတာ များပြားတာ၊ ပေါများတာ။ 'ဒရယ်'ကတော့ ဒရယ်ကောင်တွေပေါ့။ ဒီအရပ်ဟာ ကြမ်းတမ်းတဲ့ ကျားတွေ၊ ခြင်္သေ့တွေ နေတဲ့ အရပ် မဟုတ်ဘူး။ ဒရယ်လေးတွေ ပေါတဲ့အရပ်မို့ 'ဒေးဒရယ်'လို့ ခေါ်တယ်။ နောက်မှ ကာလရွေ့ပြောင်းပြီး 'ဒေးဒရဲ'ရယ်လို့ ဖြစ်လာတာကွဲ့"

"တင်ပါ့ဘုရား"

"တော်ကိုးလုံးဆိုတာက တော်ကျိုက်၊ တော်လှ၊ တော်ကမယ် စတဲ့ တော်ပါတဲ့ ရွာကိုးရွာကို ပြောတာ။ ကုန်းကိုးလုံးဆိုတာကတော့ သဲကုန်း၊ တော်ကြပ်ကုန်း စတဲ့ ကုန်းပါတဲ့ ရွာကိုးရွာကွဲ့။ မင်းရဲ့ဘကြီးဟာ ဆရာတစ်ယောက်ရဲ့ နောက်ကို လိုက်သွားခါနီးမှာ ဆရာတော်ကို လျှောက်တင်သွားတယ်။ တော်ကိုးလုံး အဓိဋ္ဌာန်ဝင်လို့ ပြီးမြောက်အောင်မြင်သွားရင် တော်ကိုးလုံးဆရာရွှေ ဖြစ်မယ်။ ဒါဆိုရင် တစ်ဆင့်အောင်သွားပြီလို့ ပြောတယ်။ အခု ကိုရင်လေးပြောတဲ့ စကားနဲ့ ငှက်ပျောသီးကို ဆက်စပ်ကြည့်မယ်ဆိုရင် သူ့ရဲ့အဆင့်ဟာ ငွေပြန်နိုင်သလို ငှက်ပျောသီးကို ကောင်းစွာပြန်နိုင်ပြီ ထင်ပါရဲ့"

ထိုစဉ်က ငွေပြန်ဆိုသည်ဆိုသည့် စကားကို ကိုရင်နားမလည်ပါ။ နောက်မှ ဦးပဉ္ဇင်း ရှင်ရေဝတ ပြောပြမှ သိခဲ့ရသည်။ ငွေပြန်ဆိုသည်မှာ ငွေဒင်္ဂါးတစ်မတ်၊ သို့မဟုတ် ငွေတစ်ကျပ်၊ ငွေတစ်ဆယ် စသည် ငွေစက္ကူဖြစ်စေ ထိုငွေနှင့်ဝယ်သော်လည်း ထိုငွေ မှာ မိမိအိတ်ထဲ ပြန်ရောက်နေလျှင် ထိုငွေကို ငွေပြန်ဟုခေါ်သည်။ ယခု တော်ကိုးလုံးဆရာရွှေမှာ ဝိဇ္ဇာပညာရပ်၌ အဆင့်တစ်ခုကို ရောက်သွား၍ ဤသို့ ငှက်ပျောသီးကို ရောက်စေနိုင်ခြင်း ဖြစ်ပါသည်။

ထို့နောက် ဆရာတော်ကြီးက ဆက်၍ ပြောပြန်သည်။

"ဒီမြို့ဟာ နှယ်နှယ်ရရမြို့ မဟုတ်ဘူး။ ဘုရင့်နောင်မင်းကြီးက ဟံသာဝတီကို တိုက်ခိုက်သိမ်းယူလိုက်တဲ့အတွက် ဟံသာဝတီရဲ့နောက်ဆုံးမင်းဆက် သုရှင်တကာရွတ်ပိရဲ့ မိဖုရားပရော်သဖိဟာ ဒီမြို့ကို အလုံးအရင်းနှင့်ပြေးလာပြီး ကျိုက်ဒေးယုံဘုရားကြီးကို တည်ခဲ့တယ်။ အဲဒီဘုရားကြီးနဲ့ ၈ ဂါဝုတ်တိုင်းမှာ ဘုရားတစ်ဆူ ထပ်ပြီးတည်ခဲ့သေးတယ်။ ဒါဟာ ဒီမြို့ရဲ့ သက်တမ်းဆယ်လောက် ရှိတယ်ဆိုတာသိနိုင်သလို သမိုင်းဝင် ရှေးဟောင်းဘုရားကြီး ရှိတာကြောင့် ဒီမြို့ရဲ့ ကျက်သရေဆောင် ဖြစ်တယ်။ ဆရာတော်ရဲ့ ငယ်သူငယ်ချင်းဟာ ဝိဇ္ဇာပညာရပ်မှာ ထူးထူးချွန်ချွန် ပေါက်ရောက်သွားမှန်း သိရတဲ့အတွက် ဆရာတော်ကြီး ဝမ်းသာပါတယ်"

"တင်ပါ့ဘုရား"

ကိုရင်ဝဏ္ဏမှာ ဆရာတော်ကြီး ၏စကားကြောင့် ဘကြီးအတွက် အား တက်ခဲ့ရသည်။ ထိုညနေတွင် အိမ် ပြန်ပြီး မိဘနှစ်ပါးအား ပြောပြရာ မိဘ နှစ်ပါးလုံးပင် လွန်စွာ ဝမ်းသာသွားခဲ့ သည်။ ထိုအချိန်မှစ၍ ကိုရင်ဝဏ္ဏကို 'ငှက်ပျောသီးကိုရင်'ဟု ခေါ်ခဲ့ကြ သည်။

ကိုရင်ဝဏ္ဏသည် ထိုကျောင်း၌ စာဝါတက်နေစဉ် သူ၏ဖခင်မှာ ကွယ် လွန်သွားသဖြင့် ကိုရင်လူထွက်ကာ မိခင်ကြီးနှင့်အတူ ဝမ်းစာရေးအတွက် ရုန်းကန်လှုပ်ရှားခဲ့ရသည်။ သူ၏ အသက် ၂၀ ပြည့်သောအခါ ဂါး ဖောင်လိုက် လုပ်သားအဖြစ် ပင်လယ် ပြင်၌ ငါးဖမ်းအလုပ် လုပ်ခဲ့ရသည်။ ဂါးဖောင်ဆိုသည်မှာ ပင်လယ်ပြင်၌ ငါးဖမ်းသည့် လှေကြီးဖြစ်သည်။ ပင်လယ်နှင့်နီးသည့် အရပ်ဒေသ၌ နေ ထိုင်သူများအဖို့ ရေလုပ်ငန်းမှာ ငွေ လွယ်သဖြင့် ထိုလုပ်ငန်းကို အများက လုပ်ကိုင်ကြခြင်းဖြစ်သည်။ မောင်ဝဏ္ဏ သည် ကျန်းမာသန်စွမ်းပြီး အကြမ်းခံ နိုင်သည့်အတွက် လှေသူကြီး ဦးဖိုးသာ ၏ မျက်နှာသာပေးခြင်းကို ခံရသည်။ နှစ်နှစ်ခန့် ဂါးဖောင်လိုက်ပြီးနောက် ဂါးဖောင်လုပ်ငန်း မှန်သမျှကို ဦးစီးဦး ဆောင် ပြုလုပ်နိုင်ခဲ့သည်။

မောင်ဝဏ္ဏမှာ ဂါးဖောင်တစ်ခု လုံး မျက်နှာလွှဲရလောက်သည့် အဆင့် သို့ ရောက်လာသောအခါ လှေသူကြီး ဦးဖိုးသာက သူ၏သမီးဖြစ်သူ မမာ လာနှင့် လက်ထပ်ပေးပြီး ဂါးဖောင် ဦးစီးအဖြစ် ခန့်အပ်ခဲ့သည်။

မောင်ဝဏ္ဏမှာ ကိုရင်ဘဝက



www.burmeseclassic.com

www.burmeseclassic.com

လာသူဖြစ်၍ ငါးဖမ်းရသည့် လုပ်ငန်းကို အကုသိုလ်အလုပ်မှန်းသိကာ ထိုလုပ်ငန်းအပေါ် စိတ်မပါချေ။ သို့သော် အိမ်ထောင်မပြုမီက မိခင်ကြီးကို လုပ်ကျွေးရသဖြင့် ရရာအလုပ်ကို ဝင်လုပ်ရခြင်းဖြစ်သည်။ ယခုမူကား ငါးဖောင်ပိုင်ရှင်၏သမီးနှင့် ရသဖြင့် ဤအလုပ်ကို ဆက်၍ လုပ်ဆောင်ရခြင်းဖြစ်သည်။

"အင်း . . . နေ့တိုင်း သူတစ်ပါးရဲ့အသက်ကို သတ်နေရတော့ နေ့တိုင်း ငရဲကြီးနေတယ်။ ဒီအလုပ်ကို မလုပ်ချင်တော့ဘူး။ ဘယ်တော့များမှ ဒီဝဋ်က ကျွတ်ပါ့မလဲ"

သူသည် နေ့တိုင်းပင် ဤသို့ တွေးမိကာ စိတ်မရွှင်ပြတော့ပေ။ မောင်ဝဏ္ဏ မျက်နှာမကောင်းသည်ကို မာလာက တွေ့သောအခါ . . .

"ကိုဝဏ္ဏ . . . ရှင့်ကြည့်ရတာ မျက်နှာလည်း မကောင်းပါလား။ ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူးကွာ"

"ရှင်က ကျွန်မကို မချစ်ဘဲ လူကြီးတွေပေးစားလို့ ယူရတာမို့လို့ စိတ်မပျော်ရွှင် ဖြစ်နေတာ မဟုတ်လား"

"အဲဒီလို မဟုတ်ပါဘူးကွာ။ နေ့တိုင်း ငါးပုဖွန့်တွေကို သတ်နေရတော့ အကုသိုလ်ကြီးလွန်းလို့ စိတ်မချမ်းသာဖြစ်နေတာ"

"ဒီလုပ်ငန်းဟာ ငွေအရကြမ်းတယ်။ သူများတွေလည်း လုပ်နေတာပဲ။ ငရဲကြီးလည်း ဘယ်တတ်နိုင်မလဲ။ ပိုက်ဆံမရှိရင် ဘာနဲ့စားမလဲ"

"မင်းပြောတာလဲ ဟုတ်ပါတယ်။ ဒါပေမယ့် ငါက အကုသိုလ်ကင်းတဲ့ အလုပ်ကို လုပ်ချင်တာ"

"ကိုယ်လုပ်ချင်တိုင်း လုပ်လို့မရဘူး တော်ရေ့။ ရှင့်မှာက မယားနဲ့။ ယောက်ျားဆိုတာ မိန်းမကို လုပ်ကျွေးရမယ့် တာဝန်ရှိတယ်"

"ဟုတ်ပါတယ်။ ငါကလည်း ရှုန်းမထွက်နိုင်သေးတာမို့ စိတ်မကောင်းဖြစ်နေတာ"

ထိုသို့ မောင်ဝဏ္ဏတို့လင်မယားနှစ်ယောက် သံဒိပ်ရွာရှိ နေအိမ်၌ စကားအချီအချ ပြောနေစဉ် . . .

"မောင်ဝဏ္ဏရေ၊ မောင်ဝဏ္ဏ" ဟု မောင်ဝဏ္ဏအမည်ကိုခေါ်၍ အိမ်ခြံဝသို့ ညှိုသည်တစ်ဦး ရောက်လာခဲ့သည်။ ထိုလူကြီးကို မည်သူမှန်း မသိသဖြင့် . .

"ဘယ်သူပါလိမ့် . . . ဝင်ခဲ့ပါ ဦးကြီး"

ထိုအခါ အသက်အရွယ်ကြီးရင့်သော အဘိုးကြီးတစ်ဦး အိမ်ရှေ့ကွပ်ပျစ်၌ ဝင်ထိုင်လိုက်သည်။

"မောင်ဝဏ္ဏ . . . မင်း ငါ့ကို မှတ်မိလား" ဟု ရုတ်တရက် မေးလိုက်ရာ -

"စိတ်မရှိပါနဲ့ ဦးကြီး . . . ကျွန်တော်မမှတ်မိပါဘူး"

"အေး . . . ဒါဆို ဒီမှာ ငှက်ပျောသီး၊ ဒီမှာရေဘူးကွာ။ ငှက်ပျောသီးလည်းစား၊ ရေလည်းသောက်ပေါ့"

"ဟာ . . . သိပါပြီ . . . သိပါပြီ။ ဦးကြီးက ကျွန်တော့်ရဲ့ဘကြီး တော်ကိုးလုံး ဆရာရွှေပဲ"

"အေး . . . ဟုတ်တယ်။ ငါက မင်းအမေနဲ့ တွေ့ပြီးပြီ။ မင်း ဒေးဒရဲမှာ မနေတော့ဘဲ သံဒိပ်မှာနေတယ်ဆိုပြီး လိပ်စာပေးလိုက်လို့ ငါမေးတော်စီးပြီး လိုက်လာခဲ့တာ"

"ဘကြီး . . . ဒီရောက်တုန်း ဒီအိမ်မှာ တစ်ပတ်၊ တစ်လလောက် နေသွားပါဦးလား"

"တစ်ပတ်၊ တစ်လ အချိန်မရပါဘူး ငါ့တူရယ်။ ဒါနဲ့ မင်းအခု ဘာလုပ်ငန်းတွေ လုပ်နေလဲ"

"ငါးဖောင်ဦးစီး လုပ်တယ် ဘကြီး။ ငါးဖောင်နဲ့ ပင်လယ်ပြင်မှာ ငါးဖမ်းထွက်ရတော့ ပင်လယ်နဲ့နီးတဲ့ ဒီသံဒိပ်ရွာမှာ ပြောင်းနေတာ"

"ဒါနဲ့ . . . မင်း ငါးဖောင်လုပ်ငန်းလုပ်ရတာ ပျော်သလား"

"နေ့တိုင်း သူများအသက်တွေ သတ်နေရတာမို့ မပျော်ဘူး ဘကြီး"

"ဒါဆို မင်း ငါ့နောက်ကို လိုက်ခဲ့ပါ။ အရင်တုန်းကတည်းက မင်းနဲ့ငါ စကားရှိခဲ့တယ်။ အချိန်ကျရင် မင်းကို ငါလာခေါ်မယ်လို့ ပြောခဲ့တာလေ။ အခု လိုက်ခဲ့ပေတော့"

ဆရာရွှေက ဤသို့ပြောနေသဖြင့် မောင်ဝဏ္ဏမှာ မည်သို့ပြောရမှန်းမသိ ဖြစ်နေစဉ် မာလာက . . .

"ဘကြီး . . . ကိုဝဏ္ဏကလည်း ဒီအလုပ်ကို မလုပ်ချင်ဘူး။ ဒါပေမယ့် ကျွန်မတို့မှာလည်း ဒီအလုပ်မလုပ်ရင် စားစရာမရှိဘူး။ ဒီတော့ ကိုဝဏ္ဏကို မထည့်နိုင်ဘူး"

"ဒါဆို ဘကြီးပြောမယ်။ မင်း နေ့စဉ်စားဖို့ ငွေတွေရမယ်ဆိုရင် . . . မောင်ဝဏ္ဏကို ထည့်လိုက်မလား"

"ဒါဆိုရင် ထည့်မယ်"

"ကောင်းပြီ . . . ဒီကျောက်ပျဉ်ကို မင်းယူလိုက်။ ပြီးရင် ကြွေပန်းကန်ကွဲဆယ်ခု ငါ့ကိုရှာပေး"

"ဟုတ်ကဲ့ ရှာပေးပါ့မယ်"

မာလာက ဤသို့ပြောပြီး အိမ်



www.burmeseclassic.com

www.burmeseclassic.com

နောက်ဖေး၌ ပန်းကန်ကွဲ၍ လွင့်ပစ်ထားသည့် ကြွေပန်းကန်ကွဲ အပိုင်းအစ ၁၀ ခုကို ယူဆောင်လာပြီး ...

"ဒီမှာ ကြွေပန်းကန်ကွဲ ဆယ်ခုပါ ဘကြီး"

"အိမ်း ... ကောင်းပြီ။ ကြွေပန်းကန်ကွဲ အစတစ်ခုကို အဲဒီ ကျောက်ပျဉ်ပေါ်တင်ပြီး တူနဲ့ထုလိုက်"

"ဟုတ်ကဲ့ ... ကောင်းပါပြီ"

မာလာက ဤသို့ပြောပြီး ကြွေပန်းကန်ကွဲစကို တူနှင့်ထုလိုက်ရာ ...

"ချွင်"ဟူသော အသံနှင့်အတူ ကြွေပန်းကန်ကွဲအစမှာ ...

"ဟင် ... ငွေဒင်္ဂါး ဖြစ်သွားပြီ"

"ဟုတ်တယ် ... ဒါဟာ သမီး ထမင်းစားဖို့အတွက် ဘကြီးပေးတဲ့ငွေပဲ။ ဒါပေမယ့် တစ်နေ့ကို ကြွေပန်းကန်ကွဲစ ဆယ်ဆထက်ပိုပြီး မလုပ်ပါနဲ့"

"ဟုတ်ကဲ့ ဘကြီး။ တစ်နေ့ကို ငွေဒင်္ဂါးဆယ်စရရင် သမီးစားလောက်ပါတယ်။ ဒါဆိုရင် ဘကြီးရဲ့တူကို ခေါ်သွားပေတော့။ ဒါပေမယ့် တစ်နှစ်လောက်ကြာရင်တော့ ပြန်ပို့ပါ"

"ဘကြီးက သူ့ကို ဝိဇ္ဇာအတတ်ပညာတွေ သင်ပေးမှာဆိုတော့ သူအတတ်မြန်ရင် မြန်သလို ပြန်ရောက်လာလိမ့်မယ်"

"ဒါဆိုလည်း ကောင်းပါပြီ။ ဘကြီး ကိုဝဏ္ဏကို ခေါ်သွားပါ"

အိမ်သူဇနီးမယား၏ ခွင့်ပြုချက်ကိုရသဖြင့် ဆရာရွှေလည်း မောင်ဝဏ္ဏကို ခေါ်ဆောင်လာခဲ့သည်။ ထို့နောက် တံ့တေးတောတန်းကြီးအတွင်းရှိ သစ်တောကြီးအတွင်း၌ ဝိဇ္ဇာပညာရပ်များကို သင်ကြားပေးခဲ့သည်။

ထိုစဉ် သံဒိပ်ရွာ၌ ကျန်ရစ်ခဲ့သော မာလာသည် သုံးလခန့်အထိ ဘကြီးစေခိုင်းသည့်အတိုင်း နေ့စဉ် ကြွေပန်းကန်ကွဲစေ့ ဆယ်စေ့သာ ထုသဖြင့် ငွေဒင်္ဂါးဆယ်စေ့ နေ့တိုင်း ရရှိခဲ့သည်။ သို့သော် သုံးလကျော်ပြီးနောက် သူမသည် လောဘတက်လာပြီး ...

"ငါက နေ့တိုင်း ငွေဒင်္ဂါး ဆယ်စေ့ပဲရတယ်။ ဒီနေ့ကစပြီး ငွေဒင်္ဂါး အစေ့နှစ်ဆယ်ရအောင် ကြွေပန်းကန်ကွဲ အစေ့နှစ်ဆယ်ကို တင်ပြီးထုမယ်။ ဒီလိုထုတာကို ဘကြီးလည်း သိမှာမဟုတ်ဘူး"

ဤသို့တွေးကာ ကျောက်ပျဉ်ပေါ်သို့ ကြွေပန်းကန်ကွဲစေ့များကို တင်ပြီးထုရာ ဆယ်စေ့အထိ ငွေဒင်္ဂါးများ ဖြစ်သွားခဲ့သည်။ ဆယ့်တစ်စေ့မြောက် ကြွေပန်းကန်ကွဲစေ့ကို ကျောက်ပျဉ်ပေါ်သို့တင်၍ ထုလိုက်ရာ ငွေဒင်္ဂါး မဖြစ်တော့ဘဲ ...

"ဘုန်း"

"ဒိုင်း"

"ချွမ်း"ဟူသော မိုးခြိမ်းသံကဲ့သို့ ကျယ်လောင်သော အသံကြီးမြည်ဟီးပြီး တော်လဲသံများ ထွက်ပေါ်လာပြီးနောက် ထိုကျောက်ပျဉ်ကြီးမှာ ထောင်ရက်အနေအထား ဖြစ်သွားပြီး အိမ်ခြံဝင်းအတွင်းမှ တစ်ရှိန်ထိုးလိမ့်ပြီး ထွက်သွားရာ ...

"ငါ့ကျောက်ပျဉ် .. ငါ့ကျောက်ပျဉ်"ဟု အော်ဟစ်၍ အပြေးလိုက်ရာ ထဘီကျွတ်ကျသွားသဖြင့် ခပ်မြန်မြန် ပြန်ကောက်လိုက်ရသည်။ ကျောက်ပျဉ်ကြီးမှာ အရှိန်နှင့် လိမ့်ဆင်းသွားရာ ထဘီကောက်နေသဖြင့် ပို၍ ဝေးသွားခဲ့သည်။

"ငါ့ကျောက်ပျဉ် ... လုပ်ကြ
ဦး"

ဟူ၍ အော်၍ အပြေးလိုက်
သော်လည်း ကျောက်ပျဉ်ကြီးမှာ ပို၍
ပို၍ ဝေးသွားခဲ့သည်။ ရွာထဲရှိ ရွာသူ
ရွာသားများက ထွက်၍ကြည့်ရာ ..
ကျောက်ပျဉ်ကြီးမှာ ဒေါင်လိုက် လိမ့်
ဆင်းနေသဖြင့် အံ့သြကာ ကြက်သေ
သေနေကြသည်။ ထို့နောက် ကျောက်
ပျဉ်ကြီးမှာ အရှိန်ပြင်းလာပြီး ရွာထိပ်ရှိ
မြစ်ထဲသို့ ထိုးကျသွားခဲ့သည်။

"ရော် ... ကျောက်ပျဉ်ကြီး
မြစ်ထဲထိုးကျသွားပြီ"

"ဟောတော် ... ကျောက်ပျဉ်
ကြီးက ရေပေါ်မှာ ပေါလောပေါ်နေ
တယ်"

"ဒါဆိုရင် ကျောက်ပျဉ်ကြီးက
ထူးဆန်းပြီး တန်ဖိုးရှိတဲ့ ပစ္စည်းပဲ"

"ကျောက်ပျဉ်ကြီးကို လိုက်
ဆယ်ကြဟေ့"

မမာလာအပါအဝင် ရွာသူရွာ
သားများက ကျောက်ပျဉ်ကြီးကို လိုက်
လံဆယ်ယူသော်လည်း ကျောက်ပျဉ်
ကြီးမှာ ရေစီးနှင့် လျှင်မြန်စွာ မျော
သွားခဲ့သည်။ ထိုမြစ်မှာ ပင်လယ်ပြင်
သို့စီးဝင်သည့် မြစ်ဖြစ်၍ ထိုကျောက်
ပျဉ်ကြီးမှာ မြစ်ထဲမှတစ်ဆင့် ပင်လယ်
ပြင်သို့ လျှင်မြန်သော အဟုန်ဖြင့် မျော
ပါသွားခဲ့သည်။

"ငါမှားတာပါ။ ငါလောဘ
တက်လို့ ကျောက်ပျဉ်ကြီး ပျောက်
ဆုံးရတာ"

ဟူ၍ ပြောပြောဆိုဆို ယူကျုံး
မရဖြစ်ကာ မာလာတစ်ယောက် သည်း
ထန်စွာ ငိုကြွေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုဝဏ္ဏရေ ... ကျုပ်တော့ လုပ်ကျွေးမယ့် ကျောက်ပျဉ် မရှိတော့ဘူး။ ကျုပ်ကို ဘယ်သူ လုပ်ကျွေးပါ့မလဲ။ ရှင်မြန်မြန်ပြန်ခဲ့ပါတော့"

အားကိုးရာမဲ့ ဖြစ်သွားသဖြင့် မာလာမှာ မောင်ဝဏ္ဏအား နေ့စဉ် ငိုကြွေးတမ်းတခဲ့သည်။ ထိုဖြစ်ရပ်ကို တော်ကိုးလုံးဆရာရွှေ သိသွားပြီး ...

"မောင်ဝဏ္ဏရေ ... မင်းမိန်းမတော့ လောဘတက်လို့ ကျောက်ပျဉ်ကြီး ပျောက်ကွယ်သွားပြီ။ ဒီတော့ မင်းမိန်းမမှာ စားသောက်ဖို့ အခက်အခဲနဲ့ တွေ့ကြုံတော့မယ်။ မင်းပြန်ပြီး မင်းမိန်းမကို စောင့်ရှောက်ရမယ်"

"ကျွန်တော်မပြန်ချင်ဘူး ဘကြီး။ ဒီပညာကို ဆုံးခန်းတိုင်အောင် သင်ချင်ပါတယ်"

"မင်းဟာ ဝိဇ္ဇာမျိုးစေ့ ရှိတဲ့သူပဲ။ မင်းဒီပညာကို ပြီးဆုံးအောင် သင်ရမယ်။ ဒါပေမယ့် အခုချိန်မှာတော့ မင်းမိန်းမဆီကို ခဏပြန်သွားပြီး စောင့်ရှောက်ရမယ်"

"ပြန်တာကတော့ ဟုတ်ပါပြီ။ ဒါပေမယ့် ကျွန်တော်ဟာ အကုသိုလ်အလုပ်ကို ဆက်မလုပ်ချင်တော့ဘူး ဘကြီး"

"အိမ်း ... မင်းမလုပ်ချင်တဲ့ ငါးဖောင်အလုပ်ကို မလုပ်ရပါဘူး"

"ဒါဖြင့် ကျွန်တော်က ဘာအလုပ် လုပ်ရမှာလဲ"

"မင်း ... ဆေးဆရာ လုပ်ရမယ်။ အခု မင်းကို သင်ပေးလိုက်တဲ့ ဆေးနည်းတွေကို ဆေးပင်တွေရှာပြီး အဲဒီကျောက်ပျဉ်ပေါ်မှာ တင်ကြိတ်ရမယ်"

"အဲဒီကျောက်ပျဉ်က ပျောက်သွားပြီလို့ ဘကြီးပဲ ပြောတာပဲ"

"အေး ... အဲဒီကျောက်ပျဉ်ကို ပြန်ခေါ်လို့ ရပါတယ်။ မင်းဟာ ပင်လယ်ပြင်ကိုသွားပြီး ... 'ဆရာရွှေရဲ့ ကျောက်ပျဉ် ပြန်လာခဲ့'လို့ ခေါ်လိုက်ပါ။ ပြန်တွေ့ပါလိမ့်မယ်"

"ကောင်းပါပြီ"

ဤသို့ပြောပြီးနောက် မောင်ဝဏ္ဏသည် သံဒိပ်ရွာသို့ ပြန်လာခဲ့သည်။ ဇနီးဖြစ်သူမှာ မောင်ဝဏ္ဏ ပြန်လာသဖြင့် ဝမ်းသာအားရ ကြိုဆိုပြီး ကျောက်ပျဉ်ကြီးမှာ ရေပေါ်ကြောင်းနှင့် ရေစီးနှင့်အတူ ပျောက်ကွယ်သွားကြောင်း ပြောပြခဲ့သည်။

"ကိုဝဏ္ဏ ... ရှင် ဒီအကြောင်း ကြားရတာ မအံ့သြဘူးလား"

"မအံ့သြပါဘူး။ ဒီအကြောင်းကို ငါ့ဘကြီးကပြောလို့ သိပြီးသွားပြီ။ ငါအခုပြန်လာတာဟာ ဒီကျောက်ပျဉ်ကြီးကို ပြန်ရှာဖို့ပဲ"

"ဘယ်လိုဖြစ်နိုင်မှာလဲ ကိုဝဏ္ဏရယ်"

"မင်းမသိရင်လည်း ဒီအတိုင်းပဲနေပါ"

နောက်တစ်နေ့တွင် မောင်ဝဏ္ဏသည် ပင်လယ်ပြင်သွား လှေကြီးဖြင့် ပင်လယ်ပြင်သို့ ထွက်ခွာလာခဲ့သည်။ ကမ်းမမြင် လမ်းမမြင်နေရာ အရောက်တွင် ...

"တော်ကိုးလုံး ဆရာရွှေရဲ့ ကျောက်ပျဉ် ပြန်လာခဲ့ပါ ... ဆရာရွှေရဲ့ အမိန့်"

ဟူ၍ သုံးကြိမ်သုံးခါ အော်ဟစ်ပြောလိုက်ရာ မကြာမီ မိုးကောင်းကင်တစ်ခုလုံး ညို့မှိုင်းလာပြီး လှိုင်းများထလာသည်။ လှိုင်းနှင့်အတူ တစ်စုံတစ်ခု မျောလာသည်ကို တွေ့လိုက်ရသည်။ တဖြည်းဖြည်း နီးလာသည်နှင့်အမျှ ထိုသဏ္ဌာန်တစ်ခုကို သဲကွဲစွာ မြင်တွေ့လိုက်ရသည်။ ထိုမြင်ကွင်းမှာ ...

"ဟာ ... ဟိုမှာ ... ရေပေါ်ကျောက်ပျဉ်ကြီးပါလား။ ကဲ ... ကဲ ... ဆရာရွှေရဲ့ ကျောက်ပျဉ်ကြီး ပြန်လာပါ"

ဟု ပြောလိုက်ရာ လှိုင်းပုတ်ခြင်းနှင့်အတူ ကျောက်ပျဉ်ကြီးမှာ အနီးသို့ရောက်လာသဖြင့် လှော်တက်ဖြင့် လှမ်းဆွဲယူလိုက်သည်။ ရေပေါ်ကျောက်ပျဉ်ကြီးကို မောင်ဝဏ္ဏ ပြန်လည်ရရှိခဲ့ပါပြီ။ ဝမ်းသာမှုအပေါင်း သရဖူဆောင်းကာ ရွာသို့ ပြန်လာခဲ့သည်။ ရွာသို့ပြန်ရောက်ပြီးနောက် ဆရာရွှေသင်ပေးခဲ့သည့် ဆေးပညာဖြင့် ဤကျောက်ပျဉ်ကို အသုံးချကာ ဆေးကြိတ်ပြီး ဆေးဆရာအဖြစ် ခံယူခဲ့သည်။ သူ၏ဆေးများမှာ အစွမ်းထက်သလို၊ စေတနာ၊မေတ္တာဖြင့် ဆေးကုသပေးသည့်အတွက် လက်မလည်အောင် ကုသရသည်။ ဤသို့ဖြင့် ဆရာတစ်ဆူအဖြစ် ကျော်ကြားလာခဲ့သည်။ သူသည် ဝိဇ္ဇာပညာရပ်နှင့် ဆေးပညာရပ်များကို တွံတေးတောကြီးတန်းထဲတွင် သင်ကြားခဲ့သဖြင့် 'တောကြီးတန်း ဆရာဝဏ္ဏ' အဖြစ် ထင်ရှားခဲ့သည်။ ဤသည်မှာ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက အဖြစ်အပျက်တစ်ခုဖြစ်ကြောင်း သက်ကြီးစကားမှတစ်ဆင့် သိခဲ့ရပါတော့သည်။

**ရီရီမွေး**

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သည့်ရဟန်းကလေး၏ လာခဲ့ရာ
သမ်းသည် ကောသလတိုင်းရှိ ပစ္စန္တရာဇ်
ရွာငယ်ကလေးတစ်ရွာမှ ဖြစ်သည်။

သူ၏ ဦးတည်ရာကား သာဝတ္ထိ
မြို့ရှိ ဇေတဝန်ကျောင်းတော်ကြီးဆီသို့
ဖြစ်၏။ အဲသည်ကျောင်းတော်အမွန်ကြီး
၌ လူနတ်ပြဟ္မတို့၏ ဆရာသခင် ဘုရား
ရှင် သီတင်းသုံးနေသည် မဟုတ်လော။
သူ၏ ရည်ရွယ်ချက်က ဘုရားရှင်ထံမှ
ကမ္မဋ္ဌာန်းကို တောင်းယူကာ လာရာလမ်း
ကို ပြန်လျက် ရွာငယ်ဇနပုဒ်၌ တရား
အားထုတ်ဖို့ပင် ဖြစ်၏။

သည့်အတွက် ခရီးလမ်းအသွယ်
သွယ်ကို ဖြတ်ကျော်၍ ဘုရားရှင်ထံ
မှောက် ရောက်ခဲ့သည်။ ဘုရားရှင်ချီးမြှင့်
သော ကမ္မဋ္ဌာန်းတရားကိုလည်း နာယူခဲ့
သည်။ ပြီးတော့မှ အေးချမ်းသာယာစွာ
တရားအားထုတ်ဖို့ရာ မူလသီတင်းသုံး
သည့် ကောသလတိုင်းရှိ ပစ္စန္တရာဇ်ရွာ
ငယ်ကလေးသို့ပင် ပြန်လည်ကြွမြန်းလာခဲ့
ပါချေသတည်း။

• • •

ဘဝက်ကြမ္မာတွေက အလှသံသရာ
တွေချည်း မဟုတ်ခဲ့။

ရံဖန်ရံခါ၌ နာလန်မထူနိုင်အောင်
ဒဏ်ရာဒဏ်ချက်တွေ အပေးသား။

ခုပဲကြည့် . . . ။

ပစ္စန္တရာဇ်ရွာနှင့် မနီးမဝေးရှိ တော
အုပ်ကလေးအတွင်း တောကျောင်းကလေး
၌ သူသီတင်းသုံးနေစဉ်အတွင်း မမျှော်
လင့်ဘဲ တောကျောင်းကလေးသည် မီး
ဘေးသင့်ခဲ့ရ၏။ ပြာပုံအတိဘဝသို့ ရောက်
ခဲ့ရ၏။ သည်တော့လည်း သူ့အားဆည်း



www.burmeseclassic.com

ကပ်ကိုးကွယ်ကြကုန်သော ပစ္စန္တရာဇ်ရွာရှိ ဒကာ၊ ဒကာမအပေါင်းထံ ကြွရောက်ပြီး ကျောင်းသစ်ကလေး ဆောက်လုပ်ပေးရန် အမိန့်ရှိခဲ့ပါ၏။

သည်မှာတင် ရွာသူရွာသား ဒကာဒကာမအပေါင်းထံမှ သူသီတင်းသုံးဖို့ရာ ကျောင်းသစ်ကလေး ဆောက်လုပ်ရေးနှင့် ပတ်သက်သည့် အသံဗလံတွေကို ကြားလာရတော့သည်။

"ကျောင်းဆောက်တာ ဘာမှ မခဲယဉ်းပါဘူးဗျာ။ တောထဲမှာလည်း သစ်ဝါးတွေဆိုတာ အလျှံပယ်ပါ။ ဒါပေမဲ့ သစ်တွေဝါးတွေ ပေါ်တိုင်း ဆောက်ရတာ လွယ်မှတ်လို့။ ဆောက်လုပ်ပေးမယ့်သူတွေ အားမအားဆိုတာလည်း ရှိသေးတယ်လေ။ ကျုပ်တို့က လယ်ထဲ ရေသွင်းပြီးမှပဲ အားမဗျို့"

တချို့ကျတော့လည်း ...

"ခင်ဗျားက ရေသွင်းပြီးမှ အားတာ။ ကျုပ်ကတော့ မျိုးကြဲဖို့ လုပ်ရဦးမယ်။ မျိုးမကြဲရသေးလို့ကတော့ ယားလို့တောင်မှ မကုတ်အားသေးပါဘူးဗျာ။ ကျောင်းဆောက်ဖို့ အသာထားပါဦး"

"ခင်ဗျားတို့လယ်တွေက ကုန်းပိုင်းကျလို့ တော်ပါသေးရဲ့။ ကျုပ်လယ်ကျတော့ လဟာထဲရောက်နေတာဗျ။ သည်တော့ ရေထုတ်ရေသွင်းကောင်းရအောင် လယ်ကန်သင်းကို ဖို့ရဦးမယ်"

"ငါ့လယ်လည်း ဘာထူးလို့လဲကွာ။ ပေါင်းမြက်တွေ အင်မတန်ထူတာကလား။ ဒါတွေ ရှင်းလင်းသုတ်သင်ပြီးမှပဲ အားတော့မယ်"

သည်လိုမျိုး ..ဆင်ခြေဆင်လက် အမျိုးမျိုးအဖုံဖုံ နေ့ရွှေ့ညရွှေ့ အလုပ်အကြောင်းပြရင်း ရွှေ့ရွှေ့လာလိုက်သည်မှာ တစ်ဝါတွင်းလုံးတိုင် ကျောင်းသစ်ဖြစ်မလာခဲ့။ သည်တော့လည်း တောရဆောက်တည်သော ရဟန်းကလေးအဖို့ တစ်ဝါတွင်းလုံး လွင်တီးခေါင်၌ မိုးရွာရွာ၊ နေပူပူ၊ လေတိုက်တိုက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြင့် တောရဆောက်တည်ရင်း ကမ္မဋ္ဌာန်းတရားကို အားထုတ်ခဲ့ပါသည်။

သို့ရာတွင် အနေဆင်းရဲမှုဒဏ်ကြောင့် စိတ်က တရားအပေါ်၌မရောက်ခဲ့။ သည်တော့လည်း တစ်စုံတစ်ရာသော တရားထူး မရလေသည်မှာ ဘာမှုတော့ မဆန်းပါချေ။

သို့ဖြင့် ...သီတင်းဝါလ ကျွတ်လာခဲ့တော့သည်။

သည်အတွက် ပဝါရဏာပြုခဲ့သည်။ ပြီးတော့ ဘုရားရှင်အား ဖူးမြော်ရန်အလို့ငှာ ဘုရားရှင်ထံမှောက် ရောက်သွားခဲ့ရပြန်ပါသည်။ ဘုရားရှင်၏ ဝန်းကျင်မှာတော့ အနယ်နယ်အရပ်ရပ် ဒေသအသီးသီးမှ ဘုရားရှင်အား ဖူးမြော်ရန် ရောက်ရှိလာကြသည့် အာဂန္တုရဟန်းသံဃာတွေ ဆိုသည်မှာ အများအပြား။

သူသည် ဘုရားရှင်၏ ခြေအစုံအား ရှိသေပျပ်ဝပ် ရှိခိုးပူဇော်လိုက်လေ၏။

"ချစ်သားရဟန်း ...

သင့်ကို မြင်ရတွေ့ရတာဟာ ပိန်လိုဖျော့တော့လွန်းလှပါကလား။

ဘယ့်နှယ် ငါ့ဆီက ယူသွားတဲ့ ကမ္မဋ္ဌာန်းကို အားထုတ်တာ အဆင်ပြေပါရဲ့လား"

"မဆင်မပြေပါဘူး ဘုရား"

သည်အဖြေစကားကြောင့် အပါးဝန်းကျင်ရှိ အာဂန္တုရဟန်းများ စိတ်ဝင်တစား ဖြစ်သွားခဲ့ကြသည်။ ဘုရားရှင်က တရားမရခြင်း၏ အကြောင်းရင်းခံကို မေးသည်။ ရဟန်းလေးကလည်း တရားမရခြင်း၏အကြောင်းရင်းမှန်ကို တင်လျှောက်သည်။

"ချစ်သားရဟန်း ...

သင်ဟာ အတိတ်ဘဝ ငှက်ဖြစ်တုန်းကတောင် သင့်တင့်လျှောက်ပတ်တဲ့ အရပ်ဒေသကို သိနားလည်ခဲ့သေးတယ် ခုအခါ အသိဉာဏ်ပြည့်ဝတဲ့ လူ့ဘဝ၊ ပြီးတော့ သည့်ထက်သာလွန်တဲ့ ရဟန်းဘဝ ကို ရောက်ရှိနေပါလျက်နဲ့ သင့်တင့် လျှောက်ပတ်တဲ့ အရပ်ဒေသကို အ ကြောင့် မသိရတာတဲ့တုံး"

သည်သို့ ပြစ်တင်စကား ဆိုခဲ့ သည့်နောက် ကာယကံရှင်ရဟန်းလေး တကွ အာဂန္တုရဟန်းအပေါင်းတို့ ဆင် ခြင်သတိပြုစရာအဖြစ် အတိတ်သာဓ ကို ဇာတကဖြင့် ပုံဆောင်ပါလေတော့ သတည်း။

• • •

လွန်လေပြီးသော အတိတ်ကာလ တစ်ခု။

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသည်ရှိသော် ငှက်ပညာရှိတ ကောင်သည် ငှက်အပေါင်းတို့၏ ခေါင်း ဆောင်အဖြစ် စိမ့်အုပ်ချုပ်ရင်း တစ် သောတောအုပ်အတွင်းရှိ အခက်၊ အရွက် အလက်၊ အသီး၊ အပွင့်တို့ မြိုင်မြိုင်ဝေ သော သစ်ပင်ကြီးတစ်ပင်၌ အမှီသဟ ပြုကာ နေထိုင်ကြလေ၏။

တစ်နေ့မှာတော့ အဆိုပါသစ်ပင် ကြီး၏ အကိုင်းအခက်တို့သည် သုတ်ပြေ တိုက်ခတ်လျက်ရှိသောကြောင့် အကိုင်း အခက်တို့ အချင်းချင်း ပွတ်တိုက်မိကြ လေသည်။ ထိုအခါ ပွတ်တိုက်မိရာ မြ ပေါ်လာသော အမှုန်များသည် မြေမြင်သို့ သက်လေ၏။ ပွတ်တိုက်မိကြသော အကိုင်း အခက်နေရာတို့သည် အပူရှိန်ဖြစ်က အခိုးများ ထလေသည်။

သည်အခြေအနေကို ငှက်ပညာရှိ သည် သေချာစွာ လေ့လာစူးစမ်းကြည့် လေ၏။

အကိုင်းချင်းထိခိုက်၍ ကျလာသော အမှုန့်များ။

ပွတ်တိုက်မိရာမှ အပူရှိန်ဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

ထလာသော အငွေ့များ။

"အင်း ...ဒါဟာ ကောင်းတဲ့လက္ခဏာ မဟုတ်ပေဘူး။ အကိုင်းအခက်တွေ ပွတ်တိုက်ပါများရင် အပူဓာတ်ဖြစ်ပေါ်ပြီး မီးထတောက်လိမ့်မယ်။ အဲသည်မီးဟာ အောက်ကို ပြုတ်ကျမယ်ဆိုရင် သစ်ရွက်ဟောင်း၊ သစ်ရွက်ခြောက်တို့ကို မီးလောင်လိမ့်မယ်။ အဲသည်ကမှ အပင်ကြီးကို မီးဟပ်ပြီး တစ်ပင်လုံးကို ဝါးမျိုသွားလိမ့်မယ်။

ခု ...ငါတို့ မှီတင်းနေထိုင်ကြတဲ့ အပင်ကြီးဟာ မီးလောင်ခံရတော့မယ့် အတိတ်နိမိတ် သင်္ကေတတွေကို ပြနေပြီ။ သည်အပင်ကြီးမှာ နေဖို့မသင့်တော့ဘူး။ အရပ်တစ်ပါးကို ပြောင်းရွှေ့ဖို့ အချိန်တန်ပြီ"

သည်လိုမျိုး ဆင်စပ်ဆင်ခြင် တွေးတောမိပြီး ငှက်အပေါင်းတို့ကို ဆင့်ခေါ်လိုက်လေသည်။

"ငှက်အပေါင်းတို့ ...

ငါတို့ မှီတင်းနေထိုင်ကြတဲ့ သစ်ပင်ကြီးဟာ မကြာခင် မီးလောင်ခံရတော့မယ့် နိမိတ်လက္ခဏာတွေ ပြနေပြီ။ သည်တော့ ငါတို့မှီခိုအားထားရာ ဘေးအန္တရာယ်ကျရောက်တော့မယ့် သစ်ပင်ကြီးကနေ ခွာကြပါစို့ရဲ့"

သည်သို့ဆိုရင်း ...အကျိုးသင့်အကြောင်းသင့် ရှင်းပြခဲ့သည်။ ပြီးတော့ ငှက်ပညာရှိကိုယ်တိုင်ပင် ရှေ့မှဦးဆောင်ပျံသန်းလျက် သစ်ပင်ကြီးကို စွန့်ခွာခဲ့လေသည်။ ဤသို့ သစ်ပင်ကြီးအား စွန့်ခွာသွားကြသည်မှာ ငှက်ပေါင်းအကုန်လောဟု မေးစရာရှိလေ၏။

ငှက်အပေါင်းတော့ မဟုတ်။

စဉ်းစားဆင်ခြင်ဉာဏ်နည်းသော၊ ငှက်ပညာရှိထံတွင် နောက်လိုက်မလုပ်ချင်သော ငှက်အချို့တော့ သစ်ပင်ကြီးအပေါ် သံယောဇဉ်တင်းစွာဖြင့် ကျန်ရစ်ခဲ့ကြပါကုန်၏။

"တောက် ...ရယ်လည်းရယ်ချင် စရာကောင်းမှကောင်းကွယ်။ ရေကလေးတစ်ပေါက်တစ်လေလောက်၊ တစ်စက်တလေလောက် ရှိတော့တဲ့ ရေအိုင်ထဲမှာ မိကျောင်းဆိုတာမျိုးက ရှိနိုင်၊ နေနိုင်မှာတဲ့လား"

"ဘယ်ရှိနိုင်မှာလဲ၊ ဘယ်နေနိုင်မှာလဲ"

"အေး ...အဲဒါပြောတာပေါ့။ လုံဖျား ပုဖဉ်းနားရုံနဲ့ ကျိုးကန်းက ဘယ့်နှယ်ကြောင့် ကြောက်ချေးပါချင်ရတာတဲ့တုံး။ အလကား ကြောက်စရာမရှိ ကြောက်တတ်ကြတဲ့သူတွေ"

သည်သို့ စကားတင်းဆိုရင်း အပင်ကြီးမှာပဲ တွယ်မှီနေခဲ့သည်။ နားခိုနေခဲ့သည်။ ယခင်က ကျပ်ကျပ်တည်းတည်းနားခိုမှီတွယ်ခဲ့ရသလောက် ယခုကျတော့ ချောင်ချောင်ချိချိ နေရသည့်အတွက် ဝမ်းမြောက်ဝမ်းသာပင် ဖြစ်ရပြန်ပါသေး။

မမျှော်လင့်သည့် နေ့တစ်နေ့။

ထိုနေ့ကား အပူရှိန်တော်တော်လေး ပြင်းသည့်အလျောက် အပင်ကြီးမှာလည်း အပူဓာတ်တို့ လွှမ်းပတ်မှုကို ခံစားလိုက်ရသည်။ ညဘက် ငှက်တွေ အိပ်တန်းတက်မှေးစက်နေကြချိန်ဝယ် နေ့ပူပူ ညချမ်းချမ်း တပေါင်းလေသရမ်းဆိုသည့်စကားနှင့် လိုက်လျောညီထွေလှစွာ လေပြင်းတသွင်တစ်မျိုး၊ လေညင်းဟန်တစ်ဖုံတသုန်သုန် ဝှေ့ယမ်းတိုက်ခတ်လေတော့ အပင်ကြီး၏ ကိုင်းဖျားတို့ အချင်းချင်းပွတ်တိုက်မိကြသည်။ ပွတ်ရင်းပွတ်ရင်းမှ အပူဓာတ်ကြီးမားလာကာ မီးထတောက်တော့သည်။ မီးတောက်အချို့ မြေပြင်သို့ ပြုတ်ကျသည့်သမယ လောင်စာသဖွယ် ဖြစ်နေသော သစ်ရွက်ခြောက်တို့ကို မီးဟပ်လေတော့သည်။ မီးလောင်ရာ လေကပင့်လာသည်။ နောက်ဆုံး သစ်ပင်ကြီးကိုပင် မီးက ဝါးမျိုလိုက်လေရာ အခြားသို့ ကိုယ်လွတ်မရုန်းနိုင်သော ငှက်မိုက်တို့မှာ ငှင်းတို့ တည်မှီလျက်ရှိသည့် သစ်ပင်ကြီးနှင့်အတူ မီး၏ဝါးမျိုခြင်းကို ခံလိုက်ရလေတော့၏။

• • •

အဆိုပါ အတိတ်သာဓက၊ ဇာတကဒေသနာတော်ကို ဟောပြွက်၍အပြီးမှာတော့ ကျောင်းသစ်၌ သီတင်းမသုံးရ၍ ဗျာများကာ တရားမရခဲ့လေသော ရဟန်းကလေးသည် သတိသံဝေဂရရှိပြီး တရားတော်ကို ဆင်ခြင်သုံးသပ်နိုင်ခဲ့ကာ သောတာပတ္တိဖိုလ်၌ တည်သွားခဲ့လေပြီ။

"ချစ်သားတို့ ...

သင်တို့ကိုဟောကြားခဲ့တဲ့ အတိတ်၊ ပစ္စုပ္ပန် နှစ်တန်သော ဝတ္ထုအပေါ် အနုသန္ဓေ ဆက်စပ်ပြီး ဇာတ်တော်ပေါင်းရရင်ဖြင့် ...

ငှက်မိုက်နဲ့ သူ့အပေါင်းအပါတွေဟာ ယခုအခါ ဒေဝဒတ်နဲ့ သူ့ရဲ့နောက်လိုက်တွေ ဖြစ်လာပါတယ်။

ငှက်ပညာရှိရဲ့ နောက်လိုက်တွေကတော့ ယခုအခါ ငါဘုရားရှင်ရဲ့ပရိသတ်ဖြစ်ပြီး ငှက်ပညာရှိကတော့ ယခုအခါ ငါဘုရားရှင် ဖြစ်တော်မူပါတယ်"

ဇာတ်တော်ပေါင်း၍ အပြီးမှာတော့ တရားနာ ရဟန်းပရိသတ်အပေါင်း၏ သာဓုခေါ်သံမှာ ဝဠာထုကိုကျော်၍ ဘဝဂ်ညံသွားပါတော့သတည်း။

**နန္ဒာမိုးကြယ်**

**ကျမ်းကိုး**


ငါးရာ့ငါးဆယ် နိပါတ်တော်လာ သကုဏဇာတ်။

• • •



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



ကျွန်မနာမည် မစိမ်းခင်ပါ။

မအူပင်မြို့နယ်၊ ကဝက္ကင်းကျေးရွာမှာ နေပါတယ်။ ကျွန်မရဲ့ သက်မွေးဝမ်းကျောင်းအလုပ်က ဝက်သက်တာပါ။ အံ့ဩသွားလား။ မအံ့ဩပါနဲ့။ မိန်းမကစ်ယောက် ဝက်သတ်တာ ဘာဆန်းလဲ။ ကျွန်မတို့မျိုးရိုးက ဝက်ကို ကိုယ်တိုင်ပေါ်ပြီး သတ်ခဲ့တဲ့မျိုးရိုးပါ။ ကျွန်မအဘိုး ဦးမြိုင်၊ ကျွန်မအဖေ ဦးခွေးနီက ဒီရွာတစ်လွှားမှာ ဝက်သတ်ပြီး ပေါ်တဲ့နေရာမှာ အသံတိတ်ဝက်သတ်သမားလို့တောင် အမည်တွင်ခဲ့ပါတယ်။ ကျွန်မလည်း အဖေဆီက အမွေရတယ်ဆိုလား မသိပါဘူး။ ယောကျ်ားကြီး ၃၊ ၄ ယောက် သတ်ရတဲ့ ဝက်တစ်ကောင်ကို သွေးအေးအေးနဲ့ သတ်နိုင်တာမို့ ရွာထဲက လူတွေက ပိုပြီးအံ့ဩရပါတယ်။

ကျွန်မ ဝက်ပေါ်ပြီဆိုရင် အဲဒီဝက်အသံတောင် မကြားသလို၊ လူတောင် မသိလိုက်ပါဘူး။ နောက်နေ့ရွာထဲမှာ ဝက်သားတွဲဆွဲပြီး တောင်းနဲ့လိုက်ရောင်းမှ အားလုံးက ဒီဝက်ကို ဘယ်တုန်းက ပေါ်လဲမေးကြပါတယ်။ ဒီဘက်မှာက ရိုးရာအဖြစ် နတ်စားတာတွေရှိတယ်။ ဝက်ရဲ့ အူစုံ၊ သည်းစုံကို ပမြှောက်ရတယ်။ ကျွန်မဆီကို နတ်စားဖို့ ဝက်လာပေါ်ခိုင်းတဲ့နေ့ဆို ကျွန်မ ဈေးမရောင်းတော့ဘူး။ တစ်ရက်တည်း ဝက် ၃–၄ ကောင်ကို သတ်ရတယ်။ ဝက်သတ်တာ ကြာလို့လား မသိဘူး။ ကျွန်မကိုမြင်တာနဲ့ ဝက်တွေက ဝူးဝူးဝါးဝါး အော်ကြတယ်။ ဒါက မဆန်းပါဘူး။ ကျွန်မလက်ထဲ ဝက်သွေးတွေက အမြဲစွန်းထင်းနေတာကိုး။

မှတ်မှတ်ရရ နေ့တစ်နေ့ကို ကျွန်မပြောချင်တာပါ။ အဲဒီနေ့က ဝက်မကြီးတစ်ကောင် တာတပေါ်ရွာကနေ ပေါ်ချောင်ကောင်းရလာလို့ ညဘက်ပေါ်တော့မယ့်အချိန် ဝက်မကြီးက တရှူးရှူးနဲ့ နှာတွေမှုတ်နေတယ်။ အရင်အသတ်ခံရမယ့်ဝက်တွေလို မအော်ဘူး။ ပြီးတော့ သူ့မျက်လုံးက မျက်ရည်ကြည်တွေ ရစ်ဝဲနေသလိုပဲ၊ ကျွန်မက ဝက်သတ်သမားလေ။ သနားရင် ဘဝမှာ ငတ်သွားမယ်။ ဝက်သတ်တဲ့အလုပ်ပဲ လုပ်တတ်တာမို့ သနားလို့မရဘူး။ ဝက်မကြီးက ဖောင်းကားနေတော့ မဝယ်ခင်မှာ ရောင်းတဲ့သူကတော့ ပြောလိုက်သေးတယ်။

"ဝက်မကြီးက ဗိုက်နဲ့ မွေးနိုင်ရင် မွေးပါလား" တဲ့။ ကျွန်မ ဒါတွေ နားမလည်ဘူး။ ဝက်မကြီးရဲ့ ပါးစပ်ကို ကြိုးနဲ့စည်းချလိုက်တယ်။ မရုန်းနိုင်အောင် ခြေထောက်တွေကို လေးဘက်လေးတန်တုပ်ပြီး ထုံးစံအတိုင်း ကျွန်မရဲ့ သားလှီးဓားနဲ့ နံရိုးကြားထဲကို ထိုးထည့်လိုက်တာ အသံတောင် မကြားလိုက်ရပါဘူး။ ဝက်မကြီးကတော့ သေအံ့ဆဲဆဲအချိန်မှာ ကျွန်မကိုကြည့်တဲ့အကြည့်ဟာ မျက်ရည်တွေ စီးကျနေတယ်။ ပတ်ဝန်းကျင်က ပြောသလိုပဲ ဝက်မကြီးကို ဖျက်လိုက်တဲ့တော့ ဗိုက်ထဲမှာ သေနေတဲ့ ဝက်ကလေး ၁၀ ကောင် နီနီတျာတျာလေးတွေ တွေ့ရတယ်။ ပထမတော့ ကျွန်မစိတ်ထဲ သနားသွားတယ်။ နောက်တော့လည်း ဒါတွေဟာ သက်မွေးဝမ်းကျောင်းအလုပ်မို့ ကျွန်မ မေ့မေ့ပျောက်ပျောက် နေခဲ့တယ်။

ကျွန်မဘဝမှာ ဖူးစာကံဆိုတာ ရှိဦးပါ့မလားဆိုတာ တစ်ခါမှ မတွေးဖူးသလို၊ ကျွန်မလို ဖက်ရဲလက်ရဲမိန်းမတစ်ယောက်ကို ဘယ်သူက ကြိုက်မှာလဲဆိုပေမယ့် ကဝက္ကင်းရွာလေးနဲ့ မနီး

www.burmeseclassic.com

မဝေးရွာလေးဖြစ်တဲ့ တာတပေါ်ရွာလေးက ကျောင်းဆရာလေး ကိုအေးဆောင်နဲ့ ဖူးစာဆုံခဲ့တယ်။ ကျောင်းဆရာလေးက ကျွန်မနဲ့ ပြဒါးတစ်လမ်း၊ သံတစ်လမ်းလို့ ဆိုရမလောက်ပါပဲ။ အနေအထိုင်အေးတယ်၊ ရိုးတယ်၊ ကံငါးပါးလုံခြုံတယ်။ ကျွန်မ ဝက်သတ်တော့မယ့်အချိန်ဆို သူခဏခဏတားတယ်။ ကျွန်မကို ဖျောင်းဖျတယ်။ ကျွန်မကလည်း ကျွန်မအလုပ် ကျွန်မလုပ်တာမို့ သူဖျောင်းဖျတာကို လုံးဝလက်မခံဘူး။ ဒီကြားထဲ ...

"ရှင့်လစာလေးနဲ့ ကျွန်မစားသောက်ရမယ်ဆို အူတောင်ခြောက်သွားမယ်"

ဆိုတော့ ကိုအေးဆောင်က ကျွန်မကို မျက်မှောင်ကုပ်ကြည့်နေတယ်။ သူ့အကြည့်တွေထဲမှာ နာကြည်းမှုတွေ၊ မာနတွေ ပါတယ်ဆိုတာ ကျွန်မသိပါတယ်။ ကိုအေးဆောင်က ကျွန်မနဲ့မညားခင်ကတည်းက သားကြီးငါးကြီး မစားသလို မြင်သာ၊ ကြားသာလည်း လုံးဝမစားပါဘူး။

အဲဒီလို ကျွန်မပြောတဲ့နေ့ကစပြီး ကိုအေးဆောင်ဟာ ဝက်သတ်တော့မယ့်အချိန် ညဘက်မှာ အိမ်ပြန်မအိပ်တော့ဘူး။ ရွာဦးက ဘုန်းကြီးကျောင်းမှာ သွားသွားအိပ်တယ်။ ကျွန်မကလည်း ကျွန်မအလုပ် ကျွန်မလုပ်တယ်။ တစ်ညမှာ ကျွန်မချောက်ချားစရာ အိပ်မက်တစ်ခု မက်တယ်။ အိပ်မက်ထဲမှာ ကျွန်မဟာ သွေးရဲရဲ၊ သံရဲရဲ ဆံပင်ကြီးဖားလျားချပြီး လျှောက်သွားနေတယ်။ ကျွန်မနောက်နားမှာ မည်းမည်းအရိပ်ကြီးတွေ အများကြီးလိုက်နေတယ်။ ခွေးတွေက အူလိုက်တာမှ ရွာတန်းကို ရှည်လို့ပါ။ ကျွန်မအိပ်ရာက လန့်နိုးတော့ တစ်ကိုယ်လုံး ချွေးစီးတွေ ပြန်နေတယ်။

အိပ်မက်ဆိုးမက်ပြီး တစ်လအကြာမှာ ကျွန်မကိုယ်ဝန်ရပြီဆိုတဲ့ အဖြေကို ရခဲ့တယ်။ ဆရာဝန်ကတော့ ကျွန်မကို လက်ရှိလုပ်နေတဲ့အလုပ်ကို မလုပ်ဖို့နဲ့ ပင်ပင်ပန်းပန်းကိုရှောင်ဖို့ ပြောတယ်။ ကျွန်မကလည်း ကိုယ်ဝန်လေး-ငါးခြောက်လရတဲ့အထိ အဲဒီအလုပ်ကိုလုပ်နေတုန်းဆိုတော့ ကိုအေးဆောင်က ကျွန်မကို ပြတ်သားစွာ ပြောလာတယ်။

"နင် ငါ့ကို ဖြတ်မလား၊ ဝက်သတ်တာ ဆက်လုပ်မလား။ ဆက်လုပ်ရင် ငါနင်နဲ့ကွာရှင်းမယ်"

လို့ ဆိုပါတယ်။ ဒီတစ်ခါတော့ ကျွန်မ ကိုအေးဆောင်စကားကို နားထောင်ခဲ့ပါတယ်။ မီးဖွားတဲ့ရက်က လကွယ်ညကြီး။ ကျွန်မတို့ရွာက မီးမရှိတော့ လမိုက်ညဆိုရင် အရမ်းမှောင်မည်းနေတယ်။ ကျွန်မ ဗိုက်အရမ်းနာတော့ ကိုအေးဆောင်က ကျွန်မအနားမှာ မရှိဘူး။ သူ့ကျောင်းမှာ အလှူရှိလို့ဆို တာတပေါ်ကို ညအိပ်သွားတယ်။ ကျွန်မကို မသွားခင်လည်း တဖွဖွမှာတယ်။ တစ်ခုခုဖြစ်ရင် ရွာကလူတွေ အကူအညီတောင်းဆိုပြီး စိတ်မချဘဲ သွားရတာ။ ခုဆရာဝန်ပေးထားတဲ့ ရက်ချိန်းထက် ၅ ရက်လောက် ကြိုစောနေတော့ ခုလို ဖြစ်လာမယ် ကျွန်မထင်ခဲ့ဘူး။ ဗိုက်ထဲကလည်း နာလာတယ်။ ဒီညမှ အူလိုက်တဲ့ခွေးတွေကလည်း နည်းတာမဟုတ်ဘူး။ ကျွန်မဘေးအိမ်ကြားအောင်အော်တယ်။ ကျွန်မကို ကယ်ကြပါဦး။ ကျွန်မအသံကို ဘယ်သူ့မှ မကြားရဘူးထင်တယ်။ တရွေ့ရွေ့ တရွတ်တိုက်ပြီး အိမ်ပြင်ထွက်သွားတယ်။ ထွက်လို့ကိုမရဘူး။ နောက်ဆုံး ကျွန်မ အိမ်တံခါးဝနားရောက်တော့ ကလေးက အပြင်တောင် နည်းနည်းထွက်စပြုနေပြီ။ ကျွန်မအားကုန် ညှစ်မိတယ်။ မျက်လုံးတွေပြာဝေပြီး အမှောင်ထုကြီးထဲ ကျွန်မဟာ ချာချာလည်ဝင်သွားသလိုပါပဲ။

ကျွန်မနိုးတော့ ဆေးရုံခုတင်တစ်ခုပေါ်မှာ။ ဘေးမှာရပ်နေတဲ့ ကျွန်မယောက်ျား ကိုအေးဆောင်မျက်နှာလည်း မကောင်းဘူး။ ကျွန်မခန္ဓာကိုယ် ကြည့်လိုက်တော့ ဗိုက်မရှိတော့ဘူး။ ကလေးရော၊ ကလေးရောလို့ မေးတော့ ကိုအေးဆောင်က ...

"အသေမွေးတယ်"တဲ့။

ကျွန်မရင်ထဲ နာကျင်စွာ ခံစားလိုက်ရတယ်။ ကျွန်မမျက်ရည်တွေနဲ့အတူ ဝက်မကြီးနဲ့ ဝက်မကြီးဝမ်းဗိုက်ထဲက သေနေတဲ့ ဝက်ကလေးတွေ ပြန်မြင်ယောင်နေတယ်။

ဒီအကြောင်းကို ရွာမှာ ပြောစမှတ်ကို ဖြစ်နေတယ်။ မစိမ်းခင်လို မဖြစ်စေနဲ့တဲ့။ မစိမ်းခင်ကို နမူနာကြည့် ဆိုတာတွေပါ။

ကျွန်မ ကံ-ကံ၏အကျိုးကို ယုံရမလား၊ ဝဋ်ဆိုတာကို ယုံရမလား။

မိန်းမ ဝက်သတ်သမားတစ်ယောက်အတွက် အဲဒီအဖြေကို ခုချိန်ထိ စဉ်းစားနေတုန်း ...။

**ကျော်သီဟ(ဟသ်ာတ)**

www.burmeseclassic.com

## အောင်မြေနင်းတော့

# ခေါင်ရွှေခင်းသည်

မော်တင်သိန်းဇော်ဇ

ရှေးပဝေသဏီနှင့် ယခုမျက်မှောက်ခေတ်ကာလများတို့၌ ဘာသာရေး၊ အလှူတော်မင်္ဂလာ၊ မြို့တည်၊ နန်းသိမ်း၊ တိုက်ပွဲဝင်၊ ခရီးထွက်စစ်ချီ၊ အောင်ပွဲခံများနှင့် ရာထူးဌာနန္တရ၊ ဘုန်းကံသြဇာတိက္ကမ၊ အယှဉ်အပြိုင်၊ ပြိုင်ပွဲ၊ စာမေးပွဲ၊ အရေးတကြီးကိစ္စရပ်တို့အတွက် အောင်မြင်ချောမော၊ ရရှိခံစားနိုင်ကြစေရန် အောင်မြေနင်းလေ့ရှိခဲ့ကြပါသည်။ အောင်မြေနင်းရေးနှင့် ပတ်သက်၍ နေ့ရက်နှင့်အခါတော်၊ အောင်မြေနေရာ၊ ပစ္စည်းနှင့် အစီအရင်၊ ရွတ်ဖတ်အသုံးပြုရမည့် ဂါထာမန္တန်ဟူ၍ အပိုင်းလေးပိုင်းမျှ ရှိပါသည်။ မှတ်သားလေ့လာချက်များအရ တင်ပြပါမည်။

အောင်မြေနင်းရာ နေ့ရက်အခါတော်နေ့နှင့် ပတ်သက်၍ အမြိတ္တစုတ်ရက်၊ ရက်ရာဇာနေ့၊ လပြည့်နေ့၊ နေ့ထူးနေ့မြတ် အခါကြီးရက်၊ မိမိမွေးရက်၊ မွေးရက်မှ တြိရန်းသင့်နေ့၊ မိဘနှစ်ပါးတို့၏ မွေးနေ့များကို ရွေးချယ်ကြလေ့ရှိတတ်ကြပါသည်။ အခါတော်နေ့နှင့် နံနက်ပိုင်း မွန်းမလွဲချိန်နှင့်မွေးနေ့၊ မွေးရက်နေ့ နံနက် ၉ နာရီမှ ၁၀း၃၀ နာရီခွဲအချိန်အတွင်း ဖြစ်စေ၊ နက္ခတ္တဗေဒ၊ ဂြိုဟ်နေဂြိုဟ်ရပ်တို့အရ မွန်မြတ်သော ထိရလဂ်အချိန်အခါ၌ဖြစ်စေ အောင်မြေနင်းတတ်လေ့ ရှိခဲ့ကြပါသည်။

အောင်မြေနေရာတော်အနေနှင့် ဘုရားအောင်မြေတော်မြတ်များ (ဥပမာ-ရွှေတိဂုံ၊ စစ်ကိုင်း၊ ကံတလူဘုရား)၊ ရှေးဘုရင်မင်းမြတ်တို့၏ မဟာအောင်မြေမြတ်များ (ဥပမာ-ရွှေဘို၊ အလောင်းဘုရားအောင်မြေ၊ တောင်ငူဘုရင့်နောင်အောင်မြေများ)၊ ဘုရားစေတီပုထိုးများရှိ သတ်မှတ်ထားသော



www.burmeseclassic.com

www.burmeseclassic.com

အောင်မြေနေရာတော်မြတ်များ၊ ဘုရားစေတီပုထိုး တနင်္ဂနွေထောင့်များ၊ မိမိမွေးနံ့ဂြိုဟ်ထောင့်များ၊ မိဘနှစ်ပါးတို့၏ မွေးနံဂြိုဟ်ထောင့်များ၊ ငှက်မြတ်နား၊ မျက်နှာမြားချွန်တော်၊ မျက်နှာတော်လှည့်နေ၊ လမ်းညွှန်ဦးတည်နေသည့် ဘုရားစေတီပုထိုးများရှိ ဂြိုဟ်ထောင့်အရပ်နေရာတော်များကို ရွေးချယ်လေ့ရှိခဲ့ကြပါသည်။

အောင်မြေနင်းပစ္စည်းနှင့် အစီအရင်တို့အနေနှင့်မူ မင်္ဂလာညောင်ရွက် (သစ္စာလေးပါးကို ထိုးထွင်းသိမြင်တော်မူရာ မြတ်စွာဘုရားရှင်ပွင့်တော်မူရာ မဟာဗောဓိပင်ကို ရည်စူးပါသည်)၊ မင်္ဂလာသပြေညွှန့်(ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း၊ အောင်ခြင်းနိမိတ်ထွန်းသည့် တောင်ကျွန်းနေရာတော်မြတ်ကို ရည်စူးပါသည်)၊ မင်္ဂလာနေဇာမြက်ညွှန့်(ကမ္ဘာဦးအစ ကမ္ဘာနှင့်နေဇာ ဘယ်အခါမှမကင်း ဟူသည့် ကမ္ဘာဦးမင်္ဂလာအမြဲတေအပင်၊ အညွှန့်ဦးကို ရည်စူးပါသည်)၊ မင်္ဂလာကံ့ကော်ညွှန့်(ကံကောင်းစေသည့် ပညတ်မွန်ထူးကို ရည်စူးပါသည်)၊ မိမိမွေးနံသင့် သစ်ရွက်အညွှန့်(မွေးနံဆောင် အောင်သည်ဟူသော ဩဘာနိမိတ်စဉ်ကို ရည်စူးပါသည်) စသည့် သစ်ပင်၊ သစ်ရွက်၊ အညွှန့် ၅ ညွှန့်တို့နှင့်၊ ထီး၊ တံခွန်၊ ကုက္ကား၊ ကြက်လျှာ၊ အောင်လံ၊ ယပ်၊ ဂြိုဟ်ရှစ်စုံ၊ မှလေးပွား၊ ရွှေထီး၊ ငွေထီး၊ ထီးဖြူ အစုံပစ္စည်းတို့ကို ကိုင်ဆောင်၍ မိမိမွေးနံဂြိုဟ်မှ တြိရန်းနှင့် စတုရန်းကျ သစ်ပင်၊ သစ်ရွက်တို့ကို နင်းပြုကာ အောင်မြေနင်းဂါထာမြတ်တော် ရွတ်၍ အောင်မြင်ရန် ဆုတောင်းလေ့ရှိခဲ့ကြပါသည်။ အောင်မြေနင်းလေ့ရှိခဲ့တတ်ကြပါသည်။

အောင်မြေနင်းဂါထာတော်မြတ်များအနေနှင့် ဂုဏ်တော်ကိုးပါးဂါထာတော်မြတ်၊ သရဏဂုံသုံးပါးဂါထာတော်မြတ်၊ ဇယစက္ကော၊ ဇယန္တော၊ ဇိနံဝန္ဒာထ အစချီအပ်သော သုံးပုဒ်ဖြစ်သည့် အောင်ခြင်းဂါထာတော်မြတ်များ၊ မာရယကွဲ့ အစချီအပ်သော အောင်ခြင်းရှစ်ပါး ဂါထာတော်မြတ်၊ ဒိဝါတပတိ အစချီအပ်သော သဗ္ဗသုခ အောင်ခြင်းမင်္ဂလာဂါထာတော်မြတ်၊ စဓဗဝ ဂါထာတော်မြတ်တို့ကို ရွတ်ဖတ်သရဇ္ဈာယ်နှလုံးသွင်း၍ အောင်မြေနင်းလေ့ရှိခဲ့ကြပါသည်။

တင်ပြပါ အထင်ကရ အကျော်ဒေးယျ အောင်မြေနေရာတော်မြတ်ကြီးများဆီသို့ မသွားရောက်နိုင်ပါက အရေးတကြီးကိစ္စတို့အတွက် အောင်မြေနင်းလိုသော် အကျဉ်းသဘောအနေနှင့် နီးစပ်၊ ကြုံကြိုက်၊ အဆင်ပြေရာ စေတီတော်မြတ်၊ ဘုရားရုပ်ပွားတော်မြတ်ကို လက်ျာရစ် သုံးကြိမ်မျှကို တင်ပါ။ မင်္ဂလာညောင်ရွက်၊ သပြေရွက်၊ နေဇာမြက်ပင်ညွှန့်၊ ကံ့ကော်ညွှန့်၊ မိမိမွေးနံသင့် အညွှန့်နှင့် ထီး တံခွန် အောင်လံတို့ကို ကိုင်ဆောင်လျက် ဂုဏ်တော်ကိုးပါးဂါထာတော်မြတ်ကို ရွတ်ပွားရင်း လှည့်ပတ်ရပါမည်၊ ပူဇော်ရပါမည်။ ပြီးက သက်ဆိုင်ရာ မွေးနံထောင့် (သို့မဟုတ်) သတ်မှတ်ထားပေးသော အောင်မြေနေရာမြတ်ကို သွားရောက်ကာ မွေးနံဂြိုဟ်မှ တြိရန်း၊ စတုရန်းသင့်ရာ အရွက်၊ အညွှန့်တို့ကို နင်းပြု၊ ထိုင်ပြုပြီး၊ နင်းရပ်ပြီး "မာရယကွဲ့" အစချီအပ်သော အောင်ခြင်းရှစ်ပါး ဂါထာတော်မြတ်ကို သုံးကြိမ်မျှ ရွတ်ပွားလျက် ပန်းအညွှန့်များကို ပူဇော်ဆက်ကပ်ပြီး အောင်မြေနင်းကာ လိုရာများ အောင်မြင်၊ အောင်ပွဲခံရေးတို့အတွက် ဆုတောင်းပါကလည်း ကြီးမားစွာသော အောင်ဆုထူးရလဒ် အကျိုးကြီးများကို ရရှိခံစားရတတ်ကြစေပါသည်။ စာရေးသူကိုယ်တွေ့ ပွဲတွေ့များအရ အထက်တင်ပြပါ အကျယ်နှင့် အကျဉ်းနည်းမွန်တို့နှင့် အောင်မြေနင်းကြ၍ ရွှေတံဆိပ်ဆုကြီးများကို ဆွတ်ခူးရရှိသွားသူများ၊ ဆုလာဘ်တံဆိပ်ကြီးများရာထူးဌာနန္တရ၊ ဂုဏ်သိရ်၊ ဘုန်းကံဩဇာတိက္ကမ၊ အရှိန်အဝါကြီးမြင့်သွားသူများ၊ ကြီးပွားချမ်းသာသွားသူများ၊ ဘဝလှမ်းအဆောက်အအုံ မြင့်မားသွားသူများ၊ အောင်မြင်အောင်ပွဲခံသွားသူများ အများအပြားပင် ရှိခဲ့ကြသည်ကို တွေ့ကြုံဖူးခဲ့ပြီး ဖြစ်ပါသည်။ မည်သည့်အောင်မြေတွင်မဆိုပင် ထက်သန်ပြင်းပြ၊ ခိုင်ကျည်သော ယုံကြည်ချက် စိတ်အားမာန်တို့နှင့် ဆောင်ရွက်က အထူးပင် အောင်မြင်စေတတ်ပါသည်။

(ကျေးဇူးတော်ရှင် ဆရာတော်မြတ်ဘုရား ထိလာအရှင်ရေဝတ ပြုစုအပ်သော "ဗုဒ္ဓါဘိသေက မင်္ဂလာ ဘုရားအနေကဇာတင်ကျမ်း"ကို မှီငြမ်းပြုပါသည်။)

**မော်တင်သိန်းဇော်ဇ**



www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားသော ဂါထာတစ်ပုဒ်

✦ ဓာတ်ပုံ–မောင်မောင်အေး

၂၀၁၂ ခုနှစ်၊ ဖွန်လထုတ် အမှတ်(၇၇) သိဒ္ဓိမိုး မဂ္ဂဇင်းတွင် ဆရာပန်းမြိုင်လယ်စိန်ဝင်း၏ ''သစ္စာနှုတ်သီး မန္တန်ကြီးနှင့် ရောဂါကုတဲ့သူ'' ဇာတ်လမ်းလေးကို ဖတ်ရပါသည်။ ဆရာ၏ စာများတွင် သီလ၊ သစ္စာ မှန်ကန်ပါက အထူးသီကုံးဖွဲ့ဆိုထားသော ဂါထာ၊ မန္တန်များ မဆိုထားနှင့် သီချင်းအဖြစ် ဖွဲ့ဆိုထားသော အလင်္ကာကျော်စွာ ရွှေမန်း ဦးတင်မောင်၏ 'အောင်ပါစေ'သီချင်းပင်လျှင် အစွမ်းထက်သော ဂါထာတစ်ပုဒ်ဖြစ်လာကြောင်း ဖတ်ရှုလိုက်ရပါသည်။

ဆရာပန်းမြိုင်လယ်စိန်ဝင်း၏ ဇာတ်လမ်းအား ဖတ်ရှုပြီးသောအခါ ကျွန်တော်(မောင်မောင်အေး)ကိုယ်တိုင် ကြုံခဲ့ဖူးသည့် အစွမ်းထက်ထူးခြားသော ဂါထာတစ်ပုဒ်အား ဤရောင်ပြန်မဂ္ဂဇင်းတွင် ရေးသားဖော်ပြရန် ဆုံးဖြတ်လိုက်ပါသည်။ ထူးခြားအစွမ်းထက် ဂါထာကို မဖော်ပြမီ ကျွန်တော်၏အကြောင်းကို ဦးစွာဖော်ပြမှ ပိုမိုပြည့်စုံမည် ဖြစ်သည့်အတွက် ...

☆ ☆ ☆ ☆ ☆

ကျွန်တော်သည် သက်ပြည့်ပင်စင်ယူရန် တစ်နှစ်အလိုတွင် ရှေ့ရေးကို မျှော်တွေးကာ ငယ်စဉ်ဘဝက တတ်မြောက်ခဲ့သော ဓာတ်ပုံပညာလေးဖြင့် ဓာတ်ပုံဆိုင်ဖွင့်ပါသည်။ ဓာတ်ပုံဆိုင်ဆို၍ ထည်ဝါခမ်းနားသော ဆိုင်ဟု မထင်ပါနှင့်။ နိုင်ငံတော်မှချီးမြှင့်သော အိမ်တွင်ပင် အိမ်ဆိုင်လေးဖွင့်ခြင်း ဖြစ်ပါသည်။ ဆိုင်ခန်းသီးခြားမဆောက်နိုင်သောကြောင့် နေအိမ်၏ ဧည့်ခန်းအား ဓာတ်ပုံဆိုင်ခန်းပြုလုပ်လိုက်ခြင်းသာ ဖြစ်၏။ ကင်မရာက တရုတ်နိုင်ငံလုပ် SLR မင်ဂါ အမျိုးအစားတစ်လုံးနှင့် ဓာတ်ခဲသေး လေးလုံးထိုး လျှပ်တစ်ပြက်မီးတစ်ခုပင် ဖြစ်ပါသည်။ ဓာတ်ပုံဆိုင်နှင့်ပတ်သက်သော အခြားမရှိမဖြစ် ပစ္စည်းတစ်ခုမှာ ကြည်ပြာရောင်နောက်ခံပိတ်ကားတစ်ခုဖြစ်၏။

ဓာတ်ပုံရိုက်ရန်လာသော မိန်းကလေးအချို့ ကျွန်တော်၏ဆိုင်အခြေအနေကိုမြင်၍ မရိုက်တော့ဘဲ ပြန်သွားသည်ကို ကြုံခဲ့ရဖူးပါသည်။ ဤသို့ အိုးနင်းခွက်နင်းဖြင့် စခဲ့ရသော 'မောင်မောင်အေး ကာလာဓာတ်ပုံ'ဆိုင်လေး သုံးနှစ်ခန့် သက်တမ်းရလာသောအခါ ကင်မရာ လေးလုံး၊ အဖြူအမည်းအင်လာဂျာ တစ်လုံး၊ ကာလာအင်လာဂျာ တစ်လုံး၊ တစ်ကေဗွီ ဟွန်ဒါမီးစက်တစ်လုံးတို့ဖြင့် အခြေအနေကောင်းလာပါသည်။ ပင်စင်စားဘဝလည်း ရောက်ပြီဖြစ်၍ ပီပီပြင်ပြင် ဓာတ်ပုံဆရာ ဖြစ်ခဲ့ပါတော့သည်။ မိသားစုဘဝလည်း မပူမပင် မကြောင့်မကြ နေနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံ၏မြို့တော်သည် ရန်ကုန်မြို့မှ နေပြည်တော်ဖြစ်သွားသောအခါ ရုံးလုပ်ငန်းများပါ ပြောင်းကြရသောကြောင့် ဓာတ်ပုံလုပ်ငန်းလည်း ထိုင်းသွားရာမှ တစ်စ



www.burmeseclassic.com

www.burmeseclassic.com

တစ်စ အခြေအနေမကောင်းတော့ပေ။ ယခင်က ထမင်းစား ချိန်ပင် ကောင်းစွာမစားရအောင် ဓာတ်ပုံရိုက်ကူများလာခဲ့ သော ဆိုင်သည် ယခုအခါ တစ်နေကုန်လို့ တစ်ယောက်မျှ ရိုက်သူမလာသော ရက်များလည်း ရှိလာခဲ့သည်။

ထိုကဲ့သို့ အခက်အခဲများ ကြုံနေရသည့်အထဲ နှစ်ပေါင်းတစ်ရာကျော် သုံးစွဲတွင်ကျယ်ခဲ့သော ဖလင် ကင်မရာခေတ်မှသည် အီလက်ထရောနစ် နည်းပညာဖြင့် တီထွင်ထားသော ဒစ်ဂျစ်တယ်ကင်မရာခေတ်သို့ ရုတ်ခြည်း ပြောင်းလဲသွားပါသည်။ ထိုအခါ စနစ်ဟောင်းမှ ကင်မရာ၊ အင်လာဂျာတို့သည် လုံးဝအသုံးမဝင်တော့ချေ။ အခြေ အနေ ဆုတ်ယုတ်နေချိန်ဖြစ်၍ ဒစ်ဂျစ်တယ်ကင်မရာ အသင့်အတင့်ဈေး တစ်လုံးကိုပင် ဖျစ်ညှစ်ဝယ်လိုက်ရပါ သည်။ တွဲဖက်ဖြစ်သော ကွန်ပျူတာ၊ စကင်နာ၊ ပရင်တာ တို့ကို စိတ်ကူးထဲတောင် မထည့်နိုင်ခဲ့ပေ။ ထိုတွဲဖက်ပစ္စည်း များ မရှိသောကြောင့် ဓာတ်ပုံမထုတ်နိုင်ပါ။ ပုံထုတ်လိုလျှင် ရန်ကုန်မြို့တွင်း ၃၃ လမ်း၊ ၃၄ လမ်း ဓာတ်ပုံဈေးကွက် ဆိုင်ကြီးများသို့ သွားရပါသည်။

လိုင်စင်ပုံဆိုသည်က ရိုက်ပြီး ချက်ချင်းလိုချင်သူသာ များ၏။ ထိုအခါ ရိုက်ပြီး သုံးနာရီခန့် ခွာချိန်း၍ မြို့ထဲပြေး ရပါသည်။ အသွားအပြန် ကားခစရိတ် ၅၀ဝ နှင့် ပုံထုတ်ခ ၃၀ဝ ပေါင်းသော် ရိုက်ခ ၁၀၀ဝ ရ၍ မိမိအတွက် ၂၀ဝ သာ ကျန်ပါသည်။ တစ်ပြားမှမရတာနဲ့စာရင် ၂၀ဝ ရလည်း မဆိုးဟုဆိုကာ လုပ်နေရပါသည်။ တစ်ခါတစ်ရံ ၂၀ဝ ပင် မဝင်သောနေ့တွေလည်း ရှိပါသည်။ ထိုရောအခါ ကွန်ပျူ တာ၊ မော်နီတာ၊ စကင်နာ၊ ပရင်တာတို့ မည်မျှလိုအပ် နေကြောင်း သိနိုင်ပါသည်။ မင်းမင်းကျော်ဓာတ်ပုံကူးဆိုင် ကြီးကဆိုလျှင် လိုင်စင်တစ်ခေါင်းအတွက် ဒဂုံမြို့သစ် မြောက်ပိုင်းမှ လာရကြောင်းသိသောအခါ အံ့သြကြပါသည်။

ဝင်ငွေမရှိသောရက်များကြောင့် တစ်နေ့တစ်နေ့ကို ရှင်သီဝလိဂါထာ၊ ဒိဝါတပတိ ဂါထာတော်များ အာပေါက် မတတ် ရွတ်ဆိုနေမိပါ၏။ ဤသို့သော အခြေအနေများဖြင့် ကျင်လည်နေရစဉ် တစ်နေ့၌ ဂမ္ဘီရမဂ္ဂဇင်းတွင် ဆရာ ခေတ္တရာဆရာကျော် ရေးသော ဂါထာတစ်ပုဒ်အကြောင်း ဖတ်ရှုရပါသည်။ စာအုပ်အငှားဆိုင်မှ ငှားဖတ်ရသော ကြောင့် စာအုပ်ထုတ်လ၊ စာမျက်နှာများ အတိအကျ မဖော် ပြနိုင်သည်ကို ခွင့်လွှတ်စေလိုပါသည်။ လိုရင်းအချက်မှာ လိုအပ်သော ပရိဘောဂ၊ အဆောက်အဦများ ရစေနိုင်သော ဘိုးဘိုးအောင်ပေးသည့် ဂါထာဟု ဆိုပါသည်။

☆ ☆ ☆ ☆ ☆

ဂါထာမန္တန်တို့ဟူသည် ထူးခြားသော တန်ခိုး အားများ ရှိသည်မှန်သော်လည်း သာမန်အနေဖြင့် ရွတ်ဆို မန်းမှုတ်တိုင်းတော့ အစွမ်းသတ္တိရှိဖို့ မလွယ်ပါ။ သူ့ဂါထာ မန္တရားအလိုက် ပရိကံပြုရန် လိုအပ်သလို၊ နေ့နံနက္ခတ်နှင့် ရွတ်ဆိုမန်းမှုတ်သူ၏ စရဏလည်း အရေးကြီးပါသည်။ ထိုအချက်များ ပြည့်စုံပါမှ အကျိုးသက်ရောက်သည်ဟု ကျွန်တော်၏အဘိုးဖြစ်သူ ဦးစံမှ ပြောခဲ့ဖူးပါသည်။ ပမာအား ဖြင့် ငါးရာငါးဆယ်နိပါတ်တော်လာ ရွှေမိုးငွေမိုးရွာစေသော မန္တန်သည် သူ့စန်းယှဉ်နက္ခတ်နှင့် တိုက်ဆိုင်သောအချိန်တွင် ရွတ်ဆိုသောကြောင့် တကယ်ပင် ရွှေမိုးငွေမိုးရွာ၍ သူ့ နက္ခတ်နှင့်မကြုံဘဲ အဓမ္မခြိမ်းခြောက်ရွတ်ဆိုခိုင်းရာ ရွှေမိုး ငွေမိုးမရွာသောကြောင့် အသတ်ခံရသောပုဏ္ဏားအကြောင်း တွင် အခိုင်အမာ တွေ့ရှိရပါသည်။

ယခုလည်း ခေတ္တရာ–ဆရာကျော်၏ ဘိုးဘိုးအောင် ပေးသော ဂါထာအကြောင်း ဖတ်ရှုပြီးသောအခါ ယုံကြည် စွာ ရွတ်ဆိုမည်ဟု ဆုံးဖြတ်ရင်း မိမိ၏ စရဏပိုင်းကို ပြန် လည်သုံးသပ်ပါသည်။ ကျွန်တော်သည် လွန်ခဲ့သော ၂၀ဝ ခုနှစ်မှစ၍ ငါးပါးသီလကို နေ့စဉ် ပျက်ရက်မရှိ စောင့်ထိန်း ခဲ့ခြင်း၊ ငှက်စာကျွေးခြင်း အနိမ့်ဆုံးဒါနမှုအား နေ့စဉ်ပြုခဲ့ ခြင်း၊ အခါအားလျော်စွာ သမထ(အာနာပါန)အလုပ်လုပ် ခြင်းတို့ကို ပီပြင်စွာတွေ့ရှိရပေရာ လိုအပ်သော ပရိကံနှင့် ပြည့်စုံပြီဟု မိမိကိုယ်ကို အဆုံးအဖြတ်ပေး၍ လိုရာပြည့် စေသော ဘိုးဘိုးအောင်ဂါထာကို စတင်ရွတ်ဆိုပါသည်။

ဂါထာစတင်ရွတ်ဆိုသည့်နေ့ကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလဆန်းတွင် စပါသည်။ တစ်နေ့လျှင် သုံးကြိမ် ရွတ်ဆိုပါသည်။ အခေါက်ရေမှာ မိမိဆန္ဒရှိသလောက် ရွတ် ဆိုပါသည်။ စိတ်ပါလျှင် ပါသလို တစ်နေ့သုံးကြိမ်အထက် ရွတ်ဆိုသောအခါမျိုးလည်း ရှိပါသည်။ ရွတ်ဆိုစဉ် စိတ် တွင်းမှ ကွန်ပျူတာ၊ မော်နီတာ၊ ပရင်တာ၊ စကင်နာ အစုံ သော ဒစ်ဂျစ်တယ်ဓာတ်ပုံနှင့် ပတ်သက်သည့် ပစ္စည်းများ အမြန်ဆုံးရစေရန် ဆန္ဒပြုထားပါသည်။

တကယ်တမ်းတွင်မူ ထိုပစ္စည်းများ ဝယ်ယူနိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com

(ဖနီး၏လက်ဝတ်ရတနာမှလွဲ၍) ငွေပိုမရှိပါ။ ထိုပစ္စည်းများသည် ဆယ်သိန်းဝန်းကျင်ခန့် ပေးရမည်ဟု ခန့်မှန်းမိပါသည်။ ငွေမရှိဘဲ မည်သို့ဝယ်မည်နည်းဟူသော သံသယစိတ်ကို ပယ်ဖျောက်ထားပြီး ရကိုရရမည်ဟု ယုံကြည်ချက်ထားရင်း ဂါထာရွတ်ဆိုသလို၊ စရဏပိုင်းကိုလည်း အတိအကျ စောင့်ထိန်းပါသည်။

## "ဂါထာအစွမ်းပြပြီ"

နေ့စဉ်မပျက်မကွက် ရွတ်ဆိုလာသည်မှာ တစ်လကျော်ရှိခဲ့ပါပြီ။ စိတ်အားထက်သန်စွာ ရွတ်ဆိုခဲ့လည်း ဖြစ်ပါသည်။ တစ်လနှင့် ဆယ်ရက်ခန့်ရှိသော တစ်နေ့၏ နေ့လယ် ၁၂း၀၀ နာရီခန့်တွင် ကျွန်တော်၏ အိမ်ရှေ့သို့ စူပါရှုဆလွန်းကားအဖြူရောင်တစ်စီး ဆိုက်ရောက်လာပြီး၊

"အစ်မရေ ... ဒီမှာပစ္စည်းတွေ ပိုင်းသယ်ပါဦး"

ဟု အသံပြုရင်း ကားပေါ်က ဆင်းလာသူက ဖနီးတင်တင်နွဲ့(ရန်ကုန်တက္ကသိုလ်)၏ မောင်အငယ် ချိုကြီးဖြစ်နေသည်။ (ချိုကြီးသည် ရန်ကုန်မြို့ရှိ စူပါတန်းဝင်စိုင်းဘုန်းထူး ဗီဒီယိုဓာတ်ပုံမှ ဝါရင့်ဗီဒီယိုကင်မရာမင်း ဖြစ်၏) ပစ္စည်းများ ပိုင်းသယ်ယူပြီးသောအခါ ...

"အစ်မဓာတ်ပုံဆိုင်မှာ ဒီပစ္စည်းတွေ မရှိလို့ ဘယ်ဖြစ်မလဲ။ ဒါကြောင့် ကျွန်တော်ဝယ်လာပေးတာ။ ကြိုတင်ဖုန်းမဆက်တာက အစ်မတို့ ဝမ်းသာရအောင်လို့ပါ"ဟု ဆိုကာ View Sonic မော်နီတာ ၁၉ လက်မ၊ ကွန်ပျူတာမားသားဘုတ်၊ ကင်နွန်စကင်နာ၊ အက်ပဆွန် ပရင်တာနှင့် ဆက်စပ်ပစ္စည်းများကို ပါကင်ဘူးများမှ တစ်ခုချင်းဖောက်ပါသည်။ ကိုယ်တိုင်လည်း တပ်ဆင်ပေးပါသည်။ အလကားပေးခြင်းမဟုတ်သော်လည်း(နောင်ပြေလည်သည့်အချိန် ပြန်ဆပ်) အလကားရသလို ဝမ်းသာမိပါသည်။ ကျွန်တော်တို့ လက်ရှိအခြေအနေနှင့် ဝယ်နိုင်ဖို့ ဝေးမှဝေးပါ။ ကုန်ကျငွေကို ဘောက်ချာပြေစာနှင့်တကွ ပေးအပ်ပါသည်။

ဤကိစ္စသည် သာမန်တိုက်ဆိုင်မှုမဟုတ်ပါ။ တိုက်ဆိုင်လို့ပါဆိုသော စကားသည် တာဝန်မဲ့ပြောသောစကားပါ။ အကျိုးဟူသည် အကြောင်းအားလျော်စွာ ဖြစ်တတ်သော သဘောအရ ဘိုးဘိုးအောင်ဂါထာကို စင်ကြယ်သော စရဏဖြင့် ပီပြင်စွာ ရွတ်ဆိုထုံမွမ်းသော အကြောင်းကြောင့် ရရှိလာသော အကျိုးသာဖြစ်ပါသည်။

ဤမျှနှင့် လက်မခံနိုင်သေးပါက ကွန်ပျူတာပစ္စည်းများရရှိပြီး သုံးရက်အကြာတွင် ဖနီးတင်တင်နွဲ့သည် မရောက်တာကြာပြီဖြစ်သော တာမွေ ၁၅၅ လမ်းရှိ အမေဒေါ်သန်းအိမ်သို့ အလည်သွားရာ အပြန်တွင် ရေကြောင်းကောလိပ်တက်နေသော သူ့မြေးဖြစ်သူ တင်အေးသော် ဖိုင်နယ်စာမေးပွဲတွင် ခြောက်ဘာသာဂုဏ်ထူးဖြင့် အောင်မြင်၍ မုန့်ဖိုးကျပ်တစ်သောင်းနှင့် သမီးတို့လိုရာသုံးဟုဆိုကာ ကျပ်နှစ်သိန်းပေးလိုက်ပါတယ်။ အမေ့ကို ငွေရေးကြေးရေးအကြောင်း ပြောဆိုခြင်း လုံးဝမရှိခဲ့ပါ။ ဘိုးဘိုးအောင်ဂါထာ၏ ထူးခြားသော အစွမ်းဟု လုံးဝယုံကြည်ပါသည်။

ခေတ္တရာ-ဆရာကျော်က ဂမ္ဘီရမဂ္ဂဇင်းတွင် ဂါထာ၏ အနက်အဓိပ္ပာယ်ပါ ရေးသားဖော်ပြထားသော်လည်း ကျွန်တော်က အဓိကဖြစ်တဲ့ ဂါထာကိုသာ ကင်မရာနဲ့ ကော်ပီရိုက်ထားတာကြောင့် ထိုဂါထာကို အောက်တွင် ရေးသားဖော်ပြအပ်ပါသည်။ စာဖတ်သူများ ယုံကြည်မှုသဒ္ဓါအပြည့်နှင့် ရွတ်ဆိုကြစေကုန်။

## "သဗ္ဗပရိက္ခရ နိမ္မိတံဂါထာ"

**အလုံးစုံသော အဆောက်အဦ၊**
**အိမ်ထောင်အခမ်းအနား၊ အခြံအရံတို့ကို**
**ဖန်ဆင်းနိုင်သော ဂါထာတော်ကြီး**

(၁) ပုဒ္ဓေါ ပုဒ္ဓသာ၊ ဣဒ္ဓိ ပုဒ္ဓသာ၊
နိမ္မိတံ ဓာတု ပုဒ္ဓေါ။
ဘဂဝါ တုမှာကံ အတ္တဘာဝံ၊ နိမ္မိတံ ပုဒ္ဓေါ။

(၂) ပုဒ္ဓေါ ပုဒ္ဓသာ၊ ဣဒ္ဓိ ပုဒ္ဓသာ၊
နိမ္မိတံ စိတ္တံ ပုဒ္ဓေါ။
ဘဂဝါ တုမှာကံ အတ္တဘာဝံ၊ နိမ္မိတံ ပုဒ္ဓေါ။

(၃) ပုဒ္ဓေါ ပုဒ္ဓသာ၊ ဣဒ္ဓိ ပုဒ္ဓသာ၊
နိမ္မိတံ ကာယ ပုဒ္ဓေါ။
ဘဂဝါ တုမှာကံ အတ္တဘာဝံ၊ နိမ္မိတံ ပုဒ္ဓေါ။

(၄) ပုဒ္ဓေါ ပုဒ္ဓသာ၊ ဣဒ္ဓိ ပုဒ္ဓသာ၊
နိမ္မိတံ သညာဏ ပုဒ္ဓေါ။
ဘဂဝါ တုမှာကံ အတ္တဘာဝံ၊ နိမ္မိတံ ပုဒ္ဓေါ။

အလိုအပ်ဆုံးသော လိုရာဆန္ဒ ပြည့်ဝကြပါစေ။

**ဓာတ်ပုံ-မောင်မောင်အေး**



www.burmeseclassic.com


www.burmeseclassic.com

## ရွှေတိဂုံစေတီ ရင်ပြင်တော်ပေါ်မှ

# သစ္စာမဏ္ဍိုင်အသင်း

■ ညွန့်မောင်ဦး

ဆောင်းအကုန် နွေအကူး ပူပြင်းသော ခါသမယ တန်ခူးလ၏ သင်္ကြန်အကြိုကာလမှာ သစ္စာမဏ္ဍိုင် သာသနာပြုဝတ်အသင်းသူ၊ အသင်းသားများသည် ရန်ကုန်မြို့မှနေ၍ မိုင် ၁၀၀ ကျော်ဝေးသော ဆံတော်ရှင် ကေလာသစေတီတော်မြတ်ရှိရာ ကေလာသတောင်သို့ သာသနာပြုလုပ်ငန်းများ ပြုလုပ်ကြရန် ထွက်ခဲ့ကြပါသည်။ ထိုသို့ သစ္စာမဏ္ဍိုင်အသင်းဥက္ကဋ္ဌ စီစဉ်သော သင်္ကြန်ရက်များ မတိုင်မီ ကေလာသဆံတော်ရှင်ဘုရားကို ဖူးကြရန်နှင့် ကေလာသဆံတော်ရှင်ရှိရာ. ကေလာသတောင်နှ... မနီးမဝေးရှိ မြသပိတ်တောင်မှ မြသပိ... စေတီ၊ ကျိုက်ဒေးယုံတောင်မှ ကျိုက်ဒေ... ယုံစေတီကိုပါ ဖူးကြရမည့်အပြင် သင်္ကြ... အကြိုနေ့မှာ အသင်းသားများကို ရဟ... နှင့် သာမဏေဝတ်စေပြီး အသင်းသူမ...



ကျောက်တစ်လုံးရွှေဂူကျောင်းဝင်းအတွင်းရှိ စေတီ(၂)ဆူ



www.burmeseclassic.com

www.burmeseclassic.com

ကို ယောဂီများဝတ်စေ၍ သင်္ကြန်ကာလအတွင်း ကိုးရက်တရားစခန်းဝင်ကြရသော အစီအစဉ်ဖြစ်၍ ကျွန်တော်လည်း သဘောကျ၍ သစ္စာမဏ္ဍိုင်အသင်းနှင့် လိုက်ခဲ့ပါသည်။

ကေလာသတောင်သည် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ကလေးအနီးမှာ ရှိပါသည်။ တောင်စွန်းမြို့ကလေးမှာ ကေလာသတောင်နှင့် တောင်ညီနောင်ဖြစ်သော ကျိုက်ဒေးယုံတောင်ခြေရင်းမှာရှိပြီး စည်ကားသာယာသော မြို့ကလေးဖြစ်ပါသည်။ သာယာသော မြို့ကလေးဟု ဆိုခြင်းမှာ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့ ဘူတာအလွန် တောင်စွန်းဘူတာကို ရောက်၍ မီးရထားပေါ်မှဆင်းလိုက်ပြီး လှမ်းမျှော်ကြည့်လိုက်သည်နှင့် မြင့်မားသော တောင်ထွဋ်ပေါ်မှ စေတီကို အဦးဆုံးဖူးမြင်ရလိမ့်မည်။ ထိုစေတီတော်မှာ ကျိုက်ဒေးယုံဆံတော်ရှင်စေတီတစ်ဆူဖြစ်ပြီး မြင့်မားသော တောင်တန်းကြီးမှာ ကျိုက်ဒေးယုံတောင် ဖြစ်သည်။ တစ်ဖန် တောင်တန်းကြီး၏ အောက်ခြေမှာ တည်ထားသော မြို့ကလေးမှာ တောင်စွန်းမြို့ကလေးဖြစ်သည်။ စည်ကားသာယာသောမြို့ကလေးဟု ဆိုခြင်းမှာ ရှေးအခါက မြင်းလှည်းကလေးများသာ ပြေးဆွဲနေသော တောင်စွန်းမြို့ကလေးမှာ ယခုအခါ တောင်စွန်း-မုတ္တမ ကုန် မှန်လုံကားများ ပြေးဆွဲနေကြပြီး တောင်စွန်းမြို့ကလေးနှင့် ဘီးလင်းမြို့၊ တောင်စွန်းမြို့ကလေးမှ ကျိုက်ထိုမြို့သို့ သွားရာ တစ်လျှောက်မှာရှိသော ကျောက်တစ်လုံးကျေးရွာ၊ ပေါက်တောကျေးရွာ၊ တင်းရွာကျေးရွာ၊ ပေါက်ကွဲကျေးရွာ၊ ခနုံးချောင်ကျေးရွာ၊ သောင်ကြီးကျေးရွာ၊ အရက်သည်မကျေးရွာ၊ ကျိုက်ပိကျေးရွာသည့် ကျေးရွာများကိုလည်း နေ့စဉ်

မြင်းလှည်းများ၊ ဆိုင်ကယ်များ၊ ထော်လာဂျီများ(စံပလော)ခေါ် ခရီးသည်ပို့ဆောင်သော ယာဉ်ငယ်ကလေးများ၊ ဆိုင်ကယ်ကယ်ရီများမှာ ကျိုက်ထိုမြို့မှ တောင်စွန်း၊ တောင်စွန်းမြို့မှ ကျိုက်ထီးဆောင်း၊ ကျိုက်ထီးဆောင်းဘုရားရှိရာ ဇုတ်သုတ်ကျေးရွာမှ ဘီးလင်းမြို့အထိ နေ့စဉ်ပြေးဆွဲနေကြသည်။ စံပလောမှာ ထိုင်းစကားဖြစ်သည်။ ဆိုင်ကယ်အကြီးစားကို ဘော်ဒီတည်ဆောက်ထားပြီး၊ တစ်ဖက်ကို ခရီးသည် ငါးယောက်စီးနိုင်ကာ အလယ်မှာ သုံးလေးယောက် စီးနိုင်ပြီး၊ ရှေ့ပိုင်းမောင်းသူဘေးမှာလည်း စီးနိုင်သည်။ ထော်လာဂျီမှာ ပစ္စည်းများတင်ရာမှာ အသုံးပြုကြပါသည်။

ရွှေတိဂုံစေတီရင်ပြင်တော်ပေါ်မှာ ရှိကြသော ဘာသာရေးအသင်းများတွင် သစ္စာမဏ္ဍိုင်အသင်းလည်း တစ်သင်းအပါအဝင် ဖြစ်သည်။ ဘာသာရေးအသင်းများမှာ ရွှေတိဂုံစေတီမှာကျင်းပသော ဘာသာရေးပွဲများမှာ ပါဝင်ကုသိုလ်ယူ လုပ်ကိုင်ပေးကြသည့်အပြင် နယ်များမှာရှိကြသော တန်ခိုးကြီးဘုရားများကိုလည်း သွားရောက်၍ ကုသိုလ်ပြုကြသည်။ နယ်ဘုရားများမှာ သွားရောက်ကုသိုလ်ပြုသော အသင်းများအနက် သစ္စာမဏ္ဍိုင်အသင်းကုသိုလ်ပြုကြပုံကို တင်ပြပါမည်။ သစ္စာမဏ္ဍိုင်အသင်းသည် တစ်နှစ်တစ်ကြိမ် ပဲခူးမြို့နယ်အတွင်းရှိ ဒေးစွန်ပါတောင်ကို သွားရောက်ပြီး တောင်ပေါ်မှာရှိကြသော ကျောင်းများအနက် ကထိန်မခင်းနိုင်သော ကျောင်းကို ကထိန်ခင်းပေးသည်။ ဝါတွင်းကာလတွေမှာလည်း တောင်ပေါ်တစ်လျှောက်မှာ သီတင်းသုံးနေထိုင်ကြသော သံဃာတော်များ၊ ရသေ့များ၊ ယောဂီများနှင့် သီလရှင်များကို စားသောက်ဖွယ်ရာများနှင့် ဆွမ်းများ လှူဒါန်းသည်။ မိမိတို့အသင်းအား အသင်းသူများ တောင်ပေါ်သို့ရောက်သည့်အခါတိုင်း တောင်ပေါ်မှာရှိသော ဘုရားစေတီများနှင့် ရုပ်ပွားတော်များကို ရောင်တော်ဖွင့်ပေးကြသည်။ ပျက်နေသည်များကိုလည်း ပြုပြင်



စာရေးသူ တရားထိုင်ပြီး၍ အနားယူနေစဉ်



www.burmeseclassic.com

www.burmeseclassic.com



ရွှေဂူ ရိပ်သာ ကျောင်း သိမ်

ပေးပါသည်။ ထိုအသင်းမှာ မကြာခဏ ဒေးစွန်ပါတောင်ကို သွားကြသည်။ ဓါတွင်း ကာလတွေမှာ ပို၍သွားပါသည်။

ယခုနှစ် သစ္စာမဏ္ဍိုင်အသင်း သင်္ကြန်တွင်းကာလတစ်လျှောက် ကေလာသတောင်၊ ကေလာသဆံတော်ရှင်ဘုရား။ ကျိုက်ဒေးယံတောင်၊ ကျိုက်ဒေးယံဘုရားနှင့် မြသပိတ်တောင်၊ မြသပိတ်ဘုရားများ ဖူးကြရန်နှင့် အသင်းသားတချို့ ရဟန်းဝတ်ကြပြီး အသင်းသူအချို့ ယောဂီဝတ်ကြကာ ကျိုက်ဒေးယံတောင်ခြေမှာရှိသော "ရွှေဂူကျောင်း"မှာ သင်္ကြန်ကာလအတွင်း တရားအားထုတ်ကြမည့်သတင်း ကြား၍ ကျွန်တော် သစ္စာမဏ္ဍိုင်အသင်း ဥက္ကဋ္ဌ ဦးကျော်လွင်ထံသွား၍ မေးပါသည်။

"ဦးကျော်လွင်တို့အသင်း သည်နှစ်သင်္ကြန်မှာ ကေလာသတောင် သွားကြမယ်ဆို"

"ဟုတ်ပါတယ်။ အသင်းသူ/အသင်းသားအားလုံး လိုက်ကြမှာမဟုတ်ဘူး။ ရဟန်းဝတ်သူတချို့နှင့် ယောဂီဝတ်ပြီး တရားထိုင်မယ့် အမျိုးသမီးလေးငါးယောက်ပဲ လိုက်ကြမှာပါ"

"အသင်းသားမဟုတ်သူ လိုက်လို့မရဘူးလား"

"အသင်းသားမဟုတ်သူလည်း လိုက်လို့ရပါတယ်။ ဆရာလိုက်ချင်လို့လား"

"လိုက်ချင်ပါတယ်။ ကျွန်တော်လည်း သင်္ကြန်တွင်းမှာ ရဟန်းဝတ်ချင်လို့ပါ။ တောင်စွန်းက ကျွန်တော့်ရွာဆီ တော့လည်း ပြန်ချင်လို့ပါ"

"ဩော်...ဆရာက တောင်စွန်းသားကိုး။ ကျွန်တော်က ကျောက်တစ်လုံးသူနှင့် အိမ်ထောင်ကြလို့ ကိုယ့်ရွာလိုဖြစ်နေပါပြီ။ မကြာခဏလည်း ရွှေဂူ၊ ကန္တာန်းရိပ်သာမှာ တရားအားထုတ်တယ်"

"ဒါနှင့် ယခုနှစ်သွားကြမှာ ခရီးစရိတ် ဘယ်လိုသတ်မှတ်လဲ။ ကျွန်တော်လည်း ထည့်ပါ့မယ်"

"ခရီးစရိတ် သတ်မှတ်မထားပါဘူး။ အသင်းက လူငယ်လေးခြောက်ယောက် ရွှေတိဂုံ ထမနဲထိုးပြိုင်ပွဲက ရတဲ့ဆုငွေကို မတည်လှူဒါန်းမယ်။ လိုအပ်တဲ့ငွေကို လည်း ထည့်မယ်လို့ ဆုံးဖြတ်ထားပါတယ်"

"တစ်ယောက်ကို ဘယ်လောက်ကျမယ် ထင်ထားလဲ"

"ငွေ ၂၀၀၀၀ လောက် ကုန်လိမ့်မယ်"

"ကျွန်တော် ၂၀၀၀၀ ထည့်မယ်။ လိုက်ခဲ့မယ်ဗျာ။ ဟိုရောက်တော့လည်း တရားပူဇော်ပွဲလည်း ထည့်ပါ့မယ်"

"ဆရာလိုက်ရင် ကောင်းတာပေါ့။ ခေါင်းပါးလည်း ရတာပေါ့။ အသင်းသားတွေနဲ့လည်း ရင်းနှီးနေတာပဲ"

ကျွန်တော်တို့အဖွဲ့ ၁၀.၄.၂၀၀... ရက်နေ့ နေ့လယ် ၁ နာရီမှာ ပ... မှန်လုံကားကြီးစီး၍ တောင်စွန်းမြို့... ထွက်ခဲ့ကြပါသည်။ သင်္ကြန်ရက်နီး... နယ်ကိုသွားသော မီးရထားများ ကား... စီးကြရသည်မှာ ခက်ခဲကြသည့်နည်း... တောင်စွန်းကားမှာလည်း စီးရခက်ခဲ... ထို့ထက်ပိုဆိုးသည်က ကျွန်တော်...

www.burmeseclassic.com

သာသော ကားမှာ လှည်းကူးမြို့အလွန် မှာ ပျက်သွား၍ ခရီးသည်များ ကားပေါ်မှ ဆင်းပြီး လမ်းဘေးမှာရှိသော လက်ဖက် ရည်ဆိုင်၊ အအေးဆိုင်များမှာ ဝင်ထိုင်နေ ကြရပါသည်။ ကားသမားများမှာ သူတို့ နှင့် မသက်ဆိုင်သလို ကားပြောင်းပေးခြင်း မပြုလုပ်ဘဲ ဘီလီယက်ခုံထဲ သွားထိုင်နေ ကြသည်မှာ ညနေ ၄ နာရီအထိ ကား မပြောင်းပေးပါ။ ထိုအချိန်မှာ ခရီးသည် များက မနေနိုင်ကြ၍ ဝိုင်းပြောမှ ပဲခူးမြို့ မှ ကားလာကြိုမည်၊ စောင့်ပါဟု ပြော သည်။ နောက်တစ်နာရီကျော်ကျော် စောင့်၍ ကားမလာသောအခါ ခရီးသည် များက ရဲကိုတိုင်မည်ပြောမှသာ ထိုအနား မှ ကားတစ်စီးကိုငှား၍ တင်ပေးသည်။ ကျွန်တော်တို့ တောင်စွန်းရောက်ချိန်မှာ ည ၁၂ နာရီကျော်မှ ရောက်သည်။

တောင်စွန်းမြို့ကလေးမှာ တိုးတက် စည်ကားလာသည်နှင့်အမျှ ဘုန်းတော်ကြီး ကျောင်းများ၊ ရိပ်သာများလည်း များပါ သည်။ ထင်ရှား၍ လူသိများသော ကျောင်းများကို တင်ပြရပါလျှင် တောင် စွန်းမြို့မှာ ဓမ္မဒူတကျောင်း၊ စိမ့်စမ်းမြောင် ကျောင်း၊ သော်ကမြောင်ကျောင်း၊ ကျောက် ဝိုင်းကျောင်း၊ ကျောက်တစ်လုံးကျေးရွာ မှာ ရွှေဂူကျောင်း၊ ပေါက်တောကျေးရွာ မှာ ပုသိမ်တောရကျောင်း၊ ကင်းရွာမှာ ရေတံခွန်တောရကျောင်း စသည့် ကျောင်း များမှာ စည်ကား၍ အသွားအလာ များ ကြသည်။ ကျွန်တော်တို့အဖွဲ့ ထိုညက ရွှေဂူကျောင်းမှာပင် ညအိပ်ကြပါသည်။ ကျန်သောခရီးသည်များမှာ တောင်စွန်း ဓမ္မဒူတကျောင်းကို ပို့ပေးပြီး ထိုညက လိုက်ပို့ပေးသော ကားမှာ ဓမ္မဒူတကျောင်း မှာ ညအိပ်သည်။ ကျွန်တော်တို့အဖွဲ့မှာ ၁၁.၄.၂၀၁၃ ရက်နေ့ နံနက်စောစော ကလာသတောင်ပေါ်တက်၍ ဘုရားဖူး ကြသည်။ နေ့လယ်ဘက် တောင်ပေါ်မှ ဆင်းခဲ့ကြပြီး ညနေ ၄ နာရီမှာ ဆံချ၍ ကိုရင်ဝတ်သည်။ တစ်ဖန် ကိုရင်ဘဝနှင့် သိမ်တက်ကြရာမှ ညနေ ၆ နာရီမှာ အား လုံး ရဟန်းလေးပါး ဖြစ်သွားကြပြီး သာ မဏေနှစ်ပါး ဝတ်ကြပါသည်။ ကျောက် တစ်လုံးကျေးရွာ ရွှေဂူကျောင်းမှာ ရှေး ယခင် နှစ်ပေါင်း ၇၀ လောက်က ဆောက် လုပ်ထားသော ကျောင်းကြီးဖြစ်ပါသည်။ တောင်စွန်းမှ စိမ့်စမ်းမြောင်ကျောင်းနှင့် ရွှေဂူကျောင်းမှာ တရားအားထုတ်သူများ များပြားသော ကျောင်းကြီးနှစ်ကျောင်းဖြစ် သည်။ တခြားရိပ်သာများလို ထမင်းစား စရိတ်ပေးရန်မလိုသည့်အပြင် မိမိနေနိုင် သလောက် အချိန်ကြာကြာအားထုတ်နေ နိုင်သော ကျောင်းများဖြစ်သည်။ ကျောင်း နှစ်ကျောင်းမှာ ကျိုက်ဒေးယုံတောင် အတက်နားမှာ တည် ထားပြီး တောင်တက် လမ်းတစ်လျှောက်မှာ ကျောက်တုံးကြီးများရှိ ပြီး ကျောက်တုံးများ ကြားမှာ ကမ္မဋ္ဌာန်း ကျောင်းကလေးဆောက် ထားပါသည်။

ကျွန်တော်တို့ ကိုး ရက် ရဟန်းဝတ်ပြီး တရားအားထုတ်သော ရွှေဂူကျောင်း၌ တောင် ပေါ်တစ်လျှောက်မှာ ကျောင်းပေါင်း ကြီး/ ငယ် အလုံး ၂၀ ကျော် ရှိသည်။ ကျောင်းတိုင်း မှာ ရေချိုးခန်းနှင့် အိမ် သာ ရှိသည်။ တောင်



ဆရာတော်ဘုရားကြီး တရားကျင့်ရာ ကျောက်ဂူအနီးရှိ
ဆင်ပုံသဏ္ဌာန်ကျောက်တုံးကြီး



www.burmeseclassic.com

www.burmeseclassic.com

ပေါ်မှကျလာသော စမ်းရေများကို ရေကန်ကြီးများနှင့် လှောင်ထားပြီး ပိုက်များနှင့် သွယ်ပေးထားသည်။ တရားအားထုတ်သူများ ကြိုက်သလောက် ချိုးနိုင်ကြပါသည်။ ရဟန်းများမှာ နံနက် အရုဏ်ဆွမ်းကို ၅ နာရီခွဲမှာ ဘုဉ်းပေးကြရပြီး တစ်နာရီစကြံလျှောက်၊ ရေချိုးပြီး နံနက် ၇ နာရီခွဲမှာ ရွာထဲကို ဆွမ်းခံကြွကြရသည်။ ဆွမ်းခံကြွရာမှာ ကျောက်တစ်လုံးရွာနှင့် ပေါက်တောရွာ ရွာနှစ်ရွာကို ကြွရသည်။ ရွာတစ်ရွာဆုံးလျှင် ဆွမ်းသပိတ်တစ်လုံး အပြည့်ရပါသည်။ နှစ်ရွာမှာ သပိတ်နှစ်လုံးခန့် ဆွမ်းရသည်။ နေ့လယ်ဆွမ်းစားချိန်မှာ ၁၀ နာရီခွဲ ဖြစ်သည်။ ကိုယ့်သပိတ်၊ ကိုယ့်ဇွန်း၊ ကိုယ့်လက်ဖက်ရည်ပန်းကန်၊ ကိုယ့်လက်သုတ်ပဝါ ကိုယ်အသုံးပြုရပါသည်။ အလွန်စည်းစနစ်ကြီးသော တရားရိပ်သာကျောင်း ဖြစ်ပါသည်။

ရွှေဂူကျောင်း ပထမဆရာတော်ကြီးမှာ ဦးဝဏ္ဏိတဖြစ်၍ ယခု ပျံလွန်တော်မူသွားပြီဖြစ်သည်။ ဆရာတော်ဦးဝဏ္ဏိတမှာ ယခင်ကျောင်းတည်ထောင်ခါစမှာ ကျောင်းမှာ စာသင်တိုက်ဖွင့်၍ စာသင်သား အပါး ၅၀ ခန့်ရှိသည်ဟု သိရပါသည်။ ဆရာတော် ဦးဝဏ္ဏိတမှာ သာမဏေများအတွက် "ရွှေဂူရှင့်ကျင့်ဝတ်"စာအုပ်ကို ရေးသားခဲ့ပါသည်။ ထိုစာအုပ်ကို သာမဏေများ ကျက်မှတ်ကြရသည်ဟု ဆိုပါသည်။ ဆရာတော်ကြီးမှာ နောင်အခါမှသာ မိမိသီတင်းသုံးနေရာ ကျောင်းဘေးရှိ ကျောက်ဂူကြီးထဲမှာ တရားအားထုတ်နေပါသည်။ ထိုဆရာတော်ကြီး ပျံလွန်တော်မူသွားသောအခါမှသာ ရွာများမှ လူများက ရဟန္တာဖြစ်ကြောင်း သိကြရသည်ဟု ဆိုကြပါသည်။ ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် ဒုတိယဆရာတော်၏ ဘွဲ့မှာလည်း ဦးဝဏ္ဏိတ ဖြစ်ပါသည်။ ထို ဒုတိယဆရာတော်ဦးဝဏ္ဏိတမှာ ယခု ကျွန်တော်တို့ရောက်သွားချိန်မှာ ကျန်းမာရေးမကောင်း၍ သိမ်ဇရပ်ကျောင်းမှာ ဆေးကုသမှု ခံယူနေပါသည်။ ထိုဒုတိယဆရာတော်ကိုလည်း လူများကြည်ညိုကြပါသည်။ ဦးစန္ဒောဘာသမှာ ကမ္မဋ္ဌာန်းနည်းပြဆရာတော်လည်း ဖြစ်ပါသည်။

ရွှေဂူကျောင်းဝင်းကြီးမှာ ကျယ်ပြီး ကျောင်းခြံထဲမှာ သရက်ပင်များ၊ ပိန္နဲပင်များ၊ မရန်းပင်များ၊ ကနစိုးပင်များ၊ မှန်ကူပင်များနှင့် ကျောင်းခြံ တောင်ထိပ်မှာ ဘုရားငါးဆူ(စေတီငါးဆူ) တည်ထားပြီး၊ အလယ်ရှိ ကျောက်တုံးကြီးပေါ်မှာလည်း ကျိုက်ထီးရိုးပုံတူစေတီတစ်ဆူ တည်ထားပါသည်။ ထိုစေတီများအပြင် သိမ်အနောက်နားမှာလည်း စေတီနှစ်ဆူရှိပါသည်။ ရွှေဂူကျောင်းမှာ ဆွမ်းစားဆောင်အပါအဝင် ကျောင်းပေါင်းအလုံး ၂၀ ကျော် ရှိပါသည်။ ကျောင်းတိုင်းကို မီး၊ ရေ အပြည့်အစုံ ပြုလုပ်ပေးထားသည့်အပြင် အိပ်ခန်းမှာ ခုတင်များထားပေးထားသည်။ ဆွမ်း၊ ကွမ်းချက်သော ကပ္ပိယအဖွဲ့ကိုလည်း အမြဲတမ်းထားပေးထားသည်။ တရားလာအားထုတ်သူများ အသုံးပြုရန် ပစ္စည်းများ လိုအပ်က ကပ္ပိယအဖွဲ့ကို ပြောရသည်။ ကပ္ပိယအဖွဲ့မှ ဝယ်ပေးပါသည်။ မိမိကိုယ်တိုင် ကျောင်းအပြင် မထွက်ရပါ။

ကျွန်တော်တို့အဖွဲ့မှ ကိုရင်များနှင့် အမျိုးသမီးယောဂီများမှာ နံနက်စောစောအပင်များမှ ကြွေကျသော မရန်းသီးမှည့်များနှင့် မှန်ကူသီးမှည့်များကို လိုက်ကောက်ကြရသည်မှာ ပျော်စရာကောင်းသည်။ တောရိပ်တောင်ရိပ်မှာ ခိုနေရသည်မှာ ရန်ကုန်မြို့ထက် ပျော်စရာကောင်းပါသည်ဟု ဆိုပါသည်။ အထူးသဖြင့် အမျိုးသမီးယောဂီများမှာ တောင်စွန်းနယ်မှာရှိသော ကျွန်းကလေးတရားအဖွဲ့ ကရင်ရွာများမှာရှိသော "ကျိုက်ပတဲ ဆံတော်ရှင်စေတီ၊ မြသပိတ်စေတီနှင့် ကျိုက်ဒေးယုံတောင် ကြက်မင်းဘုရား မကျန် အကုန်လိုက်ဖူးကြပါသည်။ သည်လိုနှင့် ကိုးရက်ပြည့်သောအခါ ကျွန်တော်တို့အဖွဲ့ ဆရာတော်ဦးစန္ဒောဘာသကို ကန်တော့ပြီး လူဝတ်လဲလိုက်ကြပါသည်။ လူဝတ်လဲပြီးသော နေ့လယ် ၁၂ နာရီမှာပင် ဥက္ကဋ္ဌဦးကျော်လွင်က ကျိုက်ထီးရိုးဘုရားဖူးသွားရန် စီစဉ်ထား၍ အားလုံးအဖွဲ့သားများ ကင်ပွန်းစခန်းကို ကားငှား၍ ခေါ်သွားပါသည်။ ကျွန်တော်က ကျိုက်ထီးရိုးဘုရားကို မဖူးတော့ဘဲ ကျိုက်ထိုမြို့မှ ညီဘုန်းကြီးရှိရာ ကျောင်းကို လိုက်ခဲ့ရာ ရန်ကုန်မြို့မှ အတူထွက်လာကြပြီး ရဟန်းဘဝနှင့် နေစဉ်တစ်လျှောက်မှာ အကိုက်အခဲပျောက်ဆေးများလှူသော ဒေါ်သစ်သစ်နှင့် ကိုရင်တကာမ(အမည်မသိ)နှင့် မုတ်တမ်းဓာတ်ပုံများ ရိုက်ပေးသော အမျိုးသမီးတို့အား ကျေးဇူးတင်ကြောင်း ရဟန်းဘဝဖော်အဖြစ် အတူသီတင်းသုံးခဲ့သူအားလုံးကိုလည်း ကျေးဇူးတင်ပါသည်။

ဘာသာရေးဘက်မှာ ဆွဲဆောင်မှုအားကောင်းသော သစ္စာမဏ္ဍိုင်အသင်း ဥက္ကဋ္ဌ ဦးကျော်လွင်ရေ... လာမည့်နှစ် တန်ခူးလ ပိတောက်တွေဖူးချိန်မှာ ကျွန်တော်တို့အဖွဲ့သားတွေ ရွှေဂူဓမ္မရိပ်သာမှာ ဘဝအမောဖြေကြရအောင် ကြိုးစားပါဦး။

အားလုံးရွှင်လန်းဝမ်းမြောက်ကြပါစေ...။

**ညွန့်မောင်ဦး**



www.burmeseclassic.com

www.burmeseclassic.com

# နှစ်ပေါင်း (၃၀)ကျော် အောင်မြင်နေတဲ့ ကချင်ဆေးဆရာမကြီး ဒေါ်နန်းတူ



◆ သွေးတိုး၊ အကြောတက်ခြင်း၊ နောက်ကြောတက်၊ မျက်နှာလေဖြတ်၊ ပါးတစ်ခြမ်းရွဲ့ခြင်း၊ လူကြီးလူငယ်မရွေး ဖြစ်တတ်သော အကြောရောဂါ၊ လေငန်း၊ လေဖြတ် ရောဂါများကို အထူးသက်သာစေတဲ့ အကြောအားဆေးဝိဇ္ဇာ။

◆ သွေးအားနည်း၊ နှလုံးတုန်၊ စိတ်ခြောက်ခြား အိပ်မပျော်၊ ဓမ္မတာမပေါ်/ကျန် ကိုက်ခဲခြင်း၊ အဖြူဆင်း၊ အားကုန်၊ အသားဖြူလျော်၊ သွေးသားခြောက်ခမ်းခြင်းများအတွက် ကချင်သွေးအားတိုး အားဆေးကြီး။

◆ ခန္ဓာကိုယ် ထုံကျင်လေးလံခြင်း၊ ခါးကြောတစ်လျှောက် အမြှောင်းထခြင်း၊ အဆစ်လွဲခြင်း၊ အကြောလွဲ၊ အကြောကပ်ခြင်းများ ရောဂါမျိုးစုံတို့အတွက် အဆိပ်ပြေ ရောဂါချမြစ်ဖြတ်စေတဲ့ ကချင်မရှောစားဆေးကြီး ရရှိနိုင်ပါသည်။

◆ **လေဖြတ်လေငန်း ဝေဒနာရှင်များအတွက် ဆရာမကြီးနှင့် ဆွေးနွေးတိုင်ပင် ကုသနိုင်ပါတယ်။**

အိမ်အမှတ်(၃၁၆)၊ သခင်ဖိုးလှကြီးလမ်း၊ စီမံကိန်း(၁)၊ တောင်ဥက္ကလာပ။
နေ့စဉ် နံနက် (၇:၀၀) မှ (၁၁:၀၀) နာရီထိ။
ဖုန်း - ၀၉-၄၂၅၀၁၁၈၇၅၊ ၀၉-၄၂၅၃၀၇၄၈၈၊

မြစန္ဒာဆေးတိုက် - ဆေးခန်းအမှတ်(၃၁၄)၊ ရွှေဘုံသာအလယ်လမ်း KBZ ဘေး
နေ့လယ် (၁၂:၀၀) မှ ညနေ (၄:၀၀) နာရီထိ။ ဖုန်း - ၀၁-၃၈၇၀၉၇
(တနင်္ဂနွေနေ့ ပိတ်သည်)

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# ဂိုဏ်းကြွချင်

မုန်တိုင်းသစ်

(ယခင်လမှအဆက်)

(၅)

မုန်တိုင်း ဒီတစ်ခါ လွှင့်ပျံထွက်ပြေးခဲ့ရတာကတော့ အသည်းနာစရာကောင်းပါတယ်။

သိတယ်မဟုတ်လား။ စိန်မုန်တိုင်း မဂ်လာဆိုင်းအဖွဲ့ကြီးက ပတ်မတီးခေါင်းဆောင် စိန်မုန်တိုင်း၊ သရဲတောရွာသား မုန်တိုင်း၊ မြသဲကြည်ကို စွဲစွဲလမ်းလမ်း ချစ်နေရတဲ့ မုန်တိုင်း၊ ခုတော့လည်း အသူရကာယ်ဘုံသား သရဲဘဝရောက်နေတဲ့ မုန်တိုင်းပေါ့။

သေခါနီးမှ အကုသိုလ်ကံက ဦးဆောင်ပြီး အစွဲအလမ်းတွေပွား၊ မရဏာသန္ဓေဇောဆိုက်ပြီး ရွာထိပ်ကုက္ကိုပင်ကြီးမှာ သရဲဖြစ်ခဲ့သူပေါ့။ လူတွေက သေလို့ရှိရင် ဥပပတိ ပဋိသန္ဓေနဲ့ နတ်ဘဝ၊ ပြိတ္တာဘဝ၊ ပြိတ္တာဘဝ၊ ငရဲဘဝတွေ ရောက်ကြပါတယ်။ ကျုပ်ကတော့ စားပြုလူဆိုးတွေရဲ့ ပိုင်းဝန်းတိုက်ခိုက်၊ မျက်နှာကို ဓားနဲ့ခုတ်ခံရပြီး သွေးသံရဲရဲ အသေဆိုးနဲ့ သေခဲ့ရသူမဟုတ်လား။

မြသဲကြည်ကို စွဲစွဲလမ်းလမ်း ချစ်နေရတဲ့ သရဲကြီး။ အဲဒီစိတ်နဲ့ပဲ ကျုပ်သေခဲ့ရတယ်။ ဒီတော့ မကျွတ်မလွတ်တဲ့ သရဲတစ်ကောင်ပေါ့။ သီတင်းကျွတ် လပြည့်နေ့က မြသဲကြည်နဲ့ အဖော်မိန်းကလေးတွေ ရွာဦးကျောင်းက ပြန်လာတာကို ကျုပ်မြင်လိုက်တယ်။

ဥပုသ်နေ့မို့လို့ ရွာဦးကျောင်းမှာ သီလယူတဲ့သူတွေကို မုန့်ပဲသရေစာတွေ ကျွေးမွေးပြီး အလှူအတန်းလုပ်ကြတာ ထင်ပါရဲ့။ တဖြည်းဖြည်းနဲ့ ကျုပ်ပိုင်နက် အရိပ်အာဝါသထဲရောက်လာတယ်။ ကိုးမြို့ကိုးဖလားနဲ့ ကိုးခါးပိုင်တဲ့ ကိုးမြို့ဘိုးဘိုးကြီးက ဒီနေ့ မရှိဘူး။ အနောက်က ကွင်းပိုင်ကြီးလာခေါ်တာနဲ့ တစ်နေရာထွက်သွားကြတာ တွေ့တယ်။

ကိုးမြို့ဘိုးဘိုးကြီး မရှိခိုက်မှာ ကျုပ်လုပ်ချင်ရာ လုပ်လို့ရနေတယ်လေ။ ကျုပ်ကြောက်ရမယ့်သူ မရှိဘူးလို့ ပြောတာပါ။ နို့မို့ဆိုရင်တော့ ဘယ်ရပ့်မလဲ။ ကျုပ်တို့က ကိုးမြို့ဘိုးဘိုးကြီးကို ကြောက်နေရတာ။ ဒီနယ်တစ်ရိုးမှာရှိတဲ့ နာနာဘာဝလောကကို သူကအုပ်ချုပ်နေတာကိုး။ နာနာဘာဝတွေရဲ့ အရှင်သခင်မဟုတ်လား။

ကျုပ်တို့ နာနာဘာဝလောကကတစ္ဆေသရဲတွေ၊ ပြိတ္တာတွေ တော့

www.burmeseclassic.com

www.burmeseclassic.com

အသူရကာယ်ဘုံသားတွေဟာ နေရာလှုပ်ပြသနာ အမြဲဖြစ်တယ်။ ဒီကောင်တွေကို နေရာသတ်မှတ်ခွဲခြားပြီး ဖြေရှင်းပေးရတာက ကိုးမြို့အရှင် ဘိုးဘိုးကြီးပဲ။ အလုပ်သိပ်များတာပေါ့။ ကိုးမြို့ဘိုးဘိုးကြီးဟာ သူ့အရိပ်အာဝါသမှာ ကောင်းကောင်းနေရတယ်လို့ မရှိပါဘူး။

ကျုပ်ဘဝကလည်း ...ရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံထဲမှာ ကျင်လည်နေရတာလေ။ အပါယ်လေးဘုံသားဆိုတာက အဆင်းရဲဆုံးဘုံပေါ့။ ကျုပ်က အဆင့်နိမ့်ပါတယ်။ ဒါပေမယ့် ကမ္ဘဖိဒ္ဓိတန်ခိုးကတော့ ရှိပါတယ်။

မြသဲကြည်လေးကို မြင်တွေ့လိုက်ရတယ်ဆိုရင်ပဲ ဟိုတုန်းကအတိုင်းပဲ လှတုန်းပတုန်း၊ ချောမောယဉ်ကျေးတုန်းပဲ။ သိန်းလွင်နဲ့ အိမ်ထောင်ကျသွားပြီး အိမ်ထောင်သည်ဘဝ ရောက်သွားတယ်သာဆိုတယ်၊ အလှတွေ လျော့မသွားသေးဘူး။ မြသဲကြည်မျက်နှာဝိုင်းဝိုင်းလေး မြင်လိုက်ရတော့ သရဲလည်း ရင်ခုန်သွားတယ်။

စိတ်ထဲမှာ မြသဲကြည်ကို စချင်နောက်ချင်လာတယ်။ စရင်းနောက်ရင်းကနေ မြသဲကြည်အိမ်အထိလိုက်သွားပြီး မြသဲကြည်အနားမှာ မြသဲကြည် အလှအပတွေကို နီးနီးကပ်ကပ် တစိမ့်စိမ့်ကြည့်နေရရင် ကောင်းမှာပဲလို့ တွေးမိတယ်။ ဒါနဲ့ ကျုပ်လည်း မြသဲကြည်လန့်သွားအောင် ကျောကုန်းကို ရေနဲ့ပက်လိုက်တာပေါ့။ ဒီရေက ရိုးရိုးရေမဟုတ်ဘူး။ မြသဲကြည်ခန္ဓာကိုယ်ထဲကို ကမ္ဘဖိဒ္ဓိတန်ခိုးပါဝါတွေနဲ့ ရောက်သွားတာပေါ့။ ကျုပ်ရဲ့ တစ္ဆေပါဝါတွေကို လူသားဖြစ်တဲ့ မြသဲကြည်လေး ဘယ်ခံနိုင်မလဲ။ အဲဒီမှာ အိပ်မပျော်၊ စားမဝင် တမှိုင်မှိုင်တတွေတွေနဲ့ နေမကောင်းဖြစ်ရော။

ဒီတုန်းက ကျုပ်က ပျော်နေတာပဲ။ ဘာကြောင့်လဲသိလား။ မြသဲကြည်လေးအနားမှာ ပူးပူးကပ်ကပ် နေခွင့်ရနေတာကိုး။ အဆင့်မရှိတဲ့ ဆရာတွေ လာကုကြပေမယ့် ကျုပ်ကို မနိုင်ပါဘူး။ သင်းတို့ပဲ အရှက်တကွဲ အကျိုးနည်းပြီး ပြန်ပြေးကုန်ကြတာပဲ မဟုတ်လား။

တစ်လလောက်ကြာတော့ မြသဲကြည်ကို ရွာဦးကျောင်းဆရာတော်ဆီ ခေါ်သွားကြတယ်။ ဆရာတော်ဆိုတာက ကျုပ်ငယ်ငယ်လေးကတည်းက၊ လူသားဘဝကတည်းက ကြောက်ရတာမဟုတ်လား။ ခုလို သရဲဖြစ်နေတော့ နေစရာမရှိအောင်ကို ကြောက်ရတာပေါ့။ တစ်ကိုယ်လုံး တုန်ယင်နေတာပဲ။ ဆရာတော်ကို ကျုပ်မကြည့်ရဲဘူး။ ဆရာတော်ရှေ့ရောက်တာနဲ့ ကျုပ်တစ်ကိုယ်လုံး မီးတွေလောင်နေသလို ခြစ်ခြစ်တောက် ပူလောင်တဲ့ ဝေဒနာတွေ ခံစားရတာပေါ့။

ဆရာတော်က ကျုပ်ကို နှင်ထုတ်လိုက်တယ်လေ။ ကျုပ်မြတ်နိုးစွဲလမ်းရတဲ့ မြသဲကြည်လေးကို ဒီတစ်ခါတော့ ဘယ်တော့မှ အနားမကပ်နိုင်အောင် အဝေးကြီး ဝေးခဲ့ရပါတယ်။ ဆရာတော်စီရင်ပေးတဲ့ လိပ်ပြာချုပ်ကလေးကို မြသဲကြည်ရဲ့ လည်တိုင်ဖြူဖြူရှရှလေးပေါ်မှာ ဆွဲထားသမျှ ကျုပ်အနားကပ်လို့ မရတော့ဘူး။ အဲဒီနေ့က ကျွမ်းပြန်ပြီး ကုက္ကိုပင်ကြီးရဲ့ ပင်စည်နားမှာ ဦးဖောက်ထိုးကျ တိုက်မိပြီး ကျုပ်အလဲလဲအကွဲကွဲ ခံခဲ့ရတာပေါ့။

ဒဏ်ရာတွေ သက်သာသွားလို့ ကျုပ် ထကြည့်လိုက်တော့ ကိုးမြို့ရှင်ဘိုးဘိုးကြီး ပြန်ရောက်နေပြီ။ သူမရှိတုန်း ကျုပ်အလစ်ထွက်သွားတာကို မကျေမနပ်နဲ့ ကြည့်တယ်။ ဆရာတော်ကြီး ဆုံးမလိုက်တာ နည်းတောင်နည်းသေးတယ်လို့ ပြောတယ်။ ကျုပ်အပေါ်ကို ကြာရှည်စွာ အပြစ်တင်ကြိမ်းမောင်းလို့ မရပါဘူး။

ကျုပ်နှာခေါင်းထဲမှာ ကြက်သားကြော်နံ့တွေ သင်းပျံ့လာတယ်။ လူသံသူသံတွေကလည်း အုန်းအုန်းလန်ဆူညံနေတယ်။ ကျုပ်လည်း ကုက္ကိုပင်ကြီးပေါ်က ခုန်ဆင်းလိုက်တယ်။ ကျုပ်ကိုမြင်လိုက်တဲ့ ခွေးတွေကလည်း သံရှည်ဆွဲပြီး အူလိုက်တာမှ ဆူညံသွားရော။

အမယ် .. [illegible] ပင်ကြီးအောက်မှာ လူတွေကလည်း ဟုန်းဟုန်း၊ ဆိုင်းသံတွေကလည်း တအုန်းအုန်း။

နတ်ကတော် မျိုးသူဇာတို့အဖွဲ့ နတ်ကဖို့ ရောက်လာကြပါရောလား။ ဒါကြောင့် ကိုးမြို့ရှင်ဘိုးဘိုးကြီးက ကျုပ်ကို ပြစ်တင်ကြိမ်းမောင်းခြင်းမပြုတော့ဘဲ ပြုံးနေတာကိုး။ ကျုပ်တို့လည်း အငတ်ငတ်အပြတ်ပြတ်နေရတဲ့ ဘဝကနေ စားပွဲသောက်ပွဲကြီးနဲ့ တွေ့ရတော့မှာ မဟုတ်လား။

ဆိုင်းသံတွေကြားရတော့ နှိ ရင်းစွဲရှိ ကျုပ်ဝါသနာပိုးက ထကြ သောင်းကျန်းလာတယ်။ ဘယ်လို နေလို့မရတော့ဘူး။ နတ်ဆိုင်းတီးတဲ့ ကောင်တွေဟာ အတော်ချာတာပဲ။ ဒီကောင်တွေ ဘာပညာမှ တတ်တ



www.burmeseclassic.com

www.burmeseclassic.com

လည်းမဟုတ်။ မျိုးသူဇာက နတ်သဘင်မှာ စားပေါက်ချောင်လို့ လိုက်တီးတာမဟုတ်လား။

ခုပဲကြည့်လေ။ ဘယ်လောက်တောင် သောက်ထားကြတယ်မသိဘူး။ ဒီကောင်တစ်ကိုယ်လုံးလည်း အရက်စော်ကို နံဟောင်ဟိန်းလို့၊ ဆိုင်းတီးနေတာကလည်း အရက်သွေးတကြွကြွနဲ့ တော်တော်လေး မူးနေပုံရတယ်။

နတ်ကတော်မျိုးသူဇာ ခေါင်းပေါ်မှာ ကျွဲခေါင်းပုံသဏ္ဌာန် ခေါင်းစွပ်ကိုဆောင်းတာ ကျုပ်မြင်နေရတယ်။ သူ့ဘေးက နတ်ကတော်ကတော့ ကိုအောင်နိုင်ပေါ့။ တောအရပ်ဒေသတွေမှာ လယ်သမား၊ ကိုင်းသမားတွေ၊ နွားမွေး၊ ကျွဲမွေးတဲ့သူတွေ လှည်းနဲ့၊ နွားနဲ့ အသက်မွေးတဲ့ လှည်းသမားတွေ ကိုအောင်နိုင်နတ်ကို ယုံကြည်ကိုးကွယ်ကြတာ ကျုပ်သိတယ်။

ကျွဲနွားများ နာမကျန်းဖြစ်ရင် နွားတင်းကုပ်ကို ခုနစ်ပတ်လှည့်ပြီး ကနေဟန် နတ်ဝင်နေကြတယ်။

"ပုဆိုးရယ် စွန်တောင် . . . စွန်တောင် . . . ဘယ်ပေါင်က နိမ့်နင်း နိမ့်နင်း . . . နတ်အောင်နိုင် ဘယ်အခင်းကြောင့် လာရချက်ချင်း . . . ပုဆိုးရယ် . . . စွန်တောင်စွန်တောင် . . . ဘယ်ပေါင်က နိမ့်နင်း နိမ့်နင်း . . . နွားကျွဲနာကို ပျောက်အောင်ကုရင်း . . . လာရတယ်မင်း"

ဆိုင်းဝိုင်းထဲက ပြွေကို မပီတပီ ခုနစ်ခါမှတ်ရမှာ ဖြစ်တယ်။ အတိုင်အဖောက်လည်း ခုနစ်ကြိမ်လုပ်ရမှာ။ ဒါကို တီးတဲ့ကောင်တွေက အထာမကျဘူး။ ကျုပ်လည်း မူးနေတဲ့ ဆိုင်းဆရာအနားရောက်အောင် တိုးဝင်လိုက်ပြီး အားပါးတရ ကျကျနနကြီး ဆိုင်းတီးပစ်လိုက်တာပေါ့။

(၆)

လရောင်နှင့် ဈေးဆိုင်တန်းမီးရောင်များကြောင့် လင်းလင်းထင်းထင်း ရှိနေသည်။ သရဲတောရွာ ကုက္ကိုပင်ကြီးအောက်တွင် မျိုးသူဇာတို့ နတ်အဖွဲ့အား ပရိသတ်များ ကြိတ်ကြိတ်တိုးလျက် ကြည့်ရှုနေကြသည်။ မျိုးသူဇာတို့အဖွဲ့က အရှိန်ရနေသလို ကိုမိုးတို့အဖွဲ့ကလည်း အကြော်ဆိုင်တွင် ဝိုင်းဖွဲ့သောက်စားကြရင်း ရေချိန်ကိုက်နေကြသည်။

"ဒေါ်ကြီးမ အကြော်နောက်ထပ်နှစ်ပွဲ၊ အရက်တစ်လုံး ထပ်ပေးဦး"

အရက်ဝိုင်းတွင် အမြည်းအဖြစ် အကြော်ကုန်သွားသောကြောင့် သိန်းလွင်က ထပ်မှာလိုက်သည်။

"ငါတစ်ခုစဉ်းစားမိတယ် သိန်းလွင်"

"ဘာလဲ ကိုကြီးမိုး"

"ဒီလိုကွာ . . .။ တို့သရဲတောရွာမှာက ကိုးမြို့ရှင်နတ်ကွန်းကို သုံးနှစ်တစ်ကြိမ် ပွဲပေးကရတဲ့ မျိုးသူဇာတို့လို နတ်သဘင်ကို လာကြည့်တဲ့လူတွေကလည်း နည်းတာမဟုတ်ဘူး။ တခြားရွာတွေကပါ ရောက်လာကြတယ်။ ငါတို့ မြို့တက်စပါးရောင်းတုန်းက ကြည့်ခဲ့တဲ့ ပန်တျာကြည်ဖြူတို့ ဇာတ်အဖွဲ့ကို ရွာမှာသွင်းလိုက်ရင် နိုပ်မယ်ကွ။ ဘာမှမဟုတ်တဲ့ နတ်ပွဲတောင် တခြားရွာက လူတွေလာကြည့်ကြတာ။ ဇာတ်ပွဲသာဆိုရင် ဘယ်လိုလဲ"

"ဇာတ်ကြေးက နည်းမှာမဟုတ်ဘူး"

"မနည်းပေမယ့် ငါတို့လို ဝါသနာပါတဲ့ကောင်တွေ လေးငါးယောက်စုလိုက်ရင် ရပါတယ်။ ဒီရွာက လူတွေက ပွဲငတ်နေတာ ကြာပြီ။ လယ်ပြီးချိန်ငွေရွှင်နေတော့ ဇာတ်ပွဲသာသွင်းလိုက်ရင် ကျော့ယူသလိုရမှာ။ ကိုးနှဲ့သေပေါက် မြတ်မှာကွ"

"ပန်တျာကြည်ဖြူဇာတ် သွင်းချင်တာ။ ကိုကြီးမိုးက ခေါင်းဆောင်မင်းသမီး ဒေါင်းမလေးကို စွဲလမ်းနေတာ မဟုတ်လား။ မပြောမရှိနဲ့နော်။ ကျွန်တော်သိပါတယ်"

"မင်းကတော့ လုပ်ပြီ"

မောင်မိုးမျက်နှာကြီးက စပ်ဖြီးဖြီးနှင့် သဘောကျသွားသည်။

"ဟုတ်တယ် . . . ကိုကြီးမိုးပြောတာ ဖြစ်နိုင်တယ်။ ကျွန်တော်လည်း သဘောတူတယ်။ ဇာတ်ပွဲသာ သွင်းလို့ကတော့ ကျွန်တော်တို့ ကိုးနှဲ့သေပေါက် မြတ်လောက်ပါတယ်"

သိန်းလွင်ဘေးနားတွင် ထိုင်နေသော ခင်ဦးကပါ အရက်ခွက်ကို မော့သောက်လိုက်ပြီး ပြောလိုက်သည်။

"ရွာမှာက ရုံရှိတာမဟုတ်ဘူး။ ဇာတ်ပွဲသွင်းတော့ ဘယ်နေရာမှာ သွင်းပြီး ကမှာလဲ"

"တခြားမှာ ကစရာမလိုပါဘူး။ ဟောဟိုမှာတွေ့တယ်မဟုတ်လား။ ကုက္ကိုပင်ကြီးရဲ့ ဟိုဘက်မှာ စားကျက်တောရှိတယ်။ အကျယ်ကြီးပဲ။ သချိုင်းတောနဲ့လည်း တစ်ဆက်တည်း ဇာတ်ရုံအတွက်ရော၊ ပွဲဈေးတန်းရော လှည်းဝိုင်းရော လုပ်လို့ရတယ်"

"ဒီအကြံကောင်းတယ်။ လုပ်ဗျာ



www.burmeseclassic.com

www.burmeseclassic.com

ကိုကြီးမိုး''

''နေဦးကွ။ ပန်တျာကြည်ဖြူဇာတ်က ပွဲခွင်ဆက်နေရင်တော့ ရမှာမဟုတ်ဘူးထင်တယ်''

''ပွဲခွင်ရက် ဝေးသေးတယ်လို့ ပြောသံကြားတယ်။ မြို့မှာကပြီး နားဦးမှာ။ အဆင်ပြေလောက်ပါတယ်''

''ဒါဆို ကိုကြီးမိုး နက်ဖြန် မြို့တက်ဗျာ။ ပန်တျာကြည်ဖြူဇာတ်ကို ကန်ထရိုက်လက်ထဲကနေ မရရအောင် ဆွဲခဲ့ပေတော့။ ရပြီဆိုတာနဲ့ ရွာကလူငယ်တွေ စုခေါ်ပြီး ဇာတ်စင်ဆောက်တာ၊ ရုံထိုးတာ ဘာမှမကြာဘူး။ ကျွန်တော်တို့ သရဲတောရွာမှာက ဝါးတွေပေါမှပေါ။ ဘယ်သူ့ဝါးရုံခုတ်ခုတ်ရတာပဲ။ ဇာတ်စင်အတွက်လည်း သစ်ဆွဲတဲ့နေရာက သစ်တွေခေတ္တငှားသုံးရင် အဆင်ပြေသွားမှာပါ''

''ဒေါင်းမလေးနဲ့ ငါက ရေစက်ရှိတယ်ကွ။ ဖူးစာရေးနတ်က ငါတို့နှစ်ယောက်ကို ဖူးစာဖက်ဖို့ ဖန်တီးပေးလိုက်တာပဲ''

''ကိုကြီးမိုး အစွမ်းအစကိုကြည့်ရမှာ။ ဒေါင်းမလေးကို ဇာတ်ထဲမထည့်တော့ဘဲ သရဲတောမှာ အပြီးသာခေါ်ထားလိုက်ပေတော့။ ဟား ‥ ဟား''

ပန်တျာကြည်ဖြူ ဇာတ်အဖွဲ့အား ငှားရမ်းပြီး သရဲတောတွင် ကကြရန် စီစဉ်ကြသည်။ ဘာပဲဖြစ်ဖြစ် မောင်မိုးတစ်ယောက် ခေါင်းဆောင်မင်းသမီး ဒေါင်းမလေးနှင့် ပြန်လည်တွေ့ကြရဦးမည်ဖြစ်၍ အတိုင်းမသိပျော်ရွှင်တက်ကြွနေမိတော့သည်။

(၇)

မောင်မိုးတို့ လူငယ်အဖွဲ့ မြို့ပေါ်တက်ပြီး ကြည်ဖြူဇာတ်ကို ငှားရာ အဆင်ပြေသွားသည်။ ဇာတ်က ဇာတ်ကြီးမဟုတ်။ လူအင်အား ငါးဆယ်၊ ခြောက်ဆယ်လောက်သာ ပါသော ဇာတ်လတ်ဖြစ်သည်။ မြို့မှာကကြပြီး တခြားနယ်သို့ မကူးမီ ၁၅ ရက်ခန့် နားနေချိန်နှင့်တိုးနေ၍ မောင်မိုးတို့အဖွဲ့ အဆင်ပြေသွားသည်။

ခုဆိုရင် သရဲတောရွာတွင် ပန်တျာကြည်ဖြူဇာတ်အဖွဲ့ကြီး ရောက်ရှိလာသည်။ ရွာက အကူခေါ်သည့် လှည်းများနှင့် တိုက်လာသောကြောင့် ဇာတ်ပစ္စည်းများ၊ အဖွဲ့သားများ စုံညီစွာ ရောက်ရှိလာသည်။ ပန်တာကြည်ဖြူ ဇာတ်အဖွဲ့တွင် လူရွှင်တော်၊ လူကြမ်း၊ ယိမ်းသမ၊ အခမ်းအနား ပြင်ဆင်ရေးအဖွဲ့၊ မီးအဖွဲ့၊ ပစ္စည်းအတင်အချ၊ ကားဆွဲကားချ၊ အလုပ်ကြမ်းသမားများ၊ မင်းသား၊ မင်းသမီး၊ မင်းသားကြီး စသဖြင့် သရုပ်ဆောင်လူအင်အား ၅၀ ကျော်ရှိသည့် ဇာတ်လတ်အဖွဲ့ ဖြစ်သည်။

ကြော်ငြာရက် သိပ်မရပေမယ့် တောရွာဖြစ်သည့်အလျောက် တစ်ယောက်စကား တစ်ယောက်နားကြားရင်း ရွာပေါင်းစုံသို့ သတင်းပျံ့သွားသည်။ ပွဲကလည်း ငတ်နေချိန်၊ လယ်ယာလုပ်ငန်းတွေ ခေတ္တနားနေချိန် ပန်တျာကြည်ဖြူဇာတ်အား အားပါးတရ အားပေးကြမည်ဟု အားခဲထားကြသည်။

ရွာထိပ်ရှိ ကုက္ကိုပင်ကြီးအနီးတွင် စားကျက်မြေသချိုင်းကုန်းတောတွင် ယာယီဇာတ်ရုံကြီး ထိုးထားသည်။ သချိုင်းတောဆိုသော်လည်း အုတ်ဂူတွေ၊ ကမ္ပည်းမှတ်တိုင်တွေ မရှိ။ ရွာမှ လူများသေလျှင် သချိုင်းတောမှာ မြှုပ်နှံကြသည်။ ပဲခင်း၊ နှမ်းခင်း၊ ပြောင်းနေကြာ ဆောင်းသီးနှံ စိုက်လေ့ရှိသည်။ သချိုင်းမြေဟု ထင်မှတ်စရာမရှိအောင် သီးနှံခင်းများက စိမ်းလန်းစွာ ဖြန့်ကြက်လွှမ်းမိုးထားသည်။

ဇာတ်စင်နောက်ဘက်တွင် ဇာတ်အဖွဲ့သားများ အလုပ်ရှုပ်နေသည်။

''ရွာနာမည်ကလည်း အဆန်းပဲ။ သရဲတောရွာတဲ့။ ငါတော့ ဒီရွာမှာ ဇာတ်ကရမှာ ခပ်လန့်လန့်ပဲ။ သရဲတွေ၊ တစ္ဆေတွေ အရမ်းပေါများပြီး ခြောက်လည်းခြောက်တယ်တဲ့''

အငြိမ့်သမလေး သဇင်နွယ်က ပခုံးလေးတွန့်ပြီး ကြောက်ရွံ့ထိတ်လန့်ဟန်နှင့် ပြောလိုက်သည်။

''ဟုတ်တယ်။ သရဲတွေ၊ တစ္ဆေတွေက အဝေးကြီးမဟုတ်ဘူး။ ငါတို့ဇာတ်စင်နားမှာကို ရှိတာ။ ကြည့်လေ ဇာတ်ရုံထိုးထားတာက ရွာအဝင် ကုက္ကိုပင်ကြီးရှေ့မှာ''

လူရွှင်တော်ကြီး ဦးကွာစိကပါဝင်ပြောလိုက်သည်။

''ကုက္ကိုပင်ကြီးက ဘာဖြစ်လို့လဲ ဦးကွာစိ''

ဗလကောင်းကောင်း၊ မျက်နှာပေါက်ဆိုးဆိုး၊ ဆံပင်ရှည်ရှည်၊ မုတ်ဆိတ်,နှုတ်ခမ်းမွေးများနှင့် ရုပ်ရည်ကြမ်းတမ်းသော လူကြမ်းမင်းသားကျော်တစ်လုံးကပါ ဝင်မေးလိုက်သည်။ လူကြမ်းမင်းသား ကျော်တစ်လုံးမှာ မျက်စိတစ်ဖက် ချို့ယွင်းသောကြောင့် ကျောက်မျက်လုံးအစားထိုးထည့်ထားသူ ဖြစ်သည်။ ထို့ကြောင့်လည်း သူ့ကို ကျောက်တစ်လုံး



www.burmeseclassic.com

www.burmeseclassic.com

ဟု ခေါ်ကြသည်။

"မင်းတွေ့ဖူးတဲ့ ကုက္ကိုပင်ကြီးတွေထဲမှာ ဒီလောက်ကြီးတဲ့ ကုက္ကိုပင်ကြီးကို တွေ့ဖူးလား"

"ဟုတ်တော့လည်း ဟုတ်တယ် ဦးကွာစိ။ ကျွန်တော်တို့ ရပ်တကာ၊ ရွာတကာလှည့်ပြီး ဖာတ်ကလာကြတာ နေရာပေါင်းစုံ ရောက်ဖူးပါတယ်။ ဒီလောက်ကြီးတဲ့ ကုက္ကိုပင်ကြီးမျိုး တစ်ခါမှ မတွေ့ဖူးဘူး"

"အေး ... အဲဒီ ကုက္ကိုပင်ကြီးက ရွာရဲ့ အမှိကရ ကုက္ကိုပင်ကြီးပဲ။ ကိုးမြို့ရှင်နတ်ကွန်းလည်း ရှိတယ်။ သိပ်မကြာသေးဘူး။ နတ်ပွဲတောင်ပေးခဲ့သေးတယ်လို့ ဖာတ်လာငှားတဲ့ မောင်မိုးတို့က ပြောတယ်။ ကုက္ကိုပင်ကြီးမှာ သရဲကြီးတစ်ကောင်ရှိတယ်၊ အရမ်းခြောက်ဆိုပဲ။ သရဲကြီးက ထူးဆန်းတယ်။ ဆိုင်းဆရာသေလို့ ရွာကိုစွဲလမ်းပြီး သရဲဖြစ်သွားတယ်လို့ ပြောတယ်။ မင်းမယုံရင် ပတ်မတီးဆရာ စိန်လက်ပွားကို မေးကြည့်။ သူနဲ့သိတဲ့ စိန်မုန်းတိုင်းဟာ သရဲတောရွာသားပဲ။ ရွာကိုပြန်လာတုန်း ဓားပြတွေသတ်လို့ သေပြီး ကုက္ကိုပင်ကြီးမှာ သရဲဖြစ်နေတယ် ပြောတယ်"

"ကျုပ်က လူကြမ်းမင်းသားသာ လုပ်နေရပေမယ့် တစ္ဆေသရဲတော့ ကြောက်တယ်ဗျာ"

ထိုအချိန်မှာပင် ဖာတ်ရုံနောက်ဘက်ဆီမှ ထမင်းချက် ဒေါ်တုတ်၏ စူးစူးဝါးဝါး အလန့်တကြား အော်ဟစ်သံကို ကြားလိုက်ရသည်။

"အမလေး .. လာကြပါဦး။ ကုန်ပါပြီတော်။ ကုန်ပါပြီ"

အသံကြားရာဆီသို့ လူရှင်တော်ကြီး ဦးကွာစိ၊ လူကြမ်းမင်းသား ကျောက်တစ်လုံး၊ ယိမ်းသမလေး သဇင်နွယ်နှင့် ဖာတ်အဖွဲ့သားများသည် အပြေးအလွှား ရောက်ရှိလာကြသည်။

"ဘာဖြစ်လို့လဲ ဒေါ်တုတ်"

"ဟင်းချက်မလို့ လုပ်နေတုန်း ဝက်သားတွဲတွေ ခွေးနက်ကြီးတစ်ကောင် ချီသွားတယ်။ ခွေးကြီးက နည်းတဲ့ကောင်ကြီး မဟုတ်ဘူး။ ဟိုမှာ ကုက္ကိုပင်ကြီးဘက်ဆီ ပြေးသွားတယ်"

"အဲဒါ ခွေးဟုတ်ချင်မှ ဟုတ်မှာ။ သရဲကြီးက ခွေးယောင်ဆောင်ပြီး လာဆွဲသွားတာ ဖြစ်ရမယ်"

"ဘယ်က သရဲလဲ ဦးကွာစိ"

ထမင်းချက် ဒေါ်တုတ်က မေးလိုက်သည်။

"ဒေါ်တုတ် မသိသေးဘူး ထင်တယ်။ ကုက္ကိုပင်ကြီးမှာ ခြောက်တဲ့ သရဲကြီး ရှိတယ်"

"ဒုက္ခပါပဲဟယ်။ ညရေးညတာ အပြင်ထွက်ဖို့တောင် မလွယ်တော့ဘူး။ ဒီရွာနာမည်ကလည်း ကြားကြားဖူးပေါင်တော်။ သရဲတောတဲ့။ ကျွန်မတော့ မြန်မြန်ဖာတ်ကပြီး မြန်မြန်ပြန်ချင်လှပြီ"

"ပြန်လို့ ဘယ်ဖြစ်မလဲ ဒေါ်တုတ်ရ။ ပွဲခွင်က ချိတ်ပြီးပြီပဲ။ နက်ဖြန်ညပဲ စကရတော့မှာ"

ထိုစဉ်မှာပင် ဖာတ်စင်ပေါ်မှ တဝုန်းဝုန်းပြုကျသံများကို ကြားလိုက်ရပြန်သည်။

"သရဲလည်း ညတောင်မရောက်သေးဘူး၊ ခြောက်ပြီထင်တယ်"

"မဟုတ်ပါဘူးကွာ။ ကားဆွဲကောင်လေးတွေ နောက်ခံကားတွေဆွဲရင်း ဝါးလုံးတန်းတွေ ပြုတ်ကျတာဖြစ်မှာပါ။ ငါသွားကြည့်လိုက်ဦးမယ်"

အခမ်းအနားဘက်တွင် တာဝန်ရှိသော ဖာတ်အဖွဲ့သားများသည် နောက်ခံရှုခင်းကား၊ နန်းကား၊ မြို့ရိုးစသည့် ကားလိပ်များအား အတင်အချ အဖွင့်အပိတ်အတွက် ပြင်ဆင်နေကြခြင်း ဖြစ်သည်။ ဦးကွာစိ၊ လူကြမ်းမင်းသား ကျောက်တစ်လုံးတို့သည် ဖာတ်စင်ဘက်သို့ လျှောက်သွားကြသည်။ ထမင်းချက် ဒေါ်တုတ်၊ ယိမ်းသမလေး အများစုမှာ မျက်လုံးအပြူးသား ဖက်ကလေးများပုပြီး တစ်ယောက်နားတစ်ယောက် တိုးကပ်ကာ ထိတ်လန့်ကြောက်ရွံ့နေကြပေတော့သည်။

(၈)

တိတ်ဆိတ်ခြောက်သွေ့နေတဲ့ ကျုပ်တို့နေရာလေးမှာ ဒီကနေ့ညအတော်လေးကို စည်ကားနေပါလား။ ရေနံမီးခွက်လေးတွေ မှိန်တုတ်မှိန်တုတ်နဲ့ ပွဲဈေးတန်းကလည်း အရှည်ကြီး။ ဖာတ်စင်ကြီးကလည်း အောက်လင်းမီးတွေ တထိန်ထိန်။ တခြားရွာက ပွဲကြည့်ရအောင် ရောက်လာကြတဲ့ လှည်းဝိုင်းတွေကလည်း သချိုင်းကုန်းတောနဲ့ စားကျက်ကွင်းမှာ ပြည့်လို့။ ပန်တျာကြည်ဖြူဖာတ်ရဲ့ ပထမညစကပြတဲ့ညဆိုတော့ ပွဲကြည့်ပရိသတ်တွေ ကြိတ်ကြိတ်တိုးနေတယ်။

ရုတ်ရုတ်သဲသဲ သွားလာနေကြတဲ့ ပွဲကြည့်ပရိသတ်တွေကို ကြည့်ပြီး ဘာမဆိုင် ညာမဆိုင် ကျုပ်တောင် ပျော်လာတယ်။ ပျော်ရွှင်မြူးထူးနေ

www.burmeseclassic.com

တယ် ဆိုတာထက် ကျုပ်စိတ်ထဲမှာ ကျေနပ်အားရမိတာ ရှိသေးတယ်။ ဘာပြုလို့လဲဆိုတော့ ကျုပ်ဘဝကို ဒုက္ခရောက်အောင် ပို့ပေးလိုက်တဲ့ စိန်လက်ပွားဟာ ဒီပန်တျာကြည်ဖြူ ဇာတ်ထဲမှာ ပါလာတာကိုး။ နှစ်တွေကလည်းကြာ၊ ဒီကောင်က မေ့လောက်ပြီထင်ပေမယ့် ကျုပ်ဘယ်မေ့ပါ့မလဲ။

ဘဝချင်း မတူတော့ပေမယ့် ဘယ်ဘဝပဲရောက်ရာက် ဒီကောင်အပေါ် ကျုပ်အခဲမကျေနိုင်ဘူး။ ပြန်ပြီးလက်စားချေရမှ ဖြစ်မှာ။ ဒီနေ့ညအဖို့တော့ မထင်မှတ်ဘဲ ကျုပ်နယ်မြေထဲကို ဒီကောင်ရောက်လာပြီဆိုတော့ ဒုက္ခလှလှကြီးရောက်အောင် ဖန်တီးရမှာပေါ့။ တွေ့ကြပြီပေါ့ စိန်လက်ပွားရာ။ ဆိုင်းတီးတဲ့နေရာမှာ မင်းလည်းလက်ကျလက်နု မဆိုးပါဘူး။ ဒါပေမယ့် ငါ့အပေါ် မနာလိုဝန်တို မစ္ဆရိယထားတတ်တဲ့ မင်းရဲ့ မကောင်းတဲ့စိတ်ကိုတော့ ပညာပြန်ပေးရမယ်။

မင်းလည်း ပတ်မတီးဆရာ၊ ငါလည်း ပတ်မတီးဆရာ။ ဆိုင်းပညာမှာ မင်းထက် ငါသာတယ်ဆိုတာ မင်းလည်းသိတာပဲ။ အမယ် ... ပြောရင်းဆိုရင်း ပထမညဉ့်ခံတီးလုံးသံတွေ ထွက်ပေါ်လာပါပေါ့လား။ ပန်တျာကြည်ဖြူဇာတ်သဘင်ရဲ့ ပထမညစတင်ကပြီပေါ့။ ပွဲငတ်နေတဲ့ ရွာကလူတွေကလည်း ရုံပြည့်ရုံလျှံပါလား။ လှည်းဝိုင်းထဲက နွားအော်သံတွေ၊ လူတွေရဲ့ စကားပြောသံ၊ တေးသီချင်းသံတွေနဲ့ သရဲတောရွာရဲ့ ထူးခြားတဲ့ညမှာ။

ကဲ ... မင်းဆိုင်းဝိုင်းထဲကို အရောက်လာခဲ့ပြီ စိန်လက်ပွားရေ။

## (၉)

မြို့ပေါ် ဇာတ်လာငှားကတည်းက မောင်မိုးတို့ လူငယ်အဖွဲ့နှင့် စိန်လက်ပွား တရင်းတနှီး ဖြစ်ခဲ့သည်။ မောင်မိုး ဘာကြောင့် သူ့ကိုအရေးပေးပေါင်းသင်းဆက်ဆံနေသည်ကိုလည်း သဘောပေါက်နားလည်သည်။ အမှန်တော့ မင်းသမီး ဒေါင်းမလေးကို မောင်မိုးစိတ်ဝင်စားနေခြင်းသာ ဖြစ်သည်။

ဒေါင်းမလေးက စိန်လက်ပွားနဲ့ တစ်ရပ်တည်းသားဖြစ်သလို ပန်တျာကြည်ဖြူဇာတ်အဖွဲ့ထဲသို့ သူပင် ခေါ်ဆောင်လာခြင်း ဖြစ်သည်။ ဇာတ်သဘင်ပညာ၊ အကပညာ သင်ပေးရင်း နာမည်ကျော်ကြားလာသည်။

မနက်ပိုင်းကတည်းက မောင်မိုးက လာခေါ်သည်။ ရွာထဲမှာ ပြုစုညဉ့်ခံပါရစေဆိုပြီး အတင်းပင် ဆွဲခေါ်သည်။ မောင်မိုးတို့အိမ်မှာပင် သောက်ကြ၊ စားကြ၊ စကားတွေပြောခဲ့သည်။ ထိုစကားဝိုင်းမှာပင် သူ့အတွက် ထိတ်လန့်တုန်လှုပ်ဖွယ်အကြောင်းကို သိလိုက်ရပေတော့သည်။

“ဟုတ်တယ် ဆရာလက်ပွားရေ။ ကျုပ်တို့ သရဲတောရွာမှာလည်း ဟိုတုန်းက အကျော်အမော်ဆိုင်းဆရာ တစ်ယောက် ရှိခဲ့ဖူးတယ်။ သူ့နာမည်က မုန်တိုင်း၊ စိန်မုန်တိုင်း။ ဒီလူကြီး ဘဝက ဆိုးပါတယ်ဗျာ။ ကျုပ်နှမ မြသဲကြည်လေးကို တစ်ဖက်သတ် စွဲလမ်းခဲ့ဖူးတယ်။ သူ့ကံကလည်း မကောင်းပါဘူး။ ရွာကိုပြန်လာတုန်း ညဘက် ရွာအဝင် ကုက္ကိုပင်ကြီးအောက်မှာ ဓားပြတွေသတ်လို့ အသေဆိုးနဲ့ သေရတယ်။ ရွာကလူတွေပြောတာကတော့ မကျွတ်မလွတ်ဘဲ အဲဒီကုက္ကိုပင်ကြီးမှာ သရဲကြီးဖြစ်နေတယ် ပြောတာပဲ”

“ငါတို့ ဒီညကမယ့် ဇာတ်စင်နားက ကုက္ကိုပင်ကြီးကို ပြောတာလား”

“ဟုတ်တယ် ဆရာလက်ပွား”

စိန်လက်ပွား မျက်နှာပျက်သွားသလို၊ နဖူးပေါ်တွင် ချွေးများသီးလာသည်။ အရက်ခွက်ကိုင်ထားသောလက်များက မသိမသာ တုန်လှုပ်လာသည်။ အရက်ခွက်ကို ကမန်းကတမ်းမော့ချလိုက်သည်။ ချက်အရက်အနံ့သင်းသင်းလေးက ရင်ထဲသို့ ပူလောင်ရှိန်းမြစွာ စီးဆင်းသွားသည့်တိုင် ကြောက်လန့်စိတ်က လွှမ်းမိုးနေဆဲပင်။

ထိုအချိန်မှာပင် အိမ်ပေါ်ထပ်သို့ အပြေးအလွှားတက်လာသော သိန်းလွင်က ဝမ်းသာအားရ ပြောလိုက်သည်။

“ပထမညအတွက် ဖျာဇယားကတော့ အကုန်ပြတ်သွားပြီ။ ကိုကြီးမိုးရေ ... ညနေကျရင် ဟိုဘက်ရွာတွေကလည်း ပွဲကြည့်ရောက်လာကြဦးမှာ။ လူတွေ သိပ်တိုးနေရင်တော့ ရှေ့ပိုင်းပြဇာတ်ပြီးရင် ရုံဖွင့်ပေးမှာပဲ”

“ကျေးဇူးအထူးတင်တယ် ဆရာစိန်လက်ပွားရေ။ ဆရာတို့ ပန်တျာကြည်ဖြူဇာတ်ရဲ့ ကျွန်တော်တို့ ကံစပ်တာအမှန်ပဲ။ ဒီညကတော့ ပန်တျာကြည်ဖြူဇာတ်လည်း ရုံပြည့်ရုံလျှံအောင်ပွဲခံမယ့်ညပဲ”

“မင်းတို့ သိပ်သည်းဝမ်းမသာကြနဲ့ဦး။ မင်းတို့ ဇာတ်ရုံက ယာယီဆောက်ထားတာဆိုတော့ အမိုးရှိတာမဟုတ်ဘူး။ အနောက်ဘက်မှာ လေ



www.burmeseclassic.com

www.burmeseclassic.com

ဆင်နိုင်တယ်။ ဒီနှစ် မိုးဦးလေဦး စောစောကျနိုင်တယ်''

မောင်မိုး ဖခင်ဖြစ်သူက သတိပေးစကား ဝင်ပြောလိုက်သည်။

''ကဲ . . . ကိုမိုး။ ကျွန်တော်လည်း ပြန်မှဖြစ်မယ်။ ဒီည ဇာတ်ထွက်ရတော့မှာဆိုတော့ တစ်ရေးလောက် ပြန်အိပ်မှ ဖြစ်မှာ''

ခေါင်းထဲမှာ ရီဝေဝေဖြစ်လာသည်။ မြင်ကွင်းများက ဝေဝေဝါးဝါး ရိုးတိုးရိပ်တိတ် ကြည်ကြည်လင်လင် မရှိ။ မျက်ခွံလေးလံလာသည်။ စိန်လက်ပွား ဇာတ်ရုံသို့ အမြန်ပြန်ပြီး၊ အိပ်ရာထဲတွင် ထိုးအိပ်လိုက်ချင်တော့သည်။ မောင်မိုးကို ကြည့်လိုက်စဉ်မှာပင် မောင်မိုးကိုယ်ပွားတွေ မြင်လာရသည်။ တောအရက် ဒီဂရီက ပြင်းသည်။ သူတော်တော်မူးနေပြီဖြစ်သည်။

''ကျွန်တော်တို့ လိုက်ပို့ပါ့မယ်။ ဇာတ်ရုံမှာလည်း လုပ်စရာလေးတွေ ရှိသေးတယ်။ ကျွန်တော်ပြောတာလည်း မမေ့ပါနဲ့။ ဆရာစိန်လက်ပွားရယ် . . . ဒေါင်းမလေးကို ကျွန်တော် တကယ်မေတ္တာရှိတာပါ''

''အေးပါကွာ . . . အဆင်ပြေမှာပါ။ ဒေါင်းမလေးက ငါ့စကားကို နားထောင်တဲ့ ငါ့တပည့်မလေးပါ''

မောင်မိုးတို့အဖွဲ့ လိုက်ပို့ရင်း ဇာတ်ရုံသို့ ပြန်ရောက်လာသည်။ စိန်လက်ပွားသည် သူ့နေရာဖြစ်သော ဇာတ်ရုံနောက်ဘက်ရှိ အိပ်ရာပေါ်တွင် ဝင်ရောက်လဲလျောင်းလိုက်သည်။ အမှတ်မထင် မော့ကြည့်လိုက်မိရာ ကြီးမားသော ကုက္ကိုကိုင်းကြီးများက အခက်အလက် ဝေဆာစိမ်းမြစွာ ဇာတ်စင်ထောင့်နားကို မိုးထားသည်။ ဒီကုက္ကိုပင်ကြီးပေါ်မှာ မုန်တိုင်းက သရဲကြီးဖြစ်နေတယ်ဆိုပါလား။

သူ့ခန္ဓာကိုယ်တစ်ခုလုံး လေထဲတွင် လွင့်မျောနေသကဲ့သို့ ခံစားနေရသည်။ သတိထားကြည့်လိုက်တော့ ကြီးမားသော ကုက္ကိုပင်ကြီးပေါ်တွင် ရောက်နေသည်။ သူဘယ်လိုလုပ်ရောက်နေသည်ကို မသိ။ ထိုစဉ်မှာ အေးစက်သော လက်မည်းမည်းကြီးက သူ့ပခုံးပေါ် ကျလာသည်။ နောက်ဘက်သို့ လှည့်ကြည့်လိုက်သည်။

အမွေးစုတ်ဖွားဖွားနှင့် ကြီးမားသော သရဲကြီးသည် နီရဲသော လျှာကြီးကို ဝင်လိုက်ထွက်လိုက် လုပ်ရင်း သူ့အား ခြောက်လှန့်လိုက်သည်။ ကြောက်လန့်တကြား အော်ဟစ်လိုက်သော်လည်း အသံက မထွက်။ လည်ချောင်းဝတွင် အသံက တစ်ဆို့ပျောက်ကွယ်သွားသည်။

သရဲဘဝရောက်သွားသော မုန်တိုင်းက အငြိုးမပြေ။ စိန်လက်ပွားအား ကောင်းကောင်းကြီး ခြောက်လှန့်ကာ ဒုက္ခပေးနေပြီ ဖြစ်သည်။ မုန်တိုင်းသည် ကြမ်းတမ်းစုရှသော လက်မည်းကြီးများနှင့် သူ့လည်မျိုအား ညှစ်လျက်ရှိသည်။ ဘယ်လိုမှ ရုန်းထွက်လို့ မရပေ။ ထိုစဉ်မှာပင် သူ့ခြောက်အား ဆွဲလှုပ်လိုက်သလို ခံစားလိုက်ရသည်။

''ဆရာစိန်လက်ပွား ထတော့လေ။ ၄ နာရီထိုးနေပြီ။ ဆိုင်းဝိုင်းအတွက် စီစဉ်ရဦးမယ် မဟုတ်လား''

မင်းသား ပန်တျာကြည်ဖြူက ခြေထောက်ကို လှမ်းဆွဲပြီး လှုပ်နှိုးလိုက်သောကြောင့် စိန်လက်ပွား လန့်နိုးလာသည်။ မနက်ပိုင်းက မောင်မိုးတို့အဖွဲ့နှင့် ရွာထဲတွင် အရက်သောက်ခဲ့ပြီး မူးမူးနှင့် အိပ်ပျော်သွားသည်ကို ပြန်လည်အမှတ်ရလိုက်သည်။ မင်းသား ပန်တျာကြည်ဖြူက စိန်လက်ပွားအား အိပ်ရာမှနှိုးလိုက်ပြီး လူရွှင်တော်ကြီး ဦးကွာစီရှိရာဘက်သို့ ထွက်သွားသည်။

စိန်လက်ပွား ခေါင်းများ ကိုက်ခဲလျက်ရှိသည်။ မြင်ကွင်းများက ကြည်လင်ခြင်းမရှိ။ အမူးရိပ်က မပြေသေး။ ကုက္ကိုပင်ကြီးပေါ်သို့ အမှတ်တမဲ့ ကြည့်မိလိုက်သည်။ ကြီးမားသော ကုက္ကိုပင်ကြီးပေါ်တွင် မည်းမည်းအကောင်ကြီးတစ်ကောင်သည် နီရဲပြူးကျယ်သော မျက်လုံးကြီးများနှင့် သူ့အား စိုက်ကြည့်နေသည်ကို အထိတ်တလန့် မြင်တွေ့လိုက်ရသည်။

ပန်တျာကြည်ဖြူ ဇာတ်အဖွဲ့က ပြမည့် ပထမည ပွဲဦးထွက်မည့်ညသည် သရဲတောရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ရွာစဉ်ဆက်တစ်လျှောက် ပြောစမှတ်တွင်ရမည့် ညမျိုးဖြစ်သည်။ ထိုညက ဆိုးဝါးသော ကံကြမ္မာတစ်ခု ဝင်ရောက်လာမည်ကို မည်သူမျှ မသိကြပေ။

အနီးပတ်ဝန်းကျင်နှင့် ဝေးလံသော ရွာများကပင် ပွဲကြည့်ရန် လှည်းနွားများနှင့် တပျော်တပါး ရောက်လာကြသည်။ ခြူသံ၊ ခလောက်သံ၊ နွားအော်သံ၊ လှည်းဘီးအီသံများနှင့် ဆူညံလျက်ရှိသည်။ သရဲတောရွာထိပ်ရှိ ကုက္ကိုပင်ကြီး စားကျက်တော သချိုင်းကုန်းတောတစ်ခုလုံး ကြိတ်ကြိတ်တိုးစည်ကားနေပေသည်။ လက်မှတ်ရောင်းသည့် အပေါက်ဝတွင်လည်း တန်းစီတိုးကြိတ်နေကြသည်မှာလည်း တရုန်းရုန်း။



www.burmeseclassic.com

www.burmeseclassic.com

"ဂလောင် ‥ ဂလောင် … ဂလောင်"

ဓာတ်ရုံမှ ပထမအကြိမ် ခေါင်းလောင်းသံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ပွဲကြည့်ပရိသတ်များ ရုံဝင်နောက်ကျမည်ကို စိတ်စောနေကြသည်။ ဓာတ်ခုံအပြင်အဆင်၊ ဆိုင်းဝိုင်း၊ ကန့်လန့်ကာ၊ မီးရောင် စသည်ဖြင့် ကြိုတင်လေ့လာ စူးစမ်းသည့် သဘောနှင့် ရုံထဲသို့ ဝင်ရောက်ကြည့်ရှုသူများအား ဒုတိယအကြိမ် ခေါင်းလောင်းသံက ရုံခါလိုက်ပြီ ဖြစ်သည်။

"ဂလောင် … ဂလောင် … ဂလောင်"

"ဂလောင် … ဂလောင် … ဂလောင်"

တတိယအကြိမ် ခေါင်းလောင်းသံ ဆုံးသွားသည်နှင့် ဓာတ်ထွက်တော့မည်ဖြစ်ကြောင်း ယနေ့ည ကပြအသုံးတော်ခံမည့် ဟာသပြဇာတ်၊ အော်ပဒါ၊ ရှေ့ပိုင်းပြဇာတ်၊ နှစ်ပါးသွား၊ နောက်ပိုင်းဓာတ်ထုပ် စသည်ဖြင့် အစီအစဉ်ကြေညာသံများ ထွက်ပေါ်လာသည်။ ကြေညာသံ ဆုံးသွားသည်နှင့် စိန်လက်ပွား မြန်မာ့ဆိုင်းဝိုင်းကြီးထဲမှ ကရောင်းရိုက်ချက်များ ထွက်ပေါ်လာသည်။

နောက်တုတ်တီးသူက စခွန့်ကို (ဖြိုးတက်၊ ဖြိုးတက်)ဟု အသံပေးလိုက်သောအခါ နှဲဆရာသည် မြန်မာသံစဉ် ခုနစ်သံကုန်အောင် နှဲကိုစမ်းသည့် သံမှန်များက နွဲ့နှောင်းစွာ ထွက်ပေါ်လာသ်ည။ ကရောင်းတီးချက်မှာ နှဲဆရာကပင် ဦးဆောင်ရသည်။ နှဲကလေး၊ ကြေးမောင်း၊ နောက်တုတ်၊ စခွန့်၊ စည်တို၊ စည်းဝါး၊ လင်းကွင်းအလတ် တူရိယာများနှင့် စုံညီသော ကရောင်းရိုက်သံများမှာ အမြူးအကြွ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လာသည်။ ပွဲကြည့်ပရိသတ်များမှာလည်း မြူးကြွသော ကရောင်းတီးချက် သံစဉ်များကြောင့် ပျော်ရွှင်လန်းဆန်းလာကြသည်။

ပန်တျာကြည်ဖြူဓာတ်မှ ကြေညာသွားသည့် အစီအစဉ်များအတိုင်း ဘာတွေထွက်လာမလဲ၊ ဘယ်လိုသရုပ်ဆောင်ကြမလဲ၊ လူရွှင်တော်ကြီးတွေကရော တဝါးဝါး တဟားဟား ပြက်လုံးထုတ်ပြီး ရယ်မလား၊ မင်းသမီးတွေ ချောမှ ချောရဲ့လား၊ မင်းသားပန်တျာကြည်ဖြူ ဘယ်လိုနှစ်ပါးသွားမလဲ၊ နောက်ပိုင်းဓာတ်မှာရော အပြောအဆိုဝိုချင်းတွေ ဘယ်လိုရှိမလဲ စသဖြင့် စိတ်ဝင်စားစွာ ဓာတ်စင်ပေါ်သို့ အာရုံစူးစိုက်ပြီး ကြည့်နေကြသည်။

ကရောင်း တီးပြီးသွားသောအခါ စိန်လက်ပွား၏ လက်စွမ်းတီးပြရမည့်အချိန် ရောက်လာသည်။ ပွဲဦးခေါ် ကရောင်းတီးပြီးနောက် ခုနစ်သံချီ ပတ်ယိုင် တီးရမည်။ စောစောက ကရောင်းတီးနေစဉ် တစ်ဝက်လောက်မှာပင် ပတ်တီးလက်ထောက် မောင်မိုးက ဆိုင်းဝိုင်းထဲဝင်၍ ခုနစ်သံချီ ပတ်စာ တပ်ပေးသွားသည်။

စိန်လက်ပွားသည် ခုနစ်သံချီ ဗိန်းမောင်းကို စတင်တီးခတ်လိုက်သည်။ ပွဲကြည့်ပရိသတ်များကလည်း ဗိန်းမောင်းတိုက်သံ ကြားလိုက်ရပြီး ပွဲထွက်တော့မည်ကို မျှော်တလင့်လင့် စိတ်ဝင်တစားကြည့်နေရသည်။ ဆိုင်းအဖွဲ့သားများ၏ 'ရွှေဘုန်းတော်တိုးပါလို့' ပတ်ယိုင်သီချင်းသံ ထွက်ပေါ်လာသည်။

"ရွှေမြို့မှာတဲ့ ဆင်ဖြူတော် ‥ ဘုန်းတောက်လို့ခေါ် ‥ ဆင်ဖြူတော် ပေါ်သည့်အရေး … စပါးဆန်ရေ ရွှေငွေမနေး … ပေါ်ပြည့်ဝမယ်လေး … ရွှေမြို့မှာ ကုန်လှော်ဆိုက်ပါလို့ … မလေးစိတ်ကြိုက် ဝယ်ခဲ့မယ် … ဝယ်ခဲ့ဆို ပုံတော်ဘီး … လေးထောင့်မှန်ကြီး"

စိန်လက်ပွားတို့ လက်စွမ်းပြရမည့် ခုနစ်သံချီ တီးလုံးသံများ မြိုင်မြိုင်ဆိုင်ဆိုင် ထွက်ပေါ်လျက်ရှိသည်။ နတ်ကတော် အကမထွက်မီ ခုနစ်သံချီ တီးရခြင်းမှာ ရှေးခေတ်ရှေးအခါက ဆိုင်း၊ ရုပ်စုံ၊ သဘင်တို့ကို သစ်ဝါးဆိုင်ရာ လမိုင်းနတ်မလေးအား ဘုရင်က အစောင့်အရှောက်ပေးထားသည်ဟု ဆိုကြသည်။ ထို့ကြောင့်လည်း အစွဲအလမ်းအရ (ကဝါလမိုင်း၏သမီး) လမိုင်းမ သရုပ်သဏ္ဍာန်လုပ်၍ နတ်ကတော်ရုပ်ဖြင့် ပွဲဦးထွက်ကြရသည်။ သစ်သားစောင့်ရှင်မ၊ လမိုင်းမ၊ နောက်ပိုင်းတွင် နတ်မ၊ နတ်ကတော်ဟု အဆင့်ဆင့် ဝေါဟာရ ရွေ့လျားခေါ်ဝေါ်ခဲ့ကြရသည်။

နတ်ကတော်မထွက်မီ ဆိုင်းသည် အရှေ့က ကုက္ကိုပင်၊ အနောက်မှ ထိန်ပင်၊ မြောက်အရပ် ပဒေသာပင်၊ တောင်ဘက် သပြေပင်၊ ဂျွန်ပြည်မှ လက်ပံပင်၊ အသူရာဘုံမှ သခွပ်ပင်၊ သိကြားပြည်က ကသစ်ပင် စသော သစ်ပင်ခုနစ်ပင်ကို အစွဲပြု၍ ခုနစ်သံချီ တီးပေးရခြင်း ဖြစ်သည်။ လမိုင်းမအား ပူဇော်ခြင်းပင် ဖြစ်သည်။ ဓာတ်သဘင်လောကတွင် ပွဲကြည့်ပရိသတ်အား ကပြအသုံးတော်ခံရာ၌



www.burmeseclassic.com

www.burmeseclassic.com

အဆင်ပြေခြင်း၊ မပြေခြင်းကို ဒီနေ့ည လမိုင်းကပ်တယ်၊ ဒါမှမဟုတ် အဆင်မပြေပါက လမိုင်းမကပ်ဟု ဇာတ်သုံးစကား သဘင်မှူနယ်တွင် ပြောလေ့ပြောထရှိကြသည်။

ပန်တျာကြည်ဖြူဇာတ်၏ သရဲတောရှာ ပွဲဦးညတွင် ဆိုင်းတီးရသောစိန်လက်ပွားအနေနှင့် လမိုင်းမကပ်ဘဲ ဖြစ်နေသည်။ စိန်မုန်တိုင်းသည် သရဲတောရှာသားမှန်း သူမသိခဲ့။ အကယ်၍ သိခဲ့ရလျှင်လည်း ဒီရွာသို့ သူလိုက်ပါမည် မဟုတ်ပေ။ မနက်ကမှ ရွာခံမောင်မိုးတို့နှင့် သောက်ကြစားကြရင်း မုန်တိုင်းအကြောင်းကို သိခဲ့ရသည်။ ယခု မုန်တိုင်းသေဆုံးခဲ့ရသော ကုက္ကိုပင်ကြီးနားတွင် သူဆိုင်းတီးနေရခြင်း ဖြစ်သည်။

မြို့ပေါ်တွင် ဆိုင်းပြိုင်တီးခဲ့စဉ်က မုန်တိုင်းကို မနိုင်။ ပရိသတ်အလယ်တွင် အရှက်ရ၊ အရှုံးပွဲနှင့် ရင်ဆိုင်ခံစားခဲ့ရဖူးသည်။ မုန်တိုင်းမှာ ရွှေတိုငွေစလေးများ စုဆောင်းထားသည်ကို သိရှိထားသည်။ အရက်ဝိုင်းတွင် သောက်ကြစားကြရင်း ဓားပြအဖွဲ့ဝင်တစ်ဦးအား အမှတ်မထင် သူပြောပြလိုက်မိသည်။ သူပြောပြခဲ့သောကြောင့် မုန်တိုင်းအသတ်ခံရခြင်း ဖြစ်သည်။ သူ့ပယောဂ မကင်းခဲ့၊ အသတ်ခံရလောက်သည်အထိ ဖြစ်လာလိမ့်မည်ဟု အစက သူမထင်ခဲ့ပေ။

ဒီသရဲတောရှာ စရောက်ကတည်းက သူ့စိတ်ထဲတွင် သက်သာမကင်းခဲ့။ ဆိုင်းပစ္စည်းတွေ တင်လာရင်း စရောက်သည့်ရက်က လှည်းပေါ်တွင် အိပ်ပျော်သွားသည်။ အိပ်မက်ဆိုးတွေ မက်ခဲ့သည်။ သူ့ဆိုင်းဝိုင်းထဲတွင် သရဲကြီးတစ်ကောင်က ဆိုင်းဝင်တီးနေသည်။ သရဲဆိုင်းတီးတာကို တစ်ခါမှ မြင်ဖူးတွေ့ဖူးခြင်းမရှိခဲ့။ ဒီသရဲက ဆိုင်းတီးကောင်းသည့် သရဲတစ်ကောင်ဖြစ်သည်။

ဆိုင်းတီးနေရင်းမှ သရဲကြီးလက်များသည် ရေဘဝဲတစ်ကောင်လို လက်ချောင်းတွေအများကြီး တွန့်တွန့်လိမ်လိမ်နှင့် ထွက်လာသည်။ လက်တစ်ချောင်းက သူ့ခါးအား ဆွဲယူလိမ်ညှစ်ခြင်းခံလိုက်ရသည်။ သူ့လိုပင်နတ်ကတော် အပျိုတော် ပွဲဦးပထမညအက (စတော်တိုက်ခန်း)တွင် နောက်ပိုင်းမင်းသမီးကြီးဖြစ်သော ရွှေနှင်းဆီကိုလည်း သရဲလက်ချောင်းကြီးများက လိမ်ပတ်ဆွဲညှစ်ထားသည်။

နောက်ခံပိတ်ကားအဖြူကြီးမှာလည်း သွေးတွေ စီးဆင်းကျလာသည်။ မင်းသမီးရွှေနှင်းဆီ၏ ဗိုက်ထဲက ကနေရင်း ကလေးငယ်လေး မွေးဖွားလာသည်ဟု အိပ်မက်ဆိုးများ မက်ခဲ့ဖူးသည်။ နေ့လယ်က အိပ်ပျော်သွားစဉ်တုန်းကလည်း သရဲကြီးက သူ့အား ကုက္ကိုပင်ကြီးပေါ်သို့ ဆွဲခေါ်သွားသည်။

အမွေးစုတ်ဖွားဖွားကြီးများ၊ ပြူးတစ်ပြူးတစ် ထုတ်ပြသော နီရဲသော လျှာကြီး၊ ကြမ်းတမ်းစူးရှသော လက်မည်းကြီးများနှင့် သူ့လည်ပင်းကို အသေညှစ်သတ်ခြင်းခံရသည်။ ဇာတ်ဆရာ မင်းသားကြည်ဖြူသာ လာမနှိုးပါက အိပ်မက်ဆိုးထဲတွင် သူ အသက်ပျောက်လောက်သည်။

ပွဲမထွက်ခင်က မင်းသမီးရွှေနှင်းဆီ ပြောစကားကို ပြန်ကြားယောင်မိသည်။

"ဒီည ပွဲကရမှာ ဘာဖြစ်လို့လဲ မသိဘူး။ ကျွန်မစိတ်တွေ ချောက်ချားနေတယ်။ ကိုယ်ဝန်ရှိခါစဆိုတော့ ခေါင်းတွေလည်း ခဏခဏ မူးနေတယ်။ လမိုင်းကပ်ချင်မှ ကပ်မယ်။ ကကွက်တွေမှားသွားရင် ဆရာ ထိန်းပြီး သယ်သွားပါ"

ခုနစ်သံချီ ဗိန်းမောင်းနှင့် စင်တိုင်ဗိန်းမောင်းသံများ တီးပြီးသည့်နောက် မင်းသမီးရွှေနှင်းဆီ၏ ကြည်လင်ချိုအေးသော မေတ္တာပို့တေးသံများ ထွက်လာသည်။

*"တောင်ထိပ်ပေါ်မှာ နွယ်ချိုနှောပါလို့ . . . ဥကြွတွန်တဲ့ လရာသီ . . ဖက်ဆွတ်ကယ် . . . အင်ကြင်းက . . သင်းပျံ့ခဲ့ပြီ . . . တပေါင်းလရယ်တဲ့ ပွဲတော်မီ . . . သရဖီနှင့် ကံ့ကော်ပန်း . . . စွယ်တော်စဉ် . . . ယဉ်မဆုံးတယ် . . . သုံးတော်ရပန်း"*

ပြည်ဖုံးကားကြီး ဖွင့်လိုက်ပြီဖြစ်သည်။ မင်းသမီး ရွှေနှင်းဆီသည် ဒေါင်းတောင်နှစ်ဖက်ကို လက်ကကိုင်၍ ခေါင်းတွင် ရှန်ပန်းထည်စည်းကာ ရင်ဘတ်၌ ပဝါစည်းထားပြီး၊ လမိုင်းနတ်ကလေးအကဖြင့် ထွက်ပေါ်လာသည်။ ကမ္ဘာဟောင်းမှ ကမ္ဘာသစ်ကို တည်ဆောက်ပေးခြင်း အထိမ်းအမှတ်ဖြစ်သည်။

မင်းသမီးရွှေနှင်းဆီသည် ဇာတ်စင်၏ ညာဘက်မှ ထွက်ပေါ်လာသည်။ ခြေကို လုံးဝမကြွ။ ကြမ်းခင်းကို ခြေပွတ်ရွှေ့လျက် ကခွင်အလယ်ရှိ ကန်တော့ပွဲထံအရောက် ပျောင်းပျောင်းအိအိ ခွင်အဆစ်အချိုးမှန်စွာ အကဟန်နှင့် ရွေ့သွားသည်။ သိမ်မွေ့ညက်ညော အလှအပြ အကဖြစ်သည်။

www.burmeseclassic.com

ကခွင်မီးများက အပူရောင်ဖြင့် မှိန်ဖျော့လျက်ရှိသည်။ အပျိုတော် ဆယ့်နှစ်ခန်းအကကို မင်းသမီးတိုင်း မကတတ်ပေ။ ဝါရင့်သမ္ဘာရင့်မင်းသမီးကြီးများမှသာ နိုင်နင်းစွာ ကကြိုးက ကွက်နှင့် သရုပ်ဖော် ကပြရခြင်းဖြစ်သည်။ သိမ်မွေ့ရသည်။ သွက်လက်မြူးဆတ်ရသည်။ ရွှင်ရွှင်မြိုင်မြိုင်ရှိရသည်။ သရုပ်ဆောင်ပရိယာယ် ကြွယ်ရသည်။ လွယ်ကူလှသည်တော့မဟုတ်။

အဆိုပိုဒ်နှင့် စည်းဝါးအထားအသို ကျွမ်းကျင်နိုင်နင်းရသည်။ ဆယ့်နှစ်ထွေ၊ ခုနစ်ထွေ၊ ပလို့ချက်တို့ တိကျပေါ်လွင်စေရသည်။ စင်ထက်နှင့် စင်အောက် အချိတ်အဆက် ကောင်းရသည်။ ဆိုင်းဆရာကဏ္ဍကလည်း အရေးကြီးသည့်အလျောက် စိန်လက်ပွား ချွေးပြန်လျက်ရှိသည်။

အပျိုတော် ဆယ့်နှစ်ထွေမှာ နတ်၊ မြင်း၊ မျောက်၊ ဘီလူး၊ ဇော်၊ ဝန်၊ ပြော၊ အိုးစည်၊ ဒိုးပတ်အပြောင် (သို့) ကျွမ်း၊ နေရာတော်ခင်း၊ အဘိုးအို၊ အဘွားအို အကတို့ ပါဝင်သည်။ ခုနစ်ထွေမှာ မြင်း၊ မျောက်၊ ဘီလူး၊ ဇော်၊ ဝန်၊ အပြောင်အရွှန်း၊ အခုန်အပျံအကတို့ ဖြစ်သည်။ ဆယ့်နှစ်ခန်းမှာ မျက်ခုံးပလို့၊ မေးပလို့၊ ပခုံးပလို့၊ ရင်ပလို့၊ တင်ပလို့၊ လက်ရုံးပလို့၊ လက်စုံပလို့၊ တင်ခြမ်းပလို့(လက်တစ်ဖက်စီ) အရုပ်ကြိုးလိမ်ပလို့၊ ဘယ်ခြေညာလက်ပလို့၊ စုံပလို့၊ နတ်ယိုင်အကတို့ ဖြစ်သည်။

ရွှေနှင်းဆီသည် သဘင်ရည်ဝသော မင်းသမီးဖြစ်သည်။ ဦးခေါင်း၊ ပခုံး၊ လက်မောင်း၊ ခါး၊ ရင်၊ တင်၊ ပေါင် စသည့် ကိုယ်အင်္ဂါအစိတ်အပိုင်းများကို တစ်မျိုးစီ ပီပြင်စွာ လှုပ်ကလျက်ရှိသည်။ ကနေရင်းမှာပင် ရင်ထဲမှာ ရှိုက်ပြီးမောလာသည်။ ခေါင်းထဲမှာ မူးဝေလာသည်။ ဆိုင်းဝိုင်းထဲမှ စိန်လက်ပွားဆီသို့ အကြည့်ရောက်သွားသည်။

အလို ... စိန်လက်ပွားနေရာတွင် အမွေးစုတ်ဖွားဖွားနှင့် မည်းမည်းကောင်ကြီး ရောက်နေပါလား။ ဒါသရဲကြီးများလား။ သရဲတောရွာက သရဲတွေ အရမ်းပေါတယ်လို့ အငြိမ့်သမလေးများ ပြောနေကြသည်ကို ကြားခဲ့ဖူးသည်။ စိန်လက်ပွားနေရာတွင် သရဲကြီးတစ်ကောင် ဆိုင်းဝင်တီးနေပါပေါ့လား။ နီရဲပြူးကျယ်သော မျက်လုံးများ ဝင်းဝင်းတောက်လျက်ရှိသလို ...

ကွက်ထိုး မီးရောင်စုံများက တဖျတ်ဖျတ်နှင့် သူမကိုယ်ပေါ်တွင် လှည့်ပတ်ထိုးလျက်ရှိသည်။ ခေါင်းထဲမှာ မူးဝေနောက်ကျိလာသည်။ ကခွင်ဂျားလည်း မမှန်တော့။ အဆစ်အချိုး၊ လက်အကွေးများကလည်း မလှုပ်ချင်အောင် ညောင်းညာလေးလံ ကိုက်ခဲလာသည်။ ကိုယ်ဝန်ရှိခါစဖြစ်သလို၊ အပျိုတော်ခန်းအကမှာလည်း ပင်ပန်းလှသည်။

ထိုစဉ်မှာပင် ဆိုင်းဝိုင်းထဲက မည်းမည်းကောင်ကြီးက ခုန်ထွက်လာပြီး သူမကိုယ်ပေါ်သို့ ပိကျလာသည်ဟု ထင်မိလိုက်သည်။ ရွှေနှင်းဆီ မျက်လုံးထဲတွင် ဘာမှမမြင်ရတော့ပေ။ အမှောင်ထုကြီးသာ လွှမ်းမိုးသွားပြီး နတ်ယိုင်အက ကနေရင်းမှာပင် ဇာတ်စင်ပေါ်၌ ခွေယိုင်လဲကျသွားသည်။

ကန့်လန့်ကာကြားမှ လူရွှင်တော်ကြီး ဦးကွာစိ၏ အရေးတကြီး အော်[illegible] ပြောသံများ ထွက်ပေါ်လာသည်။

"ကားဆွဲတွေ မြန်မြန်ချ၊ မြန်[illegible] မြန်ချ"

ပြည်ဖုံးကားကျလာပြီး ဇာတ်စင်တစ်ခုလုံး မီးရောင်မှိန်ချထားလိုက်သည်။ ရွှေနှင်းဆီ ကနေရင်း မူးလဲသွားသည်ကို မြင်လိုက်ရသော စိန်လက်ပွားသည် ညှော်ခံတီးလုံးများကို မြိုင်မြိုင်ဆိုင်ဆိုင် တီးလိုက်ရင်း အချိန်ဆွဲထားလိုက်သည်။ လူရွှင်တော်ကြီး ဦးကွာစိနှင့် ဇာတ်အဖွဲ့သားများသည် မင်းသမီးရွှေနှင်းဆီအား ဇာတ်စင်နောက်သို့ ပွေ့ချီပြီး ခေါ်ဆောင်သွားကြသည်။

ဇာတ်အဖွဲ့တစ်ဖွဲ့တွင် ဆိုင်းဝိုင်းကောင်းဖို့လည်း အရေးကြီးသည်။ ဆိုင်းနှင့် ဇာတ်မှာ လင်မယားလိုပင် ဖြစ်သည်။ ဇာတ်က တစ်စုံတစ်ရာ အမှားအယွင်းဖြစ်လျှင် ဆိုင်းက သယ်ယူသွားရပေသည်။ စိန်လက်ပွားမှာ ဆိုင်းဆရာကောင်းတစ်ဦး ဖြစ်သည်။ မင်းသား၊ မင်းသမီး၊ လူကြမ်း၊ လူရွှင်တော်တို့အား ကောင်းသည်ထက် ကောင်းအောင် အဆိုပိုင်းရော၊ အက[illegible] ပိုင်းပါ စိန်လက်ပွားက ဦးဆောင်တီး[illegible] နိုင်စွမ်း ရှိသူဖြစ်သည်။

စိန်လက်ပွား တီးပေးသော အတီးလေးပေါ်တွင် အဆိုသမားက မှေး၍ မေးတင်လိုက်သွားနိုင်သည်။ မင်းသား၊ မင်းသမီး မောပြီး အသံမ[illegible] ၍ မဆိုနိုင်ခြင်းကိုပင် စိန်လက်ပွားက မသိအောင် ဖုံးဖိပေးနိုင်စွမ်းရှိသည်။ ဇာတ်အဖွဲ့တွင် ဇာတ်ပို့ကောင်းရန် ဆိုင်းဆရာမှာ အရေးကြီးလှသည်။

အရေးကြီးသော ပွဲကချိန်များ[illegible] တွင် တာဝန်ယူထားသော ဆိုင်းဆရာ



www.burmeseclassic.com

www.burmeseclassic.com

စိန်လက်ပွားသည် ယနေ့ညအဖို့ လမိုင်းမကပ်ဘဲ ဖြစ်နေသည်။ မက်ခဲ့သော အိပ်မက်ဆိုးများထဲကအတိုင်း မင်းသမီးရွှေနှင်းဆီမှာ မူးမေ့လဲသွားပြီး အရေးပေါ်ကုသမှုများ ပြုလုပ်နေရသည်။

စိန်လက်ပွားသည် လေပြေထိုး တီးလုံးကို တီးပေးလိုက်သည်။ နောက်တစ်ခန်းမှာ ဟာသပြဇာတ်တိုလေး ကပြမည့်အခန်းဖြစ်သည်။ တီးလုံးဆုံးသွားသည်နှင့် ပြည်ဖုံးကားတင်လိုက်သည်။ နောက်ခံ နန်းတော်မြို့ရိုးကားတစ်ခု ပေါ်လာသည်။

မြို့ရိုးရှေ့တွင် မောင်းကြီးတစ်ခုကိုထမ်း၍ တဒူဒူတီးနေသော မောင်းထမ်းသမားနှစ်ဦးနှင့် မြို့ဝန်မင်းပုံစံဝတ်စားထားသော လူရွှင်တော်ကြီးဦးကွာစိ ထွက်လာသည်။ မြို့ဝန်မင်းက စာရွက်လိပ်ကြီးကိုဖြန့်၍ အမိန့်တော်ပြန်လိုက်သည်နှင့် ...

"တိုင်းသူပြည်သား လူအများတို့လေ။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တော်မူသော မင်းတရားကြီး အမိန့်တော်ရှိလိုက်သည်။ မင်းတရားကြီး၏ သမီးတော်လေးအား ကြင်ရာတော်ရွေးပွဲအတွက် ပညာရှင်ရွေးချယ်ပွဲကျင်းပပေးမည်။ မှန်ကန်အောင် ဖြေဆိုနိုင်သူအား ပင်တိုင်စံ သမီးတော်လေးနှင့် ထိမ်းမြားလက်ထပ် အိမ်ရှေ့အရာ ချီးမြှင့်ပေးသနားတော်မူမည်။ မှန်ကန်အောင် မဖြေဆိုနိုင်သူများအား ကျောတစ်ရာ၊ ရင်တစ်ရာ ကြိမ်ဒဏ်ခတ်တော်မူမည်။ ဘုရင့်အမိန့်တော်"

"ဒူ ... ဒူ ... ဒူ"

ကြေညာချက်အဆုံးတွင် လူရွှင်တော်နှစ်ဦး ထွက်လာသည်။ မောင်းသမားနှစ်ဦးနှင့် မြို့ဝန်မင်း ဇာတ်စင်တစ်ဖက်သို့ ဝင်သွားသည်။ လူရွှင်တော်နှစ်ဦး စကားပြောခန်းဖြစ်သည်။ ကြေးနောက်တီး ဆရာလေး ဖိုးအေးက စိန်လက်ပွားထံသို့ မတ်ခွက်နှင့် ထည့်ထားသော အရက်ခွက်ကို လှမ်းပေးလိုက်သည်။ အလိုက်သိသည့် တပည့်ကျော်လေးဖြစ်သည်။

ရေသောက်သလို ပုံစံမျိုးနှင့် စိန်လက်ပွား မော့ချလိုက်သည်။ ရင်ထဲတွင် ပူဆင်းသွားသည်။ သွေးများ ဆူလာသည်။ အရက်ရှိန်လေးနှင့်မှ ဆိုင်းတီးလို့ကောင်းသည်။ အရက်ကို ကြိုက်လည်း ကြိုက်သည်။ ဘာပဲဖြစ်ဖြစ် ကြောက်ကြောက်နှင့် လိုမ့်သောက်ဖြစ်နေမိသည်။ ဘယ်လောက်သောက်သောက်၊ ဘယ်လောက်မူးမူး စိန်လက်ပွား ဆိုင်းတီးပျက်သူမဟုတ်။ လက်ကျလက်နမှန်စွာ တီးနိုင်စွမ်းရှိသူဖြစ်သည်။

ဇာတ်စင်ပေါ်ကျနေသော မီးဆလိုက်များနှင့်အတူ သူ့မျက်လုံးများ ပြာလျက်ရှိသည်။ သရဲကြီးဖြစ်နေသော မုန်တိုင်းကို ကြောက်မိသည်။ သူဆိုင်းတီးနေစဉ်၊ ဒါမှမဟုတ် ဆိုင်းသံကြားလျှင် မုန်တိုင်း မနေနိုင်၊ မထိုင်နိုင်ဖြစ်ကာ သူ့ဆိုင်းဝိုင်းထဲ ဝင်ရောက်လာမည်လား မသိပေ။

အိပ်မက်ဆိုးများထဲကလို ဆိုင်းဝိုင်းထဲသို့ မုန်တိုင်းသရဲ ရောက်မလာပါစေနှင့်ဟုသာ ဆုတောင်းနေမိသည်။ လူရွှင်တော်နှစ်ဦး ပညာရှင်ရွေးချယ်ခန်းအကြောင်းကို ပြောဆိုကြပြီး ဇာတ်စင်တစ်ဖက်သို့ ဝင်သွားကြသည်။ ပြည်ဖုံးကား ကျလာသည်။ စိန်လက်ပွားက ခန်းပြောင်းတီးလုံးတီးရန် လက်ကိုရွှယ်လိုက်စဉ်မှာပင် သူ့လက်များမှာ ပတ်လုံးပေါ်မကျဘဲ လေထဲတွင်သာ ဝဲပျံလျက်ရှိသည်။

ဆိုင်းဝိုင်းထဲသို့ လူတစ်ယောက်ဝင်လာပြီး ဆိုင်းတီးလိုက်သလို အကြိတ်တီးသံဖြစ်သော (ကျလိလိ)အသံနှင့် အညည်းတီးသံဖြစ်သော (ဟီး .. ဟီ ... ဟီး ... )ဆိုသည့် အသံကြီးများ ထွက်ပေါ်လာသည်။ သူ့လက်များက လေထဲမြောက်တက်နေသည်။ ပတ်လုံးပေါ် ချမရဘဲဖြစ်နေသည်။ ပတ်မကြီး၏ အမဘက်တွင် ဘယ်ဘက်လက်မည်းမည်းကြီးက ပိတ်ထားပြီး၊ အဖိုဘက်ကို ညာဘက်လက်ချောင်းမည်းမည်းကြီးက ဖိ၍ အရှေ့ဘက်သို့ တွန်းသွားသည်ကို မြင်လိုက်ရသည်။ လူသွားများကြိတ်သလို ကျလိလိအသံများ ထွက်လာသည်။

ထို့နောက် လက်မည်းမည်းကြီးက ရွှေ့သွားပြန်သည်။ ပတ်မ၏ အဖိုဘက်ကို ညာဘက်လက်ဝါးမည်းမည်းကြီးက မထိတထိထား၍ ပတ်မကြီးအမဘက်သို့ ဘယ်လက်သီးဆုပ်မည်းမည်းကြီးက တုန်ခါအောင် တီးနေခြင်းဖြစ်သည်။ အဖျားတက်နေသော လူတစ်ယောက် ညည်းညူသကဲ့သို့ "ဟီး ... ဟီး .. ဟီး .. ဟီး" အသံများ ထွက်ပေါ်လာသည်။

စိန်လက်ပွား လွှန်စွာမှ အံ့သြသွားသည်။ သူ့နဖူးမှ ချွေးများစို့လာသည်။ သူမတီးဘဲနှင့် အကြိတ်တီး၊ အညည်းတီးသံကြီးများ အလိုလိုထွက်ပေါ်လာခြင်း ဖြစ်သည်။ ဒါဆိုရင် သူ့အိပ်မက်ဆိုးများ မက်သည့်အတိုင်း မုန်တိုင်းသရဲ ရောက်လာခြင်းဖြစ်မည်လား။



www.burmeseclassic.com

www.burmeseclassic.com

ဒါမှမဟုတ် ... ...ဂ်တာ များသွား၍ အမူးလွန်ပြီး ထင်မိထင်ရာ ရှုးကြောင်မူးကြောင် ဖြစ်သွားခြင်းလား စိန်လက်ပွား စဉ်းစားရခက်သွားသည်။ ထိုအချိန်မှာပင် ပြာနှမ်းနေသော မိုးကောင်းကင်ကြီးတွင် ကြယ်ရောင်လေးများ ပျောက်ကွယ်သွားသည်။ ကောင်းကင်ကြီးတစ်ခုလုံး ညိုမည်းမှောင်ပိန်းလာသလို၊ လျှပ်စီးများ ဝင်းခနဲ လက်ခနဲ လျှပ်ထောင်လင်းလက်သွားသည်ကို မြင်တွေ့လိုက်ရသည်နှင့် လေကလည်း သိသိသာသာ ကြမ်းတမ်းတိုက်ခတ်လာသလို ဇာတ်ရုံအနီးဝန်းကျင်ရှိ သစ်ပင်များ ယိမ်းနွဲ့ခါယမ်းလာသည်။

ပွဲခင်းတစ်ခင်းလုံးမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ဒီအချိန် မိုးမကျလောက်သေး။ သို့သော် ရာသီဥတုဖောက်ပြန်ပြီး မိုးရောလေပါ ဒရောသောပါး ကျရောက်လာသည်။ မုန်တိုင်းတိုက်ခတ်လာသည်လား မသိ။ ပွဲကြည့်ပရိသတ်များသည်လည်း ပွဲခင်းကို စိတ်မဝင်စားနိုင်။ အထုပ်အပိုးပိုက်ပြီး လေမိုးလွတ်ရာ ရွာထဲရှိ အိမ်များသို့ အမြန်ပြန်ပြေးကြသည်။ ရပ်ဝေးမှ ပွဲကြည့်ပရိသတ်များကလည်း လှည်းနွားတပ်ပြီး လှည်းဝိုင်းထဲမှ အမြန်မောင်းထွက်ပြေးကြသည်။

မထင်မှတ်ဘဲ မိုးဦးလေဦး ဆော့ကာ မုန်တိုင်းဝင်လာသဖြင့် ပန်တျာကြည်ဖြူတို့ ပထမည ကပွဲမှာ ပွဲပျက်ပါကော။ လေက ကြမ်းသည်ထက်ကြမ်းလာသည်။ ဇာတ်စင်ပေါ်ရှိ မျက်နှာကြက်တန်းလျား၊ ;ကားလိပ်ဆင်ထားသည့်တန်းလျား တဝုန်းဝုန်းပြိုကျလာသည်။ ဇာတ်သမ၊ ဇာတ်အဖွဲ့သားများသည်လည်း ဘယ်ကိုပြေးရမှန်းမသိ။ အဝတ်အစားများ၊ အထုပ်အပိုးများကို မိုးလွတ်ရန် အမြန်သိမ်းဆည်းထားကြသည်။ ယာယီထိုးထားသော ဇာတ်ခုံဖြစ်၍ အမိုးမရှိသောကြောင့် မိုးရေအောက်တွင် ရွှဲရွှဲနစ်ကုန်ကြသည်။

ပွဲကြည့်ပရိသတ်များလည်း မိုးလေလွတ်ရန် အပြေးအလွှား ဖရိုဖရဲဖြစ်ကုန်ကြသည်။ စိန်လက်ပွားလည်း ဘာလုပ်ရမှန်းမသိ။ ဆိုင်းပစ္စည်းများ ထိခိုက်ပျက်စီးမှုမရှိရန် တပည့်များအား အမြန်သိမ်းခိုင်းလိုက်သည်။ ထိုစဉ်မှာပင် သူ့ဘေးနားမှ မည်းမည်းရိပ်ကြီးသည် ကုက္ကိုပင်ကြီးဆီသို့ ခုန်တက်သွားသည်ကို ကြောက်ရွံ့စွာ မြင်တွေ့လိုက်ရသည်။ သူ့တစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ထသွားသည်။

လေကလည်း ပြင်းပြင်းထန်ထန် တိုက်ခတ်နေဆဲ။ အဆက်မပြတ်ရွာနေသော မိုးသီးမိုးပေါက်များနှင့်အတူ လျှပ်ရောင်များဝင်းလက်လျက် ကြောက်မက်ဖွယ်ရာ မိုးခြိမ်းသံများကို ကြားနေရသည်။ သောက်ထားသည့် အရက်ရှိန်များကြောင့် စိန်လက်ပွား ခေါင်းများ ကိုက်ခဲနေသလို၊ သိမှတ်မှုအာရုံများကလည်း လွင့်ပါးလျက်ရှိသည်။ မိုးရေမိုးစက်များကြောင့် မြင်ကွင်းများက မကြည်လင်။ ကြည့်လေရာရာ ဝေဝေဝါးဝါး ဖြစ်နေသည်။

ကုက္ကိုပင်ကြီးရှိ ကုက္ကိုကိုင်းများမှာလည်း လေပြင်းတိုက်ခတ်မှုများကြောင့် တဝုန်းဝုန်း ယိမ်းထိုးလှုပ်ယမ်းလျက် ရှိသည်။ ဆိုင်းဝိုင်းထဲမှ ထွက်သွားသော မည်းမည်းအရိပ်ကြီးသည် ကုက္ကိုကိုင်းကြီးအား တွဲလွဲခိုလျက် ဖုံ့ချနေသကဲ့သို့ လှမ်းမြင်တွေ့လိုက်ရသည်။

မည်းမည်းအရိပ်ကြီးကား သရဲ ဘဝရောက်နေသော မုန်တိုင်း ဖြစ်ပေ လိမ့်မည်။ မုန်တိုင်းသရဲကြီးက မီးဝင်း ဝင်းတောက်နေသော မျက်လုံးများနှ သူ့အား ကြည့်လျက်ရှိသည်။ စိန်လက် ပွားသည် ဆိုင်းကျင်းထဲမှ ထွက်လိုက် သည်။ မူးနေသည့်အရှိန်နှင့်အတူ လေ ပြင်းများကြားတွင် ယိမ်းယိုင်လျက် သည်။ ဇာတ်စင်အပြင်ဘက်သို့ အ ထွက်လိုက်သည်။

သူ့နားထဲမှာ စကားပြောသံတ ခု ကြားလိုက်ရသည်ဟု ထင်မိသည်

"ငါ့ဘဝကို ဒုက္ခပေးတဲ့ကော မင်းသေရတော့မယ် လက်ပွား။ ဒီ ဒီအချိန်မှာ မင်းဘဝဟာ သေနေ့ သွားပါပြီ"

မုန်တိုင်းသရဲက သူ့အနားက ပြီး ပြောလိုက်သည်ဟု ထင်မိသည် မည်းမည်းအရိပ်ကြီးသည် ကြီးမ သော ကုက္ကိုကိုင်းကြီးအား ဖျောင်း ချိုးဖဲ့လိုက်သည်။ လေပြင်းရိုက်ခတ် ကြောင့် ကျိုးပဲ့လွင့်စဉ်လာသော ကု ကိုင်းကြီးသည် စိန်လက်ပွားကိုယ် သို့ တည့်တည့်မတ်မတ်ကြီး ပြုတ် သွားတော့သည်။

မိုးကား သည်းထန်စွာ ရွာ ဆဲ။

မုန်တိုင်းကတော့ တဟူး တိုက်ခတ်နေဆဲပင် ဖြစ်သည်။

---

နန်းကြော့အုပ်

---



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# လူထဲကဘဝ ဘဝထဲကလူ (၆၂)

## လင်းရောင်တင်

ယ ခ င် လ မှ အ ဆ က်

### တချုပ်ဆိုတာ စက္ကူ၊ ကတိဆိုတာ လေပဲလား

ကျွန်ုပ်သည် လောကီယဝိဇ္ဇာလမ်းစဉ်ကို စိတ်ဝင်စားသူဝီဝီ ကိုယ့်ကဲ့သို့ ဝိဇ္ဇာလမ်းစဉ်ကို ဝါသနာထုံသူများ စုစည်းတွေ့ဆုံကြ၍ ပညာဖလှယ်ရန်၊ သင်ကြားပေးရန်၊ ဆွေးနွေးအကြံပြုရန် စုရပ်အဖြစ် ဓမ္မာရုံကြီးတစ်ခုဖြစ်တည်လိုကြောင်း၊ ဆန္ဒရှိကြောင်း ယခင်က ရေးခဲ့ဖူးပါ၏။ မြေနေရာ လှူပါမည်ဆိုသူ နှစ်ဦးခန့်ရှိ၍ ပထမတစ်ဦးမှာ ထိုကိစ္စကို ကြားကြားချင်း လှူပါမည်ဟု ပြောလာ၏။

"ဒလဘက်မှာ မြေတစ်ကွက်ရှိတယ်။ လှည်းကူးနားက ငါးဆူတောင်မှာလည်း မြေကွက်ရှိတယ်။ ဘယ်နေရာကို ကြိုက်သလဲ"

မိတ်ဆွေဖြစ်သူက မေးလာသဖြင့် ကျွန်ုပ်က ချက်ချင်းပင် -

"ဒလက နီးသလိုရှိပေမယ့် ရေခြားမြေခြား သွားရမယ်ဗျာ။ လှည်းကူးက မြေကွက်ပဲ ကောင်းပါတယ်"

ဟု ပြောမိ၏။

"အဲဒီမြေကွက်က ပေတစ်ရာ့နှစ်ဆယ်ရှိတယ်။ ဓမ္မာရုံ ကောင်းကောင်းဆောက်နိုင်တယ်"

"ဟုတ်တယ်။ အတော်လေးကျယ်ပါတယ်။ လှူတာကတော့ ဟုတ်တယ်။ ကျွန်တော့်ဘက်က ကျွန်တော့်ကိုယ်ကျိုး၊ အတ္တအကျိုးအမိကမဟုတ်ဘဲ အများအတွက် အကျိုးရှိမယ့်ကိစ္စကို တာဝန်ယူဆောင်ရွက်ချင်လို့ လုပ်မှာဆိုတော့ လောကီ၊ လောကုတ္တရာနှစ်ဖြာအကျိုးရှိဖို့ အားထုတ်တာကို ယုံကြည်စေချင်တယ်။ ခင်ဗျားဘက်ကရော စေတနာသုံးတန် ပြတ်နိုင်ရဲ့လား"

"ပြတ်နိုင်ပါတယ်"

ထို့နောက် မြေကွက်လှူမည့် သူသည် သူ့မြေကွက်တည်ရှိရာ လှည်းကူး၊ ငါးဆူတောင် မြေကွက်ပုံစံစာရွက်ကို ထုတ်ပြလေ၏။ ထိုပုံစံစာရွက်ကို ယတိပြတ် ကျွန်ုပ်အားပေးလိုက်သည်မဟုတ်ဘဲ ကျွန်ုပ်အား ပြရုံသာပြသဖြင့် သူ့အလှူဒါနမှာ စိတ်မပြတ်သေးကြောင်း သိသာ၏။

"အဖေ့ကို မြေကွက်စာရွက်ပုံစံပဲပြပြီး မပေးလိုက်ဘူးဆိုတော့ သူစိတ်မပြတ်တာ ဖြစ်နိုင်တယ်။ အမှန်ကတော့ စာရွက်စာတမ်းအပြည့်အစုံနဲ့၊ လွှဲစာနဲ့ အဖေ့လက်ကို မအပ်သရွေ့ ဒီမြေနေရာကို အဆောက်အဦဆောက်ဖို့ မဖြစ်နိုင်သေးဘူး။ ပိုင်ပိုင်စိုးစိုးမရှိဘူးဆိုတာ ဖေဖေသဘောပေါက်ပါတယ်။ ဒါပေမယ့် ဒါ သူတို့ပစ္စည်းလေ။ ဖေဖေက ကိုယ်ကျိုးအတွက် လုပ်မယ့်ကိစ္စမှမဟုတ်တာ။ သူတို့သဒ္ဓါတရားအပြည့်အဝနဲ့ စိတ်ပါလက်ပါ လှူမှကောင်းတာ"

"ကြာရင် သူတို့စိတ်ပြောင်းသွားမှာ စိုးလို့ သမီးက ပြောတာ"

"စိတ်ပြောင်းသွားလည်း ဘယ်တတ်နိုင်မှာလဲ သမီးရယ်။ ကမ္ဘာသဘောပေါ့။ ဖေဖေ အသက်အရွယ်ရလာပြီး ကတည်းက အထူးသဖြင့် ခုလို ခြောက်ဆယ်အရွယ်ရောက်လာတဲ့အခါ အတတ်နိုင်ဆုံး လောဘကို နည်းနိုင်သမျှနည်းအောင် ကြိုးစားတယ်။ ဒါ့ကလည်း အများကိစ္စကုသိုလ်ရေး၊ ပါရမီဖြည့်ရေးဆိုပေမယ့် အတင်းကြီးမလုပ်ချင်ဘူး။ ကျေကျေနပ်နပ် ပြေပြေလည်လည် ဖြစ်မှ လုပ်ချင်တယ်"

ခြံပိုင်ရှင်များက လှူမည်ဟုပြောသောအချိန်သည် ဝါဆိုဝါခေါင် ရေဖောင်ဖောင်ကာလကြီးဖြစ်၍ ထိုမြေနေရာကို



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သွားမကြည့်ခဲ့ပေ။ သွားကြည့်လျှင်လည်း ရွံ့တွေ၊ ဗွက်တွေနှင့် မြက်တွေ ဖုံးလွှမ်းနေမည်မှာ သေချာသည်။ သွားကြည့်သည်ဆိုသည်နှင့် ခြံရှင်းရန်၊ စည်းရိုးကာရန်၊ မြေဖို့ရန်၊ နှစ်ရှည်ပင်စိုက်ရန်၊ ယာယီအဆောက်အဦဆောက်ရန် စသည်ဖြင့် မတည်ငွေအထိုက်အလျောက် လိုလာမည်ဖြစ်၏။ လုပ်ငန်းမစဖြစ်သေးဘဲ မတို့ထိသည်က ကောင်းသည်ဟူသော အယူဖြင့် ခပ်အေးအေးနေခဲ့မိခြင်း ဖြစ်၏။

ပွင့်လင်းရာသီသို့ ရောက်သောအခါ မြေကွက်ပိုင်ရှင်က သူ့သားများ ခြံစိုက်စားချင်၍ ထိုမြေကွက်တွင် ရာသီပင်များ စိုက်လိုကြောင်း ကျွန်ုပ်ထံ ဖုန်းဆက်၏။ ကျွန်ုပ်ကလည်း ဘာတတ်နိုင်မည်နည်း။ ဖဲသမားများစကား ငှားလုံးလျှင် "လေထိုး လေလျော်"ဆိုသကဲ့သို့ ပါးစပ်ဖြင့် လှူထားသော မြေကွက်ကို ပါးစပ်ဖြင့် ပြန်ယူသွားခြင်းဖြစ်၏။

"ဖေဖေ့ကို သမီးပြောခဲ့သားပဲ"

သမီး နန္ဒီလင်းဝေက ပြောလာ၏။ ကျွန်ုပ်ကမူ ပြုံးလျက်သာ တုံ့ပြန်မိ၏။

"လောကကြီးမှာ ဘယ်အရာမှ မသေချာပါဘူး သမီးရယ်"

မသေချာ၊ မရေရာသည့် လောကကြီးအကြောင်း သိထားလျှင် အစစအရာရာ ခံသာ၏။ ကျွန်ုပ်သည် ထူးထူးခြားခြား ခံစားမှုမရှိခဲ့ချေ။ သူတို့နှင့် ရင်းနှီးလျက် တစ်ရပ်တည်းတွင်နေသော ခင်မင်နေသည့် သီလရှင်ဆရာမလေး အိမ်သို့ ရောက်လာသောအခါ…

"ဆရာ့ကိုလှူမယ်လို့ ပြောထားတဲ့ ငါးဆူတောင်က မြေကွက်ကို ပြန်ယူသွားပြီမဟုတ်လား ဆရာ"

"သူ့သားတွေ ခြံစိုက်စားချင်လို့ဆိုပြီး ပြောတာပဲ"

"ပြန်ရောင်းလိုက်တယ်လို့ ကြားတယ်ဆရာ"

"ဘာပဲဖြစ်ဖြစ်လေ။ ဒါ ဆရာပိုင်တဲ့မြေကွက်မှ မဟုတ်တာ။ သူတို့ပိုင်တဲ့ မြေကွက်ပဲလေ။ အေးလေ…ပြောမယ့်သာပြောတာပါ။ အမှန်တကယ်တော့ မြေတို့၊ အိမ်တို့ဆိုတာ ဘယ်သူမှ တကယ်ပိုင်ကြတာ မဟုတ်ပါဘူး။ စာချုပ်ပေါ်၊ စက္ကူပေါ်မှာ နာမည်ရေးထိုးပြီး ပိုင်သယောင်ထင်နေကြတာပါ"

"ဟုတ်တာပေါ့ ဆရာရယ်၊ ဟုတ်တာပေါ့။ အမှန်တော့ သူတို့ အဲသလို မလုပ်သင့်ဘူး။ သူတို့ ဆရာ့ကို လှူထားတာ ကျွန်မတို့လည်း သိနေတာပဲ။ ဒီလိုလုပ်တာ မကောင်းပါဘူး"

သီလရှင်ဆရာလေးက စိတ်မသက်မသာဖြင့် ပြောရာ၏။ ကျွန်ုပ်ကမူ ပြုံးလျက်…

"သူတို့အတွက် လိုအပ်လို့ လုပ်တာနေမှာပေါ့ ဆရာလေးရယ်"

ဟု ပြောမိလေ၏။

"လိုအပ်လို့ လုပ်တာဆိုလည်း သူတို့မှာ တခြား မြေကွက်တွေ ရောင်းစရာရှိနေတာပဲ ဆရာရယ်။ လှူပြီးသားကိုတော့ မလုပ်သင့်ဘူး"

"တခြားမြေကွက်တွေက ရောင်းလို့ အဆင်မပြေလို့နေမှာပေါ့ ဆရာလေးရယ်။ ဘာပဲဖြစ်ဖြစ် ဆရာကတော့ မကျေနပ်စရာ မရှိပါဘူး။ သူ့သဘောသူဆောင်၊ ကိုယ့်သဘောကိုယ်ဆောင်နေကြတာပဲ ဆရာလေးရယ်။ ဆရာကတော့ ဘယ်လိုမှ သဘောမထားပါဘူး။ အချိန်မတန်သေးလို့ အောက်မေ့တာပါပဲ။ မြေကွက်ရပေမယ့် ဓမ္မာရုံမဆောက်နိုင်သေးရင် အလုပ်မဖြစ်သေးပါဘူး။ အချိန်တန်လို့ ဖြစ်သင့်ရင် ဖြစ်လာမှာပေါ့"

"တကာကြီးပြောတာလည်း မှန်ပါတယ်။ ဖြစ်သင့်ရင်တော့ ဖြစ်လာမှာပေါ့လေ။ ဒါပေမယ့် လှူပါ့မယ်လို့ ကတိပေးထားပြီးမှ ဖျက်ကွက်တာတော့ သူတို့အတွက် မကောင်းလှဘူး"

ဆရာလေးက သူ့အယူအဆကို ပြောခဲ့သော်လည်း ကျွန်ုပ်ကမူ သာသာကလေးသာ နေခဲ့၏။ အမှန်တကယ်လည်း ကျွန်ုပ်ရင်ထဲ၌ ခံစားမှုကြီးကြီးမားမား မရှိခဲ့ချေ။ လုပ်ခွင့်ရက အများအကျိုးအတွက် လုပ်ကိုင်ပေးလိုသောဆန္ဒရှိသော်လည်း ကံ၊ ကုသိုလ်မပေးသေးက အတင်းလုပ်ယူ၍ မရနိုင်ဟု ကျွန်ုပ်ယူဆမိ၏။

## ပုပ္ပ၊ မုဒ္ဒ၊ အပရ စေတနာ

မြေကွက်၊ ဒါနကိစ္စအကြောင်း တွေးမိရာမှ လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကျော်က ကျွန်ုပ်ကြုံတွေ့ခဲ့ရသည့် အမှုကလေးတစ်ခုကို ပြေး၍သတိရမိပါ၏။ ကျွန်ုပ်နှင့် ခင်မင်ရင်းနှီးသော သူငယ်ချင်းတစ်ယောက်သည် အိမ်ထောင်ရေး စီးပွားရေး အဆင်မပြေရာမှ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့လေ၏။ ရဟန်းဝတ်ဖြင့် သီတင်းသုံးရာကျောင်းမှာ တာမွေ



www.burmeseclassic.com

www.burmeseclassic.com

ဈေးဟောင်းနားမှ ဘုန်းကြီးကျောင်းငယ်လေးတစ်ခုတွင် ဖြစ်ပါ၏။ တစ်နေ့သ၌ ရဟန်းသည် ကျွန်ုပ်နေထိုင်ရာအိမ်သို့ ရောက်လာပြီး သူ့တွင် သင်္ကန်းဝတ်ရုံရန် မပြည့်မစုံဖြစ်နေကြောင်း လှူနိုင်ပါက သင်္ကန်းလိုချင်ကြောင်း အလှူခံလာ၏။

ထိုသူငယ်ချင်းဖြစ်ဖူးသူရဟန်း အိမ်ရောက်လာချိန်တွင် ကျွန်ုပ်လက်ထဲ၌ ငွေပြတ်နေသည့် လလယ်ရက်ဖြစ်နေ၏။ သို့ဖြစ်၍ . . .

"ကိုယ်တော်ကြွလာတဲ့အချိန်က လကျပ်ရက်ကြီးဖြစ်နေတယ် ကိုယ်တော်။ လကုန်တော့မှ တပည့်တော်ငွေလာလှူပါ့မယ်။ သင်္ကန်းတော့ ကောင်းကောင်း မဝယ်တတ်ဘူး။ ကိုယ်တော့်ဘာသာ ကြိုက်ရာသင်္ကန်း ရွေးချယ်ဝယ်ဝတ်ပေတော့။ တပည့်တော် ဆက်ဆက်လာလှူပါ့မယ်ဘုရား"

ဟု ဆိုကာ ကတိပေးလျက် ဦးတင်သလိုက်ရ၏။ လဆန်းသောအခါ သင့်သလောက် အလှူငွေကို ယူဆောင်ပြီး သူငယ်ချင်းရဟန်းရှိရာ တာမွေဘက်သို့ ထွက်သွားခဲ့၏။ ကျောင်းသို့ရောက်သောအခါ သူသီတင်းသုံးသည့် အခန်းကတံခါးလေးသည် ခပ်ဟဟရှိနေ၏။ အခန်းတွင်းမှ ကိုယ်တော်နှစ်ပါး စကားပြောသံ ကြားနေရသည့်အပြင် ဟနေသည့်တံခါးကြားမှ ကုလားပဲသုပ်ပန်းကန်တစ်ချပ်ကို တွေ့ရ၏။ ဇွန်းဖြင့် ကော်ခပ်စားသောက်နေကြသည်ကို ဖျတ်ခနဲတွေ့ရ၏။

ကျွန်ုပ်က "အပယ်း"ခနဲ ချောင်းဟန့်သံတစ်ချက်ပေးလိုက်မှ ပဲသုပ်ပန်းကန်ထဲသို့ ဇွန်းတစ်ချောင်း ဖျတ်ခနဲကျရောက်ပြီးနောက် ခုတင်အောက်သို့ ပန်းကန်ကို တွန်းရွှေ့လိုက်သည်ကို တွေ့ရ၏။ ခဏနေသောအခါ သူငယ်ချင်းရဟန်းသည် ဟနေသည့် တံခါးရွက်ကလေးကို တွန်းဖွင့်ပြီး အပြင်ထွက်လာလေ၏။

"ဩော် . . . ဒကာလင်း ရောက်နေတာကိုး။ လာလေ"

သူငယ်ချင်းရဟန်းက အပြုံးဖြင့် ဆီးကြိုသော်လည်း ကျွန်ုပ်အနေဖြင့် တုံ့ပြန်ပြုံး ပြည့်ပြည့်ဝဝ မပြုံးနိုင်ခဲ့ချေ။ စိတ်ထဲမှာ တစ်မျိုးကြီးခံစားနေရ၏။ နေ့လွဲစာ စားသုံးဘုဉ်းပေးနေကြသော ဘုန်းကြီးများကို မကျေနပ်သလို၊ မနှစ်မြို့သလို ခံစားရ၏။ အခန်းထဲတွင် အတူရှိနေသည့် သီတင်းသုံးဖော် ရဟန်းသည် ရှက်ပြုံးတစ်ချက်ပြုံးပြရင်း အခန်းအပြင်သို့ ထွက်ခွာသွားခဲ့၏။ ကျွန်ုပ်သည် အိတ်ထဲတွင် ပါလာသော သင်္ကန်းဖိုးငွေကို လှူရကောင်းနိုး၊ မကောင်းနိုး ချီတုံချတုံဖြစ်သွားခဲ့ရ၏။ မှန်ရာကို ဝန်ခံရလျှင် စေတနာသဒ္ဓါပျက်တော့မလို ဖြစ်သွားခဲ့၏။ ဝိနည်းနှင့် မညီညွတ်သောရဟန်းကို လှူလိုစိတ်မရှိသည်က အမှန်ပင် ဖြစ်ပါ၏။

သို့သော်လည်း နေရာတွင်ပင် လေးလေးနက်နက် တွေးမိ၏။ "အလှူဒါနဆိုတာ နောက်မတွန့်ကောင်းပါဘူးလေ။ ပုဗ္ဗ၊ မုဉ္စ၊ အပရလို့ခေါ်တဲ့ စေတနာသုံးတန်ပြတ်မှ အလှူဒါနအကျိုးရှိတယ်လို့ အဆိုရှိတာပဲ။ ငါ့ရဲ့ဒါနကို နောက်မတွန့်ဖြင်းပယ်လို့ မသင့်ပါဘူး။ မလှူခင်က လှူချင်တဲ့ စေတနာလေး မပျက်သွားအောင် လှူလိုက်တာပဲ ကောင်းပါတယ်"

ဟူ၍ တွေးမိကာ အိတ်ထဲမှ ပိုက်ဆံကို နှိုက်ယူလျက်

"ဦးဇင်းကို ပေးထားတဲ့ကတိအတိုင်း တပည့်တော် သင်္ကန်းဖိုးငွေ လာလှူတာပါ"

ဟု ဆိုကာ ဝတ္ထုငွေကို ကပ်လှူ၍ ထိခြင်းငါးပါးဖြင့် ကန်တော့ခဲ့၏။ သူငယ်ချင်းရဟန်းကလည်း သာဓုခေါ်ခဲ့ပါ၏။ ခဏနေပြီး တောင်တောင်အီအီ စကားအနည်းငယ်ပြောဆိုကြပြီးနောက် ကျောင်းတိုက်မှ ပြန်ခဲ့၏။ သူငယ်ချင်းရဟန်းသည် ကျွန်ုပ်အား ကားမှတ်တိုင်အထိ လိုက်ပို့ရင်း မလုံမလဲ စကားဆိုရှာ၏။

"သူ့ရဲ့အခန်းမှာ ကိုယ်ကလာပြီး ကပ်နေရတော့ သူ့ရဲ့ဆန္ဒကို မလွန်ဆန်နိုင်ဘူး ဒကာလင်းရဲ့။ ဒီလိုပဲ နေ့လယ်နေ့ခင်း အဲဒီဦးဇင်းက ဗိုက်ဆာတတ်တော့ တစ်ခုခုစားတတ်တယ်။ ဦးဇင်းကိုလည်း အတင်းကျွေးတော့ အားနာနာနဲ့ သူ့ကို လိုက်လျောရင်း စားမိတာပါ။ ဦးဇင်းစားချင်လို့တော့ မဟုတ်ပါဘူး"

"ဒါတော့ ဒါပေါ့ ဦးဇင်းရယ်။ ဒါပေမယ့် ဘုရားသားတော်ဆိုတာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပညတ်ထားတဲ့ ဝိနည်းကိုတော့ တတ်နိုင်သလောက် လိုက်နာရမှာပေါ့။ တစ်ခါတလေ လေနာထတဲ့အခါ ဘုဉ်းပေးစားသုံးတာမျိုးလောက်ကတော့ ရပါတယ်။ အမြဲတမ်းစားလေ့ရှိရင်တော့ မကောင်းဘူးပေါ့။ ရဟန်းက ရဟန်းကျင့်ဝတ်နဲ့ ညီရင် ပိုပြီးကောင်းတာပေါ့ အရှင်ဘုရားရယ်။ တပည့်တော်တောင် အဲဒီမြင်ကွင်းကို တွေ့ရတော့ လာရင်းဖွဲ့ဒါနလေးတောင် တွန့်သွားမလိုဖြစ်သွားမိသေးတယ်။ ဒါပေမယ့် တပည့်တော်ကတော့



www.burmeseclassic.com

www.burmeseclassic.com

ပေးထားတဲ့ကတိမဖျက်ချင်လို့ လှူဖြစ်အောင် လှူပါတယ်"

"သာဓုခေါ်ပါတယ် ဒကာလင်းရယ်။ ဦးဇင်းလည်း အဲဒီကိစ္စမျိုး ထပ်မဖြစ်အောင် ရှောင်ပါ့မယ်"

ဤသို့ဖြင့် မလှူခင်က လှူလိုသော စေတနာ(ပုဗ္ဗစေတနာ)၊ လှူနေရင်း ပီတိစေတနာ(မုဥ္စစေတနာ)၊ လှူပြီးနောက် တစိမ့်စိမ့်တွေးလျက် ကျေနပ်ပီတိဖြစ်နေသော စေတနာ(အပရစေတနာ)ဆိုသော စေတနာသုံးတန်မပျက်ဘဲ သင်္ကန်းဖိုးလှူဖြစ်သွားခဲ့ပါ၏။ မည်သို့ပင် အရေးအခင်းကြုံကြုံ ကိုယ့်ဒါနကို မဖျက်လိုသည်က ကျွန်ုပ်၏ ပါရမီအာသီသ ဖြစ်ပါ၏။

## ဝိနည်းမထိုရ်ရင် မကြည်ညိုဘူး

အလှူအတန်းကိစ္စနှင့် ပတ်သက်၍ ကြုံခဲ့ရဖူးသော အတွေ့အကြုံလေးတစ်ခုကို ထပ်မံသတိရ ဖြစ်ပြန်၏။ ထိုအဖြစ်အပျက်မှာလည်း ဆယ်နှစ်ကာလကျော်မျှ ကြာခဲ့ပြီဖြစ်သော်လည်း မမေ့နိုင်သေးသည့်အဖြစ်အပျက် မှတ်မှတ်ရရ ရှိနေသေးသည်ဟု အကြောင်းအရာလေးဖြစ်ပါ၏။

ကျွန်ုပ်တွင် ညီကဲ့သို့ ချစ်ခင်သော ကဗျာဆရာလေး တစ်ဦး ရှိခဲ့၏။ ထိုကဗျာဆရာကလေး ဘဝပျက်နေစဉ် ကျွန်ုပ်သည် လမ်းမှန်သို့ ဆွဲတင်၍ ကြီးပွားရာ ကြီးပွားကြောင်း အစီရင်ကောင်းများဖြင့် ကူညီခဲ့ဖူးလေရာ ထိုကဗျာဆရာကလေးသည် နေ့ချင်းညချင်း စီးပွားရေးအဆင်ပြေကာ အိမ်ပိုင်ယာပိုင်တွေနှင့် ဖြစ်လာ၏။ ကျွန်ုပ်အားလည်း တတ်အားသမျှ အကူအညီပေးနိုင်လာခဲ့၏။

တစ်နေ့သောအခါ၌ သူသည် ကျွန်ုပ်ထံသို့ ရောက်လာခဲ့ပြီး…

"ကိုလင်း…ကျွန်တော်နဲ့ ကမ္ဘာအေးဘုရားကို လိုက်ခဲ့ပါလား။ အဲဒီက ကိုယ်တော်လေးတစ်ပါးကို စာအုပ်ဖိုးသွားလှူမလို့။ သာဓုလိုက်ခေါ်ပါလား"

ဟူ၍ အဖော်ခေါ်လေ၏။ ကုသိုလ်ရေးကို အားပေးလိုသော စိတ်ရင်းရှိသည်။ ကျွန်ုပ်ကလည်း ချက်ချင်းပင်…

"လိုက်တာပေါ့ ညီတော်မောင်ရယ်"

ဟု ဆိုကာ သူနှင့်အတူ ထွက်လာခဲ့လေ၏။ ကဗျာဆရာလေးက သူစာအုပ်ဖိုးသွားလှူမည့် ကိုယ်တော်လေး အကြောင်း ကျွန်ုပ်အား လမ်းတွင် ရှင်းပြခဲ့၏။

"ကျွန်တော်တို့အိမ်မှာ ဆွမ်းခံလာတဲ့ ကိုယ်တော်လေး ကိုလင်းရဲ့။ စာကြိုးစားလို့ နှစ်စဉ် ကျမ်းစာအုပ်တွေလှူလာတာ။ အခု သံဃာ့တက္ကသိုလ်မှာ တက်နေတယ်။ ကျမ်းစာအုပ်တွေ များများဝယ်လာရတော့ ဝတ္ထုငွေလိုတယ်လေ။ အဲဒီအတွက် ကျွန်တော် ဝတ္ထုငွေသုံးလေးငါးသောင်း သွားလှူမလို့"

"ကောင်းတာပေါ့ ညီလေးရယ်။ အစ်ကိုက အဲသလောက် မလှူနိုင်ပေမယ့် ဆွမ်းခံကိုရင်လေးတွေကို စာအုပ်ဖိုး အထိုက်အလျောက် လှူခဲ့ဖူးတာတော့ ရှိပါတယ်။ သံဃာ့တက္ကသိုလ်တက်နေတဲ့ ကိုယ်တော်လေးဆိုတော့ ပိုပြီး အကျိုးကြီးတာပေါ့"

ကျွန်ုပ်တို့နှစ်ဦးသား စကားတပြောပြောဖြင့် ကမ္ဘာအေးဘုရားဝင်းထဲသို့ ရောက်လာခဲ့ကြ၏။ ထိုကိုယ်တော်လေး သီတင်းသုံးသည့် အခန်းရှေ့သို့ ရပ်လိုက်ကြသောအခါ မှန်တံခါးမတွင် ကပ်ထားသည့် ဓာတ်ပုံသုံးလေးပုံကို ကျွန်ုပ်တို့နှစ်ယောက်စလုံး မျက်စိရောက်သွားကြ၏။

ထိုဓာတ်ပုံများမှာ နိုင်ငံကျော် ရုပ်ရှင်မင်းသမီးများ၏ ပုံများဖြစ်နေ၏။ မင်းသမီးလေးများသည် အမူအယာအမျိုးမျိုးနှင့် ညို့ငင်အားကောင်းသော အကြည့်အပြုံးများဖြင့် ကျွန်ုပ်တို့အား မြူဆွယ်လျက်ရှိကြ၏။ ထိုဓာတ်ပုံများကို ကြည့်မိနေကြစဉ် ထိုအခန်းအတွင်းမှ တေးသီချင်းသံများ အခန်းအပြင်ဘက်သို့ လွင့်ပျံထွက်နေ၏။ ကဗျာဆရာလေးသည် မျက်နှာတစ်ချက်ပျက်သွားပြီး တံခါးကိုခေါက်လိုက်၏။ တံခါးခေါက်သံနှင့် မရှေးမနှောင်းမှာပင် သူတွေ့ချင်သော ဦးဇင်းလေး တံခါးဖွင့်လျက် ထွက်လာ၏။

အခန်းတစ်ခန်းမှာ ကိုယ်တော်နှစ်ပါး သီတင်းသုံးရဟန်ဖြင့် ခုတင်နှစ်လုံးတွေ့ရ၏။ ကျွန်ုပ်တို့ အခန်းတွင်းရောက်သွားသည်နှင့် ထိုဦးဇင်းလေး၏ အခန်းဖော် ဦးဇင်းလေးသည် ကက်ဆက်ကို "ချောက်ခနဲ" လှမ်းပိတ်လိုက်သဖြင့် တေးသီချင်းသံမှာလည်း တိခနဲပြတ်တောက်သွားလေ၏။

ကဗျာဆရာ၏ ဦးဇင်းလေးက…

"ဆရာတို့ ဘာစိတ်ကူးပေါက်ပြီး ရောက်လာကြတာလဲ"

ဟု မေးခွန်းထုတ်၏။



www.burmeseclassic.com

www.burmeseclassic.com

"ဘာရယ်မဟုတ်ပါဘူး တပည့်တော်တို့။ ကမ္ဘာအေး ဘုရားဖူးလာရင်းနဲ့ အရှင်ဘုရားဆီ လှည့်ဝင်လာတာပါ"

ကဗျာဆရာလေးက ခပ်ပေါ့ပေါ့ပင် လျှောက်ထားလိုက်၏။ "စာအုပ်ဖိုးဝတ္ထုငွေလာလှူတာပါ"ဟု မပြောသဖြင့် ကျွန်ုပ် ကြောင်အမ်းအမ်းဖြစ်သွားမိ၏။ ထိုအတွင်း ဦးဇင်းလေးက

"ခဏနေဦး တကာတို့"ဟု ဆိုကာ ဓာတ်ဘူးထဲမှ ရေနွေးဖြင့် ကော်ဖီနှစ်ခွက်ဖျော်၏။ ကျွန်ုပ်တို့နှစ်ယောက်ရှေ့သို့ လာချ၏။ လေးထောင့်မုန့်ပုံးတစ်ခုလည်း ရှေ့တွင်လာချ၏။

"တကာကြီးတို့ စားလိုက်၊ သောက်လိုက်ကြပါဦး"

ဟု ညွှန့်ဝတ်ပြု၏။ ကျွန်ုပ်၏နှုတ်ဖျားမှ・・・

"ဒုက္ခရှာလို့ ကိုယ်တော်ရယ်၊ နေပါစေ"

ဟု ထွက်သွား၏။ ကဗျာဆရာကမူ ဘာမှမပြောတော့ဘဲ ချပေးသည့် ကော်ဖီကို သောက်၏။ လေးထောင့်ဘူးထဲမှ မုန့်များကိုထုတ်ယူကာ တဂျွမ်းဂျွမ်း ဝါးစား၏။ စား၍ သောက်၍ ဝသောအခါ・・・

"တပည့်တော်တို့ ပြန်ဦးမယ်ဘုရား"

ဟူ၍ နှုတ်ဆက်လေ၏။ ကျွန်ုပ်ကိုလည်း "လာ・・ ပြန်ကြမယ်"ဟု သဘောရသည့် အမူအရာလုပ်ပြရင်း ဖျာပေါ်တွင် ထိုင်နေရာမှ ထလိုက်၏။ ကျွန်ုပ်လည်း သူ့နောက်မှ လိုက်ခဲ့ရသူပီပီ သူထပြန်ချိန်တွင် နောက်မှ စွေ့ခနဲ လိုက်ပါလာရုံမှလွဲ၍ အခြားမရှိ။ အဆောင်တွင်းမှ အပြင်သို့ ရောက်သောအခါ လှူမည်ပြောလာခဲ့ပြီး မလှူဘဲထွက်လာခဲ့သည့်အတွက် ဇဝေဇဝါဖြစ်မိသဖြင့် သူ့ကို မေးခွန်းထုတ်မိခဲ့လေ၏။

"ဘယ်လိုတုံး ညီလေးရဲ့။ စာအုပ်ဖိုးဝတ္ထုငွေ သုံးလေးသောင်းလောက် လှူမယ်ပြောပြီး တစ်ပြားတစ်ချပ်မှတောင် မလှူခဲ့ပါလား။ ဘာဖြစ်လို့လဲ"

"ကိုလင်းပဲ စဉ်းစားကြည့်လေ။ အခန်းထဲ မဝင်ရသေးဘူး။ မှန်ပေါ်မှာ ကပ်ထားတဲ့ ပုံတွေက ရုပ်ရှင်မင်းသမီးပုံတွေ။ ပြီးတော့ အခန်းထဲမှာလည်း သီချင်းဖွင့်ပြီး နားထောင်နေကြတယ်။ နောက်တစ်ခု ကျွန်တော်မကြိုက်တာက ဘုန်းကြီးကို လူက စားသောက်စရာလှူတာပဲ သဘာဝကျတယ်။ ဘုန်းကြီးက လူကို ဟိုဟာချကျွေး၊ ဒီဟာချကျွေး လုပ်စရာမလိုဘူးထင်တယ်။ ပြီးတော့ ဝိနည်းလိုက်နာတဲ့ ပုဂ္ဂိုလ်ဆိုရင် စားသောက်စရာတွေကို ပုံးနဲ့ထားနေစရာမလိုဘူး"

"ဒါကတော့ ညီလေးရယ်။ စာသင်သားတွေဆိုတော့ မနက်ခင်း ဆာလောင်ရင် အလွယ်တကူ အဆာပြေစားဖို့ ဆောင်ထားတာနေမှာပေါ့"

"အဲဒါကိုက ကျွန်တော်မကြိုက်တာ။ ဘုန်းကြီးဆိုတာ ဘယ်အစားအစာကိုမဆို လူကကပ်လှူမှ စားတာ အကောင်းဆုံးပဲ။ ဘာပဲဖြစ်ဖြစ်ဗျာ・・・လှူမလို့သွားတာ မုန်ပေမယ့် ဟိုရောက်တာနဲ့ မလှူချင်ဘူး ဖြစ်သွားတယ်။ ကျွန်တော်က ဝိနည်းမထိုရ်ရင် မကြည်ညိုချင်ဘူး။ မလှူချင်ဘဲ လှူလိုက်ရင်လည်း ကုသိုလ်ရမှာမဟုတ်ဘူး။ တခြားဝိနည်းထိုရ်တဲ့ ပုဂ္ဂိုလ်ကိုပဲ လှူတော့မယ်"

ကျွန်ုပ်လည်း သူ့စကားကို ဘာမျှပြန်၍ မချေပနိုင်သောကြောင့် ခပ်မဆိတ်ပင် နေလိုက်ရ၏။ သူ့အတွေးနဲ့သူ၊ သူ့ဆုံးဖြတ်ချက်နဲ့သူပဲလေ ဟူ၍သာ နေလိုက်ရခြင်းပင် ဖြစ်ပါ၏။ မည်သို့ဆိုစေ ဘုရားသားတော်များ ဝိနည်းထိုရ်လေ တကာ၊ တကာမတို့ ကြည်ညိုလေဖြစ်သည်ကတော့ အမှန်တရားတစ်ရပ် ဖြစ်ပါ၏။

## သံဃာ့ဂုဏ်ကို ကြည်ညိုလွန်းသောကြောင့်

ထိုကဗျာဆရာလေးသည် တစ်ချိန်က ကျွန်ုပ်လမ်းညွှန်တိုက်တွန်းခဲ့သောကြောင့် အရက်ကို ဖြတ်ခဲ့ဖူး၏။ အရက်ဖြတ်ကာ ဘာသာရေးကိစ္စများ လုပ်၏။ လုပ်သင့်လုပ်ထိုက်သော လောကီယကြွာအချို့ကိုလည်း ယုံကြည်စွာလုပ်၏။ သို့ဖြစ်၍ မမျှော်လင့်သော ကုမ္ပဏီအလုပ်ကောင်းတစ်ခုကို ရ၏။ ဒေါ်လာများ စားရ၏။ ဤသို့ဖြင့် သူ့ဘဝသည် ထောင်မတ်လာခဲ့လေ၏။

ငွေရေးကြေးရေး အဆင်ပြေလာသောအခါ ကဗျာဆရာသည် လှူရေးတန်းရေးဘက်သို့ စိတ်ဝင်စားလာ၏။ သူ့ဘာသာသူ တတ်နိုင်သမျှ လှူရုံမက ကျွန်ုပ်ထံသို့ပါ ရောက်လာကာ・・・

"ကျွန်တော် အလုပ်အကိုင်လေး အဆင်ပြေတုန်း ဒုလ္လဘဝတ်ချင်တယ် ကိုလင်းရယ်။ ဒါပေမယ့် သိတဲ့အတိုင်း ကုမ္ပဏီအလုပ်က မအားဘူး။ ဒီတော့ ကျွန်တော့်ကို ကူညီပါရမီဖြည့်တဲ့အနေနဲ့ ကိုလင်း ဒုလ္လဘရဟန်းဝတ်ပေးပါလား။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် တကာခံမယ်။ ပြည့်ပြည့်စုံစုံလှူမယ်၊ ဘယ့်နှယ်လဲ" ဟု ပြောလေ၏။ ကျွန်ုပ်က···

"ဒုလ္လဘဝတ်ဆို ဝတ်ပေးပါ့မယ်။ ဒါပေမယ့် ကိုးရက်လောက်ပဲ ဝတ်နိုင်မှာ"ဟု ပြောလိုက်မိ၏။

"ရတယ်လေ။ ကိုးရက်ဆိုလည်း ကိုးရက်ပေါ့"

ဤသို့ဖြင့် ထိုကဗျာဆရာ၏ ကောင်းမှုကြောင့် ကျွန်ုပ်သည် ဒုလ္လဘရဟန်းကိုးရက် ဝတ်ဖြစ်သွားခဲ့၏။ ကျွန်ုပ်သည် ရာသက်ပန်သက်သတ်လွတ် မှီဝဲသူဖြစ်၏။ ထိုကိုးရက်တွင်လည်း အသားဟင်းများနှင့် ဘုဉ်းပေးစားသောက်၍ မဖြစ်နိုင်ချေ။ သို့ဖြစ်၍ ကိုးရက်မျှ သက်လွတ်သက်ပယ်ဟင်း ချက်ကပ်နိုင်သည့်ကျောင်းမျိုးကို စနည်းနာ ရှာဖွေရလေတော့၏။

ကျွန်ုပ်တို့မိဘများကိုးကွယ်၍ ကျွန်ုပ်တို့လက်ထက်မှာလည်း ဆက်လက်ကိုးကွယ်နေသော ရွှေကျင်ကျောင်းတိုက်များတွင် ထိုသို့ ဟင်းရွေးချယ်ဘုဉ်းပေးရန် မသင့်လျော်သဖြင့် ကဗျာဆရာနှင့် တိုင်ပင်ကာ တခြားကျောင်းတိုက်တွင် ဝတ်ရန် ကြိုးပမ်းရ၏။

"ဒီအတွက်တော့ ဘာမှစိတ်မပူနဲ့ ကိုလင်းရေ။ ဆရာဟိန်းလတ်ပို့ပေးထားတဲ့ မာတ်တော်တိုက်ကျောင်းဆိုတာ တောင်ဥက္ကလာပ ဗိုင်းသုံးထဲမှာရှိတယ်။ အဲဒီကျောင်းကို သွားကြမယ်။ အဲဒီမှာ ကိုလင်းအတွက် ချက်ပြုတ်ဆွမ်းကပ်ဖို့ ကပ္ပိယအဖွဲ့လည်း ရှိတယ်။ ဒီအတွက် ကျွန်တော်က ငွေပိုလှူခဲ့ပေးမှာပေါ့။ ဖြစ်တယ်"

ကဗျာဆရာ ဦးဆောင်ခေါ်ငင်သွားသဖြင့် ကျွန်ုပ်သည် ဘုရားဓာတ်တော်၊ ရဟန္တာဓာတ်တော်များ တစ်ပုံတစ်ပင် စုဆောင်းကိုးကွယ်ထားသည့် တောင်ဥက္ကလာပ ဗိုင်းသုံးအတွင်းရှိ ဓာတ်တော်ပြတိုက်ကျောင်းသို့ ရောက်ရှိသွားခဲ့လေတော့၏။ ဓာတ်တော်ဖလ်ဘူးများ၊ ဓာတ်တော်ပုလင်းများ ဗိုင်းရံလျက် သရဏဂုံသီလများ ဆောက်တည်ခဲ့ရ၏။ ထိုကျောင်းဝင်းရှိ သိမ်မှာ ရဟန်းတက်ရ၏။

သန့်စင်မွှန်မြတ်သော ရဟန်းဘဝကို ကိုးရက်မျှ တာဝန်ထမ်းဆောင်လျက် ပါရမီဖြည့်ခဲ့ရ၏။ ထိုကိုးရက်အတွင်း ထိုစဉ်က လက်ထောက်ကထိက တာဝန်ထမ်းဆောင်နေသော ညီတစ်ယောက်လိုနေသည့် ဆရာဦးဆန်းထွန်း (ဒဿနိက)သည်လည်း ကိုးရက်အတွင်း ကိုးပါးသီလယူလျက် ပါရမီဖြည့်၏။ ကျောင်းသို့ နေ့စဉ်ရောက်လာကာ ဘုရားကိုးဆူ လှည့်လည်ပုတီးစိပ်သည့် အဓိဋ္ဌာန်တွင် ပါဝင်ခဲ့ဖူး၏။

ထိုစဉ်က ဓာတ်တော်တိုက်ဆရာတော် ဘဒ္ဒန္တကိတ္တိဝရ (ထီလာ)သည် ကျွန်ုပ်နှစ်ပေါင်းများစွာ သက်သတ်လွတ်စားနေသည်ကို စိတ်ဝင်တစား မေးခဲ့၏။

"တကာကြီးက ရာသက်ပန် သက်သတ်လွတ်စားတယ်ဆိုတော့ ဟန်ကျတာပေါ့။ ကျုပ်ကတော့ သက်သတ်လွတ် တစ်ခါမှ မစားဖူးသေးပါဘူးဗျာ။ စားဖူးတယ်ရှိအောင် လိုက်စားဦးမှပဲ။ မထူးပါဘူး။ သက်သတ်လွတ်ဘုဉ်းပေးတဲ့ရက်အတွင်း အကျိုးပိုရှိသွားအောင် ခင်ဗျားနဲ့ ကျုပ်နဲ့ ဘုရားကိုးဆူလှည့်ပြီး ပုတီးစိပ်၊ အဓိဋ္ဌာန်ဝင်ကြမယ်။ ဘယ့်နှယ်လဲ"

"ကောင်းတာပေါ့ ဘုရား"

"အဲဒါဆိုရင် ရွှေတိဂုံဘုရားမှာ အဓိဋ္ဌာန်စဝင်ပြီး ကမ္ဘာအေးဘုရားမှာ အဓိဋ္ဌာန်ပြီးမယ်။ အဲဒါ မကောင်းဘူးလား"

"ကောင်းတာပေါ့ ဘုရား"

"ဒါဆို တပည့်တော်က ဦးဇင်းနှစ်ပါးနောက်ကလိုက်ပြီး ကပ္ပိယကာရက လုပ်မယ်ဘုရား။ တပည့်တော်လည်း ကျောင်းက ခွင့်ဆယ့်ငါးရက် ရထားတယ်။ ကိုးရက် ကိုးပါး သီလယူပြီး အရှင်ဘုရားတို့နဲ့အတူ လိုက်ခဲ့ပါ့မယ်"

မလှမ်းမကမ်းမှာရှိနေသည့် ကထိက ဦးဆန်းထွန်းက ဝင်၍ပြောခဲ့၏။ ရဟန်းတကာဖြစ်သူ ကဗျာဆရာ ခင်အောင်အေးကလည်း ဝမ်းပန်းတသာဖြင့်···

"အဲဒီကိုးရက်အတွက် ဘုရားကိုးဆူလှည့်ဖို့ တပည့်တော် တက္ကစီဖိုး လှူခဲ့ပါ့မယ်ဘုရား"

ဟူ၍ ဝင်ပြောခဲ့၏။ ဤသို့ဖြင့် ကျွန်ုပ်သည် ဓာတ်တော်တိုက်ကျောင်းတွင် ဒုလ္လဘကိုးရက် ဝတ်ဖြစ်ခဲ့ပြန်၏။ ဘုရားကိုးဆူလှည့်၍ ဗုဒ္ဓါနုဿတိ ပုတီးစိပ်မိဋ္ဌာန်ဝင်သော ကိုးရက်လုံးမပျက်မကွက် ဆရာဆန်းထွန်းကလည်း ကပ္ပိယလုပ်ခဲ့၏။ လွန်စွာပျော်ရွှင်ကြည်နူးဖွယ် ဓမ္မရသများ ထုံမွှမ်းသည့် နေ့ရက်ကလေးများအဖြစ် အောက်မေ့ဖွယ် မှတ်မှတ်ရရရှိခဲ့၏။

ကျွန်ုပ်သည် ဒုလ္လဘရဟန်းဝတ်ခဲ့သည်မှာ အကြိမ်ကြိမ်ဖြစ်၏။ ယခုအခါ ဆယ်ကြိမ်မကတော့ပြီ။ ဒုလ္လဘဝတ်တိုင်းလည်း ကိုယ်တတ်သလောက်၊ မှတ်သလောက် ဘုရားသားတော်အသွင်ဖြင့် ကြိုးပမ်း၍ နေထိုင်ခဲ့ပါ၏။ လွန်စွာ

www.burmeseclassic.com

သည့် သံဃာ့ဘ၀ကို ခေတ္တရယူနေသည့် ကာလအတွင်း ကုသိုလ်များများဖြစ်ထွန်းအောင် ကြိုးပမ်းရန်မှာလည်း တာဝန်ရှိသည်ဟု ယူဆသူဖြစ်၏။

ကိုးရက်လုံးလုံး ကထိကဆရာဦးဆန်းထွန်းမှာလည်း ပျော်တပြုံးပြုံးဖြင့် လိုက်လံပါရမီဖြည့်ခဲ့ပါ၏။ ဆရာတော်ကို ရဟန်းတကာ ခင်အောင်အေးက ခရီးစရိတ် တက္ကစီဖိုး အလုံ အလောက်လှူထားပြီးဖြစ်သော်လည်း အတူလိုက်ပါသည့် ဆရာဦးဆန်းထွန်းက နေ့စဉ်လိုလိုပင် အသွားအပြန် ခရီး စရိတ်ဝင်ဝင်လှူခဲ့သည်ကိုလည်း မှတ်မှတ်ရရရှိပါ၏။

ထိုဒုလ္လဘရဟန်းရက်များအတွင်း တစ်ရက်ခြား၊ နှစ် ရက်ခြားဆိုသလို ဒကာတော် ကဗျာဆရာ ခင်အောင်အေး ရောက်ရောက်လာ၏။ ကျွန်ုပ်ကို ကြည်ညိုစွာကန်တော့၏။ လိုအပ်သည်များကို ဖြည့်ဆည်း၏။ တစ်ပတ်ခန့်ရသောအချိန် တွင် ကျွန်ုပ်မျက်နှာကို စေ့စေ့ကြည့်နေရာက အနားတိုးကပ် လာပြီး လက်အုပ်ချီကာ…

"အရှင်ဘုရား…အရှင်ဘုရားကို ရဟန်းဝတ်နဲ့မြင်ရ တာ ကြည်ညိုလွန်းလို့ပါဘုရား။ တတ်နိုင်ရင် တစ်လတန် သည်၊ နှစ်လတန်သည် ဆက်ဝတ်ပေးပါဘုရား။ တကယ်လို့ တစ်လဆက်ဝတ်နေမယ်ဆိုရင် အရှင်ဘုရားရဲ့ မိသားစု အတွက် တစ်လစာ ထောက်ပံ့ပေးပါ့မယ်ဘုရား။ တစ်လ ဘယ်နှသောင်းလောက် ကုန်တယ်ဆိုတာသာ မိန့်ပါဘုရား"

ဟု လျှောက်လာ၏။ ထိုစဉ်က ကျွန်ုပ်သည် ခေါင်းကို သွက်သွက်ပင် ခါယမ်းမိခဲ့၏။ ခင်အောင်အေးက တအံ့တသြ ဖြစ်သွား၏။

"ဘာဖြစ်လို့လဲဘုရား"

"ဒါက ဒီလိုရှိပါတယ် တကာ။ ဦးဇင်းက ဒုလ္လဘ ဝတ်တဲ့အခါ ရက်သတ်မှတ်ပြီး ကိုးရက်ပဲ အများဆုံးဝတ်လေ့ ရှိပါတယ်။ အဲဒါ ဘာလို့လဲဆိုတော့ သံဃာ့တာဝန်ကို အဲဒီ အကန့်အသတ်လောက်ပဲ ထမ်းဆောင်နိုင်လို့ပါ။ ကိုးရက် ကျော်သွားတာနဲ့ ထုံးစံအတိုင်း လူစိတ်ပြန်ဝင်လာမယ်၊ အိမ်ကမိသားစုကို သတိရမယ်၊ ကိုယ်ရေးစရာရှိတဲ့ ဝတ္ထုတွေ၊ ဆောင်းပါးတွေကို သတိရမယ်။ အဲဒီတော့ ရဟန်းဝတ်ကြီးနဲ့ ဘယ်ကောင်းမှာလဲ။ တကာကြီးကတော့ ငါ့ဦးဇင်းကြီး သာသနာ့ဝန်ဆောင်နေတယ်ဆိုပြီး ဝမ်းမြောက်ပီတိ နေ့တိုင်း ဖြစ်ပြီး ကုသိုလ်ရနေတဲ့ အချိန် ဦးဇင်းက ဦးအိမ်သတိရ ဖြစ်နေမှာ။ ဒီအတွက်တော့ သည်းခံပါ။ ကိုးရက်လောက် ကုသိုလ်ပြုပေးတာကို ကျေနပ်ပါနော်"

ကျွန်ုပ်၏ တုံ့ပြန်ဆင်ခြေစကားကို တကာတော် ကဗျာဆရာခင်အောင်အေးတစ်ယောက် ကျေနပ်လေသလား၊ မကျေနပ်ဘူးလားတော့ မဆိုနိုင်။ ကျွန်ုပ် ထိုသို့စဉ်းစားဆုံး ဖြတ်ရမည်မှာ ဘုရားသားတော် သံဃာတော်များကို ကြည်ညို လွန်းသောစိတ်ကြောင့် ဖြစ်ပါ၏။ ဘုရားသားတော်ပီသစွာ ရဟန်းဘောင်မှာ နေနိုင်သမျှသာနေလိုပြီး တောင်တွေးမြောက် တွေး ကာလတွေရှည်လျားစွာ မောဟတွေနှင့် မနေလိုပါ။

*(ရှေ့လစောင့်မျှော်ဖတ်ရှုပါ။)*

ဧယျတာသဗ္ဗမင်္ဂလံ

**လင်းရောင်တင်**


**ဆရာကြီးလင်းရောင်တင်**

**နေလဣတ္ထာသယ လိုတရဟောခန်းမှ**

**ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး စသည့် အရေးကိစ္စများကို ကူညီဆောင်ရွက်ပေးနေပြီ။**

နေ့စဉ်-နံနက်(၉)နာရီမှ (၁၂)နာရီအတွင်း။ ဥပုသ်နေ့တစ်ရက် နားသည်။

**အခန်း(၃၀၆)၊ တိုက်အမှတ်(၁၀၁/B)၊ (၃)လွှာ၊ လမ်းသစ်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ – 09 420014614**




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



သည့်ခရီးကို အိဖြူနှင့်အတူ ထွက်လာခြင်းကိုက မှားပြီလား မဆိုနိုင်ပါ။ ပုဂံညောင်ဦးသို့ ကျွန်တော်သည် အိဖြူဆိုသည့် ၁၆ နှစ်အရွယ် ချာတိတ်မလေးတစ်ဦးနှင့်အတူ အကြောင်းတစ်ခုဖြင့် ထွက်လာကြသည်။ လမ်းခရီးတွင် အိဖြူသည် ပျော်ရွှင်နေပါ၏။

"သမီးက ပုဂံညောင်ဦးကို သိပ်သွားချင်တာ ဘဘရဲ့၊ တစ်ခါမှ မရောက်ဖြစ်ဘူး။ ခုမှပဲ ရောက်ရတော့မယ်"

ကားပေါ်တွင် လမ်းဘေးမှ မြင်ကွင်းများကြည့်ရင်း အိဖြူသည် သဘောကျနေပါသည်။ ကားပေါ်တွင်ပြသည့် အငြိမ့်ခွေမှ လူရွှင်တော်ပြက်လုံးများကို နားထောင်ရင်း၊ ကြည့်ရှုရင်းက အိဖြူသည် ကွေ့နြေပျက်အောင် ရယ်မော၏။

ကားတွင်းလွှတ်ထားသည့် အအေးဓာတ်ကြောင့် အတန်အေးလာသည့်အခါ ကျွန်တော်က အိတ်ထဲရှိ သူမ၏ အနွေးထည်ကို ထုတ်ယူပြီး ဝတ်ခိုင်းရသည်။

"သမီး ကျောင်းမှာ အနော်ရထာတို့၊ ကျန်စစ်သားတို့အကြောင်း သင်ရကတည်းက ပုဂံကိုစိတ်ဝင်စားနေတာ။ ဒါကြောင့်လည်း ဆရာကြီးသော်တာဆွေရဲ့ ပုဂံသူရဲကောင်းများ၊ တက္ကသိုလ်စိန်တင်ရဲ့ ပုဂံမှာ ကျန်စစ်သား၊ ဒေါက်တာမတင်ဝင်းရဲ့ မင်းကျန်စစ်ကိုချစ်သူများ စာအုပ်တွေ ရှာပြီးဖတ်ခဲ့တယ်"

အိဖြူသည် ပုဂံကို စွဲလမ်းနှစ်မြှုပ်ခဲ့ပုံရသည်။ မမျှော်လင့်ဘဲ သည်ခရီးကို ထွက်ခဲ့ခြင်းအပေါ် လွန်စွာသဘောကျနေပုံရှိ၏။ ကျွန်တော်သည် ကလေးမ၏အပြောကို နားထောင်ရင်း ပြုံးနေမိသည်။ သည်ကလေးမသည် ကျွန်တော်၏တူမ၊ ကျွန်တော်၏သမီးသဖွယ်ဖြစ်နေတော့လည်း သူမ၏ အပျော်သည် ကျွန်တော့်ထံ ကူးစက်လာပါသည်။

"ကျန်စစ်မင်းရုပ်ရှင်လည်း သမီးကြည့်တယ် ဘဘ။ အဲဒီလိုကြည့်ပြီးကတည်းက ပုဂံကို ပိုရောက်ချင်နေတာ။ ပုဂံကို ရောက်ပါရစေ၊ ပုဂံဘုရားတွေ ဖူးခွင့်ကြုံရပါစေဆိုတာ သမီးအမြဲဆုတောင်းခဲ့တာ။ ခုတော့ ဆုတောင်းပြည့်ပြီ ဘဘ. . ."

အိဖြူနှင့် ကျွန်တော် ညောင်ဦးကိုရောက်တော့ ကားပေါ်မှဆင်းကြသည်။ အသင့်တွေ့သည့် မြင်းလှည်းကို ငှားပြီ အတက်တွင် အိဖြူသည် မြင်းလှည်းကိုကြောက်နေသည်။

"တက်လေ သမီး"

အိဖြူသည် ကြောင်နေသည်။ ကျွန်တော့်ကို မျက်နှာငယ်လေးနှင့် ငေးကြည့်သည်။

"ဟြော်...သမီးက မြင်းလှည်းမစီးဖူးလို့ ကြောက်နေတာထင်တယ်။ ကဲ တက်၊ ဘဘ သမီးကို ကိုင်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com

အိဖြူ၏လက်ကိုဆွဲပြီး အပေါ်သို့ တင်ပေးရာ အိဖြူ၏လက်ကလေးများမှာ ဖြူနုသလောက် အေးစက်နေသည်ကို တွေ့ရ၏။ ကျွန်တော်က သူမကို နှစ်သိမ့်ပြုံး ပြုံးပြလိုက်သည်။

"သမီး. . .သမီးကြောက်တယ်"

အိဖြူသည် ကျွန်တော့်လက်ကို ဆုပ်ကိုင်ပြီးပြောရာ ကျွန်တော်က ပခုံးကိုကိုင်ပြီး အားပေးရ၏။ မြင်းလှည်း ဆရာလေးကလည်း -

"ကျွန်တော့်မြင်းက လိမ္မာပါတယ်။ ဘာမှ မစိုးရိမ်ပါနဲ့"ဟု ပြောလိုက်ရာ အိဖြူသည် အတန်ငယ် စိတ်အေးသွားပုံရသည်။ သည်လိုနှင့် တည်းခိုရမည့် မင်းသားတည်းခိုခန်းသို့ ရောက်သည်။ မြင်းလှည်းခပေးပြီး တည်းခိုခန်းရှိရာ ခြံထဲသို့ ဝင်မည်အပြု အမျိုးသမီးတစ်ယောက်သည် ခြံပေါက်ဝမှနေ၍ ကျွန်တော်တို့နှစ်ဦး၊ အထူးသဖြင့် အိဖြူအား စူးစိုက်ကြည့်နေသည်ကို တွေ့လိုက်ရသည်။ အိဖြူကတော့ မြင်ပုံမပေါ်။ အမျိုးသမီးသည် ဇာတ်မင်းသမီးများကဲ့သို့ ဝတ်စားဆင်ယင်ထားရာ ကျွန်တော့်စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ အံ့သြချင်စိတ်နှင့် သေချာစွာ ကြည့်လိုက်ရာ သူမ မရှိတော့ပေ။

ထိုအဖြစ်မှာ တကယ်လား၊ ကျွန်တော်မျက်စိမှားသလား မပြောတတ်တော့ပေ။ သို့နှင့် တည်းခိုခန်းတွင် အခန်းယူပြီး တည်းကြသည်။ ရေမိုးချိုးခေတ္တနားပြီး ဘုရားဖူးထွက်သည်။ ပွဲပြင်းသည့်နွေကာလမို့ ဘုရားသုံးဆူခန့်ဖူးပြီးနောက် ပြန်ခဲ့ကြသည်။ ပင်ပန်းမှုဒဏ်ကို မခံနိုင်တော့ပေ။

ခရီးကလည်း ပင်ပန်းလာသဖြင့် ညစာ စောစီးစွာ စားပြီးသကာလ အိပ်ရာစောစောဝင်ဖြစ်သည်။

"ကျွန်မ သမီးလေးကို ကျွန်မတို့ဆီ ခေါ်လာပေးတာ ရှင့်ကို ကျေးဇူးတင်ပါတယ်။ ကျွန်မဖြင့် ဒီတစ်သက် သမီးလေးကို မတွေ့ရတော့ဘူး ထင်နေတာ"

"ဟင်. . .ခင်ဗျား. . .ခင်ဗျား"

ကျွန်တော် စကားကို ဆက်၍ ပင်မပြောနိုင်အောင် အံ့အားသင့်သွားပါသည်။ တည်းခိုခန်းသို့အဝင် ရုတ်တရက်တွေ့လိုက်ရသည့် အမျိုးသမီးဖြစ်နေ၏။ ကျွန်တော် ကြက်သီးများထလာသည်။ ကြောက်စိတ်မရှိသော်လည်း မည်သည့်အတွက် ကြက်သီးထမိသည် မသိပေ။

"အိဖြူက ရန်ကုန်ကဗျ။ သူ့အမေက ဒေါ်စိမ်းတဲ့။ ဘယ့်နယ်ဗျာ. . .သူများသမီးကို ခင်ဗျားသမီးလို့ ပြောနေတာလဲ"

"အို . . .အိဖြူမဟုတ်ဘူး။ သူ့နာမည်က နှင်းနှင်းတဲ့၊ ကျွန်မသမီးလေးပါ"

ကျွန်တော် စိတ်ပျက်သွားပါသည်။ မည်သို့ နားလည်ရမှန်းလည်း မသိတော့ပါ။

"သမီးလေးကို ဒီပုဂံမှာပဲ ထားခဲ့ပါရှင်။ ရန်ကုန်ပြန်ခေါ်မသွားပါနဲ့။ ကျွန်မ တောင်းပန်ပါတယ်"

"ဘယ်ဖြစ်မလဲဗျ။ သူ့အမေကို ကျွန်တော်က တာဝန်ခံပြီး ခေါ်လာတာ။ ပြီးတော့ ခင်ဗျားပြောတဲ့ နှင်းနှင်းလည်း မဟုတ်ဘူး။ ဒီမှာလာပြီး မနှောင့်ယှက်ပါနဲ့"

"ရှင်. . ."

ထိုအမျိုးသမီးသည် မျက်ရည်များလည်လာတော့သည်။ ကျွန်တော့်ကို တောင်းပန်သည့်အကြည့်နှင့်ကြည့်သည်။

"သွားဗျာ. . .ခင်ဗျားထွက်သွား"

"ဘာဘာ. . .ဘာဖြစ်နေတာလဲ"

အိဖြူသည် စိုးရိမ်တကြီးနှင့် ကျွန်တော့်ခုတင်ဘေး ပြေးလာကာ မေးသည်။ ကျွန်တော် အိပ်မက်မက်နေခြင်းပါလား။ စားပွဲပေါ်ရှိ ရေသန့်ပုလင်းကိုယူကာ ကောက်မော့လိုက်သည်။

"ဘာဘာ အိပ်မက် မက်နေတာကွ"

"မနက် ၆ နာရီထိုးပြီပြီ ဘာဘ။ ရွှေစည်းခုံဘုရား လိုက်ပို့မယ်ဆို၊ တော်ကြာ နေပူလာရင် ခက်မယ်"

"အေး. . .အေး"

အိဖြူကို အိပ်မက်အကြောင်း ပြောပြမနေတော့ဘဲ ရေမိုးချိုးပြီး လက်ဖက်ရည်ဆိုင်တိုင်ကာ ဝမ်းဖြည့်ပြီးနောက် ရွှေစည်းခုံဘုရားကို ဖူးဖြစ်သည်။ ဘုရားဖူးပြီး ဘုရားပေါ်မှ ပြန်ဆင်းလာကြသည်။

အိဖြူသည် တစ်နေရာသို့ရောက်သော် ခေတ္တရပ်လိုက်သည်။ ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်ရှုပြန်သည်။

"ဒီနေရာလေးကို သမီးမျက်စိထဲ မြင်တော့ အကြော်ဆိုင်လေးတစ်ဆိုင်ကို သတိရတယ် ဘာဘ။ ဟိုနားမှာ တဲထိုးရောင်းတာ"

အိဖြူညွှန်ပြရာသို့ ကျွန်တော် ကြည့်လိုက်သည်။ သို့သော် ဘာကိုမှ မတွေ့ရပေ။ သစ်ပင်များသာ ရှိသည်။

"အဲဒီဆိုင်မှာ သမီးအကြော် မရောင်းဖူးတယ်"

"မဖြစ်နိုင်တာ သမီးရယ်။ သမီး



www.burmeseclassic.com

www.burmeseclassic.com

တောင် ခုမှ ပုဂံကိုရောက်ဖူးတာလေ။ ဘာတွေပြောနေတာလဲ"

"ဘဘပြောတာ မမှားပါဘူး။ ဒါပေမယ့် သမီးပြောတာလည်း မှန်တယ်။ တဖြည်းဖြည်းနဲ့ သတိရလာပြီ။ သမီးအမေနဲ့ ရောင်းတာ ဘဘရဲ့"

"ဟော..."

"အမေ...အမေ"

အိဖြူသည် မျက်ရည်များကျလာသည်။ ကျွန်တော် ကလေးမကိုကြည့်ပြီး စိတ်မကောင်း၊ နားလည်းမလည်နိုင်အောင် ဖြစ်နေသည်။

"ကဲပါ သမီးရယ်၊ ပြန်ကြရအောင်။ သမီးက ပုဂံကို စိတ်ကူးယဉ်ဖူးတော့ စိတ်ကူးထဲကအဖြစ်တွေနေမှာပါ"

ကျွန်တော်သည် စိတ်ပြေရာပြေကြောင်း ပြောလိုက်ပြီး ပြန်ဖို့ပြင်သည်။ အပြန်တွင် လမ်းပေါ်၌ လူတစ်ယောက်၊ တိတိပပပြောရလျှင် အသက်လေးဆယ်စွန်းစွန်းခန့် လူတစ်ယောက်က အိဖြူကို စူးစိုက်ကြည့်သည်။ ကျွန်တော်သည် ထိုသူနေရာတွင် ချာတိတ်တစ်ယောက်ဆိုပါက ခွင့်လွှတ်နိုင်ပါသေးသည်။ လုတာမြင်လျှင် ကြည့်ချင်သည့်သဘောဟု ဆိုနိုင်ပါသေးသည်။ ယခုတော့ အသက်အရွယ်မှ အားမနာသည့် ထိုလူကိုကြည့်ပြီး ကျွန်တော်စိတ်ကုန်သွားသည်။

အိဖြူကတော့ သူ့အတွေးနှင့်သူမို့ ထိုသူကို သတိထားမိပုံမရပေ။ ကျွန်တော်နှင့် အိဖြူ လမ်းလျှောက်လာကြရာ ထိုလူသည် ကျွန်တော်တို့နောက်မှ မသိမသာ ပြန်လိုက်လာသည်ကို ကျွန်တော် သတိထားလိုက်မိသည်။ တည်းခိုခန်းသို့ ပြန်ရောက်ပြီးနောက် အိဖြူက အလုပ်ကိစ္စဖြင့် အပြင်ထွက်သည်။ ကျွန်တော်တစ်ယောက်တည်း နေရမှာ ပျင်းသဖြင့် လက်ဖက်ရည်ဆိုင်သို့ ထွက်ခဲ့မိသည်။

လက်ဖက်ရည် မှာသောက်နေစဉ် လူတစ်ယောက်က ကျွန်တော့်စားပွဲတွင် ဝင်ထိုင်သည်။

"အစ်ကိုကြီး...ကျွန်တော် စကားနည်းနည်းပြောချင်လို့ပါ"

ထိုလူကို ကြည့်လိုက်တော့ အိဖြူကို မျက်စိကျွတ်ကျမတတ် လိုက်ကြည့်သည့်လူ ဖြစ်နေသည်။

"ဘာပြောမလို့လဲ...ပြောပါ"

"ကျွန်တော့်ကိုယ် ကျွန်တော် အရင်မိတ်ဆက်ပါရစေ။ ကျွန်တော့်နာမည် ဝင်းလွင်ပါ။ ကျွန်တော် ကုန်သည်တစ်ယောက်ပါ အစ်ကိုကြီး။ ကျွန်တော်က အစ်ကိုကြီးနဲ့တွေ့လိုက်ရတဲ့ ကောင်မလေးအကြောင်း သိချင်လို့ပါ။ အစ်ကိုကြီးနဲ့ ဘာတော်လဲ"

"သမီးလို့ပြောရင် မမှားပါဘူး။ ကလေးမနာမည်က အိဖြူတဲ့။ မောင်ရင်က ဘာလို့စိတ်ဝင်စားနေတာလဲ"

ကျွန်တော့်စကားသံက မထင်မှတ်ဘဲ တင်းမာသွားသည်ကို သတိပြုမိပုံရသည့် ထို ဝင်းလွင်ဆိုသူက ပျာပျာသလဲ တောင်းပန်သည်။

"ကျွန်တော်က အိမ်ထောင်နဲ့ပါ အစ်ကိုကြီး။ ကလေးတစ်ယောက်လည်း ရှိပါတယ်"

"ဒါနဲ့များကွာ...မင်းမို့လို့"

"ဒီလိုပါ အစ်ကိုကြီး။ အိဖြူက ကျွန်တော့်ချစ်သူ နှင်းနှင်းနဲ့ တစ်ထေရာတည်း တူပါတယ်။ ဘယ်ဘက်နှုတ်ခမ်းပေါ်က မှဲ့လေးကအစ၊ အသားဖြူပုံ၊ မျက်နှာကျနဲ့ မျက်နှာထားတည်ပုံကအစ တူပါတယ်"

"ဟင်..."

"ကျွန်တော်နဲ့ ကျွန်တော့်ချစ်သူ နှင်းနှင်းက သိပ်ချစ်ခဲ့ကြပါတယ် အစ်ကိုကြီး။ သူတို့က သားအမိနှစ်ယောက်တည်းရှိပြီး အကြော်ရောင်းပါတယ်။ ရွှေစည်းခုံဘုရားနားမှာပါ"

"ရွှေစည်းခုံဘုရားနားမှာ အကြော်ရောင်းတယ်၊ ဟုတ်လား"

ကျွန်တော် ဒုတိယမ္ပိ ထပ်ဆင့်အံ့ဩသွားပါသည်။ စိတ်လည်း ဝင်စားသွားသဖြင့် ဝင်းလွင်အား ဆက်ပြောစေပါသည်။

"အဲဒီတုန်းက နှင်းနှင်းက ကျွန်တော့်ထက် တစ်နှစ်ငယ်တော့ ကျွန်တော်က နှစ်ဆယ့်တစ်၊ သူက နှစ်ဆယ်ပေါ့။ တစ်ယောက်နဲ့တစ်ယောက် သိပ်ချစ်ကြပေမယ့် နှင်းနှင်းက ကံဆိုးတယ် အစ်ကိုကြီး။ လူ့လောကက စောစောစီးစီး ခွာသွားခဲ့တယ်။ မှတ်မှတ်ရရ ၉-၉-၉၀ နေ့မှာ ဆုံးသွားတာပဲ။ သမီးသတင်းကို ကြားလိုက်ရတဲ့ နှင်းနှင်းအမေလည်း အိပ်ရာထဲ လဲသွားရာက မရှေးမနှောင်းမှာပဲ ဆုံးသွားတယ် အစ်ကိုကြီး"

"ဟော...နေပါဦး၊ နှင်းနှင်းက ဘာလို့ဆုံးသွားတာလဲ"

"ဈေးထဲကို ဈေးသွားဝယ်ပြီး မြင်းလှည်းနဲ့ပြန်အလာ ကားနဲ့မြင်းလှည်း တိုက်မိလို့ ဆုံးသွားတာပါ အစ်ကိုကြီး"

"ဟော..."

နှင်းနှင်း မြင်းလှည်းနှင့်ကား တိုက်

www.burmeseclassic.com

မိ၍ ဆုံးခဲ့သည်တဲ့။ အိဖြူလေး မြင်းလှည်းကို ကြောက်နေပုံကို ကျွန်တော့်မျက်စိထဲ ပြန်မြင်လာသည်။

"မောင်ရင်ပြောပြလို့ကြားရတာ စိတ်မကောင်းပါဘူးကွာ"

"ကာယကံရှင်ဖြစ်တဲ့ ကျွန်တော် ရူးမတတ်ခံစားခဲ့ရပါတယ် အစ်ကိုကြီး။ နှင်းနှင်းဆုံးပြီး ဆယ်နှစ်ကြာမှ ကျွန်တော့်မိဘတွေပေးစားလို့ အိမ်ထောင်ပြုလိုက်တာပါ"

"အင်း . . .လူ့လောကကြီးက မထင်မှတ်လောက်အောင် ဆန်းကြယ်တယ်။ ဒီအတိုင်းဆို အိဖြူက နှင်းနှင်းဆိုတဲ့ ဘဝဟောင်းကို ဖြတ်သန်းခဲ့ဖူးတာ သေချာပုံပဲကွ"

ကျွန်တော်က နှင်းနှင်း တစ်ဖြစ်လဲ အိဖြူကြုံခဲ့ပုံ၊ ကျွန်တော်ကြုံခဲ့ပုံများကို ပြန်ပြောဖြစ်သည်။ ဝင်းလွင်ဆိုသူမှာ နားထောင်ရင်းက မျက်ရည်များပင် လည်လာပါ၏။

"ကျွန်တော် အိဖြူကိုတွေ့ရင် ကောင်းမလား။ အစ်ကိုကြီးခွင့်ပြုရင် တွေ့ချင်တယ်"

"အင်း . . .မင်းကို ကိုယ်ချင်းမစာလို့ မဟုတ်ဘူး ညီလေး။ ဒါပေမယ့် မင်းတို့နှစ်ယောက်လုံး အကျိုးမရှိဘဲ ခံစားနေရမှာဆိုတော့ မတွေ့ကြတာ ပိုကောင်းလိမ့်မယ်ထင်တယ်"

ကျွန်တော်ပြောသည့် စကားကို ဝင်းလွင်က ခေါင်းညိတ်ရင်း လက်ခံသွားပါသည်။ ကျွန်တော် သူ့ကို နှုတ်ဆက်ပြီး လမ်းခွဲလိုက်သည်။ တည်းခိုခန်းရောက်တော့ အိဖြူကစောင့်နေသည်။

"ဘဘ . . .ဘယ်သွားတာလဲ။ ကြာလိုက်တာ"

"လက်ဖက်ရည်ဆိုင် သွားတာ သမီးရဲ့။ သမီးအလုပ်ကိစ္စ အဆင်ပြေရဲ့လား"

"ပြေတယ် ဘဘ။ ဒါနဲ့ဘဘကို ပြောရဦးမယ်။ သမီးလေ အရင်ဘဝက ပုဂံမှာ နေခဲ့ဖူးလား မသိဘူး။ လမ်းတွေကို ကျွမ်းနေတယ် ဘဘ"

"အင်း . . .သမီးပြောသလို ဖြစ်ချင်လည်း ဖြစ်မှာပေါ့ကွယ်။ ဒါပေမယ့် ပြီးခဲ့ပြီပဲ၊ ထားလိုက်ပါတော့။ ညနေကျရင် ရွှေစည်းခုံဘုရား တစ်ခေါက်သွားဖူးမယ် အိဖြူ"

"ကောင်းတာပေါ့ ဘဘ။ သမီးက ခုပဲ ဘဘကို ပူဆာမလို့ ကြံနေတာ"

အိဖြူ ကျေနပ်သွားပုံရပါသည်။ ကျွန်တော့်မှာတော့ ခေါင်းခြောက်ရပါသည်။ ထို့ကြောင့်လည်း သည်ခရီးကို အိဖြူနှင့်အတူ ထွက်လာခြင်းမှာ မှားပြီလားဟု တွေးမိခြင်းဖြစ်သည်။ ကျွန်တော်သည် အနုလုံ ပဋိလုံ သရဏဂုံ၊ ဂုဏ်တော်ကိုးပါး၊ အရဟံဂုဏ်တော်များ ရွတ်ဖတ်ပူဇော်ပြီးနောက် အိဖြူနှင့်အတူ မြင်းလှည်းစီးပြီး ရွှေစည်းခုံဘုရားသို့သွားသည်။ အိဖြူက မြင်းလှည်းကို မငံ့မရဲဖြင့် စီးသည်။

ဖြစ်ချင်တော့ ကျွန်တော်တို့စီးလာသည့် မြင်းလှည်းသည် အရှိန်နှင့် မောင်းလာသော လိုင်းကားတစ်စီးနှင့် မျက်နှာချင်းဆိုင် တည့်တည့်တိုးသည်။ အိဖြူက လန့်အော်ကာ ကျွန်တော့်ကို ဖက်သည်။ ကျွန်တော်လည်း မျက်လုံးစုံမှိတ်ထားလိုက်ပါသည်။

သို့သော် ကံကောင်းချင်တော့ မြင်းလှည်းဆရာက ကျွမ်းကျင်သလို၊ ကားဆရာကလည်း ကားမောင်းတော်သဖြင့် နှစ်စီးလုံး ဘေးသို့ဆွဲကာ အရရှောင်လိုက်နိုင်ပါသည်။ ဘုရား၊ တရား၊ ဘုရားတန်ခိုးတော်ကြောင့် လွတ်မြောက်သွားခြင်းဖြစ်သည်။

အိဖြူနှင့် ကျွန်တော် ရွှေစည်းခုံဘုရားအတက် တန်ဆောင်းပေါ်မှ ဖြတ်နေချိန်တွင် လိပ်ပြာတစ်ကောင်သည် ဝဲပျံကာ အိဖြူ၏ ညာဘက်ပခုံးပေါ် နားရင်း လိုက်လာသည်။ ရင်ပြင်တော်ပေါ်ရောက်တော့ အိဖြူသက်စေ့ ရွှေသင်္ကန်း ၁၆ ချပ်ကို ဝယ်ယူအားပေးကာ အိဖြူကို လှူဒါန်းစေပါသည်။ လှူပြီးနောက် အိဖြူကို ပြောလိုက်သည်။

"ကဲ . . .သမီး၊ ဘဝဟောင်းက ဆွေတော်၊ မျိုးတော်များနဲ့ အမေ့ကို ရည်စူးပြီး အလှူကို အမျှဝေလိုက်။ ဒါမှ သာဓုခေါ်နိုင်ကြရမှာကွဲ့"

အိဖြူသည် ကျွန်တော်ပြောသည့်အတိုင်း အမျှဝေပါသည်။ ထိုစဉ်မှာပင် တစ်ချိန်လုံး အိဖြူပေါ်နားနေသည့် လိပ်ပြာလေးသည် ကောင်းကင်ပေါ်သို့ ဝဲပျံကာ တက်သွားပါသည်။ အိဖြူသည် မြူးထူးခုန်ပေါက် ကျန်ခဲ့ပါသည်။

ထိုအဖြစ်ကို အကွယ်တစ်ခုမှ ကိုဝင်းလွင်ကြည့်နေကြောင်း ကျွန်တော် အမှတ်မထင် မြင်လိုက်သည်။ ယခုတော့ အရာရာသည် ငြိမ်းအေးသွားပြီမို့ အိဖြူနှင့် ကျွန်တော်တို့ ပုဂံမှ ပြန်ကြဖို့သာ ရှိတော့သည်။

**ဇာဏဇေခြီး**



www.burmeseclassic.com

www.burmeseclassic.com

# အတိုက်အခိုက်ကို တွန်းလှန်ချေဖျက်သောစမ

ပြေထက်ထွန်း [မြယမုံ]

ကျွန်တော်တို့သည် သွားသတိ၊ လာသတိ၊ နေသတိ၊ ထိုင်သတိ အရာအရာတွင် သတိရှိရမည် ဖြစ်ပါသည်။ သတိတရားလက်ကိုင်မထားပါက အသက်အန္တရာယ်၊ အမှုအခင်း၊ ဘေးဒုက္ခ၊ အဆုံးအရှုံးတို့ဖြင့် ရင်ဆိုင်တွေ့ကြုံရတတ်သည့် သာဓကမြောက်မြားစွာ ရှိခဲ့ပါသည်။

အထူးသဖြင့် အပေါင်းအသင်း၊ မိတ်ဆွေသူငယ်ချင်းထားရှိရာတွင်လည်း အလွန်အကြူး ခင်မင်ရင်းနှီး၊ နှစ်ကိုယ့်တစ်စိတ်၊ တပူးတွဲတွဲ ပြောမနာ၊ ဆိုမနာ ဖက်လုံတကင်းနေ၊ သူ့အိမ်ကိုယ့်အိမ် သဘောမထား၊ မခွဲခြား၊ အတားအဆီး အပိတ်အပင်မရှိ သွားကြလာကြ၊ အိပ်ကြစားကြသဖြင့် နေ့နေ့ညည အသွားအလာမပျက်၊ တံခါးမရှိ၊ ဓားမရှိ အမြဲမပြတ် ဝင်ထွက်နေသော်လည်း တစ်နေ့နေ့ တစ်ချိန်ချိန် အမှတ်မထင် ကံကြမ္မာ အလှည့်အပြောင်းကြောင့် ထန်းသီးကြွေခိုက် ကျီးနင်းခိုက် ထိုအိမ်တွင် တန်ဖိုးကြီးကြီးပစ္စည်း ပျောက်ဆုံးပါက မိမိနှင့် ခင်မင်ရင်းနှီး သံသယကင်းခဲ့သည်များကို မေ့ပျောက်ကာ လောဘ၊ ဒေါသ၊ မောဟအရင်းတည်၊ လက်ညှိုးထိုးစွပ်စွဲ၊ ယိုးမယ်ဖွဲ့အဆုံးတွင် မခံမရပ်နိုင် တိုင်ကြားသဖြင့် ရုံးရောက်၊ ဂါတ်ရောက်၊ အမှုအခင်းဖြစ်သည့် ပြဿနာများ ကျွန်တော်တို့ မလွဲကေန် မြင်တွေ့နေရပါသည်။

မည်သို့ပင် သံသယကင်းအောင် အလောက်အထားတို့ဖြင့် သက်သေပြစေဦး၊ ငြင်းဆန်စေဦး၊ စွပ်စွဲသူသည် ပျောက်သည့်ပစ္စည်း ပြန်မရမချင်း မိမိအပေါ် သံသယစိတ်ဖြင့် အငြိုးတကြီး အမုန်းပွားကာ အမှုအခင်းကို ဖန်တီးနေမည် ဖြစ်ပါသည်။

ဤသို့ ရှေ့မတိုးသာ နောက်မဆုတ်သာ မရှုနိုင်မကယ်နိုင်ဖြစ်နေသော၊ မိမိအမှန်တကယ် မကျူးလွန်သော ပြဿနာ အမှုအခင်းဖြစ်နေပါက အောက်ပါအစီအရင်ကို အသုံးပြုစီရင်နိုင်ရန်အတွက် ဖော်ပြပေးပါသည်။

**စီရင်ပုံမှာ**

(၁) ဖော်ပြထားသည့် စမပုံကို ရွှေပြား၊ ငွေပြား၊ ကြေးပြား၊ ကတ်စက္ကူသန့်သန့်ရရာဖြင့် စီရင်ကူးဆွဲပါ။ (စီရင်ပြီးပါက သွားလေရာ ဆောင်ရပါမည်။) ဗုဒ္ဓမြတ်ဘုရားရှင်ရှေ့တွင် ငါးပါးသီလခံယူပါ။

(၂) စီရင်သည့်နေ့တွင် ဘုရားခန်း ဗုဒ္ဓမြတ်ဘုရားရှင်ရှေ့တွက် အောက်ပါအတိုင်း သစ္စာဆိုရပါမည်။ သီလခံယူပြီးမှ သစ္စာဆိုပါ။ .

"ဗုဒ္ဓမြတ်ဘုရားရှင်ရှေ့မှောက်၌ စတုလောကနတ်မင်းကြီးလေးပါးနှင့် သာသနာတော်စောင့် နတ်မင်းကြီးများ၊ ဘိုးတော်သိကြားမင်းနှင့်တကွ သမ္မာဒေဝ နတ်များ၊ ကိုယ်စောင့်နတ်များအား တိုင်တည်ထား၍ မုသားမပါ မှန်ရာကို ပြောဆိုပါမည်။ ဘုရားတပည့်တော်သည် ----၏ ပစ္စည်းကို ကိုယ်ထိလက်ရောက် မခိုးယူခဲ့ပါ။ စိတ်နှင့်လည်း မပစ်မှား၊ မကြံစည်ခဲ့ပါ။ ဤစကားသည် မှန်ကန်သော သစ္စာစကား ဖြစ်ပါသည်။

ဤသစ္စာမှန်ကန်ပါက ဘုရားတပည့်တော်သည် ခိုးသူဟု မမှန်မကန် စွပ်စွဲခံရခြင်းမှ လွတ်မြောက်၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းဖြင့် သာသနာပြုနိုင်သောကိုယ်(ပုဂ္ဂိုလ်) ဖြစ်ရပါစေသား (ဖြစ်ရပါစေသတည်း)"ဟု သစ္စာဆိုရပါမည်။


(၃) သစ္စာဆိုပြီးလျှင် ဇီဝိတဒါနတစ်ခု ပြုလုပ်ရပါမည်။ ဥပမာ အချုပ်အနှောင် အလှောင်အပိတ်ခံနေရသော ငှက်ကလေး (စာကလေး၊ ခို၊ ငုံး)များကို ဘေးမဲ့လွှတ်ပါ။ တတ်နိုင်လျှင် သက်စေ့လွှတ်ရပါမည်။ ဘေးမဲ့လွှတ်ရန် ငှက်ကလေးများမရှိလျှင် အကျဉ်းကျနေသည့် "အချုပ်သား"များ လွတ်မြောက်စေရန် စိတ်မှ အာရုံပြုရည်စူး၍ အလှူဒါနကုသိုလ်တစ်ခုခု ပြုလုပ်ပါ။ ကုသိုလ်ပြုလုပ်ရာတွင် "နမောတေ ဗုဒ္ဓဝီရတ္ထု ဝိပ္ပမုတ္တော သိသဗ္ဗမိ၊ သမ္ဗာဓ ပင့်ပန္နောသို့၊ တဿမေ သရဏံဘဝ" နမောတေဂါထာကို ရွတ်ပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

**အတိုက်အခိုက်ချေဖျက်သော စမ**



(၄) "အစီအရင်စမ"ကို ဆောင်ထားစဉ် (အမှုအခင်းဖြစ်နေစဉ်) နံနက်တိုင်း၊ ညအိပ်ရာဝင်တိုင်း အနန္တရာယ်ကင်းပရိတ်ဂါထာတို့ကို ရွတ်ဖတ်ပေးပါ။ "ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿနကမ္ပတိ အသောကံ ဝိရဇံခေမံ" ဂါထာကို သက်စေ့ရွတ်ပါ။

(၅) "သမ္ဗုဒ္ဓေဂါထာ"ကိုလည်း ခေါက်ရေများများ ရွတ်ပေးရမည့်အပြင် အောက်ပါ ဇလွန်ပြည်တော်ပြန်ဘုရားကြီး၏ ဓမ္မခဏ်ပါဠိဂါထာတော်ကိုလည်း ရွတ်ပါ။

**ဇလွန်ပြည်တော်ပြန်ဓမ္မခဏ်ဂါထာ**

ဣတိပိ ပိဋကတ္တယံ၊ အနိစ္စံ ဒုက္ခံ အနတ္တံ။
သတ္တဗောဇ္ဈင်္ဂေ။ အဋ္ဌင်္ဂိကော၊ မဂ္ဂေ။ စတုပဋ္ဌာနံ၊
သဗ္ဗသက္ကာန္တော၊ သဟာဿသုရိယော၊
ဩဇာင်း နမော မေတ္တာနံ၊ ရာဇဘာယံ၊ စောရဘာယံ၊
ဥဒကာဘယံ၊ အဂ္ဂိဘာယံ၊ သတ္တဘာယံ၊ သဗ္ဗဘာယံ၊
ဇေယျောဇယတု မင်္ဂလံ၊
အနိစ္စံ သခ်တံ ပဋိစ္စသမုပ္ပန္နံ
ခယဓမ္မံ၊ ဝယဓမ္မံ၊ ဝိရာဂဓမ္မံ၊ နိရောဓဓမ္မံ၊ ခမတိ။

**ဇလွန်ဓမ္မခဏ်ဂါထာ အနက်မြန်မာပြန်**

သုံးပုံပိဋကတ်တရားမြတ်သည် ဤသို့ ဖြစ်ခြင်း၊ ပျက်ခြင်းသဘောအကြောင်းကြောင့်လည်း အနိစ္စမည်ပါပေ၏။ ဤသို့ဖြစ်ပျက်ခြင်းတရားတို့သည် မပြတ်နှိပ်စက်ခြင်းရှိသောအကြောင်းကြောင့်လည်း ဒုက္ခမည်ပါပေ၏။ ဤသို့လျှင် မိမိအလိုသို့ မလိုက်သောကြောင့် အနတ္တမည်ပါပေ၏။

ခုနစ်ပါးသော ဗောဇ္ဈင်တရားသည်လည်းကောင်း၊ အင်္ဂါရှစ်ပါးသော မြတ်သောမဂ်တရားသည်လည်းကောင်း၊ ကာယာနုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ ဟုဆိုအပ်သော သတိပဋ္ဌာန်လေးပါးသည်လည်းကောင်း၊ အလုံးစုံသော တရားအပေါင်းကို အစိုးရသော (တရားမင်းသည်လည်းကောင်း) ရောင်ခြည်တစ်ထောင် အလင်းဆောင်သော နေမင်းသည်လည်းကောင်း၊ ဤသို့ဖြစ်ခြင်း၊ ပျက်ခြင်း သဘောရှိသောကြောင့် အနိစ္စမည်ပါပေ၏။ ပျက်ခြင်းတရားသည် မပြတ်နှိပ်စက်ခြင်းရှိသောကြောင့် ဒုက္ခမည်ပါပေ၏။ အစိုးမရ၊ မိမိအလိုသို့ မလိုက်သောသဘောရှိသောကြောင့် အနတ္တမည်ပါပေ၏။

အထူးသဖြင့် မြင့်မြတ်တော်မူကုန်သော မဟာမေတ္တာရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသခင်တို့အား ရှိခိုးပါ၏။ ထိုဘုရားရှင်တို့၏ တန်ခိုးမေတ္တာတော်အာနုဘော်ကြောင့် မင်းဘေး၊ အလုံးစုံသောဘေးတို့ကို အောင်မြင်နိုင်သည် မုချမသွေဖြစ်ပါစေသတည်း။ ကုသိုလ်မင်္ဂလာဟူသမျှသည် အောင်ပါစေသတည်း။

အကြောင်းတရားကို စွဲ၍ဖြစ်သော အကျိုးတရားသည် ကံ၊ စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါးတို့ ပေါင်းကာ ပြုပြင်စီရင်အပ်သည် ဖြစ်၍ အမြဲမရှိကုန်ခန်းခြင်းသဘောရှိ၏။ ပျက်စီးခြင်းသဘောရှိ၏။ ရာဂကင်းရာဖြစ်သော ခန္ဓာ၊ အာယာတနဓာတ်တို့ ချုပ်ရာငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို ပညာရှိတို့သည် နှစ်သက်မြတ်နိုးကြပါကုန်၏။

(၆) နံနက်ခင်း အိပ်ရာထ မျက်နှာသစ်ပြီး စွပ်စွဲသူ၊ အမှုလုပ်သူတို့၏ မျက်နှာကို အာရုံနိမိတ်ပုံပေါ်အောင် အာရုံပြုပြီး မေတ္တာပို့ပါ။ အာဃာတမထားဘဲ ခွင့်လွှတ်စိတ်မွေးပါ။

**အကျိုးတရား**

အစွပ်အစွဲ အမှုအခင်း အတိုက်အခိုက်၊ အချုပ်အနှောင်၊ အရှုပ်အရှင်းပြဿနာတို့မှ လွတ်ကင်းစေခြင်း၊ တွန်းလှန်ချေဖျက်ခြင်း၊ အတွင်းရန်၊ အပြင်ရန်များကို ကင်းစင်ပပျောက်စေခြင်း အကျိုးများ ခံစားရနိုင်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ပြေထက်ထွန်း(မြယမုံ)**




www.burmeseclassic.com

www.burmeseclassic.com

# သုခမြို့ရှင်ဆိုင် လာဘ်ပန်းခိုင် ယတြာ

ဂမ္ဘီရဆရာကြီးဇာဂရူ






www.burmeseclassic.com

www.burmeseclassic.com

မိုးအကုန် ဆောင်းအကူး လေရူးမွေစ ဒီကာလသို့ ရောက်လာပြီဖြစ်ပါ၏။ မပူမပြင်း မိုးရေကောင်းသော ပွင့်လန်းရာသီ ဖြစ်၍ ကျွန်ုပ်သည် စိတ်ကြည်လင်ချမ်းမြေ့စွာဖြင့် ဘုရားခန်း အတွင်းသို့ဝင်ကာ ရှိခိုးဝတ်ပြုပြီး ထွက်လာသည်နှင့် သားနှင့် သမီးတို့ ရောက်နေသည်ကို တွေ့ရသည်။

''ဖေဖေ ... သားတို့၊ သမီးတို့ ဖေဖေ့ကို ကန်တော့ ချင်လို့ လာကြတာပါ''

''ဟေ ... အေး ... အေး။ ငါ့မြေးမလေးလည်း ပါလာ တာကိုး။ အိမ်း ... ကောင်းတယ်ကွဲ့၊ ကောင်းတယ်''

ပူဇာစ ပူဇနေယျာနံ–ပူဇော်ထိုက်သော လူကြီးမိဘ ဆရာသမား ပူဇော်ကန်တော့ကြတာ မင်္ဂလာတစ်ပါးဖြစ်ပါ၏။ ကာယ၊ ဝစီ၊ မနောချီ သုံးလီသုံးပါးပြစ်များမိသမျှ တုပ်ကွရှိကျိုး ရှိခိုးတောင်းပန် ကန်တော့ကြပါ မြန်မာတို့ရဲ့ ချစ်စဖွယ် ယဉ်ကျေး မှုဓလေ့ထုံးစံပင် ဖြစ်ပါ၏။ အပြစ်ရှိက ခွင့်လွှတ်ကြပါ၊ ကုစားပေး တော်မူပါဟု ဝန်ချတောင်းပန်ခြင်းအမှုသည် မြန်မာတို့ အထွတ် အမြတ်ထားရာ ဘုရားရှင်၏သာသနာတော်အဆုံးအမတွင် 'ဝါပန်ခြင်း'အမှုပင် မဟုတ်ပါလား။

ကျွန်ုပ်သည် အသက်အရွယ်အရ ဘုရားကျောင်းကန်၊ တရားစခန်း၊ ဘာဝနာလုပ်ငန်းများနှင့် အနေများပြီး တရားစခန်း မှအပြန် ကျွန်ုပ်၏ ကိုယ်ပိုင်ဟောခန်း(ဓာတ်ခန်း)သို့ပြန်ကာ အနားယူလေ့ရှိပါ၏။ သို့ကြောင့် သားနှင့်သမီးတို့ မြေးမလေး ခေါ်ကာ ကန်တော့ရအောင် လိုက်လာကြခြင်း ဖြစ်လေသည်။ ဝါလကင်းလွတ်၍ သီတင်းကျွတ်ချေပြီ မဟုတ်ပါလား။

''ဖေဖေ့သားက ဒီတစ်ခါ တစ်ခေါက်၊ နှစ်ခေါက် နိုင်ငံ ခြားကိုထွက်ပြီးရင် အနားယူ အခြေချတော့မယ်လို့ပြောနေတယ် ဖေဖေ''

''ဟေ .. ဟုတ်တာပေါ့ကွယ်။ သမီးလေးလည်း ရလာ ပြီမဟုတ်လား။ တွတ်တီးတွတ်တာ ဆိုတတ်လာရင် သူဘယ် ထွက်ချင်တော့မလဲကွယ်။ သမီးလေးအနားမှာပဲ နေချင်တော့မှာ ပေါ့''

ကျွန်ုပ်၏ သားသမက် မောင်ကျော်အောင်မှာ နိုင်ငံခြား သင်္ဘောသား အရာရှိငယ်တစ်ဦး ဖြစ်ပါ၏။ လွန်ခဲ့သည့် ၁၃၆၆ ခု နှစ်ဦးသင်္ကြန်မှာပင် သမီးလေးကို မီးရှူးသန့်စင်ဖွားမြင်ခဲ့၏။ ကလေးမှာ ခုနစ်လအတွင်းသို့ပင် ရောက်နေလေပြီ။

''သမီးစဉ်းစားထားတယ် ဖေဖေ၊ အစ်ကို အနားမယူ ခင် အခြေလေးတစ်ခုဖြစ်သွားအောင် စိန်ရွှေရတနာဆိုင်တစ်ဆိုင် ကြိုဖွင့်ပြီး ရောင်းမလို့ ဖေဖေ''

''အိမ်း ... သင့်မြတ်တာပေါ့ကွဲ့။ ကြိုတင်အခြေချထား တော့လည်း အနားယူချိန်မှာ အရှိန်ရနေပြီပေါ့ကွယ်။ ကောင်း တယ် ...''

''ကျွန်တော် သင်္ဘောပေါ်မတက်ခင် ဆိုင်ဖွင့်ပေးခဲ့ချင် တယ် ဖေဖေ''

''အဲဒါ သမီးဈေးရောင်းကောင်းအောင် အမြဲဆိုင်မှာ ဆောင်ထားရမယ့် ရတနာလာဘ်ပွင့်အစီအရင် ယကြာလေး ချီးမြှင့်ပေးပါနော် ဖေဖေ''

သမီးမဥမ္မာက နေရာတကာ စေ့စပ်သေချာသူပီပီ ဆိုင် မဖွင့်မီကတည်းက ကြိုတင်ပြင်ဆင်ရမည့် 'လာဘ်ခေါ် ဈေးခေါ် အဆောင်'အစီအရင် လုပ်ဆောင်ပေးရန် မေးမြန်းလာပါသည်။

''ကဲ ... သားတို့၊ သမီးတို့ လိုက်မှတ်ကြကွဲ့။ ဖေဖေ ပေးမယ့် ရတနာလာဘ်ခေါ်အဆောင်က စီးပွားရေးလုပ်ငန်းရှင် တိုင်း စီရင်ဆောင်ရွက်ထိုက်တဲ့ ဈေးဆရာကြီးများရဲ့ ဓာတ်သိဒ္ဓိ ယကြာအစီအရင်ပေါ့ကွယ်။ 'ဂမုန်းခိုင်'ဓာတ်သိဒ္ဓိအစီအရင်လို့ ခေါ်တယ်ကွဲ့''

ကျွန်ုပ်က သစ်ပင်တိုင်းတွင် အာနိသင်ကိုယ်စီပါ ကြောင်း၊ ထို့အပြင် ဂမုန်းမျိုးနွယ်တို့မှာ ကိုယ်ပိုင်အာနိသင်အပြင် အစွမ်းသတ္တိထူးကိုယ်စီပါကြောင်း ထပ်မံရှင်းပြရသည်။ ယင်းတို့ သည် နတ်ဂိုဏ်း၏ အစွမ်းကဲ့သို့ ဂန္ဓာရသိဒ္ဓိ လိုတရအစွမ်းအာနိသင် သတ္တိထူးပါသည်ကို သင်ပြပေးရသည်။

ဂမုန်းနွယ်အမျိုးပေါင်း များစွာရှိပါသည်။

မျိုးမတူပင်ယံထက်တွင် တွယ်ကပ်ပေါက်ရောက်လေ့ ရှိသော သစ်ခွမျိုးနွယ် ပုံသားပွင့် 'လုဂမုန်းပွင့်ခိုင်'များ လူသူ အရောက်အပေါက်နည်းရာ 'တောင်ထိပ်ပန်း'နတ်ပန်း ဂမုန်းနွယ် များလည်း ရှိကြသည်။ ဂမုန်းမျိုးနွယ်များတွင် 'ဂန္ဓာရသိဒ္ဓိအမျိုး နွယ်'၊ 'ချမ်းသာကြီးဂမုန်း'၊ 'မယ်တော်ကြီးဂမုန်း'၊ 'ရွှေလာငွေ လာဂမုန်း'၊ 'အင်းဂမုန်း'၊ 'မီးကွင်းဂမုန်း'၊ 'စီးပွားတိုးဂမုန်း'၊ 'ဂမုန်းတိမ်ပြာ'၊ 'နတ်ဆေးဂမုန်း'ဟူ၍ အမျိုးမျိုးရှိပါသည်။

ကျွန်ုပ်စီရင်ဆောင်ရွက်မည့် 'ဂမုန်းခိုင်'သည် (ခရမ်းညို) ရောင်ဓာတ်သိဒ္ဓိဝင်ပန်းခိုင် ဖြစ်ပါ၏။

## ဈေးလက်ာအဆို

''ဂမုန်းခိုင်ဖြိုး၊ သုံးခိုင်ထိုး၊ စဉ့်အိုးမြေသား၊ ပုံနဂါး။
ပုလင်းကော်ထူ၊ ရွှေစက္ကူ၊ ညီဖြူကုက္ကား၊ တံခွန်ထား။
ကျောက်စရစ်သာ၊ ဖြည့်စွက်ရာ၊ တိုးပါစေသား၊ လာဘ် မြောက်မြား။

ဘုရားလည်းလှူ၊ နတ်လည်းကူ၊ ရန်သူဖယ်ရှား ချစ်ခင်ပွား။



www.burmeseclassic.com

www.burmeseclassic.com

လေးပါးဓာတ်ရောင်၊ ကြဲတိုင်းအောင်၊ အဆောင်ဓာတ်သား၊ လျှုလို့ထား၊ တိုးပွားသိဒ္ဓိများ။''

(ရွှေးဆရာကြီး)

| | | |
|---|---|---|
| အ ၁ | ဂ ၂ | စ ၃ |
| ၆ သေ | အဋ္ဌ လင်္ဂြိုဟ် | ၄ ဝံ |
| ရေ ၈ | ဇွ္ဖာ ၅ | န္တော ၇ |

အစီအရင်ဆောင်ရွက်ပုံ

(၁) ဂမုန်းခိုင် (ခရမ်းညို) (၃) ခိုင်
= ၂+၅+၂ (၂+၄+၃) = ၉ နဝင်းဓာတ်

(၂) စဥ့်မြေအိုး (နဂါးရုပ်ပုံ)ပါ
= ၃+၅+၁ (၇+၂+၄+၅) = ၉ နဝင်းဓာတ်

(၃) ကော်ပုလင်းထူ
= ၂+၅+၄+၇ = ၁၈ = ၉ နဝင်းဓာတ်

(၄) ရွှေစက္ကူ = ၄+၃+၂ = ၉ နဝင်းဓာတ်

(၅) ကုက္ကားဖြူ = ၂+၂+၅ = ၉ နဝင်းဓာတ်

(၆) တံခွန်လုံးဖြူ = ၇+၂+၄+၅ = ၁၈= ၉ နဝင်းဓာတ်

(၇) ကျောက်စရစ် = ၂+၃+၄ = ၉ နဝင်းဓာတ်

(၈) လာဘ်လာဘ = ၄+၅+၄+၅ = ၁၈= ၉ နဝင်းဓာတ်

(၉) မိုးရေ = ၅+၄ = ၉ နဝင်းဓာတ်

| | | |
|---|---|---|
| ဂဇ္ဖော ၂၅ / စရေ ၃၈ | ၁၇ အန္တော | ဝံသေ ၄၆ / ၃၈ စရေ |
| ဝံသေ ၄၆ | ၁၂ လရာသီ ဓာတ်အိမ် | ဂဇ္ဖော ၂၅ |
| အန္တော ၁၇ | စရေ ၃၈ | အန္တော ၁၇ / ၄၆ ဝံသေ |

၁၂ လရာသီနံဓာတ်အိမ်

စဥ့်မြေအိုးအတွင်း ကော်ပုလင်းထူကို ထောင်စိုက်ပါ။ မြေအိုးနှင့် ကော်ပုလင်းအတွင်း မိုးရေထည့်ပါ။ ကော်ပုလင်းတွင် ရွှေစက္ကူကပ်ပါ။ တံခွန်လုံးဖြူ၊ ကုက္ကားဖြူစိုက်ထူပါ။ ပုလင်းအတွင်း ဂမုန်းခိုင်သုံးခိုင် စိုက်ရပါမည်။ ကော်ပုလင်းပတ်လည်၊ စဥ့်မြေအိုးအတွင်း ကျောက်စရစ်ထည့်၍ 'ရတနာလာဘ်လာဘ' ခေါ်ယူသော အစီအရင်ဖြစ်ပါသည်။

ထိုအစီအရင်၌ အခြေခံ မဟာဘုတ်အကျိုးကျေးဇူးပြုသော တတ်သိဒ္ဓိအဆောင်ဖြစ်ပါသည်။

(က) ဂဇ္ဖော (ပထဝီ)ဓာတ်သည် တောင့်တင်းခိုင်မာခြင်း၊ ခက်ထန်ကြမ်းတမ်းခြင်း ဓာတ်သဘော။

(ခ) ဝံသေ (အာပေါ)ဓာတ်သည် ယိုစီးခြင်း၊ ဖွဲ့စည်းခြင်း၊ ပွားများပေါင်းစုခြင်း ဓာတ်သဘော။

(ဂ) အန္တော (တေဇော)ဓာတ်သည် ပူစေ,အေးစေခြင်း၊ ရင့်စေခြင်း၊ ကျေကျက်စေခြင်း ဓာတ်သဘော။

(ဃ) စရေ (ဝါယော)ဓာတ်သည် တွန်းကန်လှုပ်ရှားခြင်း၊ ဖောင်းပွရွှေ့လျားခြင်း ဓာတ်သဘောတို့ပင် ဖြစ်ပါ၏။

"အဆောင်အစီအရင် ဆောင်ရွက်ရာတွင်
ရွတ်ဆိုရန် ဂါထာတော်"

"ပေဟိလာဘံ ပိယံမမ၊ ပေဟိဓန ပီယံမမ
ပေဟိသုခံ ပီယံမမ၊ လာဘံ လာဘံတု သဗ္ဗဒါ"

ဤဂါထာကို နေ့စဥ် နံနက်/ည ၂၇ ခေါက်ရွတ်ဆို၍ ဘုရားရှိခိုးပူဇော်ခြင်းဖြင့် နတ်လူချစ်ခင်သူပေါများပြီး ရတနာလာဘ်ပန်းပွင့်ကား ရောင်းပန်းလှ၍ ဝယ်ပန်းသာပြီး ချမ်းသာသုခနှင့် ပြည့်ဝနိုင်ပါကြောင်းဖြင့် ကျွန်ုပ် စီရင်ဆောင်ရွက်ပေးလိုက်ပါတော့သတည်း။


*အရောင်းအဝယ်ရတနာလာဘ်ပန်းပွင့်၍ နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။*

ဂမ္ဘီရဆရာကြီးဇာဂရု



www.burmeseclassic.com

www.burmeseclassic.com



# နေဝင်မီးလက် စီးမွှားတာကမ္ဘို

ထင်ကျော်သောင်း

နံနက်စောစော အိပ်ရာမှ ထပါ။ မျက်နှာ၊ ကိုယ်၊ လက်တို့အား သန့်ရှင်းပါ။ ပြီးပါက အိမ်မကြီး၏ တံခါးကို အသံမမြည်အောင် ဖွင့်ပါ။ ထိုအတူ ပြတင်းတံခါးပေါက်များကိုလည်း အသံမကြားအောင် ဖွင့်ပါ။ ထိုသို့ ဖွင့်သည့်အခါဝယ်···

"ဟေ မိတ္တံ၊ ဟေ ဓနံ၊ ဟေ လာဘံ
ဟေ သုခံ၊ ဟေ ဇေယျံ၊ ဟေ မင်္ဂလံ
သဗ္ဗသိဒ္ဓိ ဧဟိ ဧဟိ"

ဆိုသော မိတ်ဆွေ၊ ဥစ္စာ၊ လာဘ်၊ ချမ်းသာခြင်း၊ အောင်မြင်ခြင်း၊ မင်္ဂလာတို့သည် သိဒ္ဓိအလုံးစုံပြီးမြောက်စေသည့် ဂါထာတော်အား ရွတ်ပွားလျက် "သတ္တဝါအပေါင်း ကျန်းမာချမ်းသာကြပါစေ"ဟူ၍ မေတ္တာပို့ရပါမည်။

ညနေပိုင်းသို့ ရောက်ပါက ဆီမီးထွန်းမင်္ဂလာကို ပြုလုပ်ရပါမည်။

ညနေ ၆း၀၀ နာရီ နေဝင်လုဆဲအချိန်၌ အိမ်ရှိဘုရားအား ဆီမီးထွန်းကာ ပူဇော်ရပါမည်။ ဆီမီးထွန်းသည်ဆိုရာဝယ် ဆီမီးခွက်ထဲသို့ ပဲဆီ၊ နှမ်းဆီ၊ မုန်ညင်းဆီ၊ နေကြာဆီ၊ သံလွင်ဆီ၊ ထောပတ်ဆီ၊ အကြော်ခံဆီ စသည်ဖြင့် တစ်ခုခုသော ဆီကို အသုံးပြုရပါမည်။ ဖယောင်းတိုင်ကို မသုံးရပါ။ ခွက်အတွင်းရှိနေသော ဆီအတွင်းသို့ မီးစာကိုထည့်ကာ ထွန်းညှိပူဇော်ရပါမည်။ "နေဝင်မီးလက် စီးပွားတက်"ဆိုသည်မှာ ဒါပဲဖြစ်သည်။ မနက်ပိုင်းကိုသော်လည်းကောင်း၊ ညနေခင်းကိုသော်လည်းကောင်း ပုံမှန် မပျက်မကွက် လုပ်ဆောင်သွားပါလျှင် မိတ်ဆွေကောင်းများ ရောက်ရှိလာပါလိမ့်မည်၊ လာဘ်လာဘငွေကြေးများ ဝင်လာပါလိမ့်မည်၊ စိတ်ချမ်းသာမှု ရရှိလာပါလိမ့်မည်။ အောင်မြင်မှုတွေ ရရှိလာပါလိမ့်မည်။ အလုံးစုံ သိဒ္ဓိမြောက်သည့်ဘဝ၌ ကျက်သရေမင်္ဂလာမုန်သမျှ ပြည့်ဝလာပါလိမ့်မည်။

မနက်ခင်း၌ ဘုရားရှင်အား ဆွမ်းကပ်၍ ညနေခင်း၌ ရှေ့ရှုရေချမ်းများ ကပ်နိုင်ပါသည်။ မင်္ဂလာပြုနေချိန်ဝယ် ကျက်သရေမင်္ဂလာကင်းမဲ့သည့် အလွမ်းသီချင်းများ၊ ဝမ်းနည်းကြေကွဲမှုဆူဆူပူပူ သီချင်းများ၊ ဇာတ်လမ်းဇာတ်ထုပ်များကို မဖွင့်ရပါ။ သာယာချိုမြ မင်္ဂလာပြည့်ဝသည့် သီချင်းများကို ဖွင့်နိုင်ပါကြောင်း···။

ထင်ကျော်သောင်း




www.burmeseclassic.com

www.burmeseclassic.com

# အာယုပရိက္ခာရ လက်ကိုင်ပဝါ

အေးရွှေ(ဇီးကုန်း)



အာယုပရိက္ခာရ လက်ကိုင်ပဝါပုံ

ကျွန်တော်၏မိတ်ဆွေကြီး ကိုတိုးမောင်မှာ 'သိန်းသန်း ပွဲရုံ' လုပ်ငန်းဖြင့် အရောင်းအဝယ်လုပ် စီးပွားရှာနေသူ ဖြစ်သော် သည်း အခြားတစ်ဖက်ကမူ လောကီအစီအရင် ဂမ္ဘီရ ဝိဇ္ဇာရေ နည်းများကို လေ့လာလိုက်စားနေသူလည်း ဖြစ်ပေသည်။

အကြောင်းတိုက်ဆိုင်သည့်အခါတိုင်းလည်း ကျွန်တော့် ထံ ရောက်ရှိ၍ အမြင်ချင်းဖလှယ်ကြ၊ ဆွေးနွေးကြလေ့ရှိပါ သည်။ တစ်နေ့ နေ့လယ်ခင်း၌ ကျွန်တော့်ထံသို့ ရောက်ရှိလာ ပြီး ထူးဆန်းသော လက်ကိုင်ပဝါလေးအကြောင်း ပြောပြပါ သည်။

"ကျွန်တော် ကြို့ပင်ကောက်မြို့နယ်ရဲ့ အရှေ့ဘက် နှံမတောင်ခြေမှာရှိတဲ့ ဘုန်းတော်ကြီး 'ဦးသီလာစာရ' ရဲ့ ကျောင်း လေး ရောက်သွားတဲ့အချိန်က ညနေစောင်းလေးပါ။ ကျွန်တော် ရောက်သွားတဲ့အချိန်မှာ ကျောင်းနဲ့ မနီးမဝေး အင်တိုင်းတောထဲ မှာ မီးလောင်နေတယ်။ နွေရာသီဆိုတော့ ရွက်ကြွေတောအဖြစ် နဲ့ မြေပြင်မှာ ကြွေကျနေကြတဲ့ ရွက်ခြောက်တွေရယ်၊ အပူရှိန် ပြင်းတာရယ်ကြောင့် မီးတောက်မီးလျှံတွေက တအားပြင်းထန်စွာ နဲ့ တောက်လောင်နေပါတယ်။ မီးက အားကောင်းကောင်းနဲ့ တောက်လောင်လာတာ ကျောင်းနဲ့လည်း နီးလာပါတယ်။

"ဆရာတော်ကတော့ ဘုရားကျောင်းဆောင်ရှေ့မှာ ဝင္ကသုတ်(ငုံးမင်းပရိတ်) ရွတ်နေပါတယ်။ နောက်ဆုံး မီးက ကျောင်းခြံစည်းရိုးကို ကူးလာပါတော့တယ်။ အဲဒီအချိန်မှာ ကျောင်းဝန်းထဲမှာရှိတဲ့ စေတီလေးထဲမှာ ပုတီးစိပ်နေတဲ့ ဝတ်ဖြူ စင်ကြယ်ဝတ်ထားတဲ့ သူတော်စင် အဘကြီးတစ်ဦး ထလာပြီး လက်ကိုင်ပဝါလေးတစ်ထည်နဲ့ မီးတွေကို ဝှေ့ယမ်းဖယ်ရှားနေ



www.burmeseclassic.com

တာ မြင်လိုက်ရပါတယ်။ ကျွန်တော်လည်း ထူးထူးဆန်းဆန်း အနေနဲ့ ကြည့်နေမိပါတယ် ဆရာ။ ဘယ့်နှယ် . . . ဆရာရယ်။ မီးဒီလောက် ပြင်းပြင်းထန်ထန် လောင်နေတာကို ဒီလက်ကိုင်ပဝါလေးနဲ့ ဘယ်လိုဖယ်ရှားနိုင်မှာလဲပေါ့။ ဒါပေမဲ့ ဆရာရေ။ ကျွန်တော်ကြည့်နေစဉ်မှာပဲ မီးတွေဟာ တဖြည်းဖြည်း ငြိမ်းသွားတာ ထူးထူးဆန်းဆန်း တွေ့လိုက်ရတယ်ဗျာ။ အံ့သြစရာပါပဲ။

"ဒါနဲ့ ကျွန်တော်လည်း သူတော်စင်အဘကြီးကို အရမ်းကြည်ညို၊ အရမ်းလေးစားသွားပါတယ်။ ဒါကြောင့် ကျောင်းထိုင်ဆရာတော် ဘုန်းတော်ကြီး ဦးသီလာစာရနဲ့ သူတော်စင်ကြီးအတွက် လှူဖွယ်ဝတ္ထုအချို့နဲ့ နဝကမ္မဝတ္ထုငွေတွေ လှူပါတော့တယ်။ သူတော်စင်ကြီးကလည်း ကျွန်တော့်ကို ကြင်နာရှာပါတယ်။ ဒါကြောင့် ကျွန်တော်ပြန်တော့ သူတော်စင်ကြီးက အဲဒီ လက်ကိုင်ပဝါလေး ပေးလိုက်ပါတယ်။ နောက်ပြီး ကိုယ်နဲ့မကွာ ဆောင်ထားဖို့လည်း မှာလိုက်ပါတယ် ဆရာ။ အဲဒီ လက်ကိုင်ပဝါကို ဆောင်ထားရင် ကပ်သုံးပါးကို ကျော်နင်းနိုင်မယ်၊ ၉၆ ပါးသော ရောဂါဝေဒနာ၊ ၃၂ ပါးသော ကံကြမ္မာ၊ ၂၆ ပါးသော ဘေး၊ ၁၀ ပါးသော ဒဏ်၊ ၁၀ တန်သော အန္တရာယ်၊ ၁၆ ပါးသော ဥပ္ပဒဝေါ၊ ငါးပါးသော ရန်သူတို့ မပြုပုံစွာ ကင်းကွာပျောက်ငြိမ်းတော်မူမည့်အကြောင်းလည်း အမိန့်ရှိလိုက်ပါတယ်။ ဉာဏ်ရှိသလို သုံးဖို့နဲ့ ဒီလက်ကိုင်ပဝါလေး ဆောင်ထားစဉ်အတွင်း ငါးပါးသီလကိုလည်း ခါးဝတ်ပုဆိုးကဲ့သို့ မြဲဖို့ မှာလိုက်ပါတယ်ဆရာ"

ထို့နောက် ကိုတိုးမောင်သည် ၎င်းထံမှ လက်ကိုင်ပဝါလေးကို ထုတ်ပြပါသည်။ လက်ကိုင်ပဝါမှာ ပုံ၌ မြင်တွေ့ရသည့်အတိုင်း အဖြူရောင် လက်ကိုင်ပဝါ ရိုးရိုးလေးပင် ဖြစ်ပြီး၊ ထောင့်လေးထောင့်၌ စဓဗဝ စမအက္ခရာလေးလုံးသာပါ၍ မည်သည့်အင်း၊ မည်သည့်စာမျှ ထူးထူးခြားခြား မပါရှိပါချေ။ ကျွန်တော်လည်း ၎င်းပဝါလေးကို သေသေချာချာ ကြည့်မိပါ၏။ ထို့နောက် ကိုတိုးမောင်ကို မေးလိုက်ပါ၏။

"တခြားကော ဘာအမိန့်ရှိသေးလဲ"

"ဟာ . . . ဟုတ်တယ်ဆရာ။ ပြောဖို့ မေ့နေတယ်။ အဲဒီ လက်ကိုင်ပဝါလေးက အန္တရာယ်အမျိုးမျိုးကို ကာကွယ်ပြီး အသက်ကို ပိုရှည်စေတတ်တဲ့ အာယုပရိက္ခာရ လက်ကိုင်ပဝါလေးလို့ ပြောပါတယ်ဆရာ။ အဲဒီ အာယုပရိက္ခာရ အစီအရင် လုပ်နည်းကို ဆရာကတော့ သိမှာပါ။ ကျွန်တော့်ကို ပြောပြပါလား ဆရာ။ ဗဟုသုတလည်းရ၊ လိုအပ်ရင်လည်း လုပ်ရတာပေါ့"

သည်တော့မှ ကျွန်တော်လည်း ဗားမဲ့ဆရာတော်ဘုရားကြီး၏ မဟာသိဒ္ဓိကျမ်းရင်းကြီးမှ အာယုပရိက္ခာရ လက်ကိုင်ပဝါ စီရင်နည်းကို သတိရလိုက်မိပါသည်။ ၎င်းစီရင်နည်းမှာ အထက်၌ ရေးသားခဲ့သလိုပင် အမှန်တကယ် အကျိုးကြီးသော နည်းလေးဖြစ်သဖြင့် ကိုတိုးမောင်ကိုပြောပြခဲ့သည့်အတိုင်း ဆက်လက်တင်ပြရေးသားအပ်ပါသည်။ စီရင်ရာ၌ လွယ်ကူပြီး မည်သူမဆို အလွယ်တကူ ပြုလုပ်နိုင်သော နည်းကောင်းနည်းမြန်လေးလည်း ဖြစ်ပါသည်။

## "အာယုပရိက္ခာရလက်ကိုင်ပဝါ စီရင်နည်း"

နေ့ကောင်းရက်သာ ရွေး၍ သန့်ရှင်းသော ပိတ်ဖြူစကို လက်ကိုင်ပဝါပုံစံ ဖြတ်တောက်ချုပ်လုပ်ပါ။ ထို့နောက် နံ့သာငါးပါးတို့ဖြင့် ထုံမွမ်း၍ နေ့နံဘုရားရှေ့တွင် အလင်းတိုင်၊ အမွှေးတိုင်၊ လှူဖွယ်ဝတ္ထုပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းပြီး လက်ကိုင်ပဝါ၏ ထောင့်လေးထောင့်၌ –

"စက္ခုမာစရမာစိဏ္ဏော ဓမ္မညုဓမ္မသာမိကော၊ ဗလူပေတော ဗလဓရော၊ ဝရဒေါဒေတု မေဝရံ"ဟု ရွတ်ဆို၍ စဓဗဝကို ပုံပါအတိုင်း ရေးပါ။

ထို့နောက် အောက်ပါဂါထာဖြင့် ၁၀၈ ခေါက် စုတ်ပါ။

– ဗုဒ္ဓေါစ မင်္ဂလော လောကေ၊
သမ္ဗုဒ္ဓေါ စာပိလောကဂ္ဂေါ၊
ဗုဒ္ဓံသရဏာ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။
– ဓမ္မောစ မင်္ဂလော လောကေ၊
ဓမ္မောဂမ္ဘီရော ဒုဒ္ဒသော၊
ဓမ္မံသရဏာ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။
– သံဃောစ မင်္ဂလော လောကေ၊
သံဃောဒက္ခိဏေယျောသဒါ၊
သံဃံသရဏံ မာဂမ္မ၊
သဗ္ဗဒုက္ခာ ပမုစ္စရေ။ ။

ထို့နောက် ဘုရားပွဲတစ်ပွဲ လှူဒါန်းပြီး အတွင်း၌ အောက်ပါဂါထာဖြင့် ၁၀၀၀ စုပ်ပါ။

ဦ ့ . . ချာယံ၊ ချာယံ၊ ဆ,ဆာယံ၊ ဆာယိ ဆာယ ဆ,ဆာယိ၊ ဆာယိတဗ္ဗံ ဂစ္ဆ အမုမှိ၊ သြကာသေတိဋ္ဌာဟိ။

**ဓားရွှေ [illegible]**

www.burmeseclassic.com

# သီသာစေကြောင်း

# မင်္ဂလာနိမိတ်ကောင်း

## ဒေါက်တာမင်းသိင်္ခ၏နည်းစနစ်အတိုင်းဟောသည်

## ဒေါက်တာစောယုနွယ်



တကယ်ဆိုတော့ ....

မိမိဘဝရဲ့ ကောင်းခြင်း၊ ဆိုးခြင်းဖြစ်ပျက်မှုတွေကို မိမိဘာသာ မိမိအသိဆုံးပါ။ ဒါပေမယ့် ပွဲမစခင် ပြည်ဖုံးကားနောက်ကွယ်မှာ ဘာတွေလုပ်နေတယ်ဆိုတာကို ကြိုတင်ပြီး သိချင်ကြတာဟာ လူ့ဘဝရဲ့ မွတာပါပဲ။ ပြည်ဖုံးကားနောက်ကွယ်က ဇာတ်ရုပ်တွေဟာ တစ်ခါတစ်ခါကျတော့ ပျော်စရာကောင်းတာတွေ တွေ့ရသလို၊ တစ်ခါတစ်ခါကျတော့လည်း စိတ်ရှုပ်စရာတွေလည်း တွေ့ရတတ်ပါတယ်။

အချိန်အခါ နေရာဒေသကြောင့် သင့်ဘဝရဲ့ ပြည်ဖုံးကားကို လှစ်ခနဲသာ ဖွင့်လှစ်ပြသလိုက်ရတာကြောင့် ဒီစာမျက်နှာများမှ သင့်ဘဝရဲ့ အဖြစ်အပျက် အစိတ်အပိုင်း တစ်ခုတလေသာ မြင်ရမှာဖြစ်လို့ ဘဝဇာတ်ခုံပေါ်မှာ မီးရောင်စုံ အစုံအလင်နဲ့ သင့်ဘဝအပြည့်အစုံကို မြင်ချင်တယ်ဆိုရင်ဖြင့် ....

■ အမှတ်(၂၀၅/က)
ပိတောက်(၅)လမ်း၊
မြို့သစ်(ဂ)၊
ဘုရင့်နောင်ရိပ်သာ၊
အင်းစိန်မြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၄၃၀၃၀

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## တနင်္ဂနွေ သားသမီး



သင်သည် ယခုကာလတွင် လုပ်ငန်းများ သိသိသာသာ အောင်မြင်မှုရမယ်။ လုပ်ငန်းသစ်များ စတင်ပြုလုပ်နိုင်သော ကာလလည်းဖြစ်ပါတယ်။ သိကြားမ, လိုက်သကဲ့သို့ လက်ရှိအခြေအနေထက် များစွာမြင့်တက်သွားလိမ့်မယ်။ မိဘကို ကောင်းစွာပြုစုစောင့်ရှောက်နိုင်မယ့်အချိန် ဖြစ်ပါတယ်။ ခရီးဝေးများ သွားရတတ်တယ်။ ၎င်းခရီးများသည် စိတ်ချမ်းသာစရာခရီးများ၊ ပြည်တွင်းပြည်ပခရီးများ သွားရတတ်တယ်။ မိတ်ဆွေကောင်း၊ ဆရာကောင်းများနှင့် တွေ့ရတတ်တယ်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတက်ခြင်း၊ အခြေအနေအဆင့်အတန်း မြင့်တက်ခြင်းများ ကြုံမယ်။ သင်တန်းတစ်ခု တက်ရမယ်။ ပညာကောင်းရမယ်။ အဖိုးတန် စက်ပစ္စည်းများလည်း ဝင်လိမ့်မယ်။ ရပ်ဝေးမှစာများ၊ အဆက်အသွယ်များ ရလာမယ်။ ငွေရှာရလွယ်ခြင်း၊ ငွေအဝင်အထွက်ကြမ်းခြင်းများ ကြုံလိမ့်မယ်။ ဝန်ထမ်းများအဖို့ အလုပ်တွင် အတိုက်အခံ အနည်းငယ် ကြုံရတတ်တယ်။ ရန်များခြင်း၊ စကားများဖြေရှင်းရခြင်း၊ ရင်းနှီးသူအား လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ လမ်းခွဲရခြင်းများ ကြုံရတတ်တယ်။ မြေကိစ္စ၊ အမွေကိစ္စများ စကားပြောရတတ်သော်လည်း အောင်မြင်မှု ရပါလိမ့်မယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လိမ့်မယ်။ လုပ်လျှင်အောင်မြင်မယ်။ မမျှော်လင့်တဲ့ဆီက ငွေတွေဝင်လာတတ်တယ်။ ဆုံးပြီလို့ထင်တဲ့ ငွေတွေလည်း ပြန်ရတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဖက် စိတ်ညစ်ရတတ်တယ်။ ဆွေမျိုးသားချင်းများ ကျန်းမာရေး အသည်းအသန် ဖြစ်တတ်တယ်။ ကိုယ်တိုင်လည်း နှလုံးနှင့်ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ လေနှင့်ပတ်သက်၍ ကျန်းမာရေးညံ့ခြင်း၊ ဒူး၊ နား ဒုက္ခပေးတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ တံခွန်ဖြူ(၉)လုံးတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

အင်္ဂါ၊ ကြာသပတေး

### ညံ့သောရက်

စနေ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၅၅၊ ၃၃၊ ၅၃၊ ၃၅

### အထူးသတိပြုရန်

လာမည့် မွေးလ၊ မွေးရက်အထိ အသုဘ မပို့ရ။ အထူးသတိပြုပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အင်္ဂါနေ့တိုင်း ပဲပေါက်စိ ၈ လုံး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## တနင်္လာ သားသမီး



သင်သည် ယခုကာလတွင် ကောင်းကျိုးပေးတဲ့ကာလဖြစ်လို့ ဝီရိယစိုက်ထုတ်ပါက ချမ်းသာသုခ ရပါလိမ့်မယ်။ အတိုက်အခံ အပြိုင်အဆိုင်တွေတော့ ရှိနေတတ်တယ်။ ဒါပေမဲ့ အောင်မြင်ပါလိမ့်မယ်။ ဆွေမျိုးအပေါင်းအသင်းတွေကိုလည်း ကိုယ်က အများဆုံး ကူညီပေးနိုင်တဲ့သူ ဖြစ်လိမ့်မယ်။ အိမ်နေရာ ပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်းများ ပြုလုပ်ရတတ်တယ်။ ဝန်ထမ်းတွေအဖို့ လုပ်ငန်းနှင့်ပတ်သက်၍ နာမည်ကောင်းရခြင်း၊ နေရာကောင်းရခြင်း၊ လုပ်ငန်းတိုးချဲ့ရခြင်းများ လုပ်ရတတ်တယ်။ အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်သောကာလဖြစ်တယ်။ ကွဲကွာနေသော ဆွေမျိုးသားချင်းများနှင့် ပြန်ဆုံမယ်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ရောက်လာတတ်တယ်။ ဘုရားဖူးခရီး သွားရတတ်တယ်။ ခရီးအကျိုးပေးသော ကာလဖြစ်ပါတယ်။ စကားပြောများတတ်သောကြောင့် ယခုကာလတွင် နှုတ်စောင့်စည်းနေခြင်းသည် အကောင်းဆုံး ဖြစ်ပါတယ်။ ယခုကာလတွင် လုပ်သမျှ ဘာတစ်ခုမှ ပြတ်ပြတ်သားသားလုပ်၍ မရသောကြောင့် အဆိုးလည်းမဟုတ်၊ အကောင်းလည်းမဟုတ် ရှေ့တိုးမရ နောက်ဆုတ်မရ ဖြစ်နေတတ်တယ်။ ယခုကာလတွင် လောဘတကြီးဖြင့် စီးပွားမရှာသင့်ပါ။ စိတ်ထင်ရာ တစ်ဇွတ်ထိုးလုပ်လျှင် ဂုဏ်သိက္ခာကျခြင်းမျိုး ခံရတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခါးမျက်ခြင်း၊ ခြေထောက်တွင် သွေးထွက်သံယို ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီဖြူ (၇)ပွင့်၊ ဖြူဟ်ရုပ်စုံ(၆)ခုတို့ကို ပူးချည်ပြီး လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ဗုဒ္ဓဟူး၊ သောကြာ

### ညံ့သောရက်

တနင်္ဂနွေ၊ ကြာသပတေး

### ကံကောင်းသောနံပါတ်

၆၂၊ ၆၄၊ ၄၆၊ ၄၇

### အထူးသတိပြုရန်

အိမ်ကိုပေါင်ပြီး မည်သည့်လုပ်ငန်းမျှ မလုပ်ပါနှင့်။
သူများအိမ် လာပေါင်လျှင်လည်း လက်မခံပါနှင့်။

### ကံကောင်းပြီး လာဘ်ရှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တိုင်း သရက်သီးဖြင့် ဆွမ်းကပ်ပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## အင်္ဂါ သားသမီး



သင်သည် ယခုကာလတွင် ပျော်ရွှင်စရာကောင်းတဲ့ အလှုအတန်းတွေ ပြုလုပ်ရတတ်ပါတယ်။ မကြာခဏ ခရီးထွက်ရတတ်တယ်။ ထိုခရီးများသည်လည်း အကျိုးပေးအောင်မြင်လိမ့်မယ်။ ဝန်ထမ်းဆိုလျှင် ရာထူးတက်ခြင်း၊ အခြေအနေမြင့်တက်ခြင်း ကြုံရလိမ့်မယ်။ လူမျိုးခြား၊ နိုင်ငံခြားနှင့် ပတ်သက်သောကိစ္စများ အကျိုးပေးအောင်မြင်မယ်။ မိမိအား ပြဿနာလုပ်နေသူများရှိလျှင် အဆင်ပြေသွားမယ်။ မသင့်မြတ်သူများနှင့် ပြန်လည်သင့်မြတ်မယ်။ ငွေအစုလိုက် အပုံလိုက် ဝင်လာလိမ့်မယ်။ အဖိုးတန်ကျောက်မျက်ရတနာများ ဝင်မယ်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးအတွက် သောကရောက်ရတတ်သော ကာလဖြစ်တယ်။ အထက်လူကြီး၊ မိသားစုအကြီးအကဲများကြောင့် စိတ်ညစ်ရတတ်တယ်။ ပညာရေးကိစ္စများ၊ သင်တန်းကိစ္စများကို အကြောင်းပြု၍ စိတ်ညစ်ရတတ်တယ်။ ရွှေထွက်ခြင်း၊ ရွှေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ရွှေထည်ဝယ်လျှင် အသစ်များသာ ဝယ်သင့်တယ်။ အပျက်၊ အဟောင်း မဝယ်သင့်။ ဗုဒ္ဓဟူးသားသမီးရှိလျှင် အနည်းငယ် ညှို့တတ်ပါတယ်။ ကျန်းမာရေးအနေဖြင့် ဆီးရောဂါ၊ မျက်စိရောဂါ၊ အစားမှားခြင်း၊ ဆေးမှားခြင်းများ ကြုံရတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီဖြူ(၇)ပွင့်၊ ထီးအဖြူ(၁၅)လက်တို့ကို လှူပေးပါ။ အညှို့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္လာ၊ စနေ

### ညှို့သောရက်

တနင်္လာ၊ ဗုဒ္ဓဟူး

### ကံကောင်းသောနံပါတ်

၃၄၊ ၃၂၊ ၂၃၊ ၂၆

### အထူးသတိပြုရန်

အရက်သေစာ လုံးဝရှောင်ရမည်။ မကြာခဏ ဒေါသကြီးခြင်း၊ ခက်ထန်စွာ ပြောဆိုခြင်းကို ရှောင်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့တိုင်း ကိတ်မုန့်နှစ်ချပ်နှင့် နွားနို့ လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## ဗုဒ္ဓဟူး သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်သောခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ သူတစ်ပါးကိစ္စအတွက်လည်း ခရီးသွားရတတ်တယ်။ ဘုရား ဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သော ကိစ္စများ အောင်မြင်မယ်။ ကိုယ်ပိုင် လုပ်ငန်း လုပ်နေသူအဖို့လည်း ဤကာလမှာ လုပ်ငန်းတိုးချဲ့ဖို့ မကြိုးစားပါ နှင့်ဦး။ ဝန်ထမ်းတွေအဖို့လည်း လက်ရှိအလုပ်အကိုင် ပြောင်းချင်စိတ်ပေါ် မယ်။ ပြောင်းလျှင် ပိုဆိုးသွားတတ်တယ်။ လုပ်ဖော်ကိုင်ဖက်များ၊ မိတ်ဆွေရင်း များနှင့် လမ်းခွဲရတတ်တယ်။ မိသားစုအတွင်းမှာလည်း တစ်ယောက်နှင့် တစ်ယောက် အယူအဆကွဲလွဲခြင်း၊ အကြောင်းအရာတစ်ခုခုကို မဖော်ပြနိုင်ဘဲ စိတ်များ ရှုပ်ထွေးနေတတ်တယ်။ ဤကာလအတွင်း မည်သည့်အခက်အခဲနှင့် ကြုံသည်ဖြစ်စေ အားကိုးမရှာနှင့်။ ဒုက္ခပေးမည့်သူများသာ ပေါ်လာတတ်တယ်။ အိမ်ထောင်ဘက် ကျန်းမာရေး ညံ့လိမ့်မယ်။ ဆေးရုံ၊ ဆေးခန်းသို့ သွားရတတ်တယ်။ ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ မိမိကိုယ်တိုင်လည်း ကျန်းမာရေးညံ့တတ်တယ်။ ဖြစ်လျှင် ရုတ်တရက် ဖြစ်တတ်တယ်။ ကျောဒုက္ခပေးခြင်း၊ ကျောက်ရောဂါရခြင်း ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်း နေစရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ ထန်း(၇)ညွန့်၊ ကြက်လျှာ အစိမ်းရောင်(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၆၊ ၅၇၊ ၇၀၊ ၇၅

### အထူးသတိပြုရန်

အိမ်ပြင်ခြင်း၊ အိမ်ပြောင်းရွှေ့ခြင်း မပြုလုပ်ပါနှင့်။
အပျော်ခရီး မသွားရပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ထောပတ်ဆွမ်း လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## ကြာသပတေး သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်ဘဲ အလုပ်တစ်ခု ပူးတွဲလုပ်ရတတ်တယ်။ အိမ်နေရာအသစ်ရခြင်း၊ နေရာထိုင်ခင်း မွမ်းမံပြင်ဆင်ရခြင်း၊ ပြောင်းရွှေ့ရခြင်း ကြုံရတတ်တယ်။ လုပ်သမျှလည်း သိပ်အဆင်မပြေဘူး ဖြစ်နေတတ်တယ်။ သင်သည် ယခုရောက်ရှိနေတဲ့ကာလမှာ ဝါခေါင်လ၊ ကဆုန်လများ ပါဝင်နေရင်တော့ မြေကိစ္စ၊ အမွေကိစ္စ စကားပြောရခြင်း၊ မိန်းမနှင့် ပတ်သက်၍ အမှုအခင်းဖြစ်ခြင်းမျိုး ကြုံရတတ်တယ်။ မထင်မှတ်ဘဲ အပြောင်းအလဲတွေ ကြုံရတတ်တယ်။ လူအများ၏ အထင်ကြီးမှု၊ ချီးကျူးမှုတွေ ခံရတတ်တယ်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ ရပိုင်ခွင့်တိုးခြင်းတွေ ကြုံရတတ်တယ်။ တနင်္ဂနွေ၊ သောကြာအမည်ပါသော ဆွေမျိုးသားချင်းများက အကူအညီကောင်း ပေးလာလိမ့်မယ်။ ကျန်းမာရေးညံ့သော သက်ကြီးရွယ်အိုများ အိမ်သို့ လာရောက်တည်းခိုလျှင် ဆုံးပါးသွားတတ်တယ်။ ကျန်းမာရေးအနေဖြင့် ခြေထောက်တွင် အန္တရာယ်ဖြစ်တတ်တယ်။ သွေးထွက်သံယို ဖြစ်တတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဝါး(၄)ညွှန့်၊ ပေါက်ပန်းဖြူ(၅)ညွှန့်၊ ထီးနီ(၁၀)လက်တို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ သောကြာ

### ညံ့သောရက်

စနေ၊ အင်္ဂါ

### ကံကောင်းသောနံပါတ်

၁၆၊ ၆၄၊ ၆၁

### အထူးသတိပြုရန်

လူမျိုးခြား ဒုက္ခပေးတတ်တယ်။ သတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် အုန်းသီး(၆)စိတ်ကို ကြေးလင်ဗန်းထဲထည့်ပြီး လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## သောကြာ သားသမီး



သင်သည် ယခုကာလတွင် ညဲ့ပေမယ့်လည်း လုပ်ငန်းသစ်များ စလုပ်မယ်ဆိုလျှင် စလုပ်နိုင်ပါတယ်။ ထိုလုပ်ငန်းများသည်လည်း လွန်စွာအကျိုးပေး အောင်မြင်လိမ့်မယ်။ အလုပ်နေရာ၊ အိမ်နေရာ ပြောင်းရွှေ့ရတတ်တယ်။ အမှုအခင်းဖြစ်နေသူကို ငွေမချေးပါနှင့်။ အာမခံ မလိုက်ပါနှင့်။ သတိပြု၍ ရှောင်ကြဉ်ပါ။ ငွေအနည်းငယ် ဝင်တတ်ပါတယ်။ ဒါပေမဲ့ စုလို့ဆောင်းလို့ရတဲ့ကာလ မဟုတ်ပါဘူး။ ထွက်နေတဲ့ လက်ဝတ်ရတနာ၊ ရွှေထည်ပစ္စည်းတွေ ပြန်ဝင်တတ်တယ်။ ကွဲကွာနေတဲ့ ဆွေမျိုးဟောင်း၊ မိတ်ဆွေဟောင်းများနဲ့ ပြန်လည်တွေ့ဆုံရတတ်တယ်။ သားပျို သမီးပျိုများ ရှိပါက အိမ်ထောင်ကျခြင်း၊ အိမ်မှ ခွဲထွက်သွားခြင်းမျိုး ကြုံရတတ်တယ်။ မိသားစုချင်း စိတ်ဝမ်းကွဲစရာတွေ ဖြစ်ပေါ်လာတတ်တယ်။ အိမ်ထောင်ရှိသူဆိုလျှင် အိမ်ထောင်ဘက်နှင့် အဆင်မပြေ ကြီးစွာဖြစ်တတ်တယ်။ သွပ်၊ သံ၊ သစ် တစ်ပတ်ရစ်ပစ္စည်း လက်မခံပါနှင့်။ ကိုယ့်လက်အောက်ငယ်သားတွေက ဒုက္ခပေးတတ်တယ်။ အမှုတွေလည်း သယ်လာတတ်တယ်။ ဆရာသမားကဲ့သို့သော ပုဂ္ဂိုလ်များနှင့် အဆင်မပြေ ဖြစ်မယ်။ နာရေးကိစ္စကို အကြောင်းပြု၍ ခရီးသွားရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများနှင့် အဆင်မပြေလမ်းခွဲရတတ်တယ်။ ကျန်းမာရေးအနေဖြင့် လေထိုးလေအောင့်၊ အစာအိမ်နှင့် ပတ်သက်တဲ့ဝေဒနာ ခံစားရတတ်တယ်။ အစာအိမ်ရောဂါ ဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သပြေ(၆)ညွန့်၊ နှင်းဆီ(၇)ပွင့်၊ ယပ်အဖြူ(၁၂)ချောင်းတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

**ကံကောင်းသောရက်**

တနင်္လာ၊ ဗုဒ္ဓဟူး

**ညံ့သောရက်**

သောကြာ၊ အင်္ဂါ

**ကံကောင်းသောနံပါတ်**

၄၆၊ ၆၄၊ ၄၂၊ ၂၄

**အထူးသတိပြုရန်**

မိမိအိမ်သို့ ဘုရားတစ်ဆူ ကြွလာသော နိမိတ်တွေ့ပါက ငွေအစုလိုက် အပုံလိုက် ရတတ်တယ်။ မြောက်အရပ်သို့ ရေလမ်းခရီး မသွားရ။

**ကံကောင်းပြီး လာဘ်ရွှင်စေရန်**

မိမိနေအိမ်ကဘုရားတွင် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ကြံရည်(၆)ခွက် လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## စနေ သားသမီး



သင်သည် ယခုကာလတွင် မထင်မှတ်သောခရီးများ၊ မရည်ရွယ်သော ခရီးများ သွားရတတ်တယ်။ ကိုယ့်ကိစ္စမဟုတ်ဘဲ သူတစ်ပါးကိစ္စအတွက် ခရီးသွားရတတ်တယ်။ ဘုရားဆင်းတုတော်၊ ပုံတော်၊ ရဟန္တာပုံတော်များ ကြွလာတတ်တယ်။ လူမျိုးခြားက ကူညီခြင်း၊ နိုင်ငံရပ်ခြားနှင့် ပတ်သက်သောကိစ္စများ အောင်မြင်မယ်။ ပညာသစ်တစ်ခု သင်ရတတ်တယ်။ လုပ်ငန်းများ အောင်မြင်တော့မလိုလိုနှင့် အခက်အခဲကြီးစွာ ကြုံရတတ်တယ်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရင်းများနှင့်လည်း စိတ်ဝမ်းကွဲတတ်တယ်။ မနာလိုသူလည်း ပေါလိမ့်မယ်။ မိမိထက်မြင့်သူ နိမ့်သူ နှစ်ဦးလုံးက ဒုက္ခပေးလာတတ်သောအချိန် ဖြစ်ပါတယ်။ ကြီးကဲသူ အထက်လူကြီးများကြောင့် စိတ်ညစ်ရတတ်တယ်။ ပျိုရွယ်သူတွေအဖို့ မင်္ဂလာပွဲအစီအစဉ်များ အထစ်အငေါ့ကြုံခြင်း၊ ရက်ရွှေ့ခြင်းများ ကြုံရတတ်တယ်။ ငွေပျောက်ခြင်း၊ ကြွေးတင်ခြင်း၊ ငွေအတွက် ပြောဆိုဖြေရှင်းရခြင်းများ ကြုံရတတ်တယ်။ ကိုယ်ပိုင်လုပ်ငန်း လုပ်သူတွေအတွက် အလုပ်တွင် အပျက်အစီး၊ အဆုံးအရှုံး၊ အလေအလွင့် များနေလိမ့်မယ်။ အိမ်ထောင်သည်တွေအဖို့ အိမ်ထောင်ဘက်နှင့် စိတ်တိုင်းမကျခြင်း၊ အိမ်ထောင်ရေး အဆင်မပြေမှုများ ဖြစ်နေတတ်တယ်။ အိမ်ထောင်ဘက် ကျန်းမာရေး ညံ့တတ်တယ်။ ခါးအောက်ပိုင်း ဒုက္ခပေးတတ်တယ်။ မိမိကိုယ်တိုင်လည်း ကျောက်ရောဂါရတတ်တယ်။ ကျောက်ကပ်ဝေဒနာ အထူးဂရုစိုက်ပါ။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ သီဟိုဠ်(၆)ညွှန့်၊ နှင်းဆီ(၇)ပွင့်၊ ကြက်လျှာ(၈)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

ကြာသပတေး၊ စနေ

### ညံ့သောရက်

တနင်္လာ၊ သောကြာ

### ကံကောင်းသောနံပါတ်

၅၄၊ ၅၇၊ ၇၅၊ ၇၆

### အထူးသတိပြုရန်

မိမိအိမ်သို့ ဘိုးတော်တစ်ပါး ကြွလာသောနိမိတ်တွေ့လျှင်လည်းကောင်း၊ စွယ်တော်မာတ်ပုံ ဖူးရလျှင်သော်လည်းကောင်း ထီပေါက်တတ်တယ်။ ယခုကာလတွင် အမှုအခင်း မဖြစ်ရန် အထူးဂရုစိုက်ပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် ကြာသပတေးနေ့နှင့် စနေနေ့တိုင်း ပေါင်မုန့်ကို ထောပတ်သုတ်၍(သကြားမထည့်ရ) လှူဒါန်းပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဟောစာတမ်း

## ရာဟု သားသမီး



သင်သည် ယခုကာလတွင် စိတ်ပျော်ရွှင်စရာတွေ ဆက်တိုက်ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ စက်ပစ္စည်း အကောင်းစားများ ဝင်လာတတ်တယ်။ ဆိုင်ဖွင့်ရန် ကြံရွယ်ထားပါက ယခုအချိန်မှာဖွင့်လျှင် ကံကောင်းတတ်တယ်။ မိမိအိမ်ကို ပြုပြင်ခြင်း၊ အဖီချခြင်းမျိုး ပြုလုပ်ရတတ်တယ်။ လုပ်ငန်းသစ်လုပ်ရန် အကြံအစည်ကောင်းများ၊ အဆက်အသွယ်ကောင်းများ ပေါ်လာလိမ့်မယ်။ ဤကာလအတွင်း ပစ္စည်းများကို ထုခွဲရောင်းချ၍ လုပ်ငန်းအသစ် ကြီးကြီးမားမားစရန် မကောင်းသေးပါ။ ယခုကာလအတွင်း ထီမထိုးသင့်ပါ။ ထီပေါက်လျှင် မိသားစုအတွင်း ကျန်းမာရေး ဆိုးဆိုးဝါးဝါး ညံ့သွားတတ်တယ်။ စပ်တူရှယ်ယာလုပ်ငန်းများ ပေါ်လာလိမ့်မယ်။ လုပ်လျှင် အောင်မြင်မယ်။ မိမိခင်မင်သူ၊ ချစ်သူကြောင့် ဒုက္ခတွေ့တတ်တယ်။ မိတ်ဆွေအပေါင်းအသင်းများနှင့် မမျှော်လင့်ဘဲ လမ်းခွဲရတတ်တယ်။ မသွားချင်သောခရီးများ၊ စိတ်ညစ်စရာခရီးများ သွားရတတ်တယ်။ မိသားစုအတွင်း ဗုဒ္ဓဟူးသားသမီး ရှိပါက အိမ်မှ ထွက်သွားတတ်တယ်။ ဘိုးတော်တု၊ ဆရာတုများ ရောက်လာတတ်တယ်။ လူလိမ်ခံရတတ်တယ်။ အထက်လူကြီး၊ ဆွေမျိုးအကြီးအကဲတို့က မိမိအပေါ် အထင်လွဲတတ်တယ်။ မိမိအိမ်မှာ ကိုယ်ဝန်ဆောင်သည်ရှိလျှင် အိမ်မှာ မမွေးပါနှင့်။ ကလေး(သို့မဟုတ်)လူကြီး အန္တရာယ်ဖြစ်တတ်တယ်။ အပြင်မှ ကိုယ်ဝန်ဆောင်သည် အိမ်မှာ လာမွေးလျှင်တော့ ကောင်းပါတယ်။ လက်ရှိလုပ်နေတဲ့ အလုပ်ကိုသာ ဆက်လုပ်ပါ။ အလုပ်ထပ်တိုးချဲ့တာတို့ အလုပ်ပြောင်းတာတို့ မလုပ်ပါနှင့်ဦး။ ယခုအချိန်တွင် အမှု မဖြေရှင်းရပါ။ မဖြစ်မနေ ပြဿနာမှုတွေ ရှင်းရမယ်ဆိုလျှင် တတ်နိုင်သလောက် အချိန်ဆွဲလိုက်ပါ။ မွေးလကျော်သည်အထိ ငြိမ်ငြိမ်လေးနေပါ။ ကျန်းမာရေး အနည်းငယ် ချို့တဲ့မယ်။ အလိုလိုနေရင်း စိတ်တိုနေတတ်တယ်။ ဒါကြောင့်လည်း ကံကောင်းစေရန် မိမိမွေးနေ့ နံနက်(၉း၄၅)နာရီတွင် တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်၌ ဆီးညွန့်(၃)ညွန့်(ဆူးဖြုတ်)၊ ဝါးညွန့်(၄)ညွန့်၊ ကုက္ကား(၁၉)ခုတို့ကို လှူပေးပါ။ အညံ့များ ပြေပျောက်စေရန် ဆုတောင်းပါ။

### ကံကောင်းသောရက်

တနင်္ဂနွေ၊ အင်္ဂါ

### ညံ့သောရက်

ကြာသပတေး၊ တနင်္လာ

### ကံကောင်းသောနံပါတ်

၁၅၊ ၁၃၊ ၃၁၊ ၃၇

### အထူးသတိပြုရန်

ဘာသာရေးဆိုင်ရာစာအုပ် ရရှိပါက(သို့မဟုတ်)မိမိခေါင်းရင်းအိမ်ဘက်တွင် အိမ်သစ်ဆောက်ခြင်း နိမိတ်တွေ့ပါက ကံကောင်းခြင်း၊ အလုပ်သစ်ရခြင်းမျိုး ကြုံတွေ့ရတတ်တယ်။

ယခုကာလတွင် ကားပွတ်တိုက်မိတတ်သဖြင့် သတိထားပါ။

### ကံကောင်းပြီး လာဘ်ရွှင်စေရန်

မိမိနေအိမ်ကဘုရားတွင် တနင်္ဂနွေနေ့နှင့် အင်္ဂါနေ့တိုင်း အုန်းဆွမ်းကပ်လှူပေးပါ။

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံခြားရောက် မြန်မာများအတွက်

## အထူးဟောကိန်း

**ဒေါက်တာစောယုနွယ်**

(၂၀၁၃-ခုနှစ်၊ ဒီဇင်ဘာလ)

ယခုကာလမှာ ကျွန်မတို့ ဗုဒ္ဓဘာသာမြန်မာလူမျိုး၊ လူငယ်လူရွယ်အချို့ဟာ နိုင်ငံရပ်ခြားကို သွားရောက်ပြီး အလုပ်လုပ်ခြင်း၊ ပညာရှာခြင်းတွေ လုပ်နေကြပါပြီ။ အဲဒီလို တိုင်းတစ်ပါးမှာ သွားရောက်လုပ်ကိုင်သူတွေအဖို့ အားကိုးရမှာ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်တဲ့ မြတ်ဗုဒ္ဓရဲ့ လမ်းညွှန်မှုတွေပါပဲ။ မြတ်ဗုဒ္ဓကို ကြည်ညိုလေးစားတဲ့ ဗုဒ္ဓဘာသာဝင်တွေအဖို့ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သရဏဂုံတည်ခြင်း ရှိခဲ့ပါလျှင် ဘေးဥပါဒ်အန္တရာယ်တွေကင်းပြီး လိုအင်ဆန္ဒတွေ ပြည့်ဝတယ်ဆိုတာ အားလုံးအသိပါပဲ။ ရတနာသုံးပါးကို ကြည်ညိုလေးစားတဲ့သူတွေအဖို့ ၎င်းတို့ရဲ့ အခက်အခဲလေးတွေကို ပြေလည်စေဖို့ရန် ကျွန်မတတ်တဲ့ လောကီပညာရပ်တွေနဲ့ ကူညီလိုက်ရပါတယ်။ အကယ်၍များ ဘဝဇာတ်စုံ အဖုံဖုံကို သိချင်တယ် ဆိုရင်ဖြင့် စာဖြင့်သော်လည်းကောင်း၊ အခြားဆက်သွယ်နိုင်မည့် နည်းလမ်းများနှင့်သော်လည်းကောင်း ဆက်သွယ်ခဲ့မယ် ဆိုပါက . . .

ဒေါက်တာစောယုနွယ်

အမှတ်(၂၀၅/က)၊ ပိတောက်(၅)လမ်း၊ မြို့သစ်(ဂ)၊ ဘုရင့်နောင်ရိပ်သာ၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၄၃၀၁၀

---

## တနင်္ဂနွေသားသမီးများအတွက်

ဝန်ထမ်းများ ရာထူးတက်ခြင်း၊ အလုပ်နေရာပြောင်းခြင်း ကြုံမည်။ နေရာကောင်းရမည်။ ခရီးထွက်ရတတ်သည်။ ငယ်ရွယ်သူများ သင်တန်းတက်ရတတ်သည်။ အလုပ်အတွင်း အတိုက်အခံများ ရှိနေမည်။ စက်ရုံတစ်ရုံသို့ ပူးတွဲတာဝန်ထမ်းရမည်။

**ယတြာ**

မိန်းကလေးတစ်ဦးကို ပေါက်စီ ဝယ်ကျွေးလိုက်ပါ။

---

## တနင်္လာသားသမီးများအတွက်

အိမ်ထောင်မရှိသူများ အိမ်ထောင်ကျတတ်တယ်။ အလုပ်အတွက် စိတ်ညစ်စရာပေါ်တတ်သည်။ သူခိုး,ခိုးခံရတတ်သည်။ ရပ်ဝေးမှ ဆွေမျိုးသားချင်းများ ပေါ်လာတတ်သည်။ မမျှော်လင့်သော နေရာများမှ ငွေများရတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို သရက်သီးဖြင့် ပြုလုပ်သောမုန့် ဝယ်ကျွေးလိုက်ပါ။

---



www.burmeseclassic.com

www.burmeseclassic.com

## အင်္ဂါသားသမီးများအတွက်

ထီပေါက်တတ်တယ်။ အိမ်ထောင်ရှိပေမယ့် စန်းပွင့်တတ်တယ်။ ဝန်ထမ်းများ ရာထူးတက်တတ်တယ်။ လုပ်ငန်းတိုးချဲ့ လုပ်ကိုင်ရတတ်တယ်။ လက်ရှိအလုပ်အကိုင်ကို ပြောင်းချင်စိတ်ပေါ်မည်။ မပြောင်းပါနှင့်။ မကြာခဏ ခရီးထွက်ရမည်။ အိမ်နားတွင် ကလေးမွေးသောနိမိတ်တွေ့ပါက ထီထိုးပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဒိန်ချဉ်တစ်ခွက် ဝယ်တိုက်လိုက်ပါ။

---

## ဗုဒ္ဓဟူးသားသမီးများအတွက်

အလုပ်ခွင်အတွင်း အမှားအယွင်းတွေနဲ့ ကြုံရမည်။ စိတ်ညစ်စရာများ ကြုံလာခဲ့ရင် ဒေါသရှေ့မထားဖို့ ပြောလိုသည်။ စိတ်ရှည်သည်းခံရမည့်ကာလဖြစ်သည်။ မထင်မှတ်တဲ့ခရီး သွားရတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ထောပတ်ထမင်း ဝယ်ကျွေးလိုက်ပါ။

---

## ကြာသပတေးသားသမီးများအတွက်

ပင်ပန်းရမယ့်ကာလဖြစ်တယ်။ စက်နှင့်ပတ်သက်သော ပြဿနာတက်မည်။ အမျိုးသမီးတစ်ဦးနှင့် စကားအခြေအတင် ပြောရမည်။ စွပ်စွဲပြောဆိုခြင်းများ ကြုံရတတ်သည်။ ဝင်ငွေနှင့် ထွက်ငွေ မမျှဖြစ်နေမည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို အုန်းသီးဖြင့် ပြုလုပ်ထားသောမုန့် ဝယ်ကျွေးလိုက်ပါ။

---

## သောကြာသားသမီးများအတွက်

ပျော်ရွှင်ခြင်းနှင့် ကြုံရသောကာလဖြစ်သည်။ ငွေများလည်း ဝင်လာမစဲဖြစ်နေမည်။ လုပ်ငန်းအသစ်များ ရတတ်သည်။ အိမ်ထောင်ရှင်များအဖို့ စီးပွားရေးအခြေအနေကောင်း၊ အခြွေအရံများနှင့် တင့်တယ်လှပနေမည်။ အပျိုလူပျိုများ အစွပ်အစွဲ ခံရကတတ်သည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ချောကလက် လက်ဆောင်ပေးလိုက်ပါ။

---

## စနေသားသမီးများအတွက်

ပညာအသစ် ရတတ်သည်။ ဆွေမျိုးသားချင်းထဲက အသက်ကြီးသူ နာရေးဖြစ်တတ်သည်။ နိုင်ငံခြားနှင့် ဆက်သွယ်ရသော အလုပ်ကိစ္စများ၊ လူမျိုးခြားနှင့် တွဲပြီးလုပ်ရသော အလုပ်များ အောင်မြင်မည်။ ထွက်နေသော ရတနာများ ပြန်ဝင်မည်။

**ယတြာ**

မိတ်ဆွေတစ်ဦးကို ဘုန်းကြီးတစ်ပါး ဓာတ်ပုံ လက်ဆောင်ပေးလိုက်ပါ။

---

## ရာဟုသားသမီးများအတွက်

ယောင်လည်လည်ကာလပါပဲ။ အမွေကိစ္စ၊ ခြံမြေကိစ္စ စကားများရတတ်သည်။ စာချုပ်စာတမ်း လက်မှတ်ရေးထိုးဖို့ကိစ္စတွေ ကြုံရတတ်သည်။ ငွေလိမ်ခံရတတ်သည်။ မော်တော်ကားနှင့် ပတ်သက်ပြီး အန္တရာယ်ရှိသည်။ ခရီးသွားလျှင် သတိထားသွားပါ။

**ယတြာ**

မိတ်ဆွေတစ်ဦးကို တရားခွေ စီဒီတစ်ချပ် လက်ဆောင်ပေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## တေဇာရာမ ပရဟိတဆရာတော်ကြီးအား (၁)နှစ်ပြည့် ရည်စူးလှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ ထ/၁၆ ရပ်ကွက်၊ မဟာဗန္ဓုလလမ်းရှိ တေဇာရာမ ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေး အလယ်တန်းကျောင်း၊ ဦးစီးပဓာန နာယက ဘဒ္ဒန္တအာစိဏ္ဏ ဆရာတော်ကြီးသည် (၁၈-၈-၂၀၁၂)ခုနှစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ ယခုလက်ရှိ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဂမ္ဘီရဗုဒ္ဓိ(ရွှေပြည်နိုင်)မှ ဦးဆောင်လျက် မိမိဆရာတော်ကြီး၏ ကျေးဇူးတရားကို သိတတ်သောအားဖြင့် အဆိုပါကျောင်း၌ ဆရာတော်ကြီး အောက်မေ့ဖွယ် (၁)နှစ်ပြည့် ရည်စူးလှူဒါန်းပွဲကို (၁၈-၈-၂၀၁၃)၊ တနင်္ဂနွေနေ့၊ နံနက်(၉)နာရီမှ (၁၁)နာရီအထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။

ယခုလက်ဆက်ကမ်း တာဝန်ထမ်းဆောင်လျက်ရှိသော ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တဂမ္ဘီရဗုဒ္ဓိ(ရွှေပြည်နိုင်)မှ ရည်စူးလှူဒါန်းပွဲသို့ ကြွရောက်လာကြသော ကုသိုလ်ရှင် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား သီလပေးတရားဟောကြားခြင်း၊ ဆရာတော်ကြီးအား ဂါရဝပြုကာ ခေတ်အဆက်ဆက် ပရဟိတ ပညာရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံများကို အောက်မေ့ဖွယ် ရှင်းလင်းမိန့်ကြားခြင်း၊ ဆရာတော်ကြီး ပျံလွန်သွားသည်ကို အကြောင်းပြု၍ သံဝေဂတရားတော်တို့ကို ဟောကြားတော်မူပါသည်။ ထို့နောက် ဆွမ်းဘောဇဉ်နှင့် လှူဒါန်းမှုအစုစုတို့ကို ပျံလွန်တော်မူသွားသည့် ဆရာတော်ကြီးအား ရည်စူးကာ ရေစက်သွန်းချ အမျှပေးဝေကြပါသည်။

ပင့်ဖိတ်ထားသည့် ကျောင်းတိုက်အသီးသီးမှ သံဃာတော်(၁၀)ပါးနှင့် "တေဇာရာမ" ကျောင်းတိုက်အတွင်းရှိ သံဃာတော်အပေါင်းတို့အား ဆရာ၊ ဆရာမများ ရပ်ကွက်အတွင်းရှိ ဒါယကာ၊ ဒါယိကာမအပေါင်းတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ၎င်းနောက် ဖိတ်ကြားထားသော ရပ်ဝေးရပ်နီးမှ ဧည့်သည်တော်အပေါင်းတို့ကို နံနက်စာဖြင့် ဧည့်ခံကျွေးမွေးကာ (၁)နှစ်ပြည့် လှူဒါန်းပွဲ အောင်မြင်စွာ ပြီးဆုံးသွားကြောင်း သတင်းရရှိပါသည်။

မြေလတ်ကျော်လင်းဦး

## ရွှေပြည်သာ ၆ ရပ်ကွက်တွင် အားကစားပစ္စည်းနှင့် ဉာဏ်စမ်းကလေးကစားစရာ ပစ္စည်းများ လှူဒါန်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူး ရုံးတွင်(၂၃-၇-၂၀၁၃)ရက်နေ့၊ နေ့လယ် ၂ နာရီအချိန်က အုပ်ချုပ်ရေးမှူး ဦးကံမြင့် ရတနာအလင်းတန်းအဖွဲ့၏ နာယကမှ ဦးစီးပြီး ရတနာမေတ္တာအဖွဲ့၊ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးစီမံကိန်း ဒေါ်ခင်ကျော်ကျော်(ရပ်ရွာပံ့ပိုးရေးမှူး) ဦးအောင်နိုင်ထွန်း လ/ထ ရပ်ရွာ ပံ့ပိုးရေးမှူး လှူဒါန်းသည့် လူငယ်များ၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာဉာဏ်ရည် ဖွံ့ဖြိုးတိုးတက်နိုင်ရေးအတွက် စာအုပ်နှင့် စာရေးကိရိယာ၊ ဉာဏ်စမ်းကလေးကစားစရာ အထောက်ကူပြုပစ္စည်း၊ ဘောလီဘော၊ ဘောလုံးပိုက်၊ ခြင်းလုံး၊ ခြင်းလုံးပိုက် ပစ္စည်းများနှင့် ရွှေပြည်သာမြို့နယ်၊ (၆)ရပ်ကွက် ရပ်ရွာအခြေပြု ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး၊ ရတနာအလင်းအဖွဲ့ လှူဒါန်းသည့် ပညာရေး အထောက်အကူ စာရေးကိရိယာ၊ ကျောင်းသုံး ကျောပိုးအိတ်၊ ကျောင်းဝတ်စုံများကို လှူဒါန်းကြရာ ရတနာ အလင်းတန်းအဖွဲ့၏ နာယက ဦးကံမြင့်ထံသို့ ပစ္စည်းများကို ရတနာမေတ္တာအဖွဲ့မှူး ဒေါ်ခင်ကျော်ကျော်မှ လွှဲပြောင်းပေးအပ်ခဲ့သည်။ စာရေးကိရိယာနှင့် ပညာရေး အထောက်အကူပြု ပစ္စည်းများကို ရပ်ကွက်အတွင်း မိဘမဲ့ကျောင်းသားလေးများသို့ ပေးအပ်လှူဒါန်းခဲ့ပြီး အားကစားပစ္စည်းများနှင့် ဉာဏ်စမ်းအထောက်အကူပြု ပစ္စည်းများကို ရပ်ကွက်အတွင်း မိဘမဲ့ကျောင်းသားလေးများသို့ ပေးအပ်လှူဒါန်းခဲ့ပြီး အားကစားပစ္စည်းများနှင့် ဉာဏ်စမ်းအထောက်အကူပြုပစ္စည်းများကို ပန်းခြံအသီးသီးသို့ မဲနှိုက်ခွဲဝေပေးခဲ့သည်။ အဖွဲ့အစည်းအသီးသီးမှ ပစ္စည်းများနှင့် ငွေများ လှူဒါန်းလိုပါက အမှတ်(၆) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးကံမြင့်(ဖုန်း-၀၉-၄၃၀၉၈၆၄) ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း သတင်းရရှိပါသည်။

သားစိန်နိုင်



www.burmeseclassic.com

www.burmeseclassic.com

## Y.M.B.A ဗုဒ္ဓဘာသာကလျာဏယုဝအသင်း အစိုးရအဘိဓမ္မာ ဂုဏ်ထူးဆောင် ဝိသုဒ္ဓိမဂ် အောင်လက်မှတ်ပေးအပ်ပွဲ ကျင်းပ




Y.M.B.A ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးနှင့် နိုင်ငံတော်အစိုးရ အဘိဓမ္မာ ဂုဏ်ထူးဆောင် ဝိသုဒ္ဓိမဂ် စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသူများကို (၁၁-၈-၂၀၁၃) တနင်္ဂနွေနေ့ နေ့လယ်(၃)နာရီ၌ အောင်လက်မှတ်ပေးအပ်ပွဲ အခမ်းအနားတစ်ရပ် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းတွင် ကျင်းပခဲ့ကြောင်း သိရပါသည်။

ယင်းအခမ်းအနားသို့ ဝိုင်အမ်ဘီအေအသင်းဥက္ကဋ္ဌ ဦးကျော်သိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးစိန်သန်း၊ ဒုတိယဥက္ကဋ္ဌ ဦးညွန့်ဝေ နှင့် အတွင်းရေးမှူး ဦးသောင်းဝင်း၊ အဘိဓမ္မာနည်းပြ ဆရာဦးမြင့်စိုး(သသန)(တက္ကသီလ)(ဘီအေ)တို့ တက်ရောက်ပြီး အစိုးရအဘိဓမ္မာ ဂုဏ်ထူးဆောင် ဝိသုဒ္ဓိမဂ် စာမေးပွဲ အောင်မြင်ကြသူများကို အောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိပါသည်။

ဦးစန်းမြင့်(မင်္ဂလာဓမ္မဇောတိကဓဇ)

### ဆရာမ ဒေါက်တာစောယုနွယ်၏ မွေးနေ့အလှူ

ဇူလိုင်လ ၁၆ ရက်နေ့တွင် မွေးနေ့ကျရောက်သည့် ဆရာမ ဒေါက်တာစောယုနွယ်၏ မွေးနေ့အလှူအဖြစ် ထိုနေ့နံနက်တွင် ဘဒ္ဒန္တဥက္ကံသ နှင့် ဆရာတော်များအား ဝါဆိုသင်္ကန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီး ကြွရောက်လာသည့် ဧည့်ပရိသတ်များကိုလည်း ထောပတ်ထမင်း၊ ကြက်သားဟင်း၊ ဆိတ်သားဟင်း၊ ရေခဲမုန့်တို့ဖြင့် နံနက်စာ ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

ထိုနံနက်စာကို FMI မှ ကိုတင်မောင်အေး + မငယ် မိသားစု(အင်ကြင်းစံ သစ်ရောင်းဝယ်ရေးမှ) လှူဒါန်းကြောင်း သိရသည်။

ZN

www.burmeseclassic.com

www.burmeseclassic.com

# ရန်ကုန်မြို့ စာမဖတ်သူ ပပျောက်ရေးနှင့် မြို့ရွာတစ်ခွင် စာသစ်ပင်အဖွဲ့မှ "ဘဝလမ်းညွှန်" စာကြည့်တိုက်သို့ စာသစ်ပင်များ စိုက်ပျိုးပေးခဲ့



နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ရှားချောင်းရွာရှိ "ဘဝလမ်းညွှန်" အမည်ရ စာကြည့်တိုက်သို့ အထက်ပါ စာမဖတ်သူ ပပျောက်ရေးနဲ့ မြို့ရွာတစ်ခွင် စာသစ်ပင်အဖွဲ့မှ စာရေးဆရာ၊ ကဗျာဆရာ၊ ဆရာတင်အောင်ခိုင်(မောင်တည်အေး) မှ စာ+နယ်+ဇင်းများ(ပေဖူးလွှာ၊ ရနံ့သစ်၊ မဟေသီ၊ ရောင်ပြန်၊ ကလျာ၊ တေးကဗျာ၊ First Weekly ဂျာနယ်၊ ပြည်သူ့ခေတ် ဂျာနယ်၊ Daily Eleven, Weekly Eleven ဂျာနယ်၊ ဒီလှိုင်း ဂျာနယ်များကို သွားရောက်စိုက်ပျိုးပေးခဲ့ပါကြောင်း သတင်းရရှိခဲ့သည်။

ထို "ဘဝလမ်းညွှန်" စာကြည့်တိုက်သည် ယခုနှစ်တွင် (၆၅)နှစ်သို့တိုင်အောင်ပင် တည်တံ့ဖြစ်ထွန်းလျှပ်ရှားနေသည်။ လူကြီး၊ လူလတ်၊ လူငယ်၊ ကျောင်းသား၊ ကျောင်းသူ၊ ခေတ်ပညာတတ်ဘွဲ့ရများ လက်တွဲပူးပေါင်းဆောင်ရွက်နေပြီး "စာဖတ်ရင်း အသိကိုရှာ" "စာဖတ်ရင်း ကမ္ဘာပတ်ကြစို့" ရွာအတွက်၊ နယ်အတွက် "အလင်းတံခါး" ဖွင့်ပေးထားလျက် ရက်ခြားအဝင်အထွက်များများနှင့် စည်စည်ကားကား တိုးတက်နေကြောင်း သိရသည်။

ထိုစာကြည့်တိုက်ကို ဥက္ကဋ္ဌ ဦးကျော်မြင့်၊ ဒုဥက္ကဋ္ဌ ဒေါ်ခင်စန်းမြ အတွင်းရေးမှူး ဦးညီတိုး၊ တွဲဘက်အတွင်းရေးမှူး ဦးမျိုးသွင်၊ ဘဏ္ဍာရေးမှူး ဒေါ်ယဉ်မြနှင့် အဖွဲ့ဝင် ဆယ်ယောက်ဖြင့် ဖွဲ့စည်းထားသည်။ စာကြည့်တိုက်ကို နှစ်ရက် တစ်ကြိမ် ဖွင့်ပေးပြီး အဖွဲ့ဝင်များအားလုံး တာဝန်ကိုယ်စီကိုယ်၄ ယူကြကြောင်း သိရသည်။

၁၃၁၀ တပေါင်းလဆန်း ၁၃၊ ရှားချောင်းရွာ၊ ငါးဦးကော်မတီများ ဖြစ်ကြသော ဦးကျော်ငြိမ်း၊ ဦးအုံး၊ ဦးချမ်းသာ၊ ဦးကျော်အေး၊ ဦးအုံးဖေ တို့နှင့် ရွာသူရွာသားများ စုပေါင်း၍ "ဘဝလမ်းညွှန်" စာကြည့်တိုက် တည်ဆောက်ခဲ့သည်။

မောင်ယဉ်ဦး(နေမြို့)

---

## "ရှင်ဥပဂုတ္တရဟန္တာ" ဖောင်တော်လှူဒါန်းပူဇော်ပွဲ


သာကေတမြို့နယ်၊ ၁၀/တောင် (၁၂)ရပ်ကွက်ရှိ တံခွန်တိုင်တောရကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက အောင်စေတီဆရာတော်ဘုရားကြီးနှင့် တပည့်များမှ အရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်ကြီး ဖောင်တော်ရေမျှော လှူဒါန်းပူဇော်ပွဲကို ၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) (၂၁.၈.၂၀၁၃)ဗုဒ္ဓဟူးနေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

"ရှင်ဥပဂုတ္တရဟန္တာ" ဖောင်တော်လှူဒါန်းပူဇော်ပွဲသို့ ကြွရောက်လာကြသော ဧည့်ပရိသတ်များကိုလည်း သက်သတ်လွတ် မုန့်ဟင်းခါးဖြင့် ကျွေးမွေး ဧည့်ခံခဲ့ကြောင်း သိရသည်။

www.burmeseclassic.com

www.burmeseclassic.com

# မဟာရင်ဂိုဏ်းချုပ်ဆရာတော် ဘဒ္ဒန္တအာဒိစ္စမဟာထေရ်၏ သက်တော် (၉၆) နှစ်ပြည့် ဂုဏာပူဇာသဘင် ကျင်းပမည်



မဟာရင်ဂိုဏ်းချုပ်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ အာဒိစ္စ မဟာထေရ်၏ သက်တော်(၉၆)နှစ်ပြည့် ဂုဏာပူဇာသဘင်ကို မော်လမြိုင်မြို့နယ်၊ ကတိုးရွာ၊ မဟာရင်ပရိယတ္တိစာသင်တိုက်၊ အဂ္ဂမဟာဓမ္မဗိမာန်တော်၌ ၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက် (၂၉-၁၂-၂၀၁၃)တနင်္ဂနွေနေ့တွင် ကျင်းပမည် ဖြစ်သည်။

မဟာရင်ဂိုဏ်းချုပ်ဆရာတော်ကြီးကို ၁၂၇၉(၁၉၁၇) ခုနှစ်တွင် မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ ကွမ်ရိုက်ရွာနေ နိုင်စိန်ဗင်+မိမျှား တို့မှ ဖွားမြင်တော်မူခဲ့သည်။ ၁၆ နှစ်အရွယ်တွင် ကွမ်ရိုက်တော်ကနာရွာ ဆရာတော် ဦးညာဏိသရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေ၊ ၁၂၉၉ (၁၉၃၈)ခုနှစ်တွင် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ ၁၃၁၀(၁၉၄၉)ခုနှစ်တွင် ဓမ္မာစရိယ ကျမ်းရင်းသုံးကျမ်းနှင့် ဂုဏ်ထူးတန်းကို အောင်မြင်ခဲ့သဖြင့် "သာသနဓဇ သိရီပဝရ ဓမ္မာစရိယ" ဘွဲ့ကို ရရှိတော်မူပါသည်။ ဓမ္မာစရိယတန်းကို မွန်ဘာသာဖြင့် ဖြေဆိုအောင်မြင်သည့် မွန်ရဟန်းတော်များအနက် ဆရာတော်သည် ပထမဦးဆုံးသော ပုဂ္ဂိုလ်ဖြစ်ပါသည်။

ဆရာတော်သည် ၁၃၁၁(၁၉၅၀)ခုနှစ်တွင် သီရိလင်္ကာနိုင်ငံ၌ အင်္ဂလိပ်၊ သက္ကတ၊ ဆင်းဟလိစာပေများကို သုံးနှစ်တိုင်တိုင် လေ့လာသင်ကြားပြီး ၁၃၁၄(၁၉၅၂)ခုနှစ်တွင် ကတိုး-မဟာရင် စာသင်တိုက်သို့ ပြန်ကြွရောက်ကာ အတန်းဆိုင်ရာ စာဝါများကို ၁၃၂၈(၁၉၅၇)ခုနှစ်သို့တိုင်အောင် ပို့ချခဲ့ပြီး စာသင်သားတို့အတွက် ကျမ်းစာများကိုလည်း ရေးသားခဲ့သည်။ ဆရာတော်သည် မွန်ပြည်နယ် သံဃနာယက(မဟာရင်) ဥက္ကဋ္ဌ၊ နိုင်ငံတော်ဩဝါဒါစရိယနှင့် မဟာရင်ဂိုဏ်း၏ ဂဏာဓိပတိ(ဂိုဏ်းချုပ်)အဖြစ် သာသနာ့တာဝန်များအား စွမ်းစွမ်းတမံ ထမ်းရွက်ခဲ့ပါသည်။ သည့်အတွက် နိုင်ငံတော်မှ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဘိဓဇမဟာရဋ္ဌဂုရု အစရှိသည့် ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းကို ခံယူတော်မူခဲ့ပါသည်။

ကိုရင်သာနု

www.burmeseclassic.com

www.burmeseclassic.com



သီဟိုဠ်(သီရိလင်္ကာ)နိုင်ငံ သာသနာဝင်သမိုင်းတွင် ဒုဋ္ဌဂါမဏိမင်းကြီးသည်
မိမိနိုင်ငံအား ကျူးကျော်စော်ကားလာသည့် 'အဓမ္မသီဏိ' မက
များသော မိစ္ဆာဒိဋ္ဌိ ကျည်းကုလားများကို တွန်းလှန်တိုက်ခိုက်ရာ၌ ရတနာသုံးပါးကို
ဦးထိပ်တင်၍ တရားသောစစ်ပွဲကို ဆင်နွှဲခဲ့၏။ ယခု ငါ စစ်တိုက်ခြင်းသည်
မင်းစည်းစိမ်ဟူသော ငါ၏ အကျိုးစီးပွားအတွက် မဟုတ်ပါ။
အနည်းငယ်မျှပင် ကိုယ်ကျိုးမပါရှိပါ။ အတုမရှိသော မြတ်စွာဘုရားရှင်
သာသနာတော်နှင့် ရတနာမြတ်သုံးပါး တည်တံ့ပြန့်ပွား ထွန်းကားရန်အတွက်သာ
ဖြစ်သည်ဟု သစ္စာအဓိဋ္ဌာန်စကား ကျူးရင့်မြွက်ကြားခဲ့သည်။
ရတနာသုံးပါးအား အသက်ကိုနှင်း၍ တရားသောစစ်ပွဲ
ဆင်နွှဲခဲ့ရာ အောင်ပွဲရခဲ့ကြောင်း သိရှိရာ . . .
ရောင်ပြန်ပရိသတ်လည်း ရတနာသုံးပါးဖြစ်သော သရဏဂုံတည်ပြီး
ဆောင်ရွက်ပါက အောင်မြင်နိုင်သည်ဟု ဆိုရပါလျှင် . . .

www.burmeseclassic.com